စိတ်လက္ခဏာသာဂုဏ်ကာ

ဒုတိယတွဲ

အရှင် ဇနကာဘိဝံသ


၏

အမှတ် (၂၉) ကျမ်းစာ

သိလက္ခန်ဘာသာဋီကာ

[ပါဠိတော်နှိုင်းယှဉ် နောက်ဆက်တွဲ ပါသည်။]

ဒုတိယအုပ်



ကျပ်ထူဖုံး

ဈေးနှုန်း–၁၃။

နယူးဘားမား ဝိဇ္ဇာပုန္နဝတိုက်
အမရပူရမြို့။

မှတ်ဘွယ် အကွရာစဉ်=မာတိကာ

အကွရာစဉ်	စာမျက်နှာ
အဂရု, ဘာရိယံ	၃၁၀
အဂါရသ္မာ အနဂါရိယံ	၉၂
အစေလက, နိဂဏ္ဌာ	၃၃၄
အစ္ဆိန္နကပါဋိကာ	၃၀၃
အဇ္ဈတ္တိကဓံဘတ်သည် ဗဟိဒ္ဓသို့ ပေါင်း	၃၅၀
အညဒတ္ထု, ဒသော	၀၅
အဋ္ဌာနပယုတ်	၅၅
အဏုမတ္တေသု ဝဇ္ဇေသု	၄၄၇
အတ္တ (ပရ) ကာရေ	၃၂၂
အတ္တမနာ	၁၉၁
အန္တောနန္တဉ် နည်းဥပစာ	၁၀၄
အတိဓာဝိတဗ္ဗံ	၁၅၆
အတိဝေလံ	၉၃
အန္တောဇာလိကတာ	၁၇၉
အတ္ထိတွေဝ သဿတိသမံ	၄၆
အဒုဘော (အဒုန္တော),	၃၀၉
အဒ္ဓါနင့် ဧကံသဝစန	၃၀၂•
အဓိစ္စသမုပ္ပန္န	၁၂၁
အဓိဝုတ္တိ (မုတ္တိ) ပဒါနိ	၃၁
အနတ္တကတာနိ ကမ္မာနိ	၁၅၅
အနဘိနန္ဒိတ္ထာ, အပဋိက္ကောသိတ္ထာ	၃၂၀
အနဘိရတိ	၀၁
အနဝဇ္ဇသုခံ	၄၅၆
အနိကုဇ္ဇန္တော	၃၂၀
အနုပါဒါဝိမုတ္တော	၇၀
အနူနာမိက ဖြစ်ပုံ	၄၂၆
အနေကဝိဟိတာနိ	၃၀
အပဋိဝတ္တိယံ	၅၆
အပမာဒ, သမ္မာမနသိကာရ	၃၀
အပသာဒေတဗ္ဗ	၃၁၉
အဗျာသေကသုခ	၄၆၀
အဘိဇာတိ ၆ ပါး	၃၃၁
အဘိညာ သစ္ဆိကတ္ထာ	၇
အဘိနန္ဒုံ၏ အနက်	၁၉၂
အဘိမာရေ	၂၇၉
အဘိဝဒန္တိ	၃၀

အင်္ဂါဂဏတော ၂၅၇
အင်္ဂေါကာသော ပဗ္ဗဇ္ဇာ ၄၄၂
အမတာဘိသေကေန ၁၉၁
အမရာဝိက္ခေပဝါဒ ၁၀၆
အမှယောဂ ဝစနတ္ထပြုရပုံ ဂ၆
အရိယာသည် သေဘို့ရန် လုလ်လြမဖြ..... .... ၂၁၇
အရောဂေါ ပရံ မရဏာ ၁၃၀
အဝိဒ္ဒါ, အဝိဇ္ဇာဂတော ၁၅၆
အသညသတ်၌ ဖြစ်ကြောင်း ၁၂၂
အဿာဒ ၆၇
အသိက္ခိတ ဖြစ်သူများ ၂၄၀
အသီတိမဟာထေရာ-အရ ယောဘုယျ ၄၀၄
အသက်တမ်း မြို-မစ္ဆြ ၇၉
အဟုံ (အဟောသိ) ၂၇၂
အာဇီဝက ၃၃၄
အာဇီဝပါရိသုဒ္ဓိသီလ ၄၄၉
အာတပ္ပဝိရိယ ၃၇
အာဒိန္နဝ ၆၀
အာဗန္ဓိနဇ္ဇန ဉာတိ ၄၄၆
အာယတနဓ၏ အနက်များ ၁၆၄
အာယူဟန-ပလိဗောဓ ၁၉
အာရဒ္ဓ အာဂမ္မ ပဋိစ္စ ၃၀
အာရောဟဏ သင်္ဃ(နာ)နိ ၂၆၁
အာဟုတိယော ၃၅၂
အာဠာရိကာ ၃၀၂
ဣတ္ထတ္တံ ဂ၉
ဣတ္ထမ္ဘူတာနုတ္ထ ၂၅၅
ဣဒမဿ သီလသ္မိံ (နိဂုံး) ၄၅၃
ဣဓ၏ အတ္ထုဒ္ဓါရ ၄၀၀
ဣဒ္ဓံ ဖီတံ ၄၃၅
ဣသရာနုဝတ္တကော လောကော ၃၀၉
ဣသိ(သီ)ကဒ္ဒာယိဒ္ဒိတော ၄၃
ဥဂ္ဂါ ၃၀၀
ဥစ္ဆင်္ကေန ၂၁၆
ဥဇ္ဇေဒံ ဝိနာသံ ဝိဘာဝံ ၁၃၇
ဥတုပြောင်းလဲနိုင်ပုံ .... ဂဝ
ဥဒါန်- ဥဒါဟာရ် ၂၃၄
ဥဒိရယိ(ဥဒိရိယတိ) ၃၉၇

ဥပေက္ခကောစ ဝိဟရတိ။ [ပါရာဇိကဏ်ဘာသာဋီကာ၌ မြင်စရာ ညွှန်ပြ] ၅၂၁
ဥဒ္ဓဂ္ဂိကာ ၃၀၅
ဥဒ္ဓမာဃာတနိကာ ၁၂၇
ဥပစာရဝစနံ ၂၆၄
ဥပနိဿယကောဋိယာ ၁၇၀
ဥပနိဿယ ပြည့်စုံသူ၏ အမျိုး ၄၃၉
ဥပ္ပါဒဋ္ဌိတိ စသည် ၂၀
ဥလ္လဲမွန (အလုအယက် ကယ်တင်) ၄၂၀
ကေစ္စသဿတိကာ ၇၂
ကေတ္တာနညိး နာနတ္တာနညိး ၁၀၃
ကေန္နာပရိပုဏ္ဏံ စသည် ၄၄၄
ကေဗျဉ္ဇနာဒိယုတ္တာ စသည် ၄၂၃
ကေမန္ဒံ ၂၀၁
ကေဠိယပါဏာ စသည် ၃၂၆
တေဒတ္ထံ ၄၁၉
ဒတံသာရံ ဒတံပရိယောသာနံ ၄၁၉
ဒဝံတိကာ ဒဝံအတိသမ္ပရာယာ ၅၉
ဒဝံဟိတာ ဒဝံပရာမဋ္ဌာ ၅၀
ဒဝံပေါရာဏဂဟေတိ ၂၀၀
ဒသိကဋ္ဌာယိဋ္ဌိတော ၄၂
ဓြပပါတိကာ (နတ္ထိ) ၃၄၀
ဓြပဝယံ (ဓြပဂုယံ) ၂၆၁
ဓြပါနဘူတံ ၄၃၀
နဠနာဿနေ ၂၃၂
နတပရပ္ပဝါဒါ ၁၁၆
နပ္ပကာ (နှာပိတာ) ၃၀၃
နဗ္ဓိကာရာဟာရဘက္ခော ၁၄၁
နမဿတောဇော အားကြိး ၉၆
နမဿဝါန်း အတုမျှားစဉ်းစားဘွယ် ၃၅၆
နရကာရကော ၃၀၃
နရဇကာယ ခေါပံ ၉၇
နရိကရတမဋ္ဌေ ၁၉၁
နရေဇု ၂၆၁
နလျာဏော ကိတ္တိသဒ္ဒေါ ၂၅၆
နဿနော ၃၀၂
နာပေါတကာနိ အဒ္ဓိနိ ၃၅၁
နာရဇပတ္တံ ၂၄၇
နိ်ကာရပ္ပဋိဿာဝိ ၃၇၀

ကံ္ဖိဒေဝ ဒေသံ ၂၉၀
ကူဋ္ဌဋ္ဌော ၄၂
ကေဝဋ္ဋော၏ ဝစနတ္ထ ၁၀၂
ကေဋိဟာသ သုခ ၉၄
ကောမာရဘာရွော ၂၀၄
ကောလာဟလံ ၃၀၀
ကြီးသူဝယ်ချပြီး ငယ်သူဝယ်မချ ၂၀၉
ခတ္တိယာဘိသေကေန ၄၅၅
ခမေယျ (ခမတိ) ၃၆၀
ခိဋ္ဌာ ပဒေါသိကာ ၉၃
ခုရပရိယန္တစက္က ၃၁၇
ခေါဘေတွာ ၂၂၁
ချစ်သူကို အမှတ်ရတတ်ချိန် ၂၀၄
ဂဇ္ဇီတံ မဟန္တံ ၁၃
ဂဏသင်္ကိတံ ၃၇၇
ဂမ္ဘီရသဒ္ဒ ၄ ပါး ၁၆၂
ဂဟပတိကို ညွှန်ပြရကျိုး ၄၃၇
ဂဟပတိကော ၃၀၂
ဂုတ္တဒ္ဒါရော၏ ဝစနတ္ထ ၄၅၁
ဃရသန္ဓိ–အိမ်၏ အစပ်ရှိသောနံရံ ၃၁၅
ဃာသစ္ဆာဒန ပရမတာ ၃၇၅
စက္ခုသဒ္ဒါ၏ အနက်များး ၄၅၇
စတု မဓုရံ ၂၁၇
စတုသစ္စကမ္မဋ္ဌာန်း ၆၉
စဝန္တိ–ဥပဟဋ္ဌန္တိ ၄၅
စာတုမဟာဘူတိကော ၁၄၀, ၃၄၉
စိဝရာဒိ ဝေကလ္လံ ၃၇၉
စုလ္လာသီတိ ၃၄၁
စေတိယင်္ဂဏ်း ဘိနပ်စီးမှု ၂၁၉
စေလကာ, စလကာ ၂၉၉
ဆမ္ဘိတတ္တံ ဂ၂, ၂၇၂
ဇာတရူပေနေဝ ၂၄၃
ဇာတိသရော ၅၂
ဇိဝတိတိ ဇိဝကော ၂ဝ၃
ဉာဏ်တပါးနှင့် ဗဟုဝစ် ၁ဝ
ဉာတိ ပရိဝဋ္ဋ ၃၈၄, ၄၄၆
တဉ္ဆ ပဇာနံ (ဒနံ) ၆၂
တထာဂတော သတ္တော ၁၁၉

တဒဟု ပေါသထေ ၂၂၆
တသွဲ၏ လဒ္ဓဂုဏ် ၀၇၀
တာပနဉေဟံ ၂၁၅
တိတ္တိရိယ မြဟ္မစရိယ ၄၃၁
တိတ္ထကရော ၂၄၄
တိတ္ထိဆရာကြီး ၃ ယောက်၏အယူ ၃၅၄
တိတ္ထိသာဝကတို့၏ နိယတမိစ္ဆာဒိဋ္ဌဖြစ်ပုံ ၃၅၅
တိလက္ခဏာဟတာ ၁၄
တုက္ကီ ၂၅၃
တုလနာ, ရုစ္စနာ, ခမနာ ၅၀
တုလာယ တုလယန္တော ၁၅၂
တေန ဝုတ္တံ တသ္မာ ၄၂၂
တေနဟိ၏ အနက် ၃၀၇
ထကေတ္ဝာ ၃၇၅
ထာမော, ဗလံ ၁၆
ဒက္ခိဏာ ၃၀၆
ဒမ, သံယမ, သစ္စဝဇ္ဇ ၃၁၈
ဒဏ္ဍုပညတ္တံ (ဒါနံ) ၃၅၂
ဒါနပတိ ၄၃၀
ဒါသော, ကမ္မကရော ၃၆၉
ဒိဋ္ဌဓမ္မ, ဒိဋ္ဌဓမ္မနိဗ္ဗာနံ ၁၄၃,၄
ဒိဋ္ဌဂတသ ၃၄
ဒိန္နံ, ယိဋ္ဌံ, ဟုတံ ၃၄၅
ဒိဝသသ—ဒ္ဝတ္တိက္ခတ္တုံ ၂၀၆
ဒိဝါ ဒိဝသေ ၂၁၃
ဒေဏာမိတေ သံသာရေ ၃၄၄
ဒေဟဋ္ဌော ၂၀၉
ဒေါသာဘိသန္နံ ဝိရေစေတ္ဝာ ၂၀၅
ဒေါသိနာ ၂၃၅
ဒ္ဝေဇာယမ္မတိကာ ၄၄၁
ဓံနပါလ (နာဋ္ဌာဂိရိ) ၂၅၉
ဓမ္မဋ္ဌိတိညာဏံ ၂၀
နဂရာ–ဓောရယ္ဟာ ၂၁၂
နဲ သမ္မာယေယ္ဟုံ ၁၁၈
နာဂသ ဘူမိ ၂၅၅
နာမ, ကိရ ၁၈၅
နိကန္တိတဏှာ ၅၅
နိစ္ဆုဒ (အတ္တာမဟုတ်) ၆၄

နိဒ္ဒေဋ္ဌ နိဂ္ဂါဓိ	၂၃
နိဒ္ဒါဘိတ္တွာ	၂၂၂
နိပုဏာ	၆
နိဗ္ဗာနောဂဓံ	၄၂၀
နိဗ္ဗုတိ, နိဗ္ဗာနံ	၆၃
နိမန္တနနှစ်မျိုး	၃၇၀
နိယတမိစ္ဆာဒိဋ္ဌိကို ချဲတ်ချုံမရ	၃၅၇
နိယတိ သင်္ဂတိ ဘာဝ	၃၂၇
နိလ္လေါပံ	၃၁၅
နေမိတ္တိကေဟိ	၂၀၉
နေရာ အပြစ်ရှစ်ပါး	၂၀၁
နတ်သုဓံဘောဇဉ်, ပမာဏ	၉၅
နာဝကာ	၃၀၃
ပက္ခန္ဒိနော	၃၀၁
ပစ္စက္ခဓမ္မော	၁၄၃
ပစတော	၃၁၂
ပဋ္ဌပတိဋ္ဌိတ ဝန္ဒနာ	၂၅၄
ပဋ္ဌမရိဝန္နော	၂၀၆
ပဋ္ဌဟာကာရေဟိ တာဒိ	၂၀၀
ပစ္စာဇာတော (ပစ္စဇာတော)	၄၄၀
ပဒ္ဓူသကာလ	၃၇၀
ပဒိုကိဋ္ဌတရံ	၂၅၀
ပဒိုညာဏ်အနက်	၆၆
ပဒိုဝိဋ္ဌနဋ္ဌတမျိုး	၁၄၆
ပဏ္ဍိတ ပတိရူပကာနံ	၃၁၀
ပဒပူရဏာမတ္တမေဝ	၄၀၁
ပဒါနိ	၃၅၁
ပဒါနုပဒံ	၂၆၀
ပဓာန, အနုယောဂ	၃၀
ပရလောက-ဇာဓလောက	၃၄၇
ပရိစာရေတိ	၁၄၅
ပရိတသနာ	၀၁
ပရိတသိတ ဝိပ္ပန္ဒိတံ	၀၃
ပရိပန္ထေ တိဋ္ဌတော	၃၁၅
ပရိသုဒ္ဓဒေသနာဖြစ်ပုံ	၄၂၇
ပလမ္ဘသိ	၂၇၆
ပဝတ္တံ, နိမိတ္တံ	၁၀
ပဝေဒေတိ (ဒီပေတိ)	၀

မါတိမောက္ခသံဝုတော ၄၄၇
ပါဟုနက (ပဟေနက) သင်္ကာရော ၃၄၆
ဒိဏ္ဍဒါယကာ ၂၉၉
ပုဏ္ဏာနဲသမ္မီ ၁၅၃
ပုဏ္ဏိတာ နော (နံ) ၃၀၉
ပုညက္ခယ မရဏာ ၀၀
ပုဏ္ဏာ-ပုဏ္ဏမာ ၂၃၀
ပုဗ္ဗန္တ ကဝိကာ ၂၆
ပုဗ္ဗုဋ္ဌာယီ-ပဓ္ဓာနိပါတိ ၃၆၉
ပုရိသကာရေ ၃၂၃
ပုရိသဘူမိ ဂ ပါး ၃၃၅
ပေမံ ၂၀၇
ဖန္ဒတော ဖန္ဒာပယတော ၃၁၄
ဖလံ, ဝိပါကော ၃၄၇
ဖုဿ ဖုဿဿ အာဘိက္ခညံ ၁၆၀
ဗလံ, ထာမ, ဗီရိယ ၃၂၄
ဗာဟုဇညံ ၄၃၅
ဗုဒ္ဓဘူမိ (ဗောဓိသတ္တဘူမိ) ၂၉၂
ဗုဒ္ဓဝါဒန္ဒင့် ဆန့်ကျင်ဝါဒ ၃၂၀
ဗျူနဗုဒ္ဓိယာ ၄၂၅
ဗြဟ္မစရိယ၏ အနက်များ ၄၂၀
ဗြဟ္မဇာလစသော အမည် ၁၀၉
ဘဂဝတော ပစ္စယော သိ ၃၉၀
ဘဂဝန္တ ရူပေါ ၃၁၁
ဘဒြမုခ ၁၁၂
ဘယာနကာ .... ၀၂+၂၇၀
ဘယံ, သံဝေဂံ, သန္တာသံ ၀၄
ဘဝဒိဋ္ဌိ, သဿတဒိဋ္ဌိ ၁၇၄
ဘဝနေတ္တိ ၁၀၃
ဘာဝါ (အနုသန္ဓိ) နုက်ကမော ၄၁၃
ဘိန္နန္တာ မညေ ၁၁၆
ဘိတော, ဥဿင်္ကိ, ဥတြဿော ၂၁၃
ဘုမ္မဝစနံ ၂၀၃
ဘူတာ, ဇီဝါ ၃၂၆
ဘူတဘျာနံ ၀၇
ဘူမန္တရ-သမယန္တရ ၁၅
မဏ္ဍူကဝိသ သမ္မသ ၁၀၇
မတ္တမေဥ ၁၇၂

မနုဿ သောဘဂျတံ ၃၂၃
မနောပဏ်ဓိ (ဆုတောင်းမဟုတ်) ၈၉
မနော ပဒေါသိကာ ၉၉
မနောမယာ ၇၄
မနောရထော ၂၁၄
မရိယာဒါ ဝိဘာဂ ၁၅၈
မဟာဓံ ရာဇာနုဘာဝေန ၂၆၅
မဟေသက္ခတရော ၉၀
မဂဓံနံ ဇာသရော ၂၀၈
မာတာပေတ္တိက သမ္ဘေါ ၁၄၀
မာနဒပါ (ဇာ) ၄၃၉
မုခလောက (ကိ) ကော ၃၇၂
မူလစ္ဆဓံ (မူလဃဓံ) ၂၁၅
မြေလျှပ်ခြင်း၏ အကြောင်း ၁၉၆
မြန်မာနိုင်ငံမျိုး၌ စကြိုဝမင်းမဖြစ် ၄၀၅
ယသ္သ၏ စောဒနတ္ထ ၃၇၀
ယထာနုသန္ဓိ ၁၅၄
ယထာဘုဓံ ၉
ယဒိ, ဝေါသဇ္ဇေ ၃၀၁
ယာဝ ဒေဝမနုဿေဟိ ၄၃၅
ယုတ္တယောဂဘိက္ခု အဓိဋ္ဌာန ၁၇၆
ယေန နိန္နံ, တေန ၂၀၇
ယောနိ၏ အနက် ၃၂၉
ရက္ခာ ဝရဏဂုတ္တိ ၃၇၉
ရဇာ (ဇော) ပထော ၄၄၂
ရဋ္ဌိယပုတ္တာ ၂၆၀
ရတ္တညူ ၂၄၅
ရာဇာနော သဒ္ဓါဘိရတော ၂၇၄
ရာဇာမစ္စ ပရိဝုတော ၂၃၁
ရာဇာ၏ ဝစနတ္ထ ၂၀၇
ရူပီ, အတ္တာ ၁၂၀
လက္ခညာ ၂၃၆
လာလပ္ပန ၁၄၇
လုဒ္ဓါ လုဒ္ဓါ ၃၃၂
လောကေ ဥပ္ပဇ္ဇတိအဖွင့် (လောကအရ သတ္တ ဩကာသယူ) ၄၀၃, ၅
ဝက်ဆိဒ္ဓ, ဝက်အာဏိ ၉၀
ဝစနတ္ထယော ၂၃၇
ဝဇ္ဇော ၄၁

စဉ်ခါကုကဖြစ်ပုံ ၃၅၉
ဝတ္ထု, ဌာန ၄၇
ဝယသ ၂၇၅
ဝဝတ္ထာပန ဝစနံ ၁၁
စသဝတ္တိ (တ္တိ) ဂ၆
ဝါလဝေဓိရူပါ ၁၁၆
ဝိဇိတေ ၃၁၉
ဝိတ္ထာရိကံ (တံ) ၄၃၅
ဝိဝေကသုံးမျိုး ၃၇၆
ဝိသာဒလက္ခဏော ၁၄ဂ
ဝိထိ, ရန္ဓာ ၂၃၃
ဝေဒေဟိ၏ ဝစနတ္ထ ၂၂၅
ဝေယျာကရဏာသို့ ၁၉၄
ဝေယျာဝစ္စံ ၄၃၁
ဝေသော (သုဒ္ဓ) ဂ၇
သကိဉ္စန သပလိဗောဓ ၄၄၁
သဂ္ဂသံဝတ္တနိကာ ၃၀၆
သန္တဘာဝါယ ၁၂၆
သတ္တာ, ပါဏာ ၃၂၅
သတိ (သတိ) အာယတနေ ၁၆၅
သန္နုဋ္ဌော ၃၇၆
သန္တောသ ၁၂ ပါး ၄၅၂
သဒ္ဒေဝကံစသည်၌ တဂ္ဂုဏာသမာသ် ၄၀ဂ
သဒ္ဒံ ပတိလဘတိ ၄၄၁
သမ္မဟံသန (သာဓုအနက်) ၃ဂဂ
သမ္မပဒ္ဒမံ ဥပ္ပန္နဘာဝံ ၄၀၇
သမ္မဂ်ိပစ္စ်ဂိ ၁၄၂
သမဂ်ိဘူတော ၁၄၅
သမန္ဓသဟာရော ၁၅၀
သမနုယုဥ္ဇေယျုံ စသည် ၁၁၇
သမ္မ ၂၇၅
သမ္မာ, ဝဒေယျုံ .... ဇ
သမုဒယ, သံယောဂ ၁ဇ
သမုသိတ သေ့တန္ဆတ္တံ ၂၃၁
သမ္မောဒနိယံ သာရဏီယံ ၃၁၁
သယံပါဋိ (ပဋိ) ဘာနံ ၅၁
သယံ အဘိညာ ၄၁၅
သဿတဝါဒါ ၃၅

သဿတိသမံ ၄၆
သဟဂျတံ ၀၄
သာဓု, သာဓုကံ ၃၀၇
သာဓု၏ ဒဋ္ဌိကမ္မ အာဏာဘွဲ့ ၃၉၀
သာမညဖလ ၃၀၇
သာဝက ပါရမီဉာဏ် ၁၂
သာသနာသ၏ အရကောက် ၄၁၇
သာဟသိက မဟာယောဓာ ၃၀၀
သိက္ခတ္တယ ဗြဟ္မစရိယံ (ပါရာဇိကဏ်ဍ အနက်ပြင်ဘို့ရန် ညွှန်ပြထားသည်။) ၄၄၃
သိက္ခတ္တယ သင်္ဂဟံ (သင်္ဂဟံ) ၄၃၄
သိက္ခတိ သိက္ခာပဒေသု ၄၄၀
သိနေရုပါဒတော ဝါလုကံ ၁၅၂
သိပ္ပါယတနံ ၂၉၆
သိဝေယျကံ ၂၀၅
သီလရှိမှ သာသနာ့တည်နှင် ၄၃၀
သီလ (လာ) သံဝရတော ၄၅၄
သီလသို့ ဝဒါမိအနက် ၄၅၁
သုခုမန္တိကေန ၁၀၁
သုခေန်, ဝိဏောန် ၃၀၄,၅
သုစိဏ္ဏာ ဗြဟ္မစရိယဖြစ်ပုံ ၄၂၉
သုညတာ ပကာသန ၁
သုဒ္ဓဿ သဒါ ဖဂ္ဂု ၂၂၇
သုဘဒ္ဒာယိနော ၇၅
သုဝိဇာနာ ကုဒ္ဓါ ၁၀၀
သောစယတော ၃၁၃
သောဝဂ္ဂိကာ ၃၀၅
သောဝတသာဟံ (သသံ) ၃၇၂
သမ္မရိကိဏ္ဏံ ၂၀၄
သံဝဋ္ဋတိ ၇၄
သံဝုတော ၃၇၄
ဟတ္ထမုဋ္ဌါ ၃၀၄
ဟတ္ထာရောဟာ ၂၉၇
ဟတ္ထိမေဏ္ဍာ (ဗန္ဓာ) ၂၉၀
ဟန္ဒ ဝေါသဂ္ဂဏ္ဍ ၁၀၀
ဟသ ဓိဋ္ဌာ ရတိဓမ္မ ၉၄
ဟုတ္ဝာ ထည့်ရခြင်း ၃၇၄
ဧဟေတု, ပစ္စယော ၁၉

သီလက္ခန်ဓာကထာ

ဘာသာဋီကာ

သုညတာပကာသနအဖွင့်

[စူဠသီလ မဇ္ဈိမသီလ မဟာသီလတို့ကို ဖွင့်ပြပြီး၍ ယခုအခါ သုညတာပ ကာသနကိုဖွင့်ပြလိုသော အဋ္ဌကထာဆရာသည် အနုသန္ဓေကိုပြလိုသောကြောင့် "ဧဝံ ဗြဟ္မဒတ္တောန" စသည်ကို မိန့်သည်။] ဧဝံ-၌ ဆိုအပ်ပြီးသော နည်းဖြင့်၊ ဗြဟ္မဒတ္တောန-ဗြဟ္မဒတ္တလုလင်သည်၊ ဝုတ္တဝတ္ထဿ-ပြောဆိုအပ်သော ဂုဏ်နှင့် တကွ၊ အနုသန္ဓိဝသေန-ဆက်စပ်ခြင်း၏ အစွမ်းဖြင့်၊(တနည်း)၊ဝုတ္တဝတ္ထဿ-၏၊ အနုသန္ဓိဝသေန- ဆက်စပ်အပ်သော ဒေသနာ၏ အစွမ်းဖြင့်၊ တီဝိဓံ-၃ ပါး အပြားရှိသော၊ သီလံ-သီလကို၊ ဝိတ္ထာရေတွာ-ချဲ့ထွင်မူပြီး၍၊ ဣဒါနိ-ယခုအခါ၌၊ ဘိက္ခုသံယေန-သည်၊ ဝုတ္တဝတ္ထဿ-တကွ၊ အနုသန္ဓိဝသေန-ဖြင့်၊(တနည်း) ဝုတ္တဝတ္ထဿ-၏၊ အနုသန္ဓိဝသေန-ဖြင့်၊ အတ္ထိ ဘိက္ခဝေ အညေဝ ဓမ္မာ ဂဒ္ဓိရာ ဒုဒ္ဒသာတိ အာဒိနာ-အစရှိသော၊ နယေန-နည်းဖြင့်၊ သုညတာပကာသနံ-သုညတာကို ထင်ရှားပြခြင်းကို၊ ဝါ-သုညတာကို ထင်ရှားပြကြောင်း ဒေသနာကို၊ အာရဘိ-အားထုတ်တော်မူပြီ။["ဣဒါနိ အာရဘိ"ဟု ဣဒါနိ သဒ္ဒါပါသောကြောင့် "အာရဘိ-အားထုတ်တော်မူ၏" ဟု ပစ္စုပ္ပန်အနက် ပေးလေ့ရှိကြသည်။]

× × × × × × ×

ဝုတ္တဝတ္ထဿ။ ။သဟတ္ထေ ဆဋ္ဌီဝစနံ, သာမိအတ္ထေ ဝါ၊ အနုသန္ဓိပဒဿ ဘာဝကမ္မဝသေန ကြိယာဒေသနာသု ပဝတ္တနတော၊-ဋီကာသစ်၊ "အနုသန္ဓာနံ- ဆက်စပ်ခြင်း၊ အံနုသန္ဓိ- ခြင်း" ဟု ဘံဝဿဝနပြုလျှင် "ဝုတ္တဝတ္ထဿ- ပြောဆိုအပ်သော ဂုဏ်နှင့် တကွ" ဟု သဟတ္ထ၌ ဆဋ္ဌီသက်၊ "အနုသန္ဓိယတေ - ဆက်စပ်အပ်၏၊ ဣတိ အနုသန္ဓိ" ဟု ကမ္မသာဓနပြုလျှင် ဒေသနာကို ရသောကြောင့် "ဝုတ္တဝတ္ထဿ-၏" ဟု ပေး၍ "အနုသန္ဓိ- ဆက်စပ်အပ်သော ဒေသနာ" ဟု ပေးပါ။["ရဟန်းတို့ ပြောအပ်သောဂုဏ်" ဟူသည် "ယာဝဇ္ဈိဒံ တေန ဘဂဝတာ ဇာနတာ ပဿတာ" စသော ပါဠိတော်၌ လာခဲ့သော ဂုဏ်တည်း။]

သုညတာပကာသနံ ။ ။ သုညာနံ - မိန္ဆာအယူရှိသူတို့ ယူအပ်တိုင်းသော အခြင်းအရာမှ ကင်းဆိတ်သော ဒိဋ္ဌဉာနတို့၏+ဘာဝေါ-ဖြစ်ကြောင်းဖြစ်ရာ(ယူအပ်တိုင်းသော အခြင်းအရာ)တည်း၊ သုညတာ။ [တတ္ထ ဇာမေ ဒိဋ္ဌဉာနာ ဧဝံ ဂဟိတာတိ

တတ္ထ-ထိုအတ္ထိဘိုက္ခဝေ အညေဝ ဓမ္မော အစရှိသောပါဠိရပ်၌။ [“သကမ္မကကြိယာ, ယှဉ်ကာ နောက်နား, တတ္ထ သွားသော်, စွဲငြားကြိယာ၏ ကံပင်တည်း” နှင့် အညီ အာရဘိကြိယာ၏ ကံဖြစ်သော သုညဘာဝကာသနံကို ရည်ရွယ်၍ “တတ္ထ-ထို သုညတာ ၊ကာသန ဒေသနာ ၊တာ်၌” ဟုလည်း ဆရာတို့ ပေး ၊တာ်မူကြ၏။] ဓမ္မာတိ(တ္ထေ)–ဓမ္မာဟူသော ဤပုဒ်၌ (အန္တဘူတော–အတွင်းဖြစ်၍ဖြစ်သော)၊ ဓမ္မသဒ္ဒေါ–သည်၊ ဂုဏော–ဂုဏ်ဟူသောအနက်၎င်း၊ ဒေသနာယံ–ဒေသနာဟူသော အနက်၎င်း၊ ပရိယတ္တိယံ – သင်ယူအပ်သော ပါဠိဟူသော

× × × × × × ×

အာဒိနာ (အစရှိသော ပါဠိတော် စကား၊ရပ်ဖြင့်) သဿတာဒိ ဒိဋ္ဌဂ္ဂါနုံ (သဿတအစရှိသော မိစ္ဆာအယူတို့၏ တည်ရာ အကြောင်းတို့၏) ယထာဂဟိတာကာရသုည ဘာဝပ္ပကာသနတော (ထို တိတ္ထိတို့ ယူအပ်တိုင်းသော အခြင်းအရာမှ ကင်းဆိတ်ကုန်သည်၏ အဖြစ်ကို ပြခြင်းကြောင့်၎င်း)။]

ထို့ပြင်။ ။သုညာနံ-နိစ္စသာရအစရှိသည်တို့မှ ကင်းဆိတ်ကုန်သော သီလသမာဓိသဉ္ဉတာ ဉာဏ်ပညာတို့၏ + ဘာဝေါ သုညတာ။ [တဋ္ဌ ပဇာနံ နပရာမသတိတိ (ဟူသော ပါဠိတော်ပါဌ်ဖြင့်) သီလာဒိနဋ္ဌ အပရာမာသနိယျာနိက ဘာဝဒီပနေန (သီလအစရှိသည်တို့၏ တဏှာဒိဋ္ဌိမာနတို့ဖြင့် မသုံးသပ်အပ်ကုန်, ပရာမာသက်လေသာတို့မှ ထွက်မြောက်တတ်ကုန်သည်၏အဖြစ်ကို ပြခြင်းအားဖြင့်) နိစ္စသာရာဒိဝိရဟပ္ပကာသနတော (နိစ္စသာရ အစရှိသည်ဘို့မှ ကင်းခြင်းကို ထင်ရှားပြခြင်းကြောင့်၎င်း)။]

ထို့ပြင်။ ။သုညာနံ– အတ္တ အတ္တနိယမှ ကင်းဆိတ်ကုန်သော တရားအားလုံးတို့၏ + ဘာဝေါ သုညတာ။ [ယာသု ဝေဒနာသု အဝိတရာဂတာယ ဗာဟိရကာနံ တောနိ ဒိဋ္ဌိပ္ပဒ္ဒိတာနိ သမ္ဘဝန္တိ (အကြင် ဝေဒနာတို့၌ တပ်မက်ခြင်း မကင်းကြသည့် အတွက် သာသနာပ တိတ္ထိထိုမှာ ဤဒိဋ္ဌိပ္ပဒ္ဒိတများ ဖြစ်ကြရ၏) ၊ တေသံ ပစ္စယဘူတာနံစ သမ္မောဟာဒိနံ (ထို ဝေဒနာတို့၏ အကြောင်းဖြစ်ကုန်သော ပြင်းစွာ တွေဝေသော အဝိဇ္ဇာအစရှိသည်တို့၏) ဝေဒက ကာရကသဘာဝါဘာဝဒဿနမုခေန (ခံစားတတ်သော သဘော ပြုစီမံတတ်သောသဘောတို့၏ မရှိခြင်းကိုပြမှုကို အဦးပဓာနပြုသဖြင့်) သဗ္ဗဓမ္မာနံ အတ္တာတ္တနိယတာဝိရဟဒီပနတော (တရားအားလုံးတို့၏ အတ္တအဖြစ် အတ္တ၏ဥစ္စာအဖြစ်မှကင်းခြင်းကို ပြခြင်းကြောင့်၎င်း) အနုပါဒါပဝိနိဗ္ဗာနဒီပနတောစ (ဒေသနာ၏ အဆုံးဌာန် အတ္တမှ ကင်းဆိတ်သော အနုပါဒါပရိနိဗ္ဗာန်ကို ပြခြင်းကြောင့်၎င်း)။]

အယံ ဒေသနာ သုညတာဝိဘာဝနပ္ပဓာနာတိ (မဟာသီလမှ နောက်ဖြစ်သော ဤပြဟ္မဇာလသုတ် ဒေသနာတော်သည် သုညတာကို ထင်ရှားပြခြင်းသာလျှင် ပဓာနရှိ၏၊ ထို့ကြောင့်) အာဟ သုညတာပကာသနံ အာရဘီကိ၊–ဦးကာကျမ်းတုက်။ [ဤ ဦးကာကျမ်းတက်၌ သုညတာ၏ အဓိပ္ပါယ်ကို ယထာဂဟိတာကာရသုညဘာဝ, နိစ္စသာရာဒိသုညဘာဝ , အတ္တအတ္တနိယ သုညဘာဝ , ဟု ၃ မျိုး ခွဲခြား၍ ဖွင့်ပြပုံကို သတိပြု၍ “ နောံလာမည့် မိစ္ဆာအယူများ ဆုံးသည့်တိုင်အောင်သည် ပဓာနအားဖြင့် သုညတာပကာသနဒေသနာတော်ဖြစ်သည်”ဟု မှတ်ပါ။]

အနက်ထင်း၊ နိဿတ္တော–သတ္တမဟုတ်သည်၏ အဖြစ်ဟူသော အနက်ထင်း၊ ဣတိ ဝေမာဒီသု– ဤသို့ အစရှိသော အနက်တို့၌၊ ဝတ္တတိ – ဖြစ်၏။ [ဓမ္မာတီဒ္ဓ ဓမ္မသဒ္ဒါသည် အန္တ, ယောဝိဘတ်၏ ကာရိယ အာသည် ဗာဟိယတည်း၊ ထို့ကြောင့် ဓမ္မသဒ္ဒေါကို "အန္တဘူတော"ဟု ဝိသေသနပြုသည်။]

ဟိ–ချေ၊ နဟိဓမ္မောပေ၊ သုဂ္ဂတိန္တိ အာဒီသု– နဟိ ဓမ္မော ၊ပေ၊ သုဂ္ဂတိံ အစရှိသော ပါဠိရပ်တို့၌၊ ဂုဏော–ဂုဏ်ဟူသော အနက်၌၊ ဓမ္မသဒ္ဒေါ–သည်၊ (ဝတ္တတိ)။[ဟိ–မှန်၏၊ ဓမ္မောစ– ဂုဏ်တရားသည်ထင်း၊ ဝါ–ကုသိုလ်တရားသည်ထင်း၊ အဓမ္မောစ–ဂုဏ်၏ ဆန့်ကျင်ဘက် တရားသည်ထင်း၊ ဝါ–အကုသိုလ်တရားသည်ထင်း၊(အ သည် ဝိရုဒ္ဓအနက်ဟော)၊ဥဘော–ဓမ္မ အဓမ္မ ၂မျိုးတို့သည်၊ သမဝိပါကိနော–တူမျှသော အကျိုးရှိကုန်သည်၊ နု(ဟာန္တိ)–မဖြစ်ကုန်၊ အဓမ္မော–ဂုဏ်၏ ဆန့်ကျင်ဘက် တရားသည်၊ ဝါ–အကုသိုလ်တရားသည်၊ နိရယံ–ငရဲသို့၊ နေ့တိ–ဆောင်တတ်၏၊ ဓမ္မော–ဂုဏ်တရားသည်၊ ဝါ–ကုသိုလ်တရားသည်၊ သုဂ္ဂတိံ–ကောင်းမှသော ဂတိသို့၊ ပါပေတိ–ရောက်စေနိုင်၏၊ –စတုက္ကနိပါတ်, ဓမ္မိကထေရဂါထာ။]

ဓမ္မံ ဝေါ ဘိက္ခဝေ ဒေသေဿာမိ အာဒိကလ္လာဏန္တိ အာဒီသု-အစရှိသော ပါဠိရပ်တို့၌၊ ဒေသနာယံ–ဒေသနာဟူသော အနက်၌၊(ဓမ္မသဒ္ဒေါ ဝတ္တတိ)။ [ဘိက္ခဝေ–တို့၊ ဝေါ-သင်တို့အား၊ အာဒိကလ္လာဏံ–အစ၌လည်း ကောင်းသော၊ပေ၊ဓမ္မံ-တရားကို၊ ဒေသေဿာမိ - ဟောတော်မူအံ့၊ - ဥပရိပံ, သဒ္ဒါယတနဝဂ်, ဆံဆက္ကသုတ်။] ဣဓ ဘိက္ခု၊ ဓမ္မံ ပရိယာပုဏာတိ သုတ္တံ ဂေယျန္တိ အာဒီသု – အစရှိသော ပါဠိရပ်တို့၌၊ ပရိယတ္တိယံ – သင်ယူအပ်သော ပါဠိ

× × × × × × ×

ဂုဏော။ ။ဓမ္မသဒ္ဒါ၏ အနက်တို့၌ ဂုဏအနက်တမျိုး ပုညအနက်တမျိုး အားဖြင့် ၂ မျိုးပါ၏၊ ဂုဏအနက်၌ ကုသိုလ်ကောင်းမှုသာမက အကောင်းဂုဏ်ဟူသမျှ (ကြိယာပါ) သက်ဆိုင်၏၊ ထို့ကြောင့် ဤသုညတာပကာသန အခဏ်းဝယ် သဗ္ဗညုတာဉာဏ်တော်ဟူသော် ကြိယာကိုပင် ဂုဏဟု ယူရသည်၊ သို့သော်"နဟိ ဓမ္မော အဓမ္မောစ" ၌လာသော ဂုဏ်ကား "မဂါပေတိ သုဂ္ဂတိံ"ဟု ဆိုသောကြောင့် ကုသိုလ်ဂုဏ်သာ ဖြစ်ပါပေသည်။ [ဤဂါထာ၏ ရှေ့၌ ပါဠိတော်ရင်းဝယ်"ဓမ္မော ဟဝေ ရက္ခတိ"စသော ဂါထာရှိ၏၊"နဟိ ဓမ္မော အဓမ္မောစ"ဂါထာသည် ထိုရှေဂါထာ၏ ဒဋ္ဌိကရဏတည်း၊ ထို့ကြောင့် ဟိကို"ဒဋ္ဌိကရဏ"ဟု မှတ်ပါ။]

ဒေသနာယံ, ပရိယတ္တိယံ ။ ။ဘုရားရှင်၏ စိတ်တော်ဖြင့် ရှေးဦးစွာ ပိုင်းခြားမှတ်သားအပ်ပြီးသော တရားတော်အစဉ်ဓမ္မကို ပရိယတ္တိ(သင်ယူအပ်သော ပါဠို)ဟု ခေါ်၏၊ ထိုပရိယတ္တိဓမ္မကို နှုတ်တော်ဖြင့် ဟောရွတ်ကာ ထင်စွာဖြစ်ပေါ်လာစေခြင်းကို ဒေသနာ ဟု ခေါ်၏၊ ဤသို့ ကွဲပြားသောကြောင့် " ဒေသနာယံ ပရိယတ္တိယံ " ဟု ၂နက် ခွဲထားသည်။ [ဧဝမာဒီသုဌ္ဌ အာဒိဖြင့်"ဓမ္မော သဘာဝေ"စသော အဘိဓာန် (၇၀၄)လာ အနက်တို့တွင် ကျန်အနက်များကို ယူပါ။]

ဟူသော အနက်၌၊(ဓမ္မသဒ္ဒါ ဝတ္တတိ)။ [ဣဓ-ဤသာသနာတော်၌၊ ဘိက္ခု-ရဟန်းသည်၊ ဓမ္မံ-သင်ယူအပ်သော ပါဠိတရားကို၊ ပရိယာပုဏာတိ- သင်ယူ၏၊ သုတ္တံ-သုတ်ကို၊ ပရိယာပုဏာတိ-၏၊ ဂေယျံ- ဂေယျကို၊ ပရိယာပုဏာတိ-၏၊-ပဋိကဂ်ိတ္တိုရ်, ဒု-ပံ, ယောဓဇိဝဝဂ်, ပဌမဓမ္မဝိဘာဂိသုတ်။]တသ္မိံ ခေါပန သမယေ ဓမ္မာ ဟောန္တိ၊ ခန္ဓာ ဟောန္တိ တိ အာဒိသု-အစရှိသော ပါဠိရပ်တို့၌၊ နိဿတ္တေ-သတ္တမဟုတ်သည်၏ အဖြစ်ဟူသော အနက်၌၊(ဓမ္မသဒ္ဒါ ဝတ္တတိ)။ [တသ္မိံ ခေါပန သမယေ-ထို အခါ၌၊ ဓမ္မာ – သတ္တလည်း မဟုတ်ဇိဝလည်း မဟုတ်သော သဘောတရားတို့သည်၊ ဟောန္တိ၊ ခန္ဓာ–ခန္ဓာတို့သည်၊ ဟောန္တိ၊– ဓမ္မသင်္ဂဏီ, စိတ္တုပ္ပါဒကဏ္ဍ , ကာမာဝစရကုသလ, သုညတဝါရ။]

ပန – အတ္ထုဒ္ဓါရ သာမညမ္မတပါး အတ္ထုဒ္ဒေသဝိသေသကဘား၊ ဣဓ – ဤအတ္ထိ ဘိက္ခဝေ အညေဝ ဓမ္မာအစရှိသောပါဠိရပ်၌၊ ဂဏော-၌၊(ဓမ္မသဒ္ဒါ)၊ ဝတ္တတိ - ၏၊ တသ္မာ – ထိုသို့ ဂဏ်ဟူသော အနက်၌ ဓမ္မသဒ္ဒါ၏ ဖြစ်သည်၏ အဖြစ်ကြောင့်၊ ဘိက္ခဝေ– တို့၊ အညေဝ – ဆိုအပ်ပြီးသော သီလတို့မှ တမျိုးတခြားသောသူငှင် ဖြစ်ကုန်သော၊ တထာဂတဿ – မြတ်စွာဘုရား၏၊ ဂဏာ–ဂဏ်တို့သည်၊ အတ္ထိ - ရှိကုန်သေး၏၊ ဣတိ ဧဝံ - သို့၊ တ္ထေ- ၌ အတ္ထိ ဘိက္ခဝေ အညေဝ ဓမ္မာ အစရှိသော ပါဠိရပ်၌၊ အတ္ထော–ကို၊ ဒဋ္ဌဗ္ဗော–မှတ်ထိုက်၏။

ဂန္ဓိရာတိ–ကား၊ မဟာသမုဒ္ဒေါ– မဟာသမုဒ္ဒြာသည်၊ မကသတုဏ္ဍာသူစိယာ-ခြင်၏နှုတ်သီး တည်းဟူသော အပ်ဖြင့်၊ ဝါ-အပ်နှင့်တူသော ခြင်၏နှုတ်သီးဖြင့်၊ (အလဘနေယျပတိဋ္ဌော) ဝိယ-မရအပ်သော ထောက်တည်ရာရှိသကဲ့သို့၊ ဝါ – ထောက်တည်ရာကို မရနိုင်သကဲ့သို့၊ (တထာ)၊ တထာဂတာ- မြတ်စွာဘုရားကို၊ အညတြ–ကြဉ်ထား၍၊ အညေသံ- မြတ်စွာဘုရားမှတပါး, အခြားပုဂ္ဂိုလ်တို့၏၊ ဉာဏေန - ဉာဏ်ဖြင့်၊ အလဘနေယျပတိဋ္ဌာ – မရအပ်သော ထောက်တည်ရာရှိကုန်သော၊ ဝါ–ရအင်သော ထောက်တည်ရာမရှိကုန်သေး၊ ဝါ–၊ ထောက်တည်ရာကို မရနိုင်ကုန်သော၊ (ဓမ္မာ၌စပ်)။ [ဂန္ဓိရပုဒ်ပြီးပုံကို အဋ္ဌသာလိနီ နိဒါနကထာအဖွင့် မူလဋီကာနိဿယ၌ ကြည့်ပါ။]

× × × × × × ×

အညေဝ။ ။“အတ္ထိ ဘိက္ခဝေ အညေဝ”၌ အညဓ်၏ အပါဒါန်ကို ပြခဲ့သော သီလ ၃ မျိုးကို ခံပါ။ [နဘိက္ခဝေ တွေကာဝေ ဗုဒ္ဓဂဏာ,ယေ တုမှာကံ ပါကဋာ၊အပါကဋာ ပန အတ္ထိ ဘိက္ခဝေ အညေဓမ္မာတိ ဝိတ္ထာရော၊–ဋီကာ။] နောက်၌လည်း “ အညေဝ, နပါဏာတိပါတာ ဓဝေရမဏီအာဒယော”ဟု ဖွင့်လိမ့်မည်။

အလဘနေယျပတိဋ္ဌာ။ ။လဘိတဗ္ဗာတိ လဘနီယာ၊ အနီယပစ္စည်းမှ ဤကို ဧ, ယ ဒွေဘော်လာ၍ “ လဘနေယျာ ” ဟု ဖြစ်၏၊ န + လဘနေယျာ အလဘနေယျာ၊ ပတိဋ္ဌဟန်တိ ထြောတိ ပတိဋ္ဌာ၊ ပတ်ဋ္ဌဟနံ ဝါ ပတိဋ္ဌာ၊ အလဘနေယျာ+ပတိဋ္ဌာ တောသူတိ အလဘနေယျပတိဋ္ဌာ(ဓမ္မာ)။ [“ လဗ္ဘ ” ဟု မရှိနိုင်ကြောင်းကို ပါရာဇိကဏ်

ဂမ္ဘီရတ္တာယေဝ – နက်နဲကုန်သည်၏ အဖြစ်ကြောင့်ပင်၊ (အညေသံ – တို့၏၊ ဉာဏေန-သည်၊) ဒုဒ္ဒသာ – မမြင်အပ် မမြင်နိုင်ကုန်သော၊ ဒုဒ္ဒသတ္တာယေဝ–မမြင်အပ် မမြင်နိုင်ကုန်သည်၏ အဖြစ်ကြောင့်ပင်၊ (အညေသံ- တို့၏၊ ဉာဏေန- သည်)၊ ဒုရနုဗောဓာ- အစဉ်လိုက်၍ မသိအပ် မသိနိုင်ကုန်သော၊ နိဗ္ဗုတ သမ္မာပရိဠာဟတ္တာ-ငြိမ်းအေးပြီးသော အလုံးစုံသောအပူ ရှိကုန်သည်၏ အဖြစ်ကြောင့်၊ သန္တာ– ငြိမ်းအေးပြီးကုန်သော၊ သန္တာရမဏောသု– ငြိမ်းအေးသော အာရုံတို့၌၊ ပဝတ္တနတောပိ–ဖြစ်ခြင်းကြောင့်လည်း၊ သန္တာ-ကုန်သော။

× × × × × × ×

ဘာသာဋီကာ၌ ပြခဲ့ပြီ၊ သူစိယာ, ဉာဏေနတို့ကို ကတ္တားအနက်လည်း ပေးနိုင်ပါ၏၊ "ဖြင့်"ဟု ကရိဏ်းပေးရာ၌ ပုဂ္ဂိုလ်ကတ္တား ထည့်ရသည်၊ ကတ္တားအနက်ပေးလျှင်ကား ကတ္တား မလိုတော့။]

မှတ်ချက်။ ။ဓံမ္မတ္ထ စသည်တို့၏ ဂမ္ဘီရကိုပြရာ၌"သသာဒိဟိ"ဟု ယုန်စသည်တို့ မထောက်နိုင်ပုံကိုပြခဲ့သော်လည်း ဤနေရာ၌ သမ္မညုတဉာဏ်က သာ၍ နက်ကြောင်းကို သိစေလိုသောကြောင့် မကသတုဏ္ဍသူစိ၏ မထောက်နိုင်ပုံကို ဥပမာပြသည်။

ဒုဒ္ဒသာ။ ။ဉာဏ်ဖြင့် မထောက်နိုင်လောက်အောင် နက်ခြင်းသည် ဒုဒ္ဒသဖြစ်ခြင်း၏ အကြောင်းတည်း၊ ထို့ကြောင့် "ဂမ္ဘီရတ္တာယေဝ ဒုဒ္ဒသာ" ဟု ဂမ္ဘီရကို အကြောင်းအဖြစ်ဖြင့် ထည့်၍ဖွင့်သည်၊ နက်နဲသည့်အတွက် "ဤဂုဏ်တော်ဓံမ္မတို့သည် ဤမျှလောက်ရှိ၏, ဤသို့ သဘောရှိ၏"ဟု မမြင်နိုင်–ဟူလို။ [ခဲယဉ်းစွာ ကြည့်သော်လည်း မမြင်နိုင်ရကား ဒု သဒ္ဒါသည် ကိစ္စအနက်ဟော မဟုတ်, အဘာဝ အနက်ဟော်သာ၊ န+ပသိယန္တေတိ ဒုဒ္ဒသာ (ခ ပစ္စည်း)၊ ရွှေမှ "အညေသံ ဉာဏေန"ဟု ကတ္တားလိုက်စေ။]

ဒုရနုဗောဓာ။ ။ အကြင်တရားတို့ကို မြင်ရုံမျှ မမြင်နိုင်၊ ထိုတရားတို့ကို အနုံ(အစဉ်လိုက်၍) ဗုဓ (သိဘို့မှာ) ဆိုဘွယ်ရာပင် မရှိတော့၊ မြင်ရုံမှ မမြင်ရသောတရားတို့ကို အဘယ်မှာ အစဉ်လိုက်၍ သိနိုင်ပါတော့အံ့နည်း၊ ထို့ကြောင့် ဒုဒ္ဒသာ ပုဒ်ကိုပင် "ဒုဒ္ဒသတ္တာယေဝ"ဟု အကြောင်းလုပ်၍ ဖွင့်သည်။ [အနုဗုဇ္ဈန္တေတိ အနုဗောဓာ၊ န+အနုဗောဓာ ဒုရနုဗောဓာ၊ အနု+ဗုဓ, ဏ ပစ္စည်း။]

သန္တံ။ ။ ဤဉာဏ်ဟော်သည် ကိလေသာအားလုံး၏ ငြိမ်းအေးကြောင်းဖြစ်သော အရဟတ္တဖိုလ်၏ ထိပ်ဦးဖြစ်သောကြောင့် ကိလေသာအပူတို့မှ ငြိမ်းအေး၏၊ ထိုဉာဏ်တော်၏ ရှေကဖြစ်စေ နောက်မှဖြစ်စေ ကိလေသာတို့မှငြိမ်းအေးသော သမာပတ်အမျိုးမျိုးတို့ဖြင့် ရောပြွမ်းနေသောကြောင့်လည်း သန္တဖြစ်နိုင်ပေသည်။

သန္တာရမဏောသု ပဝတ္တနတော်ပိ။ ။ဤ သမ္မညုတဉာဏ်တော်သည် မဂ်ဖိုလ်နိဗ္ဗာန်တို့ကို အာရုံပြုနိုင်၏၊ မဂ်ဖိုလ်တို့သည် ကိလေသာတို့မှ ငြိမ်းအေး၏၊ နိဗ္ဗာန်သည် သင်္ခါရတို့မှ ငြိမ်းအေး၏၊ ထို့ကြောင့် ထို မဂ်ဖိုလ်နိဗ္ဗာန်တို့သည် သန္တ–ငြိမ်းအေးသောတရားများဖြစ်ကြ၏၊ သမ္မညုတဉာဏ်တော်သည် ထို သန္တတရားတို့ကို အာရုံပြုသောကြောင့် အာရုံ၏ သန္တအမည်ကို အာရမဏိကဉာဏ်တော်၌ တင်စား၍ ကာရိဏ္ဍပစ္စာရအားဖြင့် ဉာဏ်တော်ကိုလည်း "သန္တ" ဟု ခေါ်ရသည်။

သာဒုရသဘောဇနံ – ကောင်းသော အရသာရှိသော ဘောဇဉ်သည်၊ (အ တိတ္တိကရံ)ဝိယ – အားရ တင်းတိမ်ခြင်းကို မပြုတတ်သကဲ့သို့၊ (တထာ- တူ)၊ အတိတ္တိကရဏဋ္ဌေန-အားရ တင်းတိမ်ခြင်းကို မပြုတတ်သည်၏ အဖြစ်ဟူသော အနက်သဘောကြောင့်၊ ပဏီတာ– မွန်မြတ်ကုန်သော၊ (ယေ ဓမ္မာ– အကြင် သဗ္ဗညုတာဉာဏ်တော် ဂုဏ်တို့ကို၊) ဥတ္တမညာဏ ဝိသယတ္တာ – မြတ်သော ဉာဏ်၏ အရာတို့၏အဖြစ်ကြောင့်၊ တက္ကေန – ကြံဆတတ်သောဉာဏ်သည်၊ နအဝစရိတဗ္ဗာ – မသက်ရောက်ထိုက်ကုန်၊ ဝါ- မသက်ဒရောက်နိုင်ကုန်၊ ဣတိ – ထို့ကြောင့်၊ (တေ ဓမ္မာ-ထို သဗ္ဗညုတာဉာဏ်တော်ဂုဏ်တို့သည်)၊ အတက္ကာဝစရာ–ရတို့ မည်၏။

နိပုဏာတိ-ကား၊ သဏှသုခုမ သဘာဝတ္တာ- သိမ်မွေ့ နူးညံ့သောသဘော ရှိကုန်သည်၏အဖြစ်ကြောင့်၊(နိပုဏာ-သိမ်မွေ့ နူးညံ့ကုန်သော၊ ဝါ-အရာရာ၌ ကျွမ်းကျင်ကုန်သော)၊ (ယေဓမ္မာ-တို့ကို)၊ ဗာလာနံ-လူပြိုန်းတို့၏၊ အဝိသယ တ္တာ– အရာမဟုတ်ကုန်သည်၏ အဖြစ်ကြောင့်၊ ပဏ္ဍိတေဟိယေဝ - ပညာရှိတို့ သည်သာ၊ ဝေဒိတဗ္ဗာ- သိထိုက်ကုန်၏၊ ဣတိ- ကြောင့်၊(တေ ဓမ္မာ- တို့သည်၊) ပဏ္ဍိတဝေဒနိယာ–ယတို့ မည်၏။

× × × × × × ×

သာဒုရသဘောဇနံ။ ။ကောင်းသောအရသာရှိသော ဘောဇဉ်သည် စားရသူ တို့၏ တင်းတိမ် အားရခြင်းကို မပြုတတ်သကဲ့သို့, ဤ ဉာဏ်တော်သည် သိခြင်းတည်း ဟူသော အရသာကို ခံစားရသောကြောင့် ဉာဏ်တော်အရှင်၏ တင်းတိမ်အားရခြင်းကို မပြုနိုင်၊ (သို၍ မဝနိုင်-ဟူလို)။ [လေးသမားသည် မှတ်တိုင်ပစ်ခွက်ကို မှန်သောအခါ လွန်စွာ အရသာရှိ၏၊ ထို့အတူ ဉာဏ်ဖြင့် သဘာဝဓမ္မတို့ကို ထိုးထွင်း၍သိရခြင်းလည်း အလွန်ကောင်းသော အရသာပင်ဖြစ်သည်။]

အတက္ကာဝစရာ။ ။ဤ သဗ္ဗညုတာဉာဏ်တော်ဓမ္မကို ဘုရားရှင်တို့၏ ဉာဏ်ဖြင့် သာ အကြွင်းမရှိ အားရုံပြုနိုင်၏၊ ကြံဆတတ်ရုံမျှဖြစ်သော စိတ်ကူးဉာဏ်ဖြင့် အာရုံမပြုနိုင်၊ ထို့ကြောင့် "ဥတ္တမ ညာဏဝိသယတ္တာ"ဟု ဟိတ်ထည့်သည်၊ တက္ကေန် – ကြံဆတတ် သော ဉာဏ်သည်+အဝစရာ– သက်ရောက်အပ်သော တရားတို့တည်း၊ တက္ကာပစရာ– တို့၊ န+တက္ကာဝစရာ အတက္ကာဝစရာ။

နိပုဏာ။ ။သဏှသုခုမသဘာဝတ္တာကို ထောက်၍ "နိပုဏာ–နူးညံ့သိမ်မွေ့"ဟု ပေးကြ၏၊ ထိုအနက်သည် သဘောကိုပြသော သဘာဝတ္ထတည်း၊ နိ+ပုဏာဓာတ်, က ပစ္စည်းဟုဂုဏ်း, ပုဏာဓာတ်သည် ဓမ္မကိစ္စကရဏ- တရားသောကိစ္စကို ပြုခြင်းအနက်ဟော ဟုဂုဏ်း ထောမနိဓိဆို၏၊ ထို့ကြောင့် "နိပုဏာ–အကြွင်းမရှိ တရားသဖြင့် ပြုတတ်သော, ဆေက (အရာရာ၌ ကျွမ်းကျင်သူ)"ဟု သဒ္ဒတ္ထဖြစ်သည်၊ သဗ္ဗညုတာဉာဏ်တော်လည်း ဥယျ တရားတို့၌ ကျွမ်းကျင်သောကြောင့် ဆေက ဖြစ်ပါပေသည်။ [နိပုဏာတိ ဥယျေသု စိက္ခဝိသဒဝုတ္တိယာ ဆေကာ – ဥယျတရားတို့၌ ထက်မြက် သန့်ရှင်းစွာ ဖြစ်သောကြောင့် ကျွမ်းကျင်ကုန်၏၊– ဋီကာ။]

ယေ တထာဂတေဘာ သယံ အဘိညာ သစ္ဆိကတ္ဘာ ပဝေဒေတိတိ– ကား၊ ယေ ဓမ္မေ – အကြင် ဂုဏ်တော်တရား‌တို့ကို၊ တထာဂတေဘာ – မြတ်စွာဘုရား သည်၊ အနညနေယျာ – သူတပါး‌တို့ မသိစေအပ်သည်၊ ဟုတ္ဘာ - ၍၊ သယ မေဝ – ကိုယ်တော်တိုင်သာလျှင်၊ အဘိ ဝိသိဋ္ဌေန- ထူး‌ကဲသော၊ ဉာဏေန – အရဟတ္တမဂ်ဉာဏ်ကြောင့်၊ ဝါ–ပစ္စဝေက္ခဏာဉာဏ်ဖြင့်၊ ပစ္စက္ခံ-မျက်မှောက် × × × × × × ×

ယေ ဓမ္မေ။ ။ပါဠိတော်၌ ယေကို "ယေ ဓမ္မေ" ဟု ဖွင့်သည်၊ "အတ္ထိ ဘိက္ခဝေ အညေဝ ဓမ္မာ"မှ ဓမ္မကို ယေသဒ္ဒါဖြင့် စွဲပါ – ဟူလို။ [ပါဠိတော်ကို အနက်ပေးသော အခါ "အတ္ထိ ဘိက္ခဝေ"စသော ဝါကျကို ရှေးဦး‌စွာ အနက်ပေးလျှင် "ယေ"စသော ဝါကျ, "ယေဟိ"စသော ဝါကျတို့၌ ယ သဒ္ဒါသည် နိယမကိုမဲ့သော မိမိတို့ကိုယ်တိုင် နိယမအနက်ကို ဟောနိုင်သော သဒ္ဒါဟု မှတ်၍ "ယေ ဓမ္မေ–ယင်း ဂုဏ်တော်တရား‌တို့ကို"ဟုဌင်း, "ယေဟိ ဓမ္မေဟိ– ယင်း ဂုဏ်တော်တရား‌တို့ဖြင့်"ဟုဌင်း ပေးပါ။ ယေ–ယေဟိစသော ၂ ဝါကျကို ရှေးဦး‌စွာ အနက်ပေးလျှင် ထို ၂ ဝါကျကို အနိယမဝါကျ ဟု မှတ်၍ "အကြင်ဂုဏ်တော်တရား"ဟု ပေးပြီး‌လျှင် အညေဝဓမ္မာ၌"တေ ဓမ္မာ"ဟု နိယမဝါစက (တ) သဒ္ဒါ ထည့်ပါ။]

အနညနေယျာ။ ။"သယံ အဘိညာ"၌ သယံဟူသောသဒ္ဒါက "ကိုယ်တိုင်သိ" ဟု အနက်ပြသောကြောင့် အညတ္ထာပေါဟာနနည်း‌အား‌ဖြင့် "အခြား‌သူတို့ သိစေအပ်သည်မဟုတ်"ဟူသော‌အနက်ကို ပြနိုင်၏၊ (တနည်း) "သမ္ဗုဓံ သာဝဓဝရဏံ"နှင့် အညီ "သယံ ဧဝ" ဟု အဝဓာရဏအနက်ကို ထည့်၍ ဖွင့်နိုင်သောကြောင့် ထိုဧဝဖြင့် "သူတပါး‌တို့ သိစေအပ်သည်မဟုတ်"ဟု တား‌မြစ်နိုင်၏၊ ထို့ကြောင့် "အနညနေယျာ ဟုတ္ဘာ"သည် သယံအတ္ထက် ရအပ်သော‌အနက်ဟု မှတ်ပါ။ [နယာပိယတေ – သိစေအပ်၏၊ ဣတိ နေယျော၊ နီဓဲာတ်, ကာရိတ်ကြေ , ဏျပစ္စည်း၊ အညေဟိ + နေယျော အညနေယျော၊ န+အညနေယျော အနညနေယျော။]

အဘိညာ သစ္ဆိကတ္ဘာ။ ။အဘိညာ၌ အဘိအတ္ထက် အဘိဝိသိဋ္ဌေန, ဉာအတ္ထက် ဉာဏေနဟု ဖွင့်၏၊ ထိုသို့ ဖွင့်သဖြင့် "အဘိညာယ" ဟု ဆိုလိုလျက် နာ၏ ကာရိယ ဖြစ်သော ယ,အက္ခရာကို ချေထား‌သည် ဟု သိစေ၏၊ ဥပမာ– အလင်္ကိတာ အညာဏာတာ၌ "အလင်္ကိတာယ အညာဏတာယ" ဟု ဆိုလိုလျက် နာဝိဘတ်၏ ကာရိယဖြစ်သော ယ အက္ခရာ ကြေသကဲ့သို့တည်း၊ သစ္ဆိကို "ပစ္စက္ခံ" ဟု ဖွင့်၏၊ ထိုသို့ ဖွင့်သဖြင့် "သစ္ဆိ"သည် ပစ္စက္ခအနက်ဟောဟု သိစေ၏။ [ဟာ ခေဒေ သစ္ဆိ ပစ္စက္ခေ၊–အဘိဓာန် (၁၁၆၀)၊ သစ္ဆိ၏ သဒ္ဒတ္ထမှာ "ဉာဏ်မျက်စိနှင့် တကွဖြစ်သော" ဟူသတည်း။]

ဉာဏေန။ ။အဘိညာ (အဘိဝိသိဋ္ဌေန ဉာဏေန)၌ နာဝိဘတ်၏ အနက်သည် ဟိတ်အနက်, ကရိဏ်း‌အနက် ဟူ ၂ မျိုး‌ရှိ၏။ [ဟိတ်သည် ကြိုယာနှင့် သဟစရဏာ တပြိုင်နက်မဖြစ်၊ ကရိဏ်း‌ကား ကြိုယာနှင့် သဟစရဏာ (တပြိုင်နက်) ဖြစ်၏။] ထိုတွင် အဘိညာအတ္ထက် အရဟတ္တမဂ်ဉာဏ်ကို ယူလျှင် အရဟတ္တမဂ်ဉာဏ်က နိဗ္ဗာန်ကို အာရုံပြုသောကြောင့် ထိုဉာဏ်ဖြင့် ဂုဏ်တော်ဓမ္မကို မျက်မှောက်မပြုနိုင်ရကား " အဘိညာ–ထူး‌ကဲသော အရဟတ္တမဂ်ဉာဏ်ကြောင့်" ဟု ဟိတ်အနက်ပေး‌ပါ၊ "အရဟတ္တမဂ်ဉာဏ်

ကို၊ ကတွာ - ၍၊ ပဝေဒတိ – အပြားအားဖြင့် သိစေတော်မူ၏၊ ဒိပေတိ – ပြုတော်မူ၏၊ ကထေတိ–ဟောတော်မူ၏၊ ပကာသေတိ- ထင်ရှားစေတော်မူ၏၊ ဣတိအတ္ထော-နက်။

× × × × × × ×

ကို ရခြင်းကြောင့် သဗ္ဗညုတာဉာဏ်တော်ကိုရသည့်အတွက် "အရဟတ္တမဂ်ဉာဏ်ကြောင့် သဗ္ဗညုတာဉာဏ်တော်ကို မျက်မှောက်ပြုနိုင်သည်" ဟူလို။ [ရခြင်းကိုပင် "မျက်မှောက်ပြုခြင်း" ဟု ခေါ်သည်။]

တနည်း ။ ။ အဘိညာအတွက် ပစ္စဝေက္ခဏာဉာဏ်ကို ယူလျှင် ထိုဉာဏ်က သဗ္ဗညုတာဉာဏ်တော်တို့ကို အာရုံပြုနိုင် (မျက်မှောက်ပြုနိုင်) သောကြောင့် "အဘိညာ-ထူးကဲသော ပစ္စဝေက္ခဏာဉာဏ်တော်ဖြင့်" ဟု ကရိဏ်းအနက် ပေးပါ၊ "ပစ္စဝေက္ခဏာဉာဏ်ဖြင့် သဗ္ဗညုတာဉာဏ်တော်တို့ကို၊ သစ္ဆိကတွာ– မျက်မှောက်ပြု၍" ဟူလို။ [အဘိဝိသိဋ္ဌေန ဉာဏေနာတိစ တဿ (ထို သစ္ဆိကတွာ၏) ဟေတုဝစနံ, ကရဏဝစနံ ဝါ၊ ၊ပေ၊အဂ္ဂမဂ္ဂညာဏ သခိါတဿ အဘိဝိသိဋ္ဌဉာဏဿ ဒီဓိကမဟေတူတိ အတ္ထော၊ အဘိဝိသိဋ္ဌညာဏံတိဝါ ပစ္စဝေက္ခဏာညာဏော အဓိပ္ပေတော ကရဏတ္ထေ ကရဏဝစနမိဒံ ယုဇ္ဇတေဝ၊– ဋီကာသစ်။]

မှတ်ချက်။ ။အခြားနေရာတို့၌ အဘိညာကို "အဓိကေန ဉာဏေန ဉ တွာ" ဟု တွာပစ္စယန္တ အနေအားဖြင့် ဖွင့်လေ့ရှိသော်လည်း ဤနေရာ၌ ယေ ဓမ္မေ၏အရဖြစ်သော သဗ္ဗညုတာဉာဏ်တော်ကို ထူးကဲ လွန်မြတ်သော အခြား သဗ္ဗညုတာဉာဏ် တမျိုးဖြင့် မသိနိုင်သောကြောင့် "ဉ တွာ" ဟု မဖွင့်ဘဲ သစ္ဆိကတွာ၌ စပ်ဘို့ရာ "အဘိဝိသိဋ္ဌေန ဉာဏေန" ဟု တတိယာ ကေဝစနန္တ အနေအားဖြင့်သာ ဖွင့်ရသည်ဟု မှတ်ပါ။

ပဝေဒေတိ။ ။ပဟုဇ္ဇ,ဝိဒဓာတ် (သိခြင်း) ကာရိတ် ဏေပစ္စည်း၊ "ပဝေဒ-အပြားအားဖြင့် သိစေ" ဟူရာ၌ "အဘာဿကို+သိစေအပ်ပါသနည်း" ဟု ကံကို မေးဘွယ်ရှိ၏၊ "ယေဓမ္မေ" ဟူသော ကံသည် အဘိညာ သစ္ဆိကတွာတို့၌ စဉ်းငယ်ဆိုက်၍ "ပဝေဒေတိ" ၌ စပ်ရသောကြောင့် "ယေ ဓမ္မေ" သည် ပဝေဒေတိ၏ ကံဖြစ်သည် ဟု ဖြေပါ။ [ဒိပေတိ စသည်ကား အဓိပ္ပါယတ္ထတည်း၊ "ဤမျှလောက် ကြီးကျယ်သော ဉာဏ်တော်ပါတကား" ဟု သဗ္ဗညုတာဉာဏ်တော်ကို မှန်းမြော်၍ သိနိုင်လောက်အောင် ဟောပြတော်မူသည်–ဟူလို။]

မှတ်ချက်။ ။အချို့ကား "ပဟုဇ္ဇ, စုရာဒိ ဝိဒဓာတ် (အာချာန–ပြောဟော်ခြင်း) အနက်ဟော" ဟုလည်း ဆိုကြ၏၊ ထိုအဆိုကို နေဝံလာမည့် "ပဝေဒနံ စေတ္ထ" စသော သာဓကဖြင့်ငင်း သာမညဖလသုတ်၌ ဖွင့်လတ်သော " ပဝေဒေတိတိ ဗောဓေတိ " ဟူသော အဖွင့်ဖြင့်ငင်း စဉ်းစားပါ။

မေးဘွယ်။ ။ "ယေ ဓမ္မေ" အရ ဖြစ်သော သဗ္ဗညုတာဉာဏ်တော်တို့ကို တရား ဟောရုံမျှဖြင့် သတ္တဝါတို့ကို သိစေနိုင်ပါမည်လော ဟု မေးဘွယ်ရှိ၏၊ အဖြေကား— သဗ္ဗညုတာဉာဏ်တော်ကို သတ္တဝါတို့က တိုက်ရိုက်သိရသည် မဟုတ်ပါ၊ မြတ်စွာဘုရားက သစ္စာ ၄ ပါး စသော လေးနက်သော တရားတော်တို့ကို ဟောတော်မူသောအခါ (၌ သုတ်၌ မိစ္ဆာအယူတို့ကို ဟောတော်မူသောအခါ) " ဤတရားမျိုးကို ထူးခြားသော

ယေဟိတိ–ကဲ့း၊ ယေဟိ ဂုဏဓမ္မေဟိ-အကြင် ဂုဏ်တော်ဟူသော တရား တို့ဖြင့်၊ (ဝဒမာနာ ဝဒေယျုံဒ္ဓိစပိ)။ [ဂုဏသဒ်ါတေဟိ ဓမ္မေဟိ၊ – ဋီကာ။] ယထာဘုစ္စံနှိ–ကား၊ ယထာဘူတံ–အကြင်အကြင် ထင်ရှား ရှိသည့်အတိုင်း၊ ဝဏ္ဏံ သမ္မာ ဝဒမာနာ ဝဒေယျုနှိ–ကား၊ တထာဂတသ-၏၊ ဝဏ္ဏံ- ဂုဏ်ကို၊ ဝတ္တုကာမာ- ပြောဆိုခြင်းငှါ အလိုရှိသောပုဂ္ဂိုလ်တို့သည်၊ သမ္မာ- ကောင်းစွာ၊ ဝဒေယျုံ-ပြောဆိုနိုင်ကုန်ရာ၏၊ အဟာပေတွာ-မယုတ်လျော့စေမူ၍ (ဂုဏ်တော် တို့ကို မယုတ်လျော့စေမူ၍)၊ ဝတ္တုံ-ပြောဆိုခြင်းငှါ၊ သက္ကုဏေယျုံ- စွမ်းနိုင် ကုန်ရာ၏၊ ဣတိ အတ္ထော။

× × × × × × ×

ဉာဏ်တော်ရှိလို့သာ ဟောတော်မူနိုင်သည် ” ဟု တရားနာ ပုဂ္ဂိုလ်တို့က သဗ္ဗညုတာ ဉာဏ်တော်ကို မှန်းမြော်နိုင်ကြသည်၊ ထို့ပြင်– “ကောမှိ သမ္မာသမ္ဗုဒ္ဓေါ”စသည်ဖြင့် သဗ္ဗညုတဉာဏ်တော်ရှင် ဖြစ်ကြောင်းကိုလည်း ဝန်ခံတော်မူ၏၊ ထိုသို့ ဝန်ခံတော်မူခြင်း ကြောင့်လည်း သဗ္ဗညုတာ ဉာဏ်တော်ကို မှန်းမြော်နိုင်ကြသည်၊ ဤသို့ မှန်းမြော်နိုင်စေ ခြင်းကိုပင် “ပဋိဝေဒန–သဗ္ဗညုတာဉာဏ်တော်ကို သိစေခြင်း”ဟု ဆိုသည်။

ဋီကာ။ ။ပဝေဒနံ စေတ္ထ အညာဝိသယာနံ (အညေ အဝိသယာနံ)–(ဘုရားမှ တပါးသော ပုဂ္ဂိုလ်တို့၏အရာ မဟုတ်ကုန်သော) သစ္ဆာဒိနံ ဒေသနာကိစ္စသာဓနတော [(သဗ္ဗညုတာဉာဏ်တော်က သစ္စာစသော တရားတို့ကို ဟောခြင်းကိစ္စကို ပြီးစေနိုင်ခြင်း ကြောင့်ဂုဏ်း) ဇကောမှိ သမ္မာသမ္ဗုဒ္ဓေါတိ အာဒိနာ ပဋိဇာနနတောစ ဥဝဒိတဗ္ဗံ။

ဒိပေတိဖွင့်ဆုံ။ ။ “ပဝေဒေတိ- အပြားအားဖြင့် သိစေ ” ဟု သဒ္ဒတ္ထဖြစ်သော်လည်း ဤနေရာနှင့်ဆိုင်သော သဗ္ဗညုတာဉာဏ်တော်ကို တိုက်ရိုက်မသိစေသောကြောင့် “ဗောဓေတိ”ဟု (အခြားနေရာ၌ကဲ့သို့) မဖွင့်ဘဲ “ ဒိပေတိ ” ဟု အဓိပ္ပါယ် ဖွင့်၏၊ “ဒိပေတိ”အရ လက်တော်ဖြင့် ပြခြင်းမဟုတ်, နှုတ်တော်ဖြင့် ဟောပြခြင်းဟု သိစေလိုသ၍ “ကထေတိ, ပကာသေတိ”ဟု အဓိပ္ပါယ်ထူ ဆင့်၍ ဖွင့်သည်။

ယထာဘူတံ။ ။ယောယော+ဘူတော ယထာဘူတံ – အကြင်အကြင် ထင်ရှား ရှိသောဂုဏ်၊ ယထာဘူတမေဝ ယထာဘူတံ, သကတ္ထေ ဏျပစ္စယဝသေန၊ – ဋီ, သစ်၊ “အကြင်အကြင် ထင်ရှားရှိသည့်အတိုင်း ”ဟု သဒ္ဒတ္ထဖြစ်၏၊“ဟုတ်တိုင်းမှန်စွာ”ကား အဓိပ္ပါယ်ထူတည်း။

ဝဒမာနာ။ ။မာနပစ္စည်းသည် ဤနေရာ၌ ကတ္တားအနက်အပြင် သတ္တိ (စွမ်းနိုင် ခြင်း) အနက်ကိုလည်း ဇောဟ၏၊ သတ္တိဟူရာ၌လည်း “အစွမ်းကုန် အားထုတ်ခြင်း” ဟု မှတ်ပါ၊ ထို့ကြောင့် “စတ္တုံ ဥဿာဟံ ကရောန္တာတိ အတ္ထော”ဟု ဋီကာတို့ဖွင့်သည်၊ ဤသို့ အစွမ်းကုန် အားထုတ်၍ ရေပြာမှသာ “ ဝတ္တုကာမ–ပြောခြင်းငှါ အလိုရှိသူ”ဟု ခေါ်၏၊ ထို့ကြောင့် ဝဒမာနာကို “ဝတ္တုကာမာ”ဟု အဋ္ဌကထာ၌ ဖွင့်သည်။

သမ္မာ ဝေဒယျုံ။ ။အမှားမှား အယွင်းယွင်း ပြောခြင်းကို “သမ္မာ” ဟု မဆိုနိုင် သကဲ့သို့ အပြည့်အစုံ မပြောနိုင်ခြင်းကိုလည်း “သမ္မာ–ကောင်းစွာ ပြောခြင်း”ဟု မဆို နိုင်၊ ဂုဏ်တော်ကို မလျော့ဘဲ အပြည့်အစုံပြောနိုင်မှသာ“သမ္မာ-ကောင်းစွာ ပြောခြင်း”

စ ပန–ထပ်၍ ဆက်ဥုးအံ့၊ ဘဂဝတာ-သည်၊ ဧဝံ = ၌သို့၊ ထောမိတာ–ချီးမွမ်းတော်မူအပ်ကုန်သော၊ တေဓမ္မာ - ထို တရားတို့ဟူသည်၊ ကတမေ–အဘယ်တို့နည်း၊ ဣတိ-၌ကား အမေးတည်း၊ (ဘဂဝတာ- သည်၊ ဧဝံ - သို့၊ ထောမိတာ- ကုန်သော၊ တေဓမ္မာ-သည်)၊ သဗ္ဗညုတညာဏံ-သဗ္ဗညုတဉာဏ်တော်တည်း၊(ဣတိ-၌ကား အဖြေတည်း)၊(ဘဂဝတာ-သည်၊ ဧဝံ-သို့၊ ထောမိတာ– ကုန်သော၊ တေ ဓမ္မာ – တို့သည်၊ သဗ္ဗညုတညာဏံ– သည်)၊ ယဒိ (ဟောန္တိ)-အကယ်၍ ဖြစ်ကုန်အံ့၊ ဧဝံ (သန္တေသု) - ၌သို့ ဖြစ်ကုန်လသော်၊ ကသ္မာ - အဘယ့်ကြောင့်၊ ဗဟုဝစနနိဒ္ဒေသော - ဗဟုဝုစ်ဖြင့် ညွှန်ပြခြင်းကို၊ (ဘဂဝတာ) ကတော-ပြုတော်မူအပ်ပါသနည်း၊ ဣတိ-၌ကား အမေးတည်း၊ (သဗ္ဗညုတညာဏာဿ- ၏)၊ ပုထုစိတ္တာသမာယောဂတော စဝေ - များစွာသော စိတ်တို့နှင့်ယှဉ်ခြင်းကြောင့်ဂုဏ်း၊ ပုထုအာရမဏတော စ- များစွာသော အာရုံရှိသည်၏အဖြစ်ကြောင့်ဂုဏ်း၊ ဝါ–များစွာသော အာရုံဟူသော အာရုံရှိသည်၏ အဖြစ်ကြောင့်ဂုဏ်း၊ (ဗဟုဝစနနိဒ္ဒေသော-ကို၊ ကတော-ပြီ၊ ဣတိ – ၌ကား အဖြေတည်း)။

ဟိ–ချဲ့၊ တံ – ထို သဗ္ဗညုတာ်ဉာဏ်တော်ကို၊ စတူသု - ၄ ပါးကုန်သော၊ ဉာဏသမ္ပယုတ္တမဟာကြိယ စိတ္တေသု -ဉာဏသမ္ပယုတ် မဟာကြိယာစိတ်တို့၌၊ လဒ္ဓတိ - ရအပ်၏၊ စ- သည်သာ မကသေး၊ (တနည်း) စ - ပုထုစိတ္တာသမာယောဂတော ဟူသော ဟိတ်ပါဠိ၏ အကျယ်မှတပါး ပုထုအာရမဏတော ဟူသော ဟိတ်ပါဠိ၏ အကျယ်ကား၊ အဿ - ထို သဗ္ဗညုတာ်ဉာဏ်တော်၏၊ ကောစိဓမ္မော- တစုံတခုသော တရားသည်၊ အာရမဏံနာမ - အာရုံမည်သည်၊

× × × × × × ×

ဟု ဆိုနိုင်၏၊ ထို့ကြောင့် သမ္မာကို “ အဟ်ာပေတွာ ” ဟု အဓိပ္ပါယ်ထွက် ဖွင့်သည်၊ ဝဒေယ်ျ၌ ဣုိဝိဘတ်ကား သတ္တ (ပြောနိုင်ခြင်း) အနက်ဟောတည်း၊ ထို့ကြောင့် “ဝတ္တုံ သတ်္တုကောမ်ိုး” ဟု ဖွင့်သည်။ [ဣုိ ဣုိ်ျ စသော ဝိဘတ်တို့၏ သတ္တအနက် ဟောနိုင်ပုံကို သဒ္ဒါကျမ်းတို့၌ ကြည့်ပါ။]

ယဒိ ဧဝံ။ ။“အတ္ထိ ဘိက္ခဝေ အညော ဓမ္မော” ဟူသော ဗဟုဝုစ်ပါဠိတော်နှင့် ထို ဓမ္မာအရ“သဗ္ဗညုတာညာဏံ”ဟူသော ကေဝုစ်စကား၏ ဆန့်ကျင်သည့် အတွက် စောဒနာလိုသောကြောင့် “ ယဒိ ဧဝံ” ဟု မိန့်သည်။ [ယဒိဖြင့် ဤပြခဲ့ပြီးသော နောက်စကားကို ကိုင်လျက် “ ဟောန္တိ ” ဟု ကြိယာထည့်ရပုံ, ဧဝံနောက်၌“သန္တေသု”ပုဒ်လာရပုံကို “ယဒိ ဧဝံ သေခေါ သမာနော”ဟူသော အဖွင့်ဆို ပြခဲ့ပြီ။]

ပုထုစိတ္တာ၊ ဧေ၊ ရမဏတောစ ။ ။ သဘာဝအားဖြင့် သဗ္ဗညုတာဉာဏ်တော်သည် တပါးတည်းသာ ဖြစ်ပါသော်လည်း ယှဉ်ရာစိတ်က များသောကြောင့်ဂုဏ်း, အာရုံကလည်း များသောကြောင့်ဂုဏ်း“တေ ဓမ္မာ”ဟု ဗဟုဝုစ်ဖြင့် ဟောတော်မူနိုင်ပါသည်။ [ပုထူနိ + စိတ္တာနိ ပုထုစိတ္တာနိ– တို့၊ ပုထုစိတ္တေဟိ+သမာ၌ယောဂေါ ပုထုစိတ္တသမာ

နဟောတို့-မဖြစ်သည်ကား၊ န-မဟုတ်၊(ဟောတိ ဝေ-ဖြစ်သည်သာ)၊ ယထာ (ကိ ံဝစနံ) - အဘယ်စကားကို၊ (ကော - အဘယ်ပုဂ္ဂိုလ်သည်၊) အာဟ– ဟောတော်မူသနည်း၊ အတီတံ၊ပေ၊အနာဝရဏညာဏန္တိအာဒိ-ဏံအစရှိသော၊ (ယံ ဝစနံ-အကြင်စကားသည်၊ အတ္ထိ - ရှိ၏၊ တံ ဝစနံ – ထို စကားကို၊ ဓမ္မသေနာပတိ – တရားစစ်သူကြီး ဖြစ်တော်မူသော အရှင် သာရိပုတ္တြာသည်၊ အာဟ-ဟောတော်မူပြီ။ [ယံ ဉာဏံ-အကြင် ဉာဏ်သည်၊ အတီတံ - အတိတ် ဖြစ်သော၊ သမ္ဗံ-အလုံးစုံသော ဥယျတရားကို၊ ဇာနာတိ - သိနိုင်၏၊ ဣတိ– ထို ကြောင့်၊ တံ ဉာဏံ - ထို ဉာဏ်သည်၊ သဗ္ဗညုတညာဏံ - သဗ္ဗညုတာဉာဏ် မည်၏၊ တတ္ထ-ထို အတိတ်ဖြစ်သော တရား၌၊ အာဝရဏံ - ပိတ်ပင် ဆီးတား ကြောင်း တရားသည်၊ နတ္ထိ-မရှိ၊ ဣတိ-ကြောင့်၊ တံ ဉာဏံ-သည်၊ အနာဝရဏ ညာဏံ - အနာဝရဏဉာဏ်မည်၏၊–ပဋိသမ္ဘိဒါမဂ်, မဟာဝဂ်, ဉာဏကထာ, သဗ္ဗညုတညာဏနိဒ္ဒေသ။] ဣတိ(တသ္မာ)ပုထုစိတ္တ သမာယောဂတော - ဤသို့ များစွာသော စိတ်တို့နှင့် ယှဉ်ခြင်းကြောင့်၎င်း၊ ပုနပ္ပုနံ – ထပ်ကာထပ်ကာ၊ ဥပ္ပတ္တိဝသေန-ဖြစ်ခြင်း၏ အစွမ်းဖြင့်၊ ဣတိ (တသ္မာ) ပုထုအာရမဏာတော စ– ဤသို့ များစွာသော အာရုံရှိသည်၏ အဖြစ်ကြောင့်၎င်း၊ ဝါ-၎င်း၊ ဗဟုဝစနံ နိဒ္ဒေသော – ကို၊ (ဘဂဝတာ)၊ ကတော – ပြီ၊ ဣတိ – ဤကား အကျယ် အဖြေတည်း။

ပန-ဆက်၊ အညေဝါတိ ဏ္ဍေ-အညေဝ ဟူသော ဤပါဠိ၌၊ ဣဒံ ဝဝတ္ထာ ပနဝစနံ-ဤအသိးအသိးပိုင်းခြား၍တည်စေတတ်သော ဝေသဒ္ဒါကို၊(ယောဇေ တဗ္ဗံ-၌စပ်)၊ အညေဝ- ဆိုအပ်ပြီးသော သိလတို့မှ တမျိုးတခြားသာလျှင်ဖြစ်

× × × × × × ×

ဓမ္မသေနာပတိ၊ ပုထူနိ–များစွာသော တရားဟူကုန်သော+အာရမဏာနိ တေသာတိ ပုထု အာရမဏံ၊ (တနည်း)ပုထု+အာရမဏံ + အာရမဏံ တေသာတိ ပုထုအာရမဏံ၊ အာရမဏ တပုဒ်ကြေ၊ ဥပမာ- “ သြဒ္ဓမုခံ+မုခံ အသာတိ သြဒ္ဓမုခေါ – ကုလားအုပ် နှုတ်သီးနှင့်တူသော နှုတ်ခမ်းရှိသူ”ဟူရာ၌ မုခတပုဒ် ကြေသကဲ့သို့တည်း။

ပုနပ္ပုနံ ဥပ္ပတ္တိဝသေန။ ။သဗ္ဗညုတာဉာဏ်တော်၏ များစွာသော အာရုံတို့ကို အာရုံပြုရာ၌“တကြိမ်တည်းမှာပင် ထိုအာရုံများကို တပြိုင်နက်ပြုနိုင်၏”ဟု ထင်မှားမည် စိုးသောကြောင့် “ပုနပ္ပုနံ ဥပ္ပတ္တိဝသေန”ဟု ဝိသေသန ပြုရသည်၊ တကြိမ်တည်းမှာပင် အာရုံအများကို အာရုံပြုနိုင်သည် မဟုတ်ပါ၊ ပြုလိုအပ်သော အာရုံအများတွင် တပါးပြီး တပါး အစဉ်အားဖြင့် ဆက်ကာဆက်ကာ အာရုံပြုနိုင်သည်ကို “ ပုထုအာရမဏာ” ဟု ဆိုပါသည်–ဟူလို။ [အကျယ်ကို ဋီကာတို့၌ ရှုပါ။]

ဝဝတ္ထာပနဝစနံ။ ။ဝိ+အဝ+ထာ+ဏာပေ+ယု–အသီးအသီး+ပိုင်းခြား၍+ တည်စေတတ်(ထားတတ်)သော သဒ္ဒါ၊ [ဝိသုံ ဝိသုံ- အသီးအသီး+အဝစ္ဆိန္နိတ္ထာ– ပိုင်းခြား ကန့်သတ်၍+ထာပနံ-တည်စေတတ်သော သဒ္ဒါတည်း၊ ဝဝတ္ထာပနံ – ဒ္ဒါ၊

ကုန်သော၊ နပါဏာတိပါတာ ဝေရမဏိ အာဒယော-ပါဏာတိပါတာ ဝေရမဏိ အစရှိသည် မဟုတ်ကုန်သော၊ ဂန္ဓိရာဝ-နက်နဲသည်သာလျှင် ဖြစ်ကုန်သော၊ နဉ္ဇာနာ-ပေါ်လွင်သည် မဟုတ်ကုန်သော၊ (ဓမ္မာ အတ္ထိ - ၌စသ်)၊ ဣတိ ဝေံ-သို့၊ သမ္ဘပဒေဟိ-အလုံးစုံသော ပုဒ်တို့နှင့်၊ ယောဇေတဗ္ဗံ- ယှဉ်စေထိုက်၏။ [ဂန္ဓိရာမှစ၍ ပဏ္ဍိတဝေဒနိယာတိုင်အောင် အလုံးစုံသောပုဒ်တို့နှင့် တွဲပါ—ဟူလို။]

ဟိ—ချဲ့၊ (တနည်း) ဟိ(ယသ္မာ)-ကြောင့်၊ သာဝကပါရမီညာဏံ-သာဝကပါရမီဉာဏ်သည်၊ ဂန္ဓိရံ—နက်နဲ၏၊ ပစ္စေကဗောဓိညာဏံ ပန-ပစ္စေကဗောဓိဉာဏ်သည်ကား၊ တတော-ထို သာဝကပါရမီ ဉာဏ်ထက်၊ ဂန္ဓိရတရံ-သာ၍ နက်နဲ၏၊ ဣတိ - ထို့ကြောင့်၊ တတ္ထ – ထို သာဝကပါရမီ ဉာဏ်၌၊ ဝဝတ္ထာနံ—ဝေသဒ္ဒါဖြင့် ပိုင်းခြားသတ်မှတ် ဆုံးဖြတ်ခြင်းသည်၊ နတ္ထိ - မရှိ၊ သဗ္ဗညုတညာဏဿ- သဗ္ဗညုတာ ဉာဏ်တော်သည်လည်း၊ တတောပိ - ထို ပစ္စေကဗောဓိဉာဏ်ထက်လည်း၊ ဂန္ဓိရတရံ-၏၊ ဣတိ-ကြောင့်၊ တတ္ထာပိ—ထို ပစ္စေကဗောဓိဉာဏ်၌လည်း၊ ဝဝတ္ထာနံ-သည်၊ နတ္ထိ၊ ပန-ကား၊ ဣတော - ၌ သဗ္ဗညုတာဉာဏ်တော်ထက်၊ ဝါ-မှ၊ အညံ-အခြားသော၊ ဂန္ဓိရတရံ-သာ၍ နက်နဲသောဉာဏ်သည်၊ နတ္ထိ- မရှိတော့၊ တသ္မာ—ကြောင့်၊ ဂန္ဓိရာဝါတိ— ဂန္ဓိရာဝဟူ၍၊ ဝဝတ္ထာနံ-ကို၊ လဒ္ဓတိ-ရအပ်၏၊ တထာ- ထို့အတူ၊ ဒုဒ္ဒသာဝ ဒုရနုဗောဓာဝါတိ—ဒုဒ္ဒသာဝ ဒုရနုဗောဓာဝဟူ၍၊ သမ္ဘံ-အလုံးစုံသော ပိုင်းခြားသတ်မှတ်ပုံကို၊ ဝေဒိတဗ္ဗံ- သိထိုက်၏။

× × × × × × ×

"တည်စေကြောင်း သဒ္ဒါ" ဟုလည်း ပေးနိုင်၏၊ သဒ္ဒါကျမ်းတို့၌လာသော "နိဝတ္ထာပနာဝဓာရဏာ"ကိုပင်"ဝဝတ္ထာပန"ဟု ဆိုသည်၊ ထို့ကြောင့် ဝေ၏ နိဝတ္တေတဗ္ဗတ္ထကို "နပါဏာတိပါတာ ဝေရမဏိအာဒယော"စသည်ဖြင့် ပြသည်၊ ဋီကာသစ်၌ သန္နိဋ္ဌာနာဝဓာရဏာ ဟု ဆို၏၊ တားမြစ်ဘွယ်အနက် မရှိရာ၌သာ သန္နိဋ္ဌာနာဝဓာရဏာ ဟု ယူရသောကြောင့် ထိုအဆိုကို စဉ်းစားပါ။] ၌ "ဝဝတ္ထာပနဝစန" ဟူသည် အညေဝ တပုဒ်လုံး မဟုတ်၊ အညေဝ၌ ဝေသဒ္ဒါသာတည်း၊ ထို့ဝေသဒ္ဒါသာ " ဂန္ဓိရာဝ " စသည်ဖြင့် အလုံးစုံသောပုဒ်တို့နှင့် ယှဉ်စပ်၍ ဖြစ်နိုင်သည်။

သာဝကပါရမီ ညာဏံ။ ။ဒါနစသော ပါရမီတို့၏ ပြည့်စုံခြင်းကြောင့် သာဝကသန္တာန်၌ ဖြစ်ပေါ်လာသော ဝိဇ္ဇာတ္တယ ဆဠဘိညာ စတုပဋိသမ္ဘိဒါစသော ဉာဏ်ကို "သာဝကပါရမီဉာဏ်"ဟု ခေါ်၏၊ "သာဝကတို့၏ ဒါနစသော ပါရမီကြောင့်ဖြစ်သော ဉာဏ်"ဟူလို။ [သာဝက ပါရမီ ညာဏန္တိ သာဝကာနံ ဒါနာဒိ ပါရမိပါ၊ရိပူရိယာ နိပ္ဖန္နံ ဝိဇ္ဇာတ္တယဆဠဘိညာ စတုပဋိသမ္ဘိဒါဒိဘေဒံ ဉာဏံ၊ – ဋီကာ။] ၌အဖွင့်ကို ကြည့်၍ " သာဝကာနံ + ပါရမိယော သာဝကပါရမိယော၊ သာဝကပါရမီဟိ (တို့ကြောင့်), နိပ္ဖန္နံ +ဉာဏံ သာဝကပါရမိညာဏံ"ဟု ဖြုပါ။

ပုဗ္ဗန်္ဒကပိုက ကထာအဖွင့်

ပန-ဆက်၊ (ပြတ်ပြီးစကားကို ပြန်၍ဆက်သည်)၊ ကတမေ စ တေ ဘိက္ခဝေ တိ – ကတမေ စ တေ ဘိက္ခဝေ အစရှိသော၊ အယံ – ဤပုစ္ဆာသည်၊ တေသံ ဓမ္မာနံ – ထို သဗ္ဗညုတာ ဂုဏ်တော်တရားတို့ကို၊ ကထေတုကမ္မတာပုစ္ဆာ – ဖြေခြင်းငှါ အလိုရှိသည်၏အဖြစ်ကြောင့်ဖြစ်သော ပုစ္ဆာတည်း၊ သန္တိ ဘိက္ခဝေ ဧကေ သမဏာပြာဟ္မဏာတိ အာဒိ-သန္တိ၊ပေ၊ပြာဟ္မဏာ အစရှိသောစကားရပ်သည်၊ ပုစ္ဆာဝိသဇ္ဇနံ- ပုစ္ဆာ၏ အဖြေတည်း၊ ဝါ- ပုစ္ဆာကို ဖြေကြောင်းစကားရပ်တည်း၊ ပန – ပရိဟာရပက္ခမ္မတပါး စောဒကပက္ခကို ဆိုဥုံးအံ့၊ ကသ္မာ – အဘယ့်ကြောင့်၊ တေံ – ဤ ဝိသဇ္ဇနစကားရပ်ကို၊ ဧဝံ-ဤသို့၊ ဝါ – ဤ မိစ္ဆာအယူတို့ကို အကျယ် ဝေဘန်ခြင်းဟူသော အခြင်းအရာအားဖြင့်၊ အာရဒ္ဓံ – အားထုတ်တော်မူအပ်ပါသနည်း၊ ဣတိ စေ – ဤသို့ မေးအံ့၊ ဟိ - အဖြေကား၊ (တနည်း) ခဲ့၏၊ ပုဒ္ဓါနံ – ဘုရားရှင်တို့၏၊ စတ္တာရိ - ၄ ပါးကုန်သော၊ ဌာနာနိ– အကြောင်းအရာတို့သို့၊ ပတ္တာ-ရောက်၍၊ ဝါ-ရောက်လသော်၊ ဂဇ္ဇိတံ-ဒေသနာတော်တည်းဟူသော ကြိုးဝါးသံသည်၊ မဟန္တံ - ကြီးကျယ်သည်၊ ဟောတိ-၏။

× × × × × × ×

ကသ္မာ၊ပေ၊တိ စေ။ ။“ကတမေ စ တေ ဘိက္ခဝေ”စသောပုစ္ဆာကို ဖြေတော်မူရာ၌ အခြားပုဂ္ဂိုလ်တို့နှင့် မဆက်ဆံသော သစ္စာ ၄ ပါး ပဋိစ္စသမုပ္ပါဒ်စသော တရားတို့ကို အကျယ်စေဘန်၍ ဟောပြသောအားဖြင့် ဖြေတော်မမူဘဲ “သန္တိ ဘိက္ခဝေ ဧကေ သမဏာပြာဟ္မဏာ ပုဗ္ဗန္တကပ္ပိကာ” စသည်ဖြင့် မိစ္ဆာအယူတို့ကို အကျယ် ဝေဘန်၍ ပြသောအားဖြင့် ဖြေတော်မူ၏၊ “ထိုသို့ မိစ္ဆာအယူတို့ကိုဝေဘန်သောအားဖြင့် အဘယ့်ကြောင့် အဖြေစကားကို မိန့်တော်မူရပါသနည်း”ဟု ပုစ္ဆာထုတ်သည်။ [တံတိ ယထာဝုတ္တံ ဝိသဇ္ဇနဝစနံ၊ ဝေန္တိ ဣမိနာ ဒိဋ္ဌိနံ ဝိဘဇနာကာရေန၊– ဋီကာသစ်။]

ဗုဒ္ဓါနံ ဟိ။ ။ထိုအမေးကို ဖြေလိုရှိ၍ ဗုဒ္ဓါနံဟိ စသည်မိန့်၊ “ သစ္စာ ၄ ပါး ပဋိစ္စသမုပ္ပါဒ်စသော တရားတို့ကို ဝေဘန်ခြင်း (အကျယ် ဟောတော်မူခြင်း) သည် သဗ္ဗညုတာ ဉာဏ်တော်၏ အရာဖြစ်သကဲ့သို့ , ထို့အတူ အကြွင်းမရှိသောအားဖြင့် မိစ္ဆာအယူတို့ကို အကျယ်ဝေဘန်၍ ဟောတော်မူခြင်းသည်လည်း သဗ္ဗညုတာဉာဏ်တော်၏ အရာပင်ဖြစ်၏ ” ဟု ပြတော်မူခြင်းငှါ “ ဗုဒ္ဓါနံ ဟိ ” စသော အဖြေကို အကျယ်မိန့်တော်မူသည်။

ဌာနာနိ ဂဇ္ဇိတံ မဟန္တံ။ ။ ဌာနာနိတိ ကာရဏာနိ (ဟောတော်မူဘို့ရန် အကြောင်းအရာတို့သို့) (ပတ္တာ)၊ ဂဇ္ဇိတံ မဟန္တံ ဟောတိတိ ဒေသေတဗ္ဗသ အတ္ထသ အနေကဝိဓတာယ (ဟောထိုက်သော အနက် အဓိပ္ပါယ်၏ များပြားသည်၏အဖြစ်ကြောင့်ဂုဏ်း) ဒုဗ္ဗိညေယျတာယစ (သိနိုင်ခဲ့သည်၏ အဖြစ်ကြောင့်ဂုဏ်း) နာနာနယေဟိ ပဝတ္တမာနံ ဒေသနာဂဇ္ဇိတံ (ဒေသနာတော်တည်းဟူသော ကြိုးဝါးသံသည်) မဟန္တံ ဝိပုလံ ဗဟုဘေဒန္တိ၊– ဋီကာ။

ဉာဏံ - ဒေသနာဉာဏ်တော်သည်၊ အနုပဝိသတိ – ဒေသေတဗ္ဗမံမွတို့သို့ အစဉ်အတိုင်း သက်ဝင်သကဲ့သို့ဖြစ်၏၊ (ဉာဏ်တော် အလွန်စူးရှသည်-ဟူလို၊) ဗုဒ္ဓဉာဏသ-မြတ်စွာဘုရား၏ ဒေသနာဉာဏ် ပဋိဝေဓဉာဏ်တော်၏၊ မဟန္တ' ဘာဝေါ– ကြီးကျယ်သည်၏အဖြစ်သည်၊ ပညာယတိ – ထင်ရှား၏၊ ဒေသနာ– ဒေသနာတော်သည်၊ ဂမ္ဘီရာ – နက်နဲသည်၊ တိလက္ခဏာဟတာ – လက္ခဏာ ၃ ရပ် အမှတ်တံဆိပ်တို့ဖြင့် ခတ်နှိပ်အပ်သည်၊ သုညတာ ပဋိသံယုတ္တာ - အတ္တ အတ္တနိယမှ ကင်းဆိတ်သည်၏အဖြစ်နှင့် စပ်ယှဉ်သည်၊ ဟောတိ-၏။

× × × × × × ×

ဉာဏံ အနုပဝိသတိ။ ။တတော ဧဝေ (ထိုသို့ ဂဇ္ဈိတ မဟန္တ၏အဖြစ်ကြောင့်ပင်) ဒေသနာဉာဏံ ဒေဉ္ဉေသတဗ္ဗမံမွေ (တို့ကို, ဝါ – တို့သို့) စိဘာဂသော ကုရုမာနံ (တဘို့စိ တဘို့စိပြုလျက်) အနုပဝိသတိ၊ အနုပဝိသ ဒ္ဝိတံဝိယ ဟောတိ (အစဉ်အတိုင်း သက်ဝင်၍ တည်သကဲ့သို့ဖြစ်၏)၊ ဇုတိအတ္ထော (အနုပဝိသတိ၏ အနက်)၊–ဋီကာ။

ဗုဒ္ဓဉာဏသ၊ပေ၊ပညာယတိ။ ။ [“မဟန္တဘာဝေါ”နှုတ်ရာဝယ် ဋီကာတို့၌ “မဟန္တတာ” ဟု ရှိ၏။] ဝေါဝိဓသ နာမ မံမွသ ဒေသကံ ပဋိဝေဓံကဇ္ဇာတိ (ဤသို့ သဘောရှိသော နက်နဲ ခက်ခဲသောတရားတော်ကို ဟောလည်း ဟောနိုင်, ထိုးထွင်း၍လည်း သိနိုင်ပါပေ၏ ဟု) ဗုဒ္ဓါနံ ဒေသနာဉာဏသ ပဋိဝေဓဉာဏသစ ဥဠာရဘာဝေါ ပါကဋော ဟောတိ၊–ဋီကာ။

ဒေသနာ ဂမ္ဘီရာ။ ။အခြား ဒေသနာများလည်း အထိုက်အလျောက် နက်နဲပါ၏၊ သို့သော် ဝိနယပညတ္တိစသော ဒေသေတဗ္ဗမံမွ ၄ ပါးကား အထူးနက်နဲသောကြောင့် ထို ဒေသေတဗ္ဗမံမွတို့ကို အာရုံပြု၍ ဟောတော်မူရသော ဒေသနာတော်လည်း သာ၍ နက်နဲသောဒေသနာ ဖြစ်ရတော့သည်၊ ဒေသေတဗ္ဗ မံမွဝသေန ပန ဒေသနာ ဝိသေသတော ဉာဏေန အနုပဝိဋ္ဌာ ဂမ္ဘီရတရာစ ဟောတိတိ ဒဋ္ဌဗ္ဗံ၊–ဋီကာ။ [အနက်၏ ဂမ္ဘီရအမည်ကို ဒေသနာစဉ်သဒ္ဒါ၌ တင်စားသော, အာရုံ၏အမည်ကို အာရမဏိက ဒေသနာဉာဏ်တော်၌ တင်စားသော ကာရဏူပစာတည်း။]

တိလက္ခဏာ၊ပေ၊ ပဋိသံယုတ္တာ။ ။တိဟိ လက္ခဏေဟိ– အနိစ္စတာ စ၊ဒုက္ခတာ ၃ ရပ် အမှတ်တံဆိပ်တို့ဖြင့် + အာဟတာ – ခတ်နှိပ်အပ်သည်တည်း၊ တိလက္ခဏာဟတာ၊ သုညတာယ – အတ္တ , အတ္တနိယမှ ကင်းဆိတ်သည်၏ အဖြစ်နှင့်+ ပဋိသံယုတ္တာ သုညတာပဋိသံယုတ္တာ။ [ဤဂုဏ်တော် ၂ ပါးကား ဝိနယပညတ္တိစသော ၄ မျိုးသာ မက , ဒေသနာတော်တိုင်းနှင့် ဆိုင်သော ဂုဏ်တော်တည်း၊ သာ ပန ဗုဒ္ဓါနံ ဒေသနာ သဗ္ဗညု သဗ္ဗဒါစ ယာနတ္တယမုခေနေဝါတိ ဝုတ္တံ တိလက္ခဏာဟတာ သုညတာ ပဋိသံယုတ္တာတိ– ဋီကာသစ်။]

မှတ်ချက်။ ။ဝိနည်းပညတ်တော်အရာ၌လည်း “ဓမ္မိ ကထံ ကတ္တာ” ဟု လာ၏၊ ထို ဓမ္မိကထာသည် ရောက်လာသောပရိသတ်၏ အစွမ်းသတ္တိအားလျော်စွာ ဖြစ်ရကား သခ်ါရတို့၏ အနိစ္စ ဒုက္ခ လက္ခဏာကို ထင်ရှားပြနိုင်သော, နိဗ္ဗာန်နှင့်တကွ ဓမ္မဟူသမျှ၌ အတ္တ အတ္တနိယမှ ကင်းဆိတ်ပုံကို ထင်ရှားပြနိုင်သော တိလက္ခဏာဟတ သုညတာပဋိသံယုတ္တဒေသနာပင် ဖြစ်နိုင်ပေသည်။

စတ္တာရိ - ၄ ပါးကုန်သော၊ ကတမာနိ – အဘယ် အကြောင်းအရာတို့သို့၊ (ပတ္တာ-၍၊ ဝါ–ရောက်လသော်၊ ဂဇ္ဈိတံ-သည်၊ မဟန္တံ-သည်၊ ဟောတိ-နည်း၊ ၊ပေ၊သုညတာ ပဋိသံယုတ္တာ-သည်၊ ဟောတိ– နည်း)၊ ဝိနယပညတ္တိ –ဝိနည်း ပညတ်တော်ဂုဏ်း၊ (ဣတိ ဠ်စပ်)၊ ဘူမန္တရံ- ဘုံအထူးဂုဏ်း၊ ပစ္စယာကာရံ-ဟေတု စသော အဝိဇ္ဇာစသော ပစ္စည်းတရားတို့၏ ကျေးဇူးပြုပုံ အခြင်းအရာဟူသော ပဋိစ္စသမုပ္ပါဒ်ဂုဏ်း၊ [ဤပုဒ်ကို ဂန္ထာရမ္ဘအာဇ်း၌ ဖွင့်ခဲ့ပြီ။] သမယန္တရံ-မိစ္ဆာအယူ အထူးဂုဏ်း၊ ဝါ - ဗုဒ္ဓအယူမှ တပါးသော မိစ္ဆာအယူဂုဏ်း၊ ဣတိ - သို့၊ (စတ္တာရိ- ကုန်သော၊ ဌာနာနိ– တို့သို့၊ ပတ္တာ ဂဇ္ဈိတံ– သည်၊ မဟန္တံ-သည်၊ ဟောတိ–၏၊ပေ၊သုညတာ ပဋိသံယုတ္တာ-သည်၊ ဟောတိ–၏။)

တသ္မာ-ထို့ကြောင့်၊ (အကျယ်စွဲပုံကို အောက်အဓိပ္ပါယ်၌ ကြည့်ပါ)၊ ဣဒံ-ဤသိက္ခာပုဒ်သည်၊ လဟုကံ - လဟုကသိက္ခာပုဒ်တည်း၊ ဣဒံ - ဤသိက္ခာပုဒ်သည်၊ ဂရုကံ–ဂရုကသိက္ခာပုဒ်တည်း၊ ဧဒံ–ဤသိက္ခာပုဒ်သည်၊ သတေကိစ္ဆံ–

× × × × × × ×

ဘူမန္တရံ။ ။ဘူမိ+အန္တရံ၊ "ဘူမိ" အရ အဝတ္ထာဘုံ ဌာနဘုံ ၂ မျိုးကို ဖွင့်ကြ၏၊ ဘဝန္တိ မမ္မာ ဇာတိ ဘူမိ – တရားတို့၏ဖြစ်ရာ အခိုက်အတန့်ဟူသော အဝတ္ထာဘုံ, တည်ရာဟူသော ဌာနဘုံတည်း၊ အန္တရကို "ဝိသေသ" ဟု ဖွင့်ကြ၏၊ အဘိဓာန်လာ အနက်တို့တွင် ဘေဒအနက်ပင်တည်း၊ ထိုတွင် အဝတ္ထာဘုံဟူသည် သတိစသော တရား တို့၏ (သတိပဋ္ဌာန်စသည်ဖြစ်ခိုက်) သတိပဋ္ဌာန်အခိုက်အတန့်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်စသော အခိုက်အတန့်တည်း၊ ဥပမာ– နွားတကောင်ကိုပင် အမိအနာဒဏ် ကပ်၍ အိပ်တတ်သော နွားငယ် အခိုက်အတန့်ကိုစွဲ၍ ဝန္ဆာဟုဂုဏ်း , နွားသိုး အခိုက်အတန့်ကို စွဲ၍ သင်းကွပ် ဆုံးမထိုက်သောကြောင့် ဒမ္မဟုဂုဏ်း, ဝန်ဆောင်နိုင်သောအခိုက်အတန့်ကို စွဲ၍ နွားလားကို ဗလိဗဒ္ဒဟုဂုဏ်း ခေါ်ရသကဲ့သို့ သတိစသော တပါးစိကိုပင် ထိုထို သတ္တိ အခိုက်အတန့်ကို စွဲ၍ သတိပဋ္ဌာန်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်ဟု ခေါ်ရသည်–ဟူလို၊ ဌာနဘုံ ဟူသည်ကား ကာမာဝစရစသော ဘုံပင်တည်း။ [ဘူမန္တရန်ကို ဗမ္မာနံ အဝတ္ထာ ဝိသေသဠ်, ဌာနဝိသေသဿ၊–ဋီကာသစ်။]

သမယန္တရံ။ ။ဒိဋ္ဌိဝိသေသံ၊ နာနာဝိဟိတာ ဒိဋ္ဌိယောတိအတ္ထော၊ သမယကို ဒိဋ္ဌိ, အန္တရကို ဝိသေသဟု ဖွင့်သည်၊ "အယူအထူး" ဟူသည် တမျိုးနှင့်တမျိုး မတူသော အမျိုးမျိုးသော အယူများပင်တည်း၊ (တနည်း) အညသမယံ – ဗုဒ္ဓ၏အယူမှ တပါးသော မိစ္ဆာအယူများ။

တသ္မာ။ ။ဂဇ္ဈိတံ မဟန္တံမှစ၍ သုညတာပဋိသံယုတ္တာ တိုင်အောင် တသဒ္ဒါဖြင့် ညွှန်ပြသည်၊ "တသ္မာ - ထိုသို့ ဤ ၄ ဌာနသို့ ရောက်လသော် ဒေသနာတည်းဟူသော ကြီးဝါးခြင်း၏ ကြီးကျယ်သည်၏အဖြစ်, ဒေသနာဉာဏ်တော်၏ ဒေသေတဗ္ဗမြဲမှုတို့သို့ အစဉ်အတိုင်း သက်ဝင်သည်၏အဖြစ်, ဉာဏ်တော်ကြီးမားပုံ ထင်ရှားသည်၏အဖြစ်, ဒေသနာတော်၏ နက်နဲသည်၏အဖြစ်, လက္ခဏာ ၃ ရပ် တံဆိပ်ခတ်အပ်သည်၏အဖြစ်, သုညတာပဋိသံယုတ္တ၏အဖြစ်ကြောင့်" ဟု အကျယ်ပေးပါ။

ကုစားခြင်းနှင့် တကွဖြစ်သော သိက္ခာပုဒ်တည်း၊ ဣဒံ, အတေကိစ္ဆံ-ကုစားခြင်း မရှိသော သိက္ခာပုဒ်တည်း။ [နပုံလိင်ဖြင့် ထားသောကြောင့် ဣဒံကို သိက္ခာပုဒ် စွဲရသည်၊ အရကောက်မှာ ထိုသိက္ခာပုဒ်ဖြင့်ပြအပ်သော အာပတ်သာတည်း။] အယံ– ဤသည်ကား၊ အာပတ္တိ– အာပတ်တည်း၊ အယံ- ကား၊ အနာပတ္တိ- အနာပတ်တည်း၊ အယံ - ကား၊ ဆေဇ္ဇဂါမိနီ – သာသနာတော်ဝယ် အမြစ် အရင်း ပြတ်ခြင်းသို့ ရောက်စေတတ်သော အာပတ်တည်း၊ အယံ - ကား၊ ဝုဋ္ဌာန ဂါမိနီ – အာပတ်မှ ထမြောက်ကြောင်း ပရိဝါသိမာနတ်သို့ ရောက်စေတတ် သော အာပတ်တည်း၊ အယံ – ကား၊ ဒေသနာဂါမိနီ - ဒေသနာပြောခြင်းသို့ ရောက်စေတတ်သော အာပတ်တည်း၊ အယံ- ကား၊ လောကဝဇ္ဇာ– လောကဌ် ပင် အပြစ်ရှိသောအာပတ်ဘည်း၊ အယံ-ကား၊ ပဏ္ဏတ္တိဝဇ္ဇာ– ပညတ်ကြောင့် အပြစ်ရှိသောအာပတ်တည်း၊ ဣမသ္မိံ ဝတ္ထုသ္မိံ- ဤ အကြောင်းဝတ္ထုကြောင့်၊ ဣဒံ-ဤသိက္ခာပုဒ်ကို၊ ပညပေတဗ္ဗံ-ပညတ်ထိုက်၏၊ ဣတိဧဝံ-ဤသို့၊ ဝတ္ထုသ္မိံ – အကြောင်းဝတ္ထု သည်၊ ဩတိဏ္ဏော- သက်ရောက်လသော်၊ ယံ သိက္ခာပဒ ပညာ ပနံနာမ–အကြင် သိက္ခာပုဒ်ကို ပညတ်တော်မူခြင်းမည်သည်၊ (အတ္ထိ)၊ တတ္ထ- ထိုသိက္ခာပုဒ်ကို ပညတ်တော်မူခြင်းဌ်၊ အညေသံ-မြတ်စွာဘုရားမှတပါး အခြား ပုဂ္ဂိုလ်တို့၏၊ ဝါ– တို့မှာ၊ ထာမောဝါ– ဉာဏ်စွမ်းသည်ဌင်း၊ ဗလံဝါ- ကိုယ် စွမ်းသည်ဌင်း၊ နတ္ထိ - မရှိ၊ သေ - ဤသိက္ခာပုဒ်ကို ပညတ်ခြင်းဟူသော အရာ သည်၊ အညေသံ - တို့၏၊ အဝိသယော – အရာမဟုတ်၊ တထာဂတသေဝ - မြတ်စွာဘုရား၏သာ၊ ဝိသယော-အရာတော်တည်း။ [နိဂုံးကိုပြလို၍ ဣတိ စသည် မိန့်။] ဣတိ – ဤသို့လျှင်၊ ဝိနယပညတ္တိ – ဝိနည်းကို ပညတ်တော်မူခြင်းသို့၊ ပတ္တာ- ၍၊ ဝါ- သော်၊ ဗုဒ္ဓါနံ-တို့၏၊ ဂဇ္ဈိတံ- သည်၊ မဟန္တံ-သည်၊ ဟောတိ-၏၊ ပေ၊ တိလက္ခဏာဟတာ – လက္ခဏာ ၃ ရပ်, အမှတ်တံဆိပ်ဖြင့် ခတ်နှိပ် အပ်သည်၊ သုညတာ ပဋိသံယုတ္တာ–သည်၊ ဟောတိ - ၏၊ ဣတိ–ဝိနယပညတ် နှင့်စပ်သော အကျယ်အပြားတည်း။

× × × × × × ×

ဩဝံ လဟုကဂရုကာဒိဝသေန (ဤဆိုအပ်ပြီးသည့်အတိုင်း လဟုကအာပတ် ဂရုကအာပတ် အစရှိသည်တို့၏ အစွမ်းဖြင့်) တဒနုရူပေ ဩတိဏ္ဏေ ဝတ္ထုသ္မိံ (ထိုအာပတ်တို့အား လျောက်ပတ်သော အကြောင်းဝတ္ထု သက်ရောက်လ သော်)၊–ဋီကာ။

ထာမော, ဗလံ။ ။ထာမောတိ ဉာဏသာမတ္ထိယံ၊ ဗလန္တိ အဂဗ္ဘိနသမ်ါတော ဝိရဘာဝေါ၊ ထာမောဗလန္တိဝါ သာမတ္ထိယဝစနမေဝ၊– ဋီကာသစ်၊ "ဗလံ ထာမော သဟံ သတ္တိ"– အဘိဓာန် (၃၉၈)နှင့်အညီ ၂ ပုဒ်လုံးပင် သတ္တိအနက်ဟောချည်း တည်း၊ ထို့ကြောင့် ဉာဏ်စွမ်းကို ထာမ, ကိုယ်စွမ်း နှလုံးစွမ်းကို ဗလ ဟု ခွဲပါ။ [နိဿယဌ် ဤနောက်နည်းအတိုင်း ပြေးထားသည်။]

တထာ–ထိမှတပါး၊ (တနည်း) တထာ – ထို ဝိနယပညတ္တိ၏ အကျယ်မှ တပါး ဘူမန္တရ၏အကျယ်ကား၊ ဣမေ-ဤသည်တို့သည်၊ စတ္တာရော-နှံသော၊ သတိပဋ္ဌာနာနာမ– သတိပဋ္ဌာန်တို့မည်၏ ၊ပေ၊ (အယံ ဣမေ ဣမာ ဣမာနိ တို့ကို ပေယျာလ မြုပ်ထားသည့်,ဖေါ်ပါ)၊ အယံ–ဤသည်ကား၊ အရိယော-မြတ်သော၊ အဋ္ဌင်္ဂိကော–ရှစ်ပါးသော အင်္ဂါရှိသော၊ မဂ္ဂေါနာမ- မဂ်မည်၏၊ ဣမေ-ဤသည်တို့ကား၊ ပဗ္ဗ - ငါးပါးကုန်သော၊ ခန္ဓာ နာမ – ခန္ဓာတို့ မည်၏၊ ဣမာနိ–ဤသည်တို့ကား၊ ဒွါဒသ– တဆဲ့ နှစ်ပါးကုန်သော၊ အာယတနာနိ နာမ–အာယတနတို့ မည်၏၊ ဣမာ-ဤသည်တို့ကား၊ အဋ္ဌာရသ–တဆဲ့ ရှစ်ပါး ကုန်သော၊ ဓာတုယောနာမ – ဓာတ်တို့ မည်၏၊ ဣမာနိ - ဤသည်တို့ကား၊ စတ္တာရိ – လေးပါးကုန်သော၊ အရိယသစ္စာနိနာမ - အရိယသစ္စာတို့မည်၏၊ ဣမာနိ- ကား၊ ဗာဝီသ - နှစ်ဆယ့်နှစ်ပါးသော၊ ဣန္ဒြိယာနိနာမ – ဣန္ဒြေတို့ မည်၏၊ ဣမေ- ကား၊ နဝ - ကိုးပါးကုန်သော၊ ဟေတူနာမ - ဟိတ်တို့မည်၏၊ ဣမေ-ကား၊ စတ္တာရော–ကုန်သော၊ အာဟာရာနာမ - အာဟာရတို့ မည်၏၊ ဣမေ-ကား၊ သတ္တ-ခုနစ်ပါးကုန်သော၊ ဖဿာနာမ-ဖဿတို့မည်၏၊ ဣမာ–ကား၊ သတ္တ–ကုန်သော၊ ဝေဒနာနာမ-ဝေဒနာတို့မည်၏၊ပေ၊ဣမာနိ-ကား၊ သတ္တ-ကုန်သော၊ စိတ္တာနိ နာမ - စိတ်တို့မည်၏။ [ဝိညာဏဓာတ် ၇ ပါးကို “ သတ္တစိတ္တာနိ ”ဟုဂုဏ်း, ထိုနှင့် ယှဉ်သော ဖဿစသည်ကို “ သတ္တ ဖဿာ ” စသည်ဟုဂုဏ်း ဆိုသည်။]

ဧတေသု-ဤတရားတို့တွင်၊ တ္တေကာ- ဤမျှ အတိုင်းအရှည်ရှိသော တရားတို့ သည်၊ ကာမာဝစရာ-ကာမာဝစရဖြစ်ကုန်သော၊ ဓမ္မာနာမ–တရားတို့မည်၏၊ တ္တေကာ-တို့သည်၊ ရူပါဝစရာ- ရူပါဝစရဖြစ်ကုန်သော၊ ဓမ္မာနာမ-တို့မည်၏၊ တ္တေကာ- တို့သည်၊ အရူပါဝစရာ - အရူပါဝစရ ဖြစ်ကုန်သော၊ ဓမ္မာနာမ–တို့မည်၏၊ တ္တေကာ–တို့သည်၊ ပရိယာပန္နာ – တဏှာ ၃ ပါးဖြင့် ဝိုင်းခြားခြင်း ‘ယူအပ်ကုန်သော၊ ဓမ္မာနာမ-လောကီတရားတို့ မည်၏၊[“တ္တေကာ အပရိယာ ပန္နာ-ဏဏှာ ၃ ပါးဖြင့် ဝိုင်းခြားခြင်း မယူအပ်ကုန်သော၊ ဓမ္မာနာမ-တို့မည်၏” ဤသို့ရှိလျှင် ကောင်း၏။]တ္တေကာ-တို့သည်၊ လောကိယာ–လောကဋ္ဌ ထင်ရှား ကုန်သော၊ ဝါ- လောကီဖြစ်ကုန်သော၊ ဓမ္မာနာမ – တို့မည်၏၊ တ္တေကာ– တို့သည်၊ လောကုတ္တရာ - လောကုတ္တရာ ဖြစ်ကုန်သော၊ ဓမ္မာနာမ - တို့မည်၏၊ ဣတိ–ဤသို့ အစရှိသော၊ ဝါ-ဤသို့ အလားတူဖြစ်သော၊ (အဘိဓမ္မပိဋကံ၌

× × × × × × ×

သတိပဋ္ဌာနာ ။ ။ဤသတိပဋ္ဌာန်စသော တရားတော်များသည် သုတ္တန် ပါဠိတော်၌လည်း လာ၏၊ သို့သော် အဘိဓမ္မာ၌ သုတ္တန်ဘာဇနီယ, အဘိဓမ္မဘာဇနီယ, ပဒုပုစ္ဆကနည်း ၃ မျိုးဖြင့် အထူးပြု၍ အကျယ် ဝေဘန်တော်မူသောကြောင့် “ ဣမေ စတ္တာရော သတိပဋ္ဌာနာနာမ၊ပေ၊အဘိဓမ္မပိဋကံ ဝိဘင်္ဂတ္ထာ”ဟု မိန့်သည်။

စပ်)။[ဣတိသဒ္ဒါ အာဒိအနက်, တနည်း-ပကာရအနက်ဟော၊ ထိုဣတိသဒ္ဒါဖြင့် အလားတူဖြစ်သော ကြင်းသော တရားများကို ဝေဘန်ပုံ အခြင်းအရာကို ယူ။] စတုဝိသတိ သမန္တပဋ္ဌာနံ– ၂၄ ပါးသော သမန္တပဋ္ဌာန်းရှိသော၊ အနန္တနယံ– အဆုံးအပိုင်းအခြားမရှိသော နည်းရှိသော၊ အဘိဓမ္မပိဋကံ-အဘိဓမ္မပိဋကကို၊ ဝိဘဇိတွာ–ဝေဘန်၍၊ ကထေတုံ– ဟောခြင်းငှါ၊ အညေသံ–တို့၏၊ ထာမော ဝါ–ဉာဏ်အားသည်ရင်း၊ ဗလံဝါ - မတုန်မလှုပ်သော ဝီရိယအားသည်ရင်း၊ (ဒီကာပဌမနည်းကို ပေးသည်)၊ နတ္ထိ၊ သေ–၌ အဘိဓမ္မပိဋကကို အကျယ် ဝေဘန်၍ ဟောခြင်းဟူသော အရာသည်၊ အညေသံ–တို့၏၊ အဝိသယော– အရာမဟုတ်၊ တထာဂတသေဝ-၏သာ၊ ဝိသယော-တည်း၊ ဣတိ–၌သို့လျှင်၊ ဘူမန္တရပရိစ္ဆေဒံ – ဘုံအထူး အပိုင်းအခြားသို့၊ ပတ္တာ၊ ပေ၊ သုညတာ ပဋိသံယုတ္တာ–သည်၊ ဟောတိ-၏၊ ဣတိ-ဘူမန္တရနှင့် စပ်၍ အကျယ်အပြုံးတည်း။

[ရှေးစာအုပ်များ၌ "ယာ အယံ"ဟု ရှိ၏၊ နောက်စာအုပ်များ၌"အယံ" ဟု ရှိ၏၊ ဣမသဒ္ဒါဖြင့် ညွှန်ပြဘို့ရန် ရှေအနီးအပါး၌ အဝိဇ္ဇာအကြောင်းအရာ မရှိခဲ့၊ ထို့ကြောင့် ယာ+အယံ ၂ ပုဒ်လုံးပင် ပိုဟန်တူ၏။]တထာ-ထိုမှတပါး၊ (တနည်း)တထာ–ဘူမန္တရ၏ အကျယ်မှတပါး ပစ္စယာကာရ၏အကျယ်ကား၊ (အယံ)အဝိဇ္ဇာ–(၌)အဝိဇ္ဇာသည်၊ သခ်ါရာနံ-သခ်ါရတို့အား၊ နဝဟိ-၉ပါး ကုန်သော၊ အာကာရေဟိ– အခြင်းအရာတို့ဖြင့်၊ ပစ္စယော – ကျေးဇူးပြုတတ်သည်၊ ဟောတိ-၏။[နဝအာကာရ၏ ၉ ပါးသရုပ်ကိုပြလို၍"ဥပ္ပါဒေါ ဟုတ္ထာ" စသည်မိန့်။] ဥပ္ပါဒေါ – သခ်ါရတို့၏ တဘဝ၌ အစစွာ ဖြစ်ကြောင်းသည်၊ ဟုတ္ထာ-၍၊ ပစ္စယော-သည်၊ ဟောတိ-၏၊ ပဝတ္တံ- သခ်ါရတို့၏ စ၍ဖြစ်ပြီးနေဝံ ဖြစ်တည်ကြောင်းသည်၊ ဟုတ္ထာ- ၍၊ ပစ္စယော-သည်၊ ဟောတိ– ၏၊ နိမိတ္တံ– သခ်ါရတို့၏ ဘဝစသည်တို့၌ အကျိုးကို ပစ်ချကြောင်းသည်၊ ဟုတ္ထာ – ဖြစ်၍၊

× × × × × × ×

ဥပ္ပါဒေါ, ပဝတ္တံ, နိမိတ္တံ။ ။ဥပ္ပဇ္ဇတိ ဧတသ္မာ ဖလံတိ ဥပ္ပါဒေါ = သခ်ါရဟူသော အကျိုးတရား၏ တဘဝ၌ စ၍ ဖြစ်ကြောင်း ဖြစ်သော အဝိဇ္ဇာအကြောင်း၊ ပဝတ္တတိ ဧရတိ ဧတသ္မိံတိ ပဝတ္တံ=သခ်ါရဟူသော အကျိုးတရားတို့၏ တဘဝလုံး၌ ဖြစ်တည်ကြောင်းဖြစ်သော အဝိဇ္ဇာအကြောင်း၊"နိမိသန္တိ စ တေ (သခ်ါရာ) အဝိဇ္ဇာယ သတိ ဖလံ ဘဝါဒိသု ခိပန္တိ"ဟု ဋီကာဟောင်း၌ တွေ့ရ၏၊ ထိုအလို " နိ+မိသဓာတ်, တ " ဟုဆင်း, နိ ရှေးရှိသောကြောင့် မိသဓာတ်လည်း ခိပနအနက်ဟောဟုဆင်း ကြောင်း၊ ဤနေရာ၌ အမှတ်နိမိတ်ကိုဟောသော နိမိတ္တမဟုတ်သောကြောင့် "နိမိနာတိ သဏ္ဌာနာတိ ဧတေနာတိ နိမိတ္တံ"ဟုကား မပြုနိုင်၊ သခ်ါရတို့က ဝိညာဉ်အကျိုးကို ဘဝ, ယောနိ, ဂတိစသည်တို့၌ ပစ်ချကြောင်းဖြစ်သော အဝိဇ္ဇာအကြောင်း။ [ဤမှနောက်၌ ဋီကာသစ်ဝယ် " နိဒဒါတိ ဖလံ အတ္တနော ပစ္စယုပ္ပန္နံ ဧတေနာတိ နိဒါနံ " ဟု တွေ့ရ၏၊ နဝအာကာရ၌ နိဒါနပုဒ် မရှိ။]

ပစ္စယော – သည်၊ ဟောတိ၊ အာယူဟနံ – သခ်ၤါရတို့၏ မိမိအကျိုးဖြစ်ဘို့ရန် အားထုတ်ကြောင်းသည်၊ ဟုတ္တွာ-၍၊ ပစ္စယော-သည်၊ ဟောတိ၊ သံယောဂေါ-သခ်ၤါရတို့၏ မိမိအကျိုးနှင့် စပ်ယှဉ်ကြောင်းသည်၊ ဟုတ္တွာ – ၍၊ ပစ္စယော– သည်၊ ဟောတိ၊ ပလိဗောဓော-သခ်ၤါရတို့၏ မိမိကိန်းရာ ခန္ဓာအစဉ်ကို နှောင်ဖွဲ့ကြောင်းသည်၊ ဟုတ္တွာ-၍၊ ပစ္စယော–သည်၊ ဟောတိ၊ သမုဒယော–အခြား အကြောင်းတို့နှင့် ပေါင်းဆိုလသော် သခ်ၤါရတို့၏ ဖြစ်ကြောင်းသည်၊ ဟုတ္တွာ-၍၊ ပစ္စယော-သည်၊ ဟောတိ၊ ဟေတု– သခ်ၤါရတို့၏ ဇနကအကြောင်းသည်၊ ဟုတ္တွာ–၍၊ ,ပစ္စယော-သည်၊ ဟောတိ၊ ပစ္စယော – သခ်ၤါရတို့၏ ဥပတ္ထမ္ဘကအကြောင်းသည်၊ ဟုတ္တွာ-၍၊ ပစ္စယော-သည်၊ ဟောတိ၊ တထာ-ထို့အတူ၊ သခ်ၤါရာဒယော–သခ်ၤါရအစရှိသော အကြောင်းတရားတို့သည်၊ ဝိညာဏာဒီနံ-ဝိညာဉ် အစရှိသော အကျိုးတရားတို့အား၊ (ဥပပါဒေါ – သည်၊ ဟုတ္တွာ– ၍၊ ပစ္စယော–သည်၊ ဟောတိ၊ပေါ၊ပစ္စယော–သည်၊ ဟုတ္တွာ-၍၊ ပစ္စယော-သည်၊ ဟောတိ)။

× × × × × × × ×

အာယူဟနံ, သံယောဂေါ။ ။ အာပုဗ္ဗ ဥဟာဓာတ်သည် ဤနေရာ၌ အားထုတ်ခြင်း အနက်ဟောတည်း၊ "အာယူဟန္တိ ဖလုပ္ပတ္တိယာ ဃဋ္ဋန္တိ တေသ်ံတိ အာယူဟနံ= သခ်ၤါရတို့၏ မိမိအကျိုးဖြစ်ဘို့ရာ အားထုတ်ကြောင်း ဖြစ်သော အဝိဇ္ဇာအကြောင်း၊ သံယုဇ္ဇန္တိ အတ္တနော ဖလေန တေသ်ံတိ သံယောဂေါ = သခ်ၤါရတို့၏ မိမိအကျိုးနှင့် စပ်ယှဉ်ကြောင်း ဖြစ်သော အဝိဇ္ဇာအကြောင်း။

ပလိဗောဓော, သမုဒယော။ ။ ယသ်ံ သန္တာနေ သယံ ဥပ္ပန္နာ – အကြင် သန္တာန်၌ မိမိ (သခ်ၤါရ) တို့ ဖြစ်ကြ၏၊ တံ ပလိဗုန္ဓန္တိ ယသ်ံတိ ပလိဗောဓော = ထို သန္တာန်ကို သခ်ၤါရတို့က နှောင်ဖွဲ့ကြောင်းဖြစ်သော အဝိဇ္ဇာအကြောင်း။ [ပလိဗုန္ဓတိကို "ဗန္ဓတိ"ဟု ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ ဖွင့်၏။] သမုဒယောကို "သံ+ဥဒယ"ဟု ခွဲ၊ သံသည် " အကြောင်းတပါးနှင့် ပေါင်းမိခြင်း " အနက်ဟော၊ ပစ္စယန္တရသမဝါယေ သခ်ၤါရာ ဥဒယန္တိ ယသ်ံတိ သမုဒယော = အခြား အကြောင်းတို့နှင့် ပေါင်းမိလသော် သခ်ၤါရတို့၏ ဖြစ်ပေါ်လာကြောင်း ဖြစ်သော အဝိဇ္ဇာအကြောင်း။

ဟေတု, ပစ္စယော။ ။ ဟိဓဝတ်, ဂတိအနက်ဟော၊ သခ်ၤါရာနံ ကာရဏာဘာဝံ ဟိနောတိ ဂစ္ဆတီတိ ဟေတု = သခ်ၤါရတို့၏ ဇနကအကြောင်း အဖြစ်သို့ ရောက်တတ်သော အဝိဇ္ဇာအကြောင်း၊ ပစ္စယောကို "ပတိ+အယ"ဟု ခွဲ၊ ပတိစ္စ (အဝိဇ္ဇာကိုစွဲ၍) သခ်ၤါရာ အယန္တိ ပဝတ္တန္တိ တေနာတိ ပစ္စယော=သခ်ၤါရတို့၏ စွဲ၍ဖြစ်ကြောင်းဖြစ်သော အဝိဇ္ဇာတည်းဟူသော ဥပတ္ထမ္ဘကအကြောင်း။

မှတ်ချက်။ ။ ဋီကာသစ်၌ ပစ္စယော ဟုတ္တွာအတွက် ပစ္စယော၏ အနက်မပါ၊ ပစ္စယော၏အစား နိဒါနကို သွင်းထားသည်၊ သို့သော် သာဓကဘ၌ " ပစ္စယဋ္ဌိတိ " ဟု ပါဋိတော်ရင်းမှာပင် ပါ၏၊ ထို၏ အဋ္ဌကထာ၌လည်း " အဝိဇ္ဇာဝ သခ်ၤါရာနံ ဥပ္ပါဒေ ဇနကပစ္စယတ္တာ, ပဝတ္တိယံ ဥပတ္ထမ္ဘကပစ္စယတ္တာစ ဟေတုဋ္ဌိတိ ပစ္စယဋ္ဌိတိတိ ဝုတ္တာ" ဟု မိန့်သည်။

ယထာ(ကိ ံဝစနံ) - ကို၊ (ကော– သည်)၊ အာဟ - နည်း၊ ကထံ ပစ္စယ ပရိဂ္ဂဟေ ပညာ ဓမ္မဋ္ဌိတိညာဏံ၊ပေ၊ ဓမ္မဋ္ဌိတိညာဏန္တိ - ဏံဟူ၍၊ (ဓမ္မသေနာ ပတိ–သည်၊ အာဟ-ပြီ)။[ကထံ-အဘယ်သို့လျှင်၊ ပစ္စယပရိဂ္ဂဟေ-အကြောင်း တို့ကို ပိုင်းခြား၍ ယူခြင်း၌၊ ဝါ–အကြောင်းတို့ကို သိမ်းဆည်းခြင်း၌၊ ပညာ– ပညာသည်၊ ဓမ္မဋ္ဌိတိညာဏံ-ဓမ္မဋ္ဌိတိဉာဏ်သည်၊ ဝါ–သင်္ခါရစသော အကျိုး တရားတို့၏ တည်ရာအကြောင်း၌ဖြစ်သောဉာဏ်သည်၊(ဟောတိ-ဖြစ်သနည်း)။ [ဥပ္ပါဒဋ္ဌိတိ စသည်၌ ဥပ္ပါဒစသည်ကို "ဥပ္ပါဒေါ ဟုတ္ဝာ ပစ္စယော" စသည်၌ ဥပ္ပါဒေါစသည် အတိုင်း အနက်ပေးလိမ့်မည်။] အဝိဇ္ဇာ–အဝိဇ္ဇာသည်၊ သင်္ခါ ရာနံ-သင်္ခါရတို့၏၊ ဥပ္ပါဒဋ္ဌိတိစ – သင်္ခါရတို့၏ တဘဝ၌ အစစွာဖြစ်ကြောင်း ဖြစ်၍ တည်ရာ အကြောင်းသည်၎င်း၊ ပဝတ္တဋ္ဌိတိစ – သင်္ခါရတို့၏ စ၍ ဖြစ်ပြီး နောက် ဖြစ်တည်ကြောင်းဖြစ်၍ တည်ရာအကြောင်းသည်၎င်း၊ နိမိတ္တဋ္ဌိတိစ– သင်္ခါရတို့၏ ဘဝစသည်တို့၌ အကျိုးကို ပစ်ချကြောင်းဖြစ်၍ တည်ရာအကြောင်း သည်၎င်း၊ အာယူဟနဋ္ဌိတိစ– သင်္ခါရတို့၏ မိမိ အကျိုးဖြစ်ဘို့ရန် အားထုတ် ကြောင်း ဖြစ်၍ တည်ရာအကြောင်းသည်၎င်း၊ သံယောဇဋ္ဌိတိစ - သင်္ခါရတို့၏ မိမိ အကျိုးနှင့် စပ်ယှဉ်ကြောင်း ဖြစ်၍ တည်ရာ အကြောင်းသည်၎င်း၊ ပလိ

× × × × × × ×

ဓမ္မဋ္ဌိတိညာဏံ ။ ။ တိဋ္ဌန္တိ ဇ္ဈေ ဖလဓံမ္မာ တဒါယတ္တဝုတ္တိတာယာတိ ဋ္ဌိတိ (ကာရဏံ)၊ ထိုအကြောင်းနှင့်စပ်သော ဖြစ်ခြင်းရှိကုန်သည့်အတွက် အကျိုးတရားတို့၏ တည်ရာဖြစ်သော အဝိဇ္ဇာစသော အကြောင်းသည် ဋ္ဌိတိ မည်၏၊ ဓမ္မာနံ+ဋ္ဌိတိ ဓမ္မဋ္ဌိတိ၊ ဓမ္မဋ္ဌိတိယာ– ဋ္ဌ+ ဉာဏံ ဓမ္မဋ္ဌိတိညာဏံ= သင်္ခါရစသော အကျိုးတရားတို့၏ တည်ရာ အကြောင်း၌ (ဖြစ်သော) ဉာဏ်၊– သာရတ္ထဒီကာ, အရဟံ အဖွင့်။ [ဋီကာသစ်နှင့် ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာယဉ်၌ ဋ္ဌိတိကို ကရဏသာဓ် ပြုကြ၏၊ ဌာဓာတ်သည် အာဓာရကို ငဲ့သောကြောင့် သာရတ္ထဝိဂြိဟ်က သဘာဝကျသည်၊ အာသဝဋ္ဌာနိယာ ပုဒ်ကိုလည်း ပါရာဇိကဏ်အဋ္ဌကထာ၌ အဓိကရဏသာဓ်ပင် ပြသည်။]

ဥပ္ပါဒဋ္ဌိတိစသည်။ ။"ဥပ္ပါဒါယ-ဥပါဒါသောအားဖြင့်ဖြစ်ခြင်း၄ါ+ဋ္ဌိတိ-တည်ရာ အကြောင်းတည်း၊ ဥပ္ပါဒဋ္ဌိတိ၊ ပဝတ္တာယ-ဥပါဒါပြီးသောတရားတို့၏ ဖြစ်တည်ခြင်း၄ါ+ ဋ္ဌိတိ ပဝတ္တဋ္ဌိတိ၊ နိမိတ္တာဘူတာ+ ဋ္ဌိတိ နိမိတ္တဋ္ဌိတိ၊ အာယူဟနာဘူတာ+ ဋ္ဌိတိ အာယူဟန ဋ္ဌိတိ"စသည်ဖြင့် ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာဖွင့်၏၊ သို့သော် "ဥပ္ပါဒေါ–ဥပါဒါကြောင်း သည်+ ဟုတ္ဝာ+ ဋ္ဌိတိ ဥပ္ပါဒဋ္ဌိတိ၊ ပဝတ္တံ+ ဟုတ္ဝာ+ဋ္ဌိတိ ပဝတ္တဋ္ဌိတိ၊ နိမိတ္တံ+ဟုတ္ဝာ+ ဋ္ဌိတိ နိမိတ္တဋ္ဌိတိ"စသည်ဖြင့် ပြုမှ "ဥပ္ပါဒေါ ဟုတ္ဝာ ပစ္စယော"ဟူသော ရှေအဋ္ဌကထာ စကားနှင့် လိုက်လျောမည်၊ မှန်၏– "ဥပ္ပါဒေါ ဟုတ္ဝာ ပစ္စယော" စသည်ကို "ဥပ္ပါဒ ဋ္ဌိတိ"စသည်ဖြင့် ဆိုသည်၊ ဋ္ဌိတိနှင့် ပစ္စယောကား အဓိပ္ပါယ်တူတည်း။

မှတ်ချက် ။ ။ ဟေတုပစ္စယောအဖွင့် ပဋ္ဌာန်း အဋ္ဌကထာ၌ ဟေတု ဟုတ္ဝာ ပစ္စ ယောကို " ဟေတုဘာဝေန – ဟိတ်အဖြစ်ဖြင့် " ဟု အဓိပ္ပါယ်ဖွင့်သကဲ့သို့ ဤ၌လည်း "ဥပ္ပါဒေါ ဟုတ္ဝာ"စသည်ကို "ဥပ္ပါဒဘာဝေန"စသည်ဖြင့် ဖွင့်နိုင်သည်ဟု မှတ်ပါ။

ဗောဓိတိစ-သခ်ါရတို့၏ မိမိကိန်းရာ ခန္ဓာအစဉ်ကို နှောင်ဖွဲ့ကြောင်း ဖြစ်၍ တည်ရာအကြောင်းသည်၎င်း၊သမုဒယဋ္ဌိတိစ-အခြားအကြောင်းတို့နှင့် ပေါင်းမိလသော် သခ်ါရတို့၏ ဖြစ်ကြောင်းဖြစ်၍ တည်ရာအကြောင်းသည်၎င်း၊ ဟေတုဋ္ဌိတိစ– သခ်ါရတို့၏ ဇနက အကြောင်းဖြစ်၍ တည်ရာ အကြောင်းသည်၎င်း၊ ပစ္စယဋ္ဌိတိစ – သခ်ါရတို့၏ ဥပတ္ထမ္ဘက အကြောင်းဖြစ်၍ တည်ရာ အကြောင်းသည်၎င်း၊(ဟောတိ)။

စ – သည်သာမကသေး၊ ယသ္မာ- အကြင့်ကြောင့်၊ ဣသိကဋ္ဌာယိဋ္ဌိတော– ဖြိုဆံမြက်၏အတွင်း၌တည်သော အဆန်မြက်ကဲ့သို့ တည်၏၊ တသ္မာ- ကြောင့်၊ တေဝသတ္တာ-ထို သတ္တဝါတို့သည်ပင်၊ သန္ဓာဝန္တီ-ဤဘဝမှ နောက်ဘဝသို့ ပြေးသွားကြရကုန်၏၊ ဣတော– ဤဘဝမှ၊ အညတ္ထ- အခြားသော နောက်ဘဝသို့၊ ဂစ္ဆန္တီ– သွားကြရကုန်၏၊ ဣတိအတ္ထော- နက်၊ သံသရန္တီတိ- ကား။ အပရာ– တပါးသောဘဝမှ၊ အပရံ–တပါးသောဘဝသို့၊ (တနည်း) အပရာပရံ (အပရံ အပရံ)–တပါးသောဘဝ တပါးသောဘဝသို့၊ ဝါ- တပြောင်းပြန်ပြန်၊ သဗ္ဗရ

× × × × × × ×

ယသ္မာစ၊ပေ၊ဥပပဇ္ဇန္တီ။ ။ဤဝါကျလည်း ကေစိတို့၏အလိုကို ပြသောဝါကျ အဆက်ပင်တည်း၊ ရှေ့၌ပြခဲ့သော အဋ္ဌကထာဝါဒဝယ် “ သေကဋ္ဌာယိဋ္ဌီတော ”ကို “တေဝ သတ္တာ သန္ဓာဝန္တီ”စသော နောက်စကားနှင့် အဓိပ္ပါယ်အားဖြင့် ကြောင်းကျိုး မစပ်၊ ဤ ကေစိဝါဒဒဿီကား ဣသိကဋ္ဌာယိဋ္ဌိတောနှင့် တေဝ သတ္တာစသော စကားသည် ကြောင်းကျိုး ဆက်စပ်လျက်ရှိရကား “ယသ္မာ၊ပေ၊တသ္မာ”ဟု မိန့်သည်။

တေဝ သတ္တာ သန္ဓာဝန္တီ။ ။“တေဝ သတ္တာ”ဟူသည် တိတ္ထိတို့ယူဆအပ်သော အတ္တလောကပင်တည်း၊ အများအတွက် ဖြစ်သောကြောင့်“တေဝ သတ္တာ”ဟု ဗဟုဝုစ်ဆိုသည်၊ ရှေးစာအုပ်များ၌ “တေစ”ဟု ရှိသည်ကား မကောင်း၊ အတ္တသည် ဖြူဆံမြက်အတွင်းမှ မြက်အဆန်ထွက်သကဲ့သို့ ထွက်နိုင်ရကား ဤဘဝမှ နောက်ဘဝသို့လည်း သွားနိုင်၏၊ “သန္ဓာဝန္တီ” ဟု ဆိုသော်လည်း တကယ် ပြေးသွားခြင်းမဟုတ်, နောက်ဘဝသို့ သွားခြင်းသာတည်း၊ ထို့ကြောင့် “ဂစ္ဆန္တီ” ဟု အနက်ဖွင့်သည်၊ အတ္တသည် မိမိပြုအပ်သော ကံအားလျော်စွာ နောက်ဘဝ၌ ကောင်းကျိုး ဆိုးကျိုးကို ခံစားရ၏၊ အတ္တသည် ဘဝပြောင်း၍ မခံစားရလျှင် ပြုအပ်ပြီးသောကံတွေ ပျောက်ယုတ်သွားစရာရှိ၍, မပြုအပ်သောကံများလည်း လာရောက် အကျိုးပေးစရာရှိသည်– ဟူလို။

ဒ္ဝီကာ။ ။တေဝ သတ္တာ သန္ဓာဝန္တီတို ထွေ ယေ ဇာဓ မနုဿဘာဝေန အဝဋ္ဌိတာ (အကြင် သူတို့သည် ဤဘဝ၌ လူအဖြစ်ဖြင့် တည်ကြကုန်၏)၊ တေ ယေဝ (တေဝ အဖွင့်) ဒေဝဘာဝါဒိ ဥပဂမနေန ဇာတော အညတ္ထ ဂစ္ဆန္တီတိ အတ္ထော (ထိုသူတို့သည်ပင် နတ်အဖြစ် အစရှိသည်သို့ ကပ်ရောက်ခြင်းအားဖြင့် ဤဘဝမှ အခြားဘဝသို့ သွားကြရကုန်၏) ၊ အညထာ ကတဿ ကမ္မဿ ဝိနာသော (ဤသို့ ဤဘဝသတ္တဝါက ဟိုဘဝသို့ မသွားရဘဲ ဤဘဝ၌သာ ပြတ်ခဲ့လျှင် ဤဘဝ၌ ပြုအပ်သမျှကံတွေသည် အချီးနှီး ပျောက်လေရာ၏)၊ အကတဿစ အဗ္ဘာဂမော အာပဇ္ဇေယျာတိ အဓိပ္ပါယော (အခြားသတ္တဝါက အခြားဘဝ၌ အသစ်ဖြစ်လျှင် မပြုအပ်သော ကံများလည်း ရှေးရှ အလို အလျောက် ပေါ်ပေါက်လာရလိမ့်မည်, ထိုသို့ကား မဖြစ်နိုင်– ဟူလို)။

သံသရန္တီ။ ။ဒုတိယဘဝမှ နောက် တတိယဘဝ၌ငင်း, ထို နောက်ဘဝမှ ထို၏ နောက်ဘဝ၌ငင်း ဤသို့ ဆက်ကာဆက်ကာ ဖြစ်ခြင်းကို “သံသရ= ကျင်လည်ခြင်း”ဟု ခေါ်သည်၊ သဒ္ဒတ္ထမှာ “သံ– ဆက်စပ်လျက်+ သရ– ဖြစ်ခြင်း”တည်း၊ [အပရာပရံတိ အပရသ္မာ ဘဝါ အပရံ ဘဝံ၊ ဤအလို ၂ ပုဒ်ခွဲရသည်၊ အပရံ အပရံဝါ၊ (ဤအလို ဝိစ္ဆာပုဒ်တည်း၊), –ဒ္ဝီကာသစ်၊ ဤအတိုင်း နိဿယ၌ အနက်ပေးထားသည်။]

နှိ- လှည့်လည်ကြရကုန်၏၊ စဝန္တိ- ကား၊ ဧဝံ-ဤသို့ ရွှေ့လျောကုန်၏ဟူ၍၊ သန်္ဓံ-ခေါ်ဝေါ်အပ်သည်၏အဖြစ်သို့၊ ဂစ္ဆန္တိ-ရောက်ကြရကုန်၏၊ တထာ-တူ၊ ဥပပဇ္ဇန္တိ-ကား၊ (ဧဝံ-ဤသို့ ပဋိသန္ဓေနေကုန်၏ဟူ၍၊ သန်္ဓံ- သို့၊ ဂစ္ဆန္တိ-ကုန်၏)၊ ဣတိ (အယံ - ဤ ဆိုအပ်ပြီးကား၊ အဓိပ္ပါယော- ကေစိဆရာတို့၏ အလိုတည်း)။ [ဣတိတလုံး အကြကြီ။]

ပန-ဝါဒန္တရကား၊ အဋ္ဌကထာယံ-ရှေးအဋ္ဌကထာ၌၊ (ဝုတ္တံ ဒ္ဝိစပ်)၊ ပုဗ္ဗေ-ရှေး၌၊ သဿတော အတ္တာစ လောကောစာတိ-စ ဟူ၍၊ ဝတွာ-ဆိုပြီး၍၊ ဣဒါနိ-ယခုအခါ၌၊ တေဝ သတ္တာ သန္ဓာဝန္တိတိ အာဒိနာ-နှိ အစရှိသော၊ ဝစနေန-စကားဖြင့်၊ အယံ ဒိဋ္ဌဂတိကော - ဤ မိစ္ဆာအယူရှိသော ပုဂ္ဂိုလ်သည်၊ အတ္တာနာယေဝ-မိမိကိုယ်တိုင်ပင်၊ အတ္တာနော-မိမိ၏၊ ဝါဒံ-ဝါဒကို၊ ဘိန္နတိ-ဖျက်၏၊ (ဖျက်ရာရောံ၏)၊ ဒိဋ္ဌဂတိကဿ- ၏၊ ဒဿနံနာမ-မြင်ခြင်း မည်သည်ကို၊ နနိဗ္ဗဒ်-အမြဲမပြတ် မွေ့မထားအပ်၊ ဝါ- မခိုင်မြဲ၊ ထုသရာသိမ္မိ- ဖွဲပုံ အစု၌၊ နိခါတခါဏုဝိယ-စိုက်ထားအပ်သော သစ်ငုတ်သည်ကဲ့သို့၊ စဋ္ဌလံ-တုန်လှုပ်၏၊ စ- ဆက်၊ ဥမ္မဇ္ဇကပန္ထိယံ - အရူး၏တောင်း၌၊ ပုဝ ခဏ္ဍာ ဂုထ ဂေါမယာဒိနိဝိယ-မုံပိုင်း, မစင်, နွားချေးအစရှိသည်တို့ကဲ့သို့၊ တွေ-ဤ မိစ္ဆာအယူ၌၊ သုန္ဒရ

× × × × × × ×

စဝန္တိ, ဥပပဇ္ဇန္တိ။ ။အတ္တာသည် မြဲသောကြောင့် စုတေ ရွှေ့လျောစရာလည်း မလို, နောက်ထပ်အသစ် ပဋိသန္ဓေနေစရာလည်း မလို၊ သို့သော် လူအများက အတ္တ၏ အပြင်လွှာဖြစ်သော ရုပ်တရား နာမ်တရားတွေ အပြောင်းအလဲ ဖြစ်နေပုံကိုမြင်၍ "အတ္တ ကိုပင် စုတေသည် ပဋိသန္ဓေအသစ် နေသည်" ဟု ခေါ်ဝေါ်ပြောဆိုကြ၏၊ ထို့ကြောင့် "ဧဝံ သန်္ဓံ ဂစ္ဆန္တိ" ဟု အဓိပ္ပါယ်ဖွင့်သည်၊ တထာ ဥပပဇ္ဇန္တိ၌ တထာဖြင့် ဧဝံ သန်္ဓံ ဂစ္ဆန္တိကို ညွှန်းသည်။

ဒိဋ္ဌာ။ ။ဧဝံ သန်္ဓံ ဂစ္ဆန္တိတိ အတ္တာနော (အတ္တ၏) နိစ္စသဘာဝတ္တာ နစုတူပပတ္တိယော၊ သဗ္ဗဗျာပိတာယ (အလုံးစုံသောအရုပ်၌ အတ္တက ပြန့်နှံ့နေသည့်အတွက်) နာပိ သန္ဓာဝန သံသရဏာနိ၊ ဓမ္မာနံယေဝ ပန ပဝတ္တိဝိသေသေန ဧဝံ သန်္ဓံ ဂစ္ဆန္တိ၊ ဧတေန.(ဤစကားဖြင့်) အဝဋ္ဌိတသဘာဝဿ အတ္တနော ဓမ္မိနောစ ဓမ္မမတ္တံ ဥပပဇ္ဇတိ စေဝ ဝိနဿတိစာတိ ဇုမံ ဝိပရိဏာမဝါဒံ ဒဿေတိ (အမြဲတည်ခြင်း သဘောရှိသော ရုပ်ဓမ္မ နာမ်ဓမ္မလည်းရှိသော အတ္တ၏ အပြင်လွှာဖြစ်သော ရုပ်နာမ်တရားမျှသာ ဖြစ်လည်း ဖြစ်, ပျက်လည်း ပျက်၏ဟူသော ဤ ဝိပရိဏာမဝါဒကို ပြသည်)။

အဋ္ဌကတာယံ ပန။ ။"အတ္တာလောကသည် မြဲ၏" ဟု ရှေ့၌ ဆိုခဲ့ပါလျက်, ဤ၌ "သန္ဓာဝန္တိ သံသရန္တိ" စသည်ဖြင့် ဆိုပြန်သောကြောင့် "မမြဲသည့်အတွက် တဘဝမှ တဘဝသို့ ပြောင်းရွှေ့ရ၏" ဟု အဲဒီပုဂ္ဂိုလ်ထွက်နေရကား "မိမိအယူကိုပင် မိမိဖျက်ရာရောက်သည်"ဟု ရှေးအဋ္ဌကထာ၌ ဆိုသည်။ [သန္ဓာဝန္တိ သံသရန္တိ စဝန္တိ ဥပပဇ္ဇန္တိတို့သည် မှန်ကန်သောကြောင့် သုန္ဒရဖြစ်၏၊ သဿတဟု ယူခြင်းကား အသုန္ဒရဖြစ်သည်၊ နနိဗ္ဗဒန္တိ-နထိရံ။]

မွိ - ကောင်းသောအရာသည်၎င်း၊ အသုန္ဒရမွိ- မကောင်းသော အရာသည်၎င်း၊ ဟောတိယေဝ-ရှိသည်သာ၊ ဝါ-ပါဝင်သည်သာ၊ ဇာတိ-ဤသို့၊ ဝုတ္တံ-ဆိုအပ်ပြီ။

အတ္ထိတ္ထေဝ သဿတိသမန္တိ တ္ထေ-၌၊ သဿတီတိ- ကား၊ နိစ္စံ- အမြဲ၊ ဝိဇ္ဇမာနတာယ - (အတ္တ၏) ထင်ရှားရှိသည်၏အဖြစ်ကြောင့်၊ မဟာပထဝီဝေ- မြေကြီးကိုကဲ့သို့၊ မည္တိ-မှတ်ထင်၏၊ တထာ- ထို့အတူ၊ သိနေရုပဇ္ဇတ စန္ဒိမသူရိယေ (ဝိယ)-မြင့်မိုရ်တောင်, လ, နေတို့ကိုကဲ့သို့၊ (မည္တိ-၏)၊ တတော- ထိုသို့ မှတ်ထင်ခြင်းကြောင့်၊ တေဟိ-ထို မြေကြီး, မြင့်မိုရ်တောင်, လ, နေတို့နှင့်၊ သမံ-တူစွာ၊ အတ္တာနံ-အတ္တကို၊ မည္တမာနာ- မှတ်ထင်ကုန်သည်၊ (ဟုတ္တာ)၊ အတ္ထိတ္ထေဝ သဿတိသမန္တိ-မံဟူ၍၊ ဝဒန္တီ-ပြောဆိုကြကုန်၏။

ဇာဒါနိ-၌၊ သဿတော အတ္တာစ လောကောစာတိ အာဒိကာယ-စ အစရှိသော၊ ပဋိညာယ-ရှေးဦးစွာ သိစေအပ်သောစကား၏၊ ဝါ- ကို၊ သာဓနတ္ထံ- ပြီးစေခြင်းအကျိုးငှါ၊ ဟေတုံ-အကြောင်းကို၊ ဒဿေန္တော-ပြလိုသည်၊(ဟုတ္တာ)၊ တံ ကိဿဟေတု၊ အဟံ ဟိ အာတပ္ပီ မန္တာယာတိအာဒိ-ယ အစရှိသောစကားကို၊ အာဟ-ပြောဆိုပြီ၊ ဝါ-၏။

× × × × × × ×

အတ္ထိတ္ထေဝ။ ။"အတ္ထိ + ဇာတ္ထေဝ" ဟု ပုဒ်ခဲ့၊ နောက်၌ ဧဝရှိလျှင် ရှေ့က တိ၏ ဇာကို ဝ ပြုလေ့ရှိ၏၊ " သမန္တ ပါသာဒိကာတ္ထေဝ , ဟောတ္ထေဝ " စသည်တည်း၊ ထို့ကြောင့် "ဇာတိ+ဧဝ" ဟု ခဲ့၍ တိ၏ ဇာကို ဝ ပြု၊ ဇာတိကား အနက်မရှိ, ပဒပူရဏမျှသာဟု ဋီကာသစ်ဆိုသည်။

သဿတိသမံ။ ။သဒါ သရန္တိ ပဝတ္တန္တိတိ သဿတိယော၊ သဒါကို သ , သရ ဓာတ် တိ ပစ္စည်း၊ [အဘိဓာနပ္ပဒီပိကာ စီရင်ပုံတည်း , ဋီကာသစ်၌ကား တမျိုး စီရင်လေ၏။] သဿတိဟိ - အခါခပ်သိမ်း ဖြစ်တည်နေသော (ထင်ရှားရှိနေသော) မြေ မြင့်မိုရ်တောင် လ နေတို့နှင့်+သမော-တူသောအတ္တတည်း၊ သဿတိသမော (အတ္တာ)၊ ပါဠိတော်၌ကား ကြိယာဝိသေသန အနက်၌ ဒုတိယာသက်၍ "သဿတိသမံ" ဟု ရှိရသည်၊ (တနည်း) သဿတိသမသဒ္ဒါသည်ပင် နိစ္စကာလအနက်ဟော်သော နိပါတ်တည်း၊ သဿတိသမံ-အမြဲ ကာလပတ်လုံး" ဟု ပေးပါ။

ပဋိညာယ။ ။ပတိညာသဒ္ဒါသည် ဝန်ခံခြင်းအနက်အပြင် (သဒ္ဒတ္ထဘေဒစိန္တာ ဝယ် ဝါကျအစိတ် ၅ ပါးကို ပြရာ၌) တစုံတခုကို ရှေးဦးစွာ ညွှန်ပြသောအရာကိုလည်း ဟော၏၊ ဥပမာ- " ပဇ္ဇတော အဂ္ဂိမာ (တောင်သည် မီးရှိ၏) " စသည်တည်း၊ ဤ၌ "ပဇ္ဇတော အဂ္ဂိမာ" ဟု ပဋိညာပြုပြီးမှ အဂ္ဂိမန္တ ဖြစ်ပုံကို အကြောင်းပြသည်။

သာဓနတ္ထံ ဟေတုံ။ ။ဝါကျအစိတ်သည် "ပတိညာ, ဥပမာ, ဟေတု, ဥဒါဟရုံ, နိဂုံး" အားဖြင့် ၅ ပါးရှိ၏၊ ထို ၅ ပါးတွင် ရထိုက်သမျှကိုထည့်၍ ပြရိုးတည်း၊ ဤနေရာ၌ မိန္ဆာအယူရှိသူသည် မိမိပြအပ်သော ပတိညာစကားကို ပြီးစေခြင်း (ခိုင်မြဲစေခြင်း) ငှါ " အဟံဟိ အာတပ္ပီမန္တာယ " စသော ဟေတု (အကြောင်းပြစကား) ကို ဆိုသည်၊

တတ္ထ–ထိ တံကိဿဟေတု, အဟံ ဟိ အာတပ္ပမန္တာယအစ္ဆရိသော စကား ရပ်၌၊ ဣမိနာ မဟံ ဧတံ ဇာနာမိတိ- မိ ဟူသောပါဒ်၌ဖြင့်၊ (ဒဿေတိ-၌စပ်)၊ ဣမိနာ ဝိသေသာဓိဂမေန- ဤပုဗ္ဗေနိဝါသာနုဿတိဉာဏ် အဘိညာဉ်တည်း ဟူသော တရားထူးကိုရခြင်းကြောင့်၊ အဟံ-ငါသည်၊ တံ- ဤအခြင်းအရာကို၊ (ပါဠိတော်၌လာသော ယထာ၏ နိယမတည်း၊ "အတ္တာလောက၏ မြဲသည်၏ အဖြစ်ဟူသော အခြင်းအရာကို" ဟူလို)၊ ပစ္စက္ခတော–မျက်မှောက်အား၊ဖြင့်၊ ဝါ– တိုက်ရိုက်အားဖြင့်၊ ဇာနာမိ – သိ၏၊ ကေဝလံ– ဝိသေသာဓိဂမ မဖက် သက်သက်၊ သဒ္ဓါမတ္တကေနေဝ – ယုံကြည်ခြင်းမျှ ကြောင့်သာ၊ န ဝဒါမိ– ပြောသည် မဟုတ်၊ ဣတိ-ဤအနက်အဓိပ္ပါယ်ကို၊ ဒဿေတိ-ပြ၏၊ ပန-ဆက်၊ တ္ထေ-ဣမိနာ မဟံဟူသောဤပါဒ်၌၊ မကာရော-မ အက္ခရာကို၊ ပဒသန္ဓိကရဏာ တ္ထံ–ရှေနောက်ပုဒ်တို့၏ စေ့စပ်ခြင်းကိုပြုခြင်းငှါ၊ (စေ့စပ်ညက်ညော ချောမော အောင်)၊ (ဒိဋ္ဌဂတိကေန- မိစ္ဆာအယူရှိသူသည်)၊ ဝုတ္တော – ဆိုအပ်ပြီ၊ ဣဒံ ဘိက္ခဝေ ပထမံ ဍာနန္တိ- ကား၊ စတူဟိ ဝတ္ထူဟိတိ– ဟိဟူ၍၊ ဝတ္ထုသဒ္ဒေန– ဝတ္ထုသဒ္ဒါဖြင့်၊ ဝုတ္တေသု - ဟောတော်မူအပ်ကုန်သော၊ စတူသု – ၄ ပါးကုန် သော၊ ဍာနေသု-အကြောင်းတို့တွင်၊ ဣဒံ–ဤအကြောင်းသည်၊ ပဌမံ–သော၊

× × × × × × ×

"ငါသည် အဘိညာဉ် တည်းဟူသော တရားထူးကို ရခြင်းကြောင့် အတ္တလောက၏ သဿတဖြစ်ပုံ (အမြဲတည်ရှိပုံ) ကို သိရပါသည်" ဟူလို။ ["ဟေတု" အရ နိဗ္ဗတ္တက (ဇနက) ဟိတ်စသော ၃ ပါးရှိပုံကို ဋီကာတို့ ဖွင့်ကြသည်မှာ သဒ္ဓါကျမ်းတို့၌ ပြောရိုး ဟိတ် ၃ ပါးပင်တည်း၊ ထို ၃ ပါးတွင် ဤဟိတ်သည် အတ္တလောကမြဲပုံကို သိရခြင်း၏ အကြောင်းဖြစ်သောကြောင့် ဥပကာရိတ်တည်း။]

သူများအတွက် အကြောင်း။ ။"ဟေတုံ ဒဿေန္တော"အရ အကြောင်းပြ ဟူရာ၌ မိမိအတွက် အကြောင်းပြ မဟုတ်၊ မိမိက တဆင့်ဟောပြောထားသူတို့အတွက် သဿတအဖြစ်ကို သဘောကျဘို့ရန် အကြောင်းပြခြင်းဖြစ်သည်၊ ထို အကြောင်းပြချက် အရ "ငါသည် ဘဝသိန်းပေါင်းများစွာတို့၌ ငါတယောက်တည်းသာဖြစ်၍ ငါ၏ အတ္တ လောကသည် မြဲသကဲ့သို့ ထို့အတူ ငါ၏ ထို့ထက်ရှေးကျသော အတ္တလောကသည်၎င်း အခြားသူများ၏ အတ္တလောကသည်၎င်း မြဲသည်သာဖြစ်ရမည်" ဟုလည်း ဆိုလိုသည်၊ ထို့ကြောင့် "အတ္တလောက ဟူသမျှသည် သဿတချည်းသာ ဖြစ်သည်" ဟု လူအများ ကိုပင် ထိုသဿတဒိဋ္ဌိကို ယူစေရာရောက်သည်။ [ပါဋိယံ ပန အနေကဝိဟိတာနိ အဓိဝုတ္ထိ ပဒါနိ အဘိဝဒန္တိ, သော ဧဝမာဟာတိစ ဝစနတော ပရာနုဂါဟနဝသေန (သူတပါးကို အတုယူစေခြင်း၏ အစွမ်းဖြင့်) ဗုဓ ဇေဋ္ဌာပစာယနာဒိသဒ္ဒေန အဓိပ္ပေတံတိ ဝိညာယတိ၊–ဋီကာ။]

ဝတ္ထု, ဍာန ။ ။ တဒါယတ္တဝုတ္တိတာယ (ဉာဏ်က ထို ဉာပကဟိတ်ဟူသော အကြောင်းနှင့်စပ်သော ဖြစ်ခြင်းရှိသည်၏အဖြစ်ကြောင့်) တံ၌ဉာဏံ (အတ္တလောကသည် မြဲ၏ဟု သိသော ထိုမိစ္ဆာဉာဏ်သည်) ဝသတိ ဇေဋ္ဌာတိ ဝတ္ထု - တည်နေရာ၏အဖြစ် ကြောင့် ဝတ္ထုမည်၏၊ တိဋ္ဌတိ ဇေဋ္ဌာတိ ဍာနံ - တည်ရာ၏အဖြစ်ကြောင့် ဍာနလည်း

ဌာနံ–တည်း၊ ဣဒံ ဇာတိသတသဟဿမတ္တာနုဿရဏံ - ဤ ဘဝအသိန်းမျှကို အောက်မေ့နိုင်ခြင်းသည်၊ (ဣဒံကို ထပ်ဖွင့်သည်)၊ ပဌမံ–သော၊ ကာရဏံ–အကြောင်းတည်း၊ (ဌာနံကို ထပ်ဖွင့်သည်)၊ ဣတိအတ္ထော။

ဥပရိဝါရဒ္ဒယေဝိ-အထက်ဝါရ ၂ ပါးအပေါင်းဒ္ဒိလည်း၊ ဧသေဝနယော-ဤနည်းပင်တည်း၊ ဟိ - စိုးစဉ်းအနည်းငယ် ဆိုဘွယ်အထူးကား၊ ကေဝလံ–အောက်မေ့ရာကာလနှင့် မရောမယှက် သက်သက်၊ အယံဝါရော – ဤ ပဌမဝါရတို၊ အနေကဇာတိသဟဿာနုဿရဏာဝသေန-တပါးမက များစွာသော ဘဝအသိန်းတို့ကို အောက်မေ့နိုင်ခြင်း၏ အစွမ်းဖြင့်၊ ဝုတ္တော – ဟောတော်မူအပ်ပြီ။ [ရှေးစာအုပ်များ၌ “အနေက” ပုဒ် ကျနေသည်၊ ပါဠိတော်၌ “အနေက” ပုဒ် ပါသည်။] ဣတရေ – ပဌမဝါရမှ အခြားသော ဒုတိယဝါရ တတိယဝါရတို့ကို၊ ဒသ စတ္တာလိသ သံဝဋ္ဋ ဝိဝဋ္ဋ ကပ္ပါနုဿရဏာဝသေန – ၁၀ ပါးသော သံဝဋ္ဋဝိဝဋ္ဋကပ်, ၄၀ သော သံဝဋ္ဋဝိဝဋ္ဋကပ်တို့ကို အောက်မေ့နိုင်ခြင်း၏ အစွမ်းဖြင့်၊(ဝုတ္တာ-ကုန်ပြီ)၊ ဟိ-မှန်၊ မန္ဒပညော–နုံ့သော ပညာ

× × × × × × ×

မည်၏၊ ဤသို့ အနက်အရတူသောကြောင့် ရှေ့၌ “စတူဟိ ဝတ္ထူဟိ” ဟု ဝတ္ထုသဒ္ဒါဖြင့် မိန့်တော်မူအပ်ခဲ့သော အကြောင်းကိုပင် ဤနေရာ၌ “ဌာန” ဟု ဘုရားရှင် မိန့်တော်မူသည်၊ ထို့ကြောင့် ရှေ့၌ ဝတ္ထူဟိဟူသော စကားနှင့် ဤ၌ ဌာနဟူသော စကားသည် မဆန့်ကျင်ပါ–ဟူလို။

ကေဝလံ ဟိ။ ။“ဧသေဝ နယော”ဟု ဆိုသောကြောင့် “အားလုံးတူ၏” ဟု ထင်မှားဘို့ရန် အတိဗျာပိတဒေါသရောက်စရာရှိသောကြောင့်“ကေဝလံ ဟိ”စသည်ကို မိန့်။ [ကေဝလံဟိ, နိပါတ်ရှိ, အတိဒေါသပယ်၊–နိယံ။] ဒုတိယဝါရ၌ ဒသသံဝဋ္ဋဝိဝဋ္ဋကပ်ကို အောက်မေ့နိုင်ပုံပြခြင်း, တတိယဝါရ၌ စတ္တာလိသသံဝဋ္ဋဝိဝဋ္ဋကပ်ကို အော်မေ့နိုင်ပုံ ပြခြင်းအားဖြင့် အောက်မေ့ရာ ကာလချင်း ကွဲပြားပါသေးသည် – ဟူလို၊ ထိုသို့ အောက်မေ့ရာကာလချင်း ကွဲပြားသောကြောင့်ပင် နောက်လာမည့် အဓိစ္စသမုပ္ပတ္တိက ဝါရကဲ့သို့ ၂ ပါးသာ ပြတော်မမူဘဲ ၄ ပါးခွဲခြား၍ ပြတော်မူသည်။

မှတ်ချက်။ ။တက္ကီပုဂ္ဂိုလ်သည် အောက်မေ့ရာဘာဝ (အနည်းအများ) အမျိုးမျိုး ရှိနိုင်သကဲ့သို့, အနေကဇာတိသတသဟဿကို အောက်မေ့နိုင်သော ပုဂ္ဂိုလ်စသည်တို့လည်း ဘဝအနည်းအများ အမျိုးမျိုးရှိနိုင်၏၊ သို့ရာတွင် မန္ဒပညပုဂ္ဂိုလ်အတွက် အနေကဇာတိသတသဟဿကို အလွန်ဆုံး ၂အပိုင်းအခြားအဖြစ်ဖြင့် ပိုင်းခြားခြင်း၍ ဥက္ကဋ္ဌဟရိဏ္ဍဒနည်းအားဖြင့် ပြတော်မူသည်၊ ထို မန္ဒပညပုဂ္ဂိုလ်သည် အမျိုးမျိုးရှိပြန်ရကား အနေကဇာတိသတသဟဿအတွင်း၌ အနေကဇာတိသဟဿကို အောက်မေ့နိုင်သူ, အနေကဇာတိသတစသော အောက်အောဲဘဝအမျိုးမျိုးကို အောက်မေ့နိုင်သူအားဖြင့် အမျိုးမျိုး အောက်မေ့နိုင်သူများလည်း ရှိပါသည် – ဟူလို၊ မတ္ထိ်မပညပုဂ္ဂိုလ်အတွက် ဒသသံဝဋ္ဋဝိဝဋ္ဋကပ်, တိက္ခပညပုဂ္ဂိုလ်အတွက် စတ္တာလိသသံဝဋ္ဋဝိဝဋ္ဋကပ် များ၌လည်း ဤအတူပင်တည်း။

မှတ်ချက်။ ။တက္ကီပုဂ္ဂိုလ်သည် အောက်မေ့ရာဘာဝ (အနည်းအများ) အမျိုးမျိုး ရှိနိုင်သကဲ့သို့, အနေကဇာတိသတသဟဿကို အောက်မေ့နိုင်သော ပုဂ္ဂိုလ်စသည်တို့လည်း ဘဝအနည်းအများ အမျိုးမျိုးရှိနိုင်၏၊ သို့ရာတွင် မန္ဒပညပုဂ္ဂိုလ်အတွက် အနေကဇာတိသတသဟဿကို အလွန်ဆုံး ၂အပိုင်းအခြားအဖြစ်ဖြင့် ပိုင်းခြားခြင်း၍ ဥက္ကဋ္ဌဟရိဏ္ဍဒနည်းအားဖြင့် ပြတော်မူသည်၊ ထို မန္ဒပညပုဂ္ဂိုလ်သည် အမျိုးမျိုးရှိပြန်ရကား အနေကဇာတိသတသဟဿအတွင်း၌ အနေကဇာတိသဟဿကို အောက်မေ့နိုင်သူ, အနေကဇာတိသတစသော အောက်အောဲဘဝအမျိုးမျိုးကို အောက်မေ့နိုင်သူအားဖြင့် အမျိုးမျိုး အောက်မေ့နိုင်သူများလည်း ရှိပါသည် – ဟူလို၊ မတ္ထိ်မပညပုဂ္ဂိုလ်အတွက် ဒသသံဝဋ္ဋဝိဝဋ္ဋကပ်, တိက္ခပညပုဂ္ဂိုလ်အတွက် စတ္တာလိသသံဝဋ္ဋဝိဝဋ္ဋကပ် များ၌လည်း ဤအတူပင်တည်း။

ရှိသော၊ တိတ္ထိယော-တိတ္ထိသည်၊ အနေကဇာတိသတသဟဿ မတ္တံ – တပါး မက များစွာသော ဘဝအသိန်းမျှကို၊ အနုဿရတိ-အောက်မေ့နိုင်၏၊ မစ္ဆိုမ ပညော–အလယ်အလတ်၌ ဖြစ်သော ပညာရှိသော၊ (တိတ္ထိယော - သည်)၊ ဒသသံဝဋ္ဋဝိဝဋ္ဋကပ္ပါနိ-၁၀ ပါးသော သံဝဋ္ဋဝိဝဋ္ဋကပ်တို့ကို၊(အနုဿရတိ)၊ တိက္ခပညော–ထက်မြက်သော ပညာရှိသော၊(တိတ္ထိယော-သည်)၊စတ္တာလီသံ (သံဝဋ္ဋဝိဝဋ္ဋကပ္ပါနိ)–၄၀ သော သံဝဋ္ဋဝိဝဋ္ဋကပ်တို့ကို၊ (အနုဿရတိ)၊ တတော – ထို ဆိုအပ်ပြီးသော အဝိုင်းအခြားထက်၊ (အနေကဇာတိ သတသဟဿ, ဒသသံဝဋ္ဋဝိဝဋ္ဋကပ္ပ, စတ္တာလီသ သံဝဋ္ဋဝိဝဋ္ဋကပ္ပဟူသော အဝိုင်းအခြားထက်)၊ ဥဒ္ဓံ-အလွန်၊ ဝါ-အထက်၌၊ န(အနုဿရတိ)-မဇေ့မေ့နိုင်။

စတုတ္ထဝါရေ–စတုတ္ထဝါရ၌၊(အတ္ထော ဧဝံ ဝေဒိတဗ္ဗော)၊(ယော-အကြင် သမဏသည်၊ ဝါ–အကြင်ဗြာဟ္မဏသည်)၊ တက္ကယတိ-ကြံဆတတ်၏၊ ဣတိ-ထို့ကြောင့်၊ (သော-ထို သမဏသည်၊ ဝါ–ထို ဗြာဟ္မဏသည်)၊ တက္ကီ-တက္ကီမည်၏၊ ဝါ–တနည်း၊ အဿ-ထို သမဏ၏၊ ဝါ-ထို ဗြာဟ္မဏ၏၊ တက္ကော–ကြံဆခြင်းသည်၊ အတ္ထိ-ရှိ၏၊ ဣတိ-ကြောင့်၊(သော-သည်)၊ တက္ကီ - မည်၏၊ တေံ–ဤတက္ကီဟူသော အမည်သည်၊ တက္ကေတွာ – ကြံဆ၍၊ ဝိတက္ကေတွာ–အထူးသဖြင့် ကြံဆ၍၊ ဒိဋ္ဌိဂါဟိနော–မိစ္ဆာအယူကို ယူလေ့ရှိသော ပုဂ္ဂိုလ်၏၊ အဓိဝစနံ - အမည်တည်း၊ ဝိမံသာယ – စူးစမ်းတတ်သော ဉာဏ်အတုနှင့်၊ သမန္နာဂတော-ပြည့်စုံ၏၊ ဣတိ–ကြောင့်၊ ဝိမံသီ-ဝိမံသီမည်၏။

× × × × × × ×

တက္ကီ, ဝိမံသီ ။ ။ စုရာဒိတက္ကဓာတ်နောင် ဏိပစ္စည်းဖြင့် ကိတ်ဝိဂ္ဂဟ ပဌမပြု၏၊ "ကြံတတ်"ဟူသော ကတ္တားအနက်သည် "ကြံခြင်းရှိ" ဟူသော အဿတ္ထိအနက်နှင့် သဘောတူ၏၊ ထို့ကြောင့် အဿတ္ထိတဒ္ဓိတ် ဣပစ္စည်းဖြင့်လည်း ဒုတိယဝိဂ္ဂဟပြုသည်၊ ဗိမံသီ၌လည်း ဣသို့ပင် ၂ ဝိကပ်ပြုနိုင်၏၊ "ဝိမံသာယ သမန္နာဂတော"ကား အနက်အဓိပ္ပါယ်ပြုရုံသာ။ [ဝိမံသာယသမန္နာဂတောတိ အတ္ထဝစနမတ္တံ၊ နိဗ္ဗစနံ ပန တက္ကီပဒေ ဝိယ ဒ္ဋိဓာ ဝတ္တမ္ဗံ၊–ဋီကာသစ်။]

တက္က, ဝိမံသာ ။ ။ "ဏက္က"အရ ဝိတက်ကိုပင် အရကောက်ရ၏၊ လက္ခဏာအားဖြင့် အာရုံကို တိုးခေါက်သကဲ့သို့ ဖြစ်ခြင်း အာကောဋနလက္ခဏာရှိ၏၊ (တနည်း) မိစ္ဆာအယူ၏ တည်ရာဖြစ်သော ဆုံးဖြတ်ခြင်း လက္ခဏာရှိ၏။ [ဝိတက်၏ ကြံစည်မှု၌ "ဤသို့သာ ဖြစ်သင့်၏"ဟု ဆုံးဖြတ်ခြင်း သဘောလည်း ပါသည်။] "ဝိမံသာ" အရ ပညာကို ယူလေ့ရှိသော်လည်း ဤနေရာကား မိစ္ဆာအယူကို ပြရာဌာနဖြစ်သောကြောင့် ပညာအတုဖြစ်သော လောဘသဟဂုတ် စိတ္တုပ္ပါဒ်ကိုဂုဏ်း, (တနည်း) ပညာအတုဖြစ်သော မိစ္ဆာဘိနိဝေသ (မှားသော အားဖြင့် နှလုံးသွင်းတတ်သော) မနသိကာရကိုဂုဏ်း, (တနည်း) ဆုံးဖြတ်သော ဒိဋ္ဌိမဖြစ်မီ ရှေးအဖို့၌ ဖြစ်သော ဒိဋ္ဌိ၏ လှုပ်ရှားမှုကိုဂုဏ်း ယူရသည်၊–ဋီကာ။ [မိစ္ဆာအယူဖြင့် စဉ်းစားနေခြင်းကိုပင် "ဒိဋ္ဌိ၏လှုပ်ရှားခြင်းတမျိုး" ဟု ဆိုလိုသည်။]

ဝိမံသာနာမ– ဝိမံသာမည်သည်၊ တုလနာ – နှိုင်းချိန်ခြင်းတည်း၊ ရုစ္စနာ– ကြိုက်ခြင်းတည်း၊ ခမနာ–နှစ်သက်ခြင်းတည်း၊ ဟိ–ဥပမာဆောင် ထင်အောင် ပြဥုံးအံ့၊ ပုရိသော-သည်၊ ယဋ္ဌိယာ-တာဝါးဖြင့်၊(တိုင်းတာကြောင်း ဝါးဖြင့်)၊ ဥဒကံ–ရေကို၊ ဝိမံသိတွာ–စူးစမ်းနှိုင်းချိန်ပြီး၍၊ ဩတရတိ ယထာ-သက်ဆင်းသကဲ့သို့၊ ဧဝမေဝ–ဤအတူသာလျှင်၊ ယော - အကြင် သမဏသည်၊ ဝါ– အကြင် ဗြာဟ္မဏသည်၊ တုလယိတွာ- နှိုင်းချိန်၍၊ ရုစ္စိတွာ – ကြိုက်၍၊ ဝါ– သဘောကျ၍၊ ခမာယေတွာ–နှစ်သက်မှုကို ပြု၍၊ ဒိဋ္ဌိ -မိစ္ဆာအယူကို၊ ဂဏှာတိ–ယူ၏၊ သော-ထို သမဏကို၊ ဝါ– ကို၊ ဝိမံသိတိ– စူးစမ်းနှိုင်းချိန်ခြင်းရှိသူဟူ၍၊ ဝေဒိတဗ္ဗော-၏။[စာအုပ်တို့၌“ခမာပေတွာ-နှစ်သက်စေ၍”ဟု ရှိသော်လည်း သူတပါးကို နှစ်သက်စေစရာ မလို၊ မိမိကိုယ်တိုင် နှစ်သက်မှုကို ပြုခြင်းသာတည်း၊ ထို့ကြောင့် ကရဓာတ်၏အနက်၌ အာယပစ္စည်းဖြင့် “ခမာယေတွာ”ဟု နာမဓာတ် ဖြစ်သင့်မည် ထင်သည်။]

တက္ကပရိယာဟတန္တိ-ကား၊ တက္ကေန–ဝိတက်ဖြင့်၊ ပရိယာဟတံ-အဖန်ဖန် တီးခေါက်အပ်သော၊ တေန တေန ပရိယာယေန–ထိုထို အကြောင်းဖြင့်၊ တက္ကေတွာ-ကြံဆ၍၊ (ပရိယာဟတံ– သော၊) ဣတိ အတ္ထော-နက်၊ ဝိမံသာ

× × × × × × ×

တုလနာ, ရုစ္စနာ, ခမနာ။ ။ ဤ ၃ ပုဒ်သည် ပရိယာယ်ပင်ဖြစ်သော်လည်း “ တုလနာ ” အရ လောဘသဟဂုတ် စိတ္တုပ္ပါဒ်ဖြင့် နှိုင်းချိန်မှုသည် ပဌမကိစ္စတည်း၊ ထိုသို့ နှိုင်းချိန်ပြီးနောက် မိစ္ဆာဘိနိဝေသဟူသော မနသိကာရဖြင့် ကြိုက်ခြင်း (သဘောကျခြင်း) သည် ဒုတိယကိစ္စတည်း၊ ထိုသို့ သဘောကျပြီးနောက် လှုပ်ရှားသော ဒိဋ္ဌိဖြင့် နှစ်သက်နေမှု (မလွှတ်ရက် မပစ်ရက်အောင် စွဲနေမှု) သည် တတိယကိစ္စတည်း၊ ထိုကိစ္စ ၃ မျိုးဖြင့် ပြည့်စုံသူကို “ ဝိမံသိ ” ဟု ခေါ်ရသည်၊ ဤ ၃ ပုဒ်၏ အရကောက်မှာ ရှေ့မှ ပြခဲ့သော ဝိမံသာ၏ အရကောက် ၃ မျိုးပင်တည်း။

တက္ကပရိယာဟတံ။ ။“တက္ကေန+ပရိယာဟတံ”ဟု ရှေးဥုံးစွာ သမာသ်ပုဒ်ကို ခွဲပြ၏၊ ထို့နောက် ပရိကို “ တေန တေန ပရိယာယေန ” ဟု ဖွင့်၍ အာဟတံကို “တက္ကေတွာ”ဟု အဓိပ္ပါယ်ဖွင့်သည်၊ အာဟတံ၏ သဒ္ဒတ္ထမှာ“အာဟနန ပရိယာဟနန ရသော”၌ လာသော အာဟနနသဒ္ဒါအတိုင်း “တီးခေါက်အပ်” ဟု ဖြစ်၏၊ ဝိတက်၏ ကြံစည်နေခြင်းသည် အာရုံကို“ဒေါက်–ဒေါက်”ဟု တီးခေါက် နေခြင်းနှင့် တူ၏။

မှတ်ချက်။ ။“တက္ကေတွာ”အဖွင့်ကို ကြည့်၍ ဋီကာသစ်၌ ဤတက္ကပရိယာဟတံ ပုဒ်ကို ဘာဝနပုံသက (ကြိယာဝိသေသန) ပုဒ်ဟု ဆိုထား၏၊ ဤသို့ ကြိယာဝိသေသန ဖွင့်လျှင် ဒုတိယန္တပုဒ်ကို ဘာဝနပုံသကဟု ကြံရိုးပင် ဖြစ်ပါ၏၊ သို့သော် ဤပုဒ်သည် ဝိမံသာနုစရိတံ သယံပါဋိဘာနံပုဒ်တို့နှင့် အရတူ ဖြစ်သောကြောင့်ငင်း , ထို ပုဒ်တို့၏ စပ်ပုဒ်ကို “သဿတဒိဋ္ဌိံ ဂဟေတွာ ” ဟု နောက်၌ ထည့်လတံ့ ဖြစ်သောကြောင့်ငင်း ကြိယာဝိမသသန မဖြစ်နိုင်ပါ၊“တက္ကေတွာ”ကား အဓိပ္ပါယ်နက်မျှသာတည်း။

နုစရိတန္တိ-ကား၊ ဝုတ္တပ္ပကာရာယ-ဆိုအပ်ပြီးသော အပြားရှိသော၊("တုလနာ ရုစ္စနာ ခမနာ"ဟု ဆိုအပ်ပြီးသော အပြားရှိ၏သော)၊ တာယ ဝီမံသာယ – ထိုဉူးစမ်းနှိုင်းချိန်တတ်သော ဉာဏ်အတုဖြင့်၊ အနုစရိတံ – အဖန်ဖန် ဖြစ်စေအပ်သော။

သယံ ပါဋိဘာနန္တိ-ကား၊ အတ္တနော- မိမိ၏၊ (သယံ၏အဖွင့်)၊ ပဋိဘာန မတ္တသဏ္ဌာတံ–ရှေးရှု ထင်မြင်ခြင်းမျှကြောင့် ကောင်းစွာဖြစ်သော၊ ဧဝမာဟာတိ-ကား၊ သဿတဒိဋ္ဌိ-သဿတ အယူကို၊ ဂဟေတွာ-ယူပြီး၍၊ ဧဝံ- ဤသို့၊ ဝဒတိ- ပြောဆို၏။

× × × × × × ×

တနည်း။ ။ တဏ္ဍေတွာနောက်၌ " တဏ္ဍပရိယာဟတံ– ဝိတက်ဖြင့် အဖန်ဖန် တီးခေါက်အပ်သော " ဟု မူလသံဝဏ္ဏေတမ္မပုဒ်ကို ထပ်၍ ထည့်ပါ၊ ဤသို့ ထည့်လျှင် နေဝံဠ်ပြမည့် ပဏ္ဏာသအဋ္ဌကထာ ဖွင့်ပုံနှင့် ထပ်တူကျပေမည်။ [" တဏ္ဍပရိယာဟတံ၊ ၊ပေ၊ ဓမ္မံ ဒေသေတိ ဝိမံသာနုစရိတံ သယံ ပါဋိဘာနံ "ဟူသော မူလပဏ္ဏာသ- မဟာသိဟနာဒသုတ် ပါဠိတော်၌ "ဓမ္မံ" ဟုပင် စပ်ပုဒ် တိုက်ရိုက်ပါ၏၊ အဋ္ဌကထာ၌လည်း "တဏ္ဍပရိယာဟတံ"ကို "တဏ္ဍေတွာ ဧဝံ ဘဝိဿတိ ဧဝံ ဘဝိဿတီတိ တဏ္ဍပရိယာဟတံ ဓမ္မံ ဒေသေတိ"ဟု ဖွင့်သည်။]

ဝိမံသာနုစရိတံ။ ။အနုစရိတံကို ဋီကာ၌"အနုပဝတ္တိတံ"ဟု ဖွင့်၏၊ စရဓာတ်၏ ပဝတ္တနအနက်ကို ဖွင့်ခြင်းတည်း၊ " ဝိမံသာနုဂတေန ဝါ ဝိစာရေန အနုမဇ္ဇိတံ " ဟု တနည်း ဖွင့်၏၊ ဤ အဖွင့်သည် အဋ္ဌကထာမှ တနည်းဖွင့်ခြင်းတည်း၊ ဝိမံသာဖြင့် ထို ဝိမံသာကို အစဉ်လိုက်သော ဝိစာရတိုင်အောင် ယူပါ၊ "ဝိမံသာနုစရိတံ–စူးစမ်းတတ်သော ဉာဏ် (အတု) သို့ အစဉ်လိုက်သော ဝိစာရဖြင့် အဘန်ဘန် ပွတ်တိုက်အပ်သော" ဟု ပါဋိတော်၌ တနည်းပေးပါ–ဟူလို။

သယံ ပါဋိဘာနံ ။ ။ ပဋိဘာတိ-ရှေးရှုထင်မြင်တတ်၏၊ ဇုတိ ပဋိဘာနံ၊ အာရုံတခုခုကို ကြိုစည်သောအခါ ထိုအာရုံကိုထင်မြင်နေသော သိနေသောဉာဏ်ကို အခြားနေရာ၌"ပဋိဘာနံ" ဟု ခေါ်ရသော်လည်း ဤနေရာ၌ကား ကြိုဖန်များ၍ (အမှားပင်ဖြစ်စေကာမူ) ထို အာရုံကို ထင်စွာပြုတတ်သော (ထို အာရုံကို ထင်မြင်နေသော) ဒိဋ္ဌိသမ္မယုတ် စိတ္တုပ္ပါဒ်ကို"ပဋိဘာန"ဟု ခေါ်ပါ၊"ပဋိဘာနတော+ဇာတံ ပါဋိဘာနံ"ဟု ပြုစေလို၍ "ပဋိဘာနမတ္တသဏ္ဌာတံ " ဟု သဏ္ဌာတသဒ္ဒါထည့်၍ ဖွင့်သည်၊ မတ္တဖြင့် ရှေးတိထို ၃ မျိုးကဲ့သို့ တရားထူးရခြင်းကို ကန့်သည်။ [စာအုပ်တို့၌ "ပဋိဘာနံ" ဟု ရှိ၏၊ ဋီကာသစ်၌"ပါဋိဘာနံ"ဟု ရှိသည်။]

ဧဝမာဟ။ ။"သဿတဒိဋ္ဌိ ဂဟေတွာ"ဟု ထည့်ပါဠိသွင်း၍ အာဟကို ဝဒတိဟု ဖွင့်၏၊ ထို ပါဠိ၌ သဿတဒိဋ္ဌိဟူသည် " တဏ္ဍပရိယာဟတ ဝိမံသာနုစရိတ သယံ ပါဋိဘာန"ဟု ဝိသေသန ပြုအပ်သော ဒိဋ္ဌိပင်တည်း၊ ထို့ကြောင့်"တဏ္ဍပရိယာဟတံ-သော၊ပေ၊သယံပါဋိဘာနံ–သော၊ သဿတဒိဋ္ဌိ–ကို၊ ဂဟေတွာ-၍"ဟု ပါဋိတော်၌လည်း ထည့်ပါဠိသွင်း၍ အနက်ပေးပါ။

တတ္ထ–ထိ တက္ကိဝါရဒ္ဓ၊(လဇ္ဇာမာနော-ရထိုက်သော)၊ တက္ကီ-တက္ကီပုဂ္ဂိုလ်သည်၊ အနုဿုတိကော- အနုဿုတိက တက္ကီပုဂ္ဂိုလ်၎င်း၊ ဇာတိဿရော-ဇာတိဿရတက္ကီပုဂ္ဂိုလ်၎င်း၊ လာဘိ - လာဘိတက္ကီ ပုဂ္ဂိုလ်၎င်း၊ သုဒ္ဓတက္ကိကော– သုဒ္ဓတက္ကိကပုဂ္ဂိုလ်၎င်း၊ ဣတိ-ဤသို့၊ စတုဇ္ဈော-၄ ပါး အပြားရှိ၏။

တတ္ထ - ထို ၄ ပါးသော တက္ကီပုဂ္ဂိုလ်တို့တွင်၊ ယော – အကြင်ပုဂ္ဂိုလ်သည်၊ (သမဏဗြာဟ္မဏအမည်ရသောပုဂ္ဂိုလ်သည်)၊(ဂဏှာတိ ၌စပ်)၊ ဝေဿန္တရောနာမ – ဝေဿန္တရာမည်သော၊ ရာဇာ - မင်းသည်၊ အဟောသိ – ဖြစ်ခဲ့ပြီ၊ ဣတိအာဒီနိ - ဤသို့ အစရှိသောစကားတို့ကို၊ သုတ္တာ-ကြားရ၍၊ (ယေနကာရဏေန – အကြင် အကြောင်းကြောင့်၊ ဝေဿန္တရောနာမ - သော၊ ရာဇာ - သည်၊ အဟောသိ-ပြီ၊) တေန (ကာရဏေန)–ထို အကြောင်းကြောင့်၊ (ဟိ အနက်

× × × × × × ×

တတ္ထ၊ပေ၊အနုဿုတိကော ။ ။ တက္ကီပုဂ္ဂိုလ်သည် ၄ ပါး ပြားနိုင်သော်လည်း ပါဠိတော်၌ ကသေသနည်း သာမညနိဒ္ဒေသနည်းအားဖြင့် “ တက္ကီ ” ဟု ဧကဝုစ်ဖြင့် ဟောထားတော်မူရကား ထို ၄ ပါး အပြားကို ပြလို၍ တတ္ထစသည်မိန့်၊ အနုဿဝနံ– သူတပါးတို့ အထံမှ တဆင့်ကြားရခြင်း၊ အနုဿုတိ – ခြင်း၊ အနုဿုတိ ယဿာတိ အနုဿုတိကော။

ဇာတိဿရော။ ။ “ဇာတိံ ဝိ ဇာတိ” ၌ကဲ့သို့ ဇာတိသဒ္ဒါသည် ဖြစ်ခဲ့ရာဘဝကို ဟော၏၊ ဇာတိ – ဖြစ်ခဲ့ရာဘဝကို + သရတီတိ ဇာတိဿရော၊ “သရ” ဟု ဆိုသောကြောင့် အောက်မေ့တတ် မှတ်မိတတ်သော သတိရှိသူကို ယူပါ၊ ထိုသတိ၌ ယှဉ်ခြင်း မယှဉ်ခြင်းမှာ လိုရင်းမဟုတ်။ [တချို့ ဇာတိဿရများမှာ ကုသိုလ်သတိပင် မဟုတ်, အကုသိုလ်စိတ်၌ယှဉ်သော အမှတ်သညာကောင်းသော သတိအတုသာတည်း။]

လာဘိ။ ။“လာဘ”အရ ချာန်ရခြင်းမဟုတ်, ရူပသဒ္ဒ စသည့်အာရုံ ကာမဂုဏ်ကို ရခြင်း, သုခ ဒုက္ခစသည်ကို ရခြင်းတည်း၊ ချာန်ရခြင်းကို ပဋိဘာနမတ္တာ၌ မတ္တ သဒ္ဒါဖြင့် ပယ်ခဲ့ပြီ၊ ထိုသို့ ရခြင်းရှိသူ (ရအပ်သော ရူပသုခစသည်ရှိသူ) သည် ယခုဘဝ၌ ရနေသကဲ့သို့ “ ငါသည် ရွေးကလည်း ရခဲ့ဘူးပြီ , နောက်လည်း ရလတံ့ ” ဟု ငါဟူသော အတ္တ၏ သဿတအဖြစ်ကိုယူလေသည်။ [“အနုဿုတိကော ဟုတ္တာ တက္ကီ အနုဿုတိက တက္ကီ , ဇာတိဿရော ဟုတ္တာ တက္ကီ ဇာတိဿရတက္ကီ, လာဘီ ဟုတ္တာ တက္ကီ လာဘီ တက္ကီ”ဟု တွဲပါ။]

သုဒ္ဓတက္ကိကော ။ ။ သုဒ္ဓဖြင့် အနုဿုတိကစသော ၅ ပုဒ် မျိုးကို ကန့်သည်၊ တက္ကနံ တက္ကော၊ သုဒ္ဓေါ– အနုဿုတိက စသည်မဖက် သက်သက်သော + တက္ကော– ကြံခြင်းတည်း၊ သုဒ္ဓတက္ကော–ခြင်း။ [ဋီကာသစ်၌“သုဒ္ဓေန (ပုရိမေဟိ အသမ္မိဿေန), သုဒ္ဓံဝါ တက္ကနံ သုဒ္ဓတက္ကော”ဟု ပြု၏။] သုဒ္ဓတက္ကော ယဿာတိ သုဒ္ဓတက္ကီ။

တေနဟိ ယဒိ။ ။ဋီကာသစ်၌ တေနဟိကို ဉယျောဇနတ္ထနိပါတ်ဟု ဖွင့်၏၊ ဉယျောဇနတ္ထအနက်သည် သူတပါးကို တိုက်တွန်းရာ၌သာ ရထိုက်၏၊ [“ တေန ဟိ တာတ သုဒိန္န ဗိဇကၱပိ ဒေဟိ”–ပါရာဇိက သုဒိန္နကဏ္ဍ စသည်တည်း။] ဤ၌ကား တိုက်တွန်းမှု

မရှိ)၊ ဝေဿန္တရော ဝ-ဝေဿန္တရာမင်းသည်ပင်၊ ဘဂဝါ-မြတ်စွာဘုရားသည်၊ ယဒိ (ဟောတိ)– အကယ်၍ ဖြစ်အံ့၊ (ဧဝံသတိ)၊ အတ္တာ- အတ္တသည်၊ သဿတော– အခါခပ်သိမ်း ထင်ရှားရှိ၏၊ ဝါ– မြဲ၏၊ ဣတိ – ဤသို့၊ တက္ကယန္တော- ကြံဆလျက်၊ ဒိဋ္ဌိ – မိစ္ဆာအယူကို၊ ဂဏှာတိ– ယူ၏၊ အယံ– ဤပုဂ္ဂိုလ်သည်၊ အနုဿုတိကောနာမ – အနဿုတိကတက္ကီပုဂ္ဂိုလ် မည်၏၊ ဝါ – တဆင့်စကား ကြားခြင်းရှိသော တက္ကီပုဂ္ဂိုလ် မည်၏။

[စာအုပ်တို့၌ “ ဒွေ တိဿော ” ဟု ရှိ၏၊ ဤကဲ့သို့ သမာသ်မတွဲဘဲ ဝါကျ ရှိလျှင် “ ဒွေဝါ တိဿောဝါ ” ဟု ရှိရသည်၊ သို့မဟုတ် ဝါသဒ္ဒါ၏ အနက်၌ သရှေ်ျာဘယ ပဒဗဟုဗ္ဗိဟိသမာသ်တွဲ၍ “ ဒွတ္တိဿော ” ဟု ရှိရသည်။] ဒွတ္တိဿော- ၂ ပါး ၃ ပါးကုန်သော၊ ဇာတိယော– ဘဝတို့ကို၊ သရိတ္တာ–အောက်မေ့နိုင်၍၊ ဝါ-အမှတ်ရနိုင်၍၊ အဟမေဝ-ငါသည်ပင်၊ ပုဗ္ဗေ-ရှေး၌၊ အသုကသ္မိံ နာမ– ထို မည်သော်ဘဝ၌၊ အဟောသိံ - ဖြစ်ခဲ့ပြီ၊ တသ္မာ- ထို့ကြောင့်၊ (ငါသည်ပင် ရှေး၌ ထိုမည်သောဘဝဝယ် ဖြစ်ခဲ့သည်၏အဖြစ်ကြောင့်၊) အတ္တာ-သည်၊ သဿတော- ၏၊ ဝါ- ၏၊ ဣတိ- သို့၊ တက္ကယန္တော – ကြံဆသောပုဂ္ဂိုလ်သည်၊ ဇာတိဿရ တက္ကိကောနာမ – ဇာတိဿရ တက္ကိကပုဂ္ဂိုလ် မည်၏၊ ဝါ– ဘဝဟောင်းကို အောက်မေ့နိုင်သည်ဖြစ်၍ ကြံဆခြင်းရှိသောပုဂ္ဂိုလ် မည်၏။

ပန-ကား၊ ယော–အကြင် ပုဂ္ဂိုလ်သည်၊ (သမဏ ဗြာဟ္မဏ အမည်ရသော ပုဂ္ဂိုလ်သည်၊) လာဘီတာယ – ရူပဿဒ္ဒ စသည့်အာရုံကို ရခြင်းရှိသည်၏အဖြစ်ကြောင့်၊ (တက္ကယိတ္တာ ဒိဋ္ဌိ ဂဏှာတိ ၌စပ်)၊ ဣဒါနိ - ယခုဘဝ၌၊ မေ - ငါ၏၊ အတ္တာ-အတ္တသည်၊ သုခီ-ချမ်းသာခြင်းရှိသည်၊ ဟောတိ ယထာ-ဖြစ်သကဲ့သို့၊ ဧဝံ- တူ၊ အတီတေပိ – အတိတ်ဘဝ၌လည်း၊ (မေ- ၏၊ အတ္တာ- သည်၊ သုခီ– သည်၊) အဟောသိ- ဖြစ်ခဲ့ပြီ၊ ဧဝံ- တူ၊ အနာဂတေပိ – အနာဂတ်ဘဝ၌လည်း၊

× × × × × × ×

ကြိယာ မပါသောကြောင့် ဥယျောဇနတ္ထ မဖြစ်သင့်၊ “ တေနဟိတိ ယသ္မာ အဇ္ဇသုဒိန္နော အာဂမိဿတိ, တေန ကာရဏေန ” ဟု သုဒိန္နကဿအဖွင့်အတိုင်းသာ အနက်ဖြစ်သင့်၏၊ ထိုအနက်သည် “ ယဒိ ဧဝံသန္တ ရော ဝ ဘဂဝါ (ဧဝံသတိ) ” နှင့် သဘောတူပင်တည်း။ [ဟိတ်အနက် လက္ခဏအနက်မျှသာ ကွဲသောကြောင့် သဘောတူဟု ဆိုလိုက်သည်။] ထို့ကြောင့် တေနဟိကိုပင် ယဒိ စသည်ဖြင့် ထပ်ဆင့်၍ အဓိပ္ပါယ်ဖေါ်သည်ဟု မှတ်ပါ။

အနာဂတော ပိ။ ။ပုဗ္ဗန္တကပ္ပကဒိဋ္ဌိတို့ကို ပြရာဌာနဖြစ်သောကြောင့် အတိတ်ခန္ဓာကို ကြံဆခြင်းသာ လိုရင်းဖြစ်၏၊ အနာဂတ်ခန္ဓာကို ကြံဆခြင်းမှာ ဤနေရာ၌ လိုရင်းမဟုတ်၊ သို့သော် လာဘီတက္ကိပုဂ္ဂိုလ်မှာ ဤသို့ အနာဂတ်အတွက် ကြံဆခြင်းလည်း ဖြစ်နိုင်ရာသောကြောင့် ဖြစ်သင့်သည်ကို ပြခြင်း၏အစွမ်းဖြင့် “ အနာဂတေပိ ဧဝံ ဘဝိဿတိ ”ကို ထည့်၍မိန့်သည်-ဟု ဋီကာဆို၏။

(မေ- ၏၊ အတ္တာ- သည်၊ သုဒ္ဓိ - သည်)၊ ဘဝိဿတိ- ဖြစ်လတံ့၊ (ဋီကာဌ် ဧဝံ ပါဌသည်)၊ ဣတိ-သို့၊ တက္ကယိတ္ထာ--ကြံဆ၍၊ ဒိဋ္ဌိ - မိစ္ဆာအယူကို၊ ဂဏှာတိ--ယူ၏၊ အယံ- ဤပုဂ္ဂိုလ်သည်၊ လာဘီ တက္ကီကောနာမ - လာဘီတက္ကီကပုဂ္ဂိုလ် မည်၏၊ ဝါ-ရူပသဒ္ဒ စသည့်အာရုံကို ရခြင်းရှိသည်ဖြစ်၍ ကြံဆခြင်းရှိသောပုဂ္ဂိုလ် မည်၏၊ ပန- ကား၊ ဧဝံသတိ- ဤသို့ အနိစ္စဖြစ်လသော်၊ ဣဒံ - ဤအပြစ်သည်၊ ဟောတိ-ဖြစ်၏၊ (တနည်း) ဧဝံသတိ- ဤသို့ နိစ္စဖြစ်လသော်၊ ဣဒံ- ဤအကျိုးသည်၊ ဟောတိ-ဖြစ်၏၊ ဣတိ-သို့၊ တက္ကမတ္တေနေဝ- ကြံဆခြင်းမျှကြောင့်သာ၊ (ဒိဋ္ဌိ-မိစ္ဆာအယူကို)၊ ဂဏှန္တော-ယူသောပုဂ္ဂိုလ်သည်၊ သုဒ္ဓတက္ကီကောနာမ-သုဒ္ဓတက္ကီကပုဂ္ဂိုလ် မည်၏၊ ဝါ-အနုဿုတိစသည်မဖက်, သက်သက် ကြံဆခြင်းရှိသောပုဂ္ဂိုလ် မည်၏။

တေသံ ဝါ အညတရေနာတိ- ကား၊ စတုန္နံ- ၄ ပါးကုန်သော၊ တေသံ ယေဝ ဝတ္ထူနံ-ဤအကြောင်းတို့တွင်ပင်၊ အညတရေန- အမှတ်မထား တပါး ပါးသော၊ ဧကေန ဝါ- တပါးသောအကြောင်းဖြင့် သော်၎င်း၊ ဒ္ဝီဟိ ဝါ- ၂ ပါးသော အကြောင်းတို့ဖြင့်သော်၎င်း၊ တီဟိ ဝါ - ၃ ပါးသော အကြောင်းတို့ဖြင့် သော်၎င်း၊ (ပညပေန္တိ - ပညတ်ကြကုန်၏၊) [အနိယမတ္ထ အနက်ပေးရာ၌ "မှုလည်း" ဟု ပေးရိုးရှိသော်လည်း ဤနေရာ၌ ထိုသို့ ပေးခြင်းမကောင်း။]

× × × × × × ×

ဧဝံသတိ ဣဒံ ဟောတိ ။ ။ ဤစကားဖြင့် တက္ကီပုဂ္ဂိုလ်၏ သဿတဟု ယူဘို့ရန် အကြောင်းယုတ္တိ ရှာပုံကို ပြ၏၊ ဧဝံသတိ- ဤအတ္တသည် မမြဲလျှင်၊ ဣဒံ ဟောတိ-ဤဘဝ၌ ကံပြုသူက တခြား , နောက်ဘဝ၌ ခံစားသူကတခြား ဖြစ်မှာပေါ့၊ [ဒီဘဝ ဒီကိုယ်စံ, နောက်ဘဝ နောက်ကိုယ်ခံလိမ့်မည်"ဟူသော မြန်မာအပြောမျိုးပင်တည်း၊] တထာစသတိ--ထိုသို့ ဖြစ်လျှင်လည်း၊ ဣဒံ ဟောတိ- ပြုအပ်ပြီးသောကံ၏ ပျက်စီးခြင်း, မပြုအပ်သောကံ၏ ရွေးရှုလာခြင်းလည်း ဖြစ်စရာရှိသည်၊ ထို့ပြင်- ဧဝံသတိ--အတ္တသည် နိစ္စ ဖြစ်လျှင်၊ ဣဒံဟောတိ - အကြင်သူသည် ကံကိုပြု၏, ထိုသူသည်ပင် အကျိုးကို ခံစားရသောကြောင့် ပြုအပ်ခဲ့သောအပြစ်များ မရောက်တော့၊ ဤသို့ " အတ္တသည် မြဲ၏ " ဟု ယူဆဘို့ရန် အကြောင်းယုတ္တိကို ရှာသည်။

တက္ကမတ္တေနေဝ။ ။မတ္တဖြင့် အနုဿုတိစသော ရှေ့ ၃ မျိုးကိုကန့်သည်၊ မှန်၏--အနုဿုတိကစသော ပုဂ္ဂိုလ်များလည်း ဘုရားရှင်သည် ဝေဿန္တရာမင်း ဖြစ်ခဲ့ဘူးလျှင် "အတ္တသည် မြဲရာရောက်၏"စသည်ဖြင့် ကြံဆမှု (တက္က) သဘော ပါသေး၏၊ သို့သော်လည်း ထို ကြံဆခြင်းသည် အနုဿုတိနှင့် ရောနေသေး၏၊ ဤ တက္ကီပုဂ္ဂိုလ်၏ ကြံဆခြင်းကား အနုဿုတိစသည်မဖက် သက်သက် ကြံဆရုံသာဖြစ်သည်၊ ထို့ကြောင့် သုဒ္ဓတက္ကီကဟု ခေါ်၏။ [မတ္တေနေဝ၌ ဧဝဖြင့် သန္နိဋ္ဌာနာဝဓာရဏာကို ပြသည်။]

အညတရေန။ ။ပါဠိတော်၌ "ဣမေဟေဝ စတူဟိ ဝတ္ထူဟိ, တေသံဝါ အညတရေန"ဟု ရှိ၏၊ ထို၌ "ဣမေဟေဝ"ဝယ် ဧဝဖြင့် "ဤ ၄ ပါးသောအကြောင်းထက် အပိုအမိုမရှိ"ဟု ကန့်၏၊ ထိုကန့်ပုံမှာ "နတ္ထိ ဣတော ဗဟိဒ္ဓါ"ဟု ပြအပ်လတံ့ဖြစ်သော

နတ္ထိ ဣတော ဗဟိဒ္ဓါတိ – ကား၊ ဣမေဟိ ဝတ္ထူဟိ – ဤ ၄ ပါးသော အကြောင်းတို့မှ၊ ဗဟိ ပန-အပြင်ပဋ္ဌကား၊(တနည်း)ဗဟိ-အပြင်ပဖြစ်သော၊ အည္ဆံ–အခြားသော၊ ကေကာရဏံဝိ – တပါးသော အကြောင်းသည်လည်း၊ သဿတပညတ္တိယာ– သဿတ ဟု ပညတ်ဘို့ရာ၊ နတ္ထိ– မရှိတော့၊ ဣတိ–သို့၊

× × × × × × ×

ကြောင့် အထူးမဖွင့်တော့ဘဲ "အညတရေန" ဟူသော ကေဝစနန္တပုဒ်ကို "ဧကေန" ဟူသော ကေဝစနန္တသရိုးဖြင့်ဝင်း, ဝါသဒ္ဒါ၏ အနိယမတ္ထကို "ဒ္ဝိဟိဝါ တိဟိဝါ" ဟုဝင်း ဖွင့်သည်။ [အညတရေနာတိ တေသ အတ္ထံ ဒသေတုံ ဧကေနာတိ ဝုတ္တံ၊ ဝါသဒ္ဒသ ပန အနိယမတ္ထံ ဒသေတုံ ဒ္ဝိဟိဝါ တိဟိဝါတိ ဝုတ္တံ၊–ဋီကာ။] ဤဒိုကာဖွင့်ဌ ကေန နောက်ဝယ် ဝါသဒ္ဒါ မပါ, "အညတရေနဝါ ဧကေန "ဟု ရှိရမည်၊ ထို ဝါသဒ္ဒါဖြင့် "ဧကေန"အရ အကြောင်းတခု၏ အမြဲမဟုတ်ခြင်းဟူသော အနိယမတ္ထကိုပြသည်။

အနိယမတ္ထ ။ ။သမုစ္စည်းကဲ့သို့ တွဲဘက်အနက်များကို တပြိုင်နက် အားလုံးရအောင် စုစည်းနိုင်ခြင်းလည်းမရှိသော, ဝိကပ်အနက်ကဲ့သို့ တွဲဘက်အများတွင် တခုခုသာ ရနိုင်သောအနက်မျိုးလည်း မဟုတ်သော...."သီးသီးရံခါ, ပြိုင်ရံခါ, အနိယမတ္ထာထွန်းသတည်း"ဟူသော ရှေးနိယာမ်နှင့်အညီ, ရံခါအကြောင်း ၄ ပါးလုံး, ရံခါတပါး, ရံခါ ၂ ပါး, ရံခါ ၃ ပါးသောအကြောင်းများ ရနိုင်ခြင်းအားဖြင့် အမြဲ သတ်မှတ်၍ မရအပ်သောအနက်ကိုပြသော ဝါသဒ္ဒါကို အနိယမတ္ထဟု ခေါ်သည်။ [ဒ္ဝိဟိဝါ တိဟိဝါဠ္ဟ ဝါသဒ္ဒါတို့လည်း အနိယမတ္ထပင်တည်း။]

အဠာနပယုတ်။ ။ပါဠိတော်၌ "တေသံဝါ အညတရေန"ဟု အညတရေနနှင့် တွဲ၍ အနက်ပေးရမည့် ဝါသဒ္ဒါကို တေသံ၏နောက်၌ ထား၏၊ ထိုသို့ ထားခြင်းကို အဠာနပယုတ္တ (အဠာနပယုတ်) ဟု ခေါ်ကြ၏၊ အဠာနေ–မထားထိုက်သောနေရာ၌+ပယုတ္တော – ယှဉ်စပ်အပ် သုံးစွဲအပ်သော သဒ္ဒါတည်း၊ အဠာနပယုတ္တော – ဒ္ဒါ၊ ထိုသို့ အဠာနပယုတ္တသဒ္ဒါကို အနက်ပေးသောအခါ ထားထိုက်သောဌာနသို့ရွှေ့၍ အနက်ပေးရသည်၊ ဤသို့ မထားသင့်သောနေရာ၌ ထားခြင်းသည် ပုဒ်ကို တင့်တယ် စမွယ်စေခြင်း စကားချောစေခြင်းအကျိုး ရှိ၏။

ပဒလိဋ္ဌာဒိနာ ဌာနေ, ပယုတ္တော ပယောဇယေ၊
ဌာနေ ဌာနေ ပယုတ္တေစ, အဠာနေ နော ပယောဇယေ။

ပဒလိဋ္ဌာဒိနာ– ပုဒ်၏ တင့်တယ်စမွယ်ခြင်း အစရှိသော အကြောင်းကြောင့်၊ အဠာနေ- မယှဉ်စေသင့်ရာ ဌာန၌၊ ပယုတ္တော - ယှဉ်စပ် သုံးစွဲအပ်သော သဒ္ဒါတို့ကိုလည်း၊ ဌာနေ-သုံးစွဲသင့်ရာဌာန၌၊ ပယောဇယေ-အနက်ပေးသောအခါ ယှဉ်စေရာ၏၊ ဌာနေ-သုံးစွဲသင့်ရာဌာန၌၊ ပယုတ္တေစ– ယှဉ်စပ်သုံးစွဲအပ်ပြီးသော သဒ္ဒါတို့ကိုကား၊ အဠာနေ-၌၊ နော ပယောဇယေ-မယှဉ်စေရာ။ ["ပဒလိဋ္ဌာဒိနာ+အဠာနေ"ဟု ပုဒ်ဖြတ်၊ ဖြစ်သင့်သလို ပြင်ထားသော ဧဘေဒစိန္တာဋီကာ။]

ဗဟိဒ္ဓါ, ဗဟိ။ ။ပါဠိတော်၌"နတ္ထိ ဣတော ဗဟိဒ္ဓါ"ဝယ် ဣတောကို"ဣမေဟိ ဝတ္ထူဟိ"ဟုဝင်း, ဗဟိဒ္ဓါကို "ဗဟိ"ဟုဝင်း ဖွင့်၍ နတ္ထိ၏ကတ္တားကို "အည္ဆံ ကေကာရဏမ္ပိ"ဟု ရသင့်ရာထည့်၍ ဖွင့်သည်၊ ဋီကာသစ်၌ကား "ဗဟိပုဒ်ကိုပင် ကတ္တား

အပ္ပဋိဝတ္တိယံ - ဆန့်ကျင်ဘက် မဖြစ်စေအပ်, မဖြစ်စေနိုင်သော၊ သီဟနာဒံ– ခြင်္သေ့မင်း၏ ဟောက်ခြင်းအလား ရဲရဲရဲခြင်းကင်း ရဲတင်းသောစကားတော်ကို၊ နဒတိ– မိန့်မြွက်တော်မူပါ သတည်း။

တယိဒံ၊ပေ၊ပဇာနာတီတိ–ကား၊ ဘိက္ခဝေ–တို့၊ စတုဗ္ဗိဓမ္မိ– ၄ ပါးအပြား ရှိသည်လည်းဖြစ်သော၊ တံ ဣဒံ ဒိဋ္ဌဂတံ – ထိုသို့ပြားသော ၅၂ မိစ္ဆာအယူကို၊ တထာဂတော – မြတ်စွာဘုရားသည်၊ နာနာပုဂ္ဂလသည်၊ အထူးထူးသော အပြားအားဖြင့်၊ ဇာနာတိ - သိတော်မူ၏။ တတော – ထိုသို့ အထူးထူးသော အပြားအားဖြင့် သိတော်မူခြင်းကြောင့်၊ တံ ပဇာနနာကာရံ-ထိုအထူးထူးသော အပြားအားဖြင့်သိပုံအခြင်းအရာကို၊ ဒဿန္တော-ပြတော်မူလိုသည်၊(ဟုတွာ-၍၊ ဝါ-ကြောင့်)၊ ဣမေ ဒိဋ္ဌိဋ္ဌာနာတိအာဒိ-အစရှိသောစကားရပ်ကို၊ အာဟ-မိန့်တော်မူပြီ။

× × × × × × ×

ဟောဟု ကြို၍ ဗဟိဒ္ဓါကိုလည်း ဗဟိအနက်ကိုဟောသော ကတ္တုဒ္ဒေနိပါတ်”ဟု ဖွင့်လေ၏၊ ထိုအလို “အညံ ကေကာရဏံ”သည် ဗဟိ၏ သရုပ်ပြတည်း။ [ကတ္တားအနက်ကို အဋ္ဌကထာဆရာဆိုလိုလျှင်“ဗဟိဘူတံ”ဟုသာ ဖွင့်လေ့ရှိ၏၊ ထိုသို့ မဖွင့်သောကြောင့် ဗဟိဒ္ဓါ ဗဟိ ၂ ပုဒ်လုံးပင် သတ္တမျတ္ထနိပါတ်ဟု ထင်သည်၊ ထို့ပြင်–စာအုပ်တို့၌ “ကေ ကာရဏာမိ ”ဟု တွေ့ရ၏၊ သမာသ်မတွဲလျှင် “ ကေမိ ကာရဏံ ” မှာ ထားရိုးတည်း၊ သမာသ်တွဲလျှင်ကား “ကေကာရဏာမိ ”ဟု ထားရိုးဖြစ်၏၊ ဝိသည် ဂရဟာဇောတကတည်း။]

အပ္ပဋိဝတ္တိယံ။ ။ဓမ္မစက္ကပဝတ္တနသုတ်၌ ဘုရားရှင်သည်“ဇာတိပိ ဒုက္ခာ”စသည်ဖြင့် ဟောတော်မူအပ် လည်စေအပ်သော ဓမ္မစက္ကာကို သမဏဗြာဟ္မဏစသူ တစုံတယောက်မျှ “ ဇာတိပိ သုခါ” ဟု ဆန့်ကျင်ဘက် မလည်စေအပ် , မလည်စေနိုင်မဟောနိုင်သည်ကို “ အပ္ပဋိဝတ္တိယံ ” ဟု ယူရသကဲ့သို့, ဤနေရာ၌လည်း ဘုရားရှင်က “သဿတဟု ပညတ်ဘို့ရန် အကြောင်းဝတ္ထု ၄ ပါးအပြင် မရှိ”ဟု ရဲရဲဝံ့ဝံ့ မိန့်တော်မူအပ်သော သီဟနာဒကို “ သဿတဟု ပညတ်ဘို့ရန် ၄ မျိုး မက ရှိသေး၏”ဟု တစုံတယောက်မျှ ဆန့်ကျင်ဘက် မဖြစ်စေအပ် မဖြစ်စေနိုင် , မပြောဆိုနိုင်သည်ကို “ အပ္ပဋိဝတ္တိယံ”ဟု မှတ်ပါ။

တယိဒံ၊ပေ၊ပဇာနာတိ။ , ။တသဒ္ဒါဖြင့်“သဿတံ အတ္တာနဉ္စ လောကဉ္စ ပညပေန္တိ ”ဟု ပြခဲ့သည့် ဒိဋ္ဌိ ၄ မျိုးကို ပြန်စွဲပါ-ဟဲ့ သိစေလို၍ “တံ ဣဒံ စတုဗ္ဗိဓံပိ ဒိဋ္ဌိဂတံ ” ဟု ဖွင့်သည်၊ “သဗ္ဗညုတဉာဏ်ပုဗ္ဗင်္ဂမ, ဆင့်၍ထုတ်မူ, နေဝံပုဗ္ဗင်္ဂတခု အနက်မဲ့သော များသတည်း” ဟု ဆိုရိုးရှိသော်လည်း နောက် သဗ္ဗညုတဉာဏ်ပုဗ္ဗင်္ဂအတွက် အနက်မဲ့စေလိုလျှင် ထည့်၍ မဖွင့်တတ်၊ ဤနေရာ၌ကား အနက် မမဲ့စေလိုသောကြောင့် “ ဣဒံ ” ကို ထည့်၍ ဖွင့်သည်၊ “ထို ၄ မျိုးပြားသော ” ဟု တသဒ္ဒါဖြင့် မျက်ကွယ်အနက်ကို ညွှန်ပြ၍, ယခုပြအပ်ဆဲဖြစ်သောကြောင့် ဣဒံသဒ္ဒါဖြင့် မိစ္ဆာအယူ၏ မျက်မှောက်၏အဖြစ်ကို ညွှန်ပြသည်၊ ပဇာနာတိ၌ “ပ”ကို “နာနပ္ပကာရတော”ဟု ဖွင့်သည်။

တတ္ထ–ထိုဣမေဒိဋ္ဌဓာနာအစရှိသော စကားရပ်၌၊(အဝယဝတ္ထော-အစိတ်ဖြစ်သော အနက်ကို၊ ဧဝံ ဝေဒိတဗ္ဗော)၊ ဒိဋ္ဌယေဝ-ဒိဋ္ဌသည်ပင်၊ ဒိဋ္ဌဓာနံနာမ-ဒိဋ္ဌဓာနမည်၏၊(တနည်း)ဒိဋ္ဌယောဝ–တို့သည်ပင်၊ ဒိဋ္ဌဓာနာနာမ–တို့မည်၏၊ အပိစ – သည်သာ မကသေး၊ ဒိဋ္ဌိနံ – တို့၏၊ ကာရဏာမိ – အကြောင်းသည်လည်း၊ ဒိဋ္ဌဓာနမေဝ– ဒိဋ္ဌဓာနမည်သည်သာ၊ ယထာဟ- အဘယ်ကဲ့သို့ မိန့်တော်မူသနည်း၊ ကတမာနိ၊ပေ၊ဝံ ပရတောပိ ယောသော ဒိဋ္ဌဓာနံတိ-ဟူ၍၊ (ဓမ္မသေနာပတိ အာဟ)။ [အဒ္ဒ- ရှစ်ပါးကုန်သော၊ ဒိဋ္ဌဓာနာနိ–ဒိဋ္ဌဓာနတို့ဟူသည်၊ ကတမာနိ-အဘယ်တို့နည်း၊ ခန္ဓာပိ–ခန္ဓာတို့သည်လည်း၊ ဒိဋ္ဌဓာနံ–ဒိဋ္ဌဓာနတည်း၊ ဝါ- ဒိဋ္ဌတို့၏ တည်ရာ အကြောင်းတည်း၊ အဝိဇ္ဇာပိ-အဝိဇ္ဇာသည်လည်း၊ပေ၊ ပါပမိတ္တောပိ – ယုတ်မာသော မိတ်ဆွေသည်လည်း ၊ ပေ၊ ပရတော- သူတပါးတို့အထံမှ၊ ယောသောပိ-ကြားအပ်သော အသံသည်လည်း၊ ဒိဋ္ဌဓာနံ-တည်း၊ (ထို ၈ ပါး၏ ဒိဋ္ဌဓာနဖြစ်ပုံကို ခွဲပြလို၍ ပါဠိတော်၌ "ခန္ဓာဟေတု"စသည်ကို မိန့်၊) ဒိဋ္ဌိနံ- ဒိဋ္ဌိတို့၏၊ ဥပါဒါယ - စွဲမှီ၍၊ သမုဋ္ဌာနဋ္ဌေန–

× × × · × × × ×

ဒိဋ္ဌဓေဝဓိဋ္ဌဓာနံ ။ ။ [ဋီကာဟောင်း၌ ဤသို့ ကေဝုစ်ရှိ၏၊ အပိစတက်သော နောက်ဝါကျ၌လည်း "ဒိဋ္ဌဓာနံ"ဟုပင် ဧကဝုစ်ရှိသည်၊ ဋီကာသစ်၌ကား "ဒိဋ္ဌဓေဝဓိဋ္ဌဓာနာ"ဟု ဗဟုဝုစ်ရှိ၏၊] ဤပါဌ်ဖြင့် ဒိဋ္ဌဓမ္မဓာနတို့ အရတူကြောင်းကို ပြသည်၊ ဒိဋ္ဌဓေဝ- ဒိဋ္ဌသည်ပင်+ဌာနံ- များစွာသော အကျိုးမဲ့တို့၏ တည်ရာအကြောင်း၊တည်း၊ ဒိဋ္ဌဓာနံ – အကြောင်း၊ " မိန္ဆာဒိဋ္ဌပရမာဟံ ဘိက္ခဝေ ဝဒ္ဓံ ဝဒါမိ " နှင့် အညီ မိန္ဆာအယူကို အခြေခံ၍ များစွာသော မကောင်းမှုများ ဖြစ်ကြရကား မိန္ဆာအယူသည် များစွာသောအကျိုးမဲ့တို့၏ တည်ရာအကြောင်းဖြစ်သည် - ဟူလို။ [ဒိဋ္ဌဓေဝ ဒိဋ္ဌဓာနံ ပရမဝဇ္ဇတာယ အနေကဝိဟိတာနံ အနတ္ထာနံ ဟေတုဘာဝတော၊–ဋီကာ။]

အပိစ၊ပေ၊ဌာနံ။ ။ ဤနည်းဖြင့် ဆဋ္ဌိတပ္ပုရိသ်ကို ပြသည်၊ "ဒိဋ္ဌိတို့၏+တည်ရာအကြောင်း"ဟူသည် ပြအပ်လတ္တံသော ခန္ဓာ, အဝိဇ္ဇာစသည်တည်း၊ တိဋ္ဌန္တိ ဇော်တီဌာနံ–ဒိဋ္ဌိတို့၏တည်ရာ ခန္ဓာ အဝိဇ္ဇာစသော အကြောင်း၊ "ခန္ဓာပိ ဒိဋ္ဌဌာနံ" စသည်ကား ပဋိသမ္ဘိဒါမဂ်, ဒိဋ္ဌိကထာ ပါဠိတော်တည်း။

ဒိဋ္ဌိနံ ဥပါဒါယ သမုဋ္ဌာနဋ္ဌေန။ ။ ["ဒိဋ္ဌိဋ္ဌာနံ"ဟု ပါဌ်ပျက်တတ်၏။] ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌ " ခန္ဓာ ဝေ ဒိဋ္ဌိနံ ဥပါဒါယ ဇနကဟေတုစေဝ ဥပတ္ထမ္ဘကပစ္စယောစာတိ အတ္ထော"ဟု ဖွင့်သောကြောင့် "ဒိဋ္ဌိနံ ဥပါဒါယ"ဟု ပါဌ်မှန်ရှိပါစေ၊ "ဥပဂါဒါယ"ဟု ဋီကာသစ်၌ မူကွဲပြသော်လည်း ထိုပါဌ်ကိုတော်၌ မရှိ၊ အဋ္ဌကထာလည်း မဖွင့်၊ သမုဋ္ဌဟန္တိ ဥပဂ္ဂဏှန္တိ ဇတေနာတိ သမုဋ္ဌာနံ–ဒိဋ္ဌိတို့၏ ဖြစ်ကြောင်းဖြစ်သော ခန္ဓာစသောတရား၊ ထိုသို့ ဖြစ်ကြောင်း၏အဖြစ်ကို "သမုဋ္ဌာနဋ္ဌ" ဟု ဆိုသည်၊ အဋ္ဌ (အတ္ထ) သဒ္ဒါသည် ဘာဝအနက်ဟောတည်း။ [သမုဋ္ဌာနဘာဝေါ သမုဋ္ဌာနဋ္ဌော၊–ဋီကာ။] သတ္တဲ့ဝယဒိဋ္ဌိဖြစ်ရာ၌ ခန္ဓာ ၅ ပါးကိုစွဲ၍ (အာရုံပြု၍) ဖြစ်ရ၏၊ ထို့ကြောင့် ခန္ဓာတို့ကို "ဒိဋ္ဌိဖြစ်ရာဌာန" ဟု ဆိုသည်၊ အဝိဇ္ဇာစသည်တို့၏ ဒိဋ္ဌိဌာနဖြစ်ပုံကို ဋီကာကြည့်ပါ။

ဖြစ်ကြောင်း၏ အဖြစ်ကြောင့်၊ ခန္ဓာ - ခန္ဓာ ၅ ပါးတို့သည်၊ ဟေတု – ဇနက အကြောင်းတည်း၊ ခန္ဓာ- တို့သည်၊ ပစ္စယော - ဥပတ္ထမ္ဘက အကြောင်းတည်း၊ ဝေဒံ–ဤသို့လျှင်၊ ခန္ဓာပိ– တို့သည်လည်း၊ ဒိဋ္ဌဉ္စာနံ – တည်း၊ ဝါ – တည်း၊ (“ဒိဋ္ဌိနံ ဥပါဒါယ သမုဋ္ဌာနဋ္ဌေန”ကို ပုဒ်တိုင်းလိုက်၍ပေးပါ)၊ပေ၊ ဝေဒံ-ဤသို့ လျှင်၊ ပရတော-မှ၊ ယောသောပိ-သည်လည်း၊ ဒိဋ္ဌဉ္စာနံ-တည်း၊ ဝါ–တည်း။]

ဝေဒံ ဂဟိတာတိ - ကား၊ တာဝ- ကာရဏာဒိဋ္ဌဉ္စာနမ္မ ရှေးဦးစွာ၊(နိဒ္ဒိဋ္ဌာ–ညွှန်ပြအပ်ကုန်သော)၊ ဒိဋ္ဌိသင်္ခါတာ–ဒိဋ္ဌိဟု ဆိုအပ်ကုန်သော၊ ဒိဋ္ဌဉ္စာနာ-ဒိဋ္ဌဉ္စာနတို့သည်၊ ဝါ-တို့ကို၊ (အကျိုးမဲ့တို့၏ တည်ရာအကြောင်းဖြစ်သော ဒိဋ္ဌိတို့သည်၊ ဝါ–တို့ကို)၊ သဿတော အတ္တာစ လောကောစာတိ-သဿတော၊ပေ၊ စဟူ၍၊ ဝေဒံ–ဤသို့၊ ဂဟိတာ- ယူအပ်ကုန်သည်၊ အာဒိန္နာ- ယူအပ်ကုန်သည်၊ ပဝတ္တိတာ-ဖြစ်စေအပ်ကုန်သည်၊ (သမာနာ-နှင့်လသော်)၊ (ဘဝန္တိ ဟူသော ပါဠိတော်၌စပ်၊) ဣတိ အတ္ထော-နက်၊ ဝေဒံ ပရာမဋ္ဌာတိ - ကား၊ နိရာသင်္ကစိတ္တော တာယ-ကင်းသော ၍ရှားခြင်းရှိသော စိတ်ရှိသည်၏အဖြစ်ကြောင့်။[ထိုအယူကို ယူဘို့ရန် တွန့်ဆုတ်တွန့်ဆုတ်မဖြစ်ဘဲ ရဲတင်းသောစိတ်ရှိသည်၏အဖြစ်ကြောင့်-ဟူလို။] ပုနပ္ပုနံ-အဖန်ဖန်၊(အထပ်ထပ်)၊ အာမဋ္ဌာ- သုံးသပ်အပ်ကုန်သည်၊ ပရာမဋ္ဌာ - အဖန်ဖန် သုံးသပ်အပ်ကုန်သည်၊ ဣဒမေဝ - ဤ အယူသည်သာ၊ သစ္စံ– အမှန်တည်း၊ အညံ - အခြားအယူသည်၊ မောဃံ - အချည်းနှီးတည်း၊ ဣတိ-သို့၊ ပရိနိဋ္ဌာပိတာ- ထက်ဝန်းကျင် ပြီးဆုံးစေအပ်ကုန်သည်၊(သမာနာ-ကုန်လသော်၊ ဘဝန္တိ ၌စပ်)။

× × × × × × × ×

ဇေဝံ ဂဟိတာ ။ ။ ဒိဋ္ဌိဋ္ဌာနပုဒ်ကို ရှေ့၌ အနက် ၂ မျိုး ဖွင့်ခဲ့သောကြောင့် ပဌမအနက်အတွက် “ဒိဋ္ဌိသင်္ခါတာ တာဝ ဒိဋ္ဌိဋ္ဌာနာ ” ဟု စချိသည်၊ ထို့နောက် ဇဝံ၏ အနက်ကို“သဿတော အတ္တာစ လောကောစ”ဟု ယူပုံအခြင်းအရာကိုဖွင့်၍ ဂဟိတာကို“အာဒိန္နာ”ဟု သဒ္ဒတ္ထဆင်း, “ပဝတ္တိတာ”ဟု အဓိပ္ပါယတ္ထဆင်း ဖွင့်သည်၊ “ ဂဟိတာ”အရ “ယူအပ်” ဟူသည် မိမိသန္တာန်၌ဆင်း သူတပါးသန္တာန်၌ဆင်း ဖြစ်စေအပ်တည်း၊ ဋီကာတို့၌“အာဒိန္နာ”ကို“သကသန္တာနေ”ဟုဆင်း,“ပဝတ္တိတာ”ကို “သပရသန္တာနေသု” ဟုဆင်း ဖွင့်ကြ၏၊ မိမိကား “ အာဒိန္နာ”အရ “ မိမိအတွက် ဖြစ်စေသူတပါးအတွက် ဖြစ်စေ ယူအပ်သည်ကို ဆိုသည်”ဟု ထင်သည်၊“ပဝတ္တိတာ”သည် “ဂဟိတာ”၏ အဓိပ္ပါယ်ဖွင့် ဖြစ်သည်။

ဇေဝံ ပရာမဋ္ဌာ။ ။ဝေဒံ၏ အနက်ကို“နိရာသင်္ကစိတ္တတာယ”ဟု ညွှန်ပြ၍ ပရာမဋ္ဌာကို“ပုနပ္ပုနံ အာမဋ္ဌာ”ဟု ဖွင့်သည်၊ ပရသဒ္ဒါ ပုနပ္ပုန အနက်ဟောဟု ဋီကာသစ်ဆို၏၊ “ပရံ-အထပ်ထပ်+အာမဋ္ဌာ ပရာမဋ္ဌာ”ဟု ပြုပါ၊ “အထပ်ထပ် သုံးသပ်အပ်”ဟူရာ၌ နိရာသင်္က စိတ်ဖြင့်“ဤ အယူသည်သာ အမှန်ဘဲ, အခြားအယူဟာ အချည်းနှီးသာ”ဟု အပြီးသတ် ယူအပ်သည်ကို ဆိုလို၏၊ ထို့ကြောင့် “ ဣဒမေဝ၊ပေ၊ ပရိနိဋ္ဌာပိတာ ”ဟု အဓိပ္ပါယ်ထွင်ဖွင့်သည်။

ပန-ကား၊ ကာရဏာသခ်ါတာ - အကြောင်း ဟု ဆိုအပ်ကုန်သော၊ ဒိဋ္ဌဌာနာ–ဒိဋ္ဌဌာနတို့သည်၊ ဝါ-တို့ကို၊ (ဒိဋ္ဌတို့၏ တည်ရာအကြောင်းတို့သည်၊ ဝါ-တို့ကို)၊ ယထာ-အကြင် အခြင်းအရာအား ဖြင့်၊ (ဂယှမာနာ-ယူအပ်ကုန်လသော်၊) ဒိဋ္ဌယော–ဒိဋ္ဌတို့ကို၊ သမုဋ္ဌာပေန္တိ-ဖြစ်စေနိုင်ကုန်၏၊ ဧဝံ - ဤ ဒိဋ္ဌတို့ကို ဖြစ်စေနိုင်လောက်အောင်သော အခြင်းအရာအား ဖြင့်၊ အာရမဏဝသေန စ-အာရုံ၏ အစွမ်းဖြင့်ဂုဏ်း၊ ပဝတ္တနဝသေနစ-မိမိသန္တာန်ဝယ် ဖြစ်စေခြင်း၏ အစွမ်းဖြင့်ဂုဏ်း၊ အာသေဝနဝသေနစ- အဖန်တလဲလဲ မှီဝဲခြင်း၏ အစွမ်းဖြင့်ဂုဏ်း၊ ဂဟိတာ-ယူအပ်ကုန်သည်၊ အနာဒိနဝဒဿိတာယ-အပြစ်ကို မမြင်ကုန်သည်၏အဖြစ်ကြောင့်၊ ပုနပ္ပုနံ- အဖန်ဖန်၊ ဂဟဏဝသေန - ယူခြင်း၏အစွမ်းဖြင့်၊ ပရာမဋ္ဌာ-အဖန်ဖန်သုံးသပ်အပ်ကုန်သည်၊(သမာနာ)၊ (ဘဝန္တိဋ္ဌစပ်)။

ဧဝံဂတိကာတိ-ကား၊ ဧဝံနိရယ တိရစ္ဆာန ပေတ္တိဝိသယဂတိကာနံ – ဤသို့သော နိရယဂတိ, တိရစ္ဆာနဂတိ, ပေတ္တိဝိသယဂတိ ရှိသူတို့တွင်၊ အညတရဂတိကာ-အမှတ်မထား တပါးပါးသော ဂတိရှိကုန်သည်၊(ဘဝန္တိဋ္ဌစပ်)၊ ဧဝံ

× × × × × × ×

ကာရဏာ၊ပေ၊ဂဟိတာ။ ။ ဒိဋ္ဌဌာနပုဒ်၏ ဒုတိယအနက်ကို ပြလိုသဖြင့် “ကာရဏာသခ်ါတာ ပန”စသည်ကို မိန့်သည်၊ စာအုပ်တို့၌ “ယထာ ဂယှမာနာ”ဟု တွေ့ရ၏၊ ယထာ တထာ (ယထာ ဧဝံ) တို့သည် ဥပမာမဟုတ်ဘဲ အာကာရအနက်ကို ဆိုလိုရာ၌ တထာ (ဧဝံ) စပ်ရာ ဂဟိတာကဲ့သို့သော ကြိယာသည် လက္ခဏာဖြစ်မြဲတည်း၊ထို့ကြောင့် “ဂယှမာနာ”ဟု တိုက်ရိုက်မပါသော်လည်း ရိုးရာအားဖြင့် ထည့်နိုင်၏–ဟု မှတ်ပါ။

အာရမဏာ၊ပေ၊အာသေဝန။ ။ဝံ၏ အနက်ကို “ယထာ၊ပေ၊သမုဋ္ဌာပေန္တိ” ဟု ဖွင့်ပြီးလျှင် ယူပုံအခြင်းအရာကို “အာရမဏဝသေနစ၊ပေ၊ အာသေဝနဝသေနစ” ဟု ဖွင့်သည်၊ အာရမဏဝသေနဖြင့် ဒိဋ္ဌဌာန ဂ ပါးတွင် ခန္ဓာတို့ကို ရည်ရွယ်၏၊ ခန္ဓာ ၅ ပါးကို အာရုံပြု၍ သက္ကာယဒိဋ္ဌိဖြစ်သည်–ဟူလို၊ ပဝတ္တနဝသေနဖြင့် အဝိဇ္ဇာမှစ၍ အယောနိသော မနသိကာရတိုင်အောင် ၅ ပါးကို ရည်ရွယ်၏၊ ထို တရားတို့ကို မိမိသန္တာန်၌ ဖြစ်စေခြင်းကြောင့် ဒိဋ္ဌဖြစ်ရသည်–ဟူလို၊ အာသေဝနဝသေနဖြင့်“ပါပမိတ္တ ပရတော ဃောသ” ၂ ပါးကို ရည်ရွယ်၏၊ ပါပမိတ္တကို မှီဝဲခြင်း , (သူတပါး အထံမှ မိစ္ဆာတရားသံ) ကို နားထောင်သောအားဖြင့် မှီဝဲခြင်းကြောင့် ဒိဋ္ဌဖြစ်ရသည်-ဟူလို။

အနာဒိနဝ၊ပေ၊ပရာမဋ္ဌာ။ ။ “အနာဒိနဝဒဿိတာယ”သည် ဧဝံ၏ အနက်တည်း၊ ပုနပ္ပုနံကား ပရ၏ အနက်ပင်တည်း၊ အာမဋ္ဌ (သုံးသပ်) ဟူသည် ယူခြင်းပင်တည်းဟု သိစေလို၍“ဂဟဏဝသေန”ဟု ဖွင့်သည်။

ဧဝံဂတိကာ။ ။ ဧဝံဖြင့် ညွှန်ပြအပ်သောအနက်တို့ကို နိရယစသည်ဖြင့် သရုပ်ဖေါ်၍ ဧဝံနှင့် ဂတိကိုလည်း ဗဟုဗ္ဗီဟိသမာသ်တွဲစေလိုသောကြောင့်“ဧဝံ၊ပေ၊ဂတိကာနံ”ဟု ဖွင့်သည်၊ ဘုရားရှင်သည် မိစ္ဆာအယူရှိသူတို့အတွက်“ဤပုံဤနည်း ယူလျှင် နေဝံဘဝဋ္ဌ မည်သည့်ဂတိသို့ ရောက်ရသည်”ဟု တင်ကြို၍ သိတော်မူသည်–ဟူလို။ [ကံဟူသမျှ၏ အကျိုးပေးမည့်ဘဝကို ဤအတိုင်းပင် တင်ကြို၍ သိတော်မူသည်။]

အာဘိသမ္မရာယာတိ ဣဒံ-ဧဝံ အာဘိသမ္မရာယာဟူသော ဤပုဒ်သည်၊ ပုရိမပဒ ဿဝ-ဧဝံဂတိကာ ဟူသော ရှေပုဒ်၏ပင်၊ ဝေဝစနံ-ဝေဝုစ်ပရိယာယ် စကား လှယ်တည်း၊ ဧဝံဝိဓပရလောကာ - ဤသို့သော နိရယကိရစ္ဆာန ပေတ္တိဝိသယ အားဖြင့် ပြားသော တမလွန်ံလောက ရှိကုန်သည်၊ (ဘဝန္တိဒ္ဒ်စပ်)၊ ဣတိ ဝုတ္တံ ဟောတိ။

× × × × × × × ×

ဧဝံ အာဘိသမ္မရာယာ ။ ။ ဂတိသဒ္ဒါနှင့် သမ္မရာယသဒ္ဒါသည် နောက်ဘဝကို ချည်း ဟောသောကြောင့် သရုပ် (အရကောက်) အားဖြင့် တူရကား ပရိယာယ်စကား လှယ် ဖြစ်၏၊ ထို့ကြောင့် "ပုရိမပဒဿေဝ ဝေဝစနံ" ဟု ဆိုသည်၊ အများ သတ်မှတ် ထားသော သင်္ကေတအနက်အားဖြင့်ကား "ဂတိ"သဒ္ဒါသည် ဂတိအနက်ကို ဟော၍ "အာဘိသမ္မရာယ"သဒ္ဒါက တမလွန်ဘဝအနက်ကိုဟောသောကြောင့် ကွဲပြားသေး၏။

သဒ္ဒတ္ထအားဖြင့် ကွဲပုံ။ ။ဂန္ဆ္ဓာတိ ဂတိ – ရောက်ထိုက်သောဘဝ၊ သင်္ဂရတ္ထ ဋီကာ သုဒိန္နကဏ္ဍဋ္ဌ သမ္မရာယောကို "သမ္မရေတမ္ဘတော ပစ္ဆာ ဂန္ဆ္ဓတော သမ္မရာယော" ဟု ဖွင့်၏၊ "သံ + ပရ + ဣဓာတ်, ဏ ပစ္ဆည်း"ဖြင့် ပြီးစေ၊ "အာဘိ– ရှေးရှ+ သမ္မရေ တမ္ဘော– ကံ, ကိလေသာတို့ကြောင့် ကောင်းစွာ နောက်၌ ရောက်ထိုက်၏၊ ဣတိ အာဘိ သမ္မရာယော"ဟု ပြု၍ "သေပြီးနောက်၌ ရှေးရှ ကောင်းစွာရောက်ထိုက်သော ဘဝကို အာဘိသမ္မရာယ"ဟု ခေါ်၏၊ ဤသို့ ဂတိနှင့် အာဘိသမ္မရာယပုဒ်တို့သည် သဒ္ဒတ္ထအားဖြင့် ကွဲပြားကြ၏။ [ဋီကာတို့၌ " ကမ္မဝသေန အာဘိမုခေါ သမ္မရေတိ ဂစ္ဆတိ ပဝတ္တတိ တ္ထောတိ အာဘိသမ္မရာယော"ဟု အဓိကရဏသာဓ်ပြု၏၊ ရှေ့ဦးပြုခဲ့သော ကမ္မသာဓ်ဝိဂ္ဂိဟ် နေရာဝယ် အဓိကရဏသာဓ် ဝိဂ္ဂိဟ်ပြုခြင်းသာ ထူး၏၊ ဓာတ်ပစ္စည်းမှာ မထူးပါ၊ ဋီကာ သစ်၌ကား"စုရာဒိ ပရဓာတ်, ဂတိအနက်ဟော"ဟု ကြံသေး၏၊ ထိုအံ့ကြံမှာ ပြခဲ့သော သာရတ္ထဋီကာနှင့် မညီပါ။]

ဧဝံဂတိကာ တနည်း ။ ။ဋီကာတို့၌ ဧဝံဂတိကာကို ဧဝံ အာဘိသမ္မရာယာနှင့် အရမတူအောင် တနည်း ဖွင့်ကြသေး၏၊ ဖွင့်ပုံကား၊– "ဧဝံ ဂတိကာတိ ဧဝံ ဂမနာ ဧဝံ နိဒ္ဒေသော" တည်း၊ ဤသို့ ဖွင့်သဖြင့် "ဂတိ" သဒ္ဒါသည် "နိဒ္ဒေသ" အနက်ဟောဟု ပြု၏၊ ဥပမာ– "မဟာပုရိသဿ ဒွေဝ ဂတိယော"၌ ဂတိသဒ္ဒါသည် နိဒ္ဒေသ (ပြီးဆုံးခြင်း) အနက်ရှိသကဲ့သို့တည်း၊ "ပြီးဆုံး" ဟူသည် သူတို့၏အယူကို မေးမြန်းစိစစ်သောအခါ ပျက်စီးခြင်းသာ အဆုံးရှိခြင်းတည်း။

ဆိုလိုရင်းကား—ဤဒိဋ္ဌဓမ္မဘဝအားဖြင့် ထင်ရှားမရှိသော အတ္တကို ၎င်း, ထိုအတ္တ၏ သဿတအဖြစ်ကို၎င်း, ခန္ဓာအပေါ်၌ တင်၍ယူအပ် အဖန်ဖန် သုံးသပ် အပ်ကုန်ရကား လူပြိန်းတို့ကို ဖြားယောင်းနိုင်ရုံသာဖြစ်၍ ပညာရှိတို့က စိစစ် မေးမြန်းမှု မပြုခင်သာ အထင်အရှား တည်ရှိနိုင်ကြ၏၊ ပညာရှိတို့က စိစစ် မေးမြန်းသောအခါ၌ ကား ခိုင်မြဲသောတည်ရာ မရှိကြတော့ဘဲ အနှိပ်အနယ်ကို မခံနိုင်ရကား, နေထွက်သော အခါ ဆီးနှင်းကလေးများ ပိုးစုန်းကြူးကလေးများ ပျောက်ကွယ်သွားသကဲ့သို့ ပျောက် ကွယ်ခြင်း ပျက်ပြားခြင်းသာ အဆုံးရှိကြတော့သည်ဟု ဆိုလိုသည်၊ ဤအလို " ဧဝံဂတိ ကာ=ဤသို့ ပြီးဆုံးခြင်းရှိကုန်သည်"ဟု ပေးပါ၊ ပညာရှိတို့စိစစ်ပုံကို ဋီကာတို့၌ အကျယ် ပြထား၏၊ ရှစ်ားကြပါလေ။

တဉ္စ တထာဂတော ပဇာနာတီတိ - ကား၊ စ – ဆက်၊ ကေဝလံ– သီလ သမာဓိ ပညာမဖက် သက်သက်၊ တထာဂတော – မြတ်စွာဘုရားသည်၊ သကာရဏ်ံ–အကြောင်းနှင့် တကွဖြစ်သော၊ သ ဂတိကံ-ဂတိနှင့်တကွဖြစ်သော၊ ဒိဋ္ဌဂတမေဝ-မိစ္ဆာအယူကိုသာ၊ ပဇာနာတိ-အပြားအားဖြင့် သိတော်မူသည်ကား၊ န-မဟုတ်သေး၊ အထခေါ-အဟုတ်ကား၊ တဉ္စသမ္ဘံ-ထို အလုံးစုံသော သကာရဏ်ာ သဂတိက မိစ္ဆာအယူကိုလည်း၊ ပဇာနာတိ – အပြားအားဖြင့် သိတော်မူ၏၊ တတော-ထို သကာရဏ်ာ သဂတိကမိစ္ဆာအယူထက်၊ ဥတ္တရိတရံစ-သာလွန်သော တရားကိုလည်း၊ သီလဗ္ဗေဝ– သီလကိုဂုဏ်း၊ သမာဓိဉ္စ - သမာဓိ

× × × × × × ×

သကာရဏ်ံ သဂတိကံ ။ ။ သကာရဏ်ံဌ် ကာရဏ်ာဖြင့် ဒိဋ္ဌဌာနဌ် ဒုတိယာနည်း အရ ပြအပ်ခဲ့သော ခန္ဓာ အဝိဇ္ဇာစသော အကြောင်းများကိုပြ၏၊ သဂတိကံဌ် ဂတိဖြင့် ဧဝံဂတိကာဌ် ပြအပ်ခဲ့သော နိရယစသော ဂတိကိုပြ၏၊ "မိစ္ဆာအယူကို သိတော်မူရာဌ် အကြောင်းနှင့်တကွလည်း သိတော်မူ, ဂတိနှင့်တကွလည်း သိတော်မူသည်"ဟူလို။

သဟ၏အနက်။ ။ "သကာရဏ်ံ, သဂတိကံ" တို့ဌ် သဟသဒ္ဒါသည် ဝိဇ္ဇမာန အနက်ဟောဟု ဋီကာသစ်ဖွင့်၏၊ ဝိဇ္ဇမာနအနက် ဟူသည် သဟာဒိယောဂ သဟာဒိယောဂဝန္ဓ ဟု ဩပ် ၂ ခုခွဲ၍ မရသော အနက်ဌ်သာ သုံးစွဲရိုး ဖြစ်၏၊ ဥပမာ – " သလောမကော (အမွေးရှိသောလူ – အမွေးများသောလူ)" ဟူရာဌ် အမွေးတခြား, လူတခြား ခွဲ၍မရသောကြောင့် သဟကို ဝိဇ္ဇမာနဏ္ဍ ဟု ယူသကဲ့သို့တည်း၊ " ဤဌ်ကား အကြောင်းတခြား မိစ္ဆာအယူတခြားငင်း , ဂတိတခြား မိစ္ဆာအယူတခြားငင်း , ခွဲ၍ရကောင်းသောကြောင့် ဝိဇ္ဇမာနအနက် မဖြစ်သင့်၊ သမဝါယ (တကွ) အနက်သာ ဖြစ်သင့်၏"ဟု ယူဆပါသည်။

အထခေါ တဉ္စ သမ္ဘံ။ ။နကေဝလဌ်–စသော ဗျတိရေကဝါကျ၏ အန္ဝယဝါကျ တည်း၊ ထိုအန္ဝယကား"သမ္ဘည္ဟတညာဏံစ ပဇာနာတိ"တိုင်အောင်တည်း၊ ထို့ကြောင့် "တဉ္စ သမ္ဘံ" ဖြင့် ဗျတိရေကဝါကျဌ် နှ သဒ္ဒါဖြင့် တားမြစ်အပ်ခဲ့သော သကာရဏ်ာ သဂတိက ဒိဋ္ဌိဂတကို ပြန်၍စွဲပါ။ [ဋီကာသစ်ဌ်ကား " အထခေါတသ (ထိုဒိဋ္ဌ၏) ကာရဏ်ာဂတိသင်္ခါတံ တဉ္စ သမ္ဘံတိ " ဟု ဖွင့်သောကြောင့် "တဉ္စ သမ္ဘံ "ဖြင့် ကာရဏ်ာဂတိကိုသာ စွဲယူစေလိုသည်၊ "သမ္ဘံ"ဟု ဆိုထားပါလျက် ကာရဏ်ာနှင့် ဂတိကိုသာ ခွဲ၍ယူခြင်းကို စဉ်းစားသင့်သည်။]

တဉ္စ တတောစ။ ။ " တဉ္စ သမ္ဘံ "ဌ် စဖြင့် " တတောစ ၊ပေ၊ ပဇာနာတိ "ဌ် လာသော သီလ သမာဓိ သမ္ဘည္ဟတာဉာဏ်ကို ဆည်းသည်၊ " အကြောင်းနှင့်တကွ ဂတိနှင့်တကွဖြစ်သော မိစ္ဆာအယူကိုလည်း သိတော်မူ , ထို့ထက် သာလွန်သော သီလ သမာဓိ သမ္ဘည္ဟဏာဉာဏ်တော်ကိုလည်း သိတော်မူသည် " ဟူလို၊ " တတောစ "ဌ် စ သဒ္ဒါကို "ဥတ္တရိတရံစ"ရွှေ့၍, ထို စသဒ္ဒါ၏ အနက်ကိုပင်"သီလဗ္ဗေဝ ၊ပေ၊ ဉာဏဉ္စ"ဟု ထပ်၍ သရုပ်ဖေါ်သည်၊ ထို စဖြင့် တဉ္စအရကို ပြန်၍ဆည်းပါ၊ " သီလဗ္ဗေဝ " စသည်တို့ဌ်"စေဝ, စ"တို့လည်း ထို သီလ သမာဓိ ဉာဏ်တော်အချင်းချင်း ဆည်းသော အညမညသမုစ္စည်းပင်တည်း။

ကိုဂုဏ်း၊ သဗ္ဗညုတညာဏာဒ္ဓ-သဗ္ဗညုတာဉာဏ်တော်ကိုဂုဏ်း၊ ပဇာနာတိ-အပြား အား‌ဖြင့် သိတော်မူသေး၏။

တဒ္ဓ ပဇာနံ နု ပရာမသတိတိ-ကား၊ ဧဝံဝိဓံ-ဤသို့ သီလ သမာဓိ သဗ္ဗညုတာဉာဏ်ဟူသော အပြားရှိသော၊ အနုတ္တရံ-အတူမရှိ မြတ်သော၊ တဒ္ဓ ဝိသေသံ-ထို တရား‌ထူးကိုလည်း၊ ပဇာနန္တော‌ပိ – အပြားအား‌ဖြင့် သိတော်မူပါသော်လည်း၊ (နု ပရာမသတိ၌စပ်)၊ အဟံ-သည်၊ ပဇာနာမိ – အပြား‌အား‌ဖြင့် သိတော်မူ၏၊ ဣတိ-သို့၊ တဏှာဒိဋ္ဌိမာနပရာမာသဝသေန-တဏှာပရာမာသ ဒိဋ္ဌိပရာမာသ မာနပရာမာသတို့၏အစွမ်း‌ဖြင့်၊ နု ပရာမသတိ-သုံး‌သပ်တော် မမူ။

× × × × × × ×

သဗ္ဗညုတာဉာဏံ စ။ ။သဗ္ဗညုတာဉာဏ်တော်ကိုပြနေရာ ဌာန‌ဖြစ်သောကြောင့် အရာအား‌လျော်စွာ သဗ္ဗညုတာဉာဏ်တော်ကို သရုပ် ဖေါ်ထား‌သည်၊ (တနည်း) “ သဗ္ဗညုတာဉာဏံ ” ပါဠိဖြင့် သဗ္ဗညုတာဉာဏ်တော်၏ အကြောင်း‌ရင်း ဖြစ်သော အာသဝက္ခယ (အရဟတ္တမဂ်) ဉာဏ်ကို ဖလူပစာရ ဌာန။။ပစာရအား‌ဖြင့်ဂုဏ်း, ထို သဗ္ဗညုတာဉာဏ်တော်နှင့် မကင်း‌စကောင်း‌သော ဒသဗလ အစရှိသော ဉာဏ်တော်ကို အဝိနာဘာဝ နည်း‌အား‌ဖြင့်ဂုဏ်း ယူနိုင်သောကြောင့် သဗ္ဗညုတာဉာဏ်ကိုသာ ပြထား‌သည်၊–ဋီကား။]

တဒ္ဓ ပဇာနံ။ ။စာအုပ်တို့၌ “ ပဇာနနံ ” ဟု-တွေ့ရ၏၊ “ပဇာနန္တော‌ပိ” ဟု ဖွင့်သောကြောင့် (“ဇာနံ – ဇာနန္တော” ကဲ့သို့ နှုတ်ကို အံပြု၍) “ပဇာနံ” ဟု ပါဠိမှန်ရှိပါစေ၊ ဋီကာ၌ “တဒ္ဓ”မှ စကို “ဝိ”ဟု ဖွင့်သည်ဟု ဆို၏၊ ထိုအတိုင်း‌မှန်လျှင် “တဒ္ဓ ဧဝံဝိဓံ” ဟု စ မရှိထိုက်တော့၊ “တံ ဧဝံဝိဓံ” ဟုသာ ရှိထိုက်တော့သည်၊ သမ္ဘာဝနာဇောတက ဝိဖြင့် မိန့်ဆို‌အယူထက် သာလွန်မှန်မြတ်သော သီလ သမာဓိ သဗ္ဗညုတ ပညာဂုဏ်တော်ကြီးကို သိတော်မူပါသော်လည်း မြတ်စွာဘုရား‌သည် တဏှာ မာန ဒိဋ္ဌိအစွမ်း‌ဖြင့် (ငါ၏သိခြင်း, ငါသိသည်, ထို သီလစသည်သည် ငါဟူသော အတ္တပင်တည်း‌ဟု) သုံး‌သပ်တော် မမူတုံသေး၏”ဟု သမ္ဘာဝနာပြု၍ “အောက်တန်း‌ကျသော ဝဋ္ဋ‌အာမိသ ကိုကား အဘယ်မှာ တဏှာမာနဒိဋ္ဌိဖြင့် သုံး‌သပ် စွဲလမ်း‌တော့အံ့နည်း ” ဟု ဂရဟာ အနက်ကို ဆည်း‌သည်။ [ပဇာနန္တော‌ပိတိ ဝိသဒ္ဒေါ သမ္ဘာဝနေ၊ တေန (ထိုဝိဖြင့်), တဏှာတိ ဏ္ဍေ ဝုတ္တံ စသဒ္ဒတ္ထမာဟာ၊– ဋီကာ။]

အဟံ ပဇာနာမီတိ။ ။အဟံ (ငါ) ဟု ယူခြင်း‌သည် ဒိဋ္ဌိမာန‌အား‌ဖြင့် သုံး‌သပ်ခြင်း‌တည်း၊ ပဇာနာမိတိ၌ ဣတိသဒ္ဒါသည် ပကာရ (အတူ) အနက်ရှိ၏၊ ထို ဣတိဖြင့် မမံ (ငါ၏သိခြင်း) ဟူသော တဏှာကို ယူနိုင်၏၊ ထို့ကြောင့် “တဏှာ ဒိဋ္ဌိ မာန ပရာမာသဝသေန” ဟု ဆိုသည်၊ ခန္ဓာသဘောကို ကျော်လွန်၍“ပရတော–မှန်သည်မှတပါး သော အမှား‌အား‌ဖြင့် + အာမာသော–သုံး‌သပ်ခြင်း၊ ပရာမာသော–ခြင်း။

နု ပရာမသတိ။ ။စာအုပ်တို့၌ “တဒ္ဓ နု ပရာမသတိ” ဟု နောက်ထပ် တဒ္ဓတပုဒ်ကို တွေ့ရ၏၊ ၎ “တဒ္ဓ”နှင့် အနက်တူပင်ဖြစ်၍ နိဿယတို့၌ ထည့်ပါဠိကိုယူထား‌ဟန်တူ၏၊ တဝါကျတည်း၌ အနက်တူပုဒ်သည် ၂ ထပ်မနေရ၊ “ ဝိသေသံ ” အရ သီလ သမာဓိ သဗ္ဗညုတာဉာဏ်ကို ယူပါ၊“ယခုကာလ၌ အတော်အတန် သီလ သမာဓိ ပညာ

အပရာမသတော၊ပေ၊ဝိဒိတာတိ- ကား၊ ဧဝံ – ဤသို့ တဏှာမာနဒိဋ္ဌိတို့၏ အစွမ်းဖြင့်၊ အပရာမသတောစ – မှားသောအားဖြင့် သုံးသပ်တော် မမူသည်လည်းဖြစ်သော၊ အဿ – ထို မြတ်စွာဘုရား၏၊ ဝါ - သည်၊ အပရာမသနပစ္စယာ - မှားသောအားဖြင့် သုံးသပ်တော်မမူခြင်းဟူသော အကြောင်းကြောင့်၊ သယမေဝ အတ္တာနာယေဝ– ကိုယ်တော်တိုင်သာ၊ တေသံ ပရာမာသကိလေသာနံ-ထို မှားသောအားဖြင့် သုံးသပ်တတ်သော တဏှာ မာန ဒိဋ္ဌိကိလေသာတို့၏၊ နိဗ္ဗုတိ - ငြိမ်းအေးခြင်းကို၊ ဝိဒိတာ– သိတော်မူအပ်ပြီ၊ (ဤမိနာ - အပရာမသ

× × × × × × ×

ရှိလျှင် တဏှာမာနဒိဋ္ဌိတို့ဖြင့် စိတ်ကြိုးဝင်တတ်ကြ၏၊ ဘုရားရှင်ကား အလွန် အထက်တန်းကျသော သီလ သမာဓိ သမ္မာညာတရားများကို သိတော်မူသော်မှလည်း တဏှာမာနဒိဋ္ဌိ ဖြစ်တော်မမူပါ” ဟူလို။ [တံ ဒိဋ္ဌိဂတတော ဥတ္တရိတရံ သာရဘူတံ သီလာဒိဂုဏာဝိသေသံပိ တထာဂတော နာဘိနိဝိသတိ၊ ပဂေဝ ဝဋ္ဋာမိသေ၊–ဋီကာ။]

အပရာမသတောဝ၊ပေ၊ဝိဒိတာဝ။ ။အပရာမသတောသည် အဿ၏ ဝိသေသန၊ ထိုအဿသည် နိဗ္ဗုတိ၌ သမ္ဗန်, ဝိဒိတာ၌ ဆင်္ခိကတ္တားတည်း၊ (တနည်း) အပရာမသတောသည် နိဗ္ဗုတိဝိဒနာ၏ အကြောင်းဟိတ်တည်း၊ ထို့ကြောင့် “အပရာမသတော”ကို ဟေတုမန္တ ဝိသေသန ကြံစေလို၍“အပရာမသနပစ္စယာ”ဟု ထပ်ဖွင့်သည်၊ ပစ္စတ္တညေဝကို “သယမေဝ”ဟုဂင်း, သယမေဝကို “အတ္တာနာယေဝ”ဟုဂင်း ဖွင့်သည်၊ ပရာမာသကိလေသာ (တဏှာ ဒိဋ္ဌိ မာန) တို့ကို ဘုရားရှင်သည် ဗောဓိပင်အနီးတုန်းက ဝင် ပယ်တော်မူအပ်ပြီး ဖြစ်သည်။ [“အပရာမသတော”စသော ဝါကျကို ဋီကာ၌ အဋ္ဌကထာမှ တနည်းဖွင့်ထားသေး၏၊ ကြည့်ကြပါလေ။]

ပရာမာသ ကိလေသာနံ။ ။“အပရာမသတော”ဟူသော ပါဋိတော်နှင့် လိုက်လျောအောင် နိဗ္ဗုတိ၏ သမ္ဗန်ကို “ တေသံ ပရာမာသကိလေသာနံ ”ဟု ထည့်သည်၊ တဏှာ ဒိဋ္ဌိ မာန ဟူသော ပရာမာသကိလေသာတို့၏ ငြိမ်းအေးခြင်းကို တိုက်ရိုက်ပြသဖြင့် ထိုပရာမာသကိလေသာ ၃ ပါးမှ ကြွင်းသောကိလေသာတို့၏ ငြိမ်းအေးခြင်းကို ပြခြင်းကိစ္စလည်း အဝုတ္တသိဒ္ဓိနည်းအားဖြင့် ပြီးစီးတော့သည်သာ။ [ဤနည်း၌ “ ပရာမာသနှင့် ကိလေသ”ကို အရတူ ကမ္မဓာရည်း တွဲပါ။]

ဋီကာသစ်။ ။ပရာမာသ တရားတို့၏ ငြိမ်းအေးခြင်းကို တိုက်ရိုက်ဟောတော်မူသဖြင့် ပယ်ဘက်အားဖြင့်တူသော ကြွင်း ကိလေသာတို့ကိုလည်း ထုတ်ပြထိုက်ရကား “ပရာမာသ+ကိလေသာနံ”ဟု ကိလေသသဒ္ဒါထည့်၍ အဋ္ဌကထာဖွင့်သည်၊ ဤနည်း၌ “ပရာမာသ”အရ တဏှာ ဒိဋ္ဌိ မာန ရ၍“ကိလေသ”အရ ကြွင်းကိလေသာများကိုသာ ဂေါစလိုမဒ္ဒနည်းအားဖြင့် ယူရသည်၊ ဤနည်း၌ ပရာမာသနှင့် ကိလေသကို ဒွန်တွဲပါ။

နိဗ္ဗုတိ , , နိဗ္ဗာနံ ။ ။ဤ ၂ ပုဒ်လုံးပင် ငြိမ်းအေးခြင်း အနက်ကို ဟောဏ်၊ “ငြိမ်းအေး”ဟူသည် ကိလေသာတို့၏ဘင်ခဏ၌ ချုပ်ခြင်းမျိုးလည်း မဟုတ်, နေ့ထပ်မဖြစ်ရုံ မရှိရုံမျှ အဘာဝပညတ်လည်း မဟုတ် , အကောင်အထည် ထင်ရှားသော စိတ်စေတသိက် ရုပ်များကဲ့သို့ သဝိဂ္ဂဟ (အထည်ကိုယ်ရှိ) လည်း မဟုတ်၊ မီးကျီးခဲအစုကို ရေဖြင့်ငြိမ်းချှဉ်း ငြိမ်းအေးခြင်းဟူသော အခေါ်အဝေါ်တမျိုးကဲ့သို့, ကိလေသာတို့သည်

တော ၊ပေ၊ ဝိဒိတာဟူသော ဤပါဠိဖြင့်၊) (ဒဿေတိ၏ ကရိဏ်းထည့်သည်)၊ ဘိက္ခဝေ - တို့၊ တထာဂတဿ– မြတ်စွာဘုရား၏၊ နိဗ္ဗာနံ– ကိလေသာတို့၏ ငြိမ်းအေးခြင်းသည်၊ ဝါ - ကိလေသ ပရိနိဗ္ဗာန်သည်၊ ပါကဋံ - ထင်ရှား၏၊ ဣတိ-ဤအနက်ကို၊ ဒဿေတိ–ပြတော်မူ၏။

["ဣဒါနိ၊ပေ၊အာဒိမာဟ"သည်"အပရာနုသန္ဓေ"ကိုပြသောစကားတည်း၊ ထိုသို့ အပရာနုသန္ဓေရှိရာ၌ ပုဗ္ဗာနုသန္ဓေထည့်၍ ဆရာတို့ အနက်ပေးတော်မူကြသည်၊ ထို့ကြောင့် ပုဗ္ဗာနုသန္ဓေကို ဤသို့ထည့်ပါ၊"ဧဝံ-ဤဆိုအပ်ပြီးသော အပြားအားဖြင့်၊ ပရာမာသကိလေသာနံ–ပရာမာသကိလေသာတို့၏၊ နိဗ္ဗုတိယာ–ငြိမ်းအေးခြင်း၏၊ ဝါ– ကို၊ ဝိဒိတဘာဝံ – သိတော်မူအပ်ပြီး၏အဖြစ်ကို၊ ဒဿတွာ–ပြတော်မူပြီး၍" ဤသို့ထည့်ရသည်။] ဣဒါနိ–၌၊ ယထာ (ယံ ပဋိ ပတ္တိံ)- အကြင် အကျင့်ကို၊ ပဋိပန္နန – ကျင့်တော်မူသော၊ တထာဂတေန–

× × × × × × ×

မိုးနှင့်တူရကား မဂ်ရေစင်ဖြင့် ငြိမ်းလိုက်သောအခါ ထို ကိလေသာတို့၏ ငြိမ်းအေးခြင်း ဟူသော ဓာတ်တမျိုးသည် သဘာဝအတိုင်း အထင်အရှား ပေါ်လာ၏၊ ထိုဓာတ်ကို အကြောင်းတခုမျှ မပြုအပ်သောကြောင့်"အသင်္ခတဓာတ်"ဟု ခေါ်ရ၏၊ ထို အသင်္ခတ ကိလေသပရိနိဗ္ဗာန်သည် ဘုရားရှင်၏စိတ်တော်မှာ အလွန်ထင်ရှားပါသည်။

ထိုသို့ အထင်အရှား ရှိနေသောကြောင့်ပင် ဘုရားရဟန္တာ အရှင်မြတ်တို့သည် ထို နိဗ္ဗာနဓာတ်ကို အာရုံပြုနိုင်သော ဖလသမာပတ်ကို မကြာမကြာ ဝင်စားတော်မူကာ မျက်မှောက်ဘဝ၌ပင် နိဗ္ဗာန်ချမ်းသာကို ခံစားတော်မူကြပေသည်၊ ထို အအေးဓာတ် နိဗ္ဗာန်ကြောင့်ပင် ထိုအရှင်မြတ်တို့သည် ရာဂ ဒေါသ မောဟမီးတို့ ဖိစီးတောက်လောင် အောင်ထင်း, သောကမီး ပရိဒေဝမီးစသည်ဖြစ်လောက်အောင်ထင်း ပူလောင်ဘွယ်အာရုံ တွေ့ရှိ၍ ကြုံရသော်လည်း မပူမပင် ဖြူစင်အေးမြတော်မူနိုင်ကြပါပေသည်၊....**အဟော သုခံ ဘဝိသတိ,....အဟော သုခံ ဘဝိသတိ**။

နိစ္ဆ, သုခ။ ။ပြဲခဲ့သော နိဗ္ဗာနဓာတ်ကို "**နိစ္ဆ**"ဟု ဆိုရာ၌ ဘဝဖန်ခါ သံသရာ တလျှောက်လုံး "**အမြဲ**"ဟု ဆိုလိုသည် မဟုတ်ပါ၊ ပုဂ္ဂိုလ်တပါး၏ ကိလေသာတို့ ချုပ်ငြိမ်းသည်မှစ၍ ထင်ရှားသော နိဗ္ဗာနဓာတ်သည် ဥပါဒါခြင်းသဘော မရှိရကား ပျက်ရခြင်းသဘောလည်း မရှိဘဲ အငြိမ်းဓာတ် မြဲနေသည်ကို "**နိစ္ဆ**"ဟု ဆိုလိုပါသည်၊ ထို အငြိမ်းဓာတ်သည် အဖြစ်အပျက်ဒဏ်ကို မခံရဘဲ အမြဲငြိမ်းချမ်းနေသောကြောင့် ဒုက္ခနှင့် မရောဘဲ "သန္တိ သုခ-ငြိမ်းအေးခြင်းချမ်းသာ"ဟုလည်း ခေါ်ရပါသည်။ [နိဗ္ဗာန်သည် အတ္တမဟုတ်သောကြောင့် "အတ္တ"ဟုကား မဆိုရ, "အနတ္တ"တရားသာ ဖြစ်သည်။]

ဣဒါနိ ယထာ ပဋိပန္နန။ ။ဣဒါနိကို "အာစိက္ခန္တော အာဟ"တို့၌ စပ်၊ နောက်၌ "တံပဋိပတ္တိံ"ဟု နိယမ ရှိသောကြောင့်"ယထာ ယံ ပဋိပတ္တိံ"ဟု စွဲသင့်၏၊ ဋီကာသစ်၌ကား "ယထာ ပဋိပန္နေန"ကို "ယေန ပဋိပန္နေန"ဟု ဖွင့်၏၊ "အကြင် အခြင်းအရာအားဖြင့်+ ကျင့်တော်မူသော"ဟု ဆရာတို့လည်း ထိုအဖွင့်ကိုမှီ၍ တနည်း ပေးတော်မူကြ၏။ ["တပဋိပတ္တိံ ဒဿေတုံ"ကို "အာစိက္ခန္တော အာဟ"တို့၌ စပ်။]

မြတ်စွာဘုရားသည်၊ သာ နိဗ္ဗုတိ– ထို ပရာမာသ ကိလေသာတို့၏ ငြိမ်းအေး ခြင်းကို၊ အဓိဂတာ–ရတော်မူအပ်ပြီ၊ တံပဋိပတ္တိ–ထိုကျင့်တော်မူအပ်သော အကျင့်ကို၊ ဒဿေတုံ-ပြတော်မူခြင်းငှါ၊ ယာသုဝေဒနာသု-အကြင် ဝေဒနာ တို့ဘိ၌၊ ရတ္တာ–တပ်မက်ကုန်သော၊ တိတ္ထိယာ-တိတ္ထိတို့သည်၊ ဣဓ-၌ အယူ၌၊ (မယံ–ငါတို့သည်)၊ သုဒိနော-ချမ်းသာခြင်း ရှိကုန်သည်၊ ဘဝိဿာမ-ဖြစ်ရ ကုန်လိမ့်အံ့၊ တတ္ထ–ထိုအယူ၌၊(မယံ)၊ သုဒိနော-ကုန်သည်၊ ဘဝိဿာမ-အံ့၊ ဣတိ-၌သို့ မြော်တွေး၍၊ ဒိဋ္ဌဂတိနံ-မိစ္ဆာအယူတည်းဟူသော တောရုပ်သို့၊ ပဝိသန္တီ–ဝင်ကြကုန်၏၊ တာသံယေဝ ဝေဒနာနံ–ထို ဝေဒနာတို့၏ပင်၊ ဝသေန–အစွမ်းဖြင့်၊(တနည်း)တာသံယေဝဝေဒနာနံ–ထိုဝေဒနာတို့နှင့်ပင်၊ ဝသေန–စပ်သဖြင့်၊ ကမ္မဋ္ဌာနံ–စတုဿစ္စ ကမ္မဋ္ဌာန်းကို၊ အာစိက္ခန္တော–ဟောပြတော်မူလိုသည်၊(ဟုတ္တာ-၍၊ ဝါ-ကြောင့်)၊ဝေဒနာနံ သမုဒယဉ္စာတိ အာဒိ–အစရှိသော စကားရပ်ကို၊ အာဟ-မိန့်တော်မူ၏။

တတ္ထ–ထို ဝေဒနာနံ သမုဒယဉ္စ အစရှိသော စကားရပ်၌၊ ယထာဘူတံ ဝိဒိတ္ဝာတိ–ကား၊ အဝိဇ္ဇာသမုဒယာ-အဝိဇ္ဇာ၏ ဖြစ်ခြင်းကြောင့်၊ ဝေဒနာ သမုဒယော–ဝေဒနာ၏ဖြစ်ခြင်းသည်၊(ဟောတို့)၊ တဏှာသမုဒယာ-တဏှာ၏

× × × × × × ×

ယာသု ၊ပေ၊ ကမ္မဋ္ဌာနံ။ ။“ကမ္မဋ္ဌာနံ”အရ နောက်၌လာမည့် စတုဿစ္စ ကမ္မဋ္ဌာန်းကို ယူပါ၊ ဗုဒ္ဓမြတ်စွာသည် ကမ္မဋ္ဌာန်းကို ဟောတော်မူလိုလျှင် ခန္ဓာအာယ တနစသည်တို့နှင့်စပ်သဖြင့် ဟောတို့ရာ များစွာ ရှိပါသော်လည်း တိတ္ထိတို့သည် ခံစား မှု ဝေဒနာ၌ တဏှာဖြင့် မက်မောကြကုန်သည့် အတွက် “ဇာဝ သုဒိနော ဘဝိဿာမ၊ ဇတ္ထ သုဒိနော ဘဝိဿာမ”ဟု ခံစားမှု ချမ်းသာရေးကို မြော်တွေးကာ မိစ္ဆာတောရုပ် သို့ ဝင်မိကြရာလေသည်၊ ထို့ကြောင့် အခြားတရားနှင့်စပ်၍ ကမ္မဋ္ဌာန်းကို ဟောတော် မမူဘဲ ဤနေရာ၌ ဝေဒနာနှင့်စပ်၍ ကမ္မဋ္ဌာန်းကို ဟောတော်မူသည်မှာ တရားဆင်ဖြင်မှု၌ ကျွမ်းကျင်တော်မူသော ဒေဿနာဝိလာသ (သမ္မညူတာဉာဏ်တော်အစွမ်း) ပေတည်း။

ဇာဝ၊ပေ၊ဖဿံ။ ။တောထည်းသို့ ဝင်သူသည် ထိုတော၌ ကောင်းမည့်အချက် ကို မြော်လင့်၍ ဝင်သကဲ့သို့, ထို့အတူ မိစ္ဆာအယူ တည်းဟူသော တောရုပ်သို့ ဝင်သူ တို့လည်း“ထို အယူတည်းဟူသော ဝါဒ၌ ချမ်းသာလိမ့်မည်”ဟု မြော်လင့်ချက်ဖြင့်သာ ဝင်ကြလေသည်၊ ထို့ကြောင့်“ဇာဓ သုဒိနော ဘဝိဿာမ၊ ဇတ္ထ သုဒိနော ဘဝိဿာမ” ဟူသောစကားသည် ထို တိတ္ထိတို့၏ မြော်လင့်ချက်ကိုပြသော စကားတည်း။ [တောရုပ် အနက်ကို ဟောရာ၌ ထေရမနိမိဝယ် “ဂါဟ–ဂဟနေ (ရှုပ်ထွေးခြင်း)”ဟု ဆို၏၊ ဂြဟမှ ဖြစ်လာသော ဂဟဓာတ် မဟုတ်သောကြောင့် နကို ဏ မပြန်စေရ။]

ယထာဘူတံ ဝိဒိတ္ဝာ။ ။“ဟုတ်တိုင်းမှန်စွာ သိသော ယထာဘူတဉာဏ်” ဟူသည် ဝေဒနာ၏ ဖြစ်ကြောင်း သမုဒယ, ပျက်ကြောင်း အတ္ထင်္ဂမစသည်ကို အာရုံပြု၍ သိနိုင်သော ဝိပဿနာဉာဏ် သည်ဌင်း, အာရုံ မပြုသော်လည်း မဂ္ဂင်္ဂမဂ္ဂင် ရှင်းပြီး လင်းပြီး အနေအားဖြင့်သိသော မဂ်ဉာဏ်သည်ဌင်းတည်း။

ဖြစ်ခြင်းကြောင့်၊ ဝေဒနာသမုဒယော(ဟောတိ)၊ကမ္မသမုဒယာ-ကံ၏ဖြစ်ခြင်း ကြောင့်၊ပေ၊ဖဿသမုဒယာ-ဖဿ၏ ဖြစ်ခြင်းကြောင့် ၊ပေ၊ ဣတိ-သို့၊ ပစ္ဆယသမုဒယဋ္ဌေန-အဝိဇ္ဇာစသော အကြောင်းတရားတို့၏ ဖြစ်ခြင်းဟူသော အနက်သဘောအားဖြင့်၊ ဝေဒနက္ခန္ဓသ-ဝေဒနက္ခန္ဓာ၏၊ ဥဒယံ - ဖြစ်ခြင်းကို၊ ဝါ-ဥပါဒ်ကို၊ ပဿတိ- မြင်တော်မူ၏၊ နိဗ္ဗတ္တိလက္ခဏံ - ဖြစ်ခြင်း လက္ခဏာကို၊ ပဿန္တောပိ-မြင်တော်မူသော ဘုရားရှင်သည်လည်း၊ ဝေဒနက္ခန္ဓသ, ဥဒယံ ပဿတိ၊ ဣတိ- သို့၊ ပဋ္ဌန် - ၅ ပါးကုန်သော၊ ဣမေသံ လက္ခဏာနံ - ဤ လက္ခဏာတို့၏၊ ဝသေန-အစွမ်းဖြင့်၊ ဝေဒနာနံ-တို့၏၊ သမုဒယံ -ကို၊ ယထာဘူတံ-မဖေါက်မပြန်ဟုတ်မှန်စွာ၊ ဝိဒိတ္ဝာ-သိတော်မူ၍၎င်း၊ အဝိဇ္ဇာနိရောဓာ-ကြောင့်၊ ဝေဒနာနိရောဓော- ဝေဒနာ၏ ချုပ်ခြင်းသည်၊ (ဟောတိ)၊ပေ၊ ဖဿနိရောဓာ- ကြောင့်၊ ဝေဒနာနိရောဓော (ဟောတိ)၊ ဣတိ- သို့၊ ပစ္ဆယနိရောဓဋ္ဌေန-အဝိဇ္ဇာစသော အကြောင်းတရားတို့၏ ချုပ်ခြင်းဟူသော အနက်သဘောအားဖြင့်၊ ဝေဒနက္ခန္ဓသ၊ ဝယံ - ပျက်ခြင်းကို၊ ပဿတိ၊ ဝိပရိဏာမလက္ခဏံ- ဇရာမရဏ ဟူသော ၂ ပါးသော အပြားအားဖြင့် ဖေါက်ပြန်ခြင်း လက္ခဏာကို၊ ပဿန္တောပိ ဝေဒနက္ခန္ဓသ ဝယံ ပဿတိ၊ ဣတိ - သို့၊ ပဋ္ဌန် ဣမေသံ လက္ခဏာနံ ဝသေန၊ ဝေဒနာနံ-တို့၏၊ အတ္ထင်္ဂံမံ-ချုပ်ခြင်းကို၊ ယထာဘူတံ၊ ဝိဒိတ္ဝာ-ဌင်း၊(အနုပါဒါ ဝိမုတ္တောဘိစပ်)။

ယံ(ယသ္မာ)-အကြင့်ကြောင့်၊(အကြင် ရှေးရှေး ဝေဒနာ၏ နောက်နောက် ဇဝေဒနာအား ကျေးဇူးပြုနိုင်သည်၏ အဖြစ် ဟူသော အကြောင်းကြောင့်)၊ ဝေဒနံ-ရှေးရှေးဝေဒနာကို၊ ပဋိစ္စ-စွဲမှီ၍၊ သောမနဿံ-သောမနဿဖြစ်သော၊

× × × × × × ×

မနောပဏိဓိ။ ။ပါဠိတော်၌ “ မနောပဏိဓိ ” ဟူသည် စေတသော ပတ္ထနာ–စိတ်၏ တောင့်ဖာခြင်းတည်း၊ ထို“တောင့်တ”ဟူသည် (ဆုတောင်းနေခြင်း မဟုတ်)၊ တထာစိတ္တုပ္ပဝတ္တိမတ္တမေဝ – ထို အခြားမြဟ္မာများ လာစေလိုသော စိတ်၏ ဖြစ်ရုံသာတည်း။ [ပ–ရှေးရှ+နိဓာန–စိတ်ကိုထားခြင်း၊.... ပဏိဓာနတော ပဋ္ဌာယ၌ ပဏိဓာန ဟူသည်လည်း ဘုရားဖြစ်ဘို့ရန် စိတ်ကို ရှေးရှုထားခြင်း (ဘုရားဖြစ်လိုသော စိတ်၏ ဖြစ်ခြင်း) ပင်တည်း၊ “ဘုရားဖြစ်ရပါလို၏”ဟု ဆုတောင်းခြင်း မဟုတ်ပါ။]

ကောက်သော အပေါက်ဖြင့်၊ ဝက်အာဏိ – ကောက်သော စို့သည်၊ ဝါ–ကောက်သော သံချောင်းသည်၊(သြနမတိ)ဝိယ-ကိုင်းညွှတ်သကဲ့သို့၊သြနမိတ္တာ-ကိုင်းညွှတ်၍၊ တသေဝ - ထို ဗြဟ္မာမင်း၏ သာလျှင်၊ ပဒမူလံ – ခြေရင်းသို့၊ ဂစ္ဆန္တိ–ရောက်ကြလေကုန်၏၊ ဣတိ–ဤကား အနက်အဓိပ္ပါယ်တည်း။

ဝဏ္ဏဝတရောစာတိ-ကား၊ ဝဏ္ဏဝန္တတရော - သာ၍ လှပသော အဆင်းရှိသည်၊ အဘိရူပေါ - လွန်ကဲသော အဆင်းရှိသည်၊ ပါသာဒိကော - စိတ်၏ကြည်လင်ခြင်းကို ဖြစ်စေတတ်သည်၊ (ဟောတိ)၊ ဣတိ အတ္ထော၊ မဟေသက္ခတရောတိ–ကား၊ ဣဿရိယပရိဝါရဝသေန–အစိုးရသူ၏ ဖြစ်ကြောင်းဖြစ်ရာ ရာထူးဌာနန္တရ, အခြံအရံတို့၏ အစွမ်းဖြင့်၊ မဟာယသတရော– အထူးသဖြင့် များသော ကိတ္တိယသ ပရိဝါရယသရှိသည်၎င်း၊(ဟောတိ၌စပ်)။

× × × × × × × ×

ဝက်ဆိဒ္ဓေန, ဝက်အာဏိ ။ ။ နတ်ဗြဟ္မာတို့မှာ ဘဝသစ်၌ ဖြစ်လျှင် ဖြစ်ခြင်း "ငါ့ဃည် မည်သည့်ဘဝမှ စုတေခဲ့၍ မည်သည့် ကံကြောင့် ဤဘဝ၌ ဖြစ်ရသည်" ဟု များသောအားဖြင့် ဆင်ခြင်ရိုး ရှိသော်လည်း, ထို ဆင်ခြင်မှုသည် ကမ္မဿကတာဉာဏ်ဝယ် စွမ်းတည်တံ့ပြီးသူတို့၌သာဖြစ်၏၊ ဤဗြဟ္မာတို့ကား နဂိုရင်းကပင် ဇာသရကုတ္တအယူ၌စွဲနေသူများတည်း၊ ထို့ကြောင့် မူလဗြဟ္မာမင်း၏ မှားယွင်းသော ဇာသရကုတ္တအယူအပေါက်ဖြင့် ထို ဗြဟ္မာသစ်တို့၏ အယူအကောက်သည် ဝင်သွားသကဲ့သို့, ထို ဗြဟ္မာမင်း၏ အယူဝါဒကို ထောက်ခံရာရောက်လေတော့သည်။

ဝဏ္ဏဝန္တတရော။ ။သံဝဋ္ဋကပ္ပပါဋိတော်၌ "ဝဏ္ဏဝတရော"ဟု ရှိဟန်တူ၏၊ ထို့ကြောင့် " ဝဏ္ဏဝတရော "ကိုသာ ဝဏ္ဏဝန္တတရောစ"ဟု ဖွင့်သင့်မည်ထင်သည်၊ ဥပမာ– စတုတ္ထပါရာဇိကာ၌ " ဝဏ္ဏဝါ အဟေသုံ"ကို " ဝဏ္ဏဝန္တော အဟေသုံ "ဟု ဖွင့်သကဲ့သို့တည်း၊ စာအုပ်တို့၌"ဝဏ္ဏဝန္တတရော စာတိ ဝဏ္ဏဝန္တတရော"ဟု တွေ့ရ၏၊ "စသဒ္ဒါ အနက်မရှိ"ဟု ဖွင့်သည်ဟု ထင်စရာရှိသော်လည်း ဤ"စ"သည် အနက်မရှိ မဟုတ်,အနက်ရှိသည်သာ၊အဘိရူပေါစသည်ကား"ဝဏ္ဏဝန္တတရော"၏ အဓိပ္ပါယ်ထွက်။

မဟေသက္ခတရော။ ။မဟာ+ ဤသ+ အက္ခတရ၊ ဤသဓာတ်သည် ဂတိစသော အနက်, ဇာသရိယအနက်တို့ကို ဟော၏၊ ဇာသရိယအနက်ကို ယူ၍ " ဤသတိ အဘိဘဝတိတိ ဤသော"ဟု ဋီကာသစ်ပြု၏၊ မဟာ–ကြီးကျယ်သော+ဤသော–အစိုးရသူတည်း၊ မဟေသော–သူ၊ ["မဟန္တော+ဤသော ယသာတိ မဟေသော" ဟုလည်း ပြုနိုင်၏။] အက္ခာယတိတိ အက္ခော၊ (အာ+ ခါဓာတ်–အပစ္စည်း, (က) လာ)၊ မဟေသော ဇာတိ– ကြီးကျယ်သော အစိုးရသူဟူ၍ + အက္ခော- ပြောဆိုအပ်သူတည်း၊ မဟေသက္ခော- သူ၊ အတိသယေန + မဟေသက္ခော မဟေသက္ခတရော။

ဇာသရိယ၊ပေ၊တရော။ ။ဤကား အဓိပ္ပါယ်ထွက်တည်း၊ ဇာသရိယဂုဏ်,ပရိဝါရဂုဏ်ကို ထောက်၍ မဟေသက္ခတရဖြစ်ကြောင်းကို သိနိုင်ပါသည်- ဟူလို၊ ဇာသရသ+ဘာဝေါ ဇာသရိယံ-အစိုးရသူ၏ ဖြစ်ကြောင်းဖြစ်ရာ (ရာထူးဌာနန္တရ) ဂုဏ်၊ဤပါဋိဖြင့် ကိတ္တိယဒဿ (ကျော်စောခြင်း ဟူသော ယသ) ကို ပြ၏၊ ပရိဝါရဟူသော ဝိသေသနဖြင့် ပရိဝါရယသကို ပြ၏၊ ထို့ကြောင့်"မဟာယသ"အရ ယသ ၂ မျိုးလုံးကို ယူပါ။

ဌာနံ ခေါ ပနေတံတိ-ကား၊ တေံ ကာရဏံ-ဤအကြောင်းသည်၊("ဝိဇ္ဇတိ ခေါပန-ရှိသည်သာ"ဟု ပါဠိတော်၌စပ်)၊ [ဤမှ နောက်၌"ဃော တတော" ဟု ရှိ၏၊"တံ သန္ဓာယ"ကို ကြည့်၍ "ယော တတော"ဟု ဆရာတို့ ပြင်တော်မူကြသည်။] ယော-အကြင် ပုဂ္ဂိုလ်သည်၊ တတော-ထို မြဟပ္ပဒဘုံမှ၊ စုတော့-စုတေ၍၊ အညတြ-အခြားသောဘုံသို့၊ နဥစ္ဆတိ- မသွား၊ ဣဃေဝ-ဤလူ့ဘုံသို့သာ၊ အာဂစ္ဆတိ-ရောက်လာ၏၊ တံ-ထို ပုဂ္ဂိုလ်ကို၊ သန္ဓာယ- ရည်ရွယ်တော်မူ၍၊ တေံ-ဌာနံ ခေါ ပနေတံ ဝိဇ္ဇတိအစရှိသော ဤစကားကို၊(ဘဂဝတာ) ဝုတ္တံ-မိန့်တော်မူအပ်ပြီ။

အဂါရသ္မာတိ-ကား၊ ဂေဟာ-အိမ်မှ၊ အနဂါရိယန္တိ-ကား၊ ပဗ္ဗဇ္ဇံ- ရဟန်းအဖြစ်သို့၊("ပဗ္ဗဇတို့-ကပ်ရောံ၏"၌စပ်)၊ ဟိ-မှန်၏၊(တနည်း)ဟိ(ယသ္မာ)-ကြောင့်၊ ပဗ္ဗဇ္ဇာ-ရဟန်းအဖြစ်ကို၊ (ဝုစ္စတိ၌စပ်)၊ အဂါရဿ-အိမ်၏၊ ဝါ-အိမ်၌နေခြင်း၏၊ ဟိတံ-စီးပွားဟူသည်၊ ကသိဂေါရက္ခာဒိကမ္မံ-လယ်လုပ်ခြင်း,

× × × × × × ×

ဌာနံ ခေါ ပနေတံ။ ။ပါဠိတော်ဝယ်"ဌာနံ ခေါ၊ပေ၊ဝိဇ္ဇတိ"ဝါကျ၏ နောံ၌ "ယံ အညတရော၊ပေ၊အာဂစ္ဆတိ, ဇာတ္တိတော်၊ပေ၊ပဗ္ဗဇတိ, အဂါရသ္မာ ၊ပေ၊ စေတော သမာဓိံ ဖုသတိ၊ပေ၊အနုဿရတိ"ဟု အပဓာန ဖြစ်သော အနိယမ ၄ ဝါကျ ရှိ၏၊ ယံ ကိုလည်း"နိပါတမတ္တံ"ဟုဎင်း, " ကရဏော ဝါ ပစ္စတ္တနိဒ္ဒေသော - ကရိဏ်း ဝိဘတ်၏ ဟိတ်အနက်၌ ပဌမာဖြင့် ညွှန်ပြအပ်သော သဒ္ဒါ"ဟုဎင်း, "ကြိယာပရာမသနံ ဝါ" ဟုဎင်း ဋီကာ၌ ၃ နက် ဖွင့်၏၊ ပဌမနည်းအလို ယံ အနက်မရှိ။

ဒုတိယနည်းအလို။ ။ ယံ-အကြင် အကြောင်းကြောင့်၊ အာဂစ္ဆတိ - ၏၊ တေံ ဌာနံ-ဤလာခြင်း၏အကြောင်းသည်၊ ဝိဇ္ဇတိ ခေါပန-ရှိသည်သာ၊ ယံ-ကြောင့်၊ ပဗ္ဗဇတိ- ကပ်ရောက်၏၊ တေံဌာနံ- ဤရဟန်းအဖြစ်သို့ ကပ်ရောက်ခြင်း၏ အကြောင်းသည်၊ ဝိဇ္ဇတိခေါပန-သာ၊ ယံ- ကြောင့်၊ စေတောသမာဓိံ- ကို၊ ဖုသတိ-၏၊ တေံ ဌာနံ- ဤ စေတောသမာဓိကိုရခြင်း၏ အကြောင်းသည်၊ ဝိဇ္ဇတိ ခေါ ပန- သာ၊ ယံ-ကြောင့်၊ တံ ပုဗ္ဗေနိဝါသံ-ထို ရှေတဘဝမျှ ဖြစ်သော ပုဗ္ဗေနိဝါသကို၊ အနုဿရတိ-၏၊ တေံဌာနံ-ဤ ရှေတဘဝမျှ အောက်မေ့နိုင်ခြင်း၏ အကြောင်းသည်၊ ဝိဇ္ဇတိ ခေါပန-သာ၊ ဤသို့ အသီးအသီးခွဲ၍ အနက်ပေးပါ။

တတိယနည်း အလို။ ။ "ကြိယာကို သုံးသပ်ခြင်း"ဟူသော ကြိယာပရာမသန အနက်ပေးရာ၌ကား "ယံ အာဂစ္ဆတိ-အကြင်လာ၏၊ တေံ ဌာနံ- ဤလာခြင်း ဟူသော အကြောင်းသည်၊ ဝိဇ္ဇတိ ခေါပန- သာ၊ ယံ ပဗ္ဗဇတိ-အကြင် ကပ်ရောက်၏၊ တေံဌာနံ- ဤ ရဟန်း အဖြစ်သို့ ကပ်ရောက်ခြင်းဟူသော အကြောင်းသည်၊ပေ၊ယံ ဖုသတိ-အကြင်ရ၏၊ တေံ ဌာနံ-ဤစေတောသမာဓိကို ရခြင်းဟူသောအကြောင်းသည်၊ပေ၊ယံအနုဿရတိ - အကြင် အောက်မေ့နိုင်၏၊ တေံ ဌာနံ - ဤ ရှေးတဘဝမျှကို အောက်မေ့နိုင်ခြင်း, ထိုထက်အလွန် မအောက်မေ့နိုင်ခြင်း ဟူသော အကြောင်းသည်၊ ဝိဇ္ဇတိ ခေါပန-သာ။ [တတော ပရံ နာနုဿရတိ ဝါကျပါ ယံဖြင့်စွဲနိုင်၏။] ယံကို ကြိယာပရာမသံနအနက် ဖွင့်ရာ၌ ဤသို့ ကြိယာနှင့် တွဲ၍ ပေးရသည်။

နွားကျောင်းခြင်း အစရှိသော အလုပ်တည်း၊[အာဒိဖြင့် ဝါကိုဇ္ဈ စသည်ကိုယူ၊ အချို့နေရာ၌ "ကသိဝါကိုဇ္ဈာဒိ" ဟု ရှိ၏။] တံ - ထို အိမ်၏ စီးပွားဖြစ်သော လယ်ထွန် ကုန်ရောင်း နွားကျောင်းမှု အစရှိသော အလုပ်သည်၊ တတ္ထ - ထို ရဟန်းအဖြစ်၌၊ နတ္ထိ–မရှိ၊["ပဗ္ဗဇ္ဇာ ဟိ ယသ္မာ" ဟု စာအုပ်တို့၌ ရှိ၏၊ ယသ္မာသည် ရှိရိုးမဟုတ်၊ ဟိကိုပင် "ယသ္မာ" ဟု အနက်ပေးနိုင်၏။] တသ္မာ - ကြောင့်၊ (အိမ်၏စီးပွားဖြစ်သောလယ်ထွန် ကုန်ရောင်း နွားကျောင်းမှုမရှိသည်၏အဖြစ်ကြောင့်)၊ အနဝါရိယာတိ – ဟူ၍၊ ဝုစ္စတိ - ဆိုအပ်၏၊[ပဗ္ဗဇ္ဇာကို အရကောက်ရသောကြောင့် "အနဝါရိယာတိ" ဟု ရှိပါစေ၊ ပါဠိတော်၌ကား ပဗ္ဗဇတိ၏ ကံဖြစ်သောကြောင့် ဒုတိယန္တ်ကို ရှိရသည်၊] ပဗ္ဗဇတီတိ - ကား၊ ဥပဂစ္ဆတိ – ကပ်ရောက်၏၊ တတော ပရံ နာနုဿရတီတိ - ကား၊ တတော ပုဗ္ဗေနိဝါသာ - ထို ရှေး၌ နေအပ်ဘူးသော တဘဝမှ၊ ဝါ – ထက်၊ ပရံ - နောက်၌၊ ဝါ - အလွန်၊ နဿရတိ - မအောက်မေ့နိုင်၊ သရိတုံ – အောက်မေ့ခြင်းငှါ၊ အသက္ကောန္တော - မစွမ်းနိုင်သည်၊ (ဟုတ္တွာ-၍၊ ဝါ – ကြောင့်)၊ တတ္ထ – ထိုရှေးဘဝ၌၊ ဌတ္တွာ – တန့်ရပ်၍၊ ဒိဋ္ဌိ - မိစ္ဆာအယူကို၊ ဂဏှာတိ – ယူ၏။

နိစ္ဆောတိ အာဒိသု – နိစ္ဆော အစရှိသောပါဠိတို့၌၊ (အတ္ထော ဧဝံ ဝေဒိတဗ္ဗော)၊ တဿ - ထိုဗြဟ္မာမင်း၏၊ ဥပပတ္တိ - ပဋိသန္ဓေနေခြင်းကို၊ အပဿန္တော - မမြင်စွမ်းနိုင်သည်၊ (ဟုတ္တွာ-၍၊ ဝါ - ကြောင့်၊) နိစ္ဆောတိ - မြဲ၏ဟူ၍၊ ဝဒတိ – ပြောဆို၏၊ (တဿ - ၏)၊ မရဏံ - စုတေခြင်းကို၊ အပဿန္တော ;သည်၊(ဟုတ္တွာ)၊ ဓုဝေါတိ – ခိုင်ခံ့၏ဟူ၍၊ (ဝဒတိ)၊ သဒါ - အခါခပ်သိမ်း၊ ဘာဝတော - ထင်ရှားရှိသည်၏ အဖြစ်ကြောင့်၊ သဿတောတိ – အခါခပ်သိမ်း ထင်ရှားရှိ၏ဟူ၍၊ (ဝဒတိ)၊ [သဿတပုဒ်ပြီးပုံကို ရှေ့ " သဿတော အတ္တာစ " အဖွင့်၌ ပြခဲ့ပြီ။] ဇရာဝသေနာပိ – ဇရာ၏ အစွမ်းအားဖြင့် သော်မှလည်း၊ ဝိပရိဏာမသ –

× × × × × × ×

အဂါရသ္မာ ၊ပေ၊ အနဂါရိယံ။ ။ဤဝါကျ၏အဓိပ္ပါယ်ကို ပါရာဇိကဏ် သုဒိန္နကလ္လာ၌ ဖွင့်ပြခဲ့ပြီ၊ ဋီကာသစ်၌ " နဂစ္ဆတီတိ အဂါဇံ (ဃရံ)၊ အဂါရသ္မာ + ဟိတံ အဂါရိယံ (ကသိဂေါရက္ခာဒိကမ္မံ)၊ တံ ဘော့ နတ္ထိတိ အနဂါရိယာ (ပဗ္ဗဇ္ဇာ)၊ ပသဒ္ဓေန ဝိသိဋ္ဌော ဝဇသဒ္ဓေါ ဥပသက်မနေ၊ ဇုတိ–ထို့ကြောင့်၊ ဝုတ္တံ ဥပဂစ္ဆတီတိ" ဟု ဖွင့်၏။ [သာရတ္ထဋီကာ၌ " အဂါရဝါသော အဂါရံ, ဥတ္တရပဒလောပေန၊ တဿ (ထိုအိမ်၌ နေခြင်း၏)၊ ဝနိဝဟံ အဂါရသ္မာ+ဟိတံ" ဟု ဖွင့်သေး၏။]

ဇရာဝသေနဝိ။ ။"ပိသဒ္ဓေန မရဏဝသေနာပိတိ သမ္ပိလ္လော်တိ" ဟု ဋီကာသစ် ဖွင့်၏၊ မိမိကား ပိသဒ္ဒါသည် "သမ္ပာဝနာဇောတက, ဂရဟာသမုစ္စည်း" ဟု ထင်၏၊ ဝိပရိဏာမ ဖြစ်ရာ၌ ဇရာအားဖြင့်လည်း ဖေါက်ပြန်နိုင်၏၊ ဇရာထက် သာ၍ဆိုးသော မရဏအားဖြင့်လည်း ဖေါက်ပြန်နိုင်၏၊ ထိုဗြဟ္မာမင်းမှာ ဇရာအားဖြင့်သော်မှ ဝိပရိဏာမမမှ မရှိသေး၏၊ မရဏအားဖြင့် မရှိခြင်းမှာ ဆိုဘွယ်ရာပင် မလို့တော့ပါ–ဟူလို။

ဖေါက်ပြန်ခြင်း၏၊ အဘာဝတော - မရှိခြင်းကြောင့်၊ အဝိပရိဏာမ ဓမ္မောတိ-ဖေါက်ပြန်ခြင်းသဘော မရှိဟူ၍၊ (ဝဒတိ)၊ တွေ – ၌ ပဌမဝါရ၌၊ သေသံ-ကြွင်းသော ပုဒ်အပေါင်းသည်၊ ဥတ္တာနမေဝ-သာ၊ ဣတိ–အပြီးတည်း။ ["တွေ ပဌမဝါရေ"ဟု စာအုပ်တို့၌၏၊ နိဿယစွဲရာမှ ပါလာဟန်တူသည်၊ ဒုတိယဝါရေကို ထောက်လျှင် "ပဌမဝါရ" ဟု သိသာပြီ။]

ဒုတိယဝါရေ–ဒုတိယဝါရ၌၊ (အတ္ထော ဝေံ ဝေဒိတဗ္ဗော)၊ (ယေ ဒေဝါ-အကြင် နတ်တို့သည်၊) ဓိဋ္ဌာယ– အလွန်အကြူး ပျော်မြူးခြင်းကြောင့်၊ ပဒုဿန္တိ ဝိနဿန္တိ– ပျက်စီးကြရကုန်၏၊ ဣတိ - ထိုသို့ အလွန်အကြူး ပျော်မြူးသည့် အတွက် ပျက်စီးရကုန်သည်၏အဖြစ်ကြောင့်၊ (တေ– ထိုနတ်တို့သည်၊) ဓိဋ္ဌာပဒေါသိကာ – ဓိဋ္ဌာပဒေါသိကတို့ မည်၏၊ ပဒူသိကာတိပိ – ပဒူသိကာဟူ၍လည်း၊ ပါဠိ-ပါဠိတော်ကို၊ လိခန္တိ- ရေးကြကုန်၏၊ သာ- ထိုပါဠိသည်၊ အဋ္ဌကထာယံ-ရှေးအဋ္ဌကထာ၌၊ နတ္ထိ-မရှိ၊ အတိဝေလံ့တိ- ကား၊ အတိကာလံ-အချိန်လွန်အောင်၊ အတိစိရံ- အလွန်ကြာမြင့်စွာ၊ ဣတိအတ္ထော – နက်။

× × × × × × ×

ဓိဋ္ဌာပဒေါသိကာ။ ။သတ္တတ္ထ၌ "ကြိဒ္ဓာ"သည် ပါဠို၌ "ကိဋ္ဌ = ဓိဋ္ဌာ" ဟု ဖြစ်၏၊ ဓာတ်ကျမ်း၌ "ဓိဒ္ဓ" ဓာတ်ဟု မတွေ့ရ၊ အဘိဓာနပ္ပဒီပိကာသူစို၌ "ဓိဒ္ဓ–ကိဋ္ဌာယံ"ဟု ဆို၏၊ "ဤပစ္စည်းဖြင့် ဒ္ဝေါကို (ဒ္ဝ) ပြု, ဒ္ဝေဘော်လာ" ဟု ကြံဖါ၊ ဓိဒ္ဓနံ–ပျော်မြူးခြင်း၊ ဓိဋ္ဌာ – ခြင်း၊ ပဒုဿန္တိတိ ပဒေါသိနော၊ (ကတ္တားဟော ဏိပစ္စည်း) ဓိဋ္ဌာယ+ ပဒေါသိနော၊ ဓိဋ္ဌာပဒေါသိနော၊ သွတ္ထ၌ က ပစ္စည်းသက်၍ "ဓိဋ္ဌာပဒေါသိကာ" ဟု ဖြစ်၏၊ (တနည်း) ပဒုဿနံ ပဒေါသော ဓိဋ္ဌာယ + ပဒေါသော ဓိဋ္ဌာပဒေါသော၊ ဓိဋ္ဌာပဒေါသော ဧတေသံတိ ဓိဋ္ဌာပဒေါသိကာ၊–ဋီကာကို မှီးသည်၊ အဋ္ဌကထာ၌ကား လဟုကနည်းအားဖြင့် ဝိဂ္ဂဟပြုထားသည်။ [ဋီကာသစ်၌ "ဓိဋ္ဌာပဒေါသကာ"ဟု ဏ္ဍုပစ္စည်းဖြင့် ဆိုလိုလျက် "ဇု အက္ခရာလာသည်"ဟု တနည်းဆိုသေး၏။]

ပဒူသိကာ။ ။ဤပါဠိကား မဟာဝိဟာရဝါသီနိကာယမှ တပါး အခြား နိကာယတို့၏ ပါဠိတည်း၊ ထိုပါဠိသည် ရှေးအဋ္ဌကထာတို့၌ မရှိ၊ ဒူသဓာတ်သည် စုရာဒိဂိဏ်း, နာသ (ဖျက်ဆီးခြင်း) ဟူသော သကမ္မကအနက်ကို ဟောရာ၌ ထိုပါဠိသည် မသင့်ပင်၊ ဓိဋ္ဌာပဒေါသိကာဋ္ဌကား ဒိဝါဒိဒုသ (ဝိကတ-မေဖါက်ပြန်ပျက်စီးခြင်း အနက်ဟော) အကမ္မကဓာတ်တည်း။

အတိဝေလံ့။ ။ ဝေလာ သဒ္ဒါသည် ကာလအနက်ကို ဟောရာ၏၊ ထို့ကြောင့် "အတိကာလံ"ဟု ဖွင့်သည်။ [ကာလောဒ္ဓါ သမယော ဝေလာ၊–အဘိဓာန် (၆၆)။] "ဝေလံ+အတိဏ္ဍန်နံ့ အတိဝေလံ (ဘာဝနပုံသကဟု ခေါ်အပ်သော ကြီယာဝိသေသနပုဒ်တည်း၊ "ရိုးရာဖြစ်သော ပျော်မြူးချိန်ကို လွန်အောင်" ဟူလို၊ ဆိုလိုရင်းမှာ "အချိန်အလွန်ကြာအောင် ပျော်မြူးခြင်းပင်တည်း"ဟု သိစေလို၍ "အတိစိရံ"ဟု ဖွင့်သည်။

ဟဿ ဒိဋ္ဌာ ရတိဓမ္မသမာပန္နာတိ – ကား၊ ဟဿရတိဓမ္မဥ္စေဝ - မေထုန ဓမ္မဖြင့် ရှင်ပျခြင်း၌ မွေ့လျော်ခြင်းသဘောသို့ဂုင်း၊ ဒိဋ္ဌာရတိဓမ္မဥ္စ - ကိုယ် နှုတ် ၂ ဖေါ်, မြ။းပျော်ခြင်း၌မွေ့လျော်ခြင်းသဘောသို့ဂုင်း၊ သမာပန္နာ-ကောင်းစွာ ရောက်ကုန်သည်၊ အနုယုတ္တာ - အဖန်ဖန် အားထုတ်ကုန်သည်၊ (ဟုတ္ထာ - ဖြစ်၍၊) (ဝိဟရန္တိ ၌စပ်)၊ ကေဋိဟဿသုခဥ္စေဝ– မေထုန်ခံစား ပျော်ပါးခြင်း ရှိသူတို့၏ ရှင်ပျခြင်းကြောင့်ဖြစ်သော သုခကိုဂုင်း၊ ကာယိက ဝါစသိကကိဋ္ဌာ သုခဥ္စ–ကိုယ်၌ဖြစ်သော ပျော်မြ။းခြင်း , နှုတ်၌ဖြစ်သော ပျော်မြ။းခြင်းကြောင့် ဖြစ်သော သုခကိုဂုင်း၊ အနုယုတ္တာ (ဟုတ္ထာ)၊ (ဝိဟရန္တိ ၌စပ်)၊ ဝုတ္တာပ္ပကာရ ရတိ ဓမ္မသမဂ်ီနော–ဆိုအပ်ပြီးသော အပြားရှိသော မွေ့လျော်ခြင်းသဘောနှင့် ပြည့်စုံကုန်သည်၊ ဟုတ္ထာ-၍၊ ဝိဟရန္တိ- နေကြကုန်၏၊ ဣတိ အတ္ထော- နက်။

သတိ သမ္မုသတိတိ–ကား၊ ခါဒနီယ ဘောဇနီယသု-ခဘွယ်ဘောဇဉ်တို့၌၊ သတိ - စားသောက်ဘို့ရန် သတိသည်၊ သမ္မုသတိ - ပျောက်ပျက်၏၊ ဝါ– မေ့လျော့၏၊ [ဘူဝါဒိ မုသဓာတ်သာ “ မေ့လျော့ခြင်းအနက် ”ကို ဟော၏၊ ဒိဝါဒိ မုသဓာတ်ကား “ ဖြတ်ခြင်းအနက် ”ကို ဟောသည်၊ ထို့ကြောင့် သ ဒွေဘော် မရှိရ။] ကိရ - ၍၊ တေ– ထိုနတ်တို့သည်၊ ပုညဝိသေသာဓိဂတေန- ကောင်းမှု

× × × × × × ×

ဋီကာဟောင်း။ ။“အတိက္ကန္တဝေလံ ဝါ အတိဝေလံ” ဟု ဖွင့်၏၊ အဋ္ဌကထာ နည်းမှ တနည်းဖွင့်သောကြောင့် “ဝါ” ဟု ထည့်ထားသည်၊ ဒုတိယာဝိဘတ်ကိုလည်း ကြိယာဝိသေသနအနက်၌ပင် သက်စေလို၍ “အာဟာရုပဘောဂကာလံ အတိက္ကမိတ္ဝာ တိ အတ္ထော ” ဟု ဖွင့်သည်၊ ဝိဂြိဟ်မှာ ရွှေအတိုင်း အဗျယီဘောပင်တည်း၊ သို့သော် “ကာလ”အရ ပျော်မြ။းချိန်ကာလကို မယူဘဲ “အစာစားချိန်ကာလကို ယူရသည်။

ဟဿ၊ဧပ၊သမာပန္နာ။ ။ဟဿနှင့် ဒိဋ္ဌာကို ဒွန်တွဲ၊ “ဒွန်၏နောက်၌, ရှိသော ပိဒ်, ထွဉ်လိုက် ပုဒ်တိုင်းသာ”နှင့်အညီ ဒွန်၏နောက်၌ရှိသော ရတိဓမ္မပုဒ်ကို ရွှေ ၂ ပုဒ် နှင့် ထွဉ်စေ၍ “ဟဿရတိဓမ္မဥ္စေဝ, ဒိဋ္ဌာရတိဓမ္မဥ္စ” ဟု ဖွင့်သည်၊ [ဟဿဒိဋ္ဌာသု+ ရတိဓမ္မော ရမဏာသဘာဝေါတိ၊ – ဋီကာသစ်။] “ သမာပန္န – ကောင်းစွာရောက် ” ဟူသည် “ထိုအလုပ်ကို အားထုတ်ခြင်းပင်တည်း”ဟု အဓိပ္ပါယ်ထွက်ကို ပြလို၍ သမာပန္နာ ကို “အနုယုတ္တာ” ဟု ဖွင့်သည်။

ကေဋိ၊ဧပ၊ ကိဉ္စာသုခဥ္စ။ ။ဟဿရတိဓမ္မကို “ ကေဋိဟဿသုခ ” ဟုဂုင်း, ဒိဋ္ဌာရတိဓမ္မကို “ ကာယိကဝါစသိက ကိဉ္စာသုခ ” ဟုဂုင်း ဖွင့်၏၊ ထိုတွင် “ မေထုန သမ္ဗယောဂေန ဥပ္ပဇ္ဇနကသုခံ ကေဋိဟဿသုခံ ” ဟု ဋီကာဖွင့်၏၊ ထိုမှ ကြွင်းသော ပျော်မြ။းခြင်းဟူသော ကာယပယောဂ စမ်ပယောဂကြောင့်ဖြစ်သော (ကခုန် တီးမှုတ်ခြင်း သီဆိုခြင်း စသော ပယောဂတို့ကြောင့်ဖြစ်သော) သုခကို “ ကာယိကဝါစသိက ကိဉ္စာသုခ ” ဟု ခေါ်သည်။ [ကိဉ္စာ ယေသံတိ ကေဋိနော၊ ကေဋိနံ – ကာမခံစား ပျော်ပါးခြင်း ရှိသူတို့၏ + ဟဿော– ရှင်ပျခြင်းတည်း၊ ကေဋိဟဿော – ခြင်း၊ ကေဋိ ဟဿေန+ဥပ္ပဇ္ဇနကံ+သုခံ ကေဋိဟဿသုခံ။]

အထူးကြောင့် ရအာပ်သော၊ မဟန္တေန – ကြီးကျယ်သော၊ အတ္တနော – မိမိ၏၊ သိရိဝိဘဝေန – အာသရေစည်းစိမ်ဖြင့်၊ နက္ခတ္တံ – နက္ခတ်သဘင်ကို၊ ကီဠန္တော – ကစားကုန်လသော်၊ ဝါ – ပျော်မြူးကုန်လသော်၊ တာယ သမ္ပတ္တိယာ – ထိုစည်းစိမ်၏၊ မဟန္တတာယ - ကြီးကျယ်သည်၏အဖြစ်ကြောင့်၊ အာဟာရံ - နတ်သုဓာဟူသော အာဟာရကို၊ ပရိဘုဉ်မှ-စားပြီးကုန်ပြီ၊ နု ပရိဘုဉ်မှ-မစားကြရကုန်သေး၊ ဣတိဝိ- ဤသို့လည်း၊ နု ဇာနန္တိ - မသိကြတော့ကုန်၊ အထ-ပျော်မြူး

× × × × × × ×

သိရိဝိဘဝေန,နက္ခတ္တံ။ ။“သရိရသောဘဂါဒိသိရိယာ ပရိဝါရာဒိသမ္ပတ္တိယာစ-ခန္ဓာကိုယ်၏ လှပတင့်တယ်ခြင်း စသည်ကို သိရိ, အခြွေအရံစသော စည်းစိမ်ကို ဝိဘဝ” ဟု ဖွင့်သည်၊ နတ်ပြည်၌ နက္ခတ်မရှိ၊ ထို့ကြောင့် နက္ခတ်ပွဲလည်းမရှိ၊ လူ့ပြည်က အခေါ်အဝေါ်အတိုင်း နတ်တို့၏ ပွဲသဘင်ကိုပင် ဥပစာတင်၍ “ နက္ခတ္တံ ” ဟု ဆိုထားသည်။ [“ နက္ခတ္တံတိ ဆဏံ၊ ယေဘုယျေန ဟိ နက္ခတ္တာယောဂေန ကတတ္တာ တထာယောဂေါ ဝါ ဟောတု မာဝါ, နက္ခတ္တာမိစ္စေဝ ဝုစ္စတိ၊– ဋီကာသစ်။]

အာဟာရံ။ ။နတ်တို့၏အာဟာရဟူသည် “သုဓာ”တည်း၊ “သုဝုဗ္ဗ, ဓေဓံဝတ်, '(တနည်း) ဓာဓာတ်, ကပစ္စည်း”ဟု ထောမနိဓိဆို၏၊ [ဓေဓာတ်သည် ပါန အနက်ကို ဟော၍, ဓာဓာတ်ကား ဒါန အနက်ကိုလည်း ဟောသည်။] သုဋ္ဌု - ကောင်းစွာ+ဓီယတေ – သောက်အပ်၏၊ ဝါ – ပေးအပ်၏၊ ဣတိ သုဓာ၊ ဋီကာသစ်၌ “ သုခဿ ဓါရဏတော ဒေဝါနံ ဘောဇနံ သုဓာတိ ဝုစ္စတိ” ဟု ဆို၏၊ ထိုအလို“သုခံ+ဒဓာတိတိ သုဓာ–သုခကိုဆောင်တတ်သော နတ်သုဓာ”ဟု ပြုပါ။

နတ်သုဓာ၏ဂုဏ်။ ။ထို နတ်သုဓာသည် “သခ်္ခပမာ–ခရုသင်းကဲ့သို့ ဖွေးဖွေးဖြူ၏၊ အတုလျဒဿနာ – အတုမရှိအောင် ကြည့်စရာကောင်း၏၊ သုစိ – စင်ကြယ်၏၊ သုဂန္ဓာ-ကောင်းသောအနံ့ရှိ၏၊ ပိယရူပါ-ချစ်စရာ အဆင်းရှိ၏၊ ထိုသုဓာကိုစားရလျှင် ၁၂ ပါးသော အကျိုးရ၏၊ ၁၂ ပါးအကျိုးကား– ခုဒ္ဒံ- ထမင်းဆာခြင်း၊ ပိပါသံ– ရေငတ်ခြင်း၊ အရတိ –မမွေ့လျော်ခြင်း၊ ဒရထံ- ကိုယ်ပူခြင်း၊ ခိဒံ- ပင်ပန်းခြင်း၊ [စာဒုပ်တို့၌ “ခမံ”ဟု ရှိ၏၊ “ကိလန္တဘာဝံ”ဟု သုဓာဘောဇနဇာတ် အဋ္ဌကထာဖွင့်သော ကြောင့် ဆန်းလည်းတဲ့အောင် “ ခိဒံ ” ဟု ရှိသင့်၏။] ကောဓံ - အမျက်ထွက်ခြင်း၊ ဥပနာဟံ-ရန်ငြိုးဖွဲ့ခြင်း၊ ဝိဝါဒ-ငြင်းခုန်ခြင်း၊ ပေသုနံ- ချောပစ်ကုန်းတိုက်ခြင်း၊ သီတ–ချမ်းအေးခြင်း၊ ဥဏှ– ပူအိုက်ခြင်း၊ တန္ဒီ - ပျင်းရိခြင်း၊ ဤ ၁၂ ပါးကို ပယ်ဖျောက်နိုင်ခြင်းတည်း။

ဘုတ္တာစ သာ ဒွါဒသ ဟန္တိ ပါပကေ, ခုဒ္ဒံ ပိပါပံ အရတိ ဒရထဂ္မိဒံ။
ကောဓူပနာဟ္မု ဝိဝါဒပေသုနံ, သီတုဏှ တန္ဒိ စ ရသုတ္တမံ ဇုဒံ။

သုဓာ၏ ဂုဏ်ကား ။ ။ ထို သုဓာသည် သဖန်းသီး ပမာဏရှိ၏၊ လက်တဆုပ်စာလောက်သာ ကြီး၏၊ ထိုသုဓာကို နတ်တို့အရေအတွက်အားဖြင့် တရက်တခါစားကြရ၏၊ အောက်အောက် နတ်များထက် အထက်အထက် နတ်များ၏ အာဟာရသည် အဆင့်ဆင့် သာလွန်၏၊ လျာပေါ်တင်လိုက်လျှင်ပင် ဆံဖျား လက်သည်း ခြေသည်းဖျားတိုင်အောင် တကိုယ်လုံး ပြန့်နှံ့၍ သွားလေသတဲ့။

ကြရာ ထိုအခါ၌၊ ကောဟာရာတိက္ကမနတော – တကြိမ် အာဟာရကို လွန်ရာ အခါမှ၊ ပဋ္ဌာယ - စ၍၊ နိရန္တရံ– မပြတ်၊ ခါဒန္တော ပိ - ခဲစားပါကုန်သော်ငင်း၊ ပိဝန္တော ပိ – သောက်ကြပါကုန်သော်ငင်း၊ စဝန္တိယေဝ - စုတေကြရကုန်တော့ သည်သာ၊ နတီဋ္ဌန္တိ–မတည်နိုင်တော့ကုန်။

ကသ္မာ-အဘယ့်ကြောင့်နည်း၊ ကမ္မဇတေဇသ- ကမ္မဇတေဇော၏၊ ဗလဝတာယ- အားရှိသည်၏အဖြစ်ကြောင့်ငင်း၊ ကရဇကာယသ-ကရဇကာယ၏၊ ဝါ – ခန္ဓာကိုယ်၏၊ မန္ဒတာယ – နုံသည်၏အဖြစ်ကြောင့်ငင်းတည်း၊ ဝါ – ညံ့သည်၏ အဖြစ်ကြောင့်ငင်းတည်း။ [တနည်း အကျယ်ပေးပုံကား၊ ကသ္မာ– အဘယ့်ကြောင့်၊ အထ- ၌၊ ကောဟာရာတိက္ကမနတော - မှ၊ ပဋ္ဌာယ- ၍၊ နိရန္တရံ- လပ်၊ ခါဒန္တော ပိ- ခဲစားကုန်သော်ငင်း၊ ပိဝန္တော ပိ- သောက်ကြကုန်သော်ငင်း၊ စဝန္တိယေဝ – ကောန်စုတေကြရကုန်သနည်း၊ နတီဋ္ဌန္တိ – မတည်နိုင်ကြရကုန့်

× × × × × × ×

နိရန္တရံ၊ပေ၊ဝိဝန္တော ပိ။ ။ဤစကားသည် နောက်ထပ်ပြုပြင်၍ မရနိုင်ကြောင်းကို ပြသော ပရိကပ္ပစကားတည်း၊ တကယ်အားဖြင့်ကား ထိုကဲ့သို့ နိရန္တရ စားချိန်သော်ချိန် မရကြတော့ဘဲ ကောန် စုတေကြရတော့သည်သာ။ [နိရန္တရံ ခါဒန္တော ပိ ဝိဝန္တော ပိတို့ ဣဒံ ပရိကပ္ပနာဝေသေန ဝုတ္တံ၊–ဋီကာသစ်။]

ကမ္မဇတေဇသ ဗလဝတာယ။ ။စားသမျှအစာကို ကြေကျက်စေနိုင်သော အစာအိမ်၌ရှိသော ဝမ်းမီးကို “ ပါစကတေဇော ” ဟု ခေါ်၏၊ ထို ပါစကတေဇော ကိုပင် ရှေးကံကြောင့်ဖြစ်သည့်အတွက်“ကမ္မဇတေဇော”ဟု ခေါ်သည်၊ လူတို့မှာ ထို ကမ္မဇဝမ်းမီး အညံ့- အကောင်း (အနုံ-အထက်) ကွဲပြားသော်လည်း နတ်တို့၌ကား မွန်မြတ်သောရှေးကံကြောင့်ဖြစ်ရသည့်အတွက် ဂရုသိန္ဒ (လေးလေးပင်ပင် ညက်ညက် ညော်ညော်ရှိသော) နတ်သုဓာ အာဟာရကိုပင် ကြေကျက်စေနိုင်ရကား အားရှိ ထက်မြက်သော ဝမ်းမီးသာ ရှိကြပေသည်။

ကရဇကာယသ မန္ဒတာယ။ ။ခန္ဓာကိုယ်ကို “ ကရဇကာယ, ” ဟု ခေါ်၏၊ နတ်တို့၏ ခန္ဓာကိုယ်သည် သိမ်မွေ့နုံ့၏၊ သိမ်မွေ့နုံ့သောကြောင့်ပင် သကြားမင်းသည် ဇုန္နသာလဂူသို့ လာသောအခါ ပကတိမြေပေါ်၌ ခန္ဓာကိုယ် မတည်နိုင်ဘဲ ကျိုးကွေ့ ဝင်သွားသောကြောင့် ဘုရားရှင်သည် “ကြမ်းတန်းသော အတ္တဘောကို အဓိဋ္ဌာန်လိုက်လော”ဟု သကြားအား နည်းပေးတော်မူရာဘူး လေသည်၊ ဤစကားအရ “ နတ်တို့၏ ထက်မြက်သောကမ္မဇဝမ်းမီးသည် လောင်ဘို့ရာနတ်သုဓာကို မရသောအခါ နုံ့သော နတ်ခန္ဓာကိုယ်ကို လောင်သောကြောင့် တခဏချင်း စုတေကြရသည်”ဟု သိပါ။

မှတ်ချက်။ ။“လူတို့ကား နတ်များလောက် မကြီးကျယ်သောကံကြောင့် ဖြစ်ရသည့်အတွက် ကမ္မဇတေဇောလည်း နတ်များလို မကောင်း၊ ကရဇကာယလည်း နတ်များ၏ကိုယ်လောက် မနုံ့”ဟု သိပါ၊ သို့ရာဝယ် လူအချင်းချင်းကား ကံချင်းကွာသည့် အတွက် ကမ္မဇဝမ်းမီး ကောင်း-မကောင်းသည်ငင်း, ခန္ဓာကိုယ် အနုအကြမ်းသည်ငင်း ကွာခြားပါသေး၏၊ အစာကြေလွယ်သူတို့မှာ ကမ္မဇဝမ်းမီး ကောင်းသူများပင်တည်း။

သနည်း၊ ကမ္မဇ တေဇဿ-၏၊ ဗလ၀တာယ-ကြောင့်၎င်း၊ ကရဇကာယဿ-၏၊ မန္ဒတာယ-ကြောင့်၎င်း၊ အထ-၌၊ ကောဟာရာတိဂ္ဂမနတော-မှ၊ ပဋ္ဌာယ-၍၊ နိရန္တရံ-မလပ်၊ ခါဒန္တာ၀ိ-သော်၎င်း၊ ၀ိ၀န္တာ၀ိ-သော်၎င်း၊ စ၀န္တီယေ၀-ကေန်စုတေကြရကုန်တော့၏၊ နတိဋ္ဌန္တိ-မတည်နိုင်ကုန်တော့။]

ဟိ-ချွဲ၊ မနုဿာနံ-လူတို့၏၊ ကမ္မဇတေဇော-ကံကြောင့်ဖြစ်သော ၀မ်းမီးသည်၊ မန္ဒော-နုံ၏၊ ၀ါ-ညှံ၏၊ ကရဇကာယော-ကရဇကာယသည်၊ ဗလ၀ါ-အားရှိ၏၊ [နတ်တို့၏ကိုယ်လောက် မနူးညံ့ဘဲ ကြမ်းတန်းသည်ကို "ဗလ၀ါ" ဟု ဆိုသည်။] တေသံ-ထို လူတို့၏၊ ကမ္မဇတေဇဿ-ကမ္မဇတေဇော၏၊ [ရှေးစာအုပ်များ၌ "တေဇဿ" ဟု ရှိ၏။]မန္ဒတာယ-နုံသည်၏ အဖြစ်ကြောင့်၎င်း၊ ၀ါ-ညှံသည်၏အဖြစ်ကြောင့်၎င်း၊ ကရဇကာယဿ-၏၊ ဗလ၀တာယ-အားရှိသည်၏အဖြစ်ကြောင့်၎င်း၊ သတ္တာဟမ်ပိ-ခုနစ်ရက်ကိုသော်မှလည်း၊ အတိက္ကမိတ္၀ာ-လွန်၍၊ ဥဏ္ဟောဒကအစ္ဆယာဂုအာဒီဟိ-ပူသော ရေနွေး, ကြည်သောယာဂုအစရှိသည်တို့ဖြင့်၊ ၀တ္ထုံ-ကရဇကာယဟူသော၀တ္ထုကို၊ ဥပတ္ထမ္ဘေတုံ-ထောက်ပံ့ခြင်းငှါ၊ သက္ကာ-စွမ်းနိုင်၏၊ ပန-ကား၊ ဒေ၀ါနံ-နတ်တို့၏၊ ကမ္မဇတေဇော-သည်၊ ဗလ၀ါ-သည်၊ ဟောတိ၊ ကရဇံ-ကရဇ၀တ္ထု သည်၊ မန္ဒံ-သည်၊ ၀ါ-သည်၊ (ဟောတိ)၊ [အချို့စာအုပ်၌ "ကရဇကာယံ"ဟု ရှိ၏၊ ဋီကာသစ်၌ကား "ကရဇံ"ဟု ရှိသည်၊ ၀တ္ထုံကိုငဲ့၍ ကရဇံဟု နပုလ္လိန်ထားသည်၊ ကရဇသဒ္ဒါကား ပုလ္လိန်သာ၊] တေ-ထို နတ်တို့သည်၊ ဧကံ-တခုသော၊ အာဟာရ၀ေလံ-အစာစားချိန်ကို၊ အတိက္ကမိတ္၀ာ၀-လွန်၍သာလျှင်၊ ၀ါ-လွန်လျှင် လွန်ခြင်းပင်၊ သက္ကာတုံ-ကောင်းစွာတည်ခြင်းငှါ၊ နသက္ကောန္တိ-မစွမ်း

× × × × × × ×

ကရဇကာယဧ၀ါပုံ။ ။ကော ဝုစ္စတိ သရီရံ၊ တတ္ထ-ထို ကိုယ်၌၊ ပ၀တ္တော-သော၊ ရဇော-မြူသည်၊ က+ရဇော-မည်၏၊ သုက္ကသောဏိတံ-သုက်သွေးတည်း၊ မှန်၏-ရာဂကို "မြူ" ဟု ခေါ်၏။ [ရာဂေါ ရဇော နစပန ရေဏု ဝုစ္စတိ၊ - မဟာနိဒ္ဒေသ, အင်္ဂကဝဂ်, သာရိပုတ္တသုတ္တနိဒ္ဒေသပါဠိတော်။] ထိုရာဂမြူကြောင့်ဖြစ်သော သုက်သွေးကိုလည်း ကာရဏူပစာရအားဖြင့် "ရဇ"ဟု ခေါ်ရသည်၊ ကရဇေန-ကိုယ်၌ ဖြစ်သော သုက်သွေးကြောင့် + သမ္ဘူတော - ကောင်းစွာ ဖြစ်သော+ ကာယော - ကိုယ်တည်း၊ ကရဇကာယော- ကိုယ်၊ ဤဝိဂြိုဟ်အရ - သုက်သွေးကြောင့် မဖြစ်သဲ့ ဥပပတ် ပဋိသန္ဓေနေရသော နတ်တို့၏ ကိုယ်ကို "ကရဇကာယ"ဟု မခေါ်နိုင်သော်လည်း ကိုယ်ချင်းတူသောကြောင့် သဒိသူပစာရအားဖြင့် "ကရဇကာယ"ဟုပင် ခေါ်ရတော့သည်။

ဋီကာသစ်။ ။တထာ အသမ္ဘူတောဝိစ ဒေ၀ါဒိနံ ကာယော, တမ္ပေါဟာရေန ကရဇကာယောတိ ဝုစ္စတိ၊ ယထာ-ပူတိကာယော ဇရသိဂ်ါလောတိ-မပုတ်သေးသော်လည်း ကိုယ်ဟူသမျှကို "ပူတိကာယ" ဟု ခေါ်သကဲ့သို့ပင်း, မအိုသေးသော်လည်း မြေခွေး ဟူသမျှကို "ဇရသိဂ်ါလ" ဟု ခေါ်ရသကဲ့သို့ပင်းတည်း၊ ကရဇပုဒ်၏ အခြားဝိဂ္ဂဟများကို ဋီကာသစ်၌ ရှုပါ။

နိုင်တော့ကုန်၊ ယထာနာမ–ဥပမာမည်သည်ကား၊ ဂိမှာနံ-နွေလတို့၏၊ မစ္ဆ နိကေ–နေ့၏ အလယ်ဖြစ်သောအခါ၌၊ ဝါ-မွန်းတည့်ချိန်၌၊ တတ္တပါသာဏော-ပူနေသော ကျောက်ဖျာ၌၊ [တပတိတိ တတ္တော၊ (ပါသာဏော)၊] ထပိတံ-ထားအပ်သော၊ ပဒုမံဝါ–ပဒုမ္မာကြာသည် သော်၎င်း၊ ဥပ္ပလံဝါ– ဥပ္ပလ မည်သော ကြာညို ကြာဖြူ။ ကြာနီသည်သော်၎င်း၊ သာယန္ဟသမယေ–ညနေ အခါ၌၊ ယဉ္ဇသတေန–ရေအိုးတရာဖြင့်၊ သိဉ္စိယမာနံဝိ-သွန်းလောင်းအပ်ပါ သော်လည်း၊ ပါကတိကံ- ပင်ကိုယ်သဘောရှိသည်၊ နဟောတိ- မဖြစ်တော့၊ ဝိနဿတိယေဝ-ပျက်စီးရတော့သည်သာ၊ ဧဝမေဝ-၌ အတူသာလျှင်၊ ပစ္ဆာ-နောက်၌၊(အာဟာရတကြြိမ်ကို လွန်ရာကာလမှ နောက်၌၊) နိရန္တရံ ခါဒန္တာဝိ ဝိဝန္တာဝိ စဝန္တိယေဝ, နတိဋ္ဌန္တိ၊ တေန-ထို့ကြောင့်၊ သတိယာ၊ပေ၊စဝန္တိတိ-သတိယာ၊ပေ၊စဝန္တိ ဟူ၍၊(ဘဂဝါ)အာဟ-ဟောတော်မူပြီ။

ပန-ပရိဟာရပက္ခမ္မတပါး စောဒကပက္ခကို ဆိုဥူးအံ့၊ တေ ဒေဝါ– ထို နတ်တို့သည်၊ ကတမေ-အဘယ်နတ်တို့နည်း၊ ဣတိ – ၌ကား အမေးတည်း၊ (တေဒေဝါ-တို့သည်၊) ဣမေ ဒေဝါ- ၌ နတ်တို့တည်း၊ ဝါ-မည်သည့် နတ်တို့-တည်း၊ ဣတိ-သို့၊ အဋ္ဌကထာယံ-ရှေးအဋ္ဌကထာ၌၊ ဝိစာရဏာ-စိစစ်ခြင်းသည်၊ နတ္ထိ-မရှိ၊ ပန-ထိုသို့ပင် ရှေးအဋ္ဌကထာ၌ စိစစ်ခြင်းမရှိပါသော်လည်း၊ ဒေဝါနံ ၊ပေ၊ မန္ဒန္တိ–ဒေဝါနံ ၊ပေ၊ မန္ဒံဟူ၍၊ အဝိသေသေန-အထူးမမ, သာမညအား ဖြင့်၊ ဝုတ္တတ္တာ-ဆိုအပ်သည်၏ အဖြစ်ကြောင့်၊ (ဝေဒိတဗ္ဗာဒ်စပ်)၊ ယေကေစိ-အမှတ်မရှိ ကြွင်းမဲ့ညဿံ အလုံးစုံကုန်သော၊ ကဗဠီကာရာဟာရူပဇီဝိနော – နတ်သုစာ ဟူသော ကဗလီကာရ အာဟာရကိုမှီ၍ အသက်မွေးကြကုန်သော၊ ဒေဝါ- နတ်တို့သည်၊ ဧဝံ-၌သို့ (မြူးပျော်မှုကို)၊ ကရောန္တိ – ပြုကြကုန်၏၊ တေယေဝ– ထို နတ်အားလုံးတို့သည်ပင်၊ စဝန္တိ - စုတေကြရကုန်၏၊ ဣတိ– ၌သို့၊ ဝေဒိတဗ္ဗာ - သိထိုက်ကုန်၏၊ ဟိ- မှန်၏၊ တေ – ၌နတ်တို့ကို၊ ဒိဋ္ဌာ ပဒုဿနမတ္တေနေဝ - အပျော်ကြူးသည့်အတွက် ပျက်စီးခြင်းမျှ ကြောင့်သာ

× × × × × × ×

အဝိသေသေန။ ။ နတ်အားလုံးနှင့် ဆိုင်သော “ဒေဝါနံ” ကို “ အဝိသေသ-မည်သည့်နတ်ဟု ဝိသေသမရှိသော သာမညသဒ္ဒါ”ဟု ဆိုသည်၊ (တနည်း) “ဒေဝါနံ ကမ္မဇတေဇော ဗလဝါ, ကရဇံ မန္ဒံ - ကမ္မဇတေဇော၏ အားရှိခြင်း , ကရဇဝတ္ထု၏ အားနည်းခြင်း ” ဟု နတ်အမျိုးနှင့် ဆိုင်သော သာမညအကြောင်းပြ စကားကိုပင် “အဝိသေသ”ဟု ဆိုသည်၊–ဋီကာသစ်။

ဒိဋ္ဌာပဒုဿန မတ္တေနေဝ။ ။ ဤဝါကျသည် ယခုစာအုပ်များ၌ “တေ ဒေဝါ တိ”၏ နောက်မှာရှိ၏၊ ဋီကာသစ်၌ ဤဝါကျကို “ တေယေဝ စဝန္တိတိ ဝေဒိတဗ္ဗာ” ဝါကျ၏ နောက်၌ ဒဋ္ဌိကရဏဝါကျ အဖြစ်ဖြင့် ရှိသင့်၏ ဟု ဆို၏၊ “ အလုံးစုံသော ကာမာဝစရနတ်တို့သည် ဤသို့ အပျော်ကြူးကြသောကြောင့် စုတေကြရလျှင် အဘယ့်

လျှင်၊ ဓိဋ္ဌာပဒေါသိကာတိ - ကတို့ဟူ၍၊ ဝုတ္တာ - မိန့်တော်မူအပ်ကုန်ပြီ၊ ပန-ဝါဒန္တရကား၊ ကေစိ-အချို့ဆရာတို့သည်၊ အာဟု-ဆိုကြကုန်ပြီ၊ (ကိံ)၊ တေဒေဝါ-ထို ဓိဋ္ဌာပဒေါသိကာနတ်တို့သည်၊ နိမ္မာနရတိ ပရနိမ္မိတဝသဝတ္တိနော-နိမ္မာနရတိနတ်, ပရနိမ္မိတဝသဝတ္တိနတ်တို့တည်း၊ ဣတိ - သို့၊ အာဟု - နှင့်ပြီ၊ ဏ္ဍေ- ဤဒုတိယဝါရ၌၊ သေသံ- ကြွင်းသောပုဒ်အပေါင်းကို၊ ပုရိမနယေနေဝ-သာလျှင်၊ ဝေဒိတဗ္ဗံ-၏။

တတိယဝါရေ-တတိယဝါရ၌၊(အတ္ထော ဧဝံ ဝေဒိတဗ္ဗော)၊(ယေဒေဝါ-တို့သည်)၊ မနေန-ဒေါသနှင့် ယှဉ်သော စိတ်ကြောင့်၊ ပဒုဿန္တိ ဝိနဿန္တိ-ပျက်စီးကြရကုန်၏၊ ဣတိ - ထို့သို့ ဒေါသနှင့် ယှဉ်သော စိတ်ကြောင့် ပျက်စီးကြရကုန်သည်၏အဖြစ်ကြောင့်၊(တေဒေဝါ)၊မနောပဒေါသိကာ-ကတို့မည်၏၊ ဧတေ- ဤမနောပဒေါသိကာနတ်တို့သည်၊ စာတုမဟာရာဇိကာ - စာတုမဟာရာဇိက နတ်တို့တည်း၊ ကိရ - ဆို၊ တေသု - ထို စာတုမဟာရာဇိက နတ်တို့တွင်၊

× × × × × × × ×

ကြောင့် "ဓိဋ္ဌာပဒေါသိကာ" ဟု နာမည်တပ်၍ ဟောတော်မူအပ်ပါသနည်း" ဟု မေးဘွယ် ရှိသောကြောင့် "ဓိဋ္ဌာပဒုဿနမတ္တေနေဝ ဟိ" စသည်ကို မိန့်ရသည်၊ "နတ်ပြည် ခြောက်ထပ်လုံး၏ နတ်များအားလုံးပင် ဤသို့ အပျော်ကြူးလျှင် စုတေကြရသော်လည်း ဓိဋ္ဌာပဒုဿန ကြီယာကို သဒ္ဒပ္ပဝတ္တိ နိမိတ်ပြု၍ ထို နတ်များကို "ဓိဋ္ဌာပဒေါသိကာ"ဟု နာမည်ထူးတပ်၍ ဟောတော်မူအပ်ပါသည်" ဟူလို၊ နိဿယဟု ဤဋီကာသစ်အလိုအတိုင်း အနက်ပေးလိုက်ပါသည်။

အချို့ယူဘွယ်။ ။"ကေစိဝါဒကို ခိုင်မြဲစေလိုသော် "ဓိဋ္ဌာပဒုဿန" စသော ဒဋ္ဌိဝါကျကို ဆိုရသည်"ဟု အချို့က ဆိုစရာရှိ၏၊ ထိုစကားသည် မသင့်၊ ဘာ့ကြောင့်နည်း-"တေ ဒေဝါတိ"ဟု ကေစိဝါဒအတွက် ဧတိသဒ္ဒါဖြင့် စကားတရပ်ဖြတ်ပြီး ဖြစ်သောကြောင့်တည်း၊ ဤသို့ ဋီကာသစ်၌ စိစစ်ထား၏၊ ထို စိစစ်ချက်သည် အသင့်ဟုပင် ထင်သည်၊ အကယ်၍ "ဓိဋ္ဌာပဒုဿန မတ္တေနေဝ ဟေတေ ဓိဋ္ဌာပဒေါသိကာတိ ဝုတ္တာ"ကို ကေစိဝါဒ၏ ဒဋ္ဌိဟု ဆိုလိုလျှင်"တေဒေဝါ"ဟု ဧတိသဒ္ဒါ မပါဘဲ "ဓိဋ္ဌာ၊ပေ၊ ဝုတ္တာတိ"ဟု"ဝုတ္တာ"နောက်ဈေးမှ ဧတိသဒ္ဒါ ပါရလိမ့်မည်၊ ထို့ကြောင့် ဤဝါကျကို ကေစိဝါဒ၏ ဒဋ္ဌိဝါကျဟု ယူလိုသော် ပုဂ္ဂိုလ်တို့သည် "ဝုတ္တာတိ" ဟု ဧတိထည့်၍ အနက်ပေးကြပါလေ။

မနောပဒေါသိကာ။ ။မနေနာတိ-ဧကသာပကတဗ္ဘာ(ဧကသာသည် ပင်ကိုယ်သဘောမှ ကင်းအောင် ပြုအပ် နှိပ်စက်အပ်သည်၏ အဖြစ်ကြောင့်)ပဒုဋ္ဌေန မနသာ-ပျက်သောစိတ်ဖြင့်(နဂိုရှိကောင်းနေသောစိတ် မဟုတ်တော့ဘဲ,ပျက်စီးသောစိတ်ဖြင့်)၊ အဋ္ဌကထာအတိုင်း ဝစနတ္ထကို ဓိဋ္ဌာပဒေါသိကာပုဒ်ကို နည်းမှီး၍ သိပါ။

ဋီကာနည်း။ ။ဥဿူယနဝသေန မနသော ပဒေါသော မနောပဒေါသော-စိတ်၏ပျက်စီးခြင်း၊ ဝိနာသဟေတုဘူတော-နတ်တကိုယ်လုံး ပျက်စီးခြင်း၏အကြောင်းဖြစ်၍ဖြစ်သော၊ မနောပဒေါသော ဧတေသံ အတ္ထိတိ မနောပဒေါသိကာ၊ ဤသို့လည်း ဋီကာတို့ အဋ္ဌကထာမှ တနည်းပြုကြသေးသည်။

ကော–တယော်သော၊ ဒေဝပုတ္တော-နတ်သားသည်၊ နက္ခတ္တံ--နက္ခတ်သဘင်ကို၊ ကီဠိဿာမိ–ကစားအံ့၊ ဣတိ– ဤသို့ ကြံ၍၊ သပရိဝါရော - အခြံအရံနှင့်တကွ ဖြစ်သည်၊(ဟုတ္တွာ)၊ ရထေန-ရထားဖြင့်၊ ဝိထိ ံ-လမ်းမကို၊ ပဋိပဇ္ဇတိ-သွား၏။ ["ရထေန"ကို ဥပလက္ခဏာနည်းဟု ံမှတ်ပါ။ အခြား နည်းဖြင့်လည်း အခြားနတ်တို့ သွားကြမည်သာ။] အထ-ထို အခါ၌၊ အညော – အခြား နတ်သားသည်၊ နိက္ခမန္တော-ထွက်လာလသော်(မိမိ ဗိမာန်မှ ထွက်လာလသော်)၊ တံ- ထို ပဌမနတ်ကို၊ ပုရတော-ရှေ့၌၊ ဂစ္ဆန္တံ-သွားနေသည်ကို၊ ဒိသွာ-မြင်၍၊ ဘော-အမောင်တို့၊ အယံ ကပဏော-ဤ အနှံ့အမွဲ နတ်ဆင်းရဲသည်၊ အဒိဋ္ဌပုဗ္ဗံ ဝိယ-မမြင်အပ်ဘူးသကဲ့သို့၊ တံ–ဤ စည်းစိမ်ကို၊ ဒိသွာ–မြင်ရ၍၊ ဝိတိယာ–ဝိတိဖြင့်၊ ဥဒ္ဓုမာတောဝိယ-တက်ကြွသကဲ့သို့ ၎င်း၊ ဝိတိယာ-ဖြင့်၊ ဘိဇ္ဇမာနော ဝိယစ-ကွဲပျက်သကဲ့သို့ ၎င်း၊(တနည်း)ဝိတိယာ-ဝိတိသည်၊ ဘိဇ္ဇမာနောဝိယစ-ဖျက်အပ်သကဲ့သို့ ၎င်း၊ (ပင်ကိုယ် သဘောမှ ပျက်အောင် ဖျက်အပ်သကဲ့သို့ ၎င်း)၊ ဂစ္ဆတိ·သွားနေ၏၊ ဣတိ- ဤသို့ပြော၍၊ ကုဇ္ဈတိ-အမျက်ထွက်၏၊ ဝါ–စိတ်ဆိုး၏။[ဣဿာဖြစ် သည်ကို ဆိုလို၏၊ ဣဿာသည် ဒေါသနှင့်ယှဉ်မြဲတည်း။]

ပုရတော-ရှေ့၌၊ ဝါ-ရှေ့က၊ ဂစ္ဆန္တောဝိ– သွားသော နတ်သားသည်လည်း၊ နိဝတ္တိတ္ဝာ – ပြန်လှည့်၍၊ (ပြန်လှည့်၍ ကြည့်လသော်)၊ တံ– ထိုနတ်သားကို၊ ကုဒ္ဓံ-အမျက်ထွက်နေသည်ကို၊ ဝါ-စိတ်ဆိုးနေသည်ကို၊ ဒိသွာ-မြင်၍၊ (ဥတ္တွာ, ပဋိကုဇ္ဈတိ တို့၌စပ်)၊ ကုဒ္ဓါနာမ– အမျက်ထွက်သူတို့ မည်သည်၊ ဝါ-စိတ်ဆိုးသူတို့ မည်သည်၊ သုဝိဇာနာ–လွယ်ကူစွာ သိအပ်ကုန်သည်၊ ဝါ–သိလွယ်ကုန်သည်၊ ဟောန္တိ–န်၏၊ (တသ္မာ)– ထို့ကြောင့်၊ (အမျက်ထွက်မှန်းကို သိလွယ်ကုန်သည်၏ အဖြစ်ကြောင့်၊) အာသု – ထိုနတ်သား၏၊ ကုဒ္ဓဘာဝံ – အမျက်ထွက်သည်၏အဖြစ်ကို၊ ဝါ-ကို၊ ဥတ္တာ- သိ၍၊ တွံ- သင်သည်၊ ကုဒ္ဓေါ– သည်၊ ဝါ– သည်၊ (သမာနော-သော်)၊ မယ္ဟံ–ငါ၏ (အပေါ်၌)၊ ကိ ံ–ဘယ်အမှုကို၊ ကရိဿသိ – ပြုနိုင်လတံ့နည်း၊ အယံ သမ္ပတ္တိ - ဤစည်းစိမ်ကို၊ မယာ – သည်၊ ဒါန သီလာဒီနံ – ဒါန သီလ အစရှိသော ကောင်းမှုတို့၏၊ ဝသေန – အစွမ်းကြောင့်၊ လဒ္ဓါ- ရအပ်ပြီ၊ တုယ္ဟံ - ၏၊ ဝသေန - ကြောင့်၊ နု (လဒ္ဓါ)– ရအပ်သည်မဟုတ်၊ ဣတိ – ဤသို့ပြော၍၊ ပဋိကုဇ္ဈတိ- ပြန်၍ အမျက်ထွက်၏၊ ဝါ–

× × × × × × ×

သုဝိဇာနာ။ ။စာအုပ်တို့၌ "သုဝိဇာနနာ"ဟု တွေ့ရ၏၊ "သုဝိဇာနံ သိဂ်ါလာနံ, သကုဏာနံစ ဝသီတံ"ကဲ့သို့ "သုဝိဇာနာ"ဟု ရှိသင့်၏၊ ဝိ+ဉာဓာတ်, နာ ပစ္စည်း၊ ကံဟော ဏာ ပစ္စည်း၊ [ဝိဉပသာရခြားနေသောကြောင့် ခ ပစ္စည်းမသက်နိုင်။] ဝိဇာနံ တမ္ဟာတိ ဝိဇာနာ၊ သုဋ္ဌု + ဝိဇာနာ သုဝိဇာနာ၊ ["သုဝိဒိတာ"ဟုလည်း ပြင်ကြ၏။] ဤဝါကျ၏နောက်၌ "တသ္မာ"ဟု ဋီကာသစ်ထည့်၏၊ ယခုစာအုပ်များ၌ကား "ဟောန္တိ တိ"ဟု ဇုတ်ပါနေသည်။

ပြန်၍ စိတ်ဆိုး၏၊ ဟိ – မှန်၏၊ ကေသွိ – တယောက်သော နတ်သားသည်၊ ကုဒ္ဒေ- အမျက်ထွက်လသော်၊ ဝါ- သော်၊ ဣတရော – အခြား နတ်သားသည်၊ အက္ကုဒ္ဓေါ– အမျက်မထွက်သည်၊ ဝါ-သည်၊ (သမာနော- သော်) ရက္ခတိ– စုတေခြင်းမှ စောင့်ရှောက်သေး၏။

ပန-ဗျတိရိက်ကား၊ ဥဘောသု- နှစ်ယောက်လုံးတို့သည်၊ ကုဒ္ဓေသု-ကုန်လသော်၊ ဝါ–ကုန်လသော်၊ ကေဿ-တယောက်သောနတ်သား၏၊ ကောဓော– ကောဓသည်၊ ဣတရဿ - အခြားနတ်သားအား၊ ပစ္စယော - ကျေးဇူးပြုသည်၊ ဟောတိ၊ [“ဣတရဿ-အခြား နတ်သားတယောံ၏၊ ကောဓဿ-၏၊ ပစ္စယော-အကြောင်းသည်၊ ဟောတိ-၏” ဟု ဆရာတို့ ပေးတော်မူကြသည်။] တဿဝိ– ထို အခြားနတ်သားတယောက်၏လည်း၊ ကောဓော–သည်၊ ဣတရဿ-အခြားသော ပဌမနတ်သားအား၊ ပစ္စယော ဟောတိ၊ ဣတိ – ထို့ကြောင့်၊ ဥဘော – နတ်သား ၂ ယောက်တို့သည်၊ သြရောဓာနံ-မောင်းမတို့သည်၊ ကန္ဒန္တာနံယေဝ-မြည်တမ်းကုန်စဉ်ပင်၊ စဝန္တိ-စုတေကြရကုန်၏၊ အယံ-ဤသို့ စုတေရခြင်းသည်၊ ဣတ္ထေ – ဤနတ်တို့ အမျက်ထွက်ရာ၌၊ ဓမ္မတာ – သဘောတံထွာ ဓမ္မတာတည်း၊ သေသံ– ကြွင်းသောအစိအရင်ကို၊ ဥတ္တာနယေနေဝ–သာ၊ ဝေဒိတဗ္ဗံ။

× × × × × × ×

အက္ကုဒ္ဓေါ ရက္ခတိ။ ။အခြားတယောက်က အမျက်မထွက်လျှင် ပဌမနတ်၏ ကောဓသည် (ရေ၏ အစသို့ ရောက်သောအခါ လောင်စာမရသော မီးကဲ့သို့) တကြိမ်လောက်မျှသာဖြစ်၍ ငြိမ်းတော့၏၊ ထိုသို့ ငြိမ်းသည့်အတွက် အမျက်မထွက်သောနတ်က အမျက်ထွက်သောနတ်ကို စုတေခြင်းမှ စောင့်ရှောက်ရာရောက်၏။ [တဿာ အက္ကုဒ္ဓေါတံ စဝနတော ရက္ခတိ၊– ဋီကာ။]

ဥဘောသု ကုဒ္ဓေသု။ ။နတ် ၂ ယောက်လုံး စိတ်ဆိုးကြလျှင် တယောက်၏ ကောဓက အခြားတယောက်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသောကြောင့် လောင်စာရသော မီးကဲ့သို့ ကောဓမီးသည် သာ၍သာ၍ တောက်လေတော့၏၊ ထိုသို့ ကောဓမီးတောက်, မြားမြောက်လာသောအခါ ကောဓ၏မိရာ ဟဒယဝတ္ထုကို လောင်သည်မှစ၍ အလွန်နှုန်းယသော ခန္ဓာကိုယ်သည် မီးထိသော ထောပတ်ခဲပမာ ပျော်ကွယ်ရှာလေတော့၏။ [ဤ လူ့လောကဌာပင် ၀မ်းနည်းမှု သောကကြောင့် ဟဒယနှလုံးကွဲ၍ သေပွဲဝင်ကြရပါသေးသည်။]

ဓမ္မတာ။ ။“ဓမ္မနိယာမော” ဟု ဋီကာဖွင့်၏၊ ဤဌာ ဓမ္မသဒ္ဒါသည် သဘာဝအနက်ကို ဟော၏၊ “ဓမ္မောယေဝ ဓမ္မတာ” ဟု သွတ္ထဌာ တာ ပစ္စည်း၊ ဆော–ထို ဓမ္မနိယာမ ဟူသည်ကစည်း၊ တေသံ – ထို နတ်တို့၏၊ ကရဇကာယဿ မန္ဒတာယ တထာဥပဂ္ဂုနကောဓဿစ ဗလဝတာယ ဌာနသော (တခဏချင်း) စဝနံ (စုတေရခြင်းသည်) တေသံ ရူပါရူပဓမ္မာနံ သဘာဝေါတိ အဓိပ္ပါယော – ဤသို့ ဒေါသကြီးလာလျှင် စုတေကြရခြင်းမှာ ထိုနတ်တို့၏ ရုပ်နာမ်တို့၏ မြဲသော သဘောတံထွာ ဓမ္မတာပင်ဖြစ်သည်ဟူလို၊–ဋီကာ။

တက္ကိ၀ါရေ - တက္ကိ၀ါရ၌၊ (အထွေ၁ ဝံ၀ေ ဝေဒိတမ္ဗော)၊ အယံ- ဤ တက္ကိ ပုဂ္ဂိုလ်သည်၊ စက္ခာဒိနံ - စက္ခု အစရှိသောရုပ်တို့၏၊ [အာဒိဖြင့် ပါဠိတော်၌ လာသော "သောတ, ဃာန, ဇိ၀္ဟာ, ကာယ" တို့ကိုယူ။] ဘေဒံ – ပျက်ခြင်းကို၊ ပဿတိ- မြင်၏၊ [စိတ္တံက နိရုဇ္ဈတိ၌ စပ်ရသောကြောင့် "ယဿ၁ ပန စိတ္တံ" ဟု ရှိလျှင် ကောင်း၏၊ သို့သော် ပါဠိ၌ရှိအတိုင်း အနက်ပေးပါမည်။] စိတ္တံပန– စိတ်သည်ကား၊ ယဿ၁- ကြောင့်၊ ပုရိမံ ပုရိမံ – ရှေးရှေးစိတ်သည်၊ ပစ္ဆိမဿ ပစ္ဆိမဿ-နောက်နောက်စိတ်အား၊ ပစ္စယံ-အနန္တရာဒိသတ္တိဖြင့် ကျေးဇူးပြုခြင်းကို၊ ဒတ္ဝာ–ပေးပြီး၍၊ နိရုဇ္ဈတိ-ချုပ်၏၊ တံသ၁ာ-ကြောင့်၊ (ရှေးရှေးစိတ်၏ နောက်နောက်စိတ်အား အနန္တရာဒိသတ္တိဖြင့် ကျေးဇူးပြု၍ ချုပ်သည်၏အဖြစ်ကြောင့်)၊ စက္ခာဒိနံ– စက္ခု အစရှိသောရုပ်တို့၏၊ ဘေဒတော– ပျက်စီးခြင်းထက်၊ ဗလ၀တရမ္မိ – သာ၍ အားရှိသည်လည်းဖြစ်သော၊ (သာ၍ ထင်ရှားသည်လည်းဖြစ်သော)၊ စိတ္တာဿ-စိတ်၏၊ ဘေဒံ-ပျက်ခြင်းကို၊ န ပဿတိ-မမြင်နိုင်။

သော-ထို တက္ကိပုဂ္ဂိုလ်သည်၊ တံ–ထို စိတ်၏ပျက်ခြင်းကို၊ အပဿန္တော– မမြင်နိုင်သည်၏အဖြစ်ကြောင့်၊ ၀ါ–မမြင်နိုင်ခြင်းကြောင့်၊ ယထာနာမ-ဥပမာမည်သည်ကား၊ သကုဏော–ငှက်သည်၊ ဧကံ- တပင်သော၊ ရုက္ခံ– သစ်ပင်ကို၊

× × × × × × ×

စက္ခာဒိနံ ဘေဒံ ပဿတိ ။ ။ မျက်စိ ဟု ခေါ်အပ်သော စက္ခုပသာဒသည် ဆန့်ကျင်ဘက်အကြောင်းနှင့်ပေါင်းမိလျှင် ပျက်နိုင်၏၊ မျက်စိ၏ဆန့်ကျင်ဘက်အကြောင်းဟူသည် မီးရောင် နေရောင်စသော အရောင်ကြီးများကို အကြည့်မျှားခြင်း, အတွင်းကသွေးလေ စသည်တို့၏ ဖေါက်ပြန်ခြင်း , တစုံတခုနှင့် ထိခိုက်မိခြင်း စသည်တည်း၊ ထို အကြောင်းများနှင့်ပေါင်းမိလျှင် စက္ခုပသာဒ ပျက်၏၊ သောတပသာဒစသော ရုပ်များလည်း နည်းတူ၊ သေသည့်အခါလည်း ရုပ်တို့၏ပျက်ခြင်းသည် ထင်ရှား၏၊ ဤသို့လျှင် ရုပ်တို့၏ပျက်ခြင်းကို အများမြင်နိုင်သကဲ့သို့ ထို တက္ကိပုဂ္ဂိုလ်လည်း မြင်သည်။

စိတ္တာဿ ဘေဒံ န ပဿတိ။ ။ စိတ်သည် ရုပ်တို့၏ တကြိမ်ပျက်ချိန် (စိတ္တက္ခဏတဆဲ့ခုနစ်ချက်)၌ တဆဲ့ခုနစ်ကြိမ်ပင် ပျက်၏၊ ဤသို့ ရုပ်ထက် အပျက်မြန်၍ စိတ္တဘေဒသည် သာ၍ ထင်ရှားပါသော်လည်း ရှေးရှေးစိတ်သည် မိမိပျက်သောအခါ နောက်နောက်စိတ်အား ကာလကွက်လပ် (အကြား) မရှိအောင် ဖြစ်ရစ်ဘို့ရန် အနန္တရာဒိသတ္တိဖြင့် ကျေးဇူးပြုသွားသောကြောင့် မီးစကို အဖိုင်းဖြစ်အောင် ရစ်ပတ် ကစားသောအခါ မီးစက်ဝိုင်းကို တဆက်တည်းမြင်ရသကဲ့သို့ ထို့အတူ စက္ခုဝိညာဉ်,သမ္ပဋိစ္ဆိန်း, သန္တီရဏ, ဝုဋ္ဌော , ဇော , ဟူသော အစဉ်အားဖြင့် ဖြစ်နေသော စိတ်အစဉ်ကိုလည်း တခုတည်း ထင်နေရကား စိတ်၏ပျက်ခြင်းကို သာမန်ဉာဏ်မျက်စိဖြင့် ကြည့်၍ မမြင်နိုင်သကဲ့သို့ ထို တက္ကိပုဂ္ဂိုလ်လည်း မမြင်နိုင်တော့ချေ။

သော တံ အပဿန္တော။ ။ [ဤ အပဿန္တောကို "ဂဟေတ္၀ာ, ဇ၀မာဟ" တို့၌စပ်၊ အနန္တပစ္စည်းလည်း ဟိတ်အနက်ကို ဟောနိုင်၏၊ ထို့ကြောင့် ဟိတ်အနက်လည်း ပေးထား၏၊ ဘာ၀ပွဓာနလည်းကြံပါ၊ တနည်း–အန္တကို (မာနမ္ပပြန်ထား၌သော အန္တ

ဇဟိတ္ထာ-စွန့်၍၊ အညသ္မိံ - အခြားသစ်ပင်၌၊ [အချို့စာအုပ်၌ "ကေသ္မိံ" ဟု ရှိ၏၊ "တခုသော အခြားသစ်ပင်၌"ဟု အနက်ပေးပါ။] နိလီယတိယထာ- နားသကဲ့သို့၊ ဝေမေဝ-ဤအတူပင်၊ ဇာမသ္မိံ အတ္တာဘာဝေ – ဤအတ္တဘောသည်၊ ဘိန္နေ-ပျက်လသော်၊ စိတ္တံ-စိတ်သည်၊ အညတြ-အခြားအတ္တဘောသို့၊ ဂစ္ဆတိ-ပြောင်းသွား၏၊ ဇုတိ-သို့၊ ဂဟေတ္ဝာ-ယူ၍၊ ဝေံ-သို့၊ (ရုပ်သည် မမြဲဘဲ နာမ်သည် မြဲ၏ဟူ၍)၊ အာဟ– ပြောဆို၏၊ တ္ထေ- ဤ တတိယဝါရ၌၊ သေသံ – ကြွင်းသော အစီအရင်ကို၊ ဝုတ္တနယေနေဝ-သာလျှင်၊ ဇေဒိတမ္ပံ–ထိုက်၏။

× × × × × × ×

ဟု ယူ၍) ဘောအနက်ဟောလည်း ကြံပါ၊ ထို့ကြောင့် " မာနန္တာ ဝတ္တမာနေစ, လက္ခဏော ဟေတုကေ သိယုံ၊ အန္တော ကတ္တရိ မာနောတု ဘာဝေ ကမ္မနိ ကတ္တရိ " ဟု သဒ္ဒါကျမ်းတို့၌ မိန့်သည်။] တက္ကိပုဂ္ဂိုလ်သည် ပဋိစ္စသမုပ္ပါဒ် အင်္ဂကထာ၌လာသော ကတ္တုနည်း နာနတ္တုနည်းများကို ကောင်းစွာ နားမလည်သောကြောင့် စက္ခုစသော ရုပ်ကို အနိစ္စ အသဿတ ဟု ယူ၍ စိတ်ဝိညာဉ်ကို နိစ္စသဿတဟု ယူမိလေသည်။

နာနတ္တုနည်း။ ။အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ရာ၌ အဝိဇ္ဇာ၏သဘောလက္ခဏာနှင့် သင်္ခါရတို့၏သဘောလက္ခဏာသည် မတူ၊ ဤသို့ မတူထူးခြား ကွဲပြားသည်၏အဖြစ်သည် နာနတ္တ မည်၏၊ ဤစိတ်၌လည်း စက္ခုဝိညာဉ် သမ္ပဋိစ္ဆိန်း စသည်ဖြင့် အစဉ်အတိုင်း ဖြစ်ရာဝယ် စက္ခုဝိညာဉ်သည် ဒဿနကိစ္စရှိ၏၊ သမ္ပဋိစ္ဆိန်းသည် သမ္ပဋိစ္ဆနကိစ္စ ရှိ၏၊ ဤသို့ ကိစ္စ စသည်အားဖြင့် မတူသည်၏အဖြစ်သည် နာနတ္တတည်း၊ ဤသို့သော နာနတ္တနည်းကို တက္ကိဆရာ သိနိုင်ဘို့အရေးမှာ ဝေးပါသေး၏။ [နာနာ – သဘောလက္ခဏာအားဖြင့် မတူကြသော ရှေစိတ် နောက်စိတ်တို့၏ + ဘာဝေါ– ဖြစ်ကြောင်းဖြစ်ရာ မတူထူးခြား ကွဲပြားခြင်းတည်း၊ နာနတ္တံ-ခြင်း။]

ကေတ္တုနည်း။ ။မျိုးစေ့ကြောင့် အညောက်စသည်ဖြစ်၍ သစ်ပင်အဖြစ်သို့ ရောက်ရာ၌ အစဉ်သန္တာန် အဆက်မပြတ်သည့်အတွက် ကေတ္တ (တခုတည်း) ဟု ဆိုရသကဲ့သို့ စိတ်အစဉ်အဆက် မပြတ်ဘဲ အနန္တရာဒိသတ္တိဖြင့် ဆက်စပ်နေခြင်းကို " ကေတ္တ " ဟု ဆိုရ၏၊ ထို ကေတ္တုနည်းကိုလည်း အမှန်အတိုင်း မယူနိုင်ဘဲ ထို စိတ်ဝိညာဉ်တခုတည်း သည်ပင် အပျက်မရှိဘဲ အမြဲတည်သော သဿတ ဟု ယူမှားလေသည်။ [ကေဿ– အစဉ်သန္တာန်အားဖြင့် တခုတ်ည်း၏+ ဘာဝေါ– ဖြစ်ကြောင်းဖြစ်ရာ ဆက်စပ်နေခြင်းတည်း၊ ကေတ္တံ-ခြင်း။]

ဇီဝကာ။ ။ယသ္မာ ပန တက္ကိဝါဒိ နာနတ္တုနယဿ ဒုရတရတာယ ကေတ္တုနယဿပိ မိစ္ဆာဂဟိတတ္တာ တဒေဝိဒံ ဝိညာဏံ သဗ္ဗဒါပိ ကေရူပေန ပဝတ္တတိ, အယမေဝ အတ္တာ နိစ္စောတို့အာဒိနာ အဘိနိဝေသံ ဇနေတိ၊ တသ္မာ ဝုတ္တံ သော တံ အပဿန္တော တိ အာဒိ။

ကစ္စသဿတဝါဒအဖွင့် ပြီး၏။

အန္တောနန္တံ ဝါဒ အဖွင့်

အန္တောနန္တိကာတိ - ကား။ အန္တောနန္တဝါဒါ – အန္တောနန္တ အယူရှိကုန်သည်၊ (ဟုတ္တာ)၊ (ပညပေန္တိဉ္ဈစပ်)၊ အန္တံ ဝါ–အဆုံးကိုသော်၎င်း၊ အနန္တံ ဝါ-မဆုံးကိုသော်၎င်း၊ အန္တောနန္တံ ဝါ– အဆုံး, မဆုံးကိုသော်၎င်း၊ နေဝန္တောနာနန္တံ ဝါ– အဆုံးလည်း မဟုတ်, မဆုံးလည်း မဟုတ်ကိုသော်၎င်း၊ အာရဗ္ဘ-အာရုံပြု၍၊ ပဝတ္တဝါဒါ-ဖြစ်သောပြောဆိုကြောင်း အယူရှိကုန်သည်၊(ဟုတ္တာ)၊(ပညပေန္တိ ဉ္ဈစပ်)၊ ဣတိအတ္ထော–နက်။

× × × × × × ×

အန္တောနန္တိကာ။ ။ အမတိ ဂစ္ဆတိ ဣတ္ထေ ဘာဝေါ ဩသာနန္တိ အန္တော၊ (မရိယာဒါ)၊ ဣတ္ထေ– ဤအပိုင်းအခြားဌ်၊ ဘာဝေါ– အရာဝတ္ထု၊ဖြစ်သည်၊ ဩသာနံ-အဆုံးသို့၊ အမတိ ဂစ္ဆတိ-ရောက်၏၊ ဣတိ အန္တော၊ (“အမ-ဂတိမှိ” ဟူသော ဓာတ်, တပစ္စည်း)၊ ဖြစ်တခု၏ ဆုံးရာအရပ်သည် အခြားဖြစ်တခုနှင့် မရောအောင် ပိုင်းခြားတတ်သောကြောင့် အဆုံးကိုပင် “ မရိယာဒါ=အပိုင်းအခြား ”ဟု ခေါ်သည်၊ န+အန္တော အနန္တော–အပိုင်းအခြား မဟုတ်၊ ဝါ–အဆုံးမဟုတ် (မဆုံး)။

မှတ်ချက်။ ။“ အန္တောနန္တံ လောကဿ ပညပေန္တိ ” ဟု အန္တ-အနန္တပုဒ်နှင့် လောကပုဒ်တို့ အရမတူသော (သမ္မန် + သမ္မန္နိုက်သော) ကြောင့် “ အန္တ- အဆုံးရှိ ” ဟု မပေးရသေး၊ “အဆုံး”ဟုသာ ပေးရသည်၊ “အန္တဝါ လောကော”ကျမှ အရတူသောကြောင့် “ အဆုံးရှိ ” ဟု ပေးနိုင်သည်။

ကဒေဿ, သာမညန်ဒ္ဒေသ။ ။“ အန္တောစ+အနန္တောစ+အန္တောနန္တောစ + နေဝန္တောနာနန္တောဘာတိ အန္တောနန္တော ” ဟု ကဒေဿသရူပေကသေသ် ပြုစေလို၍ “ အန်္တံ ဝါ၊ ပေ ၊ နေဝါနန္တောနာနန်္တံ ဝါ ” ဟု ဖွင့်သည်၊ တစိတ်တပိုင်းအားဖြင့် တူသည်ကို “ကဒေဿသရူပေကသေသ်”ဟု ခေါ်၏၊ တစိတ်တပိုင်းအားဖြင့် တူသည့်အတွက် ညွှန်ပြအပ်သော သဒ္ဒါဖြစ်၍ “ သာမညန်ဒ္ဒေသ ”ဟုလည်း ခေါ်၏၊ ဥပမာ– “ နာမဉ္စ+ရူပဉ္စ+နာမရူပဉ္စ နာမရူပံ, သင်္ခါယတနဉ္စ+ဆဋ္ဌာယတနဉ္စ သင်္ခါယတနံ ” ဟူရာ၌ကဲ့သို့တည်း။

သဟစရဏ, ဌာနူပစာ။ ။“ အန္တောနန္တ ”ဒ်ရ “ အဆုံး-မဆုံး, တချို့ဆုံး-တချို့ မဆုံး, အဆုံးလည်း မဟုတ်, မဆုံးလည်း မဟုတ်” ဤ ၄ မျိုးကိုရ၏၊ ဤ ၄ မျိုးနှင့်စပ်သော ဝါဒကိုကား သဟစရဏ(“ အာရုံ + အာရမဏိက ” အဖြစ်ဖြင့် တက္ကဖြစ်ဘက်)နည်းအားဖြင့်သော်၎င်း , အန္တောနန္တဟူသော မှိရာအာရုံ ရှိသောကြောင့် ဌာန၏ အန္တောနန္တအမည်ကို ဌာနီဝါဒဒ်ခံတင်စားသော ဌာနူပစာရအားဖြင့်သော်၎င်း, “အန္တောနန္တ”ဟု ခေါ်ရသည်၊ ထို့နောက် “ အန္တောနန္တော တေဿံ အတ္ထိတိ အန္တောနန္တိကာ - အန္တောနန္တ အယူရှိသော သမဏဗြာဟ္မဏတို့ ”ဟု ပြုပါ၊ သံဝဏ္ဏနာဒ္ဒလည်း “အန္တောနန္တော-(အန္တောနန္တအယူနှင့် တက္ကဖြစ်သောကြောင့် အန္တောနန္တမည်သော၊ ဝါ-အန္တောနန္တဟူသော မှိရာရှိသည်၏အဖြစ်ကြောင့် အန္တောနန္တမည်သော) +ဝါဒေါ-တေသံတိ အန္တောနန္တဝါဒါ ”ဟု ပြုပါ။

အန္တသညီ လောကသ္မိံ ဝိဟရတိတိ – ကား၊ ပဋိဘာဂနိမိတ္တံ – ပဋိဘာဂနိမိတ်ကို၊ စက္ကဝါဠပရိယန္တံ-စကြာဝဠာ အဆုံးအပိုင်းအခြားရှိသည်ကို၊ ဝါ–စကြာဝဠာဆုံးအောင်၊ အဝမေတ္တာ-မတိုးပွားစေမူ၍၊ တံ-ထို ပဋိဘာဂနိမိတ်ကို၊ လောကောတိ–လောကဟူ၍၊ ဂဟေတ္ဂာ–ယူ၍၊ လောကသ္မိံ – ပဋိဘာဂနိမိတ် ဟူသော လောက၌၊ အန္တသညီ – အဆုံး၌ ဖြစ်သော သညာရှိသည်၊ (ဟုတ္တာ)၊ ဝိဟရတိ-နေ၏၊ ပန-ကား၊ စက္ကဝါဠ ပရိယန္တံ-ကို၊ ဝါ- အောင်၊ ကတ္ဝာ-ပြု၍၊ ဝနိတကသိဏော-တိုးပွားစေအပ်သော ကသိုဏ်းရှိသော ပုဂ္ဂိုလ်သည်၊ (လောကသ္မိံ - ၌၊) အနန္တသညီ – မဆုံး၌ ဖြစ်သော သညာရှိသည်၊ ဟောတိ–၏။[အချို့စာအုပ်၌ "ဝနိတကသိဏော" ဟု ရှိ၏၊ "လောကသ္မိံ" ဟု ထည့်ရမည် ဖြစ်သောကြောင့် မကောင်းပါ။] ပန-ကား၊ ဥဒ္ဓံ-ပဋိဘာဂနိမိတ်၏ အထက်ပိုင်း၌ရင်း၊ အဓော-ပဋိဘာဂနိမိတ်၏ အောက်ပိုင်း၌ရင်း၊ အဝမေတ္တာ-မတိုးပွားစေမူ၍၊ တိရိယံ - ဖီလာပတ်ဝန်းကျင်၌၊ ဝမေတ္တာ – တိုးပွားစေ၍၊ ဥဒ္ဓံ-ပဋိဘာဂနိမိတ်၏ အထက်ပိုင်း၌ရင်း၊ အဓော-ပဋိဘာဂနိမိတ်၏ အောက်ပိုင်း၌ရင်း၊ အန္တသညီ-အဆုံး၌ ဖြစ်သော သညာရှိသည်၊(ဟုတ္တာ)၊ တိရိယံ–ပဋိဘာဂနိမိတ်၏ ဖီလာပတ်ဝန်းကျင်၌၊ အနန္တသညီ-မဆုံး၌ဖြစ်သော သညာရှိသည်၊ (ဟောတိ)၊ တက္ကိဝါရော- တက္ကိဝါရကို။ [အချို့စာအုပ်၌ " တက္ကိဝါဒေါ"ဟုရှိ၏။]ဝုတ္တနယေနေဝ-သာ၊(သဿတဝါဒအဖွင့်၌ ဆိုအပ်ပြီးသောနည်းဖြင့်သာ၊) ဝေဒိတဗ္ဗော– သိထိုက်၏၊ စတ္တာရောပိ - ၄ ယောက်လည်းဖြစ်ကုန်သော၊ ဤမေ-၌ အန္တာနန္တအယူရှိသူတို့သည်၊ အတ္တနာ – မိမိသည်၊ ဒိဋ္ဌပုဗ္ဗာနုသာရေနေဝ - မြင်အပ်ဘူးသော အာရုံသို့ အစဉ်လိုက်သဖြင့်သာလျှင်၊

× × × × × × ×

တံ လောကောတိ။ ။သံသာရနိဿရဏတ္ထိကေဟိ ဒိဋ္ဌဂတိကေဟိ - သံသရာမှထွက်မြောက်လိုကုန်သော မိစ္ဆာအယူရှိသူတို့သည်၊ လောကီယတိ အဝပသီယတိ – စုးစုးစိုက်စိုက်ရှုအပ်၏၊ ဤတိ လောကော၊ (တနည်း) လောကီယန္တိ အဝပသီယန္တိ ထွေပုညာပုညာနိ တဒ္ဇေပါကောစာတိ လောကော – ထို မိစ္ဆာအယူရှိသူတို့၏ ကောင်းမှု–မကောင်းမှုတို့ကိုဂျင်း, ထို ၂ မျိုး၏အကျိုးကိုဂျင်း ရှုအပ်ကုန်ရာ၏အဖြစ်ကြောင့် လောကမည်၏၊ ထို လောကဟူသည် တိတ္ထိတို့ကြိုဆအပ်သော အတ္တတည်း၊ ထို အတ္တဟူသည်လည်း စာန်၏အာရုံဖြစ်သော ပဋိဘာဂနိမိတ်တည်း၊ ထိုအတ္တကိုပင် မြဲ၏ဟု ယူသောကြောင့် သဿတဒိဋ္ဌိလည်း ဖြစ်ရသည်။

ဒိဋ္ဌပုဗ္ဗာနုသာရေန။ ။"ဒိဋ္ဌ"အရ မျက်စိဖြင့် မြင်ခြင်းကို မယူဘဲ "သိမြင်တတ်သော စိတ်ဝိညာဉ်"ကို ယူပါ၊ (တနည်း)"နစ္ဆဂိတာပေါဝိသုကဒဿန"ဟူရာ၌ ဒဿနဖြင့် "သဝန" ကိုပါ (ဝိရူပေကသေသနည်းအားဖြင့်) ယူရသကဲ့သို့ ဤ၌လည်း ဒိဋ္ဌဖြင့် သုတကိုလည်း ယူပါ၊ ဤသို့ယူမှသာ တက္ကိဝါရ၌ အနုဿုတိတက္ကိ, သုဒ္ဓတက္ကို ပုဂ္ဂိုလ်တို့၏ မိစ္ဆာအယူမဖြစ်မီ ရှေအဘို့၌ စိတ်ဝိညာဉ်ဖြင့် ကြုံခြင်း, သုတပါးအထံမှ ကြားခြင်း

၀ါ-မြင်အပ်, ကြားအပ်ဘူးသောအာရုံသို့ အစဉ်လိုက်သဖြင့်သာလျှင်၊ ဒိဋ္ဌိယာ-မိစ္ဆာအယူ၏၊ ၀ါ- ကို၊ ဂဟိတတ္တာ – ယူအပ်သည်၏ အဖြစ်ကြောင့်၊ ပုဗ္ဗန္တကပ္ပိကေသု- ပုဗ္ဗန္တကပ္ပအယူရှိသူတို့၌၊ ပဝိဋ္ဌာ–၀င်ကုန်ပြီ။

× × × × × × ×

တို့ကို ဒိဋ္ဌပုဗ္ဗအဖြစ်ဖြင့် ယူနိုင်သည်။ [ဒိဋ္ဌပုဗ္ဗာနုသာရေနာတိ ဒဿနဘူတေန ဝိညာဏေန၊ပေ၊သုတာဒီနံပိ ဂဟိတတာ ဝေဒိတဗ္ဗာ၊–ဋီကာ။] ရှေးပုဂ္ဂိုလ် ၃ မျိုး၏ အယူကား မိမိ သိမြင်အပ်ပြီးသော ကသိဏ်းရုပ်ကို စွဲ၍ မိစ္ဆာအယူဖြစ်သောကြောင့်"ဒိဋ္ဌပုဗ္ဗ အနုသာရ"အစစ်ပင်တည်း။

အနန္တာနန္တ၀ါဒအဖွင့် ပြီး၏။

အမရာဝိက္ခေပ၀ါဒ အဖွင့်

(ယာ ဓမ္မဇာတိ- အကြောင် သဘောတရားသည်)၊ နံ မရတိ-မပြီး မပြတ်နိုင်၊ ဇာတိ-ထိုသို့ မပြီး မပြတ်နိုင်သည်၏ အဖြစ်ကြောင့်၊ (သာ ဓမ္မဇာတိ–ထို တရားသဘောသည်)၊အမရာ-အမရာမည်၏၊ သာ-ထို အမရာဟူသည်၊ ကာ-အဘယ်နည်း၊ ဝေန္တိဝိ မေ နောတိအာဒိနာ–ဝေန္တိဝိ မေ နော အစရှိသော၊ နယေန-နည်းဖြင့်၊ (ပါဠိတော်၌လာသော နည်းဖြင့်၊) ပရိယန္တရဟိတာ - အဆုံးမှကင်းသော၊(မပြီးမပြတ်နိုင်သော၊)ဒိဋ္ဌဂတိကဿ-မိစ္ဆာအယူရှိသူ၏၊ဒိဋ္ဌိစေဝ-မိစ္ဆာအယူသည်ဌင်း၊ ဝါစာစ– စကားသည်ဌင်းတည်း၊ ဝိဝိဓေဝ- အထူးထူးအပြားပြားသော၊ ခေပေါ – ပယ်ရှားခြင်းတည်း၊ ဝါ – ပယ်ရှားကြောင်း အကုသိုလ်စိတ္တုပ္ပါဒ်တည်း၊ ဇာတိ-ကြောင့်၊ ဝိက္ခေပေါ-ဝိက္ခေပမည်၏၊ အမရာယ-မပြီး မပြတ်နိုင်သော၊ ဒိဋ္ဌိယာ–မိစ္ဆာအယူဖြင့်ဌင်း၊ ဝါစာယစ – စကားဖြင့်ဌင်း၊ ဝိခ္ခေပေါ–အထူးထူးအပြားပြား ပယ်ရှားခြင်းတည်း၊ ဝါ-အထူးထူး

× × × × × × ×

နံ မရတိ။ ။အဋ္ဌကထာ၌"နံ+မရတိတိ"ဟု အလွယ်ပြုထားသော်လည်း"မရတိ တိ မရာ, နံ + မရာ အမရာ" ဟု ဂရုကနည်းအားဖြင့် ပြုပါ၊ သေခြင်းသည် တဘဝ ပြတ်ခြင်းဖြစ်၍, မသေခြင်းကား မပြတ်ခြင်းတည်း၊ ထို့ကြောင့် နံ မရတိကို " နံ ဇီဝိတံ တိ"ဟု ဋီကာဖွင့်သည်၊ အရကောက်မှာ"ဝေန္တိဝိ မေ နော–ဤသို့လည်း ငါ့မှာ အယူမရှိ"စသည်ဖြင့် ပါဠိတော်၌လာသော နည်းအတိုင်း ပရဝါဒိ၏ မေးသမျှ အယူဝါဒကို ပယ်ရှားကြောင်း ဖြစ်သော မပြီးနိုင် မဆုံးနိုင်သော ဒိဋ္ဌိနှင့် ဝါစာတည်း။

ဝိက္ခေပေါ ။ ။ သကဝါဒေါနံ ပရဝါဒါနံ ခိပနံ- မိမိ၏ ဝါဒဖြင့် သူတပါးတို့၏ သဿတစသော အယူဝါဒတို့ကို"တထာတိဝိ မေ နော"စသည်ဖြင့် အထူးထူး အပြားပြား ပယ်ရှားခြင်းတည်း၊ တရားကိုယ်မှာ–ထိုသို့ ပယ်ရှားကြောင်းဖြစ်သော ဒိဋ္ဌိပြဋ္ဌာန်းသော အကုသိုလ် စိတ္တုပ္ပါဒ်နှင့်, ထို ပယ်ရှားကြောင်း စကားကို ဖြစ်စေတတ်သော အကုသိုလ် စိတ္တုပ္ပါဒ်တည်း၊ ထို့နောက် အဋ္ဌကထာအတိုင်း ဝိဂ္ဂဟပြုပါ။

အပြားပြား ပယ်ရှားကြောင်း အာကုသိလ် စိတ္တုပ္ပါဒ်တည်း၊ ဣတိ–ထို့ကြောင့်၊ အမရာဝိက္ခေပေါ်-အမရာဝိက္ခေပ မည်၏၊ တေသံ- ဤ သမဏဗြာဟ္မဏတို့၏၊ သော–ထို မပြီးမပြတ်နိုင်သော အယူစကားဖြင့် အထူးထူးအပြားပြား ပယ်ရှားခြင်းသည်၊ အတ္ထိ - ၏၊ ဣတိ - ကြောင့်၊ (တေ - ထိုသမဏဗြာဟ္မဏတို့သည်)၊ အမရာဝိက္ခေပိကာ–အမရာဝိက္ခေပိကတို့မည်၏။

အပရော နယော– အခြားတနည်းကား၊ အမရာနာမ– အမရာမည်သော၊ ကော – တမျိုးသော၊ မစ္ဆဇာတိ – ငါးအမျိုးသည်၊ (အတ္ထိ)၊ [ထိုငါးကို "ငါးစင်း=ငစင်း"ဟု ခေါ်သတတ်။] သာ-ထိုငါးအမျိုးသည်၊ ဥမ္မုဇ္ဇနနိမုဇ္ဇနာဒိဝသေန- ဖော်ခြင်း ငုတ်ခြင်း အစရှိသည်တို့၏ အစွမ်းဖြင့်၊ (ဖော်ချီ ငုတ်ချီ အစရှိသည်တို့၏ အစွမ်းဖြင့်၊) ဥဒကေ – ရေ၌၊ သန္နာဝမာနာ - ပြေးသွားလသော်၊ ဂဟေတုံ–ဖမ်းယူခြင်းငှါ၊ နာ သက္ကာ–မတတ်ကောင်း၊ [ဤနေရာ၌ "နာသက္ကောတိ"ဟုလည်း, "နာသက္ကာတိ"ဟုလည်း ပါဠိရှိ၏၊"နာ သက္ကာ"ဟုသာ ရှိသင့်သည်၊ ဣတိလည်း မလို၊ " ဂဟေတုံ နာသက္ကာ - ဖမ်းခြင်းငှါ မတတ်ကောင်း "ဖမ်း၍ မမိနိုင်"ဟု ဆိုလိုသည်။]ဝေမေဝ-ဤအတူသာလျှင်၊ အယမ္ပိဝါဒေါ-ဤဝါဒကိုလည်း၊ (ဝုစ္စတိ–၌စပ်)၊ ဣတောစ– ဤမှလည်း၊ ဣတောစ – ဤမှလည်း၊ သန္နာဝတိ–ပြေးသွား၏၊ ဂါဟံ-ဖမ်းယူအပ်သည်၏ အဖြစ်သို့ (ဘာဝပွဓာန ဘာဝလောပကြောင့်)၊ နဥပဂစ္ဆတိ – မကပ်ရောက်၊ ဣတိ– ထို့ကြောင့်၊ အမရာဝိက္ခေပေါ်တိ–ဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏၊ တေသံ- ဤ သမဏဗြာဟ္မဏတို့၏၊ သော-ထို အမရာမည်သော ငါး၏ အထူးထူး အပြားပြား ပယ်ရှားခြင်းနှင့် တူသော ပယ်ရှားခြင်းသည်၊ အတ္ထိ- ၏၊ ဣတ်– ထို့ကြောင့်၊ (တေ - ထိုသမဏဗြာဟ္မဏတို့သည်၊) အမရာဝိက္ခေပိကာ– အမရာဝိက္ခေပိကတို့ မည်၏။

ဣဒံ၊ပေါနပ္ပဇာနာတီတိ-ဣဒံ၊ပေါနပ္ပဇာနာတိ ဟူသော ပုဒ်၏၊(အတ္ထော–၌စပ်)၊ ဒဿ–ဆယ်ပါးကုန်သော၊ ကုသလကမ္မပထေ-ကုသလကမ္မပထတို့ကို၊ ယထာဘူတံ- အကြင် အကြင် ထင်ရှားရှိသည့်အတိုင်း၊ ဝါ - ဟုတ်မှန်စွာ၊ နပဇာနာတိ-မသိ၊ ဣတိ အတ္ထော၊[အချို့စာအုပ်တို့၌ "နဇာနာတီတိ အတ္ထော"

× × × × × × ×

အပရော နယော။ ။ အမရာမည်သော ငါးတမျိုး ရှိသတတ်၊ ထိုငါးမျိုးသည် ဖမ်း၍ မမိနိုင်၊ အထူးထူး အပြားပြား ပြေးသွား၍ ဖမ်းသူကို ရှောင်တိမ်းတတ်၏၊ ထို အမရာငါး၏ ရှောင်တိမ်းခြင်းကို " အမရာယ – ၏+ဝိက္ခေပေါ– ဖမ်းသူကို အမျိုးမျိုး နည်းဖြင့် ပစ်ပယ်ခြင်း၊ ဝါ–ရှောင်တိမ်းခြင်း၊ အမရာဝိက္ခေပေါ်-ခြင်း"ဟု ဖြေပါ၊ အမရာဝိက္ခေပေါ်ဝါဒယာတိ အမရာဝိက္ခေပေါ်၊ "ဧဝမေဝ အယံပိ ဝါဒေါ်၊ပေါ်၊အမရာဝိက္ခေပေါ်ဝုစ္စတိ"ကို ထောက်၍ ဝါဒကိုသာ အရကောက်ပါ၊ သော ဧတေသံ အတ္ထီတိ အမရာဝိက္ခေပိကာ၊–ဋီကာသစ်၌ အခြားတနည်းလည်း ဖြေသေး၏။

ဟု ရှိ၏၊ ပ အနက်မရှိဟု ဖွင့်ဟန်တူသည်။]အကုသလေပိ-အကုသိုလ်၌လည်း၊ ဒသ - ကုန်သော၊ အကုသလကမ္မပထာဝ - အကုသလ ကမ္မပထတို့ကိုသာ၊ အဓိပ္ပေတာ-အလိုရှိအပ်ကုန်၏။

သောမမဿ ဝိယာတောတိ-ကား၊ မယာ-ငါသည်၊ မုသာ-ခွတ်ယွင်းသောစကားကို၊(မုသာသည် နိပါတ်ပုဒ်တည်း)၊ ဘဏိတံ-ပြောဆိုအပ်ပြီ (ပြောဆိုမိပြီ)၊ဣတိ-သို့၊ ဝိပ္ပဋိသာရုပ္ပတ္တိယာ-နှလုံးမသာယာဖြစ်ခြင်းကြောင့်၊(ဋီကာသစ်နည်း)၊(တနည်း)ဝိပ္ပဋိသာရုပ္ပတ္တိယာ-နှလုံးမသာယာဖြစ်ခြင်းအားဖြင့်၊ မမ-ငါ၏၊ ဝိယာတော - ပင်ပန်းခြင်းသည်၊ အဿ - ဖြစ်ရာ၏၊ ဒုက္ခံ - ဒုက္ခသည်၊ ဘဝေယျ - ဖြစ်ရာ၏၊ ဣတိ အတ္ထော - နက်၊ သော မမဿအန္တရာယောတိ-ကား၊ သော-ထို ပင်ပန်းခြင်းသည်၊ မမ - ငါ၏၊ သဂ္ဂသမ္ပတ္တိ - နတ်ပြည်၏ ၎င်း၊ မဂ္ဂသမ္ပတ္တိ-မဂ်၏ ၎င်း၊ အန္တရာယော-အန္တရာယ်သည်၊ အဿ-ဖြစ်ရာ၏။

မုသာဝါဒါ၊ပေါ၊ပရိဇေဂုစ္ဆာတိ - ကား၊ မုသာဝါဒေ - မုသာဝါဒကြောင့်၊ ဝါ-မုသာဝါဒမှ၊ ဩတ္တပ္ပေနစေဝ-လန့်ခြင်းကြောင့်၎င်း၊ ဟိရိယာစ-ရှက်ခြင်းကြောင့်၎င်း၊ (အာပဇ္ဇတိ ၌စပ်)၊ ဝါစာဝိကွေပံ အာပဇ္ဇတိတိ - ကား၊ ဝါစာ

× × × × × × ×

ကုသလ အကုသလ။ ။အမရာဝိက္ခေပ အယူရှိကြသော သမဏဗြာဟ္မဏတို့သည် ကုသိုလ်အရာဝယ် “ စွာန်တရား မဂ်တရား ” ဟူသော ဥတ္တရိမနုဿဓမ္မကို သိနိုင်သောဉာဏ်မရှိကြ၊ အကုသိုလ်အရာ၌လည်း သာဝဇ္ဇဒုက္ခဝိပါကစသော သဘောလက္ခဏာကို သိနိုင်သောဉာဏ် မရှိကြ၊ ထို့ကြောင့် “ ကုသလ ”အရ အများသိဖြစ်သော ကုသလကမ္မပထနှင့်, “အကုသလ”အရလည်း အကုသလကမ္မပထတို့ကိုသာ ဖွင့်ပြရသည်။

ဝိဃာတော။ ။ဋီကာသစ်၌ “ ဝိပ္ပဋိသာရုပ္ပတ္တိယာ ” ဝယ် “ဝိပ္ပဋိသာရ” အရ ဒေါမနဿရသောကြောင့် ဒေါမနဿဖြစ်ခြင်းကို ဟိတ်အဖြစ်ဖြင့် ယူ၍ “ ဝိဃာတော” အရ ကာယိကဒုက္ခကို ယူလေသည်၊ မိမိကား“စေတသိကဒုက္ခ”ကို ယူလို၏၊ ခဲ့ဦး၊အံ့- “ကာယိကဒုက္ခ-ကိုယ် ပင်ပန်းမှု”ဟူသည် တစုံတခုဖြင့် ထိခိုက်မိမှသာ ကာယဝိညာဉ်ဖြစ်သောအခါ ထွဉ်ရသော ဒုက္ခဝေဒနာတည်း၊ မုသားဖြစ်သည့်အတွက်ကား “ ဝိပ္ပဋိသာရ”ဟူသော နှလုံးမသာယာမှု စေတသိကဒုက္ခ (ဒုဒေါမနဿ) ဝေဒနာသာဖြစ်ထိုက်မည် ဟု ထင်သည်၊ ထို့ကြောင့် ဝိပ္ပဋိသာရုပ္ပတ္တိယာကို ဝိဃာတော၏သရုပ်ကိုပြသော သရုပက္ချာဝိသေသန ဟု ယူလိုပါသည်။

မုသာဝါဒေ၊ပေ၊ဟိရိယာစ။ ။ဘယာကို “ ဩတ္တပ္ပေန ” ဟု ဖွင့်သဖြင့် ဘယအရ “ကြောက်ခြင်း ဒေါမနဿကိုမယူဘဲ ဩတ္တပ္ပကိုယူပါ ”ဟု သိစေ၏၊ ပရိဇေဂုစ္ဆာကို “ဟိရိယာ” ဟု ဖွင့်သဖြင့် ပရိဇေဂုစ္ဆာအရ “ ရွံရှာခြင်း ဒေါမနဿကိုမယူဘဲ ဟိရိသဘောအားဖြင့် စက်ဆုပ်ခြင်းကို ယူပါ ” ဟု သိစေ၏၊ ထို ၂ ပုဒ်ကို မုသာဝါဒနှင့် သတ္တမီတပ္ပုရိသ်တွဲစေလို၍ “ မုသာဝါဒေ ” ဟု ဖွင့်သည်၊ ထို သတ္တမီဝိဘတ်ကိုလည်း နိမိတ်အနက်၌ (တနည်း) ဘယယောဂ အပါဒါန်အနက်၌ သက်၍ “ကြောင့် ” ဟုဝင်း “မှ”ဟုဝင်း ပေးပါ။ [မုသာဝါဒေတိ နိမိတ္တတ္ထေဘုမ္မံ, နိဿက္ကတ္ထေဝါ၊-ဋီကာ။]

ယ–စကားဖြင့်၊ ဝိက္ခေပံ–အထူးထူး အပြားပြား ပစ်ပယ်ခြင်းသို့၊ အာပဇ္ဇတိ-ရောက်၏၊ ကိဒိသံ–အဘယ်ကဲ့သို့ ရှုအပ်သောစကားဖြင့် အထူးထူးအပြားပြား ပစ်ပယ်ခြင်းသို့၊ (အာပဇ္ဇတိ-နည်း)၊ အမရာဝိက္ခေပံ – မပြီးမပြတ်နိုင်သော အယူစကားဖြင့် အထူးထူးအပြားပြား ပစ်ပယ်ခြင်းသို့၊ (အာပဇ္ဇတိ-၏)၊ အပရိယန္တဝိက္ခေပံ– အဆုံးမရှိသော အယူစကားဖြင့် အထူးထူးအပြားပြား ပစ်ပယ်ခြင်းသို့၊ (အာပဇ္ဇတိ-၏၊) ဣတိအတ္ထော။

ဝေန္တိဝိ မေ နောတိ အာဒိသု – ဝေန္တိဝိ မေ နော အစရှိသောပါဠိရပ်တို့၌၊ ဝေန္တိဝိ မေ နောတိ–ဝေန္တိဝိ မေ နောဟု ပစ်ပယ်ခြင်းသည်၊ ဝါ – ဝေန္တိဝိ မေ နောဟု ပစ်ပယ်ကြောင်းစကားသည်၊ အနိယမိတဝိက္ခေပေါ-မမှတ်သားအပ်

× × × × × × ×

ကိဒိသံ။ ။ပါဠိတော်၌ "ဝါစာ ဝိက္ခေပံ အာပဇ္ဇတိ အမရာဝိက္ခေပံ" ဟု တဆက်တည်းရှိ၏၊ ထို အမရာဝိက္ခေပံသည် ဝါစာဝိက္ခေပ်၏ သရုပ်ပြ ဟု သိစေလိုသောကြောင့် ဝါစာဝိက္ခေပံကို "ကိဒိသံ" ဟု ပုစ္ဆာထုတ်၍ "အမရာဝိက္ခေပံ" ဟု အဖြေပြသည်၊ ဆိုလို ရင်းကား–အမရာဝိက္ခေပကိုပင် "ဝါစာဝိက္ခေပ" ဟု ခေါ်သည် ဟူလို။

အပရိယန္တဝိက္ခေပံ ။ ။ အပရိယန္တဝိက္ခေပံဖြင့် အမရာဝိက္ခေပ၏ ပြခဲ့သော ၂ နည်းတွင် ပဌမနည်းကို ပြ၏၊ ဒုတိယနည်းအရ မေးပုံကိုကား " ဇာဒံ ကုသလန္တိ ဝါ ပုဋ္ဌော" စသည်ဖြင့် ပြလိမ့်မည်၊ မှန်၏– အမရာဝိက္ခေပပုဒ်ကို ၂ နည်းဖွင့်ခဲ့ရာဝယ် ပဌမနည်း၌ "ပရိယန္တရဟိတာ၊ပေ၊ဝိက္ခေပေါ" ဟု ဖွင့်ခဲ့၏၊ ထို့ကြောင့် "ဝေန္တိဝိ မေ နောတိ အာဒိသု" စသည်ဖြင့် နောက်၌ ပယ်ရှားပုံကိုပြသောစကားသည် "ပဌမနည်းအရ ပယ်ရှားပုံကိုပြသော စကားတည်း" ဟု မှတ်ပါ။ [တေန (ထို အပရိယန္တဝိက္ခေပံ ဟူသော ပါဌ်ဖြင့်) အမရာသဒိသ ဝိက္ခေပသခ်ါတံ ဒုတိယနယံ နိဝတ္တေတိ၊– ဋီကာသစ်။]

တနည်း ။ ။ ဋီကာတို့၌ " အပရိယန္တဝိက္ခေပံ " ဟူသောအနက်ကို ပဌမနည်းအတွက်ဟု မခွဲခြားဘဲ ၂ နည်းလုံးနှင့်ဆိုင်သောအနက်ဟု တမျိုးဖွင့်သေး၏။ [အထဝါ အပရိယန္တ ဝိက္ခေပဒဿနံယေဝ အဋ္ဌကထာယံ ကတံ ဧဝံတိပိ မေ နောတိ အနိယမိတ ဝိက္ခေပေါတိ အာဒိနာ, ဇာဒံ ကုသလန္တိ ဝါ အကုသလန္တိ ဝါ ပုဋ္ဌောတိ အာဒိနာစ၊ – ဋီကာသစ်။]

အနိယမိတ ဝိက္ခေပေါ။ ။ " သင်၏အယူသည် သဿတအယူပါလား " ဟု မေးလျှင် "ဧဝံတိပိ မေ နော– ဤသို့ သဿတအယူလည်း မဟုတ်ပါ" ဟု ပယ်၏၊ ဒိဋ္ဌိဆိုလျှင် "အညထာ– သဿတမှ တခြားသော ကေစ္စသဿတအယူလား" ဟု မေးပြန်လျှင် " ဧဝံတိပိ မေ နော – ဤသို့ ကေစ္စသဿတအယူလည်း မဟုတ်ပါ " ဟု ပယ်၏၊ ဤသို့ မေးသမျှအားလုံးကို ပယ်ရှားနိုင်သောစကားဖြစ်၍ "အနိယမိတ- မမှတ်သားအပ်သောအယူကို (မည်သည့်အယူ မဆို) + ဝိက္ခေပ–ပစ်ပယ်ကြောင်းစကား" ဟု ဆိုသည်။ [ဧဝံတိပိ မေ နောတိ–ယံ တယာ ပုဋ္ဌံ (အကြင်အယူကို သင်သည် မေးအပ်ပြီ)၊ တံ ဧဝံတိပိ မေ လဒ္ဓိ နော ဟောတိ (ထိုအယူသည် သင်မေးသည့်အတိုင်း ဟုတ်၏၊ ဤသို့လည်း ငါ၏အယူသည် မဖြစ်ပါ၊–ဋီကာ။]

သော ဝါဒကို ပစ်ပယ်ခြင်းတည်း၊ ဝါ - မမှတ်သားအပ်သော ဝါဒကို ပစ်ပယ်ကြောင်း စကားတည်း၊ တထာတိပိ မေ နောတိ - တထာတိပိ မေ နောဟူသော ပါဠိဖြင့်၊ (ပဋိက္ခိပတိ ၅စပ်)၊ သဿတော အတ္တာစ လောကောစာတိ–သဿတော၊ပေ၊စ ဟူ၍၊ ဝုတ္တံ-ဆိုအပ်သော၊ သဿတဝါဒံ-သဿတဝါဒကို၊ ပဋိက္ခိပတိ–ပယ်၏၊ အညထာတိပိ မေ နောတိ- အညထာတိပိ မေ နောဟူသောပါဠိဖြင့်၊ သဿတတော-သဿတဝါဒမှ၊ အညထာ-အခြားသော အပြားအားဖြင့်၊ ဝုတ္တံ – ဆိုအပ်သော၊ ကေစွသဿတံ - ကေစွသဿတဝါဒကို၊ ပဋိက္ခိပတိ – ပယ်၏၊ နောတိပိ မေ နောတိ – နောတိပိ မေ နောဟူသောပါဠိဖြင့်၊ တထာဂတော– သတ္တဝါသည်၊ မရဏာ- သေရာအခါမှ၊ ပရံ- နောက်၌၊ နဟောတိ– မဖြစ်တော့၊ ဣတိ-သို့၊ ဝုတ္တံ-ဆိုအပ်သော၊ ဥစ္ဆေဒံ-ဥစ္ဆေဒဝါဒကို၊ ပဋိက္ခိပတိ-ပယ်၏၊ နော နောတိပိ မေ နောတိ - နော၊ပေ၊နောဟူသော ပါဠိဖြင့်၊ (တထာဂတော-သည်၊ မရဏာ-မှ၊ ပရံ-၌)၊ နေဝ ဟောတိ– ဖြစ်သည်လည်းမဟုတ်၊ နနဟောတိ–မဖြစ်သည်လည်းမဟုတ်၊ ဣတိ-သို့၊ ဝုတ္တံ–ဆိုအပ်သော၊ တက္ကိ ဝါဒံ–တက္ကိဝါဒကို၊ ပဋိက္ခိပတိ–ပယ်၏။

သယံ ပန– မိမိသည်ကား၊ ဣဒံ- ၌တရားသည်၊ ကုသလံ- ကုသိုလ်လော၊ ဣတိဝါ-၌သို့သော်၎င်း၊ (ဣဒံ- သည်၊) အကုသလံ – အကုသိုလ်လော၊ ဣတိဝါ-၌သို့သော်၎င်း၊ ပုဗ္ဗေ- မေးအပ်သည်၊ (သမာနော- သော်၊) ကိဥ္စိ – တစုံ

× × × × × × ×

တထာတိပိ မေ နော။ ။ မေးသူက "အတ္တလောကသည် အသတလား" ဟု မေးသောအခါ "တထာတိပိ မေ နော" ဟု ပယ်ရှားသောအားဖြင့် ဖြေသည်။

အညထာတိပိ မေ နော ။ ။ မေးသူက "သဿတမှ တမျိုးတခြား ဖြစ်သော ကေစွသဿတလား"ဟု မေးသောအခါ "သဿတမှ တမျိုးတခြားမဟုတ်" ဟု ပယ်ရှားသောအားဖြင့် ဖြေသည်။ [စာအုပ်တို့၌ "သဿတတော အညထာတိပိ ဝုတ္တံ" ဟု တွေ့ရ၏၊ "တိပိ" ပါဘွယ်မလို၊ " မေ လဒ္ဓိ နော "ဟု စပ်စရာရှိမှ ဣတိဟု အာကာရဇောတကနှင့် သမုစ္စယတ္ထပိသဒ္ဒါ ရှိရသည်၊ " ကေစွသဿတံ "၏ နောက်၌ " ကေစ္စ အသဿတံ"ဟုလည်း တွေ့ရ၏၊ "ကေစ္စသဿတ"ဟု ဆိုလျှင် "ကေစ္စ အသဿတ" ဖြစ်ကြောင်း ထင်ရှားပြဖြစ်သောကြောင့် အပိသာ။]

နောတိပိ မေ နော။ ။ မေးသူက " သတ္တဝါသည် သေသည်မှ နောက်၌ မဖြစ်တော့ပြီလော " ဟု မေးသောအခါ " သတ္တဝါသည် သေသည်မှ နောက်ကာလ၌ မဖြစ်တော့ဟု ငါ့မှာ အယူမရှိ"ဟု ဥစ္ဆေဒဝါဒကို ပယ်သောအားဖြင့် ဖြေသည်။

နော နောတိပိ မေ နော ။ ။ " သတ္တဝါသည် သေသည်မှ နောက်ကာလ၌ ဖြစ်သည်လည်းမဟုတ် , မဖြစ်သည်လည်းမဟုတ် အားဖြင့် ၂ မျိုးပြားပါသလော " ဟု မေးသောအခါ "နော နောတိပိ–ဖြစ်သည်လည်းမဟုတ် ဟုလည်း အယူမရှိ, မဖြစ်သည်လည်း မဟုတ် "ဟုလည်း အယူမရှိဟု တက္ကိဝါဒကို ပယ်ရှားသောအားဖြင့် ဖြေသည်။ [နော တပုဒ်က နေဝ ဟောတိကိုပယ်၍, နော တပုဒ်က နနဟောတိကို ပယ်သည်။]

တခုကိုမျှ၊ နဗျာကရောတိ-မဖြေဆို၊ ဣဒံ-ဤတရားသည်၊ ကုသလံ-လော၊ ဣတိ-ဤသို့၊ ပုဋ္ဌော-သည်၊ (သမာနော)၊ ဧဝံနာမိဝိ-ဤသို့ ကုသိုလ်ဟူ၍လည်း၊ မေ-ငါ၏၊ (လဒ္ဓိ-အယူသည်၊) နော-မဖြစ်၊ ဣတိ-သို့၊ ဝဒတိ-ဖြေဆို၏၊ တတော-ထိုသို့ ဖြေဆိုခြင်းကြောင့်၊ (ဣဒံ-သည်၊) အကုသလံ ကိံ – အကုသိုလ်လော၊ ဣတိ-ဤသို့၊ ဝုတ္တေ-ပြောဆိုအပ်သော်၊ တထာတိဝိ-ထို အကုသိုလ်ဟူ၍လည်း၊ မေ-၏၊ (လဒ္ဓိ)နော – မဖြစ်၊ ဣတိ - ဤသို့၊ ဝဒတိ- ၏၊ [ဤနေရာ၌ တတော ပါလျှင် ကောင်း၏၊ စာအုပ်တို့၌ မပါ၊ ထည့်ပေးပါ။] (တတော- ထိုသို့ဖြေဆိုခြင်းကြောင့်၊) ဉာဃယတော–ကုသိုလ် အကုသိုလ် ၂ ပါးစုံမှ၊ အညထာကိံ – တမျိုးတခြားလော၊ ဣတိ-သို့၊ ဝုတ္တေ-သော်၊ (ဉာဃယတော–မှ၊) အညထာ-တမျိုးတခြားတည်း၊ ဣတိဝိ-ဤသို့လည်း၊ မေ (လဒ္ဓိ)နော-မဖြစ်၊ ဣတိ, ဝဒတိ၊ တတော - ကြောင့်၊ တိဝိဓေနာဝိ – ၃ ပါး အပြားအားဖြင့်လည်း၊ (ကုသိုလ်, အကုသိုလ်, ထို ၂ မျိုးမှ တမျိုးတခြားဟူသော ၃ ပါးအပြားအားဖြင့်လည်း)၊ နဟောတိ-မဖြစ်သလော၊ တေ-သင်၏၊ လဒ္ဓိ-သည်၊ ကိံ-အဘယ်နည်း၊ ဣတိ, ဝုတ္တေ – သော်၊ (တိဝိဓေနာဝိ– ဖြင့်လည်း၊) နော (နဟောတိ) – မဖြစ်သည်မဟုတ်၊ ဣတိဝိ – ဤသို့လည်း၊ မေ (လဒ္ဓိ) နော – မဖြစ်၊ ဣတိ , ဝဒတိ - ၏၊ တတော– ကြောင့်၊ (ကိံ – အဘယ်သို့ပါနည်း၊) နောနောတိ– နောနောဟူ၍၊

× × × × × × ×

သယံ ပန၊ပေ၊ဗျာကရောတိ။ ။"ဧဝံတိဝိ မေ နော"ဖြင့် အနိယမိတ ပယ်ပုံကိုဂုဏ်း, "တထာတိဝိ မေ နော" သော ၄ ဝါကျဖြင့် သဿတ , ဧကစ္စသဿတ, ဥဇ္ဆေဒ, တက္ကိဝါဒကို ပယ်ပုံကိုဂုဏ်း ပြပြီး၍ (" အမရာဝိက္ခေပ အယူရှိသော) မိမိကား စွဲမြဲစွာ ယူအပ်သောဝါဒ မရှိသည့်အတွက် တခုသောအဘိုဉ်မျှ မတည်"ဟု ပြလိုသောကြောင့် "သယံ ပန၊ပေ၊ နကိဉ္စိ ဗျာကရောတိ"ဟု မိန့်သည်။

ဣဒံ ကုသလန္တိ ပုဋ္ဌော။ ။ဤစကားမှစ၍ "ဧကသ္မိံ ပက္ခေ နတ္ထိတိ"တိုင်အောင်သော စကားသည်"သယံ ပန၊ပေ၊ နကိဉ္စိ ဗျာကရောတိ"ဟူသော ရှေစကား၏ အဓိပ္ပါယ်ကိုထင်ရှားအောင်ပြသောစကားတည်း။ [ဣဒါနိ ကုသလာဒိနံ အဗျာကရဏေ နတဒေဝ အနဝဋ္ဌာနံ (ထိုတရုတည်းသော ပက္ခ၌ မတည်ခြင်းကိုပင်) ဝိဘာဝေတိ ဣဒံ ကုသလန္တိ ပုဋ္ဌောတိ အာဒိနာ၊–ဋီကာသစ်။]

မုက္ခေ။ ။ရှေးစာအုပ်တို့၌ "ဣဒံ ကုသလန္တိဝါ ပုဋ္ဌော" ဟု ဝါသဒ္ဒါကို တွေ့ရ၏၊ ဋီကာဟောင်း ကျမ်းတက်၌လည်း ဝါသဒ္ဒါ ပါနေ၏၊ ထို ဝါသဒ္ဒါကြောင့် (အမရာဝိက္ခေပ၌ ၂ နည်းဖွင့်ခဲ့ရာဝယ်) အမရာမည်သောငါး၏ ရှောင်တိမ်းပုံနှင့်တူသော ဒုတိယနည်းကို ပြလိုသောကြောင့် " ဣဒံ ကုသလန္တိဝါ ပုဋ္ဌော" ဟု မိန့်ကြောင်းကို ဋီကာဟောင်း၌ တနည်းဖွင့်လေသည်။ [ဒုတိယနယဝသေန အမရာသဒိသာယ အမရာယ ဝိက္ခေပံ ဒဿေတုံ ဣဒံ ကုသလန္တိဝါ ပုဋ္ဌောတိ အာဒိမာဟ၊–ဋီကာဟောင်း။] ဋီကာသစ် အလိုအားဖြင့် ဝါသဒ္ဒါ ပါဘွယ်မလို၊ ဒုတိယတနည်းပြလည်း မဟုတ်၊ သယံ ပန စသော ရှေဝါကျကို ထင်ရှားပြခြင်းသာတည်း။

(ဘာ့မေးမေး မဟုတ် မဟုတ်ဟူ၍၊) တေ-သင်၏၊ လဒ္ဓိ- သည်၊ (ဟောတိ–ဖြစ်သလော၊) ဣတိ, ဝုတ္တေ – သော်၊ နောနောတိဝိ - မဟုတ် မဟုတ်ဟူ၍လည်း၊ မေ-၏၊ (လဒ္ဓိ)၊ နော-မဖြစ်၊ ဣတိဧဝံ-သို့၊ ဝိက္ခေပမေဝ-အထူးထူး အပြားပြား ပစ်ပယ်ခြင်းသို့သာ၊ အာပဇ္ဇတိ– ရောက်၏၊ ကေသို့ဝိ ပက္ခေ–တခုသောအဖို့၌ လည်း၊ နံ တိဋ္ဌတိ–မတည်။

ဆန္နောဝါ ရာဂေါဝါတိ-ဆန္နောဝါ ရာဂေါဝါဟူသောပါဠ်၏၊(အဿာတိ အတ္ထောဒ်စပ်)၊ အပ္ပဇာနန္တော်ပိ-အပြားအား‌ဖြင့် မသိပါသော်လည်း(ခဲခြား၍ မသိပါသော်လည်း)၊ သဟသာ-အဆောတလျင်၊ ကုသလမေဝ-ကုသိုလ်ကိုပင်၊ ကုသလန္တိ– ကုသိုလ်ဟူ၍၊ ဝတ္ဝာ– ဖြေဆိုပြီး၍ၵင်း၊ အကုသလမေဝ– အကုသိုလ်ကိုပင်၊ အကုသလန္တိ - အကုသိုလ်ဟူ၍၊ ဝတ္ဝာ – ဖြေဆိုပြီး၍ၵင်း၊ မယာ – အကျွန်ုပ်သည်၊ အသုကဿနာမ – ထိုမည်သူအား၊ ဧဝံ – သို့၊ ဗျာကတံ–ဖြေဆိုအပ်ပြီ၊ ကိံ-အဘယ်ပါနည်း၊ တံ-ထိုအဖြေကို၊ သုဗျာကတံ-ကောင်းစွာ ဖြေအပ်ပါ၏လော၊ ဣတိ- သို့၊ အညေ- မိမိမှ အခြားကုန်သော၊ ပဏ္ဍိတေ-ပညာရှိတို့ကို၊ ပုစ္ဆိတွာ-မေး၍၊ တေဟိ-ထိုပညာရှိတို့သည်၊(ဝုတ္တောဒ်စပ်)၊ ဘဒ္ဒမုခ-ကောင်းသောမျက်နှာရှိသောငါ့ရှင်၊ သုဗျာကတံ-ကောင်းစွာ ဖြေဆိုအပ်ပြီ၊ တယာ–သင်သည်၊ ကုသလမေဝ–ကုသိုလ်ကိုပင်၊ ကုသလန္တိ–ဟူ၍၊ ဗျာကတံ–ပြီ၊ အကုသလမေဝ–ကိုပင်၊ အကုသလန္တိ–ဟူ၍၊ ဗျာကတံ–ပြီ၊ ဣတိ- သို့၊ ဝုတ္တေ–ပြောဆိုအပ်သော်၊ မယာ-ငါနှင့်၊ သဒိသော–တူသော၊ ပဏ္ဍိတော– ပညာရှိသည်၊ နတ္ထိ– မရှိ၊ ဣတိဧဝံ- သို့၊ တတ္ထ -ထိုအဖြေမှန်ကို ဖြေဆိုခြင်းကြောင့်၊ မေ–ငါ၏၊ ဆန္နောဝါ-ဆန္နသည်သော်ၵင်း၊ ရာဂေါဝါ–ရာဂသည်သော်ၵင်း၊ အဿ–ဖြစ်ရာ၏၊ ဣတိ အတ္ထော။

× × × × × × × ×

အပ္ပဇာနန္တော်ပိ။ ။စာအုပ်တို့၌“အသမ္ပဇာနန္တော်ပိ”ဟုၵင်း“အဇာနန္တော်ပိ”ဟုၵင်း တွေ့ရ၏၊ ပါဠိတော်၌ “ ယထာဘူတံ အပ္ပဇာနန္တော ”ဟု ရှိသောကြောင့် ထိုအတိုင်း ရှိခြင်းသာ ကောင်း၏။

ဘဒ္ဒမုခ။ ။ ပဏ္ဍိတာနံ သမုဒါစိဏ္ဏာ မာလပနံ-ပညာရှိတို့၏ ခေါ်ရိုးဖြစ်သော အာလုပ်ပုဒ်တည်း၊ “ သုန္ဒရမုခါတိ အတ္ထော-ကောင်းသောမျက်နှာရှိသူ ” ဟု အနက် မှတ်ပါ၊–ဋီကာသစ်။ [ဘဒ္ဒိ+မုခံ ယသ္သာတိ ဘဒ္ဒမုခေါ။]

ဆန္နောဝါ ရာဂေါဝါ။ ။ဆန္နရာဂဖြစ်ဘို့ရန် အာရုံ ၂ မျိုးရှိ၏၊ ထိုတွင် ပဌမအမျိုးကား–မိမိက မသိသော်လည်း အဖြေမှန်ကို ဖြေလိုက်သည့်အတွက် မိမိ၏ပဏ္ဍိတအဖြစ်ကို အာရုံပြု၍ဖြစ်သော ဆန္နရာဂတည်း၊ ယခုအခါ စာမေးပွဲဝင်သူတို့ မိမိက မသိသော်လည်း ရမ်း၍ဖြေခဲ့ရာ၌ အောင်ဂဏန်းထွက်ရာဝယ် ပါလာသောအခါ ကိုယ့်ကိုယ်ကို လူတော်ဟုထင်၍ ပျော်ရွှင်ခြင်းမျိုးတည်း၊ အဋ္ဌကထာ၌“နတ္ထိ မယာ သဒိသော ပဏ္ဍိတောဇိ ဧဝံ မေ တတ္ထ ဆန္နောဝါ ရာဂေါဝါ အဿ ”ကို ဥထောက်၍ ပဌမနည်း အရ ဆန္နရာဂဖြစ်ပုံကို အဋ္ဌကထာဆရာပြသည် ဟု မှတ်ပါ။

စ-ဆက်၊ ထွေ–ဤဆန္ဒရာဂ ၂ ပါးတွင်၊ ဆန္ဒော–သည်၊ ဒုမ္မိလရာဂေါ–အားမရှိသော ရာဂတည်း၊ ဝါ- အားနည်းသော ရာဂတည်း၊ ရာဂေါ– သည်၊ ဗလဝရာဂေါ–အားရှိသော ရာဂတည်း၊ ဝါ–အားကြီးသော ရာဂတည်း။

ဒေါသော၀ါ ပဋိယော၀ါ- ဒေါသော ဝါ ပဋိယော၀ါ ဟူသော ပုဒ်၏၊ (အတ္ထောဠ္ဍစပ်)၊ ပန-ဗျတိရိက်ကား၊ ကုသလံ–ကို၊ အကုသလန္တိ-အကုသိုလ် ဟူ၍ဆိုင်း၊ အကုသလံ၀ါ–ကိုမူလည်း၊ ကုသလန္တိ-ဟူ၍ဆိုင်း၊ ဝတ္ဝာ - ဖြေဆိုပြီး၍၊ အညေ-ကုန်သော၊ ပဏ္ဍိတေ-တို့ကို၊ ပုစ္ဆိတွာ-၍၊ တေဟိ-ထိုပညာရှိတို့သည်၊ တယာ-သည်၊ ဒုဗ္ဘာကတံ-မကောင်းသဖြင့်ဖြေဆိုအပ်ပြီ၊ ဝါ-အမှားမှားအယွင်းယွင်း ဖြေဆိုအပ်ပြီ၊ ဣတိ-သို့၊ ဝုတ္တေ–သော်၊ တ္ထောကမ္ပိ–ဤမျှလောက်ကိုသော်မှလည်း၊ န ဇာနာမိ နာမ – မသိတုံသေး၊ ဝါ – မသိတယ်ရှိရသေး၊ ဣတိ- သို့၊ တတ္ထ- ထိုအမှားကို ဖြေဆိုမိခြင်းကြောင့်၊ မေ- ၏၊ ဒေါသော၀ါ-ဒေါသသည်သော်၎င်း၊ ပဋိယော၀ါ- သည်သော်၎င်း၊ အဿ - ဖြစ်ရာ၏၊ ဣတိ အတ္ထော၊ ဣဓာပိ – ဤ ဒေါသ ပဋိယ ၂ ပါးတွင်လည်း၊ ဒေါသော – သည်၊ ဒုဗ္ဘလကောဓော–အားမရှိသော ကောဓတည်း၊ ဝါ-အားနည်းသော ကောဓတည်း၊ ပဋိယော-သည်၊ ဗလဝကောဓော-အားရှိသော ကောဓတည်း၊ ဝါ–အားကြီးသော ကောဓတည်း။

× × × × × × × ×

ဒုတိယနည်း ။ ။ မိမိက မသိသော်လည်း (ကံအားလျော်စွာ) မေးလာသူတို့၏ အယူနှင့်ကိုက်ညီအောင် ကုသိုလ်ကို ကုသိုလ်ဟုပင် ဖြေလိုက်, အကုသိုလ်ကို အကုသိုလ်ဟုပင် ဖြေလိုက်သည့်အတွက် မေးသူတို့က တအံ့တသြချီးမွမ်းပြီးလျှင် ပူဇော်သက္ကာရကို ပြုကြလေရာ, ထိုသူတို့၏ ပူဇော်သက္ကာရကို အာရုံပြုသော ဆန္ဒရာဂလည်း ဖြစ်နိုင်၏၊ ဥပမာ– ယခုခေတ်၌ စာမေးပွဲအောင်သည့်အတွက် ဆုလာဘ်ရ၍ ပျော်ရွှင်မှု ဆန္ဒရာဂ ဖြစ်ပုံမျိုးတည်း၊ ထိုအာရုံကို အဋ္ဌကထာ၌ မပြသော်လည်း ဋီကာတို့ဖွင့်ကြသည်။

ဆန္ဒနှင့် ရာဂ။ ။ဆန္ဒဟူသည် နှစ်သက်တတ်သော လောဘတည်း၊ ဤသို့ ဆန္ဒနှင့် ရာဂသည် တရားကိုယ်အားဖြင့် အရတူသောကြောင့် "ထွေစ"ဟု တက်၍ အရကွဲပုံကို ပြသည်၊ ဤသို့ အရကွဲအောင်ယူမှသာ " ဆန္ဒော၀ါ ရာဂေါ၀ါ" ဟု တခုခုသာရအောင်ပြသော ဝိကပ္ပနတ္ထ ဝါသဒ္ဒါ ထည့်ရကျိုး နပ်မည်၊ [ဋီကာသစ်၌ ဆန္ဒနှင့် ရာဂ အရ ၂ မျိုးခွဲ၍ ကောက်ရာ၀ယ် "ဂေါဗလိမဒ္ဒါဒိနယေန"ဟု ဆို၏၊ စဉ်းစားပါ။]

ထွေကမ္ပိနာမ။ ။ဋီကာသစ်၌ အပိကို "သမ္ပိဏ္ဍန"ဟု ဆို၏၊ ဂရဟာအနက်ကို နာမသဒ္ဒါက ဟောပြီးဖြစ်သောကြောင့် အပိကို " တဒုတ္တရိဇာနန – ထိုထက် အလွန်သိခြင်းကို ပေါင်းသော သမ္ပိဏ္ဍန" ဟု ယူဟန်တူသည်၊ မိမိကား နာမကို နဇာနာမိနှင့်တွဲ၍"မသိခြင်းကို ကဲ့ရဲ့သော ဂရဟာဇောတက" ဟုဎင်း, အပိကို "ထွေကံ ဟူသော အနဲနောင်ထိုင်သော ဂရဟာဇောတက, အများကိုဆည်းသော သမ္ဘာ၀နာသမုစ္စည်း" ဟုဎင်း ထင်သည်၊ " ဤမျှလောက်ကလေးကိုသော်မှ မသိတုံသေး၏, ဤထက် အလွန်သိဘို့အရေးမှာ သာ၍ ဝေးပါသေးရဲ့" ဟူလို။ [ဒေါသ – ပဋိဃဖြစ်ပုံမှာ စာမေးပွဲကျရှုံးသောအခါ ဖြစ်ရပုံမျိုးပင်တည်း။]

တံ၊ပေ၊ ဝိယာတောတိ – ကား။ တံ ဆန္ဒံရာဂဒွယံ – ထို ဆန္ဒရာဂ ၂ ပါး အပေါင်းသည်၊ မမ-၏၊ ဥပါဒါနံ – ဥပါဒါန်သည်၊ ဝါ- စွဲလမ်းခြင်းသည်၊ အဿ-ဖြစ်ရာ၏၊ (တံ) ဒေါသပဋိဃဒွယံ-ထို ဒေါသ ပဋိဃ ၂ ပါး အပေါင်းသည်၊ (မမ-၏၊) ဝိယာတော–ပင်ပန်းခြင်းသည်၊ ဝါ-ပင်ပန်းကြောင်းသည်၊ (အဿ)၊ ဝါ- တနည်း၊ ဥဘယမ္မိ-လောဘ ဒေါသ ၂ ပါးစုံသည်လည်း၊ ဒဋ္ဌဂဟဏဝသေန- မြဲမြံစွာ ယူခြင်း၏အစွမ်းကြောင့်၊ ဥပါဒါနံ-ဥပါဒါနမည်၏၊ ဝိဟနနဝသေန-ညှဉ်းဆဲနှိပ်စက်ခြင်း၏ အစွမ်းကြောင့်၊ ဝိယာတော - မည်၏၊ ဟိ-မှန်၊ ရာဂေါ- ရာဂသည်၊ အမုဉ္စိတုကာမတာယ – လွှတ်ခြင်းငှါ အလိုမရှိသည်၏ အဖြစ်ကြောင့်၊ ဇလူကာဝိယ- မြွေသည်ကဲ့သို့၊ အာရမဏံ – အာရုံကို၊ ဂဏှာတိ-စွဲမြဲစွာ ယူတတ်၏၊ ဒေါသော–သည်၊ ဝိနာသေတုကာမတာယ-ဖျက်ဆီးခြင်းငှါ အလိုရှိသည်၏ အဖြစ်ကြောင့်၊ အာသီဝိသောဝိယ- လျင်သော

× × × × × × ×

ဥပါဒါနံ, ဝိယာတော ။ ။ အဘိဓံမ္မာ ဒေသနာတော်နည်းအားဖြင့် ဥပါဒါန်ဆိုလျှင် တရားကိုယ်မှာ တဏှာနှင့် ဒိဋ္ဌိသာဖြစ်၏၊ [ဒိဋ္ဌိကား ဤနေရာ၌ တွဲစရာမရှိသောကြောင့် မလို။] ထို့ကြောင့် ပါဠိတော်ဝယ် ရှေ့၌“ဆန္ဒောဝါ ရာဂေါဝါ”ဟုငြား၊ “ဒေါသောဝါ ပဋိဃောဝါ ”ဟုငြား ပြခဲ့သော ၂ စုံတွင် ယထာလာဘနည်းအားဖြင့် ဆန္ဒနှင့် ရာဂကို ဤ၌ ပြအပ်သော ဥပါဒါန်နှင့် တွဲ၍ ဒေါသနှင့် ပဋိဃကို ဤ၌ ပြအပ်သော ဝိဃာတနှင့် တွဲစေလိုသောကြောင့် “ဆန္ဒရာဂဒွယံ ဥပါဒါနံ, ဒေါသ ပဋိဃဒွယံ ဝိဃာတော”ဟု မိန့်သည်။

ဥဘယံဝါ ။ ။ သုတ္တန်နည်းအားဖြင့် ဆန္ဒရာဂ, ဒေါသပဋိဃ ၂ စုံလုံးကိုပင် ဥပါဒါန်ဟုငြား, ဝိဃာတဟုငြား ခေါ်ဆိုင်ကြောင်းကို တနည်းပြလို၍ “ ဥဘယမ္ပိဝါ ” စသည်ကို မိန့်သည်။ [ဇာဒါနိ သုတ္တန္တနယေန အဝိသေသယောဇနံ ဒဿေတိ ဥဘယမ္ပိဝါတိ အာဒိနာ၊–ဋီကာသစ်။] မှန်၏–သုတ္တန်ပါဠိတော်၌ “ ကောဓုပါဒါန ဝိနိဗန္ဓာ ဝိဃာတံ အာပဇ္ဇန္တိ”ဟု ဒေါသတည်းဟူသော ကောဓကိုပင် ဥပါဒါန်ဟူသောနာမည်ဖြင့် ဟောတော်မူသည်၊ လောဘ၏ ဥပါဒါန် ဖြစ်ပုံမှာ ထင်ရှားသောကြောင့် အထူးသာဓက မပြတော့။ [တရားကိုယ် အနက်အရအားဖြင့် လောဘနှင့် ဒေါသ ၂ ပါးသာရသောကြောင့် “ဥဘယမ္ပိ” ဟု ဆိုသည်၊ သဒ္ဒါအားဖြင့်ကား “ ဆန္ဒော, ရာဂေါ, ဒေါသော, ပဋိဃော”ဟု ၄ ပါးရှိသည်။]

ဥပါဒါနံ ။ ။ ဥပသဒ္ဒါသည် ဘုသံအနက်ကို ဟော၏၊ ဘုသဟူသည် လွန်လွန်ကဲကဲ (စွဲစွဲမြဲမြဲ) ဟူသော အနက်တည်း၊ ထို့ကြောင့် “ဒဋ္ဌဂဟဏဝသေန”ဟု ဥပါဒါန်ကို အနက်ဖွင့်သည်၊ လောဘသည်သာ အာရုံကို စွဲမြဲစွာယူသည် မဟုတ်သေး, ဒေါသလည်း ရန်ညှိုး ဖွဲ့သောအားဖြင့် အာရုံကို စွဲမြဲစွာ ယူသည်သာတည်း။

ဝိဃာတော။ ။ဒေါသသည်သာ စိတ်ကို ညှဉ်းဆဲတတ်သည်မဟုတ်သေး, ရာဂလည်း ရာဂမီးအဖြစ်ဖြင့် စိတ်ကို ညှဉ်းဆဲတတ်သည်သာ။ [ဝိဟနနံ ဝိဟိံသနံ ဝိဗာဓနံ (နှိပ်စက်ညှဉ်းဆဲခြင်း)၊–ဋီကာ။]

အဆိပ်ရှိသော မြွေသည်ကဲ့သို့၊(အာရမဏံ ဂဏှာတိ)၊ စ–ဆက်၊ ဥဘောပိ–၂ ပါးလည်း ဖြစ်ကုန်သော၊ ဧတေ - ဤ လောဘ ဒေါသတို့ကို၊ ဝါ– တို့သည်၊ သန္တာပကဋ္ဌေန-ပြင်းစွာ လောင်တတ်သည်၏ အဖြစ်ကြောင့်၊ [စုရာဒီ တပဓာတ် ဖြစ်၍ "တာ"ဟု ဝုဒ္ဓိရှိရသည်။] ဝိဟနန္တိယေဝ-ဖျက်ဆီးတတ်ကုန်သည်သာ၊ ဣတိ- ကြောင့်၊ ဥပါဒါနန္တိစ - ဥပါဒါနဟူ၍ဂုင်း၊ ဝိယာတောတိစ - ဝိယာတဟူ၍ဂုင်း၊ ဝုတ္တာ–ဟောတော်မူအပ်ကုန်ပြီ၊ သေသံ– ကြွင်းသော အစီအရင်သည်၊ ပဌမဝါရသဒိသမေဝ–ပဌမဝါရနှင့် တူသည်သာ။

ပဏ္ဍိတာတိ–ကား၊ ပဏ္ဍိစ္စေန- ပညာရှိ၏ ဖြစ်ကြောင်း ဖြစ်ရာဉာဏ်ပညာနှင့်၊ သမဓန္ဓာဂတာ-ပြည့်စုံကုန်သော၊ နိပုဏာတိ–ကား၊ သဏှသုခုမဇ္ဈနော-နည့်သိမ်မွေ့သော ဉာဏ်ရှိကုန်သော၊ သုခုမံ-သိမ်မွေ့သော၊ အတ္ထန္တရံ-အနက်အမျိုးမျိုးကို၊ ဝါ–အနက်ကို၊ ပဋိဝိဇ္ဈနသမတ္ထာ-ထိုးထွင်း၍ သိခြင်းဌာ စွမ်းနိုင်ကုန်သော၊(သမဏာပြောဟ္မဏာဒ္ဒီစပါ)။ [အတ္ထန္တရန္တိ အတ္ထနာနတ္တံ, အတ္ထမေဝါ– ဋီကာ၊ ရှေးနည်းအလို "အန္တရ"သဒ္ဒါသည် နာနတ္တ (ဘေဒ) အနက်

× × × × × × ×

ပဏ္ဍိတာ။ ။ဂန္ဓိရဋ္ဌာနေသု-နက်နဲသော အရာ (အာရုံ) တို့၌၊ ပဏ္ဍာတိ ဂစ္ဆတိ-သွားတတ်၏၊ ဝါ- ရောက်နိုင်၏၊ ဇာတိ ပဏ္ဍာ၊ ပဋိဓာတ်, အပစွည်း၊ ဇာကာရန္တဓာတ် ဖြစ်၍ နိဂ္ဂဟိတ်လာ၊ သဗ္ဗာတာ+ပဏ္ဍာ ယေသံတိ ပဏ္ဍိတာ၊ သဗ္ဗာတ အသတ္ထိအနက်၌ "သဗ္ဗာတာ တာရကာဒိတ္တိတော" ဟူသော မောဂ္ဂလ္လာန်, ဏာဒိ (၄၅) သုတ်ဖြင့် ဇာတပစွည်း၊ ပဏ္ဍိစ္စေန သမန္ဓာဂတာဖြင့် ထို သဗ္ဗာတအသတ္ထိတဒ္ဓိတ်ကို ပြသည်၊ ["ပဏ္ဍာယ–ဖြင့် + ဇာတော ဂတော-ဖြစ်သူတည်း၊ ပဏ္ဍိတော-သူ"ဟုဂုင်း, "ဒိဋ္ဌဓမ္မိက သမ္ပရာယိကတ္ထေသု ဉာဏဂတိယာ ပဏ္ဍာတိ ဂစ္ဆတီတိ ပဏ္ဍိတော " ဟုဂုင်း ဓာတ္ဝတ္ထသင်္ဂဟပြု၏။]

နိပုဏာ။ ။[နိပုဏာပုဒ်၏ ဓာတ်ပစ္စည်းကို ရှေ့၌ ပြခဲ့ပြီ။] "နိပုဏန္တိ–တရားသဖြင့် ကိစ္စကို အကြွင်းမရှိ ပြုတတ်ကုန်၏၊ ဇာတိ နိပုဏာ"ဟု ပြုပါ၊ ထို ပုဂ္ဂိုလ်များကို "ဖြူစင် ဖြောင့်မတ်သူ" ဟု ခေါ်လျှင် သာ၍ သဒ္ဒါအနေနှင့် သင့်လျော်၏၊ တရားသဘောဖြစ်လျှင်ကား "နိပုဏာ- သိမ်မွေ့သော တရား"ဟု ခေါ်ရ၏၊ ထို၌ "သဏှ" အနက်ဟော အနိပ္ပန္နပါဋိပဒိက ဟု ကြံပါ၊ "သဏှသုခုမဇ္ဈနော" ကား အဓိပ္ပါယ်ထွက်အဖွင့်တည်း။

မှတ်ချက်။ ။ပဏ္ဍိတ၏ သဒ္ဒပဝတ္တိနိမိတ်ဖြစ်သော "ပညာ" ဟူသည် သုတမယပညာ (ကျမ်းဂန်ကို ဖြစ်စေ တရားကို ဖြစ်စေ ကြားနာရခြင်းကြောင့် ဖြစ်သော ပညာ) နှင့် စိန္တာမယပညာ (ကြံစည် တွေးတောခြင်းကြောင့် ဖြစ်ပေါ်လာသော ပညာ) တည်း၊ နိပုဏာ၏ သဒ္ဒပဝတ္တိနိမိတ်ဖြစ်သော "ပညာ"သည် သာဘာဝိက (သဘာဝအတိုင်း ပဋိသန္ဓေက ပါလာသော) ပညာတည်း၊ ဤသို့ ဋီကာတို့ ခွဲကြ၏၊ ချာန်မရသောကြောင့် ဘာဝနာမယ ပညာသည်ဂုင်း , မဂ်ဖိုလ် မရသောကြောင့် ပဋိဝေဓပညာသည်ဂုင်း ဤနေရာနှင့် မဆိုင်ပါ။

ဟော, နောက်နည်းအလို အနက်မရှိ။] ကတပရပ္ပဝါဒါတိ - ကား၊ ဝိညာတ ပရပ္ပဝါဒါစေဝ - သိအပ်ပြီးသော သူတပါးတို့၏ အယူဝါဒ ရှိသည်လည်းဖြစ်ကုန်သော၊ ပရေဟိ- သူတပါးတို့နှင့်၊ သဒ္ဓိံ - တကွ၊ ကတဝါဒ ပရိစယာစ– ပ္ပြအပ်ပြီးသော ဝါဒ၌ လေ့ကျင့်ခြင်း ရှိသည်လည်း ဖြစ်ကုန်သော၊ ဝါ-ပ္ပြအပ်ပြီးသော ဝါဒပြုင်ခြင်း ရှိသည်လည်းဖြစ်ကုန်သော၊(သမဏဗြာဟ္မဏာဒ်စပ်)။

ဝါလဝေဓိရူပါတိ - ကား၊ ဝါလဝေဓိနဋ္ဌဟသဒ္ဒါသာ - သားမြီးဖျားကို ပစ်ခွင်းနိုင်သော လေးတော်သားနှင့် တူကုန်သော၊(သမဏဗြာဟ္မဏာဒ်စပ်)၊ တေ ဘိန္နန္တာ မညေတိ - ကား၊ ဝါလဝေဓိ - သားမြီးဖျားကို ပစ်ခွင်းနိုင်သော လေးတော်သားသည်၊ ဝါလံ-သားမြီးကို၊ (ဘိန္နတိ) ဝိယ– ပစ်ခွင်း သကဲ့သို့၊ (တထာ–ထို့ အတူ၊)သုခုမာနိပိ-သိမ်မွေ့သည်လည်း ဖြစ်ကုန်သော၊ ပရေသံ-သူတပါးတို့၏၊ ဒိဋ္ဌိဂတာနိ–အယူတို့ကို၊ အတ္တနော- မိမိ၏၊ ပညာဂတေန– ပညာအထူးအပြားဖြင့်၊ ဝါ-ပညာဖြင့်၊ [ပညာဂတေနာတိ ပညာပဘေဒေန၊ ပညာယ ဧဝဝါ၊–ဋီကာ။] ဘိန္နန္တာဝိယ-ဖေါက်ခွဲကုန်သကဲ့သို့၊ စရန္တိ - လှည့်လည်ကြကုန်၏၊ ဣတိ အတ္ထော။[မညေသည် ဝိယနှင့် အနက်တူ၏၊ ထို ဝိယကို ဥပမာဧာတက ဟု ဆိုကြ၏၊ မိမိကား ဥပရိကျွာဧာတက ဟု ထင်သည်၊ ဥပရိ–အထက်၌၊ ဝါ–အလွန်+ချာ-ပြောသောစကား။]

× × × × × × ×

ကတပရပ္ပဝါဒါ။ ။ကတသဒ္ဒါသည်("ဘုကရာ သဗ္ဗဓာတ္ဝတ္ထ ဗျာပကာ"နှင့် အညီ) ဓာတ်နက်များစွာကို ဟောနိုင်သော သာမည့သဒ္ဒါ ဖြစ်သောကြောင့် ကတကို "ဝိညာတ"ဟုဆင်း"ကတဝါဒ ပရိစယ"ဟုဆင်း ဖွင့်သည်၊ ဝိညာတ-ဟူသည် သူတပါးတို့ ဝါဒကို သိအောင် ပ္ပြပြီးခြင်းတည်း၊ ကတဝါဒပရိစယဟူသည် သူတပါးတို့နှင့် ဝါဒပြိုင်မှုကို ပ္ပြခြင်းတည်း၊ စဝဝသဒ္ဒါ စသဒ္ဒါတို့ဖြင့် ထိုအနက် ၂ မျိုးလုံး၏ အရကွဲကြောင်းကို ပြ၏၊ ထိုသို့ ပြသဖြင့် "ကတပရပ္ပဝါဒ"၌ ကသေသ်ပ္ပြထားသည်, (တနည်း) သာမည့နိဒ္ဒေသနည်းအားဖြင့် တပုဒ်တည်း ညွှန်ပြထားသည်ဟု သိစေသည်။ [ပရေသံ+ပဝါဒေါ ပရပ္ပဝါဒေါ၊ ကတော–သိမှုကို ပ္ပြအပ်ပြီးသော၊ ဝါ-လေ့ကျင့်မှု ပြိုင်ဆိုင်မှုကို ပ္ပြအပ်ပြီးသော+ပရပ္ပဝါဒေါ ယေဟိတိ ကတပရပ္ပဝါဒါ [ဥဘိန္နမန္တာ ပန သမုစ္စယ ဒ္ဝယေန သာမည့နိဒ္ဒေသံ ကသေသံဝါတိ ဒဋ္ဌဗ္ဗံ၊–ဋီကာသစ်။]

ဝါလဝေဓိရူပါ။ ။ဝိဇ္ဈတိ သိလေနာတိ ဝေဓီ၊ ဝါလံ– သားမြီး၏အဖျားကို+ဝေဓိ–ပစ်ခွင်းနိုင်သော လေးတော်သားတည်း၊[ဝါလဝေဓီ၊ [သားမြီးကို အစိတ် ၇ စိတ်လောက် စိတ်ဖျာပြီးလျှင် တစိတ်ကို တဥသဘလောက်ဝေးသောအရပ်၌ ခရမ်းသီးကို ချိ၍ အဖျားကို တွဲရရွဲချထား၏၊ လေးတော်သားသည် ထို ခရမ်းသီး၏အောက်၌ ကျနေသော သားမြီးဖျားကို မှန်အောင်ပစ်နိုင်သည်၊ ထိုသူမျိုးကိုမှ "ဝါလံဝေဓီ" ဟု ခေါ်ရသည်။] ဝါလဝေဓီ လေးတော်သားကဲ့သို့ သူတပါးတို့၏ သိမ်မွေ့ခက်ခဲသော အယူဝါဒကို ဖျက်ခွဲနိုင်သူကို "ဝါလဝေဓိနော + ရူပံ(သဘာဝေါ)ဧတေသံတိ" ဟူသော ဝစနတ္ထအရ "ဝါလဧဝေဓိရူပါ" ဟု ခေါ်ရသည်။

တေ မံ တတ္ထာတိ-ကား၊ တေ သမဏဗြာဟ္မဏာ-တို့သည်၊ မံ-ငါ့ကို၊ တေသု ကုသလာကုသလေသု–ထို ကုသိုလ် အကုသိုလ်အရာတို့၌၊ သမနုယုဉ္ဇေယျုံ့တိ-ကား၊ ကုသလံ ကိ ံ–ကုသိုလ်လော၊ အကုသလံ ကိ ံ– အကုသိုလ်လော၊ [“အကုသလန္တိ ” ဟု ဋီကာဆရာတိပါသည်ကား မကောင်း။] အတ္တနော - မိမိ၏၊ လဒ္ဓိ ံ – အယူကို၊ ဝဒ-ပြောပါလော၊ ဣတိ-သို့၊ လဒ္ဓိ ံ - ကို၊ ပုစ္ဆယျုံ့ - မေးကုန်ရာ၏၊ သမနုဂ္ဂါဟေယျုံ့တိ–ကား၊ ဣဒံနာမ–ဤမည်သော တရားပါတည်း၊ (ကုသိုလ်ပါတည်း၊ သို့မဟုတ် အကုသိုလ်ပါတည်း၊) ဣတိ - ဤသို့၊ ဝုတ္တော– ဖြေဆိုအပ်သော်၊ ကေန ကာရဏေန– အဘယ်အကြောင်းကြောင့်၊ တေမတ္ထံ– ဤ အနက်အဓိပ္ပါယ်ကို၊ ဂါဟယ - ယူပါသနည်း၊ ဣတိ - သို့၊ ကာရဏံ - အကြောင်းကို၊ ပုစ္ဆယျုံ့-မေးကုန်ရာ၏၊ သမနုဘာသေယျုံ့တိ-ကား၊ ဣမိနာ နာမ ကာရဏေန – ဤမည်သောအကြောင်းကြောင့်၊ (တေမတ္ထံ - ကို၊ ဂါဟယာမ – ယူကြပါကုန်၏၊) ဣတိ - သို့၊ ဝုတ္တော- ပြောဆိုအပ်သော်၊ ကာရဏေ– မိမိပြုအပ်သော အကြောင်း၌၊ ဒေါသံ– အပြစ်ကို၊ ဒဿေတွာ- ပြ၍၊ တွံ– သင်သည်၊ ဣဒံ–ဤအနက်အဓိပ္ပါယ်ကို၊ နဇာနာသိ-မသိ၊ ပန-စင်စစ်ကား၊ ဣဒံ- ဤ အနက်အဓိပ္ပါယ်ကို၊ ဂဏှ–ယူလော၊ ဣဒံ-ဤ အနက်အဓိပ္ပါယ်ကို၊ ဝိသဇ္ဇေဟိ-စွန့်လော၊ ဣတိဝေံ–ဤသို့၊ သမနုယုဉ္ဇေယျုံ့– နည်းလမ်းပြည့်စုံ, တိုက်တွန်းကုန်ရာ၏။

× × × × × × ×

သမနုယုဉ္ဇေယျုံ့။ ။“သံ+အနဲ့ ဥပသာရကြောင့် ယုဇဓာတ်သည် မေးခြင်းအနက်ကို ဟောဏ်၊ ထိုသို့ မေးရာ၌ “အယူကိုမေးခြင်း” ဟူသော အမေးဝိသေသကို ဟောဏ် ဟု သိစေလိုလျှင် “လဒ္ဓိ ံ ပုစ္ဆေယျုံ့” ဟု ဖွင့်သည်၊ “ကိ ံ ကုသလံ၊ပေ၊ဝဒ” ကား မေးပုံကိုပြသော အာကာရဝါက္ယတည်း။

သမနုဂ္ဂါဟေယျုံ့။ ။[သံ+အနဲ့+ (စုရာဒိ) ဂဟ၊] “ ဤပုဒ်လည်း သံ + အနဲ့ ဥပသာရကြောင့် မေး စိစစ်ခြင်းအနက်ကိုပင် ဟောဏ်၊ ဥပမာ–စတုတ္ထပါရာဇိက, ပဌမဒုဋ္ဌဒေါသ သိက္ခာပုဒ်တို့၌ “သမနုဂ္ဂါဟိယမာနော ဝါ ”၌ ကဲ့သို့တည်း၊ သို့သော် “ ရွှေမေးပုံနှင့်ကား မတူ၊ အကြောင်းကို မေးခြင်းတည်း ” ဟု သိစေလိုလျှင် “ကာရဏံ ပုစ္ဆေယျုံ့” ဟု ဖွင့်သည်။ [သမနုယုဉ္ဇနာ လဒ္ဓိယာ ပုစ္ဆာ၊ သမနုဂါဟနာ တံကာရဏာသ၊– ဋီကာသစ်၊ စာအုပ်တို့၌ “တေမတ္ထံ ဂါဟေယျုံ့” ဟု ရှိ၏၊ သိဟိုဠ်မူ၌ “ဂါဟယ” ဟု ရှိ၏၊ ထိုမူကွဲက ကောင်းမည်ထင်သည်။]

သမနုဘာသေယျုံ့။ ။ဤ သမနုဘာသနာကို ဋီကာသစ်၌ “ ဩဝါဒဝသေန သမနုယုဉ္ဇနာယေဝ (မေးခြင်းပင်တည်း)”ဟု ဖွင့်၏၊ သို့သော် “ဣဒံ ဂဏှ, ဣဒံ ဝိသဇ္ဇေဟိ”တို့သည် မေး စိစစ်ပုံကိုပြသော အာကာရမဟုတ်ကြ၊ ညွှန်ပြပုံ တိုက်တွန်းပုံ အခြင်းအရာကိုပြသော ‘အာကာရသာ ဖြစ်သင့်၏၊ ထို့ကြောင့် ဋီကာသစ်အဖွင့်ကို မလိုက်ဘဲ တမျိုး ကြံလိုက်ပါသည်။ [နောက်လာမည့် မဟာသီဟနာဒသုတ် အဋ္ဌကထာ၌ကား “ ဥဘယံ ပုစ္ဆန္တော သမနုဘာသတိ နာမ ” ဟု ဖွင့်လိမ့်မည်၊ ထိုအဖွင့်ကို ဤနည်းမှတမျိုးဟု မှတ်ပါ။]

နသမ္ပါယေယျန္တိ-ကား၊ နဿမ္ပာဒေယ္ယံ - မပြီးစီးစေနိုင်ရာ၊ သမ္ပါဒေတွာ-ပြီးစီးစေ၍၊ ကထေတုံ – ဖြေဆိုခြင်းငှါ၊ နသက္ကာ(ကောယ်) - မစွမ်းနိုင်ရာ၊ ဣတိအတ္ထော၊ သော မမဿ ဝိယာတော်တိ-ကား၊ ပုနပ္ပုနံ–အထပ်ထပ်၊ ဝတ္တာပိ-ပြောပြီး၍လည်း၊ ယံတံ အာသမ္ပါယနံနာမ-အကြင် မပြီးစီးစေနိုင်ခြင်းမည်သည်၊ (အတ္ထိ)၊ သော–ထို မပြီးစီးစေနိုင်ခြင်းသည်၊ မမ-ငါ၏၊ ဝိယာတော– ကိုယ်၏ ပင်ပန်းခြင်းသည်၊ အဿ– ဖြစ်ရာ၏၊ သြဋ္ဌ၊ပေါဒုက္ခမေဝ-နှုတ်ခမ်း; အာစေဝံ, လျှာ, လည်ချောင်းတို့၏ ခြောက်ကပ်ခြင်းဟူသော ဒုက္ခသည်သာလျှင်၊ အဿ-ဖြစ်ရာ၏၊ ဣတိအတ္ထော၊ [ဤသို့ ဖွင့်သောကြောင့် "ဝိယာတ" အရ ဤနေရာ၌ "ကာယိကဒုက္ခ"ကို ယူရသည်၊ ရှေ့နား၌ကား "ဝိယာတ" အရ "စေတသိကဒုက္ခဟူသော ဒေါမနဿဝေဒနာ"ကို ယူခဲ့၏၊] တ္ထောပိ – ဤ တတိယဝါရ၌လည်း၊ သေသံ – ကြွင်းသော အစီအရင်သည်၊ ပဌမဝါရသဒိသမေဝ – ပဌမဝါရနှင့်တူသည်သာ။ ["အပိ"ဖြင့် ဒုတိယဝါရကို ပေါင်း၊ "သေသံ ပဌမဝါရသဒိသမေဝ" ဟု ဒုတိယဝါရတုန်းကလည်း ဆိုခဲ့ပြီ။]

မန္ဒောတိ-ကား၊ မန္ဒပညော-နုံသောပညာ ရှိသည်၊ (ဟောတိ ၌စပ်)၊ တံ-ဤ မန္ဒပညောဟူသော အမည်သည်၊ အပညဿ-ပညာမရှိသူ၏၊ နာမံ-အမည်တည်း၊ [" မန္ဒာ– နုံသော၊ အတိက္ခာ – မထက်သော၊ ပညာ ယဿာတိ မန္ဒ

× × × × × × ×

နသမ္ပာယေယျုံ။ ။သံပုဗ္ဗ, ပဒဓာတ်, ကာရိတ် ကော ပစ္စည်း, ယျုံဝိဘတ်၊ ပဒဓာတ်မှ ဒကို(ယ)ပြု၍ "သမ္ပာယေယျုံ" ဟု ဖြစ်၏၊ ယျုံ ဝိဘတ်လည်း သာမတ္ထိယ(နိုင် = စွမ်းနိုင်)အနက်ဟောတည်း။ [နသမ္ပာယေယျုံတိ ဣဿ ဒကာရဿ ယကာရာဒေသတံ ယျုံ သဒ္ဒသဿ သာမတ္ထိယတ္ထတံ ဒဿေတုံ နသမ္ပာဒေယျုံတိ အာဒိ ဝုတ္တံ၊– ဋီကာသစ်။]

မှတ်ချက်။ ။"အပိမာဒေန သမ္ပါဒေဟိ"၌ သမ္ပါဒေဟိကို "နိပ္ပါဒေဟိ"ဟုငင်း, "ဥပသမ္ပဇ္ဇ ဝိဟရတိ"၌ ဥပသမ္ပဇ္ဇကို "နိပ္ပါဒေတွာ"ဟုငင်း ဖွင့်သောကြောင့် "ပြည့်စုံစေ"ဟု မပေးဘဲ "ပြီးစီးစေ" ဟု ပေးလိုက်ပါသည်။

သော မမဿ ဝိယာတော။ ။ပါဠိတော်စာအုပ်များ၌"ယေသာဟံ နသမ္ပါယေယျုံ၊ သော မမဿ ဝိယာတော"ဟု တွေ့ရ၏၊ ဤ၌ "ယံတံ အာသမ္ပါယနံနာမ၊ သော၊ပေါ၊အဿ"ဟု ဖွင့်သောကြောင့် ပါဠိတော်၌လည်း"ယံ တာဟံ နသမ္ပါယေယျုံ၊ သော မမဿ ဝိယာတော"ဟု ရှိမှ ကောင်းမည်။

မန္ဒော။ ။မဒိဓာတ်, အ ပစ္စည်းဖြင့် "မန္ဒော– နုံသူ, ညံ့ဖျင်းသူ" ဟု ဖြစ်၏၊ မဒိဓာတ်သည် ထုတိ, မောဒ, မဒ, ဂတိ, ဇဋ (ထိုင်းမှိုင်း ဖျင်းအခြင်း) သောပွန (အိပ်ငိုက်ခြင်း) ဒိတ္တိအနက်တို့၌ ဖြစ်၏၊ ကလေးနှင့် လူဖျင်း လူညံ့ လူအ လူနုံကို "မန္ဒ" ဟု ခေါ်သည်၊ မန္ဒတိ–မချီးမွမ်းထိုက်သူကိုလည်း ချီးမွမ်းတတ်၏၊ ဝါ–ဝမ်းမြောက်ထိုက်သော အရာ၌လည်း ဝမ်းမြောက်တတ်၏၊ ဝါ-ကုသိုလ်ကောင်းမှုတို့၌ မေ့လျော့တတ်၏၊ ဝါ–သူတပါးသို့(မသင့်ရာ၌လည်း) အတုလိုက်တတ်၏၊ ဝါ–အမြဲ တွေဝေနေတတ်၏၊

ပညော”ဟု ပြု။] မောမူဟောတိ-ကား၊ အတိသမ္မ။ဌော-အလွန် တွေဝေသည်၊ (ဟောတိဒ္ဓစဝ်)၊ ဟောတိ တထာဂတောတိအာဒိသု– ဟောတိ တထာဂတော အစရှိသော ပါဠိုရပ်တို့၌၊ သတ္တော- သတ္တာကို၊ တထာဂတောတိ- တထာဂတ ဟူ၍၊ အဓိပ္ပေတော-အလိုရှိအပ်၏၊ တွေ-ဤစတုတ္ထဝါရ၌၊ သေသံ-ကြွင်းသော

× × × × × × ×

ဝါ–များသောအားဖြင့် အိပ်နေတတ်၏၊ (ကလေး)၊ ဝါ-ရှုပကာယအားဖြင့် တင့်တယ်တတ်၏၊ (ကလေး)၊ ဇုတိ မန္ဒော၊ ဤသို့ ကတ္တုသာဓ်ဝစနတ်ပြုလျှင် မန္ဒပညပုဂ္ဂိုလ်ကို မန္ဒသဒ္ဒါသည် ဟောနိုင်၏၊ “နံ့သောပညာရှိ”ဟူသည် လုံးလုံး ပညာမရှိသူပင်တည်း၊ ထို့ကြောင့် “အပညသေတံ နာမံ” ဟု အဘိဓေယျပြသည်။

မောမူဟော။ ။မုဟခဲဝတ်, အ ပစ္စည်း၊ မု၏ ဥကို ဒီဃပြု၊ မုယ္ဟတီတိ မူဟော၊ မောဟေန+မူဟော မောဟမူဟော၊ [“မောဟမူဟော”ဟု ဆိုလိုလျက် ဟ ကိုချေ။] အနက်တူသဒ္ဒါ ၂ ချက်ဆင့်လျှင် အတိသယအနက်ကို ဟော၏၊ ထို့ကြောင့် “အတိသမ္မ။ဌော”ဟု ဖွင့်သည်။ [တ၌ အတိသယတ္ထဒီပကံ, ပရိယာယဒွယသာ အတိရေကတ္ထဘာဝတော၊ ယထာ–ပဒဋ္ဌာနံ (နီးစွာသောအကြောင်း) ဇုတိ-ထို့ကြောင့်၊ ဝုတ္တံ အတိသမ္မ။ဌောတိ၊–ဋီကာသစ်။]

တထာဂတော သတ္ထော။ ။“သတ္ထော ဒေဟိစ ပုဂ္ဂလော၊ပေ၊ဇနော လောကော တထာဂတော”အဘိဓာန် (၉၃) နှင့်အညီ သတ္တာသာမညကိုလည်း“တထာဂတ”ဟု ခေါ်နိုင်၏၊ယထာ ပုဗ္ဗေ ကမ္မုနာ အာဂတော,တထာ ဇုဓာပိတိ တတာဂတော-ရှေးရှေးဘဝ၌ ကံကြောင့် လာခဲ့ရသကဲ့သို့, ထို့အတူ ယခုဘဝ၌လည်း ကံကြောင့်လာခဲ့ရသည်၏ အဖြစ်ကြောင့် သတ္တာသည် “တထာဂတ”မည်၏၊ “တထာ + အာဂတောတိ တထာဂတော”ဟု ပြုစေလိုရင်းတည်း၊–ဋီကာသစ်။

မေးဘွယ်။ ။အမရာဝိကွေပ အယူရှိသူ ၄ မျိုးတွင် ရှေ့ ၃ မျိုးသော ပုဂ္ဂိုလ်များဟုသည်း “ဇုဒံ ကုသလံတိ နု ပဇာနာတိ”စသည်ဖြင့် ဆိုသောကြောင့် ကုသိုလ် အကုသိုလ်စသည်ကိုမျှ မသိရကား မန္ဒ-မောမူဟပုဂ္ဂိုလ်များပင် မဟုတ်ပါလော, အဘယ့်ကြောင့် ဤ စတုတ္ထပုဂ္ဂိုလ်ကိုသာ “မန္ဒ-မောမူဟ”ဟု ဆိုရပါသနည်း၊ ဤသို့ မေးဘွယ်ရှိ၏။

အဖြေ။ ။ရှေပုဂ္ဂိုလ် ၃ ယောက်တို့သည် မိမိ၏ ကုသိုလ်စသည်ကို မသိခြင်းကို မသိမှန်းသိကြသေး၏၊ ဤ စတုတ္ထပုဂ္ဂိုလ်ကား မိမိ၏ မသိမှန်းကိုပင် မသိ၊ ထို့ကြောင့် စတုတ္ထပုဂ္ဂိုလ်ကိုသာ “မန္ဒ-မောမူဟ”ဟု ဆိုရသည်၊ မှန်၏–လောက၌ မိမိ၏ မသိမှန်းကို သိသူသည် ထို မသိခြင်းကို သိအောင် (သူတပါးထံ) မေးမြန်း၍ သိသူ ဖြစ်လာနိုင်သေး၏၊ မိမိ၏မသိမှန်းကိုမျှ မသိသူကား သူတပါးကိုမေးတော့မည်မဟုတ်၊ ထို့ကြောင့် သိသူ မဖြစ်နိုင်တော့၊ ထို့ကြောင့်ပင် ဤ စတုတ္ထပုဂ္ဂိုလ်၏ အဖြေမျိုးကို ဖြေလေ့ရှိသော သဠဉ်းဆရာကြီးကို“အယံ ဝါ ဇုမေသံ သမဏဗြာဟ္မဏာနံ သမ္မမန္နော သမ္မမူဠ္ဟော”ဟု ![(နောက် သာမညဖလသုတ်၌) မိန့်တော်မူသည်၊ ဓမ္မပဒပါဠိတော် (ဗာလဝဂ် ဂဏ္ဌိဗြာဟ္မဏ စောရဝတ္ထု)၌လည်း အောက်ပါဂါထာကို ဟောတော်မူ၏။

ယော ဗာလော မညတိ ဗာလျံ, ပဏ္ဍိတော ဝါပိ တေန သော၊
ဗာလော ဝ ပဏ္ဍိတမာနီ, သ ဝေ ဗာလောတိ ဝုစ္စတိ။

အစိအရင်သည်၊ ဥတ္တာနမေဝ – ပေါ်လွင် ထင်ရှားသည်သာ၊ စတ္တာရော– လေးယောက်ကုန်သော၊ ဇာမေပိ - ၌ သမဏဗြာဟ္မဏတို့သည်လည်း၊ ပုဗ္ဗေ– ရှေး၌၊ ပဝတ္တမမ္မာနုသာရေနေဝ- ဖြစ်ပြီးသောတရားသို့ အစဉ်လိုက်သဖြင့်သာ လျှင်၊ ဒိဋ္ဌိယာ- မိစ္ဆာအယူ၏၊ ဝါ-ကို၊ ဂဟိတတ္တာ– ယူအပ်သည်၏ အဖြစ် ကြောင့်၊ ပုဗ္ဗကပ္ပိန္တကေသု–ပုဗ္ဗန္တကပ္ပ အယူရှိသူတို့၌၊ ပဝိဋ္ဌာ–ဝင်ကုန်ပြီ။

× × × × × × × ×

မြန်မာပြန် ။ ။ အကြင် ဗာလသည် မိမိ၏ ဗာလဖြစ်ကြောင်းကို သိ၏၊ ထို ဗာလသည် ပဏ္ဍိတဖြစ်မည်ဆိုလျှင် ဖြစ်နိုင်စရာရှိသေး၏၊ ဗာလဖြစ်ပါလျက် မိမိကိုယ်ကို ပဏ္ဍိတ ဟု အထင်ကြီးနေသူကား ကောန်မုချ ဗာလဟုသာ ဆိုရသည်။ [အဖျင်း အအ, အန အနံ့, အထုံ အထိုင်း, အရိုင်း အစိုင်း, အမိုက်အမဲ ဟူသမျှ ဗာလချည်းတည်း။]

ဇာမေပိ၊ပေ၊ပဝိဋ္ဌာ။ ။ဇာမေပိ၌ ပိဖြင့် အနာဂန္တုက ၄ ယောဓကို ပေါင်းသည်၊ ထို ၄ ယောက်တို့သာ ပုဗ္ဗန္တကပ္ပိက၌ ပါဝင်ကြသည် မဟုတ်သေး၊ ၌ ၄ ယောက်တို့ လည်း ပုဗ္ဗန္တကပ္ပိက၌ ပါဝင်ကြသည်-ဟူလို၊ ထို့ပြင်-ပရလောက, ကုသလ အကုသလ ဓမ္မတို့သည် ရှေး၌ရှိပြီး ဖြစ်ပြီးများဏာည်း၊ ထိုသို့ ပုဗ္ဗေ ပဝတ္တမမ္မတို့ကို အစဉ်လိုက်၍ မိစ္ဆာအယူဖြစ်သောကြောင့် ပုဗ္ဗန္တကပ္ပိက၌လည်း ပါဝင်ကြရသည်။

မှတ်ချက်။ ။“အတ္ထိ ပရော လောကော”ဟူသော ပုစ္ဆာသည် သဿတအယူ၏ အစွမ်းဖြင့်လည်း မေးနိုင်, သမ္မာဒိဋ္ဌိအယူ၏ အစွမ်းဖြင့်လည်း မေးနိုင်သောပုစ္ဆာဖြစ်၏၊ “အတ္တာသည် သေသော်လည်း မပြတ်သေး, နောက်ဘဝ၌ ဖြစ်သေး၏”ဟု ယူ၍မေးလျှင် သဿတအယူ၏အစွမ်းဖြင့် အမေးဖြစ်နိုင်၏၊“ဤဘဝ ဆုံးသောအခါ ကံအားလျော်စွာ နောက်ဘဝ၌ ဖြစ်ရသေး၏”ဟု ဝံ့နှင့် ဧကံ၏အကျိုးကိုမှန်း၍မေးလျှင် သမ္မာဒိဋ္ဌိအယူ၏ အစွမ်းဖြင့်လည်း အမေးဖြစ်နိုင်သည်။ [နောက်၌လည်း ရဟန္တာအတွက်မေးလျှင်“နတ္ထိ ပရော လောကော”စသည်ဖြင့် သမ္မာဒိဋ္ဌိအစွမ်းဖြင့် မေးနိုင်ပုံကို သိပါ။]

မေးဘွယ်။ ။“၌ အမရာဝိက္ခေပိကပုဂ္ဂိုလ်သည် ကုသိုလ် အကုသိုလ်ကိုလည်း မသိ၊ ပရလောကစသည်ရှိမှန်းကိုလည်း မသိ၊ ထိုသို့ မသိသောကြောင့် မေးအပ်သမျှကို “ဝံတိပိ မေ နော”စသည်ဖြင့် ပယ်ရှားခြင်း၏၊ ထိုသို့ ပယ်ရှားရုံမျှကြောင့် မိစ္ဆာအယူရှိသူ ဖြစ်ရသလော”ဟု မေးဘွယ်ရှိ၏၊ အဖြေကား–မေးအပ်သမျှကို ပယ်ရုံမျှကြောင့် မိစ္ဆာ အယူရှိသူဖြစ်ရသည် မဟုတ်ပါ၊ စင်စစ်မှာ–မှားသော်အားဖြင့် နှလုံးသွင်းမှု (မိစ္ဆာဘိနိဝေသ) ကြောင့်သာ မိစ္ဆာအယူရှိသူ ဖြစ်ရပါသည်၊ မှန်၏၊–၌ အမရာဝိက္ခေပိကပုဂ္ဂိုလ်သည် နဂိုရိုက သဿတအယူ၌ စွဲမြဲပြီးဖြစ်သည့်အပြင် မန္ဒဗုဒ္ဓိဖြစ်သည့်အတွက် ကုသိုလ် စသည်တို့ကိုလည်း မသိ၊ ပရလောကရှိမှန်း စသည်ကိုလည်း မသိ၊ မိမိမသိသော အနက် အဓိပ္ပါယ်ကို သူတပါးအား သိစေခြင်းငှါ မစွမ်းနိုင်သည့်အတွက် ဖြေလိုက်လျှင် မုသား ဖြစ်မှာလည်း ကြောက်၏၊ ထို့ကြောင့် “ ဝံတိပိ မေ နော ”စသည်ဖြင့် ပယ်ရှားလေသည်၊ အချုပ်မှာ–ပယ်ရှားမှုကြောင့် မိစ္ဆာအယူဖြစ်သည် မဟုတ်၊ နဂိုရိုက ရှိနေသော သဿတအယူကြောင့်သာ မိစ္ဆာအယူဖြစ်ရသည်–ဟူလို။

အမရာဝိက္ခေပဝါဒအဖွင့် ပြီး၏။

အဓိစ္စသမုပ္ပန္နဝါဒ အဖွင့်

အတ္တာစ-ၵင်း၊ လောကောစ - ၵင်း၊ အဓိစ္စသမုပ္ပန္နော - အကြောင်းမရှိဘဲ ဖြစ်ပေါ်လာ၏၊ ဣတိ-သို့၊ ဒဿနံ-သိမြင်တတ်သော မိစ္ဆာအယူသည်၊ အဓိစ္စသမုပ္ပန်- အဓိစ္စသမုပ္ပန္နမည်၏၊ တေသံ- ၎င်သမဏဗြာဟ္မဏတို့၏၊ တံ-ထို အကြောင်းမရှိဘဲ ဖြစ်ပေါ်လာ၏ဟူသော အယူသည်၊ အတ္ထိ - ရှိ၏၊ ဣတိ-ကြောင့်၊(တေ-တို့သည်၊)အဓိစ္စသမုပ္ပန္နိကာ-အဓိစ္စသမုပ္ပန္နိကတို့မည်၏၊ အဓိစ္စသမုပ္ပန္နန္တိ-ကား၊ အကာရဏာသမုပ္ပန်-အကြောင်းမရှိဘဲ ဖြစ်ပေါ်လာ၏ဟူ၍၊ ("ပညပေန္တိ-ပညတ်ကြကုန်၏"၌ စပ်)။

× × × × × × ×

အဓိစ္စသမုပ္ပန္နော။ ။အဓိစ္စ(အဓိစ္စံ)ကို"ယဒိစ္ဆကံ-အလိုအလျောက်"ဟုၵင်း, "ယုံကိုဋ္ဌိ ကာရဏံ(ဝိနာ)-အကြောင်းတစုံတခုကိုကြဉ်၍=အကြောင်းမရှိဘဲ"ဟုၵင်း, "ကဿစိ ဗုဒ္ဓိပုဗ္ဗံ ဝါ ဝိနာ- တစုံတယောက်၏ ဖြစ်ဘူးသောဉာဏ်ကိုကြဉ်၍ ဉာဏ်ဖြင့် ဖန်ဆင်းမှုလည်း မပါဘဲ" ဟုၵင်း ဋီကာဖွင့်၏၊ ၎င်အဖွင့်အရ " အတ္တလောကသည် မည်သည့်အကြောင်းမျှမရှိဘဲ သူ့အလိုအလျောက်ဖြစ်၏"ဟု ဆိုလိုသည်။

အဓိစ္စသမုပ္ပန္နိကာ။ ။" အဓိစ္စသမုပ္ပန္န "အရ အကြောင်းမရှိဘဲဖြစ်သော် အတ္တလောကကို မုချရ၏၊ ထိုအတ္တလောကကို အာရုံပြုသော မိစ္ဆာအယူကိုကား ဌာနုပစာရသဟစရဏာနည်းအားဖြင့် ရသည်၊ [အာရုံဌာန၏အမည်ကို အာရမဏိကမိစ္ဆာအယူဌ်ဒ်တင်စားခြင်းကို ဌာနုပစာရဟုၵင်း, အာရုံနှင့်မိစ္ဆာအယူတို့၏ တကွဖြစ်မှုကို သဟစရဏာဟုၵင်း ဆိုသည်။] ၎င်အဓိပ္ပါယ်ကိုပြလို၍ အဋ္ဌကထာဌ် "အဓိစ္စ ၊ပေ၊ဒဿနံ အဓိစ္စသမုပ္ပန်"ဟု မိန့်သည်၊ ထို့နောက်"တံ ဧတေသံ အတ္ထိ"ကိုကြည့်၍"အဓိစ္စသမုပ္ပန်ဒ ဧတေသံ အတ္ထိတိ အဓိစ္စသမုပ္ပန္နိကာ"ဟု ပြုပါ။

ဋီကာ။ ။အတ္တလောကသည်တာနံ ခန္ဓာနံ(အတ္တလောကဟု မှတ်အပ်ကုန်သော ခန္ဓာတို့၏)အဓိစ္စုပ္ပတ္တိအာကာရာရမဏံ ဒဿနံ (အကြောင်းမရှိဘဲ ဖြစ်ခြင်းဟူသော အခြင်းအရာလျှင် အာရုံရှိသောအယူကို) [ဝုစ္စတိ ဋ္ဌစပ်၊] တဒါကာရသန္ဓိဿယေန ပဝတ္တိတော (ထို အခြင်းအရာဟူသော မှိရာအားဖြင့် ဖြစ်ခြင်းကြောင့်ၵင်း) တဒါကာရသဟစရိတတာယစ အဓိစ္စသမုပ္ပန္နန္တိ ဝုစ္စတိ၊ ယထာ-မဉ္စာ ဃောသန္တိ (ဌာနုပစာရ) ကုန္တာပစရန္တိတိစ။ [ကုန္တာ - လှံတို့သည်၊ ပစရန္တိ - လှည့်လည်ကုန်၏၊ ၎င်၌ လှံနှင့် လှံကိုင်သူတို့ သဟစရဏာ-တကွဖြစ်ကြသည်။]

ပုဗ္ဗကြီဘွယ်။ ။အဓိစ္စ ဝေဒေ(ဝေဒတို့ကို သင်ယူသရဇ္ဈာယ်၍) ဟူရာ၌ အဓိ+ ဣဓဲဝတ်, တွာကို မောဂ္ဂလ္လာန် ၅-ကဏ္ဍ, ၁၆၈ သုတ်ဖြင့် စွပ်ပြု၍ တွာပစ္စယန္တပုဗ်ဖြစ်သော်လည်း ၎င်ဒုနေရာ၌ တွာပစ္စယန္တ မဟုတ်ပါ၊ " အဓိစ္စုပ္ပတ္တိကာ ဗုဒ္ဓါတိ အဓိစ္စေန အကာရဏေန ဥပ္ပတ္တိကာ" ဟု ထေရာပဒါန-ပုံသုကူလဝဂ္ဂ, ဒု-အပဒါန် အဋ္ဌကထာဖွင့်သောကြောင့် (အ) သည် ပဋိသေဓနိပါတ်, မိစ္ဆာ်ဒ် ဓာဓာတ် (တနည်း) ဓရဓာတ်, ကတ္တားဟော ရိစ္စပစ္စည်းဖြင့်ပြီးသော " ကိတ်နာမ် " ဟု ကြံသင့်ပါသည်၊ ဘာ့ကြောင့်နည်း၊...."အဓိစ္စေန"ဟု နာဝိဘတ္တန္တပုဗ်ကို ဝွေရသောကြောင့်တည်း။

အသညသတ္တာတိ တေံ– အသညသတ္တာ ဟူသော ဤသဒ္ဒါသည်၊ ဒေသနာသီသံ-ဒေသနာတော်၏ ဥုးခေါင်းဖြစ်သော သဒ္ဒါတည်း၊ [သညာကို ခေါင်းတပ်ထားသော သဒ္ဒါဖြစ်သည် - ဟူလို။] အစိတ္တုပ္ပါဒါ-စိတ်, စေတသိက် မရှိကုန်သော၊ ရူပမတ္တက အတ္တဘာဝါ - ရုပ်မျှသာ ဖြစ်သော အတ္တဘောရှိသော သတ္တာတို့တည်း၊ ဣတိ အတ္ထော၊ တေသံ–ထို အသညသတ် မြဟ္မာတို့၏၊ ဧဝံ-ဤဆိုအပ်လတ္တံသော နည်းဖြင့်၊ ဥပပတ္တိ-ဖြစ်ပုံကို၊ ဝေဒိတမ္မာ–သိထိုက်၏၊ ဟိ-ခဲ့၊ ကေစ္စော-အချို့သောပုဂ္ဂိုလ်သည်၊ တိတ္ထာယတနေ-တိတ္ထိတို့၏ သာသနာ၌၊

× × × × × × ×

ဝိဂ္ဂဟ။ ။"ဖလံ–အကျိုးကို၊ ဓာတိ (ဓရတိ) –ဆောင်တတ်၏"ဟု ဝိဂ္ဂဟပြု၍ အကျိုးကို ဆောင်တတ်သော အကြောင်းကို"ဓိစ္စ"ဟု ယူပြီးလျှင်"နတ္ထိ+ဓိစ္စံ တေသာတိ အဓိစ္စာ (ဥပပတ္တိ) – အကြောင်း မရှိသော ဖြစ်ခြင်း၊ အဓိစ္စာ+ဥပပတ္တိ အဓိစ္စုပပတ္တိ၊ အဓိစ္စုပပတ္တိ ယေသံတိ အဓိစ္စုပပတ္တိကာ" ဟု အပဒါန် အင်္ဂကထာအတွက် ဝိဂ္ဂဟပြုပါ၊ ဤဥကား " အဓိစ္စော–အကြောင်း မရှိသည်၊ (ဟုတ္တာ) သမုပ္ပန္နော အဓိစ္စသမုပ္ပန္နော-အကြောင်း မရှိဘဲဖြစ်သော အတ္တလောက " ဟု ပြုပါ၊ ဥပစာအားဖြင့် အယူဝါဒတိုင်အောင် ယူ၍ (တနည်း) "အဓိစ္စသမုပ္ပန္နဒဿနံ" ဟု ဆိုလိုလျက် နောက်ပုဒ်ကို ချ၍ "အဓိစ္စသမုပ္ပန္နံ–အကြောင်းမရှိဘဲ ဖြစ်၏ဟူသော အယူသည်၊ ယေသန္တိ အဓိစ္စသမုပ္ပန္နိကာ"ဟု ပြုပါ။

မုတ်ချက်။ ။ဘဂဝါဂုဏ်တော်ဖွင့် ဝိမတိဋီကာ၌ကား " အဓိစ္စ ယံကိဉ္စိ နိမိတ္တံ အဓိဝစနဝသေန (သဒ္ဒါ၏စွဲမှီရာ၏အဖြစ်ဖြင့်) အနပေက္ခိတ္တာ ပဝတ္တံ အဓိစ္စသမုပ္ပန္နံ"ဟု အဓိစ္စကို တွာပစ္စယန္တ အနေအားဖြင့် ဖွင့်လေ၏၊ ပြခဲ့သော အင်္ဂကထာနှင့် မညီပါ၊ ထို့ပြင်-အသိတိနိပါတ် သုဓာဘောဇနဇာတ် မြန်မာမူ၌ " အဓိစ္စ အတိဂ္ဂမိတ္မာ " ဟု ရှိသော်လည်း သီဟိုဠ်မူ၌ "အတိစ္စ (အတိ+ဣစ္စ) အတိဂ္ဂဲမိတ္မာ" ဟု ရှိ၏၊ သီဟိုဠ်မူအရှိက သဘာဝကျပါသည်။

ဒေသနာသီသံ။ ။အသညသတ်မြဟ္မာတို့၌ နာမ်တရားဖြစ်သော စိတ်စေတသိက်အားလုံး မရှိပါသော်လည်း သညာစေတသိက်ကို ဒေသနာတော်၏ ဥုးခေါင်း အကြီးအကဲအဖြစ်ဖြင့် ခေါင်းတပ်၍ အသညသတ္တာ (သညာမရှိသော သတ္တာ) ဟု ဟောတော်မူခြင်းကို"ဒေသနာယ+သီသံ"အရ ဒေသနာသီသဟု ခေါ်သည်။ [သီသဟု လာသမျှ၌ ပဓာနနည်းဟု ယူကြ၏၊ သညာကို ပဓာနအားဖြင့် ယူထား၏၊ အပဓာနအားဖြင့်ကား စိတ် စေတသိက်အားလုံးကိုလည်း ယူရ၏၊ ထို့ကြောင့်"အစိတ္တုပ္ပါဒါ ရူပမတ္တက အတ္တဘာဝါတိ အတ္ထော " ဟု အင်္ဂကထာ မိန့်သည်၊....လောကိယဓမ္မံ ဒေသေန္တော စိတ္တံ သည်ဝါ ဓုရံ (အကြီးအမှူးပဓာနကို) ကရောတိ၊–ဋီကာ။]

တိတ္ထာယတနေ။ ။မိစ္ဆာအယူ ရှိသူတို့သည် မိမိတို့အယူ၌ ခြာခြာလည်လျက် ငုပ်ချည် ဖေါ်ချည် ကူးနေကြသကဲ့သို့ ဖြစ်သောကြောင့် အယူကို "တိတ္ထ" ဟု ခေါ်၏၊ " တရန္တိ တေ္ထာတိ တိတ္ထံ၊ တိတ္ထံဝိယ – ကူးခပ်ရာ ရေဆိပ်နှင့် တူ၏၊ ဣတိ တိတ္ထံ " ဟုပြု၊ မိစ္ဆာအယူသည် ထို အယူရှိသူတို့၏ နေရာဌာနဖြစ်သောကြောင့် အာယတနလည်း မည်၏၊ တိတ္ထံစ+တံ+အာယတနံစ-တည်နေရာလည်း ဟုတ်၏၊ ဣတိ တိတ္ထာယတနံ-ရာ၊

ဝါ–တိတ္တိဘောင်၌၊ ပဗ္ဗဇိတ္တာ–ကျင့်ပြီး၍၊ ဝါယောကသိဏော–ဝါယောကသိုဏ်း၌၊ ပရိကမ္မံ–ပရိကမ်ကို၊ (အဖန်ဖန်ပြုလုပ်အပ်သော စီးဖြန်းမှုကို၊) ကတ္ဝာ–ပြု၍၊ စတုတ္ထဈာနံ-စတုတ္ထစျာန်ကို၊ နိဗ္ဗတ္တေတ္ဝာ–ဖြစ်စေပြီး၍၊ စျာနာ-စတုတ္ထစျာန်မှ၊ ဝုဋ္ဌာယ-ထ၍၊ စိတ္တေ–စိတ်၌၊ ဒေါသံ – အပြစ်ကို၊ ပဿတိ–ရှု၏၊(ကိုဴ)၊စိတ္တေ-စိတ်သည်၊ ဝါ-စိတ်၏၊ သတိ-ရှိလသော်၊ ဝါ-ရှိခြင်းကြောင့်၊ ဟတ္ထစ္ဆေဒါဒိ ဒုက္ခဿေဝ-လက်ဖြတ်ခံရခြင်း အစရှိသော ဒုက္ခသည်ဌင်း၊ သဗ္ဗဘယာနိစ - အလုံးစုံသော ဘေးတို့သည်ဌင်း၊ ဟောန္တိ - ဖြစ်ရကုန်၏၊ ဣမိနာ စိတ္တေန–ဤစိတ်ဖြင့်၊ အလံ–အကျိုးမရှိ၊ အစိတ္တကဘာဝေါဝ- စိတ် မရှိသူ၏ အဖြစ်သည်သာ၊ သန္ဋော–ငြိမ်းအေး၏၊ ဣတိ,(ပဿတိ-ရှု၏။)

× × × × × × ×

ဝါ–အယူ၊ ထိုအယူကို ယူရာဖြစ်သော တိတ္ထိဘောင်(တိတ္ထိတို့၏ သာသနာ)ကိုလည်း ဌာနူပစာရ သဟစရဏနည်းအားဖြင့် "တိတ္ထာယတန"ဟုခေါ်ပါ။ [ဋီကာသစ်၌ကား အယူကို "တိတ္ထာယတန"ဟု ယူ၍ " အညတိတ္ထိယသမယေ - သာသနာတော် အယူမှ တပါးသော တိတ္ထိတို့၏ အယူ၌"ဟု ဖွင့်လေသည်၊ မိမိကား "ပဗ္ဗဇိတ္တာ"ကို ကြည့်၍ "တိတ္ထိတို့၏ သာသနာ"တိုင်အောင် ယူလိုက်ပါသည်။]

ဝါယောကသိဏော ။ ။ ပဌမစျာန်မှစ၍ ဝါယောကသိုဏ်းဖြင့်ပင် စျာန်ကို ရခဲ့ပြီးသော ယောဂိသည် တတိယစျာန်ကို ရပြီးသောအခါ စတုတ္ထစျာန်တက်ဘို့ရန် အလေ့အလာ(ဝသိဘော်)နိုင်အောင် တတိယစျာန်ကိုပင် အဖန်ဖန် ဝင်စားပြီး၍ စတုတ္ထစျာန် ရဘို့ရန် ဝါယောကသိုဏ်း၌ ပရိကမ်ပြုသည်။ [စတုတ္ထနည်းအရ စတုတ္ထစျာန်ဟုဆိုသည်၊ ပဌကနည်းအားဖြင့်ကား ပဌမစျာန်သာ။]

ဆက်ဥုးအုံ ။ ။ ပထဝီကသိုဏ်း စသော ကသိုဏ်းတို့သည် ရုပ်ထင်ရှား အဆင်းထင်ရှား၏၊ ဝါယောကသိုဏ်းကား ရုပ်ပင်ဖြစ်သော်လည်း အခြားကသိုဏ်းများကဲ့သို့ မထင်ရှားသောကြောင့် နာမ်နှင့် အလားတူနေ၏၊ ထို ဝါယောကသိုဏ်းကို အာရုံပြု၍ စတုတ္ထစျာန်ကို ရပြီးပုဂ္ဂိုလ်သည် စျာန်မှထသောအခါ စိတ်နှင့်တကွ နာမ်တရားအပေါင်း အပြစ်ရှု၏၊ ထိုသို့ အပြစ်ရှုဖန်များသော အခါ နာမ်တရားအစစ်ဖြစ်သော စတုတ္ထစျာန်သည် နာမ်တရားကို စက်ဆုပ်သော ဘာဝနာ ဖြစ်လာ၏၊ ထိုအခါ ထို စျာန်၏ အာရုံဖြစ်သော ဝါယောကသိုဏ်းဟူသည် နာမ်တရားနှင့်တူနေရကား စက်ဆုပ်ခံရာတွင် ပါဝင်လေတော့၏၊ ထို့ကြောင့် " ဝါယောကသိဏော"ဟု ဆိုသည်။

အာကာသကသိုဏ်းကို မယူ ။ ။ ယဒိ ဧဝံ ပရိစ္ဆိန္နာကာသ ကသိဏောတိပိ ဝတ္တုမ့ဲ၊ တသ္မာပိ ဟိ အရူပပဋိဘာဂတာ လဗ္ဘတိတိ၊ ဣစ္ဆိတမေဝေတံ ကေသဉ္စိ၊ အဝစနံ ပနေတ္ထ ပုဗ္ဗာစရိယေဟိ အဂ္ဂဟိတဘာဝေန-နာမ်နှင့် တူသောကြောင့် ဝါယောကသိုဏ်းကိုယူလျှင်"ဝါယောကသိဏော"ကဲ့သို့ "ပရိစ္ဆိန္နာကာသကသိဏော"ဟုလည်း ဆိုထိုက်သည် မဟုတ်ပါလော၊ ဘာ့ကြောင့်နည်း - ထို အာကာသ ကသိုဏ်း၏လည်း နာမ်တရားနှင့် အလားတူအဖြစ်ကို ရနိုင်သောကြောင့်တည်း၊ (ဤကား စောဒနာ၊) ဤအာကာသကသိုဏ်းကို အချို့ဆရာတို့ အလိုရှိအပ်ပါပေ၏၊ အင်္ဂကထာ၌ မဆိုခြင်းကတော့ ရှေးဆရာတို့ မယူအပ်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်၊–ဋီကာ။

ဝေံ-ဤသို့၊ စိတ္တေ- စိတ်၌၊ ဒေါသံ-အပြစ်ကို၊ ပဿိတွာ- ရှု၍၊ အပရိဟီန ဇ္ဈာနော - မယုတ်လျော့သော ဈာန်ရှိသည်၊ (ဟုတွာ)၊ ကာလံ– သေခြင်းကို၊ ကတွာ-ပြု၍။ [တနည်း, ကာလံ- အသက်ရှည်ရာကာလကို၊ ကတွာ-ဥပတ္ထမ္ဘက အကြောင်းတို့က ပြုပြီး၍။] အသညသတ္တေသု– အသညသတ်ဖြဟ္မာတို့၌၊ ဝါ– အသညသတ် ဗြဟ္မာဘုံတို့၌၊ နိဗ္ဗတ္တတိ-ဖြစ်ရ၏၊ အသ-ထို အသညသတ်ဗြဟ္မာ၏၊ စိတ္တံ-စိတ်သည်၊ စုတိစိတ္တနိရောဓေန-စုတိစိတ်၏ ချုပ်ခြင်းကြောင့်၊ ဣဓေဝ-ဤပဉ္စဝေါကာရဘုံ၌သာ။ [ဣဓေဝါတိ ပဉ္စဝေါကာရဘဝေယေဝ၊ – ဋီကာ။] နိဝတ္တတိ-ဆုတ်နစ်၏။ [ထပ်၍ မဖြစ်သည်ကို "ဆုတ်နစ်" ဟု ဆိုသည်။] ရူပက္ခန္ဓ မတ္တမေဝ – ရုပ် အစုမျှသည်သာ၊ တတ္ထ - ထို အသညသတ်ဗြဟ္မာဘုံ၌၊ ပါတုဘဝတိ–ထင်ရှားဖြစ်၏။

× × × × × × × ×

ဇဝံ စိတ္တေ၊ပေ၊ နိဗ္ဗတ္တတိ ။ ။ သာသနာပဗျာန်ရ တိတ္ထိတို့သည် " စိတ်ရှိသော ကြောင့်သာ (သညာရှိသောကြောင့်သာ) တယောက်နှင့် တယော်ံ မခံချင်ကြ၍ ခိုက်ရန် ဖြစ်ကာ ဟတ္ထစ္ဆေဒစသည်နှင့်တကွ ဘေးဒုက္ခတို့ကို ရကြ၏၊ စိတ် (သညာ) မရှိလျှင် ခိုက်ရန် မပြုရသဖြင့် ထို ဘေးဒုက္ခတို့သို့ ရောက်ဘို့ မရှိတော့၊ စိတ်မရှိသော ဥပပတ်ဘဝ အထူးသည်သာ "ဝိမုတ္တိ (ဒုက္ခအားလုံးမှ လွတ်ကင်းရာဖြစ်၏) " ဟု ယူဆ၍ အသည သမာပတ် (ဈာန်) ကို ရအောင် အားထုတ်ကြလေရာ စုတေသောအခါ ရပ်ပြစ်ရှစ်ပါး ဟူသော အကျွဏာတွင် ပါဝင်သော အသညသတ်ဘုံ၌ ဖြစ်ကြရလေသည်၊ သာသနာ တော်နှင့် ကြုံနေသော သာသနိက ပုဂ္ဂိုလ်များကား " ရုပ်လည်း မကောင်း, နာမ်လည်း မကောင်း, ရုပ်နာမ် ၂ ပါးလုံး အနိစ္စ ဒုက္ခ အနတ္တချည်းသာ" ဟု ရှုနိုင်ကြသောကြောင့် အသညသတ် အရူပဟူသော အကျွဏာဘုံတို့၌ ဖြစ်ဘို့ရာ မကြိုးစားကြတော့။

ကာလံ ကတွာ။ ။"မရဏံ ကတွာ"– ဋီကာသစ်၊ "ကာလော သမယမစ္စုသု" အဘိဓာန် (၁၀၈၃) နှင့်အညီ ကာလသဒ္ဒါသည် မရဏအနက်ဟော၊ "ယောဝါမနုဿ လောကေ ဇီဝနကာလော ဥပတ္ထမ္ဘကပစ္စယေဟိ ကရိယတိ၊ တံ ကရိတ္ဝာတိပိ အတ္ထော- လူပြည့်၌ အကြင် အသက်ရှည်ရာကာလကို ဥပတ္ထမ္ဘကဖြစ်သော စိတ် ဥတု အာဟာရ အကြောင်းတို့သည် ပြုအပ်၏၊ ထို အသက်ရှည်ရာကာလကို ဥပတ္ထမ္ဘက အကြောင်းတို့က ပြုပြီးဖြစ်၍" ဟုလည်း အနက်ဖြစ်သင့်၏၊ ဤအတိုင်း နိဿယ၌ တနည်းပေးထားသည်။

အသညသတ္တေသု နိဗ္ဗတ္တတိ ။ ။ အသညသတ္တမည်သော သတ္တဝါအများကို ရည်ရွယ်၍ "အသညသတ္တေသု" ဟု ဗဟုဝုစ်ထားသည်၊ (တနည်း) အခြား စကြဝဠာ တို့၌လည်း အသညသတ္တဘုံတို့ ရှိကြသေးသောကြောင့် ထို ဘုံအများကို ရည်ရွယ်၍ ဗဟုဝုစ်ထားသည်။–ဋီကာသစ်။

ရူပက္ခန္ဓေ၊ပေ၊ပါတုဘဝတိ။ ။သံသရာကြီးဝယ် အဝိဇ္ဇာ တဏှာ အရင်းခံ၍ ရုပ် နာမ် ၂ ပါးဖြင့် အများသတ္တဝါတို့ ကျင်လည်ကြရာ၌ ရုပ်ကို စက်ဆုပ်သော ရူပဝိရာဂ ဘာဝနာ, နာမ်ကို စက်ဆုပ်သော အရူပဝိရာဂဘာဝနာ, ဤ ၂ ပါးတွင် တပါးပါး မရှိ လျှင် တဏှာ၏ အစွမ်းကြောင့် ရုပ်နာမ် ၂ ဖုံ အစုံအလင်ပင်ဖြစ်ကြရသည်၊ အသညသတ် ဘုံကို တော်တွင်သော ယောဂီကား စတုတ္ထဈာန်ကို ရပြီးစကပင် နာမ်ကို စက်ဆုပ်

တေ-ထိ အသညသတ် ဗြဟ္မာတို့သည်၊ တတ္ထ-ထို အသညသတ်ဘုံ၌၊ ("ဥပ ပဇ္ဇိတ္ဝာ တိဋ္ဌန္တိ "တို့၌ စပ်ပါ)၊ ယထာနာမ – ဥပမာမည်သည်၊ ဇိယာ ဝေဂ ကို့ကြောင့်–လေးည့ိုအဟုန်သည် ပစ်တင်အပ်သော၊ သရော- မြားသည်၊ ဇိယာ ဝေဂေါ- လေးည့ို့၏အဟုန်သည်၊ ယတ္တကော – အကြင်မျှလောက် အတိုင်း အရှည်ရှိ၏၊ တတ္တကမေဝ-ထိုမျှလောက် အတိုင်းအရှည်ရှိသောကာလပတ်လုံး သာလျှင်၊ အာကာသေ-ကောင်းကင်၌၊ ဂစ္ဆတိယထာ- သွားနိုင်သကဲ့သို့၊ ဝေ မေဝ - ဤအတူပင်၊ ဗျာနဝေဂကို့ကြောင့် – ဗျာန်အဟုန်သည် ပစ်တင်အပ်ကုန် သည်၊ (ဟုတ္ဝာ)၊ ဥပပဇ္ဇိတ္ဝာ- ပဋိသန္ဓေနေ၍၊ ["တတ္ထ" ဟု အာဓာရရှိခဲ့သော ကြောင့် "ဥပပဇ္ဇိတ္ဝာ"ဟု ရှိလျှင်လည်း ကောင်း၏။] ဗျာနဝေဂေါ-ဗျာန်အဟုန် သည်၊ ယတ္တကော– အကြင်မျှလောက် အတိုင်းအရှည်ရှိ၏၊ တတ္တကမေဝ – ထိုမျှလေး အတိုင်းအရှည်ရှိသည်သာလျှင်ဖြစ်သော၊ ကာလံ-ကာလပတ်လုံး၊ တိဋ္ဌန္တိ–တည်ကြရကုန်၏၊ ပန- ဆက်၊ ဗျာနဝေဂေ - ဗျာန်အဟုန်သည်၊ ပရိ ဟီနေ-ယုတ်လျော့လသော်၊ တတ္ထ - ထို အသညတ်ဘုံ၌၊ ရူပက္ခန္ဓော – ရုပ်အစု သည်၊ အန္တရဓာယတိ-ကွယ်ပျောက်၏၊ ပန-ကား၊ ဣဓ-ဤကာမဘုံ၌၊ ပဋိသန္ဓိ

× × × × × × ×

သော အရူပဝိရာဂ ဘာဝနာဖြစ်အောင် စတုတ္ထဈာန်ကို ထုံမွှန်းခဲ့၏၊ ထို့ကြောင့် ထို စတုတ္ထဈာန် အကျိုးပေးသောအခါ နာမ်ခန္ဓာ မပါတော့ဘဲ ရုပ်ခန္ဓာမျှသာ ဖြစ်တော့ သည်၊ ဥပမာ–"ဥတုအလိုက် သီးပွင့်ရိုးဖြစ်သော သစ်ပင်တို့သည် သပ်လျှိုခြင်းဟူသော "ဝေခ" ဖြင့် ထိုးထွင်းသောအခါ အချိန်ကျလျှင် မသီးမပွင့်တော့သကဲ့သို့, ထို့အတူ အရူပဝိရာဂဘာဝနာ တည်းဟူသော သပ်ချောင်းကို လျှိုထားလိုက်သည့်အတွက် ထို စတုတ္ထဈာန်မှ နာမ်အသီး မသီးနိုင်တော့–ဟူလို။

ဇိယာဝေဂကွိတ္တော။ ။ပဋ္ဌဝေါကာရဘုံ၌ ရုပ်နှင့်နာမ်တို့သည် ပဋိသန္ဓေခဏ၌ ၎င်း နောက်ကာလ၌၎င်း ထိုက်သည်အားလျော်စွာ ကျေးဇူးပြုလျက် တည်ကြသည်၊ "အသညသတ်ဘုံ၌ကား နာမ်တရား အထေဝံအပ်မပါဘဲ ရုပ်အစဉ်ချည်းသာ ဖြစ်တည် နိုင်၏" ဟူသော ဤအကြောင်းကို အဘယ်နည်းဖြင့် ယုံကြည်နိုင်ပါအံ့နည်း၊ အဘယ်မျှ ကာလကြာအောင်ဖြစ်တည်နေပါသနည်း၊ ဤသို့စောဒနာဘွယ်ရှိသောကြောင့်"ယထာ နာမ ဇိယာဝေဂကွိတ္တော" စသော စကားကို မိန့်သည်၊ " ညှို့အဟုန်ဖြင့် ပစ်တင်အပ် သော မြားသည် ညှို့အဟုန်ကောင်းသလောက် ကောင်းကင်၌ တည်နိုင်သကဲ့သို့, ဗျာန် အဟုန်ဖြင့် မြင့်တင်ထားအပ်သောကြောင့် ဗျာန်အဟုန်ရှိသလောက် ထိုဘုံ၌ တည်နေနိုင် ပါသည်"ဟူလို။ [ဗျာန်အဟုန်လည်း အလွန်ဆုံးအားဖြင့် ကမ္ဘာငါးရာ ကာလပတ်လုံး တည်အောင်ထားနိုင်သည်။]

ဗျာနဝေဂေါပေါအန္တရဓာယတိ။ ။အသညသတ် သမာပတ်သည် ပြုစီမံအပ် သော ကံအဟုန်ကို "ဗျာနဝေဂ" ဟု ခေါ်၏၊ ထို ဗျာန်အဟုန်ကုန်လျှင် ထို အသညသတ် ဘုံ၌တည်နေသော ရုပ်ခန္ဓာ အတ္တဘောလည်း ကွယ်ပျောက်လေတော့၏၊ ဥပမာ–မီးစာ ဆီကုန်လျှင် မီးတောက်ငြိမ်းသကဲ့သို့တည်း။

သညာ–ပဋိသန္ဓေသညာသည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏၊ ပန - ဆက်၊ ယသ္မာ - အကြောင့်ကြောင့်၊ ဣဓ - ဤ ကာမဘုံ၌၊ တာယ ဥပ္ပန္နသညာယ – ထို ဖြစ်သော သညာကြောင့်၊ တေသံ– ထို အသညသတ်ပြဟ္မာတို့၏၊ တတ္ထ-ထို အသညသတ်ဘုံ၌၊ စုတိ–စုတေခြင်းသည်၊ ပညာယတိ- ထင်ရှား၏၊ တသ္မာ-·ကြောင့်၊ (ထိုသို့ ဤကာမာဝစရဘုံ၌ဖြစ်သော သညာကြောင့် ထို အသညသတ်ဘုံ၌ စုတေခြင်း၏ ထင်ရှားသည်၏အဖြစ်ကြောင့်)၊ သညုပ္ပါဒါစ၊ ပေ၊ စဝန္တိ တိ – ဟူ၍၊ (ဘဂဝတာ) ဝုတ္တံ - ဟောတော်မူအပ်ပြီ။ [သညုပ္ပါဒါ– သညာ၏ ဖြစ်ခြင်းကြောင့်၊ ဝါ–ဖြစ်သောသညာ ရှိကုန်သော၊ တေ ဒေဝါ-ထိုအသညသတ်ဖြဟ္မာတို့သည်၊ တမှာကာယာ- ထို အသညသတ်ဖြဟ္မာအပေါင်းမှ၊ စဝန္တိ-စုတေကြရကုန်၏။] သန္တတာယတိ - ကား၊ သန္တဘာဝါယ - ထင်ရှားရှိသည်၏အဖြစ် အကျိုးငှါ၊ ["ပရိဏာတော"၌စပ်၊ ဋီကာသစ်အလို " ငြိမ်းအေးသည်၏အဖြစ် အကျိုးငှါ" ဟု ပေးရလိမ့်မည်။] တ္ထေ-၌ ပဌမအဓိစ္စသမုပ္ပန္နဒ္ဓ၊ သေသံ–ကြွင်းသော အစိအရင်သည်၊ ဥတ္တာနမေဝ–ပေါ်လွင်ထင်ရှားသည်သာ၊ တက္ကိဝါဒေါဝိ–တက္ကိဝါဒကိုလည်း၊ ဝုတ္တနယေနေဝ-သာ၊ ဝေဒိတမ္ပေါ-၏၊ ဇုတိ-ပုဗ္ဗန္တကပ္ပိကတို့ကို ဆိုရာ စကားရပ် အပြီးသတ် သတည်း။

× × × × × × × ×

ဇုဓပဋိသန္ဓိသညာ။ ။အသညသတ်ဘုံမှ စုတေသူတို့သည် (ဈာန်အသစ်မရသောကြောင့်) ကာမဘုံ၌မှတပါး အခြားဘုံ၌ ဖြစ်ခွင့်မရှိကြ၊ ထို့ကြောင့် ဤကာမဘုံ၌သာ ပဋိသန္ဓေသညာ (သညာကို ခေါင်းတပ်ထားသော ပဋိသန္ဓေစိတ်စေတတိက်) ဖြစ်ရသည်။ [အသညသတ်ဘုံသို့မရောက်မီ ကာမဘုံတုန်းက စုတိစိတ်သည် နာမ်အစဉ်ချင်း ဆက်စပ်နေရသော ထိုပဋိသန္ဓေစိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုနိုင်ပုံကို အနန္တရပစ္စည်းခက်းကြည့်၍ သိပါ။]]

ယသ္မာ ပန တာယ။ ။ "သညုပ္ပါဒါစ ပန တေ ဒေဝါ တမှာ ကာယာ စဝန္တိ"၌ သညာ၏ဖြစ်ခြင်းသည် စုတေခြင်း၏ ဇနကအကြောင်း မဟုတ် , စုတေခြင်းကို သိဘို့ရန် ဉာပကအကြောင်းတည်းဟု သိစေလို၍ " ယသ္မာ၊ပေ၊စုတိ ပညာယတိ, တသ္မာ " ဟု မိန့်သည်။ [သညုပ္ပါဒါ၌ သ္မာလည်း ဉာပကဟိတ်အနက်၌သက်၊ (တနည်း) "သညာ+ဥပ္ပါဒါ ယေသံတိ သညုပ္ပါဒါ"ဟု ပြု၍ နိဿယအတိုင်း ပေးပါ။

သန္တဘာဝါယ။ ။ပါဠိတော်၌ " သောမှိ တေရဟိ အဟုတ္ဝာ သန္တတာယ ပရိဏာတော " ဟု ရှိ၏၊ ဆိုလိုရင်းမှာ– "ငါသည် ရှေးက ထင်ရှားမရှိခဲ့ပါဘဲ ယခုအခါ ထင်ရှားရှိသည်၏အဖြစ် အကျိုးငှါ ညွတ်၍လာသည် " ဟု ဆိုလို၏၊ ထို့ကြောင့် သန္တတာယကို "သန္တဘာဝါယ" ဟု ဖွင့်သည်၊ ဋီကာသစ်၌ကား "သန္တဘာဝါယာတိ–နိဗ္ဗာနာယ (ငြိမ်းအေးခြင်းငှါ)"ဟု ဖွင့်၏၊ စဉ်းစားပါ။

အဓိစ္စသမုပ္ပန္နဝါဒအဖွင့် ပြီး၏။

ပုဗ္ဗန္တကပ္ပိကကထာ ပြီးပြီ။

အပရန္တကပိုကကထာ အဖွင့်

ဝေံ - ဤသို့၊ အဒ္ဒါရသ – တဆဲ့ရှစ်ယောက်ကုန်သော၊ ပုဗ္ဗန္တကပ္ပကေ – ပုဗ္ဗန္တကပ္ပ အယူရှိသူတို့ကို၊ ဒဿေတွာ- တော်မူပြီး၍၊ ဣဒါနိ, စတုစတ္တာလီသံ-လေးဆဲ့လေးယောက်သော၊ အပရန္တကပ္ပိကေ– အပရန္တကပ္ပ အယူရှိသူတို့ကို၊ ဒဿေတုံ- ငှါ၊ သန္တိ ဘိက္ခဝေတိအာဒိ - ကို၊ အာဟ–ဟောတော်မူ၏၊ ဝါ-ပြီ၊ တတ္ထ-ထို သန္တိ ဘိက္ခဝေ အစရှိသောစကား၊ရပ်၌၊(အတ္ထော ဧဝံ ဝေဒိတဗ္ဗော)၊ (ယေ – အကြင်သမဏဗြာဟ္မဏာတို့သည်၊) အနာဂတကောဋ္ဌာသသင်္ခါတံ– အနာဂတ်အဘို့ ဟု ဆိုအပ်သော၊ အပရန္တံ – နောက်အဘို့ကို၊ ကပ္ပေတွာ – ကြံဆ၍၊ ဂဏှန္တိ-ယူကြကုန်၏၊ ဣတိ-ထိုသို့ အနာဂတ်အဘို့ကို ကြံဆ၍ယူတတ်ကုန်သည်၏အဖြစ်ကြောင့်၊ တေ-တို့သည်၊) အပရန္တကပ္ပိကာ- အပရန္တကပ္ပိကတို့မည်၏၊ ဝါ–တနည်း၊ တေသံ-ဤသမဏဗြာဟ္မဏတို့၏၊ အပရန္တကပ္ပေါ-အနာဂတ်အဘို့ကို ကြံဆခြင်းသည်၊ အတ္ထိ-ရှိ၏၊ ဣတိ-ထိုသို့ အနာဂတ်အဘို့ကို ကြံဆခြင်းရှိကုန်သည်၏အဖြစ်ကြောင့်၊(တေ–တို့သည်)၊ အပရန္တကပ္ပိကာ-တို့မည်၏။ [အနာဂတကောဋ္ဌာသသင်္ခါတံပါဠိဖြင့် အပရန္တသဒ္ဒါသည်“အနာဂတ်အဘို့အနက်ဟော”ဟု ပြ၏၊ ဝိဂြိဟ်ပြုပုံတို့မှာ ပုဗ္ဗန္တကပ္ပိကတုန်းက အတိုင်းပင်တည်း။] ဧဝံ - ဤသို့၊ သေသံပိ- ကြွင်းသော အစိအရင်ကိုလည်း၊ ပုဗ္ဗေ–ရှေး ပုဗ္ဗန္တကပ္ပိကဝါဒ အဖွင့်၌၊ ဝုတ္တပ္ပကာရနယေနေဝ – ဆိုအပ်ပြီးသော အပြားရှိသောနည်းဖြင့်သာ၊ ဝေဒိတဗ္ဗံ။

သညီဝါဒ အဖွင့်

ဥဒ္ဓမာဃာတနိကာတိ(ထွေ)-ဥဒ္ဓမာဃာတနိကာဟူသော ဤပုဒ်၌၊ မရဏံ-သေခြင်းကို၊ အာဃာတနံ-အာဃာတနဟူ၍၊ ဝုစ္စတိ – ဆိုအပ်၏၊ (ယေ-အကြင်သမဏဗြာဟ္မဏတို့သည်)၊ အာဃာတနာ– သေခြင်းမှ၊ ဝါ– သေရာအခါမှ၊ ဥဒ္ဓံ-အထက်ဖြစ်သော နောက်ကာလ၌၊ အတ္တာနံ-အတ္တကို၊ ဝဒန္တိ–ပြောဆိုကြကုန်၏၊ ဣတိ-ကြောင့်၊ (တေ-တို့သည်)၊ ဥဒ္ဓမာဃာတနိကာ-ဥဒ္ဓမာဃာတနိက

× × × × × × ×

အာဃာတနံ။ ။“အာဃာတနံ ဝဓဲ့ဌာနံ”ဟု အဘိဓာန်(၅၂၁)၌ သတ်ရာဌာနကို “အာဃာတန”ဟု ဆိုသော်လည်း ဤ၌ကား သေခြင်းကို “အာဃာတန”ဟု ယူစေလိုရ၌ “အာဃာတနံ ဝုစ္စတိ မရဏံ”ဟု ဖွင့်သည်၊ အာပုဗ္ဗ, ဟနဓာတ်သည် ဒိဝါဒိဖြစ်မူ ပင်ပန်းခြင်းအနက်ကို ဟော၏၊ သေခြင်းလည်း ပင်ပန်းခြင်းပင်တည်း၊ အာဟည်တေ-ပင်ပန်းခြင်း၊’အာဃာတနံ–ခြင်း၊ ဝါ–သေခြင်း။

ဥဒ္ဓမာဃာတနိကာ။ ။“ဥဒ္ဓမာဃာတန”အရ သေခြင်းမှအထက်(နောက်) ကာလကိုရ၏၊ ဤ၌ကား ထိုကာလ၌ဖြစ်၏ဟု ယူအပ်သော အတ္တကို“ဥဒ္ဓမာဃာတန”ဟု ခေါ်ဝါ၊ ထို ဥဒ္ဓမာဃာတနအတ္တကို ပြောဆိုကြောင်း ဝါဒကိုကား ;(အာရုံ +

တို့မည်၏၊ သညိတိ–သညာရှိ၏ဟူ၍၊ ပဝတ္တော– ဖြစ်သော၊ ဝါဒေါ–ပြောဆို ကြောင်း အယူတည်း၊ သညိဝါဒေါ– သညာရှိ၏ဟု ဖြစ်သော ပြောဆိုကြောင်း အယူ၊ ဇေတသံ–၌ သမဏဗြာဟ္မဏတို့၏၊ သော- ထို သညာရှိ၏ဟု ဖြစ်သော ပြောဆိုကြောင်းအယူသည်၊ အတ္ထိ–၏၊ ဇာတိ-ကြောင့်၊ (တေ-တို့သည်)၊ သညိဝါဒါ–သညိဝါဒတို့မည်၏။

ရူပီ အတ္တာတိအာဒီသု- ရူပီ အတ္တာ အစရှိသော စကားရပ်တို့၌၊ (အတ္ထော ဧဝံ ဝေဒိတဗ္ဗော)၊ ကသိဏရူပံ- ကသိုဏ်းရုပ်ကို၊ အတ္တာတိ- အတ္တဟူ၍ ၎င်း၊ တတ္ထ- ထို ကသိုဏ်းရုပ်၌၊ ပဝတ္တသည်– ဖြစ်သောသညာကို၊ အဿ - ထိုအတ္တ

× × × × × × ×

အာရမ္မဏိကအားဖြင့် တကွဖြစ်သော) သဟစရဏာနည်းအားဖြင့် "ဥဒ္ဓမာဃာတန"ဟု ယူ၍ "ဥဒ္ဓမာဃာတနံ + ဇေတသံ အတ္ထိတိ ဥဒ္ဓမာဃာတနိကာ– သေသည်မှ အထက် ဖြစ်သော နောက်ကာလ၌ အတ္တကိုပြောဆိုကြောင်း အယူရှိသူတို့ " ဟု ဖြစ်၏၊ ဤသို့ သဒ္ဒါနည်းအားဖြင့် ဖြစ်သော်လည်း အဋ္ဌကထာ၌ လိုရင်းအနက်မျက်သာ ဖွင့်ပြလိုသော ကြောင့် "ဥဒ္ဓမာဃာတနာ အတ္တာနံ ဝဒန္တိ"ဟု ဖွင့်သည်။

မှတ်ချက်။ ။သဟစရဏာနည်းအပြင် ဋီကာတို့၌ "ဥဒ္ဓမာဃာတနံ ပဝတ္တော ဥဒ္ဓမာဃာတနော " ဟု ပဝတ္တတဒ္ဓိတ်ဆင့်၍ဖြစ်စေ, " ဥဒ္ဓမာဃာတနဝါဒေါ "ဟု ဆိုလိုလျက် ဝါဒေါပုဒ်ကို ချေ၍ဖြစ်စေ " ဥဒ္ဓမာဃာတန " အရ ဝါဒကိုကောက်နိုင်သောနည်းကိုလည်း ပြကြသေး၏၊ မည်သို့ပင် ဖွင့်ဖွင့် လိုရင်းအချုပ်မှာ– " သေပြီးနောက် အတ္တသည် မြဲ၏"ဟု အယူရှိသူတို့ကို "ဥဒ္ဓမာဃာတနိက"ခေါ်သည် ဟု မှတ်ပါ။

သညိဝါဒါ။ ။အဋ္ဌကထာအတိုင်း " သညိဝါဒ "ကို သမဲာသ်တွဲပါ။ [" ဗုဒ္ဓံ (ဉာဏ်) အသ အတ္ထိတိ ဗုဒ္ဓေါ " ဟု ပြုရာ၌ " ဉာဏ်အရလည်း ဗုဒ္ဓ , ဉာဏ်ရှိသော ဘုရားအရလည်း ဗုဒ္ဓ" ဟု သဒ္ဒါမပြားသော်လည်း အသတ္ထိတဒ္ဓိတ်ဆင့်၍ အနက်ပြားသကဲ့သို့ "ဝါဒအရလည်း သညိဝါဒ, ဝါဒရှိသူအရလည်း သညိဝါဒ"ဟု သဒ္ဒါမပြားသော်လည်း အသတ္ထိတဒ္ဓိတ်ဆင့်၍ အနက်ပြားနိုင်သည်။] ထိုသို့ အဋ္ဌကထာနည်းအရ သဒ္ဒါမပြားသောကြောင့် ဋီကာတို့၌"သညိ"အရတုန်းကပင် သဟစရဏာနည်းအားဖြင့် "သညာရှိသောဝါဒ"ကို အရကောက်၍ " သညိ– သညာရှိသော+ ဝါဒေါ ဇေတသံ အတ္ထိတိ သညိဝါဒါ-သညိဝါဒဟူသော ဝါဒရှိသောပုဂ္ဂိုလ်တို့"ဟု တနည်းပြကြသည်။

ရူပီ အတ္တာ။ ။ပဋိဘာဂနိမိတ်ဖြစ်သော ကသိုဏ်းရုပ်ကို " အတ္တာ " ဟု ယူလျှင် "ရူပ"အရ အတ္တာကို ရနေသောကြောင့် အဘယနည်းဖြင့် "ရူပီ အတ္တာ" ဟု ဆိုနိုင်ပါသနည်း-ဟု မေးဘွယ်ရှိ၏၊ အဖြေကား–ရူပီ အတ္တာဋ္ဌ ရူပီကို "ရူပံ (ကသိုဏ်းရုပ်သည်), အသ အတ္ထိတိ ရူပီ " ဟု အနက်မမှတ်ရ၊ "ရူပံ (ဖေါက်ပြန်ခြင်း ရုပ္ပနအလေ့သည်), အသ အတ္ထိတိ ရူပီ " ဟု အနက်မှတ်ပါ၊ မှန်၏– ကသိုဏ်းရုပ်သည် ဝဏ္ဏကသိုဏ်း, အဝဏ္ဏကသိုဏ်း (အကျယ်ခွဲအပ်သော ကသိုဏ်း , အကျယ်မခွဲအပ်သော ကသိုဏ်း), ဟု ၂ မျိုးရှိသောကြောင့် ပြောင်းလွဲနိုင်, ဖေါက်ပြန်နိုင်ရကား ရုပ္ပနသဘောရှိနိုင်သည်၊ ထို့ကြောင့် ရူပ အရလည်း ကသိုဏ်းရုပ် , ရူပီ အရလည်း ကသိုဏ်းရုပ် ဖြစ်ရကား ကသိုဏ်းရုပ်ဖြစ်သော အတ္တကို "ရူပီ အတ္တာ"ဟုလည်း ဆိုနိုင်သည်။

၏၊ သညာတိစ-သညာဟူ၍၎င်း၊ဂဟေတွာ(ဝါ)-ယူ၍သော်၎င်း၊အာဇီဝကာဒယော - အာဇီဝက အစရှိသူတို့သည်၊ တက္ကမတ္တေနေဝ - ကြံဆခြင်းမျှဖြင့်သာလျှင်၊(ပညပေန္တီ)ဝိယ-ပညတ်ကြကုန်သကဲ့သို့၊(တထာ-ထို့အတူ၊)တက္ကမတ္တေနေဝဝါ-ကြံဆခြင်းမျှဖြင့်သာလျှင်သော်၎င်း၊(ပညပေန္တိဉ္ဇစပ်)၊ အတ္တာ-အတ္တသည်၊ ရူပီ-ဖေါက်ပြန်ခြင်း ရှိသည်၊ ဟောကိ- ဖြစ်၏၊ မရဏာ - သေရာ

× × × × × × ×

မေးဘွယ်။ ။ဖေါက်ပြန်ခြင်းသဘောရှိသောကြောင့် အတ္တာကို "ရူပီ"ဟု ဆိုလျှင်သဿတ(မြဲ၏)ဟု ယူခြင်းနှင့် မဆန့်ကျင်ပါလော, အဘယ်နည်းဖြင့် ဤအယူကို သဿတဒိဋ္ဌိဖြစ်သည်းနိုင်ပါသနည်း-ဟု မေးဘွယ်ရှိ၏၊ အဖြေကား - တိတ္ထိဆရာသည် "အတ္တာသည် မသေမီက ဝနိုတ အဝနိုတအားဖြင့်(အကျယ်, အကျဉ်းအားဖြင့်)ဖေါက်ပြန်သော်လည်း သေပြီးနောက်၌ မဖေါက်ပြန်ဘဲ မြဲ၏"ဟု ယူသောကြောင့် သဿတဒိဋ္ဌိ သွင်းနိုင်ပါသည်၊ ထို့ကြောင့် " အရောဂေါ ပရံ မရဏာ - သေပြီးနောက်၌ ရောဂါမရှိ, မြဲ၏"ဟု ဆိုသည်။

တနည်း။ ။ပြခဲ့သောနည်းအားဖြင့် "ရူပံ- ဖေါက်ပြန်ခြင်းသဘော"ဟု ယူလျှင် စောဒနာဘွယ်ရှိသောကြောင့် ဋီကာ၌ "ရူပံ(ကသိဏ်းရုပ်သည်)အဿ အတ္တိ"ဟုပင် ဝိဂ္ဂဟပြု၍ "ရူပံနှင့် ရူပီ တို့အရ ကသိဏ်းရုပ်တည်းဟူသော အတ္တာချည်းရသောကြောင့် အဘေဒဘေဒူပစာရကြံပါဟု ဆို၏။ [အထဝါ ရူပံ အဿ အတ္တိတိ ရူပီတိ ဝုစ္စမာနေပိ နဒေါသော၊ ကပ္ပနာသိဒ္ဓေနပိ ဟိ (ကြံဆခြင်းအားဖြင့် ပြီးသည်လည်း ဖြစ်သော) ဘေဒေန (အပြားအားဖြင့်) အဘေဒဿာပိ နိဒ္ဒေသဒဿနတော၊ ယထာ - သိလာပုတ္တကဿ သရီရန္တိ။]

တနည်း။ ။"ရူပံ"အရ ကသိဏ်း၏ ဖေါက်ပြန်ခြင်းကို မယူဘဲ, ရုပ်၏ သဘောကို ယူ၍"ရူပံ အဿ အတ္တိတိ ရူပီ" ဟု ယူလျှင်လည်း သင့်သည်သာ၊ ရုပ်၏ သဘောဟူသည် ဖေါက်ပြန်ခြင်း သဘောတည်း။ [ရူပွနံ ဝါ ရူပံ , ရူပသဘာဝေါ၊ တံ အဿ အတ္တိတိ ရူပီ (အတ္တာ)၊ ရူပီနော ဓမ္မာတိ အာဒိသု ဝိယ၊ ဧဝဉ္စ ကတ္ဝာ အတ္တာနော ရူပသဘာဝတ္တာ (အတ္တကရုပ်သဘော ရှိသည်၏ အဖြစ်ကြောင့်) ရူပီ အတ္တာတိ ဝစနံ ဉာယာဂတမေဝါတိ(အသင့်အားဖြင့်ဖြစ်သည်သာ၊ထို့ကြောင့်)ကသိဏရူပံ အတ္တာတိ ဂဟေတွာတိ ဝုတ္တံ။]

ဂဟေတွာဝါ။ ။စာအုပ်တို့၌"ဂဟေတွာဝါ"ဟု ဝါသဒ္ဒါရှိသော်လည်း ဋီကာတို့၌ မရှိကြ၊"တက္ကံမတ္တေနေဝဝါ"မှ ဝါကို ယူ၍ ရှေးနိဿယတို့ အနက်ပေးကြသည်ကို စာပြင်ဆရာတို့က ကျနေသည်ဟု ထင်၍ "ဂဟေတွာဝါ" ဟု ပြင်ကြဟန်တူသည်၊ ထို ဝါသဒ္ဒါသည် ဝိကပ္ပနတ္ထတည်း။

အာဇီဝကာဒယော။ ။"အာဇီဝကတို့သည်(သာမည ဖလသုတ်၌ လာလတံ့အတိုင်း) သံသရာဝယ် ကောင်းကျိုးဆိုးကျိုးအမျိုးမျိုးကို အမြဲသတ်မှတ်အပ်ပြီးဖြစ်သည့်အတိုင်း တွေ့ကြုံရ၏၊ ကံကြောင့် မဟုတ်" ဟု ယူဆကြ၏၊ ဤသို့ ကံနှင့် ကံအကျိုးကို မယုံကြည်ကြသဖြင့် စာနရသူများ မဖြစ်နိုင်ကြ၊ ထို့ကြောင့် လာဘီတက္ကိကများ မဖြစ်နိုင်ဘဲ စာနမရသော သုဒ္ဓတက္ကိကများသာ ဖြစ်နိုင်ကြသည်။

အခါမှ၊ ပရံ-နောက်၌၊ အရောဂေါ-ပျက်ခြင်း မရှိ၊ ဝါ-ရောဂါမရှိ၊ သည်-သည်ရှိ၏၊ ဣတိ-ဤသို့၊ နံ-ထို အတ္တကို၊ ပညပေန္တီ-ပညတ်ကြကုန်၏၊ တတ္ထ-ထို အရောဂေါ ပရံ မရဏာ ဟူသောပါဌ်၌၊ အရောဂေါတိ-ကား၊ နိစ္စော-မြဲ၏။

ပန-ကား၊ အရူပသမာပတ္တိ နိမိတ္တံ-အရူပသမာပတ်၏ အာရုံကို၊ အတ္တာတိ-အတ္တဟူ၍ဎင်း၊ သမာပတ္တိသည်-သမာပတ်၌ဖြစ်သော သညာကို၊ အသ-ထို အတ္တ၏၊ သညာတိစ-သညာဟူ၍ဎင်း၊ ဂဟေတွာ (ဝါ) - ယူ၍သော်ဎင်း၊ နိဂဏ္ဌာဒယော-နိဂဏ္ဌ အစရှိသူတို့သည်၊ (ဟင်္ကမတ္တေနေဝ - ကြီဆခြင်းမျှဖြင့် သာလျှင်၊ ပညပေန္တိဝိယ-ပညတ်ကုန်သကဲ့သို့)၊ (တထာ-တူ၊) တင်္ကမတ္တေ နေဝဝါ-ကြီဆခြင်းမျှဖြင့်သာလျှင်သော်ဎင်း၊ အတ္တာ - အတ္တသည်၊ အရူပီ-ဖေါက်ပြန်ခြင်း မရှိသည်၊ ဝါ-ကသိဏ်းရုပ် မရှိသည်၊ ဟောတိ-၏၊ မရဏာ-သေရာအခါမှ၊ ပရံ-နောက်၌၊ အရောဂေါ-ပျက်စီးခြင်း မရှိ၊ ဝါ- ရောဂါ မရှိ၊

× × × × × × ×

အရောဂေါ။ ။နတ္ထိ တေသ (ဤအတ္တ၏)ရောဂေါ ဘင်္ဂေါတိ အရောဂေါ-ပျက်ခြင်း မရှိသော အတ္တာ၊ ရောဂသဒ္ဒါသည် ဘင်္ဂ၏ ပရိယာယ်တည်း၊ [ရောဂေါ၌ ရုဇ ဓ်ာတ်, ဏပစ္စည်း၊] "ဘင်္ဂ-ပျက်ခြင်း" ဟူသည်လည်း ရုဇဓာတ်၏ အနက်ဖြစ်သော နာကျင်ခြင်း သဘောပင်တည်း၊ ထို့ကြောင့် ရောဂေါကို "ဘင်္ဂေါ" ဟု ဖွင့်နိုင်သည်၊ " ပျက်ခြင်း မရှိ " လျှင် မြဲခြင်းပင် ဖြစ်သောကြောင့် အရောဂသဒ္ဒါသည် နိစ္စ သဒ္ဒါ၏ ပရိယာယ်ဖြစ်နိုင်၏၊ (တနည်း) ရောဂသဒ္ဒါသည် အနာရောဂါ အနက်ဟောပင်တည်း၊ ရောဂါ မရှိခြင်းကို ခေါင်းတပ်ထားသည်၊ ရောဂါ မရှိလျှင် ဖေါက်ပြန်ပျက်စီးခြင်း မရှိသောကြောင့် "မြဲ၏"ဟု အဓိပ္ပါယ်ရ၏၊ ထို့ကြောင့် " အရောဂေါတိ နိစ္စော " ဟု ဖွင့်သည်။ [ရောဂရဟိတတာသီသေနဝါ နိဗ္ဗိကာရတာယ နိစ္စတံ ပဋိဇာနာတိ ဒိဋ္ဌဂတိကောတိ အာဟ အရောဂေါတိ နိစ္စောတိ၊-ဋီကာ။] ဤ"နိစ္စော"ကား"အရောဂေါ"၏ သဒ္ဒတ္ထမဟုတ်, အဓိပ္ပါယတ္ထတည်း။

အရူပသမာပတ္တိ နိမိတ္တံ။ ။ကသိဏ္ဍလဒ္ဓိ မာကာသ (ကသိဏ်း ၉ ပါး တို့တွင် တပါးပါးကို ရခြင်းကြောင့် ရအပ်သော ကောင်းကင်ပညတ်) , ပဌမာရုပ္ပဝိညာဉ် , နတ္ထိဘောပညတ်, တတိယာရုပ္ပဝိညာဉ်, ဤအာရုံ ၄ ပါးသည် အာကာသာနဉ္စာယတန သမာပတ်စသော အရူပသမာပတ် ၄ ပါး၏ အစဉ်အတိုင်း အာရုံများတည်း။ [အကျယ်ကို အာရမဏသင်္ဂဟ စသည်၌ ရှုပါ။] ထို အာရုံကို "အတ္တ"ဟု ယူ၍ဎင်း, ထိုအာရုံကို အာရုံပြုသော သညာကို"သညာ"ဟု ယူ၍ဎင်း အတ္တကို " အရူပီ (ရုပ်မရှိ) , သညီ (သညာရှိ၏)"ဟု ပညတ်ကြသည်။

နိဂဏ္ဌာဒယော။ ။တမာရွက်၌ ခါးသော အရသာသည် တမာရွက်ရှိသလောက် ပြန့်နှံ့သကဲ့သို့, အတ္တဟူသော အကောင်ကလေးသည် ခန္ဓာကိုယ်ကြီးသလောက် ထိုခန္ဓာကိုယ်၌ ပြန့်နှံ့၍တည်၏၊ " ထိုအတ္တကား အရူပီ-အထည်ကိုယ် ရုပ်မရှိ "ဟု နိဂဏ္ဌတို့ ယူကြသတတ်။

သညီ-သညာရှိ၏၊ ဣတိ၊ နံ-ထို အတ္တကို၊ ပညပေန္တိ– ပညတ်ကြကုန်၏၊ ပန–ကား၊ တတိယာ – တတိယ အယူသည်၊ မိဿကဂ္ဂါဟဝသေန – ရှုပီ , အရှုပီ ၂ မျိုးစုံရောလျှင် ယူခြင်း၏ အစွမ်းဖြင့်၊ ပဝတ္တာ-ဖြစ်သော၊ ဒိဋ္ဌိ-မိစ္ဆာအယူတည်း၊ စတုတ္ထာ-စတုတ္ထအယူသည်၊ တဉ္စဂ္ဂါဟေဏဝ- ကြံဆ၍ ယူခြင်းဖြင့်သာလျှင်၊

× × × × × × ×

တတိယာ ပန။ ။“ရုပီစ အရူပီစ အတ္တာ” ဟူသော အယူကို “တတိယာ” ဟု ဆိုသည်၊ အတ္တတခုတည်း၌ ထိုသို့ ရုပီဖြစ်လိုက်, အရူပီဖြစ်လိုက်အားဖြင့် ၂ မျိုးရောသောကြောင့်ပင် “မိဿကဂ္ဂါဟဝသေန”ဟု ဆိုသည်၊ ဤပုဂ္ဂိုလ်ကား ရူပသမာပတ်, အရူပသမာပတ် (စျာန်) တို့ကို ရသော ပုဂ္ဂိုလ်တည်း၊ ထို သမာပတ်တို့တွင် ရူပသမာပတ်၏ ကသိဏ်းစသော အာရုံကို“ရူပ”ဟုဎင်း, အရူပသမာပတ်၏ အာကာသစသော အာရုံကို“အရူပ”ဟုဎင်း ယူသည်၊ စျာန်သမာပတ် မရဘဲ တဉ္စဂ္ဂါဟ (ကြံစည်၍ ယူခြင်း) ဖြင့်လည်း ထိုအတိုင်း ပညတ်နိုင်သည်။

စတုတ္ထာ။ ။ “နေဝ ရူပီ နာရူပီ အတ္တာ” ဟူသော အယူကို “ စတုတ္ထာ ” ဟု ဆိုသည်၊ ထို အယူရှိသူကား စျာနလာဘီမဟုတ် ကြံစည်၍ ယူခြင်း ဖြစ်သောကြောင့် “တဉ္စဂ္ဂါဟေနေဝ”ဟု ဆိုသည်၊ အတ္တသည် အလွန်သိမ်မွေ့သောကြောင့် မိမိကိစ္စကို မပြုစမ်းနိုင်ရကား “နေဝရူပီ– ရုပ်ရှိသည်” ဟုလည်း မဆို၊ ရုပ်သဘောကို မလွန်နိုင်သောကြောင့်“နာရူပီ–ရုပ်မရှိဟုလည်း မဆို၊ ရုပ်သဘောကို မလွန်နိုင်သောကြောင့်“နာရူပီ–ရုပ်မရှိဟုလည်း မဆို၊ ရုပ်သဘောရှိသောကြောင့်“နာရူပီ” ဟုဎင်း, ရုပ်သဘောရှိသောကြောင့်“နာရူပီ” ဟုဎင်း ဆိုရသကဲ့သို့တည်း။ [ဤဥပမာ၏အဓိပ္ပါယ်ကို အခြားနေရာ၌ အလားတူရှာသင့်သေး၏။]

အဋ္ဌကထာနည်းမှ တနည်း ။ ။ [အထဝါ အန္ဓာနန္ဓိက စတုက္ကဝါဒေဝိယ အညမညပဋိက္ခေပဝသေန အတ္ထော ဝေဒိတဗ္ဗော၊–ဋီကာ။] “နေဝရူပီ နာရူပီ”ဟူရာ၌ နေဝရူပီဖြင့် နာရူပီကို ပယ်၍ , နာရူပီဖြင့် နေဝရူပီကို ပယ်သောကြောင့် “ အညမည ပဋိက္ခေပဝသေန အတ္ထော ဝေဒိတဗ္ဗော ”ဟု ဆိုသည်၊ ဤသို့ ဆိုလျှင် တတိယဝါဒနှင့် အဓိပ္ပါယ်ထပ်နေသည် မဟုတ်ပါလော ဟု စောဒနာဘွယ်ရှိ၏၊ မှန်၏– “ နေဝရူပီ–ရုပ်မရှိ ” ဟု ဆိုသဖြင့် တတိယဝါဒက အရူပီနှင့် အနက်တူနေ၏၊ “ နာရူပီ - ရုပ်မရှိမဟုတ်”ဟု ဆိုသဖြင့် တတိယဝါဒက ရူပီနှင့် အနက်တူနေ၏၊ ဤသို့ တတိယဝါဒနှင့် ဤဝါဒသည် အနက်တူနေသည် မဟုတ်ပါလော - ဟူလို၊ ဤသို့ အနက်တူနေပါသော်လည်း ထိုတတိယဝါဒ၌ ကာလဘေဒအားဖြင့် ဆို၍, ဤစတုတ္ထဝါဒ၌ကား ဝတ္ထုဘေဒအားဖြင့် ဆိုသောကြောင့် အဓိပ္ပါယ်ကွဲပြားပါသည်။

မှန်၏—ကသိဏ်း ရုပ်ကို အာရုံပြုသော ရူပသမာပတ်ကို ဝင်စားပြီးရာ ကာလ၌ အတ္တကို “ရူပီ”ဟု ယူ၍ အရူပသမာပတ်ကို ဝင်စားပြီးရာကာလ၌ အတ္တကို “အရူပီ” ဟု ယူသောကြောင့် ကာလအားဖြင့် ကွဲပြား၏၊ ဤစတုတ္ထဝါဒ၌ကား ရုပ်နာမ် ၂ ပါး ပေါင်းစပ်ထားသော အတ္တဖြစ်သောကြောင့် ရုပ်ကို ရည်ရွယ်၍ န အရူပီ, နာမ်ကို ရည်ရွယ်၍ န ရူပီဟု ဆိုရကား ဝတ္ထုအားဖြင့် ကွဲပြားပါသည်။

(ပဝတ္တာ-ဖြစ်သော၊ ဒိဋ္ဌိ-မိစ္ဆာအယူတည်း။) [ဤတွင် ပါဠိတော်၌လာသော ပဌမစတုက္ကပြီး၏။] ဒုတိယစတုက္ကံ -- ဒုတိယစတုက္ကကို၊ အန္တာနန္တိကဝါဒေ-အန္တာနန္တိကဝါဒ၌၊ ဝုတ္တနယေနေဝ-သာလျှင်၊ ဝေဒိတဗ္ဗံ-သိထိုက်၏။

တတိယစတုက္ကေ - တတိယ စတုက္က၌၊ သမာပန္နကဝသေန - သမာပတ်ဝင်စားသော ပုဂ္ဂိုလ်၏ အစွမ်းဖြင့်၊(အတ္တာ-အတ္တသည်)၊ ကေတ္တသညီ - တခုတည်းသော သဘောရှိသော သညာရှိသည်၊(ဟောတိ)၊အသမာပန္နကဝသေန-သမာပတ် မဝင်စားသော ပုဂ္ဂိုလ်၏ အစွမ်းဖြင့်၊(အတ္တာ-သည်)၊နာနတ္တသညီ-အမျိုးမျိုးသော သဘောရှိသော သညာရှိသည်၊ (ဟောတိ)၊ ပရိတ္တကသိဏဝသေန-ကျဉ်းငယ်သော ကသိုဏ်း၏အစွမ်းဖြင့်၊(အတ္တာ-သည်)၊ ပရိတ္တသညီ-

× × × × × × ×

အန္တာနန္တိကဝါဒ။ ။ရှေးအန္တာနန္တိကဝါဒ၌ ဖုဿနကပိုကဖြစ်ခြင်း, ဤ၌ "အရောဂေါ ပရံ မရဏာ" ဟု ယူသောကြောင့် အပရန္တကပိုကဖြစ်ခြင်းသာ ထူး၏၊ ပါဠိတော်၌ "သန္တိ ဘိက္ခဝေ ဧကေ သမဏဗြာဟ္မဏာ၊ပေ၊အရောဂေါ ပရံ မရဏာ၊ သညီတိ နံ ပညပေန္တိ" တိုင်အောင် အပြည့်အစုံ ပေယျာလဖေါ်ပါ၊ ဒုတိယဝါရ စသည်တို့၌လည်း "ဒုတိယေစ ဘောန္တော သမဏဗြာဟ္မဏာ ၊ပေ ၊ အရူပိ အတ္တာ ဟောတိ၊ အရောဂေါ ပရံ မရဏာ" စသည်ဖြင့် ပညပေန္တိ တိုင်အောင် ဤစကဲ့သို့ အပြည့်အစုံ ဖေါ်ပါ။

တတိယ စတုက္ကေ။ ။" ကေတ္တသညီ , နာနတ္တသညီ, ပရိတ္တသညီ, အပ္ပမာဏသညီ"ဟု ပြအပ်သော ဝါဒ ၄ ပါးကို " တတ်ယစတုက္က" ဟု ဆိုသည်၊ ထို့ကြောင့် "သမာပန္နကဝသေန၊ပေ၊အပ္ပမာဏသညီတိ ဧဝဒိတမ္မာ"ဟု မိန့်သည်။

သမာပန္နကဝသေန၊ပေ၊သညီ။ ။သမာပတ်အများကို ရသော်လည်း သမာပတ်ဝင်စားခိုက်၌ သညာသည် ထိုသမာပတ်၏ အာရုံတခုတည်းသာ ရှိသောကြောင့် " ကေတ္တသညာ" တည်း၊ (တနည်း) သမာပတ်တပါးသာ ရသူအတွက် " ကေတ္တသညာ " ဟု ဆိုသည်၊ ထို သညာရှိသောအတ္တလည်း " ကေတ္တသညီ " မည်၏၊ ဧကော + အတ္တာ (သဘာဝေါ) တေိသာတိ ကေတ္တာ၊ ကေတ္တာစ+ သာ+ သညာစာတိ ကေတ္တသညာ၊ ကေတ္တသညာ ယသာ အတ္ထိတိ ကေတ္တသညီ။

အသမာပန္နကဝသေန၊ပေ၊သညီ။ ။ သမာပတ် မဝင်စားသောအခါ အာရုံအမျိုးမျိုး၌ သညာအမျိုးမျိုး ဖြစ်နိုင်၏၊ ထို့ကြောင့် " အသမာပန္နကဝသေန နာနတ္တသညီ " ဟု ဆိုသည်။ [သမာပတ်ဝင်စားသူသည် ဈာန်သမာပတ်အများကို ရ၍ သမာပတ်အမျိုးမျိုးကို ဝင်စားသောအခါ " နာနတ္တသညီ " ဖြစ်နိုင်စရာရှိသော်လည်း သမာပတ်အာရုံမှ တပါးသော ပြင်ပအာရုံတို့၌ဖြစ်သော အာရုံတို့ကသာ နာနတ္တအဖြစ် ထင်ရှားသောကြောင့် အသမာပန္နကပုဂ္ဂိုလ်၏ သညာကိုသာ "နာနတ္တသညာ"ဟု ခေါ်ထားသည်။]

ပရိတ္တ, အပ္ပမာဏာ။ ။ မတိုးခဲ့အပ်သည့်အတွက် ကျဉ်းငယ်သော ကသိုဏ်း၌ ဖြစ်သော သညာရှိသူကို "ပရိတ္တသညီ"ဟုဎင်း, တိုးခဲ့အပ်သည့်အတွက် ကျယ်ပြန့်သော ကသိုဏ်း၌ဖြစ်သော သညာရှိသူကို " အပ္ပမာဏသညီ " ဟုဎင်း ဆိုသည်၊ ပရိတ္တာ+ သညာ ပရိတ္တသညာ၊ ပရိတ္တသညာ ယဿ အတ္ထိတိ ပရိတ္တသညီ။

သေးငယ်သော သညာရှိသည်၊ (ဟော်တို)၊ ဝိပုလကသိဏာဝသေန–ကျယ်ပြန့်သော ကသိဏ်း၏ အစွမ်းဖြင့်၊ (အတ္တာ-သည်)၊ အပ္ပမာဏသညီ–အတိုင်းအရှည်မရှိသော သညာရှိသည်၊ (ဟောတိ)၊ ဣတိ-သို့၊ ဝေဒိတဗ္ဗာ။

ပန-ကား၊ စတုတ္ထစတုက္ကေ– စတုတ္ထစတုက္ကဒ္ဒိ၊ ဒိဗ္ဗေန စက္ခုနာ- ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့်၊ တိကစတုက္ကဈာနဘူမိယံ - တိကဈာန် စတုက္ကဈာန်၏ဖြစ်ရာဘုံ၌၊ နိမ္မတ္တာမာနံ-ဖြစ်သော သတ္တဝါကို၊ ဒိဿာ-မြင်ရ၍၊ (အတ္တာ-သည်၊) ကေန္တ သုခိ-စင်စစ် သုခရှိသည်၊ (ဟောတိ)၊ ဣတိ–ဤသို့၊ ဂဏှာတိ- ယူ၏၊ နိရယေ-

× × × × × × ×

မှတ်ချက်။ ။သညာသည် ပရမတ္ထသဘောဖြစ်သောကြောင့် "ပရိတ္တ-အပ္ပမာဏ" ဟု ၂ မျိုး မပြားသော်လည်း အာရုံကသိဏ်း၏ ပရိတ္တ – အပ္ပမာဏအမည်ကို အာရုံကသိဏ်းသညာပေါ်၌ တင်စား၍ ကာရဏူပစာအားဖြင့် သညာကိုလည်း "ပရိတ္တ–အပ္ပမာဏ" ဆိုထားသည်ဟု မှတ်ပါ၊ ဌာနူပစာလည်း ဖြစ်နိုင်၏၊ ထို့ကြောင့် "ပရိတ္တကသိဏ-ဝိပုလကသိဏ" ဟု ကသိဏသဒ္ဒါထည့်၍ ဆိုထားသည်။

အဌကထာနည်းမှ တနည်း။ ။"အထဝါ အဂ်္ဂုပ္ပမာဏော အတ္တာ" စသော ဋီကာနည်းအားဖြင့် "အတ္တ" ဟူသော အကောင်သည် လက်မလောက်သာ ပမာဏရှိ၏ ဟုဂုင်း, ယဝပ္ပမာဏော–မုယောစပါး ပမာဏရှိ၏ဟုဂုင်း, အဏုမတ္တ-အဏုမြူပမာဏရှိ၏ဟုဂုင်း တိတ္ထိဆရာတို့ ကြံကြ၏၊ ထိုအယူအားဖြင့် အတ္တာသည် ပရိတ္တာသည် – သေးငယ်သည်ဖြစ်၍ သညာရှိ၏၊ "အတ္တာသည် တကိုယ်လုံး၌ ပြန့်နှံ့၏၊ ထို့ကြောင့် ခန္ဓာကိုယ်ကြီးသလောက် အတ္တာသည် ကြီး၏" ဟုလည်း အချို့တိတ္ထိဆရာတို့ ကြံဆကြ၏၊ ထိုဆရာတို့ အလိုအားဖြင့် "အတ္တာသည် အပ္ပမာဏသည်–ကြီးသောပမာဏ ရှိသည်ဖြစ်၍ သညာရှိ၏" ဟု ယူကြ၏၊ ဤနည်း၌ "ပရိတ္တ-အပ္ပမာဏ" သည် သညာ၏ ပမာဏမဟုတ်, သညီအတ္တာ၏ ပမာဏတည်း၊ "ပရိတ္တောစ+သော+သညီစာတိ ပရိတ္တာသညီ" ဟု ပြုပါ။

ဒိဗ္ဗေန စက္ခုနာ။ ။["ကေန္တ သုခိ အတ္တာ ဟောတိ" စသော စတုဋ္ဌကို "စတုတ္ထ စတုက္က" ဟု ဆိုသည်။] သတ္တဝါတို့၏ သုခ ဒုက္ခကို ယထာကမ္မူပဂဉာဏ်ဖြင့်သာ သိနိုင်၏၊ သို့သော် ယထာကမ္မူပဂဉာဏ်ဖြင့် မသိမီ ရူပါရုံကိုအာရုံပြုသော ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ထိုသတ္တဝါတို့ကို အလျင်ကြည့်ရသေးသောကြောင့်, ဒိဗ္ဗစက္ခုဉာဏ်လျင် အခြေခံရှိရကား "ဒိဗ္ဗေန စက္ခုနာ" ဟု ဆိုသည်။

'တိက စတုက္က ဈာနဘူမိယံ။' ။ဈာန်တို့၏ စတုဋ္ဌနည်းကိုရည်ရွယ်၍ "တိကဈာနဘူမိ" ဟုဂုင်း, ပဉ္စကနည်းကိုရည်ရွယ်၍ "စတုက္ကဈာနဘူမိ" ဟုဂုင်း ဆိုသည်၊ ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန် ဤဘုံဘဝတို့သည် စတုက္ကနည်းအားဖြင့် တိကဈာန်၏ဖြစ်ရာဘုံတို့တည်း၊ ထို ဒုဘုံသည်ပင် ပဉ္စကနည်းအားဖြင့် စတုက္ကဈာန်၏ဖြစ်ရာဘုံလည်းဖြစ်၏။ [သို့ဟိ ကမ္မစတုက္ကကြည့်ပါ။]

ကေန္တ သုခိ ။ ။ထိုဘုံတို့၌ဖြစ်ရသော ဗြဟ္မာတို့သည် ပဋိသန္ဓေ ဘွင် စုတိ ကိစ္စ တပ်သော ဝိပါက်ဈာန်တို့က သုခဝေဒနာနှင့် ယှဉ်သောကြောင့် အမြဲ ချမ်းသာသကဲ့သို့ ဖြစ်ရကား "ကေန္တ သုခိ" ဟု ဆိုသည်၊ (တနည်း) မိစ္ဆာအယူရှိသူတို့သည် သူတို့မြင်အပ်သောအာရုံကို စွဲလမ်းလေ့ရှိကြ၏၊ ဥပမာ–ဆင်၏အကြောင်းကို ပြောကြသော

ငရဲ၌၊ နိဗ္ဗတ္တမာနံ-ဖြစ်သောသတ္တဝါကို၊ ဒိသွာ-၍၊ (အတ္တာ-သည်၊) ကေန္တံ ဒုက္ခိ-စင်စစ် ဒုက္ခရှိသည်၊ (ဟောတိ)၊ ဣတိ (ဂဏှာတိ)၊ မနုဿေသု – လူတို့၌၊ နိဗ္ဗတ္တမာနံ- ကို၊ ဒိသွာ- ၍၊ (အတ္တာ - သည်၊) သုခဒုက္ခိ – သုခလည်းရှိ, ဒုက္ခလည်းရှိသည်၊ (ဟောတိ)၊ ဣတိ(ဂဏှာတိ)၊ ဝေဟပ္ဖလဒေဝေသု-ဝေဟပ္ဖိုလ်ဗြဟ္မာတို့၌၊ နိဗ္ဗတ္တမာနံ - ကို၊ ဒိသွာ- ၍၊ (အတ္တာ - သည်၊) အဒုက္ခမသုခိ – အဒုက္ခမသုခဝေဒနာရှိသည်၊ ဝါ- ဥပေက္ခာဝေဒနာရှိသည်၊ (ဟောတိ)၊ ဣတိ, ဂဏှာတိ၊ [ထိုဘုံ၌ ဥပေက္ခာသဟဂုတ် ပဉ္စမစျာန်က ဘဝင်ကိစ္စ တပ်သောကြောင့် "အဒုက္ခမသုခိ"ဟု ဆိုသည်။] ဟိ-မှန်၏၊ ဝိသေသတော–အထူးအားဖြင့်၊ ပုဗ္ဗေ၊ပေ၊လောဘိနော–ပုဗ္ဗနိဝါသာနုဿတိဉာဏ်ကို ရခြင်းရှိသော တို့ကို သည်၊ ပုဗ္ဗန္တကပ္ပိကာ – ပုဗ္ဗန္တကပ္ပ အယူရှိကုန်သည်၊ ဟောန္တိ – ဖြစ်ကုန်၏၊ ဒိဗ္ဗစက္ခုကာ– ဒိဗ္ဗစက္ခုအဘိညာဉ်ရှိသော တို့ကို သည်၊ အပရန္တကပ္ပိကာ– အပရန္တကပ္ပအယူရှိကုန်သည်၊ (ဟောန္တိ)၊ ဣတိ-ဤတွင် သည်ဝါဒအပြီးတည်း။

× × × × × × ×

သူကာဏ်းတို့သည် သူတို့၏လက်ဖြင့် စမ်းမိနေသောနေရာကိုသာ စွဲလမ်း၍ "ဆင်သည် (ခြေထောက်ခွက်ကို စမ်းမိသူက) ငရုပ်ဆုံ၏အခြေနှင့် တူ၏"စသည်ဖြင့် ညွှန်ပြ ပြောဆို ကြသကဲ့သို့တည်း၊ ထို့ကြောင့် ချမ်းသာနေခိုက်ကို မြင်ရသူက ထိုအခိုက်ကို စွဲလျက် "ကေန္တသုခိ"ဟု ဆိုသည်။

နိဗ္ဗတ္တမာနံ။ ။"ကေန္တသုခိစသော အယူတို့သည် အပရန္တဒိဋ္ဌဖြစ်ရကား ပစ္စုပ္ပန်အနက်ဟော မာန ပစ္စည်းဖြင့် "နိဗ္ဗတ္တမာနံ ဒိသွာ" ဟု ဆိုခြင်းသည် မသင့်သည်မဟုတ်ပါလော"ဟု စောဒနာဘွယ်ရှိ၏၊ ပစ္စုပ္ပန်အခိုက်၌ ချမ်းသာနေပုံ ဆင်းရဲနေပုံ စသည်ကို မြင်ရုံမျှဖြင့် " အနာဂတ်၌လည်း ချမ်းသာလိမ့်မည် , ဆင်းရဲလိမ့်မည် " စသည်ဖြင့် အနာဂတ်အရေးကိုပါ မြော်တွေး၍ ကေန္တသုခိ စသည်ဖြင့် ဆိုသောကြောင့် " နိဗ္ဗတ္တမာနံ ဒိသွာ " ဟူသောစကားသည် မသင့်မဟုတ် သင့်မြတ်သည်သာ။

ဝိသေသတော ဟိ။ ။ဒိဗ္ဗေန စက္ခုနာ ဒိသွာတိ ဝုတ္တမတ္ထံ သမတ္ထေတုံ (ပြီးစေခြင်းငှါ) ဝိသေသတော ဟိတိ အာဒိ ဝုတ္တံ၊ "ဒိဗ္ဗေန စက္ခုနာ ဒိသွာ" ဟူသောစကားကို အပြီးအစီး ဖြစ်စေလို ခိုင်မြဲစေလို၍ "ဝိသေသတော ဟို" စသည်ကို မိန့်သည်၊– ဋီကာ၊ ဤအလို ဝိသေသတော ဟိ စသော ဝါကျသည် ဒဋ္ဌဝါကျ၊ ဟိသည် ဒဋ္ဌဇောတက၊ ကပ္ပိကာတို၌ ဣတိကား သည်ဝါဒအပြီးကို ပြသော ပရိသမာပနတ္ထ နိပါတ်ဟု မှတ်ပါ၊ (တနည်း) "ဟိ (ယသ္မာ) –ကြောင့်၊ ဝိသေသတော-အားဖြင့်၊ပေ၊အပရန္တကပ္ပိကာ-ရှိကုန်သည်၊ (ဟောန္တိ)၊ ဣတိ– ထို့ကြောင့်၊ ဒိဗ္ဗေန စက္ခုနာ၊ပေ၊ဂဏှာတိတိ- ဒိဗ္ဗေန စက္ခုနာ၊ပေ၊ဂဏှာတိဟူ၍၊ (မယာ-သည်၊ ဝုတ္တံ–ဆိုအပ်ပြီ)"ဟု သော်လည်း ပေးပါ၊ ဤအလို ဝိသေသတောစသော ဝါကျသည် ကာရကဝါကျတည်း။

သည်ဝါဒအဖွင့် ပြီး၏။

အသညီ နေဝသညီနာသညိဝါဒ

အသညိဝါဒေါ – အသညိဝါဒကို၊ သညိဝါဒေ – သညိဝါဒ၌၊ အာဒိမှိ – အစ၌၊ ဝုတ္ထာနံ - ဆိုအပ်ပြီးကုန်သော၊ ဒ္ဝိန္နံ - ၂ ပါးကုန်သော၊ စတုက္ကာနံ - စတုက္ကတို့၏၊ ဝဿန - အစွမ်းဖြင့်၊ ဝေဒိတမ္မော၊ [“ပညပေန္တီ အဒ္ဓဟိ ဝတ္ထု။ ဟိ” ဟု ဆိုသောကြောင့် “သညိဝါဒဝယ် ပြခဲ့သော အစ စတုက္က ၂ ပါးနှင့် တူသည်” ဟူလို။] နေဝသညီ နာသညိဝါဒေါ – နေဝသညီ နာသညိဝါဒကို၊ တထာ-ထိုအတိုင်း၊ ဝေဒိတမ္မော။ [“တထာ”ဖြင့် “သညိဝါဒေ အာဒိမှိ ဝုတ္ထာနံ ဒ္ဝိန္နံ စတုက္ကာနံ ဝဿေန ဝေဒိတမ္မော”ကို ပြန်ညွှန်းသည်။]ဟိ-မှန်၏၊(တနည်း) ဟိ–စိုးစဉ်းအနည်းငယ်, ဆိုဘွယ်အထူးကား၊ ကေဝလံ-အသညီစသည်မဖက်သက်သက်၊ တတ္ထ - ထို သညိဝါဒ၌၊ အတ္ထာ- အတ္ထသည်၊ သညီ- သညာရှိ၏၊ ဣတိ-သို့၊ ဂဏှန္တာနံ- ယူကုန်သူတို့၏၊ တာ ဒိဋ္ဌိယော – ထို မိစ္ဆာအယူတို့သည်၊ (ဟောန္တိ)၊ ဣဓ– ၌ အသညိဝါဒ, နေဝသညီနာသညိဝါဒ၌ (အတ္ထာ-သည်၊) အသညီ–သညာမရှိ၊ ဣတိစ–၌သို့၎င်း (အတ္ထာ-သည်၊) နေဝသညီနာသညီ-သညာရှိသည်လည်းမဟုတ် သညာမရှိသည်လည်းမဟုတ်၊ ဣတိစ - ၌သို့၎င်း၊ (ဂဏှန္တာနံ– တို့၏၊ တာ ဒိဋ္ဌိယော- ထို မိစ္ဆာအယူတို့သည်၊ ဟောန္တိ)၊ တတ္ထ– ထိုသို့အမျိုးမျိုးယူကြရာ၌၊ ကေဒန္တန-အားဖြင့်၊ ကာရဏံ-ထူးသောအကြောင်းကို၊ ဝါ – အယူအမျိုးမျိုး ဖြစ်လာရခြင်း၏ အကြောင်းကို၊ န ပရိယေသိတဗ္ဗံ–

× × × × × × ×

ကေဝလံ ဟိ။ ။“အသညိဝါဒေါ သညိဝါဒေ ၊ပေ၊ ဝဿေန ဝေဒိတမ္မော”အရ “အနည်းငယ်မျှ အထူးမရှိ, တထပ်တည်းတူသည်”ဟု အတိဗျာပိတဒေါသ (ထိုစကား၏ အလွန်ပြန့်နှံ့ခြင်းဟူသောအပြစ်) ကိုပယ်လို၍“ကေဝလံ ဟိ”စသည်ကိုမိန့်၊ တနည်း- “ အနည်းငယ်မျှသာ ထူး၏, အားလုံးတူသည် ” ဟု ယုတ္တိဒဋ္ဌိနှင့်တကွ အနည်းငယ်ဝိသေသကိုသာ ပြလိုသောကြောင့် “ ကေဝလံ ဟိ ” စသည်ကို မိန့်သည်။ [အထ နကောစိ ဝိသေသော အတ္ထိတိ စောဒနံ သောဓေတိ ကေဝလံဟိတိ အာဒိနာ၊–ဋီသစ်။]

နိယာမ်။ ။ ၁။ ဧဝ ကေဝလံ, နှစ်တန်ကပ်ရှိ, နိပါတ်ဟိ, ယုတ္တိ ဒဋ္ဌိစွဲ။

၂။ ဧဝနောက်ထံ, နိပါတ်ရံ, သာမန် ဒေါသပယ်။

နှ ကေန္တေန ကာရဏံ။ ။ဋီကာတို့၌ အကြောင်းအနည်းငယ်ကို ပြထားကြ၏၊ ထို ပြထားသည့်အတိုင်း အကြောင်းတစုံတရာကို ရှာလျှင် ရနိုင်စရာရှိသော်လည်း ထို မိစ္ဆာဝါဒ၏ အလေးဂရု မပြုထိုက်ကြောင်း, အကြောင်းရှာဘွယ်မလိုကြောင်းကိုပြလို၍ “နှ ကေန္တေန ကာရဏံ”စသည်ကို မိန့်သည်။ [ကာရဏန္တို့ ဝိသေသကာရဏံ (ထိုသို့သည် ဟုဎင်း , အသည်ဖြီ ဟုဎင်း , နေဝသညီနာသညီ ဟုဎင်း , အမျိုးမျိုး ယူကြခြင်း၌ ထူးသောအကြောင်းကို) ဒိဋ္ဌိသမုဒါဂတကာရဏံ ဝါ (တနည်း) ထို အယူအမျိုးမျိုး ဖြစ်လာရခြင်း၏အကြောင်းကို) ၊–ဋီကာသစ်။]

မရှာထိုက်၊ ဝါ– ရှာဘွယ်မလို၊ ဟိ- မှန်၊ ဒိဋ္ဌဂတိကဿ– မိစ္ဆာအယူရှိသူ၏၊ ဂါဟော – အယူသည်၊ ဥမ္မတ္တက ပန္ဆိ သဒိသော – အရူး၏တောင်းနှင့် တူ၏၊ ဣတိ တေံ – ဤအကြောင်းကို၊ (မယာ) ဝုတ္တံ- ပြီ၊[တနည်း, (ကဿာ–အာဘယ့်ကြောင့်)၊ ကာရဏံ- ကို၊ ဝါ- ကို၊ နံ ပရိယေသိတမ္ပံ- မရှာထိုက်သနည်း၊ ဟိ (ယသ္မာ)- အကြင့်ကြောင့်၊ ဒိဋ္ဌဂတိကဿ - ၏၊ ဂါဟော - သည်၊ ဥမ္မတ္တက ပန္ဆိ သဒိသော-တူ၏၊ ဣတိတေံ-ကို၊(မယာ)၊ ဝုတ္တံ-ပြီ၊[ရှေ့၌ ဆိုခဲ့ပြီ။](တသ္မာ-ကြောင့်၊ ဝါ-ထိုသို့ မိစ္ဆာအယူရှိသူ၏အယူ၏ ဥမ္မတ္တကပန္ဆိနှင့် တူသည်၏အဖြစ်ကြောင့်၊ ကာရဏံ နံ ပရိယေသိတမ္ပံ)။]

အသည္ဟိ နေဝသညီနာသညီဝါဒ အဖွင့်ပြီး၏။

ဥဒ္ဓစ္စဝါဒအဖွင့်

ဥဒ္ဓစ္စဝါဒေ– ဥဒ္ဓစ္စဝါဒဒ္ဒ်၊ သတောတိ- ကား၊ ဝိဇ္ဇမာနဿ–ထင်ရှားရှိသော၊ (“သတ္တဿ–သတ္တာ”၏ဒ္ဒ်စပ်)၊ ဥစ္ဆေဒံတိ- ကား၊ ဥပစ္ဆေဒံ- ပြတ်ခြင်းကို၊ ဝိနာသံတိ– ကား၊ အဒဿနံ – မမြင်ရခြင်းကို၊ ဝိဘဝံတိ – ကား၊ [တနည်း,

× × × × × × ×

သတောဟု။ ။“ပြတ်၏, ပျက်၏”ဟူသော ဥစ္ဆေဒအယူသည် မပြတ်မီ မပျက်မီက ထင်ရှားရှိနေခြင်းလျှင် အရင်းခံရှိ၏၊ “ နဂိရိက ထင်ရှားရှိသော အရာဝတ္ထုသာ မရှိတော့ဘဲ ပြတ်နိုင် ပျက်နိုင်သည် ”ဟူလို၊ ထို့ကြောင့် ပါဠိတော်၌ ဝိဇ္ဇမာနအနက်ဟော သန္တသဒ္ဒါဖြင့် “ သတော သတ္တဿ ဥစ္ဆေဒံ ” ဟု ဟောတော်မူ၍ အဋ္ဌကထာ၌လည်း သတောကို “ ဝိဇ္ဇမာနဿ ”ဟု ဖွင့်၏၊ ထိုသို့ဖွင့်သဖြင့် “ သတော–သူတော်ကောင်းဖြစ်သော”ဟူသော အနက်ကို ကန့်သည်။

ဥစ္ဆေဒံ။ ။ပါဠိတော်၌“သတော သတ္တဿ-၏၊“ဥစ္ဆေဒံ”ဟု ရှေ့သမ္ဗန်နှင့်တွဲနေသောကြောင့် ဥပုဗ္ဗ ဆိဒါဓာတ်သည် “ဖြတ် ”ဟူသော သကမ္မကအနက်ကို မဟောဘဲ “ပြတ် ”ဟူသော အကမ္မကအနက်ကိုသာ ဟောရ၏၊ ထို အကမ္မကအနက် ထင်ရှားအောင် “ဥပစ္ဆေဒံ”ဟု အဋ္ဌကထာဖွင့်သည်။ [ယာဝါယံ အတ္တာ နဥစ္ဆိဇ္ဇတိ–အကြင်မျှလောက် ကာလပတ်လုံး ဤ အတ္တသည် မပြတ်သေး၊ တာဝါယံ ဝိဇ္ဇတိ ယေဝါတိ ဂဟဏတော – ထိုမျှလောက် ကာလပတ်လုံး ဤ အတ္တသည် ထင်ရှားရှိသည်သာ ဟူယူခြင်းကြောင့်၊ နိရုဒယဝိနာသော (နိ+ဥဒယဝိနာသော– နောက်ထပ်ဖြစ်ခြင်းမရှိသော ပျက်ခြင်းကို) ဣမ ဥစ္ဆေဒဒါတိ အမိပ္ပေတောတိ အာဟ-ဥပစ္ဆေဒန္တိ၊ ထိုနိရုဒယဝိနာသကိုပင် အဆက်ပြတ်သွားသောကြောင့်“ဥစ္ဆေဒ-ပြတ်”ဟု မြန်မာပြန်ကြသည်၊-ဋီကာ။]

ဝိနာသံ။ ။ဝိသေသေန - ပျက်ရိုးပျက်စဉ်မှ ထူးသောအားဖြင့်+ နာသော–ပျက်ခြင်းတည်း၊ ဝိနာသော- ခြင်း၊ ရိုးရာပျက်စဉ်၌ ပျက်ပြီးလျှင် နောက်ထပ် ဖြစ်နိုင်သေး၏၊ ဤပျက်ခြင်းကား နောက်ထပ် အဖြစ်မရှိတော့၊ ထို့ကြောင့် “ဝိ+နာသ–အထူး+ပျက်”

ဝိဘာဝံတိ–ကား။] ဘာဝဝိဂမံ–ပင်ကိုယ်သဘောမှ ကင်းခြင်းကို၊(ပညပေန္တိ၌ စပ်)၊ သမ္မာနိ–အလုံးစုံကုန်သော၊ တောနိ-၌ ဥစ္ဆေဒံ, ဝိနာသံ, ဝိဘဝံဟူသော ပုဒ်တို့သည်၊ အညမညဝေဝစနာနေဝ–အချင်းချင်း ဝေဝုစ်ပရိယာယ် စကားလှယ်တို့သာတည်း။

တတ္တ- ထို ဥစ္ဆေဒဝါဒ၌၊ လာဘိစ - ဒိဗ္ဗစက္ခု အာဘိညာဉ်ကို ရခြင်းရှိသော ပုဂ္ဂိုလ်၎င်း၊ အလာဘိစ-ဒိဗ္ဗစက္ခုအာဘိညာဉ်ကို ရခြင်း မရှိသော ပုဂ္ဂိုလ်၎င်း၊ (ဣတိ)၊ ဒွေ- ၂ ယောက်ကုန်သော၊ ဇနာ-ပုဂ္ဂိုလ်တို့သည်၊ ဥစ္ဆေဒဒိဋ္ဌိ-ဥစ္ဆေဒအယူကို၊ ဂဏှန္တိ-ယူကြကုန်၏၊ လာဘိ-ဒိဗ္ဗစက္ခု အာဘိညာဉ်ကို ရခြင်းရှိသော ပုဂ္ဂိုလ်သည်၊ အနုဿရန္တော–အဖန်ဖန် အမှတ်ရလသော်၊[(တနည်း)အရဟတော-ရဟန္တာ၏၊] ဒိဗ္ဗေန စက္ခုနာ-ဒိဗ္ဗစက္ခုအာဘိညာဉ်ဖြင့်၊ စုတိ–စုတိကို၊

× × × × × × ×

ဟု ဆိုသည်၊ ထိုသို့ (မိန္ဆာအယူအတိုင်း) နောက်ထပ်ဖြစ်ခြင်း မရှိသောအားဖြင့် ပျက်သော အတ္တကို မံသစက္ခုပညာစက္ခုတို့ဖြင့် မမြင်ရသောကြောင့် “ အဒဿနံ ”ဟု အဓိပ္ပါယ်ထွက် ဖွင့်သည်၊ ဧလောကဒ္ဓလည်း “ပျက်”ဟု ဆိုလျှင် “ မမြင်ရ ”ဟု အဓိပ္ပါယ် ထင်ရှားစေ၏။

ဝိဘာဝံ။ ။စာအုပ်တို့၌ “ ဝိဘဝံ ”ဟုချည်း တွေ့ရ၏၊ “ဘာဝဝိဂမံ”ဟူသော အဖွင့်ကိုထောက်လျှင်(ဝိကို “ဝိဂမ”ဟု ဖွင့်၍ ဘာဝကို “ ဘာဝ ”အတိုင်း ဖွင့်သောကြောင့်)“ ဝိဘာဝံ ” ဟု ရှိမှ ကောင်းမည်ထင်သည်၊ ဘာဝသဒ္ဒါသည် အဘိဓာန်(၁၀၇)လာ ဘာဝ၏ အနက်များစွာတွင် သဘာဝအနက်ဟောတည်း၊ “အတ္တသည် ထင်ရှားရှိသောအထည်ကိုယ်တည်း”ဟု ယူဆ၏၊ ထိုသို့ ထင်ရှားရှိသောအထည်ကိုယ် အဖြစ်မှ ကင်းပျောက်ခြင်းကို “ ဘာဝဝိဂမ ”ဟု ဆိုသည်၊ ဘာဝတော + ဝိဂမော ဝိဘာဝေါ။ [ဘာဝဝိဂမန္တိ သဘာဝါပဂမံ၊–ဋီကာ။ ဘာဝ ဟု ရှိသောကြောင့်သာ သဘာဝဟု ဖွင့်နိုင်၏၊ ဘဝဟု ရှိလျှင် သဘာဝဟု မဖွင့်နိုင်။] ဥစ္ဆေဒ, ဝိနာသ, ဝိဘာဝ ၃ ပုဒ်တို့သည် ပြခဲ့ဧသောအနက်များအရ အနက်အဓိပ္ပါယ် မကွဲပြားဘဲ သဒ္ဒါအနေသာ ကွဲပြားသောကြောင့် “အညမညဝေဝစန”ဟု ဆိုသည်။

လာဘိ, အလာဘိ ။ ။ဒိဗ္ဗစက္ခုအာဘိညာဉ်ကို အရင်းခံ၍ စုတုပပါတဉာဏ်ဖြင့် သတ္တဝါတို့၏ စုတိပဋိသန္ဓေကို သိရသောကြောင့် ဒိဗ္ဗစက္ခုအာဘိညာဉ်ရသူကိုသာ“လာဘီပုဂ္ဂိုလ်”ဟု ဆိုရ၏၊ အခြား အာဘိညာဉ်ကို ရသူ, လုံးလုံး အာဘိညာဉ် မရသူများကိုကား “အလာဘီပုဂ္ဂိုလ်”ဟု ခေါ်ရသည်။ [လာဘီတိ ဒိဗ္ဗစက္ခု ဉာဏလာဘီ၊ တဒဝသေသ လာဘီစေဝ သဗ္ဗသော အလာဘီစ ဇုဓ အပရန္တကပိုကဋ္ဌာနေ အလာဘီတ္တေဝ ဝုစ္စထိ၊-ဋီကာသစ်။]

စုတိ ၊ပေ၊ အပဿန္တော။ ။စုတိ်တိ သေက္ခပုထုဇ္ဇနာနံပိ–(သေက္ခပုဂ္ဂိုလ် ပုထုဇ္ဇဉ်ပုဂ္ဂိုလ်တို့၏ သော်မှလည်း)စုတိမေဝ၊ – ဋီကာသစ်၊ စုတိပြီးနောက် ဥပပတ္တိမရှိသော ရဟန္တာပုဂ္ဂိုလ်ကို မဆိုထားဘိ , ဥပပတ္တိ ရှိသော သေက္ခပုထုဇ္ဇဉ်တို့၏သော်မှလည်း “စုတိ” ကိုသာ မြင်သည်, ပဋိသန္ဓေကို မမြင်–ဟူလို။

ဒိသွာ-မြင်၍၊ ဥပပတ္တိ်-ပဋိသန္ဓေကို၊ အပဿန္တော-မမြင်သည်၊ (ဟုတ္တာ, ဥစ္ဆေဒဒိဋ္ဌိ်-ဥစ္ဆေဒအယူကို၊ ဂဏှာတိ-ယူ၏)။

ဝါ-တနည်း၊ ယော- အကြင် ပုဂ္ဂိုလ်သည်၊ စုတိမတ္တမေဝ - စုတိမျှကိုသာ၊ ဒဋ္ဌုံ- မြင်ခြင်းငှါ၊ သက္ကောတိ-စွမ်းနိုင်၏၊ ဥပပါတံ-ပဋိသန္ဓေကို၊ ဒဋ္ဌုံ- ငှါ၊ နသက္ကောတိ-မစွမ်းနိုင်၊ သော-ထို ပုဂ္ဂိုလ်သည်၊ ဥစ္ဆေဒဒိဋ္ဌိ်-ဥစ္ဆေဒအယူကို၊ ဂဏှာတိ- ယူ၏၊ အလာဘိကော - ဒိဗ္ဗစက္ခု အဘိညာဉ်ကို ရခြင်း မရှိသော ပုဂ္ဂိုလ်သည်၊ ပရလောကံ-တမလွန်လောကကို၊ နဇာနာတိ - မသိ၊ ဣတိ- ထို့ကြောင့်၊(ဥစ္ဆေဒံ-ဥစ္ဆေဒအယူကို၊ ဂဏှာတိ-ယူ၏၊)(တနည်း)၊ အလာဘိ-

× × × × × × ×

ဥပပတ္တိ်ံ အပဿန္တော။ ။ဒဋ္ဌုံ သာမတ္ထိယေပိ သတိ အနောလောကနဝသေန အပဿန္တော - မြင်စွမ်းနိုင်သော သတ္တိ ရှိပါသော်လည်း မကြည့်ခြင်း၏ အစွမ်းဖြင့် (မကြည့်လို့) မမြင်သည်၊-ဋီကာသစ်။

မှတ်ချက်။ ။ ဤအဖွင့်ကို ထောက်၍ " လာဘိ အနုဿရန္တော, လာဘိ အရဟတော "ဟု မူ၂ မျိုးရှိရာဝယ် ရဟန္တာ၏ အတွက် စုတေပြီးနောက် ဥပပတ္တိ မရှိသောကြောင့်"ဥပပတ္တိကို မမြင်"ဟု အဓိပ္ပါယ်မရဘဲ " စုတေပြီးနောက် ဥပပတ္တိရှိသူဖြစ်စေ, မရှိသူဖြစ်စေ, ထိုသူ၏ ဥပပတ္တိကို မကြည့်သောကြောင့် မမြင် " ဟု အဓိပ္ပါယ်ရသော ကြောင့်"အရဟတော" ပါဠိက မကောင်း, "အနုဿရန္တော" ပါဠိသာ ကောင်းမည် ထင်၏။ ["အနုဿရန္တော"ဟူရာ၌လည်း ပုဗ္ဗေနိဝါသးနုဿတိဉာဏ်ဖြင့် အောက်မေ့ခြင်း မဟုတ်, အဖန်ဖန် အမှတ်ရခြင်းတည်း၊ " လာဘိ အနုဿရန္တော " နေရာဝယ် "လာဘိကော"ဟုလည်း ရှေးစာအုပ်များ၌ ရှိ၏။]

ယော ဝါ၊ပေ၊သော။ ။ဤပုဂ္ဂိုလ်ကား ဒိဗ္ဗစက္ခုအဘိညာဉ် ရသော်လည်း စုတိကိုသာ မြင်နိုင်သော အစွမ်းရှိ၍ စုတိ၏နောက် ပဋိသန္ဓေကို မြင်နိုင်သော အစွမ်းမရှိ၊ အစွမ်းမရှိခြင်းမှာလည်း ရှေးဘဝ၌ အားထုတ်အပ်သော ကောင်းမှု၏ မရှိခြင်း, သို့မဟုတ် ပဋိသန္ဓေမြင်ဘို့ရန် "တေသဉ ဥပပါတံ ပဿာမိ-ဤသူ၏ ပဋိသန္ဓေကို ငါမြင်လို၏"ဟု ပရိကမ်ပြုမှု၏ မရှိခြင်းကြောင့်တည်း။ [နဥပပါတန္တိ ပုဗ္ဗယောဂါဘာဝေန ပရိကမ္မာကရဏေနဝါ ဥပပါတံ ဒဋ္ဌုံ နသက္ကောတိ၊-ဋီကာ။]

အလာဘိကော၊ပေ၊ နဇာနာတိ။ ။ " နဉ+လာဘိ အလာဘိ"ဟု သမာသ်တွဲပြီးလျှင် သမာသန္တကပစ္စည်းအဖြစ်ဖြင့် (တနည်း) ဣကပစ္စည်းဖြင့် "အလာဘိကော" ဟု တပုဒ်တည်း ကြိယောနည်းလည်း ရှိ၏၊ ဤသို့ တပုဒ်တည်း ကြိယောကြောင့်ပင် " အလာဘိကော ၊ပေ၊ နဇာနာတိတိ (ပါဠိဖြင့်) နတ္ထိကဝါဒဝသေန မဟာမူဠ္ဠဘာဝေနေဝ ဝါ"ဣတော အညော ပရော လောကော အတ္ထိ"တိ အနဝဗောဓံ (မသိခြင်းမျှ) အာဟ-ဟု ဋီကာဖွင့်၏။ [နတ္ထိကဒိဋ္ဌိအယူရှိသူသည် "နတ္ထိ ပရောလောကော" ဟု ယူ၏၊ ထိုသို့ နတ္ထိကဝါဒကြောင့် ဖြစ်စေ, အလွန်တွေဝေသောကြောင့် ဖြစ်စေ, ပရလောကကို (ရှိမှန်း) မသိရကား " သေလျှင် ပြတ်၏" ဟူသော ဥစ္ဆေဒဝါဒကို ယူလေတော့၏၊ ထို့ကြောင့် "ဣတ်" ထည့်၍ "ဥစ္ဆေဒံ ဂဏှာတိ"ဉ္စ လှမ်းစပ်ပါ။]

ဒိဗ္ဗစက္ခု အဘိညာဉ်ကို ရခြင်းမရှိသော ပုဂ္ဂိုလ်သည်၊ "ကော-အာယ်သူသည်၊ ပရလောကံ-ကို၊ (ဇာနာတိ-သိနိုင်ပါအံ့နည်း၊) နု ဇာနာတိ (ဧဝ) = မသိနိုင်သည်သာ၊" ဤတိ-ဤသို့ ကြံ၍၊ (ဥဇ္ဈဒံ-ကို၊ ဂဏှာတိ-၏)။

ကာမသုခဂိဒ္ဓတာယဝါ- ကာမချမ်းသာ၌ လွန်စွာမက်မောသည့်၏ အဖြစ်ကြောင့် သော်၎င်း၊ ("ဥဇ္ဈဒံ ဂဏှာတိ" ၌စပ်)၊ ရုက္ခတော-သစ်ပင်မှ၊ ပတိတာနိ-ကြွေကျပြီးကုန်သော၊ ပဏ္ဏာနိ-သစ်ရွက်တို့သည်၊ ပုန-တဖန်၊ နဝိရုဟန္တိ ယထာ-မစည်ပင်ကုန်တော့ သကဲ့သို့၊ ဧဝမေဝ-ဤအတူသာလျှင်၊ သတ္တာ-သတ္တဝါတို့သည်၊ နဝိရုဟန္တိ-မစည်ပင်ကုန်တော့၊ ဤတိ အာဒိနာ- ဤသို့ အစရှိသော၊ တက္ကောနဝါ-ကြံစည်ခြင်းကြောင့် သော်လည်း၊ ဥဇ္ဈဒံ ဂဏှာတိ၊ ပန-ထိုသို့ပင် ဥဇ္ဈဒယျာဘို့ရန် အကြောင်း အမျိုးမျိုး ရှိပါသော်လည်း၊ ဤဓ - ဤဥဇ္ဈဒဝါဒ၌၊ တဏှာဒိဋ္ဌိနံ-တဏှာဒိဋ္ဌိတို့၏၊ ဝသေန- အစွမ်းဖြင့်၊ (ဝိကပ္ပေတ္ဝာဝ၌စပ်၊) တထာစ-ထို ဆိုအပ်ပြီးသော အပြားအားဖြင့်ဂုဏ်း၊ အညထာစ-

× × × × × × ×

အလာဘီ+ကော။ ။အလာဘီ တပုဒ်+ကော တပုဒ်ဟု ၂ ပုဒ်ခွဲသောနည်းလည်းရှိ၏၊ "အလာဘီစ ကော" ဟုလည်း ပြင်ကြ၏၊ ထိုသို့ ၂ ပုဒ်ခွဲသောကြောင့်ပင် "ကော ပရလောကံ (ဇာနာတိ), နု ဇာနာတိယေဝါတိ နတ္ထိကဝါဒဝသေန ဥဇ္ဈဒံ ဂဏှာတိ" ဟု ပါဠိသဘောနှင့်တကွ ဋီကာသစ် ဖွင့်၏၊ အဓိပ္ပါယ်လိုရင်းမှာ ဋီကာဟောင်းနည်းအတိုင်းပင်တည်း၊ သို့သော် ဤကဲ့သို့ ပါဠိသဘောထည့်၍ ခက်ခက်ခဲခဲ အဓိပ္ပါယ် ယူရလောက်အောင် အဋ္ဌကထာဆရာ ရေးသားမည် မထင်ပါ။

ကာမသုခဂိဒ္ဓတာယဝါ ။ ။ ဤကား ဥဇ္ဈဒယျခြင်း၏ အကြောင်း တနည်းတည်း၊ ယခုလောက၌ပင် ကံနှင့် ကံ၏ အကျိုးကို မယုံကြည်သူတို့သည် ကာမချမ်းသာကို ခံစားလိုသောစိတ်က ပြင်းပြသည့်အတွက် ရဲရဲဝံ့ဝံ့ ခံစားနိုင်အောင် နောက်ဘဝမရှိဟု ဥဇ္ဈဒအယူကို မိမိတို့လည်း ယူကြ, သူတပါးတို့ကိုလည်း မိမိတို့ အယူကို ထောက်ခံအောင် ဟောပြောကြလေသည်၊ ရှင်ဘုရင် တယောက်ကား ဤသို့ ယူဆ၍ ပြင်းပြသော ကာမစိတ်ကြောင့် မိမိသို့၏ လက်ကိုပင် ခံစားဘို့ရန် ဆွဲကိုင်မိသတတ်။ [ကာမသုခ-ဠ်+ဂိဒ္ဓေါ- ပြင်းပြင်းပြပြ မက်မောသူတည်း၊ ကာမသုခဂိဒ္ဓေါ၊ တဿ+ဘာဝေါ ကာမသုခဂိဒ္ဓတာ။]

ယထာ၊ပေ၊တက္ကောနဝါ။ ။ဤနည်းလည်း ဥဇ္ဈဒယျတို့ရန် အကြောင်းပြတနည်းတည်း၊ "အလာဘိကော"မှ စ၍ ဥဇ္ဈဒအယူကို ယူခြင်း၏ အကြောင်း ၃ မျိုးရှိသည်ဟု မှတ်ပါ၊ တတိယအကြောင်းကား "သစ်ရွက်တွေ့ ကြွေပြီးသောအခါ တဖန်မစည်ပင်ကြတော့သကဲ့သို့ သတ္တဝါတို့လည်း ဤဘဝမှ စုတပြီးသောအခါ တဖန် မဖြစ်ကြတော့၊ "ရေပွက်ပမာ တံသက်လျာသာ ဖြစ်ကြရသည်" ဟု တွေးတောကြံဆခြင်းတည်း။

ဤဓ ပန၊ပေ၊ ဧဝဒိတဇ္ဇာ။ ။ တထာဖြင့် " လာဘီ အနုဿရန္တော " စသော တိုက်ရိုက် ပြအပ်ပြီးသော ယူနည်းကို ညွှန်ပြ၏။ [လာဘီအတွက် ၂ နည်း, အလာဘီ အတွက် ၃ နည်းပြခဲ့သည်။] အညထာဖြင့် ထိုနည်းတို့မှ တပါး အခြားနည်း အမျိုးမျိုး

အခြားသော အပြားအားဖြင့်ဂုဏ်း၊ ဝိကပ္ပေတွာဝ - အမျိုးမျိုး အဖုံဖုံ ကြံခြင်း ဓမ္မကြောင့်သာလျှင်၊ သတ္တ-ခုနစ်ပါးကုန်သော၊ ဣမာ ဒိဋ္ဌယော- ဤဒိဋ္ဌတို့သည်၊ ဥပ္ပန္နာ-ဖြစ်ကုန်ပြီ၊ ဣတိ-သို့၊ ဝေဒိတဗ္ဗာ-သိထိုက်ကုန်၏။

တတ္ထ-ထို ဥစ္ဆေဒဝါဒဒ္ဒိ၊(အတ္ထော ဧဝံ ဝေဒိတဗ္ဗော)၊ ရူပီတိ-ကား၊ ရူပဝါ-ရူပ်ရှိ၏၊ စာတုမဟာဘူတိကောတိ-ကား၊ စတုမဟာဘူတမယော-၄ ပါးသော မဟာဘုတ်အထည်ကိုယ်ရှိ၏၊ ဝါ-၄ ပါးသော မဟာဘုတ်အတိုပြီး၏၊ တေံ-ဤဥစ္ဆာသည်၊ မာတာပိတူနံ- မိဘတို့၏၊ (သန္တကံ-ဥစ္ဆာတည်း)၊ ဣတိ – ကြောင့်၊ မာတာပေတ္တိကံ – မာတာပေတ္တိကမည်၏၊ တံ-ထို မာတာပေတ္တိက ဟူသည်၊ ကိံ-အဘယ်နည်း၊ သုက္ကသောဏိတံ-အဖ၏ သုက်, အမိ၏ သွေးတည်း၊ ဝါ-သုက်တည်းဟူသော သွေးတည်း။ [ပိတုသုက္ကံ် မာတုသောဏိတဉ္စ, ဥဘိန္နံ ဝါ သုက္ကသဓ်ါတံ သောဏိတံ၊-ဋီကာသစ်။](ယော-အကြင် အတ္ထသည်)၊ မာတာ.

× × × × × × ×

ရှိသေးကြောင်းကို ပြသည်။ [တထာတိ လာဘီ အနဿရန္တောတိ အာဒိနာ နိဒဿန ဝသေန ဝုတ္တပ္ပကာရေန၊ အညထာတိ တတ္ထနဿ အနေကပ္ပကာရသမ္ဘဝတော တတော အညေနပိ ပကာရေန၊- ဋီကာသစ်။] “ဝိကပ္ပေတွာဝ”ဠ် တွားပစ္စည်းသည် ဥပ္ပန္နာနှင့် ကတ္တား မတူသောကြောင့် (ဝိကပ္ပေတွာ၏ ကတ္တားကား ပုဂ္ဂိုလ်ဖြစ်နေသောကြောင့်) ဟိတ်အနက် ပေးရသည်၊ ဤသို့ တဏှာဒိဋ္ဌိ အစွမ်းဖြင့် ကြံဆဘို့ရန် အကြောင်းများစွာ ရှိသော်လည်း“သတ္တဟိ ဝတ္ထူဟိ”ဟု ပါဠိတော်၌ လာသည့်အတိုင်း၊ ဥစ္ဆေဒအယူမှာ ၇ ပါးသာ ရှိသောကြောင့် “ဣမာ သတ္တ ဒိဋ္ဌိယော”ဟု ဆိုသည်။

စာတုမဟာဘူတိကော။ ။“စာ”ဟု ဝုဒ္ဓိရှိသောကြောင့် ဏိကပစ္စည်းဟု သိသာ၏၊ စတ္တာရိ + မဟာဘူတာနိ စတုမဟာဘူတံ၊ စတုမဟာဘူတေန + နိဗ္ဗတ္တော စာတု မဟာဘူတိကော၊ “၄ ပါးသော မဟာဘုတ်ကြောင့် + ဖြစ်၏”ဟု ပေးရိုးရှိသော်လည်း “မဟာဘုတ်တခြား ကိုယ်တခြား” ဟု မကွဲပြားဘဲ, မဟာဘုတ် ၄ ပါးသည်ပင် အထည်ကိုယ်ဖြစ်ရကား “၄ ပါးသော မဟာဘုတ်အားဖြင့်+ဖြစ်၏” ဟု နာဝိဘတ်ကို အဘိန္နဝိသေသနကြံရလျှင် ကောင်းမည်ထင်သည်၊ ဤသို့ ကြံမှလည်း “ စတုမဟာဘူတ မယော ” ဟူသောအဖွင့်နှင့် လိုက်မည်၊ မယ ပစ္စည်းကို “ တပ္ပကတိ – ထို ပင်ကိုယ် (အထည်ကိုယ်) အနက် ”ဠ် သက်၍ “ ၄ ပါးသော မဟာဘုတ် အထည်ကိုယ်ရှိ၏”ဟုဆိုင်း, “၄ ပါးသော မဟာဘုတ်အတိုပြီး၏”ဟုဆိုင်း အနက်မှတ်ပါ။

မာတာပိတူနံ တေံ။ ။မာတာစ + ပိတာစ မာတာပိတရော၊ မာတာပိတူနံ + တေံ် မာတာပေတ္တိကံ၊ တံ သမ္ဘဒ္ဓနတော– ထို မိဘတို့နှင့် စပ်ခြင်းကြောင့်၊ တေံ မာတာပိတူနံ သန္တကံတိ အတ္ထော၊–ဋီကာသစ်၊ ဤအတိုင်း နိဿယဠ် အနက်ပေးထားသည်၊ “သန္တကံ”မထည့်ဘဲ “မိဘတို့၏ဥစ္ဆာတည်း”ဟုလည်း အနက်ပေးနိုင်သည်၊ ဥပမာ– “မေ – ဂါ၏(စကားကို)၊ သုဏာတု- နားထောင်ပါ” ဟူရာ၌ သမ္ဗန္ဓိကို အဝိဆည့်၍ ပေးသကဲ့သို့တည်း၊ အလားတူ အဓိပ္ပါယ်များကို ကစ္စည်း – ဏာရာဂါ တဿေဒသုတ် အဖွင့် ဘာသာဋီကာတို့၌ ပြထားပြီ။ [မာတာပိတူနောင် ဏိကပစ္စည်း, ပိ၏ ဒ္ဓကို ဝေဒ္ဓိ ပြု, တ္တ ဒ္ဓေဘော်လဒ္ဒ။]

ပေတ္တိကေ-မိဘတို့၏ ဥစ္ဆာဖြစ်သောသုက်သွေးကြောင့်၊ သမ္ဘူတော-ကောင်းစွာဖြစ်၏၊ ဇာတော-ပေါက်ဖွားလာ၏၊ ဣတိ-ကြောင့်၊ (သော-သည်၊)မာတာပေတ္တိကသမ္ဘဝေါ – မာတာပေတ္တိကသမ္ဘဝ မည်၏။ [မာတာပေတ္တိကေတိ နိမိတ္တတ္ထေစေတံ ဘုမ္မံ၊–ဋီကာသစ်။] ဣတိ–ဤသို့လျှင်၊ ရူပကာယ သီသေန–ရူပကာယဟူသော ဥုးခေါင်းဖြင့်၊ ဝါ–ရူပကာယကို ခေါင်းတပ်သဖြင့်၊ မနုဿတ္တဘာဝံ-လူ၏ အတ္တဘောကို၊ အတ္တာတိ–အတ္တဟူ၍၊ ဝဒတိ–ပြောဆို၏၊ ဣတ္ထေကေတိ-ကား၊ ဣတ္ထံ-ဤသို့၊ ဝါ-ဤ အပြားအားဖြင့်၊ ဧကေ– အချို့ သမဏာပြားဟူတို့သည်၊ဝါ-တပါးသော သမဏာမြာဟူတို့သည်၊ ဧဝံ-ဤသို့၊ ဧကေ-တို့သည်၊ (ပညပေန္တိ ၌စပ်)၊ ဣတိ အတ္ထော။ [ဣတ္ထံကို ဧဝံဟု ထပ်ဖွင့်သည်။]

ဒုတိယော–ဒုတိယ တိတ္ထိဆရာသည်၊ တံ-ထိုအယူကို၊ ပဋိက္ခိပိတွာ-ပယ်၍၊ ဒိဗ္ဗတ္တဘာဝံ – နတ်၌ဖြစ်သော အတ္တဘောကို၊ ဝဒတိ – ပြောဆို၏၊ ဒိဗ္ဗောတိ-ကား၊ ဒေဝလောကေ-နတ်ပြည်၌၊ သမ္ဘူတော-ကောင်းစွာဖြစ်သော၊ ကာမာဝစရောတိ - ကား၊ ဆ ကာမာဝစရဒေဝ ပရိယာပန္နော – ခြောက်ထပ်သော ကာမာဝစရနတ်တို့၌ အကျုံးဝင်သော၊ (အတ္တာ အတ္ထိ ၌စပ်)၊ (ယော – အကြင် အတ္တသည်၊) ကဗဠီကာရံ – ကဗဠီကာရ မည်သော၊ အာဟာရံ – အာဟာရကို၊ ဘက္ခတိ-စားတတ်၏၊ ဣတိ- ကြောင့်၊ (သော - ထို အတ္တသည်၊) ကဗဠီကာရာဟာရဘက္ခော-ကဗဠီကာရာဟာရဘက္ခ မည်၏။[ရှေးစာအုပ်များ၌ “အာဟာရ”ပုဒ်မပါ။ “ကဗဠီကာရဘက္ခော” ဟုသာ ရှိသည်။]

× × × × × × ×

ရူပကာယသီသေန။ ။“ရူပကာယဝသေန”ဟု မဆိုဘဲ “ရူပကာယသီသေန” ဟု ဆိုသောကြောင့် နာမ်တရားကိုလည်း အတ္တဟု ယူကြောင်းကို သိစေ၏၊ ပခဲ့နနည်းအားဖြင့် ရူပကာယကို ခေါင်းတပ်ထားသည်၊ အပခဲ့နအားဖြင့် နာမကာယကိုလည်း ယူပါ–ဟူလို။

ဣတ္ထေကေ။ ။ဣတ္ထံကို “ဧဝံ” ဟု အနက်ဖွင့်သောကြောင့် “ဣမိနာ ပကာရေန ဣတ္ထံ”ဟု တတိယန္တပကာရအနက်၌ “ထံ” ပစ္စည်းဟု ပြု၏၊ ဧဝံကိုလည်း “ဤသို့၊ ဝါ-ဤ အပြားအားဖြင့်”ဟု ပေးပါ။ [ဧကေတိ ကေစ္စေ၊ အညေဝါ– ဋီကာသစ်။]

ဒိဗ္ဗော ကာမာဝစရော။ ။“ဒိဝိ – နတ်ပြည်၌+ဘဝေါ ဒိဗ္ဗော” ဟု ပြုစေလို၍ “ဒေဝလောကေ+ သမ္ဘူတော”ဟု ဖွင့်၏၊ “ကာမာဝစရော” အရ လူ့ကာမာဝစရနှင့်လည်း ဆိုင်၏၊ သို့သော် “ဒိဗ္ဗော”ဟူသော ဝိသေသနကြောင့်ဂုဏ်း, လူ့ကာမာဝစရကို “ရူပီ၊ပေ၊မာတာပေတ္တိက သမ္ဘဝေါ”တို့ဖြင့် ယူပြီးဖြစ်သောကြောင့်ဂုဏ်း ပါရိသေသနည်းအားဖြင့် နတ်ကာမာဝစရကိုသာ ယူရတော့သည်။

ကဗဠီ၊ပေ၊ဘက္ခော။ ။“ကဗဠံ+ကရိယတီတိ ကဗဠီကာရော”အရ ထမင်းလုပ်ကဲ့သို့ အလုပ်အဆုပ်ပြု၍ ရကောင်းသောအာဟာရကို ရ၏၊ ထို အာဟာရနှင့်တူသော အစာဟူသမျှကိုကား အထင်ရှိဋီ သဒိသူပစာရအားဖြင့် “ကဗဠီကာရ” ဟုချဉ်း ခေါ်

မနောမယောတိ - ကား၊ ဗျာနမနေန – စျာန်စိတ်ကြောင့်၊ နိဗ္ဗတ္တော – ဖြစ်သော၊ [နိဗ္ဗတ္တအနက်၌ မယ ပစ္စည်းသက်။] သဗ္ဗင်္ပစ္စဂိတိ - ကား၊ သဗ္ဗင် ပစ္စင်္ယုတ္တော–အလုံးစုံသော အင်္ဂါကြီး, အင်္ဂါငယ်တို့နှင့်ယှဉ်သော၊ အဟိနိန္ဒြိ ယောတိ- ကား၊ ပရိပုဏ္ဏိန္ဒြိယော- ပြည့်စုံသော ဣန္ဒြေရှိသော၊ (အတ္တာ အတ္ထိ၌ စပ်)၊ ယာနိ – အကြင် စက္ခုန္ဒြေ သောတိန္ဒြေတို့သည်၊ ဗြဟ္မလောကေ - ဗြဟ္မာ့ ပြည်၌၊ အတ္ထိ-ရှိကုန်၏၊ တေသံ-ထို ဗြဟ္မာ့ပြည်၌ရှိကုန်သော စက္ခုန္ဒြေ သောတိ န္ဒြေတို့၏၊ ဝသေန–အစွမ်းဖြင့်၎င်း၊ ဣတရေသံ- စက္ခုန္ဒြေ သောတိန္ဒြေမှတပါး သော ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေတို့၏၊ သဏ္ဌာနဝသေနစ – ပုံသဏ္ဌာန်၏ အစွမ်းဖြင့်၎င်း၊တေံ-ဤအဟိနိန္ဒြိယောဟူသောစကားကို၊(တိတ္ထိယေန-တိတ္ထိယ ဆရာသည်)၊ ဝုတ္တံ – ဆိုအပ်ပြီ။

× × × × × × ×

ရ၏၊ နတ်တို့၏ ကဗဠီကာရအာဟာရဟူသည် ပြအပ်ခဲ့သော နတ်သုခဝတည်း။ [ကဗဠီဉ္စ ဤကို အဗ္ဘက္ခာတတ္ထောအနက်၌ သက်သော စီ ပစ္စည်းဟု ယူဆ၍ “ အကဗဠံပိ ကဗဠံ ဝိယ ကရိယတိတိ ကဗဠီကာရော - အလုပ်အလွေး မဟုတ်သော်လည် အလုပ်အလွေး ကဲ့သို့ ပြုအပ်သောကြောင့် ကဗဠီကာရခေါ်သည် ”ဟု ပြောဆိုကြ၏၊ ထိုအယူအတိုင်း အဋ္ဌသာလိနီ – ရူပကလ္လာ ကဗဠီကာရပုဒ်အဖွင့်၌ ဝိဂြိဟ် မပြုသောကြောင့် ထိုအယူကို စဉ်းစားပါ၊ ကဗဠီဉ္စ ဤပစ္စည်းကား တပ္ပါကဋိကရဏာ ကဲ့သို့ အဝိလာထားသော ဤ အက္ခရာတည်း။]

သဗ္ဗင် ပစ္စ်ဂိ။ ။မဟာဝယဝေါ အင်္ဂေါ၊တတ္ထ ဝိသုံ ပဝတ္တော ပစ္စင်္ဂေါ၊–ဋီကာသစ်။ [“ပတိ+အင််” ဟု ပုဒ်ဖြတ်၍ ပတိသဒ္ဒါ ဝိသုံအနက်ဟောဟု ဆိုလိုသည်။] ဥူးခေါင်း လက် ခြေ ကိုယ်ဟူသော အစိတ်အင်္ဂါအကြီးကို “ အင်် ” ဟု ခေါ်၏၊ မျက်စိ စသည့်, လက်ချောင်း ခြေချောင်းစသည့် , ချက် ဖိုက်စသည့် အစိတ်အင်္ဂါငယ်ကို “ ပစ္စင် ” ဟု ခေါ်သည်၊ အင်္ဂါနိစ + ပစ္စင်္ဂါနိစ အင််ပစ္စင်္ဂါနိ၊ သမ္ဗာနိ + အင််ပစ္စင်္ဂါနိ သမ္ဗင် ပစ္စင်္ဂါနိ၊ တာနိ ယဿ အတ္ထိတိ သမ္ဗင််ပစ္စ်ဂိ၊ ဤသို့ အဿတ္ထိအနက်ကို ပြလို၍ “ သမ္ဗင််ပစ္စင် ယုတ္တော” ဟု ယုတ္တသဒ္ဒါထည့်၍ ဖွင့်သည်။ [ဋီကာ၌ “ အင်္ဂေါ ” ဟု ရှိသော်လည်း အဘိဓာန် (၉၅၆)၌ အဝယဝအနက်နှီဟောဆုဝယ် နပုလိန်ဟု ဆိုသည်၊ ထို့ကြောင့် “ဝိသုံ+ပဝတ္တံ+အင််ံ–ပစ္စင််ံ ”ဟု ပြပါ။]

အဟိနိန္ဒြိယော ။ ။ ဗြဟ္မာ့ပြည်၌ စက္ခုန္ဒြေ သောတိန္ဒြေသာရှိ၍, ဃာန ဇိဝှါ ကာယပသာဒဟူသော ဣန္ဒြေတို့မရှိသည် မဟုတ်ပါလော, အဘယ်နည်းဖြင့် အဟိနိန္ဒြိယ ဖြစ်နိုင်ပါသနည်းဟု မေးဘွယ်ရှိ၍ “ယာနိ၊ပေါ၊ဝုတ္တံ ” ဟု မိန့်သည်၊ ဗြဟ္မာ့ပြည်၌ ရနိုင် သော စက္ခု သောတ ဣန္ဒြေတို့၏ မချို့တဲ့ကြခြင်း , မရနိုင်သော ဃာန စသော ဣန္ဒြေ ၃ ပါးတို့အတွက် ပသာဒမရှိစေကာမူ နှာခေါင်း- လျှာ - ကိုယ်ဟူသော ပုံသဏ္ဌာန်တို့ အပြည့်အစုံ ပါရှိခြင်းကြောင့် “ အဟိနိန္ဒြိယ ” ဖြစ်နိုင်ပါသည် ဟူလို။ [“ကိုယ် လက် စသော ပုံသဏ္ဌာန်များလည်း မိန်းမပုံ မဟုတ်, ယောကျ်ားပုံချည်းသာ ဖြစ်သည် ” ဟု အဋ္ဌကထာတို့ ဆိုကြသည်။]

သဗ္ဗသော၊ပေ၊သမတိက္ကမာတိ အာဒိနံ- သဗ္ဗသော၊ပေ၊သမတိက္ကမာ အစ
ရှိသော ပုဒ်တို့၏၊ အတ္ထော– ကို၊ ဝိသုဒ္ဓိမဂ္ဂ– ဝိသုဒ္ဓိမဂ်၌၊ ဝုတ္တော- ဆိုအပ်ပြီ၊
[“ဝိသုဒ္ဓိမဂ္ဂေ ဝုတ္တော”ဟူသော အဖွင့်မျိုးကို “အတိဒေသသံဝဏ္ဏနာ – ညွှန်ပြ
သောအဖွင့်” ဟု မေါ်၍ နောက်၌ တိုက်ရိုက်ဖွင့်မည့်အဖွင့်ကို “ပစ္စက္ခ သံဝဏ္ဏ
နာ” ဟု ခေါ်သည်၊ ထို့ကြောင့် “ပန- အတိဒေသသံဝဏ္ဏနာမှတပါး ပစ္စက္ခ
သံဝဏ္ဏနာကို ဆိုဥုံးအံ့” ဟု ဆရာတို့ ပေးတော်မူကြ၏၊ ဤ၌ကား ပြတ်ပြီး
ဆက်သော ဝါကျာရမ္ဘဟု ကြံလိုက်ပါသည်။] ပန – ဆက်၊ အာကာသာနဉ္စာ
ယတနုပဂေါတိ အာဒိသု-အာကာသာနဉ္စာယတနုပဂေါ အစရှိသော ပါဠိရပ်
တို့၌၊ အာကာသာနဉ္စာယတနဘဝံ – အာကာသာနဉ္စာယတန ဘဝသို့၊ ဥပ
ဂတော – ကပ်ရောက်သော၊ (အတ္တာ အတ္ထိ ၌စပ်)၊ ဣတိဝေံ – ဤသို့၊ အတ္ထော
ဝေဒိတဗ္ဗော၊ တ္ထေ– ဤ ဥစ္ဆေဒဒိဋ္ဌိ၌၊ သေသံ – ကြွင်းသော ပုဒ်အပေါင်းသည်၊
ဥတ္တာနမေဝ-ပေါ်လွင်ထင်ရှားသည်သာ၊ ဧကံ-ဥစ္ဆေဒဝါဒအဖွင့် အပြီးတည်း။

× × × × × × ×

အာကာ၊ပေ၊ဘဝံ။ ။“အာကာသာနဉ္စာယတန” အရ ဈာန်ကို ယူရိုးဖြစ်သော်
လည်း ဤနေရာ၌ ထိုဈာန်ကြောင့်ရအပ်သောဘဝကို ကာရဏူပစာရအားဖြင့် ယူစေလို၍
“ အာကာသာနဉ္စာယတနဘဝံ ” ဟု မိန့်သည်၊ “ဘဝ” ဟူရာ၌ ကံကြောင့်ဖြစ်သော
ဝိပါက် (ဥပပတ္တိဘဝ) တည်း။ [ဤ အာကာသာနဉ္စာယတန ဘဝတို့၌ နာမကာယ
ရှိသောကြောင့် ပါဠိတော်၌“ကာယဿ ဘေဒါ”ဟု ကာယသဒ္ဒါကို သုံးစွဲထားသည်။]
ဥစ္ဆေဒဝါဒအဖွင့် ပြီး၏။

ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ အဖွင့်

ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒေ– ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒ၌၊ (အတ္ထော ဝေံ ဝေဒိတဗ္ဗော)၊
ပစ္စက္ခဓမ္မော-ဤနွေ့တို့၏ ရှေးရှုဖြစ်သောသဘောကို၊ ဝါ-ပစ္စုပ္ပန်အတ္တဘောကို၊
ဒိဋ္ဌဓမ္မောတိ - ဒိဋ္ဌဓမ္မဟူ၍၊ ဝုစ္စတိ- ၏၊ တေံ- ဤ ဒိဋ္ဌဓမ္မောဟူသော သဒ္ဒါသည်၊

× × × × × × ×

ပစ္စက္ခဓမ္မော။ ။ဒိဋ္ဌကို “ ပစ္စက္ခံ ”ဟု ဖွင့်၏၊ ပစ္စက္ခကို “ ပတိ+အက္ခ ”ဟု ခွဲ၊
အက္ခာနံ – စက္ခုစသော ဤနွေ့ ၆ ပါးတို့၏၊ ပတိ – ရှေးရှုတည်း၊ ပစ္စက္ခံ၊ ယခုဘဝ၌
ဖြစ်သမျှကို ဤနွေ့တို့က အကုန်မယူနိုင် (အာရုံမပြုနိုင်)သော်လည်း ထို အတ္တဘောကို
ရရှိသောပုဂ္ဂိုလ်မှာ တကိုယ်လုံး ထင်ရှားပြီးဖြစ်သောကြောင့် စက္ခုစသော ဤနွေ့တို့၏
အာရုံကဲ့သို့ ဖြစ်၏၊ ထို့ကြောင့် ပစ္စုပ္ပန်အတ္တဘော တခုလုံးကို “ ပစ္စက္ခ (ဤနွေ့တို့၏
ရှေးရှု)”ဟု ဆိုနိုင်သည်။ [တတ္ထ ယော အနိန္ဒြိယဝိသယော- ဤနွေ့တို့၏အာရုံ မဟုတ်၊
သောပိ သုပါကဋဘာဝေန ဤန္ဒြိယဝိသယော ဝိယ ဟောတိတ် အာဟ – ဒိဋ္ဌဓမ္မောတိ
ပစ္စက္ခဓမ္မော ဝုစ္စတီတိ၊–ဋီကာ။]

တတ္ထတတ္ထ-ထိုထို ဘုံဘဝ၌၊ ပဋိလဒ္ဓတ္တဘာဝဿ-ရအပ်သော အတ္တဘောကို၊ အဓိဝစနံ – ဟောသောသဒ္ဒါတည်း၊ ဒိဋ္ဌဓမ္မေ - ဤဇာတ်ဖြင့်ထင်ထင် ရှုမြင်အပ်သော ပစ္စုပ္ပန် အတ္တဘော၌၊ နိဗ္ဗာနံ – ဒုက္ခ၏ ငြိမ်းအေးခြင်းတည်း၊ ဒိဋ္ဌဓမ္မနိဗ္ဗာနံ - ဤဇာတ်ဖြင့်ထင်ထင် ရှုမြင်အပ်သော ပစ္စုပ္ပန်အတ္တဘော၌ ဒုက္ခ၏ ငြိမ်းအေးခြင်း၊ ဤမသို့ ယေဝ အတ္တဘာဝေ – ၌ အတ္တဘော၌ပင်၊ ဒုက္ခ ဂူပသမနံ– ဒုက္ခ၏ ငြိမ်းအေးခြင်းတည်း၊ ဤတိ အတ္ထော၊ (ယေ – အကြင် သမဏဗြာဟ္မဏာတို့သည်၊) တံ - ထို ပစ္စုပ္ပန် အတ္တဘော၌ ဒုက္ခ၏ ငြိမ်းအေးခြင်းကို၊ ဝဒန္တိ – ပြောဆိုကြကုန်၏၊ ဤတိ-ကြောင့်၊ (တေ – တို့သည်၊) ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒါ– ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒတို့ မည်၏၊ ပရမ ဒိဋ္ဌဓမ္မ နိဗ္ဗာနန္တိ-ကား၊ ပရမံ-မြတ်သော၊ ဒိဋ္ဌဓမ္မနိဗ္ဗာနံ – ဤဇာတ်ဖြင့်ထင်ထင် ရှုမြင်အပ်သော ပစ္စုပ္ပန် အတ္တဘော၌ ဒုက္ခ၏ ငြိမ်းအေးခြင်းကို၊ ဥတ္တမံ-မြတ်သော၊ (ဒိဋ္ဌဓမ္မနိဗ္ဗာနံ·ကို၊) (ပညဗေန္တိ ၌စပ်)၊ ဤတိအတ္ထော။ [ပရမံကို "ဥတ္တမံ"ဟု ဖွင့်သည်။]

ပဋ္ဌဟိ ကာမဂုဏောဟိတိ- ကား၊ မနာပိယရူပါဒိဟိ – စိတ်ဖြင့်ရောက်အပ်သော ရူပါရုံအစရှိကုန်သော၊ ဝါ– မြတ်နိုးအပ်သော ရူပါရုံ အစရှိကုန်သော၊ ပဋ္ဌဟိ - ငါးပါးကုန်သော၊ ကာမကောဋ္ဌာသေဟိ – ကာမ အစုတို့နှင့်၊ ဝါ–

× × × × × × ×

ဒိဋ္ဌဓမ္မော။ ။ဒဿနဘူတေန ဉာဏေန ဥပလဒ္ဓဓမ္မော၊ – ဋီကာ၊ ပဿိယတိ– ဉာဏ်ဖြင့် မြင်အပ်၏၊ ဤတိ ဒိဋ္ဌော၊ ဒိဋ္ဌောစ+ဧသော+ဓမ္မောစာတိ ဒိဋ္ဌဓမ္မော-ဉာဏ်ဖြင့် ထင်ထင် သိမြင်အပ်သောသဘော၊ ထိုထိုဘဝ၌ ရအပ်သော ပစ္စုပ္ပန်အတ္တဘောကို "ဒိဋ္ဌဓမ္မ"ဟု ဆိုသောကြောင့် ထိုတဘဝလုံးကို ပကတိမျက်စိဖြင့်ချည်း မမြင်နိုင်, အသိဉာဏ်ဖြင့်သာ မြင်နိုင်၏၊ ထို့ကြောင့် ဒိဋ္ဌကို"ဒဿနဟေတုဘူတေန ဉာဏေန"ဟု ဖွင့်သည်။

ဒိဋ္ဌဓမ္မနိဗ္ဗာနံ။ ။" နိဗ္ဗာနံ "အရ ကိလေသာတို့ကို တဖန် ပြန်းစေတတ်သော အရဟတ္တမဂ်လ်ကိုဂုင်း, အသခ်္ခတဓာတ်ဟူသော နိဗ္ဗာန်ကိုဂုင်း ထိုတိတ္ထိဆရာတို့ အာရုံမပြုနိုင်၊ ထို့ကြောင့်"နိဗ္ဗာနံ"အရ ထိုနိဗ္ဗာန်မျိုးကို မဖွင့်ဘဲ"ဒုက္ခဂူပသမန"ဟုဖွင့်သည်၊ ကာမခံစားလိုစိတ် အပြင်းအပြဖြစ်၍ ပူလောင်မှုဒုက္ခ ဖြစ်နေရသောအခါ ကာမချမ်းသာကို ခံစားလိုက်ရလျှင် ထိုဒုက္ခအပူငြိမ်း၏၊ ထိသို့ငြိမ်းမှုကို"ဒိဋ္ဌဓမ္မနိဗ္ဗာန်"ဟု ဆိုလိုသည်။

တံ ဝဒန္တိ။ ။တံ ဝဒန္တိဖြင့် "ဝဒန္တိတိ ဝါဒါ၊ ဒိဋ္ဌဓမ္မနိဗ္ဗာနံ-ကို+ဝါဒါ-ပြောဆိုသူတို့တည်း၊ ဒိဋ္ဌဓမ္မနိဗ္ဗာန ဝါဒါ"ဟု ပြုစေလို၏၊"ဒိဋ္ဌဓမ္မနိဗ္ဗာနေ+ပဝတ္တော+ဝါဒေါ ဇေတသံတိ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒါ "ဟုလည်း ပြုသင့်ကြောင်းကို ဋီကာသစ်မိန့်သည်။

ကာမဂုဏောဟိ ။ ။" မနာပိယ "ဖြင့် ကာမ၏အနက်ကို ပြ၏၊ "ကာမိယန္တိ– လိုလားတောင့်တအပ်ကုန်၏၊ ဤတိ ကာမာ"ဟု ပြု၊ မနာပိယ၌ "မန+အာပိယ "ဟု ခွဲ၊ အပိယန္တေ ပါပုဏိယန္တေ – ရောက်အပ်ကုန်၏၊ ဤတိ အာပိယာ၊ အပဓာတ် ပါပုဏာန အနက်ဟော, ကျပစ္စည်း , ဤအာဂုံ, အကို ဝုဒ္ဓိပြု၊ မနေန–စိတ်ဖြင့်+အာပိယာ– ရောက်ထိုက်ကုန်သော ရူပစသည်တို့တည်း၊ မနာပိယာ – တို့၊ ဤသို့ သဒ္ဒတ္ထဖြစ်သော်လည်း " မြတ်နိုးအပ် " ဟု ဓဝါဟာရတ္ထကိုသာ သုံးစွဲကြသည်၊ ရူပါဒိ၌ အာဒိဖြင့်

ကာမအစုတို့သည်၊ ဝါ-တနည်း၊(ကာမ)ဗန္ဓနေဟိ-ကာမအနှောင်အဖွဲတို့နှင့်၊ ဝါ-တို့သည်၊ သမပ္ပိတောတိ-ကား၊ သုဋ္ဌု-ကောင်းစွာ၊ အပ္ပိတော-ရောက်အပ်သည်၊ အလ္လီနော-ငြိကပ်သည်၊ ဟုတ္ဝာ-၍၊ သမဂီဘူတောတိ- ကား၊ သမန္နာဂတော-ပြည့်စုံသည်၊(ဟုတ္ဝာ)၊ ပရိစာရေတီတိ-ကား၊ တေသု ကာမဂုဏေသု-ထိုကာမအစုတို့၌၊ ဝါ-ထိုကာမ အနှောင်အဖွဲတို့၌၊ ယထာသုခံ-ချမ်းသာသည်အား လျော်စွာ၊ ဣန္ဒြိယာနိ - စက္ခုစသော ၆ ပါးသော ဣန္ဒြေတို့ကို၊ စာရေတိ - လှည့်လည်စေ၏၊ သဉ္စာရေတိ - ထက်ဝန်းကျင် လှည့်လည်စေ၏၊ ဣတောစ-ဤအာရုံသို့၎င်း၊ ဣတောစ-ဤအာရုံသို့၎င်း၊ ဥပနေတိ-ပို့ဆောင်၏၊

× × × × × × ×

ဖေါဋ္ဌဗ္ဗာရုံတိုင်အောင် ယူပါ၊ ဂုဏ၏အနက်ကို ကောဋ္ဌာသ-ဗန္ဓန ဟု ၂ နက် ဖွင့်၏၊ “ဂုဏောပဋ္ဌလရာသီသု, အာနိသံသေစ ဗန္ဓနေ” စသော အဘိဓာန်(၇၀၇)လာ အနက်တို့တွင် ရာသိအနက်ကို ကောဋ္ဌာသ ဟု ဆိုသည်၊ ရှုပါရုံသည် ကာမဂုဏ် ၅ ပါး အပေါင်း၏ အစိတ်တစုတည်း၊ သဒ္ဒါရုံ စသည်လည်း နည်းတူ၊ ထိုအာရုံများသည်ပင် သတ္တဝါတို့ကို မိမိစွဲလမ်းရာအာရုံမှ မလွတ်အောင် နှောင်ဖွဲတတ်၏။

သမပ္ပိတောဟု။ ။သံ+အပ္ပိတော၊ အပ္ပဓာတ်လည်း ပါပုဏန အနက်ဟောတည်း၊ အပ္ပိယတေတိ အပ္ပိတော၊ သုဋ္ဌု+အပ္ပိတော သမပ္ပိတော၊ ဋီကာသစ်၌“အပ္ပိတော”ကို “ထပိတော” ဟု ဖွင့်ခြင်းမှာ အဓိပ္ပါယတ္ထသာတည်း၊ ကာမဂုဏ်တို့သည် ကောင်းစွာ ရောက်အပ် ထားအပ်သူသည်“ကာမဂုဏ်တို့၌ ကပ်ငြိတွယ်တာ မခွါနိုင်အောင် ဖြစ်သူတည်း”ဟု အဓိပ္ပါယတ္ထကို ပြလို၍ “အလ္လီနော ဟုတ္ဝာ”ဟု ဖွင့်သည်။

သမဂီဘူတောဟု။ ။အလုံးစုံ အကုန်အစင် ယူအပ်သော(ပြည့်စုံသော)အရာကို “သမံ(သကလံ)- အလုံးစုံကို + ဂယှတေ - ယူအပ်၏ ”ဟူသော ဝစနတ္ထနှင့်အညီ, “သမဂ္ဂ” ဟု သတ္တတအဘိဓာန် ဆိုသကဲ့သို့ “ သမံ+ဂယှတေတိ သမဂ်ေါ ”ဟုလည်း ဆိုသင့်၏၊ သမဂ်ေါ ယသ အတ္ထိတိ သမဂ်ီ။ [“ သမဂ်ီ ”ပုဒ်က အပြည့်အစုံရှိသော ပုဂ္ဂိုလ်ကို ဟောနိုင်ကြောင်းမှာ “တံ တတိယစျာနသမဂ်ီပုဂ္ဂလံ”ထောံ၍ သိသာ၏။] သမဂ်ီ+ဟုတ္ဝာ+ဘူတော သမဂ်ီဘူတော၊ “သမန္နာဂတောကား အဓိပ္ပါယတ္ထတည်း။ [“ သံ + အနု + အာဂတ ”ကို ပုဒ်စပ်သောအခါ “သမန္နာဂတော”ဟု ဖြစ်သင့်၏၊ ဥသရပျောက်၍ နဒွေဘော်ရောက်လျက်“သမန္နာဂတ”ဟု တွေ့ရသည်၊ တချို့နေရာ၌ “ သမ္မန္နာဂတော ”ဟု ရှိသည်ကား မကောင်းပါ။]

ပရိစာရေတိ။ ။ပရိသည် “ပရိတော-ထက်ဝန်းကျင်”အနက်ဟော၊ ထို ပရိ၏ အနက်ကို“တေသု ကာမဂုဏေသု”ဟု ဖွင့်၏၊“ထက်ဝန်းကျင် ကာမဂုဏ်တို့၌”ဟူလို၊ စာရေတိ၌ စရမာတ်,ကာရိတ် ဏေပစ္စည်း၊ ထို့ကြောင့် ကာရိတ်ပစ္စည်း၏ ကံကို “ဣန္ဒြိယာနိ”ဟု ထည့်သည်၊ စာရေတိကို “သဉ္စာရေတိ ”ဟု ဖွင့်၏၊ “ကျင့်စေ” ဟူသော အနက်ကို တားမြစ်၍ “လှည့်လည်စေ” ဟူသော အနက်ကို ဖွင့်ခြင်းတည်း၊ “ ထိုသို့ လှည့်လည်စေခြင်း”ဟူသည်“ရှုပါရုံဆိုသို့ စက္ခုဣန္ဒြေကို ပို့ဆောင်လိုက်(ကြည့်ရှုလိုက်), သဒ္ဒါရုံဆိုသို့ သောတိန္ဒြေကို ပို့ဆောင်လိုက်” စသည်ဖြင့် “ အလှဲအလှယ် ပို့ဆောင်သောအားဖြင့် ခံစားခြင်းတည်း”ဟု သိစေလို၍“ဣတောဘူတောဣတောဥပဋ္ဌေနတိ”ဟု ဖွင့်သည်။

အထဝါ–ထို့ပြင် ဟနည်းကား၊ လဋ္ဌတိ – တင့်တယ် စမ္ပေယ်၏၊ ရမတိ - မွေ့လျော်၏၊ ကီဋ္ဌတိ–ပျော်ပါး၏။

စ– ဆက်၊ ဏ္ဍေ–ဤ ပဋ္ဌဟိ ကာမဂုဏေဟိ ဟူသော ပါဠိ၌၊ ကာမဂုဏာ-ကာမဂုဏ်တို့သည်၊ (ကာမအစု, ကာမ အနှောင်အဖွဲတို့သည်)၊ မာနုသိကာ စေဝ–လူ၌ ဖြစ်သော ကာမဂုဏ်တို့ ၎င်း၊ ဒိဗ္ဗာစ–နတ်၌ဖြစ်သော ကာမဂုဏ်တို့ ၎င်း၊(ဣတိ–သို့၊)ဒုဝိဓာ- ၂ပါးအပြားရှိကုန်သည်၊(ဟောန္တိ)၊ မာနုသိကာ-လူ၌ဖြစ်သော ကာမဂုဏ်တို့ကို၊မန္ဓာတုကာမဂုဏာသဒိသာ(တိ)-မန္ဒာတ်မင်း၏ ကာမဂုဏ်နှင့်တူသော ကာမဂုဏ်တို့ဟူ၍၊ ဒဋ္ဌဗ္ဗာ - မှတ်ထိုက်ကုန်၏၊ ဒိဗ္ဗာ–နတ်၌ဖြစ်သော ကာမဂုဏ်တို့ကို၊ ပရနိမ္မိတဝသဝတ္တိဒေဝရာဇာဿ-ပရနိမ္မိတဝသဝတ္တိနတ်မင်း၏၊ ကာမဂုဏာသဒိသာတိ-ကာမဂုဏ်နှင့်တူသော ကာမဂုဏ်တို့ဟူ၍၊ (ဒဋ္ဌဗ္ဗာ– ကုန်၏၊) ဟိ– မှန်၊ ဝေဂူပေ - ဤသို့ သဘောရှိကုန်သော၊ ကာမေ- ဝတ္ထု၊အာရုံ ကာမဂုဏ်တို့သို့၊ ဥပဂတာနံ– ကပ်ရောက်သော ပုဂ္ဂိုလ်တို့၏၊ တေ–ထို သမဏဗြာဟ္မဏတို့သည်၊ ဒိဋ္ဌဓမ္မနိဗ္ဗာနသမ္ပတ္တိ -ဒိဋ္ဌဓမ္မနိဗ္ဗာန်၏ပြည့်စုံခြင်းကို၊ ဝါ--ဒိဋ္ဌဓမ္မနိဗ္ဗာန် စည်းစိမ်ကို၊ ပညပေန္တိ–ပညတ်ကြကုန်၏။ [“ ပရမဒိဋ္ဌဓမ္မနိဗ္ဗာန်”ဟု အလွန်အပိုင်းအခြား အနက်ဟော ပရမသဒ္ဒါဖြင့် ဆိုသောကြောင့် လူတို့၌အမြင့်ဆုံး, နတ်တို့၌ အမြင့်ဆုံးကာမဂုဏ်ကို ပုံစံထုတ်ပြသည် ဟု မှတ်ပါ။]

ဒုတိယဝါရေ-၌၊(အတ္ထော ဝံ ဝေဒိတဗ္ဗော)၊ ဟုတ္ဝာ- ဖြစ်ပြီး၍၊ အဘာဝဋ္ဌေန–ထင်ရှား မရှိခြင်းဟူသော အနက်သဘောကြောင့်၊ အနိစ္စာ (ဣတိ) – အနိစ္စတို့ဟူ၍၊ (ဝေဒိတဗ္ဗာ-န်၏၊) ပဋိပီဠနဋ္ဌေန - ရန်သူတို့သည် အဖန်ဖန်

× × × × × × ×

အထဝါ။ ။ဤနည်း၌ကား“ပရိ ဥပသာရကြောင့် စရဓာတ်သည် ကိဋ္ဌာ အနက်ဟော” ဟု ပြ၏၊ စာ၌ ဝုဒ္ဓိကား စုရာဒိ ဏေပစ္စည်းကြောင့်တည်း၊ အခြားအဋ္ဌကထာတို့၌“လဋ္ဌတိ,ဥပလဋ္ဌတိ”ဟု ရှိ၏၊ ဤ၌“လဋ္ဌတိ,ပလဋ္ဌတိ”ဟု ရှိဟန်တူ၏၊ ထို့ကြောင့် ဋီကာသစ်၌ “ပလဋ္ဌတိတိ ပကာရေဟိ လဋ္ဌတိ , ဝိလာသံ ကရောတိတိ အတ္ထော ” ဟု တွေ့ရသည်“ဝိလာသံ”ကား လဋ္ဌဓာတ်၏ အနက်တည်း။

ဟုတ္ဝာ အဘာဝဋ္ဌေန။ ။ “ ဟုတ္ဝာ အဘာဝ ” ဟူရာ၌ ကာမတို့၏ တဘဝ်၌ဖြစ်ခြင်းကို “ ဟုတ္ဝာ ” ဟုဂုဏ်း, ထိုသို့ ဖြစ်ပြီး၍ ပျက်စီးကြခြင်း ကုန်ပျောက်ကြခြင်းကို “အဘာဝ” ဟုဂုဏ်း ဆိုသည်၊ အဘိဓမ္မာသဘောအားဖြင့် ဥပါဒ်ခြင်းဟူသော ဟုတ္ဝာနှင့် ဘင်ခဏ၌ ပျက်ခြင်းဟူသော အဘာဝကိုကား ထိုတိတ္ထိဆရာတို့ မသိနိုင်ကြပါ။

ပဋိပီဠနဋ္ဌေန။ ။ဒုက္ခလက္ခဏာကို ပြရာ၌ “ဥဒယဗ္ဗယပဋိပီဠနဋ္ဌေန”ဟု ပြလေ့ရှိသော်လည်း ထို ဥဒယ+ဝယကို တိတ္ထိဆရာတို့ မသိနိုင်ကြသောကြောင့် ဥဒယဝယကို မထည့်ဘဲ“ပဋိပီဠနဋ္ဌေန”ဟုသာ ဆိုသည်၊ ထို ပီဠန ဟူသည်လည်း ကာမတို့၏ ရေမီးသူခိုး ရန်သူအမျိုးမျိုး အန္ဒိဝ်စက် အဖျက်ဆီး ခံရခြင်းတည်း။

နှိပ်စက်အပ်ကုန်သည်၏အဖြစ်ဟူသော အနက်သဘောကြောင့်၊ ဒုက္ခာ(ဣတိ, ဝေဒိတဗ္ဗာ)၊ပကတိဝိဇဟနဋ္ဌေန-ပင်ကိုယ် သဘောကို စွန့်ခြင်းဟူသော အနက်သဘောကြောင့်၊ ဝိပရိဏာမဓမ္မာတိ - ဖေါက်ပြန်ခြင်း သဘောရှိကုန်၏ ဟူ၍၊ ဝေဒိတဗ္ဗာ၊ တေသံ၊ပေ၊ ဘာဝါတိ - ကား၊ တေသံ ကာမာနံ - ထို ကာမတို့၏၊ ဝိပရိဏာမသဒ်ါတာ – ဖေါက်ပြန်ခြင်း ဟု ဆိုအပ်သော၊ အညထာဘာဝါ – ပင်ကိုယ် သဘောမှ တပါးသော အပြားအားဖြင့် ဖြစ်ခြင်းကြောင့်။ [အညထာဘာဝါတိ ကာရဏော နိသက္ကဝစနံ၊-ဋီကာသစ်။] မေ-ငါ၏၊ ယမ္ပိ-အကြင်ဝတ္ထု သည်လည်း၊ အဇဟာသိ-ရှိခဲ့ဘူးပြီ၊ မေ-ငါ၏၊ တမ္ပိ-ထိုဝတ္ထုသည်လည်း၊ နတ္ထိ-ယခု မရှိတော့၊ ဣတိ-သို့၊ ဝုတ္တနယေန – ဟောတော်မူအပ်သောနည်းဖြင့်(ထိုထိုသုတ်ပုဒ်တို့၌ ဟောတော်မူအပ်သော နည်းဖြင့်)၊ သောက ၊ပေ၊ ပါယာသာ-သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့သည်၊ ဥပ္ပဇ္ဇန္တိ – နှ၏။

တတ္ထ– ထို သောက စသည်တို့တွင်၊ သောကော - သောကသည်၊ အန္ဓော နိဇ္ဈာယနလက္ခဏော-အတွင်းစိတ်၌ လောင်ခြင်းလက္ခဏာရှိ၏၊ ပရိဒေဝေါ– သည်၊ တန္နိဿိတလာလပ္ပနလက္ခဏော-ထိုသောကကိုမှီသော ပြင်းစွာပြောဆို

× × × × × × ×

ပကတိ ဝိဇဟနဋ္ဌေန။ ။ဗုဒ္ဓရှင်တော်၏ ဝါဒကို ပြရာ၌ အနိစ္စ ဒုက္ခဟု ပြပြီးလျှင် အနတ္တကို ပြမြဲဖြစ်သော်လည်း တိတ္ထိဝါဒကို ပြရာ၌ကား ထို ဆရာတို့က "အနတ္တ"ဟု မယူကြသောကြောင့် "အနတ္တ"ဟု မပြတော့ဘဲ "ဝိပရိဏာမ ဓမ္မာ" ဟု ဆိုသည်၊ ဗုဒ္ဓအလိုတော်အားဖြင့် "ဝိပရိဏာမ" ဟု ဆိုလျှင် ဇရာအားဖြင့်ရင်း မရဏအားဖြင့်ရင်း ဖေါက်ပြန်ခြင်းတည်း၊ ဤ၌ကား ကာမတို့၏ ဇရာမရဏကို တိတ္ထိဆရာတို့ မသိနိုင်သောကြောင့် သူတို့ သိနိုင်လောက်သော ပကတိဝိဇဟနဋ္ဌကိုသာ ပြရသည်၊ ရူပါရုံတို့၏ လှပသော အဆင်းကိုစွန့်၍ အိုမင်းရခြင်း စသည်ကို "ပကတိဝိဇဟန" ဟု ဆိုလိုသည်။

အန္ဓော နိဇ္ဈာယန။ ။ ဈေးဝယ်သည် လောင်ခြင်း ဒဟန အနက်ကို ဟော၏၊ သောကဖြစ်သောအခါ အတွင်း၌ ပူလောင်နေခြင်းသည် (ဆီချက်သောအခါ လှိုင်၍ဝေ၍ မတက်သေးဘဲ အိုးအတွင်း၌ ကျက်နေသကဲ့သို့ ဖြစ်ခြင်းသည်) သောက၏ လက္ခဏာတည်း၊ ထို့ကြောင့် သောကကို "ဝမ်းနဲခြင်း သဘော" ဟု မှတ်ပါ။

မှတ်ချက်။ ။"သောက- စိုးရိမ်ခြင်း" ဟု မြန်မာပြန်ကြ၏၊ "စိုးရိမ်" ဟူသည် တစုံတခု ဖြစ်စရာရှိသော ဘေးကို တင်ကြို၍ တွေးကာ စိတ်ပူခြင်းတည်း၊ "သောက" ကား ဉာတိဗျသန စသည်နှင့် တွေ့ဆဲ တွေ့ပြီးဖြစ်၍ စိတ်ထည်း၌ ဆွေးခြင်းသာတည်း၊ ထိုသို့ ပူဆွေးမှုကို "ဝမ်းနည်းခြင်း" ဟုသာ မြန်မာပြန်သင့်ပါသည်။ [ဉာတိ ၊ပေ၊ ဗျသနေဟိ ဖုट္ဌဿ (တွေ့ထိအပ် နှိပ်စက်အပ်သူ၏) စေတသော အန္ဓော အန္ဓန်၏ နိဇ္ဈာယန် (ပူလောင်ခြင်း) သောစန် အန္ဓောနိဇ္ဈာယနံ၊–ဋီကာ။]

တန္နိဿိတလာလပ္ပန။ ။ သောကကို အရင်းခံ၍(စိတ်ထဲ၌ မချုပ်တည်းနိုင်ဘဲ) အပြင်သို့ ထွက်လာသော (ဆီကျက်သောအခါ အတော်ကြာ၍ အကျက် အဘူးကြီးလာလျှင် ဝေ၍ လှိုင် ဘက်လာသည်နှင့် တူသော) ငိုသံသည် ပရိဒေဝမည်၏၊ လာလပ္ပန၌

ခြင်း လက္ခဏာရှိ၏၊ ဒုက္ခံ-သည်၊ ကာယပ္ပဋိ ပီဠနလက္ခဏံ– ကာယပသာဒဒွှ မှိသော ကာယဝိညာဉ်ကို နှိပ်စက်ခြင်းလက္ခဏာရှိ၏၊(တနည်း)ကာယပသာဒ ကို နှိပ်စက်ခြင်း လက္ခဏာရှိ၏၊(တနည်း)ခန္ဓာကိုယ်ကိုနှိပ်စက်ခြင်း လက္ခဏာ ရှိ၏၊ ဒေါမနဿံ-သည် မနောဝိယာတလက္ခဏံ-စိတ်ကိုညှဉ်းဆဲခြင်းလက္ခဏာ ရှိ၏၊ ဥပါယာသော - ဆည်၊ ဝိသာဒလက္ခဏော - မကြည်လင် မရှင်ပျခြင်း လက္ခဏာရှိ၏၊ ဝိဝိစ္ဆေဝ ကာမေဟိတိ အာဒီနံ-ဝိဝိစ္ဆေဝ ကာမေဟိအစရှိသော ပုဒ်တို့၏၊ အတ္ထော- အနက်ကို၊ ဝိသုဒ္ဓိမဂ္ဂေ- ဝိသုဒ္ဓိမဂ်၌၊ (မယာ)၊ ဝုတ္တော– ဆိုအပ်ပြီ။

× × × × × × ×

လပဓာတ် ယုပစ္စည်းဖြင့် "လပန" ဟု ပြီး၏၊ လကို ဒ္ဝေါဘော်ပြု၍ ဒီဃပြုသောအခါ "လာလပန"ဟု ဖြစ်၏၊ ပဓဒ္ဝေါဘော်ပြု၍"လာလပ္ပန"ဟု စာအုပ်တို့၌ ရှိ၏၊ ပုဒ်ရင်းမှာ "လာလပန"သာတည်း၊"လာလ"ဟု အသံတူ ၂ လုံးဖြစ်သောကြောင့်"ဘုသလပန-ပ္ပြင်းစွာ ပြောဆိုခြင်း (ငိုခြင်း) " အနက်ကို ဟောအပ်၏။ [လပတိ ဧတေနာတိ လပနံ– ပြောဆိုကြောင်းဖြစ်သော အသံ၊ ဝါ- ငိုသံ၊ ဘုသံ+လပနံ လာလပ္ပနံ၊ တံ– ထိုသောက ကို+နိသိတံ တန္နိဿိတံ၊ တန္နိဿိတဒ္ဓု+တံ+လာလပ္ပနဒ္ဓုတိ တန္နိဿိတလာလပ္ပနံ။]

ကာယပ္ပဋိပီဠနာ။ ။"ဒုက္ခ"ဟူသည် ကာယဝိညာဉ်၌ဖြစ်သော ဝေဒနာတည်း၊ ထိုဝေဒနာသည် ယှဉ်ဘက်ကာယဝိညာဉ်စိတ်ကို ပဋမနှိပ်စက်၏၊ထို့ကြောင့်"ကာယ" ဖြင့် ကာယပသာဒ၌ မှိသော ကာယဝိညာဉ်စိတ်ကို ဌာနူပစာရအားဖြင့် ယူစေလိုသော ကြောင့်"ပသာဒသင်္ခါတေ ကာယေ နိသိတသ ဒုက္ခသဟဂတ ကာယဝိညာဏဿ+ ပဋိပီဠနံ ကာယပ္ပဋိပီဠနံ"ဟု ဋီကာသစ်၌ ပဋမနည်း ဖွင့်၏။

တနည်း။ ။"ကာယ" အရ ကာယပသာဒကိုပင် ယူ၍ "သသမ္ဘာရကထာ– ကာယဝိညာဉ်၏ အဒ္ဓေဆောက်အဦးဖြစ်မသာ ကာယပသာဒကဲ့သို့သော စကား" ဟု တနည်းဖွင့်၏၊ ဥပမာ – မြှားဖြင့် ဖေါက်ထွင်းရာ၌ မြှား၏ အဆောက်အဦးဖြစ်သော လေးကို နာမည်ပြထားသကဲ့သို့တည်း။ [သသမ္ဘာရကထံ ဝါ တေံ၊ ယထာ – မံသုနာ ဝိဒ္ဓါတိတိ။] တနည်း– "ကာယ" အရ ရူပကာယ (ခန္ဓာကိုယ်) ကိုယူ၍ "ရူပကာယကို နှိပ်စက်ခြင်း" ဟု ဖွင့်သေး၏၊ မှန်၏ - ကာယိကဒုက္ခဝေဒနာ ဖြစ်ပြီးနောက် ရူပကာယ လည်း ညှိုးနွမ်းတတ်ရကား ထိုဒုက္ခသည် ခန္ဓာကိုယ်ကိုလည်း နှိပ်စက်ရာရောက်၏။

ဝိသာဒလက္ခဏော။ ။ဥပါယာသ၌ ဥပသဒ္ဒါသည် "ဘုသ" အနက်ကိုဟော၏၊ ဘုံသော–လွန်ကဲပြင်းပြသော+အာယာသော–ပင်ပန်းခြင်းတည်း၊ ဥပါယာသော-ခြင်း၊ ဤတိဗျသန စသည်တို့ တွေထိအပ် နှိပ်စက်အပ်သူ၏ (အိုးတွင်း၌ကျက်သော ဆီသည် ဝေလုံ့၍တက်ပြီးမှ ကြွင်းကျန်သမျှ ခန်းသွားလေ့အောင် အကျက်ကြိုး ကျက်သကဲ့သို့) ငိုသံမျှပင် မထွက်နိုင်တော့ဘဲ မျောမွေ့ (တက်) သွားလောက်အောင် ပူဆွေးခြင်းသည် ဥပါယာသ မည်၏၊ ထို ဥပါယာသကို "ဝိသာဒလက္ခဏာရှိ၏"ဟု ဆိုသည်၊ ဝိသာဒကို "အပသန္နာကာရ – မကြည်လင်သော အခြင်းအရာ" ဟု ဋီကာတို့ဖွင့်ကြ၏။ [သာဒနံ ပသာဒနံ- ကြည်လင်ခြင်း၊ သာဒေါ- ခြင်း၊ သာဒတော+ဝိဂမနံ ဝိသာဒေါ–ကြည်လင် ခြင်းမှ ကင်းခြင်း၊ ဝါ- မကြည်လင်ခြင်း။]

ဝိတက္ကိတန္တိ-ကား၊ အဘိနိရောပနဝသေန-စိတ်ကို အာရုံသို့ ရှေးရှုတင်ခြင်း၏အစွမ်းဖြင့်၊ ပဝတ္တော- ဖြစ်သော၊ ဝိတက္ကော- ဝိတက်သည်၊ (အတ္ထိ)၊ ဝိစာရိတန္တိ-ကား၊ အနုမဇ္ဇနဝသေန-အာရုံကို အဖန်ဖန် ပွတ်တိုက်ခြင်း၏အစွမ်းဖြင့်၊ ပဝတ္တော – သော၊ ဝိစာရော – ဝိစာရသည်၊ (အတ္ထိ)၊ ဧတေနေတန္တိ - ကား၊ ဧတေန ဝိတက္ကိတေနစ-ဤ ဝိတက်ဖြင့်၎င်း၊ ဝါ-ကြောင့်၎င်း၊ (ဧတေန) ဝိစာရိတေနစ-ဤ ဝိစာရဖြင့်၎င်း၊ ဝါ-ကြောင့်၎င်း၊ တံ ပဌမဇ္ဈာနံ- ဤ ပဌမစျာန်သည်၊ သြဠာရိကံ(ဝိယ)-ကြမ်းတန်းသကဲ့သို့၎င်း၊ သကဏ္ဋကံဝိယ-ဆူးရှိသကဲ့သို့၎င်း၊ ခါယတိ- ထင်ရ၏။ [ပါဠိတော်၌ "အက္ခာယတိ" ဟု ရှိ၏။]

ဝိတိဂတန္တိ -ကား၊ ဝိတိယေဝ - ဝိတိပင်တည်း၊ [" ဂတအတ္ထက် အနက်သီးခြားမရှိ" ဟု ပြသည်။] စေတသော ဥပ္ပိလာဝိတတ္တံတိ-ကား၊ စိတ္တသ-စိတ်၏၊ ဥပ္ပိလဘာဝကရဏံ - ပေါ်လွင်သည်၏အဖြစ်ကို ပြုတတ်သော၊ ("ဝိတိဂတံ– ဝိတိသည်" ဟု ထည့်စပ်)၊ စေတသော အာဘောဂေါတိ-ကား၊ စျာနာ-တတိယစျာန်မှ၊ ဝုဋ္ဌာယ - ထ၍၊ တသ္မိံ သုခေ – ထို တတိယစျာန်ချမ်းသာ၌၊ ["တဟိံ သုခေ" ဟုလည်း ရှိ၏၊] ပုနပ္ပုနံ-အဖန်ဖန်၊ စိတ္တသ-စိတ်ကို၊ (သမန္နာဟာရော

× × × × × × ×

ဝိတက္ကိတံ။ ။ဝိပုဗ္ဗ တက္ကဲဒံဝတ် , တ ပစ္စည်းသည် ဘော အနက်ကိုဟောသော ကြောင့် ကြံစည်ခြင်းသဘောဖြစ်သော ဝိတက်ကိုပင် အရကောက်ရ၏၊ ထို့ကြောင့် "အဘိနိရောပန၊ပေ၊ဝိတက္ကော" ဟု ဖွင့်သည်၊ "အဘိနိရောပန" ၏ အဓိပ္ပါယ်ကို အဘိဓမ္မာ အဖွင့်များကြည့်၍ သိပါ။ [ဝိတက္ကနံ ဝိတက္ကိတံ၊ တံ ပန အဘိနိဓာရောပနသဘာဝေါ ဝိတက္ကောယေဝါတိ အာဟ– အဘိ၊ပေ၊ဝိတက္ကောတိ၊ သေနယော ဝိစာရိတန္တိ ဤဘော ဝိ၊–ဋီကာ။]

ဧတေန၊ပေ၊ခါယတိ ။ ။ဧတ္ထေနာတိ ဝိတက္ကဝိစာရေ ပရာမသိတ္ဝာ ကရဏာနိဒ္ဒေသော၊ ဟေတု နိဒ္ဒေသော၀ါ၊ – ဋီကာသစ်၊ အတ္ထတက္က ယုဉ်ရကား သဟစရဏာဖြစ်မှုကိုရည်ရွယ်၍"ကရဏာ"ဟုဂင်း, သဟစရဏာဖြစ်သော်လည်း သြဠာရိကဖြစ်ခြင်း၏ အကြောင်းကိုရည်ရွယ်၍ "ဟေတု" ဟုဂင်း ၂ မျိုးဖွင့်သည်။

သြဠာရိကံ, သကဏ္ဋကံ ။ ။ ကြံစည်တတ် သုံးသပ်တတ်သော ဝိတက် , ဝိစာရ ၂ ပါးစုံသည် စိတ်ကို မငြိမ်မသက် လှုပ်လှက် ချောက်ချားအောင် ပြုတတ်၏၊ ထို့ကြောင့် ထို ၂ ပါးနှင့်ယှဉ်နေရသော ပဌမစျာန်စိတ်သည် အထက်စျာန်များလောက် မနူးညံ့ရကား ကြမ်းတန်းသကဲ့သို့ ဖြစ်၏၊ လောကဌ် ကြမ်းတန်းသော အရာသည် ဆူးထ၍ နေ၏၊ ထို့ကြောင့် ကြမ်းတန်းပုံသရုပ်ဖေါ်အောင် "သကဏ္ဋကံ" ဟု ထပ်ဆင့်သည်။

ဥပ္ပိလာဝိတတ္တံ။ ။ဥပ္ပိလာဝိတသ+ဘာဝေါ ဥပ္ပိလာဝိတတ္တံ၊ ဥပ္ပိလာဝိတပုဒ်၏ အနက်ကို "မမံ ဝါ ဘိက္ခဝေ ပရေ ဝဏ္ဏံ ဘာသေယျု" ဟူသော နိဒါန်းဌ ပြခဲ့ပြီ၊ ဝိတိဖြစ်လျှင် စိတ်သည် ဥပ္ပိလာဝိတ – ဗူးတောင်းအသွင် ပေါ်လွင် တက်ကြ၏၊ ထို့ကြောင့် ဝိတိကို ဥပ္ပိလဘာဝကိုပြုတတ်သော "ဥပ္ပိလဘာဝကရဏာ" တရားဟု ဆိုသည်။ [ဝိတိဂတံကို ငဲ့၍ "ကရဏံ" ဟု နပုလ္လိန်ထားသည်။]

ဦ့စပ်)၊ ဝါ-စိတ်၏၊ အာဘောဂေါ–နှလုံးသွင်းခြင်းသည်၊ မနသိကာရော-နှလုံးသွင်းခြင်းသည်၊ သမန္နာဟာရော– ကောင်းစွာ အစဉ်အတိုင်း အာရုံသို့ ဆောင်ခြင်းသည်၊ ဝါ – ကောင်းစွာအဖန်ဖန် အာရုံသို့ဆောင်ခြင်းသည်၊ (ဟောတိ)၊ ဣတိ – အပြီးတည်း၊ ဣတ္ထေ (ဒိဋ္ဌမမ္မ နိဗ္ဗာနဝါဒေ) - ဤ ဒိဋ္ဌမမ္မ နိဗ္ဗာနဝါဒဉ်၊ သေသံ- ကြွင်းသောပုဒ်အပေါင်းသည်၊ ဥတ္တာနမေဝ - သည်သာ။

တ္ထောဝတာ-ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့်၊ သဗ္ဗာပိ-အလုံးစုံလည်းဖြစ်ကုန်သော၊ ဒွါသဋ္ဌိ-၆၂ ပါးသော၊ ဒိဋ္ဌိယော-မိစ္ဆာအယူတို့သည်၊ ဝါ– တို့ကို၊ ကထိတာ – ဟောတော်မူအပ်ပြီးကုန်သည်၊ ဟောန္တိ၊ ယာသံ-ယင်း ၆၂ ပါးသော မိစ္ဆာအယူတို့တွင်၊ သတ္တော– ခုနစ်ပါးသော မိစ္ဆာအယူတို့သည်သာ၊ ဥစ္ဆေဒဒိဋ္ဌိယော - ဥစ္ဆေဒဒိဋ္ဌိတို့သည်၊ (ဟောန္တိ)၊ သေသာ– ကြွင်းသော ၅၅ ပါးသော မိစ္ဆာအယူတို့သည်၊ သဿတဒိဋ္ဌိယော-သဿတဒိဋ္ဌိတို့သည်၊ (ဟောန္တိ)။

× × × × × × × ×

အာဘောဂေါ၊ပေ၊ဟာရော။ ။ "အာဘောဂေါ ပုဏ္ဏာတာဝဇ္ဇေသု" ဟု အာဘိဓာန်(၁၀၈၃)လာ အနက်ဘို့ထွင် ပုဏ္ဏအနက်ကို ယူမည်စိုး၍ "ဓနသိကာရော" ဟု ဖွင့်၏၊ " မနသိကာရ " အရလည်း မနသိကာရစေတသိက်ကို ယူမည်စိုး၍ " သမန္နာဟာရော" ဟု ဖွင့်သည်။ [သမန္နာဟာရောကို " သံ+အနု+အာဟာရော " ဟု ခွဲ၊ သံကို "သမ္မာ" ဟုဂင်း, အနုကို "အနုက္ကမေန" တနည်း "ပုနပ္ပုနံ" ဟုဂင်း, အာဟာရောကို " အာရမဏသ အာဟာရော " ဟုဂင်း ဋီကာသစ်ဖွင့်၏၊ ဆိုလိုရင်းမှာ– " ထိုသုခကို စိတ်က အထပ်ထပ် အာရုံပြုခြင်း" ဟု ဆိုလိုသည်။

အဋ္ဌကထာမှ တနည်း။ ။ အာဘောဂေါတိ ဝါ စိတ္တသ အာဘုဂ္ဂဘာဝေါ၊ အာရမဏော သြနတဘာဝေါတိ အတ္ထော၊ စိတ်၏အာရုံ၌ ညွတ်ခြင်းကို "အာဘောဂ–ရွေးရွ ခံစားလိုခြင်း" ဟု ခေါ်၏၊ အကြင်အာရုံကို အာရုံပြု၍ သုခရှိလျင် ထိုသုခကြောင့် ထိုအာရုံသို့ စိတ်သည် ညွတ်နေတတ်၏၊ ဒုက္ခဖြစ်စေသော အာရုံမှကား (မညွတ်သည့် အပြင်) ခွဲခွါလို၏၊ ဥပေက္ခာဖြစ်စရာ အာရုံသို့ကား ညွတ်လည်းမညွတ်, ခွဲလည်းမခွဲလို။

သေသမေတ္ထ။ ။ [တ္ထေ၏နောက်၌ "ဒိဋ္ဌမမ္မ နိဗ္ဗာနဝါဒေ" ဟု တွေ့ရ၏၊ နိဿယအနက်ပေးရာမှ ယူထားဟန်တူသည်။] ဤဝါဒ၌ သံသာရဒုက္ခ၏ ငြိမ်းအေးခြင်းကို ဖြေဆိုကြပုံကိုဂင်း, အတ္တတခုတည်းသည်ပင် ဒိဋ္ဌမမ္မနိဗ္ဗာန် ၅ မျိုးရနိုင်ပုံကိုဂင်း, ဒိဋ္ဌမ်မနိဗ္ဗာနဝါဒ၏ သဿတဒိဋ္ဌိ သွင်းယူရပုံကိုဂင်း ဋီကာတို့၌ ရှုကြပါလေ။

ယာသံ၊ပေ၊သေသာ။ ။ယာသံကို အနိယမဝါစကဟု ယူ၍ "ဇ္ဈမာ" ဟု ထည့်ပြီးလျှင် (ဇ္ဈမာ) ဒွါသဋ္ဌိဒိဋ္ဌိယောကို နိယမဝါစကဟု ယူသောနည်းလည်းရှိ၏၊ ထိုနည်း၌ "ယာသံ" စသောဝါကျကို ရှေးဦးစွာ အနက်ပေး၍ သဗ္ဗာပိ စသောဝါကျကို နောက်မှ အနက်ပေးရ၏၊ ယာသံကို "နိယတကို မငဲ့သော" သဒ္ဒါဟု ယူ၍ အစဉ်အတိုင်း အနက်ပေးရသောနည်းလည်းရှိ၏၊ ဤသို့ ဋီကာသစ်၌ ၂ နည်းဖွင့်ထား၏၊ ဤနိဿယ၌ နောက်နည်းကိုသာ ပေးထားသည်၊ ဤအဓိပ္ပါယ်မျိုးကို "ယံ သန္ဓာယ ဝုတ္တံ" ဟု ရှိရာ၌လည်း သုံးစွဲနိုင်၏။ [သေသာအရ ကြွင်းသော ၅၅ ပါးကို ပါဋိတော်၌ ကြည့်ပါ။]

ဇာဒါနိ-ယခုအခါ၌၊ (၄၄ ပါးသော အပရန္တကပဲ့ အယူရှိသူတို့ကို ပြပြီးရာယခုအခါ၌)၊ ဇာမေဟိ၊ပေ၊ဘိက္ခဝေတိ—အစရှိသော၊ ဇာမိနာဝါဒရန-ဤဝါဒရဖြင့်၊ သဗ္ဗေဝိ-အလုံးစုံလည်းဖြစ်ကုန်သော၊ တေ အပရန္တကပွဲကေ-ထို အပရန္တကပွဲကသမဏ ဗြာဟ္မဏတို့ကို၊ ကေဇ္ဈ—တပေါင်းတည်း၊ နိယျာတေတွာ-နိဂုံးအုပ်တော်မူ၍၊ သဗ္ဗညုတညာဏံ-သမ္မညုတာဉာဏ်တော်ကို၊ ဝိသဇ္ဇေတိ – ဖြေတော်မူ၏၊ ပုန-တဖန်၊ ဇာမေဟိ၊ပေ၊ဘိက္ခဝေတိ အာဒိနာ-အစရှိသော၊ ဝါရေ

× × × × × × ×

ဇာဒါနိ၊ပေ၊ အပရန္တကပွဲကေ ကေဇ္ဈံ။ ။ “ဇာဒါနိ၊ပေ၊ဝိသဇ္ဇေတိ၊ ပုန၊ပေ၊ဝိသဇ္ဇေတိ ” ပါဠိတို့ဖြင့် ပါဠိတော်လာ နိဂုံး ၂ ရပ်၏ ထူးခြားပုံကိုပြသည်၊ ပဌမနိဂုံးသည် အပရန္တကပွဲကဓ်၏ နိဂုံးတည်း၊ ဒုတိယနိဂုံးကား ပုဗ္ဗန္တကပွဲကဓ်၏ အပရန္တကပွဲက ပုဗ္ဗန္တာပရန္တကပွဲက ၃ မျိုးလုံး၏ နိဂုံးတည်း၊ ဤသို့ထူးသည်—ဟူလို၊ ဇာဒါနိကို ဝိသဇ္ဇေတိ ၂ ပုဒ်၌ စပ်ပါ။

အမှာ။ ။“အပရန္တကပွဲကေ” နေရာ၌ ရှေးစာအုပ်များဝယ် “ပုဗ္ဗန္တကပွဲကေ” ဟု တွေ့ရ၏၊ ပါဠိတော်၌ အပရန္တကပွဲကတို့ကို နိဂုံးအုပ်သောဝါကျဖြစ်၍ “ အပရန္တကပွဲကေ ” ဟုသာ ရှိသင့်ပါသည်၊ ပါဠိတော်ကြည့်ပါ၊ “ ကေဇ္ဈံ ” သည် ကေနောင် ဝိဘာဂအနက်၌ ဇ္ဈာပစ္စည်းသက်ထားသော အဗျယတဒ္ဓိတ်ပုဒ်တည်း၊ အံ ဝိဘတ်ကား ကြိယာဝိသေသန အနက်ဟောတည်း၊ ဋီကာသစ်၌ “ ကေဇ္ဈံတိ ရာသိကရဏတ္ထေ နိပါတော”ဟု တနည်းဖွင့်သေး၏။

ပုန ဇာမေဟိ။ ။“ဇာမေဟိ ခေါ တေ ဘိက္ခဝေ”ချင်း တူသောကြောင့် “ပုန ” ဟု ဆိုသည်၊ “ ပုဗ္ဗန္တာပရန္တကပွဲကေ ”နေရာဝယ် “ အပရန္တကပွဲကေ, ပုဗ္ဗန္တာပရန္တကပွဲကေစ”ဟု ရှေးမူရှိ၏၊ ဋီကာတို့၌“သာမညနိဒ္ဒေသေန ကေသေသနယေန ဝါ ”ဟု ဆိုသောကြောင့် “ ပုဗ္ဗန္တကပွဲကာစ + အပရန္တကပွဲကာစ + ပုဗ္ဗန္တာပရန္တကပွဲကာစ ပုဗ္ဗန္တာပရန္တကပွဲကာ ” ဟု ကေဒေသသရူပေကသေသ ပြုထားကြောင်း သိသာ၏၊ ထိုသို့ ကေသေသ်ပြုလျှင် အပရန္တကပွဲကပုဒ်လည်း ပါဝင်နိုင်ရကား“အပရန္တကပွဲကေ” ဟု သီးခြားမရှိသောပါဠိသာ ကောင်း၏–ဟု ထင်သည်၊ ပါဠိတော်၌လည်း ဤနေရာဝယ်“ပုဗ္ဗန္တာပရန္တာနုဒိဋ္ဌေနာ, ပုဗ္ဗန္တာပရန္တံ”တို့၌လည်း ၃ ပုဒ်လုံးကိုပင် ကေသေသ်ပြုထားသည်ကို တွေ့ရ၏။

ဇာမေ, ဇာမေဟိ။ ။ ဤနိဂုံးဝါကျတို့၌ ရှေးရိုက်အဋ္ဌကထာ စာအုပ်များဝယ် “ဇာမေ ခေါ တေ”ဟု တွေ့ရ၏၊ နောက်ပြင် အဋ္ဌကထာစာအုပ်များ၌ကား “ဇာမေဟိ” ဟု ရှိ၏၊ ထိုတွင် နောက်လာမည့် “ဝတ္ထူဟိ”နှင့် တွဲရမည်ဖြစ်၍“ဇာမေဟိ”ဟု ရှိသော ပါဠိသာ အမှန်တည်း၊ “ ကတမေစ တေ ”ကို ဖြေသောဝါကျမှာ “ ဇာမေ ခေါ တေ ဘိက္ခဝေ ဓမ္မာ ဂန္ဓိရာ”စသည်ဖြင့် နောက်၌ သီးခြားလာပါလိမ့်မည်။

ပုဗ္ဗန္တာပရန္တကပွဲက ။ ။ ပါဠိတော်၌ ပုဗ္ဗန္တကပွဲကအတွက် တဆဲ့ရှစ်ပါး, အပရန္တကပွဲကအတွက် လေးဆဲ့လေးပါး, ဤသို့ ၆၂ ပါးသော မိန္ဆာအယူတို့ကို ပြတော်မူ၏၊ ပုဗ္ဗန္တာပရန္တကပွဲကအတွက် သီးခြားပြတော် မမူ၊ သို့ပါလျက် “ ဇာမေဟိ

နု – ဝါရဖြင့်၊ သဗ္ဗေပိ – အလုံးစုံလည်းဖြစ်ကုန်သော၊ တေ ပုဗ္ဗန္တာ ပရန္တကပ္ပိ ကေ– ထို ပုဗ္ဗန္တာပရန္တကပ္ပိက သမဏဗြာဟ္မဏတို့ကို၊ ဝါ– ထို ပုဗ္ဗန္တကပ္ပိက, အပရန္တကပ္ပိက , ပုဗ္ဗန္တာပရန္တကပ္ပိက သမဏဗြာဟ္မဏတို့ကို၊ ကေစ္စံ - တည်း၊ နိယျာတေတ္ထာ-မူ၍၊ တဒေဝဉာဏံ– ထို သဗ္ဗညုတာဉာဏ်တော်ကိုပင်၊ ဝိသဇ္ဇေတိ– မူ၏။

ဣတိ- ဤသို့လျှင်၊ ကတမေစ၊ ပေ ၊ ဓမ္မာတိ အာဒိမှိ- ကတမေစ၊ပေ၊ ဓမ္မာ အစရှိသောပါဠိ၌၊ ပုစ္ဆမာနောဝိ- မေးတော်မူသော်လည်း၊ (မေးတော်မူတုန်းကလည်း)၊ သဗ္ဗညုတညာဏမေဝ - သဗ္ဗညုတာဉာဏ်တော်ကိုပင်၊ ပုစ္ဆိတ္ထာ– မေးတော်မူပြီး၍၊ ဝိသဇ္ဇမာနောဝိ – ဖြေတော်မူပြန် သော်လည်း၊ သတ္ထာနံ– သတ္ထာတို့၏၊ အဇ္ဈာသယံ-အဇ္ဈာသယကို၊ ဝါ-သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိဟူသော အလိုကို၊ တုလာယ- ချိန်ခွင်ဖြင့်၊ တုလယန္တောဝိယ– ချိန်တော်မူသကဲ့သို့ပင်။ သိနေရုပါဒတော – မြင့်မိုရ်တောင်ခြေမှ၊ ဝါလုကံ - သဲကို၊ ဥဒ္ဓရန္တောဝိယ–

× × × × × × ×

ခေါ တေ ဘိက္ခဝေ''စသော ပါဠိတော် ဒုတိယနိဂုံးဝါကျ၌ "ပုဗ္ဗန္တကပ္ပိကာစ, အပရန္တကပ္ပိကာစ, ပုဗ္ဗန္တာပရန္တကပ္ပိကာစ''ဟု ၃ မျိုးခွဲ၍ ပုဗ္ဗန္တာပရန္တကပ္ပိကတို့ကို ထည့်ရပါသနည်း–ဟု မေးဘွယ်ရှိ၏။

အဖြေကား။ ။ပါဠိတော်၌ ပုဗ္ဗန္တကပ္ပိကတို့ကိုဂျင်း, အပရန္တကပ္ပိကတို့ကိုဂျင်း အကျယ်ဟောတော်မူလိုက်လျှင် ပုဗ္ဗန္တအပရန္တ ၂ မျိုးလုံးရှိသော "မဇ္ဈန္တ"ကိုလည်း ဟောတော်မူပြီးဖြစ်၏၊ ထို မဇ္ဈန္တဟူသည် ပစ္စုပ္ပန်အတ္တဓာဘာ (ပစ္စုပ္ပန်ဘဝ)တည်း၊ ထို ပစ္စုပ္ပန်ဘဝကို ကြုံဆခြင်းရှိသူတို့သည် ဤဘဝအတွက် လွန်ပြီးအတ္တနှင့် လာလတ္တံ့အတ္တ ၂ မျိုးလုံးကိုပင် အန္တာနန္တိက ဟုဂျင်း, ဒိဋ္ဌဓမ္မနိဗ္ဗာန ဟုဂျင်း ယူဆသူတို့တည်း။ [က ပန တေ ပုဗ္ဗန္တာပရန္တကပ္ပိကာတိ၊ ယေ အန္တာနန္တိကာ ဟုတ္တာ ဒိဋ္ဌဓမ္မနိဗ္ဗာန ဝါဒါတိ ဧဝံ ပကာရာ ဝေဒိတဗ္ဗာ၊–ဋီကာ။]

တုလာယ တုလယန္တော။ ။[သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိကို "အဇ္ဈာသယ"ဟု ခေါ်၏။] အတိုင်းအရှည်ပမာဏမရှိသော အပမာဏလောကဓာတ်တို့ဝယ် အပမာဏသတ္တဝါတို့၏ အပမာဏဖြစ်သော သိဘွယ်တရားတို့ဌ ဖြစ်ဖြစ်သမျှ မိစ္ဆာအယူတည်းဟူသော အဇ္ဈာသယသည် အနေကဘေဒ (အလွန်များပြားစွာ) ဖြစ်ပါသော်လည်း "သဿတအယူရှိသူတို့က ၄ ယောက်, ကေစ္စသဿတ အယူရှိသူတို့က ၄ ယောက်" စသည်ဖြင့် ၆၂ ပါးသော မိစ္ဆာအယူဖြင့် ထိုအယူအားလုံးကို သဗ္ဗညုတာဉာဏ်တော်ဖြင့် သိမ်းကျုံးတော်မူလိုက်သည်မှာ ချိန်ခွင်ဖြင့် ချိန်ပြလိုက်သကဲ့သို့ အလွန်တိကျပါပေသည်။

သိနေရု၊ပေ၊ဥဒ္ဓရန္တော။ ။မြင့်မိုရ်တောင်ခြေမှသဲကို မည်သည့်ပုဂ္ဂိုလ်မှ မထုတ်ယူနိုင်သကဲ့သို့ ၆၂ ပါးသော မိစ္ဆာအယူတို့ကိုလည်း သတ္တဝါအပမာဏမှ မည်သူမျှ ထုတ်၍မပြနိုင်လောက်အောင် ခဲယဉ်းလှပါပေ၏၊ သို့သော် ဘုရားရှင်ကား သဗ္ဗညုတာဉာဏ်တော်ဖြင့် ထုတ်ဖော်၍ ပြတော်မူနိုင်ပါပေသည်၊ သဗ္ဗညုတာဉာဏ်တော်မှ တပါးအခြားဉာဏ်ဖြင့် ထုတ်ပြနိုင်စရာ မရှိပါချေ–ဟူလို။

ထုတ်ဆောင်တော်မူသကဲ့သို့ဂုဏ်း၊ ဒွါသဋ္ဌိ- ၆၂ ပါးသော၊ ဒိဋ္ဌိဂတာနိ-မိစ္ဆာအယူတို့ကို၊ ဥဒ္ဓရိတွာ- ထုတ်ဆောင်တော်မူ၍၊ သမ္ဗညုတညာဏမေဝ-ကိုပင်၊ ဝိသဇ္ဇေတိ-မူ၏၊ ဧဝံ - ဤသို့လျှင်၊ အယံ ဒေသနာ - ဤ ဒေသနာတော်သည်၊ ယထာနုသန္ဓိဝသေန-အကြင်ကြင် ဆက်စပ်အပ်သော ပါဠိရပ်၏ အစွမ်းဖြင့်၊ ဝါ-ဆက်စပ်တတ်သော ပါဠိရပ်အားလျော်သည်၏ အစွမ်းဖြင့်၊ အာဂတာ-ဖြစ်ပေါ်လာပြီ။

ဟိ- ချေ၊ သုတ္တာသ- သုတ်၏၊ အနုသန္ဓိ-အနုသန္ဓေတို့သည်၊ ပုစ္ဆာနုသန္ဓိ-ပုစ္ဆာနုသန္ဓေဂုဏ်း၊ ဝါ-ပုစ္ဆာသည်ပြုအပ်သော ဆက်စပ်ခြင်းဂုဏ်း၊[ဋီကာ အခြားနည်းများကို အဓိပ္ပါယ်၌ ရှုပါ။] အဇ္ဈာသယာနုသန္ဓိ - အဇ္ဈာသယာနုသန္ဓေ

× × × × × × × ×

ဒွါသဋ္ဌိ ဒိဋ္ဌိဂတာနိ။ ။နောက်၌"အန္တောဇာလိကတာ-၆၂ ပါး သော မိစ္ဆာအယူတည်းဟူသော ပိုက်ကွန်အတွင်း၌ မိစ္ဆာအယူအားလုံးတို့ကို ထားအပ်ကုန်ပြီ"ဟု မိန့်တော်မူလတံ့အတိုင်း နတ္ထိက, အဟေတုက, အကြိုယဒိဋ္ဌိ ၃ ပါးနှင့် တကွ ထိုအရာ၌လာသော ဇာသရဝါဒ ပကတိဝါဒစသော မိစ္ဆာအယူများ၏ ဤ၆၂ ပါး၌ အတွင်းဝင်ပုံကို ဋီကာတို့ ပြထားသည့် အတိုင်း သိကြပါလေ။

တယော ဟိ။ ။"ဧဝံ အယံ ယထာနုသန္ဓိဝသေန ဒေသနာ အာဂတာ"ဟူသော စကားနှင့်စပ်၍ အနုသန္ဓေ ၃ ရပ်ကို ပြလိုသောကြောင့် " တယော ဟိ "စသည်ကို မိန့်၊ ယခုကာလ၌ ရှေဝါကျနှင့် နောက်ဝါကျကို ဆက်သွယ်၍ ပြကြောင်းစကားကို " အနုသန္ဓေ"ဟု ခေါ်သကဲ့သို့ ထို့အတူ သုတ်တသုက်တည်းဝယ် ရှေပါဠိရပ်နှင့် နောက်ပါဠိရပ်၏ ဆက်သွယ်ခြင်းကို"အနုသန္ဓိ"ဟု ခေါ်၏၊ ထို အနုသန္ဓိသည် ပုစ္ဆာနုသန္ဓိ စသော အားဖြင့် ၃ ပါးရှိသည်။

ပုစ္ဆာနုသန္ဓိ။ ။အဖြေစကားတိုင်းမှာ ရှေက အမေးစကားရှိရ၏၊ မေးခြင်းသည် အကြောင်း, ဖြေခြင်းကား အကျိုးတည်း၊ ထို့ကြောင့် အမေးနှင့် အဖြေ၏ ဆက်သွယ်မှုကို "အနုသန္ဓိ" ဟု ခေါ်၏၊ ထို အနုသန္ဓိကိုလည်း အမေးသည် ပြုအပ်ရာ ရောက်၏၊ ထို့ကြောင့်"အနုသန္ဓာနံ-ဆက်သွယ်ခြင်း၊ အနုသန္ဓိ-ခြင်း၊ ပုစ္ဆာယ+ကတော အနုသန္ဓိ ပုစ္ဆာနုသန္ဓိ"ဟု ဋီကာထိုပြုကြ၏။ ["တယော ဟိ အနုသန္ဓိ"ကြည့်၍ ပုလ္လိင်ဟု သိပါ။]၊

တနည်း။ ။အနုသန္ဓဟတ္ထိ-ဆက်စပ်တတ်၏၊ ဇာတိ အနုသန္ဓိ၊ ဤသို့ ကတ္တုသာဓ်ပြုလျှင် အဖြေစကားနှင့် ဆက်စပ်တတ်သော အမေးစကား ရ၏၊ ထို အမေးရှိသော အဖြေ(ပါဠိတော်စကားရပ်)သည် " ပုစ္ဆာသခ်ါတော + အနုသန္ဓိ ယသာတိ ပုစ္ဆာနုသန္ဓိ"အရ ပုစ္ဆာနုသန္ဓိမည်၏၊ ဤအလို " ပုစ္ဆာ ဟူသော အနုသန္ဓေရှိသော ပါဠိရပ်ဂုဏ်း"ဟု ပေးပါ။

တနည်း။ ။"အနုသန္ဓိယတိ-ဆက်စပ်အပ်၏၊ ဇာတိ အနုသန္ဓိ " ဟု ကမ္မသာဓ်ပြုလျှင် အမေးပုစ္ဆာသည် ဆက်စပ်အပ်သော အဖြေ (ပါဠိတော် စကားရပ်) ရ၏၊ ပုစ္ဆာယ-သည်+အနုသန္ဓိ-ဆက်စပ်အပ်သော အဖြေပါဠိရပ်တည်း၊ ပုစ္ဆာနုသန္ဓိ-ရပ်၊ ဤအလို"ပုစ္ဆာသည် ဆက်စပ်အပ်သော အဖြေပါဠိရပ်ဂုဏ်း"ဟု ပေးပါ။ [အဇ္ဈာသယာနုသန္ဓိ၌လည်း ဤနည်းကို မှီးပါ။]

ဂုဏ်း၊ ဝါ – အစ္ဆာသယသည် ပြုအပ်သော ဆက်စပ်ခြင်းဂုဏ်း၊ ယထာနုသန္ဓိ-ယထာနုသန္ဓေဂုဏ်း၊ ဝါ – အကြင်အကြင် ဆက်စပ်အပ်သော ပါဠိုရပ်ဂုဏ်း၊ ဣတိ – ဤသို့၊ တယော – ၃ ပါးတို့တည်း၊ တတ္ထ-ထို ၃ ပါးတို့တွင်၊ (“ ပုစ္ဆာနုသန္ဓိ” စသည်၌စပ်)၊ ဧဝံ-ဤသို့၊ ဝုတ္တော- မိန့်တော်မူအပ်သော်၊ အညတရော-မထင်မရှား တပါးသော၊[မည်သည့်အမျိုးအနွယ်,မည်သည့်အမည်ဟု အမှတ်မထားအပ်သည်ကို “ အညတရ–မထင်မရှား ”ဟု ဆိုသည်။] ဘိက္ခု-သည်၊ ဘဂဝန္တံ-ကို၊ တံ–ဤစကားကို၊ အဝေါစ-ပြု၊(ကိ)၊ ဘန္တေ- မြတ်စွာဘုရား၊ ဩရိမံတီရံ-ဤမှာဘက်ကမ်းဟူသည်၊ ကိံ နုခေါ-အဘယ်ပါနည်း၊ ပါရိမံ တီရံ-ထိုမှာဘက်ကမ်းဟူသည်၊ ကိံ – ပါနည်း၊ မဏ္ဍူ – ရေအလယ်၌၊ သံသီဒေါ–နစ်မြုပ်ခြင်းဟူသည်၊ ကော- နည်း၊ ထလေ- မြစ်လယ်ခေါင်တွင်, သောင်ကုန်းပြင်၌၊ ဥဿာရော - တင်နေခြင်းဟူသည်၊ ကော-နည်း၊ မနုဿဂ္ဂါဟော-လူတို့ ဆယ်ယူခြင်း ဟူသည်၊ ကော- နည်း၊ အမနုဿဂ္ဂါဟော - နတ်တို့ ဆယ်ယူခြင်း ဟူသည်၊ ကော–နည်း၊[အဖြေကား–နတ်အဖြစ်ကို တောင့်တ၍ မြဟ္မစရိယကို ကျင့်ခြင်းတည်း။] အာဝဋ္ဋဂ္ဂါဟော – ဝဲစုပ်ယူခြင်း ဟူသည်၊ ကော – နည်း၊ အန္တောပူတိဘာဝေါ-အတွင်း၌ ပုတ်ဆွေးသည်၏အဖြစ်ဟူသည်၊ ကော-နည်း၊ ဣတိ ဧဝံ-ဤသို့၊ ပုစ္ဆန္တာနံ– မေးလျှောက် ကုန်သောပုဂ္ဂိုလ်တို့အား၊ ဝိသဇ္ဇိတ သုတ္တဝသေန- ဖြေတော်မူအပ်သောသုတ်၏အစွမ်းဖြင့်၊ ပုစ္ဆာနုသန္ဓိ–ကို၊ ဝါ–ပုစ္ဆာသည် ပြုအပ်သော ဆက်စပ်ခြင်းကို၊ ဝေဒိတဗ္ဗော။[ဤပုစ္ဆာတို့၏ အဖြေကို ပါဠိတော်ကျမ်းရင်း ကြည့်ပါ၊ အလွန်ကောင်းပါသည်။]

× × × × × × ×

ယထာနုသန္ဓိ။ ။အနုသန္ဓိယတိတိ အနုသန္ဓိ၊ယောယော+အနုသန္ဓိ ယထာနုသန္ဓိ-အကြင်အကြင် ရှေ့ဒေသနာသည် ဆက်စပ်အပ်သော နောက်ဒေသနာပါဠိုရပ်၊ (တနည်း) အနုသန္ဓဟတိတိ အနုသန္ဓိ–ဆက်စပ်တတ်သော ရှေ့ဒေသနာ ပါဠိုရပ်၊ အနုသန္ဓိနော+အနုရူပံ ယထာနုသန္ဓိ။ [“ လျော် ”ဟူရာ၌ အဓိပ္ပါယ်အားဖြင့် လျော်သည်ကို ယူပါ၊ တရားသဘောအားဖြင့်ကား အနုရူပ (အလျော်) လည်းရှိနိုင်,ပဋိပက္ခ (ဆန့်ကျင်ဘက်) လည်း ရှိနိုင်ပါသည်။]

ဧဝံ ဝုတ္တေ၊ပေ၊ တဒဝေါစ။ ။ဧဝံ ဝုတ္တေ၏ နောက်၌ “နန္ဒော ဂေါပါလကော” ဟု ရှေ့စာအုပ်တို့၌ ရှိသည်ကား မကောင်းပါ၊ ဤ သုတ်သည် သင္ဃာယတန သံယုတ်, အာသီဝိသဝဂ်, ၄–ဒါရုက္ခန္ဓောပမသုတ်တည်း၊ ထိုသုတ်၌ “ ဧဝံ ဝုတ္တေ အညတရော ဘိက္ခု ဘဂဝန္တံ တေဒဝေါစ”ဟု ရှိ၏၊ ထို အတိုင်းသာ ဤ၌လည်း ရှိသင့်ပါသည်၊ ထို သုတ်၏ အဆုံး၌ နန္ဒမည်သော နွားကျောင်းသား၏ လျောက်ထားအပ်သော စကား ရပ်လည်း ပါသောကြောင့်“နန္ဒော ဂေါပါလကော”ဟု မှား၍ ပါနေဟန်တူပါသည်။ [ဋီကာသစ်၌ကား “ နန္ဒဂေါလကသုတ္တေ”ဟု ရှိသင့်ကြောင်း ဆို၏၊ လိုရင်းဖြစ်သော ဒါရုက္ခန္ဓောပမ အမည်လောက် ကောင်းမည်မထင်။]

အထခေါ-ထိုအခါ၌၊ အညတရဿ – မထင်မရှား တပါးသော၊ ဘိက္ခု နော-ရဟန်း၏၊ ဧဝံ–သို့၊ စေတသော - စိတ်၏၊ ပရိဝိတက္ကော – အကြံသည်၊ ဥဒပါဒိ–ထင်ရှားဖြစ်ပြီ၊(ကိ˚)၊ ဘော-အိုတရားအပေါင်းတို့၊ ဣတိ-၌ ဆိုအပ်သည့်အတိုင်း၊ ရူပံ-ရုပ်သည်၊ ဝါ-ရူပကွန္ဓာသည်၊ အနတ္တာကိရ-အတ္တ မဟုတ်ဘူးတဲ့၊ ဝေဒနာ-ဝေဒနာသည်၊ ဝါ-ဝေဒနာကွန္ဓာသည်၊ အနတ္တာကိရ–တဲ့၊ သညာ-သညာသည်၊ ဝါ–သညာကွန္ဓာသည်၊ အနတ္တာကိရ - တဲ့၊ သင်္ခါရာ–သင်္ခါရတို့သည်၊ ဝါ-သင်္ခါရကွန္ဓာတို့သည်၊ အနတ္တာကိရ– အတ္တ မဟုတ်ကြဘူးတဲ့၊ ဝိညာဏံ-ဝိညာဉ်သည်၊ ဝါ-ဝိညာဏကွန္ဓာသည်၊ အနတ္တာကိရ-တဲ့၊ (ဧဝံ သတိ–၌သို့ ဖြစ်လသော်)၊ အနတ္တကတာနိ - အတ္တသည် မပြုအပ်ကုန်သော၊ ဝါ- အနတ္တကွန္ဓာသည် ပြုအပ်ကုန်သော၊ ကမ္မာနိ – ကံတို့သည်၊ ကံ အတ္တာနံ-အဘယ် အတ္တသို့၊ ဖုသိဿန္တိ – ရောက်ကုန်တော့လတံ့နည်း၊ (ဣတိ စေတသော ပရိဝိတက္ကော ဥဒပါဒိ၊) [၌၌ “အနတ္တကတာနိ ကိရ”ဟု“ကိရ” ပါသည်ကား မကောင်း၊ ပါဠိတော်ရင်း၌ မပါ။]

အထခေါ-ထိုအခါ၌၊ ဘဂဝါ- သည်၊ တဿ ဘိက္ခုနော–ထို ရဟန်း၏၊ စေတောပရိဝိတက္ကံ-စိတ်၏ အကြံကို၊ စေတသာ–ကိုယ်တော်၏ စိတ်တော်ဖြင့်၊ အညာယ-သိတော်မူ၍၊ ဘိက္ခု–တို့ကို၊ အာမန္တေသိ-အမိန့်ရှိတော်မူပြီ၊ ဝါ–သိစေတော်မူပြီ၊ (ကိ˚)၊ ဘိက္ခဝေ-တို့၊ ယံ–အကြင် အကြောင်းကြောင့်၊ ဣဓ–

× × × × × × ×

အထခေါ အညတရဿ ။ ။ ၌သုတ်သည် ဥပရိပဏ္ဏာသ–မဟာပုဏ္ဏမသုတ်တည်း၊ ထိုသုတ်၌ ဘုရားရှင်သည် ခန္ဓာ ၅ ပါးကို“အနိစ္စ ဒုက္ခ အနတ္တ”ဟု ဟောတော်မူပြီးသော အခါ ရဟန်းတပါးမှာ“ဣတိ ကိရ ဘော၊ပေ၊ဖုသိဿန္တိ”ဟု. အကြံဖြစ်ပေါ်လာသည်၊ ထို ပါဠိ၌ “ ကိရ ” သည် အတ္တမှ ကင်းဆိတ်သည်၏ အဖြစ်ကို မနှစ်သက်ကြောင်း ပြသော အရှုစိသံသူစန နိပါတ်တည်း၊ “ ဘော” ကား ဓမ္မသဘောကို ခေါ်ကြောင်းဖြစ်သော ဓမ္မာလပနတည်း။

အနတ္တ၊ပေ၊ကမတ္တာနံ။ ။ “အတ္တနာ+န ကတာနိ”ဟု ဋီကာဖွင့်သောကြောင့် “အနတ္တ” ကို အယုတ္တသမာသ်ဟု ကြံပါ၊ န+အတ္တာ အနတ္တာ၊ အနတ္တနာ+ကတာနိ အနတ္တကတာနိ၊ (န) ကို ကတနှင့် တွဲ၍ အနက်ပေးရသည်၊ (တနည်း) “ အနတ္တေဟိ ဝါ ခန္ဓေဟိ ကတာနိ”ဟု တနည်းဖွင့်၏၊ ၌အလို ယုတ္တသမာသ်ပင်တည်း၊“အနတ္တ” အရ အတ္တမဟုတ်သော ခန္ဓာ ၅ ပါးကို ရသည်၊ ကမတ္တာနံကို “ကံ+အတ္တာနံ” ဟု ခွဲ၊ “ အတ္တက ပြုအပ်သည် မဟုတ်သော (အနတ္တခန္ဓာက ပြုအပ်သော) ဧကံတို့သည် နောင်အခါ အဘယ်အတ္တက ခံစားရတော့မည်နည်း”–“အတ္တမရှိလျှင် ကံ၏အကျိုးကို ခံစားမည့်သူလည်း ရှိတော့မည် မဟုတ် ”ဟူလို။ [၌အယူကို ပယ်နိုင်ဘို့ရန် ကမ္မသကတာဉာဏ်ရှိသူဖြစ်အောင် ကမ္မပဗ္ဗညာကိုလည်း, ကာလ ဥပမိ ပယောဂ ဂတိ ၄ပါး၏ သမ္မတ္တိ-ဝိပတ္တိဖြစ်မှု ကံကအကျိုးပေးနိုင်ပုံကိုလည်း, ကံ ဉာဏ် ဝိရိယတို့၏ စုံ–မစုံလိုက်၍ အကျိုးရှုပုံကိုလည်း ဥလ့်လာကြ ဓမ်းမြန်းကြပါ၊ဥလေ။]

ဤလောက၌၊ကေစ္စော-အချို့သော၊ မောဃပုရိသော-အချိုးနှိုးသော် ယောက်ျား သည်၊ အဝိဒ္ဒါ- ပညာ မရှိသည်၊ အဝိဇ္ဇာဂတော - အဝိဇ္ဇာသည် ကပ်ရောက် အပ်သည်၊ (ဟုတ္ထာ)၊ တဏှာဓိပတေယျေန-တဏှာဓိပတိမှလာသော၊ စေတသာ-စိတ်ဖြင့်၊ သတ္တာ-မြတ်စွာဘုရား၏၊ သာသနံ-ဆုံးမကြောင်း တရားတော်ကို၊ အတိဓာဝိတဗ္ဗံ-ကျော်လွန် ပြေးသွားထိုက်၏ဟူ၍၊ မညေယျ-မှတ်ထင်ရာ၏၊ (ကိံ)၊ ဘော—တို့၊ ဤတိ- တိုင်း၊ ရူပံ—သည်၊ ဝါ—သည်၊ အနတ္တာကိရ—တဲ့၊ ၊ပေ၊ဖုသိဿန္တိ-ရောက်ကုန်တော့လတံ့နည်း၊ ဤတိ, (မညေယျ— ရာ၏)၊ တံဌာနံ—ဤအကြောင်းသည်၊ ဝိဇ္ဇတိခေါပန-ရှိသည်သာ၊ ဘိက္ခဝေ—တို့၊ တံ—ထို မိန့်တော်မူအပ်လတံ့သောစကားကို၊ ကိံ မညထ—အဘယ်သို့ မှတ်ထင်ကြကုန်သနည်း၊ ရူပံ-သည်၊ နိစ္စံဝါ- နိစ္စလော၊ ဝါ— နိစ္စဟု မှတ်ထင်ကြသလော၊ အနိစ္စံဝါ—အနိစ္စလော၊ ဝါ— အနိစ္စဟု မှတ်ထင်ကြသလော၊ ဤတိ (အာမန္တေ သိ-ပြီ၊) ဧဝံ-ဤသို့လျှင်၊ ပရေသံ- သူတပါးတို့၏၊ အဇ္ဈာသယံ—အလိုဆန္ဒကို၊

× × × × × × ×

အဝိဒ္ဒါ အဝိဇ္ဇာဂတောဟု။ ။ဝိဒတိ ဇာနာတီတိ ဝိဒ္ဒါ၊ ဝိဒဓာတ်, ဝ ပစ္စည်း, သိဝိဘတ်ကို အာပြု၊ “ ဉာဏ် ” အနက်ဟော ဝိဒဓာတ်နောင် အဿတ္ထိအနက်၌ ဝန္တုပစ္စည်း သက်လျှင်လည်း “ဝိဒ္ဒါ”ဟု ပြီးနိုင်၏၊ နှ+ဝိဒ္ဒါ အဝိဒ္ဒါ၊ ပရိယတ်တည်းဟူသော သုတ မရှိသည်ဖြစ်၍ (စာမတတ်သည်ဖြစ်၍) အရိယာတို့၏ ဤမူ၌ ဆုံးမအပ်ပြီး မဟုတ်သူကို “အဝိဒ္ဒါ”ဟု ဆို၏၊ အဝိဇ္ဇာယ+ဂတော ဥပဂတောတိ အဝိဇ္ဇာဂတော၊ ဥပသာရမရှိသော်လည်း ဥပသာရတို့က ဓာတ်၏အနက်ကို ထွန်းပြရုံသာ ဖြစ်သောကြောင့် ဂတသဒ္ဒါသည်ပင် ဥပဂတအနက်ကို ဟောနိုင်၏။

တဏှာဓိပတေယျေန။ ။“ငါဟူသော အတ္တာမရှိလျှင် ငါပြုသောကံကို အဘယ်သူ ခံစားမည်လဲ , ငါဟူသော အတ္တာရှိမှ ခံစားသူရှိနိုင်တော့မည်ပေါ့ ” ဟု ခံစားလိုသော တဏှာဥုံးဆောင်သောစိတ်မှ ဖြစ်ပေါ်လာသော နောက်စိတ်ကို “တဏှာဓိပတိတော+အာဂကော တဏှာဓိပတေယျော”ဟု ခေါ်၏၊ စေတောပုဒ်ကို ငဲ့၍ “အဓိပတေယျော” ဟု ပုလ္လိင်ထားသည်၊ “ တဏှာဓိပတိမှ ဖြစ်ပေါ်လာသော အတ္တဝါဒုပါဒါန်နှင့် တကွ ဖြစ်သောစိတ်” ဟူလို။ [“တဏှာဓိပတိ”ဟူရာ၌ အဓိပတိပစ္စည်းမဟုတ်, အကြိုးအကဲကို ဆိုလိုသည်။]

အတိဓာဝိတဗ္ဗံ။ ။သန်ါရတို့သည် ဖြစ်ပြီး၍ ပျက်စီးတတ်သောကြောင့် တခဏမျှသာ တည်နိုင်ပါသော်လည်း အကြင် ခန္ဓာအစဉ်၌ ကံကိုပြုအပ်၏၊ ထို ခန္ဓာအစဉ်၌သာ အကျိုးကို ဖြစ်စေသောကြောင့် ရုပ်နာမ် ခန္ဓာအစု၏အပေါ်၌ပင် ကံနှင့် ကံ့အကျိုး၏ ဆက်သွယ်မှုသည် ပြီးစီးနေ၏၊ (ကောင်္ကနည်းအားဖြင့် ကံဖြစ်ရာ ခန္ဓာအစုနှင့် ကံ၏ အကျိုးဖြစ်ရာ ခန္ဓာအစုသည် ၂ ခုမကဲ့ တခုထဲဖြစ်နေ၏၊) ထို ကောင်္ကနည်းကို အမှားမှားယူဆ၍ (ကံပြုရာ ခန္ဓာအစဉ်က တခြား, အကျိုးရရာ ခန္ဓာအစဉ်ကတခြားဟု အမှားမှားယူဆ၍) “အတ္တသည်သာ ကံကိုပြု၍ ထို အတ္တသည်ပင် ကံ၏အကျိုးကို ခံစား၏” ဟု မှတ်ထင်ပြီးလျှင် , “ ဘုရားရှင်၏ အတ္တာမရှိ , အတ္တ၏ဥစ္စာ (အတ္တနိယ) လည်း မရှိ ” ဟူသော သုညတကိုပြုသော တရားတော်ကို လွှမ်းလျော်ထိုက်၏ဟု မှတ်ထင်ခြင်းသည်။

ဝိဒိတွာ–သိတော်မူ၍၊ ဘဂဝတာ–သည်၊ ဝုတ္တာသုတ္တာဝသေန-ဟောတော်မူအပ်သော သုတ်၏အစွမ်းဖြင့်၊ အဏ္ဍာသယာနုသန္ဓိ–အဏ္ဍာသယာနုသန္ဓေါ်ကို၊ ဝါ–အဏ္ဍာသယသည် ပြုအပ်သော ဆက်စပ်ခြင်းကို၊ ဝေဒိတဗ္ဗော။

ပန – ကား၊ (အဏ္ဍာသယာနုသန္ဓိမှတပါး, ယထာနုသန္ဓိကား၊) ယေန ဓမ္မေန- အကြင်တရားဖြင့်၊ အာဒိမှိ – အစ၌၊ ဒေသနာ - ဒေသနာတော်သည်၊ ဥဋ္ဌိတာ–ထပြီ၊ ဝါ-စပြီ၊ တဿ ဓမ္မဿ-ထိုတရား၏၊ ဝါ- ထိုတရားအား၊ အနုရူပဓမ္မဝသေန ဝါ– လျော်သောတရား၏ အစွမ်းဖြင့်သော်ငင်း၊ ပဋိပက္ခဝသေန ဝါ–ဆန့်ကျင်ဘက်တရား၏ အစွမ်းဖြင့်သော်ငင်း၊ ယေသု သုတ္တေသု - အကြင်သုတ်တို့၌၊ ဥပရိ–အထက်၌၊ ဒေသနာ–သည်၊ အာဂစ္ဆတိ- လာ၏၊ တေသံ–ထိုသုတ်တို့၏၊ ဝသေန - အစွမ်းဖြင့်၊ ယထာနုသန္ဓိ – ယထာနုသန္ဓေါ်ကို၊ ဝါ–အကြင် အကြင် ဆက်စပ်သော ပါဠိရပ်ကို၊ ဝေဒိတဗ္ဗော၊ သေယျထိဒံ – ထိုသုတ်တို့ဟူသည် အဘယ်နည်း၊ အာကာရဝတ္တိသုတ္တေ – အာကာရဝတ္တိသုတ်၌၊ ဟေဋ္ဌာ–အောက်၌၊ သီလေန-သီလဖြင့်၊ ဒေသနာ–ဒေသနာသည်၊ ဥဋ္ဌိတာ-ထပြီ၊ ဝါ-စပြီ၊ ဥပရိ-အထက်၌၊ ဆ- ၆ ပါးကုန်သော၊ အဘိညာ- အဘိညာဉ်တို့သည်၊ အာဂတာ-လာကုန်ပြီ၊ ဝတ္ထုသုတ္တေ, ဟေဋ္ဌာ,ကိလေသေန-ကိလေသာဖြင့်၊ ဒေသနာ ဥဋ္ဌိတာ၊ ဥပရိ,ဗြဟ္မဝိဟာရာ-ဗြဟ္မဝိဟာရတို့သည်၊ အာဂတာ၊ ကောသမ္ဗကသုတ္တေ-ဟေဋ္ဌာ, ဘဏ္ဍနေန-ငြင်းခုန်ခြင်းဖြင့်၊ (ဒေသနာ)ဥဋ္ဌိတာ၊ ဥပရိ, သာရဏီယဓမ္မာ – တသက်မပြုတ် အမှတ်ရထိုက်သော တရားတို့သည်၊ အာဂတာ၊ ကကစူပမေ–ကကစူပမသုတ်၌၊ ဟေဋ္ဌာ, အက္ခန္တီယာ–သည်းမခံခြင်းဖြင့်၊ (ဒေသနာ) ဥဋ္ဌိတာ၊ ဥပရိ, ကကစူပမာ– လှံသွားဥပမာသည်၊ အာဂတာ၊ဇ္ဈာမသို့ဝိ ဗြဟ္မဇာလေ-၌ဗြဟ္မဇာလသုတ်၌လည်း၊ဟေဋ္ဌာ-၌၊ဒိဋ္ဌိဝသေန– ဒိဋ္ဌိ၏အစွမ်းဖြင့်၊ ဒေသနာ - သည်၊ ဥဋ္ဌိတာ၊ ဥပရိ, သုညတာ ပကာသနံ–

× × × × × × × ×

အာကာရဝတ္တိသုတ္တေ စ သည်။ ။ ၌ ယထာနုသန္ဓိ၏ ဥဒါဟရဏ်သုတ်များသည် မဇ္ဈိမနိကာယ် – မူလပဏ္ဏာသ၌လာသော သုတ်များချည်းတည်း၊ ထိုသုတ်တို့တွင် အာကခေါ်ယူတသုတ်၌သာ အောက်၌ သီလကိုစ၍, အထက်၌ သမာဓိ ပညာ ဟူသော အဘိညာဉ် ၆ ပါးကို ပြသောကြောင့် အနုရူပဓမ္မ၏ အစွမ်းဖြင့် ယထာနုသန္ဓိ ဖြစ်သည်၊ ကြွင်းသုတ်များ၌ကား (ဝတ္ထုသုတ်ဝယ် အောက်၌ ကိလေသာ၏အစွမ်းဖြင့် ဒေသနာစတည်၍,အထက်၌ ကိလေသာတို့၏ဆန့်ကျင်ဘက်ဖြစ်သော မေတ္တာစသော ဗြဟ္မဝိဟာရတို့၏အစွမ်းဖြင့် လာသကဲ့သို့) ပဋိပက္ခဓမ္မ၏အစွမ်းဖြင့်ချည်း ယထာနုသန္ဓိဖြစ်သည်။

ဇ္ဈာမသို့ဝိ၊ပေ၊အာဂတံ။ ။ဝိဖြင့် ပဋိပက္ခ၏အစွမ်းဖြင့် ဖြစ်ပေါ်လာချင်းတူသော ဝတ္ထုသုတ် စသည်ကို ပေါင်းသည်၊ “ ၌ ဗြဟ္မဇာလသုတ်၌လည်း အောက်၌ နိစ္စသာရစသည်ကို ယူသော ဒိဋ္ဌိ၏အစွမ်းဖြင့် စတည်၍ , အထက်၌ ထို နိစ္စသာရစသည်မှ ကင်းသည်၏အဖြစ်ကိုပြသော သုညတာပကာသန ဒေသနာတော်သည် (၊ ပဋိပက္ခ၏ အစွမ်းဖြင့်) ဖြစ်ပေါ်လာ၏ – ဟူလို။

အတ္တမှ ကင်းဆိတ်သည်၏အဖြစ်ကို ထင်ရှားပြတတ်သော ဒေသနာတော်သည်၊ အာဂတံ-လာပြီ၊ တေန—ထို့ကြောင့်၊ ဧဝမယံ၊ပေ၊အာဂတာတိ-ဟူ၍၊ ဝုတ္တံ—ဆိုအပ်ပြီ၊ ဝါ- ဆိုခဲ့ပြီ။ [တေနဝုတ္တံကို ဋီကာသစ်၌ လဒ္ဓဂုဏ်ဝါကျ ဟု ဆို၏၊ နိဂုံးဟုလည်း ယူကြသည်။]

ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒအဖွင့် ပြီး၏။

ပရိတသိတဝိပ္ပန္နိတဝါရ အဖွင့်

ကတဒါနိ - ယခုအခါ၌၊ မရိယာဒါဝိဘာဂ ဒဿနတ္ထံ - မိစ္ဆာဉာဏ်၏ သမ္မာဉာဏ်နှင့် ရောယှက်ခြင်း မရှိသော အပိုင်းအခြားအထူးကို ပြခြင်း အကျိုးငှါ၊ တတြ ဘိက္ခဝေတိ အာဒိကာ—တတြ ဘိက္ခဝေ အစရှိသော၊ ဒေသနာ-ဒေသနာတော်ကို၊ အာရဒ္ဓါ— အားထုတ်တော်မူအပ်ပြီ၊ တဒပိ တေသံ၊ပေ၊ပရိတသိတ

× × × × × × ×

မရိယာဒါ၊ပေ၊ဒဿနတ္ထံ။ ။ “ သဿတာဒိဒိဋ္ဌိဒဿနဿ သမ္မာဒဿနေန သင်္ကာဘာဝ ဝိဘာဝနတ္ထံ ” ဟု ဋီကာဖွင့်၏၊ ဆိုလိုရင်းကား – သဿတဒိဋ္ဌိ စသော မိစ္ဆာအယူတို့၏ မြင်ပုံသည် လှုပ်ရှားတတ်သော ဒိဋ္ဌိတဏှာအားဖြင့် မငြိမသက် လှုပ်လှက်နေ၏၊ သောတာပန် စသည်တို့၏ သမ္မာဒဿနမြင်ပုံကား ငြိမ်သက်၏၊ ဤသို့အားဖြင့် မိစ္ဆာဒဿန၏ သမ္မာဒဿနနှင့် ရောယှက်ခြင်းမရှိသော အပိုင်းအခြားအထူးကို “ မရိယာဒါ ဝိဘာဂ ”ဟု ဆို၏၊ ထို့ကြောင့် နောက်၌ “ပရိတသိတဝိပ္ပန္နိတမေဝ ၊ပေ၊ နု သောတာပန္နဿ ဒဿနမိဝ နိစ္စလံတိ ဒဿေတိ ” ဟု အဋ္ဌကထာ မိန့်သည်။ [ခိုင်မြဲသော သမ္မာအယူတွင် သောတာပန်၏အယူသည် အောက်ဆုံး ဖြစ်၏၊ ထို အောက်ဆုံးအပိုင်းအခြားကို ပြထားသည်။ ... မရိယာဒါယ – မိစ္ဆာဒဿန၏ အပိုင်းအခြား, သမ္မာဒဿန၏ အပိုင်းအခြား၏+ဝိဘာဂေါ– ခွဲခြား ဝေဘန်အပ်သောအထူးတည်း၊ မရိယာဒါ ဝိဘာဂေါ – ထူး။] “ထို မရိယာဒါဝိဘာဂကို “တတြ ဘိက္ခဝေ” စသော ဒေသနာတော်ဖြင့် ပြသည် ” ဟူလို။

အမှာ။ ။ဋီကာ၌ “ အထဝါ ဧဝံ ဝိသေသကာရဏာတော ဒွါသဋ္ဌိ ဒိဋ္ဌိဂတာနိ ဝိဘဇိတ္ဝာ (ပါဠိတော်၌ ဝေဘန်တော်မူပြီး၍) ဇုဒါနိ အဝိသေသကာရဏာတော တာနိ ဒဿေတုံ တတြဘိက္ခဝေတိ အာဒိကာ ဒေသနာ အာရဒ္ဓါ ”ဟု စတည်ပြီးလျှင် “ကေစ္စ သဿတဝါဒါဒိသုပိ သေဝ နယော ” တိုင်အောင် အဋ္ဌကထာနည်းမှ တနည်းဖွင့်ပြသေး၏။

ဋီကာမျှား။ ။ဋီကာသစ်၌ “ ဒိဋ္ဌိဂတိကာနံ တဏှာဒိဋ္ဌိပရာမာသဿ တထာဂတာနံ ဇာနနပဿနေန၊ပေ၊ပကာသနတ္ထံ ” ဟု အပိုထည့်သေး၏၊ မိစ္ဆာအယူရှိသူတို့၏ တဏှာဒိဋ္ဌိ ပရာမာသ၏ ဘုရားရှင် သိမြင်ပုံနှင့် မရောယှက်ခြင်း (မတူခြင်း) ကိုလည်း “ တတြ ဘိက္ခဝေ ”စသော ဤ ဒေသနာတော်ဖြင့် ပြတော်မူ၏-ဟု ဆိုလို၏၊ ဋီကာဟောင်း၌လည်း ဤအဓိပ္ပါယ်ပင်တည်း။

ဝိပ္ပန္ဒိတမေဝါတိ– တဒပိ တေသံ ၊ပေ၊ ပရိတသ်ိတဝိပ္ပန္ဒိတမေဝဟူသော ပါဠိ ရပ်ဖြင့်၊ (ဒဿေတိ ဒ္ဒစပ်)၊ ယေန ဒိဋ္ဌအဿာဒေန - အကြင် ဒိဋ္ဌ၏အကြောင်း ဖြစ်သော သာယာတတ်သောသဘောဖြင့်၊ (ယေန) ဒိဋ္ဌသုခေန-အကြင် ဒိဋ္ဌ၏ အကြောင်းဖြစ်သော သုခဖြင့်၊ (ယေန) ဒိဋ္ဌဝေဒယိတေန – အကြင် ဒိဋ္ဌ၏ အကြောင်းဖြစ်သော ဝေဒနာဖြင့်၊ တေ – ထို သမဏဗြာဟ္မဏ အမည်ရသူတို့ သည်၊ သောမနဿဇာတာ - ဖြစ်သော သောမနဿရှိကုန်သည်၊ (ဟုတ္တာ)၊ စတူဟိ–၄ ပါးကုန်သော၊ ဝတ္ထူဟိ- အကြောင်းတို့ဖြင့်၊ အတ္တာနဉ္စ- အတ္တကို ၎င်း၊ လောကဉ္စ–လောကကို၎င်း၊ သဿတံ- မြဲ၏ဟူ၍၊ ပညပေန္တိ–ကုန်၏။

ဘဝန္တာနံ- အရှင်ဖြစ်ကုန်သော၊ ယထာဘူတံ–ဟုတ်တိုင်းမှန်စွာ၊ မွောနံ- တရားတို့၏၊ သဘာဝံ- သဘောကို၊ အဇာနန္တာနံ-မသိကုန်သော၊ အပဿန္တာ နံ–မမြင်ကုန်သော၊ တေသံ သမဏဗြာဟ္မဏာနံ - ထို သမဏဗြာဟ္မဏတို့၏၊ တဒပိ ဝေဒယိတံ- ထို ခံစားတတ်သော ဝေဒနာသည်လည်း၊ တဏှာဂတာနံ-

× × × × × × ×

တဒပိ၊ပေ၊ဝိပ္ပန္ဒိတမေဝ။ ။“ယေတေ သမဏဗြာဟ္မဏာ”ဟူသော ပါဠိတော်ကို “ ယေန ဒိဋ္ဌအဿာဒေန ၊ပေ၊ သောမနဿဇာတာ ” ဟု ဝိသေသနထည့်၍ ဖွင့်၏။ [“ဝိသေသန” ဟု ဆိုသော်လည်း ပါဠိတော်၌ အနက်ပေးသောအခါ နောက်မှပေးရသည်။] ထိုသို့ဖွင့်ရခြင်းမှာ “တဒပိ ဝေဒယိတံ”ဟူသော ပုဒ်၌ တသဒ္ဒါဖြင့် ညွှန်ပြအပ်သော အနိယမကို ထည့်ခြင်းသာတည်း၊ ဒိဋ္ဌအဿာဒေနကို “ ဒိဋ္ဌယာ ပစ္စယဘူတေန အဿာဒေန”ဟု ဋီကာသစ်ဖွင့်၏၊“ဒိဋ္ဌသုခေန ဒိဋ္ဌဝေဒယိတေန”တို့ကား ဒိဋ္ဌအဿာဒေန၏ ပရိယာယ်တို့တည်း၊“အဿာဒ”အရ သာယာတတ်သော သုခကိုယူပါ-ဟူလို၊ “သုခ”အရလည်း ဇာဋ္ဌာရုံကို မယူရ, သုခဝေဒနာကိုယူပါ–ဟု သိစေလို၍ “ ဝေဒယိတေန”ဟု ထပ်ဆင့်သည်။

တတ္ထ– ထို ဥစ္ဆိန္နဘဝနေတ္တိကော အစရှိသော စကားရပ်၌၊ (အတ္ထော ဧဝံဝေဒိတဗ္ဗော)၊ တောယ– ၌ကြောင်း၊ နယန္တိ– ဆောင်ကြကုန်၏၊ ဣတိ-ထိုသို့ ဆောင်ကြောင်း၏အဖြစ်ကြောင့်၊ (သာ–ထိုကြီးသည်)၊ နေတ္တိ–နေတ္တိမည်၏၊ နယန္တိတိ-ကား၊ ဂိဝါယ-လည်ပင်း၌၊ ဗန္ဓိတ္ဝာ- ဖွဲ့ချည်၍၊ အာကမုန္တိ- ဆွဲငင်ကြကုန်၏၊ တေံ-၌ နေတ္တိဟူသော အမည်သည်၊ ရဇ္ဇုယာ-ကြိုး၏၊ နာမံ-အမည်တည်း၊ ပန- ဆက်၊ ဣဓ– ၌ ဘဝနေတ္တိဟူသော ပါဋိ၌၊ နေတ္တိသဒ္ဒိသတာယ - ကြိုးနှင့် တူသည်၏အဖြစ်ကြောင့်၊ ဘဝတဏှာ– ဘဝတဏှာကို၊ နေတ္တိတိ-နေတ္တိဟူ၍၊ အဓိပ္ပေတာ-အလိုရှိအပ်၏၊ ဟိ-မှန်၊ သာ–ထိုတဏှာသည်၊ မဟာဇနံ-

× × × × × × ×

သဗ္ဗဒိဋ္ဌိနံ၊ပေ၊ပရိယာပန္နဘာဝံ။ ။ပါဋိတော်၌ သဿတစသော ၆၂ ပါးသော မိစ္ဆာအယူကို ပြတော်မူ၏၊ ထို ၆၂ ဖြင့် အားလုံးသော မိစ္ဆာအယူတို့ကို သိမ်းယူအပ်ပြီးဖြစ်သောကြောင့် "သဗ္ဗဒိဋ္ဌိနံ သင်္ဂဟိတတ္တာ" ဟု ဆိုသည်၊ ထိုသို့ အယူအားလုံးကို သိမ်းယူလိုက်လျှင် ထိုအယူရှိသူတို့ကိုလည်း ဌာန၌ပစာရအားဖြင့် သိမ်းယူပြီးဖြစ်သောကြောင့် "သဗ္ဗေသံ ဒိဋ္ဌိဂတိကာနံ၊ပေ၊ပရိယာပန္နဘာဝံ" ဟု ဆိုသည်။ [သဗ္ဗဒိဋ္ဌိနံ သင်္ဂဟိတတ္တာတိ တေန ဝါဒသင်္ဂဟဏေန ပုဂ္ဂလသင်္ဂဟောတိ ဒဿေတိ၊–ဋီကာသစ်။]

ကတ္ထစိ။ ။"ယထာ ဝုတ္တေသု ဒိဋ္ဌိဂတိကာနံ ဥမ္မုဇ္ဇနနိမုဇ္ဇနဋ္ဌာနဘူတေသု ကတ္ထစိ ဘဝါဒိသု (မိစ္ဆာအယူရှိသူတို့၏ ပေါရာ မြုပ်ရာဌာန ဖြစ်ကုန်သော "ဘဝ, ယောနိ" စသည်တို့၌) ဟု ဋီကာသစ်ဖွင့်၏၊ သို့သော် "သဗ္ဗဒိဋ္ဌိနံ သင်္ဂဟိတတ္တာ၊ပေ၊ ပရိယာပန္နဘာဝံ" ဟူသော ရှေ့စကားကိုထောက်လျှင် "ကတ္ထစိ–တစုံတခုသော မိစ္ဆာအယူ၌" ဟု ပေးရလျှင် ကောင်းမည်ထင်သည်။

ဘဝနေတ္တိ။ ။နယန္တိ တောယာတိ နေတ္တိ၊ နိဓာတ်, တိပစ္စည်း၊ သင်္ကတဋ္ဌ "နေတြိ" ဟု ရှိသောကြောင့် ပ,ါဋိ၌ ရပ္ပြောက်၍ (တ်) ဒွေဘော် ရောက်ရသည်၊ သတ္တာတို့ကို ထိုထိုအရပ်သို့ ဆောင်ကြောင်းဖြစ်သော ကြိုးတည်း၊ ထိုထိုဘဝသို့ ကံက သတ္တာတို့ကို ဆောင်ရာဝယ် ဘဝတဏှာပါမှသာ ဆောင်နိုင်သောကြောင့် ဘဝတဏှာလည်း သဒိသူပစာရအားဖြင့် "နေတ္တိ" မည်ကြောင်း သိစေလို၍ "နေတ္တိသဒ္ဒိသတာယ" ဟု မိန့်သည်။ ["နေတ္တိ ဝိယာတိ နေတ္တိ" ဟု ဥပမာတဒ္ဓိတ်လည်း ဖြစ်နိုင်၏။] ဘဝဿ-၏၊ နေတ္တိ–ကြိုးနှင့်တူသော တဏှာတည်း၊ ဘဝနေတ္တိ။

မဟာဇနံ။ ။ဤပုဒ်သည် နေတိ၏ကံတည်း၊ တံတံ ဘဝံလည်း နေတိ၏ ကံပင်တည်း၊ နိဓာတ်က ကံ ၂ ပါးရှိမှ အဓိပ္ပါယ်ပြည့်စုံသော ဒ္ဝိကမ္မိကဓာတ်ဖြစ်သောကြောင့် ကံ ၂ ပုဒ်ထားသည်။ [ဋီကာသစ်၌ကား၊ "မဟာဇနာနံ" ဟူသော ပါဋ္ဌပျက်ကိုတွေ့၍ "ဂိဝါယာတိ ဧတ္ထ မဟာဇနာနန္တိ သမ္ဗန္ဓိနိဒ္ဒေသော" စသည်ဖြင့် ဖွင့်သွားလေသည်။]

များစွာသော သတ္တဝါအပေါင်းကို၊ ဂိဝါယ-၌၊ ဗန္ဓိတ္တွာ- ဖွဲ့ချည်၍၊ ဝါ-ဖွဲ့ချည်သကဲ့သို့ဖြစ်၍၊ [ဖွဲ့ချည်သကဲ့သို့ ဖြစ်သည်ကို “ ဖွဲ့ချည်၍ ” ဟု ရုပကအလင်္ကာအားဖြင့် ဆိုထားသည်။] တံတံ ဘဝံ–ထိုထိုဘဝသို့၊ နေတိ-ဆောင်တတ်၏၊ ဥပနေတိ- ကပ်ဆောင်တတ်၏၊ ဣတိ- ကြောင့်၊ ဘဝနေတ္တိ – မည်၏၊ အဃ- ထိုမြတ်စွာဘုရားကိုယ်တော်၏၊ (ဘဝနေတ္တိ ၌စပ်) ဝါ - သည်၊ (ဥစ္ဆိန္နာ ၌စပ်) အရဟတ္တမဂ္ဂသတ္ထေန-အရဟတ္တမင်္, သန်လျက်ဖြင့်၊ ဥစ္ဆိန္နာ-ဖြတ်အပ်ပြီးသော၊ ဘဝနေတ္တိ - ထိုထိုဘဝသို့ဆောင်တတ်းသောတဏှာ တည်းဟူသောကြိုးသည်၊ (အတ္ထိ)၊ ဣတိ- ကြောင့်၊ (သော - ထိုမြတ်စွာဘုရားကိုယ်တော်သည်၊) ဥစ္ဆိန္နဘဝနေတ္တိကော - မူ၏။ [ပါဠိတော်ဝယ် “ တထာဂတသကာယော ”နှင့် အရဟူသောကြောင့် အာသအတွက် “မြတ်စွာဘုရား၏ကိုယ်” ဟူသောအနက် ပေးပါသည်၊ ဋီကာသစ်၌ “ အာသာတိ အနေန ဘဂဝတာ ” ဟု အစွဲပြုသည်ကို စဉ်းစားပါ။]

ကာယဿ၊ပေ၊ဥဒ္ဓံတိ–ကား၊ ကယဿ- ခန္ဓာကိုယ်၏၊ ဘေဒတော-ပျက်ရာအခါမှ၊ ဥဒ္ဓံ – အထက်၌၊ [ဘေဒါဠ္ဠ ဥဒ္ဓံဟူသော ဒိသာသဒ္ဒါနှင့် ယှဉ်သော “ဒိသာယောဂ”အပါဒါန်ဟု သိစေလို၍ “ဘေဒတော”ဟု ဖွင့်သည်။] ဇိဝိတပရိယာဒါနာတိ-ကား၊ ဇိဝိတဿ–ရုပ် နာမ် ၂ ထွေ ဇိဝိတိန္ဒြေ၏၊ သဗ္ဗသော–အလုံးစုံသောအားဖြင့်၊ ပရိယာဒိန္နတ္တာ – ထက်ဝန်းကျင် ယူအပ်ပြီး၏အဖြစ်ကြောင့်၊ ပရိက္ခီဏတ္တာ– ကုန်ခန်းပြီး၏ အဖြစ်ကြောင့်၊ ပုန – တဖန်၊ အပ္ပဋိသန္ဓိကဘာဝါ–ပဋိသန္ဓေနေရခြင်း မရှိတော့သည်၏အဖြစ်ကြောင့်၊ (နဒက္ခိန္တိ ၌စပ်)၊ ဣတိ အတ္ထော၊ နတံ ဒက္ခန္တိတိ- ကား၊ တံ တထာဂတံ - ထို မြတ်စွာ

× × × × × × × ×

ပရိယာဒါနာ။ ။ပရိ+အာပုဗ္ဗ ဒါဓာတ်၌ “ ထက်ဝန်းကျင်+ယူ ” ဟု သဒ္ဒတ္ထဖြစ်၏၊ ထက်ဝန်းကျင် သိမ်းကျုံး၍ယူလျှင် ဘာမျှ မကျန်တော့ဘဲ ကုန်သောကြောင့် “ ပရိက္ခီဏ ” ဟု အဓိပ္ပါယတ္ထ ဖွင့်သည်၊ ဘာဝတ္ထ (တ္တ) ပစ္စည်းဖြင့် ဖွင့်သောကြောင့် ဒါနာဒီ ယုပစ္စည်းလည်း ဘောအနက်ဟော ဟုဌင်း, တ္တာ ဟု ဖွင့်သောကြောင့် ဒါနာဒီ သို့ဝိဘတ်ဟုဌင်း ထိုဝိဘတ်လည်း ဟိတ်အနက်ဟော ဟုဌင်း သိစေသည်။

ပုန အပ္ပဋိသန္ဓိကဘာဝါ။ ။ဤပုဒ်ကား ဇိဝိတပရိယာဒါနာ၏ သာမတ္ထိယတ္ထ (ဟောစွမ်းနိုင်သော အစွမ်းပြအနက်) တည်း၊ “ ဇိဝိတပရိယာဒါန – ဇိဝိတိန္ဒြေ၏ကုန်ခြင်း ”ဟု ဆိုသောကြောင့် “နောက်ထပ် ပဋိသန္ဓေ မရှိတော့ ”ဟူသော အနက်ကို ထို ဇိဝိတပရိယာဒါနပုဒ်က ပြစွမ်းနိုင်ပါသည်–ဟူလို။

ဒက္ခိန္တိ, ဒက္ခန္တိ ။ ။ ရုပသိဒ္ဓိ–ဒိသဿ ပဿ ဒိဿ ဒက္ခာဝါ (၄၁၃) သုတ်၌ ဒိသကို ဒက္ခပြု, သတိစသည်မှ သကို့ရော, ဣလာ၍ “ဒက္ခိတိ ”စသည် စိရင်၏၊ သဒ္ဒနီတိ– အာချာတ် (၁၇၅) သုတ်၌ဧဂင်း, မောဂ္ဂလ္လာန် ၆-ကဏ္ဍ, ၆၉ သုတ်၌ဂင်း သကိုသာချ၍ ဣ မလာဘဲ “ ဒက္ခတိ ” ဟု စိရင်သည်၊ မည်သို့ပင် စိရင်ကြသည်ဖြစ်စေ, အနာဂတ် (သန္တိ) ဝိဘတ် ဖြစ်သောကြောင့် “ဒက္ခိဿန္တိ”ဟု ဖွင့်နိုင်သည်။

ဘုရားကို၊ [“တံဲတထာဂတသကာယံ”ဟု ရှိမှ ပါဠိတော်အတိုင်း ကျသည်။] ဒေဝါဝါ–နှံတ်တိုသည်ၵင်း၊ မနုဿာဝါ– လူတိုသည်ၵင်း၊ နဲ ဒကွံဿန္တီ– မဖူးမြင်ကြရကုန်တော့လတ္တံ့။[ပါဠိတော်၌“နဲ နံ ဒက္ခန္တိ”ဟု ရှိ၏။] အပဏ္ဏကတို့က ဘာဝံ- နဲာမည်ပညတ်တော်ပင် မရှိသည်၏အဖြစ်သို့၊ ဂမိဿတိ- ရောက်လတ္တံ့၊ ဤတိ အတ္ထော။

ပန–ဆက်၊ [ပြတ်ပြီးစကားကို ပြန်၍ဆက်သည်၊ ဆရာတို့ကား ပက္ခန္တရဟု ယူတော်မူကြ၏။] သေယျထာပိ ဘိက္ခဝေတိ ဥပမာယံ–သေယျထာပိ ဘိက္ခဝေ အစရှိသော ဥပမာ၌၊ ဣဒံ– ဤဆိုအပ်လတ္တံ့ကား၊ သံသန္ဒနံ – ဥပမာနကို ဥပမေယျနှင့် နှိုးနှောခြင်းတည်း၊ ဟိ–ခဲ့၊ အမ္ဘရေကွောဝိယ-သရက်ပင်ကိုကဲ့သို့၊ တထာဂတသ–၏၊ ကာယော-ကိုယ်တော်ကို၊(ဝေဒိတဗ္ဗော)၊ ရုက္ခေ-သရက်ပင်၌၊ ဇာတမဟာဝဏ္ဏောဝိယ-ဖြစ်သော အညာကြီးကိုကဲ့သို့၊ တံ-ထိုမြတ်စွာဘုရား ကိုယ်တော်ကို၊ နိဿာယ – မှီ၍၊ ပုဗ္ဗေ - ရှေးဘဝ၌၊ ပဝတ္တတဏှာ– ဖြစ်သော တဏှာကို၊ (ဝေဒိတဗ္ဗာ)၊ တသ္မိံ ဝဏ္ဏေ-ထိုအညာ၌၊ ဥပနိဗန္ဓါ–စပ်ဖွဲသော၊ (အမ္ဘပိဏ္ဍီ-၌စပ်)၊ ပဉ္စပဏ္ဏာ ဒွါဒသပဏ္ဏာ အဋ္ဌာရသပဏ္ဏာပရိမာဏာ– ၅ လုံးသော သရက်သီးမှည့်, ၁၂ လုံးသော သရက်သီးမှည့်, ၁၈ လုံးသော သရက်သီးမှည့် အတိုင်းအရှည်ရှိသော၊ ဝါ-၅ လုံးပြတ် သရက်သီးမှည့်၊ ပေ၊

× × × × × × ×

အပဏ္ဏကတို့ကဘာဝံ။ ။ပဟုပ္ပ, ဥပဓာတ်, တိပစ္စည်းဖြင့်ပြီးသော ပညတ္တိပုဒ်မှ ပညကို ပဏ္ဏပြု၍ “ပဏ္ဏတ္တိ”ဟု ဖြစ်၏၊ ပဏ္ဏတ္တိ ယဿသာတိ ပဏ္ဏတ္တိကော၊ နဲ+ပဏ္ဏတ္တိကော အပဏ္ဏကတို့ကော၊ သက်တော်ထင်ရှားရှိသော တထာဂတ၏ အဖြစ်ဖြင့်သာ “ နာမည်ပညတ်တော် မရှိခြင်း, နာမည်ပညတ်တော် ပျောက်ကွယ်ခြင်း”ဖြစ်ပါသည်၊ လွန်လေပြီးသော တထာဂတ၏ အဖြစ်ဖြင့်ကား သာသနာတော် ကွယ်သည့်တိုင်အောင်ၵင်း, နောက်နောက် ဘုရားရှင်တို့ ပွင့်ရာအခါတို့၌ၵင်း“ဂေါတမ တထာဂတ-ဂေါတမဗုဒ္ဓ”ဟူသော နာမည်တော်မှာ မကွယ်မပျောက်ဘဲ ထင်ရှားနေပါလိမ့်မည်၊ ထို့ကြောင့်ပင် နောက်၌ “ဝေါဟာရမတ္တမေဝ ဘာဝိဿတိ”ဟု ဖွင့်ပါလိမ့်မည်။

ကာယော။ ။“ကိုယ်”ဟူသည် ရုပ်တရား နာမ်ဘရား အပေါင်းတည်း၊ ဤသို့ “ကာယ”အရ ရုပ်နာမ် အပေါင်းတိုင်အောင် ယူလိုက်ဖို့“ကာယ၏ သရက်ပင်နှင့် တူပုံ, ထို ကိုယ်တွင် ပါဝင်သော တဏှာကြိုး၏ သရက်သွားတံနှင့် တူပုံ , ထိုကိုယ်၏ အစိတ် အပိုင်းဖြစ်ကြသော ခန္ဓာ ၅ ပါး,အာယတန ၁၂ ပါး,ဓာတ် ၁၈ ပါးတို့၏ ၅ လုံးပြတ်, ၁၂ လုံးပြတ်, ၁၈ လုံးပြတ် ရှိသော သရက်ခိုင်နှင့် တူပုံသည် သင့်လျော်နိုင်ပေသည်။

ဝဏ္ဏော။ ။ပါဠိ၌ “ဝဏ္ဏံ”ဟုၵင်း, သက္ကတ၌ “ပြိန္နံ ” ဟုၵင်း နပုံလိန်ချည်း အဘိဓာန်တို့၌ ဆို၏။ [ဝဏ္ဏံ ပုပ္ဖါဒိဗန္ဓနံ၊– (၅၄၄) အဘိဓာန်။] ဤသို့ ဋီသံလျင်းချိတ်ဖြင့် ရှိသော်လည်း ဓာတ္ထတ္ထသင်္ဂဟ၌ ဝဍိဓာတ်ဖြင့် ဝဏ္ဏတ္ထ (အညာပြုခြင်း အနက်) ကိုလည်း ပြသောကြောင့် ဥရင်ကောက်ဖြင့်လည်း ရှိနိုင်သည်ဟု မှတ်ပါ၊ ဝဏ္ဏန္တိ ဏ္ဍောတိ ဝဏ္ဏော (ဝဏ္ဏံ) –သစ်သီးစသည်တို့၏ ဖွဲရာ (ပေါင်းစုရာ) ညာတံ။

၁၈ လုံးပြိတ် သရက်သီးမှည့် အတိုင်းအရှည် ရှိသော၊ အမ္ဗပိက္ကိဝိယ-သရက်သီး ခိုင်ကဲ့သို့၊ တဏှာယ–တဏှာသည်၊ သတိ-သော်၊ တဏှာပနိဗန္ဓနာ - တဏှာ တည်းဟူသော ကပ်ဖွဲရာ,အညာရှိကုန်သည်၊ ဟုတ္ထာ,အာယတိ -နောင်အခါ၌၊ နိဗ္ဗတ္တာနကာ - ဖြစ်လတ်ံကုန်သော၊ ပဉ္စက္ခန္ဓာ – ၅ ပါးကုန်သော ခန္ဓာတို့ကို၊ ဒွါဒသာယတနာနိ – ၁၂ ပါးကုန်သော အာယတနတို့ကို၊ အဋ္ဌာရသဓာတု ယော–၁၈ ပါးကုန်သော ဓာတ်တို့ကို၊(ဝေဒိတမ္မာ)။

ပန-ဆက်၊ တသ္မိံ ဝကော–ထို အညာသည်၊ ဆိန္နေ-ပြတ်လသော်၊ သဗ္ဗာနိ-ကုန်သော၊ တာနိ အမ္မာနိ–ထို သရက်သီးတို့သည်၊ တဒန္တရာနိ – ထို သရက် ညာသို့ အစဉ်လိုက်ကုန်သည်၊ တံယေဝ ဝကံ် – ထို သရက်ညာသို့သာ၊ အနု ဂတာနိ-အစဉ်လိုက်ကုန်သည်၊ ဟောန္တိယထာ-ဖြစ်ကုန်သကဲ့သို့၊ ဝကံ်ဆ္ဆေဒါ-အညာ၏ ပြတ်ခြင်းကြောင့်၊ ဆိန္နာနိယေဝ– ပြတ်ပြီးကုန်သည်သာ၊ (ဟောန္တိ) ယထာ–ကုန်သကဲ့သို့၊ ဣတိ အတ္ထော၊ ဧဝ မေဝ-ဤ အတူသာလျှင်၊ ဘဝနေတ္တိ ဝကံ်ဃ– ဘဝသို့ ဆောင်တတ်သော တဏှာတည်းဟူသော အညာ၏၊ အနု ပစ္ဆိန္နတ္တာ မပြတ်သေးသည်၏ အဖြစ်ကြောင့်၊(မပြတ်သေးလျှင်)၊ အာယတိ်-နောင်အခါ၌၊ ပဉ္စ-၅ ပါးကုန်သော၊ ခန္ဓာ-ခန္ဓာဟူကုန်သော၊ ဒွါဒသ-၁၂ ပါး ကုန်သော၊ အာယတနာနိ – အာယတန ဟူကုန်သော၊ အဋ္ဌရသ– ၁၈ ပါး ကုန်သော၊ ဓာတုယော – ဓာတ်ဟူကုန်သော၊ ယေ (ဓမ္မာ) - အကြင်တရား တို့သည်၊ ဥပ္ပဇ္ဇေယျုံ–ဖြစ်ကုန်ရာ၏၊ သဗ္ဗေ - ကုန်သော၊ တေ ဓမ္မာ–ထိုတရား တို့သည်၊ တဒန္တရာ - ထို ဘဝတဏှာသို့ အစဉ်လိုက်ကုန်သည်၊ ဘဝနေတ္တိ် – (မိမိကိန်းရာသတ္တဝါကို) ဘဝသို့ ဆောင်တတ်သော တဏှာသို့၊ အနုဂတာ-အစဉ်လိုက်ကုန်သည်၊ ဟောန္တိ-ဖြစ်ကြရကုန်၏၊ တာယ- ထိုဘဝတဏှာသည်၊ ဆိန္နာယ-ပြတ်လသော်၊ (သဗ္ဗေ တေဓမ္မာ) ဆိန္နာယေဝ - ပြတ်ကုန်သည်သာ၊ (ဟောန္တိ)၊ ဣတိ အတ္ထော။

× × × × × × ×

အမ္ဗပိက္ကိ။ ။ပိဠိဓာတ်နောင် ဣန်ပစ္စည်းဖြင့် “ပိက္ကိ”ဟုငင်း, ဤပစ္စည်းထပ်သက်လျှင် “ပိက္ကိ”ဟုငင်း ထောမနိဓိဆို၏၊ ဣတ္ထိလိန်ချည်းတည်း၊ ဤဥ်ခွဲလည်း “ဥပနိဗန္ဓါ” ဟူသော ဝိသေသနအတိုင်း ဣတ္ထိလိန်ပင်၊ အမ္ဗာနံ + ပိက္ကိ အမ္ဗပိက္ကိ– သရက်သီးတို့၏ အပေါင်း, သရက်ခိုင်။ [ဋီကာသစ်၌“ပိက္ကော တေသောတိ ပိက္ကိ”ဟု အသတ္ထိအနက်၌ ဤပစ္စည်းသက်၍ ပုလ္လိန်အဖြစ်ဖြင့်ပြထားသည်မှာ စဉ်းစားဘွယ်သာ။]

တဒန္တရာနိ၊ပေ၊အဆ္ဆော။ ။[အန္တရ– အနု+ အယ။] တဒန္တရာနိကို “ တံယေဝ ဝကံ်+အနုဂတာနိ”ဟု ထပ်ဖွင့်သည်၊ “ အယ–ဂတိမှိ” ဟု ဓာတ်နက်ရှိသော ကြောင့် အန္တရယနှင့် အနုဂတသည် အနက်တူတည်း၊ အနုဂတဖြစ်ပုံကို သရုပ်ဖေါ်လို၍ “ ဝကံ်ဆ္ဆေဒါ ဆိန္နာနိယေဝ ” ဟု မိန့်သည်၊ [စာအုပ်တို့၌ “ဝကံ်ဆိန္နာယ”ဟု ရှိ၏၊ ဝကျပုဒ်က ဣတ္ထိလိန်မဟုတ်သောကြောင့် မကောင်း၊“ဝကော+ဆိန္နေ”ဟု ရှိသည်ကား ကောင်းပါ၏။]

ပန – ဆက်၊ တသ္မိံ ဝိ ရူက္ခေ - ထို သရက်ပင်သည်လည်း၊ မဏ္ဍူကာ၊ ပေ၊ သမ္ဖဿံ-ဖါး၏ ဆူးခ်ဉ်တည်သော အဆိပ်အတွေ့ကို၊ အာဂမ္မ-စွဲ၍၊ အနုပုဗ္ဗေန-အစဉ်အားဖြင့်၊ သုဿိတ္ဝာ- ခြောက်၍၊ မတေ–သေလသော်၊ ဣမသ္မိံ ဌာနေ–ဤအရပ်၌၊ ဝေရူပေါနာမ–ဤသို့ သဘောရှိသည် မည်သော၊ ရုက္ခော-သရက်ပင်သည်၊ အဟောသိ-ဖြစ်ဘူးပြီ၊ ဣတိ-ဤသို့၊ ဝေါဟာရမတ္တမေဝ-ခေါ်ဝေါ်ပြောဆိုခြင်းမျှသည်သာ၊ ဟောတိ ယထာ–ဖြစ်သကဲ့သို့၊ တံ ရုက္ခံ – ထို သရက်ပင်ကို၊ ကောစိ-တစုံတယောက်သည်၊ နပဿတိ ယထာ-မမြင်ရတော့သကဲ့သို့၊ ဧဝံ – တူ၊ အရိယမဂ္ဂသမ္မဿံ – အာရိယာမဂ် တည်းဟူသော အတွေ့ကို၊ အာဂမ္မ-စွဲ၍၊ တဏှာသိနေဟဿ - တဏှာတည်းဟူသော အစေး၏၊ ပရိယာဒိန္နတ္တာ–ထက်ဝန်းကျင် ယူအပ်ပြီး၏ အဖြစ်ကြောင့်၊ ဝါ-ကုန်ခန်းပြီး၏ အဖြစ်ကြောင့်၊ အနုပုဗ္ဗေန - အားဖြင့်၊ သုဿိတ္ဝါဝိယ – ခြောက်သကဲ့သို့၊ ဣမသ္မိံ ကာယေ–ဤကိုယ်သည်၊ ဘိန္နေ – ပျက်လသော်၊ ကာယဿ – ခန္ဓာကိုယ်၏၊ ဘေဒါ- ပျက်ရာအခါမှ၊ ဥဒ္ဓံ-အထက်ဖြစ်သော နောက်ကာလ၌၊ ဇီဝိတပရိယာဒါနာ- ရုပ် နာမ် ၂ ထွေ ဇီဝိတိန္ဒြေ၏ ကုန်ခန်းခြင်းကြောင့်၊ တံ - ထို မြတ်စွာဘုရားကို၊ နဒက္ခန္တိ - မဖူးမြင်ကြရကုန်တော့လတ္တံ့၊ တထာဂတမ္ပိ – မြတ်စွာဘုရားကိုလည်း၊ ဒေဝမနုဿာ-တို့သည်၊ နဒက္ခိဿန္တိ-လတ္တံ့၊ [နတံ ဒက္ခန္တိကို ထပ်ဖွင့်သည်။] ဣဒံ သာသနံ-ဤသာသနာတော်သည်၊ ဝေရူပဿ နာမ-ဤသို့သဘောရှိသည် မည်သော၊ သတ္ထုနော– မြတ်စွာဘုရား၏၊ သာသနံ- သာသနာတော်သည်၊ (ဟောတိ)ကိရ– ဖြစ်သတတ်၊ ဣတိ–သို့၊ ဝေါဟာရမတ္တမေဝ–

× × × × × × ×

မဏ္ဍူကာ၊ပေ၊သမ္ဖဿံ။ ။ဝိသဝန္တသ္မိံ ဘေကဝိသေသသ္မိံ ကဏ္ဍကေန, (မဏ္ဍူကကဏ္ဍကာ အဖွင့်) တဒညေနစ ဝိသေန (ဝိသအဖွင့်)၊ ဤသို့ ဋီကာသစ်၌ ၂ နက် ဖွင့်၏၊ “အဆိပ်ရှိသော ဖါးတမျိုး၏ ဆူးအတွေ့ကြောင့် ဖြစ်စေ, အခြားအဆိပ် အတွေ့ကြောင့် ဖြစ်စေ ထို သစ်ပင်သည် အစဉ်အတိုင်းခြောက်၍ သေသည်ရှိသော်” ဟူလို၊ (တနည်း) ဖါး၏ ဆူးခ်ဉ် ရှိသော အဆိပ်ကို “မဏ္ဍူကကဏ္ဍကဝိသ” ဟု ဋီကာသစ်၌ တနည်းဖွင့်သေး၏၊ နိဿယ၌ ဤနောက်နည်းအတိုင်း ပေးထားသည်၊ ထို့ပြင်–“မဏ္ဍူက” အရလိပ်ကျောက်ကို ယူသောနည်းလည်း ဝဒန္တိဝါဒ ပါသေး၏။

နာမ, ကိရ။ ။ နာမသည် ဝေရူပဿ သတ္ထုနောကို မြှင့်တင်သော သမ္ဘာဝနာဇောတက၊ “ကိရ” ကား နောင်လာ နောက်သားတို့အတွက် “တဆင့်ကြား” ရပုံကို ထွန်းပြသော အနုဿဝနတ္ထနိပါတ်တည်း၊ အချုပ်မှာ – သစ်မင်း၌ အညှာပြတ်ပြီးသော အခါ ထိုအညှာနှင့် ဆက်သွယ်နေသော သရက်သီးတွေ သစ်ပင်မှ ကင်းကွာခြင်းကဲ့သို့, ဘဝနေတို့ (တဏှာကြိုး) ပြတ်ပြီးသော အခါ ထိုတဏှာနှင့် ဆက်သွယ်နေသော ခန္ဓာအာယတနဓာတ်တို့၏ သန္တာန်အစဉ်မှ ကင်းကွာသွားခြင်းသည် ပါဠိတော်လာ ဥပမာ၏ လိုရင်းပင်တည်း၊ အခြားအဓိပ္ပါယ်တို့မှာ အတ္ထဗျာပန္နနည်းအားဖြင့် ရသင့်၍ ထည့်အပ်သော အနက်အဓိပ္ပါယ်များဖြစ်သည်ဟု ဋီကာဆိုသည်။

ခေါ်ဝေါ် ပြောဆိုခြင်းမျှသည်သာ၊ ဘဝိဿတိ–ဖြစ်လတ္တံ့၊ ဣတိ (ဣဒံ) - ဤဆိုအင်ပြီးကား၊ (သံသန္ဒနံ-တည်း၊) [ဧရှေ့ပြန်လှည့်၍ အုပ်သည်၊ ဣတိ တလုံးအကြေကြီ။] ဣတိ-သို့၊ အနုပါဒိသေသ နိဗ္ဗာနဓာတုံ–အနုပါဒိသေသ နိဗ္ဗာနဓာတ်သို့၊ ပါပေတွာ-ရောက်စေ၍၊ ဒေသနံ - ဒေသနာတော်ကို၊ နိဋ္ဌာပေသိ–ပြီးဆုံးစေတော်မူပြီ။ [ရှေးစာအုပ်များ၌ "ထပေသိ" ဟု ရှိ၏၊ "ထပေသိ-ရပ်ထားတော်မူပြီ" ဟု ပေးပါ။]

ဧဝံ ဝုတ္တေ အာယသ္မာ အာနန္ဒောတိ-ကား၊ ဧဝံ - ဤသို့၊ ဝါ - ဤဆိုအပ်ပြီးသော နည်းဖြင့်၊ ဘဂဝတာ– သည်၊ ဣမသ္မိံ သုတ္တေ – ဤသုတ်တော်ကို၊ ဝုတ္တေ - ဟောတော်မူအပ်ပြီးသော်၊ ထေရော - အရှင် အာနန္ဒာထေရ်သည်၊ အာဒိတော-အစမှ၊ ပဋ္ဌာယ–စ၍၊ သမ္ဗံ-အလုံးစုံသော၊ သုတ္တံ- သုတ်တော်ကို၊ သမန္နာဟရိတွာ-စိတ်သို့ ကောင်းစွာဆောင်၍၊ ဝါ-နှလုံးသွင်း၍၊ ဧဝံ - ဤသို့၊ ဝါ-သို့ကလောက်၊ ဗုဒ္ဓဗလံ – ဘုရားရှင်တို့၏ ဉာဏ်တော်အစွမ်းကို၊ [ဗုဒ္ဓါနံ ဉာဏဗလံ၊–ဋီကာသစ်။] ဒီပေတွာ-ပြတော်မူ၍၊ ကထိတသုတ္တဿ (နာမ)–ဟောတော်မူအပ်သော သုတ်မည်သည်၏၊ နာမံ-အမည်ကို၊ ဘဂဝတာ-သည်၊ နဂဟိတံ-ယူတော်မမူအပ်သေး၊ ဟန္ဒ-ယခု၊ အဿ-ဤသုတ်၏၊ နာမံ- အမည်ကို၊ ဂဏှာပေဿာမိ– ယူစေရတော့အံ့၊ ဣတိ, စိန္တေတွာ - ကြံ၍၊ ဘဂဝန္တံ, တေံ-ဤစကားကို၊ အဝေါစ–ပြီ။[ပါဠိတော်၌ "အစ္ဆရိယံ ဘန္တေ၊ ပေ၊ ကောနာမော အယံ ဘန္တေ ဓမ္မပရိယာယော" ဟူသော ဤစကားကို လျှောက်ပြီ။]

တသ္မာတိဟ တွန္တိ အာဒိသု – တသ္မာတိဟ တုံ့ အစရှိသော ပါဠိရပ်တို့၌၊ အယံ–ဤဆိုအပ်လတ္တံ့ကား၊ အတ္ထယောဇနာ–အနက်ကို ယှဉ်စေခြင်းတည်း၊ (အနိယမဝါကျထည့်၍ အနက်ကို ယှဉ်စေခြင်းတည်း)၊ အာနန္ဒ – အာနန္ဒာ၊ ယသ္မာ–အကြင့်ကြောင့်၊ ဣမသ္မိံ ဓမ္မ ပရိယာယေ–ဤတရားဒေသနာတော်၌၊

× × × × × × ×

ကထိတသုတ္တဿ နာမ။ ။စာအုပ်တို့၌ နာမသဒ္ဒါ မပါ၊ ဋီကာသစ်၌ "ကထိတသုတ္တဿ နာမာတိ ဣတ္ထေ နာမသဒ္ဒေါ သမ္ဗာဝနေ နိပါတော၊ တေန ဧဝမိဒံ နာမ ကထိတသုတ္တဿဘာတိ ဝုတ္တနယေန သုတ္တဿ ဂုဏာ သမ္ဗာဝေတိ" ဟု ရှိ၏၊ ဋီကာသစ်ဆရာ၏ လက်ထက်တုန်းက "နာမ" သဒ္ဒါ ပါဟန်တူသည်။

ဟန္ဒ။ ။ဟန္ဒာတိ ဝေါသဂ္ဂတ္ထော၊ တေနဟိ အခေါနာဝ (ယခုချက်ခြင်းပင်) ဂဏှာပေဿာမိ၊ နံ ပပဉ္စံ-(ခွဲထွင်မှုကို၊ ဝါ-ကြွာအောင်၊) ကရိဿာမိတိ ဝေါသဂ္ဂံ (စွန့်လွှတ်ခြင်း, ဆုံးဖြတ်ခြင်းကို) ကရောတိ၊–ဋီကာသစ်၊ "ဟန္ဒ–ယခု" ဟု ပေးအပ်သောအနက်လည်း ဝေါသဂ္ဂတ္ထပင်တည်း၊ ဘာ့ကြောင့်နည်း၊.... " စဉ်းစားနေ ...ကြာရော, ယခုချက်ခြင်းဝင် ဤသုတ်၏နာမည်ကို ယူဘို့ရန် လျှောက်ထားတော့မည် " ဟု ဆုံးဖြတ်ခြင်းကို ပြသောကြောင့်တည်း။

[ပရိယာယသဒ္ဒါသည် ဒေသနာအနက်ဟောတည်း။] ဣဓတ္ထောဝိ- ၌ ပစ္စုပ္ပန်ဘဝ၌ဖြစ်သော အစီးအပွားကိုဂင်း၊ ပရတ္ထောဝိ - နောင်ဘဝ၌ဖြစ်သော အစီးအပွားကိုဂင်း၊ ဝိဘတ္တောဝ– အကျယ် ဝေဘန်တော်မူအပ်ပြီ၊ တသ္မာ- ကြောင့်၊ (ထိုသို့ ဣဓတ္ထ, ပရတ္ထ ၂ ပါးကို အကျယ် ဝေဘန်အပ်ရာ၏အဖြစ်ကြောင့်၊) ဣဟ-၌သာသနာတော်၌၊ တွံ-သင်သည်၊ ဣမံ ဓမ္မပရိယာယံ-၌ တရားဒေသနာတော်ကို၊ အတ္ထဇာလန္တိဝိ-အတ္ထဇာလ ဟူ၍လည်း၊ ဝါ-အစီးအပွား တည်းဟူသော ကွန်ယက်ရှိသော ဒေသနာတော်ဟူ၍လည်း၊ ဓာရေဟိ – ဆောက်ရွက်မှတ်သားလော၊ ပန-ကား၊ ယသ္မာ- ကြောင့်၊ တ္ထေ- ၌ တရားဒေသနာတော်၌၊ ဗဟူ-များစွာကုန်သော၊ တန္တိဓမ္မာ- ပါဠိတော်တရားတို့ကို၊ ကထိတာ- ဟော တော်မူအပ်ကုန်ပြီ၊ တသ္မာ-ကြောင့်၊ (ထိုသို့ များစွာသော ပါဠိတော်တရားတို့ကို ဟောအပ်ရာ၏အဖြစ်ကြောင့်)၊ (ဣမံ ဓမ္မပရိယာယံ - ကို၊) ဓမ္မဇာလန္တိဝိ-· ဓမ္မဇာလ ဟူ၍လည်း၊ ဝါ - ပါဠိတော်တရား တည်းဟူသော ကွန်ယက်ရှိသော ဒေသနာတော်ဟူ၍လည်း၊ ဓာရေဟိ - လော။

စ- သည်သာမကသေး၊ ယသ္မာ, တ္ထေ - ၌၊ သေဋ္ဌေန - မြတ်သည်၏အဖြစ်ဟူသော အနက်ကြောင့်၊ ဗြဟ္မံ-မြတ်သော၊ သမ္ဗုဒ္ဓတည်းဏံ-သမ္ဗုဒ္ဓတာဉာဏ်တော်ကို၊ ဝိဘတ္တံ - အကျယ် ဝေဘန်တော်မူအပ်ပြီ၊ တသ္မာ – ကြောင့်၊ (ထိုသို့ မြတ်သော သမ္ဗုဒ္ဓတာဉာဏ်တော်ကို အကျယ် ဝေဘန်အပ်ရာ၏အဖြစ်ကြောင့်၊) (ဣမံ ဓမ္မပရိယာယံ - ကို၊) ဗြဟ္မဇာလန္တိဝိ – ဗြဟ္မဇာလ ဟူ၍လည်း၊ ဝါ – မြတ်သော သမ္ဗုဒ္ဓတာဉာဏ် တည်းဟူသော ကွန်ယက်ရှိသော ဒေသနာတော် ဟူ၍လည်း၊ ဓာရေဟိ၊ ယသ္မာ, တ္ထေ-၌၊ ဒ္ဝါသဋ္ဌိ-၆၂ ပါးသော၊ ဒိဋ္ဌိယော-မိစ္ဆာအယူတို့ကို၊ ဝိဘတ္တာ – အကျယ် ဝေဘန်တော်မူအပ်ကုန်ပြီ၊ တသ္မာ-ကြောင့်၊ (ထိုသို့ ၆၂ ပါးသောမိစ္ဆာအယူတို့ကို အကျယ်ဝေဘန်အပ်ရာ၏အဖြစ်ကြောင့်၊) (ဣမံ ဓမ္မပရိယာယံ-ကို၊) ဒိဋ္ဌိဇာလန္တိဝိ-ဒိဋ္ဌိဇာလဟူ၍လည်း၊ ဝါ-မိစ္ဆာအယူ

× × × × × × ×

ဇုဓတ္ထောဟု ။ ပါဠိတော်၌ “ တသ္မာ ”၏ အနိယမဝါကျကို “ယသ္မာ၊ပေါဝိဘတ္တော” ဟု ထည့်သည်၊ ပါဠိတော်၌လည်း ဤအတိုင်း ထည့်၍ပေးမှ အဓိပ္ပါယ်ပြည့်စုံသည်၊ အတ္ထသဒ္ဒါသည် အဘိဓာန် (၇၀၅) လာ အနက်တို့တွင် ဟိတ၏ ပရိယာယ်တည်း၊ ဇုဓ + ပဝတ္တော + အတ္ထော ဇုဓတ္ထော၊ ပရသ္မိံ (နောင်ဘဝ၌) + ပဝတ္တော+ အတ္ထော ပရတ္ထော။ [ဇုဓတ္ထောတိ ဒိဋ္ဌဓမ္မဟိတံ၊ ပရတ္ထောတိ သမ္ပရာယဟိတံ၊–ဋီကာ။] ဋီကာသစ်၌ “ ဓမ္မဇာလံ ” အရ ပါဠိဓမ္မကို ယူသောကြောင့် ၌ အတ္ထ အရှင်လည်း ဆာသိတတ္ထ (ပါဠိတော်၏ဟောနက်) လည်း ဖြစ်သင့်၏–ဟု တနည်းဖွင့်သေး၏။

အတ္ထဇာလန္တိဝိ နံ။ ။အတ္ထသဒ်ါတံ + ဇာလံ ဣတ္ထောတို့ အတ္ထဇာလံ (သုတ္တံ)၊ “ဣမံ ဓမ္မပရိယာယံ”ဟု ပါဠိတော်၌ ကံပုဒ်သီးခြားရှိပြီးဖြစ်သောကြောင့်“နံ”အတွက် အနက်မရှိတော့။ [နံတိ နိပါတမတ္တံ၊–ဋီကာသစ်။]

တည်းဟူသော ကွန်ယ့ကဲ့ရှိသော ဒေသနာတော်ဟူ၍လည်း၊ ဓာရေဟိ၊ ပန်-ကား၊ ယသ္မာ, ဇုမံ ဓမ္မပရိယာယံ- ကို၊ သုတ္ဝာ- ကြားနာရ၍၊ ဝါ- ကြားနာရသည်ရှိသော်၊ ဒေဝပုတ္တမာရမ္မိ- ဒေဝပုတ္တမာရ်ကိုဎင်း၊ ခန္ဓမာရမ္မိ- ခန္ဓမာရ်ကိုဎင်း၊ မစ္စုမာရမ္မိ - မစ္စုမာရ်ကိုဎင်း၊ ကိလေသမာရမ္မိ - ကိလေသမာရ်ကိုဎင်း၊ အဘိသင်္ခါရမာရမ္မိ-အဘိသင်္ခါရမာရ်ကိုဎင်း၊ မဒ္ဒိတုံ-နှိပ်နင်းခြင်းငှါ၊ သက္ကာ-စွမ်းနိုင်၏၊ တသ္မာ-ကြောင့်၊ (ထိုသို့ မာရ်ငါးပါးကို အောင်နိုင်ကြောင်း၏အဖြစ်ကြောင့်)၊ (ဇုမံ ဓမ္မပရိယာယံ-ကို၊) အနုတ္တရော-အတူမရှိ မြတ်သော၊ သင်္ဂါမဝိဇယောတိပိ-စစ်ပွဲကိုအောင်နိုင်ကြောင်း ဒေသနာတော်ဟူ၍လည်း၊ ဓာရေဟိ-လော၊ ဇုတိ (အယံ)-ဤ ဆိုအပ်ပြီးကား၊ (အတ္ထယောဇနာ- တည်း။)

ဇုဒမဝေါစ ဘဂဝါတိ - ကား၊ နိဒါနာဝသာနတော - နိဒါန်း၏အဆုံးမှ၊ ပဘုတိ- စ၍၊ ယာဝ အနုတ္တရော၊ပေ၊ဓာရေဟီတိ - အနုတ္တရော၊ပေ၊ဓာရေဟိတိုင်အောင်၊ သကလံ-အလုံးစုံသော၊ ဇုဒံ သုတ္တန်-ဤသုတ်တော်ကို၊ ဘဂဝါ-မြတ်စွာဘုရားသည်၊ ပရေသံ-အခြားပုဂ္ဂိုလ်တို့၏၊ ပညာယ-ပညာဖြင့်၊ အလဘာနေယျပတိဋ္ဌံ - မရအပ်သော ထောက်တည်ရာရှိသော၊ ပရမဂမ္ဘီရံ - အလွန်နက်နဲသော၊ သမ္မညုတညာဏံ - သမ္မညုတာဉာဏ်တော်ကို၊ ပကာသေန္တော-ထင်ရှား ပြတော်မူလျက်၊ သူရိယော - နေသည်၊ အန္ဓကာရံ - အမိုက်မှောင်ကို၊ (ဝိဓမတိ)ဝိယ- တိုက်လွှင့် ပယ်ဖျောက်သကဲ့သို့၊ (တထာ) ဒိဋ္ဌဂတမဟန္ဓကာရံ-မိစ္ဆာအယူ တည်းဟူသော ကြီးစွာသောအမှောင်ကို၊ ဝိဓမန္တော - တိုက်လွှင့် ပယ်ဖျက်တော်မူလျက်၊ အဝေါစ-မိန့်တော်မူပြီ။

× × × × × × ×

သင်္ဂါမဝိဇယော။ ။ဝိပုဗ္ဗ ဇိဓာတ်, အ ပစ္စည်းဖြင့် "ဝိဇယော"ဟု ဖြစ်၏၊ ဝိဇိနာတိ ဇေတေနာတိ ဝိဇယော၊ သင်္ဂါမသ္မိ + ဝိဇယော သင်္ဂါမဝိဇယော။ [သင်္ဂါမံ ဝိဇိနာတိ ဇေတေနာတိ " ဟု ပေါင်း၍ ဋီကာသစ်ပြုသည်မှာ အလွယ်ပြုခြင်းသာတည်း။] သင်္ဂါမ (စစ်ပွဲ) ဟူရာ၌ မာရ်ငါးပါးတို့နှင့် တိုက်ရသောစစ်ပွဲဟု သိစေလို၍ "ဒေဝပုတ္တမာရမ္မိ"စသည်ကို မိန့်သည်၊ [သင်္ဂါမော စေတ္ထ ပဉ္စဟိ မာရေဟိ သမာဂမနံ အဘိယုဇ္ဈနံ တိ အာဟ ဒေဝပုတ္တမာရမ္မိတိ အာဒိ၊- ဋီကာသစ်။] ဤ၌ " ပဉ္စဟိ မာရေဟိ " ဟု ဖွင့်သောကြောင့် စာအုပ်တို့၌ အဘိသင်္ခါရမာရ် ကျနေသည် ဟု သိပါ။ [ဋီကာတို့၌ "အတ္ထသမ္ပတ္တိယာ အတ္ထဇာလံ" စသည်ဖြင့် အဋ္ဌကထာမှ တနည်းဖွင့်သေး၏။]

နိဒါနာဝသာနတော။ ။"မမံ ဝါ ဘိက္ခဝေ"စသော ဘုရားစကားတော်၏ရှေ့၌ " အထ ဘဂဝါ အနုပ္ပတ္တော " ကို နိဒါန်း၏အဆုံးဟု ဆိုသည်၊ ထို နိဒါန်း၏အဆုံးကို အပိုင်းအခြားပြု၍ "မမံ ဝါ ဘိက္ခဝေ"မှ စပြီးလျှင် "ဓာရေဟိ"တိုင်အောင်သော ပါဠိတော်ကို "သကလံ သုတ္တန်ံ "ဟု ယူပါ၊ ဤသို့ယူမှ "ဇုဒမဝေါစ ဘဂဝါ- ဤတရားကို ဘုရားဟောတော်မူပြီ" ဟူသော နိဂုံးနှင့် လိုက်လျောသည်။ [အာဒိကလျာဏာစသည် ခွဲရာ၌ကား နိဒါန်းစကားသည် သုတ်၏ အစဖြစ်သောကြောင့် သုတ်တသုတ်အတွင်း၌ ပါဝင်နိုင်ပါ၏။]

အတ္တမနာ တေ ဘိက္ခူတိ-ကား၊ တေ ဘိက္ခူ-ထိုရဟန်းတို့သည်၊ အတ္တမနာ သကမနာ - မိမိစိတ် ရှိကြကုန်သည်၊ ပုဒ္ဓဂတာယ - မြတ်စွာဘုရား၌ဖြစ်သော၊ (မြတ်စွာဘုရားကို အာရုံပြုသောအားဖြင့်ဖြစ်သော)၊ ပီတိယာ-ပီတိဖြင့်၊ ["ပီတိအားဖြင့်"ဟု ဝိသေသနဆိုလိုသည်။] ဥဒဂ္ဂစိတ္တာ–တက်ကြွသောစိတ် ရှိကြကုန်သည်၊ (ဥ+ အဂ္ဂ+ စိတ္တာ· အထက်၌ အဖျားရှိသကဲ့သို့ ထောင်တက်သောစိတ် ရှိကြကုန်သည်)၊ ဟုတ္ဝာ-၍၊ (အဘိနန္ဒုံ ၌စပ်)၊ ဣတိ ဝုတ္တံ ဟောတိ။

ဘဂဝတော ဘာသိတန္တိ-ကား၊ ကရဝီက ရုတမဉ္ဇုနာ- ကရဝိက်ငှက်မင်း၏ ကျူးရင့်သံနှင့် တူစွာ နာပျော်ဘွယ်ကောင်းသော၊ ကဏ္ဌသုခေန - နား၏ချမ်းသာကြောင်းဖြစ်သော၊ ဝါ-နားဝင်ချိုသော၊ ပဏ္ဍိတဇနဟဒယာနံ-ပညာရှိလူအပေါင်း၏ စိတ်နှလုံးတို့ကို၊ အမတာဘိသေက သဒိသေန- အမြိုက်ရေစင်

× × × × × × ×

အတ္တမနာ။ ။အတ္တနော+မနော ယေသံတိ အတ္တမနာ (မိမိ၏စိတ်ရှိသူတို့)၊ ဤအနက်ကိုရည်ရွယ်၍ "သကမနာ"ဟု ဖွင့်သည်၊ သကဖြင့် အတ္တသဒ္ဒါ၏ "မိမိ"ဟူသော အနက်ကိုပြ၏၊ "မိမိစိတ်ရှိ"ဟူရာ၌ "မည်သူမဆို, မိမိစိတ်ရှိသူချည်း မဟုတ်ပါလော" ဟု စောဒနာဘွယ်ရှိသောကြောင့် " ဘုရားရှင်ကို အာရုံပြုသောပီတိဖြင့် တက်ကြွသောစိတ် ရှိကြသည်"ကို ဆိုလိုသည်ဟု ဥဒ္ဓုကတ္ထကို သိစေလို၍ " ပုဒ္ဓဂတာယ " စသည်ကို မိန့်သည်၊ မှန်၏– သမ္မာပဏ္ဏိဟိတ (ကောင်းစွာထားအပ်သော ကုသိုလ်) စိတ်ကိုသာ မိမိ၏ ကောင်းကျိုးကိုပြုတတ်သည့်အတွက် မိမိ၏စိတ်ဟု ခေါ်ရသည်။

ဆက်ဥုံးအုံ— မိစ္ဆာပဏိဟိတ (မကောင်းသဖြင့် ထားအပ်သော) အကုသိုလ်စိတ်သည် မိမိသန္တာန်၌ဖြစ်စေကာမူ မိမိ၏စီးပွားမဲ့ကို ပြုတတ်သောကြောင့် "ပရမန (ရန်သူဖြစ်သော သူတပါး၏အကြိုက်စိတ်)"ပင် ဖြစ်၏၊ ထို့ကြောင့်....

"ဒိသော ဒိသံ ယံ တံ ဧကယိရာ, ဝေရိဝါ ပန ဝေရိနံ၊
မိစ္ဆာပဏိဟိတံ စိတ္တံ, ပါပိယော နံ တတော ကရေ"ဟု

ဓမ္မပဒစိတ္တဝဂ်၌ ဟောတော်မူသည်။ [မုန်းသူတယောက်သည် မုန်းသူတယောက်ကို (တနည်း) ရန်သူတယောက်သည် ရန်သူတယောက်ကို အကြင်စီးပွားမဲ့ ပျက်စီးရေးကို ပြုရာ၏၊ ထိုသို့ ပြုအပ်သောအမှုထက် မိမိဘာသာပြုအပ်သော မိစ္ဆာပဏိဟိတစိတ်က မိမိအတွက် သာ၍ ယုတ်မာဆိုး၀ါးမှုကို ပြုရာရောက်သည်။]

ကရဝီက၊ပေ၊မဉ္ဇုနာ။ ။ကရဝိကသဒ္ဒ+ရုတံ–တွန်မြွေးအပ်သော အသံတည်း၊ ကရဝိကရုတံ၊ ကရဝိကရုတံဇာတ ဝ မဉ္ဇု ကရဝိကရုတမဉ္ဇု။ [မနုံ– ကြိုးရသူတို့၏စိတ်ကို၊ ရဇ္ဇုတိ–နှစ်သက်စေတတ်၏၊ ဇာတိ မဉ္ဇု၊ ဥပစ္စည်း၊ "မနရဇ္ဇု"မှ နနှင့် ရကိုချေ၍ မဉ္ဇု ဖြစ်သည်ဟု အဘိဓာနပ္ပဒီပိကာသူစိ ဆိုသည်။]

အမတာဘိသေကသဒိသေန။ ။ကာယစိတ္တဒရထဝူပသမက်ံ သဗ္ဗသမ္ပတ္တိရာဘိသခ်ံတ် ဥဒကံ (ကိုယ်စိတ်တို့၏ ပူပန်ခြင်းကို ငြိမ်းစေတတ်သော အလုံးစုံသော အဆောံအဥုံးတို့ဖြင့် စီမံအင်သော ရေစင်သည်) ဒီဃာယုကတာသံဝတ္တနတော အမတံနာမ

ဖြင့် သွန်ဖြန်းလိုက်ခြင်းနှင့် တူသော၊ ပြဟ္မဿရေန – ဗြဟ္မာမင်း၏ အသံနှင့် တူသော အသံတော်ဖြင့်၊ ဘာသမာနဿ - ဟောတော်မူသော၊ ဘဂဝတော– မြတ်စွာဘုရား၏၊ ဝစနံ- စကားတော်ဖြစ်သော၊ (ဣဒံ သုတ္တံ ဦးစပ်၊) ဧဝံ–ဤသို့၊ ဇ၀်-ဤ ဆိုအပ်ပြီးသောနည်းဖြင့်၊ ဝိဝိတြနယဒေသနာ ဝိလာသယုတ္တံ-ထူးဆန်းသောနည်းနှင့်လည်းယှဉ်, ဒေသနာတော်၏ တင့်တယ်စမွယ်ခြင်းနှင့်လည်းယှဉ်သော၊ ဣဒံသုတ္တံ–ဤ ဇာလဗြဟ္မသုတ်တော်ကို၊ (အဘိနန္ဒုံ ဦးစပ်)။

အဘိနန္ဒုံတိ – အဘိနန္ဒုံ ဟူသည်ကား၊ အနုမောဒိံသုဧစဝ - အဖန်ဖန်လည်း ဝမ်းမြောက်ကြကုန်ပြီ၊ သမ္ပဒိန္တိံသုစ-လက်ခံလည်း လက်ခံကြကုန်ပြီ၊ ဟိ–မှန်၊ (တနည်း) ဟိ– ချဲ့၊ အယံ အဘိနန္ဒသဒ္ဒေါ - ဤ အဘိနန္ဒသဒ္ဒါသည်၊ အဘိနန္ဒတိ– တက္ကာဖြင့် လွန်စွာနှစ်သက်၏၊ အဘိဝဒတိ - ကောင်းလေစွဟု အားရနှစ်လို ပြောဆို၏၊ ဣတိ အာဒိသု–ဤသို့အစရှိသော ပါဠိရပ်တို့၌၊ [ခန္ဓ

× × × × × × ×

(အသက်ရှည်သူ၏အဖြစ်ကို ဖြစ်စေနိုင်သောကြောင့် အမြိတ် (အမြိုက်) ရေစင်မည်၏)၊ တေနာဘိသေကသဒ်သေန၊– ဋီကာ၊ ဤအလို "အဘိသိဉ္စနံ အဘိသေကော၊ အမတေန+အဘိသေကော အမတာဘိသကော၊ အမတာဘိသေကေန+သဒ်သော အမတာဘိသေကသဒ်သော " ဟု ပြုပါ။ [ဒုစရိတပုဒ်မှ ဒုစရိတ်သည် " ဒုစရိုက် "ဟု ဖြစ်လာသကဲ့သို့, သဂ္ဂတဒ္ဓ အမရိတပုဒ်မှ အမရိတ်သည် " အမြိုက်"ဟု ပြောင်းရွေ့လာ၏။] "ပဂ္ဂဟိတဇနဟဒယာနံ"ကိုလည်း ဤ " အဘိသေက "ဟူသော ဘာဝသာဓနဒ္ဓ စပ်ရသော ကံပုဒ်ဟု မှတ်ပါ။

ဝိဝိတြ၊ေပ၊ယုတ္တံ ။ ။ ဝိဝိတြာ+နယာ ဝိဝိတြနယာ၊ ဝိလာသနံ ဝိလာသော၊ ဒေသနာယ+ဝိလာသော ဒေသနာဝိလာသော၊ ဝိဝိတြနယာ စ + ဒေသနာဝိလာသော စာတိ ဝိဝိတြနယဒေသနာဝိလာသာ၊ တေဟိ + ယုတ္တံ ဝိဝိတြနယဒေသနာဝိလာသယုတ္တံ (ဝစနံ)။ [ဋီကာသစ်၌ "ဒေသနာဝိလာသ"အရ သဗ္ဗညုတာဉာဏ်တော်ကို အရကောက်လေသည်၊ "သဗ္ဗညုတာဉာဏ်တော်နှင့်ဖွဉ့်သော"ဟု အနက်အဓိပ္ပါယ် မဖြစ်နိုင်သောကြောင့် စဉ်းစားပါ။]

အဘိနန္ဒုံ။ ။နန္ဒ (နဒိ) ဓာတ်သည် နှစ်သက်ဝမ်းမြောက်ခြင်းအနက်ကိုဟော၏၊ ထို့ကြောင့် " အနုမောဒိံသု " ဟု မူလဓာတ်နက်အတိုင်း ဖွင့်၏၊ " အနေကဏ္ဍတ္တာဓာတူနံ"ဟူသော ပရိဘာသာဟိတ်နှင့်အညီ, ဓာတ်တို့က အနက်များစွာကို ဟောနိုင်ရကား နန္ဒဓာတ်၏ သမ္ပဒိစ္ဆန အနက်ကိုလည်းယူ၍ " သမ္ပဒိန္တိံသု " ဟု ဖွင့်သည်၊ မှန်၏၊ – ရဟန်းတော်တို့သည် ဘုရားရှင်၏တရားတော်ကို " သာဓု သာဓု " ဟု အနုမောဒနာပြုရုံသာ မက, အစဉ်အဆက်ဆောင်ရွက်ဘို့ရန် လက်ခံလည်း လက်ခံကြသည်။

အယဉ္စိ အဘိနန္ဒသဒ္ဒေါ။ ။ဟောရိုးဓာတ်နက်ထက်ပို၍ " သမ္ပဒိန္တိံသု "ဟု ဖွင့်ထားသဖြင့် " ထိုအနက် သင့်မှ သင့်ပါမည်လား " ဟု ယုံမှားဘွယ်ရှိသောကြောင့် အဘိနန္ဒ၏ ဟောနိုင်သော (ဓာတ်နက်မဟုတ်သော) အနက်တွေ များစွာရှိပေသည် ဟု ပြခြင်းငှါ ဒဋ္ဌဝါကျ, တနည်း– ဝိတ္ထာရဝါကျကို တက်ရပေသည်။

သံယုတ် , နကုလပိတုဝင်် , သမာဓိသုတ် ပါဠိတော်။] တဏှာယမွိ – တဏှာ ဟူသောအနက်၌လည်း၊ အာဂတော – လာ၏၊ ဥဘယေ- ၂ ပါးစုံကုန်သော၊ ဒေဝမာနုသာ-နတ်လူတို့သည်၊ အန္ဓမေဝ-အစာသို့သာ၊ အဘိနန္ဒန္တိ-ချဉ်းကပ်ကြကုန်၏၊ ဣတိ အာဒီသု–တို့၌၊ ဥပဂမနဝိ–ချဉ်းကပ်ခြင်း အနက်၌လည်း၊ (အာဂတော)၊[“အဘိနန္ဒတိ”၌ တဏှာဖြင့် နှစ်သက်ခြင်းကိုဆိုလိုသောကြောင့် “တဏှာယံ ဝိ အာဂတော”ဟုဆင်း, “အန္ဓမေဝါဘိ နန္ဒန္တိ”၌“ဓာတူနံ အနေကတ္ထတ္တာ”အရ ဥပဂမနအနက်ကိုယူရသောကြောင့်“ဥပဂမနေဝိ”ဟုဆင်းဖွင့်၏။]

စိရပ္ပဝါသိ˚-ကြာရှည်စွာ ကွေကွင်း၍, နေရခြင်းရှိသော၊ ဒုရတော- တရှာတကျေး,ရပ်အဝေးမှ၊သောတ္ထိ˚-ချမ်းချမ်းသာသာ၊အာဂတံ-ပြန်၍ရောက်လာသော၊ ပုရိသံ-ယောကျ်ားကို၊ ဥတိမိတ္တာ– ဆွေမျိုးမိတ်ဆွေတို့သည်ဆင်း၊ သုဟဇ္ဇာစ – ကောင်းသော စိတ်နှလုံး ရှိကြသော ချစ်ကျမ်းဝင်သူတို့သည်ဆင်း၊ အာဂတံ–ပြန်လာပေပြီ ဟူ၍၊ အဘိနန္ဒန္တိ–လက်ခံကြကုန်၏၊ ဣတိ အာဒီသု-တို့၌၊[ဓမ္မပဒ, ဝိယဝင်် , နန္ဒိယဝတ္ထု၊ပါဠိတော်။] သမ္ပဋ္ဆိနေဝိ – လက်ခံခြင်း အနက်၌လည်း၊(အာဂတော)၊ အဘိနန္ဒိတ္ဝာ–လွန်စွာနှစ်သက်၍၊ အနုမောဒိတ္ဝာ-အဖန်ဖန် ဝမ်းမြောက်၍၊ ဣတိ အာဒီသု၊ [မဇ္ဈိမနိကာယ် မူလပဏ္ဏာသ, သီဟနာဒဝင်် , မဂ္ဂဝိဏ္ဍိကသုတ် ပါဠိတော်တို့၌။] အနုမောဒနေဝိ–အဖန်ဖန် ဝမ်းမြောက်ခြင်း အနက်၌လည်း၊(အာဂတော)၊ ဣမ- ဤအဘိနန္ဒီတိဟူသော ပါဋ္ဌိ၌၊ သွာယံ (သော+အယံ)- ထို အဘိနန္ဒနသဒ္ဒါသည်၊ အနုမောဒနသမ္ပဋ္ဆိနေသု-အဖန်ဖန် ဝမ်းမြောက်ခြင်းအနက်, လက်ခံခြင်းအနက်တို့၌၊ ယုဇ္ဇတိ-သင့်၏၊ တေန - ထို့ကြောင့်၊ အဘိနန္ဒီတိ ၊ ပေ ၊ သမ္ပဋ္ဆိ˚ သုစာတိ - ဟူ၍၊ (မယာ)၊ ဝုတ္တံ–ဆိုအပ်ပြီ၊ ဝါ-ဆိုခဲ့ပြီ။

တာဒိနော– လောကဓံ ရှစ်ပါးကြောင့် ဖေါက်ပြားမတုန် တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏၊ သုဘာသိတံ- သဒ္ဒါအားဖြင့် ကောင်းစွာ ဟောတော်မူအပ်သော၊ သုလပိတံ - အနက်အားဖြင့် ကောင်းစွာ မိန့်တော်မူ

× × × × × × ×

စိရပ္ပဝါသိ˚၊ပေ၊သမ္ပဋ္ဆိနေ။ ။ဝါထာ၏အနက်အဓိပ္ပါယ်အားဖြင့် “ အဘိနန္ဒန္တိ ” အတွက် လက်ခံခြင်းအနက်က ထင်ရှားသောကြောင့် “ သမ္ပဋ္ဆိနေ ” ဟုဖွင့်သည်။ [ပဝါသိ˚၌ ပဥပသာရသည် ဝိယောဂ အနက်ဟောတည်း၊ ပဝသနံ ပဝါသော–ကင်းရှင်နေခြင်း၊ ပဝါသော ယသာတိ ပဝါသိ–ကွေကွင်း၍ နေခြင်းရှိသူ၊ စိရံ + ပဝါသီ စိရပ္ပဝါသီ။]

အဘိနန္ဒိတ္ဝာ။ ။အဘိနန္ဒိတ္ဝာကို “အနုမောဒိတ္ဝာ” ဟု အနက် ထင်ရှားအောင် ထပ်ရွှေ့ပြသောကြောင့်“အနုမောဒနေဝိ”ဟု ဆိုသည်၊ တေန ဝုတ္တံ – စသည်ကား ရှေ့၌ မိမိဖွင့်ခဲ့သော “ အဘိနန္ဒုံတိ ၊ပေ၊ သမ္ပဋ္ဆိ˚ သုစ ” ဟူသော စကားကို ပြန်၍ ဖုံးသော နိဂုံးတည်း၊ လဒ္ဓဂုဏ်ဟုလည်း ဆိုကြသေး၏။

အပ်သော၊ (ဣဒံ သုတ္တံ-ဤ သုတ်တော်ကို၊) ဘိက္ခဝေါ-ရဟန်းတို့သည်၊ သာဓု သာဓူတိ-သာဓု သာဓုဟူ၍၊ အနုမောဒမာနာ-အဖန်ဖန် ဝမ်းမြောက်ကြကုန်သည်၊ (ဟုတ္ထာ)၊ သိရသာ – ဥုးခေါင်းဖြင့်၊ သမ္ပဋိစ္ဆိံသု - လက်ခံကြကုန်ပြီ၊ ဏ္ဍုတိ–သုတ်၏အဖွင့် အပြီးတည်း။ [“ အဘိနန္ဒုံ ”တိုင်အောင် မြဟ္မဇာလသုတ်တည်း၊ ထိုသုတ်၏အဖွင့် ဤတွင် ပြီးပြီ– ဟု ပရိသမာပနတ္ထဇောတက ဣတိသဒ္ဒါက ပြသည်။]

ဣမသ္မိံ စပန ဝေယျာကရဏသ္မိန္တိ - ကား၊ ဣမသ္မိံ နိဂ္ဂါထကသုတ္တေ–ဤဂါထာ မရှိသော သုတ်တော်ကို၊(“ဘညမာနေ-ဟောတော်မူအပ်စဉ်”၌စပ်)၊ ဟိ-မှန်၊ နိဂ္ဂါထကတ္တာ-ဂါထာမရှိသည်၏ အဖြစ်ကြောင့်၊ ဣဒံ-ဤသုတ်တော်ကို၊ ဝေယျာကရဏန္တိ-ဝေယျာကရဏဟူ၍၊ (သံဂီတိကာရေဟိ - သံဂါယနာတင် ထေရ်တို့သည်)၊ ဝုတ္တံ- မိန့်တော်မူအပ်ပြီ။

× × × × × × ×

သုဘာသိတံ၊ပေ၊ဘိက္ခဝေါ။ ။“အဘိနန္ဒုံတိ” ဟု လာသမျှ၌ ဤအနုမောဒနသမ္ပဋိစ္ဆန အနက်အားဖြင့် ၂ နက် ရနိုင်ပုံကိုပင် သုတ်အဆုံးအဆုံး၌ သတိရစေလိုသောကြောင့် ဂါထာဖြင့် ပြပြန်သည်၊ “သဒ္ဒါအားဖြင့် သုဘာသိတ , အနက်အားဖြင့် သုလပိတ ” ဟုဎး, “သီလကို ပြခြင်းအားဖြင့် သုဘာသိတ, အထက်၌ သုညတာကို ပြခြင်းအားဖြင့် သုလပိတ”ဟုဎး,“ဒိဋ္ဌိတို့ကို အကျယ်ဝေဘန်ခြင်းအားဖြင့် သုဘာသိတ , ထို ဒိဋ္ဌိတို့ကို ဖျက်ခွဲနိုင်သော သမ္မာညုတာဉာဏ်တော်ကို အကျယ် ပြခြင်းအားဖြင့် သုလပိတ”ဟုဎး,“အဝဏ္ဏကို ပြခြင်းအားဖြင့် သုဘာသိတ, ဝဏ္ဏကို ပြခြင်းအားဖြင့် သုလပိတ”ဟုဎး ဤသုတ်၌ ပြခဲ့သည့်အတိုင်း ဋီကာသစ် ခွဲပြသည်။

ဣမသ်ိံ စ ပန။ ။ပါဠိတော်စကားရပ် ပြီးပြတ်ပြီဖြစ်သော်လည်း ဤသုတ်၏ အဆုံး၌ အံ့သြဘွယ်ဖြစ်ပုံကို ဆက်၍ပြလိုသောကြောင့်“ဣမသ်ိံ စ ပန”ဟု သင်္ဂါယနာတင်ထေရ်တို့ မိန့်တော်မူရပြန်သည်၊“ပြတ်ပြီးခဲ့ရာ, ဆက်၍လာ, ဝါကျာရမ္ဘပင်”... နှင့် အညီ ပြတ်ပြီးကို တဖန်ပြန်၍ဆက်သော ဝါကျာရမ္ဘတည်း၊ “စ-ပန”နိပါတ် ၂ ပုဒ်လုံးပင် ဝါကျာရမ္ဘဇောတကဖြစ်သည်။ [မြေလှုပ်ခြင်းသည် အထူးအဆန်းဖြစ်သောကြောင့် “ဆက်၍ အထူးပြဆိုဥုးအံ့”ဟုလည်း ပေးကြ၏၊ ပနသဒ္ဒါ ဝိသေသတ္ထဇောတက။]

ဝေယျာကရဏသ္မိံ။ ။ဗျာကရဏ၌“ဝိ+အာ+ကံရဏ”ပုဒ်ရင်းတည်း၊ ဏ္ဍကို ယ, ဝကို ဗပြုလျှင် “ဗျာကရဏ”ဟု ဖြစ်၍, ဏ္ဍကို ဧပြု,(ယ)လာလျှင် “ဝေယျာကရဏ” ဟု ဖြစ်၏၊ ဗျာကရဏသဒ္ဒါသည် “ဗျာကရောတိ–ဖြေဆို၏” စသည်၌ ကဲ့သို့ “အဖြေ” ဟူသော အနက်ကို ဟော၏၊ ဤသုတ်သည်လည်း “ ကတမဿ တံ ဘိက္ခဝေ ” စသော ပုစ္ဆာတို့ကို ဖြေသောအားဖြင့် သီလ-သမ္မာညုတာဉာဏ်တို့ကို ပြရာဖြစ်သောကြောင့် အဖြေသုတ်ပင်တည်း၊ ထို့ကြောင့် ဤသုတ်ကို “ ဣမသ်ိံ ဝေယျာကရဏသ်ိံ”ဟု ဆိုသည်။

နိဂ္ဂါထကတ္တာ။ ။ သုတ္တဝေယျစသော အင်္ဂါ ၉ ပါး (နဝင်္ဂ) အခွဲ၌ “ ဂါထာရှိသော သုတ်သည် ဂေယျမည်၏။ [အမေး–အဖြေပင် ဖြစ်သော်လည်း ဂါထာပါလျှင် ဂေယျမည်၏။] အမေး – အဖြေဖြစ်၍ ဂါထာ မပါသောသုတ်သည် ဝေယျာကရဏ

ဒသသဟဿိ လောကဓာတူတိ-ကား၊ ဒသသဟဿစက္ကဝါဠပရိမာဏာ-တသောင်းသော စကြဝဠာ အတိုင်းအရှည်ရှိသော၊ လောကဓာတု-လောကဓာတ်သည်၊ အကမ္မိတ္ထာတိ – ကား၊ သုတ္တပရိယောသာနေယျဝ – သုတ်၏ အဆုံးဌိသာ၊ အကမ္မိတ္ထ - တုန့်လှုပ်ပြီ၊ ဣတိ–သို့၊ နဝေဒိတဗ္ဗာ - မသိထိုက်၊ (ကသ္မာ-ကြောင့်၊ သုတ္တပရိယောသာနေယျဝ-ဌိသာ၊ အကမ္မိတ္ထ- ပြီ၊ ဣတိ–သို့၊ နဝေဒိတဗ္ဗာ-မသိထိုက်သနည်း)၊ ဟိ (ယသ္မာ)- အကြင့်ကြောင့်၊ ဘညမာနေတိ–ဘညမာနေဟူ၍၊ (သံဂီတိ ကာရကေဟိ)၊ ဝုတ္တံ-ပြီ၊ (တသ္မာ - ကြောင့်၊ ဝါ-ထိုသို့ ဘညမာနေဟူ၍ သံဂါယနာတင်ထေရ်တို့ မိန့်တော်မူအပ်သည်၏ အဖြစ်ကြောင့်၊ သုတ္တပရိယောသာနေယျဝ- ဌိသာ၊ အကမ္မိတ္ထ ဣတိ, နဝေဒိတဗ္ဗာ-ထိုက်)၊ တသ္မာ-ကြောင့်၊ (ထိုသို့ သုတ်၏ အဆုံးဌိသာ တုန့်လှုပ်ပြီ ဟူ မသိထိုက်သည်၏ အဖြစ်ကြောင့်)၊ ဒွါသဋ္ဌိယာ–၆၂ ပါးသော၊ ဒိဋ္ဌိဂတေသု-မိစ္ဆာအယူတို့ကို၊ ဝိနိဝေဌေတ္ဝာ-ဖြေရှင်း၍၊ ဒေသိယမာနေသု-ဟောတော်မူအပ်ကုန်လသော်၊တဿတဿဒိဋ္ဌိဂတဿ-ထိုထိုမိစ္ဆာအယူ၏၊ပရိယောသာနေ ပရိယောသာနေ – အဆုံးအဆုံးဌိ၊ (အကမ္မိတ္ထ- ပြီ)၊ ဣတိ- သို့၊ ဒွါသဋ္ဌိယာ–သော၊ ဌာနေသု-အရာဌာနတို့ဌိ၊ အကမ္မိတ္ထ–ပြီ၊ ဣတိ ဝေဒိတဗ္ဗာ။

× × × × × × ×

မည်၏"ဟု ခွဲခဲ့၏၊ ထို့ကြောင့် ဝေယျာကရဏအမည် ရခြင်း၏ လိုရင်းအကြောင်းမှာ ဂါထာမပါခြင်းသာ ဖြစ်သောကြောင့် "နိဂ္ဂါထကသုတ္တေ" ဟုငင်း, "နိဂ္ဂါထကတ္တာ" ဟုငင်း မိန့်သည်။

ဆိုလိုရင်းမှာ — " အမေး – အဖြေ၏ အဖြစ်သည် ဝေယျာကရဏ မည်ခြင်း၏ အကြောင်း ဖြစ်ပါသော်လည်း ထို အကြောင်းမှာ ဂေယျမည်ခြင်း၏ အဇကြောင်းလည်း ဖြစ်နိုင်ရကား ဂေယျနှင့် မဆက်ဆံသော သီးခြားအကြောင်းကိုသာ ပြလိုသောကြောင့် " နိဂ္ဂါထကတ္တာ " ဟု မိန့်သည်–ဟူလို။ [ဣတိ ပုစ္ဆာဝိသဇ္ဇနဝသေန ပဝတ္တာသာပိ ဂေယျသာဓာရဏတော အင်္ဂနာရဟေတုရဟိတာသစ နိဂ္ဂါထကဘာဝသော်ဝ အနညသာဓာရဏတော ပုစ္ဆာဝိသဇ္ဇနဘာဝမနပေက္ခိတ္ဝာ နိဂ္ဂါထကဘာဝမေဝ ဝေယျာကရဏဟေတုတာယ ဒဿေန္တော နိဂ္ဂါထကတ္တာဟိ ဣဒံ ဝေယျာကရဏန္တိ အာဟ။]

ဒသသဟဿိ။ ။ "ဒသသဟဿံ (ပရိမာဏံ) အဿာတိ ဒသသဟဿိ " ဟု အဿထ္ထိတဒ္ဓိတ်ပြုစေလို၍ "ဒသ၊ပေ၊ပရိမာဏာ" ဟု ဖွင့်၏၊ ဤပုဒ်သည် လောကဓာတုနှင့် သမာသ်ပုဒ်တည်း၊ ထို့ကြောင့် မဇ္ဈေရဿဖြင့် " သိ " ဟု ရှိရသည်၊ သမာသ်မတွဲလျှင် "ဒသသဟဿိ" ဟုငင်း, ဣနိသက်၍ "ဒသသဟဿိနိ" ဟုငင်း ရှိရလိမ့်မည်။

ဘညမာနေတိ ဟိ ဝုတ္တံ။ ။ "ဝတ္တမာနေ မာနန္တာ" သုတ်နှင့် အညီ "ဟောတော်မူဆဲ" ဟူသော ပစ္စုပ္ပန်အနက်ကို မာနပစ္စည်းက ပြသောကြောင့် "အဆုံးကျမှ တကြိမ်တည်းသာ မြေလှုပ်သည်"–ဟု မမှတ်ရ–ဟူလို။ [ဤ ဟိကို ကာရကာဇောတကကြီး၍, ရှေဝါကျသို့ ဖလဝါကျအဖြစ်ဖြင့် ပြန်လှည့်ပြီးလျှင် နောက်တသ္မာဖြင့်လည်း ထို ဖလဝါကျကို စွဲပါ၊"တသ္မာ-ရှေ့, ဟိတ်ကိုဧတ္တေ" .... စသော နိယာမ်နှင့် အညီတည်း။]

တတ္ထ-ထို အကမ္မိတ္ထဟူသောပါဠိ၌၊ ဓာတုက္ကောဘေန-ဓံဝတ်တို့၏ ချောက်ချားခြင်းငှင်း၊[ဇာတိ၌ စပ်ရမည် ဖြစ်သောကြောင့် "ကြောင့်" ဟု မပေးဘဲ "ငှင်း"ဟု ပေးသည်၊ မြေ၏အတွင်း၌ ဝါယောစသောဓာတ်တို့၏ ဖေါက်ပြန်ခြင်းကို"ဓာတုက္ခောဘ"ဟု ဆိုသည်။] ဣဒ္ဓိမတော- တန်ခိုးရှိသော ပုဂ္ဂိုလ်၏၊ အာနုဘာဝေန-အာနုဘော်ငှင်း၊ ဗေါဓိသတ္တသ-ဘုရားအလောင်း၏၊ ဂဗ္ဘောက္ကန္တိယာ-မယ်တော် ဝမ်းသို သက်ရောက်တော်မူခြင်းငှင်း၊ မာတုကုစ္ဆိတော-မယ်တော် ဝမ်းမှ၊ နိက္ခမနေန-ထွက်တော်မူခြင်းငှင်း၊ ဝါ-ဖွားမြင်တော်မူခြင်းငှင်း၊ သမ္ဗောဓိပ္ပတ္တိယာ-,အရဟတ္တမဂ်ဉာဏ်, သမ္မာသမ္ဗောဓိဉာဏ်သို ရောက်တော်မူခြင်းငှင်း၊ ဓမ္မစက္ကပ္ပဝတ္တနေန-ဓမ္မစက်ကြဲ့ကို လည်စေတော်မူခြင်းငှင်း၊ အာယုသင်္ခါရောဿဇ္ဇနေန-အယုသင်္ခါရကို လွှတ်တော်မူခြင်းငှင်း၊ ပရိနိဗ္ဗာနေန-ပရိနိဗ္ဗာန်စံတော်မူခြင်းငှင်း၊ ဣတိ-ဤသို၊ အဋ္ဌဟိ - ရှစ်ပါးကုန်သော၊ ကာရဏေဟိ-အကြောင်းတို့ကြောင့်၊ ပထဝီကမ္ပော- မြေ၏ လှုပ်ခြင်းကို၊ ဝေဒိတဗ္ဗော-သိထိုက်၏၊ တေသံ-ထို ရှစ်ပါးသော အကြောင်းတို့၏၊ ဝိနိစ္ဆယံ-အဆုံးအဖြတ်ထို၊ အဋ္ဌဓါ၊ပေ၊ပါတုဘာဝါယာတိ-အဋ္ဌဓါ၊ပေ၊ပါတုဘာဝါယ ဟူ၍၊ ဧဝံ-ဤသို၊ မဟာပရိနိဗ္ဗာနေ - မဟာပရိနိဗ္ဗာန သုတ်၌၊ အာဂတာယ - တိုက်ရိုက်လာသော၊ တန္တိယာ-ပါဠိကို၊ ဝတ္ထုနာကာလေ-ဖွင့်ရာအခါ၌၊ ဝက္ခာမ-နှံအံ့။

ပန - ဆက်၊ အယံ မဟာပထဝီ - ဤမြေကြီးသည်၊ မဟာဘိနိက္ခမနေ-မြတ်သော တောထွက်တော်မူရာ၌ရာနဂင်း၊ [အဋ္ဌသု ဌာနေသုကိုကြည့်၍ "ဌာန" ဟု ပေးလိုက်သည်။]ဗောဓိမဏ္ဍူပသက်မနေ-ဗောဓိမဏ္ဍိုင်သို ချဉ်းကပ်တော်မူရာ၌ရာနဂင်း၊ ပံသုကူလဂ္ဂဟဏော - ပုံသုကူကောဲယူတော်မူရာ ဌာနဂင်း၊ [ပုဏ္ဏာမည်သော ကျွန်မကိုရစ်ပတ်၍ ပစ်အပ်သော ပုံသုကူသက်နှံးကို ကောက်ယူတော်မူရာ၌ရာန။] ပုံသုကူလဓောဝနေ-ပုံသုကူအဝတ်ကို ဖွပ်လျော်တော်မူရာ၌ရာနဂင်း၊ ကာဠကာရာမသုတ္တေ - ကာဠကာရာမသုတ် ဟူသော ဌာနဂင်း၊ [အဂုံတ္တိ၌, စတုက္ကနိပါတ်, ပဌမပုံ, ဥရုဝေလဝဂ်, ကာဠကာရာမသုတ်။]ဂေါတမကသုတ္တေ-ဂေါတမကသုတ်ဟူသော ဌာနဂင်း၊ [အဂုံတ္တိ၌, တိကနိပါတ်, တတိယပုံ, ကုသိနာရဝဂ်, ဂေါတမကစေတတိယသုတ်။] ဝေဿန္တရဇာတကေ - ဝေဿန္တရာဇာတ်တော်ဟူသော ဌာနဂင်း၊ ဇုမသို့ ဗြဟ္မဇာလေ-ဤဗြဟ္မဇာလသုတ်တော်ဟူသောဌာနဂင်း၊ ဣတိ-ဤသို၊ အပရေသုဝိ-ဆိုအပ်ပြီးသောရှစ်ပါးမှ တခြားလည်းဖြစ်ကုန်သော၊ ဌာနေသု-အရာဌဲ့ာနတို့၌၊ အကမ္မိတ္ထ- တုန်လှုပ်ပြီ။

× × × × × × × ×

အပရေသုဝိ။ ။ဘုရားရှင်သည် သုမေဓဝါဘဝ၌ ပါရမီတော်တို့ကို အပြန်အလှန် စိစစ်တော်မူ၏၊ ထိုအခါ၌လည်း မြေလှုပ်သေး၏၊ ထို့ပြင်- သာသနာတော်၏ အမြစ်တွယ်ရာအခါ, သာသနာတော်ကွယ်ရာအခါတို့၌လည်း မြေလှုပ်သေး၏၊ ထိုအခါများကို ဝိသဒ္ဓါဖြင့် ပေါ်းသည် ဟု ဋီကာတို့ဖွင့်ကြ၏။ [သာသနာတော် ရောက်နေသော်လည်း

တတ္ထ – ထို ရှစ်ပါးသောအခါတို့တွင်၊ မဟာဘိနိက္ခမန ဗောဓိမဏ္ဍူပသက်မနေသု-မြတ်သော တောထွက်တော်မူရာအခါ, ဗောဓိမဏ္ဍိုင်သို့ ချဉ်းကပ်တော်မူရာ အခါတို့၌၊ ဝီရိယဗလေန-ဝီရိယတော်၏အစွမ်းကြောင့်၊ အကမ္ပိတ္ထ-တုန်လှုပ်ပြီ၊ ပံသုကူလဂ္ဂဟဏေ – ပံသုကူကောက်တော်မူရာအခါ၌၊ ဒ္ဝိသဟဿ ဒိပပရိဝါရ-ကျန်းငယ် ၂ ထောင် အခြံအရံရှိကုန်သော၊ စတ္တာရော-၄ ကျန်းကုန်သော၊ မဟာဒိပေ – ကျန်းကြီးတို့ကို၊ ပဟာယ – ပယ်စွန့်၍၊ ပဗ္ဗဇိတ္ဝာ–ရဟန်းပြု၍၊ သုသာနံ– သုသာန်သို့၊ ဂန္ဒွာ – ကြွတော်မူ၍၊ ပံသုကူလံ– ပံသုကူအဝတ်ကို၊ ဂဏှန္တေန – ကောက်ယူတော်မူသော၊ ဘဂဝတာ- မြတ်စွာဘုရားသည်၊ ဒုက္ကရံ – ခဲယဉ်းသဖြင့် ပြုအပ်သောအမှုကို၊ ဝါ - ပြုနိုင်ခဲသောအမှုကို၊ ကတံ–ပြုတော်မူအပ်ပါပေစွ၊ ဣတိ-သို့၊ အစ္ဆရိယဝေဂါဘိဟတာ-အံ့ဩြခြင်းလေဝံသော အမှုအရာတော်၏အဟုန်သည် ရိုက်ခတ်အပ်သည်၊ (ဟုတ္ဝာ)၊ အကမ္ပိတ္ထ။

ပံသုကူလဓောဝန ဝေဿန္တရဇာတကေသု – ပံသုကူအဝတ်ကို ဖွပ်လျှော်တော်မူရာအခါ, ဝေဿန္တရ ဇာတ်တော်တို့၌၊ အကာလကမ္မညနေန - အခါမဲ့တုန်လှုပ်ခြင်းအားဖြင့်၊ (ကြိယာဝိသေသန)၊ အကမ္ပိတ္ထ– ပြီ။၊ ကာဠကာရာမ

× × × × × × ×

အမြဲ သီတင်းသုံးရာ မြေမရှိသေးလျှင် ထိုအရပ်၌ အမြစ်မတွယ်သေး၊ မြေနေရာရှိမှ အမြစ်တွယ်သည်မည်၏၊ ထို့ကြောင့် မြတ်စွာဘုရား၏ ဝေဠုဝန်ကျောင်းတော်ကို လက်ခံတော်မူရာ, အရှင်မဟိန္ဒ၏ မဟာမေဃဝန်ဥယျာဉ်ကို လက်ခံရာအခါ စသည်ကို "သာသနာတော်၏ အမြစ်တွယ်ရာအခါ" ဟု ဆိုသည်။]

ဝီရိယဗလေန။ ။ တောထွက်တော်မူရာအခါ၌ စကြာမင်း၏ အသရေကို စွန့်နိုင်ခြင်း၏ အကြောင်းဖြစ်သော ဝီရိယအစွမ်းတည်း။ [စိတ်ဇဝါသတ္တိကို "ဝီရိယအစွမ်း" ဟု ဆို၏၊ ထို သတ္တိမရှိလျှင် ထိုစည်းစိမ်ကြီးကို စွန့်နိုင်မည်မဟုတ်ပါ။] ဗောဓိပင်သို့ ချဉ်းကပ်တော်မူရာအခါ၌ကား " ခန္ဓဲကိုယ်၌ အရေ, အကြော , အရိုးမျှသာ ကြွင်းစေတော့၊ အသား အသွေးကား ခြောက်ပစေတော့ " ဟု အင်္ဂါ ၄ ပါးရှိသော ဇဝ သတ္တိ ဝီရိယအစွမ်းတည်း။

အစ္ဆရိယ ဝေဂါဘိဟတာ ။ ။ အံ့ဩဖွယ်ကောင်းသော ပံသုကူကောက်ခြင်းအမှုအရာကို "အစ္ဆရိယ" ဟုဆိုင်း, ထိုအမှုအရာ၏ တန်ခိုးအရှိန် အာနုဘော်ကို "ဝေဂ" ဟုဆိုင်း ခေါ်၏၊ ထို အဟုန်အရှိန်သည် မြေကို ရိုက်ခတ်အပ်သည်ဖြစ်၍ မြေတုန်လှုပ်ရလေသည်။ [အစ္ဆရိယသဿ + ဝေဂေါ အစ္ဆရိယဝေဂေါ၊ တေန+အဘိဟတာ (ဃဋ္ဋိတာ) အစ္ဆရိယဝေဂါဘိဟတာ။]

အကာလကမ္မညနေန။ ။ပံသုကူလဓောဝနအခါ၌ "အစ္ဆရိယဝေဂါဘိဟတာ" ဟုပင် ဆိုသင့်၏၊ သို့သော် တရံတခါမှဖြစ်သည့်အတွက် " အကာလ ကမ္မညနေန " ဟု ဆိုကြောင်းကို ဋီကာသစ်မိန့်၏၊ ဝေဿန္တရဇာတ်၌ကား ပါရမီဖြည့်ကြောင်း ကောင်းမှု၏အစွမ်းကြောင့် လှုပ်၏၊ သို့သော် အကြိမ်များစွာလှုပ်သောကြောင့် အခါသတ်မှတ်ချက်မရှိရကား "အကာလကမ္မန" ဟု ဆိုသည်။

ဂေါတမကသုတ္တေသု – ကာဋ္ဌကာရုမသုတ် ဂေါတမကသုတ်တို့၌၊ ဘဂဝါ–မြတ်စွာဘုရား၊ အဟံ-အကျွန်ုပ် မြေကြီးသည်၊ သက္ခိ-သက်သေပါတည်း၊ ဣတိ-ဤသို့မလျောက်သော်လည်း လျော်သကဲ့သို့၊ သက္ခိဘာဝေန-သက်သေ၏အဖြစ်ဖြင့်၊ အကမ္ပိတ္ထ-ပြီ၊ [ထိုသုတ်တို့ကို ဟောတော်မူရာ၌ မြေတုန်လှုပ်ခြင်းက အသိသက်သေအဖြစ်နှင့်တူသောကြောင့် “သက္ခိဘာဝေန” ဟု ဆိုသည်။] ပန-ဆက်၊ ဣမသ္မိံ မြဟ္မဇာလေ– ၌ ဗြဟ္မဇာလသုတ်၌၊ ဒွါသဋ္ဌိယာ-သော၊ ဒိဋ္ဌိဂတေသု-တို့ကို၊ ဝိဇဋေတွာ–ဖြေရှင်းတော်မူ၍၊ နိဂ္ဂုမ်ဘ-ချုံပိတ်ပေါင်းနှင့်တူသော အရှုပ်အထွေးမရှိသည်ကို၊ ကတွာ,ဒေသိယမာနေသု-ဟောတော်မူအပ်ကုန်လသော်၊ သာဓုကာရဒါနဝသေန – သာဓု.... သာဓု ဟု ပြုအပ်သောအသံကို ပေးခြင်း၏အစွမ်းဖြင့်၊ဝါ-ကောင်းချီးနှမော်,သာဓုခေါ်ခြင်း၏အစွမ်းအားဖြင့်၊အကမ္ပိတ္ထ။ [သာဓုဣတို့ ကရီယတေတိ သာဓုကာရော-သာဓု....သာဓုဟုပြုအပ်သောအသံ။]

[များစွာသောဌာနတို့၌ မြေလှုပ်ရပုံကို ပြခြင်းအားဖြင့် ၌ ဗြဟ္မဇာလသုတ်၏ တန်ခိုးကြီးကြောင်းကို ပြရာရောက်သောကြောင့် “နကေဝလ္လ”စသည်ဖြင့် ဆက်၍ပြပြန်သည်၊] စ-ဆက်၊ ကေဝလံ – ဆိုအပ်လတံ့သောအခါတို့နှင့် မရောမယှက် သက်သက်၊ ဧတသ္မာနေသုယေဝ-၌ ဆိုအပ်ပြီးသော ဌာနတို့၌သာ၊ ပထဝီ-မြေသည်၊ နအကမ္ပိတ္ထ–တုန်လှုပ်သည်မဟုတ်သေး၊ အထခေါ်–အဟုတ်ကား၊ တီသုပိ-သုံးကြိမ်လည်းဖြစ်ကုန်သော၊ သင်္ဃဟသု-ပေါင်း၍ယူရာသံဂါယနာတင် အခါတို့၌ဌင်း၊ မဟာမဟိန္ဒတ္ထေရဿ – မဟာမဟိန္ဒထေရ်၏၊ ဣမံ ဒီပံ-၌ သီဟိဠ်ကျွန်းသို့၊ [၌ကျမ်းကိုရေးစဉ်က သီဟိဠ်ကျွန်း၌ ရေးသောကြောင့် သီဟိဠ်ကျွန်းကို “ဣမံ ဒီပံ”ဟု ဆိုသည်။] အာဂန္ဆာ-ကြွလာတော်မူ၍၊ ဇောတိဝနေ – သာသနာတော် ဉာဏ်ရောင်၏ ထွန်းပြောင်ရာ နန္ဒနဥယျာဉ်၌၊ [နန္ဒနဥယျာဉ်ကိုပင် သာသနာတော်ဉာဏ်ရောင်၏ ထွန်းပြောင်ရာဌာနဖြစ်သောကြောင့် “ဇောတိဝန”ဟု ခေါ်သတတ်။] နိသိဒိတ္ဝာ-ထိုင်၍၊ ဓမ္မံ- အနမတဂ္ဂသုတ် အစရှိသောတရားကို၊ [ဓမ္မံတိ အနမတဂ္ဂသုတ္တာဒိ ဓမ္မံ။] ဒေသိတဒိဝသေ ပိ–ဟောအပ်ရာနေ့၌ဌင်း၊ အကမ္ပိတ္ထ-ပြီ၊ စ-သည်သာမကသေး၊ ကလျာဏိယ ဝိဟာရေ-ကလျာဏိယကျောင်းတိုက်၌၊ ပိဋ္ဌပါတိယတ္ထေရဿ-ပိဋ္ဌပါတိယထေရ်သည်၊ (အာရဒ္ဓဿ ၌စပ်)၊ စေတိယင်္ကဏ်– စေတီယင်ပြင်တော်ကို၊ သမ္မဇ္ဇိတ္ဝာ– တံမြက်လှည်း၍၊ တတ္ထေဝ– ထို စေတီယင်ပြင်တော်၌ပင်၊ နိသိဒိတ္ဝာ–ထိုင်၍၊ မုဒ္ဓါရုမဏ်-ဘုရားဟူသော အာရုံရှိသော၊ ပီတိ - ပီတိကို၊ ဂဟေတ္ဝာ–ယူ၍၊ ဣမံ သုတ္တန္တံ - ၌ ဗြဟ္မဇာလသုတ္တန်ကို၊ အာရဒ္ဓဿ – အားထုတ်ပြီးလသော်၊ သုတ္တပရိယောသာနေ– သုတ်၏အဆုံး၌၊ ဥဒကပရိယန္တံ – ရေအဆုံးအပိုင်းအခြားရှိသည်ကို၊ (မြေကိုခံသော ရေဆုံးသည့်တိုင်အောင်)၊ ကတွာ, အကမ္ပိတ္ထ– တုန်လှုပ်ခဲ့ဘူးပြီ။

လောဟပါသာဒဿ - ကြေးပြာသာဒ်၏၊ ပါစိန အမ္ဗလဋ္ဌိကဋ္ဌာနံ - အရှေ့အရပ်၌ နုပျိုသောသရက်ပင် ရှိရာအရပ်သည်၊ အဟောသိ – ရှိခဲ့ဘူးပြီ။ [ပါစိန အမ္ဗလဋ္ဌိကဋ္ဌာနံတိ ပါစိနဒိသာဘာဂေ တရုဏအမ္ဗရုက္ခေန လက္ခိတဋ္ဌာနံ။] တတ္ထ-ထိ ပါစိန အမ္ဗလဋ္ဌိကအရပ်၌၊ နိသီဒိတ္ဝာ - ၍၊ ဒီဃဘာဏကတ္ထေရာ – ဒီဃနိကာယ်ကို ရွတ်အံကြသော ထေရ်တို့သည်၊ ဝါ- ဒီဃနိကာယ်ဆောင် ထေရ်တို့သည်၊ မြဟ္မဇာလသုတ္တံ–ပြဟ္မဇာလသုတ်တော်ကို၊ အာရဘိ သု– အားထုတ်ကြကုန်ပြီ၊ တေသံ–ထို ဒီဃနိကာယ်ဆောင်ထေရ်တို့၏၊ သဇ္ဈာယ ပရိယောသာနေ ပိ–သရဇ္ဈာယ်ခြင်း၏ အဆုံး၌လည်း၊ ဥဒက ပရိယန္တမေဝ– ကိုပင်၊ ကတ္ဝာ-၍၊ ပထဝီ - မြေသည်၊ အကမ္ပိတ္ထ။

[အဋ္ဌကထာဆရာ၏ တောင့်တချက် အာသိသကို ပြလိုသောကြောင့် "ဧဝံ" စသည်ကို မိန့်။] ဧဝံ–၌ ဆိုအပ်ပြီးသောနည်းဖြင့်၊ သယမ္ဘုနာ–ဆရာမရှိ, မိမိကိုယ်တိုင်, ဖြစ်စွမ်းတော်မူနိုင်သော မြတ်စွာဘုရားသည်၊ [သယံ + ဘဝတီတိ သယမ္ဘူ။၊] ဒေသိတဿ – ဟောတော်မူအပ်သော၊ ယဿ သုတ္တဿေဋ္ဌဿ – အကြင် အမြတ်ရတနာ, သုတ္တန်ဒေသနာတော်၏၊ အာနုဘာဝေန - တန်ခိုးရှိန်စေ၁, အာနုဘော်တော်ကြောင့်၊ မေဒနီ-မြေကြီးသည်၊ အနေကသော-အကြိမ်များစွာ၊ အကမ္ပိတ္ထ–တုန်လှုပ်ရလေပြီ၊ ပဏ္ဍိတာ– ပညာရှိအပေါင်း, သူတော်ကောင်းတို့သည်၊ ဇာတ - ၍ သာသနာတော်၌၊ မြဟ္မဇာလဿ – ပြဟ္မဇာလ, အမည်တော်ရသော၊ တဿ (သုတ္တဿေဋ္ဌဿ) – ထို အမြတ်ရတနာ , သုတ္တန်ဒေသနာတော်၏၊ ဓမ္မံစ- ပါဠိတော်ကိုလည်း၊ အတ္ထံစ - အနက်ကိုလည်း၊ ဝါ-အဋ္ဌကထာကိုလည်း၊ သက္ကစ္စံ-ကောင်းစွာပြု၍၊ ဝါ-လေးလေးစားစား၊ ဥဂ္ဂဟေတ္ဝာန-သင်ယူပြီး၍၊ ယောနိသော–အယူမိစ္ဆာ, ပယ်စွန့်ခွါလျက်, သမ္မာအယူကောင်း, ရနိုင်သောအကြောင်းအားဖြင့်၊ ပဋိပဇ္ဇန္တော-ကျင့်ကြံကြိုးကုတ်, အားထုတ်နိုင်ကြစေကုန်သတည်း၊ ဇာတိ-တောင့်တချက်အာသိသ အပြီးတည်း။[ယောနိသောတိ မိစ္ဆာဒိဋ္ဌိပဟာန သမ္မာဒိဋ္ဌိသမာဒါနာဒိနာ ဉာယေန။]

ဇာတိ – ၍ ဆိုအပ်ပြီးသော်စကား အစဉ်ဖြင့်၊ သုမင်္ဂလဝိလာသိနိယာ–သုမင်္ဂလဝိလာသိနီမည်သော၊ ဒီဃနိကာယ အဋ္ဌကထာယံ- ဒီဃနိကာယ်အဋ္ဌကထာ၌၊ ဗြဟ္မဇာလသုတ္တဝဏ္ဏနာ - ပြဟ္မဇာလသုတ်၏ အဖွင့်သည်၊ နိဋ္ဌိတာ–ပြီးပြီ။

ဗြဟ္မဇာလသုတ် ဘာသာဋီကာ
ပြီးပြီ။

သာမညဖလသုတ် ဘာသာဋီကာ

ရာဇာမစ္စကထာ အဖွင့်

ဧဝံ မေ သုတံ၊ပေ၊ ရာဇဂဟေတိ– ဧဝံ မေ သုတံ ၊ပေ၊ ရာဇဂဟေဟ္ဝါသော ဤသုတ်သည်၊ သာမညဖလသုတ္တံ– တည်း၊ (တနည်း)ဧဝံ မေ သုတံ ၊ပေ၊ ရာဇဂဟေတိ–ဧဝံ မေ သုတံ၊ပေ၊ရာဇဂဟေ အစအဆုံးအခြားရှိသောသုတ်သည်၊ [အာဒိအနက်ဟော ဇုတိတလုံး အကြောင်း။] သာမညဖလသုတ္တံ-တည်း၊ တတြ-ထိ သာမညဖလသုတ်၌၊ အယံ – ဤဆိုအပ်လတံ့ကား၊ အနုပုဗ္ဗပဒဝဏ္ဏနာ–အစဉ်အတိုင်းသော ပုဒ်တို့၏အဖွင့်တည်း၊ (တနည်း) အပုဗ္ဗပဒဝဏ္ဏနာ–ရှေးမဟုတ်သော ပုဒ်တို့၏အဖွင့်တည်း၊ ဝါ-အသစ်ဖြစ်သောပုဒ်တို့၏အဖွင့်တည်း။

× × × × × × ×

ဧဝံ၊ပေ၊ရာဇဂဟေတိ ။ ။ ဗြဟ္မဇာလသုတ်ကို ဖွင့်ပြပြီး၍ သာမညဖလသုတ်ကို ဖွင့်ပြလိုသောကြောင့် "ဧဝံ မေ သုတံ၊ပေ၊ရာဇဂဟေတိ" ဟု မိန့်သည်၊ ရာဇဂဟေတို့၌ ဇုတိသဒ္ဒါသည် ပဒတ္ထဝိပလ္လာသနိပါတ်တည်း၊ ထိုဇုတိသဒ္ဒါကြောင့် "ဧဝံ မေ သုတံ" ကို "ဤသို့ တပည့်တော် ကြားအပ်ပါပြီ" စသော ပုဒ်အနက်ကို မပေးရတော့၊ "ဧဝံ မေ သုတံ၊ပေ၊ရာဇဂဟေ" ဟု နဂိရိသဒ္ဒါအတိုင်းသာ အနက်ပေးရတော့သည်၊ ဤပုဒ်မျိုးကို "သဒ္ဒပဒတ္ထကပုဒ်" ဟု ခေါ်သည်။

နည်း, ဥပစာ။ ။"ဧဝံ မေ သုတံ၊ပေ၊ရာဇဂဟေတိ သာမညဖလသုတ္တံ" ဟူရာ၌ "ဧဝံ၊ပေ၊ရာဇဂဟေ" မျှသာ သာမညဖလသုတ် မဟုတ်၊ ဤစကားနှင့်တကွ လာလတ္တံ့သော "ဝိဟရတိ ဇီဝကမ္ဗဝနေ" စသော သုတ်အဆုံးတိုင်အောင် စကားလုံးသည်သာ သာမညဖလသုတ်တည်း၊ ထို့ကြောင့် "ဧဝံ၊ပေ၊ရာဇဂဟေ" ဟူသော စကားကို အပေါင်းတသုတ်လုံး၏ သာမညဖလအမည်ကို အစိတ်ဖြစ်သော ဤစကား၌ တင်စားထားသော ကေဒေသုပစာစကားဟု မှတ်ပါ၊ ဥပမာ–"သမုဒ္ဒေါ မယာ ဒိဋ္ဌော" ဟူရာ၌ ကဲ့သို့တည်း၊ နည်းအားဖြင့်ကား တစိတ်တပိုင်းကိုမှတ်၍ ညွှန်ပြအပ်သော ဥပလက္ခဏာနိဒဿနနည်းဟု မှတ်ပါ၊ (တနည်း) "ဇုတိတလုံး အကြောင်း၍ ထို ဇုတိသဒ္ဒါက အာဒိအနက်ကိုဟောသည်" ဟု ကြံလျှင် ဥပစာ မတင်ရ,မူသဒ္ဒါပင်တည်း၊ အာဒိသဒ္ဒါလည်း မရိယာဒါ (အစအဆုံးအခြား) အနက်ဟောတည်း။

အနုပုဗ္ဗပဒဝဏ္ဏနာ။ ။ပုဗ္ဗံ–ရှေပုဒ်သို့+အနုဂတာနိ– အစဉ်လိုက်သောပုဒ်တို့တည်း၊ အနုပုဗ္ဗံ– တို့၊ အနုပုဗ္ဗံစ+ တာနိ+ပဒါနိစာတိ အနုပုဗ္ဗပဒါနိ၊ တေသံ+ ဝဏ္ဏနာ အနုပုဗ္ဗပဒဝဏ္ဏနာ၊ ဤသို့ သဒ္ဒတ္ထဖြစ်သော်လည်း အဓိပ္ပါယ်မှာ "အစဉ်အတိုင်းအားဖြင့် ပုဒ်တို့၏အဖွင့်" ဟု ဖြစ်၏၊ ထို့ကြောင့် ဋီကာသစ်၌ "အနုက္ကမေန ပဒဝဏ္ဏနာ" ဟု ဖွင့်သည်၊ "အစဉ်အတိုင်း" ဟူရာ၌ ရှေ၌လည်း မဖွင့်အပ်သေးသော, ပေါ်လွင်ထင်ရှားခြင်းလည်း မရှိသောပုဒ်တို့၏ အစဉ်အတိုင်းတည်း၊ ဤသို့ အဓိပ္ပါယ်ယူရသည့်အတွက် အနုပုဗ္ဗပဒဝဏ္ဏနာဟူသော ဤပုဒ်နေပုံသည် အဓိပ္ပါယ်မထင်ရှားသောကြောင့် "အပုဗ္ဗပဒဝဏ္ဏနာ" ဟု ပြင်ကြသည်၊ အပုဗ္ဗာနိ-ဧရှေမဟုတ်ကုန်သော (ရှေ၌ မပါခဲ့၍ အသစ်ဖြစ်ကုန်သော) +ပဒါနိ အပုဗ္ဗပဒါနိ၊ အပုဗ္ဗပဒါနံ+ဝဏ္ဏနာ အပုဗ္ဗပဒဝဏ္ဏနာ၊–ဋီကာသစ်။

ရာဇဂဟေတိ–ကား၊ ဧဝံ နာမကေ-ဤသို့ ရာဇဂဟအမည်ရှိသော၊ နဂရေ-မြို့၌၊ ဟိ–မှန်၊(တနည်း)ဟိ–အကြောင်းကို ပြုုံးအံ့၊ တံ-ထိုမြို့ကို၊(တဿ-ထိုမြို့၏)၊ [ဟိတ်၏ သမ္ဘန်ခံ၊] မန္ဒာတု မဟာဂေါဝိန္ဒာဒီဟိ–မန္ဒာတ် စကြာမင်း, မဟာဂေါဝိန္ဒ ပုရောဟိတ် အစရှိသော ပုဂ္ဂိုလ်တို့သည်၊ ပရိဂ္ဂဟိတတ္တာ - နေပြည်တော် အဖြစ်ဖြင့် သိမ်းပိုက်အပ်သည်၏ အဖြစ်ကြောင့်၊ ရာဇဂဟန္တိ - ရာဇဂဟံဟူ၍၊ ဝုစ္စတိ–၏၊ ဇွေ- ဤ ရာဇဂဟံဟူသော ပုဒ်၌၊ အညေဝိ - ဆိုအပ်ပြီးသော အပြားမှတပါးလည်း ဖြစ်ကုန်သော၊ ပကာရေ - အပြားတို့ကို၊ ဝဏ္ဏယန္တိ – ဖွင့်ကြကုန်၏။ [ရှေးစာအုပ်များ၌ “ အညေန ပေတ္တ ပကာရေန ” ဟုရှိ၏၊ “ ပကာရေတိ” ဟု ဋီကာတို့၌ ရှိသောကြောင့်ဂင်း, “ ကိံ တေဟိ ” ဟု နောက်၌ ဗဟုဝုစ် ရှိသောကြောင့်ဂင်း “ အညေပေတ္တ ပကာရေ ” ဟုသော ပါဌ်သာ ကောင်းသည်။]တေဟိ-ထို အပြားတို့ဖြင့်၊ ကိံ -အဘယ်အကျိုး ရှိအံ့နည်း၊ တေံ–ဤ ရာဇဂဟ ဟူသော အမည်သည်၊ တဿ နဂရဿ - ထို မြို့၏၊ နာမမတ္တံ-အမည်မျှသာတည်း။[ပါရာဇိကဏ် အဋ္ဌကထာ၌ကား“နာမ မေတံ” ဟု ရှိ၏။] ပန–ဆက်၊ တံ တေံ – ထို ရာဇဂဟအမည် ရသော ဤမြို့သည်၊ ဗဟု ကာလေစ-ဘုရားပွင့်တော်မူရာအခါ၌ဂင်း၊ ဝါ–ဘုရား လက်ထက်တော်၌ဂင်း၊ စက္ကဝတ္တိကာလေစ–စကြာမင်း ပေါ်ရာအခါ၌ဂင်း၊ ဝါ-စကြာမင်းလက်ထက်၌ဂင်း၊ နဂရံ–နေပြည်တော်သည်၊ ဟောတိ–၏။[ယေဘုယျအားဖြင့် ဆိုသည်၊ အခြားအခါ၌လည်း မြို့ဖြစ်ပါသေး၏။] သေသကာလေ– ကြွင်းသော အခါ၌၊ သုညံ – လူတို့မှ ကင်းဆိတ်သည်၊ ယက္ခပရိဂ္ဂဟိတံ - နတ်ဘီလူးတို့ သိမ်းပိုက်အပ်သည်၊ ဟောတိ-၏၊ တေသံ-ထိုနတ်ဘီလူးတို့၏၊ ဝသန္တဝနံ - ဝသန္တ ဥတု အခါ ပျော်မြူးရာ တောသည်၊[တနည်း, ဝသနဝနံ-သေရည်သောက်ခါ, ပျော်မြူးရာဖြစ်သော မြို့အနီး တောသည်။] ဟုတ္တာ–၍၊ တိဋ္ဌတိ-၏။

ဝိဟရတီတိ ဧတံ-ဝိဟရတိ ဟူသော ဤသဒ္ဒါသည်၊ အဝိသေသေန–အထူးမမ, သာမညအားဖြင့်၊ ဇ္ဈရိယာပထ ဒိဗ္ဗဗြဟ္မ အရိယဝိဟာရေသု-ဇ္ဈရိယာပထ ဝိဟာရ, ဒိဗ္ဗဝိဟာရ , ဗြဟ္မဝိဟာရ, အရိယဝိဟာရတို့တွင်၊ အညတရဝိဟာရ သမဂ်ီပရိဒီပနံ-အမှတ်မထား, တပါးပါးသော ဝိဟာရနှင့် ပြည့်စုံခြင်းရှိသည်၏ အဖြစ်ကို ထင်ရှားပြကြောင်း သဒ္ဒါတည်း။[သမဂ်ီပုဒ်က “ပြည့်စုံခြင်း ရှိသော

× × × × × × ×

ရာဇဂဟေ။ ။ရာဇဂဟဟေတိမှ စ၍ “ဟုတ္တာ တိဋ္ဌတိ” တိုင်အောင် အဖွင့်သည် ဒုတိယ ပါရာဇိကအဋ္ဌကထာအစနှင့် တူ၏၊ ထို့ကြောင့် ထို အဖွင့်၏ အဓိပ္ပါယ်ကို ထို အဋ္ဌကထာ၏ ဘာသာဋီကာ၌ ပြခဲ့ပြီးဖြစ်၍ ထို၌ ရှုပါ။

ဝိဟရတိ။ ။“ဝိဟရတိတိ၊ပေါတသ္မာ ဝိဟရတိတိ ဝုစ္စတိ”လည်း ဝေရဉ္ဇကဏ္ဍ-ဝိဟရတိ အဖွင့်နှင့်တူ၏၊ ထို့ကြောင့် ထိုအဖွင့်၏ အဓိပ္ပါယ်ကိုလည်း ထို အဋ္ဌကထာ၏ ဘာသာဋီကာအတိုင်း သိပါ။ အောက်ပါ အဖွင့်ကား ထို ဘာသာဋီကာ၌ မပါခဲ့။

ပုဂ္ဂိုလ်”ရသောကြောင့် ဘာဝပွဓာန, ဘာဝလောပကြီရသည်။]ပန-ထိုသို့ပင် ဝိဟရတိသဒ္ဒါ၏ ဣရိယာပထဝိဟာရ ဒိဗ္ဗဝိဟာရ ဗြဟ္မဝိဟာရ အရိယဝိဟာရ တို့တွင် တပါးပါးသော ဝိဟာရနှင့် ပြည့်စုံခြင်းရှိသည်၏ အဖြစ်ကို ထင်ရှားပြကြောင်းသဒ္ဒါ ဖြစ်ပါသော်လည်း၊ ဣစ-ဤရာဇဂဟေဝိဟရတိဟူသောပါဠိဌာနဂမနနိသဇ္ဇသယနပဗ္ဘာဒေသု-ရပ်ခြင်း, သွားခြင်း, ထိုင်ခြင်း, လျောင်းခြင်း အပြားရှိကုန်သော၊ ဣရိယာပထေသု-ဣရိယာပုထ်တို့တွင်၊ အညတရဣရိယာပထ သမာယောဂ ပရိဒီပနံ-အမှတ်မထား, တပါးပါးသော ဣရိယာပုထ်နှင့် ယှဉ်ပုံကိုပြကြောင်း တဒ္ဒါတည်း၊ တေန-ထို့ကြောင့်၊ (ထိုသို့ ဝိဟရတိသဒ္ဒါ၏ တပါးပါးသော ဣရိယာပုထ်နှင့် ယှဉ်ပုံကိုပြကြောင်းသဒ္ဒါ၏ အဖြစ်ကြောင့်၊) ဌိတောပိ-ရပ်တော်မူသည်လည်းဖြစ်သော်၊ ဂစ္ဆန္တောပိ-ကြွတော်မူသည်လည်း ဖြစ်သော၊ နိသိန္နောပိ – ထိုင်တော်မူသည်လည်း ဖြစ်သော၊ သယာနောပိ– လျောင်းတော်မူသည်လည်း ဖြစ်သော၊ [သိဓာတ် အာနပစ္စည်း။] ဘဂဝါ-မြတ်စွာဘုရားကို၊ ဝိဟရတိစ္စေဝ - ဝိဟရတိဟူ၍သာ၊ ဝေဒိတဗ္ဗော - ၏၊ ဟိ-ဆက်ဥ၊ အံ့၊ (တနည်း) ဟိ- မှန်၏၊ (တနည်း) ဟိယသ္မာ- ကြောင့်၊ သော- ထို မြတ်စွာဘုရားကို၊(ဝုစ္စတ်၌စပ်)၊ ဝါ-သည်၊ (ဟရတိ ပဝတ္တေတိတို့၌စပ်)၊ ကံ ဣရိယာပထဗာဓနံ – တပါးသော ဣရိယာပုထ်၏ ညှင်းညာတော်မူခြင်းကို၊ အညေန- အခြားသော၊ ဣရိယာပထေန– ဖြင့်၊ ဝိစ္ဆိန္ဒိတွာ – ဖြတ်တော်မူ၍၊ အပတန္တံ-မလဲကျအောင်၊ အတ္တဘာဝံ- အတ္တဘောကို၊ ဟရတိ-ဆောင်တော်မူ၏၊ ပဝတ္တေတိ–ဖြစ်စေတော်မူ၏၊ တသ္မာ- ကြောင့်၊ (ထိုသို့ ဣရိယာတပါး, ညှင်းညာများကို, တပါးဖြင့်ဖြတ်, မကျလတ်အောင်, အတ္တဘောကို ဆောင်တော်မူသည်၏ အဖြစ်ကြောင့်)၊ ဝိဟရတီတိ–ဟူ၍၊ ဝုစ္စတိ။

ဇိဝကဿ၊ပေ၊အမ္ဗဝနေတိ ဣဒံ-ဇိဝကဿ ၊ပေ၊ အမ္ဗဝနေ ဟူသော ဤသဒ္ဒါသည်၊ အဿ–ထို မြတ်စွာဘုရား၏၊(နိဝါသနဋ္ဌစပ်)၊ ယံ ဂေါစရဂါမံ–အကြင် ဂေါစရဂါမ်ကို၊ ဝါ - အကြင် ဆွမ်းခံရွာကို၊ [မြို့ပင် ဖြစ်သော်လည်း ဆွမ်းခံရာရွာနှင့် တူသောကြောင့် “ဂါမ”ဟု သုံးစွဲထားသည်၊] ဥပနိဿာယ-မှီ၍၊ ဝိဟရတိ–သီတင်းသုံးတော်မူ၏၊ တဿ–ထို ဂေါစရဂါမ်၏၊ သမီပနိဝါသနဋ္ဌာန ပရိဒီပနံ – အနီးဖြစ်သော နေရာအရပ်ကို ပြကြောင်းသဒ္ဒါတည်း၊ တသ္မာ–ကြောင့်၊(ထိုသို့ ဇိဝကဿ၊ပေ၊အမ္ဗဝနေဟူသောသဒ္ဒါ၏ ထိုဂေါစရဂါမ်၏ အနီးဖြစ်သော နေရာအရပ်ကို ပြကြောင်း သဒ္ဒါ၏ အဖြစ်ကြောင့်)၊

× × × × × × ×

တေန၊ပေ၊ဝိဟရတိစ္စေဝ။ ။တေနာတိအာဒိ ယထာဝုတ္တသံဝဏ္ဏနာယ ဂဏ္ဌဒဿနံ၊-ဋီကာသစ်၊ ဤအလို တေန စသောဝါကျကို လဒ္ဓဂဏ်ဝါကျ, ရှေ့၌ ပြအပ်သော ဝိဟရတိ၏ အဖွင့်ဝါကျများကို ယုတ္တိဝါကျဟု ခွဲပါ၊ ဋီကာသစ်၌“ယထာဝုတ္တသမဏ္ဍနံ ဝါ–ဆိုအပ်ပြီးသော အနက်ကိုပြီးစေသော ဒဋ္ဌိ”ဟုလည်း တနည်းဖွင့်သေး၏။

ရာဇဂဟော၊ပေ၊အမ္ဗဝနေတိ ထွေ–၌၊ [“ဝေမေထွ”မှ ထွေကို ယူ၍ ပေး။] ရာဇဂဟသမီပေ – ရာဇဂြိဟ်မြို့၏ အနီးဖြစ်သော၊ ကောမာရဘစ္စသ – အဘယမင်းသားသည် မွေးစားအပ်သော၊ ဇီဝကဿ–ဇီဝက၏၊ အမ္ဗဝနေ-သရက်ဥယျာဉ်၌၊ ဝိဟရတိ-တော်မူ၏၊ ဣတိ ဧဝံ-ဤသို့၊ အတ္ထော-ကို၊ ဝေဒိတမ္ပေါ၊ ဟိ–မှန်၊ တေံ-ဤသတ္တမီဝိဘတ်သည်၊ သမီပတ္ထေ–သမီပအနက်၌၊ ဘုမ္မဝစနံ-အာဓာရ အနက်ကိုဟောသော ဝိဘတ်တည်း၊ (တနည်း) တေံ- ဤ ရာဇဂဟော ဟူသောသဒ္ဒါသည်၊ သမီပတ္ထေ-၌၊ ဘုမ္မဝစနံ-သတ္တမီဝိဘတ်ရှိသောသဒ္ဒါတည်း။

တတ္ထ-ထို ရာဇဂဟေ ဝိဟရတိ အစရှိသော စကားရပ်၌၊ ဇီဝတိ - အသက်ရှင်တတ်၏၊ ဣတိ–ထို့ကြောင့်၊ ဇီဝကော-ဇီဝကမည်၏၊ (တနည်း)ဇီဝတိ–အသက်ရှင်သေး၏လော၊ ဇီဝတိ- အသက် ရှင်ပါသေး၏၊ ဣတိ - ဤ အမေး

× × × × × × ×

သမီပတ္ထေ ဟေတံ ။ ။ ရာဇဂဟေ၌ သို့ဝိဘတ်၏ သမီပအနက်ဟောပုံကိုငင်း, ဧတံ၏ စွဲနက် ၂ မျိုးကိုငင်း ပါရာဇိကဏ် ဘာသာဋီကာ, ဝေရဉ္ဇာယံ ဝိဟရတိ အဖွင့်၌ ပြထားပြီ၊ ထို၌ ဟိသဒ္ဒါမပါဘဲ ဤ၌သာပါ၏၊ ထိုဟိကိုလည်း ဒဠ္ဍဇောတက ကြီလိုက်ပါသည်၊ “ရာဇဂဟ သမီပေ”ဟု ဖွင့်ခြင်းသည် မှန်၏–ဟူလို၊ ဟေတုဇောတကလည်း ကြိုနိုင်၏၊ ထိုသို့ကြိုလျှင် “ကသ္မာ ဧဝံ ဝေဒိတမ္ပေါ”ဟု ပုစ္ဆာဝါကျထည့်၍“ဟိယသ္မာ ၊ပေါတသ္မာ ဧဝံ ဝေဒိတမ္ပေါ”ဟု ထည့်၍ ပေးရသည်။

ဋီကာသစ်။ ။ဋီကာသစ်၌“သမီပတ္ထေတိ အမ္ဗဝနဿ သမီပတ္ထေ”ဟု ဘွေ့ရ၏၊ ပါဠိပျက်နေရော့သလားဟု တွေးမိ၏၊ ဆရာတို့ကား “ ရာဇဂဟသမီပေ ” ဟူသော ပါဠိကို ထောက်ပြ၍ ဋီကာသစ်စကားကို အမှားဟု ယူတော်မူကြသည်၊ မှန်၏ – အင်္ဂုကထာ၌ပင်“ရာဇဂဟသမီပေ၊ပေ၊အမ္ဗဝနေ ဝိဟရတိ”ဟု ရာဇဂဟေအတွက်သာ သို့ဝိဘတ်၏ သမီပအနက်ဟော အဖြစ်ကို တိုက်ရိုက်ပြထားသည်။

ဘုမ္မဝစနံ။ ။ ဘုမ္မဝစနံပုဒ်၏ အနက်ကို ပါရာဇိကဏ် ဘာသာဋီကာ၌ ဖွင့်ခဲ့ပြီ၊ ဋီကာသစ်၌ကား“ဘုမ္မဝစနန္တိ အာဓာရဝစနံ၊ ဘဝန္တိ ထွောတိ ဘုမ္မံ”ဤသို့ စသည်ဖြင့် ဖွင့်၏၊ ဘူဓာတ်နောင် ဏျပစ္စည်း သက်ရုံဖြင့်, သို့မဟုတ် မပစ္စည်း သက်ရုံဖြင့်“ဘုမ္မ”ဟု မပြီးနိုင်သောကြောင့် ထိုအဖွင့်များကို စဉ်းစားပါ။

ရူပသိဒ္ဓိ ဋီကာ။ ။ ရူပသိဒ္ဓိဋီကာ ကာရက အဆုံး၌ “ ဘူမိယံ-မြေနှင့် တူသောတည်ရာ သြကာသအနက်၌+ဘဝံ–ဖြစ်သောဝိဘတ်တည်း၊ ဘုမ္မံ–ဘတ်၊ ဤသို့ ဘုမ္မပုဒ် အရသည်ပင် သြကာသ(အာဓာရ)အနက်ကို ဟောသော ဝိဘတ်ရအောင် ဖွင့်၏၊ ထို အလို “ဘုမ္မံစ+တံ+ဝစနံစာတိ ဘုမ္မဝစနံ– သတ္တမီ ဝိဘတ်တည်း” ဟုငင်း, “ ဘုမ္မံ+ဝစနံ ယဿ”ဟု ပြု၍“သတ္တမီဝိဘတ်ရှိသောပုဒ်”ဟုငင်း ပေးနိုင်၏။ [ဝစနသဒ္ဒါလည်း ဝိဘတ်ဟူသော အနက်ကို ဟောဏ်။] ဤ ၂ နက်သာ ပေးရိုးအနက် ဖြစ်သည်။

ဇီဝတီတိ။ ။ဤ ဝိဂြိဟ်၏အနက်ကို ဋီကာတို့ အထူးမဖွင့်သောကြောင့် “ဇီဝတိ-အသက်ရှင်တတ်၏၊ ဣတိ ဇီဝကော”ဟုပင် ပေးရမည်ကဲ့သို့ ထင်ရ၏၊ ထို့ကြောင့်လည်း နိဿယ၌ အနက်ပေးထားသည်၊ သို့သော် သမားတော် ဇီဝကဏ် ဇီဝကအမည်သည်

အဖြေကြောင့်၊ ဇီဝကော-မည်၏၊ (ယော-အကြင် ဇီဝကကို၊) ကုမာရေန-အဘယမင်းသားသည်၊ ဘတော-မွေးစားအဝ်၏၊ ဣတိ-ထို့ကြောင့်၊ (သော-သည်၊) ကောမာရဘစ္စော-ကောမာရ ဘစ္စမည်၏။

ယထာ (ကိ ဝစနံ) - အဘယ်စကားကို၊ (ကော- အဘယ်ပုဂ္ဂိုလ်သည်၊) အာဟ- မိန့်တော်မူသနည်း၊ ကိ ဘဏော တေ၊ ကာကေဟိ သမ္မရိကိဏ္ဏံတိ၊ပေ၊ ကောမာရဘစ္စောတိ နာမံ အကံသူတိ-ကိ ဘဏော၊ပေ၊အကံသုဟူသော၊ (တေ ဝစနံ-ကို၊) (ဥပါလိတ္ထေရော-သည်၊ တနည်း, သဂီတိကာရော-သင်္ဂါယနာတင်ထေရ်အပေါင်းသည်၊) (အာဟ- တော်မူပြီ၊) [ဘဏော- အမောင်တို့၊ ကာကေဟိ- ကျီးတို့သည်၊ သမ္မရိကိဏ္ဏံ- ဝိုင်းအုံအပ်သော၊ တေ - ၌ အရာဝတ္ထုသည်၊ ကိ -အဘယ်ပါနည်း၊ ဣတိ-၌သို့ မေးပြီ၊ ဒေဝ- အရှင်မင်းသား၊ ဒါရကော-ကလေးပါတည်း၊ ဣတိ-၌သို့ သံတော်ဥးတင်ကြကုန်ပြီ၊ ဘဏော-အမောင်တို့၊ ဇီဝတိ-အသက်ရှင်သေး၏လော၊ ဣတိ- ၌သို့ မေးပြီ၊ ဒေဝ- အရှင်မင်းသား၊ ဇီဝတိ-အသက်ရှင်ပါသေး၏၊ ဣတိ-၌သို့ သံတော်ဥးတင်ကြကုန်ပြီ၊ ဘဏော-တို့၊ တေနဟိ-ထို့သို့ အသက်ရှင်သေးလျှင်၊ တံ ဒါရကံ-ထိုကလေးကို၊ အမှာကံ-ငါတို့၏၊ အန္တေပုရံ-အိမ်တော်သို့၊ နေတွာ-ဆောင်၍၊ ဓာတိနံ-အထိန်းတို့အား၊ ပေါသေတုံ - မွေးမြူခြင်းငှါ၊ ဒေထ - ပေးကြကုန်လော၊ ဣတိ - ၌သို့ ပြောပြီ၊ တာသ- ထိုကလေး၏၊ ဇီဝတိတိ- ဇီဝတိဟူသော အမေးကြောင့်၊ ဝါ-ဇီဝတိဟူသော အဖြေကြောင့်၊ ဇီဝကောတိနာမံ-ဇီဝကဟူသော အမည်ကို၊ အကံ

× × × × × × ×

"အသက်ရှင်တတ်သည်၏အဖြစ်"ဟူသော ဗျည်ပ္ပတ္တိနိမိတ်ကြောင့် ရအပ်သောအမည်မဟုတ်၊ အဘယမင်းသား၏ "ဇီဝတိ- အသက်ရှင်သေး၏လော"ဟူသော အမေး, မင်းခယောက်ျားတို့၏ "ဇီဝတိ-အသက်ရှင်ပါသေး၏"ဟူသော အဖြေကြောင့် ရအပ်သော အမည်ဖြစ်သည်၊ ထို့ကြောင့် "ဇီဝက"ဟူသော အမည်သည် "ဝိဂ္ဂိဟ်ပြုရခြင်း၏ အကြောင်း ဗျည်ပ္ပတ္တိနိမိတ်နှင့် မလိုက်ဆောသော ရုဠှိအမည်" ဟု မှတ်ပါ၊ ၌ ရုဠှိပုဒ်ကား ဝိဂ္ဂိဟ်ပြု၍ရကောင်းသော ရုဠှိတည်း။

ကောမာရဘစ္စော။ ။"ကုမာရေန+ဘတော" ဟု ဖွင့်သောကြောင့် "ဘရိယတေတိ ဘတော, ကုမာရေန+ဘတော ကုမာရဘတော"ဟု ဖြစ်ပြီးမှ သွတ္ထဥ် ကျပစ္စည်းသက်၍ တျကို စပြု, ဒွေဘော်လာရသည်ဟု ပြသည်၊ ဥပမာ-"ဆေး"ဟူသောအနက်ကို ဟောသော ဘိသဂ္ဂ သဒ္ဒါနောင် ဏျ ပစ္စည်းကို သွတ္ထဥ် သက်စေလျှင် ဂ္ဂ၌ကို ဇ္ဇ ပြု၍ "ဘေသဇ္ဇ" ဟု ဖြစ်သကဲ့သို့တည်း။ [ကုမာရေန + ဘတော ကုမာရဘတော၊ သော ယေဝ ကောမာရဘစ္စော၊ ယထာ-ဘိသဂ္ဂမေဝ ဘေသဇ္ဇံ၊-ဋီကာ၊ ကစ္စည်း-ဒေါ ဓဿစ သုတ်၌ကား တကို စွပြုလေသည်။]

သမ္မရိကိဏ္ဏံ။ ။ကိဏ္ဏံ၌ ကိရဓာတ် တ ပစ္စည်း၊ "သုဋ္ဌု + သမန္တတော + ကိရိယတေတိ သမ္မရိကိဏ္ဏံ"ဟု ပြုပါ၊ သဒ္ဒတ္ထအားဖြင့် "လွန်စွာ+ ထက်ဝန်းကျင်+ ရောပြွမ်းအပ်သည်"ဟု ဖြစ်သော်လည်း "ဝိုင်းအုံအပ်"ဟု အဓိပ္ပါယ်နက်ပေးရသည်။

သု-ပြုကြကုန်ပြီ၊ ကုမာရေန–အဘယမင်းသားသည်၊ ပေါသာဝိတော–မွေးမြူစေအပ်ပြီ၊ ဇူတိ – ထို့ကြောင့်၊ ကောမာရဘစ္စောတိနာမံ – ကောမာရဘစ္စဟူသောအမည်ကို၊ အကံသု-နှ်ပြီ။] ပန-ဆက်၊ အယံ-၌ဆိုအပ်ပြီးသောစကား ရပ်သည်၊ ဇွေ - ၌ သုမင်္ဂလဝိလာသိနီမည်သော ဒီဃနိကာယ် အဋ္ဌကထာ၌၊ သခ်ေပေါ်-တည်း၊ ဝိတ္ထာရေနပန-အကျယ်အားဖြင့်ကား၊ ဇိဝကဝတ္ထု-ဇိဝကဝတ္ထုသည်၊ ခန္ဓကေ–မဟာဝဂ်, စိဝရက္ခန္ဓကဉ်၊ အာဂတမေဝ–တိုက်ရိုက်လာသည်သာ၊ အသ-ထိုဇိဝကဝတ္ထု၏၊ ဝိနိစ္ဆယကထာဝိ-ဆုံးဖြတ်ကြောင်းစကားကိုလည်း၊ သမန္တပါသာဒိကာယ- သမန္တပါသာဒိကာမည်သော၊ ဝိနယဋ္ဌကထာယံ-၌၊ (မယာ) ဝုတ္တာ။

ပန-ဆက်၊ အယံ ဇိဝကော-၌ဇိဝကသည်၊ ကေသ္မိံ သမယေ-တပါးသောအခါ၌၊ ဘဂဝတော - ၏၊ ဒေါသာဘိသန္နံ – များသောလေ, သည်းခြေစသောအပြစ်ရှိသော၊ ကာယံ- ကိုယ်တော်ကို၊ ဝိရေစေတွာ- အပြစ်တို့မှ ကင်းဆိတ်စေပြီး၍၊ ဝါ-ဝမ်းသက်စေပြီး၍၊ သိဝေယျကံ- သိဝိတိုင်း၌ဖြစ်သော၊ ဒုဿယုဂံ–

× × × × × × ×

အယံ ပန၊ပေါနိယျာတေသိ ။ ။ဘုရား သီတင်းသုံးတော်မူရာ ထို အမွဝနကို ဇိဝကနှင့်ဆက်သွယ်၍ အဘယ့်ကြောင့်“ဇိဝက၏ သရက်ဥယျာဉ်”ဟု ခေါ်ရပါသနည်းဟု မေးဘွယ်ရှိသောကြောင့် မူရင်းမှစ၍ ပြလိုရကား “အယံ ပန၊ပေါနိယျာတေသိ”ဟု မိန့်သည်။ [အတော်ဝေးမှ “နိယျာတေသိ”ကြိယာကို တွေ့လိမ့်မည်။]

ဒေါသာဘိသန္နံ။ ။“ဝါတပိတ္တာဒိဝသေန ဥဿန္နဒေါသံ – လေ, သည်းခြေအစရှိသော အပြစ်တို့၏အစွမ်းဖြင့် များသောအပြစ်ရှိသော”ဟု ဋီကာသစ်ဖွင့်၏၊ ထိုသို့ဖွင့်သဖြင့် “ဒေါသ”အရ လေ–သည်းခြေစသော အပြစ်ကိုယူ၍ အဘိသန္နဉ် အဘိပုဗ္ဗ+သဒဓဝါတ်, တ ပစ္စည်းလည်း ဥဿန္နပုဒ်ကဲ့သို့ “စုဝေး များပြား” ဟူသောအနက်ကို ယူပါဟု သိစေသည်။

ဝိရေစေတွာ။ ။ဝိပုဗ္ဗ, ရိစဓာတ်သည် ရုဓာဒိဂိဏ်းဖြစ်မူ “ရိဠ္ဆန–ကင်းဆိတ်ခြင်း(ဝမ်းသက်ခြင်း, ပျို့အန်ခြင်း)”အနက်ကို ဟောဂ၏၊ ဤနေရာ၌ ကာရိတ်ပစ္စည်းကြောင့် “ကင်းဆိတ်စေခြင်း”အနက်ဟောတည်း၊ ထိုသို့ လေ, သလိပ်, သည်းခြေစသော အပြစ်တို့မှ ကင်းဆိတ်စေခြင်းဟူသည် ဝမ်းသက်စေခြင်းပင်တည်း၊ ထို့ကြောင့် “ဒေါသပ္ပကောပတော ဝိဝေစေတွာ–လေ စသော ဖျက်ဆီးတတ်သောအပြစ်မှ ကင်းဆိတ်စေ၍”ဟု ဋီကာဖွင့်သည်။ [ဝမ်းသက်စေပုံကို စိဝရက္ခန္ဓက၌ ရှုပါ။]

သိဝေယျကံ။ ။“သိဝေယျကန္တိ ဥတ္တရကုရုသု သိဝထိကဝတ္ထုံ–မြောက်ကျွန်းတို့၌သင်းချိုင်းဝယ်ဖြစ်သော (သူသေကိုရစ်ပတ်၍ ပစ်ထားအပ်သော) အဝတ်” ဟုငင်း, “သိဝိရဉ္ဉော + ဥပ္ပန္နံ + ဝတ္ထုံ”ဟုငင်း မဟာဝဂ်–စိဝရက္ခန္ဓက အဋ္ဌကထာဖွင့်၏။ [ပဌမနည်းအလို “သိဝထိကေယျကံ” ဟု ဆိုလိုလျက် “ထိ - က” တို့ကိုချေ၊ ဒုတိယနည်း၌ “သိဝိသု+ဇာတံ သိဝေယျကံ”ဟုပြုပါ၊ သိဝိပုဒ်က ဇနပုဒ်အနက်ဟောဖြစ်သောကြောင့် “သိဝိသု”ဟု ပုလ္လိန်, ဗဟုဝုစ်ထားရသည်။]

အဝတ်အစုံကို၊ ဒတ္တာ - လှူပြီး၍၊ ဝတ္ထာနုမောဒနာ ပရိယောသာနေ - အဝတ်အနုမောဒနာ၏ အဆုံး၌၊ (အဝတ်တရားတော်၏ အဆုံး၌၊) သောတာပတ္တိဖလေ-၌၊ပတိဋ္ဌာယ-တည်၍၊ စိန္တေသိ- ကြံပြီ၊ (ကိုံ)၊ မယာ- ငါသည်၊ ဒိဝသဿ-တနေ့၏၊ ဝါ-၌၊ ဝါ-တနေ့လျင်၊ ဒွတ္တိက္ခတ္တုံ- ၂ ကြိမ် ၃ ကြိမ်၊ ဗုဒ္ဓုပဋ္ဌာနံ-ဘုရားအား ဆည်းကပ်ရာအရပ်သို့၊ ဂန္ဓကုဋိ- သွားထိုက်၏၊ ဣဒဉ္စ ဝေဠုဝနံ-ဤ ဝေဠုဝန်ကျောင်းတော်သည်လည်း၊ အတိဒူရေ-အလွန်ဝေး၏၊ [သိဝိဘတ်ကို ပြေး၊ တနည်း, သို့ ဝိဘတ်သည် ပဌမာအနက်၌ သက်၏။] မယှံ - ငါ၏၊ အမ္ဗ ဝနံ-သရက်တောဖြစ်သော၊ ဥယျာနံပန - ဥယျာဉ်သည်ကား၊ အာသန္နတရံ-အထူးသဖြင့် နီး၏၊ အဟံ-သည်၊ တ္ထေ- ၌ သရက်ဥယျာဉ်၌၊ ဘဂဝတော-၏၊ ဝိဟာရံ- ကျောင်းတော်ကို၊ ကာရေယ္ယံ- ဆောက်လုပ်စေရပါမူကား၊ ယန္နူန- ကောင်းလေစွ၊ ဣတိ-သို့၊ (စိန္တေသိ-ပြီ)။

သော- ထို ဇဝကသည်၊ တသ္မိံ အမ္ဗဝနေ- ထို သရက်ဥယျာဉ်၌၊ ရတ္တိဋ္ဌာန၊ပေ၊မဏ္ဍူပါဒိနိ- ညဉ့်နေရာအရပ်, နေ့ နေရာအရပ်, လိုဏ်, ကုဋိ, မဏ္ဍပ် အစရှိသော အဆောက်အဉုံးတို့ကို၊ သမ္ပာဒေတွာ - ပြီးစီးစေပြီး၍၊ ဘဂဝတော- အား၊ အနုစ္ဆဝိကံ- လျောက်ပတ်သော၊ ဂန္ဓကုဋိံ - ဂန္ဓကုဋိကျောင်းတော်ကို၊ ကာရာပေတွာ- ဆောက်လုပ်စေပြီး၍၊ အမ္ဗဝနံ- ကို၊ အဋ္ဌာရသ ဟတ္ထုမ္မေဓေန- တဆဲ့ရှစ်တောင် အမြင့်အစောက်ရှိသော၊ တမ္မပဏ္ဏဝဏ္ဏေန- ကြေးနီပြား၏ အဆင်းနှင့်တူသော အဆင်းရှိသော၊ ပါကာရေန - တံတိုင်းဖြင့်၊ ပရိက္ခိပါပေတွာ - ကာရံစေပြီး၍၊ ဗုဒ္ဓပ္ပမုခံ - ဘုရား အမှူးရှိသော၊ ဘိက္ခုသံဃံ - ရဟန်းအပေါင်းကို၊ သစိဝရဘတ္တေန- သင်္ကန်းနှင့်တကွဖြစ်သောဆွမ်းဖြင့်၊ (တနည်း) စိဝရဘတ္တေန-သင်္ကန်းဆွမ်းဖြင့်၊ [ရှေးစာအုပ်တို့၌ "စိဝရဘတ္တေန" ဟုသာ ရှိ၏၊ သသဒ္ဒါမပါ၊ ဋီကာသစ်၌လည်း ထို ပါဌ်အတိုင်းပင် " စိဝရေန ဘတ္တေနစ" ဟု ဒွန်သမာသ်ပင် ဖွင့်သည်၊ "စိဝရဉ္စ+ဘတ္တဉ္စ စိဝရဘတ္တံ" ဟု ဒွန်သမာသ် တွဲပါ။] သန္တပ္ပေတွာ-ရောင့်ရဲစေပြီး၍၊ ဒက္ခိဏောဒကံ- အလှူရေကို၊ ပါတေတွာ- ကျစေပြီး၍၊ ဝိဟာရံ- ကျောင်းတော်ကို၊ နိယျာတေသိ- အပ်နှင်းပြီ၊ [နိယျာတေသိ၌ နိပုဗ္ဗ, ယတဓာတ်, သ်လာ, ဏ္ဍလာ , ဏ္ဍကို ပြေး၊ ဒဏ္ဍိဏောဒက၏ အဓိပ္ပါယ်ကို မဟာဝဂ္ဂဘာသာဋီကာ, စိဝရက္ခန္ဓက, သံယေ ဘိန္နေ စိဝရုပ္ပါဒကထာဋီကာ ရှုပါ။]

× × × × × × ×

ဒိဝသဿ ဒွတ္တိက္ခတ္တုံ။ ။ "ကေသော ဒိဝသဿ - တနေ့တည်း၏ပင် ၂ ကြိမ် ၃ ကြိမ်"ဟုဆိုင်း, ဘုမ္မဋ္ဌဝါဒီတံ သာမိဝစနံ- (သဝိဘတ်ကို အာဓာရအနက်၌ သက်စေ၍) "တနေ့၌ (တနေ့လျင်) ၂ ကြိမ် ၃ ကြိမ်" ဟုဆိုင်း ဋီကာသစ်ဖွင့်၏၊ "ဒွေဝါ+တယောဝါ ဒွတ္တယော" ဟု သင်္ခေါဘာယ ဗဟုဒ္ဓိဟိတွဲပြီးမှ ဝါရအနက်၌ ကွတ်ကုံးပစ္စည်းသက်၍ "ဒွတ္တိက္ခတ္တုံ" ဟုပြီးသည်၊ သဒ္ဒတ္ထ အတိုကျပေးလျင် "၂ ကြိမ်သော်ငင်း ၃ ကြိမ်သော်ငင်း" ဟု ဝါသဒ္ဒါအနက်ပါအောင် ပြေးရလိမ့်မည်။

တံ – ထိုကျောင်းတော်ကို၊ သန္ဓာယ-၍၊ ဇိဝကဿ၊ပေ၊အမ္ဗဝနေတိ – ဟူ၍၊ (အာယသ္မတာ အာနန္ဒတ္ထေရေန – သည်၊ (တနည်း) သဂီတိကာရေဟိ – တို့သည်)၊ ဝုတ္တံ၊ အမုတေလသေဟိ ဘိက္ခုသတေဟိတိ - ကား၊ အမုသတေန– တရာ၏ ထက်ဝက်ဖြင့်၊ ဝါ– ငါးဆယ်ဖြင့်၊ ဥုနေဟိ – ယုတ်လျော့ကုန်သော၊ တေရသဟိ– ၁၃ လီကုန်သော၊ ဘိက္ခုသတေဟိ-ရဟန်းတို့၏အရာတို့နှင့်။

ရာဇာတိအာဒီသု-ရာဇာအစရှိသော ပုဒ်တို့၌၊(အတ္ထော ဒေံ ဝေဒီတမ္ဘော)၊ (ယော– အကြင်မင်းသည်)၊ အတ္တနော-မိမိ၏၊ ဇာသရိယသမ္ပတ္တိယာ- အစိုးရသူ၏ ဖြစ်ကြောင်းဖြစ်ရာ ပြည့်စုံခြင်းဖြင့်၊ ရာဇတိ–တောက်ပတင့်တယ်တတ်၏၊ ဇာတိ–ကြောင့်၊ (ထိုသို့ မိမိ၏ ဇာသရိယသမ္ပတ္တိဖြင့် တောက်ပတင့်တယ်တတ်သည်၏အဖြစ်ကြောင့်)၊ (သော–ထိုမင်းသည်)၊ ရာဇာ - ရာဇာမည်၏၊ စ– တနည်းကား၊ (ယော-အကြင်မင်းသည်)၊ စတူဟိ–၄ ပါးကုန်သော၊ သင်္ဂဟဝတ္ထူဟိ- သင်္ဂဟဝတ္ထုတို့ဖြင့်၊ ဝါ– သင်္ဂြိဟ်ချီးမြှင့်ခြင်း၏ အကြောင်းဝတ္ထုတို့ဖြင့်၊ မဟာဇနံ– များစွာသော လူအပေါင်းကို၊ ရဉ္ဇေတိ- နှစ်သက်စေတတ်၏၊

× × × × × × ×

အမုတေလသေဟိ။ ။အမုသဒ္ဒါသည် ယွဉ်ဘက်သန္နိဿိတခု၏ တဝက်ကိုဟော၏၊ “ တေလသ – တဆဲ့သုံး ” ဟူရာ၌ ယွဉ်ဘက်သန္နိဿိတသည် ၁၃ ခုရှိ၏၊ ထိုတွင် တခု၏ တဝက်ကိုသာ အမုသဒ္ဒါက ဟောသောကြောင့် တဆဲ့နှစ်ခုခွဲသာ ရတော့၏၊ ဘိက္ခုသတကို ထို အမုတေလသနှင့်မျှောက်လျှင် တထောင့်နှစ်ရာ့ငါးဆယ် ဖြစ်၏၊ ထို့ကြောင့် “တာနိ ပန ပညာသာယ ဥုနာနိ တေရသဘိက္ခုသတာနိ ဟောန္တိ ”ဟု ဋီကာမိန့်သည်။

ရာဇတိ။ ။“ရာဇ-ဒိတ္တိယံ”ဟု ဓာတ်ကျမ်း၌ရှိသောကြောင့် “ ဒိပ္ပတိ ”ဟုဂုဏ်း, “ သောဘတိတိ အတ္ထော ” ဟု အဓိပ္ပါယ်အနက်ကိုဂုဏ်း ဋီကာဖွင့်၏၊ “ ဇာသရိယသမ္ပတ္တိယာ”ကို ရာဇတိနှင့် တွဲပါ။ [ဇာသရသ+ဘာဝေါ ဇာသရိယံ– အစိုးရမင်း၏ ဖြစ်ကြောင်းဖြစ်ရာ ရာထူး၊ “ သမ္ပတ္တိ – ပြည့်စုံခြင်း ” ဟူသည် စည်းစိမ်တည်း၊ ဤသို့ အခြားနေရာ၌ ၂ နက်ခွဲသော်လည်း “ ဇာသရိယသမ္ပတ္တိယာ ”ဟု ဧကဝုစ်ထားသောကြောင့် “ အစိုးရသူ၏ ဖြစ်ကြောင်းဖြစ်ရာ ရာထူးဌာနန္တရ စသော ပြည့်စုံခြင်း ” ဟု တနက်ထည်း ယူပါ။] ဤနည်း၌ ရာဇဓာတ်, အပစ္စည်း။

ရဉ္ဇေတိ။ ။ဤနည်း၌ ရဇ်ဓာတ်, အပစ္စည်း၊ ရဇ်ဓာတ်သည်“ရာဂ-တပ်မက်ခြင်း နှစ်သက်စွဲလမ်းခြင်းအနက်”ကို ဟော၏၊ ဋီကာတို့၌“ရမေတိ-မွေ့လျော်စေတတ်”ဟု ဖွင့်သည်မှာ အဓိပ္ပါယ်ဖွင့်သာ ဖြစ်သင့်၏၊ “အတ္တနိဝါ ရာဂံ ကရောတိ”ဟု ဋီကာသစ်၌ တနည်းဖွင့်သေး၏၊ “ကရောတိ ” နေရာဝယ် “ ကာရေတိ ”ဟု ရှိမှ ကောင်းမည်၊ “ စတူဟိစ သင်္ဂဟဝတ္ထူဟိ ”ကိုလည်း ဤ ရဉ္ဇေတိနှင့်တွဲပါ၊ ဋီကာသစ်၌ “ စသဒ္ဒေါ ဒ္ဒစတ္ထ ဝိကပ္ပနတ္ထော”ဟု ရှိသောကြောင့် ရှေးက“စတူဟိစ”ဟု စသဒ္ဒါ ပါဟန်တူသည်။

သင်္ဂဟဝတ္ထူ ၄ ပါး။ ။မိမိဘက်သားဖြစ်အောင် (မိမိကိုချစ်ခင်အောင်) ချီးမြှင့်ခြင်း (သိမ်းယူခြင်း, သိမ်းသွင်းခြင်း) ကို“သင်္ဂဟ”ဟု ခေါ်၏၊ ထိုသို့ ချီးမြှောက်ခြင်း၏ အကြောင်းဝတ္ထုကို “ သင်္ဂဟဝတ္ထု ” ဟု ခေါ်၏၊ မိမိကို ချစ်ခင်-ရိုသေလာအောင်

(ဝမေ့တိ-တိုးပွားစေတတ်၏)၊ ဇာတိ-ကြောင့်၊(ထိုသို့ သင်္ဂဟဝတ္ထု၄ ပါးဖြင့် လူအပေါင်းကို နှစ်သက်စေတတ်သည်၏အဖြစ်ကြောင့်)၊ (သော– သည်)၊ ရာဇာ– ရာဇာမည်၏၊ (ယော – အကြင်မင်းသည်)၊ မဂဓာနံ – မဂဓာ ဟု ဗဟုဝုစ်အမည်ရသော ဇနပုဒ်၏၊ [“မဂဓာနံ- မဂဓတိုင်းသူတိုင်းသားတို့ကို” ဟုလည်း ပေးရိုးရှိ၏၊ သို့သော် ဤသရုပ်ဒ်က ဆင်ခြင်ကိုင့်သည်ဟု သဒ္ဒါကျမ်းတို့၌ မဆို၊ ကစ္စည်း- ကာရက “ သာမိဿရာဓိပတိ ဒါယာဒ သက္ခိ ပတိဘူ ပသုတ ကုသလေဟိစ”သုတ်ကိုကြည့်ပါ။] ဇာသရော–အစိုးရသူတည်း၊ ဇာတိ-ကြောင့်၊ (ဿော-သည်)၊ မာဂဓော- မာဂဓမည်၏၊ အဇာတော–မမွေးဖွားသေးသည်၊ (ဟုတ္ဝာ)ယော ဝ- ဖြစ်၍သာလျှင်၊ ရညော- မြို့သာရမင်း၏၊ သတ္တု–

× × × × × × ×

ချီးမြှောက်ခြင်း၏ အကြောင်းဝတ္ထုသည် ဒါန– ပေးကမ်းခြင်း၊ ပေယျဝဇ္ဇ – ချစ်ဘွယ်စကားကို ပြောခြင်း၊ အတ္ထစရိယာ - သူ၏အစီးအပွားကို ပြုကျင့်ခြင်း၊ သမာနတ္တတာ– မိမိနှင့်တန်းတူရည်တူထားခြင်း၊ ဤသို့အားဖြင့် ၄ ပါးရှိ၏၊ အကျယ်ကို အဋ္ဌကအင်္ဂုတ္တိုရ် ပဌမပဏ္ဏာသ, ဂဟပတိဝဂ်၌ ရှုပါ။

မှတ်ချက်။ ။စာအုပ်တို့၌ ရဇ္ဇေတိနောက်ဝယ်“ဝမေ့တိ”ဟု တွေ့ရ၏၊ ထိုပုဒ်ကို ဋီကာတို့ မဖွင့်ကြ၊ ရဇ္ဇေတိ၏ သဒ္ဒတ္ထလည်း မဖြစ်နိုင်၊ ရှင်ဘုရင်သည် တိုင်းသူပြည်သားလူအများကို ကြီးပွားစေသူမှန်သော်လည်း ရဇ္ဇေတိအတွက် အဓိပ္ပါယ်နက်လည်း မဖြစ်နိုင်ပါ၊ စဉ်းစားကြပါလေ။

မဂဓာနံ။ ။“တိုင်း” ဟူသည် ဇနပုဒ်တည်း။ [ဇနာ+ပဒ္ဓနေ ဂစ္ဆနိ ယတြာတိ ဇနပဒေါ”ဟု ထောမနိဓိ ဝိဂ္ဂဟဖြို၏၊ လူအများတို့ လှည့်ပတ်သွားလာရာအရပ်။] ထို ဇနပုဒ်အနက်ဟောပုဒ်များ၌ “ ပုံ ဗဟုတ္တေ ကုရုသတ္တာ, ကောသလာ မဂဓာ သိဝိ” စသော အဘိဓာန် (၁၀၄-၅) နှင့်အညီ ပုလ္လိန်ဗဟုဝုစ် ရှိရ၏၊ ထို့ကြောင့်“မဂဓာနံ” ဟု ဗဟုဝုစ်ထားသည်၊ ဇာသရအနက်၌ ဏာပစ္စည်းသက်၍“မာဂဓ”ဟု ဖြစ်၏။

မှတ်ချက်။ ။ထိုသို့ ဗဟုဝုစ်ရှိရခြင်းမှာလည်း မဂဓအမည်ရသော မင်းသားတို့၏ ဗဟုဝုစ်ကို တင်စားသောကြောင့်တည်း၊ ထိုသို့ သဒ္ဒါက ဗဟုဝုစ်ဖြစ်သော်လည်း အနက်က တခုတည်းဖြစ်သောကြောင့် “ မာဂဓေသု ဇနပဒေ” ဟု ထိုထိုနေရာ၌ ရှိရသည်၊ ထို့ကြောင့် “ မာဂဓေသု– မာဂဓာ ဟု ဗဟုဝုစ်အမည်ရသော ”ဟုလည်း ပေးရသည်၊ ဋီကာသစ်၌ကား “ မဂဓမည်သော ဇနပုဒ်တခုကို ညွှန်ပြခြင်းအားဖြင့် ထို၌နေသူ လူအများကို ယူအပ်သောကြောင့် ဗဟုဝုစ်ထားသည် ”ဟု တနည်းဆိုသေးသည်မှာ ထုံးစံမဟုတ်ပါ။

အဇာတသတ္တု။ ။ သသတိ ဟိံသတိတိ သတ္တု၊ (သသဓာတ် တုပစ္စည်း)၊ အဇာတောယေဝ+သတ္တု အဇာတသတ္တု၊ “ နေမိတ္တိကေဟိ နိဒ္ဒိဋ္ဌော ” ဟု ဆိုသောကြောင့် မဖွားမီက ရန်သူမဖြစ်သေးပါသော်လည်း ထို နေမိတ္တိကဆရာတို့၏စကားအရ “သတ္တု”ဟု အမည်ရနေသော ရဋ္ဌိအမည်ဟု မှတ်ပါ။ [ရှင်ဘုရင်၏သွေးကို သောက်လိုသော ချင်ခြင်းကြောင့် “ မဖွားမီကပင် ရန်သူအစစ်ဖြစ်နေပြီ ” ဟုလည်း ဝဒန္တိဝါဒရှိသေး၏၊ ဤအလို ရဋ္ဌိမဟုတ်။]

ရန်သူသည်၊ ဘဝိဿတိ-ဖြစ်လတ္တံ့၊ ဣတိ-သို့၊ နေမိတ္တိကေဟိ – နိမိတ်ကျမ်းကို ရွတ်ဖတ်သော ဆရာတို့သည်၊ နိဒ္ဒိဋ္ဌော–ညွှန်ပြအပ်ပြီ၊ ဣတိ-ကြောင့်၊ အဇာတသတ္တု–အဇာတသတ္တုမည်၏၊

ကိရ–ချဲ့၊ တသ္မိံ–ထို အဇာတသတ်မင်းသည်၊ ကုစ္ဆိဂတေ–ဝမ်း၌ ရောက်လသော်၊ ဒေဝိယာ–မယ်တော် မိဖုရား၏၊ ဝေရူပေါ်–ဤသို့ သဘောရှိသော၊ ဒေါဟဠော-ချင်ခြင်းသည်၊ ဥပ္ပဇ္ဇိ–ဖြစ်ပြီ၊(ကိံ)၊ အဟံ - ငါသည်၊ ရညော–မင်း၏၊ ဒက္ခိဏဇဟုလောဟိတံ – လက်ျာလက်မောင်း သွေးကို၊ ပိဝေယ္ယံ–သောက်ရပါမူကား၊ အဟောဝတ – အော် .... ကောင်းလေစွ၊ ဣတိ – သို့၊ (ဒေါဟဠော ဥပ္ပဇ္ဇိ)၊ သာ-ထိုမိဖုရားသည်၊ ဘာရိယေ-ဝန်လေးသော၊ ဌာနေ-အရာ၌၊ ဒေါဟဠော-သည်၊ ဥပ္ပန္နော-ဖြစ်ပြီ၊ ကဿစိ– တစုံတယောက်အား၊ အာရောစေတုံ-ပြောပြခြင်းငှါ၊ နဿက္ကာ – မတတ်ကောင်း၊ ဣတိ - ဤသို့ နှလုံးသွင်း၍၊ တံ-ထို အကြောင်းကို၊ ကထေတုံ- ပြောခြင်းငှါ၊ အသက္ကောန္တိ-မစွမ်းနိုင်သည်၊(ဟုတ္ဝာ)ကိသာ-ကြီလှိသည်၊ (ပိန်ချုံးသည်)၊ ဒုဗ္ဗဏ္ဏာ - မကောင်းသောအဆင်းရှိသည်၊အဟောသိ-ဖြစ်ပြီ၊တံ-ထိုမိဖုရားကို၊ ဆာဇာ-သည်၊ ပုစ္ဆိ-မေးပြီ၊(ကိံ)၊ ဘဒ္ဒေ-ရှင်မ၊ တုယှံ- သင်၏၊ အတ္တဘာဝေါ- အတ္တဘောသည်၊ ပကတိဝဏ္ဏော-ပင်ကိုယ် အဆင်းရှိသည်၊ နု–မဟုတ်၊ ကာရဏံ–အကြောင်းသည်၊ ကိံ-အဘယ်နည်း၊ ဇာတိ-ဤသို့၊(ပုစ္ဆိ)၊ မဟာဆာဇ-မင်းမြတ်၊ မာ ပုစ္ဆ-

× × × × × × ×

နေမိတ္တိကေဟိ။ ။ "နိမိတ္တံ–နိမိတ်ကျမ်းကို၊ အဓိတေ-ရွတ်ဖတ်၏၊ ဝါ–တတ်သိ၏"ဟူသော ဝစနတ္ထအရ နိမိတ်ကျမ်း ဖတ်တတ်သူကို (နိမိတ်ဖတ်တတ်သူကို) "နေမိတ္တိက"ဟု ခေါ်၏၊ အဓီတေအနက်၌ ဏိကပစ္စည်းသက်၍ " နေမိတ္တိက " ဟု ရှိသင့်၏၊ ဏိကပစ္စည်းသက်မှလည်း ဝုဒ္ဓိရောက်နိုင်သည်၊ စာအုပ်တို့၌"နေမိတ္တကေဟိ" ဟု တွေ့၌ ဇာသရမပါဘဲ ရှိသည်ကို စဉ်းစားပါ။

ဒေါဟဠော။ ။သက္ကတ၌ "ဒေါဟဒယ"မှ ယကို ချေ၍ "ဒေါဟဒ" ဟု ရှိ၏၊ ပါဠိ၌ကား ဒကို ဠပြု၍ ဒေါဟဠဖြစ်သည်ဟု ကြံပါ၊ ဒွိန္နံ+ဟဒယံ ယတြာတိ ဒေါဟဠော၊-ထောမနိဓိဝိဂ္ဂဟ။ [ယတြ (အဘိလာသေ) – အကြင် အလွန်အကဲဖြစ်သော တောင့်တခြင်း၌၊ ဒွိန္နံ–အမိနှင့် ကိုယ်ဝန် ၂ ယောက်တို့၏၊ ဟဒယံ – စိတ်နှလုံးသည်၊ အတ္ထိ။] ဤသို့ အလွန်အကဲဖြစ်သော တောင့်တခြင်းကိုပင် "ချင်ခြင်း"ဟု ခေါ်ကြ၏၊ "စားချင်, သောက်ချင်, လိုချင်ခြင်း" ဟူလို၊ ထိုသို့ ချင်ခြင်းရှိသော ကိုယ်ဝန်ဆောင် မိန်းမကို "ဒေါဟဠိနီ"ဟု ဖြစ်သည်။

မှတ်ချက်။ ။ဒေါဟဠပုဒ်ကို"ဒွိဓာ+ဟလတိ ကမ္မတိတိ ဒေါဟဠော"ဟု မြန်မာဆရာတို့ ဝိဂ္ဂြိဟ်ပြုကြသေး၏၊ "သေရအံ့လော ရှင်ရအံ့လောဟု ၂ ပါး အပြားအားဖြင့် တုန်လှုပ်တတ်သော အလိုအာသာ" ဟု ဆိုလိုသည်၊ " တောင့်တသည့်အတိုင်းရလျှင် အသက်ရှင်အံ့, မရလျှင် သေအံ့ဟု ဖြစ်သော တောင့်တခြင်း"ဟူလို။

မမေးပါနှင့်၊ ဣတိ-ဤသို့ သံတော်ဥးတင်ပြီ၊ ဘဒ္ဒေ–ရှင်မ၊ တွံ–သည်၊ အတ္တ နော-မိမိ၏၊ အဇ္ဈာသယံ – အလိုကို၊ မယှံ–ငါ့အား၊ အကထေန္တိ – မပြော လသော်၊ ကဿ-အဘယ်သူအား၊ ကထေဿသိ-ပြောလတံ့နည်း၊ ဣတိ-ဤသို့၊ တထာတထာ- ထိုထို အခြင်းအရာအား ဖြင့်၊ နိဗန္ဓိတွာ - စကား ဖြင့် နှောင်ဖွဲ့၍၊ ကထာပေသိ-ပြောစေပြီ။

စ–ဆက်၊ သုတွာ-ကြားရ၍၊ ဗာလေ–အမိုက်မ၊ ဣတ္ထေ - ဤ လက်မောင်း သွေးကို သောက်လိုရာ၌၊ တုယှံ-သင်၏၊ ဝါ-သင့်မှာ၊ ဘာရိယသညာ-ဝန်လေး ဘွယ်ဟူသော အမှတ်သည်၊ အဟောသိကိ ံ-ဖြစ်သလော၊ ဣတိ-ဤသို့ ပြော၍၊ ဝေဇ္ဇံ–သွားတော်ကို၊ ပက္ကောသာပေတွာ–ခေါ်စေ၍၊ သုဝဏ္ဏသတ္ထကေန–ရွှေ ဓားငယ်ဖြင့်၊ [သံဓားဖြင့် ရှင်ဘုရင်၏ လက်မောင်းကို မခွဲထိုက်သောကြောင့် ရွှေဓားဟု ဆိုသည်။]ဗာဟုံ-လက်မောင်းကို၊(လက်မောင်း၏ သွေးကြောကို)၊ ဖါလာပေတွာ-ဖေါက်စေ၍၊ သုဝဏ္ဏသရကေန- ရွှေဓွက်ငယ်ဖြင့်၊ လောဟိတံ- သွေးကို၊ ဂဟေတွာ-ယူ၍၊ ဥဒကေန-ရေဖြင့်၊ သမ္ဖိန္ဒိတွာ-ရောစပ်၍၊ ပါယေသိ- သောက်စေပြီ။[ရေမရောဘဲ သွေးချည်းသက်သက် တိုက်လျှင် ကိုယ်ဝန်ဆောင် မိန်းမတို့မှာ အစာကြေခဲသောကြောင့် ရေဖြင့်ရော၍ တိုက်ရသတတ်။] နေမိတ္တိ ကာ–နိမိတ်ကျမ်းကို ရွတ်ဖတ်တတ်သော ဆရာတို့သည်၊ တံ-ထိုအကြောင်းကို၊ သုတွာ-၍၊ သေဂဋ္ဌော- ဤ ကိုယ်ဝန်သူငယ်သည်၊ ရဉ်ညော- မင်း၏၊ သတ္တု- ရန်သူသည်၊ ဘဝိဿတိ–ဖြစ်လတံ့၊ ဇာမိနာ-ဤကိုယ်ဝန် သူငယ်သည်၊ ရာဇာ-မင်းကို၊ ဟနိဿတိ–သတ်အပ်လတံ့၊ ဣတိ – ဤသို့၊ ဗျာကရိ ံသု – ဗျာဒိတ် သဘော ပြောဟောကုန်ပြီ။ [ဤတွင် တသ္မိ ံကိရ၌ ကိုရအတွက် အကျယ်ငြီး၏။]

ဒေဝီ-မိဖုရားသည်၊ မယှံ-ငါ၏၊ ကုစ္ဆိတော-ဝမ်းမှ၊ နိက္ခန္တော-ထွက်လတံ့ သော သူငယ်သည်၊ ရာဇာနံ- မင်းကို၊ မာရေဿတိ ကိရ – သေစေလတံ့တဲ့၊ ဝါ-သတ်လတံ့တဲ့၊ ဣတိ-သို့၊ သုတွာ-ကြားရ၍၊ ဂဗ္ဘံ- ကိုယ်ဝန်ကို၊ ပါတေတု ကာမာ-ကျစေခြင်းငှါ အလိုရှိသည်၊ (ဟုတွာ)၊ ဥယျာနံ–သို့၊ ဂန္ဒွာ–သွား၍၊ ကုစ္ဆိ ံ–ဝမ်းကို၊ မဒ္ဒါပေသိ- နှိပ်နယ်စေပြီ။ [ထို့ကြောင့် ဤဥယျာဉ်ကို “မဒ္ဒ ကုစ္ဆိဥယျာဉ်”ဟု ခေါ်တွင်သည်။] ဂဗ္ဘော- ကိုယ်ဝန်သည်၊ နပတတိ-မကျ၊ သာ–ထို မိဖုရားသည်၊ ပုနပ္ပုနံ– အဖန်ဖန်၊ ဂန္ဒွာ - ၍၊ တထေဝ- ထို့အတူ ပင်၊ ကာရေသိ-ပြုစေပြီ၊ ရာဇာ–မင်းသည်၊ ကိမတ္ထံ-အဘယ်အကျိုးငှါ၊ အယံ- ဤမိဖုရားသည်၊ ဥယျာနံ-သို့၊ ဂစ္ဆတိ- သွားပါလိမ့်မည်နည်း၊ ဣတိ– သို့၊ ပရိ ဝိမံသန္တော–စုံစမ်းလသော်၊ တံ ကာရဏံ- ထိုအကြောင်းကို၊ သုတွာ-ကြားရ၍၊ ဘဒ္ဒေ- ရှင်မ၊ တဝ- သင်၏၊ ကုစ္ဆိယံ- ဝမ်း၌၊ ပုတ္တောတိ ဝါ– သားတော်ဟူ၍ သော်၎င်း၊ ဓိတာတိဝါ- သမီးတော်ဟူ၍သော်၎င်း၊ နပညာယတိ–မထင်ရှား သေး။ [“သမီးဖြစ်လျှင် နေမိတ္တိကတို့၏စကား မှန်မည် မဟုတ်ပါ” ဟူလို။]

[တားမြစ်ဘို့ရန် အကြောင်းတမျိုးကို ပြလိုသောကြောင့် "အတ္တနော" စသည်ကို ဆိုပြန်သည်။] အတ္တနော-မိမိ၏ (ဝမ်းၨ)၊ နိဗ္ဗတ္တဒါရကံ-ဖြစ်သော ကလေးကို၊ ဒေံ– ဤသို့၊ အကာသိ–ပြုပြီ၊ ဣတိ - သို့၊ မဟာအဂ္ဂဏရာသိဝိ– ကြီးစွာသော ကျေးဇူးမဲ့အစုသည်လည်း၊ ဝါ–ကြီးစွာသော အပြစ်အစုသည်လည်း၊ နော-ငါတို့အတွက်၊ ဇမ္မုဒီပတလေ-ဇမ္ဗူဒီပအပြင်၌၊ အာဒီ-ထင်စွာ၊ ဘဝိဿတိ–ဖြစ်လတံ့၊ တံ့-သင်သည်၊ ဒေံ- ဤသို့၊ မာ ကရောဟိ-မပြုပါလင့်၊ ဣတိ-သို့၊ နိဝါရေတွာ-တားမြစ်၍၊ အာရက္ခံ-အစောင့်အရှောက်ကို၊ အဒါသိ-ပေးပြီ၊ သာ-ထို မိဖုရားသည်၊ ဂင်္ဂာဝဋ္ဋာနကာလေ - ကိုယ်ဝန်၏ ထရာအခါ၌၊ (ဖွားမြင်ရာ အခါ၌)၊ မာရေဿာမိ-သေစေအံ့၊ ဝါ–သတ်အံ့၊ ဣတိ, စိန္တေသိ-ကြံပြီ၊ တဒါဝိ-ထို ဖွားရာအခါ၌လည်း၊ အာရက္ခမနုဿာ–အစောင့် အရှောံ လူတို့သည်၊ ဒါရကံ-ကလေးကို၊ အပနယိ သု–ဖယ်ထားလိုက်ကြကုန်ပြီ။

အထ–ထိုမှ နောက်၌၊ အပရေန သမယေန - နောက်အခါ၌။ [အထကို ထပ်ဖွင့်သည်။] ဝုဠိပ္ပတ္တံ-ကြီးရင့်ခြင်းသို့ ရောက်သော၊ ကုမာရံ - မင်းသားကို၊ ဒေဝိယာ–မိဖုရားအား၊ ဒဿေသုံ-ပြကြကုန်ပြီ၊ သာ- ထို မိဖုရားသည်၊ တံ– ထိုမင်းသားကို၊ ဒိသွာဝ-မြင်၍သာလျှင်၊(မြင်လျှင် မြင်ခြင်းပင်)၊ပုတ္တသိနေဟံ-သား၌ ချစ်ခြင်းကို၊ ဥပ္ပါဒေသိ-ဖြစ်စေပြီ၊ တေန-ကြောင့်၊ နံ- ထိုမင်းသားကို၊ မာရေတုံ–သေစေခြင်းငှါ၊ ဝါ– သတ်ခြင်းငှါ၊ နာသက္ခိ - မစွမ်းနိုင်၊ ရာဇာပိ–မင်းသည်လည်း၊ အနုက္ကမေန-အစဉ်အားဖြင့်၊ ပုတ္တသ-သားအား၊ သြပရဇ္ဇံ-အိမ်ရှေမင်း၏အဖြစ်ကို၊ အဒါသိ–ပေးပြီ။

အထ-ထိုမှနောက်၌၊ ကေသ္မိ သမယေ–၌၊ ဒေဝဒတ္တော-သည်၊ ရဟောဂတော–ဆိတ်ငြိမ်ရာ၌ ရောက်သည်၊(ဟုတ္တာ)၊ စိန္တေသိ–ကြံပြီ၊(ကိ)၊ သာရိပုတ္တသ–သာရိပုတြာ၏၊ ပရိသာ-ပရိသတ်သည်၊ မဟာ–များ၏၊ မောဂ္ဂလ္လာနသ- ၏၊ ပရိသာ–သည်၊ မဟာ-၏၊ ကဿပသ-၏၊ ပရိသာ-သည်၊ မဟာ-၏၊

× × × × × × ×

သြပရဇ္ဇံ။ ။သမိပေ+ပဝတ္တော+ရာဇာ ဥပရာဇာ–မင်း၏ အနိုးၨ၌ ဖြစ်သောမင်း (အိမ်ရှေမင်း)၊ ဥပရညော+ဘာဝေါ သြပရဇ္ဇံ၊ ဤသို့ ကြီလျှင် သဒ္ဒါအနက် ၂ မျိုးလုံး ရှင်းနေသော်လည်း ဋီကာသစ်၌ "ရညော+ဘာဝေါ ရဇ္ဇံ၊ရဇ္ဇသ+သမိပေ+ပဝတ္တတိတိ သြပရဇ္ဇံ (ဌာနန္တရံ) -တိုင်းပြည်၏ အနိုးၨ၌ဖြစ်သော ရာထူး" ဟု ပြုလေသည်။

ပရိသာ မဟာ။ ။ ဤ၌ "မဟာ" သည် ပရိသာကို ထောက်၍ ဇာတိလိင်္ဂရှိ၏၊ ထို့ကြောင့် ဋီကာသစ်၌ "မဟတီ"ဟု ဖွင့်ပြီးလျှင် "သမာသ်အရာ၌ မဟန္တကို မဟာပြုသကဲ့သို့ ဝါကျ၌လည်း မဟန္တကို မဟာပြု" ဟု ဆို၏၊ သို့သော် ဇာတိလိင်္ဂ၌ မဟာရှိသကဲ့သို့ "မဟာ တေ ပရိစ္ဆာဂေါ" ဟု ပုလ္လိင်အရာ၌ဂုဏ်း "ဗာရာဏသိရဇ္ဇံ နာမ မဟာ"ဟု နပုလ္လိင်အရာ၌ဂုဏ်း "မဟာ" သဒ္ဒါကို တွေ့ရသောကြောင့် "နိပါတ်ပုဒ်နှင့် အလားတူသော ၃ လိန် ဆက်ဆံသော မဟာပုဒ်တမျိုးဟု ဆရာတို့ ကြံကြသည်။

[ရှေးစာအုပ်များ၌ "မဟာမောဂ္ဂလ္လာနသ, မဟာကဿပသ" ဟု ရှိ၏။] ဣတိ ဧဝံ-သို့၊ ဣမေ-ဤသူတို့သည်၊ ဝိသုံဝိသုံ- အသီးအသီး၊ ဓုရာ-အကြီးအမှူး ဥုးစီး နာယက ပဓာန ဖြစ်ကုန်၏၊ အဟမ္ပိ- လည်း၊ ကေဓုရံ- တခုသော တာဝန်ကို၊ နိဟရာမိ-ထုတ်ဆောင်အံ့၊ ဣတိ-သို့၊ (စိန္တေသိ)။

သော- ထို ဒေဝဒတ်သည်၊ လာဘေန- လာဘ်နှင့်၊ ဝိနာ- ကင်း၍၊ ပရိသံ- ပရိသတ်ကို၊ ဥပ္ပါဒေတုံ-ဖြစ်စေခြင်းငှါ၊ နု သက္ကာ- မတတ်ကောင်း၊ ဟန္ဒ-ယခု၊ အဟံ-သည်၊ လာဘံ-ကို၊ နိဗ္ဗတ္တေမိ- ဖြစ်စေရတော့အံ့၊ ဣတိ-သို့၊ စိန္တေတွာ- ကြံပြီး၍၊ ခန္ဓကေ-ခန္ဓကဋ္ဌ၊ (စူဠဝဂ္ဂ သံဃဘေဒကက္ခန္ဓကဋ္ဌ)၊ အာဂတနယေန- လာသောနည်းဖြင့်၊ အဇာတသတ္တုံ-အဇာတသတ်မည်သော၊ ကုမာရံ-မင်းသား ကို၊ ဣဒ္ဓိပါဋိဟာရိယေန - တန်ခိုးပြာဋိဟာဖြင့်၊ [မြေကို ခါးပတ်လျက် လုလင်ငယ် ပုံသဏ္ဌာန်ကို ပြခြင်းတည်းဟူသော တန်ခိုးဖြင့်၊ အကျယ်ကို ခန္ဓကဋ္ဌ ရှုပါ။] ပသာဒေတွာ - ကြည်ညိုစေပြီး၍၊ သာယံပါတံ - ညနေအခါ, နံနက်အခါဋ္ဌ၊ [" သာယော စ + ပါတော စ သာယပါတံ " ဟု ဆိုလိုလျက် နိဂ္ဂဟိတ်လာ၍ "သာယံပါတံ" ဟု ဒွန်သမာသ်ဖြစ်၏။] ပဋ္ဌဟိ - ငါးလိကုန်သော၊ ရထသတေဟိ-ရထားအရာတို့ဖြင့်၊ (တနည်း) ပဋ္ဌဟိ ရထသတေဟိ-ရထားငါးရာတို့ဖြင့်၊ ဥပဋ္ဌာနံ-ဆည်းကပ်ရာအရပ်သို့၊ အာဂစ္ဆန္တံ- လာသည်ဖြစ်၍၊ အတိဝိယတ္တံ-အလွန် အကျွမ်းဝင်သည်ကို၊ ဥ တွာ-သိ၍၊ ကေဒိဝသံ- တနေ့သဋ္ဌ၊ ဥပသင်္ကမိတွာ - ချဉ်းကပ်၍၊ တံ - ဤစကားကို၊ အဝေါစ - ပြောပြီ၊ (ကိံ)၊ ကုမာရ - မင်းသား၊ ပုမ္ဗေ-ရှေးအခါဋ္ဌ၊ မနုဿာ- လူတို့သည်၊ ဒီဃာယုကာ- ရှည်သော အသက်ရှိကြကုန်၏၊ တေရဟိ-ယခုအခါဋ္ဌ၊ (မနုဿာ) အပ္ပါယုကာ-တိုသော အသက် ရှိကြကုန်၏၊ ကုမာရ-မင်းသား၊ တေနဟိ-တိုက်တွန်းပါ၏၊ (တနည်း)

× × × × × × ×

ဓုရာ။ ။"ဓုရဘူတာ" ဟု ဋီကာဖွင့်၍ "ဓောရယ္ဟာတိ အတ္ထော" ဟု အနက် ဖေါ်၏၊ "ပဓာနေ စာန္တိကေ ဓုရော" အဘိဓာန် (၁၀၀၄) လာ အနက်တို့တွင် ဤဋ္ဌ ပဓာနအနက်ဟောဟု ယူသင့်၏၊ ထို့ကြောင့် "ဓုရဂ္ဂါဟော" ပုဒ်အဖွင့် ပါရာဇိကဏ် ဗာဟိရနိဒါန်း သာရတ္ထဋ္ဌ "ပဓာနဂ္ဂါဟီ အဟောသိ, သဗ္ဗေသံ ပါမောက္ခော" ဟု ဖွင့်သည်၊ "ဓုရ်ဝ-ဟိ သာယံ" ဓာတ်, ကိုဝ်ပစ္စည်းဖြင့် ဓာတွန်ဝကိုချ၍ "ဓုရ်" ဟု ထောမနိဓိဋ္ဌ ပြီးစေ၏၊ ပါဠိဋ္ဌကား "ဓုရ" ဟု ရှိသောကြောင့် ဓုဇ္ဇိဓ်ဝတ် အ ပစ္စည်းသက်၍ ဇ္ဇကို ရပြု ဟု ကြံသင့်သည်၊ "ဓုဇ္ဇတိ ဟိ သတိ - ဝန်ဆောင်သူတို့ ညွှန်းဆဲတတ်၏၊ ဣတိ ဓုရော" ဟု ပြုပါ။

ဓောရယ္ဟာ။ ။"ဓုရံ ဝဟတီတိ ဓောရယ္ဟံ" ဟု သဂါထာဝဂ္ဂ, ဗြဟ္မဏသံယုတ်, ဥပါသကဝဂ် (၁) သုတ် ဋီကာပြု၏၊ ထိုအလို " ဒိဿန္တေ့ညေဝိ ပစ္စယာ " ဟူသော မောဂ္ဂလ္လာန် ဏာဒိကတ္ထာ (၁၂၀) သုတ်ဖြင့် ဝဟတိအနက်ဋ္ဌ ယူ၏ ပစ္စည်းသက်၊ အဘိဓာနပ္ပဒီပိကာသူစိဋ္ဌကား တမျိုးကြံလေ၏။ [ထောမနိဓိဋ္ဌ ဓောရယ္ဟဟု မရှိ, "ဓောရေယ" ဟု ရှိ၏၊ ဝဟတိအနက်ဋ္ဌ ဏိယပစ္စည်း, ဝုဒ္ဓိပြု, ဇ္ဇကို ပြေ၍ပြီးသောကြောင့် ရှင်း၏။]

တေန–ထို့ကြောင့်၊ (ထိုသို့ ရွေးလူတို့၏ အာသက်ရှည်ကုန်သည်၏အဖြစ်, ယခု လူတို့၏ အာသက်တိုကုန်သည်၏အဖြစ်ကြောင့်၊ ဟိ အနက်မရှိ)၊ တွံ – သည်၊ ပိတရံ-ခမည်းတော်ကို၊ ဟန္တွာ–သတ်၍၊ ရာဇာ-မင်းသည်၊ ဟောဟိ-ဖြစ်လော၊ အဟံ-သည်၊ ဘဂဝန္တံ-ဘုရားဟောင်းကို၊ ဟန္တွာ-၍၊ ဗုဒ္ဓေါ-ဘုရားသစ်သည်၊ ဘဝိဿာမိ–ဖြစ်အံ့၊ ဣတိ-ဤသို့၊ (အဝေါစ-ပြီ၊) ဣတိ– ဤသို့ပြော၍၊ [ဣတိတလုံး အကြေကြီး။] ကုမာရံ - ကို၊ ပိတုဝဓေ – ခမည်းတော်ကို သတ်ခြင်း၌၊ ဥယျောဇေသိ– တိုက်တွန်းပြီ။

သော– ထိုမင်းသားသည်၊ (ဝိပ္ပကာရံ အကာသိ၌စပ်)၊ အယျော ဒေဝဒတ္တော– အရှင်ဒေဝဒတ်သည်၊ မဟာနုဘာဝေါ– ကြီးသောအာနုဘော် ရှိ၏၊ တေဿ–၌ အရှင်ဒေဝဒတ်၏၊ ဝါ-သည်၊ အဝိဒ္ဒိတံနာမ-မသိအပ်သောအရာမည်သည်၊ နတ္ထိ-မရှိ၊ ဣတိ–ဤသို့ နှလုံးသွင်း၍၊ ဥဂ္ဂဏှာ– ပေါင်၍၊ ပေါတ္ထနိကံ–သန်လျက်ငယ်ကို၊ ဗန္ဓိတွာ–ဖွဲ့ချည်၍၊ ဒိဝသေ (ဒိဝသဿ)- နေ့၏၊ ဒိဝါ-နေ့အခါ၌၊ ဘီတော–ကြောက်သည်၊ ဥတ္တိဋ္ဌေါ-နှလုံးတုန်သည်၊ ဥဿင်္ကီ-ရှိုရှားခြင်းရှိသည်၊ ဥတြသ္တော – ထိတ်လန့်သည်၊ (ဟုတွာ)၊ အန္တေပုရံ - နန်းတော်တွင်းသို့၊ ပဝိသိတွာ - ဝင်၍၊ ဝုတ္တပ္ပကာရံ – အရှင်ဒေဝဒတ် ဆိုအပ်ပြီးသော အပြားရှိသော၊ ဝိပ္ပကာရံ– ဖေါက်ပြန်သောကိစ္စကို၊ အကာသိ– ပြုပြီ။

အထ- ထိုအခါ၌၊ နံ – ထိုမင်းသားကို၊ အမစ္စာ– အမတ်တို့သည်၊ ဂဟေတွာ–ဖမ်းယူ၍၊ အနုယုဉ္ဇိတွာ-စစ်ဆေး မေးမြန်းပြီး၍၊ ကုမာရောစ-မင်းသား ကိုလည်း၊ ဟန္တွဗ္ဗော – သတ်ထိုက်၏၊ ဒေဝဒတ္တောစ– ကိုလည်း၊ (ဟန္တွဗ္ဗော)၊ သဗ္ဗေ – အလုံးစုံကုန်သော၊ ဘိက္ခူစ – ရဟန်းတို့ကိုလည်း၊ [ဒေဝဒတ်၏ ဘက်သား ရဟန်းများကိုဆိုလိုသည်။] ဟန္တွဗ္ဗာ – သတ်ထိုက်ကုန်၏၊ ဣတိ-သို့၊

× × × × × × ×

ဒိဝါ ဒိဝသေ။ ။ဒိဝသဿဝိ ဒိဝါ၊ မစ္ဆုန်ိကဝေလာယန္တိ အတ္ထော၊– ဋီကာသစ်၊ အခြားနေရာ၌ "ဒိဝါ ဒိဝသဿ" ဟု ဆဋ္ဌီဝိဘတ်ဖြင့် သုံးစွဲလေ့ရှိ၏၊ ထို့ကြောင့် ဤ၌၊ "ဒိဝသေ" ကို ဆဋ္ဌီအနက်၌ဘက်သော သတ္တမီဝိဘတ်ဟု ယူဆ၍ "ဒိဝသဿ" ဟု ဖွင့်သည်၊ ဋီကာဟောင်း စာအုပ်၌ကား "ဒိဝါ ဒိဝဿ" ဟုပင် ရှိ၏၊ "နေ့၏ နေ့အခါ" ဟူသည် မွန်းတည့်အခါပင်တည်း။ [ဒိဝါကို နိပါတ်ပုဒ်ကြံ၍ "ဒိဝါ-နေ့၏၊ ဒိဝသေ–နေ့၌" ဟု ဋီကာသစ် တနည်းဖွင့်သေး၏။]

ဘီတော၊ပေ၊ဥတြသ္တော။ ။"ဘီတော" စသော ၄ ပုဒ်သည် ပရိယာယ်ပုဒ်များတည်း၊ (တနည်း) ကာယတ္ထမ္ဘနေန – ကိုယ်၏ တောင့်တင်းခြင်းအားဖြင့်၊ ဘီတော၊ ဟဒယမံသစလနေန- နှလုံးသား၏ တုန်ခြင်းအားဖြင့်၊ ဥဿင်္ကီ၊ ဇာနေယျော ဝါ မာဝါတိ ပရိသင်္ကာယ–ငါ့အကြံကို သိကြမည်လား, မသိကြဘဲ နေမည်လားဟု ယုံမှားခြင်းအားဖြင့်၊ ဥဿင်္ကီ၊ ဉာတေ သတိ (သိအပ်လို့ရှိလျှင်) အတ္တာနော အာဂန္ဆမာနဘယဝသေန- မိမိအထံသို့ လာမည့်ဘေး၏အစွမ်းဖြင့်၊ ဥတြသ္တော၊–ဋီကာသစ်။

သမ္မန္တယိတ္တာ – သဘောတူ တိုင်ပင်ပြီး၍၊ ရညော - မင်း၏၊ အာဏာဝသေန– အာဏာ၏အစွမ်းဖြင့်၊ ကရိဿာမ-ပြုကြကုန်စို့၊ ဣတိ-ဤသို့ ပြော၍၊ ရညော-မင်းအား၊ အာရောစေသုံ – သံတော်ဥးတင်ကြကုန်ပြီ၊.... ရာဇာ – မင်းသည်၊ ဃေ အမစ္စာ– အကြင် အမတ်တို့သည်၊ မာရေတုကာမာ- သေစေခြင်းငှါ အလို ရှိကုန်သည်၊ ဝါ-သတ်ခြင်းငှါ အလိုရှိကုန်သည်၊ အဟေသုံ-ဖြစ်ကုန်ပြီ၊ တေသံ-ထိုအမတ်တို့၏၊ ဌာနန္တရာနံ-ရာထူးတို့ကို၊ အ စ္ဆိန္ဒိတ္ထ-ဖြတ်တောက်၍၊ [ဋီကာသစ်၌ "ရာထူးကိုပယ်သောအားဖြင့် လုယက်၍" ဟု ဖွင့်သည်။] ဃေ(အမစ္စာ)-အကြင် အမတ်တို့သည်၊ မာရေတုကာမာ – ကုန်သည်၊ ဝါ – ကုန်သည်၊ န (အဟေသုံ)-မဖြစ်ကုန်၊ တေ–ထိုအမတ်တို့ကို၊ ဥစ္ဆေသု-မြင့်ကုန်သော၊ ဌာနေသု-အရာတို့၌၊ ထပေတ္ထ– ထားပြီး၍၊ ကုမာရံ– မင်းသားကို၊ ပုစ္ဆိ - မေးပြီ၊ (ကိံ)၊ ကုမာရ-မင်းသား၊ ကိဿ- အဘယ့်ကြောင့်၊ တွံ- သင်သည်၊ မံ–ငါ့ကို၊ မာဒရေတုကာမော-သည်၊ ဝါ-သည်၊ အသိ-ဖြစ်သနည်း၊ ဣတိ, (ပုစ္ဆိ)၊ ဒေဝ-မင်းမြတ်၊ ရဇ္ဇေန– မင်း၏အဖြစ်ဖြင့်၊ ဝါ – တိုင်းပြည်ဖြင့်၊ အတ္ထိကော– အလို ရှိသည်၊ အမှိ-ဖြစ်ပါ၏၊ ဣတိ–ဤသို့ သံတော်ဥးတင်ပြီ၊ ရာဇာ–ဗိမ္ဗိသာရမင်း သည်၊ တဿ – ထိုမင်းသားအား၊ ရဇ္ဇံ – မင်းအဖြစ်ကို၊ ဝါ – တိုင်းပြည်ကို၊ အဒါသိ– ပေးပြီ။

သော – ထို အဇာတသတ်မင်းသားသည်၊ မယ္ဟံ – ဒကာတော်၏၊ မနော ရထော–စိတ်အလိုသည်၊ နိပ္ပန္နော-ပြီးစီးပါပြီ၊ ဣတိ-သို့၊ ဒေဝဒတ္တိယ-အရှင်ဒေဝဒတ်အား၊ အာရောစေသိ – လျှောက်ပြီ၊ တတော – ထို့သို့ လျှောက်ခြင်းကြောင့်၊ နံ– ထို အဇာတသတ်မင်းသားကို၊ သော – ထို အရှင်ဒေဝဒတ်သည်၊ အာဟ-ပြောပြီ၊ (ကိံ)၊ တွံ-သင်သည်၊ သိင်္ဂါလံ- မြေခွေးကို၊ အန္ဆောကတ္ထာ– အတွင်း၌ထား၍၊ ဘေရိပရိယောနဒ္ဓ ပုရိသောဝိယ-စည်ကြိုက်သောယောကျ်ားသည်ကဲ့သို့၊ သုကိစ္စကာရိ – ကောင်းသောကိစ္စကို ပြုလေ့ရှိသည်၊ အမှိ- ဖြစ်၏၊

× × × × × × ×

မနောရထော။ ။["ဝိဟာ မနောရထော ဇာတ်စ္ဆာ " ဟု အဘိဓာန်(၁၆၃) ရှိသောကြောင့် စိတ်ဖြင့် လိုလား တောင့်တအပ်သော အရာကို "မနောရထ " ဟု ခေါ်၏။] မိမိ၏အလိုဆန္ဒဖြင့် တောင့်တအပ်သော အရာဌာနသည် (ထိုဌာနရောက်အောင် သွားဘို့ရာ)စိတ်သာလျှင် ရထားရှိသောကြောင့် "မနောဓေ + ရထော အတြာတိ မနောရထော"ဟုဎင်း, ထို လိုလားအပ်သောအရာသည် စိတ်ကို မိမိအထံသို့ ရောက်စေနိုင်သောကြောင့် စိတ်၏ ရထားနှင့်တူရကား " မနသော + ရထော၀ါတိ မနောရထော"ဟုဎင်း ထောမနိမိဉ် ဝိဂ္ဂဟပြု၏၊ ဤဝိဂ္ဂြိဟ် ၂ မျိုးကိုပင် :"နေရုတ္တိကာ ဝဒန္တိ" ဟု ဋီကာသစ်ဆိုသည်။ [မိမိ ဋီကာသစ်ဆရာ၏ အလိုကိုကား " မနသော အတ္ထော (ဇာတ်စ္ဆာ)မနောရထော " ဟု ဝိဂ္ဂဟပြု၍, ရ အက္ခရာလာ, တကိုချေဟု ဆို၏၊ အတ္ထော ပုဗ္ဗမ ရထောဖြစ်ခြေအောင် ကြိုခြင်းမှာ စဉ်းစားစရာပင်။]

ဣတိ - သို့၊ မညသိ = မှတ်ထင်သလော၊ [သားရေဖြင့် ကြက်ရသည့်အတွက် ခွေးက သားရေကို ကိုက်ဖေါက်၍ထွက်လိမ့်မည်–ဟူလို။] ကတိပါဟေနေဝ– အနည်းငယ်သောရက်ဖြင့် သာလျှင်၊ တေ - သင်၏၊ ပိတာ– ခမည်းတော်သည်၊ တယာ-သင်သည်၊ ကတံ-ပြုအပ်သောအမှုကို၊ အဝမာနံ-မထိမဲ့မြင်၊ စိန္တေတွာ-ကြံ၍၊ သယမေဝ-ကိုယ်တိုင်သာလျှင်၊ ရာဇာ-မင်းသည်၊ ဘဝိဿတိ-ဖြစ်လတ့ံ၊ ဣတိ–ဤသို့ ပြောပြီ၊ ဘန္တေ-အရှင်ဘုရား၊ အထ– ထိုသို့ဖြစ်လျှင်၊ ကိံ -အဘယ်ကို၊ ကရောမိ-ပြုရပါမည်နည်း၊ ဣတိ–ဤသို့ လျှောက်ပြီ၊ မူလစ္ဆဏ္ဍံ– အမြစ်၌ဖြတ်အပ်သည်မည်လေဒံအောင်၊ (တနည်း, မူလဃစ္စံ- အမြစ်၌သတ်အပ်သည်မည်လောက်အောင်၊) ဃာတေဟိ- သတ်လော၊ ဣတိ- ဤသို့ ပြောပြီ၊ ဘန္တေ– အရှင်ဘုရား၊ မယှံ–ဒကာတော်၏၊ ပိတာ- ခမည်းတော်ကို၊ နာသတ္ထဝင်္ဇော နာန်-လက်နက်ဖြင့် မသတ်ထိုက်သည် မဟုတ်ပါလော၊ ဣတိ – ဤသို့ လျှောက်ပြီ၊ [မင်းမျိုးတို့ကို လက်နက်ဖြင့် သတ်ရိုးထုံးစံမရှိ၊ ထို့ကြောင့် "နနု ဘန္တေ" ဟု လျှောက်သည်။] အာဟာရူပစ္ဆေဒေန– အာဟာရကို ဖြတ်ခြင်းအားဖြင့်၊ နံ-ထို ခမည်းတော်ကို၊ မာရေဟိ–သတ်လော၊ ဣတိ-ဤသို့ ပြောပြီ။

သော-ထိုအဇာတသတ်မင်းသည်၊ ပိတရံ-ခမည်းတော်ကို၊ တာပနဂေဟေ-အပူတိုက်ရာအိမ်၌၊ ပက္ခိပါပေသိ – ထည့်သွင်းစေပြီ၊ တာပနဂေဟံ နာမ– တာပနဂေဟ မည်သည်၊ ကမ္မကာရဏာတ္ထာယ – နှိပ်စက် ညှဉ်းဆဲမှုကို ပြုခြင်းအကျိုးငှာ၊ (တနည်း)ကမ္မကာရဏာတ္ထာယ- ညှဉ်းဆဲနှိပ်စက်မှုအကျိုးငှာ၊ ကတံ-ပြုအပ်သော၊ ဓူမဃရံ–အခိုးရှိသော အိမ်တည်း၊ မမ-ငါ၏၊ မာတရံ- မယ်တော်

× × × × × × ×

မူလစ္ဆေဒံ (မူလဃစ္စံ)။ ။မူလစ္ဆေဒံတိ ဇီဝိတာ ဝေါရောပနံ သန္ဓာယာဟ၊ ဘာဝနပုံသကမေတံ၊– ဋီကာသစ်၊ ဆိဒ္ဇတေ – ဖြတ်အပ်၏၊ ဣတိ ဆေဒ္ဓော။ [ဆိဒ်+ဏ်ကျ။] သစ်ပင်သည် အဖျား အကိုင်းတို့ကို ဖြတ်ရုံဖြင့် မသေဘဲ အမြစ်ပါ ဖြတ်လိုက်မှ သေသကဲ့သို့, ထို့အတူ ရှင်ဘုရင်ကိုလည်း ရာထူးမရှိအောင် ပြုရုံဖြင့် အမြစ် မပြတ်, အသေသတ်လိုက်မှ အမြစ်ပြတ်မည်–ဟူလို၊ ဤအဓိပ္ပါယ်ကို သဒ်သုပစာဖြင့် တင်စား၍ "မူလေ–အမြစ်၌+ဆေဒ္ဓော– ဖြတ်အပ်သူတည်း၊ မူလစ္ဆေဒ္ဓော– သူ" ဟု ဆိုသည်၊ ကြိယာဝိသေသနဖြစ်၍ ဒုတိယာသက်၊ "မူလဃစ္စံ" ဟုလည်း မူကွဲရှိ၏၊ ရှင်ပြီးပုံကို ကစ္စည်းဘာသာဋီကာ ကရမှာရိစ္စသုတ်၌ ကြည့်ပါ။

တာပနဂေဟံ။ ။တာပေတိ ဇ္ဈောတိ တာပနံ–ပူလောင်စေရာအိမ်၊ ထိုအိမ်၌ ထားအပ်သော အကျဉ်းသားတို့ကို (တာပနဂရဲ့၌ ပူလောင်စေသကဲ့သို့) မီးခိုးတွေဖြင့် ပူလောင်စေရာဖြစ်သောကြောင့်"တာပန"ဟု ခေါ်၏၊ "ကမ္မကရဏာတ္ထာယ ကတံ ဓူမဃရံ"ဟု ဆိုသောကြောင့် ဋီကာသစ်၌ "တံ ပန ဓူမေနေဝ အစ္ဆန်ဒံ (ဖုံးလွှမ်းအပ်ပြီ)" ဟု ဖွင့်သည်။ [ကမ္မ – အပူတိုက်ခြင်းဟူသော နှိပ်စက်ညှဉ်းဆဲမှုကို + ကရဏ – ပြုခြင်း၊ အချို့နေရာ၌ "ကမ္မကာရဏာတ္ထာယ"ဟု ပါဠိရှိတတ်၏၊ ထိုပါဠိ၏ သဒ္ဒတ္ထကို ပါရာဇိကဏ် သုဒိန္နကဏ္ဏ ဘာသာဋီကာ၌ ရှုပါ။]

ကို၊ ထပေတ္ဝာ- ထား၍၊ အညဿ–အခြားသူအား၊ ဒဋ္ဌုံ- ဖူးမြင်ခြင်းငှါ၊ ဝါ- ဖူးမြင်ခွင့်ကို၊ မာ ဒေထ–မပေးကြကုန်လင့်၊ ဣတိ, အာဟ- ပြီ၊ ဒေဝိ- မိဖုရားသည်၊ သုဝဏ္ဏသရကေ–ရွှေသောက်ခွက်၌ (ရွှေဖြင့်ပြုအပ်သော သေဘုံခွက်၌)၊ ဘတ္တံ-ထမင်းကို၊ ပက္ခိပိတ္ဝာ–ထည့်၍၊ ဥစ္ဆင်္ဂေန- ရင်ခွင်ဖြင့်၊ အာဒါယ- ယူ၍၊ ပဝိသတိ- ဝင်၏၊ ရာဇာ-မင်းသည်၊ တံ-ထိုထမင်းကို၊ ဘုဉ္ဇိတ္ဝာ-စား၍၊ ယာပေတိ- မျှတ၏။ [ယာ + ဏာပေ– (ရှည်သောကာလသို့) ရောက်စေခြင်းကိုပင် “မျှတ”ဟု သုံးစွဲကြသည်၊ စုရာဒိ ယပဓာတ်လည်း ရှိ၏။]

သော- ထို အဇာတသတ်မင်းသည်၊ မယှံ-ငါ၏၊ ပိတာ-ခမည်းတော်သည်၊ ကထံ-အဘယ်နည်းဖြင့်၊ ယာပေတိ-မျှတသနည်း၊ ဣတိ, ပုစ္ဆိတ္ဝာ–မေး၍၊ တံ ပဝတ္တိံ- ထိုဖြစ်ပုံအကြောင်းကို၊ သုတ္ဝာ-ကြားရ၍၊ မယှံ–၏၊ မာတု-မယ်တော်အား၊ ဥစ္ဆင်္ဂေ–ရင်ခွင်၌၊ ကတ္ဝာ - တစုံတခုကိုထား၍၊ ပဝိသိတုံ - ဝင်ခြင်းငှါ၊ ဝါ- ဝင်ခွင့်ကို၊ မာ ဒေထ - မပေးကြကုန်လင့်၊ ဣတိ, အာဟ – ပြီ၊ တတော- ထိုအခါမှ၊ ပဋ္ဌာယ- စ၍၊ ဒေဝီ-သည်၊ မောဠိယံ-ဆံထုံး၌၊ ပက္ခိပိတ္ဝာ-ထည့်၍၊ ပဝိသတိ – ဝင်ပြန်၏၊ တံပိ – ထို အကြောင်းကိုလည်း၊ သုတ္ဝာ – ကြား၍၊ မောဠိံ – ဆံထုံးကို၊ ဗန္ဓိတ္ဝာ- ထုံး၍၊ ပဝိသိတုံ–ငှါ၊ ဝါ- ကို၊ မာ ဒေထ-လင့်၊ ဣတိ, (အာဟ)၊ တတော– ထိုအခါမှ၊ (ပဋ္ဌာယ)၊ သုဝဏ္ဏပါဒုကာသု– ရွှေခြေနင်းတို၌၊ ဘတ္တံ - ထမင်းကို၊ ထပေတ္ဝာ - ထား၍၊ ပိဒဟိတ္ဝာ - ပိတ်၍၊ ပါဒုကာ–ခြေနင်းတို့ကို၊ အာရုယ္ဟ–စီး၍၊ ပဝိသတိ၊ ရာဇာ-မင်းသည်၊ တေန- ထိုထမင်းဖြင့်၊ ယာပေတိ–မျှတ၏။

× × × × × × ×

ဥစ္ဆင်္ဂေန။ ။ထောမနိမိ၌ “ဥတ္သင်္ဂ်”ဟု ရှိ၏၊ “ ကြောဒ္ဓေ–ရင်ခွင် ”ဟုလည်း အနက်ဖွင့်၏။ [ဥပပုဗ္ဗ သင်္ဂေဓာတ် ဃဉ်ပစ္စည်း, (ပါဠိ၌ ဏပစ္စည်းဖြစ်သင့်၏) ။] “ ဥ– အထက်၌+သင်္ဂေ–ငြိကပ်ရာအရပ် ”ဟု သဒ္ဒတ္ထဖြစ်၏၊ ထိုပုဒ်သည် ပါဠို၌“ ဥစ္ဆင်္ဂ် ”ဟု ဖြစ်လာ၏၊ မိဖုရားသည် ရင်ခွင်၌ သုဝဏ္ဏသရကကို ထား၍ဝင်သည်–ဟူလို၊ “သရက သဒ္ဒါသည် သေရည်စသည်ကို သောက်စရာခွက်”ဟူသော အနက်ဟောဟု အဘိဓာန်၌ ဆို၏။ [“ဥစ္ဆင်္ဂေ် မံ နိသာဒေတ္ဝာ-ရင်ခွင်၌ ငါ့ကိုနေစေ၍”ဟု တေမိယဇာတ်၌ရှိသောကြောင့် “ ဥစ္ဆင်္ဂ်– ခါးပိုက် ”ဟု အနက်မပြေးသင့်၊ “ ခါးပိုက်၌ ငါ့ကို နေစေ၍ ” ဟု အနက်မဖြစ်နိုင်။]

ဋီကာသစ်။ ။ကေနစိ ဆာဒိတတ္တာ “ဥစ္ဆော+အင်္ဂါတိ ဥစ္ဆင်္ဂါ”- တစုံတခုဖြင့် ဖုံးအုပ်ထားသောကြောင့် “မိုမောက်နေသော ကိုယ်အင်္ဂါ”ဟု ဖွင့်သော ဋီကာသစ်ကို စဉ်းစားပါ၊ နောက်၌လည်း“ဥစ္ဆင်္ဂေ်-၌+ကတ္ဝာ-ပြု၍၊ ဝါ–ထား၍”ဟု ပါဠိ၌ရှိသင့်၏၊ ကရဓာတ်သည် ရှေ့၌ အာဓာရရှိလျှင် ထပနအနက်ကို ဟော၏၊ ဥပမာ– “ မနသိ–စိတ်၌+ကတ္ဝာ– ထား၍ ” ဟူသကဲ့သို့တည်း။ [ဋီကာသစ်၌ကား “ ဥစ္စင်္ဂံ ကတ္ဝာ ” ဟူသော ပါဠိကိုယူ၍ ထိုပါဠိကိုပင် “ဥစ္စင်္ဂ်” ဖြစ်ဘို့ရန် သာဓကပြုလေသည်။]

ပုန - တဖန်၊ ကထံ–အာဘယ်နည်းဖြင့်၊ ယာပေတိ– မျှတသနည်း၊ ဣတိ ပုန္ဆိ တွာ, တမတ္ထံ-ထိုအကြောင်းကို၊ သုတွာ, ပါဒုကာ-ခြေနင်းတို့ကို၊ အာရုယ္ဟ-စီး၍၊ ပဝိသိတုံပိ-ဝင်ခြင်းငှါလည်း၊ ဝါ– ဝင်ခွင့်ကိုလည်း၊ မာ ဒေထ၊ ဣတိ အာဟ၊ တတော–မှ၊ ပဋ္ဌာယ-၍၊ ဒေဝီ–သည်၊ ဂန္ဓောဒကေန-နံ့သာရည်ဖြင့်၊ နှာယိတွာ-ရေချိုးပြီး၍၊ သရီရံ-ကိုယ်ကို၊ စတုမဓုရေန-၄ မျိုးသော အချိုရှိသော လျက်ဖွယ်ဖြင့်၊ မက္ခေတွာ–လိမ်းကျံ၍၊ ပါရုပိတွာ-ခြုံ၍၊ ပဝိသတိ၊ ရာဇာ–မင်းသည်၊ တဿာ - ထို မိဖုရား၏၊ သရီရံ - ကိုယ်ကို၊ လေဟိတွာ - လျက်၍၊ ယာပေတိ–မျှတ၏။

ပုန-တဖန်၊ ပုန္ဆိ တွာ-၍၊ တံ ပဝတ္တိ ံ–ကို၊ သုတွာ–၍၊ ဣတော-ဤအခါမှ၊ ပဋ္ဌာယ-၍၊ မယ္ဟံ-၏၊ မာတု-မယ်တော်၏၊ ပဝေသနံ-ဝင်ခြင်းကို၊ နိဝါရေထ-တားမြစ်ကြကုန်လော၊ ဣတိ-သို့၊ အာဟ–ပြောပြီ၊ ဒေဝီ-မိဖုရားသည်၊ ဒွါရ မူလေ–ထောင်တံခါး၏ အနိုးဌ်၊ ဌတွာ – ရပ်၍၊ သာမိ ဗိမ္ဗိသာရ – အရှင် ဗိမ္ဗိသာရ၊ တေံ-ဤသားကို၊ ဒဟရကာလေ–ငယ်ရွယ်စဉ် အခါဌ်၊ မာရေတုံ-သေစေခြင်းငှါ၊ ဝါ- သတ်ခြင်းငှါ၊ ဝါ– သတ်ခွင့်ကို၊ န အဒါသိ – မပေးခဲ့၊ အတ္တနော–မိမိ၏၊ သတ္တုံ-ရန်သူကို၊ အတ္တနာဝ- မိမိသည်ပင်၊ ပေါသေသိ–မွေးမြူခဲ့ပြီ၊ ဒါနိ–ယခုအခါဌ်၊ ဣဒံ ပန(ဒဿနံ)- ဤ ဖူးမြင်ရခြင်းသည်ကား၊ တေ - အရှင် မင်းမြတ်ကို၊ ပဿိ မဒဿနံ - နောက်ဆုံး ဖူးမြင်ရခြင်းပါတည်း၊ အဟံ - နှမတော်သည်၊ ဣတော – ဤ အခါမှ၊ ပဋ္ဌာယ–၍၊ တုမ္ဟေ – အရှင်

× × × × × × × ×

စတုမဓုရေန။ ။စတ္တာရိ+မဓူနိ စတုမဓု-ချိုဆိမ့်သော အရသာ လေးမျိုး၊ စတုမဓုံ ယသသာတိ စတုမဓုရံ၊ ဒမိ–နို့ဓမ်း, မဓု–ပျားရည်, သပ္ပိ–ထောပတ်, ဖါဏိတံ–တင်လဲ (သကာ, သကြားရည်), ဤ ၄ မျိုး ရောစပ်အပ်သည်ကို "စတုမဓုရ" ဟု ခေါ်ကြောင်း မဟာဓမ္မ သမာဒါနသုတ် (မူလပဏ္ဏာသ, စူဠဒုယမကဝဂ်) ပါဠိတော်၌ မိန့်တော်မူ၏။ [ယခုအခါ ဖေါ်စပ်ရိုးဖြစ်သော ဆီမပါ။]

အချို့ကား "သပ္ပိ, သက္ကရ, မဓု, နာဠိကေရသေ့ဟ (အုန်းဆီ) ၄ မျိုးစပ်ကို " စတုမဓုရ " ဟု ခေါ်ကြသတတ်၊ ထို ဒဖေါ်နည်းနှစ်မျိုး၌ " ဒမိ, နာဠိကေရသေ့ဟ " တို့သည် သတ္တာဟကာလိလ မဟုတ်၊ ယခုခေတ် ဖေါ်စပ်ရိုးဖြစ်သော (သပ္ပိ, နဝနီတ, တေလ, မဓု) ၄ မျိုးစပ် စတုမဓုသာ သတ္တာဟကာလိက ဖြစ်သည်၊ ဤဓိဖုရား သုတ်လိမ်းသော စတုမဓုကား လျက်ဘွယ်ဖြစ်သောကြောင့် ယခုဖေါ်စပ်ရိုး စတုမဓုနှင့်သာ လျော်သည်။

သရီရံ လေဟိတွာ ။ ။သောတာပန် , သကဒါဂါမိ စသော အရိယာတို့သည် သေရမည့် အရေးကို ပုထုဇဉ်များလောက် မကြောက်ကြသော်လည်း မိမိ၏ လုလွဖြင့် မိမိကိုယ်ကို သေအောင် မပြုကြ၊ နေရသမျှ အချိန်ကလေးဝယ် ကိုယ်ကျိုးရှိအောင် ပြုနိုင်ကြသေး၏၊ တချို့ကား သူတပါးအကျိုးကိုပင် ပြုနိုင်သေး၏၊ အစာရှိလျက် မစားဘဲ နေခြင်းလည်း သေဘုံရန် လုလွပြုရာရောက်၏၊ ထို့ကြောင့် စတုမဓုသုတ်လိမ်းထားအပ်သော မိဖုရား၏ ကိုယ်ကိုပင် လျှာဖြင့် လျက်၍ မျှတရှာ့လေသည်။

မင်းမြတ်တို့ကို၊ ပဿိတုံ-ပူးမြင့်မြင်းငှါ၊ ဝါ-ပူးမြင့်ခွင့်ကို၊ နှ လဘာမိ-မရတော့ပါ၊ ဒေဝ-အရှင်မင်းမြတ်၊ မယုံ-နှမတော်၏၊ ဒေါသော-အပြစ်သည်၊ သစေ အတ္ထိ-အကယ်၍ ရှိအုံ၊ (ဝံသတ်)၊ ခမထ- သည်းခံတော်မူပါကုန်၊ ဣတိ-ဤသို့ ပြော၍၊ ရောဒိတ္တာ-ငိုးကြွေး၍၊ ကန္ဒိတ္တာ-မြည်တမ်း၍၊ နိဝတ္တိ-ပြန်နစ်ရှာလေ၏။

တတော-ထို အခါမှ၊ ပဌာယ-စ၍၊ ရညော-မင်း၏၊ အာဟာရော-အာဟာရသည်၊ နတ္ထိ-မရှိတော့၊ ရာဇာ-မင်းသည်၊ မဂ္ဂဖလသုခေန-မဂ်ဖိုလ်ချမ်းသာ ရှိသော၊ စက််မေန-စကြွန်သွားခြင်းဖြင့်၊ ယာပေတိ-မှုတရှာ၏၊ အဿ-ထိုမင်း၏၊ အတ္တဘာဝေါ-အတ္တဘောသည်၊ အတိဝိယ-အလွန်အကဲသာလှင်၊ ဝိရောစတိ-တင့်တယ်၏၊ သော-ထို အဇာတသတ်မင်းသည်၊ ဘဏော-အမောင်တို့၊ ကထံ-အဘယ်နည်းဖြင့်၊ မေ-၏၊ ပိတာ-ခမည်းတော်သည်၊ ယာပေတိ-နည်း၊ ဣတိ, ပုစ္ဆိတ္တာ-၍၊ ဒေဝ-မင်းမြတ်၊ စက််မေန-စကြွန်သွားခြင်းဖြင့်၊ ယာဒေပတိ-မှုတနေပါ၏၊ စ-မှုတနေရုံသာ မကသေး၊ အဿ-ထို ခမည်းတော်မင်း၏၊ အတ္တဘာဝေါ-သည်၊ အတိဝိယ, ဝိရောစတိ-တင့်တယ်ပါ၏၊ ဣတိ, သုတ္တာ-၍၊ ဒါနိ-ယခုအခါ၌၊ အဿ-ထို ခမည်းတော်၏၊ စက််မံ-စကြွန်သွားခြင်းကို၊ ဟာရေဿာမိ-ပယ်စေရတော့အုံ၊ ဣတိ, စိန္တေတ္တာ-၍၊ မယုံ-ငါ၏၊ ပိတု-ခမည်းတော်၏၊ ပါဒေ-ခြေတို့ကို၊ ခုဒရေန-သင်ဓနုးဖြင့်၊ ဖာလေတ္တာ-ခွဲ၍၊ လောဏတေလေန-ဆားထည့်အပ်သော ဆီဖြင့်၊ မက္ခေတ္တာ-လိမ်းကျံ၍၊ ဝိတစ္ဆိတေဟိ-ကင်းသော အလုံ့ရှိကုန်သော၊ ဒဒိဒုဂ်ါရေဟိ-ရှားမီးကိုးတို့ဖြင့်၊ ပစထ-ကင်ကြကုန်၊ ဣတိ-ဤသို့ပြောဆို၊ နှာပေတေ-ဆတ္တာသည်တို့ကို၊ ပေသေသိ-စေလွှတ်ပြီ။ [နှာပေန္တိ-သုတ်သင်ကြကုန်၊ ဣတိ နှာပိတာ၊ "နှာ-သောဓနေ"ဟု ဓာတ်ကျမ်းရှိသောကြောင့် "မုတ်ဆိတ်စသည်ကို သုတ်သင်၍ ရေချိုးပေးသူတို့"ဟု သဒ္ဒတ္ထဖြစ်၏၊ "ဆတ္တာသည်"ဟူသော အနက်ကား ဝေါဟာရတ္ထဘည်း၊]

× × × × × × ×

မဂ္ဂဖလသုခေန။ ။စက််မေန၏ ဝိသေသနဖြစ်သောကြောင့် "မဂ္ဂဖလသုခဝတာ" ဟု ဋီကာ၌ ဗဟုဗ္ဗိဟိသမာသ် ဖွင့်သည်၊ မဂ္ဂဖလေ + သုခံ ယတ္ထာတိ မဂ္ဂဖလသုခေါ (စက််မော)၊ သေးတာပတ္တိမဂ်၏ ဖိုလ်ဖြစ်သော သုခရှိသော စကြွန်သွားခြင်း, "ဖလသမာပတ်ချမ်းသာကို ခံစားရင်း စကြွန်သွားသည်"ဟူလို။ [ထိုအချိန်၌ မဂ်သည် မဖြစ်နိုင်ဘော့၊ ဝါစာသိလိဋ္ဌအကျိုးငှါ မဂ္ဂကို ထည့်ဟန်တူသည်။]

ဝိတစ္ဆိတဂ်ါရေဟိ။ ။ဝိတသဒ္ဒါသည် "ဝိ+ဎတ - ကင်းရှင်း+ဖြစ်" ဟု ပုဒ်ခွဲလျှင် ဝိဂတနှင့် အနက်တူ၏၊ အစ္ဆိသဒ္ဒါကား မီး၏ အလုံ့အနက်ဟောတည်း၊ ဝိတာ- ကင်းသော+အစ္ဆိ- မီးလုံ့ (မီးတောက်)တည်း၊ ဝိတစ္ဆိ-လုံ့၊ ဝိတစ္ဆိ+ယေသံတိ ဝိတစ္ဆိတာ- ကင်းသော အလုံ့ရှိသော မီးကိုးတို့၊ ဝိတစ္ဆိတာစ+ဧတေ+ဇဂ်ါရာစာတိ ဝိတစ္ဆိတဂ်ါရာ။

ရာဇာ–သည်၊ တေ - ထို ဆတ္တာသည်တို့ကို၊ ဒိသွာ - မြင်၍၊ မယံ - ငါ၏၊ ပုတ္တော–သားသည်၊ ဝါ- ကို၊ ကေနစိ – တစုံတယောက်သည်၊ သညတ္တော– ကောင်းစွာ သိစေအပ်သည်၊ ဝါ – နားလည်စေအပ်သည်၊ ဘဝိဿတိ နူန– ဖြစ်လေယောင် တကား၊ ဇာမေ–၍ ဆတ္တာသည်တို့သည်၊ မမ – ငါ၏၊ မဿု ကရဏတ္ထာယ – မုတ်ဆိတ် ကြင်စွယ်ကို ပြုပြင်ခြင်းအကျိုးငှါ၊ အာဂတာနုန – လာကြလေယောင် တကား၊ ဣတိ–သို့၊ စိန္တေသိ-ပြီ၊ တေ - ထို ဆတ္တာသည်တို့ သည်၊ ဂန္ဆာ-သွား၍၊ ဝန္ဒိတွာ- ဝပ်ချ၍၊ အဒ္ဒသု – တည်ကြကုန်ပြီ၊ ကသ္မာ– အဘယ့်ကြောင့်၊ အာဂတာ-လာကြကုန်သည်၊ အတ္ထ-ဖြစ်ကုန်သနည်း၊ ဣတိစ-၍သို့လည်း၊ ပုဋ္ဌာ–မေးအပ်ကုန်သည်၊(သမာနာ-ကုန်လသော်၊)တံ သာသနံ-ထိုနှတ်မှာစကားကို၊ အာရောစေသုံ–သံတော်ဥဉ်းတင်ကြကုန်ပြီ။

တုမှာကံ–သင်တို့၏၊ ရညော- မင်း၏၊ မနံ - စိတ်ကို၊ ဝါ – စိတ်ကြိုက်ကို၊ ကရောထ–ပြုကြကုန်တော့၊ ဣတိစ– ၍သို့လည်း၊ ဝုတ္တာ – ပြောဆိုအပ်ကုန်သည်၊(သမာနာ)၊ ဒေဝ–အရှင် မင်းမြတ်၊ နိသိဒ–ထိုင်တော်မူပါ၊ ဣတိ-သို့၊ ဝတွာစ–သံတော်ဥဉ်းတင်ပြီး၍လည်း၊ ရာဇာနံ-ကို၊ ဝန္ဒိတွာ-၍၊ ဒေဝ–မြတ်၊ မယံ-ကျွန်တော်မျိုးတို့သည်၊ ရညော - ၏၊ အာဏံ–အာဏာကို၊ ကရောမ– ပြုကြရပါကုန်၏၊ အမှာကံ – ကျွန်တော်မျိုးတို့အား၊ မာကုဇ္ဈတ္ထ – အမျက်ထွက်တော်မမူပါကုန်လင့်၊ ဇာဒံ-၍အမှုသည်၊ တုမှာဒိသာနံ– အရှင်မင်းမြတ်ကဲ့သို့ ရှုအပ်ကုန်သော၊ ဓမ္မရာဇူနံ–တရားမင်းတို့အား၊ နအနုစ္ဆဝိကံ-မလျော်ပတ်ပါ၊ ဣတိ–သို့၊ ဝတွာ-သံတော်ဥဉ်းတင်ပြီး၍၊ ဝါမဟတ္ထေန-လက်ဝဲလက်ဖြင့်၊ ဂေါပ္ပကေ - ဖမျက်၌၊ ဝါ – ဖမျက်တို့ကို၊ ဂဟေတွာ– ကိုင်၍၊ ဒက္ခိဏဟတ္ထေန-လက်ျာလက်ဖြင့်၊ ခုရံ-သင်ဓုန်းကို၊ ဂဟေတွာ-ကိုင်၍၊ ပါဒတလာနိ-ခြေဖဝါး အပြင်တို့ကို၊ ဖာလေတွာ-ခွဲ၍၊ လောဏတေလေန-ဖြင့်၊ မက္ခေတွာ-၍၊ ဝီတစ္ဆိတေဟိ-ကုန်သော၊ ခဒိရင်္ဂါရေဟိ- တို့ဖြင့်၊ ပစိ ံသု–ကင်ကြကုန်ပြီ။

ကိရ-တဆင့်စကား ကြားဘူးသည်ကား၊ ရာဇာ-သည်၊ ပုဇ္ဇေ-ရှေး၌၊ စေတိယင်္ကော - စေတီယင်ပြင်တော်၌၊ သဉ္ဉပါဟနော – ဘိနပ်နှင့် တကွဖြစ်သည်၊ (ဟုတ္ထာ)၊ အဂမာသိ- သွားဘူးပြီ၊ နိသဇ္ဇနတ္ထာယ - သံယာတော်၏ ထိုင်ခြင်း

× × × × × × ×

စေတိယင်္ကော။ ။အင်္ကာသဒ္ဒါသည်၊“ကွင်းပြင်-လွင်ပြင်”ဟူသော အနက်ကို ဟော၏၊ ထို့ကြောင့် စေတီတော်၏ ပတ်ဝန်းကျင် ကွင်းပြင်ကို “စေတိယင်္ကာ” ဟု ခေါ်ရမည်ကဲ့သို့ ထင်ရ၏၊ သို့သော် ဋီကာတို့၌“စေတိယင်္ကောတိ ဂန္ဓပုပ္ဖာဒိဟိ (အမွှေးတိုင်စသော နံ့သာ, ပန်း အစရှိသော ပူဇော်ဘွယ်တို့ဖြင့်) ပူဇနဋ္ဌာနဘူတေ (ပူဇော်ရာဌာနဖြစ်သော) စေတိယင်္ကော”ဟုဖွင့်သောကြောင့် စေတီတော်၏အနီးအပါးဝယ် ပန်းစသည် ပူဇော်ဘို့ရာ ပြုစီမံထားအပ်သော နေရာကို “စေတိယင်္ကာ”ဟု ယူပါ၊ ၍သို့ယူမှလည်း နောံ၌“စေတိယင်္ကေ ဒိတ္တမာလာဝိယ”ဟူသော စကားနှင့် ထပ်မိသည်။

အကျိုးငှါ၊ ပညတ္တာကဋ္ဌသာရကဉ္စ - ခင်းအပ်သော သင်ဖြူးကိုလည်း၊ အဓေတေဟိ-မဆေးအပ်ကုန်သော၊ ပါဒေဟိ-ခြေတို့ဖြင့်၊ အင်္ကမိ-နင်းဘူးပြီ၊ အယံ-ဤခြေကိုခွဲ၍, ဆား ဆီဖြင့် နယ်ကာ, မီးကင် ခံရခြင်းသည်၊ တဿ- ထို ကံ၏၊ နိသန္နော- အကျိုးဆက်တည်း၊ ဣတိ-ဤသို့၊ ဝဒန္တိ-ဆိုကြကုန်၏။

ရညော-မင်း၏၊ ဗလဝဝေဒနာ- အားကြီးသော ဝေဒနာသည်၊ ဥပ္ပန္နာ-ဖြစ်ပြီ၊ သော-ထိုမင်းသည်၊ ဗုဒ္ဓေါ-မြတ်စွာဘုရားသည်၊(အသေဝနာစဗာလာနံ စသည်ဖြင့် ဟောတော်မူသော မြတ်စွာဘုရားသည်)၊ အဟော – အော် .... အံ့ဩဘွယ် ကောင်းပါပေစွ၊ ဓမ္မော – တရားတော်သည်၊ (အသေဝနာစဗာလာနံမှ စ၍ ဒုက္ခဝပသိမ်း အေးငြိမ်းရာ အေးငြိမ်းကြောင်း မဂ်ဖိုလ်နိဗ္ဗာန်တိုင်အောင်သော တရားတော်သည်)၊ အဟော - ပါပေစွ၊ သံယော– သံဃာတော်သည်၊ (တရားတော်အတိုင်း ကျင့်ကြံ၍ အရိယာအဖြစ်ဖြင့် အေးငြိမ်းစွာ သီတင်းသုံးတော်မူကြသော သံဃာတော်အပေါင်းသည်)၊ အဟော–ပါပေစွ၊ ဣတိ – ဤသို့၊ အနုဿရန္တော်ယေဝ- မပြတ် တသ အမှတ်ရလျက်သာ၊ စေတိယင်္ကော– စေတီ ယင်ပြင်တော်၌၊ ဓိတ္တမာလာဝိယ– ပစ်ချအပ်သော ပန်းကဲ့သို့၊ မိလာယိတ္ထာ – ညှိုးနွမ်း၍၊ စာတုမဟာရာဇိက ဒေဝလောကေ – စတုမဟာရာဇ်နတ်ပြည်၌၊ ဝေဿဝဏဿ-ဝေဿဝဏ်နတ်မင်း၏၊ ပရိစာရကော-အာလုပ်အကျွေးဖြစ်သော၊(အခြံအရံဖြစ်သော)၊ ဇနဝသဘောနာမ-ဇနဝသဘမည်သော၊ (လူမင်းမည်သော)၊ ယက္ခော-နတ်သည်၊ ဟုတ္ဝာ–ဖြစ်၍၊ နိဗ္ဗတ္တိ-ဖြစ်ပြီ။

တံ ဒိဝသမေဝ-ထိုနေ့၌ပင်၊(ခမည်းတော် နတ်ရွာစံရာနေ့၌ပင်)၊ အဇာတသတ္တုဿ-၏၊ ပုတ္တော– သားတော်သည်၊ ဇာတော – ဖွားမြင်ပြီ၊ ပုတ္တဿ-၏၊ ဇာတဘာဝဒွစ္ဆ–ဖွားမြင်သည်၏အဖြစ်ကိုငင်း၊ ဗိတု–ခမည်းတော်၏၊ မတဘာဝံ

× × × × × × × ×

နိသဇ္ဇန၊ပေ၊ သာဝကဉ္စ။ ။ နိသဇ္ဇနတ္ထာယဟိ ဘိက္ခဝေ သိဒ္ဓနတ္ထာယ၊– ဦးကာ၊ ရဟန်းသံဃာတော်များ ထိုင်ဘို့ရန် ခင်းထားအပ်သော ဖျာသင်ဖြူးကိုလည်း ခြေမဆေးဘဲ နင်းဘူး၏၊ ထိုမကောင်းမှု၏ အကျိုးဆက်ကြောင့် ခြေအခွဲခံရသည်- ဟု ဆိုကြသည်။ [ကဋ္ဌသဒ္ဒါ ကိလဉ္ဇ (ဖျာ) အနက်ကို ဟော၏၊ ထိုဖျာတို့တွင် ကောင်းမြတ်သောကြောင့် သာဝကဖြစ်သော ဖျာကို“သင်ဖြူး(သင်ဖျာ)”ဟု ခေါ်သည်။]

ယက္ခော ဟုတ္ဝာ နိဗ္ဗတ္တိ။ ။ “ယက္ခော ဒေဝေ သက္ကေ သတ္တေ, ဒိဏ္ဏာသဝေစရက္ခသေ”ဟူသော ဓဇဂ္ဂသုတ်ဟလာ အနက် ၅ မျိုးတွင် “ဥတ္တရသို့ ဒိသာဘာဂေသန္တို့ ယက္ခာ မဟိဒ္ဓိကာ”ဟု အာဠာနာဋိယသုတ်၌လာသော စတုမဟာရာဇ် ယက္ခနတ်မျိုး၌ဖြစ်၏၊ တာဝတ်ံသာစသော အထက်နတ်ပြည်၌ မဖြစ်ဘဲ ထိုနေရာ၌ဖြစ်ရခြင်းကား ရှေးဘဝတုန်းကနေခဲ့ဘူးသောအရပ်ဖြစ်၍ နိကန္တိတဏှာကြောင့်တည်း၊ အမည်အားဖြင့် “ဇနဝသဘ” မည်၏၊ အကျယ်ကို သုတ်မဟာဝါ – ဇနဝသဘသုတ်၌ ရှုပါ။ [ဟုတ္ဝာ နိဗ္ဗတ္တိနှင့်စပ်၍ မှတ်ဘွယ်ကို ဘေဒစိန္တာဘာသာဋီကာ (၃၉၀) ဂါထာ၌ ကြည့်ပါ။]

စ–နတ်ရွာစံသည်၏အဖြစ်ကိုဂုဏ်း၊ နိဝေဒေတုံ–သံတော်ဥုံးတင်ခြင်းငှါ၊ ဒွေ–၂ စောင်ကုန်သော၊ လေခါ-စာတိုသည်၊ ကေက္ခဏောယေဝ-တပြိုက်နက်သော ခဏ၌ပင်၊ အာဂတာ – ရောက်လာကုန်ပြီ၊ အမစ္စာ– အမတ်တို့သည်၊ ပဌမံ–ရှေးဥုံးစွာ၊ ပုတ္တာသ – သားတော်၏၊ ဇာတဘာဝံ - ဖွားမြင်သည်၏အဖြစ်ကို၊ အာရောစေသုံ–သံတော်ဥုံးတင်ကြစို့၊ ဣတိ- ဤသို့ တိုင်ပင်၍၊ တံ လေခံ-ထိုသားတော်ဖွားမြင်ကြောင်းစာကို၊ ရညော- မင်း၏၊ ဟတ္ထေ–လက်၌၊ ထပေသုံ – ထားကြကုန်ပြီ။ [မင်္ဂလာရှိသောအကြောင်း ဖြစ်၍ ရှေးဥုံးစွာ ထိုစာကို ဆက်ကြသည်။]

ရညော– မင်း၏၊ တခ်ဏောယေဝ– ထိုခဏ၌ပင်၊ ပုတ္တာသိနေဟော- သားဌ ဖြစ်သော ချစ်ခြင်းသည်၊ ဥပ္ပဇ္ဇိတ္ထာ – ဖြစ်၍၊ သကလသရီရံ – အလုံးစုံသော ကိုယ်ကို၊ ခေါဘေတ္ထာ – ချောက်ချားစေ၍၊ အဋ္ဌမိဥ္စ - ရိုးတွင်းခြင်ဆီကို၊ အာဟစ္ဆ–ထိခိုက်၍၊ အဋ္ဌာသိ-တည်ပြီ၊ တသ္မိံ ခဏော-ထိုခဏ၌၊ ပိတု-ခမည်းတော်၏၊ ဂုဏံ–မိမိ၌ ချစ်ခြင်းဂုဏ်ကို၊ [ပိတု အတ္တာနိ သိနေဟဂုဏံ၊–ဋီကာ။] အညာသိ- သိပြီ၊ (ကိံ)၊ မယိ – ငါသည်၊ ဇာတေပိ – ဖွားမြင်သော်လည်း၊ (ဖွားရာအခါတုန်းကလည်း)၊မယ့်-ငါ၏၊ ပိတု-ခမည်းတော်၏၊ ဝေမေဝ-၌အတူပင်၊ သိနေဟော - ချစ်ခြင်းသည်၊ ဥပ္ပန္နော - ဖြစ်ပြီ၊ ဣတိ, (အညာသိ)၊ သော -၊ ထို အဇာတသတ်မင်းသည်၊ ဘဏော – အမောင်တို့၊ ဂစ္ဆထ - သွားကြကုန်၊ မယ့်-ငါ၏၊ ပိတရံ - ခမည်းတော်ကို၊ ဝိသဇ္ဇေထ- လွှတ်ကြကုန်၊ ဣတိ, အာဟ - ပြီ၊ ဒေဝ – မြတ်၊ ကိံ - အဘယ့်ကြောင့်၊ ဝိသဇ္ဇာပေထ – လွှတ်စေပါ့ကုန်သနည်း၊ ဣတိ- ဤသို့ သံတော်ဥုံးတင်၍၊ ဣတရံ - သားတော် ဖွားမြင်ကြောင်းစာမှ တပါး သော၊ လေခံ-ခမည်းတော် နတ်ရွာစံကြောင်းစာကို၊ ဟတ္ထေ-လက်၌၊ ထပယိသု–ထားကြကုန်ပြီ။

သော– ထို အဇာတသတ်မင်းသည်၊ တံ ပဝတ္တိံ – ထို ဖြစ်ပုံအကြောင်းကို၊ သုတ္ဝာ-၍၊ ရောဒမာနော-ငိုလျက်၊ မာတု-မယ်တော်၏၊ သမီပံ-အနီးသို့၊ ဂန္ဒ္ဝာ-သွား၍၊ အမ္မ - မယ်တော်၊ မယ့် - သား၏၊ ပိတု- ခမည်းတော်၏၊ မယိ–သားတော်သည်၊ ဇာတေ – ဖွားမြင်လသော်၊ သိနေဟော – ချစ်ခြင်းသည်၊ အဟောသိ နုခေါ-ဖြစ်ပါ၏လော၊ ဣတိ-ဤသို့မေးပြီ၊ သာ-ထိုမယ်တော်သည်၊

× × × × × × ×

ခေါဘေတ္ထာ။ ။ဘူ, ဒိ, ကိ ၃ ဂိဏ်း၌ဖြစ်သော ခုဘဓာတ်သည် သဠာလ–ပြင်းစွာ လှုပ်ရှား ချောက်ချားခြင်းအနက်ကို ဟောအံ့၊ ကာရိတ် ဏော ပစ္စည်း၊ သား၌ဖြစ်သော ချစ်ခြင်းက အားကြီးလှသောကြောင့် ထို ချစ်လောဘနှင့် တကွဖြစ်သော ဗီတိအဟုန်၏ ပြန့်နှံ့ခြင်းရှိသည့်အတွက် ထို ဗီတိကြောင့်ဖြစ်သော ရုပ်တရားတို့လည်း တကိုယ်လုံး၌ ပြန့်နှံ့လေပြီ၊ ထို ပြန့်နှံ့မှုသည် တကိုယ်လုံးကို လှုပ်ရှား ချောက်ချားစေလေရာ ရိုးတွင်း ခြင်ဆီတိုင်အောင် ရောက်သွားလေသည်။

အာဟ, (ကိ)၊ ဗာလပုတ္တာ- အမိုက်သား၊ ကိ - အဘယ်ကို၊ ဝဒေသိ- ပြောဘိသနည်း၊ တဝ - သင်၏၊ ဒဟရကာလေ – ငယ်ရွယ်စဉ်အခါ၌၊ အဂ်္ဂလိယာ – လက်ချောင်း၌၊ ဝိဋ္ဌကာ – အိုင်းအမာသည်၊ (သွေးစုနာသည်၊) ဥဋ္ဌဟိ - ထပြီ၊ ဝါ-ပေါ်ကပြီ၊ အထ–ထိုအခါ၌၊ တံ-သင့်ကို၊ ရောဒမာနံ-ငိုနေသည်ကို၊ သညာပေတုံ- ကောင်းစွာ သိစေခြင်းငှါ၊ ဝါ-နားလည်စေခြင်းငှါ၊(“အငိုတိတ်အောင် ချော့ခြင်းငှါ”ဟူလို၊) အသက္ကောန္တာ– မစွမ်းနိုင်ကုန်သည်၊ (ဟုတ္တာ)၊ တံ–သင့်ကို၊ ဂဟေတွာ- ယူ၍၊ ဝိနိစ္ဆယဋ္ဌာနေ– တရားဆုံးဖြတ်ရာ အရပ်၌၊ နိသိန္နဿ – နေသော၊ တဝ – သင်၏၊ ပိတု – ခမည်းတော်၏၊ သန္တိကံ – အထံသို့၊ အဂမံသု–သွားကြရကုန်ပြီ။

ပိတာ-ခမည်းတော်သည်၊ တေ- သင်၏၊ အဂ်္ဂလိ - လက်ချောင်းကို၊ မုခေ–ပါးစပ်၌၊ ထပေသိ - (ငုံ၍) ထားပြီ၊ ဝိဋ္ဌကာ - အိုင်းအမာသည်၊ မုခေယေဝ–ခံတွင်း၌ပင်၊ ဘိဇ္ဇိ- ပေါက်ကွဲပြီ၊ အထခေါ - ထိုအခါ၌၊ ပိတာ- သည်၊ တဇ–သင်၏အပေါ်၌၊ သိနေဟေန– ချစ်ခြင်းကြောင့်၊ လောဟိတမိဿကံ - သွေးနှင့်ရောသော၊ တံ ပုဗ္ဗံ– ထိုပြည်ကို၊ အနိဋ္ဌဂါဝိတ္တာဝ – ထွေးမပစ်မူ၍ သာလျှင်၊ အဇ္ဈောဟရိ-မျိုချပြီ၊ တေ- သင်၏၊ ပိတု- ၏၊ သိနေဟော- သည်၊ ဝဝရူပေါ–ဤသို့ သဘောရှိ၏၊ ဇာတိ, (အာဟ)၊ သော–ထို အဇာတသတ်မင်းသည်၊ ရောဒိတ္တာ-ငိုကြွေး၍၊ ပရိဒေဝိတ္တာ-မြည်တမ်း၍၊ ပိတု-၏၊ သရီရကိစ္စံ-ကိုယ်၌ပြုထိုက်သောကိစ္စကို၊ (ဒီးသင်္ဂြိဟ်မှုကို)၊ အကာသိ- ပြုပြီ။

ဒေဝဒတ္တောပိ–သည်လည်း၊ အဇာတသတ္တုံ-ကို၊ ဝါ- သို့၊ ဥပသင်္ကမိတ္တာ-၍၊ မဟာရာဇ–မင်းမြတ်၊ ယေ-အကြင် ယောဂျားတို့သည်၊ သမဏံ ဂေါတမံ-ရဟန်းဂေါတမကို၊ ဇီဝိတာ – ဇီဝိတိန္ဒြေမှ၊ ဝေါရောပေသုန္တိ – ခွင်းနှိုင်ကုန်လတံ့၊ (တေ) ပုရိသေ–ထိုယောဂျားတို့ကို၊ အာဏာပေဟိ-စေလွှတ်ပါလော၊ ဇာတိ- သို့၊ ဝတ္တာ– ပြောဆို၍၊ တေန – ထို အဇာတသတ်မင်းသည်၊ ဒိန္နေ-ပေးအပ်ကုန်သော၊ ပုရိသေ–ယောဂျားတို့ကို၊ ပေသေတွာ-စေလွှတ်၍၎င်း၊ သယံ-ကိုယ်တိုင်၊ ဂိဇ္ဈကူဋံ–ဂိဇ္ဈကူဋ်တောင်သို့၊ အာရုယ္ဟ- တက်၍၊ ယန္တေန–ယာဉ်တို့ဖြင့်၊ သိလံ -ကျောက်ကို၊ ပဝိဇ္ဈတွာ-လှိမ့်ချ၍၎င်း၊ နာဠာဂိရိဟတ္ထိံ-နာဠာဂိရိ

× × × × × × ×

အနိဋ္ဌဂါဝိတ္တာ။ ။ဌဂါဘဓာတ်သည် ထွေးခြင်းအနက်ကို ဟောအံ့၊ [ထောမနိဓိဋ္ဌ “နိ +သို့ဝ”ဓာတ်ဟု ရှိအံ့။] ထို့ကြောင့် “အနိဋ္ဌဂါဝိတ္တာ”နေရာဝယ်“အနိဋ္ဌဂေါဝိတ္တာ” ဟုဎင်း “အနဋ္ဌဂါဝိတ္တာ”ဟုဎင်း ရှိသည်ကား မကောင်းပါ၊ “အနိဋ္ဌဂါဝိတ္တာတိ အဆဋ္ဌေတ္တာ” ဟု ဋီကာသစ်၌လည်း ပါဠိရှိပါ၏စေ။ [ခံတွင်းမှ လက်ချောင်းကို ထုတ်လိုက်လျှင် လေအေးကြောင့် နာလိမ့်မည်၊ ငုံထားလျှင် အာဟုဋ္ဌေကြောင့် အနာ သက်သာမည်၊ ထို့ကြောင့် လက်ချောင်းကို မထုတ်ဘဲ ပြည်သွေးကို မျိုချရလေသည်။]

ဆင်ကို၊ မုဉ္ဆံ်ာပေတွာဝိ – လွတ်စေ၍၎င်း၊ [(တနည်း) မုဉ္ဆာပေတွာ - ၍၎င်း၊ ဣတိ- ဤသို့ အတူရှိသော၊] ကေနစိ–တစုံတခုသော၊ ဥပါယေန– အကြောင်းဖြင့်၊ ဝါ-နည်းလမ်းဖြင့်၊ ဘဂဝန္တံ-ကို၊ မာရေတုံ- သေစေခြင်းငှါ၊ ဝါ-ခြင်းငှါ၊ အသက္ကောန္တော – မစွမ်းနိုင်သည်၊ (ဟုတွာ)၊ ပရိဟီနလာဘသက္ကာရော – ယုတ်လျော့သော လာဘသက္ကာရရှိသည်၊ (ဟုတွာ)၊ ပဉ္ဆ - ငါးမျိုးကုန်သော၊ ဝတ္ထူနိ–တို့ကို၊ ယာစိတွာ– တောင်း၍၊ တာနိ– ထို ငါးမျိုးသော ဝတ္ထုတို့ကို၊ အလဘမာနော – မရလသော်၊ တေဟိ – ထို ငါးမျိုးသော ဝတ္ထုတို့ဖြင့်၊ ဇနံ-လူအပေါင်းကို၊ သညာပေဿာမိ–ကောင်းစွာ သိစေအံ့၊ (မြတ်စွာဘုရားထက်မိမိက အကျင့်သာကြောင်းကို နားလည်စေအံ့၊) ဣတိ – ဤသို့ နှလုံးသွင်း၍၊ သံယဘေဒံ– သံယောအသင်းခွဲခြင်းကို၊ ကတွာ- ပြု၍၊ သာရိပုတ္တမောဂ္ဂလ္လာနေသု–အရှင်သာရိပုတြာ အရှင်မောဂ္ဂလ္လာန်တို့သည်၊ ပရိသံ–ပရိသတ်ကို၊ အာဒါယ-ခေါ်ယူ၍၊ ပက္ကန္တေသု–ဖဿွားကုန်လသော်။

ဥဏ္ဟလောဟိတံ-ပူသောသွေးကို၊ [ဗလဝသောကသမုဋ္ဌိတံ-အားကြီးသောသောကကြောင့်ဖြစ်သော၊ ဥဏ္ဟဘူတံ လောဟိတံ၊– ဦ, သစ်။] မုခေန– ပါးစပ်ဖြင့်၊ ဆန္နေတွာ - စွန့်ပစ်၍၊ (သွေးအန်၍ – ဟူလို၊) နဝမာသေ – ကိုးလတို့ပတ်လုံး၊ ဂိလာနမဉ္ဉေ-ဂိလာန၏ညောင်စောင်း၌၊ နိပဇ္ဇိတွာ-လျောင်း၍၊ ဝိပ္ပဋိသာရဇာတော–ဖြစ်သော နှလုံးမသာခြင်းရှိသည်၊ (ဟုတွာ)၊ တေရဟိ– ယခုအခါ၌၊ ကုဟိံ-အဘယ်အရပ်၌၊ သတ္ထာ-မြတ်စွာဘုရားသည်၊ ဝသတိ-သီတင်းသုံးတော်မူပါသနည်း၊ ဣတိ, ပုစ္ဆိတွာ-မေး၍၊ ဇေတဝနေ-၌၊ (သတ္ထာ-သည်၊ ဝသတိ–မူ၏၊) ဣတိ၊ ဝုတ္တေ– လျှောက်အပ်သော်၊ မဉ္စကေန–ညောင်စောင်းယဖြင့်၊ မံ - ငါ့ကို၊ အာဟရိတွာ – ဆောင်၍၊ သတ္ထာရံ – မြတ်စွာဘုရားကို၊ ဒဿေထ– ပြကြပါကုန်၊ ဣတိ, ဝတွာ – ပြော၍၊ ဝါ- ပြောခြင်းကြောင့်၊ အာ

× × × × × × ×

မုဉ္ဆာပေတွာဝိ။ ။ယခုစာအုပ်များ၌“မုဉ္ဆာပေတွာဝိ”ဟု သမိုဏ်္ဍာန် ဝိသဒ္ဒါဖြင့် ရှိ၏၊ ဋီကာတို့၌ကား “ မုဉ္ဆာပေတွာတိ ဧတ္ထ ဣတိ သဒ္ဒေါ ပကာရတ္ထော (အတူ အနက် ရှိ၏)” ဟု ရှိ၏၊ ထိုဣတိဖြင့် “အံ့ဘိမာရ ပုရိသပေသန, သိလာပဝိဒ္ဓန , ဟတ္ထိမုဉ္ဆာပန ၃ ပါးကို ပြန်၍ သုံးသပ်သည်” ဟု ဖွင့်ကြသည်။

သတ္ထာရံ ဒဿေထ။ ။ရှင်ဒေဝဒတ်သည် လူ့ဘောင်၌သာနေလျှင် တနည်းနည်းဖြင့် ရန်ပြုနေမည်သာ ဖြစ်သော်လည်း နောက်ဆုံးအချိန်တိုင်အောင် ဤကဲ့သို့ ဘုရားဖူးလိုစိတ်ဖြစ်မည် မဟုတ်ပါ၊ ထိုကဲ့သို့ စိတ်ဖြစ်မည့်အရေးကို မြင်တော်မူသောကြောင့်ပင် ဘုရားရှင်သည် ရှင်ဒေဝဒတ်အား ရဟန်းပြုခွင့်ပေးတော်မူခဲ့ပါသည်၊ ဤသို့ ဘုရားဖူးလိုစိတ်ဖြင့် လာခဲ့ရာ ဖူးခွင့်မရတော့ဘဲ မြေမျိုသောအခါ “ ဇုမေဟိ အင်္ဂီဟိ ” စသော ဂါထာဖြင့် ဘုရားရှင်ကို ကန်တော့ဆွားရှာပါသည်၊ ထို ကောင်းမှုကြောင့်ပင် အဝီစိမှ လွတ်၍ ပါရမီဖြည့်ကာ ကမ္မာတသိန်းထက်၌ “ အင်္ဂီသရ ” မည်သော ပစ္စေကဗုဒ္ဓါဖြစ်လိမ့်မည် ဟု ဗျာဒိတ်ပေးတော်မူပါသည်။ [ဓမ္မပဒ, ယမကဝဂ်, ဒေဝဒတ္တဝတ္ထု။]

ဟရိယမာနော–ဆောင်အပ်သော်၊ ဘဂဝတော - မြတ်စွာဘုရားကို၊ ဒဿနာရဟာဿ– ဖူးမြင်ခြင်းကိုထိုက်သော၊ ကမ္မဿ-၏၊ ဝါ- ကို၊ အကတတ္တာ– မပြုအပ်သည်၏အဖြစ်ကြောင့်၊[မဖူးမြင်ထိုက်လောက်အောင် စော်ကားမှုကံကိုသာပြုခဲ့သောကြောင့်။] ဇေတဝနေ-ဇေတဝန်ကျောင်းတော်၌၊ ပေါက္ခရဏီ သမီပေယေဝ–ရေကန်၏အနီးဘဲပင်၊ ဒွေဓာ- ၂ ဖြာ၊ ဘိန္နံ–ကွဲသော၊ ပထဝိ-မြေသို၊ ပဝိသိတ္ဝာ-ဝင်၍၊ မဟာနိရယေ-အဝီစိငရဲကြီးဘဲ၊ ပတိဋ္ဌိတော-ပြီ။

ဣတိ အယံ– ဤဆိုအပ်ပြီးကား၊ တ္ထေ- ဤ သုမင်္ဂလဝိလာသိနီမည်သော ဒီဃနိကာယအဋ္ဌကထာ၌၊ သခေ်ပေါ-အကျဉ်းတည်း၊ ဝိတ္ထာရကထာနယော-အကျယ်ဆိုကြောင်းနည်းသည်၊ ခန္ဓကေ-ခန္ဓကဘဏ်(စူဠဝဂ်, သံဃဘေဒကခန္ဓကဘဏ်)၊ အာဂတော– လာပြီ၊ ပန-ဆက်၊ အာဂတတ္တာ–ခန္ဓကဘဏ် အကျယ်လာသည်၏အဖြစ်ကြောင့်၊ သမ္ဗဲ– အလုံးစုံသော အကျယ်စကားကို၊ (မယာ) နဝုတ္တံ၊ ဣတိ-အစာတသတ္တ|အမည်ရပုံနှင့်စပ်၍ မှတ်ဘွယ်အပြီးတည်း၊ [နိဂုံးကိုပြလို၍ "ဝေံ"စသည် မိန့်။] ဝေံ– ဤသို့လျှင်၊ အစာတော – မမွေးဖွားသေးသည်၊ (ဟုတ္ဝာ)ယေဝ– ဖြစ်၍သာလျှင်၊ ရညော–၏၊ သတ္တ|–ရန်သူသည်၊ ဘဝိဿတိ၊ ဣတိ-သို့၊ နေမိတ္တိကေဟိ-နိမိတ်ကျမ်းကို ရွတ်ဖတ်တတ်သောဆရာတို့သည်၊ နိဒ္ဒိဋ္ဌော – ညွှန်ပြအပ်ပြီ၊ ဣတိ – ထို့ကြောင့်၊ အစာတသတ္တ|–အစာတသတ္တ|မည်၏။

ဝေဒေဟီပုတ္တောတိ–ကား၊ အယံ–ဤအစာတသတ်မင်းသည်၊ ကောသလရညော–မဟာကောသလမင်း၏၊ ဓိတာယ-သမီး၏၊ ပုတ္တောသားတော်တည်း၊ ဝိဒေဟရညော–ဝိဒေဟမင်း၏၊ (ဓိတာယ-၏၊ ပုတ္တောသည်၊) နအမှုတ်၊

× × × × × × ×

ဝိတ္ထာရကထာနယော။ ။ဝိတ္ထာရကထာနယောတိ အစာတသတ္တ|ပသာဒနာဒိဝသေန ဝိတ္ထာရတော ဝတ္တဗ္ဗာယ ကထာယ နယမတ္တံ – အစာတသတ်ကို ကြည်ညိုစေခြင်းမှ စ၍ အကျယ်ဆိုထိုက်သော စကား၏ နည်းမျှကို၊–ဋီကာ၊ မတ္တာသဒ္ဒါဖြင့် ထည့်၍ဆိုခြင်းမှာ "ဤဘဏ် ဆိုမည်မဟုတ်သော နည်းမျှကို" ဟု သိစေလိုသောကြောင့်တည်း၊ "အကျယ်နည်းမျှကိုသာ ဤဘဏ် မဆို၊ အကျဉ်းကိုကား ဤဘဏ် ဆိုထား၏"ဟူလို။

ဝေဒေဟီပုတ္တောဿ။ ။[နာမည်ဟောဖြစ်၍ ဟိဘဏ် ရသမပြု။] ဤပုဒ်ကို တိုက်ရိုက်အနက်ပေးလျှင် "ဝိဒေဟမင်း၏ သမီးဖြစ်သော ဝေဒေဟီ၏သား" ဟု ပေးဘွယ်ရှိ၏၊ မှန်၏၊–"ဝိဒေဟဿ အပစ္စံ ဝေဒေဟီ"ဟု ဝိဂ္ဂဟပြုလျှင် "ဝေဒေဟီ"အရ "ဝိဒေဟမင်း၏သမီးတော်"ရဘွယ်ရှိသည်၊ ထိုသို့အနက်ယူမည်စိုးသောကြောင့်"နဝိဒေဟရညော(ဓိတာယ ပုတ္တောဿ)"ဟု ဗျတိရေကဝါကျကို နောက်၌ မိန့်ရသည်၊ ထိုမိဖုရားသည် အမှန်အားဖြင့် ကောသလမင်း၏သမီးတော်တည်း၊"ကောသလမင်း"ဟု ဆိုသော်လည်း ပသေနဒိကောသလမင်း မဟုတ်၊ ထိုမင်း၏ ခမည်းတော်ဖြစ်သော မဟာကောသလမင်းတည်း၊ ထို့ကြောင့် ဋီကာ၌ "မဟာကောသလရညော" ဟု ဖွင့်သည်၊ မှန်၏၊–ဝေဒေဟီမိဖုရားသည် ပသေနဒိကောသလမင်းနှင့် မဟာကောသလမင်းနှစ်ပါးတို့၏ သမီးတော်ဖြစ်သည်။

ပန-ထိသို့ပင် ဝိဒေဟမင်း၏သို့းတော်၏သား မဟုတ်ပါသော်လည်း၊ ဝေဒေဟိ တိ တေံ-ဝေဒေဟိဟူသော ဤသဒ္ဒါသည်၊ ပဏ္ဍိတာဓိဝစနံ (ပဏ္ဍိတာ+အာဓိ ဝစနံ)-ပညာရှိမိန်းမကိုဟောသောသဒ္ဒါတည်း၊(ကိမိဝ-အဘယ်ကဲ့သို့နည်း၊) ဝေဒေဟိကာ ဂဟပတာနီ, အယျော အာနန္ဒော ဝေဒေဟမုနိတို့ ယထာ-ဝေဒေဟိကာ၊ပေ၊ဝေဒေဟမုနိ အစရှိသည်ကဲ့သို့တည်း။ [ဝေဒေဟိကာ-ဉာဏ်ဖြင့် အားထုတ်တတ်သော၊ ဂဟပတာနီ-အိမ်ရှင် သူကြွယ်မ၊ ဝေဒေဟမုနိ - ဉာဏ်ဖြင့် အားထုတ်တတ်သော ရဟန်းတော် ဖြစ်သော၊ အယျော အာနန္ဒော-အရှင်အာနန္ဒာ။]

တတြ-ထို ဝေဒေဟိ ပုတ္တောဟူသော ပုဒ်၌၊ အယံ- ဤ ဆိုအပ်လတံ့ကား၊ ဝစနတ္ထော-တည်း၊ တေန- ဤဉာဏ်ဖြင့်၊ (တံသမင်္ဂီပုဂ္ဂလော - ထို ဉာဏ်နှင့် ပြည့်စုံခြင်းရှိသောပုဂ္ဂိုလ်တို့သည်)၊ဝိဒန္တိ-သိကုန်၏၊ ဣတိ-ထိုသို့ သိကြောင်း၏ အဖြစ်ကြောင့်၊ တံ-ထိုဉာဏ်သည်၊ ဝေဒေါ-ဝေဒမည်၏၊ တေံ - ဤ ဝေဒေါ ဟူသော သဒ္ဒါသည်၊ ဉာဏသ္မ-ဉာဏ်ကို၊ အဓိဝစနံ-ဟောသော သဒ္ဒါတည်း၊ (ယော-အကြင် မိဖုရားသည်)၊ဝေဒေန-ဉာဏ်ဖြင့်၊ ဤဟတိ ယဒုတိ ဝါယမတိ-အားထုတ်တတ်၏၊ ဣတိ-ထိုသို့ ဉာဏ်ဖြင့် အားထုတ်တတ်သည်၏အဖြစ်ကြောင့်၊ (သော-ထိုမိဖုရားသည်၊)ဝေဒေဟိ-မည်၏၊ ဝေဒေဟိယော-ဉာဏ်ဖြင့် အားထုတ်တတ်သော မိဖုရား၏။ [ဉာဏ်ရှိသော မိဖုရား၏။] ပုတ္တော- သားတော်တည်း၊ ဝေဒေဟိပုတ္တော- တော်။

× × × × × × ×

ဝေဒေဟိတိ။ ။မဟာကောသလမင်း၏ သို့းတော်ဖြစ်လျှင် “ကောသလိ” ဟု အမည်မမှည့်ဘဲ အဘယ့်ကြောင့် “ဝေဒေဟိ” ဟု အမည်မှည့်ရသနည်း ဟု မေးဘွယ်ရှိသောကြောင့် “ဝေဒေဟိတိ၊ပေ၊မေတံ”ဟု မိန့်သည်၊ ဝေဒေဟိသဒ္ဒါက ပညာရှိမိန်းမကို ဟောသောကြောင့် “ဝေဒေဟိ”ဟု အမည်မှည့်ရပါသည်-ဟူလို၊“ထိုကဲ့သို့ ပညာရှိသူကို ဟောသော ဂုဏနာမ်အဖြစ်ဖြင့် သုံးစွဲရိုးရှိပါသလော” ဟု မေးဘွယ်ရှိသောကြောင့်“ယထာ၊ပေ၊ဝေဒေဟမုနိ”ဟု မိန့်သည်။ [ရှေးစာအုပ်များ၌ “ယထာ”ဟုသာရှိ၏၊ “ယထာဟ” ဟု မရှိ၊ သုံးစွဲရိုး ဥဒါဟရဏ်ကိုပြသော အရာဖြစ်၍ “အာဟ” မပါသောပါဠိသာ ကောင်းသည်။]

ဝစနတ္ထ။ ။ဝစနတ္ထကို အဋ္ဌကထာ၌ အကျဉ်းသာပြထား၏၊ အကျယ်လုပ်လျှင် အပေါင်းဝစနတ္ထ၌ “ဤဟတိတိ ဤဟိ၊ ဤဟဓာတ် , အ , ဒုတိယာဝိဘတ်က ဤပစ္စည်း၊ ဝေဒေန+ဤဟိ ဝေဒေဟိ”ဟု ပြုပါ။ [ဤဟတိကို “ပဝတ္တတိ”ဟု ဋီကာဖွင့်၏၊ ဓာတ်ကျမ်းတို့၌ကား “ဤဟ-ဥဿာဟေ”ဟုသာ ရှိ၏၊ ထို့ကြောင့် အဋ္ဌကထာစာအုပ်တို့၌ ဃဋ္ဋတိဟုငြား, ဃဋ္ဋဓာတ်၏ စေ့စပ်ခြင်းအနက်ကို ယူမည်စိုး၍ “ဝါယမတိ” ဟုငြား ဓာတ်နက် အဖွင့်ကို တွေ့ရ၏၊ ပဝတ္တတိဟူသော ဋီကာ၌ အဋ္ဌကထာမှ တနည်း အဖွင့်ဟု မှတ်သင့်၏။

တဒဟူတိ–ကား၊ တသ္မိံ အဟု–ထို နေ့၌၊ တသ္မိံ ဒိဝသေ-ထို နေ့၌၊ ဣတိ အတ္ထော၊ တ္ထေ– ဤနေ့၌၊ ဥပဝသန္တီ – ပြည့်စုံကုန်သည် ဖြစ်၍ နေကြကုန်၏၊ ဣတိ-ထိုသို့ ပြည့်စုံကုန်သည်ဖြစ်၍ နေကြရာ၏ အဖြစ်ကြောင့်၊ (သော - ထိုနေ့သည်)၊ ဥပေါသထော-ဥပေါသထ မည်၏၊ စ–ဆက်၊ ဥပဝသန္တီတိ(ပဒဿ)-ပုဒ်၏၊ သီလေန – သီလနှင့်၊ ဥပေတာ - ပြည့်စုံကုန်သည်၊ ဟုတ္ဝာဝါ– ဖြစ်၍ သော်၎င်း၊ အနသနေန – အစာ မစားခြင်းနှင့်၊ ဥပေတာ – ပြည့်စုံကုန်သည်၊ ဟုတ္ဝာဝါ- သော်၎င်း၊ ဝသန္တီ - နေကြကုန်၏၊ ဣတိ အတ္ထော။ [“ဥပဝုတ္ထာ–စောင့်သုံးကြကုန်လျက်”ဟု ရှေးစာအုပ်တို့၌ ရှိသေး၏၊ ပိုဟန်တူသည်။]

ပန–ဆက်၊ အယံ-ဤဆိုအပ်လတ္တံ့ကား၊ တ္ထေ-ဤ ဥပေါသထေ ဟူသော ပါဌ်၌၊ အတ္ထုဒ္ဓါရော – ရထိုက်သမျှ အနက်တို့ကို ထုတ်ဆောင်ခြင်းတည်း၊ အာဝုသော ကပ္ပိန-ငါ့ရှင် ကပ္ပိန၊ အာယာမ-လာ, သွားကြစို့၊ ဥပေါသထံ-

× × × × × × ×

တဒဟု။ ။သောယေဝ+အဟော တဒဟော – ထိုနေ့၊ သတ္တမီဝစနေန ပန တဒဟူတိ ပဒသိဒ္ဓိ၊-ဋီကာသစ်၊ “တဒဟော” ဟူသော ကမ္မဓာရဲ့ သမာသ်နောင် သို့ံကို ဥပ္ပါ၍ “တဒဟု”ဖြစ်သည်–ဟု ဆိုလိုသည်။

ဥပေါသထော။ ။ ဥပ + ဝသဓာတ် ဓ၁တွန်မချော်ဘဲ ထပစ္စည်း, (တနည်း) ဓ၁တွန်ချေ၍ အထပစ္စည်းဖြင့် “ဥပဝသထ” ဟု ဖြစ်ပြီးမှ ပဓာ်အနှင့် ဝကို(အဝကို) သြပ္ပြ၍ “ဥပေါသထ” ဟု ဖြစ်သည်၊ ဥပဝသန္တီဉ် ဥပဥပသာရပုဒ်သည် အဘိဓာန် (၁၁၈၅)လာ အနက်တို့တွင် အနသနာဒီနှင့် ပြည့်စုံဟူသော အနက်နှင့် တကွ ကတ္တု သာဓနအနက်ကိုပါ ဟောဓ်၊ ထို့ကြောင့် “သီလေန၊ပေ၊ဥပေတာ”ဟု ဖွင့်သည်။

သီလေနဝါ အနသနေန ဝါ။ ။ “သီလေန ဥပေတာ”ဖြင့် သာသနာတော်၌ စောင့်သုံးအပ်သော အရိယာဥပုသ်(ဘုရားစသည်ကို အာရုံပြု၍ စောင့်ခြင်းစသည်)ကို ပြဓာ်၊“အနသနေန ဥပေတာ”ဖြင့် အစာကို လုံးလုံးမစားဘဲ ကျင့်အပ်သော သာသနာပုဂ္ဂိုလ်တို့၏ ဥပုသ်ကို ပြဓာ်။ [နဉ+အသနံ အနသနံ-အစာ မစားခြင်း။]

ဝါဖြင့် ဃဉ်း။ ။ဤဝါသဒ္ဒါသည် သီလအနသ်နဉ် မျိုးတွင် ရံခါတမျိုးမျိုးသာရ၍, ရံခါဉ် မျိုးလုံး ရသည်ကို ထွန်းပြသော အနိယမတ္ထတည်း၊ ဋီကာတို့အလို ထို အနိယမတ္ထ ဝါသဒ္ဒါဖြင့်(တနည်း)တိုက်ရိုက် မဆိုအပ်သောအနက်တို့ကို စိရင်နိုင်သော အဝုတ္ထဝိကပ္ပနတ္ထ ဝါသဒ္ဒါဖြင့် အဘိဇ္ဈာစသော ဒုစရိုက်ကိုဂင်း, မောသဝဇ္ဇ (မုသာဝါဒ)စသော ဒုဿီလျစသည်ကိုဂင်း သိမ်းယူဓာ်၊ ထိုမကောင်းမှုတရားနှင့်ပြည့်စုံ၍နေရာဖြစ်သော ဥပုသ်ကို ဂေါပါလကဥပုသ်ဟုဂင်း, နိဂဏ္ဌဥပုသ်ဟုဂင်း ခေါ်သည်။

အယံ၊ပေ၊အတ္ထုဒ္ဓါရော။ ။ဥပေါသထသဒ္ဒါအတွက် ဤနေရာ၌ အလိုရှိအပ်သော အနက်ဓာ်၏ အစွမ်းဖြင့် ဝစနတ္ထကို ပြုပြီး၍ ယခုအခါ ဥပေါသထသဒ္ဒါဓာ်၏ ရနိုင်သမျှအနက်တို့ကို ထုတ်ပြခြင်းဟူသော အတ္ထုဒ္ဓါရကို ပြလိုသောကြောင့် “ အယံ ပန ” စသည်ကို မိန့်သည်။ [အတ္ထုဒ္ဓါရ, အတ္ထုဒ္ဒေသတို့ဓာ်၏ အဓိပ္ပါယ်ကို ပါရာဇိကဏ် ဝေရဉ္ဇကဏ္ဍ ဘာသာဋီကာ သမယအဖွင့်၌ ပြခဲ့ပြီ။]

ဥပုသ်သို့၊ ဝါ-ဥပုသ်ပြုရာ အရပ်သို့၊ ဂမိဿာမ-သွားကုန်အံ့၊ (ပါဠိတော်ရင်းရှာပါ)၊ဣတိအာဒီသု-ဤသို့ အစရှိသော ပါဠိရပ်တို့၌၊ ပါတိမောက္ခုဒ္ဒေသော-ပါတိမောက်ကို ရွတ်ပြုခြင်းသည်၊ ဥပေါသထော-ဥပေါသထမည်၏၊ ဝိသာခေ-ဝိသာခါ၊ ဧဝံ-ဤသို့၊ အဌင်္သမန္နာဂတော-ရှစ်ပါးသော အင်္ဂါနှင့်ပြည့်စုံသော၊ ဥပေါသထော-ဥပုသ်ကို၊ ဥပဝုတ္ထော – စောင့်သုံးအပ်ပြီ၊ (အင်္ဂုတ္တိရ–အဋ္ဌကနိပါတ်, ပဌမပဏ္ဏာသက, ဥပေါသထဝဂ်, ဝိသာခါသုတ် ပါဠိတော်)၊ ဣတိ အာဒီသု–ဤသို့ အစရှိသော ပါဠိရပ်တို့၌၊ သိလံ– သီလသည်၊ ဥပေါသထော – ဥပေါသထမည်၏။

သုဒ္ဓဿ-ကိလေသာ မြူမွှေး, ညစ်အကြေးမှ, ကင်းဝေး စင်ကြယ်ပြီးသော ရဟန္တာပုဂ္ဂိုလ်၏၊ ဝါ-ပုဂ္ဂိုလ်အတွက်၊ ဝေ-ထင်ရှားစွာ၊ သဒါ-အခါခပ်သိမ်း၊ ဖဂ္ဂု–ဖဂ္ဂုဏီ နက္ခတ်သည်၊(ဟောတိ)၊ သုဒ္ဓဿ-၏၊ ဝါ- အတွက်၊ သဒါ–

× × × × × × ×

ပါတိမောက္ခုဒ္ဒေသော။ ။သီလသုဒ္ဓိဝသေန-သီလစင်ကြယ်ခြင်း၏ အစွမ်းနှင့်၊ ဥပေတေဟိ သမင္ဂေဟိ-ပြည့်စုံကုန်သော ညီညွတ်ကုန်သော ရဟန်းတို့သည်၊ ဝသီယတိ-နေအပ်၏၊ နှ ဥဒ္ဒီယတိ–ထ၍ မသွားအပ်၊ ဤတို့ ဥပေါသထော၊ “ဥပေတေဟိ + ဝသီယတိတိ ဥပေါသထော ” ဟု ပြုစေလိုရင်းတည်း၊ ဤဝိဂြိုဟ်အရ ပါတိမောက် ရွတ်ပြုခိုက်၌ စင်ကြယ်သော သီလနှင့် ပြည့်စုံသည်ဖြစ်၍ မထသွားဘဲ နားထောင်အပ်သောကြောင့် ပါတိမောက်ရွတ်ပြုခြင်းကို “ဥပေါသထ” ဟု ခေါ်သည်ဟု မှတ်ပါ။

သီလံ။ ။သမာဒါနဝသေန အဓိဋ္ဌာနဝသေနဝါ ဥပေတ္တ– (ဆောက်တည်ခြင်းသို့မဟုတ် အဓိဋ္ဌာန်ခြင်း၏အစွမ်းဖြင့်) သီလသို့ကပ်ရောက်၍၊ အရိယာဝါသာဒိ အတ္ထာယ- အရိယာတို့၏နေခြင်း အစရှိသောအကျိုးငှါ၊ ဝသိတဗ္ဗော အာဝသိတဗ္ဗော-ကျင့်သုံးထိုက်၏၊ ဤတို့ ဥပေါသထော၊ “ ဥပေတ္တ+ဝသိတဗ္ဗောတိ ဥပေါသထော ” ဟု ပြုစေလိုရင်းတည်း၊ ဤဝိဂြိုဟ်အရ ဆောက်တည်၍ ဖြစ်စေ,မဆောက်တည်ဘဲ အဓိဋ္ဌာန်၍ဖြစ်စေထို သီလသို့ ကပ်ရောက်၍ နေအပ်သောကြောင့် သီလကို“ဥပေါသထ”ဟု ခေါ်ရသည်။

သုဒ္ဓဿ ၊ပေ၊ ဖဂ္ဂု။ ။ သုန္ဒရိကာ မြစ်သို့ သွား၍ ရေချိုးလေ့ရှိသောကြောင့် သုန္ဒရိကဘာရဒ္ဝါဇမည်သော ပုဏ္ဏားသည် “ဖဂ္ဂုဏမာသ(တပေါင်းလ)ဝယ် ဥတ္တရဖဂ္ဂုဏီ နက္ခတ်နှင့် ယှဉ်ရာခန့်၌ သုန္ဒရိကာမြစ်ဝယ် ရေချိုးမှုကို ပြုသူအတွက် တန်စ်လုံးပြုအပ်ခဲ့မိသော မကောင်းမှုသည် ရေထည်းခ်ဲ့ မျောသွား၏”ဟု အယူရှိ၏၊ ထို အယူကို ပယ်မြစ်ခြင်းငှါ“သုဒ္ဓဿ ဝေ သဒါ ဖဂ္ဂု”စသော ဂါထာကို ဘုရားရှင် မိန့်တော်မူသည်၊ ထို့ကြောင့် “ သဒါ ဖဂ္ဂူတိ နိစ္စကာလမ္မိ ဖဂ္ဂုဏီနက္ခတ္တမေဝ ” ဟု ဋီကာဖွင့်သည်။ [“ဖဂ္ဂုဏီ”ဟု ဆိုလိုလျက် ဏီကို ချေထားသည်၊ “ ဖဂ္ဂုဏ ” ဟု ဆိုလိုလျှင်လည်း ဤကို ချေထားသည်။] မိန့်တော်မူလိုရင်းကား-“ကိလေသာစင်ကြယ်နေသော ရဟန္တာပုဂ္ဂိုလ်အတွက် အမြဲ ဖဂ္ဂုဏီနက္ခတ် ယှဉ်နေသည်သာ၊ သဒါ သုဒ္ဓဿုပေါသထော – ဥပုသ်အင်္ဂါတို့ကိုငင်း , အနသနစသော အကျင့်တို့ကိုငင်း မဆောက်တည်သော်လည်း အမြဲဥပုသ်စောင့်သုံးခြင်း ဖြစ်နေသည်သာ”ဟု မိန့်တော်မူလိုရင်းတည်း။

အခါခပ်သိမ်း၊ ဥပေါသထော - ဥပုသ်စောင့်သုံးခြင်းသည်၊ (ဟောတိ)၊ ဣတိ အာဒီသု–ဤသို့ အစရှိသော ပါဠိုရပ်တို့၌၊ ဥပဝါသော-ဥပုသ် စောင့်သုံးခြင်းသည်၊(ဥပေါသထော–၏၊)[မဇ္ဈိမနိကာယ်,မူလပဏ္ဏာသ, မူလပရိယာယဝဂ်, ဝတ္ထသုတ်ပါဠိတော်။] ဥပေါသထောနာမ–ဥပေါသထမည်သော၊ နာဂရာဇာ-ဆင်မင်း၊ ဣတိ အာဒီသု-တို့၌၊ ပညတ္တိ – ဥပေါသထ ဆင်ဟူသော နာမည် ပညတ်သည်၊ (ဥပေါသထော – ၏)။ [သုတ်မဟာဝါ , မဟာသုဒဿနသုတ် ပါဠိတော်။]

ဘိက္ခဝေ- တို့၊ ဥပေါသထေ – ဥပုသ်နေ့ဖြစ်သော၊ တဒဟု – ထိုနေ့၌၊ သ ဘိက္ခုကာ- ရဟန်းနှင့်တကွဖြစ်သော၊ ဝါ–ရဟန်းရှိသော၊ အာဝါသာ–နေရာ အရပ်မှ၊ (အဘိက္ခုကော – ရဟန်းမရှိသော၊ အာဝါသော- နေရာအရပ်သို့၊) န (ဂန္တဗ္ဗော)–မသွားထိုက်၊ ဣတိ အာဒီသု-တို့၌၊ ဥပဝသိတဗ္ဗဒိဝသော-စောင့် သုံးထိုက်ရာနေ့သည်၊ ('ဥပေါသထော- ၏၊) [မဟာဝါ, ဥပေါသထက္ခန္ဓက, နဂန္တဗ္ဗဝါရ ပါဠိတော်။] ဣဓာပိ – ဤ တဒဟုပေါသထေဟူသော ပါဌ်၌လည်း၊ သောဝေ–ထိုဥပဝသိတဗ္ဗ ဒိဝသကိုသာ၊ အဓိပ္ပေတော– အလိုရှိအပ်၏၊ ပန– ဆက်၊ သော သေ(ဧသော ဥပေါသထော)– ထို ဥပုသ်နေ့သည်၊ အဋ္ဌမီ ၊ပေ၊ ဘေဒေန– အဋ္ဌမီဥပုသ်, စာတုဒ္ဒသီဥပုသ်, ပန္နရသီဥပုသ်တို့၏ အပြားအားဖြင့်၊ တိဝိဓော– ၃ ပါးရှိ၏၊ တသ္မာ- ကြောင့်၊ သေသဒ္ဒယ နိဝါရဏတ္ထံ- ကြွင်းသော အဋ္ဌမီဥပုသ်, စာတုဒ္ဒသီဥပုသ် ၂ ပါးအပေါင်းကို တားမြစ်ခြင်းအကျိုးငှါ၊ (ဝေ သဒ္ဒါထည့်၍ ထို ဝေဖြင့် တနည်း– အညတ္ထာပေါဟန နည်းအားဖြင့် ပယ်ခြင်း အကျိုးငှါ၊) ပန္နရသေတိ – ပန္နရသေဟူ၍၊ (အာယသ္မတာ အာနန္ဒတ္ထေရေန–

× × × × × × ×

ဥပဝါသော။ ။အနသနာဒိဝသေန–အစာမစားခြင်း အစရှိသည်တို့၏ အစွမ်း ဖြင့်၊ ဥပေစ္စ-ထိုအကျင့်သို့ ကပ်ရောက်၍၊ ဝသိတဗ္ဗော အနုဝသိတဗ္ဗော-အစဉ်နေအပ်၏၊ ဣတိ ဥပေါသထော၊"ဥပေစ္စ+ဝသိတဗ္ဗောတိ ဥပေါသထော" ဟု ပြုစေလိုရင်းတည်း၊ ဤ ဝိဂြိုဟ်အရ အစာ မစားဘဲ ကျင့်ခြင်းစသော အကျင့် အမျိုးမျိုးကို (ထို အကျင့်သို့ ကပ်၍နေအပ်သောကြောင့်) "ဥပေါသထ"ဟု ခေါ်ဆိုသည်။

ပညတ္တိ ။ ။ အဘိဓာန် (၃၆၀)လာ ကာဠာဝကစသော ဆင်ဆယ်မျိုးတို့တွင် နဝမဆင်မျိုးကို " ဥပေါသထ " ဟု ခေါ်၏၊ ထို နာမည်ပညတ်သည် တစုံတခုသော သဒ္ဒပ္ပပဝတ္တိနိမိတ်ကို မငဲ့ဘဲ အထင်ရှင်အားဖြင့် ဖြစ်၏။

ဥပဝသိတဗ္ဗဒိဝသော။ ။နေ့ကို "ဥပေါသထ"သဒ္ဒါက ဟောရာ၌ "ဥပဝသန္တိ ထွောတိ ဥပေါသထော" ဟု အဓိကရဏသာဓန ပြုရ၏၊ ထို့ကြောင့် "ဥပဝသိတဗ္ဗ"၌ တဗ္ဗ ပစ္စည်းကိုလည်း အဓိကရဏအနက်ဟော ဟု ကြိမ် ထို အဋ္ဌကထာဝိဂ္ဂဟနှင့် ညီမျှ မည်၊ ဋီကာသစ်၌ "ဥပဝသန ကရဏဒိဝသော – စောင့်သုံးမှုကို ပြုရာနေ့"ဟု ပဋမဖွင့် သည်ကို စဉ်းစားပါ။

သည်၊)["သဂီတိကာရေဟိ"ဟုလည်း ထည့်နိုင်သည်၊]ဝုတ္တံ-လျောက်အပ်ပြီ၊ တေနေဝ-ထို့ကြောင့်ပင်၊ ဥပဝသန္တီ ၊ပေ၊ ဥပေါသထောတိ -ဥပေါသထော ဟူ၍၊ (မယာ)၊ ဝုတ္တံ -ပြီ။

ကောမုဒီယာတိ-ကား၊ ကုမုဒဝတီယာ- ကုမုဒြာကြာရှိရာဖြစ်သော၊ (ရတ္တိယာ၌စပ်)၊ ကိရ-ခဲ့၊ တဒါ-ထိုအခါ၌၊ ကုမုဒါနိ-ကုမုဒြာကြာတို့သည်၊ သုပုပ္ဖိတာနိ-ကောင်းစွာ အလွန်အမင်း ပွင့်ခြင်းရှိကုန်သည်၊ ဟောန္တိ၊ ထွေ-၍ ညှဉ်း၊ တာနိ - ထို ကုမုဒြာကြာတို့သည်၊ သန္တိ - ရှိကုန်၏၊ ဣတိ - ထိုသို့ ကုမုဒြာကြာရှိရာ၏အဖြစ်ကြောင့်၊ (သာ-ထိုညှဉ်းသည်)၊ ကောမုဒီ- ကောမုဒီ မည်၏၊ စာတုမာသိနိယာတို့-ကား၊ စာတုမာသိယာ-မိုဃ်း ၄ လတို့၏ပြည့်ကြောင်းဖြစ်သော၊ ဟိ-မှန်၊ သာ-ထိုညှဉ်းသည်၊ စတုန္နံ မာသာနံ-မိုဃ်း ၄ လတို့၏၊ ပရိယောသာနဘူတာ-အဆုံးဖြစ်၍ ဖြစ်၏၊ ဣတိ-ကြောင့်၊ စာတုမာသိ- စာတုမာသိ မည်၏၊ ပန-ဆက်၊ ဣဓ-၌ပါဠိတော်၌၊ စာတုမာသိနီတိ-စာတုမာသိနီဟူ၍၊ ဝုစ္စတိ-၏။

မာသပုဏ္ဏတာယ- တန်ဆောင်မုန်းလ၏ ပြည့်သည်၏အဖြစ်အားဖြင့်၎င်း၊ (ပုဏ္ဏာ၌ အာဘိန္ဓိဝိသေသနစပ်)၊ ဥတုပုဏ္ဏတာယ - မိုဃ်းဥတု၏ ပြည့်သည်၏အဖြစ်အားဖြင့်၎င်း၊ သံဝစ္ဆရပုဏ္ဏတာယ- ကတ္တိကာနက္ခတ်ဖြင့် သတ်မှတ်အပ်သော နှစ်၏ ပြည့်သည်၏အဖြစ်အားဖြင့်၎င်း၊ ပုဏ္ဏာ - ပြည့်၏၊ သံပုဏ္ဏာ - ကောင်းစွာပြည့်၏၊ ဣတိ - ထိုသို့ လ, ဥတု, နှစ်အားဖြင့် ပြည့်သည်၏အဖြစ်

× × × × × × ×

ကောမုဒိယာ။ ။ကုယံ- မြေ၌+ မောဒတိ- လန်းလန်းဆန်းဆန်း(ဝမ်းမြောက်သကဲ့သို့)ဖြစ်၏၊ ဣတိ ကုမုဒံ(ကုမုဒြာကြာဖြူ)၊ နောက်၌ သုပုပ္ဖိတာနိကိုထောက်၍ ပဟူတ(ဗဟုတ္တ)အနက်၌, တနည်း-အတိသယအနက်၌ "သဒ္ဓါဒိတော ဏာ"သုတ်ဖြင့် အသတ္ထိအနက်ရှိသော ဏာ ပစ္စည်းသက်၍ "ကောမုဒ" ဟု ဖြစ်ပြီးမှ ဣတ္ထိဧာတကဣ်ပစ္စည်းဖြင့် "ကောမုဒီ" ဟု ဖြစ်၏၊ "ကုမုဒဝတီယာ"ဟု ဝန္ဓုပစ္စည်းဖြင့် ပွင့်ခြင်းမှာ အသတ္ထိအနက်ကို သိစေလိုသောကြောင့်တည်း။

သုပုပ္ဖိတာနိ။ ။ပုပ္ဖမဲ့တ်သည် ဝိကာသ(ပွင့်ခြင်း) အနက်ကို ဟော၏၊ ပုပ္ဖနံ ပုပ္ဖံ၊ သု+ပုပ္ဖံ သုပုပ္ဖံ၊ သုပုပ္ဖံ သဒ္ဒါတံ ဧတေသံတိ သုပုပ္ဖိတာနိ-ကောင်းစွာဖြစ်သော လွန်စွာ ပွင့်ခြင်းရှိသော ကုမုဒြာကြာပန်းတို့၊ သဒ္ဒါတအသတ္ထိအနက်၌ ဣတပစ္စည်း၊ ဣ အသတ္ထိအနက်ရှိသော ဣတပစ္စည်းကြောင့်ပင် ကောမုဒီ၌ ဗဟုတ္တ, သို့မဟုတ် အတိသယအနက်ကို ပြခဲ့ရသည်။

စာတုမာသိနိယာ။ ။"ပရိယောသာနဘူတာ" ဟု အဓိပ္ပါယ်ဖွင့်သောကြောင့် "မိုဃ်း ၄ လတို့၏+ပြည့်ကြောင်း"ဟု အနက်ထွက်၏၊ စတ္တာရော+မာသာ စတုမာသံ၊ စတုမာသဿ + ပုရဏီ စာတုမာသီ၊ ပုရဏအနက်၌ ဏ ပစ္စည်း , ဣတ္ထိဧာတက ဣ ပစ္စည်း၊ ဣနိသက်လျှင် "စာတုမာသိနီ"ဟု ဖြစ်သောကြောင့် ထို ၂ ပုဒ်ကို ပရိယာယ်ပုဒ်ဟု မှတ်ပါ။

ခြောင့်၊ ပုဏ္ဏာ- ပုဏ္ဏာမည်၏၊ စန္ဒော – လကို၊ မာ ဇာတိ- မာဟု၍၊ ဝုစ္စတိ-၏၊ သော-ထိုလသည်၊ တ္ထေ-ဤညှဉ်၌၊ ပုဏ္ဏော-ပြည့်၏၊ ဇာတိ-ထိုသို့ လ၏ပြည့်ရာ၏ အဖြစ်ကြောင့်၊ (သော–ထိုညှဉ်သည်)၊ ပုဏ္ဏမာ– မည်၏၊ စ- ဆက်၊ ဧဝံ–ဤဆိုအပ်ပြီးသောနည်းဖြင့်၊ ပုဏ္ဏာယ ပုဏ္ဏမာယာတိဇာမသို့ ပဒဒွယေ- ပုဏ္ဏာယ ပုဏ္ဏမာယဟူသော ဤပုဒ် ၂ ပါး အပေါင်း၌၊ အတ္ထော- ကို၊ ဝေဒိတဗ္ဗော။

ရာဇာမစ္စ ပရိဝုတောတိ (တ္ထေ) - ရာဇာမစ္စ ပရိဝုတောဟူသော ဤပါဠိ၌၊ (ဂူဠ္ဠတ္ထံ–လျှို၀ှက်အပ်သောအနက်ကို)၊ ဟိ (ဉဒ္ဓရိတ္ထာ ဒဿမိ)- ထုတ်၍ပြဉ်းအံ့၊ ဝေရူပါယ–ဤသို့ သဘောရှိသော၊ ရဇတယင္ဒ ဝိနိဂ္ဂတာဟိ- ငွေအိုးမှ ထွက်ကုန်သော၊ ဒိရဓာရာဟိ– နို့ရည် အယဉ်တို့ဖြင့်၊ ဓောဝိယမာန ဒိသာဘာဂ'ါယ (ဝိယ) – ဆေးကြောအပ်သော အရပ်မျက်နှာအဘို့ ရှိသကဲ့သို့လည်း ဖြစ်ထသော။ [ယခုစာအုပ်တို့၌ ဝိယပုဒ် တိုက်ရိုက်ပါနေ၏၊ “ တ္ထောဝိ ဝိယသဒ္ဒေါ ယောဇေတဗ္ဗော ” ဟု ဋီကာသစ်ဆိုသောကြောင့် ရှေးက ပါဟန်မတူ။] ရဇတ ဝိမာနနိစ္ဆရိတေဟိ – ငွေဗိမာန်မှ ထွက်ပေါ်လာကုန်သော၊ မုတ္တာဝဋိ သုမန

× × × × × × ×

ပုဏ္ဏာ။ ။ ပူရဓံဝတ်၊ တ ပစ္စည်းကို ဇုန္ဒ (နှကို ဏ္ဏာပြုန်)၊ ပူရတီတိ ပုဏ္ဏာ၊ ထိုညှဉ်၌ တန်ဆောင်မုန်းလဟူသော ကတ္တိကမာသလည်း ပြည့်၏။ [ဇမ္မူဒီပ်အခေါ်အားဖြင့် ကောင်းကင်၌ စန္ဒမာသပြည့်လျှင် လူတို့ ခေါ်ရိုးဖြစ်သော ဝေါဟာရမာသလည်း တလပြည့်၏၊ လပြည့်ကျော်တရက်မှစ၍ နောက်တလဘက် ပါလေသည်။] မိဃ်းဥတုလည်းပြည့်၏၊ ကတ္တိကာနက္ခတ်ဖြင့် သတ်မှတ်အပ်သောတန္စစ်လည်းပြည့်၏၊ ထို့ကြောင့် “မာသပုဏ္ဏတာယ၊ပေ၊ပုဏ္ဏာ” ဟု ဖွင့်သည်။

ယိ ံသုယထာ– ပြောကြကုန်သကဲ့သို့၊ ဧဝံ- ဤအတူ၊ မယ့ံ- ၏၊ သတ္ထု– ဆရာ ဖြစ်တော်မူသောမြတ်စွာဘုရား၏၊ ဂဏှံ-ကို၊ ကထေတုံ-သံတော်ဥး တင်ခြင်းငှါ၊ နု ယုတ္တံ- မသင့်၊ ဇာတိ- သို့၊ (တေံ– ဤအကြီသည်၊ အဟောသိ) ဣတိ- ဤသို့ ကြီပြီး၍၊ (ဣတိတလုံး အကြကြီ)၊ အာသနာ – နေရာမှ၊ ဥဋ္ဌာယ - ထ၍၊ ဘဂဝတော-၏၊ ဝိဟာရာဘိမုခေ – ကျောင်းတော်သို့ ရှေးရှုသောမျက်နှာရှိသည်၊ (ဟုတ္ထာ)၊ ပဒ္မ ပတိဋ္ဌိတေန-ငါးပါးသောအင်္ဂါတို့ဖြင့် ရှေးရှုတည်ခြင်းဖြင့်၊ ဝါ- ငါးပါးသောအင်္ဂါတို့၏ တည်ခြင်းဖြင့်၊ ဝန္ဒိတ္ဝာ-ဝပ်ချပြီး၍၊ ဒသနခသမောခာန သမုဇ္ဇလံ – ဆယ်ချောင်းသော လက်သည်းအပေါင်းတို့ဖြင့် တောက်ပသော၊ (သန့်ရှင်းဖြူစင်သော လက်သည်းဖြစ်၍ ထိုအရောင်တို့ဖြင့် တောက်ပသော)၊ အဉ္ဇလိ - လက်အုပ်ကို၊ သိရသိ-ဥုးခေါင်းဌ၊ ပဂ္ဂဟေတ္ဝာ- မြှောက်ချီ၍။ [ရှေးတုန်းက လက်အုပ်ချီလျှင် ဥုးခေါင်းပေါ်ရောက်အောင် ချီသည်။]

မဟာရာဇ–မဟာရာဇာ၊ မံ– အကျွန်ုပ်ကို၊ အယံ– ဤဇဝကသည်၊ ယံဝါ တံဝါ–ဟုတ်ဟုတ်ငြားငြားသော၊ (တော်စွာ လျော်စွာသော)၊ သမဏံ-ရဟန်းသို့၊ ဥပသင်္ကမတိ-ချဉ်းကပ်၏၊ ဣတိဧဝံ-ဤသို့၊ မာ စိန္တယိတ္ထ-မကြံပါကုန်လင့်၊ ဟိ– ထင်ရှားအောင် သံတော်ဥးတင်ပါအံ့၊ မမ – အကျွန်ုပ်၏၊ သတ္ထုနော– ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရား၏၊ မာတုကုစ္ဆိ သြက္ကမနေ – မယ်တော်ဝမ်းသို့ သက်ရောက်တော်မူရာအခါ၌ဌ၎င်း၊ မာတုကုစ္ဆိတော-မယ်တော်ဝမ်းမှ၊ နိက္ခမနေ – ထွက်တော်မူရာအခါ၌ဌ၎င်း၊ ဝါ – ဖွားမြင်တော်မူရာအခါ၌ဌ၎င်း၊

× × × × × × ×

ပဒ္မ ပတိဋ္ဌိတေန။ ။ပဒ္မဟိ–လက်ခြေနဖူး, တတောင်ဒူးဟူသော ငါးပါးသော အင်္ဂါတို့ဖြင့်+အဘိမုခံ+ဋ္ဌိတေန–ဘုရားသို့ ရှေးရှု+တည်ခြင်းဖြင့်၊– ဋီကာသစ်၊ ပဒ္မဟိ–တို့ဖြင့်၊ ပတိဋ္ဌိတော–ရှေးရှု တည်ခြင်းတည်း၊ ပဒ္မ ပတိဋ္ဌိတော-ခြင်း၊ "တည်"ဟူရာဝယ် ထိုင်ရာ, ရပ်ရာဖြစ်သော မြေ, ကြမ်း, ဗျာပေါ် စသည်၌တည်ခြင်းတည်း၊ ထိုသို့ ပဒ္မ ပတိဋ္ဌိတဖြစ်ဘို့ရန် လက်ဝါးပြင် ၂ ဘက် , ခြေ ၂ ဘက် , နဖူး , တတောင် ၂ ဘက် , ဒူး ၂ ဘက်တို့ကို တည်ရာအပြင်၌ ထိလျက်နေအောင် ဝပ်ချရသည်၊ ဤသို့ ထိရသောကြောင့် "ထိခြင်း ငါးပါး"ဟု ပြောစမှတ်ပြုကြ၏၊ သို့သော် ပတိဋ္ဌိတပုဒ်၏ အနက်မှာ ထိခြင်းမဟုတ်, တည်ခြင်းသာတည်း။ [ပဒ္မပတိဋ္ဌိတအကျယ် အဆုံးအဖြတ်ကို ကျေးဇူးရှင် ဆရာတော်ဘုရား၏ ပခုက္ကူနိသယသစ်၌ ရှုပါလေ။]

မမ သတ္ထုနော ဟိ။ ။"ပဒ္မပတိဋ္ဌိတေန ဝန္ဒိတ္ဝာ"ဖြင့် ကာယပဏာမကိုပြပြီး၍, "မမသတ္ထုနော"စသည်ဖြင့် ဝစီပဏာမ(နှုတ်ဖြင့် ဘုရားဂုဏ်တော်တို့ကို ကိုင်းညွတ်မှု)ကို ပြ၏၊ ထို ပဏာမ ၂ ပါး၏ ရှေ့သွားနောက်လိုက် စိတ်များဖြင့် မနောပဏာမကိုလည်း ပြရာရောက်သည်၊ ဘုရားရှင်၏ အကျင့်ဟူသမျှသည် အခြားပုဂ္ဂိုလ်နှင့် မဆက်ဆံသော (လိုက်၍ မမှီနှိုင်သော) အံ့ဩဘွယ်ချည်းသာ ဖြစ်၏၊ သို့သော် မာတုကုစ္ဆိ သြက္ကမန စသည်တို့မှာ နတ်မြဟ္မာနှင့်တကွသော သတ္တလောကဝယ် အလွန်ထင်ရှား၍ မည်သူမျှ မပယ်ရှားနိုင်ကြသောကြောင့် ထိုဂုဏ်တော်များကိုသာ ပြောပြလေသည်။

မဟာဘိနိက္ခမနေ– မြတ်သော တောထွက်တော်မူရာအခါ၌ဌင်း၊ သမ္မောဓိယံ– သစ္စာ ၄ ပါးကို သိတော်မူရာအခါ၌ဌင်း၊ (ဘုရားဖြစ်တော်မူရာအခါ၌ဌင်း)၊ ဓမ္မစက္ကပ္ပဝတ္တနေစ – ဓမ္မစကြာကို လည်စေတော်မူရာအခါ၌ဌင်း၊ ဒဿဟာသီလောကဓာတု-တသောင်း အတိုင်းအရှည်ရှိသောလောကဓာတ်သည်၊ ကမ္ပိတ္ထ-တုန် လှုပ်ရပါပြီ၊ ဧဝံ-ဤသို့၊ (သည်ပုံသည်နည်း)၊ ယမကပါဋိဟာရိယံ-ရေမီး အစုံအစုံသောတန်ခိုးပြာဋိဟာကို၊ အကာသိ-ပြုတော်မူပါပြီ၊ ဧဝံ-ဤသို့၊ (သည်ပုံသည်နည်း)၊ ဒေဝေါရောဟဏံ – တာဝတိံသာ နတ်ပြည်မှ သင်္ကန်းမြို့သို့ သက်ဆင်းတော်မူခြင်းကို၊ (အကာသိ)၊ အဟံ- အကျွန်ုပ်သည်၊ သတ္ထု၊ နော- ဆရာဖြစ်တော်မူသောမြတ်စွာဘုရား၏၊ ဂုဏော-ဂုဏ်တော်တို့ကို၊ ကထယိဿာမိ- သံတော်ဥူးတင်ပါအံ့၊ မဟာရာဇ - မဟာရာဇာ၊ ကေဂ္ဂစိတ္တော– တခုတည်းသော အာရုံရှိသော စိတ်ရှိသည်၊ (တည်ကြည်သော စိတ်ရှိဘည်)၊ (ဟုတ္တာ) သုဏာ – နားစိုက်တော်မူပါ၊ ဣတိ, ဝတ္တာ - သံတော်ဥူးတင်ပြီး၍၊ အယံ ၊ပေ၊ သမ္မာသမ္ဗုဒ္ဓေါတိ အာဒိံ –အစရှိသောစကားကို၊ အာဟ– သံတော်ဥူးတင်ပြီ။

တတ္ထ-ထို အယံဒေဝ အစရှိသော စကားရပ်၌၊ တံ ခေါ ပန ဘဂဝန္တံ-တံ ခေါ ပန ဘဂဝန္တံဟူသော သဒ္ဒါသည်၊ ဣတ္ထမ္ဘူတာနတ္ထေ-ဣတ္ထမ္ဘူတာ ချာန အနက်၌၊ ဥပယောဂဝစနံ– ဒုတိယာဝိဘတ်ရှိသော သဒ္ဒါတည်း၊ တဿ

× × × × × × ×

ဣတ္ထမ္ဘူတာနတ္ထေ။ ။ဗုဒ္ဓမြတ်စွာ၏ အရဟံစသော ဂုဏ်တော်အသံသည် သဒေဝက လောကဥဿုံ အလုံးစုံကို လွှမ်းခြုံ၍ တက်၏၊ ဤသို့ ဂုဏ်တော်အသံ၏ လွှမ်းခြုံ၍တက်ခြင်းဟူသော အထူးအပြားကို“ဣတ္ထံ”ဟု ခေါ်၏။ [အယံ ပကာရော ဣတ္ထံ။] ထို အထူးသို့ရောက်သော ဂုဏ်တော်အသံကိုကား “ ဣတ္ထံဘူတ ” ဟု ခေါ်၏။ [ဣတ္ထံ+ ဘူတော ပတ္တောတိ ဣတ္ထံဘူတော။] “အဘယ်သူ၏ ကျော်စောသံပါနည်း”ဟု မေးလျှင် “ ဘဂဝန္တံ၏ ကျော်စောသံတည်း ”ဟု ဘဂဝန္တံပုဒ်က ကျော်စောသံ၏ အရှင် (ဥစ္စာရှင်) ကို (နှုတ်ဖြင့် ပြောပြသကဲ့သို့) ထင်ရှားပြ၏၊ ထို့ကြောင့် “ တံ ဘဂဝန္တံ ”ကို “ဣတ္ထမ္ဘူတာနတ္ထေ”ဟု ဆို၏။ [ဣတ္ထမ္ဘူတသဒ္ဒ+အာချာနံ ဣတ္ထမ္ဘူတာချာနံ။]

ဥပယောဂဝစနံ။ ။ပြုခဲ့သော အဖွင့်အရ ဣတ္ထမ္ဘူတာချာနဟူသည် ဘုရားရှင်ဖြစ်သော်လည်း ဘုရားရှင်နှင့် ကိတ္တိသဒ္ဒ၏ သာမိ+သံ (ဥစ္စာရှင် + ဥစ္စာ) အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်လည်း ဌာနူပစာရအားဖြင့် ဣတ္ထမ္ဘူတာချာနပင် မည်၏၊ ထို့ကြောင့် “တဿ ခေါ ပန ဘဂဝတောတိ အတ္ထော”ဟု သမ္ဗန်အနက်ကို အဋ္ဌကထာဖွင့်သည်၊ ဤသို့ ဣတ္ထမ္ဘူတာချာနဟူသည် သမ္ဗန်အနက် ဖြစ်သောကြောင့် ဆဋ္ဌိဝိဘတ်သာ သက်သင့်၏၊ သို့သော် “ အဘိ + ဥဂ္ဂတော ”၌ အဘိကို ကမ္မပ္ပဝစနီယ အမည်မှည့်၍ ထို ကမ္မပ္ပဝစနီယနှင့် ယှဉ်သောကြောင့် “ကမ္မပ္ပဝစနီယေ ယုတ္တော”ဟူသော သဒ္ဒဉပဒေသုတ် အရ ဒုတိယာဝိဘတ်သာ သက်ရသည်၊ ဆက်ဥူးအံ့၊–“ယုတ္တ”အရ “အယှဉ်”ဟူရာ၌ ဆက်သွယ် စပ်ယှဉ်ခြင်းကို “ အယှဉ် ”ဟု ခေါ်၏၊ ထိုသို့ စပ်ယှဉ်ရာ၌ သဒ္ဒါကျမ်းပုံစံ များဝယ် “ မာတရံ အဘိ”ကဲ့သို့ နီးကပ်စွာယှဉ်နေမှ “ အယှဉ် ”ဟု မမှတ်ရ၊ တံ ခေါ

ခေါ ပန ဘဂဝတော-ထိ မြတ်စွာဘုရား၏၊ ဣတိ အတ္ထော-နက်၊ ကလျာဏော တိ–ကား၊ ကလျာဏဂုဏသမန္နာဂတော– ကောင်းမြတ်သောဂုဏ်နှင့် ပြည့်စုံသော၊ သေဋ္ဌော-မြတ်သော၊ ဣတိ-သည်၊ ဝါ-ကို၊ ဝုတ္တံ ဟောတိ၊ ကိတ္တိသဒ္ဒေါ တိ–ကား၊ ကိတ္တိဓဝ – ကောင်းစွာပြောဆိုအပ်သော ဂုဏ်သတင်းသာတည်း၊ ဝါ–တနည်း၊ ထုတိယောသော- ချီးမွမ်းခြင်းအားဖြင့် ဖြစ်သော ဧကျာစောသံ

× × × × × × ×

ပန ဘဂဝန္တံ (“ဧဝံ ကလျာဏော ကိတ္တိသဒ္ဒေါ)အဘိ ဥဂ္ဂတော”ဟု “ဘဂဝန္တံ+ အဘိ ”ပုဒ်တို့ ပုဒ်ချင်း ဝေးနေသော်လည်း အဘိသဒ္ဒါက မီးရောင်ပြသကဲ့သို့ လှမ်း၍ ထွန်းပြနေသောကြောင့် အနက်သဘောအားဖြင့် ဘဂဝန္တံနှင့်အဘိကို ယုတ္တ (အဖွဲ့ဉ) ဟုပင် မှတ်ရပါသည်။

ကလျာဏော ။ ။ အရဟံ စသော ဂုဏ်တော်များသည် ကောင်း၏, မြတ်၏ (ကလျာဏ, သေဋ္ဌဖြစ်၏)၊ ထို ဂုဏ်တော်များ၏ အကြောင်းအရာကို ဟောသော (ပြောပြသော) သဒ္ဒါအသံလည်း အနက်ကို အကြောင်းပြု၍ ကာရဏူပစာရအားဖြင့် “ကလျာဏ, သေဋ္ဌ ”ဖြစ်၏၊ ဥပမာ– “ဘဂဝါတိ ဝစနံ သေဋ္ဌံ ”ဦ ဘုရားရှင်တည်းဟူသော အနက်ကိုဟောသောကြောင့် ဘဂဝါသဒ္ဒါလည်း မြတ်သောသဒ္ဒါ ဖြစ်ရသကဲ့သို့တည်း၊ ထို့ကြောင့် ပါဠိတော်၌ ကိတ္တိသဒ္ဒေါကို “ကလျာဏော”ဟု ဝိသေသနပြု၍ ထိုကလျာဏောအရ ကိတ္တိသဒ္ဒါရအောင်“ကလျာဏဂုဏသမန္နာဂတော”ဟု ဖွင့်သည်၊ သေဋ္ဌောကား အဓိပ္ပါယတ္ထ အဖွင့်တည်း။ [“ သမန္နာဂတော ”ဟု ဖွင့်သော်လည်း ကလျာဏောကို အသယတ္ထိတဒ္ဓိတ် မလုပ်ရ-ဟု ပါရာဇိကဏ် ဝေရဉ္ဇကဏ္ဍဘာသာဋီကာ၌ ဖွင့်ပြခဲ့ပြီ။]

ကိတ္တိသဒ္ဒေါ ။ ။“ကိတ္တိယေဝ”ဟု ပဌမဖွင့်ရာ၌ ကိတ္တိနှင့် သဒ္ဒပုဒ်တို့ အရတူ (ကမ္မဓာရဲသမာသ်) ဟု ပြ၏၊ ကိတ္တိယတေ– ကောင်းစွာ ပြောဆိုအပ်၏၊ ဧတိ ကိတ္တိ၊ [ကိတ္တ-သံသဒ္ဒေဓံဝတ်, တိပစ္စည်း။] သဒ္ဒီယတေ-ပြောဆိုအပ်၏၊ ဧတိ သဒ္ဒေါ၊ ကိတ္တိ ဧဝ+သဒ္ဒေါ ကိတ္တိ သဒ္ဒေါ။ [ဝတ္ထော ယေဝ (ဂုဏ်သတင်းကိုပင်) ဟိ ကိတ္တေတမ္ပတေ ကိတ္တိ, သဒ္ဒနီယတော သဒ္ဒေါတိစ ဝုစ္စတိ၊– ဋီကာသစ်၊ ကိတ္တိ+သဒ္ဒဟူသော သံဝဏ္ဏတမ္ပ ၂ ပုဒ်တွင် တပုဒ်ကိုသာ“ကိတ္တိယေဝ”ဖေါ်ပြရာ၌ မှတ်ဖွယ်အချက်ကို ပါရာဇိကဏ် ဘာသာဋီကာ၌ ပြခဲ့ပြီ။]

ထုတိယောသော ဝါ။ ။“ကိတ္တိကို ထုတိ, သဒ္ဒေါကို ယောသော” ဟု ဖွင့်၏၊ “ကိတ္တ–သံသဒ္ဒေ (ကောင်းစွာ ပြောခြင်း)” ဟူသော ဓာတ်နက် အရ “ ကောင်းစွာ ပြောခြင်း”ဟူသည် ချီးမွမ်းခြင်းပင်တည်း၊ ကိတ္တာနံ (အဘိတ္ထဝနံ) – ချီးမွမ်းခြင်း၊ ကိတ္တိ-ခြင်း၊ ကိတ္တိယာ-ချီးမွမ်းခြင်းအားဖြင့် +ပဝတ္တော+သဒ္ဒေါ ကိတ္တိသဒ္ဒေါ+ထိသဒ္ဒဟူသည် သာမန်ပြောရိုး သဒ္ဒမဟုတ်,“ကျယ်လောင်စွာ ပြန့်နှံ့၍ ထွက်လာသော သဒ္ဒဖြစ်သည်” ဟု သိစေလို၍“ယောသ”ဟု ဖွင့်သည်။ [“ဃသ-စု, အာဒိကရဏော (ထင်စွာပြုခြင်း)” ဟု ထောမနိဓိဆို၏၊ ထို ထင်စွာပြုခြင်း ဟူသည် ထင်ရှားအောင် ကြွေးကြော်ခြင်းပင်တည်း၊ ထို့ကြောင့်“ယောသ–ကြွေးကြော်သံ”ဟု အနက်ဆိုကြသည်။]

တည်း၊ အဇ္ဈာ၂ဂ်တောတိ - ကား၊ သဒေဝကံ – နတ်ပြဟ္မာနှင့် တကွဖြစ်သော၊ လောကံ–သတ္တလောကကို၊ အဇ္ဈောတ္ထရိတ္ဝာ - လွှမ်းခြုံ၍၊ ဥဂ္ဂတော - တက်ပြီ၊ ကိန္တိ–အဘယ်သို့လျှင်၊(အဇ္ဈာ၂ဂ်တော–သဒေဝက, လောကဥဿံ, အလုံးစုံကို, လွှမ်းခြုံ၍ တက်သနည်း)၊ ဣတိပိ၊ပေ၊ဘဂဝါတိ-ဟူ၍၊ (အဇ္ဈာ၂ဂ်တော-ပြီ)။

တတြ–ထိ ဣတိပိ သော ဘဂဝါ အစရှိသော ပါဠိတော်မြတ်, ပါဠိအရာ၌၊ အယံ– ဤ ဆိုအပ်လတ္တံ့ကား၊ ပဒသမ္မန္ဓော – ပုဒ်တို့၏ ဆက်စပ်ခြင်းတည်း၊ သော ဘဂဝါ-ထို မြတ်စွာဘုရားသည်၊ ဣတိပိ-ဤအကြောင်း, ဤအကြောင်းကြောင့်လည်း၊ အရဟံ–အရဟံ မည်တော်မူ၏၊ (သော ဘဂဝါ)၊ ဣတိပိ–ကြောင့်လည်း၊ သမ္မာသမ္ဗုဒ္ဓေါ - သမ္မာသမ္ဗုဒ္ဓေါ မည်တော်မူ၏ ၊ပေ၊ (သော ဘဂဝါ)၊ ဣတိပိ-ဤအကြောင်း ဤအကြောင်းကြောင့်လည်း၊ဘဂဝါ-ဘဂဝါ မည်တော်မူ၏၊ ဣတိ–ဤဆိုအပ်ပြီးကား၊ (ပဒသမ္မန္ဓော– တည်း)၊ ဣမိနာစ ဣမိနာစ ကာရဏေန–ဤအကြောင်း ဤအကြောင်းကြောင့်လည်း၊(အရဟံ–မူ၏၊) ဣတိ–ဤအနက်သည်၊ ဝါ–ကို၊ ဝုတ္တံ ဟောတိ။

× × × × × × × ×

အဇ္ဈာ၂ဂ်တော မှတ်ချက် ။ ။ အဘိ + ဥဂ္ဂတောဟု ခွဲ၍, အဘိကို “ သဒေဝကံ လောကံ အဇ္ဈောတ္ထရိတ္ဝာ”ဟု ဖွင့်သည်၊ [အဘိသဒ္ဒေါ အဘိဘဝနေ၊အဘိဘဝနဿွေတ္ထ အဇ္ဈောတ္ထရဏမေဝါတိ ဝုတ္တံ အဇ္ဈောတ္ထရိတ္ဝာတိ၊ – ဋီကာသစ်။] သဒ္ဒါကျမ်းတို့၌ ကမ္မပ္ပဝစနီယအမည်ရသော အဘိ စသောပုဒ်များကို “ အနက် သီးခြားမရှိ, ထွန်းပြုရုံသာ”ဟု ဆိုကြသော်လည်း ဤ၌ သဒ္ဒါကျမ်းတို့အဆိုကိုမငဲ့ဘဲ အဘိကို ဇာတ္ထမ္ဘူတာချာန ဇောတကအပြင် အဘိဘဝန အနက်ကိုပါ အဋ္ဌကထာ ဖွင့်သည်။

ဣတိပိ၊ပေ၊ဘဂဝါ။ ။ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများသော ပုဂ္ဂိုလ်သည် ဣတိပိ သော ဘဂဝါဠ်ဒ ဣတိပိ သဒ္ဒါကို ဂုဏ်တော် ၉ ပါးလုံးဠ်ပင် ယှဉ်စေ၍“ဤဂုဏ်တော်အကြောင်း, ဤဂုဏ်တော် အကြောင်းကြောင့်လည်း အရဟံမည်တော်မူ၏၊ ၊ပေ၊ဤဂုဏ်တော်အကြောင်း, ဤဂုဏ်တော်အကြောင်းကြောင့်လည်း ဘဂဝါမည်တော်မူ၏”ဟု ဂုဏ်တော်တို့ကို အောက်မေ့ရသကဲ့သို့, ဗုဒ္ဓ၏ ဂုဏ်တော်များကို ပြောပြသော ဇီဝကကဲ့သို့ ပုဂ္ဂိုလ်များလည်း ဣတိပိသဒ္ဒါကို ဂုဏ်တော်တိုင်းဠ် ယှဉ်စေ၍ ပြောပြရသည်”ဟု ထုံးစံ ဥပဒေသကို ပြလို့သောကြောင့် “ဣတိပိ အရဟံ၊ပေ၊ဣတိပိ ဘဂဝါ” ဟု မိန့်သည်။

ဣတိပိ။ ။ ဂုဏ်တော်ကို အာရုံပြုသော အခါ ထို ဂုဏ်တော်သည် အာရုံပြုသူ၏ ဉာဏ်ထည်းဠ် ထင်လာသောကြောင့်, ထို ဂုဏ်တော်သည် အာရုံအားဖြင့် နီးကပ်လျက်ရှိ၏၊ ထို့ကြောင့် ဣတိကို အနီးအနက်ဟောသော ဣမသဒ္ဒါဖြင့် “ ဣမိနာ ” ဟု ဖွင့်၏၊ အရဟံ အမည်ရခြင်း၏ အကြောင်းဖြစ်သော ဂုဏ်တော်သည်ပင် တပါးလည်း မက ၂ပါးလည်း မက စိတ်ထည်းဠ် အများအပြား ထင်လာသောကြောင့် သမ္ပိဏ္ဏာနတ္ထ (သမုစ္စယတ္ထ) ဝိသဒ္ဒါဖြင့် “ ဣတိပိ ”ဟု ဆို၍, သမုစ္စယတ္ထ စသဒ္ဒါဖြင့်“ဣမိနာစ”ဟု အဋ္ဌကထာ ဖွင့်ပြသည်။ [ဣတိ သဒ္ဒေါ ဣမ အာသန္န ပစ္စက္ခကရဏတ္ထော၊ ဝိသဒ္ဒေါ သမ္ပိဏ္ဏာနတ္ထော၊ တေနစ တေသံ ဂုဏာနံ ဗဟုဘာဝေါ ဒီပိတော၊–ဋီကာ။]

တတ္ထ-ထိ သော ဘဂဝါအစရှိသော ပါဠိတော်မြတ်, ပါဋ္ဌအရာဠ်၊ အာရဂက တ္တာ – ကိလေသာတို့မှ ဝေးကွာတော်မူသည်၏ အဖြစ်ကြောင့်ဂုဏ်း၊ အရိနံ– ရန်သူတို့၏ဂုဏ်း၊ ဝါ-တို့ကိုဂုဏ်း၊ အရာနံ–အကန့်ထောက်ဆန်တို့၏ဂုဏ်း၊ ဝါ– တို့ကိုဂုဏ်း၊ ဟတတ္တာ - သတ်ဖြတ် ဖျက်ဆီးအပ်ကုန်ပြီး၏ အဖြစ်ကြောင့်ဂုဏ်း၊ ပစ္စယာဒီနံ-သက်ဆိုးစသော ပစ္စည်း အစရှိသည်တို့အား၊(အလမတ္ထသမ္မဒါန်၊) အရဟတ္တာ - ထိုက်တန်တော်မူသည်၏ အဖြစ်ကြောင့်ဂုဏ်း၊ ပါပကရဏော – မကောင်းမှုကို ပြုခြင်း၌၊ ရဟာဘာဝါ– ဆိတ်ကွယ်ရာ မရှိသည်၏ အဖြစ်ကြောင့် ဂုဏ်း၊ တာဝ–သမ္မာသမ္ဗုဒ္ဓေါစသော ဂုဏ်တော်တို့မှ ရှေးဦးစွာ၊ ဣတိ ဣတမေဟိ ကာရဏေဟိ-၌ အကြောင်းတို့ကြောင့်၊ သော ဘဂဝါ-ထို မြတ်စွာဘုရားကို၊ အရဟန္တိ– အရေဟံ ဟူ၍၊ ဝေဒိတမ္ဗော၊ ဣတိ အာဒိနာ – ၌သို့ အစရှိသော၊ နယေန-နည်းဖြင့်၊ မာတိကံ- မာတိကာကို၊ (အကျဉ်းချုပ် ခေါင်းစဉ်ကို)၊ နိက္ခိပိတ္ဗာ-ချထားပြီး၍၊ စ– မာတိကာသာ မကသေး၊ သဗ္ဗာနေဝ - အလုံးစုံ သာလျှင်ဖြစ်ကုန်သော၊ ဧတာနိ ပဒါနိ-၌ အရဟံအစရှိသော ပုဒ်တို့ကို၊ ဝိသုဒ္ဓိ မဂ္ဂေ–ဝိသုဒ္ဓိမဂ်၌၊ ဗုဒ္ဓါနုဿတိနိဒ္ဒေသေ - ဗုဒ္ဓါနုဿတိ နိဒ္ဒေသ၌၊ ဝိတ္ထာရံတာ နိ· ခဲ့အပ်ကုန်ပြီ၊ ဣတိ-ထို့ကြောင့်၊(ထိုသို့အလုံးစုံသော ၌ အရဟံအစရှိသော ပုဒ်တို့၏ ဝိသုဒ္ဓိမဂ် ဗုဒ္ဓါနုဿတိ နိဒ္ဒေသ၌ ခဲ့အပ်ကုန်ပြီး၏ အဖြစ်ကြောင့်)၊ တဒတော-ထို ဝိသုဒ္ဓိမဂ်မှ၊ နေသံ-ထို အရဟံ အစရှိသော ပုဒ်တို့၏၊ ဝိတ္ထာရော-အကျယ်ကို၊ ဂဟေတဗ္ဗော–ယူထိုက်၏၊ (ယူပါလေ)။

ပန-ဆက်၊ ဇိဝကော - ဇိဝကသည်၊ ကေမကဿ - တပါးတပါးသော၊ ပဒဿ-ဂုဏ်တော်ပုဒ်၏၊ အတ္ထံ–အနက်အဓိပ္ပါယ်ကို၊ နိဒ္ဒါပေတွာ – ပြီးဆုံး စေ၍၊ မဟာရာဇ-မဟာရာဇာ၊ မယ္ဟံ-အကျွန်ုပ်၏၊ သတ္ထာ-ဆရာသည်၊ ဧဝံ–၌ အကြောင်း ၌ အကြောင်းကြောင့်၊ အရဟံ – အရဟံမည်တော်မူပါ၏၊ ဧဝံ– ကြောင့်၊ သမ္မာသမ္ဗုဒ္ဓေါ-သမ္မာသမ္ဗုဒ္ဓေါ မည်တော်မူပါ၏၊ပေ၊ဧဝံ–ကြောင့်၊ ဘဂဝါ– ဘဂဝါမည်တော်မူပါ၏၊ ဣတိ, ဝတ္ဝာ - သံတော်ဥုံးတင်ပြီး၍၊ တံ ဒေဝေါပေါပသီဒေယျာတိ–ဟူ၍၊ အာဟ-သံတော်ဥုံးတင်ပြီ၊ စ-ဆက်၊ တ္ထေ-၌ တံဒေဝေါအစရှိသော စကားရပ်၌၊ တံဒေဝေါ ပယိရုပါသတ္ထုတိ-တံဒေဝေါ ပယိရုပါသတု ဟူ၍၊ ဝဒန္တော–သံတော်ဥုံးတင်သော ဇိဝကသည်၊(အာဟ၌

× × × × × × ×

ဇိဝကော ပန ။ ။ဇိဝကသည် များစွာသော ဘုရား့ဂုဏ်တော်တို့ကို ဘုရား ရှင်၏ အထံတော်မှပင် ကြားနာခဲ့ပြီးသူ ဖြစ်၏၊ သစ္စာ ၄ ပါးကို သိပြီးသော အရိယာ ဖြစ်သည့်အတွက် ဘုရား့သာသနာတော်၌ သို့လောသို့လော တွေးတော ယုံမှားခြင်း မရှိ တော့၊ ထို့ကြောင့် ဘုရား့ဂုဏ်တော်တို့ကို ပြောဘို့ရာ အလွန်ရဲရင့်ရကား အရဟံစသော ဂုဏ်တော်တပါးစီကို့ပင် အကျယ်ခဲ့ထွင်၍ပြောကြောင်းကို ပြလိုသောကြောင့် "ဇိဝကော ပန" စသည်ကို မိန့်သည်။

စပ်)၊ [ဤ "ဝဒန္တော- အာဟ" အတွင်း၌ မဟာရာဇ ၂ ပုဒ်ပါနေ၏၊ ဟပုဒ် ပိုသည်။] မဟာရာဇ– မဟာရာဇာ၊ ဟိ - ချဉ်းကပ်ထိုက်သည်ကား မှန်ပါ၏၊ တုမှာဒိသာနံ-အရှင်မင်းမြတ်ကဲ့သို့ ရှုအပ်ကုန်သော ပုဂ္ဂိုလ်တို့၏၊ သတေနပိ-အရာသည်၎င်း၊ သဟဿေနပိ – အထောင်သည်၎င်း၊ သတသဟဿေနပိ– အသိန်းသည်၎င်း၊ ပုဋ္ဌသ–မေးအပ်သော၊(ပြဿနာ အမေးခံရသော)၊မယ္ဟံ-အကျွန်ုပ်၏၊ သတ္ထုနော-ဆရာ၏၊("ထာမောစ ဗလဉ္စ"တို့၌စပ်)၊ သဗ္ဗေသံ-အလုံးစုံသော ပုဂ္ဂိုလ်တို့၏၊ စိတ္တံ-ကို၊ ဂဟတ္ထာ-ယူ၍၊ ကထေတုံ–ဖြေဆိုခြင်းငှါ၊ ထာမောစ-ဒေဿနာ ဉာဏ်တော်အစွမ်းသည်၎င်း၊ ဗလဉ္စ-ဆယ်ပါးသော ဉာဏ်တော်အားသည်၎င်း၊ အတ္ထိ– ရှိပါ၏၊ ဝိသဒ်ံ– စွန့်လွှတ်အပ်သော စိတ်ရှိသည်၏အဖြစ်ဖြင့်၊ ဝါ–ရုံ့ရှားခြင်းကင်း ရဲတင်းစွာ၊ ဥပသင်္ကမိတ္ထာ-ချဉ်းကပ်၍၊ ပုစ္ဆိယျာသိ - ပြဿနာ မေးတော်မူပါ၊ ဣတိ , အာဟ - ပြီ။ [ဝိသဒ်ံ နေရာ၌ "ဝိသဒ္ဒော–စွန့်လွှတ်အပ်သော စိတ်ရှိသည်၊(ဟုတ္ထာ)" ဟုလည်း မူကွဲရှိ၏။]

ရညောပိ - မင်းသည်လည်း၊ ဘဂဝတော - မြတ်စွာဘုရား၏၊ ဂုဏကထံ-ဂုဏ်တော် စကားကို၊ သုဏန္တသ – ကြားနာရစဉ်၊ [တနည်း , ဘဂဝတော-၏၊ပေ၊သုဏန္တသ–ကြားနာရသော၊ ရညောပိ-မင်း၏လည်း။] သကလသရီရံ-အလုံးစုံသော ကိုယ်သည်၊(တကိုယ်လုံးသည်၊) ပဉ္စဝဏ္ဏာယ- ၅ မျိုး အတိုင်းအရှည်ရှိသော၊ ပီတိယာ–ပီတိသည်၊ နိရန္တရံ–မပြတ်၊ ဖုဋ္ဌံ - ပြန့်နှံ့အပ်သည်၊ အဟောသိ - ဖြစ်ပြီ၊[တနည်း-"ပီတိယာ–ပီတိဖြင့်၊ နိရန္တရံ, ဖုဋ္ဌံ - ပြန့်နှံ့သည်၊

× × × × × × ×

ဇဏ္ဍစ၊ပေ၊အာဟ ။ ။ ပါဠိတော်၌ "တံ ဒေဝေါ ပယိရုပါသတု" မျှသာ ရှိပါသော်လည်း ထိုစကားအတွက် သာမတ္ထိယတ္ထ (ပြစ္ဘမ်းနိုင်သော အနက်ပို) ကို ပြလို၍ "ဇဏ္ဍေစ" စသည်ကို အဋ္ဌကထာဆရာ မိန့်သည်၊"တုမှာဒိသာနံ ဟိ" စသော စကားများသည်"တံ ဒေဝေါ ပယိရုပါသတု" ၏ သာမတ္ထိယတ္ထ ဖြစ်သည် – ဟူလို။ [ထာမော ဒေဿနာညာဏမေဝ၊ ဗလံ ပန ဒသဗလညာဏံ, ဝိသဒ္ဒံတိ ဘာဝနပုံသကပဒံ၊ အနာသင်္ကိန္တိ အတ္ထော၊–ဋီကာသစ်၊ ဝိသဒ္ဒပုဒ်ပြီးပုံကို ပါရာဇိကဏ် ဘာသာဋီကာ ဗာဟိရနိဒါန်း၌ ပြခဲ့ပြီ။]

ပဉ္စဝဏ္ဏာယ ။ ။ ခုဒ္ဒိကာပီတိ, ခဏိကာပီတိ, ဩက္ကန္တိကာပီတိ , ဥဗ္ဗေဂါပီတိ, ဖရဏာပီတိဟူသော ပီတိ ၅ မျိုးကို "ပဉ္စဝဏ္ဏာ" ဟု ဆိုသည်၊ ဤ၌ ဝဏ္ဏာသဒ္ဒါလည်း အဘိဓာန်လာ အနက်တို့တွင် ပမာဏ အနက်ဟောတည်း၊ ထို ပမာဏ အနက်ကိုပင် "ပကာရ"ဟု ဋီကာဖွင့်သည်။ [ဖုဋ္ဌံ၌ ဖရဓာတ်,တပစ္စည်း၊ဖ၏(အ)ကို ဥ,တကို ဋဖြု၊] အဘယ့်ကြောင့် ဂုဏ်တော်ကိုကြားရုံမျှဖြင့် ထိုမျှလောက် ပီတိဖြစ်ရသနည်းဟု မေးဘွယ်ရှိ၏၊"ရှေးက အဓိကာရ(အလွန်အကဲ ပြုအပ်ခဲ့သော ကောင်းမှုပါရမီ) ရှိပြီးဖြစ်သောကြောင့် ဂုဏ်တော်ကို ကြားရုံမျှဖြင့် ထိုမျှလောက် ပီတိဖြစ်ရသည်" ဟု ဖြေပါ၊ မှန်၏–ထိုမင်းသည် ပါရမီဂုဏ်ကို ပိတုဃာတကကံက မနှိပ်စက်လျှင် ထိုဘဝ၌ မဂ်ဖိုလ်ရလေဘံအောင် ဧကောင်းမှုပါရမီ ရှိခဲ့ပြီးသူ ဖြစ်သည်။

အဟောသိ”ဟုလည်း ပေးနိုင်သည်။] သော- ထိုမင်းသည်၊ တခ်ဏာညေ၀-ထို ခဏာ၌ပင်၊ ဂန္တ္ဓကာမော – သွားခြင်းငှါ အလိုရှိသည်၊ ဟုတွာ- ဖြစ်၍၊ ပန-ထိုသို့ပင် သွားခြင်းငှါအလိုရှိပါသော်လည်း၊ ဣမာယဝေလာယ–၌အချိန်၌၊ မယ္ဟံ- ငါ့ကို၊ (ယာနာနိ ဒ္ဒစ၀်)၊ ဝါ- ငါသည်၊ ဒဿဗလဿ- မြတ်စွာဘုရား၏၊ သန္တိကံ-သို့၊ ဂစ္ဆေဟော-သွားလတော်၊ ဇိ၀ကာ- ဇိ၀ကကို၊ အညတြ်- ကြဉ်၍၊ အညော-ဇိ၀ကမှအခြားသော၊ ကောစိ- တစုံတယောံသည်၊ ဒိပ်ံ- လျင်မြန်စွာ၊ ယာနာနိ-ယာဉ်တို့ကို၊ ယောဇေတုံ ယုဉ်စေခြင်းငှါ၊ နသက္ခိဿတိ-စွမ်းနိုင်လိမ့် မည်မဟုတ်၊ ဣတိ, စိန္တေတွာ-၍၊ “တေနဟိ၊ပေ၊ကပ္ပါပေဟိတိ-ဟူ၍၊ အာဟ။

တတ္ထ-ထို တေန ဟိ အစရှိသောစကားရပ်၌၊ တေနဟိတိ–တေနဟိဟူသော သဒ္ဒါသည်၊ ဉယျာဇနတ္ထေ-တိုက်တွန်းခြင်းအနက်၌၊(ပ၀တ္တော)၊ နိပါတော-နိပါတ်တည်း၊ သမ္မဇ်ိ၀က – အချင်း ဇိ၀က၊ ဂစ္ဆ – သွားပါချေ၊ ဣတိ ဝုတ္တံ ဟောတိ။ [“ယာဉ်တို့ကိုပြင်ဘို့ရန် သွားပါချေ” ဟု တိုက်တွန်းသည်– ဟူလို။] ဟတ္ထိယာနာနိတိ-ကား၊ အနေကေသု- များစွာကုန်သော၊ အဿရထာဒီသု-မြင်းယာဉ်,ရထားယာဉ်အစရှိကုန်သော၊ ယာနေသု-ယာဉ်တို့သည်၊ဝိဇ္ဇမာနေသုပိ – ထင်ရှား ရှိပါကုန်သော်လည်း၊ ဟတ္ထိယာနံ – ဆင်ယာဉ်သည်၊ ဥတ္တမံ-မြတ်၏၊ ဥတ္တမဿ—မြတ်သော မြတ်စွာဘုရား၏၊ သန္တိကံ-အထံတော်သို့၊ ဥတ္တမ ယာနေနေ၀-မြတ်သောယာဉ်ဖြင့်သာလျှင်၊ ဂန္တုမ္ဗံ-သွားထိုက်၏၊ ဣတိစ-ဤသို့ ၎င်း၊ (“စိန္တယိတ္ထာ”၌ လှမ်းစပ်)။ [ဥတ္တမ ဖြစ်ရုံသာမက အပ္ပဿဒ္ဓ ဖြစ်ခြင်း လည်း အကြောင်းတပါးပင်ဟု ပြလို၍“အဿယာန”စသည်မိန့်၊“အဿရထ ယာနာနိ ဟိ”ဟု ရှေးစာအုပ်တို့၌ ဟိ ပါသည်ကား မကောင်း။] အဿယာန ရထယာနာနိ-မြင်းယာဉ်,ရထားယာဉ်တို့သည်၊ သသဒ္ဒါနိ–ဆူညံသောအသံ ရှိကုန်၏၊ ဒုရတော၀–အ၀ေးမှပင်၊ တေသံ-ထို မြင်းယဉ်, ရထားယာဉ်တို့၏၊ သဒ္ဒေါ-အသံကို၊ သုယျတိ-ကြားအပ်၏၊ ဟတ္ထိယာနဿ—ဆင်ယာဉ်၏၊ ပဒါနုပဒံ – ရှေ့ခြေရာသို့ အစဉ်လိုက်သော ခြေရာဖြင့်၊ (ဖ၀ါးခြေထပ် ထက်ကြပ်မကွာ)၊ ဂစ္ဆန္တာပိ- လိုက်သွားသူတို့သော်မှလည်း၊ သဒ္ဒံ-အသံကို၊ နသုဏန္တိ-မကြားရကုန်၊ ပန-ဆက်၊ နိဗ္ဗုတဿ-ကိလေသာ အပူဝေး၍, ငြိမ်းအေးတော်မူပြီးသော၊ ဘဂ၀တော -မြတ်စွာဘုရား၏၊ သန္တိကေ–အထံတော်သို့၊ နိဗ္ဗုတေ ဟေ၀–ဆူဆူညံညံ အသံမထွက် ငြိမ်သက်သည်သာလျှင် ဖြစ်ကုန်သော၊ [အပ္ပ

× × × × × × ×

ပဒါနုပဒံ။ ။ပဒသဒ္ဒါသည် “ခြေရာ”အနက်ဟောတည်း၊ ပဒံ-ရှေကသွားသော ဆင်ယာဉ်၏ခြေရာသို့+အနုပဒံ–အစဉ်လိုက်သောခြေရာတည်း၊ (နောက်က လိုက်သူ၏ ခြေရာတည်း၊) ပဒါနုပဒံ– ရာ၊ ကြိယာ၀ိသေသနပုဒ်တည်း၊ “ရှေကသွားသောဆင်၏ ခြေရာနှင့် နောက်ကလိုက်သော လူ၏ခြေရာက ထပ်နေအောင်”ဟူလို။

သဒ္ဒတာယ သဒ္ဒသခ်ေါဘနဂူပသမေဟေ၀၊–ဋီကာသစ်၊] ယာနေဟိ – ယာဉ်တို့ဖြင့်၊ ဂန္ဓမ္ဗံ– သွားထိုက်၏၊ ဣတိစ – ဤသို့၎င်း၊ စိန္တယိတွာ–ကြံ၍၊ ဟတ္ထိယာနာနိတိ–ဟူ၍၊ အာဟ။

ပဉ္ဆမတ္ထာနိ ဟတ္ထိနိကာသတာနိတိ - ကား၊ ပဉ္ဆကရေဏုသတာနိ – ဆင်မငါးရာတို့ကို၊ ကပ္ပါပေတွာတိ-ကား၊ အာရောဟဏသဇ္ဇနာနိ–စီးဘို့ရန် ပြင်ဆင်ခြင်းရှိသည်တို့ကို၊ (တနည်း) အာရောဟဏသဇ္ဇာနိ-စီးဘို့ရန် ပြင်ဆင်အပ်သည်တို့ကို၊ ကာရေတွာ – ပြုစေပြီး၍၊ အာရောဟဏိယန္တိ – ကား၊ အာရောဟဏယောဂ်ံ- စီးခြင်းငှါ လျောက်ပတ်သော၊ သြပ၀ယ်ံ-မင်းသို့ကပ်၍ ဆောင်ယူစွမ်းနိုင်သော၊ (တနည်း) သြပဂုယ်ံ- မင်းကို လျှိုဝှက်စွမ်းနိုင်သော၊(နာဂံ- စီးတော်ဆင်ကိုလည်း၊ ကပ္ပါပေတွာ၌စပ်)၊ ဣတိအတ္ထော။

× × × × × × ×

ကရေဏုဟု။ ။ကရေဏု သဒ္ဒါသည် ဆင်ထီး- ဆင်မအနက်ကို ဟော၏၊ ဆင်မကို ဟောရာ၌ ဟတ္ထိနီသဒ္ဒါ၏ ပရိယာယ်တည်း၊ “ကြိ၀ေတ် , နေ့ပစ္စည်း ” ဟု ထောမနိမိဆို၏၊ နကို ဏပြန်ထားသည်၊ ပါဠိ၌ ကရဓေဝတ်, သွာဒိဂိဏ်း, ဝဓ (ညှဉ်းဆဲ) အနက် ဟောတည်း၊ ကိဏောတိတိ ကရေဏု–သူတပါးကို ညှဉ်းဆဲတတ်သောဆင်။

ကပ္ပါပေတွာ။ ။စုရာဒိ ကပ္ပဓဝတ်သည် တတ္ထ ဝိမိ ဆေဒအနက်တို့ကို ဟော၏၊ ဤနေရာ၌ ဝိမိ (ပြုစီစဉ်ခြင်း) အနက်ဟောတည်း၊ ထို့ကြောင့် “ကပ္ပါပေတွာ–စီစဉ်စေ၍ (ပြင်ဆင်စေ၍)” ဟု အနက်ဖြစ်၏၊ “ပြင်ဆင်စေခြင်း” ဟူသည်လည်း စီးဘို့ရန် အသင့်ပြင်ထားစေခြင်းတည်း၊ ထို့ကြောင့် အာရောဟဏ-စသည်ကို အဓိပ္ပါယ်ထွက်ဟု မှတ်ပါ။

အာရောဟဏသဇ္ဇ (နာ) နိ။ ။ “အာရောဟဏသဇ္ဇနံ ကုထာဒိနံ (ဆင်ကုန်းအစရှိသည်တို့ကို) ဗန္ဓနမေ၀ ” ဟု ဋီကာသစ်ဖွင့်သည်၊ ထို့ကြောင့် ဋီကာသစ်အလို “ အာရောဟဏ သဇ္ဇနာနိ ” ဟု ပါဠိ၌ရှိပါစေ၊ အာရောဟဏာယ + သဇ္ဇနံ ယောသံတိ အရောဟဏသဇ္ဇနာနိ၊ စာအုပ်တို့၌ကား “အာရောဟဏသဇ္ဇာနိ ” ဟု ရှိ၏၊ “ သဇ္ဇိယန္တေတိ သဇ္ဇာနိ၊ အာရောဟဏာယ + သဇ္ဇာနိ အာရောဟဏသဇ္ဇာနိ”ဟု ပြု။

အာရောဟဏိယံ။ ။အာရောဟိတဗ္ဗော–စီးထိုက်၏၊ ဒုတိ အာရောဟဏိယော၊ အာ+ရုဟ, အနီယ၊ “ရော”ဟု ဩဝဒ္ဓိပြု၊ နကို ဏပြု၊ အနီယပစ္စည်း၏ အရုဟအနက်ကို ပြုလို၍ “ ယောဂ်ံ ” ဟု ဖွင့်သည်၊ “ စီးခြင်းငှါ + သင့်လျော် ” ဟူသည်နှင့် “စီးထိုက်” ဟူသည် သဘောတူတည်း။

သြပ၀ယ်ံ။ ။စာအုပ်တို့၌ “သြပဂုယ်ံ”ဟု တွေ့ရ၏၊ အဘိဓာန် (၃၆၆)၌ “သြပ၀ယော ရာဇ၀ယော–စီးတော်ဆင်”ဟု ရှိ၏၊ ၀ယော၌ ၀ဟဓာတ်, ကတ္တားဟော ဏ္ဍပစ္စည်း၊ ဟနှင့် ယ ရှေ့နောက်ပြန်၊ ရာဇာနံ ဥပဂန္ဒာ ၀ဟတီတိ ဥပ၀ယော – မင်းသို့ချဉ်းကပ်၍ ဆောင်ယူတတ်သောဆင် (ထိုသို့ ဆောင်ယူတတ်လေ့အောင် လိမ္မာသောဆင်)၊ ဥပပုဒ်က ဓာတ်မဟုတ်သောကြောင့် ဝုဒ္ဓိမရောက်နိုင်ရကား “ဥပ၀ယော့ယေ၀ သြပ၀ယော” ဟု သွတ္ထိ့ ဏ ပစ္စည်းသက်။ [ဋီကာသစ်၌ “သြပဂုယ့ဿိဒံ ပဌမံ” ဟု ဆို၍ “ရာဇာနံ ဥပဂူဟိတုံ ဂေါပိတုံ သမတ္ထံတိ အတ္ထော ”ဟု ဖွင့်ပြလေသည်။]

ပန - ပရိဟာရပက္ခမ္မတပါး, စောဒကပက္ခကို ဆိုဥုးအံ့၊ သေ (ဧသော)–ဤ ဇီဝကသည်၊ ရညာ– မင်းသည်၊ ဝုတ်တံ-ပြောဆိုအပ်သော အစီအစဉ်ကို၊ အကာသိကိ ံ-ပြုသလော၊ အဝုတ်တံ-မပြောဆိုအပ်သော အစီအစဉ်ကို၊ (အကာသိကိ ံ-လော)၊ ဣတိ-ဤကား အမေးတည်း၊ အဝုတ်တံ-ကို၊ (အကာသိ-ပြုပြီ၊ ဣတိ-ဤကား အဖြေတည်း၊) ကသ္မာ – အဘယ့်ကြောင့်၊ (အဝုတ်တံ, အကာသိ – ပြုရသနည်း၊) ပဋ္ဌိတတာယ – မြော်မြင်တတ်စွာ , ပညာရှိသည်၏အဖြစ်ကြောင့်၊ (အဝုတ်တံ, အကာသိ-ပြီ၊) ကိရ-ချဲ့၊ အဿ–ထိုဇီဝက၏၊ ဧဝံ-ဤသို့သောအကြံသည်၊ အဟောသိ- ဖြစ်ပြီ၊ (ကိ ံ)၊ ရာဇာ- မင်းသည်၊ ဣမာယ ဧဝလာယ–ဤအချိန်၌၊ ဂစ္ဆာမိ- သွားအံ့၊ ဣတိ- ဤသို့၊ ဝဒတိ- ပြော၏၊ ရာဇာနော စ နာမ–မင်းတို့မည်သည်လည်း၊ (မင်းတို့ဆိုတာလဲ)၊ ဗဟုပစ္စတ္ထိကာ-များသောရန်သူရှိကုန်၏၊ အန္တရာမဂ္ဂေ– လမ်းခရီးအကြား၌၊ ကောစိ- တစုံတခုသော၊ အန္တရာယော–အန္တရာယ်သည်၊ ဟောတိ-ဖြစ်အံ့၊ (ဧဝံသတိ)၊ မံဝိ-ငါ့ကိုလည်း၊ ဂရဟိသန္တိ-ကဲ့ရဲ့ကုန်လတံ့၊ (ကိ ံ)၊ ဇီဝကော-သည်၊ ရာဇာ-သည်၊ မေ-၏၊ ကထံ-စကားကို၊ ဂဏှာတိ - ယူ၏၊ (လိုက်နာ၏)၊ ဣတိ - ဤသို့ကြံ၍၊ အကာလေဝိ–မထွက်သင့်ရာအခါ၌လည်း၊ ရာဇာနံ - ကို၊ ဂဟေတွာ - ခေါ်ယူ၍၊ နိက္ခမတိ–ထွက်ဘိ၏၊ ဣတိ(ဂရဟိသန္တိ)၊ ဘဂဝန္တံဝိ- ဘုရားရှင်ကိုလည်း၊ ဂရဟိသန္တိ၊ (ကိ ံ)၊ သမဏော ဂေါတမော-ရဟန်းဂေါတမသည်၊ မယ္ဟံ-၏၊ ကထာ-တရားစကားသည်၊ ဝတ္တတိ– ဖြစ်၏၊ ဣတိ – ဤသို့ နှလုံးသွင်း၍၊ ကာလံ- အချိန်ကို၊ အသလ္လက္ခေတွာဝ –မမှတ်သားမူ၍သာလျှင်၊ ဓမ္မံ- တရားကို၊ ကထေတိ-ဟောဘိ၏၊ ဣတိ, (ဂရဟိသန္တိ)၊ တသ္မာ - ထို့ကြောင့်၊ (ထိုသို့ ကဲ့ရဲ့ကုန်လတံ့၏အဖြစ်ကြောင့်)၊ ယထာ-အကြင်အခြင်းအရာအားဖြင့်ပြုလသော်၊ မယ္ဟံ-ငါ့ကို၊ ဂရဟာ-ကဲ့ရဲ့ခြင်းသည်၊ နေဝ ဥပ္ပဇ္ဇတိ-မဖြစ်၊ ဘဂဝကော-မြတ်စွာဘုရားကို၊ ဂရဟာ–သည်၊ နဥပ္ပဇ္ဇတိ–မဖြစ်၊ ရညော စ-မင်းကိုလည်း၊ ရက္ခာ-စောင့်ရှောက်ခြင်းသည်၊ ဝါ - ကို၊ သုသံဝိဟိတာ – ကောင်းစွာ စီရင်အပ်သည်၊ ဟောတိ၊ တထာ–ထို အခြင်းအရာအားဖြင့်၊ (မိမိကိုလည်း မကဲ့ရဲ့နိုင်, မြတ်စွာဘုရားကိုလည်း မကဲ့ရဲ့နိုင်, မင်းကိုလည်း ကောင်းစွာစောင့်ရှောက်အပ်ပြီး ဖြစ်လောက်အောင်သော အခြင်းအရာအားဖြင့်)၊ ကရိဿာမိ-ပြုအံ့၊ ဣဘိ-ဤသို့သောအကြံသည်၊ (အဟောသိ)။

× × × × × × ×

ဧဝံ ကိရဿ၊ပေ၊ကရိဿာမိတိ။ ။ဇီဝက၏ အမြော်အမြင် ပညာရှိပုံကိုပြလို၍ “ဧဝံ ကိရဿ၊ပေ၊ကရိဿာမိတိ”ဟု မိန့်သည်။.... [ကထာ ဝတ္တာတိတိ လဒ္ဓေါကာသဘာဝေန- အခွင့်ကောင်းရသည်၏အဖြစ်ကြောင့်၊ ကထာ - တရားစကားသည်၊ ပဝတ္တတိ၊– ဋီကာသစ်။] “ဇီဝကခေါ်လာသဖြင့် အခွင့်ကောင်းရ၍ ရှင်ဘုရင်အား တရားဟောရပေသည်”ဟူလို။

တတော–ထိုသို့ အကြံဖြစ်ခြင်းကြောင့်၊ ဣတ္ထိယော-တို့ကို၊ နိဿာယ-မှီ၍၊ ပုရိသာနံ-တို့၏၊ ဘယံနာမ–ဘေးမည်သည်၊ နတ္ထိ-မရှိ၊ သုခံ- ချမ်းသာစွာ၊ ဣတ္ထိ ပရိဝုတော-မိန်းမအပေါင်း ခြံရံအပ်သည်၊ (ဟုတ္တာ)၊ ဂမိဿာမိ-သွားရတော့အံ့၊ ဣတိ-ဤသို့ ကြံပြီးလျှင်၊ ပဋ္ဌဟတ္ထိနိကာသတာနိ-ငါးရာသောဆင်မတို့ကို၊ ကပ္ပါပေတွာ–ပြင်ဆင်စေပြီး၍၊ ပဋ္ဌဣတ္ထိသတာနိ - ငါးရာသော မိန်းမတို့ကို၊ ပုရိသဝေသံ–ယောကျ်ား၏အသွင်ကို၊ ဂါဟာပေတွာ–ယူစေပြီး၍၊ (တုမ္ဟေ)၊ အသိတောမရဟတ္ထာ–လက်တို့၌ သန်လျက် လှံဟူသောလက်နက် ရှိကုန်သည်၊ ဝါ– သန်လျက် လှံ လက်စွဲကုန်သည်၊ (ဟုတ္တာ)၊ ရာဇာနံ - မင်းကို၊ ပရိဝါရေယျာထ–ဝန်းရံကြကုန်လော၊ ဣတိ-ဤသို့၊ ဝတ္တွာ– ပြောပြီး၍။

ပုန-တဖန်၊ စိန္တေသိ–စဉ်းစားပြန်ပြီ၊ (ကိံ)၊ ဣမဿရညော– ဤမင်း၏၊ ဣမသ္မိံ အတ္တဘာဝေ- ဤ အတ္တဘောဌာန်၊ မဂ္ဂဖလာနံ – မဂ်ဖိုလ်တို့၏၊ ဥပနိဿယော-အားကြိုးသော မှီရာအကြောင်းသည်၊ နတ္ထိ မရှိတော့၊ [“ဝိတုယာတက ကံထိုက်ပြီးဖြစ်သောကြောင့်မဂ်ဖိုလ်မရနိုင်တော့” ဟူလို။] ဗုဒ္ဓါစ နာမ-ဘုရားရှင်တို့မည်သည်လည်း၊ ဥပနိဿယံ-အားကြိုးသောမှီရာအကြောင်းကို၊ ဒိသွာဝ– မြင်တော်မူ၍သာ၊ ဝါ-မြင်တော်မူမှသာ၊ ဓမ္မံ–ကို၊ ကထေန္တိ–ဟောတော်မူကြကုန်၏၊ ဟန္ဒ– ယခု၊ အဟံ– သည်၊ မဟာဇနံ- များစွာသော လူအပေါင်းကို၊ ဃန္ဓိပါတာပေမိ - စည်းဝေးစေရတော့အံ့၊ ဟိ- အကျိုးကား၊ (စည်းဝေးစေရခြင်း၏အကျိုးကား)၊ ဧဝံ–ဤသို့ များစွာသောလူအပေါင်းကို စည်းဝေစေခြင်းသည်၊ သတိ–ဖြစ်လသော်၊ ကဿစိ ဒေဝ–တစုံတယောံ၏သာလျှင်၊(အစည်းအဝေးတွင် ပါဝင်သော တယောက်ယောက်၏သာလျှင်)၊ ဥပနိဿယေန–ကြောင့်၊ ဓမ္မံ- ကို၊ ဒေသေဿတိ- ဟောတော်မူလတ္တံ့၊ သာ - ထိုဓမ္မဒေသနာသည်၊ မဟာဇနဿ - အား၊ ဥပကာရာယ - လျော်သောကျေးဇူးကို ပြုခြင်းငှါ၊ [“အခြားသူများမှာလည်း နောက်နောင်အခါ မဂ်ဖိုလ်ရဘို့ရန် အထောက်အပံ့ဖြစ်၍ ကျေးဇူးများခြင်းငှါ” ဟူလို။] ဘဝိဿတိ–ဖြစ်လတ္တံ့၊ ဣတိ–ဤသို့၊ (စိန္တေသိ၊ ဣတိ–သို့၊ စိန္တေတွာ–ကြံပြီး၍။)

× × × × × × ×

တတော၊ပေ၊ ဂမိဿာမိတိ။ ။မိန်းမတို့ကို အကြောင်းပြု၍ ယောကျ်ားတို့မှာ ကြီးကျယ်သော ဘေးမရှိနိုင်သောကြောင့် အနီးအပါးဌာ မိန်းမတွေ ခြံရံလျက်ရှိကြောင်းသိလျှင် ရှင်ဘုရင်ဌာ ယုံမှားသံသယစိတ် မဖြစ်နိုင်၊ “ထိုသို့ မဖြစ်နိုင်ခြင်းအကျိုးငှါ မိန်းမတွေ ခြံရံကာ စိတ်ချမ်းသာစွာ သွားစေရတော့မည်” ဟု ကြံသည်။

ပုရိသဝေသံ၊ပေ၊ ဟတ္ထာ။ ။ မိန်းမတွေ ခြံရံနေသော်လည်း အမျှားကမူ လက်နက်ကိုင် ယောကျ်ားတွေ ဟု အထင်ရှိ၍ ဘုရင်၏အနီးသို့ မကပ်ဝံ့အောင် မိန်းမတွေကို ယောကျ်ားအသွင် ဆင်ပြင်စေလျက် လက်နက်တို့ကို စွဲကိုင်စေသည်။

သော– ထို ဇိဝကသည်၊ တတ္ထတတ္ထ– ထိုထို အရပ်သို့၊ သာသနံ - နှုတ်မှာစကားကို၊ ပေသေသိ-စေလွှတ်ပြီ၊ ဘေရိ -စည်ကို၊ စရာပေသိ-လှည့်လည်စေပြီ၊ (ကိ–အာဘယ်သို့ စေလွှတ်သနည်း၊ ဝါ- အာဘယ်သို့ စည်လည်စေသနည်း)၊ အဇ္ဇ- ယနေ့၊ ရာဇာ– သည်၊ ဘဂဝတော- ၏၊ သန္တိကံ- သို့၊ ဂစ္ဆတိ- သွား၏၊ ဝါ – သွားမည်လို့၊ သဗ္ဗေ – အလုံးစုံသော လူတို့သည်၊ အတ္တနော – မိမိ၏၊ ဝိဘဝါနုရူပေန- စည်းစိမ်အား လျော်သဖြင့်၊ ရညော-၏၊ အာရက္ခံ–အစောင့်အရှောက်ကို၊ ဂဏှန္တု– ယူကြကုန်လော၊ ဣတိ- ဤသို့၊ (သာသနံ, ပေသေသိ၊ ဘေရိံ, စရာပေသိ)။ [“အနေးပါလောက်သော လူကြီးများအထံသို့ နှုတ်မှာစကားပို့၍, လူအများအတွက် စည်လည်စေသည်” ဟု ခွဲပါ။]

တတော- ထို့ကြောင့်၊ (ထိုသို့ နှုတ်မှာစကားကိုလည်း ပို့, စည်ကိုလည်းလည်စေခြင်းကြောင့်)၊ မဟာဇနော- သည်၊ စိန္တေသိ– ကြံပြီ၊ (ကိံ)၊ ရာဇာ– သည်၊ သတ္ထု-မြတ်စွာဘုရားကို၊ ဒဿနတ္ထံ-ဖူးမြင်ခြင်းအကျိုးငှါ၊ ဂစ္ဆတိ ကိရ- သွားမည်လို့တဲ့၊ ဘော–အချင်းတို့၊ ဝတ-အံ့သြဘွယ်၊ ကိဒိသိ- အဘယ်ကဲ့သို့ရှုအပ်သော၊ ဓမ္မဒေသနာ– တရားဒေသနာတော်သည်၊ ဘဝိဿတိ–ဖြစ်လတံ့နည်း၊ နော-ငါတို့အား၊ (ကိံ ဒ္ဝစပ)၊ (တနည်း) နော-ငါတို့၏၊ နက္ခတ္တကီဠာယ-နက္ခတ်သဘင်, ပျော်ရွှင်ကစားခြင်းဖြင့်၊ ကိံ - အဘယ်အကျိုး ရှိအံ့နည်း၊ တတ္ထဝ–ထို ဘုရင်သွားရာအရပ်သို့သာ၊ ဂမိဿာမ – လိုက်သွားကြကုန်စို့၊ ဣတိ-သို့၊ (စိန္တေသိ ပြီ)၊ (ဣတိ-ဤသို့ကြံပြီး၍)၊ သဗ္ဗေ–အလုံးစုံသော လူတို့သည်၊ ဂန္ဓမာလာဒီနိ- နံ့သာပန်း အစရှိသော ပူဇော်ဘွယ်တို့ကို၊ ဂဟေတ္ဝာ–ယူ၍၊ ရညော-၏၊ အာဂမနံ- ထွက်လာခြင်းကို၊ အာကခ်မာနာ - မြော်လင့်ကြကုန်လျက်(စောင့်ဆိုင်းကြကုန်လျက်)၊ မဂ္ဂေ-လမ်း၌၊ အဋ္ဌံသု- တည်ကြကုန်ပြီ။

ဇိဝကောပိ- သည်လည်း၊ ရညော- အား၊ ကပ္ပိတာနိ ခေါ၊ ပေ၊ ကာလံ မညတီတိ-ဟူ၍၊ ပဋိဝေဒေသိ-သံတော်ဥစ်းတင်ပြီ၊ တတ္ထ– ထို ကပ္ပိတာနိ အစရှိသော ပါဠိရပ်၌၊ ယဿ ဒါနိ ကာလံ မညသီတိ တေံ- ယဿ၊ ပေ၊ မညသီဟူသော စကားသည်၊ ဥပစာရဝဓနံ – ပြောဆိုရိုးစကားမျှသာတည်း၊ ဣဒံ– သည်၊ ဝါ–ကို၊ ဝုတ္တံ-သည်၊ ဝါ–သည်၊ ဟောတိ၊ (ကိံ ဝုတ္တံ ဟောတိ)၊ ယံ–အကြင်ပြင်ဆင်မှုကို၊ တယာ- အရှင်မင်းမြတ်သည်၊ အာဏတ္တံ- စေခိုင်းအပ်ပြီ၊ တံ–ထိုပြင်ဆင်မှုကို၊ မယာ- အကျွန်ုပ်သည်၊ ကတံ - ပြုအပ်ပါပြီ၊ ဣဒါနိ- ယခု

× × × × × × ×

ဥပစာရဝဓနံ။ ။“ဝေါဟာရဝဓနမတ္တံ-ပြောဆိုရိုးစကားမျှသာ”ဟု ဋီကာသစ်ဖွင့်၏၊ “ယဿ ဒါနိ ကာလံ မညသီ”ဟူသော စကားသည် ထိုခေတ်က ပြောရိုးစကားမျှသာ ဖြစ်၏၊ ထိုစကားမျှဖြင့် အဓိပ္ပါယ်ကား မပြည့်စုံသေးပါ၊ ထို့ကြောင့် ဆိုလိုရင်းအဓိပ္ပါယ်စုံလင်အောင်“ဣဒံ ဝုတ္တံ ဟောတိ”ဟု စကျိ၍ ဖွင့်ပြသည်–ဟူလို။

အခါ၌၊ တံ့-သည်၊ ယဿ ဂမနဿဝါ— အကြင်သွားခြင်း၏ဂုဏ်း၊ (ယဿ) အဂမနဿဝါ- အကြင်မသွားခြင်း၏ဂုဏ်း၊ ကာလံ-အချိန်ကို၊ မညသိ-သိတော်မူ၏၊ တဒေဝ-ထို သွားခြင်း, မသွားခြင်းကိုသာ၊ အတ္တနော- မိမိ၏၊ ရူစိယာ— အလိုအားဖြင့်၊ ကရောဟိ- ပြုတော်မူပါ၊ ဣတိ (ဝုတ္တံ ဟောတိ)။

ပစ္စေကာ ဥတ္ထိယောတိ- ကား၊ ပါဠိယေက္ကာ- အသီးအသီး တယောက်စီကုန်သော၊ ဣတ္ထိယော- မိန်းမတို့ကို၊ (အာရောပေတွာ ၌စပ်)၊ ဧကေကိဿာ- တစီးတဦးသော၊ ဟတ္ထိနိယာ-ဆင်မ၌၊ ဧကေကံ-တယောက်တယောက်သော၊ ဣတ္ထိံ — မိန်းမကို၊ (အာရောပေတွာ ၌စပ်)၊ ဣတိ ဝုတ္တံ ဟောတိ၊ ဥက္ကာသု ဓာရိယမာနာသူတိ - ကား၊ ဒယ္ဟာဒီပိကာသု — အရိုးရှိသော ဆီမီးတို့ကို၊ ဝါ— ဆီမီးတိုင်တို့ကို၊ ဓာရိယမာနာသု-ဆောင်အပ်ကုန်လသော်၊ (နိယျာသိ ၌စပ်)။

မဟာဗိံ ရာဇာနုဘာဝေနာတိ — ကား၊ မဟတာ — ကြီးကျယ်သော၊ ရာဇာနုဘာဝေန- မင်း၏ အာနုဘော်ဖြင့်၊ (နိယျာသိ ၌စပ်)၊ မဟန္တာတိဝိ—မဟန္တာဟူ၍လည်း၊ ပါဠိ—ပါဠိတော်ပါ၌သည်၊ (အတ္ထိ)၊ မဟတိယာ-ကြီးကျယ်သော၊

× × × × × × ×

ပစ္စေကာ။ ။"ပတိ+ဧကော"ဟု ပုဒ်ခွဲ၍ တိကို စပြု, ဒွေဘော်လာလျှင် "ပစ္စေကာ"ဟု သန္ဓိဖြစ်၏၊ ထို့ကြောင့် ဋီကာသစ်၌"ပဋိဧကောယေဝ သန္ဓိဝသေန ပစ္စေကာ"ဟု ပါဠိမှန်ရှိပါစေ၊"ဧကောဧကော—တယောက်စီ တယောက်စီသော မိန်းမတို့တည်း"ဟု ဝိဂ္ဂဟပြုလျှင် ဝိ ဆွာအဗျယီဘောဖြစ်၍ "ပစ္စေကံ"ဟု ရှိသင့်၏၊ "ပါဠိယေက္ကံ"လည်းနည်းတူ၊ သို့သော် စာအုပ်တို့၌ "ပစ္စေကာ"ဟု ရှိသောကြောင့် "ပတိ— အသီးအသီးကုန်သော+ဧကော—တယောက်စီတို့တည်း၊ ပစ္စေကာ—တို့"ဟု ကမ္မဓာရယ်ပြုရတော့မည်၊ "ပါတိယေက္ကာ"၌ကား (ယ်) လာ၍ "ပတိယေကာ" ဟု ဖြစ်ပြီးနောက် သွတ္ထိ၌ ကျသက်၍ "ပါတိယေက္ကာ"ဖြစ်သည် ဟု ကြံပါ။

မဟာဗိံ။ ။"မဟန္တသဒ္ဒ+ဘာဝေါ— ကြီးကျယ်သော အာနုဘာဝ၏ ဖြစ်ကြောင်း ဖြစ်ရာ အကြီးအကျယ်ဂုဏ်တည်း" ဟု ဝိဂ္ဂဟပြု၍ မဟန္တနောင် ဘာဝအနက်၌ ကျပစ္စည်းသက်, ဏ်ခြေ, နာမ နကိုလည်းခြေလျှင် "မဟတျ" ဟု ဖြစ်၏၊ တဲ့ကို စပြု, ဒွေဘော်လာ, သိကို အံ့ပြုလျှင်"မဟာဗိံ"ဟု ဖြစ်၏၊ "ထို ပဌမာဝိဘတ်သည် ကရိဏ်း အနက်၌သက်၏"ဟု ပြလို၍ "မဟတာ"ဟု ဖွင့်သည်။ [မဟာဗိံတိ ကရဏတ္ထေ ပစ္စတ္တဝစနန္တိ အာဟ—မဟတာတိ၊—ဋီကာ။]

မုတ်ချက်။ ။ဤနည်း၌လည်း "မဟာဗိံ"ပုဒ်သည် နပုဂ္ဂလိန်ဖြစ်နေသောကြောင့် "ရာဇာနုဘာဝေန"ဟူသော ပုဂ္ဂလိန်နှင့် လိန်မတူရကား လိင်္ဂဝိပလ္လာသ ဖြစ်နေ၏၊ သို့သော် အဋ္ဌကထာတို့ကား ဤနည်း၌ ဝိပလ္လာသဟု မဆိုကြ၊ မောဂ္ဂလ္လာန်နိဿယသစ် (သျာဒိကဏ္ဍ, ၁၅၀)၌ကား "မဟာဗွ"မဟုတ်, "မဟံ မဟန္တော"ကဲ့သို့ ပုဂ္ဂလိန်မဟံသဒ္ဒါနှင့် စနိပါတ်ပုဒ်တို့ကို တွဲထားသော "မဟာဗွ" ပုဒ်ဟု ဆုံးဖြတ်တော်မူ၏၊ ပခုဏ္ဏနိဿယသစ်၌လည်း "မဟန္တောယေဝ မဟာဗိံ" ဟု သွတ္ထိ၌ ကျပစ္စည်းသက်၍ ရုပ်ပြီးစေတော်မူ၏၊ ဋီကာသစ်၏ ဘာဝတဒ္ဓိတ်ကြံခြင်းကို အပြစ်တင်တော်မူသည်။

(“ရာဇာနုဘာဝေန– ဖြင့်၊ နိယျာသိ- ထွက်ပြေ”၌စပ်)၊ ဣတိ အတ္ထော၊ သေ(သော)– ဤမဟစ္စာ ဟူသော သဒ္ဒါသည်၊ လိင်္ဂဝိပရိယယော – ပုလ္လိန်မှ ဣတ္ထိလိန်ဖေါက်ပြန်သော သဒ္ဒါတည်း။

ရာဇိဒ္ဓိ- မင်း၏တန်ခိုးကို၊ ရာဇာနုဘာဝေါ- ရာဇာနုဘာဝဟူ၍၊ ဝုစ္စတိ- ၏၊ ပန-ဆက်၊ အဿ- ထိုမင်း၏၊ ရာဇိဒ္ဓိ- မင်း၏တန်ခိုးဟူသည်၊ ကာ – အဘယ်နည်း၊ တိယောဇနသတာနံ - ယူဇနာသုံးရာ အတိုင်းအရှည်ရှိကုန်သော၊ ဒ္ဝိန္နံ– ၂ တိုင်းကုန်သော၊ မဟာရဋ္ဌာနံ - အင်္ဂတိုင်း, မဂဓတိုင်းကြီးတို့၏၊ ဣဿရိယသိရီ-အစိုးရသူ၏ဖြစ်ကြောင်းဖြစ်ရာ အသရေတည်း၊ ဟိ-ဆို၊ တဿ-ထိုမင်း၏၊ အသုကဒိဝသံ- ထိုမည်သောနေ့၌၊ ရာဇာ-သည်၊ တထာဂတံ - မြတ်စွာဘုရားသို့၊ ဥပသင်္ကမိဿတိ- ချဉ်းကပ်လတ္တံ့၊ ဣတိ-ဤသို့၊ ပဌမတရံ-ရှေးဦးစွာ၊ သံဝိဒဟနေ-စီစဉ်ခြင်းသည်၊ အသတိဝိ-မရှိပါသော်လည်း၊ တခ်ဏညေဝ-ထိုခဏ၌ပင်၊ ပဋ္ဌဣတ္ထိသတာနိ-ငါးရာသော မိန်းမတို့သည်၊ ပုရိသဝေသံ-ယောကျ်ား၏အသွင်ကို၊ ဂဟေတွာ–ယူ၍၊ ပဋိမုဏ္ဍဝေဌနာနိ-စွပ်အပ်သော ဦးရေစ်ခါင်းပေါင်းရှိကုန်သည်၊ (ခေါင်းပေါင်းကြီး ကုလားများကဲ့သို့ ဦးရစ်ခေါင်းပေါင်းစွပ်ထားကုန်သည်)၊ အံသေ-ပခုံး၌၊ အာသတ္တဓဂ္ဂါနိ-လွယ်အပ်သောသန်လျက်ရှိကုန်သည်၊ (ဟုတွာ)၊ မဏိဒလ္လာတောမရေ - ပဒမြားအရိုးရှိသော လုံတို့ကို၊

× × × × × × ×

မဟစ္စ။ ။တချို့စာဒဿုပ်များ၌ နိဂ္ဂဟိတ်မပါဘဲ “မဟစ္စ”ဟု ရှိ၏၊ “မဟန္တော ဣယဝ မဟစ္စံ” ဟု သွတ္ထွဒ္ဓ ဇာ၊ပစ္စည်းသက်၍ ရာဇ၏ ဝိသသေနကြောင့်ကြသည်၊ မဟစ္စံ စ+တံ+ရာဇာစာတိ မဟစ္စရာဇာ၊ မဟစ္စရညော+အာနုဘာဝေါ မဟစ္စရာဇာနုဘာဝေါ” ဟု ပြုပါ၊ သို့သော် “ကရဏတ္ထေ ပစ္စတ္တဝစနံ”ဟူသော ဋီကာနှင့် မညီသောကြောင့် ရှေးပါဠိဟုတ်ဟန် မတူပါ။

မဟစ္စာ။ ။ဤနည်း၌“မဟတိယာ”ဟု ဆိုလိုလျက် တိ၌ ဇကိုချေပြီးလျှင် တ်ကို ယာသို့ကပ်၍ “မဟတျာ”ဟု ဖြစ်၏၊ တျကို စပြု၊ ဒွေဘော်လာလျှင် “မဟစ္စာ” ဟု ဖြစ်၏။

ဝိပရိယယ။ ။ဤနည်းအတူက် “ရာဇာနုဘာဝ”ဟူသော ဝိသေသျပုဒ်၏ ပုလ္လိန်နှင့် လိန်မတူသောကြောင့် ပုလ္လိန်မှ ဇတ္ထိလိန်ပြန်နေသော်“လိင်္ဂဝိပရိယယ”ဟု ဆိုသည်။ [ဝိ+ပရိ+အယဓာတ်, အပစ္စည်းဖြစ်၍“ဝိပရိယယ”ဟု ထောမနိဒ်ဒ်ရှိ၏၊ ဤဝိပရိယယပုဒ်သည် ဝိပလ္လာသပုဒ်၏ ပရိယာယ်ပင်တည်း။]

မဏိဒလ္လာတောမရေ။ ။ဋီကာသစ်၌“တောမရ”ကို “အင်္ကုသ–ချွန်း” ဟု ဖွင့်သော်လည်း“လုံ”အနက်သာမှန်ကြောင်းကို အဘယာရာမဆရာတော်၏ အဘိဓာန်နိဿယ(၃၆၆)၌ ရှုပါ၊ သတ္တပဏ္ဏိသုတ်၌လည်း“အစ္ဆကိုသောဝ နာဂေါစ, ဇိတံ မေတုတ္တတောမရံ”ဟု အင်္ကုသနှင့် တောမရကို အနက်တမျိုးစီခွဲ၍ ဆိုထားသည်၊ ကစ္စည်းဝုတ္တိ, ဗဟုဒ္ဒီဟိမ္ဒိစ သုတ်၌လည်း “နာနာမုသလ၊ပေ၊ ဂဒါ(ချွန်း)သိတောမရာ” ဟု ခွဲလျက်ပင်ရှိ၏၊ ဆရာတို့နိဿယ၌“တောမရ–ခက်ရင်း”ဟု ပေးတော်မူ၏။

ဂဟေတွာ—ကိုင်၍၊ နိက္ခမိ ံသု- ထွက်ကြကုန်ပြီ၊ ယံ- ယင်း မိန်းမအပေါင်းကို၊ သန္ဓာယ-၍၊ ပစ္စေကာ၊ပေ၊အာရောပေတွာတိ- ဟူ၍၊ (အာယသ္မတာ အာနန္ဒ ထွေရေန)၊ ဝုတ္တံ။

[ခြေလျင်လိုက်ပါလာသော အခြွေအရံတို့ကို ပြလို၍ " အပရာပိ "စသည် ဖြင့်။] အပရာပိ - အခြားလည်းဖြစ်ကုန်သော၊ သောဠသသဟဿဓတ္တိယနာဋ္ဌ ကိတ္တိယော—တသောင်းခြောက်ထောင်သော ခတ္တိယဇာတ်ရှိသော ကချေသည် မိန်းမတို့သည်၊ ရာဇာနံ- ကို၊ ပရိဝါရေသုံ – ဝန်းရံကြကုန်ပြီ၊ တာသံ – ထို ကချေသည်မိန်းမတို့၏၊ ပရိယန္တေ– အစွန်၌၊ ခုဇ္ဇဝါမနကကိရာတာဒယော– ကုန်းသောမိန်းမ, ပုက္ကသောမိန်းမ, ကိရာတလူမျိုးမိန်းမ အစရှိသည်တို့သည်၊ (ပရိဝါရေသုံ)၊ တာသံ- ထိုမိန်းမတို့၏၊ ပရိယန္တေ–၌၊ အန္တေပုရပါလကာ– နန်းတွင်းစောင့် ဖြစ်ကုန်သော၊ ဝိဿာသိကပုရိသာ – အကျွမ်းဝင်ခြင်းရှိသော ယောကျ်ားတို့သည်၊ (ပရိဝါရေသုံ)။

တေသံ – ထိုယောကျ်ားတို့၏၊ ပရိယန္တေ-၌၊ ဝိစိတြေဝေသဝိလာသိနော– ဆန်းကြယ်သောအသွင်ဖြင့် တင့်တယ်ခြင်းရှိကုန်သော၊ သဒ္ဒသဟဿမတ္တာ– ၆ သောင်း အတိုင်းအရှည် ရှိကုန်သော၊ မဟာမတ္တာ – အမတ်ကြီးတို့သည်၊ (ပရိဝါရေသုံ)။ [မဟတီ– ကြီးကျယ်သော + မတ္တာ – ရာထူးစည်းစိမ်စသော အတိုင်းအရှည်သည်၊ တေသံ အတ္ထိတိ မဟာမတ္တာ။] တေသံ - ထို အမတ်ကြီး တို့၏၊ ပရိယန္တေ - ၌၊ ဝိဝိဓာလင်္ကာရ ပဋိမဏ္ဍိတာ - အထူးထူးသော တန်ဆာ တို့ဖြင့် တန်ဆာဆင်အပ်ကုန်သော၊ နာနပ္ပကာရ အာဝုဓဟတ္ထာ – လက်တို့၌ အထူးထူးသော အပြားရှိသော လက်နက်ရှိကုန်သော၊ ဝါ - အထူးထူးသော အပြားရှိသော လက်နက်တို့ကို စွဲကိုင်ကြကုန်သော၊ ဝိဇ္ဇာဓရတရုဏာဝိယ– ဝိဇ္ဇာဓိရိလုလင်ဟိုတို့ကဲ့သို့၊ နဝုတိသဟဿမတ္တာ– ၉ သောင်း အတိုင်းအရှည်

× × × × × × ×

ခုဇ္ဇ၊ပေ၊ကိရာတာဒယော။ ။ဤသူတို့သည် နာဋကိတ္တိတို့၏ အလုပ်အကျွေးတို့ တည်း၊ ခုဇ္ဇ ဝါမနကဖြင့် သူတို့၏အသွင်ကို ပြ၏၊ " ကုန်းသော အသွင်သဏ္ဌာန်ရှိသူ, ကွသော အသွင်သဏ္ဌာန်ရှိသူများ" ဟူလို၊ ကိရာတဖြင့် အမျိုးဇာတ်ကိုပြ၏၊ အာဒိဖြင့် သဝရလူမျိုး, အန္ဓကလူမျိုးများကို ယူဘို့ရန် ဋီကာသစ် ပြ၏။ [" ကိရာတ – ကရင်, သဝရ–ချင်း " ဟု အနက်ပေးကြ၏၊ သို့သော် ဇာန္ဒိယလူမျိုးများဖြစ်၍ ဤမြန်မာနိုင်ငံ လူမျိုးများနှင့် တူလိမ့်မည်မထင်။]

ဝိဿာသိကပုရိသာ။ ။ဝိဿာသော (အကျွမ်းဝင်ခြင်း) ယေသံတိ ဝိဿာသိ ကာ။ [ဝသဝရေ-နပုံး ပဏ္ဏာ့က်တို့ကို၊ သန္ဓာယဟာ၊– ဋီကာသစ်။] ဌေးစေ့ကို ထုတ် ထားသော ဩပဏ္ဏမိက ပဏ္ဏာ့က်တို့သည် နန်းတော်သူများကို စောင့်ရှောက်ကြရ၏၊ ထို နန်းတော်သူ မောင်းမတို့နှင့် အကျွမ်းဝင်သောကြောင့် ထိုသူတို့ကို "ဝိဿာသိက" ဟု ဆိုဟန်တူသည်။

ရှိကုန်သော၊ ရဋ္ဌိယပုတ္တာ- တိုင်းပြည်အတွင်း၌ လွှည့်လည်ကုန်သော မူစိုးတို့သည်၊ ဝါ-တိုင်းကျပ်မင်းတို့၏ သားတို့သည်၊(ပရိဝါရေသုံ)၊ တေသံ–ထို မူစိုးတို့၏၊ ပရိယန္တေ- ၌၊ သတ္တဃနိကာနိ – တရာသောအဖိုးရှိသော အဝတ်တို့ကို၊ ဝါ– အဖိုးတရာထိုက်သော အဝတ်တို့ကို၊ နိဝါသေတွာ - ဝတ်၍၊ ပဉ္စသတ္တဃနိကာနိ–ငါးရာသော အဖိုးရှိသော အဝတ်တို့ကို၊ ဝါ- အဖိုးငါးရာထိုက်သော အဝတ်တို့ကို၊ ဧကံသံ-တခုသော လက်ဝဲအဖို၌၊ ကတွာ-ပြု၍၊(တနည်း)ကံသံကတွာ - လက်ကန်တော့တင်၍၊ သုနှာတာ – ကောင်းစွာ ရေချိုးပြီးကုန်သော၊ သုဝိလိတ္တာ – ကောင်းစွာ လိမ်းကျံပြီးကုန်သော၊ ဝါ – ကောင်းစွာ လိမ်းကျံအပ်ပြီးသော နှံသာရှိကုန်သော၊ ကပ္ပန၊ပေ၊သောဘိတာ-ရွှေပန်း အစရှိသော အမျိုးမျိုးသော တန်ဆာတို့ဖြင့် တင့်တယ်ကုန်သော၊ ဒဿဟာဿမတ္တာ – တသောင်း အတိုင်းအရှည်ရှိကုန်သော၊ ဗြာဟ္မဏာ - ပုဏ္ဏားတို့သည်၊ ဒက္ခိဏာဟတ္ထံ- လက်ျာလက်မောင်းကို၊ ဥဿာပေတွာ- ချီမြှောက်၍၊ ဇယသဒ္ဒံ-အောင်သံကို၊(ဇယတုမဟာရာဇာ အစရှိသောအသံကို၊)ယောသေန္တာ-ကြွေးကြော်ကုန်လျက်၊ ဂစ္ဆန္တိ – လိုက်သွားကြကုန်၏။

တေသံ – ထိုပုဏ္ဏားတို့၏၊ ပရိယန္တေ - ၌၊ ပဉ္စင်္ဂိကာနိ- ငါးပါးသောအင်္ဂါရှိကုန်သော၊ တူရိယာနိ - တူရိယာတို့သည်၊ ဝါ - တူရိယာတီးမှုတ်သူတို့သည်၊(ဂစ္ဆန္တိ)၊ [တူရိယာတီးသူများကိုပင် ဌာန၌ပစာရအားဖြင့် “တူရိယာနိ” ဟု ဆိုသည်၊ နောက်၌လည်း နည်းတူ၊ ထို့ကြောင့် “သဗ္ဗတ္ထ တံဂါဟကဝသေန ဝေဒိတမ္မော”ဟု ဋီကာသစ်ဖွင့်သည်။] တေသံ-ထို တူရိယာတို့၏၊ ပရိယန္တေ-၌၊ ဓနုပန္တိ ပရိက္ခေပေါ–လေးအစဉ် အကာအရံသည်၊(ဂစ္ဆတိ)၊ တဿ-ထိုလေးအစဉ် အကာအရံ၏၊ ပရိယန္တေ၊ ဟတ္ထိယဒ္ဓာ-ဆင်အပေါင်းတို့သည်၊(ဂစ္ဆန္တိ)၊ ဟတ္ထိနံ-ဆင်တို့၏၊ ပရိယန္တေ-၌၊ ဂိဝါယ- လည်ပင်းဖြင့်၊ ဂိဝံ - လည်ပင်းကို၊(တနည်း)ဂိဝါယဂိဝံ– လည်ပင်းအချင်းချင်း၊ ပဟရမာနာ- ပုတ်ခတ်သကဲ့သို့ဖြစ်လျက်၊ (အချင်းချင်း ထိခိုက်အောင်)၊ အဿပန္တိ – မြင်းအစဉ်သည်၊

× × × × × × ×

ရဋ္ဌိယပုတ္တာ။ ။“ဘောဇပုတ္တ – မူစိုး (မူစိုး)”ဟု ဖွင့်၏၊ “ပုတ္တ” ဟု ဆိုသော်လည်း ရှေးမူစိုးကြီးတို့၏ သားဖြစ်သော မူစိုးများပင်တည်း၊ ထိုသူတို့သည် တိုင်းပြည်၌ အနှံအပြား လှည့်လည်ကြသောကြောင့် “ရဋ္ဌေ+စရန္တိ”အရ “ရဋ္ဌိယ”ဟု ခေါ်သည်၊ တိုင်းပြည်အကြောင်း ကောင်းကောင်းသိသောကြောင့် ဝိဇိတမယိဒ္ဓိ တန်ခိုးရှိသော ဝိဇိတ ဝိုရ် လုလင်များနှင့် တူရကား သူတို့ကိုလည်း မင်းမူထမ်း ခန့်ထားသည်၊ (တနည်း) တိုင်းပြည် ၂ ပြည်၏ အကြားဒွိရှိသော အကြားတိုင်းပြည်ငယ် (တိုင်းကျပ်) ကို အပိုင်စားရသော တိုင်းစားတို့၏ သားတို့ကို “ရဋ္ဌိယပုတ္တ”ဟုလည်း ဋီကာသစ်၌ တနည်းဖွင့်သေး၏၊ သို့သော် ထိုကဲ့သို့ တိုင်းစားသားတို့မှာ ဓ သောင်းရှိဘို့ ခဲယဉ်းလှ၏၊ ထို့ကြောင့် ထိုအဖွင့်သည် စဉ်းစားစရာပင်။

(ဂစ္ဆတိ)၊ အဿ ပရိယန္တေ - မြင်းတို့၏အဆုံး၌၊ အညမညံ - ချင်း၊ သယ်နှုန ရထာ – ထိခိုက်သောရထားတို့သည်၊ (ဂစ္ဆန္တိ)၊ ရထပရိယန္တေ - ရထားတို့၏ အစွန်၌၊ ဗာဟာယ – လက်မောင်းဖြင့်၊ ဗာဟံ – လက်မောင်းကို၊ (တနည်း) ဗာဟာယဗာဟံ-လက်မောင်းအချင်းချင်း၊ ပဟရမာနာ-ပုတ်ခတ်သကဲ့သို့ ဖြစ် ကုန်လျက်၊ (လက်မောင်းချင်း ထိလောက်အောင် နီးကပ်ကုန်လျက် – ဟူလို၊) ယော်ဓာ–စစ်သားတို့သည်၊ (ဂစ္ဆန္တိ)၊ တေသံ-ထိုစစ်သားတို့၏၊ ပရိယန္တေ-၌၊ အတ္တနော အတ္တနော - မိမိ မိမိအား၊ အနုရူပါယ - လျော်သော၊ အာဘရဏာ သမ္ပတ္တိယာ– တန်ဆာ၏ ပြည့်စုံခြင်းဖြင့်၊ ဝိရောစမာနာ - တင့်တယ်ကုန်သော၊ အဋ္ဌာရသ–တဆဲ့ရှစ်ရပ်ကုန်သော၊ သေဏိယော- ကုန်သည်အပေါင်းတို့သည်၊ (ဂစ္ဆန္တိ)။ ["ဂန္ဓိကသေဏိ-နံ့သာကုန်သည်အပေါင်း" စသည်ကို "သေဏိ" ဟု ဆိုသည်၊ ဘိက္ခုနီ – သံဃာဒိသေသ် , ဒုတိယသိက္ခာပုဒ်၌လာသော "သေဏိ" များတည်း။]

ဧကတိ - ဤသို့၊ ယထာ – အကြင် အခြင်းအရာအား ဖြင့် စီစဉ်လသော်၊ ပရိ ယန္တေ–အစွန်၌၊ ဝါ-အစွန်က၊ ဌတွာ-ရပ်၍၊ ခိတ္တော- ပစ်အပ်သော၊ သရော– မြားသည်၊ ရာဇာနံ-မင်းသို့၊ နပါပုဏာတိ-မရေဝံ၊ ဧဝံ-ဤသို့ မြားမရောက်နိုင် လေဝံအောင် အခြင်းအရာအား ဖြင့်၊ ကောမာရဘစ္စော-အဘယမင်းသားသည် မွေးစားအပ်သော၊ ဇိဝကော-သည်၊ ရညော- မင်း၏၊ ပရိသံ-ပရိသတ်ကို၊ သံ ဝိဒဟိတွာ–စီစဉ်ပြီး၍၊ အတ္တနာ-မိမိသည်၊ ရညော-၏၊ အဝိဒူရေနေဝ-အနီး ဖြင့်သာ၊ ဂစ္ဆတိ-လိုက်သွား၏၊(ကိံ-အဘယ်သို့ကြီ၍ အနီးဖြင့်သာ လိုက်သွား သနည်း၊) ကောစိ- တစုံတခုသော၊ ဥပဒ္ဒဝေါ- ဘေးရန်သည်၊ သစေ ဟောတိ– အကယ်၍ ဖြစ်အံ့၊ (ဧဝံသတိ)၊ ပဌမတရံ - ရှေးဦးစွာ၊ [အ၏ စာအုပ်၌ "သမ္မ ပဌမံ–အလုံးစုံတို့၏ ရှေးဦးစွ" ဟု ရှိ၏၊] ရညော-အား၊ ဇီဝိတဒါနံ-အသက် အလှူကို၊ ဒဿာမိ - ပေးအံ့၊ ဣတိ - ဤသို့ကြီ၍၊ (အဝိဒူရေနေဝ ဂစ္ဆတိ)။ [ထို ခေတ်၌ လေး လက်နက်သည် အဝေးသို့ အရောက်နိုင်ဆုံးတည်း၊ ထို့ကြောင့် အစွန်ကနေ၍ ပစ်အပ်သောမြား မရောက်နိုင်အောင် အခြံအရံများကို အထပ် ထပ် စီစဉ်သည်။] ပန - ဆက်၊ ဥက္ကာနံ- မီးရှူးတို့၏၊ တ္ထောကာနိ - ဤမျှ အတိုင်း အရှည်ရှိကုန်သော၊ သတာနိ– အရာတို့တည်း၊ ဣတိဝါ–ဤသို့ဎင်း၊ (တနည်း) တ္ထောကာနိ သတာနိတိဝါ – ရာပေါင်း ဤမျှလောက်ဟူ၍ဎင်း၊ (တ္ထောကာနိ – ကုန်သော၊) သဟဿာနိ-အထောင်တို့တည်း၊ ဣတိဝါ-ဤသို့ဎင်း၊ (တနည်း) တ္ထောကာနိ သဟဿာနိတိဝါ-ထောင်ပေါင်း ဤမျှလောဝံဟူ၍ဎင်း၊ ပရိဿ္ဆေဒေါ- အပိုင်းအခြားသည်၊ နတ္ထိ-မရှိ၊ ဝေရူပိ ံ–ဤသို့သဘောရှိသော၊ ရာဇိဒ္ဓိ ံ-မင်း၏ တန်ခိုးကို၊ သန္ဓာယ-၍၊ မဟာဖွံ ရာဇာနုဘာဝေန၊ပေ၊တေန ပါဃာသိတိ- ဟူ၍၊ (အာယသ္မတာ အာနန္ဒတ္ထေရေန) ဝုတ္တံ။

အဟုဒေဝဘယံတိ တွေ-ဟူသော ဤပါဠိ၌၊ (လဒ္ဓမာနံ- သော)၊ဘယံ-ဘယသည်၊ (စတုဗ္ဗိဓံ ၌စသ)၊ စိတ္တုတြာသဘယံ-စိတ္တုတြာသဘယဌင်း၊ ဉာဏဘယံ-ဉာဏဘယဌင်း၊ အာရမဏဘယံ- အာရမဏဘယဌင်း၊ သြတ္တပ္ပဘယံ-သြတ္တပ္ပဘယဌင်း၊ ဣတိ- ဤသို့၊ စတုဗ္ဗိဓံ- ၄ ပါးအပြားရှိ၏၊ တတ္ထ-ထို ၄ ပါးသော ဘယတို့တွင်၊ ဇာတိ ၊ပေ၊ဘယာနကန္တိ အာဒိနာ - ဇာတိ ၊ပေ၊ဘယာနကံ အစရှိသော၊ နယေန - နည်းဖြင့်၊ ဝုတ္တံ - ဟောတော်မူအပ်သောဘယသည်၊ စိတ္တုတြာသဘယံနာမ- စိတ္တုတြာသဘယမည်၏၊ ဝါ- စိတ်၏ထိတ်လန့်ခြင်းဟူသော ကြောက်ခြင်းမည်၏။ [ဇာတိ -ပဋိသန္ဓေနေရခြင်းကို၊ ပဋိစ္စ-စွဲ၍၊ ဘယံ-ကြောက်တတ်သော စိတ္တုပ္ပါဒ်သည်၊ ဘယာနကံ- ကြောက်တတ်သော အခြင်းအရာသည်၊ (ဟောတိ)၊- အဘိဓမ္မာဝိဒူက, ခုဒ္ဒကဝတ္ထုဝိဘင်္ဂ်, တိကနိဒ္ဒေသ။]

တေပိ၊ပေ၊အာပဇ္ဇန္တိတိ-တေပိ၊ပေ၊အာပဇ္ဇန္တီဟူ၍၊ ဧဝံ- ဤသို့၊ အာဂတံ- လာသောဘယသည်၊ ဉာဏဘယံနာမ-ဉာဏဘယမည်၏၊ ဝါ-ကြောက်ဘွယ်ဟု သိမြင် ဆုံးဖြတ်တတ်သောတရား မည်၏။ [တေပိ- ထို နတ်တို့သော်မှလည်း၊ တထာဂတသ-မြတ်စွာဘုရား၏၊ ဓမ္မဒေသနံ-တရားဒေသနာတော်ကို၊ သုတွာ-

× × × × × × ×

စိတ္တုတြာသဘယံ။ ။စိတ္တသ+ဥတြာသော စိတ္တုတြာသော-စိတ်၏ ထိတ်လန့်ခြင်း၊ ယထာ တထာ - ဟုတ်ဟုတ်ငြားငြားသော အကြောင်းကြောင့်၊ (အကြောင်းအမျိုးမျိုးကြောင့်)၊ ဘာယတီတိဘယံ - ကြောက်တတ်သောတရား၊ (ဘီဓာတ် အပစ္စည်း)၊ စိတ္တုတြာသောယော+ဘယံ စိတ္တုတြာသဘယံ၊ ပဋိသန္ဓေနေရခြင်းစသည်ကို တွေး၍ ကြောက်ရွံ့ထိတ်လန့်နေသော စိတ်၏အမူအရာကို ဆိုသည်။

ဘယာနကံ။ ။"ဘာယနာကာရော-ကြောက်ခြင်း အခြင်းအရာ" ဟု ဋီကာဖွင့်၏၊ အာကာရဖြင့်ဖွင့်လျှင် "ဘာဝသာဓန" ပြုရသည်ဟု သတ်မှတ်ခြင်းရှိသော်လည်း ဘယံကဲ့သို့ " ဘာယတီတိ ဘယာနကံ " ဟု ကတ္တုသာဓနပင်ပြု၍ ကြောက်နေသောစိတ်၏ အခြင်းအရာ အမူအရာကိုပင် (ဘယံကဲ့သို့) အရကောက်နိုင်၏၊ " ဘီဓာတ် , အာနက ပစ္စည်း" ဟု ထောမနိဓိဆို၏။

ဉာဏဘယံ ။ ။ ဘုရားရှင်သည် ခန္ဓာ ၅ ပါးကို ဖြစ်ကြောင်း သမုဒယ , ချုပ်ရာအတ္ထင်္ဂမအားဖြင့် ၃ ပါးစိခွဲခြားး၍ ဟောတော်မူသောအခါ အသက်ရှည်စွာ ချမ်းချမ်းသာသာနေရသော နတ်တို့သော်မှ ခန္ဓာ ၅ ပါးကို ကြောက်ဘွယ် ကြောက်စရာဟု ဆုံးဖြတ်သောဉာဏ်ဖြစ်၏၊ ထိုဉာဏ်ကို ဉာဏဘယဟု ဆိုသည်။ [ဘယတော-ကြောင်းစရာဟူ၍+ဉာဏံ--သိတတ် ဆုံးဖြတ်တတ်သောဉာဏ်တည်း၊ ဉာဏဘယံ။]

မှတ်ချက်။ ။ဉာဏ်သည် မဟာကုသိုလ်စိတ်နှင့် ယှဉ်သောကြောင့် ဒေါသမူစိတ်ကဲ့သို့ မကြောက်တတ်၊ ကြောက်စရာဘဲဟုသာ သိမြင်တတ်သည်၊ သမ္မသနဉာဏ်စသော ဉာဏ် ၁၀ ပါးတို့တွင် ဘယတုပဋ္ဌာနဉာဏ်မျိုးတည်း၊ သံဝေဂနို့ သဟောတ္တပ္ပဉာဏံ-သြတ္တပ္ပနှင့် တကွဖြစ်သောဉာဏ်၊ သန္တာသံတိ သဒ္ဓသော ဥဇ္ဇိဇ္ဇနံ - အလုံးစုံအားဖြင့် ထိတ်လန့်တတ်သောဉာဏ်၊- ဋီကာသစ်။

ကြားနာရ၍၊ ယေဘုယျေန – များသောအားဖြင့်၊ ဘယံ- ဘယဉ်ကျော်သို့၊ ဝါ– ကြောံဘွယ် ဟု ဆိုးဖြတ်သောဉာဏ်သို့၊ သံဝေဂံ- ထိတ်လန့်ကြောင်းဖြစ်သော သဟောတ္တပ္ပဉာဏ်သို့၊ သန္တာသံ-ပြင်းစွာ ထိတ်လန့်ကြောင်းဖြစ်သောဉာဏ်သို့၊ အာပဇ္ဇန်- ရောက်ကြကုန်၏၊–ခန္ဓဝဂ္ဂသံယုတ်, ခဇ္ဇနီယဝဂ်, သီဟနာဒသုတ်။]

တေံနူန၊ပေ၊အာဂန္ဆတီတိ ထွေ-ဟူသော၌ပါဒဋ္ဌိ၊ ဝုတ္တံ–ဟောတော်မူအပ်သော ဘယသည်၊ အာရမဏဘယံ နာမ– အာရမဏဘယ မည်၏၊ ဝါ-ကြောံစရာအာရုံ မည်၏။ [တေံ–၌လူ့အထံသို့၊ တံ ဘယဘေရဝံ–ထို ကြောက်စရာအာရုံသည်၊ အာဂန္ဆတီနူန-လာလေယောင်တကား၊(တနည်း, ဘေရဝဘယံဟူ၍နောက်ပြန်၍ "ထို ကြောက်တတ်သူ၏ဥစ္စာဖြစ်သော ကြောံစရာအာရုံသည်" ဟု သော်လည်း ပေးပါ၊)–မဇ္ဈိမနိကာယ်, မူလပဏ္ဏာသ, ဘယဘေရဝသုတ်။]

ဘိရုံ ပသံသန္တိ၊ပေ၊ပါပန္တိ-ဘိရုံ ပသံသန္တိ၊ပေ၊ပါပံဟူ၍၊ (ဝုတ္တံ-ဟောတော်မူအပ်သော၊) ဣဒံ – ၌ဘယသည်၊ သြတ္တပ္ပဘယံနာမ - သြတ္တပ္ပဘယ မည်၏၊ ဝါ-ကြောက်လန့်ကြောင်းသြတ္တပ္ပဘယမည်၏။ [(ပဏ္ဍိတာ-ပညာရှိတို့သည်၊)

× × × × × × ×

ယေဘုယျေန။ ။"ယေဘုယျေနာတိ ထပေတ္ဝာ ဒိဏ္ဏာသဝဒေဝေ တဒညေသံ ဝသေန ဗာဟုလ္လတော၊ ဒိဏ္ဏာသဝတ္တာ ဟိ တေသံ စိတ္တုတြာသဘယမ္ပိ နာ ဥပ္ပဇ္ဇတိ"ဟု ဋီကာသစ်ဖွင့်၏၊ ဉာဏဘယဖြစ်ရာ၌ ဒိဏ္ဏာသဝတို့မှာလည်း ဖြစ်နိုင်ပါ၏၊ စိတ္တုတြာသဘယသာ မဖြစ်ပါ၊ စိတ္တုတြာသဘယကို အဋ္ဌကထာဝယ် ၌နေရာ၌ မပြု၊ ခြင်္သေ့ဟောက်သံကိုကြား၍ ကြောက်ရာ ဥပမာနဘက်၌သာ ပြသည်၊ ထို့ပြင် "တေပိ"အရ မြင့်သော ဗိမာန်တို့၌နေကြရသော နတ်တို့ကိုသာဖွင့်၍ မြဟ္မာတို့ကိုမဖွင့်၊ နတ်မှန်လျှင်လည်း ဒိဏ္ဏာသဝဖြစ်သောအခါ စုတေကြရသည်၊ ထို့ကြောင့် "ယေဘုယျေန"အရ "ထပေတ္ဝာ ဒိဏ္ဏာသဝဒေဝေ"ဟူသော အဖွင့်ကို စဉ်းစားသင့်၏၊ ယေဘုယျေနဖြင့် ဘယ သံဝေဂ မဖြစ်သော နတ်များကို ရည်ရွယ်ဟန်တူပါသည်။

အာရမဏ ဘယံ။ ။"အာရုံ" ဟူသည် ကြောက်စရာကောင်းသောသတ္တဝါနှင့် ကြောက်စရာကောင်းသော အရာဝတ္ထုတည်း၊ ထို့ကြောင့် "အာဂန္ဆတိ"ဟု ဆိုသည်၊ ဘာယတိ ဧတေသ္မာတိ ဘယံ၊ အာရမဏမေဝ + ဘယံ အာရမဏဘယံ၊ ဘိရုနော – ကြောက်တတ်သူ၏+ ဣဒံ ဘေရဝံ၊ ဣဒံ အနက်၌ ဏ ပစ္စည်း၊ ရှည့်ဥကို အဝပြု၊ "ကြောံတတ်သူ၏+ဥစ္စာ" ဟူသည် ကြောက်စရာအာရုံပင်တည်း။ [ဧတေ နရံ တံ ဘယဘေရဝံ အာဂန္ဆတိနူနာတိ အတ္ထော၊–ဋီကာသစ်။]

သြတ္တပ္ပဘယံ ။ ။ မကောင်းမှုမှ လန့်တတ်သော သြတ္တပ္ပ စေတသိက်သည်ပင် ကြောံကြောင်းဖြစ်သောကြောင့် ဘယလည်းမည်၏၊ "ပါပတော ဘာယတိ ဧတေနာတိ ဘယံ၊ သြတ္တပ္ပမေဝ + ဘယံ သြတ္တပ္ပဘယံ" ဟု ပြု၊ အကုသိလ်ပြုဘို့အရေး ရောက်လျှင် ကြောက်တတ်သူကိုသာ ချီးမွမ်းကြ၏၊ ပြုရဲသူကို မချီးမွမ်းကြ၊ ဘိရုံဉ္စ ဘီဓာတ်, ကြ(ပါဠိ၌ရ) ပစ္စည်း၊ ကြောက်လေ့ရှိသူ=ကြောံတတ်သူတည်း။ [သူရုံ-ပဂ ဟ္ဘ ဓံသိနံ(ထောင်လွှားတက်ကြွသူကို ဖျက်ဆီးနိုင်သူကို၊ ဝါ–ကြွားတတ်သူကို နှိမ်လေ့ရှိသူကို)၊–ဋီကာ။]

ဘီရုံ-မကောင်းမှုမှ ကြောက်တတ်သောပုဂ္ဂိုလ်ကို၊ ပသံသန္တီ ချီးမွမ်းကြကုန်၏၊ တတ္ထ–ထို မကောင်းမှုကိုပြုခြင်းဌာ၊ သူရုံ- ရဲရင့်သူကို၊ နဟိ ပသံသန္တိ-မချီးမွမ်းကြကုန်သည်သာ၊ ဟိ– မချီးမွမ်းခြင်းသည် သင့်မြတ်၏၊ ဘယာ-မကောင်းမှုမှ ကြောက်ခြင်းကြောင့်၊ သန္တေဝ-သူတော်ကောင်းတို့သည်၊ ပါပံ-မကောင်းမှုကို၊ နကရောန္တိ - မပြုကြကုန်၊– ဒေဝတာသံယုတ်, သတုလ္လပကာယိကဝဂ်, သာဓုသုတ် ပါဠိတော်။] တေသု - ထို ၄ ပါးသောဘယတို့တွင်၊ ဣဓ – ဤ အဟုဒေဝဘယံဟူသောပါဌ်ဌာ၊ စိတ္တုတြာသဘယံ-စိတ်၏ထိတ်လန့်ခြင်းဟူသော ကြောက်ခြင်းသည်၊ အဟု-ဖြစ်ပြီ၊ အဟောသိ-ဖြစ်ပြီ၊ ဣတိအတ္ထော-ဤကား အဟု၏ အနက်။

ဆမ္ဘိတတ္တံတိ - ကား၊ ဆမ္ဘိတဿ - ခိုင်မာခြင်းရှိသောကိုယ်၏၊ ဘာဝေါ– ဖြစ်ကြောင်းဖြစ်ရာသည်၊ သကလသရီရစလနံ - အလုံးစုံသောကိုယ်၏တုန်လှုပ်ခြင်းသည်၊ (အဟု ဌစပ်)၊ ဣတိ အတ္ထော–နက်၊ လောမဟံသောတိ – ကား၊ လောမဟံသနံ-အမွေးတို့၏ရှုင်ခြင်းသည်၊ ဝါ-ကြက်သီးမွေးညှင်းထခြင်းသည်၊ ဥဒ္ဓံ– အထက်ဌာ၊ ဋ္ဌိတလောမတာ–တည်သော အမွေးရှိသည်၏ အဖြစ်သည်၊ (ကြက်သီးမွေးညှင်း ထသဖြင့် အမွေးများ ထောင်နေခြင်းကို ဆိုလိုသည်)၊ ဣတိအတ္ထော၊ ပန-ဆက်၊ သော အယံ လောမဟံသော-ထို အမွေးတို့၏ရှုင်ခြင်းသည်၊ ဝါ–ထို ကြက်သီးမွေးညှင်း ထခြင်းသည်၊ ဓမ္မသဝနာဒီသု- တရားနာရာအခါ အစရှိသည်တို့ဌာ၊ ဗီတိဉပ္ပတ္တိကာလေ-ပီတိဖြစ်ရာအခါဌာ၊ ပီတိယာဝိ-ပီတိကြောင့်လည်း၊ ဟောတိ-ဖြစ်တတ်၏၊ ဘိရုကဇာတိကာနံ–ကြောက်တတ်သူ၏ အဖြစ်ဟူသော သဘောရှိကုန်သောပုဂ္ဂိုလ်တို့၏၊ သမ္မဟာရပိသာစာဒို ဒဿနေ

× × × × × × ×

အဟု အဟောသိတိ။ ။ပါဠိတော်ဌာ “ အဟုဒေဝ ဘယံ ” ဟု ရှိသောကြောင့် ပါဠိတော်အတိုင်း “ စိတ္တုတြာသဘယံ အဟု ” ဟု ဆိုပြီးလျှင် ထိုအဟုဌာ ဟူဓာတ်, ဤဝိဘတ်, (အ) လာ, သုတ်ကြိုးဖြင့် ဤကိုချေ ရဿပြုထားသည်ဟု သိစေလိုဌာ “ အဟောသိ ” ဟု အနက်ဖွင့်သည်။ [ကွစိဓာတူတိ အာဒိနာ ဟူတော ဤဝိဘတ္တိသာ လောပေါ, ရဿတ္တံ၊–ရူပသိဒ္ဓိ, အာချာတ် (၄၄၈)။]

ဆမ္ဘိတတ္တံ။ ။ထဘိဓေတ်သည် ထမ္ဘ – ခက်မာခြင်းအနက်ကို ဟောဏ်၊ ထမ္ဘနံ ထမ္ဘော၊ သဗ္ဗာတော ထမ္ဘော အသာ အတ္ထိတိ ထမ္ဘိတံ (သရီရံ)၊ ထမ္ဘိတဟု ဖြစ်ပြီးမှ ထကို ဆပြုလျှင် “ ဆမ္ဘိတ ” ဟု ဖြစ်၏၊ ထို့ကြောင့် ဋီကာသစ်ဌာ “ဆမ္ဘိတသာတိ ထမ္ဘိတဿ၊ ထကာရဿ ဆကာရာဒေသော” ဟု ဖွင့်သည်၊ ထိုသို့ ဖွင့်ရခြင်းမှာလည်း သတ္တာတဌာ “သ္ထမ္ဘိတ” ဟု ရှိသောကြောင့်တည်း၊ ဆမ္ဘိတဿ-ခက်မာခြင်း တောင့်တင်းခြင်းရှိသော ကိုယ်၏၊ ဘာဝေါ ဆမ္ဘိတတ္တံ၊ “တောင့်တင်းခိုင်မာ” ဟူရာဌာ လက်တွေ့ခြေတွေ မလှုပ်နိုင်ဘဲ တုန်၍နေခြင်းပင်တည်း၊ ထို့ကြောင့် “ သကလသရီရစလနံတိ အတ္ထော”ဟု အဓိပ္ပါယ်ဖွင့်သည်။

သု- သတ်ပုတ်ရာစစ်ပွဲ မြေဘုတ်ဘီလူး အစရှိသည်ကို မြင်ရာအခါ အစရှိသည် တို့၌၊ ဘယေနာပိ–ကြောက်ခြင်းကြောင့်လည်း၊(ဟောတိ-ဖြစ်တတ်၏၊) ဣဓ-ဤအဇာတသတ်မင်း၏ ကြက်သီးမွေးညှင်းထရာ၌၊(ဝေဒိတဗ္ဗော ၌စပ်)၊ ဘယလောမဟံသောတိ–ကြောက်ခြင်းကြောင့် ဖြစ်သော အမွေးတို့၏ ရှင်ခြင်းဟူ၍၊ ဝေဒိတဗ္ဗော။[ဆရာတို့ နိဿယ၌"ဣဓ-ဤအဟုဒေဝ ဘယံဟူသောပါဠိ၌"ဟု စွဲတော်မူ၏။]

ပန-ပရိဟာရပက္ခမ္မတပါး, စောဒကပက္ခကို ဆိုဥူးအံ့၊ ကဿာ-အာဘယ့်ကြောင့်၊ သေ(ဒေသော)–ဤမင်းသည်၊ ဘီတော–ကြောက်သနည်း၊ ဣတိ–ဤကား အမေးတည်း၊ အန္ဓကာရေန–အမိုက်မှောင်ကြောင့်၊ (ဘီတော–ကြောက်၏၊)ဣတိ-သို့၊ ကေ-အချို့ကုန်သော ဥတ္တရဝိဟာရဝါသီဂိုဏ်းဆရာတို့သည်၊ ဝဒန္တိ-ဆိုကြကုန်၏။[ကေတိ ဥတ္တရဝိဟာရဝါသိနော၊ ထိုဆရာတို့အလိုကို ဖွင့်ပြလို၍ "ရာဇဂဟေ ကိရ" စသည် မိန့်။] ကိရ–ခဲ့၊ ရာဇဂဟေ-ရာဇဂြိုဟ်မြို့၌၊ ဒွတ္တိံသ-၃၂ ပေါက်သော၊ မဟာဒွါရာနိ-တံခါးမကြီးတို့သည်ၾကား၊ စတုသဋ္ဌိ-၆၄ ပေါက်သော၊ ခုဒ္ဒကဒွါရာနိ–တံခါးငယ်တို့သည်ၾကား၊ (သန္တိ-ရှိကုန်၏)။[တံခါးကြီး တပေါက်လျှင် တံခါးငယ် ၂ ပေါက်စီ အခြံအရံရှိသောကြောင့်"စတုသဋ္ဌိ ခုဒ္ဒကဒွါရာနိ"ဟုဆိုသည်။]ဇိဝကသ-၏၊ အမ္ဗဝနံ-သရက်ဥယျာဉ်သည်၊ ပါကာရသမ-မြို့ရိုး၏ၾကား၊ ဂိဇ္ဈကူဋသမ–ဂိဇ္ဈကူဋ်တောင်၏ၾကား၊ အန္တရာ–အကြား၌၊ ဟောတိ-ရှိ၏၊ သော-ထိုမင်းသည်၊ ပါစီနဒွါရေန-အရှေ့တံခါးပေါက်ဖြင့်၊ နိက္ခမိတွာ-ထွက်၍၊ ပဗ္ဘတစ္ဆာယာယ-တောင်ရိပ်ဖြင့်၊ ,ပါဝိသိ-ဝင်ပြီ၊ တတ္ထ-ထို သရက်ဥယျာဉ်၌၊ ပဗ္ဘတကူဋ္ဌေန-တောင်ထွဋ်သည်၊ စန္ဒော–လကို၊ ဆာဒိတော–ဖုံးကွယ်အပ်ပြီ၊ ပဗ္ဘတစ္ဆာယာယစ–တောင်ရိပ်ကြောင့်ၾကား၊ ရက္ခစ္ဆာယာယစ–သစ်ပင်ရိပ်ကြောင့်ၾကား၊ အန္ဓကာရံ-အမိုက်မှောင်သည်၊ အဟောသိ–ဖြစ်ပြီ၊ ဣတိ–သို့၊ (ဝဒန္တိ–ကုန်၏)၊ တံဝိ–ထို စကားသည်လည်း၊ အကာရဏံ – အကြောင်း မဟုတ်၊(ကဿာ-ကြောင့်၊ တံဝိ-သည်လည်း၊ အကာရဏံ-အကြောင်း မဟုတ်သနည်း)၊ ဟိ (ယသ္မာ)–အကြင့်ကြောင့်၊ တဒါ- မြို့မှ ထွက်၍လာရာ ထို အခါ၌၊ ဥက္ကာနံ - မီးရှူးတို့၏၊ သတသဟဿာနံပိ-အသိန်းတို့၏ သော်မှလည်း၊ ပရိစ္ဆေဒေါ–အပိုင်း အခြားသည်၊ နတ္ထိ–မရှိ၊ (တသ္မာ– ကြောင့်၊ တံဝိ, အကာရဏံ၊ [အချို့စာအုပ်၌ " သတသဟဿာတိ - တသိန်းတို့ ဟူ၍လည်း "ဟု ရှိ၏။]

[မိမိ၏ဝါဒကို အဋ္ဌကထာဆရာ ပြလို၍ "အယံ ပန"စသည် မိန့်။] ပန–အဟုတ်ကား၊ အယံ - ဤ မင်းသည်၊ အပ္ပဿဒ္ဓတံ – တိုးသော အသံရှိသည်၏ အဖြစ်ကို၊ နိဿာယ-မှီ၍၊(အကြောင်းပြု၍၊)ဇိဝကေ-ဇိဝကဋ္ဌ၊ အာသင်္ကာယ-ယုံမှားခြင်းကြောင့်၊ ဘီတော-ကြောက်၏။[ယုံမှား သံသယဖြစ်ပုံ အခြင်းအရာ

ကို အကျယ်ပြလို၍ "ဇီဝကော ကိရ"စသည် မိန့်။] ကိရ-ခဲ့၊ ဇီဝကော-သည်၊ အဿ-ထို မင်းအား၊ ဥပရိပါသာဒေယော- ပြာသာဒ်၏ အထက်ထပ်၌ပင်၊ အာရောစေသိ–သံတော်ဥးတင်ခဲ့ပြီ၊(ကိ)၊မဟာရာဇ-မဟာရာဇာ၊ ဘဂဝါ-မြတ်စွာဘုရားကို၊("ဥပသင်္ကမိတဗ္ဗော"၌ စပ်)ဝါ-သည်၊ အပ္ပသဒ္ဒကာမော-တိုးသော အသံရှိသည်၏ အဖြစ်ကို အလိုရှိတော်မူသည်၊(ဟုတ္တာ–ဖြစ်၍၊ ဝါ-ဖြစ်ခြင်းကြောင့်)၊ အပ္ပသဒ္ဒေနေဝ – တိုးသော အသံဖြင့်သာလျှင်၊ ဥပသင်္ကမိတဗ္ဗော–ချဉ်းကပ်ထိုက်ပါ၏၊ ဣတိ-သို့၊(အာရောစေသိ)။

တသ္မာ–ကြောင့်(ထိုသို့ သံတော်ဥးတင်ခဲ့သည်၏ အဖြစ်ကြောင့်)၊ရာဇာ-သည်၊ တူရိယသဒ္ဒံ – တူရိယာသံကို၊ နိဝါရေသိ - တားမြစ်ရပြီ၊ တူရိယာနိ–တူရိယာတို့သည်၊ကေဝလံ-တီးမှုတ်ခြင်း မဖက်,သက်သက်၊ဂဟိတမတ္တာနေဝ-ကိုင်အပ်ကာမျှတို့သည်သာ၊ ဟောန္တိ၊ ဝါစမွိ-စကားသံကိုလည်း၊ ဥစ္စံ- မြင့်မြင့်၊ ဝါ-ကျယ်ကျယ်၊ အနိစ္ဆာရယမာနာ- မထွက်စေကုန်ဘဲ၊ အစ္ဆရာသညာယ-လက်ဖျစ်တီးသံဟူသော အမှတ်အသားဖြင့်၊ ဂစ္ဆန္တိ-သွားကြကုန်၏၊ အမ္ဗဝနေ ဝိ-သရက်ဥယျာဉ်၌လည်း၊ ကဿစိ-တပါးတလေ၏၊ ဒိဝိတသဒ္ဒေါ-ချေဆတ်အပ်သော အသံကိုသော်မှလည်း၊ နသုယျတိ- မကြားအပ်။

စ– သည်သာ မကသေး၊ ရာဇာနော နာမ – မင်းတို့မည်သည်၊ သဒ္ဒါဘိ ရတာ- အသံ၌ လွန်စွာမွေ့လျော်ကုန်သည်၊ ဟောန္တိ၊ သော–ထို မင်းသည်၊ တံ အပ္ပသဒ္ဒတံ – ထို တိုးသော အသံရှိသည်၏ အဖြစ်ကို၊ နိဿာယ – မှီ၍၊ (အကြောင်းပြု၍)၊ ဥက္ကဉ္ဇိတော - ပျင်းရိ ငြီးငွေ့သည်၊ (ဟုတ္တာ)၊ ဇီဝကေဝိ–ဇီဝက၌လည်း၊ အာသင်္ကံ - ယုံမှားခြင်းကို၊ ဥပ္ပါဒေသိ-ဖြစ်စေပြီ၊(ကိ)၊အယံ ဇီဝကော- သည်၊ မယှံ–အကျွန်ုပ်၏၊ အမ္ဗဝနေ- ၌၊ အမုတေဠသာနိ – အခွဲအား ဖြင့် တဆဲ့ သုံးလိကုန်သော၊ ဘိက္ခုသတာနိ – ရဟန်း အရာတို့သည်၊ (တနည်း) အမုတေဠသာနိ ဘိက္ခုသတာနိ-တထောင့် နှစ်ရာ့ငါးဆယ်သော ရဟန်းတို့သည်၊(သန္တိ)၊ ဣတိ, အာဟ-ပြောပြီ၊ ထွေစ – ဤဥယျာဉ်၌လည်း၊ ဒိဝိတသဒ္ဒ မတ္တံဝိ- ချေဆတ်အပ်သော အသံမျှကိုသော်မှလည်း၊ နသုယျတိ–မကြားအပ်၊ သေ(ဒေသော)-ဤ ဇီဝကသည်၊ အဘူတံ-ထင်ရှား မရှိဘဲ၊ ဝဠ္ဇေတွာ-လှည့်ပတ်၍၊ မံ-ငါ့ကို၊ နဂရတော-မြို့မှ၊ နီဟရိတ္ဝာ- ထုတ်ဆောင်၍၊ ပုရတော-ရှေ့၌၊ ဗလကာယံ-ဗိုလ်ပါ အပေါင်းကို၊ ဥပဋ္ဌပေတွာ - ဖြစ်စေ၍၊ မံ–ကို၊ ဂဏ္ဍိတွာ-ဖမ်းယူ၍၊ အတ္တနာ-ကိုယ်တိုင်၊ ဆတ္တံ- ထီးဖြူကို၊ ဥဿာပေတွာ ကာမော–ထောင်မတ်စေခြင်းငှါ အလိုရှိသည်၊ ဝါ- စိုက်ထူခြင်းငှါ အလိုရှိသည်၊(ဟောတိ) မည့်-ဖြစ်လေယောင် တကား၊ ဟိ- ကြောင့်၏၊ အယံ–ဤ ဇီဝကသည်၊ ပဋ္ဌန်-ငါးစီးကုန်သော၊ ဟတ္ထိနံ-ဆင်တို့၏၊ ဗလံ-အား၊ ဓာရေတိ-ဆောင်နိုင်၏၊ စ - သည်သာ မကသေး၊ မမ–ငါ၏၊ အဝိဒူရေနေဝ–အနီး

အရပ်ဖြင့်သာ၊ ဂစ္ဆတိ-သွားနေ၏၊ မေ-ငါ၏၊ သန္တိကေစ-အနီးဌ်လည်း၊ အာဝုဓဟတ္ထော-လက်ဌ် လက်နက်ရှိသော၊ ကေပုရိသောပို-တယောက်သော ယောကျ်ားသော်မှလည်း၊ နတ္ထိ-မရှိ၊ မေ-ငါ၏၊ အနတ္ထော-စီးပွားမဲ့သည်၊ အဟောဝတ-ဩြော်....ဖြစ်လေစွတကား၊ ဣတိ-ဤသို့ ကြံ၍၊ (အာသင်္-ကို၊ ဥပပါဒေသိ-ပြီ)။

[ကြောက်ခြင်းအကြောင်းကို ပြပြီး၍ ဇီဝကအား ပြောပုံကို ဆက်ပြလိုသော ကြောင့် "ဧဝံ ဘာယိတ္ထာ စပန" စသည် မိန့်၊ ဘာယိတ္ထာတိ ဘာယန ဟေတု၊-ဋီကာသစ်။] စပန-ထပ်၍ ဆက်ဥုံးအံ့၊ ဧဝံ-ဤသို့၊ ဘာယိတ္ထာ-ကြောက်ခြင်း ကြောင့်၊အဘိတောဝိယ-မကြောက်သူကဲ့သို့၊ သန္နာရေတုမ္မိ-စိတ်ကို ကောင်းစွာ ဆောင်ထားခြင်းငှါလည်း၊ (မျိုသိပ်ထားခြင်းငှါလည်း၊) နာသက္ခိ-မစွမ်းနိုင်၊ အတ္တနော-မိမိ၏၊ ဘီတဘာဝံ-ကြောက်သည်၏ အဖြစ်ကို၊ တဿ-ထို ဇီဝက အား၊ အာဝိ ထင်စွာ၊ အကာသိ-ပြုပြီ၊ တေန-ထို့ကြောင့်၊ အထခေါ ရာဇာ၊ပေးနနိဋ္ဌေါသောတိ-အထခေါ ရာဇာ၊ပေးနနိဋ္ဌေါသောဟူ၍၊ (အာယသ္မတာ အာနန္ဒတ္ထေရေန)၊ ဝုတ္တံ၊ တတ္ထ-ထို အထခေါ ရာဇာ အစရှိသော စကား ရပ်၌၊ သမ္မာတိ-သမ္မဟူသော၊ သေ (ဧသော)-ဤသဒ္ဒါသည်၊ ဝယသာဘိလာပေါ-အရွယ်အားဖြင့် တူသူကို ခေါ်ကြောင်း သဒ္ဒါတည်း၊ ဝါ-

× × × × × × ×

သမ္မ။ ။ သဂ္ဂတဌ်"သေဝ်မျ"သည် ပါဠိဌ်"သမ္မ" ဖြစ်သည် ဟု ဆို၏၊ သောမ သဒ္ဒါသည်"လ"ဟူသော အနက်ကို ဟော၏၊ ထိုလကဲ့သို့ ချစ်စရာကောင်းသော အရာ ကိုလည်း "သောမောဇ္ဇဝ" ဟု ဝိဂ္ဂဟပြု၍ ယပစ္စည်း၊ သွတ္ထဌ် အဏ်ပစ္စည်းထပ်သက်၍ "သေဝ်မျ-ချစ်ဘွယ်ကောင်းသော မိတ်ဆွေ"ဟု ဖြစ်၏၊ ထိုမှပြောင်းလာသော"သမ္မ" သဒ္ဒါလည်း ထိုအနက်ကိုပင် ဟော၏၊ ထို့ကြောင့် "ဝယသာဘိလာပေါ"ဟု ဆိုသည်၊ "သမ္မ-အချင်း"ဟု နိဿယပေးရာဌ်လည်း"အချင်းချင်း=သူငယ်ချင်း"ဟု ဆိုလိုသည်။ [ဋီကာသစ်ဌ်ကား "သမ္မသဒ္ဒေါ သမာနတ္ထော, သမာနဘာဝေါစ ဝယေန"ဟု ဖွင့်၏၊ ထို အလို"သမောယေဝ သမ္မော"ဟု သွတ္ထဌ် ယပစ္စည်းသက်ရပေလိမ့်မည်။]

ဝယသ။ ။ဝယေန-အရွယ်အားဖြင့်+ သမာနော-တူသူတည်း၊ ဝယသော-သူ၊ သမာနကို(သ)ပြု၊ ဥပမာ-ဟရိသဝဏ္ဏော ဌ် "ဟရိသမာနဝဏ္ဏော-ရွှေအဆင်းနှင့် တူသောအဆင်းရှိ၏"ဟု အနက်ဖြစ်လျက် သမာနကို သ ပြုသကဲ့သို့တည်း၊ ဤသဒ္ဒါနည်း အလိုအားဖြင့် "အရွယ်တူ" ကိုသာ ဟောနိုင်သော်လည်း အထင်ရှင်အားဖြင့် အရွယ် မတူစေကာမူ သဟာယ်ချင်း (သူငယ်ချင်း) ဟူသမျှကိုလည်း ဟောနိုင်၏၊ ဥပမာ-" အဟံဝိယ ဒိဿတိတိ မာရိသော " ဟူသော ဝိဂြိုဟ်အရ မာရိသသဒ္ဒါသည် "ငါနှင့် တူသူ=ငါ့ကို စိတ်ချမ်းသာသူ" အနက်ကို ဟောစေကာမူ ဒုက္ခရှိနေသော ငရဲသားကို လည်း ရည်ဩအားဖြင့် "မာရိသ" ဟု ခေါ်နိုင်သကဲ့သို့တည်း၊ ဝယသသ-မိတ်ဆွေကို+ အဘိလာပေါ-ရွေးရွခေါ်ကြောင်း သဒ္ဒါတည်း၊ ဝယသာဘိလာပေါ၊ ဤသို့ ပြုသင့်၏၊ ဋီကာသစ်ဌ် "တေန+ အဘိလာပေါ"ဟု ဖွင့်သည်ကို စဉ်းစားပါ။

မိတ်ဆွေကို ခေါ်ကြောင်းသဒ္ဒါတည်း၊ ဝယသ - မိတ်ဆွေ၊ ကစ္စိ–အသို့နည်း၊ မံ–ငါ့ကို၊ (နပလမ္ဘေသိ– မဖြားယောင်းဘဲ ရှိပါ၏လော”ဌ်စပ်)၊ ဣတိ ဝုတ္တံ ဟောတိ၊ နပလမ္ဘေသိတိ- ကား၊ ယံ– အကြင် အရာဝတ္ထုသည်၊ (တထောင့် နှစ်ရာ့ငါးဆယ်သော သံယာအပေါင်းသည်၊) နတ္ထိ-မရှိ၊ တံ-ထိုအရာဝတ္ထုကို၊ အတ္ထိတိ–ရှိ၏ဟူ၍၊ ဝတ္ဝာ–ပြောဆို၍၊ ကစ္စိ- အသို့နည်း၊ မံ-ကို၊ နဝိပ္ပလမ္ဘေ ယျာသိ–မဖြားယောင်းဘဲ ရှိပါ၏လော၊ နိဋ္ဌေါသောတိ-ကား၊ ကထာသလ္လာပ နိဋ္ဌေါသော – စကားပြောခြင်းဟူသော ကျယ်စွာသောအသံသည်၊ (“နဘဝိ ဿတိနာမ– မဖြစ်ဘဲရှိရသနည်း ”ဌ်စပ်)။ [ကထာယ + သလ္လာပေါ်၊ ကထာသလ္လာပေါကထာသလ္လာပေါဝ+နိဋ္ဌေါသော ကထာသလ္လာပ နိဋ္ဌေါသော။]

မာ ဘာယိ မဟာရာဇာတိ- ကား၊ ဇီဝကော-သည်၊ (အာဒိမာဟဌ်စပ်)၊ အယံ ရာဇာ–ဤမင်းသည်၊ မံ-ငါ့ကို၊ အယံ–ဤဇီဝကသည်၊ ပရံ-သူတပါးကို၊ ဇီဝိတာ–ဇီဝိတိန္ဒြေမှ၊ နဝေါရောပေတိ-မခွင်းတော့၊(သောတာပန်ဖြစ်၍ သူ့အသက် မသတ်တော့၊) ဣတိ - သို့၊ နဇာနာတိ - မသိ၊ ပန - ထိုသို့ပင် မသိပါသော်လည်း၊ နံ-ထိုမင်းကို၊ သစေ နအဿာသေဿာမိ-အကယ်၍ မသက်သာစေအံ့၊ (ဝဲသတိ)၊ ဝိနဿေယျ–ပျက်စီးရာ၏၊ [စိတ်ပင်ပန်းစရာရှိခြင်းကို “ဝိနဿေယျ” ဟု ဆိုသည်။] ဣတိ- သို့၊ စိန္တယိတ္ဝာ – ကြံ၍၊ ဒဋ္ဌံ – ခိုင်မြဲသည်ကို၊ ကတ္ဝာ-၍၊ သမဿာသေန္တော – သက်သာစေလိုသည်၊ (ဟုတ္ဝာ)၊ မာ ဘာယိ မဟာရာဇာဘိ- ဟူ၍၊ ဝတ္ဝာ – သံတော်ဥုံးတင်ပြီး၍၊ နတံ ဒေဝါတိအာဒိံ-နတံ ဒေဝ အစရှိသော စကားကို၊ အာဟ - သံတော်ဥုံးတင်ပြ။[“နတံ ဒေဝ ဝန္ဓေမိ”စသည်ဖြင့် တိုက်ရိုက်ဟောခြင်းကိုပင် “ဒဋ္ဌံ ကတ္ဝာ”ဟု ဆိုသည်၊ နတံ ဒေဝါတိ အာဒိဝစနံ သန္ဓာယ ဒဋ္ဌံ ကတ္ဝာတိ ဝုတ္တံ၊-ဋီကာသစ်။]

အဘိက္ကမာတိ– ကား၊ အဘိမုခေါ- ရှေးရှုသည်၊ (ဟုတ္ဝာ)၊ ကမ=ဂစ္ဆ– သွားပါလော၊ ပဝိသ – ဝင်ပါလော၊ ဣတိ အတ္ထော၊ ပန - ဆက်၊ သကိ – တကြိမ်၊ ဝုတ္တော–ဆိုအပ်သော်၊ ဒဋ္ဌံ-ခိုင်မြဲသည်၊ နဟောတိ၊ ဣတိ-ထို့ကြောင့်၊

× × × × × × ×

ပလမ္ဘေသိ။ ။စုရာဒိ လဘိဓာတ်သည် “ဝဉ္စန– လှည့်ပတ် ဖြားယောင်းခြင်း” အနက်ကို ဟောင်၏၊ စုရာဒိ ဏေါပစ္စည်း, ယျောသိဝိဘတ်၏ ဧယျကိုချေ၍ “ပလမ္ဘေသိ” ဟု ဖြစ်ကြောင်း သိစေလိုသောကြောင့် “ဝိပ္ပလမ္ဘေယျာသိ” ဟု ဖွင့်သည်၊ ပါဠိတော်၌ “နဝဉ္ဇေသိ” ကိုပင် “နပလဘေ္ဘသိ” ဟု ထပ်၍ ပရိယာယ်ဆိုသည်၊ ဤနေရာ၌ လှည့်ပတ်ခြင်းကိုပင် “ဖြားယောင်းခြင်း, သွေးဆောင်ခြင်း”ဟု ယူပါ–ဟူလို။

အဘိက္ကမ။ ။အဘိကို “အဘိမုခေါ်” ဟု ဖွင့်၍, ကမကို “ဂစ္ဆ” ဟု ဖွင့်သည်၊ “ကမု – ပဒဝိက္ခေပေ (ဂတိမ္ဟိ)”ဟူသော ဓာတ်နက်ကို ဖွင့်ခြင်းတည်း၊ ထိုသို့ “ရှေးရှုသွားခြင်း”ဟူသည် ကျောင်းတိုက်အတွင်းသို့ ဝင်ခြင်းပင်တည်း၊ ထို့ကြောင့် “ ပဝိသာတိ အတ္ထော”ဟု အဓိပ္ပါယ်နက်ဖွင့်သည်။

တရမာနော၀-အဆောတလျင်သာလျှင်၊(ဟုတ္တာ)၊ ဒွိက္ခတ္တုံ-၂ ကြိမ်၊ အာဟ-ပြီ၊ တေ မဏ္ဍလမာဠေ ဒီပါ စျာယန္တိ- ကား၊ မဟာရာဇ-ဇာ၊ စောရဗလံ နာမ-ခိုးသူအပေါင်းမည်သည်၊ ဒီပေ-ဆိမိုးတို့ကို၊ ဇာလေတ္ဝာ-တောက်စေ၍၊ ၀ါ-ညှိထွန်း၍၊ နု တိဋ္ဌတိ- မတည်ပါ၊ (မိုးထွန်း၍ နေရိုးမဟုတ်ပါ)၊ မဏ္ဍလမာဠေ-တန်ဆောင်း၀န်း၌၊ တေစ ဒီပါ- ဤ ဆိမိုးတို့သည်လည်း၊ ဇလန္တိ-တေဝံပပါကုန်၏၊ မဟာရာဇ- ဇာ၊ တောယ ဒီပသညာယ- ဤ ဆိမိုး အမှတ် အသားဖြင့်၊ ယာဟိ-သွားပါလော၊ ဣတိ, ၀ဒတိ-သံတော်ဥာဏ်းတင်၏။

× × × × × × ×

တရမာနော၀ ဒွိက္ခတ္တုံ။ ။"အဘိဏှမ မဟာရာဇ" ဟု တခွန်းတည်းပြောလျှင် အေးစက်စက်ပြောသလို ဖြစ်သောကြောင့် ခိုင်မြဲသောစကားမဟုတ်၊ ထို့ကြောင့် ခိုင်မြဲအောင် အဆောတလျင်အနေအားဖြင့် ၂ ကြိမ်ထပ်၍ပြောသည်၊ (ပါဠိတော်ကြည့်ပါ၊) "ဘယေ ကောဓေ ပသံသာယံ, တုရိတေ" စသော အဘိဓာန် (၁၀၇) လာ အာမေဋိတ် စကားပြောရာ၌ တုရိတအာမေဋိတ်ပင်တည်း၊ ထို့ကြောင့် "တရမာနော၀" ဟု ဆို၏။

မဟာရာဇ စောရဗလံ နာမ။ ။"အဘိဏှမ မဟာရာဇ" ဟု တိုက်တွန်းပြီးနော်, ထိုသို့ တိုက်တွန်းရခြင်း၏အကြောင်းကို ပြလို၍ "တေ မဏ္ဍလမာဠေ ဒီပါ စျာယန္တိ" ဟု သံတော်ဥာဏ်းတင်သည်ဟု စကား ၂ ရပ် ဆက်သွယ်နေပုံကို ပြခြင်းငှါ "မဟာရာဇ စောရဗလံ နာမ" စသည်ကို မိန့်သည်။

ဇီဝကကထာအဖွင့် ပြီး၏။

သာမညဖလ ပုဏ္ဏာကထာ

နာဂသဿ ဘူမိတိ-ကား၊ ယတ္ထ-အကြင်အရပ်၌၊ ၀ါ- သို့၊ ဟတ္ထိ- ဆင်ကို၊ အဘိရုဠှေန-စီးသောပုဂ္ဂိုလ်သည်၊ ဂန္ဒံ- သွားခြင်းငှါ၊ သက္ကာ-တတ်ကောင်း၏၊ အယံ-ဤအရပ်သည်၊ နာဂဿ-ဆင်၏၊ ဘူမိနာမ-သွားနိုင်လောက်ရာ မြေအရပ် မည်၏၊ နာဂါ ပစ္စောရောဟိတွာတိ-ကား၊ ဝိဟာရဿ-ကျောင်းတိုက်၏၊ ဗဟိဒ္ဓါရကောဋ္ဌကေ - တံခါးမုခ်၏ အပြင်ဘက်၌၊ ဟတ္ထိတော - ဆင်တော်မှ၊ ဩရောဟိတွာ- သက်ဆင်း၍၊ ["ပတ္တိကော၀-ခြေဖြင့်သွားသည်သာ၊(ဟုတ္တာ)၊ ပေ၊ ဥပသင်္ကမိ" ၌စပ်။] ပန-ဆက်၊ ဘူမိယံ- မြေ၌၊ ပတိဋ္ဌိတသမကာလ မေ၀-တည်ရာကာလနှင့်ညီမျှသော ကာလ၌ပင်၊ ဘဂ၀တော-၏၊ တေဇော-

× × × × × × ×

နာဂဿ ဘူမိ။ ။"ဝိဟာရဿ ဗဟိဒ္ဓါရကောဋ္ဌကေ"ကို ထောက်၍ ဆင်ဖြင့် သွားလို့ဖြစ်လေ၁ရာ "နာဂဿ ဘူမိ"ဟုသည် "ကျောင်းတိုက်သို့၀င်ရာ တံခါးမုခ်၏ အပြင်ဘက်အရပ်တည်း" ဟု မှတ်ပါ၊ တံခါးမုခ်ရောက်လျှင်ကား ဆင်စီး၍၀င်ဘို့ မဖြစ်နိုင်တော့၊ တံခါးမုခ်က ဆင်နှင့်တကွ စီးသူပါလွတ်လောက်အောင် မမြင့်-ဟူလို။

ဘန်ခိုးအာနဘော်သည်၊ ရညော-၏၊ သရီရံ-ကိုယ်ကို၊ ဖဒို-ပြန့်နှံပြီ၊ အထ-ထိုအခါ၌၊ အဿ-ထိုမင်း၏၊ တာဝဒေဝ-ထိုဓဏ္ဍပင်၊ သကလသရီရတော-အလုံးစုံသောကိုယ်မှ၊ သေဒါ-ချွေးတို့သည်၊ မုစ္စိ သု- ယိုထွက်ကုန်ပြီ၊ သာဎုကာ - အဝတ်တို့သည်၊ ဝါ - တို့ကို၊ ပိဒ္ဓေတွာ - ညှစ်၍၊ အပနေတဖွာဝိယ - ဖယ်ရှားထိုက်ကုန်သကဲ့သို့၊ အဟေသုံ-ဖြစ်ကုန်ပြီ၊ အတ္တနော-မိမိ၏၊ အပရာဓံ-အပြစ်ကို၊ သရိတွာ- အမှတ်ရ၍၊ မဟာဘယံ- ကြီးစွာသော ကြောက်ခြင်းသည်၊ ဥပ္ပဇ္ဇိ-ဖြစ်ပြီ။ [ဤသို့ ကြီးစွာကြောက်ခြင်း၏ဖြစ်မှုကြောင့် ချွေးထွက်မှုဖြစ်ရသည်၊ ဘုရားရှင်၏ တေဇောပြန့်မှုကြောင့်ကား ကိုယ်စိတ် ငြိမ်းအေးကြောင်းသာဖြစ်သောကြောင့် ချွေးမထွက်နိုင်ပါ။]

သော-ထိုမင်းသည်၊ ဥဇုကံ-ဖြောင့်မတ်စွာ၊ ဝါ-တိုက်ရိုက်၊ ဘဂဝတော-၏၊ သန္တိကံ-အထံတော်သို့၊ ဂန္တွာ-သွားခြင်းငှါ၊ အသက္ကောန္တော- မစွမ်းနိုင်သည်၊ (ဟုတ္တွာ)၊ ဇိဝကံ-ဇိဝကကို၊ ဟတ္ထေ-လက်၌၊ ဂဟေတွာ- ဆွဲကိုင်၍၊ အာရာမစာရိကံ-အာရာမ်၌ လှည့်လည်ခြင်းကို၊ စရမာနောဝိယ- လှည့်လည်သကဲ့သို့၊ ["လှည့်လည်ခြင်းကို လှည့်လည်" ဟု အရတူသောကြောင့် စာရိကံ စရမာနောကို အဘေဒဘေဒူပစာ ကြံပါ။] သမ္မဇိဝက-အချင်း ဇိဝက၊ ဣဒံ- ဤအရာကို၊ (ကျောင်းတိုက်ကို ရည်ရွယ်သည်)၊ တေ-သင်သည်၊ သုဋ္ဌု-ခကောင်းစွာ၊ ကာရိတံ-ပြုလုပ်စေအပ်ပါပေပြီ၊ ဝါ-ဆောက်လုပ်စေအပ်ပါပေပြီ၊ ဣဒံ-ကို၊ သုဋ္ဌု-ဒွာ၊ ကာရိတံ-ပြီ၊ ဝါ- ပြီ၊ ဣတိ- ဤသို့၊ ဝိဟာရဿ-ကျောင်းတိုက်၏၊ ဝဏ္ဏံ-ဂုဏ်ကို၊ ဘဏာမာနော- ပြောဆိုလျက်၊ အနုက္ကမေန-အစဉ်အားဖြင့်၊ ယေန-အကြင်အရပ်၌၊ မဇ္ဈာလမာဎဿ - တန်ဆောင်းဝန်း၏၊ ဒွါရံ - တံခါးပေါက်သည်၊ (အတ္ထိ)၊ ဘေန-တံခါးပေါက်ရှိရာ ထိုအရပ်သို့၊ ဥပသင်္ကမိ- သွား၏၊ သမ္မတ္တော- ကောင်းစွာရောက်ပြီ၊ ဣတိအဝေါ။

ကဟံ ပန သမ္မာတိ— ကဟံ ပန သမ္မဟ္ဂ၍၊ ကသ္မာ- အဘယ့်ကြောင့်၊ ပုစ္ဆိ- မေးသနည်း၊ ဣတိ- ဤကား ပုစ္ဆာတည်း၊ တာဝ - မဟာဝိဟာရဝါသိကိုဏ်းဆရာတို့မှ ရှေးဥုံးစွာ၊ (နိဒ္ဒိဋ္ဌာ- ကုန်သော၊) ဧကေ- အချို့သော ဥတ္တရဝိဟာရဝါသိကိုဏ်းဆရာတို့သည်၊ အဇာနန္တော-မသိသည်၊ (ဟုတ္တွာ-၍၊ ဝါ-ဖြစ်ခြင်းကြောင့်၊ ပုစ္ဆိ-မေးပြီ၊) ဣဟ, ဝဒန္တိ-ဆိုကြကုန်၏၊ ကိရ-ခဲ့၊ ဣမိနာ- ဤမင်းသည်၊ ဒဟရကာလေ – ငယ်ရွယ်သူ၏အခါ၌၊ ဝါ - ငယ်ရွယ်စဉ်အခါ၌၊ [" ဒဟရသ+ကာလော " ဟု သဒ္ဒတ္ထဖြစ်၏၊ " ငယ်ရွယ်စဉ်အခါ၌ " ဟူသော အနက်ကားအဓိပ္ပါယတ္ထ။] ပိတရာ-ခမည်းတော်နှင့်၊ သဒ္ဓိံ-တကွ၊ အာဂမ္မ-လာ၍၊ ဘဂဝါ-မြတ်စွာဘုရားကို၊ ဒိဋ္ဌပုဗ္ဗော-ရှေးဦး ဖူးမြင်အပ်ပြီ၊ ဝါ- ဖူးမြင်အပ်ဘူးပြီ၊ [ပုဗ္ဗ+ဒိဋ္ဌော ဒိဋ္ဌပုဗ္ဗော။] ပန – ထိုသို့ပင် ဖူးမြင်အပ်ဘူးပါသော်လည်း၊ ပစ္ဆာ-နောင်၌၊ ပါပမိတ္တ သံသဂ္ဂေန – ယုတ်မာသောမိတ်ဆွေနှင့် ပေါင်းမိခြင်းကြောင့်၊ ပိတု

ယာတကံ– ခမည်းတော်သတ်ခြင်းကို၊ ကတွာ-၍ၵင်း၊ အဘိမာရေ–လေးသွား တို့ကို၊ ပေသေဣာ–စေလွှတ်၍ၵင်း၊ ဓနပါလံ-ဓနပါလဆင်ကို၊ ဝါ–နာဠာဂိရိ ဆင်ကို၊ မုဉ္စာပေတွာ – လွှတ်စေ၍ၵင်း၊ မဟာပရာဓော- များစွာသောအပြစ် ရှိသည်၊ ဟုတွာ-၍၊ ဘဂဝတော-၏၊ သမ္မုခီဘာဝံ-မျက်မှောက်ဟော်၏အဖြစ်သို့၊ နဉ္ဇပဂတပုဗ္ဗော-ရှေးဦး မကပ်ရောက်၊ ဝါ-မချဉ်းကပ်ဘူးတော့၊ ဣတိ-ကြောင့်၊ (ထိုသို့ မချဉ်းကပ်ဘူးသည်၏အဖြစ်ကြောင့်)၊ အသဉ္ဇာနန္တော – ကောင်းစွာ မသိသည်၊ ဝါ-မမှတ်မိသည်၊ (ဟုတွာ)၊ ပုစ္ဆတိ-မေး၏၊ ဣတိ-သို့၊ (ဝဒန္တိ)၊

တံ- ထိုအကြောင်းသည်၊ အကာရဏံ – သင့်သောအကြောင်း မဟုတ်၊ (ကသ္မာ–အဘယ့်ကြောင့်၊ တံ- ထိုအကြောင်းသည်၊ အကာရဏံ– သင့်သော အကြောင်း မဟုတ်သနည်း)၊ ဟိ(ယသ္မာ)– အကြင့်ကြောင့်၊ ဘဂဝါ-သည်၊ အာကိဏ္ဏဝရလက္ခဏော - ရောပြွမ်းသော ၃၂ ပါးသော မြတ်သောလက္ခဏာ တော်ကြီးရှိတော်မူသည်၊ အနုဗျဉ္ဇနမဋိပဋိတော– ရှစ်ဆယ်သော လက္ခဏာ တော်ငယ်တို့ဖြင့် တန်ဆာဆင်တော်မူအပ်သည်၊ (ဟုတွာ)၊ ဆဗ္ဗဏ္ဏာဟိ– ၆ ပါးသော အဆင်းရှိကုန်သော၊ ရသ္မိဟိ - ရောင်ခြည်တော်တို့ဖြင့်၊ သကလံ- အလုံးစုံသော၊ အာရာမံ- ကျောင်းတိုက်ကို၊ သြဘာသေတွာ - ထွန်းလင်းခစား၍၊ တာရာဂဏာပရိဝုတော-ကြယ်တာရာအပေါင်းသည် ခြံရံအပ်သော၊ ပုဏ္ဏစန္ဒော ဝိယ– လပြည့်ဝန်းကဲ့သို့၊ ဘိက္ခုဂဏာပရိဝုတော – ရဟန်းအပေါင်း ခြံရံအပ် သည်၊(ဟုတွာ)၊ မင်္ဂလမာဠမဇ္ဈေ-တန်ဆောင်းဝန်း၏အလယ်၌၊နိသိန္နော-ထိုင်နေတော်မူ၏၊ တံ – ထို ထိုင်နေတော်မူသော မြတ်စွာဘုရားကို၊ ကော – အာဘယ်သူသည်၊ နု ဇာနေယျ - မသိနိုင်ဘဲရှိအံ့နည်း၊ (ဇာနေယျ ဧဝ - သိနိုင် သည်သာ)၊ (တသ္မာ– ထို့ကြောင့်၊ တံ – ထိုအကြောင်းသည်၊ အကာရဏံ– သင့်သောအကြောင်း မဟုတဲ့)၊ ပန – အဟုတ်ကား၊ အယံ – ဤမင်းသည်၊ အတ္တနော – မိမိ၏၊ ဇာသရိယလဇ္ဇာယ – အစိုးရသူ၏ ဖြစ်ကြောင်းဖြစ်ရာ၏ တင့်တယ်ခြင်းဖြင့်၊ ပုစ္ဆတိ–၏၊ [ဣသရသ + ဘာဝေါ ဣသရိယံ – အစိုးရ၏ ဖြစ်ကြောင်းဖြစ်ရာ ရာထူးစည်းစိမ်၊ ထို၏ တင့်တယ်စမ္ပါယ်ခြင်းကို “ဇာသရိယ

× × × × × × ×

အဘိမာရေ။ ။မြတ်စွာဘုရားကို လွှမ်းမိုး၍ သတ်မည့် လေးသမားတို့ကို“အဘိ မာရ” ဟု ခေါ်၏။ [အဘိမာရေတိ အဘိဘဝိတွာ ဘဂဝန္တံ မာရေဏာတွာဃ ပယောဇိ တော ဓနုဓရော– ပါစိတ်, ဂဏာဘောဇနသိက္ခာပုဒ်၊–ဝိမတိ။]

ဓနပါလံ။ ။နာဠာဂိရိဆင်ကိုပင်“ ဓနပါလ ”ဟု ခေါ်သည်၊ သော ဟိ တဒါ (ဘုရားရှင်ကို နှင်းသတ်ဘို့ စေလွှတ်အပ်သော်လည်း မြတ်စွာဘုရား၏ မေတ္တာတော် ကြောင့် ယဉ်ကျေးရာ ထိုအခါ၌)နာဂရေဟိ ပူဇိတဓနရာသ်နော လဘာနတော ဓန ပါလောတိ ဝေါဟာရိယတိ၊ [ဓနံ– လူတို့ ပူဇော်အပ်သော ဥစ္စာကို+ပါလေတိ– စောင့် ရှောက်တတ်၏၊ ဣတိ ဓနပါလော။]

လိဉ္စာ”ဟု ခေါ်သည်။] ဟိ- မှန်၊ (ရာဇာနော - မင်းတို့သည်)၊ ဇာနန္တာဝိ– သိပါကုန်သော်လည်း၊ အဇာနန္တာဝိယ– မသိကုန်သကဲ့သို့၊ ယံ ပုစ္ဆန္တိ-အကြင် မေးကြကုန်၏၊ ဧသာ– ဤသိပ္ပါလျက် မသိဟန်ဆောင်၍ မေးခြင်းသည်၊ ရာဇကုလာနံ–မင်းမျိုးတို့၏၊ ပကတိ-ပင်ကိုယ်သဘောတည်း။

ပန- ဆက်၊ ဇီဝကော- သည်၊ တံ- ထိုစကားကို၊ သုတ္ဝာ - ကြား၍၊ အယံ ရာဇာ- ဤမင်းသည်၊ ပထဝိယံ- မြေပေါ်၌၊ ဌတ္ဝာ– ရပ်၍၊ ပထဝီ–မြေသည်၊ ကုဟိံ – အဘယ်မှာနည်း၊ ဣတိ-သို့၊ (ဝဒမာနောဝိယ- ပြောသူကဲ့သို့ ၎င်း)၊ နဘံ–ကောင်းကင်ကို၊ ဥလ္လောကေတ္ဝာ- မော်ကြည့်၍၊ စန္ဒိမသူရိယာ - လ, နေ တို့သည်၊ကုဟိံ -နည်း၊ ဣတိ,(ဝဒမာနောဝိယ)၊ သိနေရုမှလေ- မြင့်မိုရ်တောင် ခြေ၌၊ ဌတ္ဝာ–ရပ်၍၊ သိနေရု– မြင့်မိုရ်တောင်သည်၊ ကုဟိံ - နည်း၊ ဣတိ, ဝဒ မာနောဝိယ-၎င်း၊ ဒဿဇလဿ-မြတ်စွာဘုရား၏၊ ပုရတော-ရှေ့တော်၌၊ ဌတ္ဝာ- ရပ်တည်၍၊ ဘဂဝါ-သည်၊ ကုဟိံ -နည်း၊ ဣတိ–သို့၊ ပုစ္ဆတိ-မေးဘိ၏၊ ဟန္ဒ- ယခု၊ အဿ–ထိုမင်းအား၊ ဘဂဝန္တံ - ကို၊ ဒဿဿာမိ - ပြအံ့၊ ဣတိ - သို့၊ စိန္တေတ္ဝာ- ကြံ၍၊ ယေန- အကြင်အရပ်၌၊ ဘဂဝါ–သည်၊ (အတ္ထိ)၊ တေန– ထိုအရပ်၌၊ ဝါ- သို့၊ အဉ္ဇလိံ - လက်အုပ်ကို၊ ပဏာမေတ္ဝာ - ညွတ်စေ၍၊ (တနည်း) အဉ္ဇလိံ ပဏာမေတ္ဝာ – လက်အုပ်ချီ၍၊ ဧသော မဟာရာဇာတိ အာဒိံ –ဧသော မဟာရာဇ အစရှိသော စကားကို၊ အာဟ–ပြီ၊ ပုရေက္ခတော တိ–ကား၊ ပရိဝါရေတ္ဝာ–ခြံရံ၍၊ နိသိန္နသ–ထိုင်နေသော ဘိက္ခုသံဃာ၏၊ ပုရတော–ရှေ့၌၊ နိသိန္နော–ထိုင်နေတော်မူသော၊ (ဧသော– ဤပုဂ္ဂိုလ်ကား၊ ဘဂဝါ–မြတ်စွာဘုရားပါတည်း)–ဟု ပါဠိတော်၌ ရှေ့သို့လှည့်၍ စပါ)။

× × × × × × ×

ပကတိဟေသာ။ ။“ဘုရားရှင်၏ရှေ့တော်၌ ဇာသရိယလိဉ္စာဖြင့် ဟန်ကြိုးပန်ကြိုး လုပ်၍ မေးခြင်းသည် ဘုရားကို မလေးစားရာ မရောက်ပါလော” ဟု စောဒနာဘွယ်ရှိ သောကြောင့် “ပကတိဟေသာ”စသည်မိန့်၊ ထိုသို့မေးခြင်းမှာ မင်းမျိုးတို့၏ ရိုးရာထုံးစံ ဖြစ်သောကြောင့် ဘုရားရှင်ကို မလေးစားရာ မရောက်ပါ– ဟူလို၊ ဤသို့ မလေးစားရာ မရောက်သော်လည်း ဇီဝကသည် ထိုသို့ မေးအပ်သည်ကို ခံချင်ဟန် မတူ၊ ထို့ကြောင့် “ဇီဝကော ပန”စသည်ကို အဋ္ဌကထာဆရာ မိန့်သည်။

ပုရေက္ခတော။ ။ပုရေ–ဘိက္ခုသံဃာ၏ ရှေ့၌+ကတော-ပြုအပ် ထားအပ်သည် တည်း၊ ပုရေက္ခတော- သည်၊ ဤသို့ သဒ္ဒတ္ထဖြစ်သော်လည်း “ခြံရံ၍နေသော ဘိက္ခုသံဃာ၏ ရှေ့၌”ဟုသာ အဓိပ္ပါယ် ဆိုလိုသောကြောင့် “ပရိဝါရေတ္ဝာ၊ပေ၊ပုရတော” ဟု အဓိပ္ပါယ်ဖွင့်သည်၊ ပုရတော၏ နောက်၌ နိသိန္နောကား ပါဠိတော်၌ တိုက်ရိုက် လာသော နိသိန္နော သဒ္ဒါပင်ဘည်း၊ ပါဠိတော်၌ “နိသိန္နော ပုရေက္ခတော ဘိက္ခုသံဃသ ” ဟု ပုရေက္ခတောပုဒ်က နောက်၌ နေသော်လည်း ရှေ့နိသိန္နောကို လှည့်၍ စပါဟု သိစေလိုသောကြောင့် “ပုရတော နိသိန္နော” ဟု မိန့်သည်။

ယေန ဘဂဝါတေနုပသင်္ကမိတိ–ကား၊ ယတ္ထ-အကြင် အရပ်၌၊ ဘဂဝါ–သည်၊(အတ္ထိ-ရှိတော်မူ၏)၊ တတ္ထ-ထို ဘုရားရှိတော်မူရာအရပ်၌၊ ဝါ- အရပ်သို့၊ ဂတော–သွားပြီ၊ ဘဂဝတော-မြတ်စွာဘုရား၏၊ သန္တိကံ–အထံတော်သို့၊ ဥပဂတော–ချဉ်းကပ်ပြီ၊ ဣတိ အတ္ထော။

ကေမန္တိ အဒ္ဓါသိတိ – ကား၊ ဘဂဝန္တံဝါ – မြတ်စွာဘုရားကိုသော်၎င်း၊ ဘိက္ခုသံဃံဝါ-ရဟန်း အပေါင်းကိုသော်၎င်း၊ အသယ်နှုယမာနော-မထိခိုက်စေဘဲ၊ အတ္တနော-မိမိအား၊ ဝါ–၏၊ ဌာတုံ–ရပ်တည်ခြင်းငှါ၊ အနုစ္ဆဝိကေ-လျောက်ပတ်သော၊ ကေသိံ-တခုသော၊ ပဒေသေ- အရပ်၌၊ ဘဂဝန္တံ – ကို၊ အဘိဝါဒေတွာ–ရှိခိုး၍၊ ဧကော၀-တယောက်တည်းသာလျှင်၊ အဒ္ဓါသိ-ရပ်ပြီ၊ (ရပ်ပြီးမှ ထိုင်လိမ့်မည်)။

× × × × × × ×

ယတ္ထ တတ္ထ ဂတော ။ ။“ယေန တေနတ္ထိဒ္ဓ နာဝိဘတ်သည်တို့ သတ္တမီ အနက်ဌသက်သော ဝိဘတ်တည်း” ဟု သိစေလို၍ “ယတ္ထ တတ္ထ”ဟု ဖွင့်သည်၊ တတ္ထကို “ဒ္ဓ” ဟုဂုင်း, “သို့”ဟုဂုင်း ၂ မျိုးပင် ဖွင့်လေ့ရှိကြ၏၊ ဥပသင်္ကမိကိုလည်း “ ဂတော” ဟု ဖွင့်၏၊ “ဥပသင်္ကမိ–သွားပြီ” ဟု ပေးပါ-ဟူလို၊ ထိုသို့သွားရာ၌ ရောက်ရုံ သွားသော အသွားကို ရှေ့၌ “ သမ္မတ္တော ” ဟု ဖွင့်ခဲ့ပြီးဖြစ်သောကြောင့် ဤနေရာ၌ အနီးသို့ ရောက်အောင် သွားသော ချဉ်းကပ်မှု အသွားကို ယူစေလို၍ “သန္တိကံ ဥပဂတော”ဟု အဓိပ္ပါယတ္ထဖွင့်သည်၊ ထို့ကြောင့်“ဥပသင်္ကမိ–ချဉ်းကပ်ပြီ”ဟု ပေးကြသောအနက်ကို အဓိပ္ပါယတ္ထ ဟု မှတ်ပါ။

ကေမန္တံ။ ။“ကေသိံ ပဒေသေ”ဟု ဖွင့်ရာ၌ အဘိဓံဝန် (၇၉၁)၌ လာသော အန္တာသဒ္ဒါ၏ အနက်တို့တွင် တိုက်ရိုက်အားဖြင့် ပဒေသအနက်မပါ၊သို့သော် ကောဋ္ဌာသ (အဝိုအစု) အနက်နှင့်ကား လျော်သလို ရှိ၏၊ သို့မဟုတ် ပဒေသအနက်ကိုပင် အဘိဓာန်၌ မပါသော အနက်အထူး ဟု ယူပါ၊ “ ကေသိံ ပဒေသေ” ဟု ဖွင့်သောကြောင့် “အဓိကရဏအနက်၌ ဒုတိယာသက်ထားသည် ”ဟု ပါရာဇိကဏ် ဝေရဉ္ဇကဏ္ဍ အဋ္ဌကထာ၌ ဖွင့်သည်၊ ထို အဋ္ဌကထာ၌ပင်“ကေမန္တံ–သင့်တင့် လျောက်ပတ်စွာ”ဟု ပေးရသော ကြိယာဝိသေသန အနက်ကိုလည်း ဖွင့်သေး၏။

အနုစ္ဆဝိကပဒေသေ။ ။“သင့်လျော်လျောက်ပတ်သော အရပ်”ဟူသည် ထိုင်ခြင်း၏အပြစ် ၆ ပါးမှလွတ်သောအရပ်တည်း၊ ထိုအပြစ် ၆ ပါးကို ထို ဝေရဉ္ဇကဏ္ဍ အဋ္ဌကထာ၌ အကျယ်ပြထားပြီ၊ အချုပ်မှာ– ချဉ်းကပ်အပ်သော ပုဂ္ဂိုလ်နှင့် ချဉ်းကပ်သူတို့ ဝေးလွန်း, နီးလွန်း, လေညာ, မြင့်လွန်း, ရှေ့တည့်တည့်, နောက်ကျောဘက် အရပ်တို့တည်း၊ ခုဒ္ဒကပါဠိ မင်္ဂလသုတ် အဋ္ဌကထာ၌ကား ထို ၆ ပါးအပြင်“နကစ္စေ–စိုထိုင်းသော မြစ်ကမ်းစသော အရပ်၌လည်း မထိုင်ရာ၊ နသြနတေ – နိမ့်လွန်းသော နေရာ၌လည်း မထိုင်ရာ”ဟု အပို ၂ ပါးထည့်၍ နေရာ အပြစ် ၈ ပါး ဟု ဆိုသည်။

နပစ္ဆတော နပုရတော, နာဝိ အာသန္နဒူရတော၊
နကစ္စေ နော ပဋိဝါတေ, နစာပိ သြနတုန္နတေ၊
ဣမေ ဒေါသေ ဝိဝဇ္ဇေတွာ, ကေမန္တံ ဒ္ဂိတာ အဟု။

တုဏ္ဍိဘူတံ တုဏ္ဍိဘူတံတိ-ကား၊ ယတော ယတော—အကြင်အကြင် အရပ်သို့၊ ဝိလောကေတိ-စောင်းငဲ့၍ ကြည့်၏။[အချို့စာအုပ်၌ "အနုဝိလောကေတိ-အစဉ်အတိုင်း လှည့်လည်၍ကြည့်၏"ဟုရှိ၏။]တတော တဇေတော-ထိုထိုအရပ်၌၊ တုဏ္ဍိဘူတမေဝ-ဆိတ်ဆိတ် ဖြစ်၍သာလျှင် ဖြစ်သော၊ ("ဘိက္ခု သံဃံ, အနုဝိလောကေတွာ"၌စပ်၊) ဣတိ အတ္ထော။

ဟိ—ချေ၊ [တုဏ္ဍိဘူတ ဖြစ်ပုံကို ချသည်။] တတ္ထ - ထို ရဟန်းတို့တွင်၊ ကေဘိက္ခုဿပိ-တပါးသော ရဟန်း၏လည်း၊ ဟတ္ထကုက္ကုစ္စံဝါ—လက်၏ စက်ဆုပ်အပ်စွာ ပြုအပ်သော အမူအရာသည်ရှင်း၊ ဝါ-လက်လှုပ်ခြင်းသည်ရှင်း၊ ပါဒကုက္ကုစ္စံဝါ - ခြေ၏ စက်ဆုပ်အပ်စွာ ပြုအပ်သော အမူအရာသည်ရှင်း၊ ဝါ—ခြေလှုပ်ခြင်းသည်ရှင်း၊ ဒိဝိဝသဒ္ဒေါဝါ— ချဆတ်အပ်သော အသံသည်ရှင်း၊ နတ္ထိ- မရှိ၊ သမ္မာလက််ာရပဋိမဏ္ဍိတံ - အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာ

× × × × × × ×

တုဏ္ဍိဘူတံ။ ။ တုဏ္ဍိဘူတ ဖြစ်ခြင်း၏ သံဃာတော်အား လုံးဦး ပြန့်နှံ့လျက် ရှိနေခြင်းကို သိစေလို၍"တုဏ္ဍိဘူတံ တုဏ္ဍိဘူတံ"ဟု ဝိစ္ဆာပုဒ်ကို ပါဠိတော်၌ မိန့်သည်၊ ထို ဝိစ္ဆာအနက်ကို ယူ၍ အဋ္ဌကထာ၌ " ယတော ယတော, တတော တတော " ဟု ဝိစ္ဆာပင် ဖွင့်သည်၊ ယတော၌ တောပစ္စည်းကို ကံအနက်၌ သက်စေ၍ ဝိလောကေတိ၌စပ်၊ တတော၌ တောပစ္စည်းကို အဓိကရဏအနက်၌ သက်စေ၍ တုဏ္ဍိဘူတံ၌ စပ်ပါ၊ ပါဠိတော်၌ " တုဏ္ဍိဘူတံ တုဏ္ဍိဘူတံ ဘိက္ခုသံဃံ "ဟု ရှိသောကြောင့် " ယတော, တတော"ကိုလည်း အရပ်ကို စွဲမှ တုဏ္ဍိဘူတံနှင့် အရကွဲသဖြင့် သဒ္ဒါအနေ သင့်လျော်မည်၊ ဋီကာသစ်၌"ယတော ယတော ဘိက္ခုတော" ဟု ဖွင့်၏၊ တုဏ္ဍိဘူတံနှင့် အနက်အရ တူနေသောကြောင့် စဉ်းစားပါ။

ကုက္ကုစ္စံ။ ။ " ဟတ္ထဿ ကုကတတ္တာ အသံယမော အသမ္မိဇ္ဇဉ္ဇကိရိယာ ဟတ္ထကုက္ကုစ္စံတိ ဝေဒိတဗ္ဗော"ဟု ဋီကာဆိုသောကြောင့် "အသံယမော—လက်ကို မစောင့်စည်းခြင်း (လက်လှုပ်ခြင်း), အသမ္မဇ္ဇဉ္ဇကိရိယာ — မဆင်မခြင် မစဉ်း မစား ပြုခြင်း " ဟူသော အမူအရာကို "ကုက္ကုစ္စ"ဟု မှတ်ပါ။[" ကုစ္ဆိတံ- စက်ဆုပ်အပ်စွာ+ကတံ—ပြုအပ်သော အမူအရာတည်း၊ ကုကတံ—ရာ၊ ကုကတမေဝ ကုက္ကုစ္စံ"-ဟု ပြု၍ သွတ္ထဉ်ကျေပစ္စည်း သက်ပါ၊ ဟတ္ထဿ+ကုက္ကုစ္စံ ဟတ္ထကုက္ကုစ္စံ။]

ဝါ၏အနက်။ ။ကုက္ကုစ္စံဝါဠဲ့ ဝါသဒ္ဒါသည် အဝုတ္ထိကပ္ပနအနက် (တိုက်ရိုက်မဆိုအပ်သော စကွဲအသညမ- မျက်စိကို မစောင့်စည်းခြင်း, သောတ အသညမ-နားကို မစောင့်စည်းခြင်း, စသည်ကို ပြုစီရင်ခြင်းအနက်) ရှိ၏၊ အဝုတ္ထသဒ္ဒစည်းမျိုးပင်တည်း၊ ဝါသဒ္ဒါဖြစ်၍ "ဝိကပ္ပနတ္ထ"ဟု ဋီကာတို့ ဖွင့်ကြ၏၊ ထိုအသညမတို့တွင် စကွဲအသညမသည် သောတ ဃာန စသော အသညမတို့၏ ပဌမလည်း ဖြစ်, သာ၍ စောင့်စည်းဘို့လည်း ခဲယဉ်းသောကြောင့် ထို စကွဲအသညမ မပြုကြပုံကို ပြခြင်းငှါ " သမ္မာလက််ာရပဋိမဏ္ဍိတံ"စသည်ကို မိန့်သည်။[သံဃာ့ပရိသတ် အစည်းအဝေးတိုင်း၌ ဤအသညမများ မဖြစ်စေဘဲ ငြိမ်သက်စွာနေနိုင်အောင် သတိပြုသင့်လှပေသည်။]

ဆင်အပ်သော၊ နာဠကပရိဝါရံ–ကချေသည် အခြံအရံရှိသော၊ ဘဂဝတော–၌၊ အဘိမုခေ-ရှေးရှုအရပ်၌၊ ဌိတံ-တည်သော၊ ရာဇာနံဝါ– ကိုသော်ငင်း၊ ရာဇပရိသံဝါ–မင်း၏ ပရိသတ်ကိုသော်ငင်း၊ ကေဘိက္ခုပို-ဘပါးသော ရဟန်းသည်လည်း၊ နု သြလောကေသိ – မကြည့်၊ သဗ္ဗေ– အလုံးစုံသော ရဟန်းတို့သည်၊ ဘဂဝန္တံယေဝ–ကိုသာ၊ သြလောကယမာနာ–ကြည့်ရှုဖူးမျော်ကြကုန်လျက်၊ နိသိဒ့ သု–ထိုင်နေကြကုန်ပြီ။

ရာဇာ–သည်၊ တေသံ-ထိုရဟန်းတော်တို့၏၊ ဥပသမေ - ငြိမ်သက်ခြင်း၌၊ ပသီဒ့တွာ-ကြည်ညို၍၊ ဝိဂတပက်တာယ - ကင်းသော ညှဉ်ရှိသည်၏ အဖြစ်ကြောင့်၊ ဝိပ္ပသန္နံ-အလူးသဖြင့် ကြည်လင်သော၊ ရဟဒမိဝ-ရေအိုင်ကဲ့သို့၊ ဥပသန္တိန္ဒြိယံ-ငြိမ်သက်သော ဣန္ဒြေရှိသော၊ ဘိက္ခုသံဃံ – ရဟန်း အပေါင်းကို၊ ပုနပ္ပုနံ–အဖန်ဖန်၊ အနုဝိလောကေတွာ– အစဉ်အတိုင်း ကြည့်ရှု၍၊ ဥဒါနံ–ဥဒါန်းကို၊ ဝါ-ဝမ်းမြောက်ဖွယ်လို မြွက်ဆိုအပ်သော စကားကို၊ ဥဒါနေသိ-ကြ။းရင့်ပြီ၊ ဝါ–မြွက်ဆိုပြီ။

ဃတ္ထ–ထို ဥဒါန်းစကား၌၊ ဣမိနာတိ–ဣမိနာ ဟူသော ပုဒ်ဖြင့်၊(ဒီပေဘိဒ္ဓစ်)၊ ကာယိကေနစ - ကိုယ်၌ ဖြစ်သည်လည်း ဖြစ်သော၊ ဝါစသိကေနစ–နှုတ်၌ဖြစ်သည်လည်းဖြစ်သော၊မာနသိကေနစ-စိတ်၌ဖြစ်သည်လည်းဖြစ်သော၊ ယေန သိလုပသမေန-အကြင် သီလကြောင့် ငြိမ်သက်ခြင်းဖြင့်၊ ဘိက္ခုသံယော-

× × × × × × ×

ဝိပ္ပသန္နံ ရဟဒမိဝ။ ။ ပါဠိတော်၌ “ ရဟဒမိဝ ဝိပ္ပသန္နံ ” ဟူသော ဝါကျကို “ဝိပ္ပသန္နံ ရဟဒမိဝ” ဟု ရှေနောက် ပြန်ထားရုံသာ ဖြစ်သောကြောင့်ငင်း, ဝိဂတပက်တာယ- ဟူသော ဟိတ်သည် ဝိပ္ပသန္နံ၏သာ ဟိတ်ဖြစ်သောကြောင့်ငင်း, ဝိပ္ပသန္နံသည် သန္တိန္ဒြိယံ၏ ဥပမာနဖြစ်၍, ရဟဒံသည် ဘိက္ခုသံဃ၏ ဥပမာန ဖြစ်သောကြောင့်ငင်း “ဝိပ္ပသန္နံ+ရဟဒမိဝ”ဟု ဝါကျရှိပါစေ၊ စာအုပ်တို့၌“ဝိပ္ပသန္နရဟဒမိဝ”ဟု သမာသ်ရှိသည်မှာ မကောင်းပါ။

ဣမိနာ၊ပေ၊ဒီပေတိ။ ။ပါဠိတော်နောက်နား၌ “ ယေနေတရဟိ ဥပသမေန၊ပေ၊သမန္နာဂတော ”ဟု အနိယမဝါကျ ရှိ၏၊ ထို အနိယမဝါကျကို အတွင်းသွင်း၍ ဣမိနာ၏စွန်းကို ပြလိုသောကြောင့် “ယေန ၊ပေ၊ ဥပသန္နော”ဟု မိန့်သည်၊ “ဣမိနာတိ”ကို ဒီပေတိ၌စပ်ဘို့ရန် “ဣမိနာတိ–ဣမိနာဟူသောပါဠိဖြင့်”ဟု ပေးရသည်။

မာနသိကေနစ။ ။ပရစိတ္တဝိဇာနဟုတ်သော ပုဂ္ဂိုလ်တို့သည် မာနသိက ဥပသမကို သိနိုင်မှု မရှိပါသော်လည်း, ကာယိက-ဝါစသိက ဥပသမတို့ကို ပိုက်ရိုက်တွေ့ရသဖြင့် မာနသိကဥပသမကိုလည်း မှန်းဆ၍သိနိုင်သောကြောင့် “မာနသိကေနစ” ဟု ဆိုသည်။

သီလုပသမေန ။ ။ သီလုပသမ - ဟူသည် သီလကြောင့် ငြိမ်သက်ခြင်းတည်း၊ သီလသည် ကိုယ် နှုတ် စိတ်တို့၏ ငြိမ်သက်ကြောင်းသာ ဖြစ်၏၊ ငြိမ်သက်ခြင်း ကြီယာမဟုတ်၊ ပါတိမောက္ခသံဝရသီလ, ဣန္ဒြိယသံဝရသီလများကိုစောင့်လျှင် ထိုသီလကြောင့် ကိုယ် နှုတ်သာ မက, စိတ်လည်း ငြိမ်သက်နိုင်သည်။

သည်၊ ဥပသန္တော-ငြိမ်သက်တော်မူ၏၊ ဣမိနာဥပသမေန-၌ငြိမ်သက်ကြောင်း ဘီလနှင့်၊ (သမန္နာဂတော-ပြည့်စုံသည်၊ ဟောတု- ဖြစ်ပါစေသတည်း၊) ဣတိ, ဒီပေတီ။

တတ္ထ-ထို ဥဒါန်းစကား၌၊ မေ-ငါ၏၊ ပုတ္တော-သားတော်သည်၊ ပမ္မဇိတ္တာ-ရဟန်းပြု၍၊ ဣမေ ဘိက္ခူဝိယ–၌ ရဟန်းတော်တို့ကဲ့သို့၊ ဥပသန္တော-ငြိမ်သက်သည်၊ ဘဝေယျ–ဖြစ်ပါမူကား၊ အဟောဝတ – သြော်....ကောင်းလေစွ၊ ဣတိ ဣဒံ-၌အနက်အဓိပ္ပါယ်ကို၊ သန္ဓံယ-ရည်ရွယ်၍၊ သေ (ဧသော)-၌ အဇာတသတ်မင်းသည်၊ ဝေံ-၌သို့ ဣမိနာ မေ ဥပသမေနဟူ၍၊ နအာဟ-မြွက်ဆိုသည်မဟုတ်၊ ပန-အဟုတ်ကား၊ အယံ-၌ အဇာတသတ်မင်းသည်၊ ဘိက္ခုသံဃံ-ကို၊ ဒိသွာ-၍၊ ပသန္နော-ကြည်ညိုသည်၊ (ဟုတွာ-၍၊ ဝါ-ကြောင့်၊) ပုတ္တံ-ကို၊ အနုဿရိ – အမှတ်ရပြီ၊ ဟိ - မှန်၊ ဒုလ္လဘံ – ခဲယဉ်းသဖြင့် ရအပ်သောအရာဝတ္ထုကို၊ ဝါ – ရနိုင်ခဲသောအရာဝတ္ထုကို၊ လဒ္ဓါ – ရ၍သော်၎င်း၊ ဝါ - ရခြင်းကြောင့်သော်၎င်း၊ အစ္ဆရိယံ – အံ့သြဘွယ်အရာဝတ္ထုကို၊ ဒိသွာဝါ – မြင်ရ၍သော်၎င်း၊ ဝါ-မြင်ရခြင်းကြောင့်သော်၎င်း၊ ပိယာနံ-ချစ်အပ်ကုန်သော၊ ဉာတိ

× × × × × × ×

တတ္ထ၊ပေ၊ဧဝမာဟ။ ။“ဘဂဝေယျာတိ” နောက်၌ “ဣဒံ သန္ဓဲာယ” ဟုဎင်း, “ နယိဒံ သန္ဓံာယ ” ဟုဎင်း ပါဠိ ၂ ထွေရှိ၏၊ ထိုတွင် နောက်၌ “ အယံ ပန၊ပေ၊ဧဝမာဟ”ဟု အနွယဝါကျ တိုက်ရိုက်ရှိသောကြောင့်ဎင်း, ရှင်ဘုရင်ဟူသမျှသည် ထီးနန်း၏ အမွေခံဖြစ်ထိုက်သော သားတော်၏ရဟန်းပြုခြင်းကို မတောင့်တတတ်ရကား “အဟောဝတ မေ ပုတ္တော ပမ္မဇိတ္တာ” စသည်ဖြင့် ရည်ရွယ်ချက်မရှိနိုင်သောကြောင့်ဎင်း “နယိဒံ သန္ဓံာယ”ဟု နပတိသေဓပါဠိသောပါဠိသာ ပါဠိမှန်တည်းဟု မှတ်ပါ။

အယံ ပန၊ပေ၊အနုဿရိမာနော။ ။“ဣမိနာ မေ ဥပသမေန”စသော ဥဒါန်းကို မြွက်ဆိုသောရှင်ဘုရင်၏ ရည်ရွယ်ချက် မဟုတ်သော ဗျတိရေကအကြောင်းကို ပြပြီး၍ တကယ်ဖြစ်နိုင်သော အနွယအကြောင်းကို ပြလိုသောကြောင့် “အယံ ပန၊ပေ၊အနုဿရိမာနော ” ဟု မိန့်သည်၊ ရဟန်း သံဃာတော်များကို မြင်၍ စိတ်ကြည်လင်သည့်အတွက် သားတော်ကို အမှတ်ရသောကြောင့် “ဣမိနာ မေ”စသောဥဒါန်းကို မြွက်ဆိုပါသည်–ဟူလို။

ဒုလ္လဘံ ဟိ၊ပေ၊ပကတိယေဝ။ ။ဤဝါကျကား“ဘိက္ခုသံဃံ ဒိသွာ ပုတ္တံ အနုဿရိ”ဟူသော ရှေစကားကိုခိုင်မြဲအောင်ပြုသော ဒဋ္ဌိကရဏဝါကျတည်း၊ ဒုလ္လဘပစ္စည်းကို ရ၍သော်၎င်း , အံ့သြဘွယ်အထူးအဆန်းကို မြင်ရ၍သော်၎င်း , ထိုအခါ ချစ်သူများကို အမှတ်ရခြင်းသည် လောကထုံးစံဖြစ်သည်၊ (တနည်း) ဤဝါကျကို ကာရဏဝါကျကြံ၍ “ဟိ (ယသ္မာ)၊ပေ၊ပကတိယေဝ၊ တသ္မာ၊ပေ၊အနုဿရိ” ဟုလည်း ဤဝါကျကို ဖလဝါကျအဖြစ်ဖြင့် ပြန်လှည့်နိုင်သည်။

ဒုလ္လဘံ အစ္ဆရိယံဝါ, လဒ္ဓါ ဒိဋ္ဌာစ ကေဒါ၊
ပိယာ ပိယံ နုဿရန္တိ, သာယံ လောကမ္ဟိ ဓမ္မတာ။

မိတ္တာဒီနံ–ဆွေမျိုး မိတ်ဆွေ အစရှိသူတို့ကို၊ အနဿရဏံနာမ–အမှတ်ရခြင်း မည်သည်၊ လောကဿ–သတ္တလောက၏၊ ပကတိယေဝ- ပင်ကိုယ်သဘောပင်တည်း၊ (ထုံးစံပင်တည်း)။

အဝိစ–သည်သာမကသေး၊ (အမှတ်ရရုံသာမကသေး)၊ ပုတ္တော-သားတော်၌၊ အာသင်္ကာယ – ယုံမှားခြင်းကြောင့်၊ တဿ - ထို သားတော်၏၊ ဥပသမံ – ငြိမ်သက်ခြင်းကို၊ ဣစ္ဆမာနော–အလိုရှိသည်၊ (ဟုတ္တာ)ဝိ- ဖြစ်၍လည်း၊ ဝါ– ဖြစ်ခြင်းကြောင့်လည်း၊ သေ-ဤမင်းသည်၊ ဧဝံ-ဤသို့ ဣမိနာ ဥပသမေန အစရှိသည်ဟူ၍၊ အာဟ- ပြောပြီ၊ ကိရ- ခဲ့၊ အဿ- ထိုမင်း၏၊ ဧဝံ- ဤအကြံသည်၊ အဟောသိ - ပြီ၊ (ကိ)၊ မေ - ငါ၏၊ ပုတ္တော - သည်၊ ပုစ္ဆိ ဿတိ– မေးလတ္တံ့၊ (ကိ)၊ မယ္ဟံ-၏၊ ဝိတာ–ခမည်းတော်သည်၊ ဒဟရော– ငယ်ပါသေး၏၊ မေ-၏၊ အယျကော-ဘိုးတော်သည်၊ ကုဟိ-အဘယ်မှာနည်း၊ ဣတိ-သို့၊(ပုစ္ဆိ ဿတိ)၊ သော-ထို ဥဒယဘဒ္ဒမင်းသားသည်၊ (မညိဿတိ ၌စပ်)၊ တေ-အသင်မင်းသား၏၊ ဝိတရာ–ခမည်းတော်သည်၊ (အယျကော-ကို၊) ယာတိတော-သတ်အပ်ပြီ၊ ဣတိ-သို့၊ သုတ္ဝာ-၍၊ အဟမ္ပိ–သည်လည်း၊ ဝိတရံ- ကို၊ ယာတေတ္ဝာ- သတ်၍၊ ရဇ္ဇံ–မင်းအဖြစ်ကို၊ ကာရေဿာမိ-ပြုစေအံ့၊ ဣတိ-သို့၊ မညိဿတိ– မှတ်ထင်လတ္တံ့၊ ဧဒိတိ–ဤသို့၊ ပုတ္တော-၌၊ အာသင်္ကာယ–ယုံမှားခြင်းကြောင့်၊ ဝါ-ယုံမှားသည့်အတွက်၊ တဿ-ထိုသားတော်၏၊ ဥပသမံ-ငြိမ်သက်ခြင်းကို၊ ဣစ္ဆမာနော-သည်၊ (ဟုတ္တာ)ဝိ- ဖြစ်၍လည်း၊ ဝါ- ကြောင့်လည်း၊ သေ- သည်၊ ဧဝံ- ဟူ၍၊ အာဟ၊ ဟိ–မှန်၊(ယုံမှားခြင်းသည် မှန်၏-ဟူလို)၊ သေ-ဤ အဇာတသတ်မင်းသည်၊ ဧဝံ - ဤသို့ ဣမိနာ ဥပသမေနဟူ၍၊ ကိဉ္စာပိ အာဟ – အကယ်၍ကား ပြောပါပေပြီ၊ အထ– ထိုသို့ပင် ပြောပါသော်လည်း၊ နံ-ထို အဇာတသတ်မင်းကို၊ ပုတ္တော- သည်၊ ယာတေတိယေဝ – သတ်သည်သာ။

× × × × × × ×

အဝိစ၊ပေ၊ဣစ္ဆမာနောဝိ ။ ။ သားတော်ကို အမှတ်ရလျှင် အဘယ့်ကြောင့် “ ဣမိနာ ဥပသမေန သမန္နာဂတံတာ ဟောတု ”ဟု သား၏ ဥပသမနှင့် ပြည့်စုံခြင်းကို တောင့်တရသနည်း- ဟု မေးဘွယ်ရှိသောကြောင့် “အဝိစ” စသည်ကို မိန့်ရပြန်သည်၊ သားတော်၌ ယုံမှားသံသယရှိသည့်အတွက် သားတော်၏ သီလအားဖြင့် ဥပသမနှင့် ပြည့်စုံခြင်းကို တောင့်တပါသည်–ဟူလို။

ကိဉ္စာပိ၊ပေ၊ဃာတေတိယေဝ။ ။ ပြအပ်ခဲ့ပြီးသောအနက်ကို ပြီးစေလို (ခိုင်မြဲစေလို) သောကြောင့် “ကိဉ္စာပိ၊ပေ၊ဃာတေတိယေဝ” ဟု မိန့်သည်၊ “သူက သား၏ ဥပသမနှင့် ပြည့်စုံခြင်းကို တောင့်တသော်လည်း သတ်မှာပါဘဲ ” ဟူလို။ [“ဃာတေဿတိ ” ဟုဎင်း, “ ဃာတေသိ ” ဟုဎင်း အနာဂတ်ကြိယာ အတိတ်ကြိယာဖြင့် မူကွဲရှိသော်လည်း “ တံကာလာပေက္ခာယ ဝုတ္တံ ” ဟူသော ဋီကာသစ်ကို ထောက်လျှင် တံကာလာပေက္ခ ဝတ္တမာန်ဖြင့် “ ဃာတေတိ ”ဟုသာ ရှိသင့်မည်ထင်သည်။]

ဟိ-မှန်၊ တသ္မိံ ဝံသေ – ထို အဇာတသတ်မင်းတို့၏အနွယ်၌၊ ပိတုဝဓော – ခမည်းတော်ကိုသတ်ခြင်းသည်၊ ပဉ္စ ပရိဝန္နော-ငါးဆက်သောမင်းတို့၏ပြောင်းလွဲခြင်းရှိသည်၊ (ဟုတ္တာ)၊ ဂတော-သွား၏၊ (တနည်း) ပိတုဝဓော-သည်၊ ပဉ္စ ပရိဝန္နေ – အဆက်ဆက်လည်သော မင်းငါးဆက်တို့တိုင်တိုင်၊ ဂတော - ၏၊ အဇာတသတ္တု – အဇာတသတ်မင်းသားသည်၊ ဗိမ္ဗိသာရံ – ဗိမ္ဗိသာရမင်းကို၊ ယာတေသိ- သတ်၏၊ ဥဒယော-ဥဒယဘဒ္ဒမင်းသားသည်၊ အဇာတသတ္တံ- ကို၊ (ယာတေသိ)၊ တဿ – ထို ဥဒယဘဒ္ဒမင်း၏၊ ပုတ္တော - သားဖြစ်သော၊ မဟာမုဏ္ဍိကောနာမ-မဟာမုဏ္ဍိကမည်သော မင်းသားသည်၊ ဥဒယံ- ကို၊ (ယာတေသိ)၊ တဿ – ထို မဟာမုဏ္ဍိကမင်း၏၊ ပုတ္တော - သော၊ အနုရုဒ္ဓေါနာမ- အနုရုဒ္ဓမည်သော မင်းသားသည်၊ မဟာမုဏ္ဍိကံ - ကို၊ (ယာတေသိ)၊ တဿ- ထို အနုရုဒ္ဓမင်း၏၊ ပုတ္တော- သော၊ နာဂဒါသောနာမ–နာဂဒါသမည်သောမင်းသားသည်၊ အနုရုဒ္ဓံ-ကို၊ (ယာတေသိ)၊ ပန – အထူးကား၊(သားတော်က သတ်ခြင်းမဟုတ်သောကြောင့် ထူးသည်)၊ နာဂဒါသံ- ကို၊ (“ကုပိတာ ယာတေသုံ” ၌စပ်)၊ ဇာမေ – ဤမင်းတို့သည်၊ ဝံသစ္ဆေဒကရာဇာနော- အမျိုးအနွယ်ကို ဖြတ်တတ်သောမင်းတို့တည်း၊ ဇာမေဟိ - ဤ မင်းတို့ဖြင့်၊ ကိံ - အဘယ်အကျိုးရှိအံ့နည်း၊ ဇာတိ – ဤသို့ နှလုံးသွင်း၍၊ ရဇ္ဇဝါသိနော - တိုင်းပြည်၌ နေသူတို့သည်၊ ကုပိတာ–စိတ်ဆိုးကုန်သည်၊ (ဟုတ္တာ)၊ ယာတေသုံ-သတ်ကြကုန်ပြီ။

အဂမာ ခေါ တွံတိ– အဂမာ ခေါ တွံဟူ၍၊ ကဿာ- ကြောင့်၊ ဧဝံ- ဤသို့၊ အာဟ-မိန့်တော်မူသနည်း၊ ကိရ(ယသ္မာ)-အကြင့်ကြောင့်၊ [နေဒံ၌ “တဿာ” ဟု ရှိလတံ့]ဘဂဝါ-သည်၊ ရညော-မင်း၏၊ ဝါ-သည်၊ ဝစီဘေဒံ-နှုတ်မြွက်ခြင်းကို၊ [ဥဒါန်းစကားကိုပင်“ဝစီဘေဒ”ဟု ဆိုသည်။] အကတေယေဝ-မပြုအပ်မိသာလျှင်၊ စိန္တေသိ– ကြံတော်မူပြီ၊ (ဆင်ခြင်တော်မူပြီ)၊ (ကိံ)၊ အယံ ရာဇာ-

× × × × × × ×

ပဉ္စ ပရိဝန္နော (ဇန္နေ)။ ။ပရိ–အဆက်ဆက်+ ဝန္နံ- လည်ခြင်း (ပြောင်းခြင်း)၊ ပရိဝန္နော–ခြင်း၊ ပဉ္စန်–ငါးဆက်သောမင်းတို့၏+ပရိဝန္နော ယသာတိ ပဉ္စ ပရိဝန္နော ဟု ဗဟုဗ္ဗိဟိပြုလျှင် ဝဓောနှင့် အရတူသောကြောင့် သင့်၏၊ သို့သော် “ ဟုတ္တာ ” ဟူ ထည့်ပေးရလိမ့်မည်၊ “ပရိဝန္နေ”ဟု ရှိသောပါဠိ၌ “ပဉ္စန်– တို့၏+ ပရိဝန္နာ– ပြောင်းလွဲခြင်းတို့တည်း”ဟုပြု၍ အစွန်အသံယောဂထွ ဒုတိယာဟု ကြံလျှင်လည်း သင့်သည်သာ။

ကဿာ ဧဝံ မာဟ။ ။အဇာတသတ်မင်းသည် မြတ်စွာဘုရားအား တစုံတခုသောစကားကိုမျှ မလျှောက်ဘဲ သူ့ဘာသာသူ ဥဒါန်းကြူးသည်မဟုတ်ပါလော၊ ထို့ကြောင့် ဘုရားရှင်သည် စတင်၍ မိန့်တော်မမူထိုက်၊ သို့ပါလျက် အဘယ့်ကြောင့် ဘုရားရှင်သည် စတင်၍ “ အဂမာ ခေါ တွံ ” ဟု မိန့်တော်မူပါသနည်းဟု မေးဘွယ်ရှိ၍ ထိုအမေးကို အဋ္ဌကထာဆရာကိုယ်တိုင် ထုတ်ပြသည်။ [အဂမာသည် နာမယောဂ အာ ဝိဘတ် ဖြစ်သောကြောင့် တွံနှင့် မလိုက်ရော၊ ထို့ကြောင့် ဝိဘတ္တိ ဝိပလ္လာသဟု မှတ်ပါ။]

သည်၊ အာဂန္ဆာ = လာပြီး၍၊ တုဏ္ဍိ - ဆိတ်ဆိတ်၊ နိရဝေါ – အသံမရှိသည်၊ (ဟုတ္တာ)၊ ဋ္ဌတော-ရပ်နေ၏၊ [တုဏ္ဍိနှင့် နိရဝေါသည် ပရိယာယ်တည်း။] ကိ - အဘယ်ကို၊ စိန္တေသိနုခေါ–ကြံနေပါလိမ့်မည်နည်း၊ ဣတိ (စိန္တေသိ)။

အထ – ထိုအခါ၌၊ အဿ - ထိုမင်း၏၊ စိတ္တံ- ကို၊ ဉတ္ဝာ – သိတော်မူ၍၊ [ဘိက္ခုသံဃာကို မြင်ရ၍ သားတော်ကိုအမှတ်ရနေသော စိတ်ကို သိတော်မူ၍။] အယံ– ဤမင်းသည်၊ မယာ- ငါနှင့်၊ သဒ္ဓိံ -တကွ၊ သလ္လပိတုံ- ပြောဆိုခြင်းငှါ၊ အသက္ကောန္တော-မစွမ်းနိုင်သည်၊ (ဟုတ္ဝာ)၊ ဘိက္ခုသံဃံ-ကို၊ အနုဝိလောကေတွာ–အစဉ်အတိုင်း ကြည့်ရှု၍၊ ပုတ္တံ-ကို၊ အနုဿရိ– အမှတ်ရပြီ၊ ပန-ဆက်၊ အယံ- ဤမင်းသည်၊ မယိ - ငါ၌သည်၊ အနာလပန္တော – စကားမပြောလသော်၊ ကိဉ္စိ –တစုံတခုသောစကားကို၊ ကထေတုံ- ပြောခြင်းငှါ၊ နံ သက္ခိဿတိ-စွမ်းနိုင်လိမ့်မည်မဟုတ်၊ တေန-ထိုမင်းနှင့်၊ သဒ္ဓိံ - တကွ၊ ကထာသလ္လပံ– စကားပြောခြင်းကို၊ ကရောမိ-ပြုအံ့၊ ဣတိ-ဤသို့၊ (စိန္တေသိ)၊ တသ္မာ- ထို့ကြောင့်၊ (ထိုသို့စဉ်းစားဆင်ခြင်တော်မူပြီးခြင်းကြောင့်)၊ ရညော- မင်း၏၊ ဝစနာနန္တရံ- ဥဒါန်းစကား၏ အခြားမဲ့၌၊ အဂမာ ၊ပေ၊ ယထာပေမံတိ – အဂမာ၊ပေ၊ယထာပေမံဟူ၍၊ အာဟ–မိန့်တော်မူပြီ။

တဿ- ထိုစကားရပ်၏၊ အတ္ထော– အနက်ကား၊ မဟာရာဇ-ဧာ၊ ယထာနာမ-ဥပမာမည်သည်ကား၊ ဥန္နမေ- မြင့်မောက်သောအရပ်၌၊ ဝုဋ္ဌံ–ရှာသော၊ ဥဒကံ-မိုယ်းရေသည်၊ ယေန–အကြင်အရပ်၌၊ နိန္နံ- ချိုင့်ဝှမ်းသည်၊(ဟောတိ)၊ တေန–ချိုင့်ဝှမ်းရာထိုအရပ်သို့၊ ဂစ္ဆတိ ယထာ-သွားသကဲ့သို့၊[တနည်း, ယေန-အကြင် ရေအယဉ်၏လမ်းဖြင့်၊ နိန္နံ-ချိုင့်ဝှမ်းရာအရပ်သို့၊ ဂန္တ္ဗ်ံ–သွားထိုက်၏၊ တေန–ထိုရေအယဉ်၏လမ်းဖြင့်၊ ဂစ္ဆတိ ယထာ–ကဲ့သို့၊] ဧဝမေဝ- ဤအတူသာလျှင်၊ တွံ-သင်သည်၊ ဘိက္ခုသံဃံ-ကို၊ အနုဝိလောကေတွာ-အစဉ်အတိုင်းကြည့်ရှုပြီး၍၊ ယေန–အကြင်အရပ်၌၊ ပေမံ– ချစ်ခြင်းသည်၊ (အတ္ထိ)၊ တေန-ချစ်ခြင်းရှိရာ ထိုအရပ်သို့၊ ဂတော-သွားပြီ၊ ဣတိ-ဤကားအနက်။

× × × × × × ×

တသ္မာ၊ပေ၊အာဟ။ ။'ထိုသို့ ဥဒါန်းစကားကို မဆိုမီကပင် ဘုရားရှင်က စဉ်းစားတော်မူပြီးဖြစ်သောကြောင့် မင်း၏ ဥဒါန်းစကား၏ အခြားမဲ့၌ပင် "အဂမာ ခေါ တွံ" စသော စကားကို မိန့်တော်မူပါသည်၊ "လောကွတ် မိန့်တော်မူခြင်း မဟုတ်ပါ" ဟူလို။

ယေန နိန္နံ, တေန။ ။"ယေနာတိ ယတ္ထပဒေသေ၊ ယေန ဝါ သောတပထေန [(အကြင်ရေအယဉ်၏လမ်းဖြင့်)" ဟု ဋီကာသစ်၌ ၂ နည်းဖွင့်၏၊ "ယေန ပေမံ၌လည်း ထိုက်သလို ဤနည်းတည်း" ဟု ဖွင့်၏၊ ထိုအတိုင်း နိဿယပေးထားသည်။

ပေမံ။ ။ထောမနိဓိ၌ " ပြိယသေ+ဘာဝေါ" ဟု ပြု၍ ဣမပစ္စည်း နှင့် အာဂုံဖြင့် ပြိယကို ပြုပြု၍ "ပြေမန်" ဟု ရှိ၏၊ ပါဠိ၌လည်း ဝိယကို ပပြု၍ " ပေမ " ဟု ဖြစ်နိုင်၏၊ " ချာဒိဟိ မန်, မစဒေါဝဝါ " သုတ်၏ ကစ္စည်းဝုတ္တိ၌ကား ဒိဓာတ် , မာန်ပစ္စည်း ဟု

အထခေါ–ထိုအခါ၌၊ (မြတ်စွာဘုရားကစ၍ မိန့်တော်မူရာ ထိုအခါ၌)၊ ရညော–၏၊ ဧတံ-ဤအကြံသည်၊ အဟောသိ–ပြီ၊ (ကိ)၊ ဗုဒ္ဓဂဏာ- မြတ်စွာဘုရား၏ဂုဏ်တော်တို့ကို၊ အဟောအစ္ဆရိယာ-ဩော်....အံ့ဩအားလပ်ပါပေကုန်စွ၊ မယာ-နှင့်၊ သဒိသော-သော၊ ဘဂဝတော- မြတ်စွာဘုရားကို၊ အပရာဓကောနာမ–ပြစ်မှားတတ်သော ပုဂ္ဂိုလ်မည်သည်၊ [အပရာဓကာရကောနာမ-အပြစ်ကိုပြုတတ်သော ပုဂ္ဂိုလ်မည်သည်၊ ဤသို့လည်း မူကွဲရှိ၏။] နတ္ထိ–မရှိ၊ ဟိ-မှန်၊ မယာ-သည်၊ အဿ-ထိုမြတ်စွာဘုရား၏၊ အဂ္ဂုပဋ္ဌာကော–မြတ်သော အလုပ်အကျွေးဖြစ်သော ခမည်းတော်ကို၊ ဃာတိတော – သတ်အပ်ပြီ၊ စ–သည်သာမကသေး၊ ဒေဝဒတ္တသ– ၏၊ ကထံ - စကားကို၊ ဂဟေတွာ- နာယူ၍၊ အဘိမာရာ–လေးသွားတို့ကို၊ ပေသိတာ-စေလွှတ်အပ်ကုန်ပြီ၊ နာဠာဂိရိ- နာဠာဂိရိဆင်ကို၊ မုတ္တော- လွှတ်အပ်ပြီ၊ မံ- ကို၊ နိဿာယ–၍၊ ဒေဝဒတ္တေန–ဒေဝဒတ်သည်၊ သိလာ-ကျောက်ကို၊ ပဝိဒ္ဓါ-လှိမ့်ချအပ်ပြီ၊ ဧဝံ-ဤသို့၊(သို့ကလောက်)၊ မဟာပရာဓံနာမ–များသောအပြစ်ရှိသူမည်သော၊ မံ–ငါ့ကို၊ အာလပတော–စ၍ မိန့်တော်မူသော၊ ဒဿဗလဿ- မြတ်စွာဘုရား၏၊ မုခံ- ခံတွင်းတော်သည်၊ နပ္ပဟောတိ – မလောက်၊ ဝါ – မဆန့်၊ ဘဂဝါ- သည်၊ ပဗ္ဗဟာကာရေဟိ–ငါးပါးသောအကြောင်းတို့ဖြင့်၊ တာဒိလက္ခဏော-တာဒိလက္ခဏာ၌၊ အဟော

× × × × × × ×

ဆို၏၊ "ချစ်ခြင်း"ဟုဎင်း, "ချစ်အပ်သူ" ဟုဎင်း ၂ နက်ရနိုင်သော်လည်း "ပေမံ"ဟု နပုလ္လိန်ရှိသောကြောင့် " ချစ်ခြင်း " ဟု ပေးသည်၊ ပါဠိတော်၌ကား " ယထာပေမံ–အကြင်အကြင် ချစ်အပ်သူသို့ "ဟု ပေးပါ၊ အဋ္ဌကထာဖွင့်ကို အဓိပ္ပါယတ္ထ ဟု ကြံပါ။

မုခံ နပ္ပဟောတိ။ ။ဘုရားရှင်သည်"အဂမာ ခေါ တံ"စသည်ဖြင့် အနည်းငယ်သာ မိန့်တော်မူပါလျက် အများကြီး မိန့်တော်မူသည့်အနေအားဖြင့် အဘယ့်ကြောင့် "မုခံ နပ္ပဟောတိ"ဟု ဆိုရပါသနည်း-ဟု မေးဘွယ်ရှိ၏၊ အဖြေကား–အပြစ်ရှိသူအားစကားပြောဘို့ ခဲယဉ်းသောကြောင့် အပြစ်ရှိသော မိမိအား အနည်းငယ်သော စကားပြောခြင်းကိုပင် "မုခံ နပ္ပဟောတိ"ဟု ခွဲထွင်၍ဆိုသည်၊ (တနည်း) ထိုအချိန်က ဘုရားရှင်သည် "အဂမာ ခေါ တံ"စသော စကား၏ အဓိပ္ပါယ်ကိုပြသော စကားတော်များကိုလည်း မိန့်တော်မူသေးသောကြောင့် " မုခံ နပ္ပဟောတိ " ဆိုသည် ဟု ဋီကာသစ်ဖွင့်သည်။

ပဗ္ဗဟာကာရေဟိ တာဒိ။ ။တံ ဇ္ဈဝ–ထို အနိဋ္ဌကိုကဲ့သို့၊ ပဿတိ–ဇ္ဈဋ္ဌကိုလည်း ရှုတတ်၏၊ (တနည်း)သော ဝိယ– ထို စတ္တာဝိ စသော ပုဂ္ဂိုလ်သည်ကဲ့သို့၊ ဒိဿတိ–ရှုအပ်၏၊ ဇ္ဈတိ တာဒိ၊ ထို တာဒိပုဂ္ဂိုလ်၏ ဖြစ်ကြောင်းလက္ခဏာဟူသည် ဇ္ဈဋ္ဌ အနိဋ္ဌ (လာဘ အလာဘ စသော)လောကဓံကို ငြိတွယ်ရသော်လည်း စိတ်အားဖြင့် မထူးခြင်းသဘောတည်း၊ ထို တာဒိလက္ခဏာ၏ ဖြစ်ရာအကြောင်းသည် ၅ ပါး ရှိသောကြောင့် "ပဗ္ဗဟာကာရေဟိ"ဟု ဆိုသည်၊ ထို ၅ ပါးကို "ဇ္ဈဋ္ဌာ နိဋ္ဌေ တာဒိ, စတ္တာဝိတိတာဒိ" စသည်ဖြင့် ဋီကာ၌ အကျယ်ပြထား၏။

သုပ္ပတိဋ္ဌိတော– သြေဘ်.... ကောင်းစွာ တည်တော်မူပါပေစွ၊ ဧဝရူပံနာမ– ဤသို့ သဘောရှိသည်မည်သော၊ သတ္ထာရံ – ဆရာကို၊ ပဟာယ - ပယ်စွန့်၍၊ ဗဟိဒ္ဓါ – သာသနာပဋိ၊ နှ ပရိယေသိဿာမ - ဆရာကို မရှာမှီးကုန်တော့အံ့၊ ဣတိ-ဤအကြံသည်၊(အဟောသိ)၊ ဇာတိ-ဤသို့ ကြံပြီး၍။[ဣတိ တလုံး အကြ ကြံ။] သော–ထိုမင်းသည်၊ သောမနဿဇာတော - ဖြစ်သော ဝမ်းမြောက်ခြင်း ရှိသည်၊(ဟုတ္တာ)၊ ဘဂဝန္တံ-ကို၊ အာလပန္တော– စကားပြောလိုသည်၊ ဝါ– လျောက်လိုသည်၊(ဟုတ္တာ)၊ ပိယော မေ ဘန္တေတိ အာဒိ - ပိယော မေ ဘန္တေ အစရှိသော စကားကို၊ အာဟ-လျောက်ပြီ။ [ပိ-တပ္ပနေ ဟူသော ဓာတ်, အ ပစ္စည်း, ဤကို ဣယပြု၍"ပိယော"ဟု ရှိပါ၏စေ။]

ဘိက္ခုသံဃဿ၊ပေါပဇ္ဇာမေတ္တာတိ(တ္ထေ)-ဤပါဠိဋ္ဌာ၊(ဂုဠ္ဠတ္ထံ-လျှို့ဝှက်သော အနက်ကို၊) ကိရ(ဉဒ္ဓရိတ္တာ ဒဿနေ)– ထုတ်၍ ပြဉ္စုးအံ့၊ (တနည်း) ဘိက္ခု သံဃဿ၊ပေါပဇ္ဇာမေတ္တာတိ-ကား၊ ကိရ(ယသ္မာ)-အကြင့်ကြောင့်၊ အဿ-ထိုမင်း၏၊ ဧဝံ–ဤအကြံသည်၊ အဟောသိ-ပြီ၊ (ကိံ)၊ ဘဂဝန္တံ-ကို၊ ဝန္ဒိတ္တာ-ဝပ်ချပြီး၍၊ ဇာတောစိတောစ-ဤ အရပ် ဤအရပ်သို့လည်း၊ ဂန္တွာ–သွား၍၊ ဘိက္ခုသံဃံ–ကို၊ ဝန္ဒန္တော်နစ-ဝပ်ချသော ပုဂ္ဂိုလ်သည်လည်း၊ ဘဂဝါ-မြတ်စွာဘုရားသည်၊ ဝါ-ကို၊ ပိဋ္ဌိတော - ကျောဘက်၌၊ ကာတမ္မော – ပြုထိုက်သည်၊ (ကျောပေးရာ ရောက်သည်)၊ ဟောတိ၊ စ-သည်သာ မကဆေး၊ အဿ – ထို မြတ်စွာဘုရားကို၊ ဂရုကာရောဝိ-အလေးပြုခြင်းသည်လည်း၊ နဟောတိ-မဖြစ်၊

× × × × × × ×

ဧဝံ ကိရဿ အဟောသိ။ ။ ပါဋိတော်၌ ရှင်ဘုရင်၏ ဘိက္ခုသံဃာအား ဝန္ဒန (ရှိခိုးဝပ်ချခြင်း) ကြိယာကို မပြဘဲ "အမ္ဗလိ ပဇ္ဇာမေတ္တာ" ဟု လက်အုပ်ချီမှုကိုသာ ပြ၏၊ ထိုသို့ လက်အုပ်ချီမှုကိုသာ ပြရာ၌ ရှင်ဘုရင်၏ စိတ်ထားသည် တိမ်မြုပ်နေ၏၊ ထို တိမ်မြုပ်သော အနက်ကို ဖေါ်ထုတ်၍ ဖွင့်ပြလိုသောကြောင့် "ဧဝံ ကိရဿ အဟောသိ" ဟု မိန့်သည်၊ ဤနေရာမျိုး၌ "ဂုဠ္ဠတ္ထံ ကိရ ဉဒ္ဓရိဟ္တာ ဒဿနေ" ဟု ဆရာတို့ အနက်ပေး တော်မူလေ့ရှိကြသည်၊နောက်၌ "တဿဓာ" ဟု ဖလဝါကျရှိသောကြောင့် ဤအကြံဖြစ်မှုကို ကာရဏဝါကျဟု ကြံ၍ "ကိရ ယသ္မာ" ဟုလည်း ပေးတော်မူကြသည်။

ဂရုကာရောဝိ စဿ။ ။"ဂရုကာရောဝိ စေဿ" ဟု မူကွဲရှိ၏၊ ဋီကာဿစ်၌လည်း ဖွင့်၏၊ သို့သော် နောက် ဥပမာနဝါကျ၌ "ရညော အဂါရဝေါ" ဝယ် ရညော ဟူသော ဆဋ္ဌိယန္တကို ထောက်လျှင် "အဿ" ဟု ဆဋ္ဌိယန္တပုဒ်က ကောင်းသည် ဟု ထင်၏၊ "စေဿ" ဟု ရှိရာ၌ကား "သေ (ဧသော) - ဤ ဘိက္ခုသံဃာကို ဝပ်ချခြင်းသည်" ဟု ပေးပါ။

စဿ။ ။ စဿ (စေဿ) ဟု စဿဒ္ဓါပါသောကြောင့် "ပိဋ္ဌိတော ကာတမ္မော– ကျောပေးရာ ရောက်သော အပြစ်" အပြင် အပြစ်တမျိုး တိုး၍ ပြသည်ဟု ယူသင့်၏၊ ထို အပြစ်ကား – ဘုရားရှင်နှင့် ဘိက္ခုသံဃာကို တန်းတူထား၍ ရှိခိုးဝပ်ချသည့် အတွက်

ဟိ–ဥပမာဆောင် ထင်အောင်ပြဥုးအံ့၊ ရာဇာနံ-ကို၊ ဝန္ဒိတွာ-ဝပ်ချပြီး၍၊ ဥပ ရာဇာနံ-အိမ်ရှေမင်းကို၊ ဝန္ဒန္တေနပိ-ဝပ်ချသော ပုဂ္ဂိုလ်သည်လည်း၊ ရညော-မင်းကို၊ အဂါရဝေါ–မလေးစားခြင်းသည်၊ ဝါ–ကို၊ ကတော–ပြုအပ်သည်၊ ဟောတိ၊(ဣတိ-၌ အကြောင်းသည်၊ အဟောသိ)။[ရှေးသို့ ပြန်လှည့်ဘို့ရာ"ဟောတိ တိ"ဟု ရှိသင့်၏၊ မရှိသောကြောင့် ထည့်ရသည်။] တဿာ- ကြောင့်၊ (ထိုသို့ အကြောင်းဖြစ်သည်၏ အဖြစ်ကြောင့်၊) ဘဂဝန္တံ-ကို၊ ဝန္ဒိတွာ–ပြီး၍၊ ဋ္ဌိတဋ္ဌာနေ ယေဝ-ရပ်ရာအရပ်၌ပင်၊(ရပ်ရာအရပ်ကပင်)၊ဘိက္ခု သံဃသ-အား၊ အဉ္ဇလိံ-ကို၊ ပဏာမေတွာ–ညွတ်စေ၍၊ (တနည်း) အဉ္ဇလိံ ပဏာမေတ္တွာ–လက်အုပ် ချီ၍၊ ကေမန်္တံ-သင့်တင့်လျောက်ပတ် တခုသောအရပ်အဘို့၌၊ နိသိဒိ-ထိုင်ပြီ။

ကိဿဒေဝ ဒေသံတိ–ကား၊ ကိဿ-တစုံတခုသော၊ ဩကာသံ – အရပ်ကို၊ ဝါ-အကြောင်းအရာကို၊("ပုစ္ဆယျာမိ-မေးလျှောက်လိုပါ၏"၌စပ်)၊ အထ-ဖွင့်တောင်းပြီးရာ ထိုအခါ၌၊ အဿ– ထို မင်းအား၊ ဝါ- ၏၊ ဘဂဝါ- မြတ်စွာဘုရားသည်၊ ပဥ္ဉပုစ္ဆနေ–ပြဿနာကို မေးလျှောက်ခြင်း၌၊ ဥဿာဟံ-အားတက်သရောကို၊ ဇနေန္တော-ဖြစ်စေတော်မူသည်၊(ဟုတွာ)၊ပုစ္ဆ၊ပေ၊ယဒါကန်သိတိ-ဟူ၍၊ အာဟ–မိန့်တော်မူပြီ။

တဿ–ထို ပါဠိ၏၊ အတ္ထော–အနက်ကား၊(ပဉ်-ကို၊ ပုစ္ဆိတုံ-မေးခြင်းငှါ၊) ယဒိ အာကန်သိ– အကယ်၍ အလိုရှိအံ့၊(ဧဝံ သတိ)၊ ပုစ္ဆ–မေးလော၊ မေ–ငါ၏၊ ပဉ္ဉဝိဿဇ္ဇနေ- ပြဿနာကို ဖြေဆိုခြင်း၌၊ ဘာရော- လေးလံသော တာဝန်

× × × × × × ×

ဘုရားရှင်ကို သံဃာထက်ပို၍ အလေးပြုရာ မရောက်ခြင်းတည်း၊ မှန်၏-ဘုရားရှင်သည် သံဃာထက်ပင် ပို၍ လေးစားထိုက်သော ပုဂ္ဂိုလ်မြတ်တည်း၊ ထို့ကြောင့် " ရာဇာနံ ဝန္ဒိတွာ " စသော ဥပမာနဝါကျကို ဆက်ပြသည်၊ ထို ဥပမာနဝါကျ၌ ရှင်ဘုရင်ကို ဝပ်ချပြီး၍ အိမ်ရှေမင်းကို ဝပ်ချရာ၌ ရှင်ဘုရင်နှင့် အိမ်ရှေမင်းကို တန်းတူရိုသေသည့် အတွက် ရှင်ဘုရင်ကို လေးစားရာ မရောက်ခြင်းတည်း။

ကိဿဒေဝ ဒေသံ။ ။"ကိဿ ဩကာသံ"ဟု ဗွင့်သောကြောင့် ဝေဿဇ္ဇါအနက်ထူး မရှိ ဟု သိပါ၊ ဒေသံကိုလည်း " ဒေသောတု ဝိသယောဟျထ " ဟူသော အဘိဓာန် (၁၈၆)လာ ဝိသယအနက်ကိုပင်"ဩကာသံ"ဟု ဖွင့်သည်၊ ညွှန်ပြအပ်သောပြဿနာ (အကြောင်းအရာ)ကိုပင် ဩကာသဟု ဆိုလိုသည်။ [ဒိဿတေ အပဒိဿတိ– ညွှန်ပြအပ်၏၊ ဧတိ ဒေသော၊ ဒိသဓာတ်, ဏပစ္စည်း။]

ယဒါကန်သိ။ ။ပဌမနည်း၌ "ယဒိ+အာကန်သိ" ဟု ပုဒ်ဖြတ်၍ " မေးလိုလျှင် မေးပါ၊ ပြဿနာဖြေဘို့ အရေး၌ ငါ့မှာ ဝန်မလေးပါ"ဟု အဓိပ္ပါယ်ရ၏၊ ဒုတိယနည်း၌ "ယံ+အာကန်သိ"ဟု ပုဒ်ဖြတ်၍ " မေးလိုရာ မေးပါ " ဟု အနက်ထွက်သောကြောင့် "သင်္ခံ တေ ဝိသဇ္ဇေဿာမိ"ဟု အဓိပ္ပါယ် ဖေါ်သည်၊ ၂ နည်း လုံး၌ပင် သင်္ခညူပုဂ္ဂိုလ်၏ ဖိတ်နည်းဖြစ်သောကြောင့် " ဧတိ သင်္ခညူပဝါရဏံ"စသည်ကို မိန့်သည်။

သည်၊ နအတ္ထိ-မရှိ၊ အထဝါ-ထို့ပြင် တနည်းကား၊ ယံ-အကြင် ပြဿနာကို၊ (ပုစ္ဆိတုံ)၊ အာကင်္ခီသိ-၏၊ (တံ-ထိုပြဿနာကို၊) ပုစ္ဆ-လော၊ တေ-သင်၏၊ သဗ္ဗံ-အလုံးစုံသော ပြဿနာကို၊ (တေ-သင်အား၊) ဝိသဇ္ဇေဿာမိ-ဖြေဆိုဒုံ၊ ဣတိ-ဤသို့၊ ပစ္စေကဗုဒ္ဓ၊ပေ၊သာဝကေဟိ-ပစ္စေကဗုဒ္ဓါ, အဂ္ဂသာဝက, မဟာသာဝကတို့နှင့်၊ အသာဓာရဏံ - ဆက်ဆံခြင်း မရှိသော၊ သဗ္ဗညုပဝါရဏံ - သဗ္ဗညုပုဂ္ဂိုလ်၏ ဖိတ်ခြင်းကို၊ ပဝါရေသိ-ဖိတ်တော်မူပြီ။ ["သဗ္ဗညုပဝါရဏံ ပဝါရေသိ"ကို အဘေဒဘေဒူပစာ ကြံပါ။]

ဟိ-ချွေ၊[သဗ္ဗညုပဝါရဏံ ပဝါရေန္တိ့တိုင်အောင် ချွေလိမ့်မည်။] တေ - ထို ပစ္စေကဗုဒ္ဓါ, အဂ္ဂသာဝက , မဟာသာဝကတို့သည်၊ ယဒါကင်္ခီသိတိ - ယဒါကင်္ခီသိဟူ၍၊ နဝဒန္တိ- မိန့်တော်မမူကြကုန်၊ သုတ္တာဝေဒိဿာမာတိ- သုတ္တာဝေဒိဿာမ ဟူ၍၊ ဝဒန္တိ- ကုန်၏၊ [သုတ္တာ- အမေးကို ကြားရသည်ရှိသော်၊ ဝေဒိဿာမ-ဖြေနိုင် မဖြေနိုင်ကို သိရကုန်လိမ့်အံ့။] ပန-ကား၊ ဗုဒ္ဓါ-တို့သည်၊ အာဝုသော-ငါ့ရှင် ယကွာ၊ (ပဉ်ဟံ- ကို၊ ပုစ္ဆိတုံ- ၌၊)ယဒိအာကင်္ခီသိ-အကယ်၍ အလိုရှိအံ့၊ (ဧဝံ သတိ, တံ-ထို ပြဿနာကို၊) ပုစ္ဆ-မေးလော၊ ဣတိဝါ-ဤသို့ သော်ဂုင်း။["ယံ အာကင်္ခီသိ၊ တံ ပုစ္ဆ"ဟုလည်း ပေးနိုင်၏။]....မဟာရာဇ-မဟာရာဇာ၊ (ပဉ်ဟံ-ကို၊ ပုစ္ဆိတုံ-၌၊) ယဒိ အာကင်္ခီသိ၊(ဧဝံသတိ)ပုစ္ဆ၊ ဣတိဝါ-ဤသို့သော်ဂုင်း။

ဝါသဝ-သကြားမင်း၊ ယံကိဉ္စိ-အကြင် အမှတ်မရှိ တစုံတခုသော ပြဿနာကို၊(ပုစ္ဆိတုံ)၊ မနသာ-စိတ်ဖြင့်၊ ဣစ္ဆသိ-အလိုရှိ၏၊(တံ)ပဉ်ဟံ-ထို ပြဿနာကို၊ မံ-ငါ့ကို၊ ပုစ္ဆ-မေးလော၊ အဟံ - ငါသည်၊ တေ-သင်၏၊ တဿ တဿေဝ ပဉ္ဉာသ-ထိုထို ပြဿနာ၏ပင်၊ အန္တံ-အဆုံးကို၊ ကရောမိ - ပြုအံ့၊ ဣတိဝါ-ဤသို့သော်ဂုင်း။

ဘိက္ခု-ရဟန်း၊ တေနဟိ-ငါတို့ကိုက်တွန်း၏၊ (တနည်း) တေနဟိ-ထို သို့ မေးလိုလျှင်၊ တုံ-သည်၊ သကေ အာသနေ - မိမိ နေရာ၌၊ နိသီဒိတ္ဝာ - ထိုင်၍၊ (ပဉ်ဟံ ပုစ္ဆိတုံ)ယဒိ အာကင်္ခီသိ၊(ဧဝံ သတိ) ပုစ္ဆ၊ ဣတိဝါ-သော်ဂုင်း။

× × × × × × ×

ဗုဒ္ဓါ၊ပေ၊ပဝါရေန္တိ။ ။ဗုဒ္ဓါကို "သဗ္ဗညုပဝါရဏံ ပဝါရေန္တိ" ဝယ် ပပါရေန္တိ ဉ်စပ်၊ နောက်၌ "ယကွာ, နရိန္ဒ, ဒေဝ, သမဏ, ဗြာဟ္မဏ, ပရိဗ္ဗာဇကာနံ" ဟု ဆိုလတံ့ တိုထွင် ပုစ္ဆာဝုသောသည် ယကွာတို့အား ဖိတ်ပုံ၊ ပုစ္ဆမဟာရာဇသည် နရိန္ဒတို့အား ဖိတ်ပုံ၊ ပုစ္ဆဝါသဝသည် ဒေဝ(သကြားနတ်)အား ဖိတ်ပုံ၊ တေန ဟိ တုံ ဘိက္ခုသည် သမဏအား ဖိတ်ပုံ၊ ဗာဝရိယသ-စသော ဖိတ်ပုံကား ဗြာဟ္မဏအား ဖိတ်ပုံ၊ ပုစ္ဆမံ သဘိယသည် ပရိဗ္ဗာဇကအား ဖိတ်ပုံတည်း၊ ဣသို့ ထိုထိုသုတ်၌လာသော ဖိတ်ပုံ အမျိုးမျိုးရှိသည့်အတွက် သာဓကများစွာကို ထုတ်ပြသည်။

ယံကိဉ္စိ – အမှတ်မရှိ ကြင်းမဲ့ ဥဿုံ အလုံးစုံသော အကြင် သံသယကို၊ (ပုစ္ဆိတုံ)မနသာ, ဣစ္ဆထ–အလိုရှိကြကုန်၏၊ ဗာဝရိဿစ-ဗာဝရီ ဆရာကြီး၏ ၎င်း၊ တုယ္ဟံဝါ- အသင် အဇိတ၏သော်၎င်း၊ သဗ္ဗေသံ -ကြင်းသော အလုံးစုံသော လုလင်တို့၏သော်၎င်း၊(တံ)သဗ္ဗသံသယံ-ထို အလုံးစုံသော သံသယကို၊ ကတာဝကာသာ-ပြုအပ်ပြီးသော မေးခွင့် ရှိကုန်သည်၊(ဟုတ္ထာ)(တုမှေ- သင်တို့သည်၊) ပုစ္ဆဝ္ဟေါ–မေးကြကုန်လော၊ ဣတိဝါ–သော်၎င်း။

သဘိယ–သဘိယ၊ ယံ ကိဉ္စိ(ပုစ္ဆိတုံ)၊ မနသာ ဣစ္ဆသိ၊(တံ) ပဥ္ဉံ, မံ ပုစ္ဆ၊ အဟံ, တေ-၏၊ တဿ တသ္သေဝ ပဉ္ဉဿ–ထိုထိုပြဿနာ၏ပင်၊ အန်္ဓံ-အဆိုးကို၊ ကရောမိ– ပြုအံ့၊ ဣတိဝါ–သော်၎င်း၊ တေသံ တေသံ၊ပေ၊ပရိပ္ဖာဇကာနံ-ထိုထိုဘီလူး,လူမင်း, နတ်, ရဟန်း,ပုဏ္ဏား, ပရိဗ္ဗိဇ်တို့အား၊ သဗ္ဗညုပဝါရဏံ-သဗ္ဗညုဘုရားရှင်တို့၏ ဖိတ်ခြင်းကို၊ ပဝါရေန္တီ- ဖိတ်တော်မူကြကုန်၏။

စ – ခီးမှမ်းဘွယ်ရာ သမ္မာဝနာကို ပြုုးအံ့၊ ဘဂဝါ - သည်၊ ဗုဒ္ဓဘူမိံ – ဗုဒ္ဓ၏ဖြစ်ရာ အာသဝက္ခယဉာဏ်, သဗ္ဗညုတာဉာဏ်တော်သို့၊ ဝါ–ဗုဒ္ဓ၏ဖြစ်ရာ အခိုက်အတန့်သို့၊ ပတ္တာ - ရောက်တော်မူပြီး၍၊ ဝါ – ရောက်တော်မူပြီးမှ၊ တေံ ပဝါရဏံ–၌ သဗ္ဗညုပဝါရဏာကို၊ ယံ ပဝါရေယျ-အကြင် ဖိတ်တော်မူရာ၏၊ တေံ– ဗုဒ္ဓဘူမိသို့ ရောက်ပြီးမှ ၌ သဗ္ဗညုပဝါရဏာ ဖိတ်ခြင်းကို၊ အနစ္ဆရိယံ–

× × × × × × ×

ဗာဝရိဿစ။ ။ သုတ္တနိပါတ် ပါရာယနဝဂ်, ဝတ္ထုကြောင်း၌ လာသော ဂါထာတည်း၊ ဗာဝရိယ (ဗာဝရီ) ဆရာကြီးသည် အဇိတလုလင် ခေါင်းဆောင်သော တယောံလျှင် တထောင်စီ နောက်လိုက် တပည့်ပါသော လုလင် ၁၆ ယောက်တို့အား ဘုရားအထံတော်သို့ ပြဿနာမေးလျှောက်ဘို့ရန် လွှတ်လိုက်၏၊ ထိုသို့ လွှတ်လိုက်ရာ၌ "ဗုဒ္ဓအစစ်အမှန်ဖြစ်လျှင် စိတ်ဖြင့် မေးအပ်သော ပြဿနာတို့ကို နှုတ်တော်ဖြင့် ဖြေလိမ့်မည်" ဟုလည်း မှာလိုက်၏၊ ထို့ကြောင့် "ယံကိဉ္စိ မနသိစ္ဆထ–စိတ်ဖြင့် အလိုရှိရာကို မေးကြလော" ဟု မိန့်တော်မူသည်။

ဗုဒ္ဓဘူမိ။ ။ဘဝန်္တိ ထွေ်ာတိ ဘူမိ၊ ဗုဒ္ဓဿ + ဘူမိ ဗုဒ္ဓဘူမိ– ဘုရားရှင်၏ဖြစ်ရာဌာန၊ ထိုဌာနဟူသည် ဘုရားဖြစ်ကြောင်း အာသဝက္ခယ (အရဟတ္တမဂ်) ဉာဏ်တော်နှင့် သဗ္ဗညုတာဉာဏ်တော်တည်း၊ ဗောဓိသတ္တဘူမိကား ပါရမီတော်ကို စုဆောင်းကြောင်းဖြစ်သော ပါရမီသမ္ဘရဏဉာဏ်တည်း၊ (တနည်း) ဘူမိသဒ္ဒါသည် အဝတ္ထာ (အခိုက်အတန့်) ကို ဟော်၏၊ ထို့ကြောင့် ဘုရားရှင်ဖြစ်ခိုက်အခါကို ဗုဒ္ဓဘူမိဟုဝင်း, ဗောဓိသတ္တ ဖြစ်ခိုက်အခါကို ဗောဓိသတ္တဘူမိ ဟုဝင်း ဋီကာသစ်၌ တနည်းဖွင့်၏၊ မှန်၏၊– သတ္တဝါတယောက်၏ ခန္ဓာအစဉ်သည် ဘဝများစွာ ရှိသော်လည်း ကောင်းနည်း (တခုတည်း အဖြစ်ကိုသိကြောင်းနည်း) အားဖြင့် စဉ်းစားလျှင် ထို ပုဂ္ဂိုလ်တယောက်တည်းပင် ဖြစ်၏၊ ဘုရားဖြစ်ရာ အခိုက်အတန့် , ဘုရားအလောင်းဖြစ်ရာ အခိုက်အတန့်ဟု အခိုက်အတန့် အားဖြင့်သာ ကွဲပြားသည်၊ ထို့ကြောင့် ၌ ဘူမိသဒ္ဒါကို အဝတ္ထာဝါစက (အဝတ္ထာဘုံဟူသော အခိုက်အတန့် အနက်ဟော) သဒ္ဒါဟု ဆိုရပေသည်။

မအံ့ဩထိုက်ပါ၊ ဝါ–မအံ့ဩလောက်ပါ၊ ယော-အကြင် မြတ်စွာဘုရားသည်၊ ဗောဓိသတ္တာဘူမိယံ – ဘုရားလောင်း၏ဖြစ်ရာ ပါရမီဖြည့်ကျောင်းဉာဏ်၌၊ ဝါ–ဘုရားအလောင်း၏ဖြစ်ရာ အခိုက်အတန့်၌၊ ပဒေသညာဏော- သမ္ဗညုတာဉာဏ်၏ အစိတ်အပိုင်းဖြစ်သောဉာဏ်၌၊ ဋ္ဌတော–တည်သည်၊ (သမာနော - ဖြစ်လသော်၊ ဝါ–ဖြစ်စဉ်၊) ["သမ္ဗညု ပဝါရဏံ ပဝါရေသိ"၌ လှမ်းစပ်။]

ကောလ္လာည – ကောလ္လာညအန္တယ်ဖြစ်သော အရှင်ဆရာကြီး၊ ပဥ္ဉာနိ – ပြဿနာတို့ကို၊ ဝိယာကရောဟိ - ဖြေဆိုပါလော။ ["ဝိ + အာ + ကရောဟိ" ဟု ပုဒ်ဖြတ်၊ ဗျာကရောဟိနှင့် အနက်တူ။] တံ – အရှင်ဆရာကြီးကို၊ သာဓုရူပါ– ကောင်းသောသဘော ရှိကုန်သော၊ (တနည်း) သာဓုရူပါ- သူတော်ကောင်း၏ အဖြစ်ဟူသောသဘော ရှိကုန်သော၊ [သာဓုဒ္ဒ ဘာဝပွဓာနကြံပါ။] ဣသယော-ရသွေ့တို့သည်၊ ယာစန္တိ – တောင်းပန်ကြကုန်၏၊ ကောလ္လာည – ကောလ္လာညအန္တယ်ဖြစ်သော အရှင်ဆရာကြီး၊ သေ ဘာရော–ဤသံသယကို ပယ်ဖျောက်ခြင်းဟူသောတာဝန်သည်၊ ဝုဒ္ဓံ-ပညာအားဖြင့် ကြီးရင့်သောပုဂ္ဂိုလ်သို့၊ [ဋီကာသစ်၌ "သိလ ပညာ အစရှိသည်တို့ဖြင့် ကြီးရင့်သောပုဂ္ဂိုလ်သို့" ဟု ဖွင့်၏။] ယံ အာဂစ္ဆတိ-အကြင် ရောက်လာ၏၊ သော–ဤသို့ ရောက်လာခြင်းသည်၊ မနဇေသုလူတို့၌၊ ဓမ္မော - ရှေးရိုးတံထွာ ဓမ္မတာပါတည်း၊ ဣတိဧဝံ- ဤသို့၊ သက္ကာဒိနံ–သကြား အစရှိသောပုဂ္ဂိုလ်တို့၏၊ [အာဒိဖြင့် လူမင်း ၃ ယောဇဉ်ကို ယူ၊] အတ္ထာယ-ဒါ၊ ဣသိဟိ-ရသွေ့တို့သည်၊ ယာစိတော- တောင်းပန်အပ်သည်၊ (ဟုတ္တာ)။

ယံ ကိဉ္စိ–အကြင် အမှတ်မရှိ တစုံတခုသော၊ ပဥ္ဉ- ကို၊ (ပုစ္ဆိတုံ)၊ မနသာ-ဖြင့်၊ အဘိပတ္ထိတံ– တောင့်တအပ်ပြီ၊ ဘောန္တော– အရှင်တို့သည်၊ (တံ- ထိုပြဿနာကို၊) ကတာဝကာသာ-ပြုအပ်ပြီးသော မေးခွင့်ရှိကုန်သည်၊ (ဟုတ္တာ)၊ ပုစ္ဆန္တု-မေးကြကုန်လော၊ ဟိ-တိုက်တွန်းသင့်၏၊ အဟံ-ငါသည်၊ ဇာမံလောကံ-

× × × × × × ×

ကောလ္လာည၊ပေ၊ယာစိတော။ ။ သရဘင်္ဂာတ်၌ သကြားနှင့် လူမင်း ၃ ယောဇဉ်တို့သည် သရဘင်္ဂဆရာ့အထံသို့ ပြဿနာမေးဘို့ လာကြလေရာ ရသေ့အပေါင်းက ဆရာကြီးအထံ အနုသိဿမည်သော ရသေ့ကို ခွင့်တောင်းခိုင်းကြသောကြောင့် အနုသိဿရသေ့က ခွင့်တောင်းသော ဂါထာတည်း၊ သရဘင်္ဂ ဆရာကြီးကိုပင် အနွယ်အားဖြင့် ကောလ္လာညဟု ခေါ်သည်။ [ဓမ္မောတိ သဘာဝေါ၊ ယံ ဝုဒ္ဓံတိ ယံ ပညာယ ဝုဒ္ဓပုရိသံ၊ သေ ပဉ္ဉာနံ ဝိသဇ္ဇနဘာရော နာမ အာဂစ္ဆတိ၊–ဇာတ်အဋ္ဌကထာ။]

ကတာဝကာသာ။ ။သရဘင်္ဂဆရာကြီး၏ ခွင့်ပြုပုံကိုပြသော ဂါထာတည်း။ [ယံ ကိဉ္စိတိ နကေဝလံ တုမှာကံယေဝ၊ အထခေါ သဒေဝကဿ လောကဿ ယံ မနသာဘိပတ္ထိတံ၊ တံ မံ ဘဝန္တော ပုစ္ဆန္တု၊ အဟံ တိ ဝေါပေါဋ္ဌမဒ္ဒ ပရဒ္ဒ လောကံ သယံ ပညာသ သစ္ဆိကတ္တာ ကထေဿာမိ၊–ဇာတ် အဋ္ဌကထာ၊....ပရဒ္ဒါတို့ ဣတိကို "သမ္ဗညု ပဝါရဏံ ပဝါရေသိ"၌ စပ်။]

ဤပစ္စုပ္ပန်လောကကိုဌင်း၊ ပရဿ (လောကံ)-တမလွန်လောကကိုဌင်း၊ သယံ-ကိုယ်တိုင်၊ ဥ တွာ-သိ၍၊ ဝေါ-သင်တို့အား၊ တံတံ-ထိုထို ပြဿနာကို၊ ဝိယာကရိသံ-ဖြေဆိုအံ့၊ ဣတိဝေံ-ဤသို့၊ သရဘင်္ကာလေ-သရဘင် ရသွေ့ဆရာကြီးဖြစ်ရာအခါ၌၊ (သမ္မဉ္ဇပဝါရဏံ-ကို၊ ပဝါရေသိ-ဖိတ်ဘူးပြီ။)

စ-သည်သာမကသေး၊ သမ္ဗာဝဇာတကေ-သမ္ဗာဝဇာတ်၌၊ (“သမ္မဉ္ဇပဝါရဏံ ပဝါရေသိ”၌ စပ်ပါ၊) သကလဇမ္ဗုဒ္ဒိပံ-အလုံးစုံသောဇမ္ဗူဒိပ်ကို၊ တိက္ခတ္တုံ-ခုကြိမ်၊ ဝိစရိတွာ-လှည့်လည်ပြီး၍၊ ပဥ္ဉာနံ-ဓမ္မယာဂပြဿနာတို့၏၊ အန္တကရံ-အဆုံးကိုပြုတတ်သော ပုဂ္ဂိုလ်ကို၊ အဒိသွာ-မတွေ့ရ၍၊ ဝါ-မတွေ့ရခြင်းကြောင့်၊ သုစိရတေန-သုစိရတမည်သော၊ (စင်ကြယ်သော ကိုယ်နှုတ် စိတ် အမှု၌ မွေ့လျော်တတ်သည်၏အဖြစ်ကြောင့် သုစိရတမည်သော၊) မြာဟ္မဏောန-ပုဏ္ဏားသည်၊ ပဉ်-ကို၊ ပုဋ္ဌံ-မေးခြင်းငှါ၊ ဩကာသေ-အခွင့်ကို၊ ကာရိတေ-ပြုစေအပ်သော်၊ ဇာတိယာ-မွေးဖွားခြင်းအားဖြင့်၊ [ဦးကာသစ်၌ “ပဋိသန္ဓေအားဖြင့်” ဟုလည်း ဖွင့်သေး၏။] သတ္တဝဿိကော-၇နှစ်သာရှိသေးသော၊ ရထိကာယ-ရထားတို့၏ သွားလာရာလမ်းမ၌၊ ပံသုံ-မြေမှုံကို၊ (ဖုံကို)၊ ကိဉ္စန္ဒော-ကစားနေသော၊ (သမ္ဗာဝကုမာရော-သမ္ဗာဝသတို့သားသည်၊) ပလ္လင်္ကံ-ထက်ဝယ်တင်ပလ္လင်ကို၊ အာဘုဇိတ္ဝာ-ဖွဲ့ခွေ၍၊ အန္တရဝီထိယံ-လမ်းမ၏အကြား၌၊ နိသိန္နော-ထိုင်နေသည်၊ (ဟုတ္ဝာ)ဝ-ဖြစ်၍သာလျှင်၊ (“သမ္မဉ္ဇပဝါရဏံ ပဝါရေသိ” ၌စပ်။)

× × × × × × ×

သမ္ဗာဝဇာတကေ ။ ။ [တိ်ဿနိပါတ်၌လာသော ဇာတ်တော်တည်း။] ကုရုတိုင်း၌ ဓနဥယ-ကောရဗျမည်သောမင်းသည် ဓမ္မယာဂ (တရားတည်းဟူသောယဇ်နှင့်စပ်သော) ပြဿနာကို ပုရောဟိတ်ဖြစ်သော သုစိရတပုဏ္ဏားအား မေး၏၊ ပုဏ္ဏားသည် မဖြေနိုင်၍ “ဗာရာဏသီပြည်၌ တက္ကသိုလ်ကျောင်းနောက်ဖြစ်သော ဝိဓုရ မည်သော ပုရောဟိတ်သည် ဖြေနိုင်စရာရှိ၏” ဟု ပြော၏၊ ထို့ကြောင့် သုစိရတကို ဝိဓုရအထံသို့ စေလွှတ်လေရာ ဝိဓုရသည် ဖြေဘို့ရန် အခွင့်မရသောကြောင့် သားအကြီးအထံသို့ တဖန်စေလွှတ်၏၊ သားအကြီးက သားအလတ်, သားအလတ်က သားအငယ်ဆုံး အထံသို့ စေလွှတ်ပြန်၍ သမ္ဗာဝဘုရားအလောင်းကလေးအထံသို့ ရောက်လာသည်။

ဇာတိယာ၊ပေ၊နိသိန္နော၀ ။ ။ ထိုသမ္ဗာဝကား ၇ နှစ်သာရှိသေး၏၊ သုစိရတပုရောဟိတ်ရောက်လာချိန်၌ သူငယ်ချင်းများနှင့်အတူ လမ်းမ၌ ဖုံကစားဘို့ရန် ခါးဝတ်ပုဆိုးကလေးကို လည်ပင်း၌ တင်ထားပြီးလျှင် ဖုံတွေကို လက်ဖြင့် ဆုပ်ကိုင်ထား၏၊ ထို့နောက် “ဇမ္ဗူဒိပ်ဝယ် ပြဿနာဖြေမည့်သူကို ရှာ၍မရသောကြောင့် အသင်ပဏ္ဍိတ်ကလေးအထံ ပြဿနာအမေး ရောက်လာပါကြောင်း”ကို ပြောသောအခါ.....
“ဟာ....ငါဟာ ပညာအားဖြင့် ကြီးရင့်နေပါပြီကော”ဟု တွေးတောကာ ကိုယ်တုံးလုံးနေမိသည့်အတွက် အနည်းငယ် ရှက်လာသောကြောင့် ပခုံးပေါ်က အဝတ်ကလေးကို ဝတ်ကာ တင်ပလ္လင်ဖွဲ့ခွေ ထိုင်နေလျက် “တဿ တေ”စသောဂါထာကို ရွတ်ဆိုပါသည်။

အတိကုသလော-အလွန်ကျမ်းကျင် ပညာရှင်သည်၊ (အကွာတို့) ယထာ-ဖြေဆိုသကဲ့သို့၊ တထာ- ထို့ အတူ၊ တဉ္ဍ- စင်စစ်၊ တေ - အရှင့်အား၊ အဟံ- အကျွန်ုပ်သည်၊ အတ္ထိသံ-ဖြေဆိုပါအံ့၊ ယထာ-အကြင် အခြင်းအရာအား ဖြင့် ဖြေဆိုလသော်၊ ဝေါ-အရှင်တို့၏၊ ရာဇာ-မင်းသည်၊ တံ-ထိုပြဿနာကို၊ ဇာနာ ဘိ- သိနိုင်၏၊ တထာစ - ထို သိနိုင်လောက်သော အခြင်းအရာအား ဖြင့်လည်း၊ အတ္ထိသံ-အံ့၊ (ဝေါ- တို့၏၊ ရာဇာ-သည်၊) ယဒိ ကာဟတိဝေါ-အကယ်၍ ပြုမူ လည်း ပြုပါလတံ့၊ ယဒိ နကာဟတိဝေါ - အကယ်၍ မပြုမူလည်း မပြုပါလတံ့၊ (တေံ- ၎င် ပြုခြင်း မပြုခြင်းသည်၊ တဿဝ- ထိုမင်း၏ တာဝန်သာ၊ ဘဝိဿတို့- ဖြစ်ပါလိမ့်မည်၊) ဣတိ-သို့၊ သဗ္ဗညုပဝါရဏံ ပဝါရေသိ။

ဧဝံ - ၎င်သို့လျှင်၊ ဝါ - ၎င်ဆိုအပ်ပြီးသောနည်းဖြင့်၊ ဘဂဝတာ - သည်၊ သမ္မညုပဝါရဏာယ-သမ္ဗညုပုဂ္ဂိုလ်၏ ဖိတ်ခြင်းကို၊ ပဝါရိတာယ-ဖိတ်တော်မူအပ်ပြီးသော်၊ အတ္တမနော- မိမိစိတ်ရှိသည်၊ (ဟုတ္တာ)၊ ရာဇာ-သည်၊ ပဠုံ-

× × × × × × × ×

ဇာတ်အဋ္ဌကထာ ။ ။ ယထာ အတိကုသလော သမ္မာသမ္ဗုဒ္ဓေါ အာစိက္ခတ်၊ တထာ ကံသေနေဝ အာစိက္ခိဿန္တိ အတ္ထော။ [“ အတိကုသလော ” ဟု ဖွင့်သော ကြောင့် “ယထာတိကုသလော” ဟု ရှေးပါဠိရှိဟန်တူသည်။] ရာဇာစ ဝေါတန္တိ အဟံ တံ ပဠုံ ယထာ တုမှာကံ ရာဇာ ဇာနိတုံ သက္ကောတိ၊ တထာ ကထေဿာမိ၊ [၎င်အဖွင့် ကြည့်၍ “ယထာ တထာ”ကို လိုက်စေ၍ အနက်ပေးရသည်၊ “တုမှာကံ”ဟု ဖွင့်သော ကြောင့်“ရာဇာစ ဝေါ တံ”ဟုလည်း ရှိရမည်။] တတော ဥတ္တရိ ရာဇာ ဧဝံ (၎င်အကျွန်ုပ် ဖြေအပ်သည့်အတိုင်း) တံ ဇာနာတိ၊ ယဒိ ကရိဿတိဝေါ နကရိဿတိဝေါ၊ ကရောန္တသဝေါ အကရောန္တသဝေါ တဿေဝေတံ ဘဝိဿတိ၊ မယံ့ ပန ဒေါသော နတ္ထိတိ ဒီပေတိ၊ **ဆိုလိုရင်းမှာ**-အလွန်ကျမ်းကျင်သော ဘုရားရှင်ဖြေသလို အကျွန်ုပ်ဖြေပါမည်၊ အသင်တို့၏ရှင်ဘုရင် နားလည်လောက်အောင်လည်း ဖြေပါမည်၊ ထို နားလည်သည့်အတိုင်း ပြုခြင်း မပြုခြင်းမှာ သူ၏တာဝန်သာ ဖြစ်ပါလိမ့်မည်၊ ကျွန်ုပ်အပြစ် မဟုတ်ပါ-ဟူလို။

ဋီကာ။ ။ယထာဝိ(တိ)ကုသလော တထာတိ ယထာ သမ္ဗဓမ္မကုသလော သမ္ဗောဓိဋ္ဌ ဇာနာတိ ကထေတိ၊ [၎င်၌လည်း “ သမ္ဗဝိဋ္ဌ ” ဟု ဆိုသောကြောင့် “ အတိကုသလော”ပင်ဖြစ်သင့်၏၊] တံထာ အဟမက္ခိဿံ၊ ရာဇာစ ဝေါ တံ ယဒိ ကာဟတိဝေါ နဝေါတိ ယော တံ ဇ္ဈာန ပုစ္ဆိတုံ ပေသေတိ၊ သော ရာဇာ နံ တယာ ပုစ္ဆိတံ ကရောတုဝေါ မာဝေါ၊ အဟံ ပန တေ အက္ခိဿံ အက္ခိဿာမိ, အာစိက္ခိဿာမီတိ အတ္ထော။

ဋီကာအလို အနက်။ ။အတိကုသလော-အလုံးစုံသောတရား၌ ကျွမ်းကျင်သော သမ္ဗဝိဋ္ဌပညာရှိသည်၊ ဇာနာတိယထာ-သိ၍ ဖြေဆိုသကဲ့သို့၊ တထာ-ထို့အတူ၊ တဉ္ဍ-စင်စစ်၊ တေ-အရှင့်အား၊ အဟံ- အကျွန်ုပ်သည်၊ အက္ခိဿံ- ဖြေဆိုပါအံ့၊ ရာဇာစ- အရှင့်ကို စေလွှတ်လိုက်သော မင်းသည်ကား၊ တံ-ထို အရှင်မေးအပ်သော ပြဿနာ၏ အကြောင်းအရာကို၊ ယဒိကာဟတိဝေါ- အကယ်၍ပြုသော်လည်း ပြုပါလိမ့်မည်၊ ယဒိ နကာဟတိဝေါ-အကယ်၍ မပြုဘဲသော်လည်း နေပါလိမ့်မည်၊ (အဟံပန-အကျွန်ုပ်သည်ကား၊ တေ-အရှင့်အား၊ အက္ခိဿံ-ဖြေဆိုပါမည်။)

ကို၊ ပုစ္ဆန္တော-မေးလျှောက်လိုသည်၊(ဟုတ္တာ)၊ ယထာနုခေါ ကမာနိဘန္တေတိ အာဒိ - အစရှိသော စကားကို၊ အာဟ–လျှောက်ပြီ၊ တတ္ထ– ထို ယထာနုခေါ အစရှိသော စကားရပ်၌၊ သိပ္ပမေဝ - အတတ်သည်ပင်၊ သိပ္ပါယတနံ – သိပ္ပါယတနမည်၏၊ ပုထုသိပ္ပါယတနာနိတိ – ကား၊ ဗဟူနိ – များစွာကုန်သော၊ သိပ္ပါနိ–အတတ်တို့သည်၊ (သန္တိ–ရှိကုန်၏၊) သေယျထိဒံတိ-ကား၊ တေ–ထို အတတ်သည်တို့ဟူသည်၊ ကတမေ ပန-အဘယ်တို့နည်း။

× × × × × × ×

သိပ္ပမေဝ သိပ္ပါယတနံ။ ။ဖါဠိတော်၌ "သိပ္ပါယတနာနိ" ဟူသော ဗဟုဝုစ်မှ "သိပ္ပါယတန" ကိုယူ၍ ဖွင့်သည်၊ "သိပ္ပမေဝ" ဟု ဆိုသောကြောင့် အာယတနအတွက် အနက်သီးခြားမရှိ ဟုဎင်း, သိပ္ပနှင့် အာယတနသဒ္ဒါတို့ အရတူ ကမ္မဓာရဲဟုဎင်း ဋီကာသစ်၌ ၂ နည်းဖွင့်၏၊ အာယတနအတွက် အနက်ရှိသော နောက်နည်းအလို "အသက်မွေးခြင်း၏အကြောင်း" ဟူသော ကာရဏအနက်, "အသက်မွေးခြင်း၏မှိရာ" ဟူသော နိဿယအနက်ကို ယူပါ။ [အဘိဓာန်၌လာသော အာယတနသဒ္ဒါ၏ အနက်တို့တွင် ဟေတုအနက်နှင့် အာကရအနက်ကို ဖွင့်ခြင်းတည်း။] ထို့ကြောင့် " သိပ္ပါယတနာနိ– အတတ်တို့သည်၊ (တနည်း) အသက်မွေးခြင်း၏ အကြောင်းဖြစ်သော အတတ်တို့သည်၊ ဝါ–အသက်မွေးခြင်း၏ မှိရာဖြစ်သော အတတ်တို့သည်" ဟု ပါဠိတော်၌ အနက်ပေးပါ။

သေယျထိဒံ။ ။ဤပုဒ်ကို ဋီကာသစ်၌ "နိပါတ်ပုဒ် တပုဒ်တည်း" ဟု ပဌမဖွင့်၏၊ ထိုအလို " သေယျထိဒံ – ထို အတတ်သည်တို့ဟူသည် အဘယ်နည်း " ဟု ပေးပါ၊ '(တနည်း) "သေယျထာ+ဣဒံ" ဟု နိပါတ် ၂ ခုပေါင်းထားသောပုဒ်ဟုလည်း တနည်းဖွင့်၏၊ ထိုအလို ရှေနည်းအတိုင်း ၂ ပုဒ်ပေါင်း၍လည်း ပေးနိုင်၏၊ " ဣဒံ+ (ဣမေ) – တို့ဟူသည်၊ သေယျထာ (ကတမေ)-တို့နည်း" ဟု ၂ ပုဒ်ခွဲ၍လည်း ပေးနိုင်ပါသည်။

ကတမေ တေ။ ။ပါဠိတော်၌ "ဣမာနိ ဘန္တေ ပုထုသိပ္ပါယတနာနိ" ဟု နပုံလိုန်ရှိပါလျက် အဘယ့်ကြောင့် " သေယျထိဒံ "ကို "ကတမေ တေ "ဟု ပုလိုန်ဖြင့် ဖွင့်ရသနည်း-ဟု မေးဘွယ်ရှိ၏၊ နောံသရုပ်ဖေါ်ရာ၌ "ဟတ္ထာရောဟာ" စသည်ဖြင့် အတတ်သည်တို့ကို သရုပ်ပြသောကြောင့် "ကတမေ တေ" ဟု ပုဂ္ဂိုလ်ရအောင် ဖွင့်ရပါသည်။

တဖန် မေးဘွယ်။ ။အတတ်ဖြစ်သော သိပ္ပတို့ကို စတည်၍ လျှောက်ပါလျက် အဘယ့်ကြောင့် သိပ္ပိက (အတတ်သည်) တို့ကို သရုပ်ဖေါ်ရပါသနည်း – ဟု တဖန် မေးဘွယ်ရှိ၏၊ အဖြေကား — စကားကျယ်မည်ကို ရှောင်လွဲလိုသော ကြောင့်တည်း။ [ကသ္မာတိ စေ၊ ပပဉ္စံ ပရိဟရိတုကာမတ္တာ၊–ဋီကာသစ်။] ခဲ့ဥုံးအံ့– "သေယျထိဒံ– ထိုအတတ်တို့ဟူသည် အဘယ်နည်း" ဟု မေးလျှင် ထိုအတတ်တို့ကို " ဆင်စီးအတတ် မြင်းစီးအတတ်မှစ၍ ဂဏနာအတတ် မုဒ္ဒါအတတ် " တိုင်အောင် ပြရလိမ့်မည်၊ ထိုသို့ ပြပြီးသောအခါ ဤနေရာ၌ မေးလိုရင်းက အတတ်ရှိသူလူအများ၏ အကျိုးရပုံကို မေးလိုရင်းဖြစ်သောကြောင့် "ဆင်စီးအတတ် တတ်သူမှစ၍ မုဒ္ဒါအတတ်တတ်သူ" တိုင်အောင် ထပ်၍ပြရလိမ့်မည်၊ ထိုသို့ ၂ ထပ်ဖြစ်နေလျှင် စကားကျယ်ဘွယ် ရှိ၏၊ ထိုသို့ ဂျယ်ဝန်းခြင်းကို ရှောင်ခြင်းအကျိုးငှါ အတတ် (သိပ္ပ) တို့ကို စတည်သော်လည်း အတတ်သည် (သိပ္ပိက) တို့ကို သရုပ်ထုတ်ပြတော့သည်။

ဟတ္ထာရောဟာတိ အာဒီဟိ - ဟတ္ထာရောဟာ အစရှိသောပုဒ်တို့ဖြင့်၊ ယေ-အကြင် ပုဂ္ဂိုလ်တို့သည်၊ တံတံသိပ္ပံ-ထိုထို အတတ်ကို၊ နိဿာယ-မှီ၍၊ ဇီဝန္တိ-အသက်မွေးကြကုန်၏၊ တေ-တို့ကို၊ ဒဿေတိ-၏၊ ဟိ-မှန်၊ (တနည်း)ဟိ-ခဲ့၊ (တနည်း)ဟိ(ယသ္မာ)-ကြောင့်၊ အယံ-ဤဆိုအပ်လတ္တံ့ကား၊ အဿ - ထိုမင်း၏၊ အဓိပ္ပါယော-အလိုတည်း၊ သိပ္ပ။ပဇီဝိနံ-အတတ်ကို မှီ၍ အသက်မွေးကုန်သော၊ ဣမေသံ-ဤအတတ်သည်တို့၏၊ တံတံသိပ္ပံ - ကို၊ နိဿာယ - ၍၊ သန္ဓိဋ္ဌကံ - ကိုယ်တိုင် ကိုယ်ကြပ် , တွေ့မြင်အပ်သော။ [သာမံ + ဒိဋ္ဌံ သန္ဓိဋ္ဌံ၊ သန္ဓိဋ္ဌံယေဝ သန္ဓိဋ္ဌကံ။] သိပ္ပဖလံ-အတတ်၏အကျိုးသည်၊ ပညာယတိယထာ-ထင်ရှားသကဲ့သို့၊ ဝေံ-ဤ့အတူ၊ သန္ဓိဋ္ဌကံ-သော၊ သာမညဖလံ-ရဟန်းအဖြစ်၏အကျိုးကို၊ ပညာပေတုံ- ထင်ရှားစေခြင်းငှါ။["ပညပေတုံ--ပညတ်ခြင်းငှါ"ဟုစာအုပ်တို့၌ ရှိ၏၊] သက္ကာနုခေါ- တတ်ကောင်းပါ၏လော၊ ဣတိ- ဤ ဆိုအပ်ပြီးကား၊ (အဿ အဓိပ္ပါယော)၊ တသ္မာ- ထိုသို့ ဤသို့သော အလိုရှိသည်၏အဖြစ်ကြောင့်၊ သိပ္ပါယတနာနိ - အတတ်တို့ကို၊ ဝါ- အသက် မွေးခြင်း၏အကြောင်းဖြစ်သော အတတ်တို့ကို၊ ဝါ- အသက်မွေးခြင်း၏ မှီရာဖြစ်သော အတတ်တို့ကို၊ အာရဘိတွာ - စတည် အားထုတ်ပြီး၍။ [" အာဟရိတွာ - ဆောင်၍" ဟုလည်း မူကွဲရှိ၏။] သိပ္ပ။ပဇီဝိနော - အတတ်ကို မှီ၍ အသက်မွေးသော ပုဂ္ဂိုလ်တို့ကို၊ (ရာဇာ- သည်၊) ဒဿေတိ-ပြ၏။ [တတ္ထ- ထို ဟတ္ထာရောဟာ အစရှိသော ပုဒ်တို့တွင်၊ ဟတ္ထာရောဟာတိ-ဟတ္ထာရောဟာ ဟူသော ပုဒ်ဖြင့်၊ သမ္မေါ - အလုံးစုံလည်း ဖြစ်ကုန်သော၊ ဟတ္ထာစရိယဟတ္ထိယောဓ ဟတ္ထိဝေဇ္ဇ ဟတ္ထိမေဏ္ဍာ(ဗန္ဓာ)ဒယော-ဆင်ဆရာ, ဆင်စီးသူရဲကောင်း, ဆင်

× × × × × × ×

အယဥ္ဟိဿ၊ပေ၊ဒဿေတိ။ ။ဤဝါကျ၌"တသ္မာ၊ပေ၊သိပ္ပ။ပဇီဝိနော ဒဿေတိ" ဟူသော စကားသည် ရှေ့ဝါကျဝယ် "ယေ၊ပေ၊ဇီဝန္တိ၊ တေ ဒဿေတိ"နှင့် အဓိပ္ပါယ်အားဖြင့် ထပ်တူကျ၏၊ ထို့ကြောင့် "ဟတ္ထာရောဟာတိ အာဒီဟိ၊ပေ၊ဒဿေတိ " ကို ဖယ်ထားလျှင် ဒဠှီကရဏဝါကျ, သို့မဟုတ် ဝိတ္ထာရဝါကျသာဖြစ်သင့်၏၊ နောက် တသ္မာဝါကျကို ထောက်လျှင်"အယဥ္ဟိ၊ပေ၊ပညာပေတုံတိ"သည် ကာရဏဝါကျလည်းဖြစ်နိုင်၏၊ ထိုအတိုင်း နိဿယဉ္စ အနက်ပေးထားသည်၊ ဆရာတို့ကား အယဥ္ဟိစသော ဝါကျကို ဟေတုဝါကျ, ရှေ့ဝါကျကို ဖလဝါကျလုပ်၍ တသ္မာဝါကျကို လဒ္ဓဂုဏ်ဝါကျ အဖြစ်ဖြင့် အနက်ပေးတော်မူကြသည်။

ဟတ္ထာရောဟာ။ ။ဟတ္ထိ+အာရုဟန္တိ ဟတ္ထာရောဟာ၊ဤသို့ သုဒ္ဓကတ္တုသာဓ်ပြုလျှင် ဆင်ကို စီးတတ်သော ဆင်စီးသူရဲကောင်း၏၊ " ဟတ္ထိ + အာရောဟယန္တိ-ဆင်ကို စီးစေတတ်ကုန်၏၊ ဤတို ဟတ္ထာရောဟာ"ဟု ဟေတုကတ္တုသာဓ်ပြုလျှင် ဟတ္ထာစရိယ စသူတို့ရ၏။ [ဟတ္ထိ အာရောဟယန္တိတို ဟတ္ထာရောဟာ၊ ဟတ္ထာစရိယ, ဟတ္ထိဝေဇ္ဇ, ဟတ္ထိမေဏ္ဍာဒယော၊-ဋီကာသစ်။]

ဆေးဆရာ, ဆင်ထိန်းအစရှိသောပုဂ္ဂိုလ်တို့ကို၊ ဒဿတိ၊ အဿာရောဟာတိ-ပုဒ်ဖြင့်၊ သဗ္ဗေပိ - ကုန်သော၊ အဿာစရိယအဿယောဓ အဿဝေဇ္ဇအဿမေဇ္ဈာ(ဗန္ဓာ)ဒယော – မြင်းဆရာ , မြင်းစီးသူရဲကောင်း, မြင်းဆေးဆရာ, မြင်းထိန်း အစရှိသော ပုဂ္ဂိုလ်တို့ကို၊ ဒဿတိ။

ရထိကာတိ– ရထိကာဟူသော ပုဒ်ဖြင့်၊ သဗ္ဗေပိ – နှ်သော၊ ရထာစရိယရထယောဓ ရထရက္ခာဒယော-ရထား ဆရာ, ရထားစီး သူရဲကောင်း, ရထားနားဗန်းစောင့် အစရှိသော ပုဂ္ဂိုလ်တို့ကို၊ (ဒဿတိ)။ [ရထာစရိယ အရှ်ဒ်

× × × × × × ×

ကသေသ် ကြ်ပါ။ ။ဤသို့ ဋီကာတို်ဒ် သုဒ္ဓကတ္တာသာဓ် , ဟေတုကတ္တာသာဓ်ာ မျိုးပြ၍ ထိုသာဓနအားလျော်စွာ အနက်ရကိုလည်း ပြသောကြောင့်“ဟတ္ထာရောဟာစ+ဟတ္ထာရောဟာစ ဟတ္ထာရောဟာ ” ဟု ပါဠိတော်ဒ် ကသေသ် ပြုထားသည် ဟုကြ်ပါ။ [သုဒ္ဓကတ္တာသာဓနဒ် အာပုဗ္ဗ+ရုဟဓာတ်, ဏပစ္စည်း၊ ဟေတု ကတ္တာသာဓနဒ် ဏေပစ္စည်း ထပ်သက်။]

ဆက်ဥုးအံ့–“ဆင်ကို စီးစေတတ်”ဟူရာဒ် ဆင်ကို အစီးခံအောင် သင်ပြပေးသော ဟတ္ထာစရိယ, ဆင်ကို စီးတတ်အောင် သူရဲကောင်းကိုလည်း သင်ပြပေးသော ဟတ္ထာစရိယလည်း ပါဝင်နိုင်၏၊ ဆင်ကို (ကျန်းမာအောင်) ဆေးကုပေးသော ဟတ္ထိဝေဇ္ဇလည်း ပါဝင်နိုင်၏၊ ဆင်ကို ထိန်းသိမ်း စောင့်ရှောက်သော ဟတ္ထိမေဇ္ဈာလည်း ပါဝင်နိုင်၏၊ ဆင်အား ဂျုံစသော အစာကို ကျွေးသော ယဝဒါယက စသူတို့လည်း ပါဝင်နိုင်သည်။ [ယေန ဟိ ပယောဂေန ပုရိသော(သည်) ဟတ္ထိနော(ကို) အာရောဟာဇာယောဂ္ဂေါ ဟောတိ၊ တံ ဟတ္ထိသ ပယောဂံ ဝိဓာယန္တာနံ သဗ္ဗေသံ ပေတေသံ(သဗ္ဗေသံဝိ+ဧတေသံ) ဂဟဏံ၊-ဋီကာသစ်။]

ဟတ္ထိမေဇ္ဈာ(ဗန္ဓာ)။ ။“ ဟတ္ထိ ံ မဇ္ဈာယန္တိ ရက္ခန္တိတိ ဟတ္ထိမဇ္ဈာ ”ဟု ဖြစ်ပြီးနောက်“တေယေဝ ဟတ္ထိမေဇ္ဈာ”ဟုဎင်း,“ဟတ္ထိနံ ပါဒရက္ခကာ”ဟု ဎင်း ဋီကာသစ်ဆို၏၊ “ဟတ္ထိဗန္ဓာဒယော”ဟု သိဟိုဠ်, ယိုးဗျားမူရှိ၏ဟုလည်း မူကွဲတွေ့ရ၏၊ ထောမနဒ်မိဒ် “ဗန္ဓ”ကို “စောင့်စည်းခြင်း အနက်, နိဂဒါဒိနာ-ဆင်ထူး အစရှိသည်ဖြင့်၊ ဂတိရောဓနေ–သွားခြင်းကို တားမြစ်ခြင်းအနက်”ဟု တွေ့ရ၏၊ ထို့ကြောင့် ဆင်ကို ထူးခတ်ခြင်းစသည်ဖြင့် မသွားအောင် စောင့်ရှောက်သူကို“ဟတ္ထိဗန္ဓ”ဟု ခေါ်ထိုက်ပါသည်။

ဟတ္ထိယောဓ။ ။စာအုပ်တို်ဒ် ဟတ္ထိယောဓကို မတွေ့ရ၊ ရထိကာဒ် “ရထာစရိယရထယောဓရထရက္ခာဒယော”ဟု ရှိသကဲ့သို့ ဤဒ်ဒ်လည်း“ဟတ္ထာစရိယ ဟတ္ထိယောဓ” ဟု ရှိသင့်၏၊“ဟတ္ထိ ံ+အာရုဟန္တိတိ ဟတ္ထာရောဟာ”ဟု သုဒ္ဓကတ္တာသာဓ် ပြုရာဒ် အရကောက်ရသော ဆင်စီး သူရဲကောင်းပင်တည်း၊ ယုဇ္ဈတီတိ ယောဓော၊ ဟတ္ထိ ံ အာရုဇ္ဇော+ယောဓော ဟတ္ထိယောဓော”ဟု ပြုပါ၊ အဿာရောဟာဒ်လည်း နည်းတူ။

ရထိကာ။ ။ရထေ+နိ‘ယုတ္တာ ရထိကာ-ရထား်ဒ် ယှဉ်သူတို့၊ “ရထရက္ခာ နာမရထဿ အာဏိ(စို့– မယ်နှ, နားဗန်း)ရက္ခကာ ”ဟု ဋီကာသစ်ဖွင့်၏။ [ဤဒ်ဒ် ရထယောဓကို ရထာစရိယဒ် မသွင်းဘဲ သီးခြားရှိသကဲ့သို့ ရှေးဒ်ဒ်လည်း ဟတ္ထိယောဓကို ဟတ္ထာစရိယဒ် မသွင်းဘဲ သီးခြားရှိသင့်၏၊ အဿယောဓဒ်ဒ်လည်း နည်းတူ။]

ရထားကို ပြင်တတ်သော အင်ဂျနီယာတွေပါ ရသောကြောင့်၎င်း, ရထားက အသက်မဲ့ ဖြစ်သောကြောင့်၎င်း ရထဝေဇ္ဇပုဒ် မပါရတော့၊] ဓနုဂ္ဂဟာတိ – ကား၊ ဓနုအာစရိယာ–လေးအတတ်ကို သင်ပြတတ်သော ဆရာတို့သည်၎င်း၊ ဣဿာသာ-လေးသမားဘို့သည်၎င်းတည်း။

ယေ – အကြင် သူရဲကောင်းတို့သည်၊ ယုဒ္ဓေ – စစ်တိုက်ရာ၌၊ ဇယဒ္ဓဇ– အောင်လံကို၊ ဂဟေတွာ-ကိုင်၍၊ ပုရတော-စစ်တပ်၏ရှေ့၌၊ ဂစ္ဆန္တိ-သွားတတ်ကုန်၏၊ (တေ–ထို သူရဲကောင်းတို့သည်၊) စေလကာတိ–စေလကတို့မည်၏၊ စလကာတိ–ကား၊ ဣဓ-ဤအရပ်၌၊ ရညော-မင်း၏၊ ဌာနံ-ရပ်တည်ခြင်းသည်၊ ဟောတု-ဖြစ်စေလော၊ ဣဓ-ဤအရပ်၌၊ အသုကမဟာမတ္တဿ-ထို မည်သော အမတ်ကြီး၏၊(ဌာနံ-သည်၊ ဟောတု- လော၊) ဣတိ ဧဝံ - ဤသို့၊ သေနာဗျူဟ ကာရကာ–စစ်ဆင်မှုကို ပြုတတ်သော သူရဲကောင်းတို့တည်း။

ဝိဇ္ဇာဒါယကာတိ - ကား၊ သာဟသိက မဟာယောဓာ – အဆောတလျင် ပြုတတ်သော သူရဲကောင်းကြီးတို့တည်း၊ ကိရ– ခဲ့၏၊ တေ- ထိုသာဟသိက သူရဲကောင်းကြီးတို့သည်၊ ပရသေနံ– တဖက်သော ရန်သူစစ်တပ်သို့၊ ပဝိသိတွာ–

× × × × × × ×

ဓနုဂ္ဂဟာ။ ။“ဓနုံ+ဂဏှန္တိတိ ဓနုဂ္ဂဟာ”ဟု သဒ္ဒကတ္တုသာဓ်ပြုလျှင် ဣဿာသ (လေးကို ကိုင်တတ်သော လေးသမား)ရ၏၊ “ဓနုံ+ဂဏှာပေန္တိတိ ဓနုဂ္ဂဟာ” ဟု ဟေတုကတ္တုသာဓ်ပြုလျှင် လေးကို ကိုင်စေတတ် (လေးအတတ်ကို သင်ပြတတ်သော) ဓနုအာစရိယ ရသည်၊ ထို ၂ ပုဒ်ကို ဧကသေသ်ပြုပါ။ [ဣဿာသော၌“ဥသု+အာဿ” ဟုခဲ့၊ “ဥသုံ– မြားကို၊ အဿတိ – ပစ်တတ်၏၊ ဣတိ ဣဿာသော”ဟု ပြုပါ၊ “ဥဿာသော”ဟု ဖြစ်သင့်လျက် ဥကို ဣ, သု၏ ဥကို သပြု။]

စေလကာ။ ။စေလမစ္ဆာဒနံ ဝတ္ထံ၊– အဘိဓာန် (၂၉၀)နှင့် အညီ စေလသဒ္ဒါသည်“အဝတ်”ဟူသော အနက်ကို ဟောစ်၏၊ ထိုအဝတ်ဖြင့် ပြုအပ်သော အလံကိုလည်း “စေလ”ဟုပင် ဆိုရ၏၊ စေလေန-အလံဖြင့်+အကန္တိ-စစ်တိုက်ရာ၌ သွားတတ်ကုန်၏၊ ဣတိ စေလကာ–အလံကိုင် စစ်သားတို့။ [ဇယဒ္ဓဇံတိ ဇယနတ္ထံ (ပဂ္ဂဟိတဓဇံ) ဇယကာလေဝါ ပဂ္ဂဟိတဓဇံ၊–ဋီကာသစ်၊ ဤသို့ ၂ နည်းဖွင့်သော်လည်း“ယုဒ္ဓေ ပုရတော ဂစ္ဆန္တိ”ကို ထောက်လျှင် ရှေ့နည်းသာ သင့်လျော်သည်။]

စလကာ။ ။စလယန္တိ–ရွေ့ရှားစေတတ်ကုန်၏၊ ဣတိ စလကာ၊ “ရွေ့ရှားစေ” ဟူသည် စစ်ဆင်ခြင်းပင်တည်း၊ ထို့ကြောင့်“ဧဝံ သေနာဗျူဟ ကာရကာ”ဟု ဖွင့်သည်။ [ဗျူဟ = ဝိ – အထူးအားဖြင့်+ဉူဟ – ပေါင်းစုခြင်း၊ “ သေနာသန္နိဝေသဝိသေသ–စစ်တပ်၏ စုဝေးတည်နေပုံ အထူး ”ဟု ထောမနိမိဉ် ဖွင့်၏၊ စလကာ- ထို၌ ရွေ့သွားလှုပ်ရှားစေတတ် စစ်ဆင်တတ်သော သူရဲကောင်းတို့။]

ဝိဇ္ဇာဒါယကာ။ ။ဝိဇ္ဇာသဒ္ဒါသည်“အပေါင်း”အနက် ဟောတည်း၊ ဒါယကာဒ္ဒါ ဒယတ်, ကွပ်ဖစ္စည်း၊ ဒယတ်သည် ဤနေရာ၌ ဂတိ အနက်ဟောတည်း၊ထို့ကြောင့် ဒယန္တိကို “ဥပ္ပတိတွာ ဥပ္ပတိတွာ နိဂ္ဂစ္ဆန္တိ”ဟု ဖွင့်သည်။ [ပရဉ္သေနာသမူဟသဒ်၊တံ

ဝင်၍၊ ပရသိသံ-တဖက်သော ရန်သူ၏ ဥုးခေါင်းကို၊ ပိဏ္ဍာမိဝ-အသားဆိုင်ကို ကဲ့သို့၊ ဝါ-ထန်းသီးခိုင်ကိုကဲ့သို့၊ ဆေတ္တာ ဆေတ္တာ-ဖြတ်၍ဖြတ်၍၊ ဒယန္တိ-ခုန်ထွက်တတ်ကုန်၏၊ ဥပ္ပတိတ္တာ ဥပ္ပတိတ္တာ-ခုန်လွှားလွှား၍ ခုန်လွှားလွှား၍၊ နိဂ္ဂစ္ဆန္တိ-ထွက်တတ်ကုန်၏၊ ဤတို့ အတ္ထော-ဤကား ဒယန္တိ၏ အနက်။

ဝါ-တနည်း၊ တေံ-ဤ ပိဏ္ဍာဒါယကာဟူသော အမည်သည်၊ ယေ-အကြင် သူရဲကောင်းတို့သည်၊ သင်္ဂါမမတ္ထေ-စစ်ပွဲအလယ်၌၊ ယောဓာနံ-စစ်တိုက်နေသော စစ်သားတို့၏၊ ဘတ္တပါတိံ-ထမင်းခွက်ကို၊ ဂဟေတ္တာ-ကိုင်၍၊ ပရိဝိသန္တိ-လုပ်ကျွေးကြကုန်၏၊ တေသံပိ-ထို သူရဲကောင်းတို့၏လည်း၊ နာမံ-တည်း၊ ဥဂ္ဂါ ရာဇပုတ္တာတိ-ကား၊ ဥဂ္ဂတုဂ္ဂတာ-ထင်ရှားကုန် ထင်ရှားကုန်သော၊ ဝါ-အလွန်ထင်ရှားကုန်သော၊ သင်္ဂါမာဝစရာ-စစ်မြေပြင်၌ လှည့်လည် ကျက်စားကုန်သော၊ ရာဇပုတ္တာ-မင်းသားတို့တည်း။

× × × × × × × ×

ပိဏ္ဍံ သာဟသိကတာယ (အဆောတလျင် ပြုတတ်ကုန်သည်၏ အဖြစ်ကြောင့်) ဆေတ္တာ ဆေတ္တာ ဒယန္တိ, ဥပ္ပတိတ္တာ ဥပ္ပတိတ္တာ နိဂ္ဂစ္ဆန္တိတ် ပိဏ္ဍာဒါယကာ၊ – ဋီကာသစ်။] ရှေးစာအုပ်များ၌"ဒယန္တိ"နေရာဝယ်"ဥပနယန္တိ"ဟု ရှိ၏၊ ဋီကာတို့နှင့် မညီ။

သာဟသိကမဟာယောဓာ။ ။ပိဏ္ဍာဒါယကာပုဒ်၏ သဒ္ဒတ္ထမဟုတ်၊ အဓိပ္ပါယတ္ထကိုဖွင့်ခြင်းတည်း၊ ပိဏ္ဍာဒါယကအမည် ရသူတို့သည် ဤသာဟသိကမဟာယောဓများဖြစ်ကြသည်–ဟူလို၊ သဟသာပုဒ်သည် အဆောတလျင်အနက် , အားအစွမ်း အနက်တို့ကို ဟောသော နိပါတ်တည်း၊ သဟသာ – အဆောတလျင်၊ ဝါ – အားအစွမ်းဖြင့် အနိုင်အထက် နှိပ်စက်၍ + ကရောန္တိတိ သာဟသိကာ။ [ဋီကာသစ်၌ " သာဟသံ (အဆောတလျင် ဖြစ်စေအပ်သောအမှုကို) +ကရောန္တိ "ဟု ဆိုလေသည်။] သာဟသိကာစ + တေ + မဟာယောဓာစာတိ သာဟသိက မဟာယောဓာ – အဆောတလျင် ရှောင်တခင် ပြုလုပ်တတ် (အနိုင်အထက် နှိပ်စက်တတ်) သော သူရဲကောင်းကြီးများ၊ "ဥပ္ပတိတ္တာ ဥပ္ပတိတ္တာ"ပါဠိဖြင့် အာမေဋိတ်အနက်တို့တွင် တုရိတ (အဆောတလျင်) အနက်ကို ပြသည်။ [ပိဏ္ဍာမိဝါတိ တာလဖလ ပိဏ္ဍာမိဝါတိ ဝဒန္တိ၊ မံသပိဏ္ဍာမိဝါတိ အာစရိယေန ဝုတ္တံ၊– ဋီကာသစ်။]

ယေဝါ၊ပေါနာမံ။ ။ဤ ဒုတိယဝိကပ်၌လည်း ပိဏ္ဍာသဒ္ဒါ အပေါင်းအနက်ဟောပင်တည်း၊ ကြပ်တီး ကျဉ်းမြောင်းသော မိမိစစ်သားအပေါင်းကို "ပိဏ္ဍာ"ဟု ဆိုလိုသည်၊ ပိဏ္ဍော – မိမိစစ်သားအပေါင်း၌ + ဒယန္တိ (ဥပ္ပတန္တာဝိယ ဂစ္ဆန္တိ) – ခုန်လွှားသကဲ့သို့ ဝင်သွားတတ်ကုန်၏၊ ဤတို့ ပိဏ္ဍာဒါယကာ၊ စစ်တိုက်နေသော စစ်သားတို့၏အတွင်းသို့ ထမင်းကျွေးဘို့ရန် ကဗျာကယာ ဝင်သွား၍ ထမင်းကျွေးသော စစ်သားများတည်း၊ [ဒုတိယဝိကပ္ပေ ပိဏ္ဍော ဇနသမူဟ သခ်ါတေ သမ္မဒ္ဒေ ဒယန္တိ (ဥပ္ပတန္တာဝိယ ဂစ္ဆန္တိ) တိ ပိဏ္ဍာဒါယကာ၊– ဋီကာသစ်။]

ဥဂ္ဂါ။ ။ဥပုဗ္ဗ+ဂမုဓာတ်, ကွိပစ္စည်းဖြစ်၍ ဥဂ္ဂ်တ္ဝ်လည်း ဥ+ ဂမု တ ပစ္စည်းဖြစ်သောကြောင့် ပစ္စည်းချင်းသာကွဲ၏၊ ထို့ကြောင့် ဥဂ္ဂ သဒ္ဒါသည်ပင် ဥဂ္ဂတအနက်ကို ဟောနိုင်၏၊ စစ်မြေပြင်သို့ ရောက်သောအခါ ထာမ (အားအစွမ်း) လည်း ရှိ , ဇဝ

ပက္ခန္ဒိနောတိ-ကား၊ ယေ—အကြင် သူရဲကောင်းတို့သည်၊ ကဿ—အဘယ်သူ၏၊ သီသံ-ဥုးခေါင်းကို၊ အာဟရာမ-ဆောင်ခဲ့ရပါကုန်မည်နည်း၊ ဇာတိဝါ-ဤသို့သော်ငင်း၊ ကဿ-၏၊ အာဝုဓံ-လက်နက်ကို၊ အာဟရာမ-နည်း၊ ဣတိဝါ-ငင်း၊ ဝတ္တာ - ပြောပြီး၍၊ ဝါ-မေးပြီး၍၊ အသုကဿ— ထို မည်သူ၏၊ (သီသံ-ကို၊ အာဟရထ-ဆောင်ခဲ့ကြကုန်လော၊)ဣတိ(ဝါ)-သော်ငင်း၊ အသုကဿ-၏၊ (အာဝုဓံ-ကို၊ အာဟရထ-နှ်လော၊) ဇာတိ(ဝါ)- ဇင်း၊ ဝုတ္တာ-ပြောဆိုအပ်ကုန်သည်၊ (သမာနာ—နှ်လသော်၊) သင်္ဂါမံ—စစ်ပွဲသို့၊ ပက္ခန္ဒိတွာ- ပြေးဝင်၍၊ တဒေဝ—ထိုဥုးခေါင်းကိုပင်၊ ဝါ—ထိုလက်နက်ကိုပင်၊ အာဟရန္တိ-ဆောင်နိုင်ကုန်၏၊ ဣမေ—ဤ သူရဲကောင်းတို့သည်၊ ပက္ခန္ဒန္တိ— တဖက်စစ်တပ်သို့ ပြေးဝင်တတ်ကုန်၏၊ ဣတိ—ဤဝစနတ္ထကြောင့်၊ ပက္ခန္ဒိနော—ပက္ခန္ဒိတို့ မည်၏။ [ပက္ခန္ဒိနော-တဖက်စစ်တပ်ကလူ၏ဥုးခေါင်းကိုဖြစ်စေ, လက်နက်ကိုဖြစ်စေ ရအောင် ဆောင်ယူဘို့ရန် တဖက်စစ်တပ်သို့ ပြေးဝင်တတ်သော သူရဲကောင်းတို့။]

မဟာနာဂါတိ-ကား၊ ယေ-အကြင် သူရဲကောင်းတို့သည်၊ မဟာနာဂါဝိယ-ဆင်ပြောင်းကြီးတို့ကဲ့သို့၊ (ဟောန္တိ)၊ (တေ - ထို သူရဲကောင်းတို့သည်၊) မဟာနာဂါ—မဟာနာဂတို့ မည်၏၊ ဧတံ-ဤမဟာနာဂါဟူသော အမည်သည်၊ ဟတ္ထိအာဒီသု—ဆင် အစရှိသောစစ်တပ်တို့သည်၊ အဘိမုခံ-ရှေးရှု၊ အာဂစ္ဆန္တေသုပိ-လာပါကုန်သော်လည်း၊ အနိဝတ္တိတယောဓာနံ—မဆုတ်နစ်သော စစ်သားတို့၏၊ အမိဝစနံ- တည်း။

× × × × × × ×

(လျင်မြန်မှု) လည်း ရှိ, ပရက္ကမ (ရောက်ရာအရပ်၌ ရပ်တန့်မနေဘဲ အဆင့်ဆင့်မြင့်သော အရာသို့ရောက်အောင် အားထုတ်ကြောင်းဝိရိယ) လည်း ရှိ၏၊ ထို့ကြောင့် အလွန်ကျော်ကြား ထင်ရှားသူများဖြစ်ကြောင်း ပြလို၍ "ဥဂ္ဂတုဂ္ဂတာ"ဟု အတိသယ (အလွန်အက) အနက်ကို ထွန်းပြဘို့ရန် အနက်တူသဒ္ဒါ ၂ ဆင့်ဖွင့်သည်။ [ထာမ ဇဝပရက္ကမာဒိဝဏ္ဏန အတိဝိယ ဥဂ္ဂတာ ဥဂ္ဂါတိအတ္ထော၊— ဋီကာ။]

ပက္ခန္ဒိနော။ ။ပက္ခန္ဒဓာတ်သည် ဝဂဂတိ (အဟုန်ဖြင့်သွားခြင်း-ပြေးဝင်ခြင်း) အနက်ကို ဟော၏၊ "ပက္ခန္ဒန္တိ ဘိ ပက္ခန္ဒိနော" ဟု ပြုလျှင် ဇာ ပစ္စည်းဖြင့်ပြီး၏၊ သာရမတိနောကဲ့သို့ ယောကို နောပြု၊ (တနည်း) "ပက္ခန္ဒော ယေသံ အတ္ထိတိ ပက္ခန္ဒိနော" ဟု ပြုလျှင် အဿတ္ထိအနက်၌ ဣပစ္စည်း၊ ဒဠှါဒိနောကဲ့သို့ ပြီးစေ။ [ပက္ခန္ဒန္တိတိ ဝိရသူရဘာဝေန (လုံ့လလည်းရှိ ရဲလည်း ရဲရင့်သူတို့၏အဖြစ်ကြောင့်) အသင်္ဇမာနာ (ကြေခဲ့ရွံသူတို့ကဲ့သို့ ဟိုကပ် သည်ကပ် မကပ်ကုန်ဘဲ) ပရသေနံ အနုပဝိသန္တီ၊— ဋီကာ။] ထိုသို့ရဲရဲရင့်ရင့် ဝင်ဝံ့ပုံကို အဓိပ္ပါယ်ပေါ်အောင် "ယေ ကဿ သီသံဝါ"စသည်ကို မိန့်သည်၊ "ယေ"ကို "ဝတ္တာ ဝုတ္တာ အာဟရန္တိ" တို့၌စပ်။

မဟာနာဂါ။ ။ထာမ (ရဲစွမ်း) ဇဝ (လျင်မြန်) ဗလ (အားအစွမ်း) ပရက္ကမာဒိသမ္ပတ္တိယာ (အဆင့်ဆင့် တိုးတက်ကြောင်း လုံ့လအစရှိသည်တို့၏ ပြည့်စုံခြင်းကြောင့်) မဟာနာဂါဝိယ မဟာနာဂါ (ဆင်ပြောင်ကြီးနှင့်တူကြသည်=ဟူလို)၊—ဋီကာ။

သူရာတိ-ကား၊ ဧကန္တသူရာ-တယေဝံထည်းတည်း ရဲရင့်သောသူရဲကောင်းဘို့တည်း၊ ယေ–အာကြင် သူရဲကောင်းတို့သည်၊ သ ဇာလိကာ-စစ်ဝတ်တန်ဆာနှင့်တကွ ဖြစ်ကုန်သည်၊ (ဟုတ္တာ)ဝိ - ဖြစ်ကုန်၍၎င်း၊ သ စမ္မိကာ – သားရေမြားကာနှင့်တကွ ဖြစ်ကုန်သည်၊ (ဟုတ္တာ)ဝိ-နှ်၍၎င်း၊ သမုဒ္ဒံ-သမုဒ္ဒြာကို၊ တရိတုံ– ကူးခြင်းငှါ၊ သင်္ကောန္တိ – စွမ်းနိုင်ကုန်၏၊ (တ- ထို သူရဲကောင်းတို့သည်၊ သူရာ – သူရတို့မည်၏။)

ယေ-အာကြင် သူရဲကောင်းတို့သည်၊ စမ္မကဉ္စုကံ–သားရေသင်တိုင်း အဝတ်သို့၊ ပဝိသိတ္တာဝါ-ဝင်၍သော်၎င်း၊ သရပရိတ္တာဏစမ္မံ-မြားကို စောင့်ရှောက်တတ်သော သားရေမြားကာကို၊ ဂဟေတ္တာဝါ – ကိုင်၍သော်၎င်း၊ ယုဇ္ဈန္တိ–စစ်တိုက်ကြကုန်၏၊ (တ - ထို သူရဲကောင်းတို့သည်၊ စမ္မယောဓိနောတိ - စမ္မယောဓိတို့ မည်၏၊) ဒါသိကပုတ္တာတိ-ကား၊ ဗလဝသိနေဟာ- သခင့်အပေါ်၌ အားကြီးသော ချစ်ခြင်းရှိကုန်သော၊ ယရဒါသယောဓာ – အိမ်ကျွန်ဖြစ်သော သူရဲကောင်းတို့တည်း၊ အာဠာရိကာတိ – ကား၊ ပူဝိကာ– မုန့်သည်တို့တည်း၊ (တနည်း) ဘတ္တကာရကာ–ထမင်းချက်တတ်သူတို့တည်း။

× × × × × × ×

ဧကန္တသူရာ။ ။ဧကန္တ၌ အန္တ အနက်မရှိ၊ “ကေသူရာ- တယေဝံထည်းတည်း ရဲရင့်သူတို့”ဟု ဆိုလို၏၊ ထို့ကြောင့် ဋီကာသစ်၌ “ဧကန္တသူရာတိ ဧကစရသူရာ၊ အန္တသဒ္ဒဿ တဗ္ဘာဝဝုတ္တိတော၊ သူရဘာဝေန ဧကာကိနော ဟုတ္တာ ယုဇ္ဈနကာတ် အတ္ထော”ဟု ဖွင့်သည်။

သ ဇာလိကာ သ စမ္မိကာ။ ။ “ သန္နာဟော ကက်ဋော ဝမ္မံ၊ပေ၊ဇာလိကာ ” ဟူသော (၃၇၀) အဘိဓာန်နှင့်အညီ ချပ်ဝတ်ဟု ခေါ်အပ်သော စစ်ဝတ်ကို“ဇာလိက” ဟု ခေါ်၍ စစ်ဝတ်ဝတ်ထားသူကို “သ ဇာလိက”ဟု ခေါ်၏၊ မြားကို ကာကွယ်ဘို့ရန် မြားကာသားရေကို ကိုင်ထားသူကို “သ စမ္မိက” ဟု ခေါ်သည်။

စမ္မကဉ္စုကံ ။ ။ သားရေဖြင့်ပြုအပ်သော သင်တိုင်းရှည်ကို “ စမ္မကဉ္စုကံ ” ဟု ခေါ်၏၊ [ကဉ္စုကသဒ္ဒါသည် ချပ်ဝတ် စစ်အဝတ်ကိုလည်း ဟော၏၊ သို့သော် “ပဝိသိတ္တာ”ဟု ဆိုသောကြောင့် သင်တိုင်းကဲ့သို့ သားရေကို ချုပ်အပ်သော စစ်သားတို့ဝတ်ဘို့ရာ အင်္ကျီရှည်ကိုပင် ဤနေရာ၌ “စမ္မကဉ္စုက” ဟု ယူပါ။

ယရဒါသယောဓာ။ ။[“ယရဒါသိကပုတ္တာ”ဟု မူကွဲရှိ၏။] အိမ်၌ ပေါက်ဖွားသောကြောင့် သားပေါက်(သပေါက်)ဟု ခေါ်အပ်သော ကျွန်သည်ပင် စစ်အမှုကို ထမ်းသောစစ်သားဖြစ်သောကြောင့် ဤနေရာ၌ပြသည်၊ ရိုးရာ အိမ်ကျွန်မ၏သားကိုကား ပြဘွယ်မလို၊ ထို့ကြောင့် “ယရဒါသယောဓာ”ပါဠိသာ ပါဠိမှန်ဟု ထင်သည်။

အာဠာရိကာ။ ။“ပူဝိကာ” ဟုဎင်း, “ ဘတ္တကာရကာ ” ဟုဎင်း မူကွဲရှိ၏၊ အဘိဓာန်(၄၆၄)၌ “ဘတ္တကာရော၊ပေ၊အာဠာရိကော ဘဝေ” ဟု ရှိသောကြောင့် “ ဘတ္တကာရကာ ” ဟု ရှိသောအဖွင့်က ကောင်းသည်ဟု ထင်၏၊ ဋီကာ၌ကား “ပူဝိကာတိ ပူပသမ္မာဒကာ(မုန့်ကို ကောင်းစွာဖြစ်စေတတ် ပြုလုပ်တတ်သူတို့),”ဟု ဖွင့်ပြီး

ကပ္ပကာတိ- ကား၊ နာဝိတာ- ဆတ္တာသည်တို့တည်း။ [စာအုပ်တို့၌ "နာဝိကာ"ဟူ၍၏မကောင်း၊"ကပ္ပကောတု နဟာဝိတော"ဟု အဘိဓာန်၌ရှိသည်။] ယေ- အကြင်သူတို့သည်၊ နာပေန္တိ - ရေချိုးစေကြကုန်၏၊ ဝါ - ရေချိုးပေးကြကုန်၏၊ (တေ - ထိုသူတို့သည်၊) နာပကာတိ – နာပကတို့မည်၏၊ သူဒါတိ– ကား၊ ဘတ္တကာရကာ- တို့တည်း၊ (တနည်း) သူပိကာ – ဟင်းချက်သမား‌တို့တည်း၊ မာလာကာရာဒယော- ပန်းသည် အစရှိသူတို့သည်၊ ပါကဋာယေဝ– ထင်ရှားကုန်သည်သာ၊ ဂဏကာတိ-ကား၊ အစ္ဆိန္နကပါဋိကာ- ပြတ်စဲခြင်းမရှိ

× × × × × × ×

သျှင် " မုန့်ကို အမျိုးမျိုးပြုလုပ်၍ ရောင်းလျက် အသက်မွေးသူတို့ " ဟု ဆို၏၊ ဤသို့ "ပူပိကာ"ဟု ဖွင့်ခြင်းမှာ နောက်လာမည့် သူဒါနှင့် အရက္ခဲအောင်ဖွင့်ခြင်း ဖြစ်ဟန်တူ၏၊ ဋီကာတို့ပင် ဖွင့်ထားသောကြောင့် ရှေးကပင်ရှိခဲ့သောပါဠိ ဖြစ်၏၊ သို့သော် အာဠာဝိကာနှင့် ပူပိကာသည် ပရိယာယ် မဟုတ်သောကြောင့် စဉ်းစားပါ။

ကပ္ပကာ။ ။ထောမနိဓိဋ္ဌ ကပ္ပက၏ပရိယာယ် " နာဝိတ " ဟု ရှိ၏၊ အဘိဓာန် (၅၀၈)၌ကား " ကပ္ပကော တု နဟာဝိတော " ဟု ရှိ၏၊ ထို့ကြောင့် နှင့် ဟကို ပေါင်း၍ ပါဠိ၌"နာဝိတ"ဟု ဖြစ်ဟန်တူသည်၊ ကပ္ပဓာတ်သည် "ဖြတ်ခြင်း-ပြုပြင်ခြင်း" အနက်ကို ဟော၏၊ ဋီကာ၌ " ကေသနခလိခနာဒိဝသေန မနုဿာနံ အလင်္ကာရဝိဓိံ (တန်ဆာဆင်မှု အစီအရင်ကို) ကပ္ပေန္တီ သံဝိဒဟန္တီ– စီမံတတ်ကုန်၏၊ ဤတို့ ကပ္ပကာ" ဟု ပြု၏။ [နှာ- သောဓေယျဓာတ်နောင် ဏာပေပစ္စည်း, တပစ္စည်းဖြင့် "နာဝိတ"ဟု ပြီး၏၊ "စင်ကြယ်စေခြင်း"ဟူသည် ဆံမုတ်ဆိတ်စသည်ကို ပြုပြင်ပေးခြင်းပင်တည်း။]

နာပကာ။ ။နာဓဲ့တ် ဏာပေပစ္စည်းဖြင့် "စင်ကြယ်စေ" ဟုပင် သဒ္ဒတ္ထဖြစ်၏၊ သို့သော် ဤသူတို့ကား ရေချိုးပေးတတ်သူ များးတည်း၊ နိုင်ငံခြားဌ် အဖိုးအခ ယူ၍ စည်းကမ်းကျကျ ရေချိုးပေးသူများလည်း ရှိ၏၊ ထို့ကြောင့် ဋီကာ၌ " စုဏ္ဏာဝိလေပနာဒိဟိ (ဆပ်ပျာမှုန့် မျက်နှာခြေ အစရှိသည်တို့ဖြင့်) မလဟရဏာ (အညစ်အကြေးတို့ကို ပယ်ခြင်း) ဝဏ္ဏသမ္ပါဒနဝိဓိနာ (အဆင်းကို ကောင်းစွာဖြစ်စေခြင်း အစီအရင်ဖြင့်) နှာပေန္တီတိ နာပကာ"ဟု ပြုသည်။

သူဒါ။ ။" ဘတ္တကာရကာ "ဟုငင်း, " သူပိကာ "ဟုငင်း မူကွဲရှိပြန်၏၊ ဘတ္တကာရကနှင့် သူဒသည် အဘိဓာန်၌ ပရိယာယ်ပင် ဖြစ်၏၊ သို့သော် ရှေးအာဠာရိကာအရတုန်းက"ဘတ္တကာရကာ"ဟု သိဟိုဠ်မှရှိခဲ့သောကြောင့် ဤ သူဒအရ၌"သူပိကာ"ဟု ရှေနောက်ကွဲအောင် သိဟိုဠ်မှရှိသည်၊ ထောမနိဓိဋ္ဌလည်း " သူဒ "ကို သူပအနက် ဟောဟုလည်း ဆို၏၊ ထို့ကြောင့် သိဟိုဠ်မှသည် သူ့နည်းနှင့်သူ ရှေနောံကွဲသည်သာ၊ အာဠာရိကာတုန်းက"ပူပိကာ"ဟု ရှိ၍ ဤ၌ "ဘတ္တကာရကာ"ဟူသော အဖွင့်လည်း သူ့နည်းနှင့်သူ ရှေနောက် ကွဲပေသည်သာ။

အစ္ဆိန္နကပါဋိကာ ။ ။ဤ၌ပြသော ဋီကာသစ်ပါဠိကို သွဲ့နှိုင်းပြ၍ " အစ္ဆိန္နက " ပါဠိသာ အမှန် ဟု မြဟတ္ထဇာလသုတ် , မဟာသီလအဖွင့်၌ ဆုံးဖြတ်ခဲ့ပြီ၊ ဆိုဋ္ဌကား "အပေါက်"အနက်ဟော ဖြစ်သောကြောင့်"အစ္ဆိဒ္ဒက"ဟု ဒ္ဒ်သည်ကား မကောင်း။

သော ဂဏန်းကျမ်းကို ရွတ်ဖတ်တတ်သော ဂဏန်းကျမ်းတတ်ဆရာတို့တည်း၊ မုဒ္ဒိကာတိ-ကား၊ ဟတ္ထမုဒ္ဒါယ-လက်ချောင်းချိုးခြင်းအားဖြင့်၊ ဂဏနံ-ရေတွက်ကြောင်း ဂဏန်းအတတ်ကို၊ နိဿာယ - မှီ၍၊ ဇီဝိနော– အသက်မွေးသူတို့တည်း၊ ယာန်ဝါ ပနညာပိတိ - ကား၊ အယကာရဒန္တကာရ စိတ္တကာရာဒီနိ– သံကိုပြုလုပ်တတ်သော ပန်းဘဲဆရာ, ဆင်စွယ်ကို ပြုလုပ်တတ်သော ပန်းပုဆရာ, ဆန်းကြယ်သော အမှုကို ပြုလုပ်တတ်သော ပန်းချီဆရာ အစရှိသူတို့သည်၊ (သန္တိ)၊ [အာဒိသဒ္ဒေန ကောန္ဒက (ကျောက်ဆစ်သွား) လေခက (စာရေး) ဝိလိဝကာရ(နှိုးရွှေသွား) ဇဋ္ဌကကာရ(ပန်းရန်) ဒါရုကာရာဒီနံ (လက်သွားအစရှိသည်တို့ကို၊)သင်္ဂဟော၊–ဋီကာ။] ဧဝံ ဂတာနိတိ-ကား၊ ဧဝံ ပဝတ္တာန်-ဤသို့ ဖြစ်ကုန်သော၊ ဝါ– ဤသို့ အလားတူဖြစ်ကုန်သော၊ (“ပုထုသိပ္ပါယတနာနိ ”ဌ်စပ်။)

တေ ဒိဋ္ဌေဝ ဓမ္မေတိ–ကား၊ တေ ဟတ္ထာရောဟာဒယော - ထို ဟတ္ထာရောဟာအစရှိသော ပုဂ္ဂိုလ်တို့သည်၊ တာနိ ပုထုသိပ္ပါယတနာနိ – ထို များစွာသော အတတ်တို့ကို၊ ဝါ- ထို များစွာသော အသက်မွေးခြင်း၏ အကြောင်းဖြစ်သော အတတ်တို့ကို၊ ဝါ–ထိုများစွာသော အသက်မွေးခြင်း၏မှီရာဖြစ်သော အတတ်တို့ကို၊ ဒဿေတွာ-ပြ၍၊ ရာဇကုလတော-မင်း၏အမျိုးမှ၊ ဝါ-မင်း၏နန်းတော်မှ၊ မဟာသမ္မတ္တိ -ကြီးစွာသောစည်းဝိမ်းကို၊ လဘမာနာ-ရကုန်သည်၊(ဟုတွာ)၊ သန္နိဋ္ဌကမေဝ – ကံယတိုင်ကိုယ်ကြပ် , တွေ့မြင်အပ်သည်သာဖြစ်သော၊ သိပ္ပဖလံ – အတတ်၏အကျိုးကို၊ ဥပဇီဝန္တီ – မှီ၍ အသက်မွေးကြရကုန်၏၊..... သုခေန္တိတိ-ကား၊ သုခိတံ–ချမ်းသာခြင်းရှိသည်ကို၊ ကရောန္တီ–ပြုကြကုန်၏။

× × × × × × ×

ဟတ္ထမုဒ္ဒါယ။ ။ဟတ္ထသဒ္ဒါသည် (“နဘူမာနော သဗ္ဗံ ဟတ္ထံ မုခေ ပက္ခိပိသာမိ ”ဌ် လက်၏ အစိတ်အပိုင်း လက်ချောင်းကို ဟောသကဲ့သို့) လက်၏ အစိတ်အပိုင်းဖြစ်သော လက်ချောင်းကို ကေဒေသ။။ပစာရအားဖြင့် ဟော၏၊ မုဒ္ဒါသဒ္ဒါ၏ အနက်ကို မဇ္ဈိမသီလအခဏ်းဌ် ပြခဲ့ပြီ။

သုခေန္တိ ။ ။“သုခ ဒုက္ခ တကြိယာယံ – သုခဓာတ် ဒုက္ခဓာတ်သည် ထို ချမ်းသာခြင်းကြိယာ, ဆင်းရဲခြင်းကြိယာဟူသော အနက်ဌ်ဖြစ်၏ ”ဟု ဓာတ်ကျမ်းရှိ၏၊ ဘူဝါဒိ အကမ္မကဓာတ်တည်း၊ ကာရိတ် ဏေပစ္စည်းဖြင့် “ သုခေန္တိ ” ဟု ဖြစ်၏၊ အကမ္မကဓာတ်ဌ် ကာရိတ်ဝင်သော အခါ ကာရိတ်မပါသော ကေကမ္မကဓာတ်နှင့် အဓိပ္ပါယ်ညီမျှ၏၊ ထို့ကြောင့် သုခေန္တိကို“သုခိတံ ကရောန္တိ ”ဟု ကေကမ္မကဖြစ်သော ကရဓာတ်ဖြင့် အဓိပ္ပါယတ္ထ ဖွင့်သည်၊ ချမ်းသာစေခြင်းနှင့် ချမ်းသာအောင် ပြုခြင်းမှာ အဓိပ္ပါယ်တူပင်တည်း။ [“ သုခိတံ ”ကား သဓ္မာတအသတ္ထိ အနက်ဌ် ဇုတပစ္စည်းတည်း၊ “သုခ+ဇုတ ”ဟု ပုဒ်ဖြတ်၍ “ ချမ်းသာခြင်းသို့+ရောက်သည်ကို ”ဟုလည်း ရှေးက အနက်ပေးကြ၏။]

ပိဏ္ဍောန္တိ– ကား၊ ပိဏ္ဍိတံ - လွန်စွာဖြစ်သော နှစ်သက်ခြင်း ရှိသည်ကို၊ ထာမဗလူပေတံ-အားအစွမ်းနှင့် ပြည့်စုံသည်ကို၊ ကရောန္တီ- နှ၏၊ ဥဒ္ဓဂ္ဂိကာဒီဿု-ဥဒ္ဓဂ္ဂိကာ အစရှိသော ပုဒ်တို့၌၊ (အတ္ထော စေံ ဝေဒိတမ္မော)၊ အဿာ- ထိုဒက္ခိဏာ၏၊ ဥပရိ–အထက်နတ်ပြည်၌၊ ဖလနိဗ္ဗတ္တနတော- အကျိုးကို ဖြစ်စေနိုင်သည်၏ အဖြစ်ကြောင့်၊ ဥဒ္ဓံ– အထက်နတ်ပြည်၌၊ အဂ္ဂံ-မီးလျှံနှင့် တူသော အကျိုးသည်၊ ဝါ- မြတ်သော အကျိုးသည်၊ အတ္ထိ–ရှိ၏၊ ဣတိ–ထိုသို့ အထက်နတ်ပြည်၌ မီးလျှံနှင့် တူသော အကျိုးရှိသည်၏ အဖြစ်ကြောင့်၊ ဝါ– ထိုသို့ အထက်နတ်ပြည်၌ မြတ်သော အကျိုးရှိသည်၏ အဖြစ်ကြောင့်၊ (သာ - ထိုဒက္ခိဏာသည်၊) ဥဒ္ဓဂ္ဂိကာ–ဥဒ္ဓဂ္ဂိကာ မည်၏။

(ယာ– အကြင် ဒက္ခိဏာသည်၊) သဂ္ဂံ – ၅ ပါးသော ကာမဂုဏ်တို့ဖြင့် လွန်စွာမြတ်သော နတ်ပြည်ကို၊ အရဟတိ–ထိုက်၏၊ ဣတိ–ထိုသို့ နတ်ပြည်ကို ထိုက်သည်၏ အဖြစ်ကြောင့်၊ (သာ)၊ သောဝဂ္ဂိကာ –မည်၏၊ အဿာ–ထို

× × × × × × ×

ဝိဏ္ဍောန္တီ။ ။သတ္တဲ့တဒ္ဓါ“ပြဏ္ဍ(တပ္ပနေ)”ဟူသော ဓာတ်သည် ပါဠိ၌“ပိဏ္ဍ” ဟု ဖြစ်၏၊ ကာရိတ်ဝင်၍“ပိဏ္ဍောန္တီ”ဟု ဖြစ်၏၊ “ပိဏ္ဍိတံ ကရောန္တီ”ဟု ဖွင့်ပုံမှာ ရှေ“သုခိတံ ကရောန္တီ”အတိုင်းတည်း။ [ပိဓာတ်, ယုပစ္စည်းဖြင့် နကို ဏပြု၍ “ပိဏ္ဍ”ဟု နာမ်ပုဒ်ရှိသေး၏၊ ဤနေရာ၌ကား “ပိဏ္ဍ”ဓာတ်သာ လျော်သည်။]

ထာမဗလူပေတံ ။ ။ ပိဏ္ဍာသဒ္ဒါသည် တပ္ပန (နှစ်သက်ခြင်း) အနက်ကိုသာ ဟော၏၊ ထိုသို့ နှစ်သက်နေလျှင် စိတ္တဇရုပ်တွေ့ တကိုယ်လုံး ပြန့်နှံ့ရကား ဝဝဖြိုးဖြိုး ဖြစ်၍ အားအစွမ်းနှင့်လည်း ပြည့်စုံနိုင်၏၊ ထို့ကြောင့် နှစ်သက်မှု၏ အကျိုးဖြစ်သော အားအစွမ်းနှင့် ပြည့်စုံမှုကိုလည်း ဖွင့်ပြသည်။ [ထာမဗလူပေတဘာဝေါဝ ပိဏ္ဍနံတိ အာဟ ပိဏ္ဍိတံ ထာမဗလူပေတံတိ၊– ဋီကာသစ်၊ .... ဤဋီကာအလို ပိဏ္ဍိတံ နောက်၌ “ ကရောန္တီ ”ကြိယာ မပါရ။]

ဥဒ္ဓဂ္ဂိကာ။ ။“ဥဒ္ဓံ+အဂ္ဂံ အဿ အတ္ထိ ” သည် လဟုကနည်းအားဖြင့် ပြုအပ်သော ဝိဂြိဟ်တည်း၊ ဇကပစ္စည်းဖြင့် ပြီးသော တဒ္ဓိတ်ပုဒ်ဖြစ်ရကား “ဥဒ္ဓံ+အဂ္ဂံ ဥဒ္ဓဂ္ဂံ” ဟု တပုဒ်တည်းဖြစ်အောင် ရှေးဥုံးစွာ ပြုပြီးမှ “ ဥဒ္ဓဂ္ဂံ အဿာ အတ္ထိတိ ဥဒ္ဓဂ္ဂိကာ (ဒက္ခိဏာ)” ဟု ပြုပါ၊ “ အဂ္ဂံ ” ဌ်ကား မီလျှံသည် အထက်သို့ တက်နေသကဲ့သို့ အထက်ဌ်ဖြစ်သော အကျိုးလည်း မီးလျှံနှင့်တူရကား “အဂ္ဂိဝိယာတိ အဂ္ဂံ” ဟု ဥပမာ တဒ္ဓိတ်ပြု၍ အပစ္စည်းသက်၊ (တနည်း) အဂ္ဂသဒ္ဒါသည် “ အမြတ် ” အနက်ဟောပုဒ် တည်း၊ “အမြတ်” ဟူသည်လည်း မြတ်သော အကျိုးပင်တည်း။ [အဂ္ဂိဝိယာတိ အဂ္ဂံ၊ ဖလံ၊ ကမ္မဿ ကတဋ္ဌာ ဖလဿ နိဗ္ဗတ္တနတော တံ ကမ္မဿ အဂ္ဂိသဒိဝိဝိယ ဟောတိတိ အာစရိယေန ဝုတ္တံ၊ အပိစ အဂ္ဂံတိ ဥတ္တမံ၊ (ဖလံ)၊– ဋီကာသစ်။]

သောဝဂ္ဂိကာ ။ ။ သဂ္ဂပုဒ်နောင် အရဟတိအနက်ဌ် ကိုက ပစ္စည်းသက်လျှင် “သဂ္ဂိကာ”ဟု ဖြစ်ထိုက်၏၊ သို့သော် သဂ္ဂပုဒ်ရင်းကိုယ်က “သု+အဂ္ဂ”မှ လာသော ပုဒ်တည်း၊ ရူပါဒိဟိ ပဋ္ဌဟိ ကာမဂုဏေဟိ သုဋ္ဌု+အဂ္ဂေါ သဂ္ဂေါ (၅ ပါးသော ကာမ

ဒကွိဏာ၏၊ သုခေါ–ကောင်းသော၊ ဝါ-ဣဋ္ဌာရုံဖြစ်သော၊ ဝိပါကော-အကျိုးသည်၊ (အတ္ထိ)၊ ဣတိ- ထိုသို့ ကောင်းသော အကျိုးရှိသည်၏ အဖြစ်ကြောင့်၊ ဝါ–ဣဋ္ဌအကျိုးရှိသည်၏ အဖြစ်ကြောင့်၊(သာ)၊ သုခဝိပါကာ–မည်၏။ [သုခသည် ဣဋ္ဌ၏ ပရိယာယ်တည်း။]

(ယာ–အကြင် ဒကွိဏာသည်၊) သုဋ္ဌု-လွန်စွာ၊ အဂ္ဂေ- မြတ်ကုန်သော၊ ရူပသဒ္ဒ၊ပေ၊သဒ်္ဓါတေ - ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာကြီးခြင်း, အခြံအရံများခြင်း, အစိုးရသူ၏ အဖြစ်ဟု ဆိုအပ်ကုန်သော၊ ဒသ- ၁၀ ပါးကုန်သော၊ ဓမ္မေ – အကျိုးတရားတို့ကို၊ သံဝတ္တေတိ နိဗ္ဗတ္တေတိ - ဖြစ်စေတတ်၏၊ ဣတိ - ထိုသို့ ၁၀ ပါးသော အကျိုးတရားတို့ကို ဖြစ်စေတတ်သည်၏ အဖြစ်ကြောင့်၊ (သာ) သဂ္ဂသံဝတ္တနိကာ-မည်၏၊ ဝေရုပံ – ဤသို့ သဘောရှိသော၊ ဒကွိဏံ - အလှူရှင်၏ ကြီးပွားကြောင်း ဖြစ်သော၊ တံ ဒါနံ- ထိုအလှူကို၊ ပတိဋ္ဌာပေန္တိ - တည်စေကြကုန်၏၊ [ဋီကာ၊ ဏာပေပစ္စည်းဖြစ်၍ "ပတိဋ္ဌာပေန္တိ"ဟု ရှိပါ၏။]

သာမညဖလန္တိ ဣတ္ထေ – သာမညဖလံ ဟူသော ဤပါဋိဠိ၊ ပရမတ္ထတော–မဖေါက်မပြန် မြတ်သောအနက်အား၊ ဖြင့်၊ ဝါ-အစစ်အမှန်တရားကိုယ်အနက်အား၊ ဖြင့်၊ မဂ္ဂေါ - မဂ် ၄ ပါးသည်၊ သာမညံ–သာမညမည်၏၊ အရိယဖလံ-

× × × × × × ×

ဂုဏ်တို့ဖြင့် လွန်စွာမြတ်သော နတ်ပြည်)၊"သုအဂ္ဃံ+အရဟာတိတိ"ဟု ပြု၍ ဏိကပစ္စည်း သက်သောအခါ သုဏ၏ ဉကို ဝုဒ္ဓိပြုသင့်သော်လည်း"မာယူန မာဂမော ဌာနေ"သုတ်ဖြင့် ဝုဒ္ဓိ အပြုကို တားမြစ်၍ သုဏ၏ ဉကို ဝမောဒုဒန္တာနံဖြင့် ဝပြု, ထို ဝုဒ္ဓိ ပြုမည့်အရာ၌ သြဝုဒ္ဓိလားလျှင် "သောဝဂ္ဂိက"ဟု ဖြစ်၏။ [သဒ္ဒနီတိ အလိုအားဖြင့် " သဂ္ဂ+ဏက " ဟု ဖြစ်သောအခါ သဂ္ဂကို သုအဂ္ဂပြု၍ (ဝ) လာ၏၊ ကစ္စည်း ဘာသာဋီကာ တဋ္ဍိတ် မာယူန မာဂမော ဌာနေသုတ် ကြည့်ပါ။]

သဂ္ဂသံဝတ္တနိကာ။ ။ဤသဂ္ဂကိုလည်း"သု+အဂ္ဂ"ဟု ခွဲ၊ သု+အဂ္ဂအရ နတ်ပြည်ကို မယူဘဲ,လွန်စွာကောင်းမြတ်သော ကာမဂုဏ် ၅ပါးနှင့် အာယု ဝဏ္ဏ စသော ၅ ပါး, ပေါင်း ၁၀ ပါးသော အကျိုးတရားတို့ကို ယူပါ၊ သုအဂ္ဂကို " သဂ္ဂ " ဟု ပြီးစေ၍ "သဂ္ဂေ+သံဝတ္တေတိတိ သဂ္ဂသံဝတ္တနာ "၊ အဋ္ဌကထာဆရာကား အလွယ် ပြုထားသည်၊ (ယုပစ္စည်း, ကာရိတ်ကြေ၊) သွတ္ထဥ် ကပစ္စည်းသက်, ဣတ္ထိလိင်ဖြစ်၍ အကို ဣပြုမှ "သဂ္ဂသံဝတ္တနိကာ"ဟု ဖြစ်သည်။ [ရူပနှင့် ဝဏ္ဏ ၂ မျိုးတွင် ခံစားဘို့ရန် အပြင် အာရုံကို ရူပ, ကိုယ်အဆင်းကို ဝဏ္ဏဟု ခွဲပါ။]

ဒကွိဏံ။ ။ဒကွန္တိ (ဝမုန္တိ) သတ္တာ တောယာတိ ဒကွိဏာ၊ တောယ- ဤ အလှူဖြင့်၊ (ဒါနစေတနာဖြင့်၊) သတ္တာ-အလှူရှင် သတ္တာတို့သည်၊ ဒကွန္တိ (ဝမုန္တိ) -တမလွန်ဘဝ၌ ကြီးပွားရကုန်၏၊ ဣတိ ဒကွိဏာ၊ ဒကွဓာတ် , ဣဏာပစ္စည်း , ဣတ္ထိဇောတက အာပစ္စည်း။ [ဒကွန္တိ ဝမုန္တိ တောယာတိ ဒကွိဏာ၊ ပရိစ္ဆာဂမယံ ပုညံတိ အာဟ ဒကွိဏံ ဒါနံတိ။–ဋီကာ။]

အရိယဖိုလ် ၄ ပါးသည်၊ သာမညဖလံ – သာမညဖလ မည်၏၊ ယထာဟ– အဘယ်သို့ ဟောတော်မူသနည်း၊ ကတမဉ္စ ဘိက္ခဝေ ၊ပေ၊ အရဟတ္တဖလံတိ– ကတမဉ္စဘိက္ခဝေ၊ပေ၊အရဟတ္တဖလံဟူ၍၊(အာဟ)။ [ဘိက္ခဝေ-တို့၊ သာမည်- သာမညဟူသည်၊ ဝါ-သမဏအစစ်၏ ဖြစ်ကြောင်း ဖြစ်ရာဟူသည်၊ ကတမဉ္စ-အဘယ်နည်း၊ အရိယော-မြတ်သော၊ အဋ္ဌင်္ဂိကော-ရှစ်ပါးသော အင်္ဂါရှိသော၊ အယမေဝမရွေါ-ဤမဂ်ပင်တည်း၊ သေယျထိဒံ-ထို အရိယအဋ္ဌင်္ဂိကမဂ်ဟူသည် အဘယ်နည်း၊ သမ္မာဒိဋ္ဌိ-သမ္မာဒိဋ္ဌိဌင်း၊ပေ၊သမ္မာသမာဓိ-ဌင်းတည်း၊ ဘိက္ခဝေ, ဣဒံ–ဤအရိုယ အဋ္ဌင်္ဂိကမဂ်ကို၊ သာမညံ-ဟူ၍၊ ဝုစ္စတိ၊ ဘိက္ခဝေ, သာမည ဖလာနိ-သာမညဖလတို့ဟူသည်၊ ဝါ- သာမည၏အကျိုးတို့ဟူသည်၊ ကတမာ နိစ – အဘယ်တို့နည်း၊ (အချို့စာအုပ်၌ "ကတမဉ္စ သာမညဖလံ" ဟု ရှိ၏၊ ပါဠိတော်ရင်း၌"ကတမာနိစ သာမညဖလာနိ"ဟု ရှိသည်။) သောတာပတ္တိ ဖလံ–ဌင်း၊ပေ၊အရဟတ္တဖလံ– ဌင်းတည်း၊ [မဟာဝဂ္ဂသံယုတ်, ပဋိပတ္တိဝဂ်, ပဌမသာမညသုတ် ပါဠိတော်။] တံ– ထိုဖိုလ် ၄ ပါးကို၊ သေ(ဓေသော)ရာဇာ-ဤ အဇာတသတ်မင်းသည်၊ နဇာနာတိ-မသိ၊("မသိသောကြောင့် ဖိုလ် ၄ ပါး ကို ရည်ရွယ်၍ မေးသည် မဟုတ်"ဟူလို၊) ပန–စင်စစ်ကား၊ ဥပရိ-အထက်၌၊ အာဂတံ-လာသော၊(ပါဠိတော်၌ တိုက်ရိုက်လာသော)၊ ဒါသကဿကာပမံ-ကျွန် ဥပမာ, လယ်သမား ဥပမာကို၊ သန္ဓာယ–ရည်ရွယ်၍၊ ပုစ္ဆတိ-၏။

အထ-မေးလျော်ရာထိုအခါ၌၊ ဘဂဝါ-သည်၊ ပဋို-ပြဿနာကို၊ အဝိသဇ္ဇေတွာဝ– ဖြေတော်မမူသေးဘဲသာလျင်၊ စိန္တေသိ– စဉ်းစားဆင်ခြင်ပြီး၊ (ကိံ)၊ ဗဟူ - များစွာကုန်သော၊ အညတိတ္ထိယသာဝကာ – သာသနာတော့် အပ္ပမ္ပ

× × × × × × ×

သာမညဖလံ။ ။"သမဏသ-ကိလေသာတို့ကို ငြိမ်းစေတတ်သော သမဏ၏+ ဘာဝေါ - ဖြစ်ကြောင်းဖြစ်ရာ"ဟူသည် အရိယမဂ်တရားပင်တည်း၊ အရိယမဂ်သာလျင် ကိလေသာတို့ကို သတ်နိုင်သောကြောင့် ကိလေသာတို့ကို ငြိမ်းစေနိုင်သည်၊ ထို့ကြောင့် "ပရမတ္ထတော-အစစ်အမှန် အနက်အားဖြင့်"ဟု ဆိုသည်၊ ထို မဂ်၏ အကျိုးဖြစ်သော အရိယဖိုလ်သည် သာမညဖလမည်၏။

တံ သေ၊ပေ၊ပုစ္ဆတိ။ ။ဤသို့ အစစ်အမှန် အနက်အရကောက်အားဖြင့် အရိယ မဂ်၏ အကျိုးဖြစ်သော ဖိုလ်ကို "သာမညဖလ" ဟု ဆိုရသော်လည်း ရှင်ဘုရင်သည် အရိယာတို့၏ တရားခဲ့ မကျွမ်းကျင်သောကြောင့် ထို သာမညဖလကို မသိရကား ထို အရိယဖိုလ်ကိုရည်ရွယ်၍ သာမညဖလကို မေးသည်မဟုတ်၊ အထက်၌လာမည့်"ကျွန်က ရဟန်းပြုလျှင် ရှိခိုးခံရခြင်း"စသော ရဟန်းဖြစ်ရခြင်း၏ အကျိုးကိုသာ ရည်ရွယ်၍ မေး သည်။ [ဤအလို သမဏသ+ဘာဝေါ သာမည်-သမဏ၏ ဖြစ်ကြောင်း ဖြစ်ရာ ရဟန်း ပြုခြင်း ကြံ့ယာသည် " သာမည "မည်၏၊ ရှိခိုးခံရခြင်း စသည်ကား "သာမညဖလ" မည်၏ ဟု မှတ်ပါ။]

တပါးသော တိတ္ထိတို့၏ သာဝကဖြစ်ကုန်သော၊ ဤမေ ရာဇာမစ္စာ-ဤမင်းမျိုး အဆက်ဆက်မှ လာသော အမတ်တို့သည်၊ ဝါ – ဤ လက်အောက်ခံ မင်း, အမတ်တို့သည်။ [ရာဇာမစ္စ ပရိဝုတောဌ် ရာဇာမစ္စပုဒ်ကို ဖွင့်ခဲ့ပြီ။] ဤဓ - ဤ အရပ်၌၊ အာဂတာ – လာကုန်ပြီ၊ တေ-ထိုမင်း, အမတ်တို့သည်၊ ကဏှပက္ခဉ္ဇ-မည်းညစ်သော အဖို့ကိုဂင်း၊ သုက္ကပက္ခဉ္ဇ-ဖြူစင်သော အဖို့ကိုဂင်း၊ ဒိပေတွာ – ပြ၍၊(ဓမ္မေ – ကို၊) ကထိယမာနေ-ဟောတော်မူအပ်သော်၊ (“ဥဋ္ဌာယိသန္တိ, နသောသန္တိ”တို့၌စပ်)၊ အမှာကံ – ငါတို့၏၊ ရာဇာ - မင်းသည်၊ မဟန္တေန – ကြီးစွာသော၊ ဥဿာဟေန-အားထုတ်ခြင်းဖြင့်၊ ဇဓ-ဤအရပ်သို့၊ အာဂတော-လာခဲ့ပြီ၊ တဿ-ထိုမင်း၏၊ အာဂတကာလတော-ရောက်လာရာ အခါမှ၊ ပဋ္ဌာယ-စ၍၊ သမဏော ဂေါတမော – ရဟန်း ဂေါတမသည်၊ သမဏကောလာဟလံ (ဧဝ)-ရဟန်းတို့၏ အုတ်အုတ် ကျက်ကျက် ဖြစ်သော အယူဝါဒကိုသာ၊ သမဏဘဏ္ဍနမေဝ- ရဟန်းတို့၏ ငြင်းခုံခြင်းကိုသာ၊ ကထေတိ- ပြော၏၊ ဤတိ-ဤသို့၊ ဥဋ္ဌာယိသန္တိ - ကဲ့ရဲ့ကြကုန်လတံ့၊ သက္ကစ္စံ – ရိုသေစွာ၊ ဓမ္မံ- တရားကို၊ နသောသန္တိ – မနာယူကြကုန်လတံ့။

ပန – အန္တယကား၊ ရညော - မင်းသည်၊ ကထိယမာနေ - ဖြေဆိုအပ်သော်၊ ဥဋ္ဌာယိတုံ- ကဲ့ရဲ့ခြင်းငှါ၊ န သက္ခိသန္တိ - မစွမ်းနိုင်ကုန်လတံ့၊ ရာဇာနမေဝ – မင်းသို့သာလျှင်၊ အနုဝတ္တိသန္တိ-အစဉ်လိုက်ကုန်လတံ့၊ ဟိ-မှန်၊ လောကော-

× × × × × × × ×

ကဏှပက္ခံ သုက္ကပက္ခံ။ ။ ပြဿနာကိုမေးရာဝယ် အဖြေအဖြစ်ဖြင့် ရထိုက်သော မိန္ဆွာအယူနှင့်စပ်သော အဖို့ကို “ ကဏှပက္ခ – မည်းညစ်သောအဖို့”ဟု ဆို၏၊ [ယထာပုစ္ဆိတေ အတ္ထေ (အကြင် အကြင် မေးအပ်သော အနက်အဓိပ္ပါယ်ထည်း၌) လဇ္ဇမာနံ ဒိဋ္ဌဂတုပသံဟိတံ သံကိလေသပက္ခံ။] ထို ကဏှပက္ခ၏ ပြောင်းပြန်ဖြစ်သော အထက်ပါဒိဋ္ဌိတော်၌လာသော သီလစသော အဖို့ကို “ သုက္ကပက္ခ ” ဟု ဆိုသည်၊ ဤသုတ်ကား ထို ကဏှပက္ခ သုက္ကပက္ခကိုစုံအောင် ဟောတော်မူရမည့် သုတ်တော်တည်း။

သမဏ ကောလာဟလံ ။ ။ အများစု၍ သူတခွန်း ငါတခွန်း ပြောအပ်သော (မည်သူ့အသံမျှ သဲသဲကွဲကွဲ မကြားရလောက်အောင်) အုတ်အုတ်ကျက်ကျက် ဆူပွက်နေသောအသံကို “ကောလာဟလ” ဟု ခေါ်၏၊ ဤနေရာ၌ကား တိတ္ထိဆရာကြီးတို့၏ အချင်းချင်း ဆန့်ကျင်ဘက်ဖြစ်နေသော (မည်သူ့အယူကိုမျှ အတည်ယူတို့ရန်. မသဲကွဲသော) အယူဝါဒကိုပင် “သမဏကောလဟල ”ဟု ဆိုသည်။ [ကောလံ – သဲသဲကွဲကွဲ မကြားရဘဲ တပေါင်းတည်းသော ဒုတ်အုတ်ကျွက်ကျွက်ကို + အာဟလတိ – ရတတ်၏၊ ဤတိ ကောလာဟလော။]

သမဏဘဏ္ဍနံ။ ။ဤသို့ အချင်းချင်း ဆန့်ကျင်ဘက်ဖြစ်နေသောကြောင့် “ ဤသို့ အယူရှိသူမှာ ဤသို့ မှားယွင်းသောအပြစ် ရှိ၏ ” ဟု ထိုထိုဝါဒ၌ အပြစ်ပြ၍ ပြောဆိုကြခြင်း, “သူ့အယူသည် အမှား, ငါ့အယူသာ အမှန်”ဟု အပြန်အလှန် ပြောဆိုကြခြင်းကို “သမဏဘဏ္ဍန – သမဏတို့၏ ငြင်းခုံခြင်း” ဟု ဆိုသည်။

သတ္တလောကသည်၊ ဇာသရာနုဝတ္တကော—အာစိုးရသောပုဂ္ဂိုလ်သို့ အစဉ်လိုက်၏၊ ဟန္ဒ-ယခု၊ အဟံ-သည်၊ ရညော၀- မင်း၏သော၊ ဘာရံ- တာ၀န်ကို၊ ကရောမိ- ပြုရတော့အံ့၊ ဇာတိ- ဤသို့၊ (စိန္တေသိ)၊ ဇာတိ— ဤသို့ စဉ်းစားတော်မူပြီး၍၊ ရညော-၏၊ ဘာရံ-တာ၀န်ကို၊ ကရောန္တော-ပြုတော်မူလိုသည်၊ (ဟုတ္တာ-ဖြစ်၍၊ ၀ါ— ဖြစ်ခြင်းကြောင့်၊) အဘိဇာနာသိ နော တုံတိ အာဒိံ — အစရှိသောစကားကို၊ အာဟ— မိန့်တော်မူပြီ။

တတ္ထ—ထို အဘိဇာနာသိ နော တုံ အစရှိသော၀ါဋ်၌၊ အဘိဇာနာသိ နော တုံတိ (ပဒတ္ထယဿ)—အဘိဇာနာသိ နော တုံဟူသော ပုဒ်၌ ပါးအပေါင်း၏၊ အဘိဇာနာသိန တုံတိ — အဘိဇာနာသိ နု တုံဟူ၍၊ (အတ္ထော ၀ေဒိတဗ္ဗော)၊ စ-ဆက်၊ အယံ နောသဒ္ဒေါ- ဤ နောသဒ္ဒါကို၊ ပရတော-နောက်၌၊ ပုဏ္ဏိ တာတိ ပဒေန—ပုဏ္ဏိ တာဟူသောပုဒ်နှင့်၊ ယောဇေတဗ္ဗော— ယှဉ်စေထိုက်၏။

ဟိ - ထင်ရှားအောင် ပြုပုံအံ့၊ (ယှဉ်စေရပုံကို ထင်ရှားအောင်ပြုပုံအံ့၊) ဇာဒံ-ဤအနက်သည်၊ ၀ါ-ကို၊ ၀ုတ္တံ-ဆိုအပ်သည်၊ ၀ါ-ဆိုလိုသည်၊ ဟောတိ-၏၊ (ကိံ ၀ုတ္တံ ဟောတိ)၊ မဟာရာဇ - ဇာ၊ တုံ - သည်၊ ဇာမံ ပဒံ — ဤပြဿနာကို၊ အညေ—၀ါမှ တပါးကုန်သော၊ သမဏဗြာဟ္မဏော- သမဏဗြာဟ္မဏာအပေါင်းသည်

× × × × × × ×

ဇာသရာနုဝတ္တကော ဟိ။ ။“ဥစ္စာယိတုံ နသက္ခိဿန္တိ, ရာဇာနမေ၀ အနုဝတ္တိဿန္တိ”ကို ခိုင်မြဲစေလို၍ “ဇာသရာနုဝတ္တကော ဟိ” ဟု မိန့်သည်၊ အစိုးရမင်းတို့၏ နောက်သို့ လူအများစုက လိုက်ကြခြင်းမှာ လောကထုံးစံပင်ဖြစ်၍ လောကထုံးစံကိုပင် ဒဋ္ဌိကရဏာပြရသည်။

ရညော ဘာရံ ကရောန္တော။ ။တိတ္ထိတို့၏ အဖြေစကားကို ဘုရားရှင်ကိုယ်တော်တိုင် မိန့်တော်မူလျှင် တိတ္ထိယသာ၀ကတို့က “ဘုရားရှင်ကို သမဏကောလာဟလတွေ ချည်း ပြောနေသည်”ဟု ကဲ့ရဲ့ကြမည်ဖြစ်၍ ရှင်ဘုရင့်ကိုယ်တိုင် သူမေးခဲ့တုန်းက ကြားခဲ့ရသောအဖြေကို ပြန်၍လျှောက်လျှင် ရှင်ဘုရင်ကို ကဲ့ရဲ့၀ံ့တော့မည် မဟုတ်သောကြောင့် (ဒေသနာ၀ိလာသ — ဒေသနာတော်၌ ကျွမ်းကျင်တော်မူသော) ဘုရားရှင်သည် ကိုယ်တော်တိုင် တိတ္ထိတို့၏အယူ၀ါဒကို မိန့်တော်မမူဘဲ ရှင်ဘုရင့်ကိုယ်တိုင် လျှောက်ဘို့ရန် တာ၀န်ပေးတော်မူသည်။

အယဉ္စ နောသဒ္ဒေါ။ ။နောသည် ပုဏ္ဏ၀ါစက နုသဒ္ဒါနှင့် အနက်တူဟု ဖွင့်ပြီးလျှင် ထိုနောကို ပုဏ္ဏိတာနှင့် တွဲရမည်ဟု ပြလို၍ “အယဉ္စ” စသော ဥပန္နာသ၀ါကျကို မိန့်သည်။ [ဋီကာသစ်၌ကား ဤစသဒ္ဒါကို သမုစ္စယတ္ထဟု ဖွင့်၏၊ “နော”ကို အဘိဇာနာသိနှင့်သာ စပ်ရသည်မဟုတ်သေး, ပုဏ္ဏိတာနှင့်လည်း စပ်ရသည်”ဟု အင်္ဂကထာဆိုလိုသတတ်၊ သို့သော် အင်္ဂကထာ၌ “ဇာဒံ ၀ုတ္တံ ဟောတိ” ဟု ဥဇုကတ္ထကိုပြသော ၀ါကျ၀ယ် “ပုဏ္ဏိတာနု”ဟုသာ ဆို၍ “အဘိဇာနာသိနု”ဟု မဆိုသောကြောင့် ဋီကာသစ်အဖွင့်ကို စဉ်းစားပါ၊ “အဘိဇာနာသိ” ကား နု ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ ပုဏ္ဏာအနက် ထင်ရှားသည်သာ။]

ရသူတို့ကို၊ ပုစ္ဆိတာနေ–မေးဘူးသလော၊ [ပုစ္ဆဓာတ်, တု ပစ္စည်း။] နံ ပုဋ္ဌဘာဝံ-ထိုသို့ မေးအပ်ဘူးသည်၏အဖြစ်ကို၊ အဘိဇာနာသိစ – သိလည်း သိ၏လော၊ ဝါ–မှတ်မိလည်း မှတ်မိ၏လော၊ တေ-သင်၏၊ သမ္မုဋ္ဌံ- ပျောက်ပျက်ခြင်းသည်၊ ဝါ – မေ့လျော့ခြင်းသည်၊ နု (ဟောတိ) – မဖြစ်ဘဲ ရှိ၏လော၊ ဇာတိ (ဝုတ္တံ ဟောတိ)။

သစေ တေ အဂရုတိ-ကား၊ တုယ္ဟံ-သင်၏၊ [ယထာ ဟထာ၏ အပြင်ဘက်၌ ရှိသော "ဘာရိယံ"၌ ပဓာနစပ်။] ဝါ–သင့်အား၊ ["ဗျာကရိံသု"၌ အပဓာန စပ်။] ယထာ-အကြင် အခြင်းအရာအားဖြင့်၊ တေ-ထို သမဏ ဗြာဟ္မဏအမည် ရသူတို့သည်၊ ဗျာကရိံသု – ဖြေဆိုလိုက်ကြကုန်ပြီ၊ တထာ – ထို အခြင်းအရာ အားဖြင့်၊ ဇာ္ဂဓ-ဤအရပ်၌၊ ဘာသိတုံ-လျှောက်ခြင်းငှါ၊ ဘာရိယံ– ထမ်းဆောင် ထိုက်သော တာဝန်သည်၊ ဝါ–ဝန်လေးသည်၊ သစေ နု ဟောတိ– အကယ်၍ မဖြစ်အံ့၊ ကောစိ – တစုံတခုသော၊ အဖါသုကဘာဝေါ – မချမ်းသာသည်၏ အဖြစ်သည်၊ ယဒိ နု အတ္ထိ- အကယ်၍ မရှိအံ့။ [ဘာရိယံ နု ဟောတိကို ထပ်ဖွင့် သည်။] (ဧဝံသတိ)၊ ဘာသသု–လျှောက်စမ်းပါလော၊ ဇာတိ အတ္ထော၊

နု ခေါ မေ ဘန္တေတိ-နု ခေါ မေ ဘန္တေဟူသောစကားကို၊ ကိံ - အဘယ်ကို၊ သန္ဓာယ-၍၊ အာဟ–လျှောက်သနည်း၊ ဟိ-ချွေ၊ ပဏ္ဍိတ ပတိရူပကာနံ-အတူ အယောင်ဖြစ်သော ပညာရှိတို့၏၊ သန္တိကေ-အထံ၌၊ ကထေတုံ ပြောဆိုခြင်းငှါ၊ ဒုက္ခံ–ခဲယဉ်းသည်၊ ဟောတိ-၏၊ တေ-ထို အတုအယောင် ဟန်ဆောင် ပညာ ရှိတို့သည်၊ ပဒေပဒေ - ပုဒ်တိုင်း ပုဒ်တိုင်း၌၊ အက္ခရေ အက္ခရေ - အက္ခရာတိုင်း အက္ခရာတိုင်း၌၊ ဒေါသမေဝ- အပြစ်ကိုသာလျှင်၊ ဝဒန္တိ - ပြောဆိုကြကုန်၏၊ ပန - ကား၊ ကေန္တပဏ္ဍိတာ - ကေန် ပညာရှိပုဂ္ဂိုလ်တို့သည်၊ ကထံ- စကားကို၊ သုတ္ဝာ–ကြားရ၍ သုကထိကံ-ကောင်းစွာ ပြောဆိုအပ်သောစကားကို၊ ပဿံသန္တိ–ချီးမွမ်းကြကုန်၏၊ ဒုက္ကထိတေသု- မကောင်းသဖြင့် ပြောဆိုအပ်ကုန်သော၊ ပါဠိပဒ အတ္ထဗျဉ္ဇနေသု – ပါဠိဟူသောပုဒ် , ပုဒ်၏အနက် , အက္ခရာတို့တွင်၊ (တနည်း) ပါဠိပဒအတ္ထဗျဉ္ဇနေသု – ပါဠိဟူသောပုဒ်, ပုဒ်၏အနက်, ဝါကျတို့

× × × × × × ×

ဘာရိယံ။ ။ ဘရိတဗ္ဗံတိ ဘာရိယံ၊ ဘရဓာတ်, ကျပစ္စည်း၊ ထမ်းဆောင်ထိုက်သောဝန် (သဒ္ဒတ္ထ)၊ "ဝန်လေး" ကား အဓိပ္ပါယတ္ထ၊ "ဘာရိယံ နု ဟောတိ" သည် အဂရု၏ အဖွင့်။

ပဏ္ဍိတပတိရူပကာနံ ။ ။ အစိမ်းဖြစ်ပါလျက် မှည့်ရောင်ဝင်းနေသော သစ်သီး များကဲ့သို့ ပညာရှိအစစ် မဟုတ်ပါဘဲ ပညာရှိယောင်ဆောင်နေသော (ပညာရှိတို့တွင် ပါဝင်နေသော) ပုဂ္ဂိုလ်တို့ကို " ပဏ္ဍိတ ပတိရူပက " ဟု ဆိုသည်၊ ပတိရူပကာ–အတု အယောင် ဟန်ဆောင်ဖြစ်ကုန်သော+ ပဏ္ဍိတာ – တို့တည်း၊ ပဏ္ဍိတပတိရူပကာ-တို့။

တွင်၊ ယံယံ – အကြင် အကြင် ပါဠိပဒ အတ္ထဖျွန်နသည်၊ ဝိရုဇ္ဈတိ - အမှန့်နှင့် ဆန့်ကျင်၏၊ ဝါ – မှားနေ၏၊ တံတံ - ထိုထို ပါဠိပဒ အတ္ထဖျွန်နကို၊ ဥဇုကံ – ဖြောင့်မှန်သည်ကို၊ ကတွာ-ပြု၍၊ ဒေန္တိ- ပေးကြကုန်၏၊ စ - ဆက်ဥုးအံ့၊ ဘဂဝန္တန္တရူပေါ-မြတ်စွာဘုရား၏သဘောတော်နှင့်တူသော သဘောရှိသော၊ တနည်း, ဘဂဝတာ– မြတ်စွာဘုရားနှင့်၊ သဒိသော-တူသော၊ ကေန္တ ပဏ္ဍိတောနာမ– ကေန် ပညာရှိပုဂ္ဂိုလ်မည်သည်၊ နတ္ထိ-မရှိ၊ တေန-ထို့ကြောင့်၊ နဒါမေ၊ပေ၊ ဘဂဝန္တန္တရူပေါဝါတိ–ဟူ၍၊ အာဟ–လျှောက်ပြီ။

× × × × × × × ×

ပါဠိ၊ပေ၊ဖျွန်နသု။ ။ “ပါဠိသဒ်ါတေ ပဒေ, တဒတ္ထေ , တပ္ပရိယာပန္နကွရေ စ” ဟုဂျင်း, “ဝါကျပရိယာယော ဝါ ဖျွန်နသဒ္ဒေါ” ဟုဂင်း ဋီကာသစ်၌ ၂ နည်းဖွင့်၏၊ ရှေနည်းအလို ဖျွန်နသဒ္ဒါသည် အကွရာဟူသော အနက်ဟော, နောက်နည်းအလို ဝါကျ အနက်ဟောတည်း၊ “ အတ္ထံ + ဖျွယတိ ပကာသေတိ ” အရ ဖျွန်နသဒ္ဒါသည် အနက် အဓိပ္ပါယ် အပြည့်အစုံကိုပြနိုင်သော “ဝါကျ” ဟူသော အနက်ကိုလည်း ဟောနိုင်၏။

ဘဂဝန္တန္တရူပေါ။ ။ရူပသဒ္ဒါသည် သဘောဟူသောအနက်ကို ဟော၏၊ သဘောဟူသည်လည်း ပညာရှိအစစ်၏ ဖြစ်ကြောင်းဖြစ်ရာ ဉာဏ်ပညာပင်တည်း၊ ဘဂဝတော ရူပံဝိယ ရူပံ ယသာတိ ဘဂဝန္တန္တရူပေါ၊ မြတ်စွာဘုရား၏ သဘောတော်နှင့်တူသော သဘောရှိသူ၊ “ မြတ်စွာဘုရားကဲ့သို့ ကေန် ပညာရှိပုဂ္ဂိုလ်” ဟူလို။ [ဘဂဝတော ရူပံ ဝိယ ရူပမသာတိ ဘဂဝန္တန္တရူပေါ၊ ဘဂဝါဝိယ ကေန္တ ပဏ္ဍိတောတိ အတ္ထော၊–ဋီကာသစ်၊ ယခုစာအုပ်တို့၌ကား “ဘာဂဝတာ သဒိသော”ဟု ရှိသည်။]

သာမညဖလပုဆ္ဆာအဖွင့် ပြီး၏။

ပုရက္ခကသပဝါဒ အဖွင့်

ကေမိဒါဟံတိ (ပဒသဿ)-ကေမိဒါဟံဟူသော ပုဒ်၏၊ ကေံ ဣဒံ အဟံ(တိ)-ကေံ ဣဒံ အဟံ ဟူ၍၊ (ပဒစ္ဆေဒေါကာတဗ္ဗော)၊ [အဟံ-ဒကာရတော်သည်၊ ကေံ-တပါးသော၊(သမယံ - ၌၊ ဥပသင်္ကမိ - ချဉ်းကပ်ခဲ့ပါပြီ, ဟု ပါဠိတော်၌စ၏၊) ဣဒံ တိ နိပါတမတ္တံ၊–ဋီကာ၊ ဤအလို “ကေံ + ဣဒ”ဟု ဓအောက်ရှိက်ဖြင့် ပုဒ်မဖြတ်ရ၊ သို့သော် ဓအောက်ရှိက်ဖြင့်လည်း မှတ်ရှိ၏။] [ရှေးစာအုပ်များ၌ “ဣဒ သမ္မောဒနိယံ” ဟု ရှိ၏၊ “ဣဒ– ဤကေမိဒါဟံ အစရှိသောပါဌ်၌” ဟု ပေးပါ။]သမ္မောဒနိယံ၊ပေ၊ဝိတိသာရတ္တာတိ-ကား၊ သမ္မောဒဇနကံ-ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်သော၊ ပီတိသောမနဿံ-ပီတိသောမနဿကို၊ ဥပ္ပဇ္ဇတိ-ဖြစ်ပေါ်၏၊ ဝိတိသာရတ္တာတိ-ကား၊ ပီတိသောမနဿံ-ပီတိသောမနဿကို၊ ဝိတိသာရတ္တာ-ပြန့်ပြောခြင်းကြောင့်

ခြင်းကို ဖြစ်စေတတ်သော၊ သရိတဇ္ဇယုတ္တကံ – အမှတ်ရခြင်းအား သင့်လျော်သော၊ ဝါ- အမှတ်ရထိုက်သည်၏အဖြစ်နှင့် ယှဉ်သော၊ ကထံ- စကားကို၊ ပရိယောသာပေတွာ-ပြီးဆုံးစေပြီး၍၊ (“ကေမန္တံ နိသိဒ်ိ”ဌ်စပ်)။

ကရောတော ၊ပေ၊ ကာရယတောတိ အာဒီသု- အစရှိသော ပါဠိုရပ်တို့၌၊ (အတ္ထော ဝံ ဝေဒိတဗ္ဗော၊) ကရောတောတိ–ကား၊ သဟတ္ထာ–မိမိလက်ဖြင့်၊ (ကိုယ်တိုင်ကိုယ်ကြပ်)၊ ကရောန္တသ- ပြုသော်ငင်း၊ ဝါ–ပြုသောပုဂ္ဂိုလ်သည်ငင်း၊ (“ နကရိယတိ ပါပံ ”ဌ်စပ်၊) ကာရယတောတိ-ကား၊ အာဏတ္တိယာ–စေခိုင်းခြင်းဖြင့်၊ ကာရေန္တသ- ပြုစေသော်ငင်း၊ ဝါ– ပြုစေသော ပုဂ္ဂိုလ်သည်ငင်း၊ [နောက်၌လာမည့် ကောင်းမှု မကောင်းမှု အားလုံးနှင့်ဆိုင်အောင် ကရဓာတ်ဖြင့် ရှေးဦးစွာ အကျဉ်းချုပ်ပြသည်၊ ကောင်းမှုကိုဖြစ်စေ, မကောင်းမှုကို ဖြစ်စေ ကိုယ်တိုင်ပြုသူသည်ငင်း, သူတပါးကို အပြုခိုင်းသူသည်ငင်း ပြုအပ်သည်မမည်ပါ–ဟူလို။] ဆိန္နတောတိ- ကား၊ ပရေသံ- သူတပါးတို့၏၊ ဟတ္ထာဒီနိ–လက် အစရှိသည်တို့ကို၊ ဆိန္နန္တသ-ဖြတ်သော်ငင်း၊ ဝါ–ဖြတ်သောပုဂ္ဂိုလ်သည်ငင်း၊ [ဟတ္ထာဒီနိတိ ဟတ္ထပါဒ ကဏ္ဏနာသာဒီနိ၊– ဋီကာ။] ပစတောတိ- ကား၊ ပရေ- သူတပါးတို့ကို၊ ဒဏ္ဍေန- ဒုတ်ဖြင့်၊ ပိဋ္ဌေန္တသ ဝါ - ညှဉ်းဆဲသော်ငင်း၊ ဝါ–ညှဉ်းဆဲသောပုဂ္ဂိုလ်သည်ငင်း။ [အချို့စာအုပ်၌ “ တဇ္ဇေန္တသ ဝါ” ဟုရှိသေး၏၊“ဝါ-တနည်း၊ တဇ္ဇေန္တသ-မြိမ်းချောက်သော်ငင်း၊ဝါ-မြိမ်းချောက်သော ပုဂ္ဂိုလ်သည်ငင်း”ဟု ဖေးပါ။]

× × × × × × ×

သာရက္ခီယံ ။ ။ သရိတဇ္ဇယုတ္တကံဖြင့် ကံဟောအနီယပစ္စည်းကို ပြ၏၊ အခြားနေရာ၌ “သရိတဇ္ဇဘာဝတော”ဟု ရှိသောကြောင့် သင်္ခရှင်း၏၊ ဤနေရာ၌“သရိတဇ္ဇယုတ္တကံ”ဟု ရှိသေးကြောင့် တဇ္ဇပစ္စည်းကို ဘောဟောဟု ကြံ၍“သရိတဇ္ဇသ-အား+ယုတ္တာ – သင့်လျော်သော ကထာတည်း၊ သရိတဇ္ဇယုတ္တကာ၊ [သရိတဇ္ဇယုတ္တကံတိစသရက္ခာနုစ္ဆဝိကံတိ အတ္ထော၊–ဋီကာသစ်။] (တနည်း) သရိတဇ္ဇ၌ ဘာဝပွဓာနကြံ၍“ သရိတဇ္ဇယုတ္တကာ– အောက်မေ့ထိုက် (အမှတ်ရထိုက်) သည်၏ အဖြစ်နှင့်ယှဉ်သော ကထာ”ဟုလည်း ဖြစ်နိုင်၏၊“သရိတဇ္ဇာတိ သရက္ခီယာ”ဟု ဖြစ်သင့်လျက် “သာရက္ခီယံတိ ဒီဃံ ကတ္ဝာ ဝုတ္တံ”ဟု အမဋ္ဌသုတ်ဋီကာ ဖွင့်လတ်ံ့။ [အခြားနည်းများကို ပါရာဇိကဏ်ဘာသာဋီကာ ဝေရဉ္ဇကဏ္ဍ၌ ပြထားပြီ၊ အမဋ္ဌသုတ်၌လည်း တွေ့ရဉ်းလတ်ံ့။]

ပစတောဝ။ ။ပစနံ-ပစနဟူသည်၊ဒဟနံ-မီးတိုက်ခြင်း၊ ဝိဇ္ဈာဓနံ- (မီးတိုက်သကဲ့သို့ ပူပန်ရအောင်) နှိပ်စက်ခြင်းတည်း၊ ထို့ကြောင့် “ ဒဏ္ဍေန ပိဋ္ဌေန္တသ ” ဟု ဖွင့်သည်၊ မဇ္ဈိမနိကာယ် အပဏ္ဏကသုတ် အဋ္ဌကထာ၌“တဇ္ဇေန္တသ ဝါ”ဟု တနည်းဖွင့်သေး၏၊ ထို မြိမ်းချောက်ခြင်းကိုလည်း“ဒဏ္ဍေန”အရ နှုတ်လုံထိုးခြင်းဟူသော ဒဏ္ဍဖြင့် သိမ်းယူနိုင်သောကြောင့် ဤအဋ္ဌကထာ၌မဖွင့်တော့ဟု ဋီကာဆို၏၊ ထိုဋီကာဆရာ၏လက်ထက်၌“တဇ္ဇေန္တသ ဝါ”ဟု မရှိခဲ့၊ ယခုစာအုပ်များ၌ကား ရှိနေပြီ။

သောစယတော သောစာပယတောတိ-ကား၊ ပရဿ- သူတပါး၏၊ ဘဏ္ဍ ဟရဏာဒီဟိ–ဘဏ္ဍာကိုခိုးဆောင်ခြင်း အစရှိသည်တို့ဖြင့်၊ သောကံ-ဝမ်းနည်း ကြောင်းကို၊ ဝါ- ဝမ်းနည်းခြင်းကို၊ သယံ– ကိုယ်တိုင်၊ ကရောန္တသပိ – ၎င်း၊ ဝါ- ၎င်း၊ ပရေဟိ -သူတပါးတို့သည်၊ ဝါ – တို့ကို၊ ကာရာပေန္တသပိ- ၎င်း၊ ဝါ–ပြုစေသေးပုဂ္ဂိုလ်သည်၎င်း။

ကိလမတော ကိလမယတောတိ–ကား၊ အာဟာရ၊ပေ၊ ပဝေဿနာဒီဟိ– အာဟာရကို ဖြုတ်ခြင်း, ထောင်သို့ ဝင်ခြင်း အစရှိသော အမှုတို့ဖြင့်၊ သယံ– ကိုယ်တိုင်၊ ကိလမန္တသပိ – အပင်ပန်းခံသော်၎င်း၊ ဝါ- အပင်ပန်းခံသော ပုဂ္ဂိုလ်သည်၎င်း၊ ပရေဟိ– မိမိစကားကို နားထောင်မည့် သူတပါးတို့သည်၊ ဝါ-တို့ကို၊ ကိလမာပေန္တသပိ-အပင်ပန်းခံစေသော်၎င်း၊ ဝါ-အပင်ပန်းခံစေ

× × × × × × ×

သောစယတော။ ။ဘူဝါဒိ သုစဒ်ဓာတ်သည် သောကအနက်ကိုဟော၏၊ ဏယ ပစ္စည်းသက်၍ “ သောစယ ” ဟု ဖြစ်၏၊ ထို့ကြောင့် “ သောကံ ကရောန္တသ ” ဟု ဖွင့်သည်၊ [ကာရိတ်ဝင်သော အကမ္မကဓာတ်ကို ကေကမ္မကဓာတ်ဖြင့်ဖွင့်ခြင်းတည်း။] သောကဟူရာ၌ နှိပ်စက်သောမိမိ၏သောက မဟုတ်, အနှိပ်စက်ခံရသူ၏သောကတည်း၊ ထို့ကြောင့် သောကံကို “သောကကာရဏံ”ဟု ဖွင့်ကြသည်၊ သူ၏ဘဏ္ဍာကိုခိုးယူခြင်း စသောအမှုသည် သူ၏ သောကဖြစ်ဘို့ရန် အကြောင်းတည်း။

တနည်း။ ။သောကံကို “သောစနံ–ဝမ်းနည်းခြင်း” ဟု ဖွင့်ကြသေး၏၊ ထိုသို့ ဖွင့်ရာ၌“ပရဘဏ္ဍဟရဏစသည်သည် အကြောင်း, သောကဖြစ်ခြင်းကား အကျိုးတည်း၊ [သောစနံတိပိ ယုဇ္ဇတိ၊ ကာရဏသမ္ဗါဒနေန – ဘဏ္ဍဟရဏစသော အကြောင်းကို ပြီးစေခြင်းအားဖြင့်၊ ဖလဿပိ–သောကတည်းဟူသော အကျိုး၏လည်း၊ ကတဘာဝတော-ပြုအပ်ပြီး၏ အဖြစ်ကြောင့်တည်း၊–ဋီကာသစ်၌“ကတ္တုဗ္ဗတော”ဟု ရှိ၏။]

ပရေဟိ ကာရာပေန္တသပိ ။ ။ဤအဖွင့်သည် “ သောစာပယတော ” ဟု ကာရိတ် ၂ ချက် ဆင့်သော ပုဒ်၏ အဖွင့်တည်း၊ ထို့ကြောင့် အဋ္ဌကထာ စာအုပ်များ၌ “ သောစယတော သောစာပယတောတိ ပရဿ ဘဏ္ဍဟရဏာဒီဟိ သောကံ သယံ ကရောန္တသာပိ (သောစယတော အဖွင့်) ပရေဟိ ကာရာပေန္တသာပိ (သောစာပယတော အဖွင့်) ”ဤသို့ ပါဠိရှိမှ စာသွားဖြောင့်၏၊ ပိသဒ္ဒါဖြင့်“ကရောန္တသပိ”ဟုဂင်း, “ကာရာပေန္တသပိ” ဟုဂင်း ဖွင့်ပုံကို ထောက်၍ သံဝဏ္ဏေတဗ္ဗ၌ “ သောစယတော သောစာပယတောတိ ” ဟု တပေါင်းတည်း တည်ထားကြောင်း သိသာ၏။ [မဇ္ဈိမပံ ဂဟဂတ်ဝဂ်, အပဏ္ဏကသုတ် အဋ္ဌကထာ၌ ထိုသို့ တဆက်တည်း ဖွင့်ထား၏၊ သို့သော်လည်း ပါဠိမူ“သောစာပယတော”ကျနေဟန် တူသည်။]

ပရေဟိ ကိလမာပေန္တသပိ။ ။ပရေဟိကို “ အတ္တနော ဝစနကရေဟိ ” ဟု ဤပုဒ်ကျမှ တမင်လာဖွင့်ကြ၏၊ ထိုသို့ ဖွင့်ကြခြင်း၏ အလိုမှာ–မိမိစကားကို နားထောင်မည့် သူတပါးတို့ကို မိမိကဲ့သို့ပင်ပန်းစေရ(အပင်ပန်း အခံခိုင်းရ)မည်ဖြစ်သေးကြောင့်တည်း၊“သင်တို့လဲ ငါကဲ့သို့ အပင်ပန်းခံကြပါ”–ဟူလို၊ ထို့ကြောင့်“အာဟာရပစ္ဆေဒ

သော ပုဂ္ဂိုလ်သည်၎င်း၊ ဖန္ဒတော ဖန္ဒာပယတောတိ-ကား၊ ဖန္ဒန္တံ-တုန်လှုပ်တတ်သော၊ ပရံ- သူတပါးကို၊ ဖန္ဒနကာလေ- တုန်လှုပ်ရာအခါ၌၊ [တနည်း, ဗန္ဓနကာလေ-နှောင်ဖွဲ့ရာအခါ၌၊]သယံဝိ-ကိုယ်တိုင်လည်း၊ ဖန္ဒတော-တုန်လှုပ်သော်၎င်း၊ ဝါ-တုန်လှုပ်သော ပုဂ္ဂိုလ်သည်၎င်း၊ ပရံပိ-ကိုလည်း၊ ဖန္ဒာပယတော-တုန်လှုပ်စေသော်၎င်း၊ ဝါ- တုန်လှုပ်စေသော ပုဂ္ဂိုလ်သည်၎င်း၊ ပါဏာမတိပါတာပယတောတိ – ကား၊ ပါဏံ – သတ္တဝါကို၊ ဟာနန္တိသယံဝိ- ကိုယ်တိုင်သတ်သော်၎င်း၊ ဝါ–ကိုယ်တိုင်သတ်သော ပုဂ္ဂိုလ်သည်၎င်း၊ ဟာပေန္တိသယံဝိ-

× × × × × × ×

ဗန္ဓနာဂါရိယဝေသတ္ထိသည် မိမိရော သူတပါးတို့ပါ ပင်ပန်းခြင်း၏အကြောင်းတို့တည်း” ဟု မှတ်ပါ၊ ပဝေသနကိုလည်း “ ဝင်ခြင်း ” ဟု ပေးပါ၊ “ ပဝေသနံ သာဒယတိ”၌ ပဝေသနပုဒ်မျိုးတည်း။

မှတ်ချက်။ ။ ဤ၌ “ ကိလမန္တိသယံဝိ ကိလမာပေန္တိသယံဝိ ” ဟု သုဒ္ဓကတွဲအနက်, ဟေတုကတွဲ အနက်ကို တဝါကျတည်းပေါင်း၍ ဝိသဒ္ဒါဖြင့် ဖွင့်သောကြောင့် သံဝဏ္ဏေတဗ္ဗ်လည်း ပါဠိတော်အတိုင်း “ကိလမတော ကိလမယတောတိ”ဟု ၂ ပုဒ် ရှိသင့်သည်။ [“ဖန္ဒတော ဖန္ဒာပယတော”၌ သံဝဏ္ဏေတဗ္ဗ ၂ ပုဒ်လုံးတွဲလျက်ရှိသည်။]

ပရံ ဖန္ဒန္တံ။ ။ကြွဲ့ခံရှိတုန်လှုပ်နေသော သူတပါးကို“ပရံ ဖန္ဒန္တံ”ဟု ဆိုသည်၊ “ ဘာ့ကြောင့် ကြောက်ရွံ့တုန်လှုပ်နေသနည်း ” ဟု မေးလျှင် “ မိမိက နှိပ်စက်သောကြောင့် ” ဟု ဖြေပါ၊ ဤပုဒ်၏စပ်ရာ မရှိပါ၊ ထို့ကြောင့် ခန္ဓဝဂ္ဂ (၃)ဒိဋ္ဌိသံယုတ်, သောတာပတ္တိဝဂ် , ကရောတောသုတ်အဖွင့်၌ “ ဖန္ဒနကာလေ ”နေရာဝယ် “ ဗန္ဓနကာလေ”ဟု သီဟိုဠ်မူ ရှိပါသတဲ့၊ ထိုမူကဲ့သို့ကပင် ကောင်းသည်ဟု ထင်၏၊ ဘာ့ကြောင့်နည်း....“ကြောက်ရွံ့တုန်လှုပ်နေသူထို ချုပ်နှောင်ရာ ထောင်ချရာအခါ၌”ဟု အဓိပ္ပါယ်ရသောကြောင့်တည်း။

သယမ္ပိ ဖန္ဒတော။ ။“ပရဿ ဝိဗာဓနပယောဂေန–သူတပါးကို မိမိကနှိပ်စက်ကြောင်း ပယောဂကြောင့်၊ သယံ ဖန္ဒတော ” ဟု ဋီကာတို့ ဖွင့်ကြ၏၊ ဋီကာသစ်၌ “အတ္တနာ ကတေန (မိမိကပြုအပ်သော”ဟု ဝိသေသန အပိုပါခြင်းသာ ထူး၏။

ဖန္ဒတော ဖန္ဒာပယတော။ ။မိမိကနှိပ်စက်သောကြောင့် သူတပါးတို့ ကြွဲ့ခံရွံ့တုန်လှုပ်နေသည်ကို “ ဖန္ဒာပယ – တုန်လှုပ်စေ ”ဟု ဆို၏၊ ထိုသို့ မိမိနှိပ်စက်မှုကြောင့် သူတပါး တုန်လှုပ်နေသည်ကို မြင်ရသဖြင့် မိမိလည်း တုန်လှုပ်လာသည်ကို “ဖန္ဒ” ဟု ဆိုသည်။

ပါဏာမတိပါတယတောတော။ ။စာအုပ်တို့၌“ပါဏာမတိပါတာပယတော”ဟုရှိ၏၊ ပါဏာတိပါတမှ လာသော ပုဒ်ဖြစ်၍ “ပါဏာမတိပါတယတော”ဟု ရှိမှကောင်းသည်၊ သို့သော် သဒ္ဒါမတတ်သော တိတ္ထိဆရာကြီး ဖြစ်၍ “ ပါဏာမတိပါတာပယတော ” ဟု သုံးစွဲထားဟန် တူသည်၊ “ အတိ–လျင်စွာ+ပါတယ (ပါတာပယ) - ကျစေ ” ဟူ၍၌ “ကိုယ်တိုင် သတ်ခြင်း, သူတပါးကို အသတ်ခိုင်းခြင်း ဟူသော သာဟတ္ထိကပယောဂ, အာဏတ္တိကပယောဂ ၂ မျိုးလုံးရသောကြောင့်“ပါဏံ ဟနန္တိသယံဝိ ဟနာပေန္တိသယံဝိ” ဟု ဖွင့်သည်။

သူတပါးကို သတ်စေသော်၎င်း၊ ဝါ- သူတပါးကို သတ်စေသော ပုဂ္ဂိုလ်သည်၎င်း၊ ("နကရိယတိ ပါပံ "၌စပ်၊) ဧဝံ- တူ၊ သမ္ဗတ္တ- အလုံးစုံသော ပုဒ်တို့၌၊ ကရဏေ၊ပေ၊ဝသေနေဝ- ကိုယ်တိုင်ပြုခြင်း, သူတပါးကို ပြုစေခြင်း၏ အစွမ်းဖြင့်ပင်၊ အတ္ထော ဝေဒိတဗ္ဗော။

သန္ဓိံတိ-ကား၊ ဃရသန္ဓိံ-အိမ်၏ အစပ်ရှိသော နံရံကို၊("ဆိန္နတော-ဖေါက်ဖျက်သော်၎င်း "၌စပ်၊) နိလ္လောပံတို့- ကား၊ မဟာဝိလောပံ- အကြီးအကျယ် လုယက်၍၊("ဟရတော-ဆောင်သော်၎င်း"၌စပ်၊)ကောဂါရိကံတို့-ကား၊ ဧကမေဝဃရံ-တအိမ်တည်းကိုပင်၊ ပရိဝါရေတွာ-ဝန်းရံ၍၊ (ဝိုင်း၍)၊ ဓိလုမ္ပနံ-လုယက်ခြင်းကို၊ (ကရောတော်၌စပ်)၊ ပရိပန္ထေတိ-ကား၊ အာဂတာဂတာနံ-လာကုန် လာကုန်သော လူတို့ကို၊ အစ္ဆိန္ဒနတ္ထံ - လုယူခြင်း အကျိုးငှာ၊ မဠွေ-လမ်း၌၊ တိဋ္ဌတော-တည်သော်၎င်း၊ ဝါ-တည်သော ပုဂ္ဂိုလ်သည်၎င်း။

× × × × × × ×

ဧဝံ သမ္ဗတ္ထ၊ပေ၊ဧဝံဒိတဗ္ဗော။ ။အတိပါတယတော်၌ တပုဒ်တည်းပင်ဖြစ်သော်လည်း "ကိုယ်တိုင်သတ်ခြင်း" ဟူသော သုဒ္ဓကတ္တားအနက်, "သူတပါးကို သတ်စေခြင်း"ဟူသော ဟေတုကတ္တားအနက်ကို သိရသကဲ့သို့, ထို့အတူ ပါဠိတော်၌ "အဒိန္နံ အာဒိယတော၊ပေ၊မုသာ ဘဏတော"ဟု တပုဒ်တည်းစီ ရှိပါသော်လည်း"သူ့ဥစ္စာကို ကိုယ်တိုင်ယူခြင်း, သူတပါးကို ပယူစေခြင်း၊ပေ၊မုသားကို ကိုယ်တိုင် ပြောခြင်း, သူတပါးကို ပြောစေခြင်း"အားဖြင့် ၂ ပါးစီသော အနက်ကို သိပါလေ၊-ဟူလို။

ဃရသန္ဓိံ။ ။ဃရဿ ဘိတ္တိ အန္တောစ ဗဟိစ သန္ဓိတာ (အစပ်ရှိသည်) ဟုတ္တာ ဌိတာ ဃရသန္ဓိ၊-ဌိကာ၊အိမ်၏ အတွင်းအပြင်၌ အစပ်ရှိသည်ဖြစ်၍ တည်သော နံရံကိုပင် "ဃရသန္ဓိ"ဟု ဆိုသည်၊ ထို့ကြောင့် ပါဠိတော်၌ "သန္ဓိံ-အစပ်ရှိသော အိမ်နံရံကို"ဟု ပေးပါ။ [ဋီကာသစ်၌ကား "ဃရဘိတ္တိယာ အန္တောစ ဗဟိစ သန္ဓိ ဃရသန္ဓိ" ဟု ဆင်ဋီတပ္ပုရိသ် ဖွင့်လေ၏၊ "သန္ဓိံ - အိမ်နံရံ၏ အစပ်ကို "ဟု ပါဠိတော် ပေးစေလိုသည်၊ သို့သော် အစပ်ဟူသည် စပ်ခြင်းကြိယာသာဖြစ်၍ ဖေါက်မှုကိုပြု၍မဖြစ်၊ အစပ်ရှိသော နံရံကိုသာဖေါက်မှုကိုပြု၍ ဖြစ်သည်၊ ထို့ကြောင့် ဋီကာသစ်ဖွင့်ကို စဉ်းစားပါ။

နိလ္လောပံ။ ။ပါဠိတော်၌ "နိလ္လောပံ ဟရတော" ဟု ရှိ၏၊ နိ(နိရဝသေသံ)-အကြွင်းအကျန် မရှိအောင်၊ လောပေါ-လုယက်ခြင်းတည်း၊ နိလ္လောပေါ-ခြင်း၊"မဟာဝိလောပံ"ကား အဓိပ္ပါယ် အဖွင့်တည်း၊ ပါဠိတော်၌"နိလ္လောပံ-အကြွင်း မရှိဘဲ"လုယူ၍"ဟု ကြိယာဝိသေသန ပေး။

ကောဂါရိကံ ။ ။ ကောဂါရေ + နိ'ယုတ္တော+ ဝိလောပေါ ကောဂါရိကော-တအိမ်၌ ယှဉ်သော လုယူခြင်း၊ အဋ္ဌကထာ၌ အဓိပ္ပါယ်ပေါ်အောင် ဖွင့်ထားသည်၊ "ကောဂါရိကံ-တအိမ်၌ ယှဉ်သော လုယူခြင်းကို၊ ကရောတော"ဟု ပါဠိတော်၌ပေး။

ပရိပန္ထေ ။ ။ ပါဠိတော်ဝယ် " ပရိပန္ထေ တိဋ္ဌတော"ဟု ရှိ၏၊ " လမ်းခရီး၌ တည်သောပုဂ္ဂိုလ်"ဟု သာမညဆိုသော်လည်း မကောင်းမှုပြုပုံကို ပြနေသော အရာဌာန အားလျော်စွာ " လားလာသမျှ လူတို့ကို လုယူဘို့ရန် လမ်း၌တည်သည် " ဟု သိနိုင်ရ

ကရောပေါပါပုံတိ–ဟူသော ပါဠိဖြင့်၊ (ဒီပေတိဠစပ)၊ ယံကိဉ္စိ - အမှတ်မရှိ တစုံတခုသော၊ ပါပံ-မကောင်းမှုကို၊ ကရောမိ-၏၊ ဣတိသညာယ–ဤသို့သော အမှတ်ဖြင့်၊ ကရောတောပိ-ပြုပါသော်လည်း၊ ဝါ–ပြုသော ပုဂ္ဂိုလ်သည်လည်း၊(ဆဋ္ဌိကတ္တား)၊ ပါပံ–ကို၊ နကရိယတိ– မပြုအပ်၊(ပြုအပ်သည်မမည်, ပြုရာမရောက်-ဟူလို)၊ ပါပံ-သည်၊ နတ္ထိ၊ ပန-ထိုသို့ပင် ပြုရာမရောက်ပါသော်လည်း၊ သတ္တာ–တို့သည်၊ ပါပံ-ကို၊ ကရောမ – ငါတို့ ပြုကြကုန်၏၊ ဣတိ ဧဝံသညိနော–ဤသို့သော အမှတ်ရှိကုန်သည်၊ ဟောန္တိ-န်၏၊ ဣတိ-ဤ အနက်ကို၊ ဒီပေတိ–ပြ၏။

× × × × × × ×

ကား "အာဂတာဂတာနံ အစ္ဆိန္နနတ္ထိ" ဟု အဝိထည့်၍ဖွင့်သည်၊ [ပရိပန္နေ တိဋ္ဌတော တိ ထွေ အစ္ဆိန္နနတ္ထမေဝ တိဋ္ဌတိတိ ပကရဏတော (အရာအားလျော်စွာ) သိဒ္ဓေါတိ ဒသေတိ အာဂတာဂတာနန္တိ အာဒိနာ၊– ဋီကာသစ်။] ဤအလို ပရိအနက် မရှိဟု ကြံပါ။]

တနည်း။ ။လာလာသမျှလူကို လုယူခြင်းအနက်ကို ပရိပုဒ်ကပြ၏၊ ဤအလို "ပရိ-ပတ်ဝန်းကျင်မှ လာသမျှလူတို့ကို လုယူခြင်းအကျိုးငှါ၊ ပန္တေ-လမ်းခရီး၌၊ တိဋ္ဌတော-တည်သော်ငင်း" ဟုပေးပါ၊ဋီကာ၌ကား "ပရိတော သဗ္ဗသော ပန္တေ ဟနနံ ပရိပန္ထော" ဟု ပြု၏၊ ပဏ္ဏာသဋီကာ၌လည်း ဤနည်းအတိုင်း ရှိ၏၊ "ပတ်ဝန်းကျင် အလုံးစုံအား ဖြင့် လမ်းခရီး၌ တိုက်ခိုက်လုယူခြင်းကို ပရိပန္ထခေါ်သည်" ဟူလို၊ ထို အဖွင့်အတိုင်းကား "တိဋ္ဌတော" ၌ စပ်၍ မရပါ၊ ပါဋ္ဌပျက်နေဟန်တူပါသည်။

နကရိယတိ ပါပံ။ ။"သူ့အသက်ကို သတ်ခြင်း, သူ့ဥစ္စာကို ယူခြင်း" စသော အမှုကို ပြုရာ၌ အသတ်ခံရသူ အခိုးခံရသူ၏ အနှစ်အသားမှာ အတ္တတည်း၊ ထိုအတ္တကို မည်သူမျှ ဖေါက်ပြန် ပြောင်းလွဲအောင် (သေအောင်, ဆင်းရဲအောင်) မပြုနိုင်၊ အတ္တ၏ ခန္ဓာအိမ်ဖြစ်သော ကိုယ်ကား ထင်းတုံးကဲ့သို့ စိတ်စေတနာမရှိသော အရာဝတ္ထုသာတည်း၊ ထို့ကြောင့် "ပါဏာတိ ပါတစသော အမှုကိုပြုသည်ဟု လူတို့က ထင်ကြသော်လည်း အတ္တကို မထိခိုက်သောကြောင့် ပြုရာမရောက်" ဟု ဆိုလိုသည်၊ ထိုသို့ပြုရာမရောံသောကြောင့် "နတ္ထိပါပံ-မကောင်းမှုဆိုတာ မရှိ" ဟု ဆိုလိုသတတ်။ [အတ္တ၏အဓိပ္ပါယ်ကို သဂ္ဂိဟ်ဘာသာဋီကာ အတ္တဝါဒုပါဒါန်အခန်း၌ ရှုပါ။]

ပြုရာရောက်ပုံ။ ။တိတ္ထိဆရာကြီး၏ အယူအားဖြင့် အတ္တကို မထိခိုက်သောကြောင့် " မကောင်းမှုကို ပြုရာမရောက် " ဟု ယူသော်လည်း ဗုဒ္ဓမြတ်စွာ၏ အလိုအားဖြင့်ကား "အတ္တသည်ပင် မရှိ, ရုပ်နာမ်သာ ရှိ၏" ၊ ဒါးဖြင့် ခုတ်သတ်မှု စသည်ကို ပြုသောအခါ ဖြစ်ဆဲ မဟာဘုတ် ဖေါင်ဆူးရုံကို ထိသောကြောင့် ထို ရုပ်နာမ်သည် တည်သင့်သည့် အချိန်တိုင်အောင် အစဉ်အဆက် မတည်နိုင်တော့ဘဲ အစဉ်ပြတ်လေ၏၊ ထိုသို့ တည်သင့်သမျှ မတည်စေဘဲ အစဉ်ပြတ်စေခြင်းကိုပင် "သတ်ခြင်း" ဟု ခေါ်ရသည်၊ [အကျယ်ကို အင္ဂသင်္ဂလိနီဘာသာဋီကာ ဒွါရကထာ၌ ရှုပါ။] မုသားပြော၍ အပြောခံရသူ၏ ရုပ်နာမ်ကို ဒုက္ခဖြစ်စေခြင်း စသည်၌လည်း နည်းတူ စိစစ်ပါ။

ခုရပရိယန္တေနာတိ-ကား၊ ခုရုံနမိနာ– သင်တုန်းဟူသော အကွပ်ရှိသော၊ ဝါ- တနည်း၊ ခုရောရသဒိသ ပရိယန္တေန - သင်တုန်းသွားနှင့်တူသော အဆုံးအပိုင်းအခြားရှိသော၊ (“စက္ကေန-စက်လက်နက်ဖြင့်” ဟူသော ပါဠိတော်၌စပ်)၊ ကေ မံသခလံတိ - ကား၊ ကေံ – တခုတည်းသော၊ မံသရာသိ ံ – အသားစုကို၊ (“စေပိ ကရေယျ” ဟူသော ပါဠိတော်၌စပ်)၊ ပုဥ္ဇံတိ- ပုဥ္ဇံ ဟူသော သဒ္ဒါသည်၊ တသေဝ-ထို ခလသဒ္ဒါ၏ပင်၊ ဝေဝစနံ- ဝေဝုစ်ပရိယာယ် စကားလွယ်တည်း၊ တတော နိဒါနံတိ-ကား၊ ကေမံသခလကရဏာနိဒါနံ– တခုတည်းသော အသားစုကို ပြုခြင်းဟူသော အကြောင်းရှိသော၊ (“ပါပံ” ဟူသော ပါဠိတော်၌စပ်)။

ဒက္ခိဏာန္တိ-ကား၊ ဒက္ခိဏာတိရေ–ဂင်္ဂါမြစ်၏ တောင်ဘက်ကမ်း၌၊ မနုဿာ-တို့သည်၊ ကက္ခဠာ – ခက်ထန်ကုန်သည်၊ ဒါရုဏာ – ကြမ်းကြုတ်ကုန်သည်၊ (ဟောန္တိ)၊ တေ – ထို တောင်ဘက်ကမ်း၌နေသော လူတို့ကို၊ သန္ဓာယ - ၍၊ ဟနန္တော်တိအာဒိ ံ - အစရှိသောစကားကို၊ အာဟ၊ ဥတ္တရတိရေ - ဂင်္ဂါမြစ်၏ မြောက်ဘက်ကမ်း၌၊ (မနုဿာ – တို့သည်၊) သဒ္ဓါ - သဒ္ဓါတရားရှိကုန်သည်၊ ပသန္နာ – ရတနာ ာ ပါး၌ ကြည်ညိုကုန်သည်၊ ဗုဒ္ဓမာမကာ - ဘုရားဟူသော ကိုယ်ဥစ္စာရှိကုန်သည်၊ ဝါ – ဘုရားကို မြတ်နိုးကုန်သည်၊ ဓမ္မမာမကာ, သံဃ

× × × × × × ×

ခုရပရိယန္တေန ။ ။ ပါဠိတော်၌ “ ခုရပရိယန္တေန စေပိ စက္ကေန ” ဟု ရှိ၏၊ “စက်ဘီး(လှည်းဘီး)၏ အဆုံး အပိုင်းအခြား” ဟူသည် “နေမိ” ဟူသော အကွပ်တကူတည်း၊ ထို့ကြောင့် ပရိယန္တကို “ နေမိ ” ဟု ဖွင့်သည်၊ ခုရော + ပရိယန္တော ယသာတိ ခုရပရိယန္တံ၊ (စက္ကံ)၊ ဤအလို “ သင်တုန်းတည်းဟူသော အကွပ်တကူရှိသော ” ဟု ပေးပါ။ [ခုရနေမိနာတိ – နိသိတခုရမယနေမိနာ (သွေးအပ်ပြီးသော သင်တုန်းတည်းဟူသော အကွပ်တကူရှိသော)၊– ဋီကာ။]

ခုရ၊ပေ၊ပရိယန္တေန ဝါ။ ။ခုရအရ “သင်တုန်းကိုမယူဘဲ သင်တုန်းသွားကဲ့သို့ ထက်လွန်သော အရာဝတ္ထုကိုယူပါ” ဟု သိစေလို၍ “ခုရောရသဒိသ” ဟု တနည်းဖွင့်သည်၊ ဤအလို “သင်တုန်းသွားနှင့်တူသော အဆုံးအပိုင်းအခြားရှိသော” ဟု ပေးပါ။ [“စက္ကံ” ဟု နပုလိုန်ရှိ၏၊ ဤနေရာ၌ စက်ဘီးပုံသဏ္ဌာန်ရှိသော စစ်လက်နက်တမျိုးကို “စက္က”ဟု ခေါ်သည်၊ “ထိုလက်နက်၏ အဆုံးဖြစ်သော အကွပ်တကူနေရာ၌ သင်တုန်းကဲ့သို့ ထက်နေသည်” ဟူလို။]

တတော နိဒါနံ။ ။ပါဠိတော်ရှေ့နား၌ “ကေံ မံသခလံ ၊ပေ၊ ကရေယျ”ဟု ရှိခဲ့သောကြောင့် တတော၏စွဲနက်ကို “ ကေမံသခလ ကရဏာ ” ဟု ညွှန်ပြသည်၊ ဝိဂြိုဟ်မှာ “ တတော + နိဒါနံ် ယသာတိ တတော နိဒါနံ် ” ဟု ပြု၍ ပါဠိကို အရကောက်ပါ၊ (တနည်း) ကမ္မဓာရဲသမာသ်ပြု၍ “ထို တခုသောအသားစုကို ပြုခြင်းဟူသောအကြောင်းကြောင့်” ဟုလည်း ပေးနိုင်၏၊ တတော၌ တော ပစ္စည်းသည် နိဒါနံ်နှင့် အရတူအောင် ပဉ္စမာအနက်၌ သက်၍ (တနည်း– ပဉ္စမာဝိဘတ်ကို တောပြု၍) ထို တော ပစ္စည်းမကြေသော အလုတ္တသမာသ်တည်း။

မာမကာ, ဟောန္တီ။ [အချို့စာအုပ်၌ "သတ္တာ" ဟု ရှိ၏ မကောင်း၊ သတ္တာအားလုံးကို မရ, လူကိုသာရသည်၊ ထို့ကြောင့် ရှေက "မနုဿာ"ပုဒ်ကို လိုက်စေရသည်] တေ - ထို မြောက်ဘက်ကမ်းခြေနေသော လူတို့ကို၊ သန္ဓာယ - ၍၊ ဒဒန္တောတိအာဒိ - အစရှိသောစကားကို၊ အာဟ။ [ဗုဒ္ဓမာမကာစသော ပုဒ်တို့၏ ရှင်ပြုပုံကို ပါရာဇိကဏ် ဘာသာဋီကာ ဝေရဉ္ဇကဏ္ဍာအဖွင့်၌ ပြခဲ့ပြီ။]

တတ္ထ-ထို ဒဒန္တော အစရှိသောပါဠိ၌၊ ယဇန္တောတိ-ကား၊ မဟာယာဂံ-ယဇ်ကြီးကို၊ ကရောန္တော - ပြုလျက်၊ ("ဂစ္ဆယျ" ဟူသော ပါဠိတော်၌စပ်)၊ ဒမေနာတိ- ကား၊ ဣန္ဒြိယဒမေန - စက္ခုစသော ဣန္ဒြေတို့ကို ဆုံးမခြင်းကြောင့်၎င်း၊ ဝါ-တနည်း၊ ဥပေါသထကမ္မေန-ဥပုသ်စောင့်သုံးမှုကြောင့်၎င်း၊ သံယမေနာတိ-ကား သီလသံယမေန-သီလကို စောင့်စည်းခြင်းကြောင့်၎င်း၊ သစ္စဝဇ္ဇေနာတိ-ကား၊ သစ္စဝစနေန - မှန်ကန်သော စကားကြောင့်၎င်း၊ အာဂမောတိ-ကား၊ အာဂမနံ-လာခြင်းသည်၊ ပဝတ္တိ-ဖြစ်ခြင်းသည်၊ ("နတ္ထိ" ဟု ပါဠိတော်၌စပ်)၊ ဣတိ အတ္ထော၊ သဗ္ဗထာပိ- အလုံးစုံသော အပြားအားဖြင့်လည်း၊ ပါပ

× × × × × × ×

ဒမေန။ ။"ဒမနံ ဒမော" ဟု ပြုလျှင် စက္ခုစသော ဣန္ဒြေတို့ကို ဆုံးမခြင်းရ၏၊ "ဒမတိ ဧတေနာတိ ဒမော"ဟု ပြုလျှင် စက္ခုစသော ဣန္ဒြေတို့ကို ဆုံးမကြောင်းဖြစ်သော ဥပုသ်စောင့်သုံးမှုရ၏၊ ထို့ကြောင့် ၂ နည်းဖွင့်သည်။

သံယမေန။ ။သံယမနံ - စောင့်စည်းခြင်း၊ သံယမော - ခြင်း၊ ကိုယ်နှင့်နှုတ်ကို စောင့်စည်းခြင်းတည်း၊ ထို့ကြောင့် "သီလ သံယမေန"ဟု ဖွင့်သည်။ [ဥပုသ်စောင့်ခြင်းလည်း သီလပင်ဖြစ်၏၊ ထို့ကြောင့် ဥပုသ်သီလမှ တပါးသော (ဥပုသ်မစောင့်ဘဲ ကျင့်ရသော) ငါးပါးသီလ အာဇီဝဋ္ဌမကသီလ စသည်ကို " သံယမ " အရ ယူပါ၊ သီလသံယမေနာတိ တဒညေန ကာယိကဝါစသိက သံဝရေန၊-ဋီကာသစ်။]

သစ္စဝဇ္ဇေန။ ။ဝဇ္ဇတေ (ဝဒီယတေ) - ပြောဆိုအပ်၏၊ ဣတိ ဝစ်ဓာ၊ သစ္စံ + ဝစ်ဓံ သစ္စဝစ်ဓံ-မှန်ကန်သောစကား၊ ၌ သစ္စဝဇ္ဇကို သီးခြားထုတ်၍ ပြခြင်းသည် လူအများက အလွန် လေးစားအပ်သော ကောင်းမှုဟု သမုတ်ထားသောကြောင့်တည်း၊ ထို သစ္စဝဇ္ဇ ကောင်းမှုကြောင့်လည်း "ပုည" မဖြစ်ဟု ပယ်သည်၊ မှန်၏- အကုသိုလ်တို့တွင် မုသားသည် အရေးအကြီးဆုံး ဖြစ်သကဲ့သို့ (မုသားပြောတတ်သူသည် မည်သည့် မကောင်းမှုမဆို ပြုတတ်သကဲ့သို့) ကောင်းမှုတို့တွင်လည်း သစ္စဝါစာသည် အလေးအပြုအပ်ဆုံး ကောင်းမှုဖြစ်ရကား သစ္စာဆိုမှုကြောင့် အကျိုးအမြတ်များစွာ ခံစားကြရဘူးလေသည်။

ပဝတ္တိ။ ။"အာဂမနံ - လာခြင်း" ဟူသည် တနေရာမှ ပြောင်းရွှေ့၍လာခြင်းမဟုတ်, ပြုသူ၏သန္တာန်၌ ဖြစ်ခြင်းတည်း၊ " နောင်ခါ အကျိုးပေးဘို့ရန် " ထိုကဲ့သို့ ဖြစ်ခြင်းမရှိပါ- ဟူလို။

သဗ္ဗထာပိ၊ပေ၊ပဋိကွိပတိ။ ။"ကရောတော" စသည်ဖြင့် ဆိုအပ်ခဲ့သောစကားအားလုံးကို "သဗ္ဗထာပိ"ဟု ဆိုသည်၊ ထိုစကားအားလုံးဖြင့် ပုညပါပ၏ ပြုရာရောံခြင်းကိုသာ ပယ်၏၊ ကြွယမေဝဉ္စ စေဖြင့် " ရှင်ဘုရင်မေးအပ်သော သန္ဒိဋ္ဌိကသာမညဖလ

ပုညာနံ – မကောင်းမှု ကောင်းမှုတို့၏၊ ကြိုယမေဝ - ပြုအပ်ကုန်သည်၏အဖြစ်
ကိုသာ၊ (ဘာဝပ္ပဓာန ဘာဝလောပကြံ)၊ (တနည်း) ပါပပုညာနံ - တို့ကို၊
ကြိုယမေဝ–ပြုခြင်းကိုသာ၊ ဝါ- ပြုရာရောက်ခြင်းကိုသာ၊ ပဋိက္ခိပတိ- ပယ်၏။

ယော–အကြင်သူသည်၊ (“ဗျာကရောတိ”၌ စပ်)၊ အမ္မော- သရက်ပင်ကို၊
ကိဒိသော-အဘယ်ကဲ့သို့ရှိအပ်ပါသနည်း၊ ဇာတိဝါ-ဤသို့သော်ငင်း၊ အမ္မသ-
သရက်ပင်၏၊ ခန္ဓ၊ပေ၊ဖလာနိ- ပင်စည်, အရွက်, အပွင့်, အသီးတို့ကို၊ ကိဒိသာ
နိ-ကုန်သနည်း၊ ဇာတိဝါ–သော်ငင်း၊ ဝုတ္တော-ပြောဆိုအပ်သော်၊ ဝါ–မေးအပ်
သော်၊ လဗုဇော - တောင်ပိန္ဒုပင်ကို၊ ဒေဿော - ဤကဲ့သို့ ရှိအပ်၏၊ ဇာတိဝါ–
သော်ငင်း၊ လဗုဇဿ-၏၊ ခန္ဓ၊ပေ၊ဖလာနိ-တို့ကို၊ ဒေဿာနိ–ကုန်၏၊ ဇာတိဝါ-
သော်ငင်း၊ ဗျာကရောတိ – ဖြေဆို၏၊ သော - ထိုသူသည်၊ အမ္ဗံပုဋ္ဌော လဗုဇံ
ဗျာကရောတိနာမ–အမ္ဗံ၊ပေ၊ဗျာကရောတိ မည်၏၊ ဝါ- သရက်ပင်ကို မေးအပ်
ပါလျက် တောင်ပိန္ဒုပင်ကို ဖြေဆိုသူ မည်၏။ [လဗုဇ- တောင်ပိန္ဒုပင်ကို တချို့
အရပ်၌ “တောင်ပိန်း” ဟုငင်း “ပေါင်ပင်” ဟုငင်း ခေါ်ကြသတတ်၊ ပိန္ဒုပင်
နှင့်တူသည်ဟု ဆိုသည်။]

ဝိဇိတေတိ- ကား၊ အာဏာပဝတ္တိဒေသေ – အာဏာဖြစ်ရာအရပ်၌၊ ဝ်-
အာဏာနှံ့ရာအရပ်၌၊ အပသာဒေတဗ္ဗံတိ-ကား၊ ဝိဟေဌေတဗ္ဗံ-ညှဉ်းဆဲထိုက်
၏ဟူ၍၊(“မညေယျ–မှတ်ထင်ရာအံ့နည်း”ဟု ပါဠိတော်၌စပ်)၊ အနဘိနန္ဒိတ္ဝာ

× × × × × × ×

ကိုတော့ မဖြေပါ” ဟု ပြသည်၊ မှန်၏– ကြိုယမေဝ၌ ဝေသဒ္ဒါဖြင့် ပါပပုညာ၏ ဝိပါက
ကို တမင််လာ ကန့်မြစ်ဘွယ်မလို၊ ဘာ့ကြောင့်နည်း– ပါပပုညာ (မကောင်းမှု ကောင်း
မှုကံ)ကို ပယ်လိုက်လျှင် ထိုကံ၏ အကျိုးကိုလည်း ပယ်ပြီး ဖြစ်သောကြောင့်တည်း၊
ထို့ကြောင့်“ကမ္မံ ပဋိဗာဟန္တွေနဒါ ဝိပါကော ပဋိဗာဟိတော ဟောတိ”ဟု အဋ္ဌကထာ
မိန့်လိမ့်မည်။

ဝိဇိတေ။ ။[ဝိ + ဇိတ။] ပဋိရာဇ္ဇဟို အနဘိဘဝနိယဘာဝေန – ရန်သူမင်းတို့
မလှုမ်းမိုးအပ် မလွှမ်းမိုးနိုင်သည်၏ အဖြစ်ကြောင့်၊ ဝိသေသတော – အထူးအားဖြင့်၊
ဇိတံ–အောင်အပ်ပြီးသော နိုင်ငံတည်း၊ ဝိဇိတံ –အထူး အောင်အပ်ပြီးသောနိုင်ငံ၊ ဤသို့
သဒ္ဒတ္ထဖြစ်၏၊ “အာဏာပဝတ္တိဒေသေ”ကား အဓိပ္ပါယတ္ထတည်း။

အပသာဒေတဗ္ဗံ။ ။သဒ္ဒဓာတ်သည် ဂတိအနက်ကို ဟော၏၊ ဏာပစ္စည်း တပ္ပစ္စည်းဖြင့် “အပသာဒေတဗ္ဗံ–ဖဿားစေထိုက်, နှင်ထုတ်ထိုက်”ဟု သဒ္ဒတ္ထဖြစ်၏၊ ထိုသို့
နှင်ထုတ်ခြင်းသည် ညှဉ်းဆဲရာရောက်သောကြောင့် “ဝိဟေဌေတဗ္ဗံ” ဟု အဓိပ္ပါယတ္ထ
ဖွင့်သည်။ [မာ မယ္ဟံ ဝိဇိတေ ဝသာတိ အပသာဒနာ ပဗ္ဗဇိတသ ဝိဟေဌနာ ပဗ္ဗာဇနာ
(နှင်ထုတ်ခြင်း)၊ ဇာတိ ကတ္ဟာ ဝုတ္တံ အပသာဒေတဗ္ဗန္တိ ဝိဟေဌေတဗ္ဗံတိ၊–ဋီကာ။]
ထို့ပြင်– ဝိမိနိုင်ငံ၌ နေထိုင်သူတို့ကို မိမိစိတ်နှင့် မတိုက်ဆိုင်သော်လည်း မညှဉ်းဆဲဘဲ,
နှင်၍လည်းမထုတ်ဘဲ သည်းခံ၍ နေနိုင်ခြင်းသည် အာဏာရှိသူတို့အတွက် အတုယူဘွယ်
ကောင်းသော အမူအရာပေတည်း။

တိ-ကား။ သးဓ သာဓုတိ-သာဓု သာဓုဟ္၍၊ ဧဝံ-ဤသို့၊ ပသံသံ- ချီးမွမ်းမှုကို၊ အကတွာ- မပြုမူ၍၊ အပ္ပဋိက္ကောသိတွာတိ- ကား၊ ဗာလ – ဟဲ့ အမိုက်ကောင်၊ တယာ-သင်သည်၊ ဒုဿာသိတံ– မကောင်းသဖြင့် ပြောဆိုအပ်သည် မည်လေ့ အောင်၊ (ကြိယာဝိသေသန)၊ ဝါ- မကောင်းသဖြင့် ပြောဆိုအပ်သောစကား ကို၊ ဘာသိတံ-ပြောဆိုအပ်ပြီ၊ ဣတိဧဝံ-ဤသို့၊ အပ္ပဋိဗာဟိတွာ-မတားမြစ်မူ၍။

အနုဂ္ဂဏှန္တောတိ- ကား၊ သာရတော- အမြတ်အားဖြင့်၊ ဝါ- အနှစ်အား ဖြင့်၊ အဂ္ဂဏှန္တော-မယူဘဲ၊ အနိကုဇ္ဇန္တောတိ-ကား၊ သာရဝသေနဝ-အမြတ် ၏အဖြစ်ဖြင့်ပင်၊ ဝါ–အနှစ်၏အဖြစ်ဖြင့်ပင်၊ (“အတ္ထပေန္တော”ဌိစပ်)၊ ဣဒံ– ဤစကားသည်၊ နိဿရဏံ- ဝဋ်ဒုက္ခမှ ထွက်မြောက်ကြောင်းတည်း၊ အယံ–ဤ အနက်သည်၊ ပရမတ္ထော – မဖေါက်မပြန် မှန်ကန်ကောင်းမြတ်သော အနက် တည်း၊ ဣတိ – ဤသို့၊ ဟဒယေ - စိတ်နှလုံး၌၊ အတ္ထပေန္တော – မထားဘဲ၊

× × × × × × ×

အနာဘိနန္ဒိတွာ အပ္ပဋိက္ကောသိတွာ။ ။ တချို့ပုဂ္ဂိုလ်များသည် ပြောအပ်သော စကားကို မကောင်းမှန်း သိသော်လည်း မိမိကို ထောက်ခံဘော်ရအောင် ဟန်လုပ်၍ ချီးမွမ်းတတ်ကြသေး၏၊ မိမိသဘောမကျသောစကားကို ပြောလျှင်လည်း တားမြစ်တတ် ကြသေး၏၊ ဤရှင်ဘုရင်ကား ထိုကဲ့သို့ ချီးမွမ်းမှုကိုလည်း မပြု , ကန့်ကွက်မှုကိုလည်း မပြုဘဲ သူ၏စကားကိုသာ စိတ်၌မှတ်ထား၍ ပြန်သွားလေသည်။ [ဤ၌လည်း အဋ္ဌာ ရှိသူတို့အတွက် အလွန် အတုယူဘွယ်ကောင်းပါပေသည်။]

အနုဂ္ဂဏှန္တော။ ။ ထို တိတ္ထိဆရာကြီးပြောအပ်သော အနက်အဓိပ္ပါယ်ကို “ဤ အကြောင်းအရာသည် ဤဆရာကြီးပြောသည့်အတိုင်း အမှန်ပင်ဖြစ်၏” ဟု စိတ်ဖြင့် ဆောင်ထားခြင်း မှတ်သားခြင်းသည် ဥဂ္ဂဏှန မည်၏၊ ထိုသို့မှတ်သားခြင်းကို ပယ်လို သောကြောင့် “ အနုဂ္ဂဏှန္တော ”ဟု ဆိုသည်၊ ထို့ကြောင့်ပင် “ သာရတော အဂ္ဂဏှ န္တော”ဟု ဖွင့်သည်။

အနိကုဇ္ဇန္တော။ ။ နိပုဗ္ဗ ကုဇ္ဇဓာတ်သည် ဒိဋ္ဌိမျက်နှာဝကို မှောက်ထားခြင်း အနက်ဟောတည်း၊ ထို မှောက်ထားပုံကဲ့သို့ ထိုအနက်အဓိပ္ပါယ်ကို ကြာရှည်စွာ မပျော် မပျက်အောင် စိတ်၌မှတ်ထားခြင်းကို“နိကုဇ္ဇ”ဟု ခေါ်၏၊ ထိုသို့မှတ်သားထားခြင်းကို ပယ်လိုသောကြောင့်“အနိကုဇ္ဇန္တော”ဟု ဆိုသည်၊ ထို့ကြောင့်ပင်“သာရဝသေန၊ပေ၊ အတ္ထပေန္တော”ဟု ဖွင့်သည်။

သာရဝသေနဝ။ ။“သာရော ဗလေ ထိရံသေစ,ဥတ္တမေ သော တိလိဂိကော”၊- အဘိဓာန်(၉၃၃)နှင့်အညီ ဤနေရာ၌ သာရသဒ္ဒါသည် ဥတ္တမအနက်, ထိရံသ(ခိုင်မြဲ သော အဖို့)ဟူသော အနှစ်အနက်ကိုဟော၏၊ ထို့ကြောင့်“ဥတ္တမဝသေနဝ”ဟုဋ္ဌး “အဝိတထတ္တာ ဝါ ပရေဟိ အနုစ္စာလိတော ထိရဘူတော အတ္ထော(မလှုပ်ရှားစေအပ် သော ခိုင်မြဲသောအနက်ကို) အဖေဂ္ဂုဘာဝေန (အကာ မပါသည့်အတွက်) သာရောတိ ဝုစ္စတိ ” ဟု ဋီကာသစ် ဖွင့်သည်။ [နိဿရဏံတိ ဝဋ္ဋတော နိယျာနံ၊ ပရမတ္ထောတိ အဝိပရီတတ္ထော၊ ဥတ္တမသဒ္ဒေါ ဉာဏသဒ္ဒေါ အာရမဏဘူတော အတ္ထော၊–ဋီကာသစ်။]

(“အပက္ကမိ”ဟူသော ပါဠိတော် ၌စပ်)၊ ပန- ဆဲက်၊ ဗျဉ္ဇနံ-သဒ္ဒါကို၊ ဝါ– ပူရဏာဆရာကြီးပြောအပ်သော စကားအစဉ်ကို၊ တေန – ထိုမင်းသည်၊ ဥဂ္ဂဟိတဗ္ဗ–မှတ်ယူလည်း မှတ်ယူအပ်သည်သာ၊ နိက္ခိုတဗ္ဗ-စိတ်၌လည်း ထားအပ်သည်သာ။

× × × × × × ×

ဗျဉ္ဇနံ ပန၊ပေ၊နိက္ခိုတဗ္ဗ ။ ။ တိတ္ထိဆရာကြီးပြောအပ်သော အနက်အဓိပ္ပါယ်ကို မမှတ်သားခဲ့, အမြတ်တနိုးအားဖြင့် ဆောင်၍မထားခဲ့သော်လည်း သူပြောဟောအပ်သော “ကရောတော ကာရယတော” စသော သဒ္ဒါကိုကား ထိုအချိန်တုန်းက မှတ်ယူခဲ့, စိတ်ထည်း၌မမေ့အောင် ဆောင်ထားခဲ့သည်သာ၊ ထိုသို့ ဆောင်ထားခဲ့သော ကြောင့်ပင် ဘုရားရှင်အား ပြန်၍ လျှောက်နိုင်ခြင်းဖြစ်သည်။ [ကုဇ္ဇဓာတ် ကလည်း ဒွေဘော်မလို, နိကလည်း “နိ”စသည်မှလာသော နိ မဟုတ်သောကြောင့် ဒွေဘော်မလို၊ ထို့ကြောင့် “နိကုဇ္ဇ”ဟု ရှိပါစေ၊ သက္ကတ၌ “နိကုဇ္ဈ”ဟု ရှိသည်။]

ပူရဏကဿပဝါဒ အဖွင့်ပြီး၏။

မက္ခလိဂေါသာလဝါဒ အဖွင့်

မက္ခလိဝါဒေ-မက္ခလိဝါဒ၌၊ (အတ္ထော ဧဝံ ဝေဒိတဗ္ဗော)၊ ပစ္စယောတိ– ပစ္စယောဟူသော သဒ္ဒါသည်၊ ဟေတုဝေါစနမေဝ – ဟေတုသဒ္ဒါ၏ ဝေါဝုစ် ပရိယာယ် စကားလှယ်သာတည်း၊ ဥဘယေနာပိ- ဟေတုပစ္စယကိုပယ်ကြောင်း စကား ၂ ရပ်ဖြင့်လည်း၊ (နတ္ထိဟေတု, နတ္ထိ ပစ္စယောဟူသော စကား ၂ ရပ်ဖြင့်

× × × × × × ×

ပစ္စယော၊ပေ၊မေဝ။ ။ပါဠိတော်၌“နတ္ထိ မဟာရာဇ ဟေတု, နတ္ထိ ပစ္စယော” ဟု ရှိ၏၊ တချို့ အခြားနေရာ၌ ဟေတုကို ဇနကအကြောင်း ပစ္စယောကို ဥပတ္ထမ္ဘကအကြောင်းဟု ခွဲ၏၊ ဤ၌လည်း ထိုသို့ ခွဲရမည်လောဟု မေးဘွယ်ရှိသောကြောင့် “ပစ္စယောတိ ဟေတုဝေါစနမေဝ” ဟု မိန့်သည်၊ “ထိုသို့ မခွဲရပါ, ဝေါဝုစ် ပရိယာယ်သာ ဖြစ်ပါသည်”ဟူလို။

မူကွဲ။ ။“ပစ္စယော+ဟေတုဝေါစနမေဝ” ဟု ဇာတိသဒ္ဒါ မပါသော မူလည်း ရှိ၏၊ အဓိပ္ပါယ်အတူပင်တည်း၊ “ပစ္စယော–ပစ္စယသဒ္ဒါသည်”ဟု ပေးပါ၊ “ပစ္စယော ဟေတူတိ ဝေါစနမေဝ”ဟုလည်း ပါဌ်ရှိ၏၊ ပါဠိတော်၌ ဟေတုပုဒ်က ရှေ့,ပစ္စယော ပုဒ်က နောက်ရှိသောကြောင့် ထို ပါဌ်မှာ အဖျက်သာတည်း။

ဥဘယေနာပိ။ ။ဥဘယအရ ရှေ့၌ဆိုအပ်ပြီးသော ဟေတု, ပစ္စယ ၂ ပုဒ်မျှကိုသာ ယူစရာရှိ၏၊ ထိုသို့ယူလျှင်“ဥဘယေနာပိ....ပဋိက္ခိပတိ”ဟူသောစကားအရ ထိုဟေတု ပစ္စယ ၂ ပုဒ်မျှဖြင့် ပယ်ခြင်းအနက်ကို မဟောနိုင်ရကား အဓိပ္ပါယ်မသင့်တော့၊ထို့ကြောင့် “ဥဘယေန”အရ“နတ္ထိ ဟေတု, နတ္ထိ ပစ္စယော”ဟူသော စကား ၂ ရပ်ကိုယူမှ“ဟေတု ပစ္စယကို ပယ်သော စကား”ဟု အဓိပ္ပါယ်ရသည်၊ ထို့ကြောင့်“ဥဘယေနာတိ ဟေတု ပစ္စယ ပတိသေဓဝစနေန”ဟု ဋီကာဖွင့်သည်။

လည်း)၊ ဝိဇ္ဇမာနမေဝ-ထင်ရှားရှိသည်သာလျှင်ဖြစ်သော၊ ကာယဒုစ္စရိတာဒီနံ-ကာယဒုစရိုက်အစရှိသည်တို့၏၊ သံကိလေသပစ္စယံ-ညစ်နွမ်းခြင်း၏အကြောင်းကိုဂုင်း၊ ကာယသုစရိတာဒီနံ-ကာယသုစရိုက်အစရှိသည်တို့၏၊ ဝိသုဒ္ဓိပစ္စယံစ-စင်ကြယ်ခြင်း၏ အကြောင်းကိုဂုင်း၊ ပဋိက္ခိပတိ–ပယ်၏။

အတ္တကာရေတိ-ကား၊ အတ္တကာရော-မိမိကိုယ်တိုင်ပြုအပ်သော ကောင်းမှုသည်၊(“နတ္ထိ” ဟူသော ပါဠိတော်၌စပ်)၊ အတ္တနာ – မိမိသည်၊ ယေနကတကမ္မေန–အကြင် ပြုအပ်သော ကံကြောင့်၊ ဣမေသတ္တာ-တို့သည်၊ ဒေဝတ္တံပိ-နတ်၏ အဖြစ်သို့ဂုင်း၊ မာရတ္တံပိ-မာရ်နတ်၏ အဖြစ်သို့ဂုင်း၊ ဗြဟ္မတ္တံပိ-ဗြဟ္မာ၏ အဖြစ်သို့ဂုင်း၊ သာဝကဗောဓိံ-သာဝကဗောဓိဉာဏ်သို့ဂုင်း၊ ပစ္စေကဗောဓိံပိ–ပစ္စေကဗောဓိ ဉာဏ်သို့ဂုင်း၊ သဗ္ဗညုတံပိ- သဗ္ဗညုတာ ဉာဏ်သို့ဂုင်း၊ ပါပုဏာန္တိ–ရောက်ကြရကုန်၏၊ တံပိ – ထိုကံကိုလည်း၊ ပဋိက္ခိပတိ – ၏။ [ကံကို ပယ်လျှင် ထိုကံ၏ အကျိုးကိုလည်း ပယ်ရာရောက်တော့၏။]

ဒုတိယပဒေန–ပရကာရေ ဟူသော ဒုတိယပုဒ်ဖြင့်၊ (ပဋိက္ခိပတိ၌စပ်)၊ ပရဿ–သူတပါး၏၊ ဩဝါဒါနုသာသနိံ – ရှေးဥုးစွာ ဆုံးမခြင်း, အဖန်ဖန်သွန်သင်ခြင်း ဟူသော၊ ယံ ပရကာရံ– အကြင် သူတပါးသည် ပြုအပ်သော

× × × × × × ×

ဝိဇ္ဇမာနမေဝ။ ။လောက၌ ပါဏာတိပါတစသော ဒုစရိုက်တို့၏ သံကိလေသ (ညစ်နွမ်းခြင်း၏) အကြောင်း ဖြစ်ပုံ, ပါဏာတိပါတ ဝိရတိ စသော သုစရိုက်တို့၏ ဝေါဒါန (ဖြူစင်ခြင်း၏) အကြောင်း ဖြစ်ပုံသည် မျက်မြင်အားဖြင့် ထင်ရှားပါလျက် “ထိုအကြောင်းများ မရှိ–ဟု ပယ်ခြင်း၌ ထိုဆရာကြီး၏ အညာဏ(မောဟ)သည်ပင် အကြောင်းဖြစ်တော့၏”ဟူသောအနက်ကို ဝိဇ္ဇမာနမေဝပါဒ်ဖြင့် သွယ်ဝိုက်၍ပြသည်။

အတ္တကာရေ။ ။“အတ္တကာရော” ဟု ဖွင့်သောကြောင့် “ကွစဝါ” ဟူသော မောဂ္ဂလ္လာန် ၂-ကဏ္ဍ ၁၁၀ သုတ်ဖြင့် ပြေထားသည်ဟု သိပါ၊ ရတနသုတ်၌လာသော “ဝနပ္ပဂုမ္မေ ယထာ ဖုသိတဂ္ဂေ”ပုဒ်မျိုးတည်း၊ သဒ္ဒနီတိ၌လည်း“တိလိဂ်တော ဌာနေ သိယောနမေ”ဟု သုတ်ရှိသည်။ [အတ္တနာ– သည်+ကာရော– ပြုအပ်သော ကောင်းမှုတည်း၊ အတ္တကာရော-မှု၊ ပရကာရေ၌လည်း နည်းတူ။]

ပရကာရေ။ ။ထို ပရကာရဟူသည် သူတပါးတို့၏ ဩဝါဒအနုသာသနီတည်း၊ ထို့ကြောင့်“ယံ ပရကာရံ ဩဝါဒါနုသာသနိံ”ဟု ဆိုသည်၊ ဤ၌ ဩဝါဒ အနုသာသနီကို ပရကာရအတွက် ပြခြင်းသည် ဥပလက္ခဏ (မှတ်သားရုံ) ဉဒါဟရဏ်သာတည်း၊ အချုပ်မှာ–သူတပါး၏ အကုအညီ အထောက်အပံ့ဟူသမျှသည် ပရကာရချည်းတည်း။ [ပရကာရော့စ နာမ ပရဿ ဝါဟသာ (သူတပါး၏ အစွမ်းကြောင့်) ဇဋ္ဌနက ပယောဂေါ(မိမိမှာ ပြီးစီးသော ပယောဂတည်း)။.... ဩဝါဒဘူတံ အနုသာသနိံ၊ [ဤအလို ဩဝါဒနှင့် အနုသာသနီ တူ၏။] ပဌမံဝါ ဩဝါဒေါ, ပစ္ဆာ အနုသာသနီ (ပဌမ အဆုံးအမကို ဩဝါဒ ဟု ခေါ်၍, နောက်ထပ် သွန်သင်မှုကို အနုသာသနီ ဟု ခေါ်၏)၊–ဋီကာသစ်။]

အမှုကို၊ နိဿာယ-မှီ၍၊ မဟာသတ္တံ- မြတ်သောသတ္တဝါကို၊ ဝါ-ဘုရားလောင်းကို၊ ထပေတ္ဝာ-ထား၍၊ အဝသေသော-ဘုရားလောင်းမှ ကြွင်းသော၊ ဇနော-လူအပေါင်းသည်၊ မနုဿသောဘဂျတံ– လူတို့၌ ဖုန်းရိသူ၏ အဖြစ်ကို၊ ဝါ– လူတို့၌ တင့်တယ်ခြင်းကို၊ အာဒိံ ကတ္ဝာ—အစပြု၍၊ ယာဝအရဟတ္တံ-အရဟတ္တဖိုလ်တိုင်အောင်သော အကျိုးသို့၊ ပါပုဏာတိ- ရောက်ရ၏၊ တံ ပရကာရံ- ထိုသူတပါးတို့သည် ပြုအပ်သော အမှုကို၊ ပဋိကွိပတိ–၏၊ ဧဝံ- ဤသို့၊ ဝါ–ဤဆိုအပ်ပြီးသော ကမ္မဝါဒ ကြိယဝါဒကို ပယ်ခြင်းဖြင့်၊ အယံ ဗာလော – ဤအမိုက်သည်၊ ဇိနစက္ကေ-မြတ်စွာဘုရား၏ အဆုံးအမတော်ဖြစ်သော အာဏာစက်၌၊ ပဟာရံ-ကို၊ ဒေတိနာမ—ပေးသည်မည်၏၊ ဝါ– ပေးရာရောက်၏။

နတ္ထိ ပုရိသကာရေတိ-ပါဌ်ဖြင့်၊(ပဋိကွိပတိ၌စပ်)၊ယေန ပုရိသကာရေန-အကြင်ယောက်ျား၏ ပြုအပ်သော လုလ္လကြောင့်၊ သတ္တာ , ဝုတ္တပ္ပကာရာ – ဆိုအပ်ပြီးသော အပြားရှိကုန်သော၊ သမ္ပတ္တိယော–ဒေဝတ္တ မနုဿသောဘဂျ

× × × × × × ×

ထပေတ္ဝာ မဟာသတ္တံ။ ။နောက်ဆုံးဘဝ၌ ဘုရားအလောင်း၏ လောကုတ္တရာအကျိုးရမှု၌ တပါးသော ဆရာ့အကူအညီ မရှိသောကြောင့် လောကုတ္တရာ တရားကို ရည်ရွယ်၍ "ထပေတ္ဝာ မဟာသတ္တံ" ဟု ဆိုသည်၊ လောကီ ဈာန်တရား အတွက်ကား အာဠာရ – ဥဒကဆရာတို့၏ အကူအညီကို ခံရပါသေးသည်၊ ထို့ပြင် – ပစ္ဆေကဗုဒ္ဓါ အလောင်းများလည်း နောက်ဆုံးဘဝ၌ လောကုတ္တရာ တရားရဘို့အတွက် ပရကာရအမှီ မလိုသောကြောင့် ပစ္ဆေကဗောဓိ သတ္တာကိုလည်း "မဟာသတ္တာ" အရ၌ သွင်းယူပါ။

မနုဿသောဘဂျတံ ။ ။ ဘဂဿဒ္ဓါသည် ဇာသရိယစသော ဘုန်းကို ဟော၏၊ "သုန္ဒရော+ဘဂေါ ယဿာတိ သုဘဂေါ၊ သုဘဂဿ+ဘာဝေါ သောဘဂျံ၊ သောဘဂျံယေဝ သောဘဂျတာ" ဟု ပြု၍ တာပစ္စည်း အနက်မရှိကြောင်းပါ၊ ထို့ကြောင့် "မနုဿေသု သုဘဂဘာဝံ"ဟု ဋီကာဖွင့်သည်၊ ဆိုလိုရင်းမှာ လူတို့၌ ရာထူး , ဂဏ်သိက္ခာ , စည်းစိမ်, ရုပ်အဆင်းတို့နှင့် ပြည့်စုံခြင်းကို "မနုဿ သောဘဂျတာ"ဟု ဆိုလိုသည်။

ဧဝံ ပဟာရံ ဒေတိနာမ ။ ။[ဧဝံတိ ဝုတ္တပ္ပကာရေန ကမ္မဝါဒဿ ကိရိယဝါဒဿစ ပဋိက္ခိပနေန] "အတ္ထိ ဘိက္ခဝေ ကမ္မံ ကဏ္ဍံ ကဏ္ဍဝိပါကံ" စသည်ဖြင့် ကံနှင့်ကံအကျိုးကိုပြသော အဆုံးအမတော်ကို "ဇိနစက္က" ဟု ခေါ်၏၊ ဤဆရာကြီးကား ကံနှင့်ကံ၏ အကျိုးကို ပယ်သောကြောင့် ဘုရားရှင်၏ အာဏာတော် စက်ဘီးကို ဖျက်ဆီးရာရောက်၏၊ ဒေတိနာမဟု သဒ္ဒါသုပစာကို ပြသော နာမဿဒ္ဓါဖြင့် ဆိုသောကြောင့် "သူ၏နတ္ထိ ဟေတုစသည်ဖြင့် ပယ်ခြင်းသည် ဘုရားရှင်၏ အာဏာတော်စက်ကို ရိုက်ချိုးသည်နှင့် အတူပင်ဖြစ်သည်" ဟု ဆိုလိုသည်။ [ပစ္ဆိမကထံ ပဟာရဒါနသဒ္ဒါသံတိ အာဟ-ပဟာရံ ဒေတီနာမာတိ၊–ဋီကာ။]

ပုရိသကာရေ။ ။"ပုရိသဿ+ကာရော" ဟု ဆေးမနိဓိဂဂ္ဂဟပြု၏၊ယောက်ျား၏ ပြုအပ်သော လုလ္လကို "ပုရိသကာရ" ဟု ဆိုသည်၊ အတ္တကာရဖြစ်သော ကံကိုဂုဏ်း, ပရကာရဖြစ်သော သဝါဒအနုသာသနီ စသည်ကိုဂုဏ်း ပယ်ခဲ့ပြီး ဖြစ်ရကား "ကိုယ်စိ

တာ အစရှိသော စည်းစိမ်တို့သို့၊ ပါပုဏာန်္တ်–ရောက်ကြရကုန်၏။[ဒေဝတ္တံ ဒိတိ အာဒိနာမနုဿသောဘဂျတံတိ အာဒိနာစ ဝုတ္တပ္ပကာရာ။]တံဝိ-ထိုယောက်ျား၏ လုလ္လကိုလည်း၊ ပဋိက္ခိပတိ–၏။

နတ္ထိ ဗလံတိ-ပါဠိဖြင့်၊("ပဋိက္ခိပတိ"ဌဝစဝ်)၊အတ္တနော-မိမိ၏၊ ယမှိဗလေ-အကြင်အား၌၊ ပတိဋ္ဌတာ - တည်ကုန်သော၊ သတ္တာ - တို့သည်၊ ဝီရိယံ - ကို၊ ကတ္ဝာ-၍၊ တာသမ္ပတ္တိယော - ထို ဒေဝတ္တ မနုဿသောဘဂျတာ အစရှိသော စည်းစိမ်ဘို့သို့၊ ပါပုဏာန်္တ်–နှ်၏၊ တံဗလံ-ထို အားကို၊ ပဋိက္ခိပတိ-၏။

နတ္ထိဝီရိယံတိ အာဒီနိ-နတ္ထိဝိရိယံ အစရှိကုန်သော၊ သမ္ဘာနိ-အလုံးစုံသော ပုဒ်တို့သည်၊ ပုရိသကာရ ဝေဝစနာနေဝ – ပုရိသကာရ၏ ဝေဝုစ်ပရိယာယ်စကားလှယ်တို့သာတည်း၊ ပန – ထိုသို့ပင် ပုရိသကာရ၏ ဝေဝုစ်ပရိယာယ်စကားလှယ်ပုဒ်များ ဖြစ်ပါသော်လည်း၊ ဣဒံ- ဤအကျိုးသည်၊ နော-ငါတို့၏၊ ဝီရိယေန- ဝီရိယကြောင့်၊ ပဝတ္တံ-ဖြစ်၏၊ ဣဒံ- သည်၊(နော၊) ပုရိသထာမေန-ယောက်ျားတို့၏လုလ္လကြောင့်၊ ပဝတ္တံ– ဖြစ်၏၊ ဣဒံ– သည်၊ (နော– ငါတို့၏၊)

× × × × × × ×

ကိုယ်စီ ပြုအပ်သော ယောက်ျား၏ လုလ္လအကျိုးလည်း မရှိ''ဟု ပယ်ပြီးပင်ဖြစ်တော့၏၊ ကံ၏ အကျိုးမရှိလျှင် '' ထိုကံကို ပြုကြောင်း ဖြစ်သော လုလ္လ၏ အကျိုးမှာ မရှိ '' ဟု အထူးပြောဘွဲ့သဲ့ မလိုတော့-ဟူလို။ [ယထာဝုတ္တအတ္တကာရ ပရကာရာဘာဝတော ဧဝ သတ္တာနံ ပစ္စတ္တ ပုရိသကာရောနာမ (အသီးအသီး ပြုအပ်သော ယောက်ျား၏ လုလ္ဘ အကျိုးမည်သည်၊) ကောစိ နတ္ထိတိ အတ္ထော၊–ဋီကာ။]

နတ္ထိဗလံ။ ။ '' တသာတသာ ကြိယာယ ဉဿန္ဒွေန ဗလံ - ထိုထို အမှုအရာကြိယာ၏ များသည်၏ အဖြစ်ကြောင့် ဗလမည်၏''ဟု နောက်၌ ဋီကာဖွင့်လတံ့၊ ကိုယ်ဖြင့် လုပ်ရမည့်ကိစ္စ၌ ကိုယ်အမှုအရာ ကြိယာများလျှင် ''ကာယဗလ''ဟု ခေါ်၏၊ နှုတ်အပြောကောင်းလျှင်''ဝါစာဗလ''ဟု ခေါ်၏၊ ထိုထိုကိစ္စ၌ စိတ်ထက်သန်နေလျှင်''စိတ္တဗလ''ဟု ခေါ်၏၊ ပဉ်ကိုယ်က ကိုယ်အား ဉာဏ်အားရှိသော်လည်း ဝီရိယရှိဥုးမှ အကျိုးရနိုင်၏၊ ထို့ကြောင့် '' ယမှိ အတ္တနော ဗလေ ပတိဋ္ဌိတာ သတ္တာ ဝီရိယံ ကတ္ဝာ '' ဟု ဆိုသည်၊ မက္ခလိဆရာကြီးသည် ထိုကဲ့သို့သော ဗလကိုလည်း ပယ်၏၊ ထိုဗလ၌တည်၍ ဝီရိယပြုသော်လည်း အကျိုးမရနိုင်- ဟူလို။ [ဋီကာသစ်၌ကား '' ဗလနှင့် ဝီရိယ'' ကို အရတူဟု ဖွင့်လေ၏၊ စဉ်းစားပါ။]

တာသမ္ပတ္တိယော။ ။ဒေဝတ္တံ မနုဿသောဘဂျတာစသော ရှေ့၌ပြုအပ်ခဲ့သော သမ္ပတ္တိတို့ကို''တာသမ္ပတ္တိယော''ဟု ပြန်၍ ညွှန်းသည်၊ ဤသို့ မြ။စင်ခြင်းအဖို့၌ဖြစ်သော သမ္ပတ္တိ ရကြောင်း ဗလကို ပယ်ခြင်းသည် နိဒဿနနည်း သာတည်း၊ သံကိလေသိက (ညစ်နွမ်းကြောင်း) အဖို့၌ ဖြစ်သော ဗလကိုလည်း ထိုမက္ခလိ ဆရာ ပယ်သည်သာ၊ ထို့ကြောင့်''နတ္ထိ ဟေတု နတ္ထိ ပစ္စယော သတ္တာနံ သံကိလေသာယ''ဟု ပါဠိတော် ရှေ့နားခဲ့ ဆိုသည်။ [နိဒဿနမတ္တံ စေတံ ဝေါဒါနိယ ဗလဒဿနံ၊ သံကိလေသိကဿပိ ဗလဿ တေန (ထို မက္ခလိဆရာသည်) ပဋိက္ခိပနတော၊–ဋီကာသစ်။]

တာသမ္ပတ္တိယော။ ။ဒေဝတ္တံ မနုဿသောဘဂျတာစသော ရှေ့၌ပြုအပ်ခဲ့သော သမ္ပတ္တိတို့ကို''တာသမ္ပတ္တိယော''ဟု ပြန်၍ ညွှန်းသည်၊ ဤသို့ မြ။စင်ခြင်းအဖို့၌ဖြစ်သော သမ္ပတ္တိ ရကြောင်း ဗလကို ပယ်ခြင်းသည် နိဒဿနနည်း သာတည်း၊ သံကိလေသိက (ညစ်နွမ်းကြောင်း) အဖို့၌ ဖြစ်သော ဗလကိုလည်း ထိုမက္ခလိ ဆရာ ပယ်သည်သာ၊ ထို့ကြောင့်''နတ္ထိ ဟေတု နတ္ထိ ပစ္စယော သတ္တာနံ သံကိလေသာယ''ဟု ပါဠိတော် ရှေ့နားခဲ့ ဆိုသည်။ [နိဒဿနမတ္တံ စေတံ ဝေါဒါနိယ ဗလဒဿနံ၊ သံကိလေသိကဿပိ ဗလဿ တေန (ထို မက္ခလိဆရာသည်) ပဋိက္ခိပနတော၊–ဋီကာသစ်။]

ပုရိသပရက္ကမေန-ယောက်ျားတို့၏ အဆင့်ဆင့်မြင့်သောအရာသို့ ရောဂံကြောင်း လူလွန်ကြောင့်၊ ပဝတ္တံ-၏၊ ဣတိဧဝံ-ဤသို့၊ ပဝတ္တာ၊ပေါဝေသေန-အကြားသူတို့၏ သန္တာန်၌ ဖြစ်သောစကားကို ပယ်မှုကိုပြုခြင်း၏အစွမ်းဖြင့်၊ ဘေ:နိ-ဤ ဝိရိယံ အစရှိသောပုဒ်တို့ကို၊ ဝိသုံ-သီးခြား၊ အာဒိယန္တိ-ယူအပ်ကုန်၏။

သဗ္ဗေသတ္တာတိ- ဟူသောပါဠိဖြင့်၊ သြဠာ၊ပေါဒယော- ကုလားအုပ်, နွား, မြည်း အစရှိကုန်သော၊ အနဝသေသေ - အကြွင်းမရှိကုန်သော သတ္တဝါတို့ကို၊ ပရိဂ္ဂဏှာတိ- သိမ်းယူ၏၊ သဗ္ဗေ ပါဏာတိ - ဟူသောစကားကို၊ ကေစ္ဆြဲယော-

× × × × × × ×

ဧဒံ နော ၊ပေ၊ အာဒိယန္တိ။ ။ဝိရိယ, ထာမ, ပရက္ကမတို့သည် ပုရိသကာရ၏ ဝေဝုစ်ဖြစ်လျှင် အဘယ့်ကြောင့် ဤပုဒ်တို့ကို သီးခြား ယူအပ်ပါကုန်သနည်းဟု မေးဘွယ်ရှိသောကြောင့် "ဧဒံ နော ဝိရိယေန" စသည်ကို မိန့်သည်၊ ဤစကားအရ "ပုရိသကာရနှင့် ဝိရိယစသည်တို့သည် ဝိရိယကိုချည်း ရသောကြောင့် ဟောနက် ဝစနီယတ္ထအားဖြင့် တူ၏"ဟု ပြ၏၊ ဤသို့ ဝစနီယတ္ထအားဖြင့် တူသော်လည်း သဒ္ဒတ္ထအားဖြင့်ကား ထူး၏၊ ထူးပုံကား-

သူရဝိရဘာဝါဝဟနဋ္ဌေန ဝိရိယံ- ("ဝိရိယရှိသူသည် အရာရာ၌ ရဲ၏၊ ဝိရဿ-ရဲသူ၏+ ဘာဝေါ ဝိရိယံ" နှင့်အညီ) ရဲရင့်သူ၏အဖြစ်ကို ဆောင်နိုင်သော အနက်သဘောကြောင့် ဝိရိယဟုဎင်း,

ဘဒေဝ ဒဠှဘာဝတော, ပေါရိသံ ဓုရံ ဝဟန်ဆောနေ ပဝတ္တေတဗ္ဗတောစ ပုရိသထာမော- ထို ဝိရိယကိုပင် ခိုင်မြဲသည်၏ အဖြစ်ကြောင့်ဎင်း , ယောက်ျားတို့၏ တာဝန်ကို ဆောင်သောပုဂ္ဂိုလ်သည် ဖြစ်စေထိုက်သောကြောင့်ဎင်း ပုရိသထာမဟုဎင်း,

ပရံ ပရံ ဌာနံ အက္ကမနပဝတ္တိယာ ပုရိသပရက္ကမောတိ ဝုတ္တောတိ ဝေဒိတဗ္ဗော - အဆင့်ဆင့်မြင့်သောအရာသို့ ရောက်ကြောင်း၏ဖြစ်ခြင်းကြောင့် ပုရိသပရက္ကမဟုဎင်း ဆိုအပ်၏ဟု သိပါ။

မှတ်ချက်။ ။ဋီကာတို့၌ "တဿာ တဿာ ကြိယာယ ဉဿန္ဒေန ဗလံ" ဟု ဘွေ့ရသေး၏၊ "နတ္ထိ ဝိရိယံတိ အာဒိနိ" စသော အဋ္ဌကထာ၏အဖွင့် ဖြစ်သောကြောင့် အသိဉာဏ် ရှုပ်မည်စိုး၍ ဗလံအတွက် ဤနှစ်မထည့်ဘဲ နတ္ထိ ဗလံအဖွင့်၌ ပြခဲ့ပါသည်။

သတ္တာ။ ။သန္တဓောတ် တပစ္စယ်းဖြင့်ပြီးသော သတ္တာပုဒ်သည် ရှုပါရုံစသော အာရုံဘို့၌ ကပ်ငြိခြင်းကြီယာကို စွဲ၍ဖြစ်၏၊ ထို့ကြောင့် "ရှုပါဒိသု သတ္တာဝိသတ္တာတာယ (ကပ်ငြိအထူးသဖြင့် ကပ်ငြိဘတ်သည်၏အဖြစ်ကြောင့်) သတ္တာ"ဟု ဖွင့်၏၊ "ရှုပါဒိသု သဇ္ဇတိ သဇ္ဇာ"ဟု ပြပါ။

ပါဏာ ။ ။ပဟုဇ္ဇ အနဓောတ်သည် အသက်ရှူရှိုက်ခြင်း အနက်ကို ဟော၏၊ ပဥပသာရကြောင့် နကို ဏာပြုန်စေ၍ "ပါဏ" ဟု ဖြစ်၏၊ ထို့ကြောင့် အသဿသန ပဿသနဝသေန (ထွက်သက် ဝင်သက်၏အစွမ်းဖြင့်) ပဝတ္တိယာ (ဖြစ်ခြင်းအားဖြင့်) ပါဏာနတောစ (ရှူရှိုက်ခြင်းကြောင့်) ပါဏာ"ဟု ဋီကာဖွင့်၏၊ "ပါဏာန္တိ-ထွက်သက် ဝင်သက်လေတို့ကို ရှူရှိုက်တတ်ကုန်၏၊ ဣတိ ပါဏာ"ဟု ပြ။

တခုသော ဇာန်ဖြစ်ရှိသော၊ ပါဏော - သတ္တဝါဂုဏ်း၊ ဒွိန္ဒြိယော – ၂ ခုသောကုန်ကြေး ရှိသော၊ ပါဏော-ဂုဏ်း၊ ဤတို့ အာဒိဝသေန-ဤသို့ အစရှိသည်တို့၏အစွမ်းဖြင့်၊ ဝဒတိ–ပြောဆို၏၊ ["အာဒိဝသေန ဝုတ္တော ပါဏော သန္ဓာယ ဝဒတိ" ဟု ရှိလျှင် ကောင်းမည် ထင်သည်။] သဗ္ဗေဘူတာတိ – ဟူသောစကားကို၊ အဋ္ဌ၊ ပေ၊ ကောသေသု-ဥဒ္ဓံ, သားအိမ်တို့၌၊ ဘူတေ–ဖြစ်သောသတ္တဝါတို့ကို၊ သန္ဓာယ-၍၊ ဝဒတိ၊ သဗ္ဗေ ဇီဝါတိ – ဟူသောစကားကို၊ သာလိ၊ပေ၊ ဒယော - သလေး, မုယော, နတ်ကောက် အစရှိသော စပါးပင်တို့ကို၊ သန္ဓာယ ဝဒတိ၊ ဟိ - မှန်၊ ဇေသု - ထို သစ်ပင်တို့၌၊ သော - ထို မက္ခလိဆရာသည်၊ ဝိရူဟနဘာဝေန – စည်ပင်ကုန်သည်၏ အဖြစ်ကြောင့်၊ ဇီဝသည် – အသက်ကောင် ဟု အမှတ်ရှိသည်၊ (ဟောတိ)။

အဝသာ အဗလာ အဝိရိယာတိ-ကား၊ တေသံ–ထို သတ္တ ပါဏ ဘူတ ဇီဝတို့၏၊ ဝါ-တို့မှာ၊ အတ္တနော- မိမိ၏၊ ဝသော ဝါ- အစွမ်းသည်၎င်း၊ ဗလံ ဝါ–အားသည်၎င်း၊ ဝီရိယံ ဝါ-လုံ့လသည်၎င်း၊ နတ္ထိ-မရှိ၊ နိယတိ၊ပေ၊ပရိဏာတာတိ

× × × × × × ×

ကိန္ဒြိယော စ သည် ။ ။ ဤသဒ္ဒါနည်းအရ သတ္တပါဏ ၂ မျိုးလုံးပင် သတ္တဝါအားလုံးကို သိမ်းကျုံးနိုင်သော်လည်း သတ္တအရာနှင့် အနက်မတူအောင် ကိန္ဒြိယစသည်ကို ပါဏဟု သီးခြားခွဲ၍ မက္ခလိဆရာဆိုသည်။ [ဝိနည်း– မဟာဝဂ္ဂ, ဝဿူပနာယိကက္ခန္ဓက်၌ မြက်ပင်တို့ကို "ကိန္ဒြိယံ ဇီဝံ–တခုသော ကာယိန္ဒြေရှိသော အသက်ကောင်" ဟု ဆို၏။။]

ဘူတာ။ ။ "ဘဝန္တိ ဘူတာ" အရ သတ္တဝါဟူသမျှကို ဘူတသဒ္ဒါက ဟောနိုင်သော်လည်း သတ္တပါဏတို့နှင့် အရကွဲအောင် ဥဒ္ဓံတွင်း သားအိမ်တို့၌ဖြစ်သော သတ္တဝါတို့ကို ဘူတအရ ယူလေသည်။

ဇီဝါ။ ။"ဇီဝန္တိ – အသက်ရှင်တတ်ကုန်၏၊ ဤတို့ ဇီဝါ" အရ သတ္တဝါအားလုံးပင် ရသော်လည်း အရကေဒံချင်းကဲ့အောင် သာလိ, ယဝ, ဂေါဓုမဟူသော စပါးတို့ကိုသာ ယူလေသည်၊ ထို ယဝစသည်တို့သည် သန်စွမ်းကြီးပွားကြသေးကြောင့် အသက်ရှိ၏ဟု ထိုဆရာကြီးယူသည်၊ အာဒိဖြင့် စည်ပင်ခြင်းသဘောရှိသော မြက် သစ်ပင်တို့ကိုယူပါ။

အဝသာ၊ပေ၊အဝိရိယာ။ ။"တေသံ၊ပေ၊နတ္ထိ" သည် အဝသာစသော ပုဒ်တို့၏ ဗဟုဗ္ဗီဟိသမာသ်ကိုပြသောအဖွင့်တည်း၊ "နတ္ထိ+ဝသော ဇေတသံတိ အဝသာ" စသည် ပြုပါ၊ ထိုတွင် "ဝသ" ဟူသည် သာမတ္ထိယ (အစွမ်း) တည်း၊ ဗလ ဝီရိယတို့ကား "နတ္ထိ ဗလံ, နတ္ထိ ဝီရိယံ " ဟု ပြအပ်ခဲ့သော အား , လုလ္လတို့ပင်တည်း၊ ပြအပ်ခဲ့သော သတ္တ ပါဏ ဘူတ ဇီဝတို့မှာ ညစ်နွမ်းသူဖြစ်ဘို့ရန်၎င်း ဖြူစင်သူဖြစ်ဘို့ရန်၎င်း ပြုပြင်နိုင်သော အစွမ်းလည်းမရှိကြ, အားလည်းမရှိကြ, လုလ္လလည်းမရှိကြပါ–ဟူလို။

မှတ်ချက်။ ။ဤ၌ ဗလနှင့် ဝီရိယကို အရတူမဆိုဘဲ "နတ္ထိ ဗလံ, နတ္ထိ ဝီရိယံ"ဟု ခွဲ၍ ဆိုထားသောကြောင့် "အတ္တနော ဗလေ ပတိဋ္ဌိတာ သတ္တာ ဝီရိယံ ကတ္တာ" တုန်းကလည်း ဗလနှင့် ဝီရိယကို အရကွဲဟု မှတ်ပါ။ [ဋီကာသစ်၌ကား အရတူဖွင့်ခဲ့သည်။]

ဇာတ္ထေ-နိယတိ၊ပေ၊ပဓိဏာတာဟူသော ဤပါဠိ၌၊ နိယတိတိ-ကား၊ နိယတတာ–မြဲသည်၏အဖြစ်တည်း၊ သင်္ကိတိတိ-ကား၊ ဆန္ဒံ-ဖဲ ပါးကုန်သော၊ အဘိဇာတိနံ-အဘိဇာတ်တို့တွင်၊ တတ္ထတတ္ထ- ထိုထို အဘိဇာတ်၌၊ ဂမနံ- ဖြစ်ရခြင်းတည်း၊ ဝါ– ပေါင်းဆုံရခြင်းတည်း၊ ဘာဝေါတိ -ကား၊ သဘာဝေါယေဝ– သဘော

× × × × × × ×

နိယတိ၊ပေ၊ပရိဏာတာ။ ။ ပရိဏာတာကို ရှေ့ပုဒ်တိုင်းသို့ လိုက်စေ၍ "နိယတ်ပရိဏာတာ, သင်္ကိတိပရိဏာတာ, ဘာဝပရိဏာတာ" ဟု တွဲပါ၊ ထိုတွင် နိယတိဟူသည် နိယမနှင့် အနက်တူ၏၊ ထို့ကြောင့် အဋ္ဌကထာ၌ "နိယတတာ–မြဲကုန်သည်၏အဖြစ်" ဟု တာပစ္စည်းဖြင့် ဖွင့်၍, ဋီကာ၌ "နိယမော"ဟု ဖွင့်သည်၊ "နိယနံ–မြဲခြင်း၊ နိယတိ-ခြင်း" ဟု ပြုပါ။ [တချို့စာအုပ်၌ " နိယတိတိ နိယတာ" ဟု တွေ့ရ၏၊ "နိယတာ" ပုဒ်သည် ကတ္တုရုပ်သာ မူး၏၊ ဤနိယတိပုဒ်ကား ကတ္တားဟော မဟုတ်ပါ။]

ပရိဏာတာ။ ။"ပရိ – အပိုင်းအခြားအားဖြင့် + နတာ – ညွတ်ကြရကုန်၏"ဟု သဒ္ဒတ္ထဖြစ်၏၊ "အပိုင်းအခြား"ဟူသည် သတ္တာတယောက်နှင့် တယောက် မတူအောင် ပိုင်းခြားခြင်းတည်း၊ ထို့ကြောင့်"နာနပ္ပကာရတံ ပတ္တာ"ဟု အဓိပ္ပါယ်ထွက်ဖွင့်သည်။

နိယတိ ပရိဏာတာ။ ။"ဤအချိန်အခါ၌ ဤသူသည် ဤသတ္တ, (ဤပါဏာ, ဤဘူတ, ဤဇီဝ) ဖြစ်ရမည်" ဟု အမြဲသတ်မှတ် ဆုံးဖြတ်ထားခြင်းဟူသော နိယတိရှိ၏၊ ထို နိယတိအားဖြင့် ထို သတ္တ (ပါဏာ, ဘူတ, ဇီဝ) တို့ ဖြစ်ကြရ၏၊ နိယမအတိုင်း ဖြစ်ကြရသောကြောင့် ထိုသို့ဖြစ်ဘို့-မဖြစ်ဘို့ရန် မည်သူမျှပြုပြင်နိုင်သော ဝသ, ဗလ, ဝိရိယမရှိပါ၊ "ဖြစ်ချိန်တန် ဖြစ်ရ, ပျက်ချိန်တန် ပျက်ရသည်"ဟူလို။

ဋီကာ။ ။နိယတတာတိ အဆေဇ္ဇ သုတ္တာဝုတာဘေဇ္ဇ မဏိနောဝိယ–အပြတ်မရှိသော ကြိုးဖြင့် သီကုံးအပ်သော အကွဲမရှိသော ပဒမြား၏ (တဆက်တည်း မြဲသော ဖြစ်ခြင်း) ကဲ့သို့၊ နိယတပဝတ္တိတာယ – မြဲသော ဖြစ်ခြင်းရှိသည်၏အဖြစ်ကြောင့်၊ ဂတိဇာတိ ဗန္ဓာပဝဂ္ဂဝသေန–ထိုထိဂတိ, ထိုထိ အမျိုးဇာတ်, ထိုထို အနှောင်အဖွဲ့, ထိုဂတိစသည်မှ လွတ်မြောက်ခြင်း (နိဗ္ဗာန်) ၏ အဖြစ်ဖြင့်၊ နိယမော–မြဲခြင်းတည်း

မှတ်ချက်။ ။နိယတတာကို "နိယမော"ဟု ဖွင့်သည်၊ စာအုပ်တို့၌ "နိယာမော" ဟု ရှိသော်လည်း ထောမနီမိ၌ နိယတိကို "နိယမ"ဟု ဖွင့်သောကြောင့်၎င်း, နိယာမပုဒ်က လာလတံ့သော ဘာဝ (သဘာဝ) နှင့် အဓိပ္ပါယ်တူ၍ ဗီဇနိယာမကိုပင် "ယထာကဏ္ဍကဿ"စသည်ဖြင့် ဘာဝ၏ ပုံစံအဖြစ်ဖြင့် ဋီကာ၌ပြသောကြောင့်၎င်း, ဤနေရာ၌ "နိယမ"ဟုသာ ရှိသင့်ပါသည်။

သင်္ကိတိတိ ၊ပေ၊ဂမနံ။ ။" ဆန္ဒံ အဘိဇာတိနံ "အရ အဘိဇာတိ ဖဲ ပါးကို နောက်၌ ပြလတံ့၊ "အဘိဇာတိနံ"ကို "သမ္မန္ဓိဘူတာနံ"ဟု ဋီကာသစ်ဖွင့်၏၊ မိမိကား တတ္ထတတ္ထ၌စပ်ဘို့ရန် နိဒ္ဒါရဏာဟု ထင်သည်၊ ဂမနံ၏စပ်ပုဒ် သမ္မန္ဓိမှာ"နာနပ္ပကာရတံ ပတ္တာ"၏ ကတ္တားဖြစ်သော သတ္တာ, ပါဏာ စသည်တို့သာ ဖြစ်သင့်၏၊ "သတ္တ ပါဏာ စသည်တို့၏ ဖဲ ပါးသော အဘိဇာတိတို့တွင် ထိုထို အဘိဇာတိ၌ ဖြစ်ရ (ပေါင်းဆုံရခြင်း"ဟု ဆိုလိုသည်၊ ထိုသို့ပေါင်းဆုံခြင်းအားဖြင့် အထူးထူးအပြားပြား (မတူထူးခြားကွဲပြား၍) ဖြစ်ရခြင်းကို "သင်္ကိတိပရိဏာတ"ဟု ဆိုသည်။

တံထွာ, ဓမ္မတာပင်တည်း၊ ဧဝံ-ဤသို့၊ ဝါ-ဤ ဆိုအပ်ပြီးသည့်အတိုင်း၊ နိယတိယာစ-မြဲခြင်းအားဖြင့်ရင်း၊ သင်္ခတိယာစ-ထိုထို အဘိဇာတ်ဝယ်ပေါင်းဆုံခြင်းအားဖြင့်ရင်း၊ ဘာဝေနစ-သဘောတံထွာ, ဓမ္မတာအားဖြင့်ရင်း၊ ပရိဏာတာ-အပိုင်းအခြားအားဖြင့် ညွှတ်ရကုန်သည်၊ နာနပ္ပကာရတံ – အထူးထူးသောအပြားရှိကုန်သည်၏ အဖြစ်သို့၊ ပတ္တာ – ရောက်ကြရကုန်သည်၊ (ဟုတ္တာ)၊ (ဆသ္တေဝါဘိဇာတိသု သုခဒုက္ခံ ပဋိသံဝေဒေန္တိ တိုဠ္ဍစပ်)။

ဟိ–မှန်၊ ယေန–အကြင်သူသည်၊ ယထာ-အကြင် အခြင်းအရာအားဖြင့်၊ ဘဝိတဗ္ဗံ-ဖြစ်ထိုက်၏၊ သော–ထိုသူသည်၊ တထေဝ- ထို အခြင်းအရာဖြင့်သာ၊ ဘဝတိ–ဖြစ်ရ၏၊ ယေန-အကြင်သူသည်၊ (ယထာ- အကြင်အခြင်းအရာအားဖြင့်)၊ န ဘဝိတဗ္ဗံ–မဖြစ်ထိုက်၊ သော– ထိုသူသည်၊ (တထာ- ထို အခြင်းအရာအားဖြင့်)၊ န ဘဝတိ-မဖြစ်ရ၊ ဇာတိ-ဤအနက်အဓိပ္ပါယ်ကို၊ ဒဿေတိ-ပြ၏။

× × × × × × ×

ဘာဝေါတိ သဘာဝေါယေဝ။ ။ဘာဝသဒ္ဒါ၏ သဘာဝအနက်က အမှားသိအပ်ပြီးသော အနက်ဖြစ်သောကြောင့် သန္ဓိဉာနာဝဓာရဏာ ဧဝသဒ္ဒါဖြင့် ဖွင့်သည်၊ "သဘောတံထွာ ဓမ္မတာ"ဟု ပြောရိုးအတိုင်း ထုံးစံဓမ္မတာကို"ဘာဝ=သဘာဝ"ဟု ဆိုသည်၊ ဥပမာ – ဆူး၏ အဖျားချွန်ခြင်းသည် မည်သည့်အကြောင်းကြောင့်မျှ မဟုတ်, သူ့ထုံးစံအတိုင်း ချွန်ခြင်းဖြစ်သကဲ့သို့ဂုဏ်း, သီးသီး၏ လုံးခြင်းစိုင်းခြင်းသည် အကြောင်းမရှိ, ထုံးစံသဘာဝအတိုင်းဖြစ်ခြင်းကဲ့သို့ဂုဏ်း, သားငှက်တို့၏ဆန်းကြယ်သောပုံသဏ္ဌာန်ရှိကြခြင်းသည် ထုံးစံသဘာဝပင် ဖြစ်သကဲ့သို့ဂုဏ်းတည်း။

နိကာ ။ ။သဘာဝေါယေဝါတိ ယထာ ကဏ္ဏကဿ ၊ပေ၊ ဧဝံ သဗ္ဗဿပိ လောကဿ ဟေတုပစ္စယေန ဝိနာ တထာတထာ ပရိဏာမော၊အယံ သဘာဝေါ ဧဝ, အကုတ္တိမော ဧဝ–ပြုလုပ်ခြင်းဖြင့် ဖြစ်စေအပ်သောအရာ မဟုတ်သည်သာတည်း။

ယေန ဟိ ၊ပေ၊ ဒဿေတိ။ ။မည်သည့် အချိန်အခါ၌ မည်သည့် အဘိဇာတ် (မည်သည့်ဘဝ) ဝယ် မည်သည့်အဖြစ်မျိုးဖြင့် ဖြစ်ရ, ပျက်ရမည်ဟု သတ်မှတ်ချက်ရှိပြီးဖြစ်သောကြောင့် ထိုသတ်မှတ်ချက်ကို ပြောင်းလွဲအောင် မည်သူ၌မျှ သတ္တိ, ဗလ, ဝီရိယ မရှိကြချေ၊ ထို သတ်မှတ်ချက်အတိုင်းသာ ဧကန် ဖြစ်ရ – ပျက်ရသည်၊ ဤ အဓိပ္ပါယ်ကို မက္ခလိဆရာကြီးသည် "နိယတိသင်္ခတိဘာဝပရိဏာတာ"ပါဠိဖြင့် ပြသည်–ဟူလို။

ဗုဒ္ဓဝါဒနှင့် ဆန့်ကျင်။ ။ဗုဒ္ဓဝါဒဦးကား ကမ္မသကတာဉာဏ် သမ္မာဒိဋ္ဌိအရင်းခံဖြစ်ရကား မိမိ၏ ရှေးရှေးဘဝကပြုအပ်သော ကံသာလျှင် ပဓာနတည်း၊ ထိုကံကိုလည်း မကောင်းသောကံက မကောင်းကျိုးကို ရှေးရှုနေစေကာမူ ဉာဏ်ဝိရိယဟူသောပယောဂသမ္ပတ္တိဖြင့် မကောင်းကျိုး လုံးလုံးမပေးအောင်ထင်း, အကျိုးပေးနည်းအောင်ထင်း, ပြုပြင်ပြောင်လွှဲဘို့ရန် ဉာဏ်ဝိရိယတည်းဟူသော အစွမ်းသတ္တိရှိသေး၏၊ ကောင်းသောကံက ကောင်းကျိုးကို ပေးနိုင်အောင်လည်း ဉာဏ်ဝိရိယဖြင့် ရေလာမြောင်းပေး ပြုနိုင်သေး၏၊ ထို့ကြောင့် ဤမက္ခလိဝါဒသည် ဗုဒ္ဓဝါဒနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်သော မိစ္ဆာဝါဒကြီးဖြစ်လေသည်။

ဆသွေဝါဘိဇာတိသူတို့-ဆသွေဝါဘိဇာတိသုဟူသော ပါဠိဖြင့်၊(ဒဿေတိ ၏ ကရိဏ်း)၊ ဆသုဝေ-၆ ပါးသာလျှင် ဖြစ်ကုန်သော၊ အဘိဇာတိသု-အဘိဇာတ်တို့၌၊ ဌတွာ-တည်၍၊ သုခဇ္ဈ-သုခကိုဌင်း၊ ဒုက္ခဇ္ဈ-ဒုက္ခကိုဌင်း၊ ပဠိသံဝေဒေန္တီ-ခံစားကြရကုန်၏၊ အညာ-၆ ပါးသော အဘိဇာတ်တို့မှ တပါးသော၊ သုခဒုက္ခဘူမိ-သုခဒုက္ခကို ခံစားရာဘုံဌာနသည်၊ နတ္ထိ-မရှိတော့၊ ဣတိ-ဤအနက်ကို၊ ဒဿေတိ-ပြ၏။

ယောနိ ပမုခ သတသဟဿာနိတိ-ကား၊ ပမုခယောနိနံ-ပဓာနဖြစ်သော ယောနိတို့၏၊ ဥတ္တမယောနိနံ-မြတ်သော ယောနိတို့၏၊ စုဒ္ဒသ သတသဟဿာနိ-တဆဲ့လေးသိန်းတို့သည်ဌင်း၊ (တသန်း ၄ သိန်းတို့သည်ဌင်း၊) အညာနိ-အခြားကုန်သော၊ သဋ္ဌိသတာနိစ - ရာပေါင်း ၆၀ တို့သည်ဌင်း၊ (၆ ထောင်တို့သည်ဌင်း)၊ အညာနိ-အခြားကုန်သော၊ ဆသတာနိစ - ၆ ရာတို့သည်ဌင်း၊ (ဟောန္တိ- ရှိကုန်၏)၊ ပဠစ ကမ္မုနော သတာနိတိ- ကား၊ ပဠကမ္မ သတာနိစ-

× × × × × × ×

အညာ၊ပေ၊နတ္ထိတိ ဒဿေတိ။ ။"၆ ပါးသော အဘိဇာတိတို့၌သာ သုခဒုက္ခကို ခံစားကြရသည်" ဟု ဆိုသဖြင့် "ထို ၆ ပါးသော အဘိဇာတိတို့မှတပါး သုခဒုက္ခကို ခံစားရာဘုံ (ဌာန) မရှိတော့"ဟု ဆိုလို၏၊ ထို့ကြောင့်"အညာ သုခ ဒုက္ခဘူမိ နတ္ထိ" ဟူသော ပါဌ်သည်"ဆသွေဝါဘိဇာတိသု"ပါဌ်၌ ဧဝသဒ္ဒါ၏ နိဝတ္တေတဗ္ဗ အနက်ကို ပြသော စကားတည်းဟု သိပါ။

မှတ်ချက်။ ။ဋီကာဟောင်း၌"အညာ အဒုက္ခမသုခဘူမိ နတ္ထိ"ဟူသော ပါဌ်ကို ယူ၍ "သုခဇ္ဈ ဒုက္ခဇ္ဈ ပဋိသံဝေဒေန္တီတိ ဝဒန္တော မက္ခလိ အဒုက္ခမသုခဘူမိ သဗ္ဗေန သဗ္ဗံ နတ္ထီတိ"ဟု ဖွင့်သွားလေ၏၊ ထိုပါဌ် ထိုအဖွင့်ကို ဋီကာသစ် ပယ်ထားသည်။

ယောနိပမုခသတသဟဿာနိ။ ။ပမုခါ-ပဓာနဖြစ်ကုန်သော+ယောနိယော, ယောနိပမုခါ၊ ဤသို့ ဝိသေသန ပရနိပါတကမ္မဓာရဲ့ ဖြစ်ကြောင်း သိစေလို၍ "ပမုခယောနိနံ" ဟု ရွေးနောက်ပြန်၍ ဖွင့်သည်၊ ပမုခသဒ္ဒါသည် ပဓာနအနက်ဟောတည်း၊ ပဓာနဖြစ်ခြင်းမှာလည်း ထိုထို ယောနိ၌ အမြတ်ဆုံး ဖြစ်ခြင်းတည်း၊ ထို့ကြောင့်"ဥတ္တမယောနိနံ"ဟု ထပ်ဖွင့်သည်။

ယောနိ၏ အနက်။ ။ယောနိသဒ္ဒါသည် "ခန္ဓကောဋ္ဌာသ ပဿာဝ- မဂ္ဂဟေတူသု ယောနိ သာ"ဟူသော (ဂဂဂ) အဘိဓာန်လာ အနက်တို့တွင် ခန္ဓကောဋ္ဌာသ အနက်ဟောတည်း၊"စတသော နာဂယောနိယော"စသည်ဖြင့်လာသော အမျိုးဇာတ်ကိုပင်"ခန္ဓကောဋ္ဌာသ (ခန္ဓာအစု)"ဟု ဆိုသည်၊ " ပမုခယောနိ " ဟူသည် လူတို့၌ ခတ္တိယ, ဗြာဟ္မဏစသော အထက်တန်းလူမျိုး , တိရစ္ဆာန်တို့၌ ခြင်္သေ့, ကျား စသော အထက်တန်း တိရစ္ဆာန်မျိုးတည်း။

ယောနိပမုခသတသဟဿာနိ။ ။ပမုခါ-ပဓာနဖြစ်ကုန်သော+ယောနိယော, ယောနိပမုခါ၊ ဤသို့ ဝိသေသန ပရနိပါတကမ္မဓာရဲ့ ဖြစ်ကြောင်း သိစေလို၍ "ပမုခယောနိနံ" ဟု ရွေးနောက်ပြန်၍ ဖွင့်သည်၊ ပမုခသဒ္ဒါသည် ပဓာနအနက်ဟောတည်း၊ ပဓာနဖြစ်ခြင်းမှာလည်း ထိုထို ယောနိ၌ အမြတ်ဆုံး ဖြစ်ခြင်းတည်း၊ ထို့ကြောင့်"ဥတ္တမယောနိနံ"ဟု ထပ်ဖွင့်သည်။

ယောနိ၏ အနက်။ ။ယောနိသဒ္ဒါသည် "ခန္ဓကောဋ္ဌာသ ပဿာဝ- မဂ္ဂဟေတူသု ယောနိ သာ"ဟူသော (ဂဂဂ) အဘိဓာန်လာ အနက်တို့တွင် ခန္ဓကောဋ္ဌာသ အနက်ဟောတည်း၊"စတသော နာဂယောနိယော"စသည်ဖြင့်လာသော အမျိုးဇာတ်ကိုပင်"ခန္ဓကောဋ္ဌာသ (ခန္ဓာအစု)"ဟု ဆိုသည်၊ " ပမုခယောနိ " ဟူသည် လူတို့၌ ခတ္တိယ, ဗြာဟ္မဏစသော အထက်တန်းလူမျိုး , တိရစ္ဆာန်တို့၌ ခြင်္သေ့, ကျား စသော အထက်တန်း တိရစ္ဆာန်မျိုးတည်း။

စုဒ္ဒသ၊ပေ၊ဆသတာနိ။ ။ပါဠိတော်၌ " စုဒ္ဒသ ခေါပနိမာနိ ယောနိပမုခသတသဟဿာနိ, သဋ္ဌိစသတာနိ, ဆစသတာနိ " ဟု ရှိသောကြောင့် " စုဒ္ဒသ သတသဟဿာနိ, အညာနိစ သဋ္ဌိသတာနိ, အညာနိ စ ဆသတာနိ"ဟု ဖွင့်သည်။

ငါးရာသော ကံတို့သည်ဖြင်း၊ (ဟောန္တိ ဟု ထည့်စပ်။) [သဘာဝနိရုတ္တိကို နားမလည်သောကြောင့် "ကမ္မုနော သတာနိ" ဟု ဆိုသည်၊ "ကမ္မ သတာနိ" ဟုသော်ဖြင်း, "ကမ္မာနံ သတာနိ" ဟုသော်ဖြင်း ဆိုသင့်သည်။] ကေဝလံ-အနက် အဓိပ္ပါယ်မဖက်, သက်သက်၊ တက္ကမတ္တကေန - ကြီဆခြင်းမျှဖြင့်၊ နိရတ္တကံ-အနက်အဓိပ္ပါယ် မရှိသော၊ ဒိဋ္ဌံ-အယူကို၊ ဒိပေတိ-ပြ၏ [ကံပေါင်း ငါးရာဟု ဆိုရာ၌ ကံကား အနန္တဖြစ်သောကြောင့် အနက်အဓိပ္ပါယ် မရှိ-ဟူလို။]

ပဆ္ဆစာပေါကမ္မာနိတိ အာဒိသုပိ - ပဆ္ဆစာပေါ ကမ္မာနိ အစရှိသော ပါဠိတို့၌လည်း၊ သေဝ နယော-ဤနည်းပင်တည်း။ ["တက္ကမတ္တကေန နိတ္တကံ ဒိဋ္ဌံ ဒိပေတိ" ကို ပြန်ညွှန်းသည်။] ပန-ဝါဒန္တရကား၊ ကေစိ-အချို့သော ဥတ္တရဝိဟာရဝါသီ ဆရာတို့သည်၊ အာဟု-ဆိုကြကုန်ပြီ၊ (ကိံ)၊ ပဆ္ဆစ ကမ္မာနိတိ-ပဆ္ဆစကမ္မာနိ ဟူသော စကားကို၊ ပဋိဗြွိယဝသေန-ငါးပါးသော ဗုဒ္ဓဗြွိတို့၏ အပြားအားဖြင့်၊(မက္ခလိ-မက္ခလိသည်)၊ ဘဏတိ-ပြောဆို၏၊ တီဏိတိ-တီဏိ ဟူသော စကားကို၊ ကာယကမ္မာဒိဝသေန-ကာယကံ အစရှိသည်တို့၏ အပြားအားဖြင့်၊(မက္ခလိ-သည်၊ ဘဏတိ-၏)၊ ဗုတ္တံ- သို့၊ (အာဟု)၊ ပန-ကား၊ ကမ္မေ၊ပေ၊စာတိ ဇေဋ္ဌ-၌၊ အဿ-ထို မက္ခလိ၏၊ (လဒ္ဓိ၌ စပ်) ကာယကမ္မဉ္ဉ-ကာယကံသည်ဖြင်း၊ ဝစီကမ္မဉ္ဉ-ဝစီကံသည်ဖြင်း၊ ကမ္မံ-ကံမည်၏၊ ဗုတ္တံ-သို့၊ လဒ္ဓိ-အယူသည်၊(ဟောတိ)၊မနောကမ္မံ-မနောကံသည်၊ ဥပနကမ္မံ-ထက်ဝက်ကံမည်၏၊ ဗုတ္တံ(လဒ္ဓိ ဟောတိ)။ [ပါဠိတော်၌ "ဥပနကမေ့မ" ဟု မရှိ, "အနု

× × × × × × ×

တက္ကမတ္တကေန။ ။တက္က မတ္တကေနာတိ ဝဒန္တော ယသ္မာ တက္ကိကာ အဝဿယဘူတတထတ္ထ ဂဟဏက်ကသနယမန္တရေန (မိုရာဖြစ်သော ထင်ရှားဟုတ်မှန်သော အနက်အဓိပ္ပါယ်ကို ချိတ်ဖြင့်ဆွဲယူသကဲ့သို့ ဆွဲယူကြောင်းနည်းကို ကြဉ်၍) နိရက်ကသတာယ ပရိကပ္ပနသ ယံကိ်ဉ္စိ အတ္တနာ ပရိကပ္ပိတံ သာရတော မညမာနာ တထေဝ အဘိနိဝိသ တတ္ထစ ဒိဋ္ဌဂါဟံ ဂဏ္ဟန္တိ၊ တသ္မာ နံ တေသံ ဒိဋ္ဌဝတ္ထုသ္မိံ ဝိညူဟိ ဝိစာရဏာ ကာတဗ္ဗာတိ အဓိပ္ပါယံ ဝိဘာဝေတိ၊-ဋီကာသစ်။

ဆိုလိုရင်းကား— "တက္ကမတ္တကေန" ဟု ပြောဆိုသော အဋ္ဌကထာဆရာသည် "မိစ္ဆာအယူ၏ ဖြစ်ကြောင်းဝတ္ထုဖြစ် ပညာရှိတို့က စိစစ်ဘွယ်မလိုပါ" ဟူသော အဓိပ္ပါယ်ကို ထင်ရှားပြ၏၊ ဘာ့ကြောင့်နည်း-မိစ္ဆာအယူဖြင့် ကြီဆတတ်သူတို့သည် (ထိုအယူ၏) ချိတ်ဘို့ ဆွဲဘို့ရာ ဟုတ်မှန်သော အနက်အဓိပ္ပါယ် မရှိပါဘဲလျက် ထိုကြီဆအပ်သော မဟုတ်မမှန်သော ဝတ္ထုကိုပင် အနှစ်သာရဟု စွဲမြဲစွာ ယူကြသောကြောင့်တည်း။

ကမ္မန္တိ လဒ္ဓိ။ ။ကာယကံနှင့် ဝစီကံသည် ကိုယ်လည်းပါ, သို့မဟုတ် နှုတ်လည်းပါ၍ စိတ်လည်း ပါသောကြောင့် ကံပြည့်စုံသည်ဟု ယူ၏။ မနောကံကား ကိုယ် , နှုတ် မပါသောကြောင့် ကံတဝက်ဟု ယူသည်။ [ဋီကာတို၌ကား "သြဠာရိကဘာဝတော ကမ္မန္တိ လဒ္ဓိ, မနောကမ်ံ အနောဠာရိကတ္တာ (မထင်ရှားသည်၏ အဖြစ်ကြောင့်) ဥပနကမ္မန္တိ လဒ္ဓိဘိ ယောဇနာ" ဟု ဖွင့်ကြ၏။]

ကမ္မေစ”ဟု ရှိ၏။] ဒွါသဋ္ဌိပဋိပဒါ – ဖြ ပါးသော အကျင့်တို့ကို၊ ဒွဋ္ဌိပဋိပဒါတိ-ဒွဋ္ဌိပဋိပဒါ ဟူ၍၊ ဝဒတိ–ပြောဆို၏။[စာအုပ်တို့၌“ဒွါသဋ္ဌိ ပဋိပဒါတိ ဝဒတိ”ဟု ရှိ၏၊ ထိုအလို“ဒွဋ္ဌိပဋိပဒါတိ–ကား၊ ဒွါသဋ္ဌိ-သော၊ ပဋိပဒါ–အကျင့်တို့သည်၊ (ဟောန္တိ)၊ ဣတိ – သို့၊ ဝဒတိ– ၏ ” ဟု ပေးပါ၊ စာသွား မကောင်းခဲ့။] ဒွဋ္ဌဉ္ဇနရကပ္ပါတိ-ကား၊ ကေသို့ ကပ္ပေ–တခုသော အာသန္နိယျကပ်၌၊ စတုသဋ္ဌိ–၆၄ ပါးသော၊ အဉ္ဇနရကပ္ပါနာမ-အဉ္ဇနရကပ်တို့မည်သည်၊ ဟောန္တိ - ရှိကုန်၏၊ ပန – ထိုသို့ပင် အဉ္ဇနရကပ် ၆၄ ကပ် ရှိပါသော်လည်း၊ အယံ–ဤ မကွာလိသည်၊ အညေ– အခြားကုန်သော၊ ဒွေ - ၂ ကပ်တို့ကို၊ အဇာနန္တော-မသိသည်၊ (ဟုတ္တာ)၊ ဝေံ-ဤသို့ ဒွဋ္ဌဉ္ဇနရကပ္ပါဟူ၍၊ အာဟ။

ဆဠာဘိဇာတိယော တိ-ဆဠာဘိဇာတိယော ဟူသောပါဌ်ဖြင့်၊(“ဝဒတိ” ၌စပ်)၊ ကဏ္ဟာဘိဇာတိ–ကဏ္ဟာဘိဇာတ်ငင်း၊ပေါပရမဘုက္ကာဘိဇာတိ–ငင်း၊ ဇာတိ-ဤသို့၊ ဆ– ကုန်သော၊ ဣမာ အာဘိဇာတိယော–ဤ အာဘိဇာတ်တို့ကို၊ ဝါ–ရှေးရှုဖြစ်ရာ ဘုံတို့ကို၊ ဝဒတိ–ပြော၏၊ တတ္ထ-ထို ၆ ပါးသော အာဘိဇာတ်တို့တွင်၊ သြရဿ်ကာ– သိုးသတ်သမားတို့သည်ငင်း၊ သာကုဏိကာ-ငှက်သတ်

× × × × × × ×

ဒွဋ္ဌပဋိပဒါ။ ။“ဒွါသဋ္ဌိပဋိပဒါ”ဟုဆိုလိုလျက်“သဘာဝနိရုတ္တိ”(မှန်ကန်သော သဒ္ဒါကို)အဇာနန္တော ဒွဋ္ဌိပဋိပဒါတိ ဝဒတိ”ဟု ဋီကာဖွင့်၏၊ သဒ္ဒါကျမ်း(သဒ္ဒနီတိ, ဝေါမိသကသဒ္ဒ)၌ကား သကို ချေ,အာကို(အ)ပြုထားသည်ဟု ဆို၏၊ ထိုအဆိုသည် မသင့်၊ ဘာ့ကြောင့်နည်း–“အသဘာဝနိရုတ္တိယာ ယောဂတော အသိဒ္ဓတ္တာ-သဘာဝနိရုတ္တိ မဟုတ်သောပါဌ်၏ သုတ်အားဖြင့် ပြီးခြင်း မရှိသောကြောင့်တည်း” ဟု ဋီကာသစ်၌ ဝဒန္တော ဝါဒပြသည်။

ဒွဇ္ဇနရကပ္ပါ။ ။မကာကပ်၌ အသန္နိယျကပ် ၄ ကပ်ရှိ၏၊ ထိုတွင် လူသတ္တဝါတို့နေရာ ဝိဝဋ္ဋဌာယီအသန္နိယျတကပ်၌ အဉ္ဇနရကပ်ပေါင်း ၆၄ ကပ်ရှိ၏၊ ထိုတွင် ၂ ကပ်ကို မသိသောကြောင့် “ဒွဋ္ဌိအဉ္ဇနရကပ္ပါ”ဟု ဆိုသည်။ [တက်ကပ်, ဆုတ်ကပ်တစုံကို အဉ္ဇနရကပ်ဟု ခေါ်သည်၊ အသန္နိယျကပ်ကြီး၏ အကြွင်းဌဖြစ်သော ကပ်ငယ်-ဟူလို။]

ဆဠာဘိဇာတိယော။ ။အဘိဇာယန္တီ ဇာတာသူတို အဘိဇာတိယော – ရှေးရှုဖြစ်ရာဘုံတို့၊ “အဘိဇာတိယော”ဟု ဗုဇ္ဈိလိန်ဖြစ်သောကြောင့် ပုဂ္ဂိုလ်ကိုအရမကောံဘဲ ဘူမိကို အရကောက်ရသည်။ [“ဆသွေဝါဘိ ဇာတိသု” တုန်းက “အညာ သုခဒုက္ခ ဘူမိ” ဟု ဘူမိကို အရကောံခဲ့၏၊ ထို ဘုံဟူသည် “သုခ ဒုက္ခ၏ဖြစ်ရာဌာန” ဖြစ်သကဲ့သို့ ဤဌလည်း ကဏ္ဍဓမ္မ စသည်တို့၏ ရှေးရှုဖြစ်ရာဌာနဖြစ်သော ပုဂ္ဂိုလ်အပေါင်းကိုပင် “ဘူမိ”ဟု ယူပါ၊ အဘိဇာတိကိုလည်း “အ ဇ္ဇာ၊ပ္ပတ္တိ (အဘိ+ဥပ္ပတ္တိ–ရှေးရှုဖြစ်ရာ)” ဟု ဋီကာသစ်၌ သဒ္ဒတ္ထ ဖွင့်ထား၏။]

သြရဿိကာ။ ။“ဥရဿ + ဟနနံတိ သြရဿိကာ” ဟု ဋီကာတို့ပြု၏၊ ဟနန်ကို တဒ္ဓိတ်, ဏိကပစ္စည်း။[ကစ္စည်းကျမ်း၌ “ဟန္ဒာဇီဝတိ”ဟု ပြု၍ ဟန္ဒာဇီဝတိတဒ္ဓိတ်ဟု ဆိုသည်၊ မောဂ္ဂလ္လာန်၌ကား ဇီဝတိသဒ္ဒါ မပါ၊ ဤဋီကာအတိုင်းပင်တည်း။]

သမား်တို့သည်၎င်း၊ မာဂဝိကာ - သား်သတ် သမား်တို့သည်၎င်း၊ သူကရိကာ-ဝက်သတ်သမား်တို့သည်၎င်း၊ လုဒ္ဒ?- မူဆိုး်တို့သည်၎င်း၊ မစ္ဆဃာတကာ – ငါး်သတ်သမား်တို့သည်၎င်း၊ စောရာ- ခိုး်သူတို့သည်၎င်း၊ စောရဃာတကာ-ခိုး်သူသတ်သမား်တို့ သည်၎င်း၊ ဗန္ဓနာဂါရိကာ – နှောင်အိမ်၌ ယှဉ်စေတတ်သူတို့သည်၎င်း၊ [ဗန္ဓနာဂါရေ+ နိ်ယောဇေန္တိ တိ ဗန္ဓနာဂါရိုကာ - ထောင်ချတတ်သူများ။] ဝါပန- သည်သာမကသေး၊ အညေဝိ–အခြား်လည်း ဖြစ်ကုန်သော၊ ယေကေစိ – အမှတ် မရှိ ကြွင်းမဲ့ဉာဏ်သုံ အလုံး်စုံကုန်သော၊ ကုရူရကမ္မန္တာ – ကြမ်းတန်း်သော အလုပ်ရှိသူတို့သည်၎င်း၊ (သန္တိ- ရှိကုန်၏၊) အယံ - ဤ လူအပေါင်း်သည်၊ ကဏှာဘိဇာတိ–မည်၏၊ ဝါ-မည်း်နက်သော အမှု၏ ရှေး်ရှုဖြစ်ရာ ဘုံမည်၏၊ ဇာတိ, ဝဒတိ။ [“ကဏှာဘိဇာတိ - မည်း်နက်သော အမှု၏ ရှေး်ရှုဖြစ်ခြင်း ရှိသော ပုဂ္ဂိုလ်အပေါင်း်မည်၏”ဟု ဋီကာသစ်အလို ပေး်ပါ။]

ဘိက္ခု-တို့သည်၊ နိလာဘိဇာတိ-နိလာဘိဇာတ် မည်၏၊ ဝါ-ညှိုသောအမှု၏ ရှေး်ရှုဖြစ်ရာဘုံ မည်၏၊ ဇာတိ, ဝဒတိ၊ ကိရ- ခဲ့၏၊ တေ – ထိုရဟန်း်တို့သည်၊ စတူသု–နိ်သော၊ ပစ္စယေသု–ပစ္စည်း်တို့၌၊ ကဏှကေ-ဆန္ဒရာဂတည်း်ဟူသော ဆူး်

× × × × × × ×

လုဒ္ဓါ လုဒ္ဒါ။ ။ မူဆိုး်ကိုဟောရာ၌ ပါဠိ ၂ မျိုး်ပင်ရှိ၏၊ သင်္ဂါတ်၌ လုဗ္ဘသည် ပါဠိ၌ “လုဒ္ဓ”ဟု ဖြစ်၏၊ “တိသု လုဒ္ဓေါ ကုရူရေစ, နေသာဒမှိ ပုမေ သိယာ”ဟူသော အဘိဓာန်(၁၀၃၈)၌ “လုဒ္ဒ” ဟု ရှိ၏၊ လုဘဓာတ်, တ ပစ္စည်း်ဖြင့် “လုဒ္ဓ” ဟုဂုဏ်း, “ရုဒ်–ဟိ်ံသာယံ”ဟူသောဓာတ်, ဒ ပစ္စည်း်ဖြင့် “လုဒ္ဒ”ဟုဂုဏ်း ပြီး်၏၊ တိုက်ရိုက်ပြအပ်ပြီး်သော သြရဒ်ဓိုက စသည်တို့မှ ကြွင်း်သောမူဆိုး်ကို “လုဒ္ဓ= လုဒ္ဒ”ဟု ယူ်ပါ။

ကုရူရကမ္မန္တာ။ ။ သင်္ဂါတ်၌ “ ကြိုတဓာတ် , ရက်ပစ္စည်း်၊ ဓာတ်ကို ကြွေ်ပြု၍ ပြီး်သော ကြွေ်ရသည်” ပါဠို၌ “ကုရူရ” ဟု ဖြစ်၏၊ ကုရူရံ + ကမ္မန်ံ ယေသံတ် ကုရူရကမ္မန္တာ။

အယံ ကဏှာဘိဇာတိ။ ။အယံ သဗ္ဗောပိ ကဏှကမ္မ ပသုတတာယ (မည်း်နက်သောကံကို အား်ထုတ်သည်၏အဖြစ်ကြောင့်) ကဏှာဘိဇာတိတိ ဝဒတိ၊ ဤ၌ “အယံ သဗ္ဗောပိ”ဟု ပုဂ္ဂိုလ်ကို အရကောံရသောကြောင့် “ကဏှသ+အဘိဇာတိ ယသာတိ ကဏှာဘိဇာတိ”ဟု ဋီကာသစ်၌ ပုလ္လိန် ဝစနတ္ထပြု၏၊ သို့သော် “ဆ အဘိဇာတိယော” ၏ အစိတ်ဖြစ်သောကြောင့် “အဘိဇာယန္တိ ဇော်တိ အဘိဇာတိ (ဘူမိ)၊ ကဏှသ+အဘိဇာတိ ကဏှာဘိဇာတိ ” ဟုသာ ပြု၍ ပုဂ္ဂိုလ်အပေါင်း ရသော်လည်း ဒုတ္ထိလိန်သာ ဖြစ်သင့်ပါသည်။ [“ပုဂ္ဂိုလ်အပေါင်း”ဟူသော အတ္ထလိန်ကို မလိုက်ဘဲ “ဆဉ္ဇာဘိဇာတိယော”ဟု ပြခဲ့သော သဒ္ဒလိန်ကိုသာ လိုက်စေလိုသည်။]

ဘိက္ခု။ ကဏှကေ။ ။ဘိက္ခု။တို ဗုဒ္ဓသာသနေ ဘိက္ခု။၊ ကဏှကေတို ဆန္ဒရာဂေ၊ “ ဗုဒ္ဓသာသနာတော်၌ ရဟန်း်တို့သည် (သူတို့ကဲ့သို့ မခြိုး်ခဲ့ဘဲ) ကောင်း်သည်ထက်ကောင်း်သော (ပဏီတ ပဏီတ) ပစ္စည်း်ကို မှီဝဲသုံး်ဆောင်ကြရကား ဆန္ဒရာဂတည်း်ဟူသော ဆူး်တို့ကို ထိုပစ္စည်း်တို့၌ ရောစပ်၍ မှီဝဲကြသည် ” ဟု တိတ္ထိဆရာတို့မှာ အယူမှား်

တို့ကို၊ ပက္ခိပိတ္တာ-ထည့်၍၊ ခါဒန္တီ–ခဲစားကြကုန်၏၊ ဟိ-မှန်၊ ဘိက္ခ။ ကဏ္ဏက ဝုတ္တိကာတိ- ဘိက္ခု။ကဏ္ဏကဝုတ္တိကာဟူသော၊ အယံ- ဤပါဠိသည်၊ အာဿ-ထိ မက္ခလိဆရာ၏၊ ပါဠိယေဝ – စီကုံးထားအပ်သော ပါဠိပင်တည်း၊ [ဘိက္ခု။ – တို့သည်၊ ကဏ္ဏကဝုတ္တိကာ - ဆူးနှင့်တကွ အာသက်မွေးခြင်းရှိကြကုန်၏။] အထ ဝါ-ထို့ပြင်တနည်းကား၊ ကဏ္ဏကဝုတ္တိကာဝေနာမ-ကဏ္ဏကဝုတ္တိကာမည်သည် သာလျှင် ဖြစ်ကုန်သော၊ ကေ- အခြို့ကုန်သော၊ ပဗ္ဗဇိတာ-ရဿေ့ရဟန်းတို့သည်၊ (သန္တိ -နှ၏၊ တေ- တို့သည်၊ နိလာဘိဇာတိ-မည်၏၊ ဝါ-မည်၏၊) ဇာတ်, ဝဒတိ။[ကဏ္ဏကဝုတ္တိကာ–ဆူးပေါ်၌ ကျင့်ကြသကဲ့သို့ အတွာကိလမထအကျင့်ကို အလွန်အမင်းကျင့်ကြသော ရဿေ့ရဟန်းတို့သည် ”ဟု ပေးပါ။]

ကေသာဉ္စကာ-တထည်သောအဝတ်ရှိကုန်သော၊ နိဂဏ္ဌာ-နိဂဏ္ဌတို့သည်၊ လောဟိတာဘိဇာတိနာမ– လောဟိတာဘိဇာတ် မည်၏၊ ဝါ - နီသောအမှုန်၏ ရှေးရှုဖြစ်ရာဘုံ မည်၏၊ ဇာတိ, ဝဒတိ၊ ဣမေ – ဤ နိဂဏ္ဌတို့သည်၊ ပုရိမေဟိ–

× × × × × × ×

ဖြစ်နေကြ၏၊ ထိုအယူအားလျော်စွာ “ ဘိက္ခု။ ကဏ္ဏကဝုတ္တိကာ ” ဟူသော ပါဠိကိုပင် စီကုံးထားကြလေသည်။ [ကဏ္ဏကေန + ဝုတ္တိ ယေသံ ဘိက္ခု။နံတိ ကဏ္ဏကဝုတ္တိကာ– ဆူးနှင့်တကွ အသက်မွေးခြင်းရှိကြသော ရဟန်းတို့။]

အပရေဝါဒ။ ။ဤသို့မိန့်ဆိုအယူအားဖြင့် ရဟန်းများအပေါ်၌ အထင်ရှိနေသောကြောင့် “ဉာယလဒ္ဓေပိ ပစ္ဆယေ ဘုဉ္ဇမာနာ အာဇီဝကသမယဿ ဝိလောမဂ္ဂါဟိတာယ ပစ္ဆယေသု ကဏ္ဏကေ ပက္ခိပိတ္တာ ခါဒန္တီတိ ဝဒတိတိအပရေ = အသင့်အားဖြင့် (တရားသဖြင့်) ရအပ်သောပစ္စည်းတို့ကို သုံးဆောင်ကြပါကုန်သော်လည်း အာဇီဝကတို့အယူ၏ ဆန့်ကျင်ဘက်အယူကို ယူလေ့ရှိကြသောကြောင့် ရဟန်းတို့သည် သုံးစွဲအပ်သမျှပစ္စည်း၌ ဆူးတို့ကိုထည့်၍ စားကြသည်”ဟု ဆိုသည်။

အထဝါ၊ပေ၊ဧကေ ပဗ္ဗဇိတာ။ ။“ဧကေ ပဗ္ဗဇိတာ”ဟူသည် မိမိကိုယ်ခန္ဓာကို လွန်စွာ အပင်ပန်းခံရသော အတ္တကိလမထအကျင့်ကို အလွန် အားထုတ်ကြသော ရဿေ့ရဟန်းများတည်း၊ ထို ရဿေ့ရဟန်းများသည် အပင်ပန်းခံလွန်းရကား ဆူးပေါ်၌ကျင့်ကြသကဲ့သို့ ဖြစ်ကုန်၏၊ ထို့ကြောင့် ထိုရဿေ့ရဟန်းတို့ကို “ကဏ္ဏကဝုတ္တိကာ”ဟု ဆိုအပ်ကုန်၏၊ ဤအလို “ကဏ္ဏကေ ဝတ္တန္တီတိ ကဏ္ဏကဝုတ္တိကာ, ကဏ္ဏကဝုတ္တိကာ ဝိယာတိ ကဏ္ဏကဝုတ္တိကာ”ဟု ပြုပါ။

ဋီကာ။ ။ဧကေ ပဗ္ဗဇိတာ၊ ယေ သဝိသေသံ (အထူးနှင့်တကွ – အထူးတလည်ကြိုးစား၍) အတ္တကိလမထာနုယောဂံ အနုယုတ္တာ၊ တထာဟိ တေ ကဏ္ဏကေ (ဆူးပေါ်၌) ဝတ္တန္တာဝိယ ဟောန္တိတိ ကဏ္ဏကဝုတ္တိကာ ဝုတ္တာ။ [ဤနည်း၌ “ကဏ္ဏကဝတ္တိကာ” ဟု ဖြစ်သင့်လျက် ဝ၏ အကို ဥပြု။]

နိဂဏ္ဌာ။ ။အမှာကံ သညေ့ဇနဂဏ္ဌော နတ္ထိတိဝါဒိနော ဗဟိရကပဗ္ဗဇိတာ (သာသနာပ ရဿေ့တို့သည်) နိဂဏ္ဌာ၊“နတ္ထိ ဂဏ္ဌော ယေသံ (အမှာကံ) တိ နိဂဏ္ဌာ” ဟု ပြု၊ “ငါတို့မှာ ဒကာ ဒကာမတို့အပေါ်၌ သံယောဇဉ် အထုံးအဖွဲ့ မရှိကြပါ ” ဟု

ရှေးဖြစ်ကုန်သော၊ ဒွိဟိ–၂ ပါးသော အဘိဇာတ်ရှိသူတို့ထက်၊ ပဏ္ဍာရတရာ-သာ၍ဖြစ်ကုန်သည်၊ (ဟောန္တိ)ကိရ-ဖြစ်ကုန်သတတ်၊ ဂိဟီ-အိမ်ရှင်တည်ကုန်သော၊ ဩဒါတဝသနာ–ဖြူသောအဝတ် ရှိကုန်သော၊ အစေလက သာဝကာ-အစေလက၏ သာဝကတို့သည်၊ ဟလိဒ္ဒါဘိဇာတိ - ဟလိဒ္ဒါဘိဇာတ် မည်၏၊ ဝါ-ဝါသောအမှု၏ ရှေးရှုဖြစ်ရာဘုံ မည်၏၊ ဣတိ,ဝဒတိ၊ ဝေံ-ဤသို့၊ အတ္တနော-မိမိ၏၊ ပစ္စယဒါယကေ--ပစ္စည်း ၄ ပါးကို ပေးလှူကြသော ဒါယကာတို့ကို၊ နိဂဏ္ဌောဟိဝိ – နိဂဏ္ဌတို့ထက်သော်မှလည်း၊ ဇဋ္ဌကတရေ - သာ၍ ကြီးမြတ်သည်တို့ကို၊ ကရောတိ-ပြု၏။

အာဇီဝကာ-အာဇီဝကဃယာက်ျားတို့သည်ၵင်း၊ အာဇီဝိနိယော-အာဇီဝိကာ မိန်းမတို့သည်ၵင်း၊ (အယံ – ဤ လူအပေါင်းသည်)၊ သုက္ကာဘိဇာတိ–သုက္ကာ ဘိဇာတ် မည်၏၊ ဝါ - ဖြူစင်သောအမှု၏ ရှေးရှုဖြစ်ရာဘုံ မည်၏၊ ဣတိ, ဝဒတိ၊ တေ–ထိုပုဂ္ဂိုလ်တို့သည်၊ ပုရိမေဟိ-ကုန်သော၊ စတူဟိ-လေးပါးသော အဘိဇာတ်ရှိသူတို့ထက်၊ ပဏ္ဍာရတရာ - ကုန်သည်၊ (ဟောန္တိ) ကိရ - နှ်သတတ်၊

× × × × × × ×

ပြောလေ့ရှိသူတို့၊ ဧကံ + သာဋကံ ယေသံတိ ကေသာဋကာ– အဝတ်တထည်ကို ခါးၵိုလည်းဝတ် အပေါ်ၵိုလည်း ခြုံထားသော နိဂဏ္ဌတို့၊ ထိုနိဂဏ္ဌတို့သည် “ဌတ္တာ ဘုဥ္ဇန, နဟာနပဋိက္ခေပါဒိဝတ သမာယောဂေန– မတ်မတ်ရပ်၍စားခြင်း, ရေချိုးမှုကိုပယ်ခြင်း စသောအကျင့်နှင့် ယှဉ်ခြင်းကြောင့်၊ ပဏ္ဍာရတရာ–ရှေ့ ကဏ္ဌာဘိဇာတ်, နီလာဘိဇာတ် ၂ မျိုးတို့ထက် သာ၍ စိတ်နေအကျင့် ဖြူစင်ကုန်၏။

အစေလကသာဝကာ ။ ။“ အစေလကသာဝကာတိ အာဇီဝကသာဝကေ ဝဒတိ”ဟု ဋီကာဖွင့်သောကြောင့် နေဝံၵိုလာသော အာဇီဝကတို့ကိုပင် “အစေလက” ဟု ခေါ်ကြောင်းသိပါ။ [နတ္ထိ + စေလံ ယေသံတိ အစေလကာ – အဝတ်မရှိကြသော ရသေ့တို့။] နိဂဏ္ဌတို့သည် အဝတ်တထည်ကို ဝတ်ရုံကြသေး၏၊ အာဇီဝကတို့ကား အဝတ်တထည်မျှ မဝတ်ကြတော့၊ ထို့ကြောင့် “အစေလက”ဟု ခေါ်၏၊ အစေလကတို့၏ သာဝကဖြစ်ကြသော လူဝတ်ကြေးင်တို့သည် နိဂဏ္ဌတို့ထက် “မြင့်မြတ်ကြသည်” ဟု ဆိုသည်။

ဋီကာ။ ။တေ ကိရ အာဇီဝကလဒ္ဓိယာ ဝိသုဒ္ဓစိတ္တာဘာယ (ထို လူဝတ်ကြောင်တို့သည် အာဇီဝကတို့၏အယူၵို့ ယုံမှားသံသယ မရှိလောက်အောင် စင်ကြယ်သောစိတ် ရှိကြသောကြောင့်) နိဂဏ္ဌောဟိဝိ ပဏ္ဍာရတရာ၊– ဋီကာ။]

အာဇီဝကာ။ ။အာပဇ္ဇ, ဇီဝဓာတ်, ဏ္ဍ,ပစ္စည်း၊ အာဇီဝန္တိ-သန့်ရှင်းစင်ကြယ်စွာ အသက်မွေးတတ်ကုန်၏၊ ဣတိ အာဇီဝကာ။ [“ငါတို့ကတော့ အသက်မွေးဝမ်းကျောင်း စင်ကြယ်သည်” ဟု ပြောလေ့ ကြားလေ့ရှိသော တိတ္ထိတို့တည်း။] ဣတ္ထိလိန်ၵ် “ဒါယိကာ” ကဲ့သို့ “အာဇီဝိကာ” ဟု ဖြစ်သင့်၏၊ ရှေးစာအုပ်များၵ် “အာဇီဝိနိယော”ဟု ရှိသည်၊ နောက်စာအုပ်များၵ်“အာဇီဝိကိနိယော”ဟု ပြင်ကြ၏၊ ပုလ္လိန်ၵ် “အာဇီဝိက” ဟု ရှိမှသာ ထိုသို့ ပြင်သင့်သည်။

နန္ဒော- နန္ဒရသော့သည်၎င်း၊ ဝစ္ဆော– ဝစ္ဆရသော့သည်၎င်း၊ [ရှေးစာအုပ်များ၌ "ကိစ္ဆော (ကိစ္ဆရသော့)"ဟု ရှိ၏။] ကိသော- ကိသရသော့သည်၎င်း၊ ["ကိသာ" ဟုလည်း ပြင်ကြသည်။] သင်္ကိစ္ဆော – သင်္ကိစ္ဆရသော့ သည်၎င်း၊ မက္ခလိဂေါသာလော-မက္ခလိဂေါသာလသည်၎င်း၊ ပရမသုက္ကာဘိဇာတိ-ပရမသုက္ကာဘိဇာတ်မည်၏၊ ဝါ- အလွန်ဖြူစင်သော အမှု၏ ရှေးရှုဖြစ်ရာဘုံ မည်၏၊ ဣတိ, ဝဒတိ၊ တေ- ထို နန္ဒစသော ရသော့တို့သည်၊ သဗ္ဗေဟိ – အလုံးစုံသော အာဘိဇာတ်ရှိသူတို့ထက်၊ ပဏ္ဍရတရာ-ကုန်သည်၊ (ဟာန္တိ)ကိရ–သတတ်။

အဒ္ဒ ပုရိသဘူမိယောတိ- ဟူသော ပါဠိဖြင့်၊ (ဝဒတိ ၌စသ်)၊ မန္ဒဘူမိ–မန္ဒဘုံဝင်း၊ ခိဍ္ဍာဘူမိ-ခိဍ္ဍာဘုံဝင်း၊ ပဒဝီမံသဘူမိ-ပဒဝီမံသာဘုံဝင်း၊ ဥဇုဂတဘူမိ-ဥဇုဂတဘုံဝင်း၊ သေက္ခဘူမိ-သေက္ခဘုံဝင်း၊ သမဏဘူမိ- သမဏဘုံဝင်း၊ ဇိနဘူမိ– ဇိနဘုံဝင်း၊ ပန္နဘူမိ- ပန္နဘုံဝင်း၊ ဣတိ– သို့၊ အဒ္ဒ–ရှစ်ပါးကုန်သော၊ ဣမာ ပုရိသဘူမိယော - ဤ ပုရိသဘုံတို့သည်၊ ဝါ– ဤယောက်ျားတို့၏ ဖြစ်ရာ အခိုက်အတန့်တို့သည်၊ (ဟာန္တိ-ရှိကုန်၏)၊ ဣတိ ဝဒတိ၊ တတ္ထ- ထို ရှစ်ပါးသော ဘုံတို့တွင်၊ (မန္ဒဘူမိ စသည်၌စသ်)၊ ဇာတဒိဝသတော-မွေးဖွားရာနေ့မှ၊ ပဋ္ဌာယ-စ၍၊ သတ္တဒိဝသေ– ခုနစ်ရက်တို့ပတ်လုံး၊ သမ္မာဓဋ္ဌာနတော–ကျဉ်းခြောင်းသော အင်ဝင်း အရပ်မှ၊ [သမ္မာဓဋ္ဌာနတောတိ မာတုကုစ္ဆိံ သန္ဓာယာဟ၊–ဋီ, သစ်။] နိက္ခန္တတ္တာ- ထွက်ခဲ့ရကုန်သည်၏ အဖြစ်ကြောင့်၊ သတ္တာ– သတ္တဝါတို့သည်၊ မန္ဒာ – နုံကုန်သည်၊ မောမူဟာ – အလွန် တွေဝေကုန်သည်၊

× × × × × × ×

နန္ဒော၊ ပေ၊ ဂေါသာလော။ ။ဤသူတို့ကား အာဇီဝကအကျင့်ကို အထွဋ်အထိပ်ရောက်အောင် ကျင့်နိုင်သော အာဇီဝကဆရာကြီးများတည်း၊ ထို့ကြောင့် နိဂဏ္ဌတ်ထက်ဌက်၎င်း, အာဇီဝကသာဝကတို့ထက်၎င်း, ရသော့ဖြစ်ကြသော သာဝကအာဇီဝကတို့ထက်၎င်း သာ၍ ဖြူစင်ရကား "ပရမသုက္ကာဘိဇာတိ"ဟု ဆိုသည်။ [နန္ဒာဒယော ဟိ အာဇီဝကပဋိပတ္တိံ ဥက္ကံသံ ပါပေတ္ဝာ ဋီတ၊–ဋီကာ။]

ပုရိသဘူမိယော။ ။ဘူမိသဒ္ဒါသည် "အဝတ္ထာဘုံ" ဟူသော အခိုက်အတန့် အနက်ကိုဟော၏။ [တဘဝတည်းဝယ် မွေးဖွားသည်မှစ၍ ဖြစ်ရာအခိုက်အတန့် အမျိုးမျိုးကို "အဝတ္ထာဘုံ" ဟု ခေါ်သည်။] ဘဝန္တိ ထွေဘဲ ဘူမိ- ဖြစ်ရာအခိုက်အတန့်၊ ပုရိသာနံ+ဘူမိယော ပုရိသဘူမိယော – ယောက်ျားတို့၏ဖြစ်ရာ အခိုက်အတန့်၊ ပဓာနနည်းအားဖြင့် "ပုရိသ"ဟု ဆိုသည်၊ မိန်းမများအတွက်လည်း ထိုအခိုက်အတန့် ဘူမိများကို မက္ခလိဆရာ အလိုရှိသည်သာ။ [ပုရိသဘူမိယောတိ ပဓာနနိဒ္ဒေသေ၊ ဇာတ်ဆိုနံပါဟောတာ ဘူမိယော သေ(ဤဆရာကြီးသည်) ဇာန်ဆတေဝ၊–ဋီကာသစ်။]

ဇာတဒိဝသတော၊ ပေ၊ မန္ဒဘူမိ။ ။မွေးဖွားပြီး၍ ၇ ရက်အတွင်း၌ ကလေးငယ်သည် နုံ၏, ညံ့၏၊ ထို့ကြောင့် ထို ၇ ရက် အခိုက်အတန့်ကာလကို "မန္ဒာနံ+ဘူမိ မန္ဒဘူမိ"ဟု ခေါ်သည်။ [သတ္တဒိဝသေတ် အစ္စန္တသံယောဂဝစနံ၊–ဋီကာသစ်။]

ဟောန္တိ၊ အယံ-ဤခုနစ်ရက် အခိုက်အတန့်သည်၊ မန္ဒဘူမိ–မန္ဒဘုံမည်၏၊ ဝါ-နှံသူတို့၏ အခိုက်အတန့်မည်၏၊ ဣတိ ဝဒတိ။

ပန – ကား၊ ယေ – အကြင် သတ္တာတို့သည်၊ ဒုဂ္ဂတိတော – ဒုဂ္ဂတိဘဝမှ၊ အာဂတာ - လာခဲ့ရကုန်သည်၊ ဟောန္တိ၊ တေ - ထို သတ္တာတို့သည်၊ အဘိဏှံ–မပြတ်၊ ရောဒန္တိစေဝ- ငိုလည်း ငိုကြကုန်၏၊ ဝိရဝန္တိစ - မြည်တမ်းလည်းမြည်တမ်းကြကုန်၏၊ သုဂတိတော - သုဂတိဘဝမှ၊ အာဂတာ - လာခဲ့ရကုန်သော သတ္တာတို့သည်၊ တံ-ထို သုဂတိဘဝကို၊ အနုဿရိတ္တာ-အဖန်ဖန် အမှတ်ရ၍၊ ဟသန္တိ–ပြုံးရွှင်ကုန်၏၊ အယံ- ဤအခိုက်အတန့်သည်၊ ဒိဋ္ဌာဘူမိနာမ-ဒိဋ္ဌာဘုံမည်၏၊ ဝါ–ပင်ပန်းခြင်း, မြူးပျော်ခြင်း၏ အခိုက်အတန့်မည်၏။

မာတာပိတူနံ– မိဘတို့၏၊ ဟတ္ထံဝါ– လက်ကိုသော်၎င်း၊ ပါဒံဝါ- ခြေကိုသော်၎င်း၊ မဉ္ဆံဝါ–ညောင်စောင်းကိုသော်၎င်း၊ ပိဋ္ဌံဝါ-အင်းပျဉ်ကိုသော်၎င်း၊ ဂဟတ္တာ-ကိုင်၍၊ ဘူမိယံ-မြေပေါ်၌၊(တည်ရာကြမ်းပြင်စသည်၌)၊ ပဒနိက္ခိပနံ- ခြေကိုချခြင်း သည်၊ (ခြေကိုချ၍ စမ်းခြင်းသည်)၊ ပဒဝီမံသာဘူမိ နာမ–ပဒဝီမံသဘုံမည်၏၊ ဝါ-ခြေကိုစုံစမ်းခြင်း၏ အခိုက်အတန့်မည်၏၊ ပဒသာ-ခြေဖြင့် ဂန္တုံ-သွားခြင်းငှါ၊ သမတ္ထကာလေ- စွမ်းနိုင်သူ၏အခါ၌၊ ဥဇုဂတဘူမိနာမ–ဥဇုဂတဘုံမည်၏၊ ဝါ-ဖြောင့်စွာသွားနိုင်သူ၏ အခိုက်အတန့်မည်၏၊

သိပ္ပါနိ–အတတ်တို့ကို၊ သိက္ခိတကာလေ - သင်ခြင်းရှိသူ၏အခါ၌၊ သေက္ခဘူမိနာမ–သေက္ခဘုံမည်၏၊ ဝါ–အတတ်တို့ကို သင်တတ်သူ၏ အခိုက်အတန့်မည်၏၊ ယရာ-အိမ်မှ၊ နိက္ခမ–ထွက်၍၊ ပဗ္ဗဇိတကာလေ - ရဿေရဟန်းပြုသူ၏

× × × × × × ×

ယေ ပန၊ပေ၊ဒိဋ္ဌာဘူမိ ။ ။ ဒုဂ္ဂတိမှ လာသူတို့သည် ထို ဒုဂ္ဂတိကို အမှတ်ရ၍ ခေဒ-စိတ်ပင်ပန်းကြကုန်၏၊ သုဂတိမှလာသူတို့ကား ထို သုဂတိကိုအမှတ်ရ၍ ပျော်ရွှင်မြူးတူးကြကုန်၏၊ ထို့ကြောင့် ခေဒနကိုလည်း ဒိဋ္ဌာသဒ္ဒါဖြင့်ယူ၍ (ဝိရူပေကသေသ်သော်လည်းပြု၍) “ဒိဋ္ဌာယ– ပင်ပန်းခြင်း, မြူးပျော်ခြင်း၏+ဘူမိ ဒိဋ္ဌာဘူမိ”ဟု ပြုပါ။ [ခေဒနံ ကိဋ္ဌနဉ္စ ဒိဋ္ဌာသဒ္ဒေနေဝ သင်္ဂဟေတွာ ဒိဋ္ဌာဘူမိတိ ဝုတ္တာ၊–ဋီကာသစ်။]

မာတာ၊ပေ၊ပဒဝီမံသဘူမိ။ ။ခြေ၏ သွားနိုင်-မသွားနိုင်ကို စုံစမ်းခြင်းကိုပင် “ပဒဝီမံသာ”ဟု ခေါ်၏၊ ပဒသ–ခြေကို+ဝီမံသာ- သွားနိုင်, မသွားနိုင် စုံစမ်းခြင်းတည်း၊ ပဒဝီမံသာယ+ဘူမိ ပဒဝီမံသဘူမိ။ [ပဒသ – ခြေကို+နိက္ခိပနံ - ချခြင်း (ချ၍စမ်းခြင်း)၊ ပဒနိက္ခပနံ–ခြင်း။]

သိပ္ပါနိ၊ပေ၊သေက္ခဘူမိ။ ။သိက္ခတ်-အတတ်တို့ကိုသင်တတ်၏၊ ဣတိ သေက္ခော၊ “ သိက္ခ – ဝိဇ္ဇောပါဒါနေ ”ဟူသော ဓာတ်, ဏပစ္စည်း၊ သေက္ခသ – အတတ်တို့ကို သင်တတ်သော ပုဂ္ဂိုလ်၏+ဘူမိ, သေက္ခဘူမိ၊ “ စ:သင်သားအနှယ် ”ဟု ဆိုလိုသည်။ [“သေက္ခ–ကျင့်တတ်သူ”ဟု မပေးရ၊ “သိပ္ပါနိ သိက္ခိတ”ကို ကြည့်၍“သင်တတ်သူ”ဟု ပေးပါ။]

အခါ၌၊ သမဏဘူမိနာမ – သမဏဘုံမည်၏၊ ဝါ – ရသေ့ရဟန်း၏ အဝိဂ် အတန့်မည်၏၊ အာစရိယံ - ဆရာကို၊ သေဝိတွာ – မှီဝဲ၍၊ ဇာနနကာလေ – အကျင့်မှန့်, မမှန်ကို သိရာအခါ၌၊ ဇိနဘူမိနာမ-ဇိနဘုံမည်၏၊ ဝါ-အောင်နိုင်သူ၏ အဝိဂ်အတန့်မည်၏၊ ပန္နကော – ဆွမ်းခံလှည့်လည်တတ်သော၊ ဝါ-မိမိတို့၏ အကျင့်ကို ကျင့်တတ်သော၊ ဇိနော-အိုမင်းပြီးသော၊ ဝါ-မိမိ၏ အကျင့် ပဋိပတ်ဖြင့် ဆန့်ကျင်ဘက်ကို အောင်နိုင်ပြီးသော၊ ဘိက္ခု စ-ရသေ့ရဟန်းသည်လည်း၊ ကိန္တိ – တစုံတခုကို၊ န အာဟ-မပြောတော့၊ ဣတိ ဧဝံ – ဤသို့ သူတို့ပါဠိ,

× × × × × × ×

သမဏဘူမိ။ ။အတတ်ပညာ သင်ပြီးသောအခါ ရသေ့ရဟန်း ပြုလိုသူအတွက် “ သမဏဘူမိ ”ဟု ခေါ်အပ်သော အခဲ့က်အတန့်တမျိုးကို ပြသည်၊ သမဏသ + ဘူမိ သမဏဘူမိ–သမဏဖြစ်ရာ အဝိဂ်အတန့်။

ဇိနဘူမိ။ ။ဇာနနကာလေကို “ဝတာဝတဇာနနကာလေ-အကျင့်မှန်, အကျင့်မှားကို ခွဲခြားး၍ သိရာအခါ၌ ”ဟု ဋီကာသစ်ဖွင့်၏၊ ရဟန်းပြုပြီးနောက် ဆရာကို မှီဝဲဆည်းကပ်၍ အကျင့်တို့၏ အမှန် အမှားကိုသိရာ အဝိဂ်အတန့်ကို “ ဇိနဘူမိ ” ဟုဆိုသည်၊ ဇိနာတိ – အကျင့်ကို သိသောအားဖြင့် အောင်နိုင်တတ်၏၊ ဣတိ ဇိနော၊ ဇိန သ + ဘူမိ ဇိနဘူမိ။

ဘိက္ခု စ ပန္နကော။ ။“ ဘိက္ခု စ ၊ပေ၊ အာဟ ”သည် တိတ္ထိဆရာကြီးတို့၏ စီကုံးအပ်သော ပါဠိတည်း၊ ပန္နကောကို“ဘိက္ခာယ ဝိစရဏကော၊ တေသံဝါ ပဋိပတ္တိ ပဋိပန္နကော”ဟု ၂ နည်းဖွင့်၏၊ ထိုအတိုင်း နိဿယ၌ ၂ နည်းပေးထားသည်၊ ထိုတွင် ပဌမနည်း၌ ပဒဓာတ်သည် ဣရိယာပထဂမန အနက်ဟောတည်း၊ ဒုတိယနည်း၌ကား ပဋိပတ္တိဂမနအနက်ဟောတည်း၊ တပစ္စည်းကို အန္ဒပြု၊ “ ပန္နောယေဝ ပန္နကော ” ဟု သွတ္ထိ၌ ကပစ္စည်းသက်။

ဇိနော န ကိန္တိ အာဟ။ ။ဇိနောကို “ဇိတ္တော ဇရာဝသေန ဟိနဓာတုကော” ဟုဂုဏ်း, “အတ္တာနော ဝါ ပဋိပတ္တိယာ ပဋိပက္ခံ ဇိနိတ္တာ ဌိတော”ဟုဂုဏ်း ၂ နည်းဖွင့်၏၊ ပဌမနည်း၌ ဇရဓာတ်, ဘိဒါဒိတော စသောသုတ်ဖြင့် တကို ဤနပြု, ရဿပြု၊ အဇိရိတိ ဇိနော-အိုမင်းပြီးဖြစ်၍ ယုတ်လျော့သော ဓာတ် ၄ ပါးရှိရကား ဘာစကားကိုမျှ မပြောတော့-ဟူလို၊ ဒုတိယနည်း၌ ဇိဓာတ်, ဣနပစ္စည်း၊ အဇိနိတိ ဇိနော၊ “ မိမိအကျင့်ဖြင့် ဆန့်ကျင်ဘက်ကို အောင်နိုင်ပြီးဖြစ်၍ ဘာကိုမျှ မပြောတော့”ဟူလို။

ဋီကာ။ ။သော ကိရ တထာဘူတော ဓမ္မံပိ ကဿစိ န ကထေတိ-ထိုသို့ ပန္နကဇိနဖြစ်နေသော ထို ရသေ့ရဟန်းသည် တရားကိုသော်မှလည်း တစုံတယောက်အား မဟောတော့ သတတ်၊ တေနာဟ – န ကိန္တိ အာဟာတိ၊ သြဋ္ဌဝဒနာဒိဝိပုကာရေ ကတေပိ-ပြောမည်ဟု ကြံ၍ (နှုတ်ခမ်း ပါးစပ်တို့၏ ဖေါက်ပြန်လှုပ်ရှားခြင်းကို ပြုအပ်ပြီးသော်လည်း) ခမနဝသေန နကိန္တိ ဝဒတီတိဝိ ဝဒန္တိ-သည်းခံအောင့်အီး ချုပ်တီးခြင်း၏ အစွမ်းဖြင့် ဘာစကားကိုမျှ အသံထွက်အောင် မပြောတော့” ဟုလည်း ဝဒန္တိ ဝါဒ ရှိပါသေး၏, တဲ့။

လးရှိသည့်အတိုင်း၊ အလာဘိ-ရခြင်း မရှိဒသာ၊ (ဆွမ်းခံလှည့်လည် ပါသော်လည်း ရခြင်းမရှိသော)၊ သမဏံ - ရသေ့ရဟန်းကို၊ ပန္နဘူမိတိ - ပန္နဘုံဟူ၍၊ ဝါ-လဲကျနေသူ၏ အခိုက်အတန့်ဟူ၍၊ ဝဒတိ။

ကွေနပညာသ အာဇီဝသတေတိ – ကား၊ ကွေနပညာသ အာဇီဝဝတ္တိ သတာန် - တခုဖြင့်ယုတ်သော ငါးဆယ်သော အသက်မွေးဝမ်းကြောင်း အရာတို့သည်၊ ဝါ-တခုဖြင့်ယုတ်သော အသက်မွေးဝမ်းကြောင်းငါးထောင်တို့သည်၊ (ဟောန္တီ-ရှိကုန်၏)၊ ပရိဗ္ဗာဇကသတေတိ-ကား၊(ကွေနပညာသ)ပရိဗ္ဗာဇက

× × × × × × ×

အလာဘိံ သမဏံ။ ။“သော နကုန္တိမုခါ ပဋိဂ္ဂဏှာတိ– ထို အစေလကသည် ထမင်းအိုးဝမှ ခူးချလောင်းအပ်သောဆွမ်းကို မခံယူ”ဤသို့စသောနည်းဖြင့် မဟာသီဟနာဒသုတ်၌ ဆိုအပ်လတ္တံသော (ဆွမ်းခံ၍ မရဘို့ရန်) အကြောင်း အမျိုးမျိုးကြောင့် ဆွမ်းခံ၍ မရသူကို “အလာဘိ”ဟု ဆိုသည်။

ပန္နဘူမိ။ ။တတောယေဝ ဇိဃစ္ဆာဒုဗ္ဗလပရေတတာယ–ထိုဆွမ်းခံ၍ မရသည့်အတွက် ဆာလောင်ခြင်း အားနည်းခြင်းသည် နှိပ်စက်အပ်သည်၏ အဖြစ်ကြောင့်၊ သယနပရာယဏံ သမဏံ ပန္နဘူမိတိ ဝဒတိ – အိပ်ရာလျှင် လည်းလျောင်းရာရှိသော (အိပ်ရာပေါ်၌ လဲနေသော) ရဟန်းကို “ပန္နဘူမိ”ဟု ဆိုသည်။

မုတ်ချက်။ ။ဤ၌ သယနပရာယဏံကိုထေဒံ၍“ပန္နံ”၌ “ပတဓာတ်, တပစ္စယ်းကို အန္နပြု”ဟု ယူပြီးလျှင် “ ပတတိ-လဲကျနေ၏၊ ဣတိ ပန္နော၊ ပန္နဿ+ဘူမိ ပန္နဘူမိ”ဟု ပြုပါ၊ “ပန္နကော”အဖွင့်တုန်းက အနက်များသည် ဤ ပန္နနှင့် မဆိုင်၊ “ပန္နလောမာတိ ပတ်တလောမာ” ဟူသော ပုဒ်ကဲ့သို့ ဤ ပန္နဉ်လည်း “ ပတိတ ” အနက်သာတည်း။

အာဇီဝသတေ။ ။“ဇီဝနံ ဝုတ္တံ ဇီဝိကာ, အာဇီဝေါ ဝတ္တာနုဘာဝထ”–အဘိဓာန်(၄၄၅)၊ အာဇီဝနှင့် ဝုတ္တိသည် အသက်မွေးမှု အနက်ဟောချင်းတူ၏၊ ထို့ကြောင့် အာဇီဝ၏အနက် ထင်ရှားအောင် “ အာဇီဝဝုတ္တိ ” ဟု ဝုတ္တိသဒ္ဒါထည့်၍ ဖွင့်သည်၊ သတေကို “သတာနိ”ဟု ဖွင့်ခြင်းကား ထိုဆရာကြီးသည် သဒ္ဒလိန်ကို နားမလည်သောကြောင့် “သတေ” ဟု ဆိုထားကြောင်းကို ပြ၏။ [နောက်စာအုပ်များ၌ “အာဇီဝကသတေ”ဟု ရှိ၏၊ အနက်တူပင်တည်း။]

ကွေနပညာသ။ ။“ဒသသတ”ဟူရာ၌ “တဆယ်ဖြင့် မြောက်အပ်သော တရာ, ဝါ – တထောင်” ဟု အနက်ထွက်သကဲ့သို့ ဤ၌လည်း အာဇီဝသတကို ကွေနပညာသ (တခုယုတ် ၅၀, ဝါ-၄၉) ဖြင့် မြောက်လျှင် “တရာယုတ် ငါးထောင်, ဝါ-လေးထောင့်ကိုးရာ”ဟု အနက်ဖြစ်သင့်၏၊“တခုဖြင့်ယုတ်လျော့သော တရာ့ငါးဆယ်”ဟု ပေးသော အနက်ကို စဉ်းစားပါ၊ နောက်၌လည်း နည်းတူ၊ ၌ သာမညဖလသုတ် အစ၌လည်း “အမုတေလသေဟိ ဘိက္ခု သတေဟိ”ဟု ရှိခဲ့ပြီ၊ အနက်ကိုပြန်ကြည့်ပါ။

ပရိဗ္ဗာဇကသတေ။ ။ပရိဗ္ဗာဇကဖြင့် ပရိဗ္ဗာဇကတို့၏ ပဗ္ဗဇ္ဇာ (ပရိဗ္ဗိဇ်ရဟန်းအဖြစ်) တိုင်အောင် ယူစေလို၍ “ပရိဗ္ဗာဇက ပဗ္ဗဇ္ဇာသတာနိ”ဟု ဖွင့်သည်၊ ပါဠိတော်မှ ကွေနပညာသကိုယူ၍ နိဿယအနက် ပေးထားသည်။

ပဗ္ဗဇ္ဇာသတာနိ – တခုဖြင့်ယုတ်သော ငါးဆယ်သော ပရိဗ္ဗိဇ် ရသွေ့ရဟန်း အဖြစ်၏ အရာတို့သည်၊ ဝါ - တခုဖြင့်ယုတ်သော ပရိဗ္ဗိဇ်ရသွေ့ရဟန်း အဖြစ် ငါးထောင်တို့သည်၊(ဟောန္တိ)၊ နာဂါဝါသသတေတိ-ကား၊ (ကျွန်ုပ်သည်သ) နာဂမဏ္ဍလသတာနိ - တခုဖြင့်ယုတ်သော ငါးဆယ်သော နဂါးတို့၏နယ်မြေ အဝှမ်းအရာတို့သည်၊ ဝါ – တခုဖြင့် ယုတ်သော နဂါးတို့၏ နယ်မြေအဝှမ်း ငါးထောင်တို့သည်၊ (ဟောန္တိ)။

ဝိသေဋ္ဌာယသဒ်တတိ–ကား၊ ဝိသတိန္ဒြိယသတာနိ-၂၀ သော ဋ္ဌာန်အရာ တို့သည်၊ ဝါ-ဋ္ဌာန်း ၂ ထောင်တို့သည်၊ (ဟောန္တိ)၊ တိံသေနိရယသတေတိ-ကား၊ တိံသနိရယသတာနိ သုံးဆယ်သောငရဲအရာတို့သည်၊ဝါ-ငရဲသုံးထောင် တို့သည်၊ (ဟောန္တိ)၊ ရဇောဓာတုယောတိ-ရဇောဓာတုယောဟူသော စကား ကို၊ ရဇသြကိရဏဋ္ဌာနာနိ– မြေတို့၏ ရောပြွမ်းရာအရပ်ဖြစ်ကုန်သော၊ ဟတ္ထပိဋ္ဌ ပါဒပိဋ္ဌဒီနိ - လဲက်ဖမိုး, ခြေဖမိုး အစရှိသောအရပ်တို့ကို၊ သန္ဓာယ - ရည်ရွယ် ၍၊ ဝဒတိ၊ သတ္တသညိဂဟ္ဏာတိ – သတ္တသညိဂဟ္ဏာဟူသော စကားကို၊ သြဋ္ဌ ဂေါဏ ဂဒြဘ အဇ ပသု မိဂ မဟိံသေ – ကုလားအုပ်, နွား , မြည်း, ဆိတ်, သိုးမျိုး, ဆတ်, နွားနေဝံ အစရှိသော သားကောင်မျိုး, ကျွဲတို့ကို၊ သန္ဓာယ- ၍၊ ဝဒတိ၊ သတ္တ အသညိဂဟ္ဏာတိ-သတ္တ အသညိဂဟ္ဏာဟူသော စကားကို၊ သာလိ ဝီဟိ ယဝ ဂေါဓူမ ကင်္ဂု ဝရက ကုဒြူသကေ – သလေး, ကောက်, မုယော, နှမ်းကောက်, ဆတ်, ပြောင်း, လူးတို့ကို၊ သန္ဓာယ ဝဒတိ။

× × × × × × ×

နာဂါဝါသသတေ။ ။"နာဂါနံ + အာဝါသော" အရ "နဂါးတို့၏နေရာ" ဟူသည် နဂါးဘုံတည်း၊ ထို့ကြောင့် "နာဂမဏ္ဍလသတာနိ"ဟု ဖွင့်သည်၊ "မဏ္ဍလ" သဒ္ဒါသည် "မဟိံသကမဏ္ဍလံ – မဟိံသက နယ်မြေအဝှမ်း"ဟူရာ၌ "နယ်မြေအဝှမ်း (တိုင်းပြည်)" အနက်ကို ဟောသကဲ့သို့ ဤဥစ္စာလည်း နဂါးပြည် (နဂါးဘုံ) အနက်ကို ဟော၏။ [နာဂဘဝနံ နာဂမဏ္ဍလံ၊ ယထာ–မဟိံသက မဏ္ဍလန္တိ၊–ဋီကာသဒ်။]

ရဇောဓာတုယော။ ။အဏုမြူစသော မြူတို့ကို "ရဇ"ဟု ဆို၏၊ "ရဇဓာတု ယော–မြူဓာတ်တို့သည်"ဟု အနက်ဖြစ်သော်လည်း ထို မဂ္ဂလိဆရာကြီး၏ ဆိုလိုရင်း မှာ "မြူတို့၏ရောပြွမ်းရာ (မြူများစွာစုရာ) ဌာနဖြစ်သော လက်ဖမိုး ခြေဖမိုးစသည်ကို ဆိုလိုသည်၊ ဌာန်မြူတို့၏ ရဇအမည်ကို ဌာနလက်ဖမိုး ခြေဖမိုးတို့၌တင်စား၍သော ဌာန။ ပစာတည်း။ [" ဌာနာနိ "၏ နောက်၌ ပိဒ်ရှိသောကြောင့် တဝါကျအဖြစ်ဖြင့် အနက် ပေးရိုးဖြစ်၏၊ ဒီဓိကား ထိုပိဒ်ကို မလို ဟု ယူဆ၍ တဆက်တည်း အနက်ပေးလိုက် ပါသည်။]

သညိဂဟ္ဏာ, အသညိဂဟ္ဏာ။ ။သြဋ္ဌစသည်ကို သညာရှိသော (စိတ်) ရှိသော ကြောင့် "သညာရှိသော ဂဟ္ဏရှိသော သတ္တာ" ဟု ဆိုသည်၊ သာလိ စသည်တို့ကိုကား သညာမရှိသောကြောင့် " အသညိဂဟ္ဏ " ဟု ဆိုသည်။ [ပသုဖြင့် သိုးအမျိုးဟူသမျှကို ယူ၍, မိဂဖြင့် ဆတ်, နွားနောက်စသော သားကောင်များကို ယူသည်။]

နိဂဏ္ဌိဂဒ္ဓာတိ - နိဂဏ္ဌိဂဒ္ဓာဟူသော စကားကို၊ ဂဏ္ဌိမို့ - အဖုအဆစ်၌၊ ဇာတဂဒ္ဓာ - ဖြစ်သော ကိုယ်ဝန်၌ကုန်သော၊ ဥစ္ဆု၊ ဝေဠု၊ နဠာဒယော - ကြံ, ဝါး, ကျူ။ အစရှိသည်တို့ကို၊ သန္ဓာယ ဝဒတိ၊ သတ္တာဒေဝါတိ-ကား၊ ဒေဝါ-နတ်ဖြာ့ဖွာတို့သည်၊ ဗဟု-များစွာကုန်၏၊ [စာတုမဟာရာဇိကာဒိ ဖြာ့ဖွာကာယိကာဒိဝသေန, တေသံစ အန္တရဘာဒဝသေန (စတုမဟာရာဇ်အတွင်း၌ အချင်းချင်း ကွဲပြားခြင်း, ပဌမစျာန် ဖြာ့ဖွာအတွင်း၌ အချင်းချင်း ကွဲပြားခြင်း အစရှိသည်တို့၏ အပြားအားဖြင့်) ဗဟူဒေဝါ။] ပန-ထိုသို့ပင် နတ်ဖြာ့ဖွာတို့မျှး ပါသော်လည်း၊ သော-ထို မက္ခလိဆရာကြီးသည်၊ သတ္တာတိ-သတ္တဟူ၍၊ ဝါ-ခုနစ်ယေဒံတို့ဟူ၍၊ ဝဒတိ၊ မနုဿာပိ– လူတို့သည်လည်း၊ အနန္တာ–အဆုံးအဝိုင်းအခြားမရှိကုန်၊ သော - ထို မက္ခလိဆရာကြီးသည်၊ သတ္တာတိ - သတ္တဟူ၍၊ ဝါ– ခုနစ်ယောက်တို့ဟူ၍၊ ဝဒတိ။ [ရှေးစာအုပ်များ၌ “ဗဟူဒေဝ မနုဿာပိ အနန္တာ” ဟု ရှိ၏၊ “ဗဟူဒေဝ- များကုန်သည်သာ” ဟုလည်း အနက်ပေးကြ၏၊ သို့သော်ထိုဗဟူဒေဝသဒ္ဒါပိုဟန်တူသည်။] သတ္တာဝိသာစာတိ-ကား၊ ဝိသာစာ-မြေဘုတ်တို့သည်၊ မဟန္တမဟန္တာ-အလွန်များကုန်၏၊ [ဦးကာတို့၌ “ပေသာစာ” ဟု ရှိ၏။] (သော–ထို မက္ခလိဆရာကြီးသည်၊) သတ္တာတိ, ဝဒတိ၊ သရာတိ-ကား၊ မဟာသရာ-အိုင်ကြီးတို့သည်၊ (ဟောန္တိ)၊ (သော- သည်၊) ကဏ္ဏမုဏ္ဍာ ၊ပေ၊ ဒဟ-ကဏ္ဏမုဏ္ဍာအိုင်, ရထကာရအိုင်, အနောတတ္တအိုင်, သီဟပ္ပပါတအိုင်, ဆဒ္ဒန္တအိုင်, မန္ဒာကိနီအိုင်, ကုဏာလအိုင်တို့ကို၊ ဂဟေတွာ - ယူ၍၊ ဝဒတိ။

ပဝုဋ္ဌာတိ–ကား၊ ဂဏ္ဌိကာ-အဖုအဆစ်ရှိသော အရာတို့သည်၊ (ဟောန္တိ၊) ပပါတာတိ-ကား၊ မဟာပပါတာ- ကြီးစွာသော ချောက်ကမ်းပါးပြတ်တို့သည်၊ (ဟောန္တိ)၊ ပပါတသတာနိတိ-ကား၊ (သတ္တ)ခုဒ္ဒကပပါတသတာနိ-ငယ်သော

× × × × × × ×

နိဂဏ္ဌိဂဒ္ဓာ။ ။ဂဏ္ဌိ+နိဿိတော+ ဂဒ္ဒဿ နိဂဏ္ဌိဂဒ္ဒဿ၊ နိဂဏ္ဌိဂဒ္ဒဿ ဇတေသံတိ နိဂဏ္ဌိဂဒ္ဓာ–အဆစ်၌မှီသော ကိုယ်ဝန်ရှိသောသတ္တာတို့။ [ထိုမက္ခလိဆရာကြီးသည် သာလို, ဥစ္ဆု၊ စသည်ကိုလည်း “အသက်ရှိသောသတ္တာ” ဟု ယူဆသည်။]

ဂဏ္ဌိကာ။ ။“ပဗ္ဗဂဏ္ဌိကာ–အဆစ်အဖုရှိသော အရာတို့၊ ပဗ္ဗဂဏ္ဌိမို့ ဟိ ပဗုဋ္ဌသဒ္ဒါ–ပဗုဋ္ဌသဒ္ဒါသည် ပဗ္ဗဂဏ္ဌိအနက်၌ ထင်ရှားသော ရုဋ္ဌိသဒ္ဒါတည်း”ဟု ဦးကာသစ်ဖွင့်၏၊ ရုဋ္ဌိဟု မကြံဘဲ “ပဝုဋ္ဌာ – အပြားအားဖြင့် ဖုံးအပ်သောအဆစ် ရှိသူတို့ ” ဟု ပေးလျှင်လည်း သဒ္ဒတ္ထဖြစ်နိုင်စရာရှိ၏၊ ဝကို ဗပြုလျှင် “ ပဗုဋ္ဌာ ” ဟု ဖြစ်သည်၊ ရှေးစာအုပ်များ၌ “သ ပုဋ္ဌာ”ဟု ရှိသည်ကား မှားဟန်တူသည်။

ခုဒ္ဒက ပပါတသတာနိ။ ။ပ + ပတန္တိ ဇော်တိ ပပါတော – ကျရာ (ကျစရာ) ဖြစ်သော ချောက်ကမ်းပါးပြတ်၊ ကြီးကျယ်၍ ထင်ရှားသောကြောင့် မဟာပပါတကို သီးခြားခွဲ၍ ပြဿိုးဖြစ်သောကြောင့် ခုဒ္ဒကပပါတတို့ကိုသာ ယူရတော့သည်။

ချောက်ကမ်းပါးပြတ် ခုနစ်ရာတို့သည်၊ (ဟောန္တိ)၊ [ပါဠိတော်မှ သတ္တကိုယူ၍ ပေးသည်။] သုပိနာတိ-ကား၊ မဟာသုပိနာ-အိပ်မက်ကြီးတို့သည်၊ (ဟောန္တိ)၊ သုပိနသတာနိတိ - ကား၊ (သတ္တ) ခုဒ္ဒကသုပိနသတာနိ - ငယ်သောအိပ်မက် ခုနစ်ရာတို့သည်၊(ဟောန္တိ)။ [ဤဥဒ္ဒါလည်း မဟာသုပိနကိုယူဥဒ္ဒါးဖြစ်သောကြောင့် ခုဒ္ဒကသုပိနကိုသာ ယူရတော့သည်၊ ပါဠိရိသေသနည်းချည်းတည်း။]

မဟာကပ္ပိနာတိ - ကား၊ မဟာကပ္ပါနံ - မဟာကပ်တို့၏၊ [အသင်္ခ်ကပ် ၄ ကပ်ကို မဟာကပ်တကပ် ဟု ခေါ်သည်၊] စုလ္လာသီတိသတ သဟဿာနိ - ရှစ်သန်း လေးသိန်းတို့သည်၊ (ဟောန္တိ)၊ တတ္ထ - ထို မဟာကပ္ပါနံ စုလ္လာသီတိသတ သဟဿာနိဟူသောပါဠ်၌၊ ကေမှ-တခုသော၊ မဟာသရ-အိုင်ကြီးမှ၊ ဝဿသတေ ဝဿသတေ-အနှစ်တရာ အနှစ်တရာ၌၊ (အနှစ်တရာ အနှစ်တရာကြာမှ၊) ကုသဂ္ဂေန - သမန်းမြက်ဖျားဖြင့်၊ ကံ - တပေါက်သော၊ ဥဒကဗိန္ဒုံ-ရေပေါက်ကို၊ နီဟရိတ္ဝာ- ထုတ်ဆောင်၍၊ သတ္တက္ခတ္တုံ-ခုနစ်ကြိမ်၊ တမ္မိသရေ-ထိုအိုင်ကို၊ နီရုဒကေ - ရေမရှိသည်ကို၊ ကတေ - ပြုအပ်ပြီးသော်၊ ဧကော မဟာကပ္ပေါ-မဟာကပ်တကပ်သည်၊ (ဟောတိ)၊ ဣတိ, ဝဒတိ၊ ဧဝရူပါနံ-ဤသို့သဘောရှိကုန်သော၊ (ဤမျှလောက် ရှည်ကြာကုန်သော၊) မဟာကပ္ပါနံ - မဟာကပ်တို့၏၊ စတုရာသီတိသတသဟဿာနိ - ရှစ်သန်း လေးသိန်းတို့ကို၊

× × × × × × ×

မဟာကပ္ပါနံ။ ။မဟာကပ္ပိနောကို "မဟာကပ္ပါနံ" ဟု ဖွင့်သည်၊ "မဟာကပ္ပါနံ" ဟု ဆိုလိုလျက် သဒ္ဒါအသုံးကို နားမလည်သောကြောင့် " မဟာကပ္ပိနော " ဟု ဆိုသတတ်၊ ထို့ကြောင့် မဟာကပ္ပိနောသည် သဒ္ဒါနည်းအားဖြင့် စိစစ်ခြင်းခံနိုင်သော သဒ္ဒါမဟုတ်။ [မဟာကပ္ပိနောတိ ဣဒံ မဟာကပ္ပါနံတိ အတ္ထတော ဝေဒိတဗ္ဗံ၊ သဒ္ဒတော ပနေသ အဇာနန္တော ဧဝံ ဝဒတိတိ နံ ဝိစာရဏာကွမံ၊- ဋီကာသစ်။]

စုလ္လာသီတိ။ ။"တထာ စုလ္လာသီတိ သတ သဟဿာနိတိ ဣဒမ်ပိ" ဟု ဋီကာသစ် ဆိုသောကြောင့် "စုလ္လာသီတိ" လည်း သဒ္ဒါနည်းအရ စိစစ်ခြင်းငှါ ခံသောပုဒ်မဟုတ်ဟု ဆိုလို၏၊ သို့သော်"စုလ္လဳာသီတိ သဟဿာနိ, ကပ္ပါတိဒ္ဓန္တိ ယေ မရှ"စသည်ဖြင့် ဝိသုဒ္ဓိမဂ် စသည်၌ ရှိသေးရကား သဒ္ဒါနည်းအားဖြင့် စိစစ်နိုင်ပေသည်၊ ထို့ကြောင့် ဋီကာသစ်၌ပင် "သဒ္ဒရစကာ ပန စတုရာသီတိယာ တုလောပေါ, စသ စု, ရသ လော, ဒ္ဒီတ္တဲ့ဂ္ဂာတိ ဝဒန္တိ- သဒ္ဒါကျမ်းကို စီရင်သော ဆရာတို့သည်ကား စတုရာသီတိမှ တုကို ချေ, စကို ဂုပြု, ရကို လပြု, ဒ္ဒေဘော်လည်း လာစေ၍ "ဟု စတုရာသီတိကို စုလ္လာသီတိပြုံးအောင် ရုပ်တွက်ပြလေသည်။

ကော မဟာသရာ။ ။ရှေးစာအုပ်များ၌ "တ္တေကာ" ဟု ရှိ၏၊ ဋီကာသစ်၌လည်း "တေပ္ပမာဏဝတာ-ဤခုနစ်အိုင် အတိုင်းအရှည်ရှိသော" ဟု ဖွင့်၏၊ သို့သော် မကောင်းပါ၊ "ကေမှာ" ဟု နောက်ပြင်ပါဠိသာ ကောင်းပါသည်၊ "ခုနစ်အိုင်"ကို အဲ့လိုလျှင် "တ္တေကေဟိ မဟာသရေဟိ" ဟုသာ ဆိုသင့်ပါသည်။

ခခပေတ္တာ - ကုန်စေ၍၊ ဗာလေစ–လူမိုက်တို့သည်၎င်း၊ ပဏ္ဍိတေစ- လူလိမ္မာတို့သည်၎င်း၊ ဒုက္ခဿ- ၏၊ အန္တံ– အဆုံးကို၊ ကရောန္တိ - ပြုကြရကုန်၏၊ ဣတိ အယံ– ဤသည်ကား၊ အဿ – ထို မက္ခလိဆရာကြီး၏၊ လဒ္ဓိ – အယူတည်း၊ ပဏ္ဍိတောပိ–လူလိမ္မာသည်လည်း၊ အန္တရာ-ရှစ်သန်း လေးသိန်းသော မဟာကပ်တို့၏အကြားဌာ၊ ဝိသုဒ္ဓိတုံ – စင်ကြယ်ခြင်းငှါ၊ န သက္ကောတိ ကိရ– မစွမ်းနိုင်သတတ်၊ ဗာလောပိ-လူမိုက်သည်လည်း၊ တတော-ထို ရှစ်သန်းလေးသိန်းသော မဟာကပ်ထက်၊ ဥဒ္ဓံ-အလွန်၊ န ဂစ္ဆတိ(ကိရ)- မသွားရတော့သတတ်။

သီလေနာတိ - ကား၊ အစေလကသီလေန၀ါ - အစေလကတို့၏ သီလဖြင့်သော်၎င်း၊ အညေန- အစေလကတို့၏ သီလမှတပါးသော၊ ယေန ကေနစိ၀ါ- အမှတ်မထား တပါးပါးသော သီလဖြင့်သော်၎င်း၊ ၀တေနာတိ - ကား၊ တာဒိသေန၀- ထိုကဲ့သို့ ရှုအပ်သည် သာလျှင်ဖြစ်သော၊ ၀တေန–အကျင့်ဖြင့်၎င်း၊ [“ အစေလက၀တေန၀ါ အညေန၀ါ ယေန ကေနစိ ”ကို “ တာဒိသေန ”ဟု ပြန်၍ဆွန်းသည်။] တပေနာတိ-ကား၊ တပေါကမ္မေန-ခြိုးခြံသောအကျင့်ကို ကျင့်ခြင်းဖြင့်၎င်း၊ (ပရိပါစေဿာမိ ဌ္ဌစပ်)၊ ယော - အကြင်ပုဂ္ဂိုလ်သည်၊ အဟံ– ငါသည်၊ (ငါက)၊ ပဏ္ဍိတော - ပညာရှိသူတည်း၊ ဣတိ - ဤသို့ နှလုံးသွင်း၍၊ အန္တရာ–မဟာကပ် ရှစ်သန်းလေးသိန်း မပြည့်မီအကြားဌာ၊ ဝိသုဇ္ဈတိ-စင်ကြယ်

× × × × × × ×

ဗာလေ ပဏ္ဍိတေ။ ။“တိလိဂ်တော ဌာနေ သိယောနမေ” ဟူသော သဒ္ဒနိတိ, နာမ်, ဂဖ သုတ်ဖြင့် ပဌမာယောကို ပြု၍ “ ဗာလေ , ပဏ္ဍိတေ ” ဟု ဖြစ်၏၊ တနည်းအားဖြင့်ကား“သဒ္ဒါအသုံးကို နားမလည်သောကြောင့် ဤသို့ဆိုသည်”ဟု သော်လည်းကြံပါ။[“ ဗာလ ” အရ လူနုံ လူအ လူန လူထိုင်း လူရိုင်း လူဖျင်း လူညံ့ အားလုံးကို ယူ၍၊ “ပဏ္ဍိတ”အရ ပညာရှိသူတော်ကောင်းများကို ယူပါ။

ပဏ္ဍိတောဝိ ကိရ။ ။သံသရာကို “ရှစ်သန်းလေးသိန်း”ဟု အတိုကျ သတ်မှတ်ပြီးဖြစ်သောကြောင့် ပဏ္ဍိတလည်း ထိုအတွင်း၌ သံသရာမှ စင်ကြယ်အောင်မတတ်နိုင်”ဟုဆိုသည်၊ မက္ခလိဆရာကြီး၀ါဒကို တဆင့်ကြားခြင်းဖြစ်သောကြောင့် “ကိရ”ဟု ဆိုသည်ဟု ဋီကာသစ် ဖွင့်၏၊ [ကိရာတိ ၀ါဒါနုဿ၀ေ နိပါတော။] ။ထို၀ါဒကို မနှစ်သက်သောကြောင့် “ကိရ” ဟု ဆိုသည်ဟုလည်း ကြံသင့်၏၊.... [နှစ်မသက်ကား, တဆင့်ကြား, ထားလေ ကိရသာ၊ (နိယာမ်)။]

တပေါကမ္မေန။ ။ပါပကေ ဓမ္မေ တပတီတိ တပေါ= ယုတ်မာသော အကုသိလ်တို့ကို လောင်မြိုက်တတ်သောကြောင့် ရဟန်း တပသီတို့၏ မြိုးခြံသောအကျင့်, ရဟန်းတို့၏ ဓုတင်စသောအကျင့်ကို “ တပ ” ဟု ခေါ်၏၊ ထို တပကို ကျင့်မှုကို “ တပေါကမ္မ ”ဟု ခေါ်သည်။ [ဤ၌လည်း “ တာဒိသေန ” ပုဒ်ကို လိုက်ရမည်ဟု ဋီကာသစ် ဖွင့်၏၊ မိမိကား သီလ–၀တတို့မှ တမျိုးတခြားဖြစ်သောကြောင့် “လိုက်ဘွယ်မလို” ဟု ထင်သည်။]

၏၊ ဝါ - စင်ကြယ်အောင် အားထုတ်၏၊ သော - ထိုပုဂ္ဂိုလ်သည်၊ အပရိပက္ကံ-မရင့်ကျက်သေးသော၊ ကမ္မံ- သံသရာ၌ လှည့်လည်ကြောင်းကံကို၊ ပရိပါစေတိ နာမ -ရင့်ကျက်စေသည် မည်၏။

ယော-အကြင်ပုဂ္ဂိုလ်သည်၊ အဟံ- ငါသည် (ငါက)၊ ဗာလော-မိုက်သူတည်း၊ ဣတိ- ဤသို့နှလုံးသွင်း၍၊ ဝုတ္တာပရိမာဏံ- ဆိုအပ်ပြီးသော မဟာကပ္ပရှစ်သန်းလေးသိန်း အတိုင်းအရှည်ရှိသော၊ ကာလံ-ကာလကို၊ အတိက္ကမိတွာ-ကျော်လွန်၍၊ ယာတိ-သွား၏၊ ဝါ-သွားဘို့ရန် အားထုတ်၏၊ (သော-ထိုပုဂ္ဂိုလ်သည်)၊ ပရိပက္ကံ-ရင့်ကျက်သော၊ (ကမ္မံ-သံသရာ၌ လှည့်လည်ကြောင်းကံကို၊) ဖုသ ဖုသ-ရောက်၍ရော်၍၊ ဗျန္တိံ-ကင်းသော အဆုံးအပိုင်းအခြားရှိအောင်၊ (သံသရာ မဆုံးအောင်)၊ ကရောတိ နာမ -ပြုသည်မည်၏၊ ဟေဝံ နတ္ထိတိ-ကား၊ ဧဝံ-ဤသို့ (မရင့်ကျက်သေးသောကံကို ရင့်ကျက်စေနိုင်ခြင်း, ရင့်ကျက်ပြီးသောကံကို ကင်းသောအဆုံးအပိုင်းအခြားရှိအောင် ပြုနိုင်ခြင်းသည်၊) နတ္ထိ-မရှိ၊ ဟိ - မှန်၊ တံ ဥဘယမ္ပိ- ထို အပရိပက္ကပရိပါစန , ပရိပက္ကဗျန္တိကရဏာ ၂ ပါးလုံးကိုလည်း၊ ကာတုံ- ပြုခြင်းငှါ၊ န သက္ကာ- မတတ်နိုင်၊ ဣတိ- ဤအနက်ကို၊ ဒီပေတိ-ပြ၏။

× × × × × × ×

အပရိပက္ကံ။ ။အပရိပက္ကံကို "အပရိပက္ကံ သံသရဏနိမိတ္တံ" ဟု ဋီကာတို့ဖွင့်၏၊ ထို့ကြောင့် "ကမ္မံ- သံသရာ၌ လှည့်လည်ကြောင်းကံကို" ဟု ပေးပါသည်၊ သီလဝတတေပါကမ္မတို့ဖြင့် လျင်မြန်စွာစင်ကြယ်ခြင်းသို့ရောက်အောင် အားထုတ်ခြင်းသည် အပရိပက္ကဖြစ်သော ကံကို ရင့်ကျက်စေသည်မည်၏၊ ပဏ္ဍိတပုဂ္ဂိုလ်က ထိုသို့လည်း အပရိပက္ကံကို ရင့်ကျက်စေအောင် မတတ်နိုင်ပါ-ဟူလို။

ပရိပက္ကံ ဖုသ ဖုသ။ ။[ဖုသ ဖုသကို "ပတ္ဝာ ပတ္ဝာ" ဟု ဖွင့်၏၊ ဖုသဓာတ်၏ ထိခြင်းကိုပင် "ရောက်ခြင်း" ဟု ဖွင့်ဟန်တူသည်၊ "ဖုသ ဖုသ" ဟု ၂ ပုဒ်ဆိုခြင်းကား အာဘိက္ခညအနက်ကို ပြခြင်းတည်း၊ အာဘိက္ခညသည် အဓိပ္ပါယ်ကို ငြဟ္မဇာလသုတ်, ဒိဋ္ဌဂတိကာဓိဋ္ဌာနဝဋ္ဋကထာအဖွင့်၌ ရေးခဲ့ပြီ။] ဆိုလိုရင်းကား-ပရိပက္ကံ (ရင့်ကျက်သော သံသရာ၌ လှည့်လည်ကြောင်းကံ) ကို ထိရောက်၍ထိရောက်၍ ရင့်ကျက်ခြင်းသို့မရောက်စေဘဲ ထိုကံကို အဆုံးအပိုင်းအခြား မရှိအောင် (မရင့်ကျက်နိုင်အောင်) ပြုခြင်းတည်း၊ ဗာလဖြစ်သူကလည်း ထိုသို့သံသရာရှည်အောင် မပြုနိုင်ပါ, ရင့်ချိန်တန်လျှင် ရင့်ရမည်သာ ဖြစ်သည် - ဟူလို။ [ပရိပက္ကံ ကမ္မံ ဖုသ ဖုသ ကာလေန ပရိပက္ကဘာဝါနာပါဒနေန (ရင့်သည်၏အဖြစ်သို့ မရောက်စေခြင်းအားဖြင့်) ဗျန္တိံ ဝိဂတန်တံ ကရောတိနာမာတိ၊ - ဋီကာသစ်။]

မှတ်ချက်။ ။ဗျန္တိံနောက်၌"ဝိဂမနံ"ဟု ဗျန္တိအဖွင့်ကို ဘွဲ့ရ၏၊ "ဝိ+အန္တ"မှ "ဗျန္တ" ဟု ဖြစ်၍, အဿထွိအနက်၌ ဤပစ္စည်းဖြင့် "ဗျန္တိ" ဟု ပြီးသောကြောင့် "ဝိဂတန်တံ"ဟုသာ ဖွင့်သင့်သည်၊ "ဗျန္တိံ-ကင်းသော အဆုံးအပိုင်းအခြားရှိအောင်" ဟု ပေး၍ "သံသရာ မဆုံးနိုင်အောင်"ဟု အဓိပ္ပါယ်မှတ်ပါ။

ဒေါဏမိတေတိ- ကား၊ ဒေါဏေန–စိတ်တောင်းဖြင့်၊ မိတံဝိယ–ချင့်အပ်သကဲ့သို့ဖြစ်၏။ [ဦးကာသစ်၌ "တုမ္မေန– ပြည်ဖြင့် "ဟု ဖွင့်သွားလေ၏။] သုခဒုးက္ခတိ– ကား၊ သုခဒုက္ခံ - သုခ, ဒုက္ခကို၊ (ဒေါဏမိတေ - စိတ်တောင်းဖြင့် ချင့်အပ်သကဲ့သို့ ဖြစ်၏)၊ ပရိယန္တကတေတိ- ကား၊ ဝုတ္တပရိမာဏေန- ဆိုအပ်ပြီးသော ရှစ်သန်းလေးသိန်း အတိုင်းအရှည်ရှိသော၊ ကာလေန - ကာလအားဖြင့်၊ ကတပရိယန္တေ- ပြုအပ်ပြီးသော အဆုံးအပိုင်းအခြားရှိ၏၊ နတ္ထိ ဟာယနဝမုနေတိ- ကား၊ ဟာယနဝမုနာနိ - ယုတ်လျော့ခြင်း , တိုးပွားခြင်းတို့သည်၊ နတ္ထိ-မရှိကုန်၊ သံသာရော–သံသရာသည်၊ ပဏ္ဍိတဿ– လူလိမ္မာ၏အတွက်၊ နဟာယတိ-မယုတ်လျော့၊ ဗာလဿ- လူမိုက်၏အတွက်၊ နဝမုတိ- မတိုးပွား၊ ဣတိ အတ္ထော၊ ဥက္ကံသာဝကံသေတိ-ကား၊ ဥက္ကံသာဝကံသာ-အလွန်,အလျော့တို့သည်၊ (နတ္ထိ)၊ ဧတံ– ဤဥက္ကံသာဝကံသေဟူသော သဒ္ဒါသည်၊ ဟာယနဝမုနာနံ- ဟာယန, ဝမုနတို့ကို၊ အဓိဝစနံ- ဟောသောသဒ္ဒါတည်း။

ဣဒါနိ-၌၊ တမတ္ထံ-ထိုသံသရာ၏ အလွန် အလျော့မရှိဟူသော အနက်ကို၊ ဥပမာယ- ဥပမာဖြင့်၊ သာဓေန္တော- ပြီးစေလိုသည်၊ (ဟုတ္တာ)၊ သေယျထာပိ နာမာတိ အာဒိ–ကို၊ အာဟ၊ တတ္ထ-ထို သေယျထာပိနာမ အစရှိသောစကားရပ်၌၊ သုတ္တာဂုဠ္ဠေတိ- ကား၊ ဝေဌေတွာ – ရစ်ပတ်၍၊ ကတသုတ္တာဂုဠ္ဠ- ပြုအပ်သော ချည်လုံးသည်၊ (ပလေတိ ၌စပ်)၊ ဝါ-ကို၊ (ဓိဒုတ္တာ၌စပ်)၊ နိဗ္ဗေဋိယမာနမေဝ ပလေတီတိ – ကား၊ ပဗ္ဗတေဝါ – တောင်ပေါ်၌သော်၎င်း၊ ရုက္ခဂ္ဂေဝါ– သစ်ပင်ဖျားခို၌သော်၎င်း၊ ဌတွာ-တည်၍၊ ဓိတ္တံ– ပစ်ချအပ်သည်၊ (သမာနံ-ဖြစ်လသော်၊)သုတ္တာပမာဒေါနေ-ချည်၏ပမာဏဖြင့်၊ နိဗ္ဗေဋိယမာနမေဝ-ဖြေလျက်

× × × × × × ×

ဒေါဏမိတေ။ ။ဒေါဏသဒ္ဒါသည်"တစိတ်"အနက်ကို ဟော၏၊ ဤ၌ တစိတ်ဝင်တောင်းကို ယူပါ၊ သုခဒုက္ခကို တကယ်အားဖြင့် ချင့်၍ မဖြစ်သောကြောင့် မိတေကို "မိတံဝိယ" ဟု ဝိယထည့်၍ ဖွင့်သည်၊ ထိုသို့ဖွင့်သဖြင့် " ဒေါဏမိတေ " ကို ရူပက အလင်္ကာဖြင့် တန်ဆာဆင်အပ်သောစကားဟု ပြသည်၊ မိတေကို"မိတံ"ဟု ဖွင့်ခြင်းဖြင့် နပုလ္လိန်သိကို ပြောထားသည်ဟုသော်၎င်း, သို့မဟုတ် သဒ္ဒါကို နားမလည်၍ အမှားမှားဆိုခြင်း ဟုသော်၎င်း ကြံပါ၊ ဤ "ဒေါဏမိတေ သုခဒုက္ခေ"ပါဠိဖြင့်"သတ္တာတယောက်အတွက် သံသရာ၌ သုခပေါင်း မည်မျှ ဒုက္ခပေါင်း မည်မျှ ခံစားရမည်- ဟု တဘဝ၌ဖြစ်စေ , တသံသရာလုံး၌ဖြစ်စေ သတ်မှတ်ပြီးဖြစ်သည်"ဟု ပြသည်။

နိဗ္ဗေဋိယမာနမေဝ။ ။ဝေဌဓာတ်သည် ရစ်ပတ်ခြင်းအနက်ကို ဟော၏၊ နိ ဥပသာရကြောင့် ရစ်ပတ်ခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော ဖြေခြင်းအနက်ကို ဟော၏၊ ယပစ္စည်းကို ကမ္မကတ္တားအနက်၌ သက်စေ၍ " ဖြေလျက်သာလျှင် " ဟု ပေးရသည်၊ " ကုသ္ဍလော ဘိက္ခုတေ သယံ - ကျိသည် ကိုယ်တိုင် ဖြို၏ " ကဲ့သို့တည်း။ [တဝါကျတည်း၌ အနက်တူလျှင် ဝိဘတ်တူရိုးတည်း၊ " သုတ္တာဂုဠံ ဓိတ္တံ နိဗ္ဗေဋိယမာနမေဝ "ဟု ရှိသင့်သည်၊ သဒ္ဒါမမှန်သော တိတ္ထိတို့၏ဝါကျဟုသာ ယူပါ။]

သာလျှင်၊ ဂစ္ဆတိ-သွား၏၊ သုတ္တေ-ချည်သည်၊ ဒိဏ္ဏော-ကုန်လေသော်၊ တတ္ထေဝ-ထိုချည်ကုန်ရာအရပ်၌သာ၊ တိဋ္ဌတိ - တန့်ရပ်၏၊ န ဂစ္ဆတိ- မသွားတော့၊ ဧဝမေဝ – သာလျှင်၊ ဝုတ္တကာလတော – ဆိုအပ်ပြီးသော မဟာကပ် ရှစ်သန်းလေးသိန်းကာလထက်၊ ဥဒ္ဓံ-အလွန်၊ န ဂစ္ဆတိ-မသွားတော့၊ ဣတိ ဒဿေတိ။

× × × × × × ×

န ဂစ္ဆတိ။ ။“စုရာဒိ ပလဓာတ်သည် ဂတိအနက် ရကွာအနက်တို့၌ ဖြစ်၏”ဟု ဓာတ္ထတ္ထသင်္ဂဟ၌ ဆို၏၊ ထို့ကြောင့် ပါဠိတော်၌ ပလေတိကို “ဂစ္ဆတိ” ဟု ဖွင့်သည်၊ ဋီကာသစ်၌ကား “စုရာဒေ ပရဓာတ်မှ ရကို လပြုထားသည်”ဟု ဖွင့်သွားလေသည်။

မှတ်ချက် ။ ။ပါဠိတော်၌ သုတ္တဂဒ္ဒ ဥပမာဖြင့်“သတ္ဝါတိုင်း၏ သံသရာသည် ကမ္ဘာ့ပေါင်း ရှစ်သန်းလေးသိန်း အတိုက်သတ်မှတ်ထားသောကြောင့် တဖြည်းဖြည်းကုန်ရမည်သာ၊ မည်သူ့အတွက်မျှ သံသရာ မတိုးပွားနိုင်”ဟု မကွလိဆရာပြသည်။

ဒုဗ္ဗဝါဒကေတာ။ ။ဒုဋ္ဌရှင်တော်မြတ် အလိုအားဖြင့် သတ္ဝါတယောက်အတွက် သံသရာကို အတိုကျ ပိုင်းဖြတ်၍ မဖြစ်ပါ၊ “ဒီဃော ဗာလာန သံသာရော, သဒ္ဓမ္မံ အဝိဇာနတံ = သူတော်ကောင်းတို့၏ သစ္စာ ၄ ပါး စသော တရားကို နားမလည်သူ လူ့ဗာလတို့အတွက် သံသရာသည် အဆုံးမရှိအောင် ရှည်လျား၏ ” ဟု ဟောတော်မူပါသည်၊ ထို့ကြောင့် သစ္စာ ၄ ပါး စသော တရားကိုသိ၍ကျင့်သော သူတော်စင် ပညာရှင်များ အတွက်ကား သံသရာသည် ယခုမှနောက် အရှည်ဆုံး လေးအသင်္ချေနှင့် ကမ္ဘာတသိန်းသာ ရှိနိုင်၍, ယခုဘဝမှာပင် နိဗ္ဗာန်မြင်အောင်လည်း တိုနိုင်သည်ဟု မှတ်ပါ။

မကွလိဂေါသာလင်္ကာ အဖွင့်ပြီး၏။

အဇိတကေသကမ္ဗလင်္ကာ အဖွင့်

အဇိတဝါဒေ- အဇိတဝါဒ၌၊ (အတ္ထော ဧဝံ ဝေဒိတဗ္ဗော)၊ နတ္ထိ ဒိန္နံတိ–နတ္ထိ ဒိန္နံဟူသောစကားကို၊ ဒိန္နသ-ပေးလှူအပ်သော ပစ္စည်းဝတ္ထုကို ပေးလှူကြောင်း ဒါနစေတနာ၏၊ ဖလာဘာဝံ - အကျိုး၏မရှိခြင်းကို၊ (အဇိတော– အဇိတသည်)၊ ဝဒတိ။[ဋီကာ၌“ဒိန္နသ ဖလာဘာဝံ”ဟု ရှိ၏, စာသွားကောင်း

× × × × × × ×

ဒိန္နံ။ ။“ ဒါတဗ္ဗံတိ ဒိန္နံ ”အရ ပေးလှူထိုက်သော အန္နစသော လှူဘွယ်ဝတ္ထုကို မချရ၏၊ သို့သော် ထို အလှူဝတ္ထုကို“နတ္ထိ”ဟု ပယ်၍ မဖြစ်၊ ထို ဒါနဝတ္ထုမှာ အထင်အရှားရှိသည်သာ၊ ထို့ကြောင့် ဒိန္နမည်သော ဒါနဝတ္ထုကိုခေါင်းတပ်၍ (နာမည်တပ်၍) ပေးလှူကြောင်း ဒါနစေတနာကို ဖလုပစာရအားဖြင့်ယူပြီးလျှင် ထိုဒါနစေတနာ၏ အကျိုးကိုလည်း ကာရကူပစာရအားဖြင့် ယူပါ၊ ထိုအကျိုးကိုသာ “ နတ္ထိ ဒိန္နံ ”ဟု ပယ်လိုရင်းဖြစ်သည်။ [ဒိန္နံတိ ဒေယျဓမ္မသီသေန ဒါနစေတနာယေဝ ဝုတ္တာ၊ တံ မုခေန ဖလန္တိ ဒဿေတိ ဒိန္နသ ဖလာဘာဝံတိ ဣမိနာ၊ပေ၊သေနယော ယိဋ္ဌဟုတံတိတ္ထောဝိ၊–ဋီကာသစ်၊ ပါဠိတော်၌ ဤအတိုင်း အနက်ပေးထားသည်။]

သည်။] မဟာယာဂေါ- အကြီးအကျယ် ပေးလှူပူဇော်ခြင်းကို၊ ယိဋ္ဌံ- ယိဋ္ဌံဟူ၍၊ ဝုစ္စတိ၊ ပါဟုနကသက္ကာရော–အာဂန္တုကဒါန၏အဖြစ်ဖြင့် ကောင်းစွာပြုခြင်း ပူဇော်ခြင်းကို၊ ဟုတန္တိ-ဟူ၍၊ အဓိပ္ပေတော-အလိုရှိအပ်၏၊ တမ္မိဉ္ဉာယံ–ထို ယိဋ္ဌ, ဟုတ ၂ ပါးစုံကိုလည်း၊ ဖလာဘာဝမေဝ - အကျိုး၏ မရှိခြင်းကိုပင်၊ သန္ဓာယ, ပဋိက္ခိပတိ–ပယ်၏။

× × × × × × ×

ယိဋ္ဌံ, ဟုတံ ။ ။ယိဋ္ဌံဉ္စ ယဇဓာတ်သည့်ရင်း, ဟုတံဉ္စ ဟုဓာတ်သည်ရင်း ယဇ်ပူဇော်ခြင်း အလှူပေးခြင်း အနက်ကိုဟော၏။ ဤသို့ ဓာတ်နက်ရင်းမှာ တူသော်လည်း လူအများနှင့်ဆိုင်အောင် (အလှူရုံဆောက်၍ ပေးခြင်းကဲ့သို့) ကြီးကျယ်သော ပေးလှူပူဇော်ခြင်းကို "ယိဋ္ဌ"ဟု ယူ၍, ညွှတ်ပြုသောအားဖြင့် အနည်းငယ် ပေးလှူ ပူဇော်ခြင်းကို "ဟုတ"ဟု ယူစေလိုသောကြောင့် ယိဋ္ဌံကို"မဟာယာဂေါ"ဟု ဖွင့်၍ ဟုတံကို "ပါဟုနကသက္ကာရော"ဟု ဖွင့်သည်။

ပါဟုနကသက္ကာရော ။ ။"ပါဟုနဘာဝေန – အာဂန္တုကဒါန အဖြစ်ဖြင့်၊ ကတ္တမ္ဗသက္ကာရော- ပြုထိုက်သော သတ္ကာရတည်း" ဟု ဋီကာဖွင့်၏၊ ပါဟုနသဒ္ဒါကား "ပါဟုနံ ဝုစ္စတိ၊ပေ၊အာဂန္တုကဒါနံ"ဟူသော ဝိသုဒ္ဓိမဂ်- သံဃာနုဿတိ အင်္ဂကထာနှင့်အညီ အရပ်တပါးမှလာသော အာဂန္တုက မိတ်ဆွေတို့ဘို့ သက္ကာရ (ကောင်းစွာ ချက်ပြုတ် ပြုလုပ်သောအားဖြင့် စိမ်အပ်သော) ဒါနကို ဟော၏။

မှတ်ချက် ။ ။ဤအဖွင့်မျှားအလို ပကို ပဌမထ္ထ, အာကို အာနေတ္ထာဟု ယူ၍ " ပဌမံ အာနေတ္ထာ – အိမ်သူအိမ်သား‌တို့ မစား‌မီ ရှေးဦး‌စွာ ဆောင်ယူ၍၊ ဟုတမ္ဗို– ပေးထိုက်၏၊ ဤတိ ပါဟုနံ၊ ပါဟုနံယေဝ ပါဟုနကံ "သွတ္ထဉ္စ ကပစ္စည်း၊ " ပါဟုနကဘာဝေန+ကာတဗ္ဗော+သက္ကာရော ပါဟုနကသက္ကာရော" ဟု ပြုပါ၊ သက္ကာရော်ဉ္စကား " သမ္မာ – ကောင်းမွန်စွာ၊ ဝါ – အထူး၊ ကာရော – ပြုအပ်သော ပေးလှူဘွယ်တည်း၊ သက္ကာရော" ဟု ပြု၊ ဤအလို "ပါဟုနကသက္ကာရော- ရှေးဦး‌စွာဆောင်ယူ၍ ပေးထိုက်သော အာဂန္တုက ဒါနအဖြစ်ဖြင့် ကောင်းစွာပြုအပ်သော ပေးလှူဘွယ်ပစ္စည်း " ဟု ပေးမှ သဒ္ဒါရှိသမျှ အနက်စုံသည်။ [စာအုပ်တို့၌ " ပဟောနကသက္ကာရော " ဟု ရှိ၏၊ ပါဠိ ရဿပြု, ဟု၌ ဥကို သြပြု၍ ပြီးနိုင်ပါ၏၊ သို့သော် ကောင်းမည်မထင်။]

တံဒိ ဥဘယံ ဖလာဘာဝမေဝ။ ။" ယဇိတဗ္ဗံတိ ယိဋ္ဌံ, ဟုတဗ္ဗံတိ ဟုတံ "ဟု ပြု၍ " ယိဋ္ဌ, ဟုတ " အရ အလှူဝတ္ထု ရသော်လည်း ဒိန္နံတုန်းကကဲ့သို့ လှူကြောင်း စေတနာကိုဖြင့်၊ ထိုစေတနာ၏ အကျိုးကိုဖြင့် ယူပါ၊ ထိုအကျိုးများ မရှိဟု ပယ်သည်၊ ဤအလို " ယိဋ္ဌံ-အကြီးအကျယ်ပူဇော်အပ်သောယဇ်ကို ပေးလှူပူဇော်ကြောင်းစေတနာ၏အကျိုးသည်" ဟုဖြင့်၊ " ဟုတံ-အနည်းငယ် ပေးလှူ ပူဇော်အပ်သောယဇ်ကို ပေးလှူပူဇော်ကြောင်း စေတနာ၏အကျိုးသည်" ဟုဖြင့် ပါဠိတော်၌ ပေးပါ။

ဒုပါဠိအထူး။ ။" နတ္ထိ ဒိန္နံ" ဖြင့် အနှ, ပါနစသည်ကို လှူကြောင်း (ယခုခေတ် ရဟန်းတော်များအား ဆွမ်းလှူကြောင်း, သင်္ကန်းစသည် လှူကြောင်း) စေတနာ၏ အကျိုးကို ပယ်၏၊ " နတ္ထိ ယိဋ္ဌံ "ဖြင့် ယဇ်ကြီးပူဇော်ကြောင်း စေတနာ၏အကျိုးကို

သုကတဒုက္ကဋာနံတိ-ကား၊ သုကတဒုက္ကဋာနံ-ကောင်းစွာပြုအပ် မကောင်းသဖြင့်ပြု အပ်ကုန်သော၊ ကုသလာ ကုသလာနံ– ကုသိုလ် အကုသိုလ် ဖြစ်ကုန်သော၊ (" ကမ္မာနံ "ဟူသော ပါဠိတော်၌စပ်)၊ ဣတိ အဇ္ဈတ္တာ၊ ဖလံဝိပါကော တိ-ဟူသောစကားကို၊ (ဝဒတိ ၌စပ်)၊ ယံ– အကြင် အကျိုးရင်း အကျိုးဆက် ကို ဖလန္တိဝါ-ဖလဟူ၍ဆိုရင်း၊ (ယံ- အကြင် တူသောအကျိုးကို)၊ ဝိပါကောတိ ဝါ-ဝိပါကဟူ၍ဆိုရင်း၊ ဝုစ္စတိ-ဆိုအပ်၏၊ တံ(ဖလံ ဝါ)–ထိုအကျိုးရင်း အကျိုး ဆက်သည်ရင်း၊ (သော ဝိပါကောဝါ–ထို တူသောအကျိုးသည်ရင်း)၊ နတ္ထိ– မရှိ၊ ဣတိ ဝဒတိ။.... နတ္ထိ အယံ လောကော တိ - ကား၊ ပရလောကေ – ဤလောကမှ တပါး, အခြားသော လောက၌၊ ဒိတသ – တည်သောပုဂ္ဂိုလ်၏ အတွက်၊ အယံလောကော-ဤလောကသည်၊နတ္ထိ·မရှိ၊ နတ္ထိ ပရောလောကော တိ - ကား၊ ဣဓလောကေ - ဤလောက၌၊ ဒိတသာပိ - တည်သော ပုဂ္ဂိုလ်၏

× × × × × ×

ပယ်၏၊ " နတ္ထိ ဟုတံ "ဖြင့် ယဇ်ငယ် ပေးလှူပူဇော်ကြောင်း စေတနာ၏အကျိုးကို ပယ်သည်၊ ဤသို့ " နတ္ထိ ဒိန္နံ "စသော ၃ မျိုး၏ ထူးခြားပုံကို မှတ်ပါ။

မူကွဲ။ ။"ပဟေနကသက္ကာရော–လက်ဆောင်အကျိုးငှါ ကောင်းစွာပြုအပ်သော ပစ္စည်းဝတ္ထု၊"ဟုလည်း မူကွဲ အနက်ကွဲ ရှိ၏၊ သို့သော် လက်ဆောင်ပေးခြင်းကို ပူဇော် သက္ကာရဟု ဆိုရိုးမရှိ၊"အဘျာဂတော သပ္ပုဂ္ဂိုယော-ရှေးရှုရောံလာသော သူ့သည်ကို အလုံးစုံသောလူတို့သည် ပူဇော်ထိုက်၏" ဟု ဟိတောပဒေသ၌ ရှိ၏၊ ထို့ကြောင့် ပါဟုနကမည်သော အာဂန္တုကဒါနကို ပေးလှူပူဇော်ခြင်းကိုသာ "ဟုတ"ဟု ဆိုသင့်ရကား ထိုမူကွဲကို စဉ်းစားသင့်ပါသည်။

ဖလံ, ဝိပါကော။ ။" ဖလန္တိ အာနိသံသဖလံ နိသန္ဒဖလဉ္စ၊ ဝိပါကောတိ သဒိသဖလံ " ဟု ဋီကာဖွင့်၏၊ ထိုတွင် အလှူခံပုဂ္ဂိုလ်၏ အနာဂါမ်, ရဟန္တာဖြစ်ခြင်း စသော အင်္ဂါ ၄ ပါးနှင့်ပြည့်စုံသော ဒါန၏ ဒိဋ္ဌဓမ္မဝေဒနီယအကျိုးသည် (အကျိုးရင်း သည်) အာနိသံသဖလမည်၏၊ [ဓမ္မပဒ သုခသာမဏေရဝတ္ထု၊ကို ကြည့်ပါ။] သခ်ၤာတ် (ဒသနီပါတ်)၌ သခ်ၤမြာဟ္မဏ၏ ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ဘိန်ပဲ အလှူသည် သမုဒြာ၌ ထောက်တည်ရာ လှေကို ရခြင်းကဲ့သို့သော အကျိုးဆက်သည် နိသန္ဒဖလ (ရေစီးသကဲ့သို့ ဆက်ရှိစီးသွားသော အကျိုးဆက်) မည်၏၊"ဝိပါကာ ဓမ္မာ"ဟူသော မာတိကာပုဒ်၏ အရကောက်ကဲ့သို့ အကြောင်းကံနှင့် နာမ်ဝိပါက်ချင်း စသည်အားဖြင့် တူသောအကျိုးသည် ဝိပါကဖလမည်၏။

ပရလောကေ ဒိတသ။ ။ ဤ လူလောကမှတပါးသော နတ်မြဟ္မာလောက တိရစ္ဆာန်လောကတို့ကို " ပရလောက" ဟု ယူ၍ ထို ပရလောက၌ တည်နေသူစသည် အတွက် ထို ပရလောက၌သေလျှင် ပြတ်သောကြောင့် ပြောင်း၍လာဘို့ရာ " ဤလောက မရှိ"ဟု ဆိုလိုသည်။

ဣဓလောက ဒိတသ။ ။ လူ့လောကကို မိမိတို့အလိုအားဖြင့် ဤလောကဟု ယူပါ၊ ဤလောက၌ တည်နေသူ့အတွက်လည်း ဤဘဝမှာပင်ပြတ်သောကြောင့် ပြောင်း၍သွားဘို့ရာ အခြင်း ပရလောကမရှိတော့။

အတွက်လည်း၊ ပရော လောကော-ဤလောကမှတပါး, အခြားသောလောက သည်၊ နတ္ထိ၊ သဗ္ဗေ–အလုံးစုံသော သတ္တာတို့သည်၊ (ဣဓလောကဉ်တည်သော သတ္တာ,ပရလောကဉ်တည်သောသတ္တာဟူသမျှတို့သည်)၊တတ္ထ တတ္ထေဝ-ထိုထို လောကဉ်ပင်၊ ဥစ္ဆိဇ္ဇန္တိ-ပြတ်ကြရကုန်၏၊ ဧတိ ဒဿေတိ၊ နတ္ထိ မာတာ နတ္ထိ ပိတာတိ-ဟူသော စကားကို၊ တေသု–ထို အမိ အဖတို့၌၊ သမ္မာပဋိပတ္တိ မိစ္ဆာ ပဋိပတ္တိနံ– ကောင်းစွာပြုကျင့်ခြင်း , မကောင်းသဖြင့် ပြုကျင့်ခြင်းတို့၏၊ ဖလာ' ဘာဝဝသေန-အကျိုးမရှိခြင်း၏အစွမ်းဖြင့်၊ ဝဒတိ၊ နတ္ထိ သတ္တာ ဩပပါတိကာ တိ-ဟူသောစကားကို၊ စဝိတ္ဝာ- စုတေပြီး၍၊ ဥပပဇ္ဇနကာ– ကပ်၍ဖြစ်နိုင်ကုန် သော၊ ဝါ–ဆက်၍ဖြစ်နိုင်ကုန်သော၊ သတ္တာနာမ–သတ္တာတို့မည်သည်၊ နတ္ထိ-မရှိကုန်၊ ဣတိ ဝဒတိ။

× × × × × × ×

မှတ်ချက်။ ။"နတ္ထိ ပရော လောကော"ဟု ဆိုသောကြောင့် အဓိတဆရာသည် " နတ်ဗြဟ္မာလောက, တိရစ္ဆာန်လောက မရှိ " ဟု ယူသည်ဟု မမှတ်ရ၊ ထိုသို့ယူလျှင် "နတ္ထိ အယံ လောကော"ဟုဆိုသောကြောင့်"ဤလူ့လောကသည်ပင် မရှိ"ဟုဆိုလိုရာ ရောက်လိမ့်မည်၊ ပရော လောကောကိုလည်း "နောက်လောက= တမလွန်လောက (ဤ ဘဝမှ နောက်ဉ်ရောဲရမည့်လောက)"ဟု အခြားနေရာ၌ပေးနိုင်သော်လည်း ဤနေရာ၌ မပေးပါနှင့်၊ " ဤလောကမှတပါး တခြားလောက " ဟုသာ ပေးပါ၊ သုတ်မဟာဝါ, ပါယာသိရာဇညသုတ်၌ လူမှ တပါးသော (ထိုအခိုက်၌ရှိနေသော) နတ်တို့ကို " ပရလောကဉ် တည်သူများ"ဟု ဆိုပါသည်။

နတ္ထိ မာတာ, ပိတာ။ ။မျက်မြင် ဖြစ်သောကြောင့် အမိ အဘတို့ကို " မရှိ "ဟု မဆိုလို၊ "ထိုမိဘတို့၌ ကောင်းစွာပြုခြင်း မကောင်းပြုခြင်းသည်လည်း မရှိ"ဟု မဆိုလို၊ နော်ဘဝဆိုတာကိုယ်က မရှိဟု ယူထားပြီးဖြစ်သောကြောင့် "ထိုမိဘတို့၌ကောင်းစွာ ပြုခြင်း မကောင်းပြုခြင်း၏ အကျိုးမရှိတော့" ဟုသာ ဆိုလိုသည်။

နတ္ထိ ဩပပါတိကာ။ ။"ဩပပါတိကာ"အရ ပါဠိ၌၌ သုံးစွဲရိုးဖြစ်သော ဥပပါတ် ပဋိသန္ဓေနေသူကို မယူရ၊ "ဥပပတန္တိ–ရှေတဘဝမှ နောက်တဘဝ၌ ကပ်၍ (ဆက်၍) ဖြစ်ကြကုန်၏၊ ဧတိ ဩပပါတိကာ" ဟု ပြု၍ ရှေဘဝမှ ဤဘဝ၌ဖြစ်လာသူကို "ဩပပါတိက" ဟု ယူပါ၊ ပတဓာတ်သည် ဂတ်အနက်ဟော၊ ဂတျတ္ထဟူသည်လည်း ပဝတ္တ နတ္ထကို ဟောနိုင်၏၊ "သတ္တာဟူသမျှသည် တဘဝပြီးလျှင် ပြတ်သောကြောင့် ထိုကဲ့သို့ ဘဝကူးပြောင်းလာသူမရှိ" ဟု ဆိုလိုသည်။ [ပုပ္ဖဒွဿဝိယ ဧကမေသံ သတ္တာနံ ဥပပါဒေါ နာမ ကေဝလော– ဤသတ္တာတို့၏ ဖြစ်ခြင်းမည်သည် သက်သက် ရေပွက်ပမာ တသက် လျာသာတည်း၊ နံ စဝိတ္ဝာ အာဂမနပုဗ္ဗကော နတ္ထိ–စုတေပြီး၍ ရောက်လာဘို့ရန် ခွေးရှဲ ပြုသော ပုဂ္ဂိုလ်မရှိ၊–ဋီကာ။]

ပါဠိတော်။ ။ " နတ္ထိ လောကေ သမဏဗြာဟ္မဏာ ၊ပေ၊ ပဝေဒေန္တိ " ဟု ပါဠိတော်၌ ရှိသော်လည်း ထိုပါဠိတော်ကို အဋ္ဌကထာက မဖွင့်သောကြောင့် ဋီကာက ဖွင့်ရသည်၊ ဖွင့်ပုံကား–သမဏော နာမ ယာထာဝတော ဇာနန္တေန ကဿစိ ကိဉ္စိ အကထေတွာ သညတေန ဘဝိတဗ္ဗံ–ရဟန်းဆိုတာ ဟုတ်မှန်စွာသိလို့ရှိရင် မည်သူ့အားမျှ မည်သို့

စာတုမဟာဘူတိကောတိ – ကား၊ စတုမဟာဘူတမယော – ၄ ပါးသော မဟာဘုတ်တို့ဖြင့် ဖြစ်၏၊ (၄ ပါးသော မဟာဘုတ်အား ပြီး၏၊) ပထဝီ ပထဝီကာယန္တိ-ကား၊ အစ္ဆတ္တိကပထဝီဓာတု-အစ္ဆတ္တာဒိဖြစ်သော ပထဝီဓာတ်သည်၊ ဗာဟိရ ပထဝီဓာတုံ – ဗဟိဒ္ဓ ပထဝီဓာတ်သို့၊ (အနုပေတိ ၌စပ်)၊ အနုပေတိ တိ-ကား၊ အနုယာတိ-အစဉ်သွား၏၊ ဝါ-ကပ်ရောက်၏၊ အနုပဂစ္ဆတိတိ-အနုပ

× × × × × × ×

သော တရားကိုမျှ မဟောဘဲ နှုတ်ကို စောင့်စည်းလျက်နေသင့်သည်၊ အညထာ အဟော ပုရိသိကာနာမ သိယာ–ဤသို့ မစောင့်စည်းလျှင် ယောက်ျားစွမ်း (လူစွမ်း) ပြရာရောက်သည်၊ ကိဉ္စိ ပရော ပရဿ ကရိဿတိ–အခြားသူတယောက်သည် အခြားသူတယောက် အတွက် ဘာအကျိုးကို လုပ်ပေးနိုင်လတံ့နည်း၊ (ဘာမျှ လုပ်မပေးနိုင်–ဟူလို)၊ တထာစ အတ္တာနော သမ္ပဿဒုံ ကဿစိ အဝဿယောဓော နာ သိယာ-ထို့ကြောင့်ပင် မိမိက သူ့ကို (အကျိုး တစုံတခု) ပြီးစေခြင်းအမှုသည် တစုံတယောက်၏ မှီရာအကြောင်းသည်ပင် မဖြစ်နိုင်၊ ဇာတိ အာဟာ၊ ယေ ဇာမဉ္ဉာ၊ပေါပဝေဒေန္တိတိ၊ – ဤကား အဋ္ဌကထာ မဖွင့်အပ်သော အဖွင့်အကြောင်းတည်း။

ဆိုလိုရင်းကား — "ဤလောကကိုငင်း, ဟိုလောကကိုငင်း ကိုယ်တိုင်သိ၍ မျက်မှောက်ပြု၍ သူတပါးကို သိစေနိုင်လောက်အောင် ကောင်းစွာကျင့်ကြသော သမဏဗြာဟ္မဏတို့ ဆိုတာ လောက၌ မရှိကြပါ၊ ထိုသို့ အဟုတ်မသိဘဲ ဟောပြောနေသူကား လူစွမ်းပြနေသူ မျှသာ ဖြစ်သည်" ဟူလို။

စာတုမဟာဘူတိကော။ ။"စတူသု မဟာဘူတေသု + နိယုတ္တော"ဟု ဋီကာ၌ ဝစနတ္ထပြု၏၊ "စတ္တာရော+မဟာဘူတာ စတုမဟာဘူတာ၊ စတုမဟာဘူတေ+နိယုတ္တော စာတုမဟာဘူတိကော"ဟု ပြုစေလိုရင်းတည်း၊ နိယုတ္တအနက်၌ ကိကပစ္စည်းသက်။

စတုမဟာဘူတမယော။ ။"စာတုမဟာဘူတိကော အယံ ပုရိသော – ဤယောက်ျားသည် လေးပါးသောမဟာဘုတ်တို့၌ ယှဉ်၏"ဟု ဆိုသောကြောင့် ယှဉ်ဘက်မဟာဘုတ်တခြား, ယှဉ်ရာယောက်ျား တခြား ဟု ထင်မှားဘွယ်ရှိ၏၊ ထိုသို့ ထင်မှားဘွယ်ကို ပယ်လိုသောကြောင့်"စတုမဟာဘူတမယော"ဟု ဖွင့်သည်၊ **ဆိုလိုရင်းကား**– "ဤယောက်ျားသည် ၄ ပါးသော မဟာဘုတ်အတိပြီး၏"ဟု ဆိုလိုသည်၊ ဤအဖွင့်သည် "စာတုမဟာဘူတိကော"၏ ဝိဂြိုဟ်ပြမဟုတ်, အနက်မျှကို ပြသောအဖွင့်တည်း။

ဋီကာသစ်။ ။အတ္ထမတ္တာတော ပန ဒဿေတုံ စတုမဟာဘူတမယောတိ ဝုတ္တံ၊ ယထာ ဟိ မတ္တိကာယ နိဗ္ဗတ္တံ ဘာဇနံ မတ္တိကာမယံ=မြေညက်ဖြင့်ဖြစ်သော အိုးခွက်သည် "မတ္တိကာမယ" မည်သကဲ့သို့၊ ဧဝမယမ္ပိ စတူဟိ မဟာဘူတေဟိ နိဗ္ဗတ္တော စတုမဟာဘူတမယောတ် ဝုစ္စတိ၊ "နိဗ္ဗတ္တအနက်၌ မယပစ္စည်းသက်၍ "စတုမဟာဘူတမယ"ဟု ဖြစ်သည်"ဟူလို။

အနုပေတိ, အနုပဂစ္ဆတိ။ ။"အနု + ပ + ဣဓာတ်ဖြင့်ပြီးသော အနုပေတိကို "အနုယာယတိ" ဟု အနု + ယာဓာတ်ဖြင့် ဖွင့်၏၊ ဣဓာတ်နှင့် ယာဓာတ်သည် ဂတိအနက်ချင်း တူ၏၊ "ပဥ္ဉာသာရကို အနက်မရှိ" ဟု ဆိုလိုသည်၊ အနုပဂစ္ဆတိ၌လည်း

ဂစ္ဆတီဟူသော သဒ္ဒါသည်၊ တသော်ဝ - ထို အနုပေတိသဒ္ဒါ၏ပင်၊ ဝေဝစနံ – ဒေဝဝုစ်ပရိယာယ် စကားလှယ်တည်း၊ အနုဂစ္ဆတိ – အစဉ်သွားတတ်၏၊ ဇာတိ အတ္ထောပိ-ဤအနက်သည်လည်း၊ (ဟောတိ)၊ ဉာဉယေနာပိ-အနုပေတိ,အနုပ ဂစ္ဆတိ ၂ ပုဒ်ဖြင့်လည်း၊ ဥပေတိ – ကပ်ရောက်၏၊ ဥပဂစ္ဆတိ - ကပ်ရောက်၏၊ ဇာတိ–ဤအနက်ကို၊ ဒဿေတိ၊ အာပါဒိသုပိ-အာပေါဓာတ် အစရှိသည်တို့၌ လည်း၊ ဧသေဝနယော– ဤနည်းပင်တည်း။

ဂုန္ဒြိယာနိတိ - ကား၊ မနစ္ဆဋ္ဌာနိ - မနိန္ဒြေလျှင် ခြောက်ပါးမြောက် ရှိကုန်သော၊ ဂုန္ဒြိယာနိ - ဇာန္ဒြေတို့သည်၊ (သက်မန္တိ ၌စပ်)၊ သက်မန္တိတိ - ကား၊ အာကာသံ–ကောင်းကင်သို့၊ ပက္ခန္ဒန္တိ-ပျံသွားကြကုန်၏၊ အာသန္ဒိပဉ္စမာတိ– ကား၊ နိပန္နမဇ္ဈေန - လျောင်းရာ ညောင်စောင်းအား ဖြင့်၊ ပဉ္စမာ - ၅ ခုမြောက် (ပ)သည် အနက်မရှိ၊ ထို့ကြောင့် အနုပေတိ၏ ဝေဝစနဟု ဆိုသည်။.... ဆိုလိုရင်း ကား– “ သတ္တဝါတို့၏သန္တာန်၌ တည်ရှိသော အဇ္ဈတ္တိက ပထဝီဓာတ်သည် နဂိရိက ဗဟိဒ္ဓပထဝီမြေကြီး၏ တစိတ်တဒေသ အဖြစ်ဖြင့် အဇ္ဈတ္တသန္တာန်သို့ ရောက်လာသော ပထဝီတည်း၊ အဇ္ဈတ္တသန္တာန်သို့ ရောက်သောအခါ“သတ္တဝါ”အဖြစ်ဖြင့် တည်တော့၏၊ ယခုအခါ ထိုသတ္တဝါ သေဆုံးသောကြောင့် (အိုး စသည်၌ရှိသော ပထဝီသည် အိုးကဲ့သော အခါ မြေကြီးသို့ ပြန်၍ရေခဲသကဲ့သို့) အဇ္ဈတ္တိကပထဝီသည် အပြင်မြေကြီးဟူသော ဗဟိဒ္ဓပထဝီသို့ ပြန်၍ ပေါင်းရတော့သည်”ဟူလို။

အာပါဒိသုပိ ဧသေဝနယော။ ။မဟာသမုဒ္ဒြာမှ ပဋ္ဌာန်နှစ်သည် ယူအပ်သော ရေသည် မိုဃ်းရေအဖြစ်ဖြင့် မဟာသမုဒ္ဒြာရေသို့ ပြန်၍ပေါင်းသကဲ့သို့ ထို့အတူ ဗဟိဒ္ဓ အာပေါဓာတ်(ရေ)မှ တစိတ်တပိုင်းခွဲ၍ ခန္ဓာကိုယ် အဇ္ဈတ္တသန္တာန်သို့ သတ္တဝါအဖြစ် ဖြင့် ရောက်လာသောရေသည် သေဆုံးသောအခါ မူလဖြစ်သော ဗဟိဒ္ဓအာပေါဓာတ် (ရေ) သို့ ပြန်၍ပေါင်းရတော့၏။

တေဇော ဝါယော။ ။နေရောင်ခြည်မှယူအပ်သော ဇုန္ဂိ(မိုဃ်းကြိုးလောင်မီး) သည် မူလ နေရောင်မီးနှင့် ပေါင်းမိသကဲ့သို့ ဗဟိဒ္ဓတေဇောဓာတ်မှ သတ္တဝါအဖြစ်ဖြင့် ခန္ဓာကိုယ် အဇ္ဈတ္တသန္တာန်သို့ရောက်လာသော တေဇောမီးသည် သေသောအခါ ဗဟိဒ္ဓ တေဇောမီးသို့ ပြန်၍ပေါင်းရတော့၏၊ လေအထုမှထွက်လာသော ဝါယောဓာတ်လေ သည် မူလ လေအထုသို့ ပြန်၍ပေါင်းသကဲ့သို့ ဗဟိဒ္ဓဝါယော(လေ)မှ သတ္တဝါအဖြစ်ဖြင့် ခန္ဓာကိုယ်အဇ္ဈတ္တသို့ ရောက်လာသော ဝါယောဓာတ် (လေ)သည် သေသောအခါ အပြင် ဗဟိဒ္ဓဝါယောဓာတ် (လေ) သို့ ပြန်၍ပေါင်းရတော့သည်ဟု တိတ္ထိဆရာကြီးက ဆိုလိုသတတ်။

မနစ္ဆဋ္ဌာနိ။ ။မနောယေဝ ဆဋ္ဌံ ယေသံတိ မနစ္ဆဋ္ဌာနိ-မနဟူသော ၆ ခုမြောက် ရှိသော စက္ခု သောတ ဃာန ဇိဝှါ ကာယ ဇုန္ဒြေတို့၊ “စက္ခုစသော ဇုန္ဒြေ ၆ ပါးတို့သည် သတ္တဝါသေသောအခါ သူတို့ယူဘို့ရာအာရုံ မရှိတော့သဖြင့် အာကာသကောင်းကင်သို့ ပျံတက်ကြသည်”ဟု ဆိုလိုသတတ်။

ရှိကုန်သော၊ (ပုရိသာဂစ္ဆန္တိဒ္ဒစပ်)၊ မဇ္ဈောစေဝ – ညောင်စောင်းသည်၎င်း၊ စတ္တာရော-၄ ခုကုန်သော၊ မဇ္ဈပါဒေ-ညောင်စောင်းခြေတို့ကို၊ ဂဟေတွာ–ကိုင်၍၊ ဋ္ဌိတာ–တည်ကုန်သော၊ စတ္တာရော-၄ ယောက်ကုန်သော၊ ပုရိသာစ–ယောကျ်းတို့သည်၎င်း၊ (အာဒါယ ဂစ္ဆန္တိဒ္ဒစပ်)၊ ဣတိ အတ္ထော – ဤကား အဓိပ္ပါယ်နက်တည်း။

ယာ ဝါဠဟနာတိ-ကား၊ ယာဝသုသာနာ – သုသာန်တိုင်အောင်၊ (ပညာယန္တိဒ္ဒစပ်)။ [အာဠဟနံ သုသာနဉ္စ၊ - အဘိဓာန် ၄ ဝ၅။] ပဒါနိတိ - ကား၊ အယံ-ဤသူသည်၊ ဧဝံ-ဤသို့၊ ဝါ-သည်ပုံသည်နည်း၊ သီလဝါ-သီလရှိသူသည်၊ အဟောသိ-ဖြစ်ခဲ့ပြီ၊ (အယံ-သည်၊) ဧဝံ-သို့၊ ဝါ- နည်း၊ ဒုဿီလော- သီလမရှိသူသည်၊(အဟောသိ)၊ ဣတိ အာဒိနာ - ဤသို့အစရှိသော၊ နယေန- နည်းဖြင့်၊ ပဝတ္တာနိ - ဖြစ်ကုန်သော၊ ဂဏာဂဏပဒါနိ - ဂဏ်အစု , အပြစ်အစုတို့သည်၊ (ပညာယန္တိ ဒ္ဒစပ်)၊ ဝါ-တနည်း၊ ဧတ္ထ ဤ ပဒါနိ ပညာယန္တီဟူသောပါဌ်၌၊ သရီရမေဝ–ကိုယ်ကိုပင်၊ ပဒါနိတိ–ဟူ၍၊ အဓိပ္ပေတံ- အလိုရှိအပ်၏။ [သရီရံကိုငဲ့၍ အဓိပ္ပေတံဟု ကေဝုစ်ထားသည်။]

ကာပေါတကာနိတိ-ကား၊ ကပေါတဝဏ္ဏာနိ–ခိုင့်က်၏အဆင်းနှင့်တူသော အဆင်း ရှိကုန်သည်၊ ပါရာဝတပက္ခိဝဏ္ဏာနိ – ခိုင့်က်၏အဆင်းနှင့် တူသော အဆင်းရှိကုန်သည်၊ (ဘဝန္တိ ဒ္ဒစပ်)၊ ဣတိအတ္ထော၊ ဘဿန္တေတိ–ကား၊ ဘဿန္တော-ပြာဟူသော အဆိုးအပိုင်းအခြားရှိကုန်၏၊ [ဘဿနှင့် ဘဿံကို "ပရိယာယ"

× × × × × × ×

အာသန္နိ ပဒ္ဓမာ။ ။အာသန္နိ + ပဒ္ဓမော ယေသံတိ အာသန္နိပဒ္ဓမာ၊ ညောင်စောင်း၏ ခြေ ၄ ချောင်းကိုထမ်းကြသော ယောကျ်း ၄ ယောက်နှင့် အာသန္နိကိုပေါင်းလျှင် အာသန္နိသည် ပဒ္ဓမဖြစ်၏။

ပဒါနိ။ ။ ပဌမနည်း၌ " ပဒ " သဒ္ဒါသည် ကောဋ္ဌာသ အနက်ဟောတည်း၊ ထို့ကြောင့် " ဂဏာဂဏ ပဒါနိတိ ဂဏဒေါသကောဋ္ဌာသေ " ဟု ဋီကာ ဖွင့်သည်၊ ဒုတိယနည်း၌ကား သရီရ အနက်ဟောတည်း၊ "တံတံ ကြိယာယ – ထိုထို အမှုအရာကြိယာသည်၊ ပဇ္ဈိတဗ္ဗတော – ရောက်ထိုက်သည်၏အဖြစ်ကြောင့်၊ သရီရမေဝ ပဒါနိ–ကိုယ်သည်ပင် ပဒတို့မည်၏"–ဋီကာ၊ "ပဇ္ဈိတဗ္ဗာနိတိ ပဒါနိ"ဟု ပြု။

ကာပေါတကာနိ။ ။ ကပေါတသဒ္ဒ + ဋာမာန် ကာပေါတာနိ၊ ဋာဒံအနက်၌ ဏ ပစ္စည်း၊ ကာပေါတာနိယော၀ ကာပေါတကာနိ၊ သွတ္ထိ၌ က ပစ္စည်း၊ ခိုး၏ဥစ္စာဖြစ်သော အတောင်တို့၊ ထို့နောံ ကာပေါတကာနိ ဝိယာတိ ကာပေါတကာနိ–ခိုး၏အတောင်နှင့် တူသောအဆင်းတို့၊ (အဖြူ အညိုရောနေသော အဆင်းတို့)၊ ထို့နောက် "ကာပေါတကာနိ ယေသံတိ ကာပေါတကာနိ– ခိုတောင်နှင့်တူသော အဆင်းရှိသောအရိုးတို့"ဟု ပြုစေလို၍ "ပါရာဝတပက္ခဝဏ္ဏာနိတိ အတ္ထော" ဟု ဖွင့်သည်။ [ဋီကာ၌ "ပါရာဝတပက္ခိဝဏ္ဏာနိ" ဟုလည်း မူကွဲရှိသေး၏၊ "ခိုင့်က်၏အဆင်းနှင့်တူသော အဆင်းရှိသော အရိုးတို့"ဟု ပေးပါ။]

ဟု ဆိုလိုသည်၊ ဘဿ + အန္တော ယာသံ အာဟုတိနန္တိ ဘဿန္တာ။] ဝါ-တနည်း၊ အယမေဝ - ဘဿန္တာဟူသော ဤပါဠိသည်ပင်၊ ပါဠို – ပါဠိတော်ရင်းတည်း၊ အာဟုတိယောတိ-ကား၊ ပါဟုနက သက္ကာရာဒီဘေဒံ-အာဂန္တုကဒါနအစြစ်ဖြင့် ကောင်းစွာပြုအပ်သော ပေးလှူ ပူဇော်ဘွယ် အစရှိသော အပြားရှိသော၊ ယံ ဒိန္နဒါနံ-အကြင် ပေးလှူအပ်သောဒါနသည်၊ (အတ္ထိ)၊ သဗ္ဗံ-သော၊ တံ– ထိုဒါနသည်၊ ဆာရိကာဝသာနမေဝ – ပြာအဆုံးရှိသည်သာလျှင်၊ ဟောတိ၊ တတော-ထိုပြာမှ၊ ပရံ-၌၊ ဖလဒါယကံ-အကျိုးကိုပေးစွမ်းနိုင်သည်၊ ဟုတ္ထာ, နဂန္ဆတိ-မသွားနိုင်၊ ဤတိ အတ္ထော-ဤကား အဓိပ္ပါယ်နက်တည်း။ ["နတတော ပရံ"စသောအဖွင့်သည် သဒ္ဒတ္ထမဖြစ်နိုင်သောကြောင့် အတ္ထောအရ အဓိပ္ပါယ်ထွက်ပုံ ယူပါ။]

ဒတ္တာ|ပညတ္တံတိ - ကား၊ ဒတ္တာ||ဟိ ဗာလ မနဿေဟိ - လူပြိန်း လူအ လူန လူထိုင်းတို့သည်၊ ပညတ္တံ – ပညတ်အပ်ပြီ၊ ဤဒံ ဝုတ္တံ ဟောတိ၊ (ကိံ , ဝုတ္တံ, ဟောတိ)၊ အဗုဒ္ဓိဟိ-အမြော်အမြင် ပညာမရှိကုန်သော၊ ဗာလေဟိ-လူပြိန်း လူအ လူန လူထိုင်းတို့သည်၊ ဧၛဒံ ဒါနံ– ဤအလှူကို၊ ပညတ္တံ–ပညတ်အပ်ပြီ၊ ပဏ္ဍိတေဟိ - အမြော်အမြင် ပညာရှင်တို့သည်၊ ဤဒံ ဒါနံ, န ပညတ္တံ - ပညတ်အပ်သည်မဟုတ်၊ (ဤတိ ဝုတ္တံ ဟောတိ)။ [ဤဒံ ဝုတ္တံ ပြန်လှည့်ဘို့ရန် "ဤတိ" သဒ္ဒါထည့်သည်။] (ဧၛမိနာ-ဤ ဒတ္တာ|ပညတ္တံဟုဧသာ ပါဠိဖြင့်၊) [ဒသေတိ၏ ကရိဏ်းထည့်သည်။] ဗာလာ– လူပြိန်း လူအ လူန လူထိုင်းတို့သည်၊ ဒေန္တိ– ပေးကြ, ကမ်းကြ, လှူဒါန်းကြကုန်၏၊ ပဏ္ဍိတာ – လူပါး လူနပ် , လူတတ် လူတော်, လူပေါ် လူဇော်လပ်သူတို့သည်၊ ဂဏှန္တိ- ယူကြကုန်၏၊ ဧၛတိ – ကို၊ ဒသေတိ–ပြ၏။

× × × × × × × ×

အာဟုတိယော။ ။အာဟရိတ္ဝာ – အဝေးမှ ဆောင်ယူ၍ + ဟူယန္တေ – ပေးလှူပူဇော်အပ်ကုန်၏၊ ဤတိ အာဟုတိယော၊ ဤ"အာဟုတိ"အရ ဒိန္န, ယိဋ္ဌ, ဟုတ ၃ မျိုးလုံးကို ယူစေလိုသောကြောင့် "ပါဟုန သက္ကာရာဒိဘေဒံ၊ပေ၊သဗ္ဗံ တံ"ဟု မိန့်သည်။

ဒတ္တာ|ပညတ္တံ။ ။"ဒဗ္ဗန္တိ မုယ္ဟန္တိ ဒတ္တာ||"ဟု ဋီကာတို့ ဝိဂ္ဂဟပြုကြ၏၊ "ဒဗ္ဗဓာတ်, တု ပစ္စည်း, ဓာတ္ထန်ချေ, ဒွေဘော်လာဟု ဆိုလိုဟန်တူသည်၊ သို့သော် ဓာတ်ကျမ်းတို့၌ ဒဗ္ဗဓာတ်ကိုမတွေ့ရ၊ အဘိဓာနပ္ပဒီပိကာသူစို၌ ဒါဓာတ် , ကုစ္ဆဃယံ, ဂတိယံဝါ " ဟု ဆို၏၊ "ဒါတိ ကုစ္ဆိတံ ဂစ္ဆတီတိ ဒတ္တာ|–စက်ဆုပ်ဘွယ်အဖြစ်သို့ ရောက်သော လူဖျင်း" ဟု ပြုပါ၊ ဒတ္တာ||ဟိ+ပညတ္တံ ဒတ္တာ|ပညတ္တံ–မိမိပစ္စည်းကို သူတပါးအား ပေးခြင်းဟူသော ဒါနမှုကို လူပြိန်း လူအ လူန လူထိုင်းတို့ ပညတ်ထားအပ်သည် – ဟူလို၊ လူပြိန်း လူအ လူန လူထိုင်းတို့သည် ပေးကြ , ကမ်းကြ , လှူဒါန်းကြကုန်၏၊ လူပါး လူနပ် လူတတ် လူတော် လူပေါ် လူဇော်လပ်သူတို့သည် ချောက်ကာ မြောက်ကာ , ချော့မြူကာဖြင့် ဝမ်းသာကြည်ဖြူ ခံယူကြကုန်၏။ [ဤနေရာ၌" ဗာလ– လူမိုက်, ပဏ္ဍိတ–ပညာရှိ" ဟူသောအနက် မဟုတ်ပါ၊ ပေးခဲ့သောအနက်အတိုင်းသာ အဓိဋ္ဌာန်ဆိုလိုပါသည်။]

တတ္ထ- ထိ ၃ ယောက်သော ဆရာကြီးတို့တွင်၊ ပူရဏော - ပူရဏာဆရာကြီးသည်၊ ကရောတော နာ ကရိယတိ ပါပံတိ - ဟူ၍၊ ဝဒန္တော - ပြောဟောသည်၊ (ဟုတ္ထ- ၍၊ ဝါ- ဖြစ်ခြင်းကြောင့်)၊ ကမ္မံ- ကံကို၊ ပဋိဗာဟတိ – တားမြစ်၏၊ အဇိတော – အဇိတဆရာကြီးသည်၊ ကာယဿ ဘေဒါ ဥစ္ဆိဇ္ဇတိတိ - ဟူ၍၊ ဝဒန္တော (ဟုတ္ထ), ဝိပါကံ– အကျိုးကို၊ ပဋိဗာဟတိ - ၏၊ မက္ခလိ– မက္ခလိဆရာကြီးသည်၊ နတ္ထိ ဟေတူတိ – ဟူ၍၊ ဝဒန္တော (ဟုတ္ထ), ဥဘယံ – ကံနှင့် အကျိုး, ၂ မျိုးလုံးကို၊ ပဋိဗာဟတိ – ၏။

တတ္ထ – ထို ကံနှင့်အကျိုး ၂ မျိုးတို့တွင်၊ ကမ္မံ - ကံကို၊ ပဋိဗာဟန္တေနာပိ– တားမြစ်သော ပူရဏာဆရာကြီးသည်လည်း၊ ဝိပါကော– အကျိုးသည်၊ ဝါ-ကို၊ ပဋိဗာဟိတော- တားမြစ်အပ်ပြီးသည်၊ ဟောတိ- ဖြစ်တော့၏၊ ဝိပါကံ·ကို၊ ပဋိဗာဟန္တေနာပိ – တားမြစ်သော အဇိတဆရာကြီးသည်လည်း၊ ကမ္မံ - ကံသည်၊ ဝါ - ကို၊ ပဋိဗာဟိတံ ဟောတိ၊ ဣတိ - ဤသို့လျှင်၊ သဗ္ဗေပိ – အလုံးစုံလည်း ဖြစ်ကုန်သော၊ ဧတေ– ဤ ဆရာကြီး ၃ ယောက်တို့သည်၊ အတ္ထတော- လိုရင်းအနက်အားဖြင့်၊ ဥဘယပ္ပဋိဗာဟကာ – ကံနှင့်အကျိုး ၂ မျိုးလုံးကို တားမြစ်

× × × × × × ×

ကမ္မံ ပဋိဗာဟတိ။ ။"ကရောတော နာ ကရိယတိ ပါပံ, နတ္ထိ ပုညံ" ဟု ဟောပြောလေ့ရှိသော ပူရဏာဆရာကြီးသည် ကံကို တားမြစ်၏၊ " နာ ကရိယတိ – ပြုသော်လည်း ပြုအပ်ရာမရောက်, ပြုအပ်သည်မမည်" ဟု ဆိုသောကြောင့် "အကြိယဝါဒ"ရှိသူလည်း ဖြစ်၏၊ "အကြိယဒိဋ္ဌိက – ပြုအပ်ရာမရောက် ဟု အယူရှိသူ"လည်း ဖြစ်၏။ [အကြိယံ ဇာတိ+ဝါဒေါ ယဿာတိ အကြိယဝါဒေါ၊ အကြိယံ ဇာတိ + ဒိဋ္ဌိ အကြိယဒိဋ္ဌိ၊ အကြိယဒိဋ္ဌိ ယဿာတိ အကြိယဒိဋ္ဌိကော။]

ဝိပါကံ ပဋိဗာဟတိ။ ။"ကာယဿ ဘေဒါ ဥစ္ဆိဇ္ဇတိ – သေလျှင် ပြတ်၏"ဟု ပြောဟောလေ့ရှိသော အဇိတဆရာကြီးသည် "အကျိုးပေးစရာဘဝမရှိတော့"ဟု ဆိုရာရောက်သောကြောင့် အကျိုးကို တားမြစ်၏၊ " နတ္ထိ ဒိန္နံ " စသည်ဖြင့် ပြောဟောလေ့ရှိသောကြောင့် "နတ္ထိကဝါဒိ, နတ္ထိကဒိဋ္ဌိက"လည်း မည်၏။ [နတ္ထိယေဝ နတ္ထိကော၊ နတ္ထိကော ဇာတိ ဝါဒေါ ယဿာတိ နတ္ထိကဝါဒေါ၊ ဥစ္ဆေဒဝါဒိ ဥစ္ဆေဒဒိဋ္ဌိကလည်း ထို အဇိတပင်တည်း။]

ဥဘယံ ပဋိဗာဟတိ။ ။"နတ္ထိ ဟေတု နတ္ထိ ပစ္စယော သတ္တာနံ သံကိလေသာယ" စသည်ဖြင့် ပြောဟောလေ့ရှိသော မက္ခလိဂေါသာလဆရာကြီးသည် " အကြောင်းမရှိသောကြောင့် အကျိုးလည်းမရှိ"ဟု ဆိုရာရောက်၏၊ ထို့ကြောင့် ကံနှင့် အကျိုး ၂ မျိုးလုံးကို တားမြစ်သောဆရာတည်း၊ "နတ္ထိ ဟေတု– အကြောင်းမရှိ" ဟု ပြောဟောလေ့ရှိသောကြောင့် အဟေတုကဝါဒိ, အဟေတုကဒိဋ္ဌိကလည်း မည်၏။

ဥဘယ ပဋိဗာဟကာ။ ။ ကံဟူသောအကြောင်းကို တားမြစ်သော ပူရဏာဆရာကြီး၏ အလိုအားဖြင့် "အကြောင်းမရှိလျှင် အကျိုးလည်းမရှိ"ဟု တားမြစ်ရာရောက်၏၊ အကျိုးကို တားမြစ်သော အဇိတဆရာကြီး၏ အလိုအားဖြင့် အကျိုး မရှိလျှင်လည်း

တက်ကုန်သော၊ ဝါ – ကံနှင့်အကျိုး ၂ မျိုးလုံးကို တားမြစ်တတ်ကုန်သည်၏ အဖြစ်ကြောင့်၊ အဟေတုကဝါဒါစေဝ - အဟေတုကဝါဒ ရှိသူတို့သည်၎င်း၊ ဝါ - အကြောင်းမရှိဟု ပြောဆိုကြောင်းအယူ ရှိသူတို့သည်၎င်း၊ အကြိယဝါဒါစ-အကြိယဝါဒရှိသူတို့သည်၎င်း၊ ဝါ–ပြုအပ်သည်မမည်ဟု ပြောဆိုကြောင်းအယူရှိသူတို့သည်၎င်း၊ နတ္ထိကဝါဒါစ- နတ္ထိကဝါဒရှိသူတို့သည်၎င်း၊ ဝါ- နတ္ထိဟု ပြောဆိုကြောင်းအယူရှိသူတို့သည်၎င်း၊ ဟောန္တိ။

× × × × × × ×

အကြောင်းကံမှာ အကျိုးပေးနိုင်သောသတ္တိ မရှိသောကြောင့် အကြောင်းကံကိုပါ တားမြစ်ရာရောက်၏၊ ထို့ကြောင့် လိုရင်းအချုပ် အနက်အသားကို ထုတ်လိုက်လျှင် ဆရာကြီး ၃ ယောက်လုံးပင် ကံနှင့်အကျိုး ၂ မျိုးလုံးကို ပယ်ကြသူချည်း ဖြစ်ကြ၏၊ ထို့ကြောင့် "အတ္ထတော ဥဘယပ္ပဋိဗာဟကာ" ဟု မိန့်သည်။

အဟေတုကဒေဝါဒါစ။ ။ဥဘယပဋိဗာဟကာပုဒ်သည် ဟိတ်အနက်အတွင်း ငုပ်သော ဟေတုဂဗ္ဘ = ဟေတုမန္တ ဝိသေသနတည်း၊ ထိုဆရာကြီး ၃ ယောက်လုံးပင် ကံ – ဝိပါက် ၂ မျိုးလုံး တားမြစ်ရာရောက်သောကြောင့် အဟေတုကဝါဒ ရှိသူလည်း ဖြစ်နိုင်, အကြိယဝါဒရှိသူလည်း ဖြစ်နိုင်, နတ္ထိကဝါဒရှိသူလည်း ဖြစ်နိုင်ကြသည်။

[ဆောင်] ကရောတော နကရိယတိ ပါပံ, နှတ်သံမြွက်ဟ, ပုရဏမည်, ဆရာသည်ကား, ဝါဒီအကြိုယ, ဒိဋ္ဌကကြောင့်, ကမ္မကိုဖယ်, အကြောင်းပယ်၏၊....

တသ္မယ်မှတ်ကြ, ကာယဿ၏, ဘေဒဘာဝါ, ပျက်သည့်ခါဝယ်, ပြတ်သည်သာဝေ့, ပြောဟောလေ့ကြောင့်, ရသေ အဇိတ, ဆရာကမူ, ဥစ္ဆေဒနှင့်, နတ္ထိကဝါဒိ, ကျိုးမသီဟု, ဗိဗိနှတ်ကြွယ်, အကျိုးပယ်၏။....

နောက်ဝယ်တရှိ, မက္ခလိကား, နတ္ထိဟေတု, အဟောပြုခြင်း, အဟေတုက– ဝါဒဒိဋ္ဌ, ယူရှိထင်ရှား, သူ့တရားဖြင့်, ၂ ပါးလုံးဖယ်, ကြောင်း ကျိုးပယ်၏။....

သို့နယ်ခွဲခြား, ကိုယ်စီပြားလည်း, ကြောင်းအားပယ်လျှင်, ကျိုးပယ်ပင်တည်း၊ ကျိုးအင်ဖယ်မူ, ကြောင်းပယ်သူပင်၊ သို့ဖြစ်အင်ကြောင့်, ယခင် ယူသီး, ဆရာကြီးတို့, နည်းအတူဆွယ်, ကြောင်း ကျိုးပယ်သည်, သုံးသွယ်ဝါဒ သဘောတည်း။

မှတ်ချက်။ ။"အဟေတုကဒေါနတ္ထိကဝါဒါစ" ဟူသော ဤစကားကို "ပဋိညာဝစန" ဟု ဋီကာတို့ဆိုကြ၏၊ ထို ပဋိညာဟူသည် ဝန်ခံခြင်းဟူသော ပဋိညာမဟုတ်, ပြခဲ့သော ဥဘယ ပဋိဗာဟကာဟူသော ဟိတ်နှင့်စပ်၍ ထိုအကြောင်း၏ အကျိုးအဖြစ်ဖြင့် ဆုံးဖြတ်ချက်ချသော စကားတည်း၊ ဥဘယ ပဋိဗာဟကဖြစ်သောကြောင့် ထိုဆရာကြီး ၃ ယောက်လုံးပင် အဟေတုကဝါဒိစသည် အမည်ရှိကြသည်ဟု ဆုံးဖြတ်ချက်ချသည်၊ "ပဋိညာ ဥပမာဟေတု, ဥဒါဟရဏာနိဂ္ဂမ" ဟူသော ဝါကျအစိတ် ငါးပါးတွင် နိဂုံးစကားကိုပင် "ပဋိ–တဖန်ထပ်၍+ ဉာ–သိအပ်သောစကား" ဟူသော ဝစနတ္ထကြောင့် "ပဋိညာ" ဟု ဆိုထားသည်။ [အဟေတုကဝါဒါစေဝါတိ အာဒိ ပဋိညာဝစနံ, တပ္ပလဘာဝေန နိစ္ဆိတတ္တာ၊– ဋီကာ။]

ဝါပနဉ္စ – သည်သာမကသေး၊ ယေ – အကြင် တိတ္ထိယသာဝကတို့သည်၊ တေသံ – ထို ဆရာကြီးတို့၏၊ လဒ္ဓိံ - အယူကို၊ ဂဟေတ္ဝာ- ယူ၍၊ ရတ္တိဋ္ဌာနေ– ညဉ့်နေရာအရပ်၌၎င်း၊ ဒိဝါဋ္ဌာနေ - နေ့နေရာအရပ်၌၎င်း၊ နိသိန္နာ– ထိုင်ကုန်လျက်၊ သဇ္ဈယန္တိ - သရဇ္ဈာယ်ကြကုန်၏၊ ဝါ- ရွတ်အံကြကုန်၏၊ ဝီမံသန္တိ – အနက်အဓိပ္ပါယ်ကို စူးစမ်း ဆင်ခြင်ကြကုန်၏။

ပါပံ - မကောင်းမှုကို၊ ကရောတော - ပြုလသော်၊ ဝါ - ပြုသူသည်၊ နကရိယတိ-မပြုအပ်၊ ဝါ-ပြုအပ်သည်မမည်၊ ဟေတု-ဟိတ်ဟူသောအကြောင်းသည်၊ နတ္ထိ-မရှိ၊ ပစ္စယော - ပစ္စည်းဟူသော အကြောင်းသည်၊ နတ္ထိ၊ မတော - သေသူသည်၊ ဥစ္ဆိဇ္ဇတိ- ပြတ်တေ့၏၊ ဣတိ-သို့၊(ဝီမံသန္တောနံ – စူးစမ်း ဆင်ခြင်ကြကုန်သော၊)တေသံ-ထိုသာဝကတို့၏၊ တဿိံ အာရမဏေ-ထိုအာရုံ၌၊ မိစ္ဆာသတိ-

× × × × × × ×

ယေဝါပန ၊ပေ၊ ဂဟေတ္ဝာ။ ။ “ယေဝါပန ” မှစ၍ “ ကဏ္ဍကသဒိသာ ” တိုင်အောင်သော ဤစကားသည် ထို ဆရာကြီးတို့၏အယူကို အတုလိုက်၍ ယူကြသော နောက်ပုဂ္ဂိုလ်တို့၏ နိယာမောက္ကန် ဝိနိစ္ဆယ (နိယတမိစ္ဆာဒိဋ္ဌိသို့ သက်ရောက်ပုံကို ပြသော အဆုံးအဖြတ်) စကားတည်း။

သဇ္ဈယန္တိ ဝီမံသန္တိ။ ။ [သံ + အဓိ + ဣဓာတ်ဖြစ်၍ “သဇ္ဈယန္တိ”ဟု ပါဠိမှန်ရှိပါစေ။] ရဟန်းတော်များသည် ဗုဒ္ဓမြတ်စွာ၏ ပိဋကတော်ကို ရွတ်ဖတ်သရဇ္ဈာယ်ကြသကဲ့သို့, အကြင် တိတ္ထိယသာဝကတို့သည် ထို တိတ္ထိယဆရာကြီးတို့၏ ဟုတ်ဟုတ်ပြေားပြေား ပြုထားအပ်သော “ကရောတော ကာရယတော၊ပေ၊ကရောတော နကရိယတိ ပါပံ”စသော ကျမ်းစာ,....“နတ္ထိ ဟေတု နတ္ထိ ပစ္စယော”စသော ကျမ်းစာ, ...“နတ္ထိ ဒိန္နံ နတ္ထိ ယိဋ္ဌံ ” စသော ကျမ်းစာတို့ကို ရွတ်အံနေကြ၏၊ ထို ကျမ်းစာတို့၏ အနက်အဓိပ္ပါယ်ကို စူးစမ်း ဆင်ခြင်ကြ၏၊ ဥပမာ–ရဟန်းတော်များသည် မိမိ ရွတ်အံ့အပ်သော တရားဓ၏ အနက်အဓိပ္ပါယ်ကို စဉ်းစား ကြံစည်သကဲ့သို့တည်း။

တေသံ၊ပေ၊ဥစ္ဆိဇ္ဇတိတိ။ ။“တေသံတိ အာဒိ ဝီမံသနာကာရဒဿနံ”ဟု ဋီကာဖွင့်သောကြောင့် “ကရောတော နကရိယတိ” စသော စကားသည် စဉ်းစားပုံ အခြင်းအရာကိုပြသော အာကာရဝါကျဟု ဆိုလို၏၊ သို့သော် ဣတိသဒ္ဒါကို အခြား အာကာရဝါကျများကဲ့သို့ ရှေ့ဝီမံသန္တိကြိယာသို့ ပြန်၍မစပ်စေဘဲ“ဣတိ ဧဝံ ဝီမံသန္တောနံ တေသံတိ သမ္ဗန္ဓော”ဟု ဋီကာသစ်အစပ် ပြသည့်အတိုင်း အနက်ပေးလိုက်ရသည်။

တဿိံ အာရမဏေ။ ။ထိုအာရုံဟူသည် ကံ ဆိုသောတရား၏ မရှိခြင်း, ထိုကံ၏ အကျိုးမရှိခြင်း, သေလျှင် နောက်ဆက်မဖြစ်တော့ဘဲ ပြတ်ခြင်းစသော အာရုံတည်း။

မိစ္ဆာသတိ။ ။သတိ စေတသိက်သည် အကုသိုလ်စိတ်၌ မယှဉ်, သောဘနစိတ်၌သာ ယှဉ်၏၊ အကုသိုလ်၌ ယှဉ်မှ “မိစ္ဆာ”ဟု ခေါ်ရသည်၊ ထို့ကြောင့် မိစ္ဆာသတိ၏ တရားကိုယ်မှာ ထိုအာရုံကို အမှန်ဟု ထင်၍ သာယာတတ်သောဒိဋ္ဌိနှင့် ယှဉ်လျက် အမှတ်ရသောတဏှာတည်း၊ (တနည်း) တဏှာပြဋ္ဌာန်းသော ဒိဋ္ဌိသမ္ပယုတ် စိတ္တုပ္ပါဒ်ဟူသော နာမ်ခန္ဓာ၄ ပါးတည်း။ [မိစ္ဆာသတိ သင်္ခိဉ္စတိတိ မိစ္ဆာသတိ သခ်ါတာ လဒ္ဓိ

မှားယွင်းသော သတိသည်၊ သန္ဓိဋ္ဌတိ – ကောင်းစွာတည်၏၊ စိတ္တံ – စိတ်သည်၊ ဧကဂ္ဂံ–တခုတည်းသော အာရုံ၌သည်၊ ဝါ–တည်ကြည်သည်၊ ဟောတိ။

× × × × × × ×

သဟဂတာ တဏှာ သန္ဓိဋ္ဌတိ၊ပေ၊ မိဆ္ဆာသင်္ကပ္ပါဒယော ဝိယ ဟိ မိဆ္ဆာသတိနာမ ပါဠိယေလ္လော ကောစိဓမ္မော နတ္ထိ၊ တဏှာသီသေန ဂဟိတာနံ စတုန္နံဝိ အကုသလက္ခန္ဓာနမေတံ အဓိဝစနန္တိ မဇ္ဈိမာဂမဋ္ဌကထာယံ သလ္လေခသုတ္တဝဏ္ဏနာယံ ဝုတ္တံ၊–ဋီကာသစ်။]

မှတ်ချက်။ ။“မိဆ္ဆာအယူ”ဟူရာ၌“ဒိဋ္ဌိနှင့်ယှဉ်သော တဏှာပဓာန စိတ္တုပ္ပါဒ်” ဟု အရကောက်၏၊ ထို အရကောက်အတိုင်းပင် ယခုအခါ၌ မှားသောအယူကို ယူစေကာမူ တဏှာဖြင့် ထိုအယူကို သာယာနေကြသည်မှာ အထင်အရှားဖြစ်ပေသည်။

သန္ဓိဋ္ဌတိ။ ။“မကောင်းမှုကို ပြုရာမရောက်, သေလျှင် ပြတ်၏”စသောအာရုံကို မိဆ္ဆာသင်္ကပ္ပဟူသော မိဆ္ဆာဝိတက်ဖြင့် ကြံဖန်များသောအခါ ထိုအာရုံသည် သဝိဋ္ဌဟ (အကောင်အထည်) အဖြစ်ဖြင့် ထင်လာ၏၊ (ကမ္မဋ္ဌာန်းပွားသကဲ့သို့) ဘာဝိတ ဗဟုလီကတ ပြုသောအားဖြင့် ထပ်၍ထပ်၍ ပွားသောအခါ ထိုအာရုံသည် နိဿာနက္ခမ (မိဆ္ဆာဉာဏ်ဖြင့်,အကြည့်အရှု အစစ်အဆေးခံနိုင်လောက်အောင်) ဖြစ်လာ၏၊ ထို နိဿာနက္ခန်တို့ဟု ခေါ်အပ်သော မိဆ္ဆာဉာဏ်ဖြင့် အာသေဝန္တ (မှီဝဲသော) ပုဂ္ဂိုလ်, ဗဟုလီကရောန္တ (ကြိမ်ဖန်များစွာ အလေ့အလာပြုသော) ပုဂ္ဂိုလ်မှာ မိဆ္ဆာဝိတက်ကလည်း ထိုအာရုံသို့ ဆောင်ပို့ခြင်း, မိဆ္ဆာဝါယာမကလည်း စိတ်ကို ထောံပုံ့ပေးခြင်းကြောင့် ပြအပ်ခဲ့သော မိဆ္ဆာသတိသည် ထိုအာရုံ၌ စွဲမြဲစွာတည်နေတော့၏၊ ဥပမာ–ကမ္မဋ္ဌာန်းပေါက်ခါနီးဝယ် စိတ်သည် ကမ္မဋ္ဌာန်းအာရုံ၌ ကောင်းစွာ တည်နေသကဲ့သို့တည်း။

စိတ္တံ ကေဂ်ံ။ ။သန္ဓိဋ္ဌတိကိုပင် “ စိတ္တံ ကေဂ်ံ ဟောတိ ” ဟု သရုပ်ဖေါ်သည်၊ စိတ္တံ ကေဂ်ံ ဟောတိတိ – ယထာသကံ ဝိတက္ကာဒိ ပစ္စယလာဘေန (အကြင်အကြင် မိမိဉစွာဖြစ်သော ဝိတက်အစရှိသော ဈာန်အင်္ဂါအကြောင်းများကို ရသည့်အတွက်) တသ္မိံ အာရမဏေ အဝဋ္ဌိတတာယ (ထိုအာရုံ၌ သက်ဝင်၍ တည်သည်၏အဖြစ်ကြောင့်) အနေကဂ္ဂတံ ပဟာယ ဧကဂ်ံ အပ္ပိတံဝိယ ဟောတိ။ [အပ္ပိတံဝိယသည် လောကီကုသိလ ဈာန်တို့၏ အပ္ပနာရောက်ပုံကို ဥပမာပြသောစကားတည်း၊ ထို အကုသိလ်သမာဓိလည်း အပ္ပနာသို့ ရောက်နေသလိုပင် တည်ကြည်သည်–ဟူလို။]

ဆက်ဥုးဒ်ံ — “ စိတ္တံ ကေဂ်ံ ” ဟု စိတ်ကို ခေါင်းတပ်ထားသော်လည်း မိဆ္ဆာသမာဓိကိုပင် ဆိုလို၏၊ ထို မိဆ္ဆာသမာဓိလည်း (သမ္မာသမာဓိကဲ့သို့) မိဆ္ဆာဝိတက်စသော (ဈာန်အင်္ဂါအကြောင်း) အထူးတို့ကြောင့် ဘာဝနာ အားရှိလာသောအခါ မှားသောအာရုံကို ကြိုစည်ရာဉ်ရှင်လည်း တည်ကြည်ခြင်းကိစ္စ အတုကို ပြုနိုင်သည်သာ၊ ဥပမာ-သားမြီးဖျားကိုမှန်အောင်ပစ်သောလေးသမား၏ မြှားကို ချိန်နေရာအခါ၌ မိဆ္ဆာသမာဓိက တည်အောင် တည့်အောင် ပြုပေးသကဲ့သို့တည်း။

စဉ်းစားဘွယ်။ ။ဤမိဆ္ဆာအယူကိုယူရာ၌ “စိတ္တံ ကေဂ်ံ ဟောတိ”ကို (ကမ္မဋ္ဌာန်းပေါက်၍ အပ္ပနာဈာန်သို့ ရောက်ပုံနှင့်) အလားတူပင် ဋီကာတို့ဖွင့်ထား၏၊ အခြားဘာသာအမျိုးမျိုး၌ဌင်း , ဗုဒ္ဓဘာသာတွင်လည်း မူလ ကမ္မဋ္ဌာန်းအမှန်ကို ကပ်မြှောင်ထွင်ထားအပ်သော ကမ္မဋ္ဌာန်းနည်းများ၌ဌင်း, သက်ဝင် ယုံကြည်သူတို့သည် ထိုအာရုံ

ဇဝနာနိ– ဇောခုနစ်ကြိမ်တိုသည်၊ ဇဝန်္တိ- စောကြကုန်၏၊ ပဌမဇဝနေ– ပဌမဇောဌ်၊ သတေကိစ္ဆာ-ကုစားခြင်းနှင့် တကွဖြစ်ကုန်သည်၊ ဝါ–ကုစား၍ ရကောင်းကုန်သည်၊ ဟောန္တိ၊ ဒုတိယာဒီသု– ဒုတိယဇော အစရှိသည်တို့၌၊ တထာ - ထို့အတူတည်း၊ သတ္တမေ – သတ္တမဇောဌ်၊ ဗုဒ္ဓါနံပိ- ဘုရားရှင်တို့၏ သော်မှလည်း၊(ကုစားခြင်း၌စပ်)၊ အတေကိစ္ဆာ-ကုစားနိုင်ခြင်း မရှိကုန်သည်၊ အနိဝတ္တိနော – မိစ္ဆာအယူမှ ဆုတ်နစ်ခြင်း မရှိကုန်သည်၊ အရိဋ္ဌကဏ္ဏကသဒိသာ-အရိဋ္ဌရဟန်း, ကဏ္ဏကသာမဏေတို့နှင့် တူကုန်သည်၊ (ဟောန္တိ)။

× × × × × × × ×

ကို အာရုံပြု၍ ဘာဝိတ ဗဟုလီကတ (ပွားများမှု, အကြိမ်များစွာလေ့လာမှု) ကို ပြုကြ၏၊ ထိုသို့ ပြုသောအခါ သီလ မစင်ကြယ်စေကာမူ (ရဟန်းဖြစ်လျှင် နိဿဂ္ဂိယမှစ၍ အာပတ် မစင်ကြယ်စေကာမူ) သမာဓိရကြ၏၊ “ တရားပေါက်သည် ” ဟု ဆိုရလောက်အောင် အခိုက်အတန့်မျှ စိတ်တည်ကြည်ကြလေသည်။

မိစ္ဆာလော, သမ္မာလော။ ။ထိုသမာဓိကို “ မိစ္ဆာလော သမ္မာလော ” ဟု မေးလျှင်ကား သာမန်ပုဂ္ဂိုလ်တို့ ဆုံးဖြတ်ဘို့လွယ်မည် မဟုတ်ပါ၊ ရွှေအတုကို ရွှေအစစ်ဟု ထင်၍ သုံးစွဲနေသူသည် သူ၏စိတ်၌ နှစ်မြို့က်ရှင်ပျ အားရနေသော်လည်း ရွှေ၏ အကြောင်းကို ကောင်းကောင်း နားလည်သူ့အတွက်မှာ ရှက်စရာပင် ဖြစ်နေသကဲ့သို့, တရားအတုကို တရားအစစ်ထင်၍ ကြည်လင် ရွှင်ပျနေသူ့အတွက်လည်း ထိုအတိုင်းပင် ဖြစ်စရာရှိပါသည်၊ ထို့ကြောင့် ကမ္မဋ္ဌာန်းတရား ဟူသည် တဏှာကုန်ခန်း၍ ရဟန္တာ ဖြစ်သည်အထိ အကျိုးရှိနိုင်ရကား “ အကြင်တရားကို အားထုတ်၍ တဏှာ လောဘ ဒေါသ မာန ဇာသာ မစ္ဆရိယတို့ တကယ်နည်းလျှင် ထိုတရားကို“တရားမှန်”ဟု ယူပါ၊ တဏှာ လောဘ ဒေါသ မာန ဇာသာ မစ္ဆရိယတို့ မနည်းဘဲ အထင်ကြီးနေလျှင်ကား မာန်မာန အပိုဝင်လာသောကြောင့် “တရားမှား”ဟု မှတ်ကြပါလေ။

ဇဝနာနိ ဇဝန်္တိ။ ။ရွှေအဖို့၌ စိတ်၏ ကေဂ္ဂတာကျရာ ဇောဝါရ(ဝိထိ)တို့၏ အကြိမ်များစွာဖြစ်ပုံကို ပြပြီး၍ နောက်ဆုံး၌ မိစ္ဆာတွန်ယတသို့ရောက်မည့် ဇောဝါရကို ပြလိုသောကြောင့် “ဇဝနာနိ ဇဝန်္တိ”ဟု ဆိုသည်။ [ဥပမာ–မဂ္ဂဝိထိဖြင့် သမ္မတ္တနိယတသို့ရောက်ရာအခါ၌ မရောက်မီ ရှေက ဝိပဿနာဇောဝိထိတွေ များစွာဖြစ်ပြီးမှ နောံဆုံးသောတာပတ္တိမဂ္ဂဝိထိဖြင့် သမ္မတ္တနိယတသို့ ရောက်ရသကဲ့သို့တည်း၊]

ပဌမ၊ပေ၊ဒုတိယာဒီသု။ ။“ဇော ၇ ကြိမ်တွင် ပဌမဇောမှစ၍ ဆဋ္ဌဇော တိုင်အောင် ထိုမိစ္ဆာအယူမှ ကင်းလွတ်အောင် ကုစားနိုင်သေး၏”ဟူသောစကားသည် ဓမ္မသဘော (တရားတို့၏ထုံးစံ) ကို ပြသောစကားသာတည်း၊ အလုပ်သဘောအားဖြင့် ကား ထိဇော ၆ ကြိမ်အခိုက်၌ မည်သူမျှ မကုစားနိုင်တော့ပါ။ [တထာ ဒုတိယာဒီသုတိ ဓမ္မသဘာဝဒဿနမတ္တမေတံ။]

သတ္တမေ၊ပေ၊သဒိသာ။ ။သတ္တမဇောဌ်ကား မိစ္ဆာတွန်ယတသို့ ရောက်သောကြောင့် ဘုရားရှင်တို့သော်မှလည်း ထိုသူတို့ကို မိစ္ဆာအယူမှလွတ်ကင်းအောင် မကုစားနိုင်တော့၊ သူတို့ကလည်း နောက်မဆုတ်ကြတော့၊ အရိဋ္ဌရဟန်းနှင့် ကဏ္ဏကသာမဏေတို့သည် ဘုရားရှင်ကို စွပ်စွဲရာရောက်သော အယူမှ နေးမဆုတ်ကြတော့သကဲ့သို့တည်း၊ အကျယ်ကို ပါစိတ်ပါဠိတော်, သပ္ပါဏကဝဂ်, ထိသိက္ခာပုဒ်များ၌ ကြည့်ပါ။

တတ္ထ– ထိုမိစ္ဆာအယူရှိသူတို့တွင်၊ ကောစိ–အချို့သည်၊ ဧကံ–တခုသော၊ ဒဿနံ-မြင်ကြောင်းအယူသို့၊ သြက္ကမတိ–သက်ရောက်၏၊ ကောစိ-သည်၊ ဒွေ–၂ခုကုန်သော၊(ဒဿနာန်-တို့သို့၊ သြက္ကမတိ-၏)၊ ကောစိ, တိဏိပိ-၃ခုလည်း ဖြစ်ကုန်သော၊(ဒဿနာနိ သြက္ကမတိ)၊ ကေသို့ - တခုသောအယူသို့၊ သြက္ကန္တေ ပိ–သက်ရောက်အပ်သော်ငင်း၊ ဒ္ဝိသု–တို့သို့၊ (သြက္ကန္တေသုပိ–ငင်း)၊ တီသု–တို့သို့၊ သြက္ကန္တေသုပိ- ငင်း၊ နိယတမိစ္ဆာဒိဋ္ဌိကော၀–မြဲသော မိစ္ဆာအယူရှိသူသည်သာ၊ ဟောတိ–ဖြစ်၏၊ (နိယတမိစ္ဆာဒိဋ္ဌိဖြစ်ပြီ–ဟူလို၊) သဂ္ဂမဂ္ဂါ၀ရဏာ ဆွေ၀-နတ်ပြည်လမ်းကြောင်းကို ပိတ်ဆို့တတ်သော မိစ္ဆာအယူသို့ငင်း၊ မောက္ခ မဂ္ဂါ၀ရဏာဆွ–နိဗ္ဗာန်လမ်းကြောင်းကို ပိတ်ဆို့တတ်သော မိစ္ဆာအယူသို့ငင်း၊ ပတ္တော-ရောက်လေတော့၏။

တဿ အတ္တဘာ၀ဿ-ထိုအတ္တဘော၏၊(နိယတမိစ္ဆာအယူရှိရာအတ္တဘော၏)၊ အနန္တရံ- အခြားမဲ့၌၊ သဂ္ဂံပိ- နတ်ပြည်သို့သော်မှလည်း၊ ဂန္တုံ-ရောက်ခြင်းငှါ၊ အဘဗ္ဗော- မထိုက်တုန်သေး၏၊ မောက္ခံ-နိဗ္ဗာန်သို့၊ (ဂန္တုံ-ငှါ)၊ ပဂေ၀-အဘယ်မှာ ဆိုဘွယ်ရှိပါအံ့နည်း၊(တနည်း)ပဂေ၀-ရှေးဦး မဆွ, အစကပင်၊ မောက္ခံ–သို့၊ ဂန္တုံ-ငှါ၊ အဘဗ္ဗော–မထိုက်တော့၊ သေ (ဧသော) သတ္တော-ဤသတ္တ၀ာသည်၊ ဝဋ္ဋခါဏုကော နာမ-၀ဋ်၌၏ သစ်ငုတ်သဘွယ်ဖြစ်သူမည်သည်၊

× × × × × × ×

ကံ၊ပေ၊တီဏိပိ။ ။မိစ္ဆာအယူတခုဌာန၌သာ အာသေ၀နံ(အလေ့အလာ)များသူသည် အယူတခုကိုသာ ယူ၏, ၂ ခု၌ အလေ့အလာများလျှင် အယူ ၂ ခုကို ယူ၏, ၃ ခုလုံး၌ အလေ့အလာများလျှင် ၃ ခုလုံးကိုယူသည်၊ တခုယူလျှင်လည်း နိယတမိစ္ဆာဒိဋ္ဌိက, နှစ်ခု သုံးခုယူလျှင်လည်း နိယတမိစ္ဆာဒိဋ္ဌိကပင်၊ တခုက အဝိစိ၌အကျိုးပေးလျှင် ကျန်တခု , ၂ ခုက အနုဗလပ္ပဒါယိကာ(အားပေးသောအယူ)ဖြစ်ရ၏၊ အနန္တရိယကံ အများပြုမိရာ၌ ကံတပါးက အကျိုးကိုပေးလျှင် အခြားကံများက ထောံပံ့သကဲ့သို့တည်း။

သဂ္ဂံပိ ဂန္တုံ, ပဂေ၀ မောက္ခံ။ ။“ပတ္တော သဂ္ဂမဂ္ဂါ၀ရဏာဆွေ၀ မောက္ခမဂ္ဂါ၀ရဏာဆွ ”ကိုပင် “အဘဗ္ဗော၊ပေ၊မောက္ခံ ”ဟု ထပ်၍ အဓိပ္ပါယ်ဖွင့်သည်၊ မောက္ခကို ထောက်လျှင် သဂ္ဂသည် ညံ့၏၊ ထို့ကြောင့် သဂ္ဂံပိ၌ ပိသည် ဂရဟာဇောတကတည်း၊ ထိုပိဖြင့် မောက္ခ၏ သမ္ပာ၀နတ္ထကို ဆည်းပါ။[ပဂေ၀ါတိ ပဋိက္ခေပတ္ထေ နိပါတော၊ မောက္ခသခ်ါတံ ပနနိဗ္ဗာနံ် ဂန္တုံ် ကာ နာမ ကထေးတိ အတ္ထော (အဘယ်မည်သော စကားနည်း၊) ဆိုဘွယ်မရှိ, ဟူလို၊–ဋီကာသစ်။]

တနည်း။ ။အဝိစ–ပဂေ၀ါတိ ပါ ဧ၀၊ ပဌမတရမေ၀ မောက္ခံ ဂန္တုံ၊ အဘဗ္ဗော, သဂ္ဂဂမနတော ပိ ဒုရတရမေ၀ါတိ ဝုတ္တံ ဟောတိ၊–ဋီကာသစ်၊ ဤအတိုင်း နိဿယဉ္စ ၂နည်းပေးသည်၊ထောမနိဓိဉ္စ ပဂေ (ပြဂေ) ကို အတိပါတောအတ္ထအဗျယပုဒ်ဟု ဆို၏။

၀ဋ္ဋခါဏုကော။ ။ခါဏုဝိယာတိ ခါဏုကော၊ ၀ဋ္ဋဿ–သံသရာ၀ဋ်၏၊ ခါဏုကော– သစ်ငုတ်နှင့်တူသူတည်း၊ ၀ဋ္ဋခါဏုကော– သူ၊ သံသရာ၀ဋ်ထဲ၌ ခိုင်မြဲနေသောကြောင့် ၀ဋ်၏ သစ်ငုတ်သဘွယ်ဖြစ်သူ။

ပထဝိဒ္ဓဂါပကော- မြေကိုစောင့်ရှောက်တတ်သူသည်၊ (ဟောတိ)။ [သူသေတိုင်း မြေတိုးပွားသောကြောင့် "မြေကို စောင့်ရှောက်တတ်သူ"ဟု ဆိုလိုဟန်တူသည်။] ယေဘုယျေန – များသောအားဖြင့်၊ ဝေရူပဿ - ဤသို့သဘောရှိသော မိစ္ဆာအယူရှိသူ၏၊ ဘဝတော-ဘဝမှ၊ ဝုဋ္ဌာနံနာမ– ထခြင်းမည်သည်၊ နတ္ထိ။

တသ္မာ-ထို့ကြောင့်၊ ဝါ–ထိုသို့ မိစ္ဆာအယူ၏ ဝဋ္ဋဒါကတိုင်အောင် အပြစ်ရှိသည်၏ အဖြစ်ကြောင့်၊ ဘူတိကာမော – သံသရာ ပစ္စုပ္ပန်, နိဗ္ဗာန်အကျိုးပွားတိုးခြင်းကို လိုလားသော၊ ဝိစက္ခဏော - အထူးမြဲမြင်, ပညာရှင်သည်၊ အကလျာဏဇနံ-သူတော်မဟုတ် လူယုတ်အပေါင်းကို၊ အာသီဝိသံ–လျင်စွာတက်သော အဆိပ်ရှိသော၊ ဥရဂံ ဇ၀–မြွေဆိုးကိုကဲ့သို့၊ အာရကာ–၀ေးစွာ၊ ပရိ၀ဇ္ဇေယျ- ရှောင်ကြဉ်ရာ၏၊ ဣတိ - ဤကား သတိပေးခြင်းတည်း။

× × × × × × ×

ယေဘုယျေန။ ။"၀ဋ္ဋခါဏုကော"ဟု ဆိုသောကြောင့်"သံသရာက ဘယ်တော့မှ မလွတ်တော့"ဟု မမှတ်ရ၊ အကုသိုလ်သည် ကုသိုလ်ကဲ့သို့ အားမကောင်း, ကုသိုလ်သည် အပြစ်ကင်းသော အနဝဇ္ဇတရား ဖြစ်ရကား အာသေဝန အထုံရလေ အားကောင်းလေ ဖြစ်၏၊ အကုသိုလ်ကား အပြစ်ရှိသော သာဝဇ္ဇတရားဖြင့်သောကြောင့် သံသရာ၌ တရံတခါ သူတော်ကောင်းနှင့် ပေါင်းမိ၍ သူတော်ကောင်းက အပြစ်ကို ထောက်ပြလျှင် တခဏဖြင့် ထိုအယူကို စွန့်နိုင်၏၊ ထိုအခါ ဝဋ္ဋမှ လွတ်နိုင်သေး၏၊ ထို့ကြောင့် ယေဘုယျသဒ္ဒါထည့်၍ မိန့်သည်။

၀ဋ္ဋခါဏုက ဆိုရခြင်း။ ။ဤသို့ အချို့နိယတမိစ္ဆာဒိဋ္ဌိကများသည် သံသရာဘ၀မှ ထမြောက်နိုင် လွတ်နိုင်သေးလျှင် အဘယ့်ကြောင့် " ၀ဋ္ဋခါဏုက "ဟု ဆိုရသနည်း ဟု မေးဘွယ်ရှိ၏၊ အဖြေကား– ဤသို့ နိယတမိစ္ဆာဒိဋ္ဌိ အယူရှိမိလျှင် အဝီစိမှ လွတ်လာပြီးသော်လည်း ဤဘ၀ကရအပ်ခဲ့သော အထုံ၀ါသနာ(အာသေဝန)ကြောင့် ထိုအယူကို ယူတတ်သေး၏၊ ဤသို့ ဆက်ကာဆက်ကာယူတတ်သောကြောင့် များသောအားဖြင့် ဘ၀မှ မထနိုင် သံသရာမှ မလွတ်နိုင်သော " ၀ဋ္ဋခါဏုက"ဟု ဆိုသည်။

တသ္မာ ၊ ပေ ၊ ဝိစက္ခဏော။ ။ဧဝံ မိစ္ဆာဒိဋ္ဌိယာ ပရမသာ၀ဇ္ဇာနုသာရေနသောတုနံ သတိမုပ္ပါဒေန္တော တသ္မာတိ အာဒိမာဟ၊ ... [" တသ္မာ ဧိဝိတုကာမော အာသီဝိသံ ဥရဂံ ပရိ၀ဇ္ဇေတံ ဇ၀၊ တထာ ဘူတိကာမော ဝိစက္ခဏော အကလျာဏဇနံ အာရကာ ပရိ၀ဇ္ဇေယျ " ဟု ဥပမာ၀ါက္ယ သိခြားထုတ်၍လည်း အနက်ပေးပါ၊ ဘူတိကာမော၌ ဘူဓာတ် ဝုန်အနက်ဟောတည်း၊ ဘူတိကာမောတဲ့ ဒိဋ္ဌမင်္ဂလိက သမ္မရာယိက ပရမတ္ထာနံ ဝသေန အတ္တနော ဂုဏ်ကောင်းမော၊ ဝိစက္ခဏောတို့ ဝိဝိဓတ္ထသယသကော၊ ဓီရောတို့ အတ္ထော၊–ဋီကာသစ်။]

အဇိတကေသကမ္ဗလ၀ါဒ အဖွင့်ပြီး၏။

ပကိဏ္ဏကစ္စာယနဝါဒ အဖွင့်

ပကိဏ္ဏဝါဒေ– ပကိဏ္ဏဝါဒဌ်၊ (အတ္ထော ဧဝံ ဝေဒိတဗ္ဗော၊) အကဋ္ဌာတိ– ဟူသည်ကား၊ အကတာ-မပြုအပ် မပြုနိုင်ကုန်၊ အကဋ္ဌဝိဓာတိ- ကား၊ အကတ ဝိဓာနာ– ပြုအပ်သော အစီအရင်မရှိကုန်၊ ဧဝံ - ဤသို့၊ (သည်ပုံသည်နည်း)၊ ကရောဟိ-ပြုလော၊ ဣတိ, ကေနစိ-တစုံတယောက်သည်၊ ကာရာပိတာဝိ–ပြုစေအပ်ကုန်သည်လည်း၊ နဟောန္တိ-ကုန်၊ ဣတိ အတ္ထော။....အနိမ္မိတာတိ- ကား၊ ဣဒ္ဓိယာ – တန်ခိုးဖြင့်သော်မှလည်း၊ နနိမ္မိတာ – မဖန်ဆင်းအပ် မဖန်ဆင်းနိုင်ကုန်။

× × × × × × ×

အကဋ္ဌာ။ ။ကရဓာတ်, တပစ္စည်းဖြင့် “ အကတာ ” ဟု ပြီးသော ပုဒ်ရင်းသည် ဝါစာသိလိင္ဂအကျိုးငှါ တကို ဋ္ဌပြုသောကြောင့် “ အကဋ္ဌာ ”ဖြစ်ရသည်ဟု သိစေလို၍ “ အကဋ္ဌာ ”ကို “ အကတာ ”ဟု မူလပုဒ်ရင်းဖြင့် ဖွင့်သည်။ [သမေန ဝိသမေန ဝါ ကေနစိပိ ဟေတုနာ အကတာ–တရားနှင့် ညီသည်ဖြစ်စေ, မညီသည်ဖြစ်စေ မည်သည့် အကြောင်းဖြင့်မျှ မပြုအပ် မပြုနိုင်ကုန်၊–ဋီကာ။]

အကဋ္ဌဝိဓာ ။ ။ဝိဓာသဒ္ဒါသည် မာန်မာနဟူသော အနက်, အပြားဟူသော အနက်တို့ကိုလည်း ဟောသောကြောင့် ထိုအနက်တို့ကို ယူမှားမည်စိုး၍ဌင်း, တကို ဋ္ဌပြုထားကြောင်း သိစေလို၍ဌင်း “ အကတဝိဓာနာ”ဟု ဖွင့်သည်၊ ဝိဓာနသဒ္ဒါကား ဝိဓိသဒ္ဒါကဲ့သို့ စီမံပြုလုပ်ခြင်းဟူသော ကရဓာတ်၏ အနက်ဟောတည်း၊ “ ဝိပုဗ္ဗော် ဓာ–ကရောတျဏ္ဍေ ”ဓာတ္ဌဏ္ဍသင်္ဂဟ။ [ကတော+ဝိဓော ကတဝိဓော – ပြုအပ် ပြုနိုင်သော အစီအမံ၊ နတ္ထိ+ကတဝိဓော ယေသံတိ အကတဝိဓာ(ကာယာ)။]

ဧဝံ၊ပေ၊ဆဇ္ဈော။ ။“ကတဝိဓ-ပြုအပ်သော စီမံခြင်း”ဟူသည် အထက်လူကြီးများက “ ဤသို့ပြုလိုက် ”ဟု ခိုင်းစေ စီမံခြင်းတည်း၊ “ ပြုလုပ်ဘို့ရန် ထိုသို့ စီမံနိုင်ခြင်း မရှိ ” ဟု အဖြောင့်အနက်(ဥဇုကတ္ထ)ကို ပြလို၍ “ ဧဝံ ကရောဟိတိ ကေနစိ ကာရာပိတာဝိ နဟောန္တိ”ဟု ဥဇုကတ္ထဖွင့်သည်။

မှတ်ချက်။ ။ပဒဒ္ဓပူယနာဝိ လောကေ ကေနစိ ဟေတုပစ္စယေန နေသံ အနိဗ္ဗတ္တဘာဝံ ဒဿေတိ – အကဋ္ဌာ အကဋ္ဌဝိဓော ၂ ပုဒ်လုံးဖြင့်လည်း လောက၌ မည်သည့် အကြောင်းကြောင့်မျှ ထိုကာယတို့၏မဖြစ်စေအပ် မဖြစ်စေနိုင်ကုန်သည်၏အဖြစ်ကို ပြ၏၊ ဤမျှသာ ဋီကာဟောင်း၌ ကောံချက်ချ၏။ [ဋီကာသစ်၌ကား “ဒဿေတိ”နောက်ဝယ် “တေနာဟ ဧဝံ ကရောဟိတိ အာဒိ”ဟု အပိုတွေ့ရသေး၏၊ “ဧဝံ ကရောဟိ”စသော စကားသည် အကတဝိဓာ၏ ဥဇုကတ္ထပြသာ၊ ရှေ့အကဋ္ဌာပုဒ်၏ ဥဇုကတ္ထကိုပြသော စကား မဟုတ်ပါ၊ ထို့ကြောင့် ထိုအပိုပါဠိကို စဉ်းစားသင့်သည်။]

ဣဒ္ဓိယာဝိ နနိမ္မိတာ။ ။ကိုယ်ဖြင့်ပြုလုပ်၍မရခြင်းကို အကတာဖြင့်ဌင်း, နှုတ်ဖြင့် စီမံ၍ မဖြစ်နိုင်ခြင်းကို အကတဝိဓာဖြင့်ဌင်း ပြခဲ့၏၊ ယခုအခါ ကိုယ်နှုတ်တို့ထက် သတ္တိထက်သောတန်ခိုးဖြင့်သော်မှ ဖန်ဆင်း၍မဖြစ်နိုင်ခြင်းကိုပြလိုသောကြောင့် “အနိမ္မိတာ”

အနိမ္မာတာတိ– ကား၊ အနိမ္မာပိတာ- မဖန်ဆင်းစေအပ် မဖန်ဆင်းစေနိုင်ကုန်၊ ကေစိ- အချို့ဆရာတို့သည်၊ အနိမ္မာတဗ္ဘာတိ – ဟူသော၊ ပဒံ - ပုဒ်ကို၊ ဝဒန္တိ– ကုန်၏၊ တံ- ထိုပုဒ်ကို၊ ပါဠိယံ - ပါဠိတော်၌၊ နေဝ ဒိဿတိ - မတွေ့မြင်အပ်၊ အဋ္ဌကထာယံ– ရှေးအဋ္ဌကထာ၌၊ နဒိဿတိ။.... ဝဇ္ဇာဒိပဒတ္တယံ– ဝဇ္ဇာ အစရှိသော ပုဒ်သုံးပါး အပေါင်းသည်၊ ဝုတ္တတ္ထမေဝ– ဆိုအပ်ပြီးသော

× × × × × × ×

ဟု ပါဠိတော်၌ဆို၍ “ ဇာဒ္ဓိယာပိ နနိမ္မိတာ ” ဟု အဋ္ဌကထာ ဖွင့်သည်၊ ဋီကာ၌ကား “ပုဂ္ဂလဿ (လူပုဂ္ဂိုလ်သည်၎င်း) ဒေဝဿ (ဗိဿကိုးနတ်သည်၎င်း) ဇာဿရာဒိနော (အစိုးရသောမြဟ္မာစသူသည်၎င်း)” ဟု ကတ္တားထည့်သည်၊ ပိကား သမ္ဘာဝန ဖောတကတည်း။ [ဇာဒ္ဓိယာပိ နနိမ္မိတာတိ ကဿစိ ဇာဒ္ဓိမတော စေတော၀သိပ္ပတ္တာသ ပုဂ္ဂလဿ ဒေဝဿ ဇာဿရာဒိနောစ ဇာဒ္ဓိယာပိ နနိမ္မိတာ၊–ဋီကာ။]

အနိမ္မာတာ, အနိမ္မာပိတာ ။ ။“ အနိမ္မာတာ ” ဟူသော သံဝဏ္ဏတဗ္ဗကို “ အနိမ္မာပိတာ ” ဟု မာဓာတ်နောင် ကာရိတ်ဏာပေပစ္စည်းသွင်း၍ ဖွင့်၏၊ ထိုသို့ဖွင့်သဖြင့် နိမ္မာတာ၌ ကာရိတ်ကြောင်းသည်ဟု ပြသည်၊ တန်ခိုးရှင်ကြီးသည် အခြားသော တန်ခိုးရှင်အငယ်ကို“ဖန်ဆင်းလိုက်လော”ဟု စေခိုင်း၍ မပြုနိုင်သည်ကို“အနိမ္မာတာ” ဟု ဆိုသည်။

အနိမ္မာတဗ္ဗာ။ ။“အနိမ္မာတဗ္ဗာ”ဟူသော ကေစိဆရာတို့၏ပါဌ်သည် အနိမ္မာတာ၏ အနက်ကို ဟောနိုင်ရကား သဒ္ဒါအနက် ၂ မျိုးလုံး မပျက်သောကြောင့် မမှားပါ၊ သို့သော် ပါဠိတော်၌ဂုဏ်း, ရှေးအဋ္ဌကထာ၌ဂုဏ်း မပါခြင်းသည် ထိုပါဌ်၏ မူလပါဌ် မဟုတ်ကြောင်းကို ပြ၏၊ [တပစ္စည်းဖြင့် ဆိုနေရာ၀ယ် တဗ္ဗပစ္စည်းဖြင့် ဆိုခြင်းသည် အလင်္ကာရကျမ်း အလိုအားဖြင့် ဧကိ (အစဉ်) ပျက်သောကြောင့် ဘဂ္ဂရိတိဒေါသသင့်သောပုဒ်တည်း၊ ထို့ကြောင့် ဤပုဒ်ကို မယူထိုက်ဟုသာ မှတ်ပါ။]

မူကွဲ။ ။“အနိမ္မာတဗ္ဗာ”နေရာ၀ယ် “အနိမ္မာပေတဗ္ဗာ”ဟု ပြင်ကြ၏၊ သို့သော် အနိမ္မာတာ၏ မူကွဲဖြစ်သောကြောင့် ထို၌ ကာရိတ်ကြေသကဲ့သို့, ဤ၌လည်း ကာရိတ်ကြေသော “အနိမ္မာတဗ္ဗာ”ပုဒ်သာ ဖြစ်သင့်ပါသည်။

ဝဇ္ဇာ၊ပေါဂုတ္တဆေ၀။ ။“ ဝဇ္ဇာ, ကူဋဋ္ဌာ, သေကဋ္ဌာယိဋ္ဌိတာ” ၃ ပုဒ်၏ အနက်ကို မြဟ္မာလသုတ်၌ ဖွင့်ပြခဲ့ပြီ၊ ဆိုလိုရင်းမှာ – ခုနစ်ပါးသော ကာယတို့သည် အမြဲမကဲ့သို့ ဖြစ်ရကား ရူပ သဒ္ဒ စသည်တို့ကို မပေါက်ဖွားစေနိုင်၊ တောင်ထွဋ်သည် မည်သူမျှ မဖြစ်စေအပ်, မည်သည့်အရာကိုမျှလည်း မဖြစ်စေနိုင်သကဲ့သို့, ထိုကာယတို့လည်း မည်သူမျှ မဖြစ်စေအပ်ကုန်, မည်သည့်အရာကိုမျှလည်း မဖြစ်စေနိုင်ကုန်။

ဇာသိကာဋ္ဌာယိဋ္ဌိတ။ ။ယမိဒံ ဗိဇတော အင်္ကုရာဒိ ဇာယတိတိ ဝုစ္စတိ–အကြင် အင်္ကုရ (အညွှန့်)စသည်ကို မျိုးမှဖြစ်၏ ဟု ဆိုအပ်၏၊ တံ ဝိဇ္ဇမာနမေ၀ တတော နိက္ခမတိ – ထိုအညွှန့်စသော အရာ၀တ္ထုသည် ထိုမျိုးထဲ၌ နဂိုရှိသည်သာဖြစ်၍ ထွက်လာ၏၊ ထို့ကြောင့် ၇ ပါးသော ကာယတို့သည် ဘာကိုမျှ အသစ် မဖြစ်စေနိုင်ကြ – ဟူလို။ [ရှေ့၌ ပါဌ် ၂ မျိုး ပြခဲ့ရာ၀ယ် ဇာသိကဋ္ဌာယိဋ္ဌိတပါဌ်ကို ယူ၍ ဋီကာတို့ဖွင့်ကြသည်၊ ဇာသိကဋ္ဌာယိဋ္ဌိတအတွက် အဓိပ္ပါယ်မှာ “ နဇာတိ ”၌ ပြလတ္တံ့။]

အနက်ရှိသည်သာ၊ နဂ္ဃန္တိ – ကား၊ သေကတ္ထမ္ဘော – တံခါးတိုင်သည်၊ ["တုရိဏ်းတိုင်သည်"ဟုလည်း ပေးကြ၏၊ တုရိဏ်း၏အဓိပ္ပါယ်ကို ဆရာတော်၏ အဘိဓာန်နိဿယသစ်၌ ရှုပါ။] (ဋီတောဝိယ- ခိုင်မြစွာ တည်သကဲ့သို့၊) ဋီတတ္တာ-ခိုင်မြစွာတည်ကုန်သည်၏အဖြစ်ကြောင့်၊ နစလန္တိ–မလှုပ်ရှားကုန်၊ နဝိပရိဏာမန္တိတိ-ကား၊ပကတိ -ပင်ကိုယ်သဘောကို၊ နဇဟန္တိ-မစွန့်ကြကုန်။

နၤပေၤဗျာပါဒေန္တိတိ-ကား၊ အညမညံ–ချင်း၊ နဥပဟနန္တိ–မနှိပ်စက်ကြကုန်၊ နာလန္တိ-ကား၊ နသမတ္ထာ-မစွမ်းနိုင်ကုန်၊ ပထဝီကာယော တိ အာဒီသု-ပထဝီကာဒယာ အစရှိသောပုဒ်တို့၌၊ ပထဝီယေဝ- မြေဓာတ်သည်ပင်၊ ပထဝီ

× × × × × × ×

နဂ္ဃန္တိ။ ။ဂုဇ (ဂုဉ္ဇ) ဓာတ်သည် တုန်လှုပ်ခြင်းအနက်ကိုဟော၏၊ ထို့ကြောင့် "နစလန္တိ"ဟု ဖွင့်သည်၊ အထက်၌ မြင့်တက်သလောက် အောက်ခြေအတွင်း၌ စိုက်ဝင်းထားအပ်သော တံခါးတိုင်သည် မယိမ်းမယိုင် ခိုင်မြဲသကဲ့သို့, ဤခုနစ်ပါးသောကာယတို့လည်း ခိုင်မြဲရကား လှုပ်ရှားခြင်း မရှိကြကုန်။

နဝိပရိဏာမန္တိ။ ။ဝိ+ပရိ+နမုဓာတ်သည် ဖေါက်ပြန်ခြင်းအနက်ကို ဟော၏၊ ထို့ကြောင့်"ပကတိ နဝိဇဟန္တိ–ပင်ကိုယ်သဘောကို မစွန့်ကြ"ဟု အဓိပ္ပါယ်ထွက်ဖွင့်၏၊ "မဖေါက်ပြန်"ဟူသည် "မူလ ပင်ကိုယ်သဘောကို မစွန့်ခြင်းပင်တည်း"ဟူလို၊ "နဝိပရိဏာမေန္တိ"ဟု ဟေတုကြိယာဖြင့် ရှိသည်ကား သတ္တကာယတို့က ဒုက္ခတပါးကို မဖေါက်ပြန်စေခြင်းဟု အဓိပ္ပါယ်ရသောကြောင့် ပါဠိပျက်တည်း။

မှတ်ချက်။ ။ဤနဝိပရိဏာမန္တိပုဒ်သည် ရှေ့နဂ္ဃန္တိ၏ အဓိပ္ပါယ်ပြလည်း ဖြစ်နိုင်၏၊ "သေကဋ္ဌာယိဋီတ - တံခါးတိုင်ကဲ့သို့ ခိုင်မြဲစွာတည်ခြင်းကြောင့် အနိဇ္ဇန – မတုန်လှုပ်ခြင်း"ဟူသည် နဝိပရိဏာမ-ဖေါက်ပြန် ပြောင်းလွဲမှု မရှိခြင်းပင်တည်း–ဟူလို။

နၤပေၤဗျာပါဒေန္တိ။ ။နဝိပရိဏာမန္တိသည် ဤနဗျာပါဒန္တိ၏ အကြောင်းပြလည်း ဖြစ်၏၊ ကာယခုနစ်ပါးတို့သည် မဖေါက်ပြန်ဘဲ ငြိမ်သက်စွာ တည်ကြသောကြောင့် သူတို့အချင်းချင်းကိုလည်း မဖေါက်ပြန်စေနိုင်။ [နဂိုရှိသဘောမှ ရွှေ့လျော ဖေါက်ပြန်လျှင် အနည်းဆုံး တိုးဝှေ့ တိုက်ခိုက်ခြင်း ဖြစ်စရာ ရှိသေး၏၊ ရွှေ့လျော ဖေါက်ပြန်မှု မရှိသောကြောင့် ထိုကဲ့သို့ အချင်းချင်း မနှိပ်စက်ကြဇတော့–ဟူလို။]

မှတ်ချက်။ ။ဗျာပါဒေန္တိနေရာ၌ "ဗျာဗာဓေန္တိ"ဟု မူကွဲရှိ၏၊ ဗာဓဓာတ်သည် နှိပ်စက်ခြင်းအနက်ကို ဟောသောကြောင့် ထိုမူကွဲက သင့်သကဲ့သို့ ထင်ရ၏၊ သို့သော် ဗာဓဓာတ်သည် စုရာဒိ မဟုတ်, ဘူဝါဒိတည်း၊ ကာရိတ်ဝင်လျှင်လည်း ဥဖဟန္တိနှင့် မလျော်၊ "ဖေါက်ပြန်ခြင်းသို့ ရောက်စေ"ဟူသည် ဖေါက်ပြန်အောင် နှိပ်စက်ခြင်းဖြစ်သောကြောင့်ရင်း, ဋီကာ၌ "သတိ ဟိ ဝိကာရံ အာပါဒေတုံတာယ ဗျာပါဒကတာဝိသိယာ"ဟု ဆိုသောကြောင့်ရင်း "ဗျာပါဒေန္တိ"သာ ပါဠိမှန်ဖြစ်သင့်သည်။

ပါဠိတော်။ ။"ပါဠိတော်၌ "နာသံ အညမညဿ သုခါယ ဝါ ဒုက္ခာယ ဝါ သုခဒုက္ခာယ ဝါ" ဟု ရှိ၏၊ အကယ်၍ ကာယတို့ကို ဖေါက်ပြန်စေနိုင်ကောင်းလျှင် သူတို့က နဂိုရှိသတောမှပြောင်း၍ အချင်းချင်းကိုလည်း တိုးဝှေ့တိုက်ခိုက်သောအားဖြင့်

ကာယော– ပထဝီကာယမည်၏၊ ဝါ– တနည်း၊ ပထဝီသမ္ဟဟော – မြေခဲတံအပေါင်းသည်၊ (ပထဝီကာယော– ပထဝီကာယမည်၏)၊ တတ္ထာတိ–ကား၊ ဇီဝသတ္တမေသု- ဇီဝလျှင် ခုနစ်ခုမြောက်ရှိကုန်သော၊ တေသု ကာယေသု–ထိုကာယတို့၌၊ (နတ္ထိ ဟန္တာ- စသည်၌စပ်)၊ သတ္တန္နံတွေ ဝ ကာယာနန္တိ-ပါ၌ဖြင့် (ဒဿေတိ ၌စပ်)၊ မုဂ္ဂရာသိအာဒီသု–ပဲနောက်ပုံ အစရှိသည်တို့၌၊ ပဟတံ– ပုတ်ခတ်ကြောင်းဖြစ်သော၊ သတ္တံ - ဒါးအစရှိသော လက်နက်သည်၊ မုဂ္ဂါဒိနံ– ပဲနောက်အစရှိသည်တို့၏၊ အန္တရေန-အကြား၌၊ ပဝိသတိ ယထာ-ဝင်သွားသကဲ့သို့၊ ဧဝံ– တူ၊ သတ္တန္နံ- နှံသော၊ ကာယာနံ - ကာယတို့၏၊ အန္တရေန– အကြားဖြင့်၊ ဆိဒ္ဒေန- ဒ္အပေါက်ဖြင့်၊ ဝိဝရေန - အခေါင်းဖြင့်၊ [အန္တရေနကို ဆိဒ္ဒေန ဝိဝရေန ဟု ဖွင့်သည်။] သတ္တံ - သည်၊ ပဝိသတိ– ၏၊ တတ္ထ– ထိုသို့ ဝင်သွားရာ၌၊ အဟံ- သည်၊ ဣမံ- ဤသူ့ကို၊ ဇီဝိတာ-ဇီဝိတိန္ဒြေမှ၊ ဝေါရောပေမိ-ခွင်းလိုက်၏၊ ဣတိ-သို့၊ ကေဝလံ-သတ်ခြင်းမဖက်, သက်သက်၊ သညာမတ္တေဝ- မှတ်ထင်ခြင်းမျှသည်သာ၊ ဟောတိ၊ ဣတိ ဒဿေတိ။

× × × × × × ×

ဒုက္ခကို ဖြစ်စေတတ် နှိပ်စက်တတ်, အချင်းချင်း ထိတွေ့၍ အရသာရှိစေသော အားဖြင့် သုခကိုလည်း ဖြစ်စေတတ်, ဗသိမသာထိသောအားဖြင့် သုခဒုက္ခ (ဥပေက္ခာ) ကိုလည်း ဖြစ်စေတတ်ပေလိမ့်မည်၊ မဖေါက်ပြန်သောကြောင့် ထို ၃ မျိုးလုံးကို မဖြစ်စေနိုင်ပါ။

ပထဝီကာယော။ ။ခန္ဓာကိုယ်၌ ကာယခုနစ်မျိုးရှိ၏၊ ပါဠိတော်ကြည့်ပါ၊ ထိုတွင် ပထဝီဓာတ်သည် ထို ကာယခုနစ်မျိုး၏ အစိတ်အပိုင်း ဖြစ်သောကြောင့် ကေဒေသ့။ ပစာရအားဖြင့် ကာယ မည်၏၊ [ပထဝိယေဝ ကာယကဒေသတ္တာ ပထဝီကာယော၊– ဋီကာ။] ဋီကာသစ်၌ "သမုဒ္ဒေါ မယာ ဒိဋ္ဌော"ကို ဥပမာပြု၏၊ "သမုဒ္ဒါဝတစင်းလုံး၏ သမုဒ္ဒအမည်ကို မိမိမြင်အပ်သော သမုဒ္ဒါဝတစိတ်တပိုင်း၌ တင်စား၍ ပြောဆိုသကဲ့သို့" ဟူလို၊ "ပထဝီသမ္ဟဟောဝါ" ဟူသော နောက်နည်း၌ကား ကာယသဒ္ဒါသည် သမ္ဟဟအနက်ဟောတည်း။

သတ္တန္နံတွေဝ ကာယာနံ။ ။ပါဠိတော်၌ "တတ္ထ နတ္ထိ ဟန္တာဝါ, ဃာတော တာဝါ(သတ်စေတတ်သူသည်၎င်း)"စသည်ဖြင့် ရှိ၏၊ ထိုစကားအရ "သတ်သူလည်း မရှိ, အသတ်ခိုင်းသူလည်း မရှိလျှင် ဒါး စသောလက်နက်ဖြင့် သတ်ရာ၌ အဘယ်သို့ဖြစ်သနည်း"ဟု မေးဘွယ်ရှိ၍ "ယောဝိ တိက္ခေန သတ္ထေန သီသံ ဆိန္ဒတိ၊ပေ၊သတ္တန္နံတွေဝ ကာယာနမန္တရေန သတ္ထံ အနုပထတိ" ဟု ပြောသည်၊ "သတ်တယ်" ဆိုရာ၌ ကာယခုနစ်ခုတို့၏ အကြားဖြင့် ဒါး စသောလက်နက်၏ ဝင်သွားခြင်းသာဖြစ်ပါသည်၊ အစစ်အမှန် ပရမတ္ထအားဖြင့် ကာယခုနစ်ခုကို သတ်လို့ ဖြတ်လို့ မရနိုင်ပါ၊ " ထို့ကြောင့် ပါဏာတိပါတမ္မလည်း မရှိပါ"ဟူလို။

ပကိဏ္ဏကစ္စာယနဝါဒအဖွင့် ပြီး၏။

နိဂဏ္ဌနာဋပုတ္တဝါဒ အဖွင့်

နာဋပုတ္တဝါဒေ – နာဋပုတ္တဝါဒဒ်၌၊ (အတ္ထော ဧဝံ ဝေဒိတဗ္ဗော)၊ စာတုယာမ သံဝရသံဝုတောတိ-ကား၊ စတုကောဋ္ဌာသေန – လေးပါးအစုဖြစ်သော၊ (လေးပါးပြားသော - ဟူလို၊) သံဝရေန – စောင့်စည်းကြောင်းအကျင့်ဖြင့်၊ သံဝုတော – စောင့်စည်းအပ်သော ကာယ ဝစီ မနောဒွါရရှိသည်၊ ဝါ- စောင့်စည်းတတ်သည်၊ သမ္မဝါရိ ဝါရိတောစာတိ – ကား၊ ဝါရိတ သမ္မဉ္ဉဒကော –

× × × × × × ×

စာတုယာမသံဝရ။ ။ယာမသဒ္ဒါသည် “ရတ္တိယာ ပဌမေ ယာမေ–ညဉ့်၏ ပဌမအဘို့၌ ” ဟူရာ၌ကဲ့သို့ ဘာဂ (ကောဋ္ဌာသ) အနက်ကို ဟော၏၊ ထို့ကြောင့် “ စတုကောဋ္ဌာသေန ”ဟု ဖွင့်သည်၊ ထို “လေးဘို့ လေးစု”ဟူသည် “သံဝရဖြင့် မှတ်သားအပ်သော အစုတည်း” ဟု သိစေလိုသည် “သံဝရေန” ဟု ကောဋ္ဌာသနှင့် သံဝရကို အရတူဖွင့်သည်။ [သော ပနေတ္ထ ဘာဂေါ သံဝရလက္ခဏော– သံဝရဖြင့် မှတ်သားအပ်သော အဘို့တည်း၊ ဤတို အာဟ စတုကောဋ္ဌာသေန သံဝရေန သံဝုတောတိ၊–ဋီကာသဒ်။]

ဝိဂ္ဂဟ။ ။စတ္တာရော + ယာမာ စတုယာမံ၊ စတုယာမံဧဝ စာတုယာမော၊ သွတ္ထတဒ္ဓိတ်, သံဝရောကိုငဲ့၍ “ယာမော” ဟု ချရသည်၊ သံဝရတိ ဧတေနာတိ သံဝရော၊ စာတုယာမောစ + သော + သံဝရောစာတိ စာတုယာမသံဝရော – လေးဘို့ လေးစုဖြစ်သော စောင့်စည်းကြောင်းအကျင့်။

သံဝုတော။ ။ “ နိဂဏ္ဌော စာတုယာမသံဝရ သံဝုတော ” ဟု နိဂဏ္ဌနှင့် သံဝုတောကို အရတူဆိုသောကြောင့် “သံဝုတော – စောင့်စည်းအပ်”ဟု ကမ္မရုပ်မဖြစ်နိုင်၊ “ စောင့်စည်းတတ် ” ဟု ကတ္တုရုပ်လည်း ဤပုဒ်မျိုးဌ် အသုံးနည်းလှ၏၊ ထို့ကြောင့် “ ပါတိမောက္ခ သံဝရ သံဝုတော ”ဌ် သံဝုတောကို “ဝိဟိတ ကာယဝစီဒ္ဒါရော” ဟု နောက်၌ ဋီကာဖွင့်လတံ့ကိုနည်းမှီ၍ ဤဌ်လည်း ထိုအတိုင်း ဗဟုဗ္ဗိဟိသမာသ် ကြံသင့်၏။

ဝိဂ္ဂဟ။ ။သံဝရိယတေတိ သံဝုတံ–စောင့်ရှောက် ပိတ်ဆို့အပ်သော ကာယ ဝစီ မနောဒွါရ၊ နောက်၌ မနောဒွါရကို စောင့်စည်းပုံကိုလည်း “ သမ္မဝါရိ ” ဟု ပြလတံ့၊ စာတုယာမ သံဝရေန + သံဝုတံ ယေနာတိ စာတုယာမသံဝရ သံဝုတော၊ ဤသို့ပြုလျှင် “ ယေန ”၏ အရဖြစ်သော စောင့်စည်းတတ်သောပုဂ္ဂိုလ် ကတ္တားပင်ရ၏၊ ထို့ကြောင့် သံဝုတောကို ကတ္တုရုပ်ကြံလျှင်လည်း ဖြစ်နိုင်စရာရှိသည်။

မှတ်ချက်။ ။စာတုယာမ သံဝရသံဝုတောဌ် စတုအရ ပါဠိတော်ဝယ် “သမ္မဝါရိဝါရိတော, သမ္မဝါရိယုတ္တော, သမ္မဝါရိဓုတော, သမ္မဝါရိဖုဋ္ဌော”ဟု လေးပါးသရုပ်ကို ဖေါ်ထား၏၊ ထို့ကြောင့် ထိုလေးပါးကို “စာတုယာမ သံဝရ သံဝုတ”ဟု မှတ်ပါ။

သမ္မဝါရိဝါရိတော ။ဝါရိသဒ္ဒါသည် ရေဟူသောအနက်ကို ဟော၏၊ ဝိပါသံ-မှတ်သိပ်ခြင်းကို၊ ဝရတိ – စောင့်ရှောက်တတ်၏၊ ဤတိ ဝါရိ၊ ဝရဓာတ် , ဏိ ပစ္စည်း၊ “ရေ” ဖြင့် ရေကို သုံးဆောင်ခြင်းတိုင်အောင် ဌာန၌ပစာရအားဖြင့် ယူပါ။ [ရတ္တုပရဒေါ (ရတ္တိ+ဥပရဒေါ)ဌ် ရတ္တိအရ ရတ္တိဘုဉ်နတိုင်အောင် ယူရသကဲ့သို့တည်း။]

တားမြစ်အပ်ပြီးသော အလုံးစုံသော ရေအေးကို သုံးစွဲခြင်းရှိသည်၊ ပဋိကိုတ္တ သဗ္ဗသိတောဒကော-ပယ်မြစ်အပ်ပြီးသော အလုံးစုံသောရေအေးကို သုံးစွဲခြင်း ရှိသည်၊("အလုံးစုံသောရေအေးကိုသုံးစွဲခြင်းကို ပယ်မြစ်ပြီးဖြစ်သည်"ဟူလို)၊ ဣတိ အတ္ထော၊ သော-ထို နာဠပုတ္တသည်၊ သီတောဒကေ-၌၊ ဝါ-ရေစိမ်း၌၊ သတ္တာသည်- သတ္တဝါဟူ အမှတ်ရှိသည်၊ ဟောတိ- ၏၊ တသ္မာ- ကြောင့်၊ (ထိုသို့ ရေအေး၌ သတ္တဝါဟူ အမှတ်ရှိသည်၏အဖြစ်ကြောင့်)၊ တံ - ထို ရေအေးကို၊ နဝဉ္ဇွေတိကိရ-မသုံးစွဲသတတ်၊ သဗ္ဗဝါရိယုတ္တောတိ - ကား၊ သဗ္ဗေန-အလုံးစုံသော၊ ပါပဝါရဏေန-မကောင်းမှုကို တားမြစ်ခြင်းနှင့်၊ ယုတ္တော-ယှဉ်၏။

သဗ္ဗဝါရိဓုတောတိ-ကား၊ သဗ္ဗေန-သော၊ ပါပဝါရဏေန- မကောင်းမှုကို တားမြစ်ခြင်းအား‌ဖြင့်၊ ဓုတပါပေါ - လှူပ်ချအပ်ပြီးသော မကောင်းမှုရှိသည်၊ ဝါ-ခါချအပ်ပြီးသော မကောင်းမှုရှိသည်၊ သဗ္ဗဝါရိဖုဋ္ဌောတိ- ကား၊ သဗ္ဗေန-

× × × × × × ×

ဆက်ဥုးဒ်ံ — နိဂဏ္ဌဆရာသည် ရေအေးကို အသက်ရှိသောသတ္တဝါဟု ယူဆ၏၊ ထို့ကြောင့် "ရေ"ဟု သာမန်ဆိုသော်လည်း ရေအေးကိုယူပါ၊ ထို့ကြောင့် "ပဋိကိုတ္တ သဗ္ဗသိတုဒကော၊ပေါန ဝဠွေတိ"ဟု ဗွင့်သည်၊ ပရိကိုတ္တသည် ဝါရိတ၏အဖွင့်တည်း၊ ထိုအဖွင့်ကိုကြည့်၍ ဝါရိတဟူသော ဝိသေသန နောက်ကျသည် ဟု မှတ်ပါ၊ ဥပမာ- "အဂ္ဂါဟိတော (အဂ္ဂိ + အာဟိတော)-ညှိထွန်းအပ်သောမီး" ဟူရာ၌ အာဟိတ ဟူသော ဝိသေသန နောက်ကျသကဲ့သို့တည်း၊ ဝါရိတံ+ သဗ္ဗဝါရိ ယေနာတိ သဗ္ဗဝါရိ ဝါရိတော။ [ဋီကာသစ်၌"ယဿ"ဟု ရှိသော်လည်း "ဇိတိန္ဒြိယော" ကဲ့သို့ တတိယာ ဗဟုဗ္ဗိဟိပြုလိုက်ပါသည်၊] ဝါရိကိုလည်း နပုလ္လိန် ဟု ထောမနိဓိရှိသောကြောင့် ဋီကာ သစ်သို့ မလိုက်ဘဲ နပုလ္လိန်ပြုပါသည်။

သဗ္ဗဝါရိယုတ္တော။ ။ဤ၌ ဝရဓ်ာတ်သည် တားမြစ်ခြင်း (ဝါရဏ) အနက်ကို ဟော၏၊ ထို့ကြောင့် "သဗ္ဗေန + ပါပဝါရဏေန + ယုတ္တော" ဟု အဋ္ဌကထာဖွင့်၏၊ "ဝါရဏံ ဝါရိ၊ သဗ္ဗံ+ဝါရိ သဗ္ဗဝါရိ၊ သဗ္ဗဝါရိနာ+ယုတ္တော သဗ္ဗဝါရိယုတ္တော" ဟု ပြု။

သဗ္ဗဝါရိဓုတော ။ ။သဗ္ဗဝါရိက် ရှေအတိုင်းပြု၊ ဓုတေ-ကို " ဓုတပါပေါ " ဟု ဖွင့်သောကြောင့် " သံဝုတော " တုန်းကကဲ့သို့ ကြိသင့်၏၊ ဓူယိတ္တ- လှူပ်ခါအပ်ပြီ၊ ဗ္ဂတိ ဓုတံ (ပါပံ)၊ ဓုဓာတ်သည် ကမ္မန (လှူပ်ချခြင်း, ခါချခြင်း) အနက်ကို ဟော၏၊ ဓုတံ ယဿ အတ္ထိတိ ဓုတော - လှူပ်ခါချအပ်ပြီးသော မကောင်းမှုရှိသူ၊ သဗ္ဗဝါရိနာ- အလုံးစုံသော မကောင်းမှုကို စောင့်စည်းခြင်းအား‌ဖြင့် (ဝိသေသန)၊ ဓုတော, သဗ္ဗဝါရိ ဓုတော၊ "ဓုတော-လှူပ်ခါချပြီးသူ"ဟု ကတ္တုရူပ်လည်း ကြိပါ။

သဗ္ဗဝါရိဖုဋ္ဌော။ ။သဗ္ဗဝါရိနာ-သည်+ဖုဋ္ဌော-တွေ့ထိအပ်သူတည်း၊ သဗ္ဗဝါရိ ဖုဋ္ဌော-သူ။ [ဖုဋ္ဌောတိ အဋ္ဌန်ပိ ကမ္မာနံ (ကာယကံ ၃, ဝစီကံ ၄, မနောကံကို ၁ ပါး သာ ယူဟန်တူသည်)၊ ခေပနေန- ကုန်စေခြင်းအား‌ဖြင့်၊ မောက္ခပုတ္တိယာ-လွတ်မြောက်ခြင်း (နိဗ္ဗာန်) သို့ ရောက်ခြင်းကြောင့်၊ ကမ္မက္ခယလက္ခဏေန-ကံ၏ ကုန်ခြင်းလက္ခဏာ ရှိသော၊ သဗ္ဗေန ပါပဝါရဏေန ဖုဋ္ဌော၊ တံ ပတ္တာ ဋ္ဌိတောတိ အတ္ထော၊-ဋီကာ။]

သော၊ ပါပဝါရကေနာန - သည်၊ ဖုဋ္ဌော - တွေ့ထိအပ်ငြိ၊ ဂတာတ္တောတိ - ကား၊ ကောဋိပ္ပတ္တစိတ္တော-အထွဋ္ဌအထိပ်သို့ ရောက်ပြီးသောစိတ်ရှိသူဟူ၍၊ (“ဝုစ္စတိ-ဆိုအပ်၏”ဟု ပါဠိတော်၌စပ်)။

× × × × × × ×

မှတ်ချက်။ ။“ တံ ပတ္တာ ဋ္ဌိတော ”သည် ဖုဋ္ဌောဓ၏ အဓိပ္ပါယ်ဖွင့်တည်း၊ ဖုသ ဖုသကို “ပတ္တာ ပတ္တာ”ဟု ဖွင့်ခဲ့သကဲ့သို့ ဤ၌လည်း ဖုသဓာတ်ကို “ပတ္တာ”ဟု ဖွင့်ခြင်း ဖြစ်၏၊ ဋ္ဌိတောကား တ ပစ္ဈည်း၏ အတိတ် အနက်ဖွင့်တည်း၊ ထို့ကြောင့် ဖုဋ္ဌောသာ ပါဋ္ဌမှန်ဟု ယူသင့်၏၊ “ ဖုဋ္ဌော ” ဟု မူကွဲရှိသည်ကိုကား ဖရဓာတ်ဖြစ်၍ “ပြန့်နှံ” ဟု အနက်ထွက်သောကြောင့် စဉ်းစားသင့်သည်။

မေးဘွယ်။ ။သဗ္ဗဝါရိယုတ္တော-စသော ၃ ပုဒ်၌ “သဗ္ဗဝါရိ”အရ “မကောင်းမှု အားလုံးကို တားမြစ်ခြင်း”ချည်း ရသောကြောင့် ထိုတားမြစ်ပုံ ၃ မျိုးသည် အဘယ်သို့ ထူးသနည်း ဟု မေးဘွယ်ရှိ၏၊ အဖြေကား– သဗ္ဗဝါရိယုတ္တောဖြင့် (ဥပသိစောင့်သူကဲ့သို့) မကောင်းမှုမှ တားမြစ်ခြင်း၏ အထိမ်းအမှတ် လက္ခဏာမျှကိုသာ ဆိုအပ်၏၊ သဗ္ဗဝါရိဓုတောဖြင့် (ဓုတင်ဆောင်တည်၍ မကောင်းမှုတို့ကို လှုပ်ခါချခြင်းကဲ့သို့) မကောင်းမှုကို အကြွင်းမဲ့ ဆွေးမြေ့သွားအောင် လှုပ်ခါချခြင်း အထိမ်းအမှတ်ကို ဆိုအပ်၏၊ သဗ္ဗဝါရိဖုဋ္ဌောဖြင့် (အလွန်အမင်းကျင့်၍ ကိလေသာကုန်ခြင်း ရဟန္တာဖြစ်ခြင်းကဲ့သို့) မကောင်းမှုကံတွေ့ ကုန်ခြင်း၏အထိမ်းအမှတ် လက္ခဏာကို ဆိုအပ်၏၊ “ မကောင်းမှုကို တားမြစ်ခြင်းသည် အမြဲ ထိတွေ့နေအပ်သူ”ဟု ဆိုသဖြင့်“မကောင်းမှုတွေ့ ကုန်သွားပြီ, ရဟန္တာဖြစ်သွားပြီ ” ဟု ဆိုလိုသည်၊ ဤသို့ မကောင်းမှုတားမြစ်ပုံသည် အဆင့်ဆင့် ရင့်သောကြောင့် အချင်းချင်း ကွာခြားကြပါသည်။

ဋီကာသစ်။ ။သဗ္ဗဝါရိယုတ္တောတိ သံဝရလက္ခဏမတ္တံ ကထိတံ၊ သဗ္ဗဝါရိဓုတောတိ ပါပ နိဒ္ဓုရလက္ခဏံ (မကောင်းမှု၏ အကြွင်းမဲ့ ဆွေးမြေ့ခြင်းလက္ခဏာ အထိမ်းအမှတ်ကို, ကထိတံ)၊ သဗ္ဗဝါရိဖုဋ္ဌောတိ ကမ္မက္ခယလက္ခဏံ (ကထိတံ) တိ ဇာမမတ္ထံ ဒဿေန္တော သဗ္ဗေနာတိ အာဒိမာဟ။

ဂတတ္တော။ ။ဂတ+အတ္တဟု ပုဒ်ခွဲ၍ ဂတကို “ကောဋိပ္ပတ္တ” အတ္တကို “စိတ္တ” ဟု ဖွင့်သည်၊ မကောင်းမှုကံ ကုန်ပြီးဖြစ်သောကြောင့် “သဗ္ဗဝါရိဖုဋ္ဌ”ဖြစ်နေရကား ထို နိဂဏ္ဌကို “အထွဋ္ဌအထိပ်သို့ ရောက်သောစိတ်ရှိသူ” ဟုလည်း ဆိုအပ်၏၊ “ဂတော-အထွဋ္ဌအထိပ်သို့ ရောက်သော+အတ္တာ ယဿသာတံ ဂတတ္တော”ဟု ပြု။

ဋီကာသစ်။ ။ဋီကာသစ်၌ကား “ ဒွေဝ ဂတိယော ဟောန္တိ – ၂ ပါးသာလျှင် ပြီးဆုံးခြင်းတို့သည် ဖြစ်ကုန်၏၊ အနညာ–ထိ ၂ မျိုးမှ တခြားသော ပြီးဆုံးခြင်းတို့ မဖြစ်ကုန် ” ဟူရာ၌ ဂမုဓာတ်သည် ပြီးဆုံးခြင်းအနက်ကို ဟောသကဲ့သို့ ဤ၌လည်း “ဂတ သဒ္ဒါသည် ပြီးဆုံးခြင်း (နိဋ္ဌာ) အနက်ကို ဟော၏”ဟု သိစေလိုသောကြောင့် “ကောဋိပ္ပတ္တ” ဖွင့်သည်ဟု ကြံသွားလေသည်၊ စဉ်းစားပါ၊ မိမိကား ရိုးရာဂတိ၏ “ပါပုဏန” အနက်ဟု ထင်သည်၊ “ကောဋိ”ကား ဂမုဓာတ်၏ ကံပုဒ်ကို အရာအားလျော်စွာ ထည့်ခြင်းသာဟု ယူလိုပါသည်၊ ဘာ့ကြောင့်နည်း,....ဂတသဒ္ဒါ၏ နိဋ္ဌာအနက်ကိုယူလိုလျှင် “နိဋ္ဌပ္ပတ္တစိတ္တော”ဟု ဖွင့်နိုင်သောကြောင့်စည်း။

ယတာတ္ထောတိ-ကား၊ သံယတစိတ္တော-စောင့်စည်းအပ်ပြီးသော စိတ်ရှိသူဟူ၍၊ (ဝုစ္စတိ-ဆိုအပ်၏၊)ဌိတတ္တောတိ-ကား၊ သုပ္ပတိဋ္ဌိတစိတ္တော-ကောင်းစွာတည်တန့်သောစိတ်ရှိသူဟူ၍၊ (ဝုစ္စတိ-အပ်၏)။

တေသ-၌ နာဠပုတ္တ၏၊ ဝါဒေ-အယူ၌၊ ကိဉ္စိ-တချို့သော၊ သာသနာနုလောမမ်ပိ-သာသနာတော် အားလျော်သော အယူသည်လည်း၊ အတ္ထိ-ရှိပါပေ၏၊ ပန-ထိုသို့ပင် သာသနာတော်အားလျော်သော အချို့အယူ ရှိပါသော်လည်း၊ အသုဒ္ဓလဒ္ဓိတာယ - မစင်ကြယ်သောအယူ ရှိသည်၏အဖြစ်ကြောင့်၊ သဗ္ဗာ-အလုံးစုံသော အယူတို့သည်၊ ဒိဋ္ဌိဃယဝ (ဒိဋ္ဌိယော+ဧဝ)-မိစ္ဆာအယူတို့ချည်းသာ၊ ဇာတာ-ဖြစ်ရကုန်ပြီ။

× × × × × × ×

ယတတ္ထော။ ။ယတသဒ္ဒါသည် သံယတအနက်ကို ဟော၏၊ ဥပသာရမပါသော်လည်း ယမုဓာတ်ရင်းသည်ပင်၊ သံ ဥစသာရပါသော သံယမအနက်ကို ဟောနိုင်၏၊ ဘာ့ကြောင့်နည်း....ဥပသာရပုဒ်တို့ဟာ နဂိရ်ဓာတ်နက်ကို ထွန်းပြရုံသာဖြစ်သောကြောင့်တည်း၊ ယတော (သံယတော) + အတ္တာ ယေနာတိ ယတတ္တော၊ သဗ္ဗဝါရိဖုဋ္ဌဖြစ်နေရကား ဣန္ဒြေတို့၌ တမဂ််လာ စောင့်စည်းဘွယ်မလိုတော့၊ စိတ်ကို အမြဲ စောင့်စည်းပြီးဖြစ်နေသည်-ဟူလို။

ဌိတတ္တော။ ။ဌိတော - ခိုင်မြဲ တည်တန့်သော+ အတ္တာ ယသောတိ ဌိတတ္တော။ သဗ္ဗဝါရိဖုဋ္ဌ ဖြစ်နေရကား စောင့်စည်းဘွယ် အကြွင်းအကျန် မရှိတော့၊ ကောင်းစွာတည်တန့်သောစိတ်သာ အမြဲရှိနေတော့သည်- ဟူလို။

သာသနာနုလောမံပိ။ ။မကောင်းမှုကို ပယ်ရှား တားမြစ်ခြင်းဟူသော သဗ္ဗဝါရိသည် သာသနာတော်အားလျော်၏၊ သို့သော် မကောင်းမှုကို ပယ်ရာ၌လည်း "အသက်ဓိဝ အတ္တာက ပယ်၏"ဟုဌင်း, ထိုအတ္တာသည် "အချို့မြဲ၏, အချို့မမြဲ"ဟုဌင်း အယူရှိသောကြောင့် အသုဒ္ဓလဒ္ဓိ (မစင်ကြယ်သောအယူ)ဖြစ်ရတော့၏၊ ထို့ကြောင့် "သဗ္ဗဝါရိ ဝါရိဓာတာ"မှ စ၍ အယူအားလုံးပင် မိစ္ဆာအယူချည်း ဖြစ်ကြရလေသည်။

နိဂဏ္ဌနာဠပုတ္တဝါဒအဖွင့် ပြီး၏။

သဉ္စယဝေလဋ္ဌပုတ္တဝါဒ

သဉ္စယဝါဒေါ- သဉ္စယဝါဒသည်၊ အမရာဝိက္ခေပေ- အမရာဝိက္ခေပဝါဒ၌၊ ဝုတ္တနယော ဧဝ- ဆိုအပ်ပြီးသောနည်း ရှိသည်သာ၊ ["ဗြဟ္မဇာလသုတ်၌လာသော အမရာဝိက္ခေပဝါဒအတိုင်းပင်"ဟူလို။]

သဉ္စယဝေလဋ္ဌပုတ္တဝါဒ ပြီး၏။

ပဌမ သာမညဖလ အဖွင့်

သောဟံ ဘန္တေတိ-ကား၊ ဘန္တေ– မြတ်စွာဘုရား၊ သော အဟံ-ထို ဒကာတော်သည်၊ ဝါလုကံ-သဲကို၊ ပိဋ္ဌေတွာ–ညှစ်၍၊ (ဆုံ၌ထည့်ကာ ကြိတ်ညှစ်၍)၊ တေလံ– ဆီကို၊ အလဘမာနောဝိယ – မရသူကဲ့သို့၊ တိတ္ထိယဝါဒေသု– တိတ္ထိတို့၏ ဝါဒတို့၌၊ သာရံ–အဆိအနှစ်ကို၊ အလဘန္တော–မရသည်၊ (ဟုတွာ–၍၊ ဝါ- ဖြစ်ခြင်းကြောင့်၊) ဘဂဝန္တံဝိ – ကိုလည်း၊ ပုစ္ဆာမိ – မေးလျောက်ပါ၏၊ ဣတိ , အတ္ထော။ [ပါဠိတော်၌ “ ဘဂဝန္တံဝိ ”ဟု ပိသဒ္ဒါ ပါသည်။]

ယထာ တေ ခမေယျာတိ - ကား၊ ယထာ - အကြင် အခြင်းအရာအားဖြင့် ဖြေဆိုအပ်သော်၊ တေ-သင့်အား၊ ဝါ-သင်၏ (စိတ်၌)၊ ရောစေယျ, (တနည်း) ရုစ္ဈေယျ-နှစ်သက်ရာ၏၊ (တထာ-ထို အခြင်းအရာအားဖြင့်၊ နံ-ထိုပြဿနာကို၊

× × × × × × ×

ယထာ တေ ခမေယျ ။ ။ခမုဓာတ် ယျဖြင့်ပြီးသော ကတ္တားဟော ခမေယျ ပုဒ်ကို “ ရောစေယျ ” သို့မဟုတ် “ ရုစ္ဈေယျ ” ဟု ဖွင့်သည်၊ ရုစဓာတ်ကို ဘူဝါဒိဟု သတ်မှတ်၌ ဆို၏၊ ထိုအလို “ရောစေယျ”ဟုသာ ရှိသင့်၏၊ သဒ္ဒနီတိ-ရုစဓာတ် အခက်း ၌ကား ဒိဝါဒိလည်းရှိသောကြောင့် “ရုစ္ဈေယျ ” လည်း သဒ္ဒနီတိအလို သင့်သည်သာ၊ “ယဿ ဒါတုကာမော ရောစတေ”သုတ်အရ ရုစဓာတ်သည် သမ္ပဒါန်ကိုဝဲ့သောကြောင့် “ယထာ တေ”၌ တေလည်း သမ္ပဒါန်ပုဒ်ပင်တည်း။

ဋီကာဟောင်း။ ။ “ဇဒါနိ မယာ ပုစ္ဆိယမာနော အတ္ထော ယထာ တဝ စိတ္တေ ရောစေယျ”ဟု ဋီကာဟောင်းဖွင့်၏၊ “တဝ စိတ္တေ”ဟု ဖွင့်သောကြောင့် “တေ–သင်၏ (စိတ်၌)”ဟု တေကို သမ္ဗန်, စိတ္တေကို သမ္ဗန္ဓိအဖြစ်ဖြင့် ထည့်စေလိုသည်၊ [ဤဋီကာ၌ “ရောစေယျ”ဟု ကတ္တုရူပ် ပြိုပြိသသဖွင့်ခြင်းသည် “ခမေယျ”ဟု ရှိသော ကတ္တုရူပ်နှင့် လျော်၏၊ မောဂ္ဂလ္လာန် သျာဒိကဏ္ဍ, ၂၅ သုတ်၌လည်း ဤအတိုင်းပင်။]

ဋီကာသစ်။ ။ဋီကာသစ်၌ကား “ယထာ တေ ရုစ္ဈေယျာတိ ၊ ပေ ၊ ယထာ တဝ စိတ္တေ ရုစ္ဈေယျ၊ တယာ စိတ္တေ ရုစ္ဈေထာတိ အတ္ထော ကမ္မတ္ထေ ဟေတံ ကိရိယာပဒံ၊ “ရုစ္ဈေယျသည် ကံဟောကြိယာပုဒ်”ဟု ဖွင့်ထား၏၊ ဤအလို“ယထာ–သော်၊ တေ–သည်၊ ရုစ္ဈေယျ – နှစ်သက်အပ်ရာ၏၊ တထာ တံ ဗျာကရေယျာသိ ”ဟု ပါဠိတော်၌ အနက်ပေးရလိမ့်မည်၊ သို့သော် သံဝဏ္ဏေတဗ္ဗပုဒ်က “ ခမေယျ ”ဟု ကတ္တုရူပ်ရှိသောကြောင့် ဤဋီကာသစ်အဖွင့်ကို စဉ်းစားသင့်သည်။

မှတ်ချက်။ ။ဋီကာဟောင်းအဖွင့်ကို မလိုက်ဘဲ ဋီကာသစ်အဖွင့်ကို နှစ်သက်ဟန်တူသော မာန်လည်ဆရာတော်နှင့် မင်းကွန်း ဥဒုမ္ဗရချောင်ဆရာတော်တို့၏ သတပဒီက ပုစ္ဆာအဖြေ၌ကား“ကမ္မဝါပါဠိ, ခမတိပုဒ်အနေ, စာတွေက လွန်များ၊....မဒွေးဘော်, ရှိမဲ့-လျော် မလျော် ဟု , နေပြည်တော် သဒ္ဒါတတ်တို့ , ဆုံးဖြတ်ကြလား ” ဟူသော အမေး၌ “ မဒွေးဘော်, ရှိမှပင် လျော်မည်ဟု , နေပြည်တော် သဒ္ဒါတတ်တို့, ဆုံးဖြတ်ကြသား”ဟု ဖြေလေသည်၊ သို့သော် “ရောစေယျ”ဟု ဖွင့်သော ဋီကာဟောင်းအလို အားဖြင့်“ခမ္မတိ ခမ္မေယျ”ဟု မဒွေဘော် မရှိနိုင်ပါ။

ဗျာကရေယျာသိ – ဖြေဆိုလော)၊ ဒါသောတိ - ကား၊ အန္တေဝာတ ဓနက္ကိတ ကရမရာနီတ သာမံဒါသဗျောပဂတာနံ – အိမ်တွင်း၌ ပေါက်ဖွားသော ကျွန်, ဥစ္စာဖြင့် ဝယ်ယူအပ်သောကျွန် , လက်ဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ဆောင်ယူအပ်သော သို့ပန်းကျွန်, ကိုယ်တိုင် ကျွန်၏အဖြစ်သို့ ကပ်ရောက်သော ကျွန်တို့တွင်၊ အညတရော-အမှတ်မရှိ တစုံတယောက်သော၊(ပုရိသော, အာဿဒ္ဓိစပ်)၊ ကမ္မကရောတိ-ကား၊ အနုလသော-ပျင်းရိသူမဟုတ်သော၊ ကမ္မကရဏာသီလော ယေဝ–အလုပ်လုပ်ခြင်းအလေ့ ရှိသည်သာလျှင်ဖြစ်သော၊ (ပုရိသော, အာဿဒ္ဓိစပ်)၊ (ယော ပုရိသော- သည်၊) ဒုရတော–အဝေး၌၊ ဒိသ္ဝာ-အရှင်သခင်ကို မြင်၍၊ ဝါ-မြင်လသော်၊ ပဌမမေဝ-မိမိအနီးသို့မရောက်မီ ရှေးဦးစွာသာလျှင်၊ ဥဒ္ဓဟတိ -နေရာမှ ထတတ်၏၊ ဣတိ– ကြောင့်၊ (သောပုရိသော– သည်)၊ ပုဗ္ဗုဋ္ဌာယီ– ၏၊ ဧဝံ-ဤသို့၊ ဥဋ္ဌိတော-နေရာမှထနှင့်ပြီးသည်၊(ဟုတ္တွာ)၊ သာမိနော-အရှင်သခင်ဘို့၊ အာဒသနံ - နေရာကို၊ ပညပေတ္တွာ–ခင်းပေးပြီး၍၊ ပါဒဓောဝနာဒိကတ္တုမ္မကိစ္စံ – ခြေဆေးပေးခြင်း အစရှိသော ပြုဘွယ်ကိစ္စကို၊ ကတ္တွာ–ပြုပြီး၍၊ ပစ္ဆာ-နောက်၌၊ ဝါ–နောက်မှ၊ နိပတတိ–ကျတတ်၏၊ ဝါ-ထိုင်တတ်၏၊ နိသဇ္ဇံ- ထိုင်ခြင်းကို၊ ကပ္ပေတိ- ပြုတတ်၏၊ ဣတိ, ပစ္ဆာနိပါတိ-မည်၏။

× × × × × × ×

ဒါသော။ ။ဘူဝါဒိ စုရာဒိ ဒါသဓံဝတ်သည် ဒါနအနက်ကိုဟော၏၊ ဒါဿတေ-အရှင်သခင်တို့အား ပေးအပ်၏၊ ဣတိ ဒါသော၊ အစ်ပစ္စည်း ဟု ထောမနိဓိဋ္ဌ ဆို၏၊ ဤကျွန်လေးမျိုး၏အကျယ်နှင့် ဝစနတ္ထကို ဝိနည်းမဟာဝဂ္ဂ, မဟာခန္ဓက, ဒါသဝတ္ထု အင္ဋကထာနှင့် ဘာသာဋီကာ၌ ရှုပါ။

ကမ္မကရော။ ။တချို့ကျွန်သည် ပျင်းသည့်အတွက် အလုပ်ကို မလုပ်ချင်တတ်၊ "ဤကျွန်ကား မပျင်းမရိ အလုပ်လုပ်သူသာ ဖြစ်၏"ဟု သိစေလို၍, ဒါသောကို " ကမ္မကရော"ဟု ဝိသေသနပြုသည်၊ ထို့ကြောင့်"အနုလသော, ကမ္မကရဏာသီလောယေဝ" ဟု အဓိပ္ပါယတ္ထ ဖွင့်သည်၊ " ကမ်ံ+ကရောတိတိ ကမ္မကရော " ဟုသာ ဝစနတ္ထပြုပါ၊ အပစ္စည်းဖြင့် " ကမ္မကရော " ဟု ဖြစ်၍, ကာပစ္စည်းဖြင့် ကုန္ဓကာရောကဲ့သို့ " ကမ္မကာရော"ဟု ဖြစ်သည်။

ပုဗ္ဗုဋ္ဌာယီ။ ။ဤပုဒ်ကို ၂ နည်းဖွင့်၏၊ ပဌမနည်းဖြင့် အဝေး၌ အရှင်သခင်လာနေသည်ကိုမြင်လျှင် မိမိအနီးသို့ မရောက်မီ နေရာမှထသူကို ပြ၏၊ ဥဋ္ဌဟတိတိ ဥဋ္ဌာယီ၊ ဥပုဗ္ဗ, ဋ္ဌာဓာတ်၊ တဿီလအနက် မပါသော်လည်း ကိပစ္စည်းသက်နိုင်၏၊ ပုဗ္ဗံ-အရှင်၏ မိမိအနီးသို့ မရောက်မီ ရှေးဦးစွာ + ဥဋ္ဌာယီ – နေရာမှ ထတတ်သူတည်း၊ ပုဗ္ဗုဋ္ဌာယီ–သူ၊ " ဒူရတောဝ ဒိသွာ ပဌမမေဝ ဥဋ္ဌဟတိ "ဟူသော ပဌမနည်းအရ အနက်တည်း။

ပစ္ဆာနိပါတိ။ ။နိပတတိ–ထိုင်သောအားဖြင့် ကျတတ်၏၊ ဣတိ-နိပါတိ၊ နိ+ပတ+ကိ၊ ပစ္ဆာ–အရှင်သခင်ထိုင်ပြီးမှ နောက်၌+နိပါတိ–ထိုင်သောအားဖြင့် ကျတတ်သူတည်း၊ ပစ္ဆာနိပါတိ – သူ၊ ဤကား ပုဗ္ဗုဋ္ဌာယီ၏ ပဌမနည်းနှင့် လိုက်လျောသော အနက်တည်း၊ ဤသို့ အနက်ဖြစ်သောကြောင့်"ပစ္ဆာ နိပတတိ "၏နောက်၌ " နိသဇ္ဇံ

ဝါ-တနည်း၊ သာမိကမှိ-အရှင်သခင်သည်၊ သယနတော-အိပ်ရာမှ၊ အဝုဋ္ဌေ-မထသေးမီ၊ ပုဗ္ဗေယေဝ-ရှေးဦးသာလျှင်၊ ဝါ-ရှေးဦးစွာသားလျှင်၊ ဝုဋ္ဌာတိ-အိပ်ရာမှ ထတတ်၏၊ ဇုတိ, ပုဗ္ဗုဋ္ဌာယီ-မည်၏၊ ပစ္ဆာသကာလတော-မိုယ်းသောက်အခါမှ၊ ပဋ္ဌာယ-စ၍၊ ယာဝ-အကြင်မျှလောက်၊ သာမိနော-အရှင်သခင်၏၊ ရတ္တိံ-ညဉ့်အခါ၌၊ နိဒ္ဒါက္ကမနံ-အိပ်ခြင်းသို့ သက်ရောက်ခြင်းသည်၊(ဟောတိ)၊ တာဝ-ထိုမျှလောက်၊ သဗ္ဗကိစ္စာန်-အလုံးစုံသောကိစ္စတို့ကို၊ ကတ္ဝာ-၍၊ ပစ္ဆာ-၌၊ ဝါ-မှ၊ နိပတတိ-ကျတတ်၏၊ ဝါ-အိပ်တတ်၏၊ သေယျံ-အိပ်ခြင်းကို၊ ကပ္ပေတိ-ပြုတတ်၏၊ ဣတိ, ပစ္ဆာနိပါတီ-မည်၏။

(ယော ပုရိသော)၊ ကိံ-အဘယ်ကို၊ ကရောမိ-ပြုရပါမည်နည်း၊ ကိံ-ကို၊ ကရောမိ-နည်း၊ ဣတိ ဧဝံ-ဤသို့၊ ကိံ ကာရမေဝ-ကိံဟုမေး၍ ပြုထိုက်သော ဝေယျာဝစ္စကိုသာ၊ ပဋိသုဏာန္တော-ရှေးရှုနားထောင်လျက်၊ (တနည်း) ပဋိ

× × × × × × ×

ကပ္ပေတိ''ဟု နိပတတိ၏အနက်ကို ဖေါ်သင့်၏၊ စာအုပ်တို့၌ ''သေယျံ''ဟု ရှိသည်မှာ မလိုက်ရောပါ၊ နိပတတိ၏ နောက်၌လည်း ''နိသီဒတိ''ဟု မူကွဲရှိသတတ်၊ အမြဲပါယ်ကောင်းပါ၏၊ သို့သော် နောက်၌ ''သေယျံ ကပ္ပေတိ''ဟု ရှိလတံ့နှင့်ကား စာသွားမတူသောကြောင့် စဉ်းစားသင့်၏၊''နိသဇ္ဇံ ကပ္ပေတိ''သာ''သေယျံ ကပ္ပေတိ''နှင့် စာသွားတူသည်။

သာမိကမှိ ဝါ။ ။ဤနည်း၌ ပုဗ္ဗုဋ္ဌာယီ, ပစ္ဆာနိပါတိတို့အတွက် အိပ်ရာမှထခြင်း အိပ်ခြင်းအနက်ကိုယူရသည်၊ ဝစနတ္ထမှာ ရှေးနည်းအတိုင်းသာတည်း၊ သခင်၏အိပ်ရာမှ မထမီ မိမိကအလျင် အိပ်ရာမှထခြင်း, တနေ့အတွက် အလုပ်ကိစ္စပြီး၍ အိပ်ချိန်ရောက်သောအခါ သခင်အိပ်ပြီးမှ မိမိက နောက်မှအိပ်ခြင်းကို ပြုသည်-ဟူလို။

ပစ္ဆာသကာလတော။ ။ရှေးညဉ့်၏ အရုဏ်မတက်မီ အချိန်ကို ''ပစ္ဆာသကာလ'' ဟု ခေါ်၏၊ ထို့ကြောင့် ဋီကာဌ''အတီတရတ္တိယာ ပစ္ဆာသကာလတော''ဟု ဖွင့်သည်၊ ထိုအချိန်၌ အရုဏ်မျှ မတက်သေးသောကြောင့် '' လင်းအားကြီး '' မဟုတ်သေး၊ လင်းခါနီး(ဝေလိဝေလင်း)သာ ရှိသေးသည်၊ အရုဏ်တက်လျှင်ကား ဤဘက်နေ့သို့ရောက်ပြီ၊ ဝစနတ္ထကို ပါရာဇိကဏ်ဘာသာဋီကာ နိဒါန်းအဖွင့်၌ ရှုပါ။

ကိံကာရပဋိသာဝီ။ ။ကရိယတေတိ ကာရော – ပြုထိုက်သော ဝေယျာဝစ္စ(သခင်၏အတွက် ပြုစုရာဖြစ်သော အလုပ်ကိစ္စ)၊ ကိံဣတိ + ကာရော ကိံကာရော–ကိံဟု မေး၍ ပြုထိုက်သော ဝေယျာဝစ္စ၊ ပဋိသုဏာတိ-ရှေးရှုနားထောင်နေတတ်၏၊ ဣတိ ပဋိသာဝီ၊ [ပတိ+သု+ဏိပစ္စည်း၊] ကိံကာရံ-ကိံဟုမေး၍ ပြုထိုက်သောဝေယျာဝစ္စကို+ပဋိသာဝိ – ရှေးရှုနားထောင်နေတတ်သူတည်း၊ (နားစွင့်နေတတ်သူတည်း)၊ ကိံကာရပဋိသာဝိ-သူ။

အဋ္ဌကထာဖွင့်ပုံ။ ။အင်္ဂကထာ၌ ''ကိံကရောမိ ကိံကရောမိ''သည် လုပ်စရာအလုပ်ကို မေးပုံပြသော စကားတည်း၊ ထို့ကြောင့် ဣတိဝေါဖြင့်သွန်ပြအပ်သော အလုပ်ကိစ္စ(ဝေယျာဝစ္စ)ကိုပင် ကိံကာရအတွက် အရကောက်ရသည်၊ ပဋိသာဝိ၌ ဏိ

သာဝေ'နွော-ကြားစေလျက်၊ (ကြားအောင်မေးလျက်)၊ ဝိစရတိ-လှည့်လည်တတ်၏၊ ဣတိ,(သောပုရိသော)၊ကိ ံကာရပဋိသာဝိ-မည်၏၊(ယောပုရိသော)၊ မနာပမေဝ - စိတ်ကို တိုးပွားစေတတ်သည်သာလျှင် ဖြစ်သော၊ ဝါ - မြတ်နိုးဘွယ်သာလျှင်ဖြစ်သော၊ ကိရိယံ - အမူအရာကို၊ ကရောတိ - ပြုတတ်၏၊ ဣတိ, (သော ပုရိသော)၊ မနာပစာရိ–မည်၏။ ["စာရိ"အရ ပြကျင့်မှုကို ယူစေလို၍ "ကိရိုယံ ကရောတိ"ဟု ဖွင့်သည်။]

× × × × × × ×

ပစ္စည်းကြောင့် ဝုဒ္ဓိရောက်ရ၏၊ အနက်မှာ သုဒ္ဓကတ္တားအနက်သာတည်း၊ ထို့ကြောင့် "ပဋိသုဏာန္တော"ဟု ဖွင့်သည်၊"ပဋိသုဏာန္တော-ရှေးရှုနားထောင်နေသူ"ဟု ဆိုသဖြင့် "သခင်၏အနီးအပါး၌ လှည့်လည်သွားလာနေသူ"ဟု သိနိုင်ရကား"ဝိစရတိ"ဟု အပို ထည့်၍ဖွင့်သည်။ [ကိ ံကာရန္တိ – ကိ ံကရဏီယံ (ပြုထိုက်သော ကိစ္စကား အဘယ်ပါနည်း)၊ ကိ ံကာရဘာဝတော (ကိ ံကာရ၏အဖြစ်အားဖြင့်) ပုစ္ဆိတွာ ကာတမ္မဝေယျာဝစ္စံတိ အတ္ထော၊–ဋီကာ။]

သဒ္ဒနီတိ ။ ။ကိ ံ ကရောမိ သာမိတိ ဧဝံ ကိန္တိ (ကိ ံဟ္ရ၍) ကာရော ကရဏံ သဒ္ဒနီစ္ဆရဏံ (ပြောဆိုအပ်သော စကားသံ) ကိ ံ ကာရော – ပြုဘွယ်ကစ္စ အဘယ်ပါနည်း=ဘာပြုစရာရှိပါသနည်းဟု မေးမြန်းပြောဆိုအပ်သော စကားသံ၊ တံ ပဋိသာဝေတိတိ ကိ ံကာရပဋိသာဝိနိ၊– ၍ သဒ္ဒနီတိ ပဒမာလာအဖွင့်သည် သုတ်မဟာဝဂ္ဂအဋ္ဌကထာနှင့် သဘောတူ၏၊ " ကာရ " အရ အလုပ်ကစ္စသာ မကဘဲ အမေးစကားသံတိုင်အောင် ယူခြင်းသာ ထူးသည်။

သုတ်မဟာဝဂ္ဂဋ္ဌ ။ ။ကိ ံ ကရောမိ တေ ဒေဝါတိ- အရှင်မင်းမြတ်ဘို့ အဘယ်ကိစ္စကို ပြုရပါမည်နည်းဟု၊ ဝါစာယ ကိ ံကာရံ ပဋိသာဝေတိတိ ကိ ံကာရပဋိသာဝိနိ-နှုတ်ဖြင့် ကိ ံကာရမည်သော အလုပ်ကစ္စကို ကြားသိစေတတ် (မေးမြန်းတတ်) သောကြောင့် မိဖုရားသည် ကိ ံကာရပဋိသာဝိနိ မည်၏၊ " မိမိပြုစရာကစ္စကို အမြဲမေးတတ်သော မိဖုရား"ဟု ဆိုလိုသည်၊ ဤအဋ္ဌကထာအလို ပဋိသာဝိနိဉ် ပတိ+သု, ကာရိတ်ကြေစေ၍ " ပဋိသာဝိ "ဟု ဖြစ်၏၊ ဒုတိယိုန်ဖြစ်၍ ဒုနိပစ္စည်း ထပ်သက်၊ အဋ္ဌကထာ ၂ ရပ်သည် အဓိပ္ပါယ်ထပ်သော်လည်း သာဝိဒ္ဓ ကာရိတ် ပါ-မပါကား ကွဲပြားသည် ဟု မှတ်ပါ။

ဆုံးဖြတ်ချက် ။ ။ " ကိ ံကရောမိ " ဟူသော စကားသံသည် အောက်လူက အထက်လူကို မေးသောအသံတည်း၊ ထို့ကြောင့် " ကိ ံကာရ " အရ ဝေယျာဝစ္စကို ဋီကာတို့ဖွင့်ကြသော်လည်း ထို ဝေယျာဝစ္စ (ပြုစုရာအလုပ်ကစ္စ) ကိုမေးသော စကားသံတိုင်အောင်ယူမှ သုဓာတ်၏ ကြားခြင်း နားထောင်ခြင်းကြိယာနှင့် လိုက်လျောပါသည်၊ ထို မေးသံကို နားထောင်သူကား သခင်စသော အထက်လူတည်း၊ အလုပ်ကစ္စကို မေးသော ကျွန်စသူ၏စကားကို သခင်စသူက နားထောင်၏၊ ကျွန်စသူက ထိုစကားကို သခင်စသူကို ကြားစေ၏၊ ကြားအောင် ပြော၏၊ ဤအဓိပ္ပါယ်အရ " သုဏာန္တော"ဟု ရှိသော ဤအဋ္ဌကထာပါဠိသည် မကောင်း၊ " ပဋိသာဝေတိ " ဟု ကာရိတ်ပါသော မဟာဝဂ္ဂအဋ္ဌကထာပါဠိသာ ကောင်း၏။

(ယော ပုရိသော)ပိယမေဝ-ချစ်ဘွယ်သောစကားကိုသာ၊ ဝဒတိ-ပြောဆို တတ်၏၊ ဣတိ, (သော ပုရိသော) ပိယဝါဒီ – မည်၏၊ (ယော ပုရိသော)သာမိ နော- အရှင်သခင်၏၊ တုဋ္ဌပဟဋ္ဌံ- နှစ်သက်ရွှင်လန်းသော၊ မုခံ– မျက်နှာကို၊ ဥလ္လောကယမာနော-မော်၍ကြည့်လျက်၊ ဝိစရတိ-၏၊ ဣတိ, (သော ပုရိသော) မုခုလ္လောကိကော-မုခုလ္လောကိကမည်၏၊ ဒေဝေါ မညေတိ-ကား၊ ဒေဝေါဝိယ-နတ်မင်းကဲ့သို့၊ (ပရိစာရေတိ ၌စပ်)။

သောပေါကရေယျံတိ – သောပေါကရေယျံဟူသော ပါဌ်၏၊ (အတ္ထောၵ်စပ်)၊ ပုညာနိ – ကောင်းမှုတို့ကို၊ ယဒိကရေယျံ - အကယ်၍ပြုအံ့၊ (ဝံသတိ)၊ အဟံ–ငါသည်၊ သောဝတ–ထိုမင်းကဲ့ကို၊ ဝေရူပေါ-ဤသို့ သဘောရှိသူသည်၊ အဿံ- ဖြစ်လောက်ရာ၏၊ ဣတိ အတ္ထော၊ သောဝတဿဿန္တိဝိ - ဟူ၍လည်း၊

× × × × × × ×

ဥလ္လောကယမာနော ။ ။ မုခုလ္လောကိကောဌ် "မုခ+ဥလ္လောကိကော" ဟု မှာ်ဖြတ်၊ မုခံကို "တုဋ္ဌပဟဋ္ဌံမုခံ"ဟု ဖွင့်၍ ဥလ္လောကိကောကို"ဥလ္လောကယမာနော" ဟု ဖွင့်သည်၊ "သခင်၏ နှစ်သက်ရွှင်လန်းသော မျက်နှာကို မော်၍ကြည့်တတ်သူ"ဟု ဆိုသဖြင့် "စိတ်ဆိုးနေသောမျက်နှာကို မကြည့်ပဲ့ဝံ့"ဟု ဋီကာသစ် ကောက်ချက်ချသည်၊ "မုခုလ္လောကကော"ဟု ဏ္ဍုပစ္စည်းဖြင့် ပါဌ်ပြင်ကြ၏၊"မုခုလ္လောကိကော"ဟူသော ရှေးပါဌ်လည်း"မုခသဿ+ဥလ္လောကော မုခုလ္လောကော၊ မုခုလ္လောကော ယဿ အတ္ထိတိ မုခုလ္လောကိကော"ဟု ပြုလျှင်"မုခံ ဥလ္လောကယမာနော"အနက်ကိုပင် ပေးနိုင်သည်။

ဒေဝေါ မညေ။ ။"ပရိစာရေတိ ဒေဝေါ မညေ"ဟု ပါဠိတော်ရှိသောကြောင့် မညေသည် ကြိယာပုဒ်မဟုတ်, ဝိယအနက်ကိုပေးသော"ဥပမာဇောတကနိပါတ်ပုဒ်" ဟု သိစေလိုသောကြောင့် "ဒေဝေါဝိယ"ဟု ဖွင့်သည်။ ["အာဓိပစ္စပရိဝါရာဒိသမ္ဘတ္တိသမန္နာဂတော – အစိုးရသူ၏ အဖြစ်ဟူသော ရာထူး အာဏာ, အခြံအရံ အစရှိသော သမ္ဘတ္တိနှင့်ပြည့်စုံသည် (ဖြစ်၍)၊ ပဓာနဒေဝေါဝိယ၊–ဋီကာ။]

သောဝတဿာဟံ ပုညာနိ ကရေယျံ ။ ။ "သောဝတ အဿံ အဟံ" ဟု ပုဒ်ဖြတ်၍ "ဝတသည် ဥပမာအနက်ဟော နိပါတ်"ဟု သိစေလိုသောကြောင့် "သော ဝတ အဟံ ဧဝရူပေါ အဿံ" ဟု ဖွင့်သည်၊ ဧဝရူပေါသည် သောဝတ၏ အဓိပ္ပါယ်ဖွင့်တည်း၊ ဘာ့ကြောင့် "ဤသို့ သဘောရှိသူ=ဤမင်းကဲ့သို့ သမ္ဘတ္တိနှင့်ပြည့်စုံသူ"ဖြစ်နိုင်စရာရှိသနည်းဟု မေးဘွယ်ရှိသောကြောင့် "ပုညာနိ ကရေယျံ"ဟူသော ပါဌ်ဒေါ်ကို ယဒိထည့်ရှုဖွင့်၏၊ အကယ်၍ မွန်မြတ်သောကောင်းမှုတို့ကို ပြုအံ့၊ ဤသို့ပြုလျှင် (ဤသို့ပြုသောကြောင့်) ထိုမင်းကဲ့သို့ ဖြစ်နိုင်စရာရှိသည် – ဟူလို။ ["ပုညာနိ" အရ သာမန်ကုသိုလ်ထက် မွန်မြတ်သောကုသိုလ်ကို ရည်ရွယ်သည် ဟု မှတ်ပါ၊ ဘာ့ကြောင့်နည်း– သာမန်ကုသိုလ်ထက် မြတ်သောကုသိုလ်ကို ရဟန်းဘဝဖြင့် ယူလတ္တံ့ ဖြစ်သောကြောင့်တည်း။]

သောဝတဿဿံ။ ။"သောဝတ + အဿ + အဿံ" ဟု ပုဒ်ဖြတ်သောအခါ "အဿံ"သည် အမှယောဂ ဥတ္တမပုရိသ်ဖြစ်၏၊ ထို ဥတ္တမပုရိသ်ကဝုစ်ရှိလျှင် "အဟံ" ဟူသော ကတ္တားသည် မပါသော်လည်း ထည့်နိုင်၏၊ ထို့ကြောင့် "သောဝတဿာဟံ"

ပါဠ္ဍော– ပါဠိတော်ပါဌ်သည်၊ (အတ္ထိ)၊ (တနည်း) သော၀တဿာယံတိဝိ– ဟူ၍လည်း၊ ပါဠ္ဍော, (အတ္ထိ)၊ အယမေ၀ – ဤ ဆိုအပ်ပြီးသောအနက်သည်ပင်၊ အတ္ထော-ထိုပါဌ်၏အနက်တည်း။

ယံ နူနာဟံတိ–ယံ နူနာဟံဟူသောပါဌ်ဖြင့်၊ (ဒဿေတိ ဌ်စပ်)၊ ဒါနံ-အလှူကို၊ သစေဒဿာမိ – အာကယ်၍ ပေးလှူအံ့၊ (ဧ၀ံသတိ)၊ [ဤဌ် သစေသည် ယံနူန၏ အနက်ဖွင့်၊ ယံနူနသည် ပရိ၀တ်ကွန်တွဲ နိပါတ်ပုဒ်။] ရာဇာ-သည်၊ ကေဒိ၀သံ- တနွေ့ဌ်၊ ယံ- အကြင် အလှူကို၊ ဒေတိ- ၏၊ တတော- ထိုအလှူမှ၊ သတဘာဂမို – အစိတ် တရာစိတ်၍ တစိတ်သောအဖို့ကိုသော်လည်း၊ ယာ၀ဇီ၀ံ – အသက်ထက်ဆုံး၊ ဒါတုံ – ပေးလှူခြင်းငှါ၊ နသက္ခိဿာမိ – စွမ်းနိုင်လိမ့်မည်မဟုတ်၊ (ပမ္မဇိဿာမိ-ရဟန်းပြုတော့အံ့၊)ဇ္ဈတိ-သို့၊ ပဇ္ဇဇ္ဇာယံ-ရဟန်းအဖြစ်ဌ်၊ ဥဿာဟံ – အားတက်သရောကို၊ ကတ္ဝာ - ပြု၍၊ ဧ၀ံ - ဤသို့၊ စိန္တေနဘာ၀ံ-ကြံစည်ခြင်းရှိသည်၏အဖြစ်ကို၊ ဒဿေတိ- ၏။

× × × × × × ×

နှင့် အနက်တူပင်ဖြစ်သောကြောင့် "အယမေ၀တ္ထော"ဟု မိန့်သည်၊ "သော – ထိုမင်းသေ့သည်၊ အဿ–ဖြစ်သကဲ့သို့၊ အဟံ – ငါသည်လည်း၊ ၀တ–စင်စစ်၊ အဿံ-ဖြစ်ရာ၏" ဟု ပေးရမည်၊ ထို့ကြောင့်"အယမေ၀တ္ထော"ဟု ဆိုသော်လည်း "အဓိပ္ပါယ်အသားကျ အနက်သာတူ၏၊ နိဿယ (အတ္ထယောဇနာ) မှာ မတူတတ် " ဟု မှတ်ပါ။ [သော ရာဇာ အဿ , အဟံ အဿံ၀တ၊ ယဒိ ပုညာနိ ကရေယျံတိ ယောဇနာ၊– ဋီကာ။]

ဋီကာသစ်။ ။"သော၀တဿာယံတိဝိ ပါဠ္ဍော" ဟူသောပါဌ်ကို ယူ၍ "သော၀တဿာယံတိဝိ ပါဠ္ဍေ သော ရာဇာဝိယ အယံ အဟမ္ပိ အဿံ"ဟု ဖွင့်ထား၏၊ ဤအလို "သော၀တ– ထိုမင်းကဲ့သို့၊ အယံ အဟမ္ပိ– ဤငါသည်လည်း၊ အဿံ– ဖြစ်ရာ၏"ဟု ပေးရလိမ့်မည်၊ " အယံကို အဟံ " ထည့်၍ ပေးရခြင်းကိုလည်း " သော အဟံ – ထို ငါသည် " ဟု ပေးရိုးနှင့် သဘောတူပင်တည်း။ [သော၀တဿာယံတိဝိ ပါဠ္ဍေ သော ရာဇာဝိယ အယံ အဟမ္ပိ အဿံ၊ ကထံ.... ယဒိ ပုညာနိ ကရေယျံတိ အတ္ထသမ္ပ၀တော အယမေ၀တ္ထောတိ ၀ုတ္တံ။]

သတဘာဂမို။ ။ရှင်ဘုရင်၏ တနွေတွက်အလှူကို အစိတ်တရာစိတ်၍ (အပုံတရာပုံ၍) တစိတ် (တပုံ) အဖို့ကို "သတဘာဂ" ဟု ဆိုလိုသည်၊ ပိကား ဂရဟာဇောတကတည်း၊ ထိုရှင်ဘုရင်၏ တနွေစာအလှူကို အပုံတရာပုံလျှင် တပုံသည် အနည်းငယ်မျှဖြစ်၏၊ ထို အနည်းငယ် တပုံကိုသော်မှ အသက်ထက်ဆုံး ကြိုးစား၍ လှူစေကာမူ မှိနိုင်စရာ မရှိပါ–ဟူလို။

ယာ၀ဇီ၀ံ နသက္ခိဿာမိ ဒါတုံ။ ။ယာ၀ဇီ၀ံ နသက္ခိဿာမိ ဒါတုံတိ ယာ၀ဇီ၀ံ ဒါနတ္ထာယ ဥဿာဟံ ကရောန္တော၀ိယ ရာဇာ ဧကံ ဒိ၀သံဒေတိ၊ တတော သတဘာဂမို ဒါတုံ နသက္ခိဿာမိ၊ တသ္မာ ပမ္မဇိဿာမိတိ ပမ္မဇ္ဇာယံ ဥဿာဟံ ကတ္ဝာတိ ယောဇနာ၊– ဋီကာ၊ ဤဋီကာအတိုင်း " ဒါတုံ " နောက်၌ "ပမ္မဇိဿာမိ"ကို ထည့်၍ အနက်ပေးလိုက်ပါသည်။

ကာယေန သံဝုတောတိ- ကား၊ ကာယေန – ကာယဒွါရဖြင့်၊ ပိဟိတော– ပိတ်ဆို့ပြီးသည်၊ ဟုတ္ထဝ-ဖြစ်၍၊ (ပိဟရေယျ၌စပ်)၊ အကုသလဿ-ကာယကံ အကုသိုလ်၏၊ ပဝေဿနဒွါရံ – ဝင်ကြောင်းတံခါးကို၊ (ကာယဝိညတ်ကို)၊ ထကေတ္ထ–ပိတ်၍၊(ပိဟရေယျ၌စပ်)၊ ဣတိအတ္ထော-ဤကား အဓိပ္ပါယ်နက်၊ သေသပဒဒွယေပိ – ကြွင်းသောပုဒ် ၂ ပါးအပေါင်း၌လည်း၊ (ဝါစာယ သံဝု

× × × × × × ×

ကာယေန သံဝုတော။ ။ "စက္ခုန္ဒြိယံ သုသံဝုတံ ဝိဟရန္တံ" စသော ပါဠိတော်များ၌ စောင့်စည်းထိုက် (ပိတ်ဆို့ထိုက်) သော စက္ခုဒွါရ စသည်ကို "စက္ခုန္ဒြိယံ" ဟု ကံအဖြစ်ဖြင့် ထားသောကြောင့် သုသံဝုတံ၏ ကံပုဒ်ကို ရှာဘွယ် မလိုတော့၊ ဤ၌ကား စောင့်စည်းထိုက်သော ဒွါရကို "ကာယေန" ဟု ကရိယာထားသောကြောင့် ကံလို၏၊ ထို့ကြောင့် ဋီကာ၌ "ပဝတ္တနကပါပဓမ္မံ" ဟု ကံပုဒ်ထည့်၍ ဖွင့်သည်။

ဋီကာ။ ။ကာယေန သံဝုတောတိ ကာယေန သံဝရိတမ္မေန ဒွါရေန ပဝတ္တနက ပါပဓမ္မံ သံဝရိတ္ထာ ဝိဟရေယျာတိ (စောင့်စည်းထိုက်သော ကာယဒွါရဖြင့် ဖြစ်လတ္တံ့သော အကုသိုလ်ကို စောင့်စည်း၍နေရာ၏ ဟု) အယမေတ္ထ အတ္ထောတိ ကာယေန ပိဟိတော ဟုတ္ထာတိ အာဒိ။ ["သံဝုတော-ကို" "ပိဟိတော–ပိတ်ဆို့" ဟု ဖွင့်ခြင်းမှာ ဒွါရ (တံခါး) ဟူသည် ပိတ်ဆို့ရသောအရာဖြစ်သောကြောင့် အဓိပ္ပါယ်ထွင်ဖွင့်ခြင်းတည်း။

ဟုတ္ထာ ထည့်ရခြင်း။ ။ သံဝုတော ပိဟိတောတို့သည် ပါဠိတော်၌ "သော" ဟူသော ကတ္တားနှင့် အရတူသော ကတ္တားပုဒ်များတည်း၊ "စောင့်စည်းသည်, ပိတ်ဆို့သည်"ဟု တ ပစ္စည်းအတွက်လည်း ကတ္တားအနက်ပေးရသည်၊ "သံဝုတော + ပိဟရေယျ–စောင့်စည်းသည် + နေရာ၏"ဟု ပေးလျှင် အဓိပ္ပါယ်မှန်မထွက်နိုင်၊ သံဝုတောသည် ပိဟရေယျ၏ ကြိယာဝိသေသနဖြစ်သော်လည်း "စောင့်စည်းသည် + (ဖြစ်၍)" ဟု မပေးနိုင်၊ ဘာ့ကြောင့်နည်း.... သံဝုတောဌ သိဝိဘတ်သည် "ဖြစ်၍"ဟူသော ကြိယာဝိသေသနအနက်ကိုမဟော, လိန်အနက်မျှကိုသာဟောသောကြောင့်တည်း၊ ထို့ကြောင့် "ဟုတ္ထာ"ဟု ပါဌသေသ (ပါဌ်ကြွင်း ပါဌ်ကျန်) အဖြစ်ဖြင့် ထည့်၍ ပိဟရေယျဉ် စပ်ရသည်၊ ထို့ကြောင့် "ဟုတ္ထာတိ ဟိ သေသော"ဟု ဋီကာသစ်ဖွင့်သည်။

ဋီကာသစ်။ ။ ဥဿုက္ကဝစနဝသေန ပနတ္ထော – သံဝုတောသည် ဥဿုက္ကဝစန (နောက်ကြိယာ၌ စပ်ဘို့ရန် အားထုတ်ခြင်းရှိသော သဒ္ဒါ၏) အဖြစ်ဖြင့် အနက်ဖြစ်၏၊ ကြိယာဝိသေသနအနက် ရှိသည်– ဟူလို၊ (ဘာ့ကြောင့်နည်း) ပိဟရေယျပဒေန သမ္မဒ္ဓိတ္တာ–ပိဟရေယျဟူသော နောက်ကြိယာပုဒ်နှင့် စပ်ထိုက်သောကြောင့်တည်း၊ ဤတိ အာဟ–အကုသလပဝေသနဒွါရံ ထကေတ္ထာတိ၊ "ထကေတ္ထာ" ဟု ကြိယာဝိသေသနပုဒ်ကို ထည့်၍ဖွင့်သည်– ဟူလို။ [ကြိယာဝိသေသနကို ဥဿုက္ကကြိယာခေါ်ကြောင်းကို နာမ် ရူပသိဒ္ဓိ-တ္ထာဒိပစ္စယန္တာဒ္ဓ ရှုပါ။]

မှတ်ချက်။ ။ဤ ဋီကာအဖွင့်ကိုထောက်၍ ကြိယာဝိသေသနအနက် ရနိုင်သော ပုဒ်များ၌ ဝိဘတ်က ထို ကြိယာဝိသေသနအနက်ကို မဟောနိုင်သောကြောင့် "ဟုတ္ထာ" ဟု ပါဌသေသထည့်လေ့ရှိကြောင်းကို သိပါ၊ ပါဌသေသမထည့်ဘဲ"ဖြစ်၍"ဟု မြန်မာပြန်ကို ထည့်လျှင်လည်း အပိုထည့်အပ်သောအနက် ဟုသာ မှတ်ပါ၊ "သံဝုတော– စောင့်

တော, မနသာ သံဝုတောဟူသော ပုဒ် ၂ ပါး အပေါင်းဒွ်လည်း)၊ သေဝ နယော-ဤနည်းပင်တည်း၊ ဃာသစ္ဆာဒန ပရမတာယာတိ-ကား၊ ဃာသစ္ဆာဒ နေန– အစားအဝတ်အားဖြင့်၊ (အစားအဝတ်အတွက်)၊ ပရမတာယဉ္စာမ တာယ-မြတ်သူ၏ ဖြစ်ကြောင်းဖြစ်ရာ သလ္လေခအကျင့်ဖြင့်၊ (သန္တုဋ္ဌော ဒ္ဓစပ်)၊

× × × × × × ×

စည်းလျက်"ဟု ပေးရာဒ္ဓလည်း သဒ္ဒတ္ထမဟုတ်, အဓိပ္ပါယတ္ထသာ၊ ဘာ့ကြောင့်နည်း ... သိ ဝိဘတ်က "လျက်" ဟူသော ကြိယာဝိသေသနအနက် မဟောနိုင်သောကြောင့် တည်း၊ "အကုသလ ပဝေသနဒွါရံ"ဒ္ဒ ကာယေနသံဝုတောကို ဖွင့်သောအရာ ဖြစ်သော ကြောင့် "အကုသလ" အရ ကာယကံ အကုသိုလ်ကိုဂုင်း, "ဒွါရ" အရ ကာယဒွါရ ဟူသော ကာယဝိညတ်ကိုဂုင်း, ပကရဏအားလျော်စွာ အရကောက်ရသည်။ ["ထကေ တွာ"နေရာဝယ် သတ္တမီတဒ္ဒ "ဩဂ"ဟု ဓာတ်ရှိသောကြောင့် ထိုအလို "ထဂေတွာ" ဟု ရှိရပေလိမ့်မည်၊ ပါဠိဒ္ဒကား "ထက" ဓာတ်ဟု ဆိုကြ၏။]

ဃာသစ္ဆာဒနေန။ ။ဃသဓဲာတ်သည် စားခြင်း (ဘက္ခန=အသန) အနက်ကို ဟောဏ်၊ ဃသိတမ္မော–စားထိုက်၏၊ ဇုတိ ဃာသော၊ အစ္ဆာဒီယတိ (အာ-ဘုသော+ ဆာဒီယတိ) အနေနာတိ အစ္ဆာဒနံ= ကိုယ်ကို လွှန်စွာ (ကောင်းစွာ) ဖုံးလွှမ်းကြောင်း အဝတ်၊ ထို ၂ ပုဒ်ကို သမာဟာရ ဒွန်တွဲ။

ပရမတာယ။ ။ပရမဿ + ဘာဝေါ ပရမတာ – မြတ်သူ၏ ဖြစ်ကြောင်းဖြစ်ရာ သလ္လေခအကျင့်၊ ဃာသစ္ဆာဒနေန-အစားအဝတ်အားဖြင့် (အစားအဝတ် အရာဌ်) + ပရမတာ-မြတ်သူ၏ ဖြစ်ကြောင်းဖြစ်ရာ သလ္လေခအကျင့်တည်း၊ ဃာသစ္ဆာဒနပရမတာ-အစားအဝတ်အားဖြင့် မြတ်သူ၏ ဖြစ်ကြောင်းဖြစ်ရာ သလ္လေခအကျင့်၊ ဤအဓိပ္ပါယ်ကို သိစေလိုခြ် "တေဒတ္ထမ္ပိ၊ပေ၊အဂ္ဂသလ္လေခေန သန္တုဋ္ဌော"ဟု အဋ္ဌကထာဒ္ဒ အဓိပ္ပါယတ္ထ ဖွင့်သည်၊ ဃာသစ္ဆာဒနေနကို ပရမတာဒ္ဒ "တပသာ ဥတ္တမော" ကဲ့သို့ ဘိန္နာဓိကာရဏာ ဝိသေသနစပ်။

ဋီကာသစ်။ ။ဥတ္တဋ္ဌဘာဝေ ဝါ သဏ္ဌိတော (မုဒု, မဇ္ဈ, ဥတ္တဋ္ဌ ဒုမျိုးတွင် ဥတ္တဋ္ဌ အကျင့်ဒ္ဒ ကောင်းစွာတည်သူ ဖြစ်ရကား) ဃာသစ္ဆာဒန မတ္တမေဝ + ပရမံ ပမာဏံ ကောဋိ (ဋီကာဟောင်းဒ္ဒ "ပရမာ ကောဋိ" ဟု ရှိ၏၊) တေဿ (နတတောပရံ ကိဋ္ဌိ အာမိသဇာတံ ပရိယေသတိ ပစ္စာသီသတိစာတိ) ဃာသစ္ဆာဒန ပရမော၊ တဿ+ ဘာဝေါ ဃာသစ္ဆာဒနပရမတာတိပိ အဋ္ဌကထာမုတ္တကော နယော၊ ဤသို့ ဋီကာတို့ဒ္ဒ အဋ္ဌကထာနည်းမှ တနည်း ဖွင့်ကြသေး၏။

မူတ်ချက်။ ။ထိုအလို"ဃာသစ္ဆာဒနမတ္တမေဝ+ပရမံ ယဿာတိ ဃာသစ္ဆာဒန ပရမော၊ တဿ+ဘာဝေါ ဃာသစ္ဆာဒနပရမတာ"ဟု ပြု၍ "အစားအဝတ်ဟူသော အလွန်ဆုံး အတိုင်းအရှည်ရှိသူ၏ အဖြစ်၊ ဝါ–စားရုံ ဝတ်ရုံသာ အလွန်ဆုံး အတိုင်း အရှည်ရှိသူ၏အဖြစ်" ဟု အနက်ပေးပါ။ [မတ္တဖြင့် " စားရုံ ဝတ်ရုံထက် အပိုအမိုမထား, အခြားပစ္စည်းများကိုလည်း မတောင့်ဟ " ဟု ပြ်သည်၊ ဤနည်းဒ္ဒ " ဃသန် ဃာသော (စားခြင်း, စားရုံ) အစ္ဆာဒီယတေ အစ္ဆာဒနံ (ဝတ်ခြင်း,ဝတ်ရုံ)"ဟု ဘာဝ သာဓနလည်း ရသင့်၏ဟု ဋီကာသစ်ကြ်သည်။]

တေဒတ္ထမ္ပိ-ဤ အစားအဝတ် အကျိုးငှါသော်မှလည်း၊ အနေသနံ - မသင့်သော ရာမှီးခြင်းကို၊ ပဟာယ – ပယ်စွန့်၍၊ အဂ္ဂသလ္လေခေန – မြတ်သော သလ္လေခ အကျင့်ဖြင့်၊ သန္တုဋ္ဌော–တင်းတိမ် ရောင့်ရဲ၏၊ ဣတိအတ္ထော- နက်။

အဘိရတော ပဝိဝေကေတိ - ကား၊ ဝိဝေကဋ္ဌကဒယာနံ - ဝိဝေက်၌တည်သော ကိုယ်ရှိသောပုဂ္ဂိုလ်တို့၏၊ ကာယဝိဝေကော၀- ကာယဝိဝေကဂုဏ်း၊ ဝါ- ကိုယ်အားဖြင့် အပေါင်းအဖော်တို့မှ ကင်းဆိတ်ခြင်းဂုဏ်း၊ နေက္ခမ္မာဘိရတာနံ- ကာမမှ ထွက်မြောက်ကြောင်း ဈာန်၌ မွေ့လျော်ကုန်သော၊ ပရမဝေါဒါနပ္ပတ္တာနံ – အလွန် ဖြူစင်သူ၏အဖြစ်သို့ ရောက်ကုန်သော ပုဂ္ဂိုလ်တို့၏၊ စိတ္တဝိဝေကော၀–စိတ္တဝိဝေကဂုဏ်း၊ ဝါ – စိတ်၏ ကိလေသာတို့မှ ကင်းဆိတ်ခြင်းဂုဏ်း၊ နိရုပဓိနံ-ကိလေသုပဓိ,အဘိသင်္ခါရုပဓိ မရှိကုန်သော၊ ဝိသင်္ခါရဂတာနံ- သင်္ခါရတို့၏ ကင်းရာနိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ရောက်ကုန်သော၊ ပုဂ္ဂလာ

× × × × × × ×

သန္တုဋ္ဌော။ ။“သမ္မာ+တုဋ္ဌော သန္တုဋ္ဌော (ကောင်းစွာရောင့်ရဲ၏၊ ဝါ- ဇရားနှင့်အညီ ရောင့်ရဲ၏)၊ သံဝိဇ္ဇမာနေန+တုဋ္ဌော သန္တုဋ္ဌော (ထင်ရှားရှိသောပစ္စည်းဖြင့် ရောင့်ရဲ၏၊–အပိမရှာ-ဟူလို၊) သကေန + တုဋ္ဌော သန္တုဋ္ဌော (မိမိမှာ ရှိရင်းဥစ္စာဖြင့် ရောင့်ရဲ၏၊–သူများ၏ဟာ မမျော်-ဟူလို)၊ ဤသို့ သဒ္ဒတ္ထမှတ်ပါ။

အဘိရတော ပဝိဝေကေ။ ။“ပ– အပြားအားဖြင့် + ဝိဝေက – ကင်းဆိတ်” ဟူရာ၌ ပအတွက် ဝိဝေကအပြားကို ပြလို၍ “ကာယဝိဝေကောစ ၊ပေ၊ တိဝိဓေဝိ ဝိဝေကေ ရတော” ဟု ဖွင့်သည်၊ “ ပဝိဝေက” အရ ကာယဝိဝေက, စိတ္တဝိဝေက, ဥပဓိဝိဝေက ၃ ပါးပြားသော ဝိဝေကကိုဟူပါ၊ အဘိရတောဉ်လည်း အဘိအနက်မရှိ-ဟူလို။

ကာယဝိဝေကော။ ။ဝိဝိစ္စတိတိ ဝိဝေကော – အပေါင်းအဖော်မှ ကင်းသော (ဆိတ်သော) အရ၌၊ ဝိဝေကေ+ တိဋ္ဌတီတိ ဝိဝေကဋ္ဌော၊ ဝိဝေကဋ္ဌော + ကာယော ယေသံတိ ဝိဝေကဋ္ဌကာယာ၊ တယောက်ထည်း နေခြင်းကို “ ကာယဝိဝေက ” ဟု ခေါ်သည်၊ [ကာယေန–ကိုယ်အားဖြင့် + ဝိဝေကော–အပေါင်းအဖော်တို့မှ ကင်းဆိတ်ခြင်းတည်း၊ ကာယဝိဝေကော–ခြင်း။] ထို့ကြောင့် နောက်၌ “ဂဏသင်္ဂဏိကံ ပဟာယ ကာယေန ဧကော ဝိဟာရတိ ” ဟု ကာယဝိဝေကရှိသူကို သရုပ်ဖော်သည်။ [ဂဏသင်္ဂဏိကပုဒ်ပြီးပုံကို ပါရာဇိက သုဒိန္နကဏ္ဍ ဘာသာဋီကာ၌ ပြခဲ့ပြီ။]

စိတ္တဝိဝေကော။ ။ကိုယ်အားဖြင့် အပေါင်းအဖော်မှ ခွဲခွါ၍ တယောက်ထည်း နေသော်လည်း ကာမဂုဏ် အာရုံတို့ကို ကြိုစည်ခြင်း ကာမသက်ပ္ပ, သူတပါးကို သေစေလိုခြင်း ဗျာပါဒသက်ပ္ပ, ညှဉ်းဆဲလိုခြင်း ဝိဟိံသာသက်ပ္ပဖြစ်နေလျှင် စိတ္တဝိဝေက မဖြစ်သေး၊ ထို့ကြောင့် “နေက္ခမ္မာဘိရတာနံ ပရမဝေါဒါနပ္ပတ္တာနံ”ဟု ဝိဝေကဖြစ်သူတို့ကို ဖော်ပြသည်၊ နောက်၌လည်း “ စိတ္တကိလေသသင်္ဂဏိကံ ပဟာယ ” စသည်ဖြင့် သရုပ်ဖော်သည်။ [“နေက္ခမ္မ” အရ ဈာန်ကိုယူပါ၊ နေက္ခမ္မာဘိရတာနန္တိ ဈာနာဘိရတာနံ၊ ပရမဝေါဒါနပ္ပတ္တာနန္တိ တာယဝေ ဈာနာဘိရတိယာ ဥတ္တမံ စိတ္တဝိသုဒ္ဓိံ ပတ္တာနံ၊–ဋီကာသစ်။]

နံ–ပုဂ္ဂိုလ်တို့၏၊ ဥပဓိဝေကောစ-ဥပဓိဝေကငင်း၊ ဝါ–ဥပဓိတို့မှ ကင်းဆိတ်ခြင်းငင်း၊ ဣတိဝေံ- ဤသို့၊ ဝုတ္တော – မဟာနိဒ္ဒေသဝယ် ဟောတော်မူအပ်သော၊ တိဝိဓေပိ-၃ ပါး အပြားရှိသည်လည်းဖြစ်သော၊ ဝိဒဝကေ·ဝိဒဝကဋ္ဌ၊ ရတော-မွေ့လျော်၏။

ဂဏသင်္ကိတံ – အပေါင်းအဖော်၌ ပေါင်း၍ ရေတွက်ရခြင်းကို၊ ဝါ–အပေါင်းအဖော်၌ ပေါင်း၍နေခြင်းကို၊ ပဟာယ- ပယ်စွန့်၍၊ ကာယေန-ကိုယ်အားဖြင့်၊ ကော-အဖော်မဲ့မှီး တယေဝံထည်းသည်၊ (ဟုတ္တာ-၍)၊ ဝိဟရတိ-နေ၏၊ စိတ္တကိလေသ သင်္ကိတံ-စိတ်၌ ကိလေသာတို့၏ပေါင်း၍ရေတွက်ရခြင်းကို၊ ဝါ-စိတ်၌ ကိလေသာတို့၏ ပေါင်းဆုံခြင်းကို၊ ပဟာယ-၍၊ အဋ္ဌသမာပတ္တိဝသေန- ရှစ်ပါးသော သမာပတ်တို့၏အစွမ်းဖြင့်၊ ကော- ကိလေသာ အဖော်မဲ့မှီး တယောက်ထည်းသည်၊ (ဟုတ္တာ) ဝိဟရတိ၊ ဖလ သမာပတ္တိံ ဝါ– ဖလသမာပတ်သို့သော်ငင်း၊ နိရောဓသမာပတ္တိံ ဝါ-နိရောဓသမာပတ်သို့သော်ငင်း၊

× × × × × × ×

ဥပဓိဝိဝေကော ။ ။ဥပ + ဓာဓာတ် ဣ ပစ္စည်းဖြင့်ပြီးသော ဥပဓိသဒ္ဒါသည် ကပ်၍ ဝဋ္ဋဒုက္ခကို ထားအပ်ရာခန္ဓာ ၅ ပါး , ထိုထိုအာရုံ၌ ကပ်၍ တည်တတ်သော ကိလေသာ, ဝဋ္ဋဒုက္ခတို့ကို ကပ်၍ထားတတ်သော အဘိသင်္ခါရတို့ကို ဟော၏၊ ထို့ဥပဓိတို့မှ ကင်းဆိတ်သောတရား ဟူသည် နိဗ္ဗာန်တည်း၊ ထို့ကြောင့် နောက်၌ “ နိဗ္ဗာန်ပတ္တာ ” ဟု ဥပဓိဝိဝေကရှိသူကို သရုပ်ဖော်သည်။ [နိရုပဓိနံ်၌ကား ဥပဓိအရ ခန္ဓာ ၅ ပါးရှိနေသော ပုဂ္ဂိုလ်ရသောကြောင့် ခန္ဓာပဓိကို မယူရ၊ ထို့ကြောင့် “ နိရုပဓိနန္တိ ကိလေသုပဓိ အဘိသင်္ခါရုပဓိဟိ အစ္စန္တဝိဂတာနံ”ဟု ဋီကာသစ်ဖွင့်သည်။]

စိတ္တကိလေသသင်္ကိတံ။ ။စိတ္တေ ကိလေသာနံ သန္နိပတနံ=စိတ်၌ ကိလေသာတို့ ကျရောက်ခြင်းကို “စိတ္တကိလေသ သင်္ကိတာ”ဟု ခေါ်၏၊ သင်္ကိတာ၏သဒ္ဒါနက်မှာ “သံ– ပေါင်း၍ + ဂဏ– ရေတွက်ရခြင်း” ဟူသည်တည်း၊ ပေါင်း၍ ရေတွက်ရခြင်းကို “ပေါင်းမိခြင်း”ဟု ခေါ်သည်၊ ထိုသို့ ကိလေသာနှင့်မပေါင်းမိရအောင် ဈာန်သမာပတ် ဝင်စားနေခြင်းကို “ ဧကော ဝိဟရတိ– ကိလေသာအဖော်မရှိဘဲ နေသူ” ဟု ဆိုရ၏၊ ဧက သဒ္ဒါသည် အသဟာယအနက်ဟောတည်း။

ဖလဖေပါနိရောဓသမာပတ္တိံ။ ။မင်္ဂ , ဝေါတြဘု, ဝေါဒါန်တို့သည်း နိဗ္ဗာန်ကို အာရုံပြုနိုင်ကြပါ၏၊ သို့သော် ထိုစိတ်တို့တွင် မင်္ဂသည် စိတ္တက္ခဏတချက်မျှ ဖြစ်ရသောကြောင့်၎င်း, ဝေါတြဘုစသည်တို့ကား အရဟာမဖေါ်ဘဲ ထို နိဗ္ဗာန်အာရုံကို ယူကာမတ္တ ဖြစ်သောကြောင့်၎င်း , ထိုစိတ်တို့ကိုမယူဘဲ နိဗ္ဗာန်ချမ်းသာကို ထိထိမိမိ သိရှိနိုင်သော ဖလသမာပတ်ကိုဂုင်း, နိရောဓသမာပတ် ပြီးလျှင် ဖလသမာပတ် ဖြစ်သောကြောင့်ဂုင်း, ထိုသမာပတ် ၂ ပါးကိုသာ ယူထားသည်၊–ဋီကာ။

မှတ်ချက်။ ။တရားစကားပြောသောပုဂ္ဂိုလ်သည် ပဌမဝိဝေကကို အခြားဝိဝေက ၂ ပါးနှင့် ခွဲ၍လည်း ပြောနိုင်, တွဲ၍လည်းပြောနိုင်၏၊ ဘာ့ကြောင့်နည်း–ကာယဝိဝေက ဖြစ်သော်လည်း နောက် ၂ ပါးက ဖြစ် – မဖြစ် မမြဲသောကြောင့်တည်း၊ ဒုတိယဝိဝေက

ပဝိသိတွာ-ဝင်၍၊ နိဗ္ဗာနံ-နိဗ္ဗာန်သို့၊ ဝါ- မျှပ်နာမ်ခပ်သိမ်း အားငြိမ်းခြင်းသို့၊ ပတွာ- ရောက်၍၊ ဝိဟရတိ၊ ဣတိအတ္ထော- ဤကားအနက်။ ["ဂဏသင်္ကိကံ ပဟာယ"မှစ၍ ဝိဟရတိတိုင်အောင် "တီဝိဓေဝိ ဝိဝေကေ ရတော"၏ အနက် အဓိပ္ပါယ်ပြဟု ဆိုလိုသည်။]

ယဿ္ဿတိ-ယဿ္ဿဟူသော သဒ္ဒါသည်၊ စောဒနတ္ထေ-တိုက်တွန်းခြင်းအနက်၌၊ (ပဝတ္တော)၊ နိပါတော - တည်း၊ အာသနေနပိ နိမန္တေယျာမာတိ - ကား၊ နိသိန္နာသနံ- ထိုင်နေရာနေရာကို၊ (မိမိထိုင်တဲ့နေရာကို)၊ ပမ္မြါဒ္ဓေတ္ဝာ- ခါ၍၊ ဣမ-ဤနေရာ၌၊ နိသီဒထ-ထိုင်ပါကုန်၊ ဣတိ, ဝဒေယျာမ- ပြောရာပါကုန်၏၊ အဘိန်မန္တေယျ်ာမပိနန္တိ-ကား၊ အဘိဟရိတ္ဝာပိ-ရှေးရှုဆောင်၍လည်း၊ နံ-ထို ရဟန်းကို၊ နိမန္တေယျာမ-ဖိတ်မန်ကုန်ရာ့ပါ၏၊ တတ္ထ-ထိုအဘိနိမန္တေယျာမပိနံ ဟူသောပါဠိ၌၊ (လဇ္ဇမာနော- ရထိုက်သော၊) အဘိဟာရော – ရှေးရှုဆောင်ခြင်းသည်၊ ဝါစာယ-နှုတ်အားဖြင့်၊ (အဘိဟာရော) စေဝ- ရှေးရှုဆောင်ခြင်းရင်း၊ ကာယေန-ကိုယ်အားဖြင့်၊(အဘိဟာရော)စ-ရင်း၊(ဣတိ-သို့၊)ဒုဝိဓော-၂ ပါး အပြားရှိ၏။

ဟိ- ခဲ့၊ [ဝဒန္တောဟိမှ "ဟိ"ကို ယူ၍ပေးသည်။] တုမှာကံ – အရှင်ဘုရား တို့၏၊ ဣန္ဒိတိန္ဒိတက္ခဏော – အလိုရှိအပ်ရာ, အလိုရှိအပ်ရာခဏ၌၊ အဟံ – တပည့်တော်သည်၊ စီဝရာဒီဟိ- သင်္ကန်း အစရှိသောပစ္စည်းတို့ဖြင့်၊ (ပယောဇ

× × × × × × ×

ဉ်လည်း နည်းတူ၊ တတိယဝိဝေကကိုကား ကာယစိတ္တ ဝိဝေက ၂ ပါးလုံးနှင့် တွဲ၍သာ ပြောနိုင်၏၊ ခွဲ၍မပြောနိုင်၊ ဘာ့ကြောင့်နည်း....ရှေဝိဝေက ၂ ပါးမဖြစ်လျှင် ဥပဓိဝိဝေက မဖြစ်နိုင်သောကြောင့်တည်း။ [ဋီကာစာအုပ်များ၌ "ဝတ္တွေ"နေရာဝယ် "ပတ္တွေ" ဟုလည်း ရှိ၏၊ ကောင်းမည်မထင်။]

နိဗ္ဗာနံ ပတ္ဝာ ။ ။ ဖလသမာပတ်သည် ဖိုလ်စိတ် ဖြစ်သောကြောင့် ထိုစိတ် (စေတသိက်) တို့ဖြင့် နိဗ္ဗာန်ကို အာရုံပြုခြင်းကို "နိဗ္ဗာနံ ပတ္ဝာ" ဟု ဆို၏၊ နိရောဓသမာပတ်ကား စိတ် စေတသိက်တို့၏ ချုပ်ခြင်းဖြစ်၏၊ ထိုချုပ်ခြင်းသည် ငြိမ်းအေးခြင်း နိဗ္ဗုတိပင်တည်း၊ ထို ငြိမ်းအေးခြင်းသို့ ရောက်ခြင်းကို "နိဗ္ဗာနံ ပတ္ဝာ" ဟု ဆိုသည်။

စောဒနတ္ထေ ။ ။တိုက်တွန်းခြင်းကို "စောဒနတ္ထ"ဟု ခေါ်သည်၊ စောဒနတ္ထေတိ ဇာနာပေတုံ ဉာသာဟကရဏတ္ထေ – သိစေခြင်းငှါ အားထုတ်မှုကိုပြုခြင်း = သိအောင် တိုက်တွန်းခြင်း– ဋီကာသစ်၊....ပါဠိတော်၌ "ယဿ္ဿ ဒေဝ ဇာနေယျာသိ"ဟု ရှိသောကြောင့် "ဇာနာပေတုံ" ဟု ဆိုသည်၊ "ယဿ္ဿ ကာရေယျာသိ" ဟု ရှိလျှင်ကား "ကာရာပေတုံ"ဟု ဆိုရလိမ့်မည်။

စီဝရာဒီဟိ ။ ။စီဝရာဒီဟိပုဒ်၏ ရှေ့၌ အဟံဟုငင်း, အမှာကံဟုငင်း ပါ၌ ၂ မျိုးတွေ့ရ၏၊ [အခြားမူကွဲများလည်းရှိ၏။] "အဟံ စီဝရာဒီဟိ ပယောဇနံ သာဓေဿာမိတိ ဝစနသေသော"ဟု ဋီကာဖွင့်သောကြောင့် "အဟံ စီဝရာဒီဟိ"သည် ရှေးပါဌ်

နံ - သုံးစွဲခြင်းကို၊ သာဓေဿာမိ - ပြီးစေပါဘုံ၊) ယေန - အကြောင် ပစ္စည်းဖြင့်၊ အတ္ထော-အလိုသည်၊ (အတ္ထိ)၊ တံ-ထိုပစ္စည်းကို၊ ဝဒေယျာထ- ပြောပါကုန်၊ ဣတိ - ဤသို့၊ ဝဒန္တော - ပြောဆိုသော ဒါယကာသည်၊ ဝါစာယ - အားဖြင့်၊ အဘိဟရိတွာ-ရွေးရွှဆောင်၍၊ နိမန္တေတိနာမ - ဖိတ်မန်သည်မည်၏။

ပန- ကား၊ စီဝရာဒိဝေကလ္လံ - သင်္ကန်း အစရှိသော ပစ္စည်းတို့၏ ချို့တဲ့ကုန်သည်၏အဖြစ်ကို၊ သလ္လက္ခေတွာ - မှတ်သား၍၊ ဣဒံ - ဤပစ္စည်းကို၊ ဂဏှာထ- ခံယူပါကုန်၊ ဣတိ - ဤသို့ လျှောက်၍၊ တာနိ – ထို သင်္ကန်းအစရှိသော ပစ္စည်းဝတ္ထုတို့ကို၊ ဒေန္တော– ပေးလှူသောဒါယကာသည်၊ ကာယေန- ဖြင့်၊ အဘိဟရိတွာ-၍၊ နိမန္တေတိနာမ- မည်၏၊ တဒုဘယမ္မိ - ထို ဝါစာဘိဟာရ, ကာယာဘိဟာရ ၂ ပါးစုံကိုလည်း၊ သန္ဓာယ – ရည်ရွယ်၍၊ အဘိနိမန္တေယျာမပိနံတိ – ဟူ၍၊ အာဟ-လျှောက်ပြီ။

စ– ဆက်၊ တ္ထေ– ၌ အဘိနိမန္တေယျာမပိနံဟူသော စကားရပ်၌၊ ဂိလာန ၊ပေ၊ပရိက္ခာရောတိ- ကား၊ ယံကိဉ္စိ – အမှတ်မရှိ တစုံတခုသော၊ ဂိလာနဿ– ဂိလာနအား၊ သပ္ပါယံ - လျောက်ပတ်သော၊ (ရောဂါ ပယ်နိုင်သည့်အတွက် လျောက်ပတ်သော)၊ ဩသဓံ-ဆေးတည်း၊ ပန-ဆက်၊ ဝစနတ္ထော-ဝစနတ္ထကို၊ ("ဂိလာနပစ္စယဘေသဇ္ဇ ပရိက္ခာရော" ပုဒ်၏ ဝစနတ္ထကို)၊ ဝိသုဒ္ဓိမဂ္ဂေ– ဝိသုဒ္ဓိမဂ်၌၊ (မယာ)၊ ဝုတ္တော။ [ပါရာဇိက, စတုတ္ထ သံယာဒိသေသ ဘာသာဋီကာ၌ ပြထားပြီ။]

ရက္ခာဝရဏဂုတ္တိန္တိ - ကား၊ ရက္ခာသခ်ါတဥ္စေဝ – ရက္ခာဟု ဆိုအပ်သည်လည်း ဖြစ်သော၊ ဝါ – ဘေးရန်မပေါ်ခင် ကြိုတင်၍ စောင့်ရှောက်ခြင်း ဟု ဆိုအပ်သည်လည်းဖြစ်သော၊ အာဝရဏသခ်ါတဥ္စ-အာဝရဏဟု ဆိုအပ်သည်

× × × × × × ×

ဖြစ်ဟန်တူ၏၊ "ပယောဇနံ သာဓေဿာမိ" ကား ပါဌသေသတည်း။ ["ပယောဇနံ– အကျိုးကို" ဟု ပေးကြ၏၊ " ပရသမညာ ပယောဂေ "၌ကဲ့သို့ " သုံးစွဲခြင်းကို " ဟု ပေးလျှင် သာ၍ သင့်မည်ထင်သည်။]

စီဝရာဒိဝေကလ္လံ။ ။ဝိကလာနံ – ချို့တဲ့ကုန် (ခေါင်းပါးကုန်)သော သင်္ကန်း အစရှိသည်တို့၏ + ဘာဝေါ – ဖြစ်ကြောင်းဖြစ်ရာ ချို့တဲ့ခြင်း ခေါင်းပါးခြင်းတည်း၊ ဝေကလ္လံ-ခြင်း၊ စီဝရာဒိနံ+ဝေကလ္လံ စီဝရာဒိဝေကလ္လံ။ [စီဝရာဒိနံ လူခတာယ ဝိကလ ဘာဝံ၊– ဋီကာသစ်။]

ရက္ခာဝရဏ။ ။"ရက္ခာသခ်ါတဥ္စေဝ အာဝရဏသခ်ါတဥ္စ ဂုတ္တိ" ဟု ဆိုသော ကြောင့် ရက္ခာနှင့် အာဝရဏသည် အရက္ခဲ (ဒွန်) ဖြစ်၍ ထို နှစ်ပုဒ်လုံးပင် ဂုတ္တိနှင့် အရတူ (ကမ္မဓာရဲ) ဖြစ်ကြောင်းကို သိရ၏၊ ထို့ကြောင့် " ရက္ခာဂုတ္တိ , အာဝရဏဂုတ္တိ " ဟု ဂုတ္တိ ၂ မျိုးခွဲပါ၊ ထိုတွင်....

လည်းဖြစ်သော၊ ဝါ – ဘေးရန်ဒပါမှ ကာကွယ်တားမြစ်ခြင်းဟု ဆိုအပ်သည် လည်းဖြစ်သော၊ ဂုတ္တိ - စောင့်ရှောက်ခြင်းကို၊ (သံဝိဒဟေယျာမ ၌စပ်)၊ ပန– ဆက်၊ သာ သော-ထို ရက္ခာဂုတ္တိ, အာဝရဏဂုတ္တိသည်၊ အာဝုဓဟတ္ထ-လက်၌ လက်နက်ရှိကုန်သော၊ (လက်နက်စွဲကိုင်ကုန်သော)၊ ပုရိသေ-တို့ကို၊ ထပေန္တေ န-ထားသောပုဂ္ဂိုလ်သည်၊ ဓမ္မိကာနာမ–ဓမ္မိကာမည်သော စောင့်ရှောက်ခြင်းသည်၊ ဝါ-ကို၊ သံဝိဒဟိတာ–စီရင်အပ်သည်၊ န ဟောတိ- မဖြစ်။

ပန–အနန္တယကား၊ ယထာ–အကြင် အခြင်းအရာအားဖြင့် စီရင်အပ်သော်၊ အဝေလာယ-အချိန်မဲ့ အခါမဲ့၌၊ ကဠဟာရိက ပဏ္ဍဟာရိကာဒယော-ထင်းကို ဆောင်ယူတတ်သော မိန်းမ, ဟင်းရွက်ကိုဆောင်ယူတတ်သောမိန်းမ အစရှိသူတို့သည်၊ (ထင်းခွေသူမ , ဟင်းရွက်ခူးသူမ အစရှိသူတို့သည်)၊ ဝိဟာရံ– ကျောင်းတိုက်အတွင်းသို့၊ န ပဝိသန္တိ - မဝင်ကြကုန်၊ မိဂလုဒ္ဓကာဒယော – သားမူဆိုး အစရှိသူတို့သည်၊ ဝိဟာရသီမာယ–ကျောင်း၏ ဥပစာရသိမ်၌၊ ဝါ-ကျောင်း၏ လာဘသိမ်၌၊ မိဂေဝါ-သားကောင်တို့ကိုသော်၎င်း၊ မစ္ဆေဝါ-ငါး

× × × × × × ×

ရက္ခာဂုတ္တိ။ ။ဘာဝိနော အနတ္ထသ အဇနနဝသေန ပရိပါလနံ ရက္ခာဂုတ္တိ – ဖြစ်လတ္တံ့သော အကျိုးမဲ့ကို (ဖျက်ဆီး နှိပ်စက်မှုကို) မဖြစ်စေခြင်း၏ အစွမ်းဖြင့် (မဖြစ်အောင်) စောင့်ရှောက်ခြင်းသည် ရက္ခာဂုတ္တိ မည်၏၊ “ ဘေးရန်မပေါ်ခင် ကြိုတင်၍ စောင့်ရှောက်ခြင်း ” ဟူလို။ [ရက္ခဏံ ရက္ခာ၊ ဂေါပနံ ဂုတ္တိ – စောင့်ရှောက်ခြင်း၊ ရက္ခာ ဧဝ + ဂုတ္တိ ရက္ခာဂုတ္တိ။]

အာဝရဏဂုတ္တိ ။ ။ ပစ္စုပ္ပန္နသ ပန အနတ္ထသ နိသေဓဝသေန ပရိပါလနံ အာဝရဏဂုတ္တိ – ပစ္စုပ္ပန်ဖြစ်သော (ပေါ်လာသော) အကျိုးမဲ့ (ဘေးရန်) ကို တားမြစ်ခြင်း၏အစွမ်းဖြင့် စောင့်ရှောက်ခြင်းသည် အာဝရဏဂုတ္တိ မည်၏၊ “ ဘေးရန်ပေါ်လာသောအခါ ထိုဘေးရန်ကို ဆီးတား ကာကွယ်ခြင်း ” ဟူလို။ [အာဝရိယတေ–ပိတ်ဆို့တားမြစ်ခြင်း၊ အာဝရဏံ–ခြင်း၊ အာဝရဏံ ဧဝ + ဂုတ္တိ အာဝရဏဂုတ္တိ။]

သာ ပနေသာ။ ။“ဓမ္မိကံ ရက္ခာဝရဏဂုတ္တိ” ဟု ပါဠိတော်၌ရှိ၏၊ ထို၌ ဓမ္မိကံ ဟူသော ဝိသေသနကို အဘယ်ကိုရည်ရွယ်၍ ဆိုအပ်ပါသနည်း ဟု မေးဘွယ်ရှိသော ကြောင့် “သာ ပနေသာ” ဟု တက်ရပြန်သည်၊ “တံ သန္ဓာယာဟ ဓမ္မိကန္တိ” ဟူသော အဋ္ဌကထာကို ကြည့်၍ ကျမ်းတက်သည်၊ ဋီကာသစ်၌ကား – “ ကာမတ္ထိယံ ဓမ္မိကန္တိ ဝိသေသနန္တိ-ဓမ္မိကံဟူသော ဝိသေသနသည် အဘယ်အကျိုး ရှိပါသနည်းဟု မေးဘွယ်ရှိသောကြောင့်၊ အာဟ-သာပနေသာတိ အာဒိ”ဟု ကျမ်းတက်လေသည်။

ဝိဟာရသီမာယ။ ။ကျောင်းတိုက်၏ဥပစာဖြစ်သော ဥပစာရသိမ်, ကျောင်းတိုက်၏ လာဘ်လာဘ (ဝတ္ထုကံ) ရရာဖြစ်သော လာဘသိမ်ကို “ ဝိဟာရသီမာ ”ဟု ဆိုလိုသည်၊ ထိုသိမ်များကို ဝိနည်းမဟာဝဂ္ဂ-စီဝရက္ခန္ဓကဋ္ဌ ရှုပါ၊ မှန်၏–လာဘသိမ်အတွင်း၌ လာဘ်မရအောင် နှောက်ရှက်လျှင်လည်း အာဝရဏ (တားမြစ်)မှု ဖြစ်ရမည်သာ။ [ဝိဟာရသီမာယဟိ ဥပစာရသီမာယ လာဘသီမာယဝါ၊–ဋီကာသစ်။]

တို့ကိုဆော်၎ငင်း၊ နဂဏ္ဌန်တိ- မဖမ်းယူကြကုန်၊ ဧဝံ – ဤ အခြင်းအရာအားဖြင့်၊ (ကဋ္ဌဟာရိက အစရှိသူတို့၏ ကျောင်းတိုက်အတွင်းသို့ မဝင်နိုင်လောက်အောင်သော အခြင်းအရာ, သားမွေးအစရှိသူတို့၏ သားငါးတို့ကို မဖမ်းနိုင်လောက်အောင်သော အခြင်းအရာအားဖြင့်)၊ သံဝိဒဟန္တေန- စီရင်သေးပုဂ္ဂိုလ်သည်၊ ဓမ္မိကာနာမ- ဓမ္မိကာမည်သော၊ ဝါ- တရား၌ ယှဉ်သည်မည်သော၊ ရက္ခာ– အစောင့်အရှောက်သည်၊ ဝါ-ကို၊ သံဝိဒဟိတာ-စီရင်အပ်သည်၊ ဟောတိ-၏၊ တံ – ထို တရား၌ယှဉ်သော အစောင့်အရှောက်ကို၊ သန္ဓာယ – ရည်ရွယ်၍၊ ဓမ္မိကန္တိ-ဓမ္မိကံဟူ၍၊ အာဟ– လျှောက်ပြီ။

ယဒိ၊ ဧဝံသန္တေတိ-ကား၊ တဝ-သင်မင်းမြတ်၏၊ ဒါသော-ကျွန်သည်၊(ကျွန်ဖြစ်သူက)၊ တုယ္ဟံ- သင်မင်းမြတ်၏၊ သန္တိကာ- မှ၊ အဘိဝါဒနာဒီနိ - ရှိခိုးခြင်းအစရှိသော အကျိုးတို့ကို၊ ယဒိ လဘေထ– အကယ်၍ ရအံ့၊ ဧဝံ သန္တေ- ဤသို့ဖြစ်လသော်၊ (သန္ဒိဋ္ဌိကံ - ကိုယ်တိုင်ကိုယ်ကြုပ်, တွေ့မြင်အပ်သော၊ သာမညဖလံ-ရဟန်းအဖြစ်၏အကျိုးသည်၊ ဟောတိဝါ-ဖြစ်သလော၊ နော ဟောတိဝါ-မဖြစ်သလော-ဟု ပါဠိတော်၌စပ်)။

× × × × × × ×

ယဒိ, ဧဝံ သန္တေ။ ။ပါဠိတော်၌ ရှေနားဝယ် “ အထခေါ နံ မယမေဝ အဘိဝါဒေယျာမပိ ၊ပေ၊ ပရိက္ခာရေဟိ”ဟု ရှိ၏၊ ထိုအားလုံးကိုချုံး၍ “ယဒိ တဝ ဒါသော တုယ္ဟံ သန္တိကာ အဘိဝါဒနာဒီနိ လဘေထ ”ဟု ယဒိ၏စွဲနက်ကိုပြသည်၊ ထိုသို့ပြရာ၌ ရှေက ကြိယာအားလုံးကို ယဒိဖြင့် မသုံးသပ်စေဘဲ အဓိပ္ပါယ်ကိုသာ ကောက်ချက်ချ၍ အကျဉ်းချုပ်ပြခြင်းဖြစ်သည်။

ဋီကာသစ် ။ ။ ကေဝလော (ယဒိဟံ တဿ ကုဒ္ဓပွယ်– စသည်၌ ကြိယာနှင့်တွဲဖက်သကဲ့သို့ ကြိယာနှင့် မဖက် သက်သက်သော) ယဒေဝံ (ယဒိ+ဧဝံ) သဒ္ဒါ ပုဗ္ဗေဝုတ္တထ္ထာပေက္ခကော (ရှေ၌ ဆိုအပ်ပြီးသောအနက်ကို ငဲ့၏)၊ ဧတံ ဝုတ္တံ - ယဒိ တဝ ဒါသောတိ အာဒိ။ [ဤဋီကာဖွင့်ကို ရည်ရွယ်၍ ရှေးဆရာတို့ နိယာမ်ဆိုကြသည်။]

နိယာမ် ။ ။“ယဒိ ဧဝံ , ၂ ပါးပြွမ်းလျက် , တတ်စွမ်းအလျောက် , အပြစ်ကောက်သော်, နောက်စကားကို, မှတ်သားကိုင်လျက်, ယဒိထက်ဝယ်, စွက်သည့်ကြိယာ, အသစ်ရှာ၊....ဧဝံနောက်မှာ, သတိလာ, သန္တေသုလည်း ရံတခါ။

မှတ်ချက်။ ။ရှေးနိယာမ်၌“အပြစ်ကောက်သော်”ဟု ဆို၍ ယဒိစသောဝါကျကို “ လဒ္ဓဒေါသဝါကျ ” ဟု ဆိုရိုးပြုကြသော်လည်း ဤ၌ “ယဒိ တဝ ဒါသော” စသောဝါကျသည် ရှေးစကားအတွက် အပြစ်ရပုံကိုပြသော လဒ္ဓဒေါသဝါကျ မဟုတ်ပါ၊ ရှေစကားအရ “ ရဟန်းပြုခြင်း၏ အကျိုးရပုံ (သာမညဖလ) ကို ပြသော လဒ္ဓဂုဏ်ဝါကျလည်းဖြစ်, ပုဆ္ဆာဝါကျလည်းဖြစ်သော စကားတည်း၊ ထိုလဒ္ဓဂုဏ်ဝါကျကြိုးတွင်လည်း “ယဒိ၊ပေ၊လဘေထ”ကို ပရိကပ္ပဝါကျ၊“ဧဝံ သန္တေ ဟောတိ ဝါ သန္ဒိဋ္ဌိကံ သာမညဖလံ နောဝါ”ကို မေးဘို့ရန် ဆုံးဖြတ်သောကြောင့် နိဿယဝါကျ ဟု ခွဲပါ။ [ပါဠိတော်စပ်ပုဒ်ကိုထည့်၍ ပြထားသည်။]

အဒ္ဓါတိ ဧတံ- အဒ္ဓါဟူသော ဤသဒ္ဒါသည်၊ ကံသဝစနံ-တခုသော့အဖို့ကို ဟောသောသဒ္ဒါတည်း၊ ပဌမန္တိ - ပဌမံဟူ၍၊ ဘဏာန္တော - မိန့်တော်မူသော မြတ်စွာဘုရားသည်၊ အညဿာဝိ - ပဌမ သန္နိဋ္ဌိကသာမညဖလမှ တပါးသော ဒုတိယသန္နိဋ္ဌိကသာမညဖလ၏လည်း၊ အတ္ထိတံ-ရှိသေးသည်၏အဖြစ်ကို၊ ဒီပေတိ-ပြတော်မူ၏၊ စ-ဆက်၊ တေနေဝ-ထို့ကြောင့်ပင်၊(ထိုသို့ မိန့်တော်မူသော မြတ်စွာဘုရား၏ ပဌမသန္နိဋ္ဌိကသာမညဖလမှတပါး ဒုတိယသန္နိဋ္ဌိကသာမည ဖလ၏လည်း ရှိသေးသည်၏အဖြစ်ကို ပြတော်မူခြင်းကြောင့်ပင်)၊ ရာဇာ-သည်၊ သက္ကာ၊ပေ၊အညမ္ပိတိ အာဒိ-အစရှိသောစကားကို၊ အာဟ-လျှောက်ပြီ။

× × × × × × ×

အဒ္ဓါနှင့် ကံသဝစနံ။ ။ကံသ(ကေ+အံသ)–တခုသောအဖို့၊ သန္နိဋ္ဌိကသာမညဖလဖြစ်ခြင်း အဖို့, မဖြစ်ခြင်းအဖို့အား‌ဖြင့် ၂ ဖို့ရှိသည်တွင် "သန္နိဋ္ဌိကသာမညဖလ မချွတ်ကေန် အမှန်ဖြစ်ပါသည်" ဟု တခုသောအဖို့ကို ပြသောကြောင့် အဒ္ဓါကို "ကံသဝစနံ"ဟု ဆိုသည်၊ ထို့ကြောင့် အဒ္ဓါနိပါတ်ပုဒ်ကို "စင်စစ်ကေန်"ဟုငင်း, "မချွတ်ကေန်"ဟုငင်း အနက်ပေးကြသည်။

ပဌမ သာမညဖလ အဖွင့်ပြီး၏။

ဒုတိယ သာမညဖလအဖွင့်

(ယော ပုရိသော)၊ ကသတိ – ခြစ်တတ်၏၊ ဝါ – ထွန်တတ်၏၊ ဤတိ–ထို့ကြောင့်၊ (သော ပုရိသော)၊ ကဿကော - မည်၏၊ ဂေဟဿ - အိမ်၏၊ ပတိ- အရှင်တည်း၊ ဂဟပတိ- အိမ်၏အရှင် (အိမ်ပိုင်ရှင်)၊ ကေဂေဟမတ္တေ-တခုသော အိမ်မျှ၌၊ ဇေဋ္ဌကော- အကြီးအကဲတည်း၊ ဤတိ- ထို့ကြောင့်၊ ဂဟပတိကော- ဂဟပတိကမည်၏။

× × × × × × ×

ကဿကော။ ။သတ္တတဒ္ဓ "ကြိုသ"ဓာတ်သည် ပါဋိဒ္ဓ် "ကသ–ဝိလေခနေ"ဟု ဓာတ်ဖြစ်၏၊ ထို ရေးခြစ်ခြင်းဟူသည် လယ်ယာတို့ကို ထွန်ခြင်းပင်တည်း၊ ကသဓာတ်ကွာကို အကပြု၊ ကြိဒ္ဓ်ပျောက်သော ရိအစား နေဒံအက္ခရာဒ္ဓ ဒွေဘော်လာ, "ကဿ" ဟု ဖြစ်၏၊ ["ကသိ-လယ်ယာထွန်ခြင်း"ဟူရာဒ္ဓကား သဒ္ဓ ဒွေဘော်မရှိ၊ "ကဿိ"ဟု ရှိမူ ဒွေဘော်ရောက်ရာ၏၊ ကသဓာတ် , က အနံဗန်ရှိသော ဇုပစ္စည်း , ဇုတ္ထိလိန် ဟု ထောမနိဓိဆို၏၊ ပါဋိအဘိဓာန်ဒ္ဓလည်း "ကသိတ္ထိယံ"ဟုပင် ဆို၏၊ အဘိဓာနပ္ပဒီပိကာဒ္ဓကား ဤပစ္စည်းဖြင့် "ကသိ"ဟု ရှိ၏၊ ထောမနိဓိနှင့် မညီ။]

ဂဟပတိကော။ ။ဂဟနှင့်ဂေဟသည် အနက်တူ၏။[ဥဏာဒိ"ဂဟဿုပဓဿေ ဝါ"သုတ် ကြည့်ပါ။] ထို့ကြောင့် "ဂေဟဿ+ပတိ"ဟု ဂြိုသော်လည်း"ဂဟပတိ" ဟု ဖြစ်နိုင်၏၊ ခုဒ္ဒကအနက်ဒ္ဓ ကပစ္စည်း သက်ထားသည် ဟု သိစေလိုရှိ " ကေဂေဟ

(ယော ပုရိသော)၊ ဗလိသဒ်ါတံ- အခွန်အတုတ်ဟု ဆိုအပ်သော၊ ကရံ- အခွန်အတုတ်ကို၊ ကရောတိ-ပြုတတ်, ဖြစ်စေတတ်၏၊ ဣတိ,(သော ပုရိသော)၊ ကရကာရကော- ကရကာရကမည်၏၊ (ယော ပုရိသော)၊ ဓညရာသိံ-စပါး အစုကိုဂုင်း၊ ဓနရာသိံ စ-ဥစ္စာအစုကိုဂုင်း၊ ဝဓေတိ- တိုးပွားစေတတ်၏၊ ဣတိ, (သော ပုရိသော)၊ ရာသိဝဓကော-ရာသိဝဓကမည်၏။

အပ်ံဝါတိ-ကား၊ ပရိတ္တကံ-အနည်းငယ်သော၊ (ဘောဂက္ခန်ဓံ)ဝါ-စည်းစိမ်အစုကိုသော်ဂုင်း၊ အန္တမသော-အောက်ထစ်ဆုံးအားဖြင့်၊ တင္ခဏ္ဍုလ နာဠိမတ္တကမ္မိ- ဆန်တကွမ်းစားမျှ ရှိသည်လည်းဖြစ်သော၊ (ဘောဂက္ခန်ဝါ-ဂုင်း)၊ ဘောဂက္ခန်ဓံတိ-ကား၊ ဘောဂရာသိံ-စည်းစိမ်အစုကို၊ မဟန္တံ ဝါတိ-ကား၊ ဝိပုလံ-ပြန့်ပြောသော၊ ဝါ-များပြားသော၊(ဘောဂက္ခန်ဓံ)ဝါ-ကိုသော်ဂုင်း၊ (ပဟာယ ဒ္ဒစဝ)၊ ဟိ-ထင်ရှားအောင် ပြဉုံးအံ့၊ မဟန္တံ- များစွာသော စည်းစိမ်အစုကို၊ ပဟာယ-ပယ်စွန့်၍၊ ပဗ္ဗဇိတုံ-ရဟန်းအဖြစ်သို့ ကပ်ရောက်ခြင်းငှါ၊ (ရဟန်းပြုခြင်းငှါ)၊ ဒုက္ကရံ ယထာ-ခဲယဉ်းစွာ ပြုအပ်သကဲ့သို့၊ ဝါ-ပြုနိုင်ခဲသကဲ့သို့၊ ဧဝံ-ဤ.အတူ၊ အပ်ံဝိ-အနည်းငယ်သော စည်းစိမ်အစုကို သော်မှလည်း၊ (ပဟာယ ပဗ္ဗဇိတုံ, ဒုက္ကရံ-၏၊ ဝါ-၏)၊ ဣတိ (ဣမသ္မ အတ္ထဿ)-ဤအနက်အဓိပ္ပါယ်ကို၊ ဒဿနတ္ထံ-ပြတော်မူခြင်းအကျိုးငှါ၊ ဉာဿံ-အပ္ပ, မဟန္တအားဖြင့် ၂ ပါးစုံသော ဘောဂက္ခန္ဓကို၊ အာဟ-မိန့်တော်မူပြီ။

× × × × × × ×

မတ္တေ ဇေဋ္ဌကော''ဟု မိန့်သည်၊ ဤစကားဖြင့် "အနေကကုလဇေဋ္ဌက-တမျိုးလုံးရှိအိမ်များ၏အကြီးအကဲ မဟုတ်''ဟု ပြသည်၊"ခုဒ္ဒကော + ဂဟပတိ ဂဟပတိကော''ဟု ပြုပါ၊ မြန်မာတို့က "ဂဟပတိ- သူကြွယ်''ဟု အနက်ပြန်၍, ပစ္ဆည်းပေါများသူကိုမှ "ဂဟပတိ''ဟု ထင်မှားကြသည်၊ အမှန်အားဖြင့် အိမ်ပိုင်ရှိလျှင် ဂဟပတိပင်တည်း။

ကရကာရကော။ ။ကရသဒ္ဒါသည် ဗလိ(လယ်ယာစသည်တို့မှထွက်သော ၆စု တစု, ၇ စုတစု စသည်ဖြင့် ရအပ်သော အခွန်အတုတ်)အနက်ကို,'ဟောဇ်၏၊ ထို့ကြောင့် "ဗလိသဒ်ါတံ ကရံ''ဟု ဖွင့်သည်။ [ဗလိန္တိ နိပ္ပန္နသဿာဒိတော ဆဘာဂံ သတ္တဘာဂံ တိ ဒီဃနိကာ လဋ္ဌကထံ၊-မဟာပရိနိဗ္ဗာနသုတ် ဋီကာ။] ကရောတိကို "အဘိနိပ္ဖါဒေတိ-ပြီးစေဇ်၏၊ သမ္ပါဒေတိ-ကောင်းစွာဖြစ်စေ, ပြည့်စုံစေဇ်၏''ဟု ဋီကာသစ်ဖွင့်သည်။

ရာသိဝဓကော။ ။"ဝဓေတိ-တိုးပွားစေ''ဟူသည် နဂိုရှိပြီးအနေမှ အဆင့်ဆင့် တိုးပွားစေခြင်း, များစွာ စုမိ ဆောင်းမိအောင် ပြုခြင်းတည်း။ [ဝဓေတိတိ ဥပရုပရိ ဥပ္ပါဒနေန မဟန္တံ သန္နိစယံ ကရောတိ၊—ဋီကာ။]

ယထာ ဟိ၊ပေ၊ဥဘယမဿဟ။ ။အဘယ့်ကြောင့် (အဘယအကျိုးငှါ) အပ်ံ ဝါ ဗဟုံ ဝါဟု ၂ ပါးစုံကို ဟောတော်မူပါသနည်းဟု မေးဘွယ်ရှိသောကြောင့် "ယထာ ဟိ''စသည်ကိုမိန့်သည်၊"စည်းစိမ်အများကိုစွန့်၍ ရဟန်းပြုဘို့ ခဲယဉ်းသကဲ့သို့, အနည်းငယ်ကို စွန့်၍ ရဟန်းပြုဘို့လည်း ခဲယဉ်းသောကြောင့် ၂ ပါးစုံကို ဟောတော်မူသည်-ဟူလို။

ပန– ဆက်၊ ဒါသဝါရေ- ၌၊ (ဘောဂဂ္ဂဟဏံ နကတံ ၌စပ်၊) ယသ္မာ– ကြောင့်၊ ဒါသော– သည်၊ အတ္တာနောပိ - မိမိ၏သော်မှလည်း၊ အနိဿရော– အစိုးရသူမဟုတ်၊ ဘောဂါနံ-စည်းစိမ်တို့၏၊ ပဂေဝ-ရှေးဦးမဆွ အစကပင်၊ အနိဿရော-အစိုးရသူမဟုတ်။[တနည်း,ဘောဂါနံ-တို့၏၊(အနိဿရဘာဝေ-၌၊ ဝါဒေါ–ပြောဆိုဘွယ်သည်၊) ပဂေဝ-အဘယ်မှာ ရှိပါ၏တော့အံ့နည်း။]

ဟိ–မှန်၏၊ တဿ–ထိုကျွန်၏၊ ယံ ဓနံ– သည်၊ (အတ္ထိ)၊ တံ-ထိုဥစ္စာသည်၊ သာမိကာနညေဝ – အရှင်သခင်တို့၏သာ၊ (သန္တကံ – ဥစ္စာသည်)၊ ဟောတိ၊ တဿာ - ကြောင့်၊ ဘောဂဂ္ဂဟဏံ– ဘောဂသဒ္ဒါကို၊ နကတံ – မပြုအပ်၊ ဉာတိ ယေဝ-ဆွေမျိုးသည်ပင်၊ ဉာတိ ပရိဝန္နော- မည်၏။

× × × × × × ×

ဒါသဝါရေ ပန ။ ။ အနည်းငယ်ကိုစွန့်၍ ရဟန်းပြုဘို့ ခဲယဉ်းလျှင် ဒါသဝါရ တုန်းက ဘောဂသဒ္ဒါကို အဘယ့်ကြောင့် မပြုအပ်ပါသနည်း ဟု မေးဘွယ်ရှိသော ကြောင့် “ ဒါသဝါရေပန ” စသည်ကို မိန့်သည်၊ ကျွန်ဆိုသူမှာ ကိုယ့်ကိုယ်ကိုမျှ မပိုင်, စည်းစိမ်မှာ သာ၍ ပိုင်ဘို့ဝေးသေး၏၊ ထိုသို့ ကိုယ်ပိုင်မရှိသောကြောင့် ဘောဂသဒ္ဒါကို မပြုအပ်ပါ–ဟူလို။ [ဒါသဖြစ်သူမှာ ဆွေမျိုးလည်း အားကိုးစရာမရှိသောကြောင့် ဉာတိ ပရိဝဋ္ဋကိုလည်း မယူခဲ့။]

အတ္တာနောပိ အနိဿရော။ ။“သာမိသရာမိဟတိ” စသောသုတ်အရ ဇာသရ၏ အယ္ဂဉ်၌ ဆင်္ဂီဝိဘတ် သက်ထားသည်၊ ပိကား ဂရဟာဇောတက၊ ပဂေဝဘောဂါနံ၌ နိဿယအတိုင်း ၂ နည်းပေးရိုးရှိ၏၊ “ပဂေဝ=ပါ+ဧဝ”ဟု ပုဒ်ဖြတ်၍ ပဌမတ္ထအနက် ဟော နိပါတ်၊ တနည်း,ပဂေဝသည် ပြောဆိုဘွယ်ကိုပယ်သော ပဋိက္ခေပတ္ထအနက်ဟော နိပါတ်၊ “အတ္တာနောပိ– မိမိကိုယ်သော်မှလည်း၊ အနိဿရော– အစိုးမရ၊ ဘောဂါနံ– တို့ကို”ဟု ပေးရိုးဖြစ်သော ကံအနက်ကား သဒ္ဒါကျမ်းအဆိုနှင့် မညီပါ။

ဝါကျခဲ့။ ။ “ ယသ္မာ၊ပေ၊ဘောဂါနံ ” သည် ကာရဏဝါကျ, “တဿာ၊ပေ၊နကတံ”သည် ဖလဝါကျ၊ ကာရဏဝါကျတွင်လည်း “ဒါသော၊ပေ၊အနိဿရော”သည် ဂရဟာဝါကျ, “ပဂေဝဘောဂါနံ” သည် သမ္ပာဝနာဝါကျ၊ “ယံ ဟိ၊ပေ၊ဟောတိ” သည် ၊ဒဋ္ဌကရဏဝါကျ, ရှေ ၂ ဝါကျသည် ဒဋ္ဌယဝါကျ၊ ဟိသည် ဒဋ္ဌကရဏဇောတက၊ ဒဋ္ဌကရဏတွင်လည်း“ယံ ဟိ”သည် အနိယမ, “တံ၊ပေ၊ဟောတိ”သည် နိယမဟု ခွဲပါ။

ဉာတိပရိဝန္နော။ ။“ဉာတိယေဝ”ဟု ဖွင့်သောကြောင့် ပရိဝန္နအနက် မရှိဟု မမှတ်လင့်၊ “ရူပမေဝ ရူပါရမဏံ”၌ကဲ့သို့ “ဉာတိယေဝ ပရိဝန္နော ဉာတိပရိဝန္နော”ဟု အဝဓာရဏာ ကမ္မဓာရဲကိုပြသည်ဟု မှတ်ပါ၊ ဉာယတိ– ဤသူကား အတွင်းလူဟု သိအပ်၏၊ ဇာတိ ဉာတိ၊ ပရိဝန္နတိ ပရမ္မရဘာဝေန သမန္တတော ဝန္နတီတိ ပရိဝန္နော၊ အထက်၌လည်း ဘ ဘိုး ဘေး စသောအားဖြင့် လည်တတ်, အောက်၌လည်း သား မြေး မြစ် စသောအားဖြင့် လည်တတ်သောကြောင့် “ပရိ”ကို “သမန္တတော” ဟု ဖွင့်သည်။

ဒုတိယ သာမညဖလအဖွင့် ပြီး၏။

ပဏီတတရသာမညဖလ အဖွင့်

သက္ကာ၊ပေ၊ဓမ္မေတိ ဣဓ–ဟူသော ဤဝါရ၌၊ ဝေမေဝါတိ-ဟူ၍၊ နဝုတ္တံ–မလျောက်အပ်၊ တံ-ထို ဝေမေဝဟူသောစကားကို၊ ကဿာ-ကြောင့်၊ (နဝုတ္တံ-မလျောက်အပ်သနည်း၊) ဣတိ စေ–ဤသို့ မေးအံ့၊ ဟိ-အဖြေကား၊ (တနည်း) ဟိ-ခဲ့၊ ဝေမေဝါတိ - ဟူ၍၊ ဝုစ္စမာနေ – လျောက်အပ်သော်၊ ဘဂဝါ- သည်၊ သကလမ္ပိ – အလုံးစုံလည်းဖြစ်သော၊ ရတ္တိန္ဒိဝံ – ည၌ နေ့ပတ်လုံးသော်၎င်း၊ တတော-ထိုတည့်တန်ခေ့ထက်၊ ဘိယျောပိ ဝါ-အလွန်သော်၎င်း၊ ဝေရူပါဟိ-ဤသို့ သဘောရှိကုန်ဿသာ၊ (ဒါသဓကာပမာ, ကဿကောပမာတို့နှင့် တူကုန်သော)၊ ဥပမာဟိ– ဥပမာတို့ဖြင့်၊ သာမညဖလံ - ရဟန်းအဖြစ်၏ အကျိုးကို၊ ဒီပေတုံ - ပြခြင်းငှါ၊ ပဟောတိ – စွမ်းနိုင်တော်မူ၏။ [“အနန္တပဋိဘာနတာယ (အဆုံးမရှိသော ပဋိဘာန် ဉာဏ်တော် ရှိသည့်အတွက်) ဝိစိတ္တနယဒေသန ဘာဝတော (ဆန်းကြယ်သောနည်းရှိသော ဒေသနာ ရှိတော်မူသည်၏အဖြစ်ကြောင့်)” ဟု ဟိတ်ထည့်၍ ဋီကာဖွင့်သည်၊ ထိုအကြောင်းကြောင့် ဥပမာအမျိုးမျိုးပြ၍ ဟောတော်မူခြင်းငှါ စွမ်းနိုင်ပါသည် – ဟူလို။]

တတ္ထ - ထိုသို့ ဥပမာအမျိုးမျိုးတို့ဖြင့် ပြရာ၌၊ တေသု ဘဂဝတော – ဤမြတ်စွာဘုရား၏၊ ဝစနသဝနေ - စကားတော်ကို ကြားနာရခြင်း၌၊ ပရိယန္တံ နာမ-အဆုံးအပိုင်းအခြားမည်သည်၊ ကိန္တာပိ နတ္ထိ-အကယ်၍ကား မရှိပါပေ၊

× × × × × × ×

တံ ကဿာ။ ။ဒုတိယသာမညဖလကို မေးရာ၌ “အည်ပိ ဝေမေဝ” ဟု ဝေမေဝသဒ္ဒါကို ထည့်၍လျောက်သကဲ့သို့ ဤတတိယသာမညဖလကို မေးရာ၌ အဘယ့်ကြောင့် ဧဝမေဝသဒ္ဒါကို ထည့်၍ မလျောက်ပါသနည်း – ဟူလို။ [ဋီကာသစ်၌ကား ဇာဝကို “ကဿကဝါရ”ဟု စွဲထား၏၊ ပါဠိပျက်ဟန်တူသည်။]

တတ္ထ ကိန္တာဝိ။ ။ကိန္တာပိရှေ့က နေသောပုဒ်သည် ကိန္တာပိစပ်ရာ ကြိယာ၏နောက်၌သာ အစပ်ရှိရိုးတည်း၊ ထို့ကြောင့် တတ္ထက် ကိန္တာပိနှင့် တထာပိ၏ နောက်၌ရှိသော “အတ္ထော တာဒိသောယေဝ ဘဝိဿတိ”၌ စပ်ပါ၊ “ထိုသို့ ပြရာ၌ အနက်အဓိပ္ပါယ်မှာ ဒါသဝါရ ကဿကဝါရ၌ ပြအပ်ခဲ့သောအဓိပ္ပါယ်နှင့် သဘောတူဖြစ်လိမ့်မည်”ဟူလို။

စဉ်းစားဘွယ်။ ။ဋီကာသစ်၌ကား ဤသို့ အစပ်မပြဘဲ “ တတ္ထာတိ ဧဝံ ဒီပနေ ပရိယန္တံ နာမ နတ္ထိ အနန္တနယဒေသန ဘာဝတော”ဟု ဟိတ်ပိုထည့်၍ “ပရိယန္တံ နာမ နတ္ထိ”၌ အစပ်ပြု၏၊ သူ့နည်းနှင့်သူ အဓိပ္ပါယ်ရသော်လည်း စာသွားရိုးရာ မဟုတ်ပါ။

ဝစနသဝနေ။ ။ဝစနသဝနေကို “ ပရိယန္တံ နာမ နတ္ထိ ”၌စပ်၊ “ ဘုရားရှင်၏ စကားတော်ကို နာရခြင်း၌ အဆုံးမရှိပါ”ဟူလို၊ ဤသို့ စာစပ်လည်း ရှင်း၏၊ အဓိပ္ပါယ်မှန်လည်း ရ၏၊ ဤသို့ အဓိပ္ပါယ် , စပ်ပုဒ် ၂ ရပ်လုံး ရှင်းနေပါလျက် ဋီကာသစ်၌ “ သဝနေဝါ အသန္တောသနေန ဘိယျော ဘိယျော သောတုကာမတာ ဇနနတော သောတုကာမတာယ ပရိယန္တံ နာမ နတ္ထိ” ဟု တနည်းဖွင့်သည်မှာ စဉ်းစားဘွယ်သာ။

ဟထာဝိ-ထိုသို့ပင် စကားတော်ကို ကြားနာရခြင်း၌ အဆုံးအဝိုင်းအခြား မရှိပါ သော်လည်း၊ အတ္ထော – အနက်အဓိပ္ပါယ်သည်၊ တာဒိသောယေဝ - ထိုကဲ့သို့ ရှိအပ်သည်သာလျှင် (ဒါသဝါရ, ကဿကဝါရ၌ပြအပ်သောအနက်အဓိပ္ပါယ် နှင့် တူသည်သာလျှင်)၊ ဘဝိဿတိ-ဖြစ်လတံ့၊ ဇာတိ-ဤသို့၊ စိန္တေတွာ-အနုမာန ဉာဏ်ဖြင့် ကြံဆ၍၊ [“အနုမာနဉာဏေန စိန္တေတွာ– ထိုသို့ ဟောထားပြီး မရှိသေးသည့်အတွက် အနုမာနဉာဏ်ဖြင့် မှန်းမြော်၍”ဟူလို–ဋီကာသစ်။] ဥပရိ-အထက်၌၊ ဝိသေသ်–သာမညဖလအထူးကို၊ ပုစ္ဆန္တော–မေးလျောက်လိုသည်၊ (ဟုတွာ)၊ ဝေမေဝါတိ - ဝေမေဝဟူ၍၊ အဝတွာ- မလျောက်မူ၍၊ အဘိက္ကန္တ တရဉ္စ ပဏီတတရဉ္စာတိ-ဟူ၍၊ အာဟ–လျောက်ပြီ။

တတ္ထ – ထို အဘိက္ကန္တတရဉ္စ ပဏီတတရဉ္စ အစရှိသောစကားရပ်၌၊ အဘိက္ကန္တတရန္တိ - ကား၊ အဘိမနာပတရံ - သာ၍ အလွန်မြတ်နိုးအပ်သော၊ အတိသေဋ္ဌကရံ – သာ၍ အလွန်မြတ်သော၊ ဇာတိ အတ္ထော၊ [“အဘိကန္တတရံ အတိမနာပတရံတိ အတ္ထော” ဟု ရှေးစာအုပ်များ၌ ရှိ၏။] ပဏီတတရံတိ - ကား၊ ဥတ္တမတရံ–သာ၍ မွန်မြတ်သော၊ (“သာမညဖလံ”၌စပ်)၊ တေနဟိတိ–တေနဟိဟူသော သဒ္ဒါသည်၊ ဥယျာဇနတ္ထေ–တိုက်တွန်းခြင်းအနက်၌၊ (ပဝတ္တောသော၊) နိပါတော- ကဉ်း၊ ဟိ– မှန်၏၊ သဝနေ– ကြားနာခြင်း၌၊ ဥယျောဇေန္တော – တိုက်တွန်းတော်မူလိုသော မြတ်စွာဘုရားသည်၊ နံ – ထိုမင်းကို၊ ဧဝံ-

× × × × × × ×

တထာဝိ။ ။“သတိပိ ဒေသနာယ ဥတ္တရုတ္တရာမိကနာနာနယ ဝိစိတ္တဘာဝေ – ဒေသနာတော်၏ အဆင့်ဆင့် လွန်ကဲကာ နာနာနယဝိစိတ္တအဖြစ် ရှိပါသော်လည်း” ဟု ဋီကာဖွင့်၏၊ ထိုအဖွင့်သည် “ကိန္တာပိ ဝစနသဝနေ ပရိယန္တံ နာမ နတ္ထိ”ကို အဓိပ္ပါယ် ကောက်ချက်ချ၍ ထိုအနက်ကိုပင် လက္ခဏာအရစိတင်သော အဖွင့်ပင်တည်း၊ မှန်၏– စကားတော်ကို ကြားရခြင်း၌ အဆုံးမရှိဟူသည် ဒေသနာတော်က တဆင့်ထက်တဆင့် မြင့်ကာ နာနာနယဝိစိတ္တ ဖြစ်ခြင်းတည်း။

ဋီကာသစ်။ ။ဋီကာသစ်၌ ထို ဋီကာဟောင်းဖွင့်ပုံကို မြန်မာလို နိဿယအနက် ပေး၍မဖြစ်နိုင်သောကြောင့် “သတိပိ ဧဝံ အပရိယန္တာဘာဝေ”ဟု တထာဝိ၏အနက်ကို တနည်းဖွင့်ပြသည်၊ ထိုနည်းသည် “ကိန္တာပိ ဝစနသဝနေ ပရိယန္တံ နာမ နတ္ထိ”ဟူသော ရှေစကားကို တိုက်ရိုက် လက္ခဏာအရစိတင်သောကြောင့် နိဿယအနက်ပေးရာ၌လည်း ပေးရိုးကျပေသည်၊ ထို့ကြောင့် ဋီကာသစ်အဖွင့်အတိုင်း ပေးပါသည်။

သဝနေ ဥယျောဇေန္တော ဟိ။ ။ရှေဝါကျ၏ ဒဋ္ဌိကရဏဝါကျ ဟု ကြံ၍ ဟိကို ဒဋ္ဌိဇောတက ပေးလိုက်ပါသည်၊ ဋီကာသစ်၌ကား “ကသ္မာတိ အာဟ – သဝနေတိ အာဒိ” ဟု ကျမ်းတက်၏၊ ဤအလို “ကသ္မာ” ဟု ပုစ္ဆာထည့်၍ “ဟိ (ယသ္မာ)” ဟု ဟေတုဇောတက ကြံပြီးလျှင် ဤဝါကျကို ဉာပကဟေတုဝါကျ၊ ရှေဝါကျကို ဉာပေတဗ္ဗ ဖလဝါကျဟု ခွဲ၍ တနည်း အနက်ပေးနိုင်ပါသည်။

ဤသို့၊ (ဒုတနဟိ ဟူ၍)၊ အာဟ - မိန့်တော်မူပြီ။ [(တနည်း) ကသ္မာ- ကြောင့်၊ တေနဟိတိ – တေနဟိ ဟူသော သဒ္ဒါသည်၊ ဥယျောဇနတ္ထေ - ၌၊ (ပဝတ္တော– သော၊)နိပါတော-တည်း၊ ဇာတိ-သို့၊ ဝိညာယတိ သိအပ်သနည်း၊ ဟိ(ယသ္မာ)-ကြောင့်၊ သဝနေ - ၌၊ ဥယျောဇနေန္တော- သည်၊ နံ – ထိုမင်းကို၊ ဧဝံ, အာဟ၊ (တသ္မာ၊) တေနဟိတိ- သည်၊ ဥယျောဇနတ္ထေ- ၌၊ (ပဝတ္တော)၊ နိပါတော– တည်း၊ ဇာတိ ဝိညာယတိ- ၏။] သုဏောဟိတိ- ကား၊ အာဘိဏှန္တိကရဉ္ဇ–သာ၍ အလွန် နှစ်သက်အပ်သည်လည်းဖြစ်သော၊ ပဏီတတရဉ္ဇ - သာ၍ မွန် မြတ်သည်လည်းဖြစ်သော၊ သာမညဖလံ- ကို၊ သုဏောဟိ - နာလော။

ပန- ကား၊ သာဓုကံ မနသိကရောဟိတိတ္ထေ – ဟူသော ဤ၂ါင့်၌၊ သာဓုကံ သာဓူတိ- သာဓုကံ သာဓုဟူသော၊ တေံ- ဤပုဒ် ၂ ခုအပေါင်းသည်၊ ကေတ္ထံ– တူသောအနက် ရှိ၏၊ ဟိ ခဲ့၊ အယံ သာဓုသဒ္ဒေါ- ဤ သာဓုသဒ္ဒါသည်၊ ဝါ-ကို၊ အာယာစန၊ပေ၊ဒဋ္ဌုကမ္မာဒီသု-ရှေးရှုတောင်းခြင်း, လက်ခံခြင်း, ထင်ရှားရှိသော ဂုဏ်၏အစွမ်းဖြင့် ရှင်လန်းခြင်း, အကောင်းဟူသောအနက်, ခိုင်မြဲအောင်ပြုခြင်းဟူသောအနက် အစရှိသော အနက်တို့၌၊ ဒိဿတိ - ၏၊ ဝါ - တွေ့မြင်အပ်၏၊ ဟိ-ထပ်၍ခဲ့ဦးအံ့၊ [“ဟိ–နိဒ္ဒေသမှတပါး, ပတိနိဒ္ဒေသကို ပြဦးအံ့” ဟုလည်း ပေးကြ၏။] သာဓု ဘန္တေ၊ပေ၊ဒေသေတူတိ အာဒီသု–အစရှိသော ပါဠိရပ်တို့၌၊

× × × × × × ×

မှတ်ချက်။ ။“တေနဟိ” ဟူသော နိပါတ်သည် အနက်များစွာကို ဟောနိုင်၏၊ သို့သော် ဤနေရာ၌ကား “တေနဟိ သုဏောဟိ”ဟု ပါဠိတော်၌ရှိသောကြောင့် အရာအားလျော်စွာ “ တေနဟိ ”သည် ကြားနာခြင်း၌ တိုက်တွန်းသော ဥယျောဇနအနက်ကိုသာ ဟောရသည်။ [တေန ဇာမမတ္ထံ ဒီပေတိ-ဤ သဝနေ ဥယျောဇေန္တော ဟိ စသော ပါဌ်ဖြင့် ဤ အနက်အဓိပ္ပါယ်ကို ပြ၏၊ အနေကတ္ထာ သမာနာပိ သဒ္ဒါ ဝတ္တိ ဆ္ဆာနုပုဗ္ဗီကာ ယေဝ (ဝဒန္တာပုဂ္ဂိုလ်၏ အလိုဟူသော အစဉ်ရှိကုန်သည်ဖြစ်၍သာ) တံတဒတ္ထဒီပကာ–ထိုထိုအနက်ကို ပြတတ်ကုန်၏၊ ဇာတိ၊–ဋီကာသစ်။]

အနက်ပေးပုံ။ ။“တေနဟိ-ထိုသို့ဖြစ်လျှင်၊ဝါ-ထိုသို့ အဘိဏှန္တရ ပဏီတတရ သာမညဖလကို ကြားနာလိုလျှင်၊ သုဏောဟိ–လော”ဟုဆင်း, “တေနဟိ–တိုက်တွန်း၏” ဟုဆင်း, “တေနဟိ– ထိုသို့ တပြီးကား” ဟုဆင်း, “ယေန ကာရဏေန–ကြောင့်၊ အဘိဏှန္တရဉ္ဇ ပဏီတတရဉ္ဇ အညမ္မံ သာမညဖလံ သောတုံ ဇာနာသိ၊ တေနဟိ–ထိုသို့ အဘိဏှန္တရ ပဏီတတရဖြစ်သော အခြား သာမညဖလကိုလည်း ကြားနာလိုသောကြောင့်ပင်၊ သုဏောဟိ ” ဟု အနိယမထည့်၍ဆင်း အမျိုးမျိုး အနက်ပေးကြသည်။

သာဓုကံ၊ပေ၊မေတံ။ ။သာဓုနောင် က အက္ခရာလာလျှင် “သာဓုကံ”ဟု ဖြစ်၏၊ ထို့ကြောင့် ထို ၂ ပုဒ်ကို “ကေတ္ထံ-အနက်တူရှိသော ပုဒ်”ဟု ဆိုသည်၊ ထိုသို့ အနက်တူသောကြောင့် ပါဠိတော်၌ “သာဓုကံ မနသိကရောဟိ”ဟု သာဓုကံသဒ္ဒါသာရှိသော်လည်း အတ္ထုဒ္ဒါရကိုပြရာ၌ “အယံ ဟိ သာဓုသဒ္ဒေါ”စသည်ဖြင့် သာဓုသဒ္ဒါကို စဆို၍ ပြသည်။

အာယာစနေ-ရှေးရှုတောင်းခြင်းဟူသောအနက်၌၊ ဒိဿတိ- ထင်ရှား၏၊ ဝါ-အပ်၏။[ဘန္တေ-မြတ်စွာဘုရား၊ သာဓု-တောင်းပန်ပါ၏၊ ဘဂဝါ-သည်၊ မေ-အား၊ သံခိတ္တေန- အကျဉ်းအားဖြင့်၊ ဓမ္မံ- ကို၊ ဒေသေတု- ဟောတော်မူပါ၊ (ခန္ဓသံယုတ်, နတုမှာကဝဂ်, ဒုတိယ အညတရဘိက္ခု ဝတ္ထု၊ ပါဠိတော်)။]

သာဓု ၊ပေ၊ အနုမောဒိတ္ထာတိ အာဒိသု – အစရှိသော ပါဠိရပ်တို့၌၊ သမ္မဒ္ဓိ စ္ဆနေ-လက်ခံခြင်းဟူသောအနက်၌၊ (ဒိဿတိ)။[သာဓုဘန္တေ-သာဓုပါဘုရား၊ ဝါ – ကောင်းပါပေသည်ဘုရား၊ ဣတိ - ဤသို့၊ သော ဘိက္ခု - ထိုရဟန်းသည်၊ ဘဂဝတော-၏၊ ဝါ-သည်၊ ဘာသိတံ–ဟောတော်မူအပ်သော တရားတော်ကို၊ အဘိနန္ဒိတ္ထာ – အလွန် နှစ်သက် လက်ခံ၍၊ အနုမောဒိတ္ထာ – အဖန်ဖန် ဝမ်းမြောက်၍၊ (ဥတ္တရိ ပဉ္ဉံ ပုစ္ဆိ၌စပ်၊– ဥပရိပဏ္ဏာသ , ဒေဝဒဟဝဂ်, မဟာပုဏ္ဏမသုတ် ပါဠိတော်)။]

သာဓု သာဓု သာရိပုတ္တာတိအာဒိသု – ပုတ္တအစရှိသော ပါဠိရပ်တို့၌၊ သမ္မ ဟံသနေ–ထင်ရှားရှိသော ဂုဏ်၏အစွမ်းဖြင့် ရွှင်လန်းခြင်းဟူသော အနက်၌၊ (ဒိဿတိ)။ [သာရိပုတ္တ - သာရိပုတြာ၊ သာဓု သာဓု – သာဓု....သာဓု၊ ဝါ-

× × × × × × ×

အာယာစနေ။ ။“အဘိမုခယာစနေ, အဘိပတ္ထနာယံတိ အတ္ထော” ဟု အာကို အဘိမုခဟုဂုဏ်း, ယာစနေကို ပတ္ထနာယံဟုဂုဏ်း ဋီကာဖွင့်၏၊ “အာ–ရှေးရှု + ယာစန–တောင်းခြင်း”ဟူလို၊ “သာဓု–တောင်းပန်ပါ၏”ဟု အနက်ပေးရသော်လည်း “အပြစ်ရှိသောကြောင့် တောင်းပန်ခြင်း” မဟုတ်၊ တရားဟောဘို့ရန် တောင်းပန် တိုက်တွန်းခြင်းမျိုးတည်း။

သမ္မဒ္ဓိစ္ဆနေ။ ။“ပဋိဂ္ဂဟဏေ” ဟု ဖွင့်၏၊ ဘုရားရှင်က တရားတော်ကို ဟောတော်မူပြီးသောအခါ “သာဓုဘန္တေ – သာဓုပါဘုရား” ဟု လျှောက်ထားခြင်း, သာဓုခေါ်ခြင်းသည် ထိုတရားတော်ကို သဘောကျရာ – လက်ခံရာရောက်၏၊ ထို့ကြောင့် “သာဓု”ကို “သမ္မဒ္ဓိစ္ဆနအနက် ရှိသည်”ဟု ဆိုသည်။

မုတ်ချက်။ ။သမ္မဒ္ဓိစ္ဆနအနက် ဖြစ်သော်လည်း “သာဓုဘန္တေ–သာဓုပါဘုရား၊ ဝါ – ကောင်းပါပေသည်ဘုရား” ဟု အနက်ပေးရ၏၊ သုန္ဒရအနက်နှင့် ထပ်၍နေသော်လည်း သုန္ဒရအနက်သည် သာဓုသဒ္ဒါ၏ မူလအနက်, သမ္မဒ္ဓိစ္ဆနအနက် စသည်တို့ကား ထိုအနက်ပေါ်မှာ ဥုံးဆောင်၍ထားသော အနက်တည်း၊ ဥပမာ–“ အမြောဟွဏော–မြောဟွဏမဟုတ်” ဟူရာ၌ သဒိသအနက်ပင် ဖြစ်သော်လည်း နသဒ္ဒါ၏ မူလအနက် ဖြစ်သော ပဋိသေဓအနက် ပါဝင်နိုင်သကဲ့သို့တည်း။

သမုဟံသနေ။ ။“ သံဝိဇ္ဇမာနဂုဏဝသေန ဟံသနေ တောသနေ– ဟောအပ်ပြောအပ်သော တရားစကား၌ ထင်ရှားရှိသော ဂုဏ်၏အစွမ်းဖြင့် ရွှင်လန်း နှစ်သက်ခြင်း၌ ” ဟု ဖွင့်၏၊ သံကို သံဝိဇ္ဇမာန, ဟံသနကို တောသနဟု ဖွင့်သည်၊ “ ဟံသန–ရွှင်လန်းခြင်း ”ဟူသည် “ ဥဒဂ္ဂတာကရဏ – စိတ်၏ တက်ကြွသည်၏အဖြစ်ကို ပြုခြင်း

ကောင်းပေစွ.... ကောင်းပေစွ၊ (ပါထိကဝဂ်, သဂီတိသုတ်ပါဠိတော်)။] သာဓု၊ပေါ်သဲ့ခံတိအာဒီသု- အစရှိသော ပါဠိရပ်တို့၌၊ သုန္ဒရေ - အကောင်းဟူသော အနက်၌၊ (ဒီဃတိ)။ [ဓမ္မရုစိ-အစဉ်အဆက်လာသော သုစရိုက်အကျင့်တို့ကို နှစ်သက်တတ်သော၊ ရာဇာ- သည်၊ သာဓု - ကောင်း၏၊ ပညာဏဝါ – ဉာဏ်ပညာရှိသော၊ နရော-သတ္တဝါသည်၊ သာဓု- ကောင်း၏၊ မိတ္တာနံ- မိတ်ဆွေတို့ကို၊ အဒြုဇ္ဇော-မပြစ်မှားခြင်းသည်၊ ဝါ-မဖျက်ဆီးခြင်းသည်၊ သာဓု-၏၊ ပါပဝဿ-မကောင်းမှုကို၊ အကရဏံ-မပြုခြင်းသည်၊ သုခံ– ချမ်းသာကြောင်းတည်း။]

× × × × × × ×

တည်း”ဟုဋီကာ၌ အဓိပ္ပါယ်ဖွင့်သည်။ [အရှင်သာရိပုတြာကို နှစ်သက်စေခြင်းမဟုတ်, ထိုတရားတော်ကို ဘုရားရှင်ကြားတော်မူရ၍ နှစ်သက်ဘော်မူခြင်းတည်း၊ ထို့ကြောင့် သံပဟံသနံကို ကာရိတ်မပါဘဲ “တောသနံ”ဟု ဖွင့်သည်။]

မှတ်ချက်။ ။“ဘယေ, ကောဓေ”စသော အာမေဋိတ်အနက်တို့တွင် “ဟာသ” အနက်၌ဖြစ်သော အာမေဋိတ်သဒ္ဒါပင်တည်း၊ ထိုအာမေဋိတ်ဟူသမျှလည်း ရွတ်ဆိုသူ၏ ဘယကောဓဟာသတို့သာ ဖြစ်သည်၊ သာဓု သာဓုကိုလည်း “ကောင်းပေစွ ကောင်းပေစွ”ဟု ပေးရိုးပြုကြ၏၊ သုန္ဒရအနက်ပေါ်၌ သမ္မဟံသနအနက် ဥုးဆောင်၍ပေးခြင်းတည်း၊ ယခုအခါ သာဓုခေါ်ခြင်းကဲ့သို့“သာဓု သာဓု”ဟုလည်း အနက်ပေးသင့်၏။

သာဓု သာဓု။ ။ဒီဃနိကာယ, ပါထိကဝဂ် ၁၀ သုတ်၌ အရှင်သာရိပုတြာ၏ သံဂီတိဒေသနာကို ဟောပြီးသောအခါ ဘုရားရှင်သည် “သာဓု သာဓု သာရိပုတ္တ”ဟု မိန့်တော်မူ၏၊ ထိုသို့မိန့်တော်မူခြင်းသည် ထိုတရားတော်ကို ကြားတော်မူရသည့်အတွက် ရွှင်လန်းတော်မူခြင်း အားရတော်မူခြင်းဟူသော အဓိပ္ပါယ်ကို ပြ၏၊ ထို့ကြောင့် သာဓု သာဓု ၂ ပုဒ်ကို သမ္မဟံသနအနက်ဟောဟု ဆိုသည်၊ ဤသာမညဖလသုတ်အဆုံး“အဘိက္ကန်တံ ဘန္တေ” အဖွင့်၌ကား “သာဓု သာဓု ဘန္တေ” ဟု လာသော်ကြောင့် သာဓု သာဓု ၂ ပုဒ်အတွက် ပသာဒအနက် ပသံသာအနက်ကို ပြထားသည်။

ဂါထာ။ ။ပဏ္ဍာသနိပါတ်, ဥမ္မာဒန္တီဇာတ်ဂါထာတည်း၊“သာဓုတိ သုန္ဒရော ပသဋ္ဌော၊ ပဝေဏိသုစရိတဓမ္မေ ရောစေတိ - နှစ်သက်တတ်၏၊ ဇုတိ ဓမ္မရုစိ”ဟု ထို အဋ္ဌကထာဖွင့်၏။ [ရောစေတိတိ ရုစိ၊ ရုစဓာတ်, ဇုပစ္စည်း၊ ဓမ္မေ-တို့ကို+ရုစိ ဓမ္မရုစိ။] ပညာဏဝါတိ ပညာသမ္ပန္နော။ [ပကာရေန ဇာနာတီတိ ပညာဏံ၊ ပညာဏံ ယဿ အတ္ထိတိ ပညာဏဝါ၊ ပညဝါပုဒ်နှင့် အနက်တူပင်တည်း]

မိတ္တာနံ မဒုဿော။ ။“မိတ္တသ (မိတ္တာနံ) + အဒုဿနဘာဝေါ– ဖျက်ဆီးခြင်း မရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာ” ဟု ဘာဝဖြင့်ဖွင့်သောကြောင့် “အဒုဿော”၌ ဘာဝသာဓနကြောပါ၊ ဋီကာ၌ကား “အဒူသကော အနုပဃာတကောတိ အတ္ထော”ဟု ဖွင့်၏၊ အဓိပ္ပါယ်နက် ဖွင့်ဟန်တူသည်။ [ဒုဿတိဟု မတွေ့ရ၊ မောဂ္ဂလ္လာန်နိဿယ, ကာရကစတုတ္ထီအခန်း၌“ဒူဘ-ဇိဃံသာယံ”ဟု တွေ့ရ၏၊“ယော မိတ္တာနံ န ဒူဘတိ”ဟုလည်း ပုံစံထုတ်၏၊ ထို့ကြောင့်“သာဓု မိတ္တာန မဒူဘော”ဟု ရှိသင့်မည်ထင်သည်၊ “မိတ္တာန မဒြုဇ္ဇော”ဟုလည်း မူကွဲရှိ၏၊ ဒုကို ဒြုပြုခြင်းတည်း။]

တေန ဟိ၊ပေ၊ကရောဟိတိ အာဒီသု - အစရှိသော ပါဠိရပ်တို့၌၊ သာဓုက ဿဒ္ဒေါ်ယေဝ – သာဓုကသဒ္ဒါသည်ပင်၊ ဝါ- ကိုပင်၊ ဒဠ္ဠိကမ္မေ– ခိုင်မြဲအောင် ပြုခြင်းအနက်၌၊ (ဒိဿတိ)၊ အာဏတ္တိယံ - စေခိုင်းခြင်း အနက်၌။ (ဒိဿတိ)၊ ဣတိဝိ-ဤသို့လည်း၊ ဝုစ္စတိ-ဆိုအပ်၏။ [ဗြာဟ္မဏ–ပုဏ္ဏား၊ တေနဟိ- ထိုသို့ ကြောင်းနာလိုလျှင်၊ သုဏောဟိ- နာလေလော၊ သာဓုကံ - ကောင်းစွာ၊ ဝါ - မြဲစွာ၊ ဝါ- ငါဘုရား၏ အမိန့်တော်အားဖြင့်၊ မနသိ - စိတ်၌၊ ကရောဟိ – ပြုလော၊ (တနည်း) မနသိကရောဟိ- နှလုံးသွင်းလော၊ (အဂံတ္တိ၊ရ်, ပဉ္စကနိပါတ်, စတုတ္ထပံ, ဗြာဟ္မဏဝဂ်, ဒေါဏဗြာဟ္မဏသုတ် ပါဠိတော်)၊] ဣဓဝါ– ဤသာမညဖလသုတ်၌လည်း၊ အယံ– ဤ သာဓုကသဒ္ဒါကို၊ ဒဠ္ဠိကမ္မေ – ဒဠ္ဠိကမ္မ ဖြစ်သော၊ ဏ္ဍော(အဏ္ဍ)စ-ဤအနက်၌သာလျှင်၎င်း၊ အာဏတ္တိယံ-အာဏတ္တိဖြစ်သော၊ ဏ္ဍော(အဏ္ဍ)စ-၌သာလျှင်၎င်း၊ ဓဝဒိတဗ္ဗော၊ အယံ–ဤသာဓုကသဒ္ဒါသည်၊ သုန္ဒရေဝိ– အကောင်းဟူသော အနက်၌လည်း၊ ဝန္ဒတိ– သင့်၏။ [သုန္ဒရဏ္ဍေဝိ၊—ဋီကာ။]

× × × × × × ×

ဒဠ္ဠိကမ္မေ ။ ။ ကရဏံ ကမ်ံ၊ ဒဠ္ဠိ–ခိုင်မြဲအောင်+ကမ်ံ- ပြုခြင်း၊ ဒဠ္ဠိကမ်ံ–ခြင်း၊ “ဒဠ္ဠကမ်ံ” ဟု ဖြစ်သင့်လျက် ဝါစာသိလိင်္ဂအကျိုးငှါ ဤပစ္စည်းသက်၊ တနည်း, အကို ဤပြု၊ ဤ ဒဠ္ဠိကမ္မအနက်ကိုပြုရာ၌ သာဓုသဒ္ဒါ မဟုတ်, ဤပါဠိတော်၌ပါသော သာဓုက သဒ္ဒါ တိုက်ရိုက်ဖြစ်သောကြောင့် “ သာဓုကသဒ္ဒေါယေဝ ” ဟု သန္နိဋ္ဌာနာဝဓာရဏာ ဧဝဖြင့် ဆိုသည်၊ “ ဒဠ္ဠိကမ္မ ”ဟူသည် တရားတော်ကို နားထောင်ရာ၌ ပြတ်တောင်း ပြတ်တောင်း မဖြစ်စေဘဲ အမြဲနားစိုက်၍ ကြားနာခြင်း , နှလုံးသွင်းခြင်းတည်း။ [ဒဠ္ဠိကမ္မေတိ သာတစ္စကြိယာယံ။]

အာဏတ္တိယမ္ပိ။ ။ကြားနာဘို့ရန် စေခိုင်းတိုက်တွန်းခြင်းကို “ အာဏတ္တိ ” ဟု ခေါ်၏၊ အာဏာပနံ-စေခိုင်းခြင်း၊ အာဏတ္တိ-ခြင်း၊ အာဏာဝေတ်, တိပစ္စည်း၊ ဒွေဘော်လော။ [အာပုပ္ဗ ဏာပဓာတ်လည်း ကြိုကြ၏၊ သက္ကတ၌ကား အာပုပ္ဗ ဉ ဘဟု ရှိ၏။]

ဣဓဝါ အယံ။ ။ရှေးစာအုပ်များ၌ “ဣဓဝါ အယံ” ဟု တွေ့ရ၏၊ “ ဣဓဝါတိ ဣမသ္မိံ သာမညဖလေဝါ၊ အယံ သာဓုကသဒ္ဒေါ ” ဟု ဋီကာလည်း ဖွင့်၏၊ ဋီကာသစ်၌ကား “အဿာတိ သာဓုသဒ္ဒဿ”ဟု တမျိုးဖွင့်၏၊ ဋီကာသစ်ဆရာ၏ လက်ထက်၌ “အဿ”ဟူသောပါဌ်ကို တွေ့နေဟန်တူသည်၊ သို့သော် မူလပဏ္ဏာသ, မူလပရိယာယသုတ်အဋ္ဌကထာ၌ “ဣဓဝါ အယံ ဧတ္ထေဝ ဒဠ္ဠိကမ္မေစ အာဏတ္တိယံစ (အတ္ထေ) ဝေဒိတဗ္ဗော”ဟုပင် ရှိသည်၊ (အတ္ထေ)ကား မူကွဲ။

မှတ်ချက်။ ။အခြားနေရာ၌ အတ္ထုဒ္ဒေသဝါကျဝယ် “ဣဓ ပန”ဟု ဆိုရိုးရှိသော်လည်း ဤ၌ကား ဒဠ္ဠိကမ္မ အာဏတ္တိအနက်ချင်းတူနေသောကြောင့် သမ္ပိဏ္ဍနတ္ထအပိဖြင့် ဆိုသည်၊ ထို့ကြောင့် ဤဝါကျကို သမ္ပိဏ္ဍနဝါကျ, ရှေဝါကျကို သမ္ပိဏ္ဍိတမ္မဝါကျ ဟုဎင်း, အယံ ဟိ သာဓုသဒ္ဒေါ မှစ၍ ရှေဝါကျအပေါင်းကို အတ္ထုဒ္ဒါရဝါကျ, ဤဝါကျကို အတ္ထုဒ္ဒေသဝါကျ ဟုဎင်း ၂ နည်းခွဲပါ။

ဟိ-မှန်၏၊ (တနည်း)ဟိ-ဆျေ၊ **ဒဋ္ဌိကမ္မတ္ထေန**-ဒဋ္ဌိကမ္မအနက်ရှိသော သာဓုက သဒ္ဒါဖြင့်၊ (ဒီပိတံ ၌စပ်)၊ ဒဠ်-စွဲမြဲစွာ၊ ဣမံ ဓမ္မံ-ကို၊ သုဂ္ဂဟိတံ-ကောင်းစွာ ယူအပ်သည် မည်လောက်အောင်၊ (ကြိုယာဝိသေသန)၊ ဂဏှန္တော-ယူလျက်၊ သုဏာဟိ-နာလော၊("ဣတိ ဧဝံ-ဤသို့၊ ဒီပိတံ ပြတော်မူအပ်သည်၊ ဟောတိ-၏"ဟု လိုက်၍စပ်ပါ)၊ **အာဏာတ္တိအတ္ထေန**- အာဏာတ္တိအနက်ရှိသော သာဓုက သဒ္ဒါဖြင့်၊ မမ-၏၊ အာဏာတ္တိယာ- စေခိုင်းခြင်းဖြင့်၊ ဝါ-အမိန့်အာဏာဖြင့်၊ သုဏာဟိ-နာလော၊ (ဣတိ ဧဝံ ဒီပိတံ ဟောတိ)၊ သုန္ဒရတ္ထေန- သုန္ဒရအနက်ရှိသော သာဓုကသဒ္ဒါဖြင့်၊ သုန္ဒရံ-ကောင်းသော၊ ဘဒ္ဒကံ-ကောင်းသော၊ ဣမံ ဓမ္မံ-ဤတရားတော်ကို၊ သုဏာဟိ-နာလော၊ ဣတိ ဧဝံ-ဤသို့၊ ဒီပိတံ-ပြအပ်သည်၊ ဟောတိ-၏။

× × × × × × ×

အာဏာတ္တိနှင့် အာယာစန။ ။သာဓု(သာဓုက)သဒ္ဒါ၏အနက်ကို ထုတ်ပြရာ၌ အာဏာတ္တိအနက် မပါခဲ့သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် " အာဏာတ္တိယံ " ဟု ဆိုပါသနည်းဟု မေးဘွယ်ရှိ၏၊ အဖြေကား- အာယာစနအနက်ဖြင့် အာဏာတ္တိအနက်ကိုလည်း သိမ်းယူပြီးဖြစ်သောကြောင့် အတ္ထုဒ္ဓါရ၌ အာဏာတ္တိအနက်ကို သီးခြား မယူခဲ့တော့ပေ၊ မှန်၏-အာဏာရှိသူ၏ တိုက်တွန်းခြင်းသည် အာဏာတ္တိမည်၏၊ အာဏာမရှိသူ၏ တိုက်တွန်းခြင်းကား အာယာစနတည်း။ [အာယာစနေနေဝစ ဥယျောဇန သာမညတော အာဏာတ္တိ သင်္ဂဟိတာတိ နု သာ ဝိသုံ အတ္ထုဒ္ဓါရေ ဝုတ္တာ၊ အာဏာရဟသ ဟိ အာဏာတ္တိ၊ တဒနရဟသ အာယာစနံတိ ဝိသေသော၊-ဋီကာသစ်။]

ဒဋ္ဌိကမ္မတ္ထေန ဟိ။ ။ဤနေရာ၌ ဖြစ်သင့်သော အနက် ၃ ပါးဖြင့် တမျိုးစီပြအပ်သော အဓိပ္ပါယ်အထူးကို ပြခြင်းငှါ " ဒဋ္ဌိကမ္မတ္ထေန"စသည်ကို မိန့်သည်၊ " ဤတရားတော်ကို ကောင်းစွာနာယူအပ်သည် မည်လေသံအောင် နာယူလျက် စွဲစွဲမြဲမြဲနာလော " ဟူသော အဓိပ္ပါယ်ကို ဒဋ္ဌိကမ္မအနက်ရှိသော သာဓုကသဒ္ဒါက ပြသည်။ [" သုဋ္ဌုဟိတံ ဂဏှန္တော"သည် ဒဠ်၏ အဓိပ္ပါယ်ပြတည်း၊ ပါဠိတော်၌ကား " သာဓုကံ-ကောင်းမွန်စွာ၊ ဝါ-စွဲမြဲစွာ"ဟု ပေးပါ။]

အာဏာတ္တိအတ္ထေန။ ။" နဂိရိက နာယူလိုသောစိတ်ဆန္ဒ မရှိစေကာမူ ဤတရားတော်က အလွန်မှတ်သားလောက်သောကြောင့် ငါ၏အမိန့်ဖြင့် (အာဏာဖြင့်) နာယူလော"ဟူသော အဓိပ္ပါယ်ကို အာဏာတ္တိအနက်ရှိသော သာဓုကသဒ္ဒါက ပြသည်၊ ပါဠိတော်၌ကား" သာဓုကံ- ကောင်းမွန်စွာ၊ ဝါ-ငါ၏အမိန့်ဖြင့်"ဟု ပေးပါ။

သုန္ဒရတ္ထေန။ ။" သုန္ဒရမိမံ ဘဒ္ဒကံ "၌ ဘဒ္ဒကံသည် သုန္ဒရသဒ္ဒါ၏ အနက်ဖွင့် ပရိယာယ်သဒ်ဖြစ်သင့်၏၊ ဋီကာသစ်၌ကား" သုန္ဒရံတိ ဘာဝနပုံသကံ (ကောင်းစွာ)" ဟု ပဌမနည်း ဖွင့်သေး၏, စဉ်းစားပါ၊ အဓိပ္ပါယ်မှာ- " ကောင်းမြတ်သော ဤတရားတော်ကို နာပါလော"ဟူလို၊ ဤသို့ သာဓုကသဒ္ဒါ တပုဒ်တည်းသည်ပင် အနက် ၃ မျိုးလုံးကို (သူ့အဓိပ္ပါယ်နှင့်သူ) တမျိုးစီပြသောကြောင့် အနက် ၃ မျိုးလုံးကို ရသင့်၏-ဟု ဆိုလိုသည်။

မနသိကရောဟိတိ- ကား၊ အာဝဇ္ဇ- ဆင်ခြင်လော၊ သမန္နာဟရ၊ စိတ်၌ကောင်းစွာဆောင်လော၊ ဝါ-နှလုံးသွင်းလော၊ ဣတိ အတ္ထော-နက်၊ အဝိက္ခိတ္တစိတ္တော-အထူးထူးအပြားပြား ပစ်လွှင့်အပ်သောစိတ်ရှိသူ မဟုတ်သည်၊ ဝါ-ပျံ့လွင့်သောစိတ်ရှိသူ မဟုတ်သည်၊ ဟုတ္တာ-၍၊ နိသာမေဟိ- စူးစူးစိုက်စိုက်နာလော၊ စိတ္တေ-၌၊ ကရောဟိ- လော၊ ဣတိ (အယံ)-ဤသည်ကား၊ အဓိပ္ပါယော-မြတ်စွာဘုရား၏ အလိုတော်တည်း။

× × × × × × ×

မနသိကရောဟိ။ ။ဤ "မနသိကရောဟိ" နှင့် တွဲရာ၌ကား "သာဓုကံ" မပါတော့၊ ကရဓောတ်သည် ရှေ့ပုဒ်၌ အာဓာရရှိလျှင် ထပနအနက်ကို (အဓိပ္ပါယ်အားဖြင့်) ပြု၏၊ "စိတ်၌+ပြုလော၊ ဝါ-စိတ်၌+ထားလော" ဟူလို၊ "စိတ်နှင့်ပြု" ဟူသည် "အာဝဇ္ဇ-ထိုတရားကို ဆင်ခြင်ခြင်းတည်း" ဟုငင်း, "ဆင်ခြင်" ဟူရာ၌ ပဋ္ဌဝိဘာဝဇ္ဇန်း, သို့မဟုတ် မနောဝိဘာဝဇ္ဇန်း တခုတည်းဖြင့် ဆင်ခြင်ခြင်း မဟုတ်, "သမန္နာဟရ (သံ+အနု+အာဟရ)-စိတ်ထည်း၌ ထိုတရားကို ကောင်းစွာဆောင်ခြင်း" ဟုငင်း အဆင့်ဆင့်ဖွင့်သည်၊ ထို့ကြောင့် "သမန္နာဟရ" အရ ပဋ္ဌဝိဘာဝဇ္ဇန်း ရှေသွားရှိသော သောတဝိဘာရဝိထိနှင့် မနောဝိဘာဝဇ္ဇန်း ရှေသွားရှိသော မနောဝိဘာရဝိထိအစဉ်များ ဖြစ်နေခြင်းတိုင်အောင် ယူပါ။

အဝိက္ခိတ္တော၊ပေ၊အဓိပ္ပါယော။ ။ပြခဲ့သော "အာဝဇ္ဇ, သမန္နာဟရ" သည် မနသိကရောဟိ၏ သဒ္ဒတ္ထချည်းသာတည်း၊ ထို့ကြောင့် "မနသိကရောဟိ – နှလုံးသွင်းလော (စိတ်နှစ်လုံး၌+သွင်းထားလော)" ဟု အနက်ပေးရိုးပြုကြသည်၊ ထို မနသိကရောဟိ၏ အဓိပ္ပါယ်မှာ-တရားတော်ကိုနာနေစဉ် အဝိက္ခိတ္တစိတ္တ-စိတ်ကို မပျံ့လွင့်စေဘဲ, နိသာမေဟိ- စူးစူးစိုက်စိုက် နာလိုက်ပါ၊ စိတ္တေကရောဟိ – စိတ်ထဲ၌ (မပျောက်အောင်) ထားလိုက်ပါ" ဟု ဆိုလိုသည်။

